ဟဇရသ် မောင်လာနာ မွဖ်သီ မိုဟမ္မဒ် ရှဖီး(အ်)

၏

ကုရ်အာန် သဖ်စီရ် (အူရ်ဒူ) ကျမ်းမှ

မအာရိဖွလ်ကုရ်အာန်

မြန်မာဘာသာပြန်

အစောင် ၂၆

ပြန်ဆို ရေးသား တည်းဖြတ်သူ

မောင်လာနာ မွဖ်သီ ကာရီ မိုဟမ္မဒ် ယူစွဖ် (အဆ်အဒီ)

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ

ပါရာ [၂၆]

စူဠယမကအယကာဝ်

သံတောင်များကဏ္ဍ

၄၆ း ၁ မှ ၄၆ း ၆ အထိ

၁။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂

၂။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၄

၄၆ း ၇ မှ ၄၆ း ၁၀ အထိ

၃။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၈

၄။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၁

၅။ တမန်တော်မြတ် ﷺ ၏အကြွယ်ကို သိရှိသည်ဟုဆိုခြင်းနှင့်စပ်လျဉ်း၍ ဆင်ခြင်ရမည့် စည်းကမ်း ၁၂

၄၆ း ၁၁ မှ ၄၆ း ၁၂ အထိ

၆။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၅

၇။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၆

၄၆ း ၁၃ မှ ၄၆ း ၂၀ အထိ

၈။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၉

၉။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၃

၁၀။ မိခင်၏ တာဝန်သည် ဖခင်ထက် ပိုခြင်း ၂၆

၁၁။ ကိုယ်ဝန်ဆောင်ခြင်း၏ အများဆုံးကာလနှင့် နို့တိုက်ကျွေးခြင်း၏ အများဆုံးကာလနှင့်စပ်လျဉ်း၍ ဖိကာဟ်ပညာရှင်တို့ကြား ကွဲလွဲမှုများ ၂၈

၁၂။ လောကီရေး ချို့မြိန်မှုများနှင့် အရသာခံ ဖိမ်ခံခြင်းများမှ ရှောင်ကြဉ်ရန် လှုံ့ဆော်ခြင်း ၃၆

ခဉ်	အကြောင်းအရာ	စာမျက်နှာ

၄၆ း ၂၁ မှ ၄၆ း ၂၆ အထိ

၁၃။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၃၈

၄၆ း ၂၇ မှ ၄၆ း ၂၈ အထိ

၁၄။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၄၁

၁၅။ အာယသ်တော်များကြား ဆက်စပ်မှု ၄၂

၄၆ း ၂၉ မှ ၄၆ း ၃၂ အထိ

၁၆။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၄၃

၁၇။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၄၄

၄၆ း ၃၃ မှ ၄၆ း ၃၅ အထိ

၁၈။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၄၈

စူရာဟ်မိုဟမ္မဒ်
ဟမန်တော်မြတ် ﷺ မိုဟမ္မဒ်ကဏ္ဍ

၄၇ း ၁ မှ ၄၇ း ၃ အထိ

၁၉။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၅၁

၂၀။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၅၂

၄၇ း ၄

၂၁။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၅၄

၂၂။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၅၆

၂၃။ စစ်သုံ့ပန်းများနှင့် စပ်လျဉ်း၍ 'အေမာမွလ်မုစ်လိမီးန်' မွတ်စ္စလင်မ်တို့၏ ခေါင်းဆောင်အဖို့ လုပ်ပိုင်ခွင့် (၄) ရပ် ၆၀

၂၄။ အစ္စလာမ်သာသနာနှင့် (ကျွန်) စနစ် ၆၀

၂၅။ 'ဂျိဟားဒ်' အမိန့် သတ်မှတ်ပြဋ္ဌာန်းရခြင်း၏ အမြော်အမြင်တော်တစ်ရပ် ၆၅

၄၇ း ၅ မှ ၄၇ း ၁၁ အထိ

၂၆။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၆၈

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၇၀

စဉ်	အကြောင်းအရာ	စာမျက်နှာ
	၄၇ း ၁၂ မှ ၄၇ း ၁၅ အထိ	
၂၇။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၇၃
၂၈။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၇၅
	၄၇ း ၁၆ မှ ၄၇ း ၁၈ အထိ	
၂၉။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၇၆
၃၀။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၇၈
	၄၇ း ၁၉	
၃၁။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၈၀
၃၂။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၈၀
၃၃။	အကျိုးကျေးဇူး	၈၂
	၄၇ း ၂၀ မှ ၄၇ း ၃၁ အထိ	
၃၄။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၈၆
၃၅။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၉၁
၃၆။	ဆွေမျိုးသားချင်းများနှင့်အဆက်အသွယ်ထားရန် အလေးအနက်မိန့်ကြားချက်....	၉၃
၃၇။	သီးသန့်လူတစ်ဦးအပေါ်၌ 'လအနသ်' ကျိန်ဆဲခြင်း၏ အမိန့်နှင့် ယဇီဒ်အပေါ် 'လအ်နသ်' ပြု ကျိန်ဆဲခြင်းအကြောင်း	၉၄
	၄၇ း ၃၂ မှ ၄၇ း ၃၈ အထိ	
၃၈။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၀၀
၃၉။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၀၃

စူရာဟ်ဖသ်ဟ်
အောင်နိုင်ခြင်းကဏ္ဍ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	၄၈ း ၁ မှ ၄၈ း ၃ အထိ	
၄၀။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၁၃
၄၁။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၁၅
၄၂။	'ဟုဒိုင်ဗီယာဟ်' ဖြစ်ရပ်	၁၁၇

စဉ်	အကြောင်းအရာ	စာမျက်နှာ

၄၃။ **ပထမအပိုင်း**

- တမန်တော်မြတ် ﷺ ၏ အိပ်မက် ၁၁၇

၄၄။ **ဒုတိယအပိုင်း**

- ကိုယ်တော်မြတ် ﷺ သည် ဆွဟာဗာများနှင့်အတူ တောသားမွတ်စ္စလင်မ်များ ကိုလည်း အတူလိုက်ပါရန် ခေါ်ဆောင်လာခြင်းနှင့် အချို့သူတို့က ငြင်းဆန် ခြင်းအကြောင်း ၁၁၈

၄၅။ **တတိယအပိုင်း**

- မက္ကာဟ်မြို့တော်သို့ ခရီးထွက်လာခြင်း ၁၁၈

၄၆။ **စတုတ္ထအပိုင်း**

- မက္ကာဟ်မြို့သားတို့နှင့် ရင်ဆိုင်ရန် အသင့်ပြင်ဆင်ခြင်း ၁၁၉
- သတင်းပေးပို့သည့် ထူးဆန်းသော နည်းလမ်းတစ်ရပ် ၁၁၉
- တမန်တော်မြတ် ﷺ ၏ သတင်းထောက် ၁၂၀

၄၇။ **ပဉ္စမအပိုင်း**

- ကိုယ်တော်မြတ် ﷺ ၏ စီးတော် ကုလားအုတ်မသည် လမ်းခုလတ်၌ ထိုင် လိုက်ခြင်း ၁၂၀

၄၈။ **ဆဋ္ဌမအပိုင်း**

- 'ဟုဒိုင်ဗီယာဟ်' အရပ်တွင် 'မုအ်ဂျေဇာဟ်'တစ်ရပ် ၁၂၂

၄၉။ **သတ္တမအပိုင်း**

- မက္ကာဟ်မြို့သားတို့နှင့် ကိုယ်စားလှယ်အဖွဲ့လွှတ်၍ စကားပြောဆိုခြင်း....... ၁၂၂

၅၀။ **ဆဋ္ဌမအပိုင်း**

- ဟဇရတ်အွတ်စ်မားန် ؓ သခင်အား မက္ကာဟ်မြို့သားတို့ထံ သတင်းပါး၍ စေလွှတ်ခြင်း ၁၂၅

၅၁။ **နဝမအပိုင်း**

- မက္ကာဟ်သားတို့နှင့် မွတ်စ္စလင်မ်များကြား တိုက်ခိုက်မှုနှင့် မက္ကာဟ်သား (၇၀) ဦး ဖမ်းဆီးခံရခြင်း ၁၂၆

၅၂။ **ဒသမအပိုင်း**

- 'ဗိုင်အသ်ရိဒွ်ဝါးန်' ၏ ဖြစ်ရပ် ၁၂၇

၄၃။ ကောဒသမအပိုင်း
– 'ဟုဒိုင်ဗီယာဟ်' ဖြစ်ရပ် ၁၂၇
၄၄။ ငြိမ်းချမ်းရေးစာချုပ်ပါ စည်းကမ်းချက်များကို ဆွဟာဗာများ မနှစ်မြို့ကြခြင်း နှင့် ဝမ်းနည်းစိတ်ထိခိုက်ရခြင်းအကြောင်း ၁၃၁
၄၅။ အခြားဖြစ်ရပ်တစ်ခုနှင့် ကတိခံဝန်ချက်ကိုလိုက်နာရာတွင် တမန်တော်မြတ် ﷺ ၏ တုနှိုင်းမဲ့ကျင့်စဉ် ၁၃၃
၄၆။ 'အိဟ်ရာမ်' ချွတ်ခြင်းနှင့် 'ကုရ်ဗာနီ' သားကောင်များကို 'ဇဗာဟ်' ပြုခြင်း ၁၃၃
၄၇။ ဆွဟာဗာတို့၏ အီမာန်နှင့် တမန်တော်မြတ် ﷺ ၏ အမိန့်ကို နာခံခြင်းအပေါ် စမ်းသပ်မှုတစ်ရပ်နှင့် ၎င်းတို့၏ တုနှိုင်းမဲ့သော အီမာန်၏အင်အား ၁၃၅
၄၈။ 'ဟုဒိုင်ဗီယာဟ်' စစ်ပြေငြိမ်းရေးစာချုပ်၏အကျိုးရလဒ်နှင့် ဗရ်ကာသ်မင်္ဂလာများ ၁၃၅

၄၈ း ၄ မှ ၄၈ း ၇ အထိ

၄၉။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၄၁
၅၀။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၄၄

၄၈ း ၈ မှ ၄၈ း ၁၀ အထိ

၅၁။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၄၆
၅၂။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၄၇

၄၈ း ၁၁ မှ ၄၈ း ၁၄ အထိ

၅၃။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၅၁
၅၄။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၅၃

၄၈ း ၁၅ မှ ၄၈ း ၁၇ အထိ

၅၅။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၅၅
၅၆။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၅၇
၅၇။ အလ္လာဟ်အသျှင်မြတ်၏ ဝဟီဗျာဒိတ်တော်သည် ကုရ်အာန်၌သာရှိသည်မဟုတ်။ ကုရ်အာန်ကျမ်းမြတ်အပြင်၌လည်း ဝဟီအကြောင်းခံဖြင့် အမိန့်တော်များလာရှိ ထားသည့်အပြင် တမန်တော်မြတ် ﷺ ၏ ဟဒီးစ်တော်များသည်လည်း 'ကလာမွလ္လာဟ်' (အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များ) အမိန့်တွင်ရှိခြင်း ၁၅၈

၆၈။	'ဟုဒိုင်ဗီယဟ်'ခရီးစဉ်မှ နောက်ချန်နေရစ်ခဲ့သူများအနက် အချို့သည် နောက်ပိုင်းတွင် 'သောင်ဗာဟ်'ပြု၍ စစ်မှန်သော မွတ်စ္စလင်မ်များဖြစ်သွားကြခြင်း....	၁၆၀
	၄၈ း ၁၈ မှ ၄၈ း ၂၁ အထိ	
၆၉။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၆၄
၇၀။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၆၆
၇၁။	ဆွဟာဗာများအား မကောင်းပြောဆိုခြင်း၊ ဆဲရေးမှုပြုခြင်းနှင့် ၎င်းတို့၏ ချွတ်ချော်မှားယွင်းမှုများကို စဉ်းစားလိုက်ရှာခြင်းနှင့် ငြင်းခုံမှု ပြုခြင်းတို့သည် ဤအာယသ်တော်အား ဆန့်ကျင်ခြင်းပင်ဖြစ်ခြင်း	၁၆၇
၇၂။	'ရှဂျရသိရိဒ္ဒဝါးန်' ('ဗိုင်အသ်ရိဒ္ဒဝါးန်ရဲ'ပြုခဲ့သည့် နေရာရှိသစ်ပင်)	၁၆၇
၇၃။	'ခိုင်ဗရ်'ကို အောင်နိုင်ခြင်း	၁၆၈
	၄၈ း ၂၂ မှ ၄၈ း ၂၆ အထိ	
၇၄။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၇၂
၇၅။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၇၆
၇၆။	ဆွဟာဗာများအား မှားယွင်းမှုနှင့် အပြစ်ဆိုစရာများမှ လွတ်ကင်းရန် တန်ခိုးတော်အသျှင်မြတ်၏ အစီအမံ	၁၇၈
	၄၈ း ၂၇ မှ ၄၈ း ၂၉ အထိ	
၇၇။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၈၁
၇၈။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၈၃
၇၉။	နောင်အခါတွင် ဖြစ်ပေါ်မည့် လုပ်ရပ်များအတွက် إن شاء الله 'အင်န်ရှာအလ္လာဟ်'ဆိုရန် အလေးအနက်ထားရမည့်အကြောင်း	၁၈၅
၈၀။	ဆွဟာဗာများ၏ဂုဏ်ရည်တော်များ၊ ထူးမြတ်မှုများနှင့် အထူးလက္ခဏာများ.....	၁၈၈
၈၁။	ပထမဂုဏ်ရည်	၁၈၉
၈၂။	ဒုတိယဂုဏ်ရည်	၁၉၀
၈၃။	ဆွဟာဗာများအားလုံးသည် 'ဂျန္နသ်' သုခဘုံသားများ ဖြစ်ကြ၍ ၎င်းတို့၏ မေ့မှားမှုများမှာ 'မဂ်ဖေရသ်' လွတ်ငြိမ်းချမ်းသာခွင့်ရရှိမည်ဖြစ်၍ ၎င်းတို့အား ရှုတ်ချသေးသိမ်စေခြင်းမှာ ကြီးလေးသော အပြစ်ထိုက်ခြင်း	၁၉၅

စူရာဟ်ဟူဂျူရာသ်
အတွင်းဆောင်များကဏ္ဍ

၄၉ း ၁ မှ ၄၉ း ၅ အထိ

၈၄။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၉၈
၈၅။ လွှန်လေပြီးစူရာဟ်နှင့် ဆက်စပ်မှုနှင့် 'ရှာနေနူစူးလ်'(ဤစူရာဟ်တော်ကျရောက်လာခြင်း၏ အကြောင်းခံဖြစ်ရပ်) ၂၀၂
၈၆။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၀၂
၈၇။ သာသနာ့ပညာရှင်များ၊ သာသနာ့ခေါင်းဆောင်များနှင့်လည်း ဤစည်းကမ်းချက်အတိုင်းပင် ပြုကျင့်ရမည်ဖြစ်ခြင်း ၂၀၃
၈၈။ 'ရောင်ဒွါ' (ကိုယ်တော်မြတ် ﷺ အနားယူနေရာ ဂူဗိမာန်) တော်ရှေ့၌လည်း အလွန် ကျယ်လောင်သော အသံဖြင့် 'စလာမ်'၊ 'ကလာမ်' ပြုခြင်းများကို တားမြစ်ထားခြင်း ၂၀၄
၈၉။ ကြင်ယာတော်များ၏ အဆောင်တော်များ ၂၀၇
၉၀။ အာယသ်တော် ကျရောက်လာရခြင်း၏ အကြောင်းခံသမိုင်း ၂၀၈
၉၁။ အထူးသတိပေးချက် ၂၀၈

၄၉ း ၆

၉၂။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၀၉
၉၃။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၁၀
၉၄။ အာယသ်တော်ကျရောက်လာရခြင်း၏ အကြောင်းခံ ၂၁၀
၉၅။ အာယသ်တော်နှင့်စပ်လျဉ်းသော အမိန့်တော်များနှင့်ဓမ္မသတ်များ ၂၁၂
၉၆။ ဆွဟာဗာများ၏တရားရှိခြင်းနှင့်စပ်လျဉ်းသောအရေးကြီးသည့်အမေးအဖြေတစ်ခု ၂၁၃

၄၉ း ၇ မှ ၄၉ း ၈ အထိ

၉၇။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၁၇
၉၈။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၁၉

၄၉ း ၉ မှ ၄၉ း ၁၀ အထိ

၉၉။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၂၁
၁၀၀။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၂၂

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၀၁။	ရှေ့လွန်လေပြီးသော အာယသ်တော်များနှင့်ဆက်စပ်မှု	၂၂၂
၁၀၂။	အာယသ်တော်ကျရောက်လာရခြင်း၏ အကြောင်းခံသမိုင်း	၂၂၂
၁၀၃။	သက်ဆိုင်သောဓမ္မသတ်များ	၂၂၃
၁၀၄။	ဆွဟာဗာများအတွင်း ကွဲလွဲမှုပြဿနာများ	၂၂၅
	၄၉ း ၁၁	
၁၀၅။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂၂၉
၁၀၆။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၂၃၀
၁၀၇။	အချို့မကောင်းသော အမည်နာမများအား ကန့်သတ်ဖယ်ထုတ်ထားခြင်း	၂၃၅
၁၀၈။	လူတို့အား ကောင်းသောအမည်သညာဖြင့်ခေါ်ဝေါ်ခြင်းသည်သာ စွန္နသ်ဖြစ်ခြင်း	၂၃၅
	၄၉ း ၁၂	
၁၀၉။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂၃၆
၁၁၀။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၂၃၇
၁၁၁။	'ဂီဗသ်'အတင်းစကား ပြောဆိုခြင်းနှင့်စပ်လျဉ်းသော ဓမ္မသတ်များ	၂၄၃
	၄၉ း ၁၃	
၁၁၂။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂၄၆
၁၁၃။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၂၄၆
၁၁၄။	အာယသ်တော်ကျရောက်လာရခြင်း အကြောင်းခံ	၂၄၇
၁၁၅။	မျိုးနွယ်၊ ဒေသ၊ ဘာသာစကား ကွဲပြားခြားနားခြင်းသည် မှတ်မိ၊ သိရှိစေရန် အတွက် ကောင်းကျိုးကို ရည်ရွယ်သော အမြော်အမြင်တော်ဖြစ်ခြင်း	၂၄၉
	၄၉ း ၁၄ မှ ၄၉ း ၁၈ အထိ	
၁၁၆။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂၅၁
၁၁၇။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၂၅၃
၁၁၈။	ဤအာယသ်တော်ကျရောက်ရခြင်း၏ အကြောင်းခံဖြစ်ရပ်	၂၅၄
၁၁၉။	အစ္စလာမ်နှင့် အီမာန်၏ အလိုသဘောသည် တစ်မျိုးတည်းဖြစ်ပါသလော (သို့) တစ်စုံတစ်ရာ ခြားနားမှုရှိပါသလော။	၂၅၅

စဉ်	အကြောင်းအရာ	စာမျက်နှာ

စူရာဟ်ကာဖ်

ကာဖ်ကဏ္ဍ

၅၀ း ၁ မှ ၅၀ း ၁၅ အထိ

၁၂၀။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၅၉

၁၂၁။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၆၃

၁၂၂။ စူရာဟ်ကာဖ်၏ ထူးခြားချက်များ ၂၆၃

၁၂၃။ ကောင်းကင်ကို မြင်တွေ့နိုင်ပါသလား။ ၂၆၄

၁၂၄။ သေပြီးတစ်ဖန် ရှင်ထရခြင်းအပေါ် ကျော်ကြားသော သံသယကို တုန့်ပြန်ဖြေကြားခြင်း ၂၆၄

၁၂၅။ اصحابُ الرّس 'အဆ္ဆဟာဗုရ်ရတ်စ်' ဆိုသည်မှာမည်သူများဖြစ်ကြပါသနည်း ၂၆၈

၅၀ း ၁၆ မှ ၅၀ း ၂၉ အထိ

၁၂၆။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၇၂

၁၂၇။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၇၆

၁၂၈။ အလ္လာဟ်အသျှင်မြတ်သည် လူသား၏ ပင်မသွေးကြောထက်ပင် ပို၍ထိုလူသားနှင့် နီးကပ်သည်ဟူသော အချက်ကို လေ့လာသုံးသပ်ခြင်း ၂၇၇

၁၂၉။ လူတိုင်းနှင့်အတူ ဖရစ်ရှ်သာဟ်နှစ်ပါးစီ ရှိခြင်း ၂၇၉

၁၃၀။ အကောင်း၊ အဆိုး စာရင်းရေးမှတ်သော ဖရစ်ရှ်သာဟ်များ ၂၈၁

၁၃၁။ လူသား၏ ပြောဆိုသော စကားတိုင်းသည် မှတ်တမ်းတင်ခံရခြင်း ၂၈၂

၁၃၂။ سکرات الموت သေခြင်းတရား၏ ပြင်းထန်မှု (သို့) အသက်ငင်ခြင်း ၂၈၃

၁၃၃။ လူသားအား 'ဟရှရ်' ကွင်းပြင်သို့ခေါ်ဆောင်လာမည့် ဖရစ်ရှ်သာဟ်နှစ်ပါး ၂၈၅

၁၃၄။ သေဆုံးပြီးသောအခါ မျက်လုံးများသည် အသက်ရှင်စဉ်က မတွေ့မမြင်နိုင်သော အရာအားလုံးကို မြင်တွေ့ရမည်ဖြစ်ခြင်း ၂၈၆

၅၀ း ၃၀ မှ ၅၀ း ၃၅ အထိ

၁၃၅။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၉၀

၁၃၆။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၉၂

၁၃၇။ أوّاب 'အောက်ဝ်ဝါးဗ်'သည် မည်သူများ ဖြစ်ကြပါသနည်း။ ၂၉၂

၅၀ း ၃၆ မှ ၅၀ း ၄၀ အထိ

၁၃၈။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၉၅
၁၃၉။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၉၇
၁၄၀။ ပညာရယူနိုင်သော နည်းလမ်း (၂) မျိုး ၂၉၇

၅၀ း ၄၁ မှ ၅၀ း ၄၅ အထိ

၁၄၁။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၃၀၀
၁၄၂။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၃၀၂

စူရာဟ်အာရိယာသ်
လွှင့်ပါးစေသော လေများ ကဏ္ဍ

၅၁ း ၁ မှ ၅၁ း ၂၃ အထိ

၁၄၃။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၃၀၇
၁၄၄။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၃၁၁
၁၄၅။ 'အဇာဗုဒသ်'ပြုရင်း ညကုန်ဆုံးခြင်းနှင့် ၄င်း၏ အသေးစိတ်ရှင်းလင်းချက် ၃၁၄
၁၄၆။ 'စဟရ်' နံနက် အာရုဏ်ဦးအချိန်၌ 'အိစ်သိဂ်ဖာရ်' ပြုခြင်း၏ ထူးမြတ်မှုနှင့် မင်္ဂလာများ ၃၁၇
၁၄၇။ 'စွဒ်ကာဟ်'၊ 'ခိုင်ရားသ်'ပေးကမ်းသူများအဖို့ အထူးလမ်းညွှန်ချက် ၃၁၈
၁၄၈။ မိုးကောင်းကင်နှင့်မြေပထဝီနှစ်ခုစလုံးတွင် တန်ခိုးတော်၏လက္ခဏာတော်များ... ၃၁၉

၅၁ း ၂၄ မှ ၅၁ း ၃၀ အထိ

၁၄၉။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၃၂၄
၁၅၀။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၃၂၅
၁၅၁။ ဧည့်ခံခြင်း၊ ဧည့်ဝတ်ပြုခြင်း စည်းကမ်းများ ၃၂၆

ပါရာ [၂၆]

စူရာဟ်အဟ်ကာဖ်

သဲတောင်များကဏ္ဍ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

حٰمٓ ۝١

၄၆ : ၁ ။ ။ ဟာ….၊ မီးမ်….။

تَنْزِيْلُ الْكِتٰبِ مِنَ اللّٰهِ الْعَزِيْزِ الْحَكِيْمِ ۝٢

၄၆ : ၂ ။ ။ (ဤကျမ်းဂန်သည်) လွန်စွာ နိုင်နင်းလွှမ်းမိုးတော်မူသော၊ နက်နဲသိမ်မွေ့သော၊ ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော၊ အလ္လာဟ်အသျှင်မြတ်ထံတော်မှ ချပေးသနားတော်မူသော ကျမ်းဂန်ပင် ဖြစ်၏။

مَا خَلَقْنَا السَّمٰوٰتِ وَالْاَرْضَ وَمَا بَيْنَهُمَآ اِلَّا بِالْحَقِّ وَاَجَلٍ

مُّسَمًّى ۗ وَالَّذِيْنَ كَفَرُوْا عَمَّآ اُنْذِرُوْا مُعْرِضُوْنَ ۝٣

၄၆ : ၃ ။ ။ ငါအသျှင်မြတ်သည် မိုးကောင်းကင်များနှင့် ပထဝီမြေကိုလည်းကောင်း၊ ယင်းမိုးကောင်းကင်များနှင့် ပထဝီမြေနှစ်ခု၏ အကြား၌ ရှိသမျှတို့ကိုလည်းကောင်း နက်နဲသိမ်မွေ့သော ဆင်ခြင်တုံတရားနှင့် လျော်ညီစွာ ဖန်ဆင်းတော်မူခဲ့သည်အပြင်၊ အချိန်ကာလတစ်ခု သတ်မှတ်ပိုင်းခြား၍ ဖန်ဆင်းတော်မူခဲ့၏။ သို့တစေလည်း (ဤ) ကာဖိရ်သွေဖည်ငြင်းပယ်ကြသော သူတို့သည် မိမိတို့ သတိပေးနှိုးဆော်ခြင်း ခံကြရသည်များမှ မျက်နှာလွှဲလျက်ပင် ရှိကြကုန်၏။

قُلْ أَرَءَيْتُم مَّا تَدْعُونَ مِن دُونِ ٱللَّهِ أَرُونِى مَاذَا خَلَقُوا۟ مِنَ ٱلْأَرْضِ
أَمْ لَهُمْ شِرْكٌ فِى ٱلسَّمَٰوَٰتِ ۖ ٱئْتُونِى بِكِتَٰبٍ مِّن قَبْلِ هَٰذَآ أَوْ
أَثَٰرَةٍ مِّنْ عِلْمٍ إِن كُنتُمْ صَٰدِقِينَ ④

၄၆ : ၄ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား၊ ဤသို့) ပြောကြားပါလေ။ (အချင်းတို့) 'အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အား စွန့်၍ မိမိတို့ ဟစ်ခေါ်တသ (ကိုးကွယ်) လျက် ရှိကြသည့် အရာများသည် မည်သည့်မြေကို ဖန်ဆင်းခဲ့ကြသနည်း။ သို့တည်းမဟုတ် ၎င်းတို့အဖို့ မိုးကောင်းကင်များ၌ ဖက်စပ်ပါဝင်ခြင်း ရှိသည်ကို ငါ့အား အသင်တို့ (အထောက်အထား) ပြကြလေကုန်။ အသင်တို့သည် မှန်ကန်စွာ ပြောဆိုသူ သစ္စာဝါဒီများ ဖြစ်ကြပါလျှင်၊ ဤ (ကုရ်အာန်) ကျမ်းတော်မြတ်အလျင် ကျရောက်ခဲ့သော ကျမ်းဂန်တစ်စောင်ကိုသော်လည်းကောင်း၊ (ရှေးအဆက်ဆက်မှ လာရှိသော) အသိပညာမှ အရိပ်အမြွက်ပြသော အကြောင်းအချက် တစ်စုံတစ်ရာကိုသော်လည်းကောင်း ငါ့ထံ ယူခဲ့ကြလေကုန်။

وَمَنْ أَضَلُّ مِمَّن يَدْعُوا۟ مِن دُونِ ٱللَّهِ مَن لَّا يَسْتَجِيبُ
لَهُۥٓ إِلَىٰ يَوْمِ ٱلْقِيَٰمَةِ وَهُمْ عَن دُعَآئِهِمْ غَٰفِلُونَ ⑤

၄၆ : ၅ ။ ။ စင်စစ် အလ္လာဟ်အသျှင်မြတ်အပြင် အခြားသူများကို ဟစ်ခေါ်သောသူထက် ပို၍ လမ်းမှားသောသူ မည်သူရှိမည်နည်း။ ၎င်း (ဟစ်ခေါ်ခြင်းခံရသူ) တို့သည် ထိုသူ၏ စကားကို 'ကေယာမသ်' ရှင်ပြန်ထရမည့် နေ့တိုင်အောင် ဖြေကြားကြမည် မဟုတ်သည်သာမက၊ ၎င်း (ဟစ်ခေါ်ခြင်းခံရသူ) တို့မှာ ဤသူတို့၏ ဟစ်ခေါ်ခြင်းကိုပင် သိရှိကြသူများ မဟုတ်ပေ။

وَإِذَا حُشِرَ ٱلنَّاسُ كَانُوا۟ لَهُمْ أَعْدَآءً وَكَانُوا۟ بِعِبَادَتِهِمْ كَٰفِرِينَ ⑥

၄၆ : ၆ ။ ။ ထို့ပြင် ('ကေယာမသ်' နေ့တွင်) လူခပ်သိမ်းတို့သည် စုရုံးခြင်းခံကြရသောအခါ၊ ၎င်း (ဟစ်ခေါ်ခြင်းခံရသူ) တို့သည် ထိုသူတို့၏ ရန်သူများပင် ဖြစ်သွားကြပေမည်။ ထို့ပြင် ၎င်း (ဟစ်ခေါ်) သူတို့၏ ဆည်းကပ်ကိုးကွယ်မှုကိုပင် ငြင်းပယ်ကြပေမည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ဟာ····၊ မီမ်··· (ဤအက္ခရာများ၏ အလိုအဓိပ္ပာယ်ကို အလ္လာဟ်အသျှင်မြတ်သာ သိတော်မူသည်။) ဤကျမ်းဂန်သည် လွန်စွာ နိုင်နင်းလွှမ်းမိုးတော်မူသော နက်နက်သိမ်မွေ့သော ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ ချပေးသနားတော်မူသော ကျမ်းဂန်ပင် ဖြစ်သည်။ (ထို့ကြောင့် ဤကျမ်းဂန်လာ အကြောင်းအရာများသည် စဉ်းစားဆင်ခြင်ဖွယ်ရာများပင် ဖြစ်ပေသည်။ ရှေ့

တွင် 'သောင်ဟီးဒ်' (ကိုးကွယ်ခံထိုက်တော်မူသော အသျှင် တစ်ပါးတည်း တည်ရှိခြင်းတရား) နှင့် အရာတိုင်း၏ နောက်ဆုံးကာလ သတ်မှတ်ချက်ရှိကြောင်းကို တင်ပြထားသည်မှာ) ငါအသျှင်မြတ်သည် မိုးကောင်းကင်များကိုလည်းကောင်း၊ ကမ္ဘာမြေကိုလည်းကောင်း၊ ထိုမိုးကောင်းကင်နှင့် ကမ္ဘာမြေအကြား၌ ရှိသမျှတို့ကိုလည်းကောင်း၊ နက်နဲသိမ်မွေ့သော ဆင်ခြင်တုံတရားနှင့် လျော်ညီစွာ ဖန်ဆင်းတော်မူခဲ့သည်။ ထို့နောက် အချိန်ကာလတစ်ခု (အထိ) အတွက် ပိုင်းခြားသတ်မှတ်၍ ဖန်ဆင်းတော်မူခဲ့သည်။ ကာဖိရ်သွေဖည်ငြင်းပယ်သူတို့မှာ မိမိတို့ သတိပေးနှိုးဆော်ခြင်းခံရသည်များမှ ('သောင်ဟီးဒ်'(ကိုးကွယ်ခံထိုက်တော်မူသော အသျှင် တစ်ပါးတည်း တည်ရှိခြင်းတရား) ကို ငြင်းပယ်ခြင်းအပေါ် အသင်တို့အဖို့ 'ကေယာမသ်' တွင် 'အဇာဗ်' အပြစ်ဒဏ်ခံကြရမည်ဟူသော သတိပေးနှိုးဆော်ခြင်း ခံရသည်များမှ) မျက်နှာလွှဲဖယ် (ဂရုမမူ) ခြင်း ပြုကြလေသည်။ ('သောင်ဟီးဒ်'(ကိုးကွယ်ခံထိုက်တော်မူသော အသျှင် တစ်ပါးတည်း တည်ရှိခြင်းတရား) ကို လက်မခံခဲ့ကြပေ။)

(အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား 'သောင်ဟီးဒ်' (ကိုးကွယ်ခံထိုက်တော်မူသော အသျှင် တစ်ပါးတည်း တည်ရှိခြင်းတရား) တရားနှင့် စပ်လျဉ်း၍ ဤသို့) ပြောကြားပါလေ။ (အချင်းတို့) အသင်တို့သည် အလ္လာဟ်အသျှင်မြတ် (၏ တစ်ပါးတည်းသော ကိုးကွယ်ခံထိုက်တော်မူခြင်းတရား) ကို စွန့်လွှတ်၍ 'အေဗာဒသ်'ကိုးကွယ်မှုပြုလျက် ရှိကြသည့် အရာများသည် (၎င်းတို့၌ ကိုးကွယ်မှုခံထိုက်ကြောင်း မည်သည့်အထောက်အထားများ ရှိပါသနည်း။ အကယ်၍ ဦးနောက်အတွေးအခေါ်အရ အထောက်အထားရှိသည်ဆိုလျှင်) '၎င်းတို့သည် မည်သည့်မြေကို ဖန်ဆင်းခဲ့ကြပါသနည်း။ သို့မဟုတ် ၎င်းတို့သည် မိုးကောင်းကင်များ (၏ ဖန်ဆင်းမှု) တွင် ပါဝင်ခဲ့ကြပါသလား' ဆိုသည်ကို ငါ့အား အသင်တို့ (အထောက်အထား) ပြသကြလေကုန်။ (အသင်တို့ကိုယ်တိုင်သည်ပင် ၎င်းတို့အား ခဝပ်ကိုးကွယ်ခံထိုက်သည့် အထောက်အထားဖြစ်နိုင်သော ဖန်ဆင်းရှင်ဖြစ်ခြင်းကို လက်မခံထားကြပေ။ သို့သာမက ကိုးကွယ်ခံထိုက်ခြင်းကို ဆန့်ကျင်ပယ်ဖျက်သော အဖန်ဆင်းခံဖြစ်ကြောင်းကိုသာ လက်ခံထားကြသည်။ သို့ဖြစ်ပေရာ ဦးနောက်အတွေးအခေါ်အရ အထောက်အထားမရှိတော့ပြီ။ အကယ်၍ အသင်တို့ထံတွင် ဆင့်ကဲဆင့်ကဲ ဆင့်ပြန်လာရှိသော အထောက်အထားရှိသည်ဆိုလျှင်) အကယ်၍ အသင်တို့သည် (မိမိတို့၏ 'ရှရစ်က်'ပြုခြင်းဆိုင်ရာ ကြွေးကြော်မှု၌) မှန်ကန်သူများဖြစ်ခဲ့ကြပါလျှင် ဤ (ကုရ်အာန်) ထက်အလျင် ကျရောက်ခဲ့သော ('ရှရစ်က်' ပြုရန် အမိန့်တော်များ ပါရှိသော မှန်ကန်သည့်) ကျမ်းစောင်တစ်စောင်ကိုလည်းကောင်း၊ (ကုရ်အာန်ကျမ်းတော်မြတ်တွင်မူ 'ရှရစ်က်' ပြုခြင်းကို ဆန့်ကျင် တားမြစ်ထားသည်များသာ ရှိသည်ဖြစ်ရာ အခြားသော ကျမ်းတစ်စောင်ကိုသာ လိုအပ်ပေလိမ့်မည်။) သို့တည်းမဟုတ် (ကျမ်းဂန်မရှိပါမူ) အခြားသော (နှုတ်အားဖြင့် ရှေးအဆက်ဆက်မှ ဆင့်ကဲဆင့်ကဲ ဆင့်ပြန်ပို့ချခဲ့၍ ရောက်ရှိလာခဲ့ပြီး ကျမ်းဂန်၌ ဖော်ပြခြင်းမခံရသော ခိုင်မာသည့်) အကြောင်းအချက် တစ်စုံတစ်ရာကိုသော်လည်းကောင်း ငါ့ထံသို့ ယူခဲ့ကြလေကုန်။

(အလိုသဘောမှာ ဆင့်ကဲဆင့်ကဲ ဆင့်ပြန့်လာရှိသော အထောက်အထားသည် လက်ခံထိုက်ဖွယ် နိုင်မာတိကျမှုရှိရန် အရေးကြီးပေသည်။ နဗီတမန်တော်တစ်ပါးပါးပေါ် ကျရောက်ခဲ့သော ကျမ်းဂန် ဖြစ်ရမည်။ (သို့) ၎င်း၏ နှုတ်တော်မှ ပြောဆိုခဲ့သော မိန့်မြွက်ချက်ဖြစ်ရမည်။)

ထို့ပြင် (ဤသို့သော အထောက်အထားများကို မည်သူမှ တင်ပြနိုင်မည် မဟုတ်သည်မှာ ထင်ရှားလှပေသည်။ သို့တစေ မိမိတို့၏ လမ်းမှားသော ယုံကြည်ချက်ကိုလည်း မစွန့်လွှတ်သူတို့နှင့် စပ်လျဉ်း၍ မိန့်ကြားတော်မူသည်မှာ) အလ္လာဟ်အသျှင်မြတ်ကို စွန့်လွှတ်၍ အခြားကိုးကွယ်ရာများကို ဟစ်ခေါ်တသသူထက် ပို၍ လမ်းမှားသူသည် မည်သူရှိပါမည်နည်း။ (အထောက်အထားများ မပြသနိုင်။ တစ်ဖန် ဆန့်ကျင်ဘက် အထောက်အထားများ တည်ရှိနေသည့် ကြားက) ဟစ်ခေါ်ခြင်းခံရသူ ထိုကိုးကွယ်ရာတို့သည် 'ကေယာမသ်' ရှင်ပြန်ထရမည့် နေ့ထိတိုင်လည်း ၎င်းတို့၏ ဟစ်ခေါ်တသခြင်းကို ဖြေကြားကြမည် မဟုတ်ပေ။ ထို့ပြင် ထို (ဟစ်ခေါ်ခြင်းခံရသူ ကိုးကွယ်ရာ) တို့သည် ဤသူတို့၏ ဟစ်ခေါ်တသခြင်းကိုပင် သိရှိကြသူများ မဟုတ်ပေ။

ထို့ပြင် ('ကေယာမသ်' နေ့တွင်) လူသားအားလုံးသည် (စာရင်းစစ်ဆေးခံရန်အတွက်) စုရုံးခြင်းခံကြရသောအခါ ထို (ဟစ်ခေါ်ခြင်းခံရသူ ကိုးကွယ်ရာ) တို့သည် ထို (ကိုးကွယ်ဆည်းကပ်) သူတို့၏ ရန်သူများပင် ဖြစ်သွားကြပေမည်။ ထို့ပြင် ၎င်းတို့သည် ဤသူတို့၏ ကိုးကွယ်ဆည်းကပ်ခြင်းကိုပင် ငြင်းပယ်ကြပေမည်။

(သို့ဖြစ်ပေရာ ဤကဲ့သို့သော ကိုးကွယ်ရာများကို ကိုးကွယ်ဆည်းကပ်ခြင်းထက် ပို၍ မှားယွင်းမှုသည် အဘယ်မှာလျှင် ရှိမည်နည်း။ အဘယ်ကြောင့်ဆိုသော် 'အဗာဒသ်' ပြုရန် မည်သည့်ဦးနှောက် အတွေးအခေါ်ဆိုင်ရာ မည်သည့်အကြောင်းမျှ မရှိသောကြောင့်ပင် ဖြစ်သည်။ ထို့ပြင် 'အဗာဒသ်' မပြုထိုက်ခြင်း၏ အကြောင်းအရာများစွာ ရှိသောကြောင့်ပင် ဖြစ်သည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

قُلْ اَرَءَيْتُم مَّا تَدْعُوْنَ مِنْ دُوْنِ اللهِ

ဤအာယသ်တော်များတွင် မုရှ်ရစ်က်တို့၏ 'ရှရစ်က်' ပြု (တုဖက်နှိုင်းယှဉ်) ခြင်းဆိုင်ရာ ကြွေးကြော်မှုကို ချေဖျက် ပယ်ချရန်အတွက် ၎င်းတို့ထံမှ ၎င်းတို့၏ ကြွေးကြော်မှုအတွက် အထောက်အထား တင်ပြရန် တောင်းဆိုလိုက်ခြင်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကြွေးကြော်မှု တစ်စုံတစ်ရာသည် သက်သေအထောက်အထားမရှိပါက ဦးနှောက်အတွေးအခေါ်အရဖြစ်စေ၊ (သို့) ရှရီအသ် တရားတော်အရ ဖြစ်စေ 'အမလ်' ပြု လက်ခံကျင့်သုံးထိုက်ဖွယ် အလုပ်မဟုတ်သောကြောင့်ပင် ဖြစ်သည်။ တစ်ဖန် အထောက်အထားဖြစ်နိုင်သည်တို့ကို စုပေါင်းတင်ပြ၍ အသင်တို့၏ ကြွေးကြော်မှုတွင် မည်သည့်အမျိုးအစား သက်သေမျှ

မရှိပါ။ ထို့ကြောင့် ဤအထောက်အထားမဲ့သော ကြွေးကြော်မှုအပေါ် ရပ်တည်နေခြင်းသည် လမ်းမှားခြင်းသာ ဖြစ်သည်ဟု အတည်ပြု တင်ပြထားသည်။ ဤအာယသ်တော်တွင် အထောက်အထားနှင့် စပ်လျဉ်း၍ (၃) မျိုး (၃) စား ပြထားသည်။ တစ်မျိုးမှာ ဦးနှောက်အတွေးအခေါ်အရ အထောက်အထား ဖြစ်သည်။ ၄င်းအထောက်အထား မရှိကြောင်းကို

أَرُونِي مَاذَا خَلَقُوا مِنَ الْأَرْضِ أَمْ لَهُمْ شِرْكٌ فِي السَّمٰوٰتِ

(အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အား စွန့်၍ မိမိတို့ ဟစ်ခေါ်တသ (ကိုးကွယ်) လျက် ရှိကြသည့်အရာများသည် မည်သည့်မြေကို ဖန်ဆင်းခဲ့ကြသနည်း။ သို့တည်းမဟုတ် ၄င်းတို့အဖို့ မိုးကောင်းကင်များ၌ ဖက်စပ်ပါဝင်ခြင်းရှိသည်ကို ငါ့အား အသင်တို့ (အထောက်အထား) ပြကြလေကုန်။) *[၄၆ : ၄]*

ဖြင့် တင်ပြထားသည်။ ဒုတိယအမျိုးအစားမှာ ဆင့်ကဲဆင့်ကဲ ဆင့်ပြန်လာရှိသော အထောက်အထားဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်၏ အရေးကိစ္စများတွင် အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ မိန့်ကြားသော မိန့်ကြားချက်သာလျှင် အတည်ဖြစ်နိုင်ပေသည်။ ဥပမာ- 'သောင်ရားသ်'၊ 'အင်န်ဂျီးလ်'၊ 'ဇဗူးရ်'နှင့် 'ကုရ်အာန်'စသော ကောင်းကင်ကျမ်းများ၊ (သို့) အလ္လာဟ်အသျှင်မြတ်က မိမိ၏ ရစူလ်၊ နဗီတမန်တော်အဖြစ် ရွေးချယ်တော်မူထားသော ပုဂ္ဂိုလ်မွန်တို့၏ မိန့်ကြားချက်များသာလျှင် အတည်ဖြစ်နိုင်ပေသည်။ ထိုတင်ပြချက်နှစ်မျိုးအနက် ပထမအမျိုးအစား အထောက်အထားမရှိကြောင်းကို

اِيْتُوْنِي بِكِتٰبٍ مِّنْ قَبْلِ هٰذَا

'ဤ (ကုရ်အာန်) ကျမ်းတော်မြတ်အလျှင် ကျရောက်ခဲ့သော ကျမ်းဂန်တစ်စောင်ကိုသော်လည်းကောင်း ငါ့ထံ ယူဆောင်ခဲ့ကြလေကုန်။' *[၄၆ : ၄]*

ဖြင့် တင်ပြမိန့်ကြားထားသည်။ ဆိုလိုသည်မှာ 'အကယ်၍ အသင်တို့ထံတွင် 'ဗွသ်'ရုပ်ထုများကိုးကွယ်ခြင်းနှင့် ပတ်သက်၍ ဆင့်ကဲဆင့်ကဲ ဆင့်ပြန်လာရှိထားသော အမျိုးအစား အထောက်အထားရှိသည်ဆိုပါက 'ဗွသ်' ရုပ်ထုများ ကိုးကွယ်ခြင်းနှင့် 'ရှရစ်က်'ပြုလုပ်ရန် ခွင့်ပြုထားသော ကောင်းကင်ကျကျမ်းတစ်ဆူကို တင်ပြကြလေကုန်' ဟူ၍ ဖြစ်သည်။

ထို့ပြင် ဒုတိယအမျိုးအစားဖြစ်သော နဗီတမန်တော်တို့၏ အဆိုအမိန့်များ၌လည်း ဤအကြောင်းနှင့် စပ်လျဉ်း၍ အထောက်အထားမရှိကြောင်းကို

اَوْ اَثٰرَةٍ مِّنْ عِلْمٍ

'(ရှေးအဆက်ဆက်မှ လာရှိသော) အသိပညာမှ အရိပ်အမြွက်ပြသော အကြောင်းအချက် တစ်စုံတစ်ရာကိုသော်လည်းကောင်း ငါ့ထံ ယူဆောင်ခဲ့ကြလေကုန်။' *[၄၆ : ၄]*

ဖြင့် တင်ပြမိန့်ကြားထားသည်။ ဆိုလိုသည်မှာ အကယ်၍ အလ္လာဟ်အသျှင်မြတ်၏ ကျမ်းစောင်တစ်ခုခုတွင် အသင်တို့အဖို့ 'ရှရစ်က်'နှင့် 'ဗွသ်'ရုပ်ထု ကိုးကွယ်ပိုင်ကြောင်းနှင့် ပတ်သက်၍ မည်သည့်

သက်သေ အထောက်အထားမှ မပြသနိုင်ပါလျှင် အနည်းဆုံး နဗီတမန်တော်တို့အနက်မှ နဗီတမန်တော် တစ်ပါးပါးက မိန့်ဆိုခဲ့သော မိန့်ဆိုချက်ကို တိကျခိုင်မာသော အထောက်အထားဖြင့် တင်ပြကြလေကုန်။ အသင်တို့သည် ဤသည်ကိုလည်း တင်ပြနိုင်ခြင်းမရှိပါက အသင်တို့၏ အဆိုပြုချက်နှင့် 'အမလ်' ကျင့်ဆောင်ခြင်းတို့သည် လမ်းမှားခြင်းမှအပ အခြားမည်သည့်အရာ ဖြစ်နိုင်ပါမည်နည်း။

أَثَرَةٍ مِّنْ عِلْمٍ တွင် أَثَرَةٍ ဟူသော စာလုံးသည် مصدر 'မဆ္ဒရ်' ဖြစ်သည်။

سماحت شجاعت

တို့၏ وزن 'ဝဇန်' ၌ လာရှိပြီး အဓိပ္ပာယ်မှာ 'ဆင့်ပြန်ခြင်း' ဟု ဖြစ်သည်။ ထို့ကြောင့် ဟဇရတ် အိက်ရမဟ် (ရဟ) နှင့် မုကာသိလ် (ရဟ) တို့က أَثَرَةٍ مِّنْ عِلْمٍ ၏ သဖ်စီးရ်တွင် နဗီတမန်တော်တို့၏ ဆင့်ပြန်ချက်၊ မိန့်ကြားချက်များဟူ၍ ဖွင့်ဆိုထားသည်။ ကုရ်သုဗီး (ရဟ) သည် ၎င်း၏ သဖ်စီးရ်ကို اسناد حسن (ကောင်းမွန်ခိုင်လုံသော ကွင်းဆက်ဇယားနှင့် တင်ပြခြင်း) ဖြင့် ဖွင့်ဆိုတင်ပြခဲ့သည်။ အချုပ်ဆိုရသော် ဆင့်ကဲဆင့်ကဲ ဆင့်ပြန်လာရှိထားသော အထောက်အထားများအနက် နှစ်မျိုးသည် လက်ခံထိုက်ဖွယ်ဖြစ်သည်။

(၁) အလ္လာဟ်အသျှင်မြတ်က နဗီတမန်တော်တစ်ပါးပါးအပေါ် ချပေးတော်မူသော ကောင်းကင်ကျမ်း ကျမ်းဖြစ်သည်။

(၂) တိကျခိုင်လုံသော အထောက်အထားဖြင့် ဤနဗီတမန်တော်မှ မိန့်ဆိုခဲ့ကြောင်း အတည်ဖြစ်သည့် နဗီတမန်တော်တစ်ပါးပါး၏ မိန့်ဆိုချက်များဖြစ်သည်။

أَثَرَةٍ مِّنْ عِلْمٍ

၏ အလိုသဘောမှာ ဤသည်ပင် ဖြစ်သည်။ ဤဖွင့်ဆိုချက်အားလုံးကို ကုရ်သုဗီကျမ်းမှ ကောက်နုတ်တင်ပြခြင်းဖြစ်သည်။ ဤသဖ်စီးရ်ဖွင့်ဆိုချက်သည် လက်ခံအတည်ပြုခြင်း ခံရသည့် မှန်ကန်သော သဖ်စီးရ်ဖြစ်ပြီး အပြစ်ကင်းသော သဖ်စီးရ်လည်း ဖြစ်သည်။ အချို့ပညာရှင်များက

أَثَرَةٍ مِّنْ عِلْمٍ

၏ သဖ်စီးရ်တွင် အခြားသော အဆိုများကိုလည်း တင်ပြထားကြသည်။ သို့ရာတွင် ထိုတင်ပြချက်များသည် ဆင့်ပြန်ချက်များဖြင့် ဆင့်ပြန်လာရှိထားခြင်း မရှိပေ။ ကုရ်အာန်၏ စာသားများနှင့်လည်း မသင့်တော်ပေ။ ထို့ကြောင့် အများစု အဖွင့်ပညာရှင်တို့ထံတွင် ထိုအဆိုများသည် လက်ခံအတည်ပြု ရွေးချယ်ခြင်းခံရသော အဆိုများမဟုတ်ပေ။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَإِذَا تُتْلَىٰ عَلَيْهِمْ آيَاتُنَا بَيِّنَاتٍ قَالَ الَّذِينَ كَفَرُوا لِلْحَقِّ لَمَّا جَاءَهُمْ هَٰذَا سِحْرٌ مُّبِينٌ ⑦

၄၆ း ၇ ။ ။ ထို့ပြင် ၎င်းတို့၏ ရှေ့ဝယ် ငါအသျှင်မြတ်၏ ထင်ရှားစွာသော အာယသ်တော်များကို ဖတ်ကြားခြင်း ခံရလေသောအခါ ကာဖိရ်သွေဖည်ငြင်းပယ်သော သူတို့က အမှန်တရား (တည်းဟူသော ကုရ်အာန်ကျမ်းတော်မြတ်) နှင့် စပ်လျဉ်း၍ ယင်းအမှန်တရားသည် ၎င်းတို့ထံ ရောက်လာသောအခါ 'ဤသည် ထင်ရှားစွာသော ပဥ္စလက် (စုန်း) အတတ် ပညာပင် ဖြစ်သည်' ဟု ပြောဆိုကြကုန်၏။

أَمْ يَقُولُونَ افْتَرَاهُ ۖ قُلْ إِنِ افْتَرَيْتُهُ فَلَا تَمْلِكُونَ
لِي مِنَ اللَّهِ شَيْئًا ۖ هُوَ أَعْلَمُ بِمَا تُفِيضُونَ فِيهِ ۖ كَفَىٰ بِهِ
شَهِيدًا بَيْنِي وَبَيْنَكُمْ ۖ وَهُوَ الْغَفُورُ الرَّحِيمُ ⑧

၄၆ း ၈ ။ ။ ၎င်းတို့က ဤသူ (မိုဟမ္မဒ်) သည် ထို (ကုရ်အာန်) ကျမ်းတော်မြတ်ကို ကြံစည်ဖန်တီးထားသည်ဟု ပြောဆိုကြလေသလော။ (သို့ဖြစ်လျှင် အို, နဗီတမန်တော်) အသင်သည် (၎င်းတို့အား ဤသို့) ပြောကြားပါလေ။ (အချင်းတို့) 'အကယ်၍ ငါသည် ယင်း (ကုရ်အာန်) ကျမ်းတော်မြတ်ကို ကြံစည်ဖန်တီးထားပါလျှင် အသင်တို့သည် ငါ့အား အလ္လာဟ်အသျှင်မြတ် (၏ အရေးယူ အပြစ်ဒဏ်ခတ်ခြင်း) နှင့် ဆန့်ကျင်၍ လုံးဝ ကယ်တင်နိုင်ကြမည် မဟုတ်ပေ။ ယင်း (ကုရ်အာန်) ကျမ်းတော်မြတ်နှင့် စပ်လျဉ်း၍ အသင်တို့ ပြောဆိုလျက် ရှိကြသည်တို့ကို ထိုအသျှင်မြတ်သည် အသိဆုံးပင် ဖြစ်တော်မူ၏။ ထိုအသျှင်မြတ်သည်ပင် အသင်တို့နှင့် ငါ၏ ကြားဝယ် သက်သေအဖြစ် လုံလောက်တော်မူ၏။ ၎င်းပြင် ထိုအသျှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်ချမ်းသာပေးတော်မူသော အသျှင်၊ အလွန်တရာ သနားကြင်နာ ညှာတာတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။

قُلْ مَا كُنتُ بِدْعًا مِّنَ الرُّسُلِ وَمَا أَدْرِي مَا يُفْعَلُ بِي وَلَا بِكُمْ ۖ
إِنْ أَتَّبِعُ إِلَّا مَا يُوحَىٰ إِلَيَّ وَمَا أَنَا إِلَّا نَذِيرٌ مُّبِينٌ ⑨

၄၆ း ၉ ။ ။ (အို, နဗီတမန်တော်) အသင်သည် (၎င်းတို့အား) ပြောကြားပါလေ။ (အချင်းတို့) ငါသည် ရစူလ် တမန်တော်တို့အနက် အသစ်အဆန်းမဟုတ်ကြောင်း၊ ထို့ပြင် ငါသည် မိမိနှင့် ပတ်သက်၍လည်းကောင်း၊ အသင်တို့နှင့် ပတ်သက်၍လည်းကောင်း မည်သို့ ပြုမူခြင်း ခံရမည်ကိုလည်း သိရှိတော်မူသည်မဟုတ်ကြောင်း၊ (စင်စစ်) ငါသည် မိမိထံ တော်သို့ ထုတ်ပြန်ခြင်းခံရသော 'ဝဟီ' အမိန့်တော်ကိုသာလျှင် လိုက်နာ၏။ ထို့ပြင် ငါသည် ရှင်းလင်းထင်ရှားစွာ သတိပေး နှိုးဆော်သူတစ်ဦးမှအပ အခြားမဟုတ်ပေ။

قُلْ أَرَأَيْتُمْ إِن كَانَ مِنْ عِندِ اللَّهِ وَكَفَرْتُم بِهِ وَشَهِدَ شَاهِدٌ مِّنْ بَنِي
إِسْرَائِيلَ عَلَىٰ مِثْلِهِ فَآمَنَ وَاسْتَكْبَرْتُمْ ۖ إِنَّ اللَّهَ لَا يَهْدِي الْقَوْمَ الظَّالِمِينَ ⑩

၄၆ း ၁၀ ။ ။ (အို, နဗီတမန်တော်) အသင်သည် (၎င်းတို့အား) ပြောကြားပါလေ။ (အချင်းတို့) အသင်တို့သည် ငါ့အား ပြောပြကြလေကုန်။ အကယ်၍ ဤ (ကုရ်အာန်) ကျမ်းတော်မြတ်သည် အလ္လာဟ်အသျှင်မြတ်ထံတော်မှ (ထုတ်ပြန်တော်

မှုသော) ကျမ်းတော်မြတ် ဖြစ်ပါလျက်၊ အသင်တို့သည် ယင်း (ကုရ်အာန်) ကျမ်းတော်မြတ်ကို ငြင်းပယ်လျက် ရှိခဲ့ကြပါလျှင် (အသင်တို့၏ အခြေအနေသည် မည်သို့ ဖြစ်မည်နည်း။) အမှန်စင်စစ် ယင်း (ကုရ်အာန်) ကျမ်းတော်မြတ်ကဲ့သို့သော ကျမ်းဂန် (သောင်ရား:သ်) ကို 'အိစ်ရာအီးလ်' အမျိုးသားတို့အနက် သက်သေတစ်ဦးသည် သက်သေခံခဲ့ပြီးနောက် အီမာန်သက်ဝင် ယုံကြည်ခဲ့ပြီးဖြစ်၏။ သို့ပါလျက် အသင်တို့မှာမူ (သက်ဝင်ယုံကြည်ကြသည်မရှိဘဲ) မောက်မာ၍သာ နေခဲ့ကြကုန်၏။ စေန်အမှန် အလ္လာဟ်အသျှင်မြတ်သည် မတရားသော သူတို့အား တရားလမ်းမှန်သို့ ပို့ပေးတော်မူသည် မဟုတ်ပေ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့ပြင် ငါအသျှင်မြတ်၏ ထင်ရှားစွာသော အာယသ်တော်များကို ('မုအ်ဂျေဇာဟ်' ဖြစ်သော ကြောင့် 'ရိစာလသ်'၏ အထောက်အထားများ ဖြစ်လေသည်။) ထို ('ရိစာလသ်'ကို ငြင်းပယ်) သူတို့၏ ရှေ့တွင် ဖတ်ကြားခြင်းခံရသောအခါ ထိုသွေဖည်ငြင်းပယ်သူတို့က ၎င်းတို့ထံသို့ ရောက်ရှိလာသည့် အမှန်တရား (တည်းဟူသော ကုရ်အာန်ကျမ်းတော်မြတ်) ကို ဤသည်မှာ ထင်ရှားစွာသော ပဋ္ဌလက် (စုန်း) အတတ်ပညာပင် ဖြစ်သည်ဟု ပြောဆိုခဲ့ကြသည်။

(အမှန်စင်စစ် ပဋ္ဌလက်အတတ်ပညာ၏ ပုံစံတူမှာမူ ဖြစ်နိုင်ချေရှိ၍ 'မုအ်ဂျေဇာဟ်' ၏ ပုံစံတူမှာမူ မရှိနိုင်ခြင်းသည် ၎င်းတို့၏ ထိုစကားရပ် မှားယွင်းကြောင်းအပေါ် ထင်ရှားသော အထောက်အထားပင် ဖြစ်ပေသည်။ ထို့ထက် ပို၍ ဆိုးရွားသည်ကို နားထောင်ပါလေ။) ၎င်းတို့က (မပြောကောင်း မဆိုအပ်) ဤသူ (နဗီတမန်တော်မြတ် ﷺ) သည် ထို (ကုရ်အာန်) ကျမ်းတော်မြတ်ကို မိမိဘက်မှ လုပ်ကြံဖန်တီး ထား (ကာ အလ္လာဟ်အသျှင်မြတ်ဘက် ဆက်နွယ်၍ ထား) သည်ဟု ပြောဆိုကြလေသလော။ (ရှေ့တွင် ၎င်းတို့၏ ထိုပြောကြားချက်ကို ဖြေကြားထားသည်မှာ အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား ဤသို့) ပြောကြားပါလေ။ အကယ်၍ ငါသည် ဤ (ကုရ်အာန်) ကျမ်းတော်မြတ်ကို လုပ်ကြံဖန်တီး ထားခြင်း ဖြစ်မည်။ (အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်သို့ ဆက်နွယ်တင်ပြနေခြင်းဖြစ်သည်) ဆိုလျှင် (အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ဓလေ့တော်နှင့်အညီ လူတို့အား လှည့်စားခံရခြင်းမှ လွတ်ကင်းစေရန် ငါ့အား နဗီဖြစ်ကြောင်း လိမ်လည်ကြွေးကြော်မှုအပေါ် အလျင်အမြန်ပင် ဖျက်ဆီးတော်မူပေလိမ့်မည်။) တစ်ဖန် (ထိုအသျှင်မြတ်က ငါ့အား ဖျက်ဆီးတော်မူမည့်အခါ) အသင်တို့သည် ငါ့အား အလ္လာဟ်အသျှင် မြတ် (၏ 'အဇားဗ်' အပြစ်ဒဏ်) မှ အနည်းငယ်မျှပင် ကယ်တင်နိုင်ကြမည်မဟုတ်ပေ။ (ဆိုလိုသည်မှာ နဗီဖြစ်ကြောင်း လိမ်လည်၍ ကြွေးကြော်ခြင်းအပေါ် 'အဇားဗ်' အပြစ်ဒဏ်ကျရောက်မည်မှာ ဤမျှ အတိ အကျ ကိစ္စရပ်ပင် ဖြစ်၏။ ငါ့အား ကူညီစောင်မမည့်သူ တစ်စုံတစ်ဦးမျှပင် ထိုအသျှင်မြတ်၏ 'အဇားဗ်' အပြစ်ဒဏ်မှ ကာကွယ်တားဆီးပေးနိုင်ကြမည် မဟုတ်ပေ။ သို့ရာတွင် ငါ့အား 'အဇားဗ်'အပြစ်ဒဏ် ကျရောက်ခဲ့သည်မရှိပေ။ 'ဤသည်မှာ ငါသည် မိမိနဗီဖြစ်ကြောင်းကို လိမ်လည်၍ ကြွေးကြော်နေခြင်း မဟုတ်'ခြင်း၏ အထောက်အထားပင် ဖြစ်သည်။ ငါသည် မုသားပြောဆို လိမ်လည်ကြွေးကြော်သူ မဟုတ်

သည်ဖြစ်ရာ နားလည်ထားပါလေ။) အသင်တို့သည် ကုရ်အာန်ကျမ်းတော်မြတ်နှင့် စပ်လျဉ်း၍ လုပ်ကြံ ပြောဆိုကြသည်ကို ထိုအသျှင်မြတ်သည် ကောင်းစွာ သိရှိတော်မူပေသည်။ (ထို့ကြောင့် အသင်တို့အဖို့ အပြစ်ဒဏ် ခံကြရပေမည်။ အချုပ်မှာ) ငါနှင့် အသင်တို့၏ ကြားတွင် (အမှားအမှန်ကို ဆုံးဖြတ်ပေး ရန်မှာ) ထိုအသျှင်မြတ်သည်ပင် လုံလောက်သော သက်သေ (ဆိုလိုသည်မှာ ထိုအသျှင်မြတ်သာလျှင် သိတော်မူသော အသျှင်မြတ်) ဖြစ်တော်မူပေသည်။ (ထို့ကြောင့် ငါသည် အကယ်၍ လိမ်လည်မုသား ပြောဆိုသူဖြစ်လျှင် ငါ့အား ချက်ချင်း 'အဇာဗ်'အပြစ်ဒဏ် ပေးတော်မူပေမည်။ အကယ်၍ အသင်တို့သည် မုသားဆိုသူများ ဖြစ်ကြလျှင် အသင်တို့အား အလျင်အမြန်ပင် 'အဇာဗ်'ပေးတော်မူပေမည်။)

ထို့ပြင် (ငါ၏ ပြောဆိုစကားများကို သိနားလည် သည့်တိုင် ကျွန်ုပ်တို့အပေါ်၌ 'အဇာဗ်'အပြစ်ဒဏ် မကျရောက်ပါ။ သို့ဖြစ်ပေရာ 'နုဗူဝသ်'ကို ကြွေးကြော်သူအပေါ်၌ 'အဇာဗ်'အပြစ်ဒဏ် မကျရောက် ခြင်းသည် ၎င်း၏ မှန်ကန်မှု၏ အထောက်အထားဖြစ်သကဲ့သို့ သွေဖည်ငြင်းပယ်သူ ကျွန်ုပ်တို့အပေါ်၌ 'အဇာဗ်'အပြစ်ဒဏ် မကျရောက်ခြင်းသည်လည်း ကျွန်ုပ်တို့၏ မှန်ကန်မှုအပေါ် အထောက်အထား ဖြစ်နိုင် သည်ဟု သံသယဖြစ်နေပါလျှင် ၎င်းသံသယ၏ အဖြေမှာ) ထိုအသျှင်မြတ်သည် အလွန်တရာ ခွင့်လွှတ် ချမ်းသာ ပေးတော်မူသော အသျှင်မြတ် ဖြစ်တော်မူပါသည်။ (ထို့ကြောင့် 'မဂ်ဖွေရသ်' ခွင့်လွှတ်ချမ်းသာ ပေးတော်မူခြင်း၏ အချို့အမျိုးအစားများအရ ဥပမာ- လောကတွင် ကာဖိရ်များအပေါ် 'အဇာဗ်'အပြစ် ဒဏ် ကျရောက်မှုမရှိခြင်းကိုလည်း ဖြစ်ပေါ်စေတော်မူသည်။ ထို့ပြင်) အလွန်တရာ သနားကြင်နာတော် မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

(ထို့ကြောင့် သိုင်းခြုံသော 'ရဟ်မသ်'ဟု ခေါ်သည့် 'ရဟ်မသ်'၏ အချို့ အမျိုးအစားများဖြင့် ကာဖိရ်များအတွက်လည်း ဖြစ်ပေါ်စေတော်မူပေသည်။ ထို့ကြောင့် သွေဖည်ငြင်းပယ်သူတို့၏ ငြင်းဆို ဆန့်ကျင်မှုများအပေါ် လောက၌ 'အဇာဗ်'အပြစ်ဒဏ် မကျရောက်ခြင်းသည် ၎င်းတို့၏ မှန်ကန်မှု၏ အထောက်အထား မဟုတ်ပေ။ 'နုဗူဝသ်'ကို လိမ်လည်မုသားဖြင့် ကြွေးကြော်သူနှင့်မူ မတူပါချေ။ ထိုသို့ လိမ်လည်မုသားဖြင့် နဗီဖြစ်ကြောင်း ကြွေးကြော်ခြင်းနှင့် 'အဇာဗ်'ကျရောက်ခြင်းတို့မှာ အညမည ဖြစ်နေပါသည်။ အဘယ်ကြောင့်ဆိုသော် 'နုဗူဝသ်'ကို လိမ်လည်၍ ကြွေးကြော်သူအား လောက၌ 'အဇာဗ်' မပေးခြင်းသည် လူအများ လမ်းမှားစေနိုင်သော အကြောင်းခံ ဖြစ်နိုင်သောကြောင့် ဖြစ်သည်။ အခြားသော အပြစ်ရှိသူများနှင့် မတူပေ။ ရှေ့တွင် 'နုဗူဝသ်'အား အတည်ပြု အလေးအနက် မိန့်ကြားထားသည်မှာ အို၊ နဗီတမန်တော်) အသင်သည် ၎င်းတို့အား ပြောကြားပါလေ။ (အချင်းတို့) ငါသည် ရစူလ်တမန်တော် တို့အနက် အသစ်အဆန်းမဟုတ်ပါ။ (အသင်တို့အဖို့ အံ့ဩစရာ အသစ်အဆန်းမဟုတ်ပါ။ အဘယ်ကြောင့် ဆိုသော် ငါ၏အလျင် များစွာသော ရစူလ်တမန်တော်များ ရောက်ရှိခဲ့ပြီးဖြစ်ရာ ၎င်းအကြောင်းအရာများ ကို စဉ်ဆက်မပြတ်သော ဆင့်ပြန်ချက်များဖြင့်လည်း အသင်တို့ ကြားသိခဲ့ရပြီး ဖြစ်သောကြောင့်ပင် ဖြစ်သည်။) ထို့ပြင် (အလားတူ အခြားအံ့ဖွယ် ကိစ္စများနှင့် စပ်လျဉ်း၍လည်း ငါသည် ကြွေးကြော်ခြင်း မပြုခဲ့ပါ။ ဥပမာ 'အကွယ်ကို သိသည်'ဟု မဆိုခဲ့ပါ။ သို့ဖြစ်ပေရာ 'ငါ့အဖို့ အကွယ်မှ ကိစ္စတို့ကို ဝဟီ

အားဖြင့် ပြသခံရသည်တို့မျှသာ သိရှိရပါသည်။ အကွယ်မှ ကိစ္စများနှင့် အခြားသော ကိစ္စများကို ငါမသိပါဟု ငါကိုယ်တိုင် ဖွင့်ဟပြောဆိုခဲ့ပါသည်။ နောက်ဆုံးအဆင့်) ငါသည် မည်သို့ ပြုလုပ်ခြင်းခံရမည်ကို မသိပါ။ ထို့ပြင် အသင်တို့သည် မည်သို့ ပြုလုပ်ခြင်းခံရမည်ကိုလည်း ကျွန်ုပ်မသိပါ။ (ထို့ကြောင့် မိမိနှင့် အတူ အသင်တို့၏ နောင်ဖြစ်ပေါ်လာမည့် အခြေအနေများကိုပင် သိကြောင်း ကြွေးကြော်သူမဟုတ်ဟု ဆိုသည့်အခါ ဝေးလံသော အကွယ်မှ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ငါသည် မည်သို့ ကြွေးကြော်သူ ဖြစ်ပါမည်နည်း။ သို့သော် မိမိနှင့် စပ်လျဉ်း၍ဖြစ်စေ၊ အခြားသူများနှင့် စပ်လျဉ်း၍ဖြစ်စေ၊ လောကီရေးကိစ္စများ၌ ဖြစ်စေ၊ လောကုတ္တရာရေးကိစ္စ၌ဖြစ်စေ၊ ဝဟီအားဖြင့် ပြသခြင်း ခံရသမျှတို့ကိုမူ ဧကန်မုချ အပြည့်အဝ သိရှိပါသည်။ သို့ဖြစ်ပေရာ ရှေ့၌ မိန့်ကြားတော်မူသည်မှာ) ငါသည် (အသိပညာနှင့် 'အမလ်'ကျင့်ကြံ ဆောက်တည်မှုများတွင်) ငါ့ထံသို့ 'ဝဟီ'အမိန့်ဖြင့် ရောက်ရှိလာသည့် အမိန့်ကိုသာလျှင် လိုက်နာမှု ပြုပါသည်။ (ထို့ပြင် ထိုအမိန့်တော်ကိုပင် ပို့ချမှုပြုပါသည်။ အကယ်၍ အသင်တို့သည် ၎င်းပို့ချလျက်ရှိသော တရားဒေသနာတော်ကို လက်မခံပါလျှင် ငါ့အဖို့ မည်သည့် နစ်နာဆုံးရှုံးမှုမျှ မရှိပါချေ။ အဘယ်ကြောင့် ဆိုသော်) ငါသည် ရှင်းလင်းထင်ရှားစွာသော သတိပေး နှိုးဆော်သူတစ်ဦးသာ ဖြစ်ပေသည်။

၎င်းကိစ္စရပ်များကို (ငါသည် အထောက်အထားများနှင့် အတည်ပြု တင်ပြပြီးခဲ့ပြီး ဖြစ်သည်။ အထက်တွင် ၎င်းတို့၏ မဟုတ်မမှန် စွပ်စွဲခဲ့သည်ကို

هُوَ اَعْلَمُ بِمَا تُفِيْضُوْنَ فِيْهِ

ဟူသော စာပိုဒ်ဖြင့် အကျဉ်းချုံးအနေဖြင့် ဖယ်ချ ချေဖျက် ဖော်ပြခဲ့သည်။ ရှေ့တွင် ၎င်းချေပ ချက်ကို အကျယ်တဝင့် တင်ပြ မိန့်တော်မူသည်မှာ အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား) ပြောကြားပါလေ။ (အချင်းတို့) အသင်တို့သည် ငါ့အား ပြောပြကြလေကုန်။ အဘယ်ကြောင့်ဆိုသော် အကယ်၍ ဤကုရ်အာန်ကျမ်းတော်မြတ်သည် အလ္လာဟ်အသျှင်မြတ်ထံတော်မှ (ထုတ်ပြန်တော်မူသော) ကျမ်းတော်မြတ်ဖြစ်ပါလျှင် အသင်တို့သည် ဤ (ကုရ်အာန်) ကျမ်းမြတ်အား ငြင်းပယ်သူများဖြစ်ကြ ပါလျှင် (ဤကျမ်းမြတ်သည် အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ ပို့ချသည့် ကျမ်းဖြစ်ကြောင်း အခြားသော ထောက်ခံချက် အထောက်အထားတစ်ခုခုဖြင့်လည်း အတည်ဖြစ်ပြီး ဖြစ်သည်ဆိုပါလျှင် ဥပမာ) ဗနီအိစ်ရာ အီးလ် (တို့၏ အာလင်မ်ပညာရှင်) များအနက် (ယုံကြည်စိတ်ချရသော) သက်သေတစ်စုံတစ်ဦးသည် (အသိ ပညာနှင့် ဘာသာရေး လေးစားကိုင်းရှိုင်းမှုအရ ယုံကြည်စိတ်ချရ၍ လက်ခံနိုင်သောသူဖြစ်ပြီး တစ်ဦးတည်း ဖြစ်စေ (သို့) များပြားစွာဖြစ်စေ၊ အတိတ်ကာလမှဖြစ်စေ၊ (သို့) ပစ္စုပ္ပန်ကာလ၌ဖြစ်စေ၊ (သို့) အနာဂတ်၌ ဖြစ်စေ) ဤကဲ့သို့သော ကျမ်းဂန် (ဤကျမ်းဂန်သည် အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ ဖြစ်ခြင်း) အပေါ် သက်သေခံပြီးနောက် အီမာန်သက်ဝင် ယုံကြည်ပြီးဖြစ်၏။ သို့ပါလျက် အသင်တို့မှာမူ (အသိပညာမရှိ ဘဲလျက် ဤကျမ်းဂန်အပေါ် အီမာန်သက်ဝင် ယုံကြည်ခြင်းမှ) မောက်မာပလွှားလျက် ရှိနေခဲ့ကြသည်။

(သို့ဖြစ်ပေရာ ဤသို့ဆိုလျှင် အသင်တို့ထက် မတရားမှုပြုသူသည် မည်သူ ရှိပါမည်နည်း။ မတရားသူတို့၏ အခြေအနေမှာ) မုချဧကန် အလ္လာဟ်အသျှင်မြတ်သည် မတရားသောသူတို့အား တရားလမ်းမှန်သို့ ပို့ပေးတော်မူမည် မဟုတ်ပေ။ (ထိုမျှသာမက အမြဲတစေ လမ်းမှား၌သာ ရှိနေမည်ဖြစ်ပြီး လမ်းမှားခြင်း၏ နိဂုံးရလဒ်မှာ ငရဲမီးသာ ဖြစ်ပေသည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

وَمَآ اَدۡرِىۡ مَا يُفۡعَلُ بِىۡ وَلَا بِكُمۡ اِنۡ اَتَّبِعُ اِلَّا مَا يُوۡحٰٓى اِلَىَّ

ဤအာယသ်တော်၌ اِنۡ اَتَّبِعُ ဟူသော အပိုဒ်၏ အဓိပ္ပာယ်မှာ ကန့်သတ်ဖယ်ထုတ် ခံရခြင်း၏ အဓိပ္ပာယ်ကို ဆောင်သည်။ ဆိုလိုသည်မှာ 'ငါ့အပေါ်၌ 'ဝဟီ'ဗျာဒိတ်တော် ချပေးခံရသည့် အရာများမှ အပ အခြားအရာများကို ငါမသိပါ' ဟု ဖြစ်သည်။ သဖ်စီးရ်၏ အေမာမ်ဖြစ်သော ဒွဟ်ဟာက် (ရဟ်) သခင်ထံမှ ဤအာယသ်တော်၏ သဖ်စီးရ်ကို ဖွင့်ဆိုချက်အနှစ်ချုပ်တွင် ဖော်ပြထားသည့်အတိုင်း ဆင့်ပြန်ထားသည်။ ထိုဖော်ပြချက်၏ ရလဒ်မှာ 'အကွယ်မှ ဖြစ်ရပ်များကို သိရှိခြင်းတွင်မူ ငါ့အဖို့ 'ဝဟီ'ဖြင့်သာ ဖြစ်နိုင်ပေသည်။ 'ဝဟီ'အားဖြင့် အသိပေးခြင်းမခံရသော ကိစ္စများတွင် ငါကိုယ်တိုင်နှင့် ပတ်သက်၍ဖြစ်စေ၊ (သို့) အမွှသ်၏ မုအ်မင်န်နှင့် ကာဖိရ်များနှင့် ပတ်သက်၍ဖြစ်စေ၊ (သို့) ထိုအရေးကိစ္စသည် လောကီရေးဖြစ်စေ၊ (သို့) တမလွန်အရေးဖြစ်စေ၊ ငါသည် တစ်စုံတစ်ရာမျှ သိရှိသည်မဟုတ်ပေ။ အကွယ်မှ ဖြစ်ရပ်များနှင့် စပ်လျဉ်း၍ ငါ၏ ပြောကြားချက်ဟူသရွေ့သည် 'အသျှင်မြတ်ဘက်တော်မှ 'ဝဟီ' ပို့ဆောင် အသိပေးခြင်းဖြင့်သာ ပြောကြားခြင်းဖြစ်သည်။ ထိုနည်းတူစွာ ကုရ်အာန်ကျမ်းတော်မြတ်အတွင်း၌ပင် ဖော်ပြထားသည်မှာ 'အလ္လာဟ်အသျှင်မြတ်သည် နဗီကိုယ်တော်မြတ် ﷺ အား မရေမတွက်နိုင်သော 'အကွယ်မှ ကိစ္စရပ်များ၏ အသိကို ချီးမြှင့်တော်မူခဲ့သည်။

تِلۡكَ مِنۡ اَنۡۢبَآءِ الۡغَيۡبِ نُوۡحِيۡهَآ اِلَيۡكَ

၏ အလိုသဘောမှာ ဤသည်ပင် ဖြစ်ပေသည်။ တမလွန်၏ အရေးကိစ္စများ၊ 'ဂျန္နသ်'၊ 'ဂျဟန္နမ်'၊ စာရင်းအင်းစစ်ဆေးမှုနှင့် အပြစ်ပေးခြင်း၊ ကုသိုလ်အကျိုးပေးခြင်းတို့နှင့် စပ်လျဉ်း၍ အကျယ်တဝင့် ဖော်ပြချက်များသည် ကုရ်အာန်ကျမ်းတော်မြတ်၌ပင် လာရှိသည်။ လောကတွင် ပေါ်ပေါက်လာမည့် နောင်တွင် ဖြစ်ပေါ်လာမည့် ဖြစ်ရပ်များစွာတို့၏ အသေးစိတ် ရှင်းလင်းချက်များကို 'မုသဝါသိရ်ဆွဟီးဟ်ဟဒီးစ်' (မှန်ကန်တိကျ ခိုင်လုံသော စဉ်ဆက်မပြတ်သော ကွင်းဆက်ဇယားဖြင့် လာရှိထားသော ဆင့်ပြန်ချက်ဟဒီးစ်) တော်များတွင် တမန်တော်မြတ် ﷺ ထံတော်မှ ဆင့်ပြန်လာရှိထားပေသည်။ ၎င်းမှ အတည်ဖြစ် သိရှိရသည်မှာ 'ဖော်ပြပါအာယသ်တော်၏ အလိုသဘောမှာ 'ငါသည် အကွယ်မှ ဖြစ်ရပ်အလုံးစုံကို သိုင်းခြုံ၍ သိရှိခြင်းတွင် အလ္လာဟ်အသျှင်မြတ်ကဲ့သို့ မဟုတ်ပါ။ ထိုအရာများကို သိရှိခြင်းမှာ ကိုယ်တိုင်၏ အစွမ်းအစ

အရည်အချင်းဖြင့် မဟုတ်ဘဲ အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ 'ဝဟီ'အားဖြင့် ပို့ချအသိပေးခြင်း ခံရသမျှတို့ကိုသာ တင်ပြရခြင်း ဖြစ်ပါသည်' ဟူ၍ ဖြစ်၏။

သဖ်စီးရ်ရှူးဟွလ်မအာနီကျမ်းတွင် ဤအဆိုကို ဖော်ပြပြီးနောက် ရေးသားထားသည်မှာ "ကျွန်ုပ်၏ယုံကြည်ချက်မှာ တမန်တော်မြတ် ﷺ သည် အလ္လာဟ်အသျှင်မြတ်၏ မူလနာမတော်နှင့် ဂုဏ် နာမတော်များကိုလည်းကောင်း၊ တမလွန်နှင့် လောကတွင် ဖြစ်ပေါ်လာမည့် အရေးကြီးသည့် ကိစ္စများ၊ ဖြစ်ရပ်များအကြောင်းကိုလည်းကောင်း ကိုယ်တော်မြတ် ﷺ အနေဖြင့် 'ဝဟီ'အားဖြင့် အသိပေးခြင်းမခံရဘဲ ဤလောကမှ ပြောင်းရွှေ့ ကွယ်လွန်ခဲ့သည်မဟုတ်။ လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ အရေးကိစ္စ၊ ဖြစ်ရပ်များနှင့် စပ်လျဉ်း၍မူ ဥပမာ- 'ဇိုက်ဒ်သည် မနက်ဖန် မည်သည့်အလုပ်ကို ပြုလုပ်မည်။ ထိုအလုပ်ကို ပြုလုပ်ခြင်း၏ နိဂုံးရလဒ်သည် မည်သို့ဖြစ်မည်။ အုမရ်နှင့် ဗကရ်တို့သည် မိမိတို့၏ အိမ်များတွင် မည်သည့်အလုပ်များ ပြုလုပ်နေသည်။ (သို့) ပြုလုပ်ကြလိမ့်မည်' ဟူသော အကွယ်မှ ကိစ္စများကို သိရှိခြင်းမှာမူ မည်သည့် ပြည့်စုံမှု အရည်အချင်းမျှလည်း မဟုတ်။ ထိုအရာများကို မသိရှိ၍လည်း 'နဗူဝသ်'၏ ဂုဏ်ရည်တွင် မည်သည့်ကွာခြားမှုမျှလည်း ဖြစ်မသွားနိုင်ပါချေ" ဟူ၍ ဖြစ်သည်။

တမန်တော်မြတ် ﷺ ၏ အကွယ်ကို သိရှိသည်ဟု ဆိုခြင်းနှင့် စပ်လျဉ်း၍ ဆင်ခြင်ရမည့် နည်းကမ်း

အကွယ်ကို သိရှိခြင်းနှင့် စပ်လျဉ်း၍ တမန်တော်မြတ် ﷺ အပေါ် ရှိသေဆင်ခြင်ရမည်မှာ 'ကိုယ်တော်မြတ် ﷺ သည် အကွယ်ကို မသိပါ'ဟု မပြောဆိုအပ်။ သို့သာမက 'အလ္လာဟ်အသျှင်မြတ်သည် တမန်တော်တို့အနက် မည်သည့် နဗီ၊ ရစူလ်မျှ မရရှိခဲ့သည့် အကွယ်မှ ကိစ္စရပ်များဆိုင်ရာ အလွန်ကြီးမားများပြားသော အသိပညာများကို ချီးမြှင့်တော်မူခဲ့သည်'ဟု ပြောဆိုရပေမည်။ အချို့အဖွင့်ပညာရှင်များက မိန့်ဆိုကြသည်မှာ 'ဤအာယသ်တော်တွင် 'မသိကြောင်း ငြင်းဆိုထားခြင်းမှာ လောကီရေးကိစ္စများနှင့် စပ်လျဉ်း၍သာ ဖြစ်သည်။ တမလွန်နှင့် စပ်လျဉ်း၍ အကွယ်ကို သိရှိခြင်း ရှိ၏' ဟူသော အချက်နှင့် စပ်လျဉ်း၍ ဤအာယသ်တော်၌ မပါရှိချေ ဟူ၍ ဖြစ်သည်။' *[ကုရ်သုဗီးကျမ်း]*

၎င်းတို့သည် اِنْ اَتَّبِعُ اِلَّا مَا يُوْحٰۤى ဟူသော စာပိုဒ်ကို ကန့်သတ်ဖယ်ထုတ်သည့် အဓိပ္ပာယ်အဖြစ် မသတ်မှတ်ခဲ့ပေ။ ထို့ကြောင့် အကွယ်ကို သိသူမဟုတ်ဟု ငြင်းဆိုခြင်းကို လောကီရေးကိစ္စများနှင့်သာ သက်ဆိုင်သည်ဟု သတ်မှတ်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် တမလွန်နှင့် စပ်လျဉ်း၍ ကိုယ်တော်မြတ် ﷺ သည် ကာဖိရ်များသည် အပယ်ငရဲ၌လည်းကောင်း၊ မုအ်မင်န်တို့သည် 'ဂျန္နသ်'၌လည်းကောင်း ဝင်ရောက်ကြရလိမ့်မည်' ဟု အတိအလင်း မိန့်ကြားတော်မူခဲ့သောကြောင့် ဖြစ်သည်။

وَشَهِدَ شَاهِدٌ مِّنْ بَنِيٓ اِسْرَاۤئِيْلَ عَلٰى مِثْلِهٖ فَاٰمَنَ وَاسْتَكْبَرْتُمْ

ဤအာယသ်တော်၏ အကြောင်းအရာများသည် စူရာဟ်ရှုအ်ရာ၏ နောက်ဆုံးရှုကူအ်၏ အာယသ်တော်များကဲ့သို့ ဖြစ်သည်။ ၎င်းအာယသ်တော်မှာ-

اَوَلَمْ يَكُنْ لَّهُمْ اٰيَةً اَنْ يَّعْلَمَهٗ عُلَمٰٓؤُا بَنِيٓ اِسْرَاۗءِيْلَ

ပင် ဖြစ်သည်။ ၄င်း၏ အလိုသဘောမှာ 'တမန်တော်မြတ် ﷺ ၏ ရစူလ်ဖြစ်ခြင်းနှင့် ကုရ်အာန်ကျမ်းတော်မြတ်ကို ငြင်းပယ်ခဲ့ကြသော ပညာမဲ့သည့် ဤယဟူဒီနှင့် နဆွာရာများကိုယ်တိုင်သည်ပင် မိမိတို့၏ ကျမ်းများအပေါ် တတ်သိနားလည်ခြင်း မရှိခဲ့ကြပေ။ အဘယ်ကြောင့်ဆိုသော် မြောက်မြားစွာသော ဗနီအိစ်ရာအီးလ် ပညာရှင်တို့သည် မိမိတို့၏ ကျမ်းများတွင် ကိုယ်တော်မြတ် ﷺ ၏ နဗီဖြစ်ခြင်းနှင့် ကိုယ်တော်မြတ် ﷺ ၏ နဗီဖြစ်ခြင်း၏ သက်သေလက္ခဏာတော်များကို တွေ့ရှိကြပြီး ကိုယ်တော်မြတ် ﷺ အပေါ် အီမာန်သက်ဝင် ယုံကြည်ခဲ့ကြသောကြောင့် ဖြစ်သည်။ ထိုဗနီအိစ်ရာအီးလ် ပညာရှင်များ၏ သက်သေထွက်ဆိုချက်သည်လည်း ထိုပညာမဲ့များအဖို့ မလုံလောက်လေသလော။ ဤအာယသ်တော်၌ မိန့်ကြားထားသည်မှာ 'ငါသည် နဗီတမန်တော် ဖြစ်သည်ဟုလည်းကောင်း၊ ကုရ်အာန်ကျမ်းတော်မြတ်သည် အလ္လာဟ်အသျှင်မြတ်၏ ကျမ်းတော်မြတ် ဖြစ်သည်ဟုလည်းကောင်း ငါ၏ ကြွေးကြော်မှုသည် မှားယွင်း၊ မဟုတ်မမှန်ဟု အသင်တို့က ဆိုခဲ့ကြသည်။ ဦးစွာပထမ အသင်တို့၏ ပြောဆိုမှု မှားယွင်းကြောင်း အထက်တွင် ယခု တင်ပြခဲ့သည့် အကြောင်းအရာဖြင့်ပင် လုံလောက်ပေသည်။ အဘယ်ကြောင့်ဆိုသော် 'အမှန်စင်စစ် နဗီ မဟုတ်သူတစ်ဦးသည် ငါ့အား အလ္လာဟ်အသျှင်မြတ်က နဗီတမန်တော်အဖြစ် စေလွှတ်တော်မူခဲ့သည်' ဟု အလ္လာဟ်အသျှင်မြတ်အပေါ် ပွင့်လင်းထင်ရှားစွာ လိမ်လည်ခဲ့ပါလျှင် ထိုသူ့အပေါ် ဤလောက၌ပင် 'အဇာဗ်'အပြစ်ဒဏ် ကျရောက်ခြင်းနှင့် ပျက်စီးခြင်းများ ကျရောက်မည်သာ ဖြစ်သည်။ သို့မှသာ လူသားများသည် ၄င်း၏ လိမ်လည်လှည့်ဖြားမှုမှ ကင်းလွတ်မည်ဖြစ်သည်။ အသင်တို့သည် ဤသည်ကိုလည်း လက်မခံကြဟုဆိုလျှင် အကယ်၍ ငါ၏ ကြွေးကြော်မှုသည် မှန်ကန်၍ ဤကုရ်အာန်ကျမ်းတော်မြတ်သည် အလ္လာဟ်အသျှင်မြတ်၏ ကျမ်းတော်မြတ်လည်း အမှန်ဖြစ်ပြီး အသင်တို့က ဤသည်ကို ဆန့်ကျင်ငြင်းပယ်ခြင်းသာ ပြုနေကြမည်ဆိုလျှင် အသင်တို့၏ နောက်ဆုံး နိဂုံးရလဒ်သည် မည်သို့ဖြစ်မည်ဟူသော အကြောင်းကို လစ်လျူမရှုသင့်ပေ။ အထူးသဖြင့် ဤအခြေအနေမျိုးတွင် အသင်တို့၏ မျိုးနွယ် ဗနီအိစ်ရာအီးလ်တို့အတွင်းမှပင် အကြီးအကဲတစ်ဦးဦးက ထိုကုရ်အာန်ကျမ်းတော်မြတ်သည် အလ္လာဟ်အသျှင်မြတ်ဘက်တော်မှဖြစ်ကြောင်း သက်သေထွက်ဆိုလျက် မွတ်စ္စလင်မ်ဖြစ်သွားပြီး အသင်တို့မှာမူ ထိုအကြောင်းကို သိရှိကြသော်လည်း မိမိတို့၏ ဆန့်ကျင်မှုနှင့် မာနအပေါ်၌သာ ရပ်တည်နေကြပါက အသင်တို့သည် မည်မျှ အတိုင်းအတာ 'အဇာဗ်'အပြစ်ဒဏ်နှင့် ထိုက်သက်သူများ ဖြစ်သွားကြမည်ဆိုသည်ကိုလည်း လစ်လျူမရှုသင့်ပေ။

ဤအာယသ်တော်၏ စာလုံးများတွင် ဗနီအိစ်ရာအီးလ်တို့အနက်မှ အာလင်မ်ပညာရှင်တစ်ဦးဦး၏ အမည်ကို ဖော်ပြထားခြင်း မရှိပေ။ ထို့ပြင် ဤသက်သေထွက်ဆိုခြင်းသည် ဤအာယသ်တော် မကျရောက်မီ လူတို့၏ ရှေ့တွင် ရောက်ရှိခဲ့ခြင်း (သို့) နောက်တွင်မှ ဖြစ်ပေါ်လာမည်ဟူသော အကြောင်းကိုလည်း သတ်မှတ်တင်ပြထားခြင်းမရှိပါ။ ဤသက်သေထွက်ဆိုခြင်းသည် ဤအာယသ်တော် မကျရောက်မီအလျှင် လူတို့၏

ရှေ့မှောက်၌ ကျရောက်ခဲ့ပြီးသော်လည်းကောင်း၊ (သို့) နောင်တွင် ဤသို့ ဖြစ်ရပ် ဖြစ်ပေါ်လာမည်ဆိုလျှင် အသင်တို့အနေဖြင့် 'အစား‌ဗ်'အပြစ်ဒဏ်မှ ရှောင်ရှားရမည့် နည်းလမ်းအတွက် မိမိအဖို့ သောကထား သင့်ပေသည်ဟူသော အဓိပ္ပာယ်ပါ သတ်မှတ်ချက်ကို ပြသော ဝါကျတစ်ခုအနေဖြင့် မိန့်ကြားတော်မူထား ခြင်း ဖြစ်သည်။ အကြောင်းမှာ ဤအာယသ်တော်၏ အကြောင်းအရာကို နားလည်ရန်မှာ ဗနီအိစ်ရာအီးလ် တို့၏ ပညာရှင်များအနက် သတ်သတ်မှတ်မှတ် သက်သေထွက်ဆိုသူတစ်ဦးကို ဆိုလိုခြင်း မဟုတ်ဘဲ အစ္စလာမ်သာသနာအတွင်းသို့ ဝင်ရောက်လေသမျှသော ယဟူးဒ်နှင့် နဆွာရာတို့ကို ဆိုလိုခြင်း ဖြစ်သည်။ ယင်းတို့အနက် ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်နိစလာမ် ﷺ မှာ အကျော်ကြားဆုံး ဖြစ်သည်။ ၎င်းတို့အားလုံး သည် ဤအာယသ်တော်၌ အကျုံးဝင်နေပေသည်။ စင်စစ် ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်နိစလာမ် ﷺ ၏ အီမာန် လက်ခံခြင်းသည် ဤအာယသ်တော် ကျရောက်ပြီး မဒီနာမြို့တော်တွင် ဖြစ်သည်။ ဤစူရာဟ်တစ်ပုဒ်လုံး မှာ 'မက္ကီ'မက္ကာဟ်မြို့၌ ကျရောက်သော စူရာဟ်ဖြစ်သည်။ *[အိဗ်နေကစီးရ်]*

အချို့ဆင့်ပြန်ချက်များတွင် ဟဇရသ်စအဒ် ﷺ ထံမှ ဆင့်ပြန်ခဲ့သည်မှာ 'ဤအာယသ်တော်များသည် ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်နိစလာမ် ﷺ နှင့် စပ်လျဉ်း၍ ကျရောက်ခဲ့သည်'ဟု ဖြစ်သည်။

[ဘုခါရီ၊ မွတ်စ္စလင်မ်၊ နစအီး။]

အလားတူ ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ ၊ မုဂျာဟိဒ် (ရဟ)၊ ဒွဟ်ဟာက် (ရဟ) နှင့် ကသာဒဟ် (ရဟ) စသော သဖ်စီးရ် အေမာမ်အားလုံးတို့က တစ်ညီတစ်ညွတ်တည်း မိန့်ဆိုကြသည်မှာ 'ဤအာယသ် တော်သည် ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်နိစလာမ် ﷺ နှင့် စပ်လျဉ်း၍ ကျရောက်ခဲ့သည်' ဟု ဖြစ်သည်။ သို့ဖြစ်ပေရာ ဤသို့ ဆိုလိုခြင်းသည် ဤအာယသ်တော်၏ 'မက္ကီ'ဖြစ်ခြင်းနှင့် မဆန့်ကျင်ပေ။ အကြောင်း မှာ ဤအခြေအနေတွင် ဤအာယသ်တော်သည် လာမည့်ကာလအတွက် ကြိုတင်မိန့်ကြားခြင်း ဖြစ်သွား ပေမည်။ *[အိဗ်နေကစီးရ်]*

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَقَالَ الَّذِينَ كَفَرُوا لِلَّذِينَ آمَنُوا لَوْ كَانَ خَيْرًا مَّا
سَبَقُونَا إِلَيْهِ ۚ وَإِذْ لَمْ يَهْتَدُوا بِهِ فَسَيَقُولُونَ هَٰذَا إِفْكٌ قَدِيمٌ ﴿١١﴾

၄၆ : ၁၁ ။ ။ စင်စစ် ဤ 'ကာဖိရ်'သွေဖည်ငြင်းပယ်ကြသော သူတို့သည် မုအ်မင်န်သက်ဝင် ယုံကြည်သောသူတို့နှင့် ပတ်သက်၍ (ဤသို့) ပြောဆိုကြကုန်၏။ အကယ်၍ ယင်း (ကုရ်အာန်) ကျမ်းမြတ်သည် ကောင်းမြတ်သော အရာ တစ်စုံတစ်ခု ဖြစ်ခဲ့ပါမူ၊ ထိုမုအ်မင်န်သက်ဝင် ယုံကြည်သူတို့သည် ငါတို့ထက် ဦးစွာ ယင်း (ကုရ်အာန်ကျမ်းတော်မြတ်ကို သက်ဝင်ယုံကြည် နိုင်ကြမည်မဟုတ်ပေ။ တစ်ဖန် ၎င်းတို့သည် ယင်း (ကုရ်အာန်) ကျမ်းတော်မြတ်ဖြင့် တရားလမ်းမှန်ကို မရခဲ့ကြသောအခါ၊ ၎င်းတို့က 'ဤသည် ရှေးဟောင်းမုသားပင် ဖြစ်သည်'ဟူ၍ ပြောဆိုကြကုန်၏။

وَمِنْ قَبْلِهِ كِتَٰبُ مُوسَىٰٓ إِمَامًا وَرَحْمَةً ۚ وَهَٰذَا كِتَٰبٌ مُّصَدِّقٌ
لِّسَانًا عَرَبِيًّا لِّيُنذِرَ ٱلَّذِينَ ظَلَمُوا۟ وَبُشْرَىٰ لِلْمُحْسِنِينَ ﴿١٢﴾

၄၆ : ၁၂ ။ ။ အမှန်စင်စစ် ဤ (ကုရ်အာန်) ကျမ်းတော်မြတ်အလျှင် (နဗီတမန်တော်) မူစာ၏ ကျမ်းဂန် (သောင်ရာသ်) သည် ရှေ့ဆောင်လမ်းပြအဖြစ်လည်းကောင်း၊ ကရုဏာတော်အဖြစ်လည်းကောင်းရှိခဲ့၏။ ထို့ပြင် ဤ (ကုရ်အာန်) ကျမ်းတော်မြတ်သည် ယင်း (သောင်ရာသ်) ကျမ်းကို ထောက်ခံသော ကျမ်းဂန်ဖြစ်၏။ မတရားကျူးလွန်သော (မက္ကာဟ်မြို့သား) တို့အား သတိပေးနှိုးဆော်ရန် အာရဗီဘာသာစကားဖြင့် ထုတ်ပြန်တော်မူထား၏။ ၎င်းပြင် ကောင်းမှုပြုသူတို့အဖို့ သတင်းကောင်းလည်း ဖြစ်၏။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ဤကာဖိရ်သွေဖည်ငြင်းပယ်သူတို့သည် အီမာန်သက်ဝင်ယုံကြည်သူတို့ (၏ အီမာန်သက်ဝင် ယုံကြည်ခြင်း) နှင့် စပ်လျဉ်း၍ အကယ်၍ ဤ (ကုရ်အာန်) ကျမ်းမြတ်သည် (၎င်းတို့ သက်ဝင်ယုံကြည်သော ကျမ်းမြတ်) သည် ကောင်းမြတ်မှု (မှန်ကန်မှု) တစ်စုံတစ်ရာရှိသောအရာ ဖြစ်ခဲ့ပါလျှင် ဤ (အဆင့်နိမ့်သော) သူတို့သည် ငါတို့ထက် ဦးစွာ ယင်း (ကုရ်အာန်) ကျမ်းတော်မြတ်ကို သက်ဝင်ယုံကြည်ကြမည် မဟုတ်ပေ။ (ဆိုလိုသည်မှာ ငါတို့သည် အသိဉာဏ်ပြည့်ဝသူများဖြစ်ကြ၍ ဤသူတို့သည်မူ အသိဉာဏ်နည်းပါးသူများ ဖြစ်ကြသည်။ အမှန်တရားကို အသိဉာဏ်ရှိသူက ဦးစွာ လက်ခံသည်ဖြစ်ရာ အကယ်၍ ကုရ်အာန်သည် အမှန်တရားဖြစ်သည်ဆိုလျှင် ငါတို့သည် ဦးစွာ လက်ခံကြမည်သာဖြစ်သည်။ ငါတို့ လက်မခံကြဟု ဆိုသောအခါ ဤကုရ်အာန်သည် အမှန်တရားမဟုတ်၍သာ ဖြစ်သည်။ ဤသူတို့သည်မူ အသိတရားမဲ့စွာ ထိုကုရ်အာန်အား ယုံကြည်နေကြခြင်းဖြစ်သည်။ ကာဖိရ်တို့၏ ဤပြောကြားချက်သည် ၎င်းတို့၏ အဆုံးမဲ့သော မာန၏ အထောက်အထားဖြစ်သည်။ ထိုအကြောင်းကို အထက်တွင် اِسْتَكْبَرْتُمْ ၌ တင်ပြထားပြီးဖြစ်သည်။) ထို့ပြင် (မာနနှင့် ပလွှားမှုတို့ကြောင့်) ကုရ်အာန်ကျမ်းတော်မြတ်အားဖြင့် တရားလမ်းမှန်ကို မရရှိကြသောအခါ (မိမိတို့၏ ဗီဆန်မှုနှင့် ဆန့်ကျင်မှုများ ရှိသည့်အပေါ်) ဤသည် (လည်း) ရှေးဟောင်း (မုသားအကြောင်းအရာများအနက်မှ တစ်ခုသော) မုသားပင် ဖြစ်သည်ဟု ပြောဆိုကြလေသည်။

ထို့ပြင် ဤ (ကုရ်အာန်ကျမ်းတော်မြတ်) အလျှင် မူစာ عليه السلام ၏ ကျမ်းတော်သည် (ပို့ချပေးခံရခြင်း) ရှိခဲ့သည်။ ထိုကျမ်းသည် (မူစာ عليه السلام ၏ အွမ္မသ်အားလုံးအတွက် ရှေ့ဆောင်လမ်းပြအဖြစ်လည်းကောင်း၊ (ရှိခဲ့သည်။) 'ရဟ်မသ်' ကရုဏာတော်အဖြစ်လည်းကောင်း ရှိခဲ့သည်။ (ထို့ပြင် ထိုကျမ်းတော်မြတ်တွင် ဤကျမ်းတော်၏ အကြောင်း ကြိုတင်မိန့်ကြားတော်မူခြင်း ရှိသကဲ့သို့) ဤကျမ်းတော် (သည်လည်း) ထို ('သောင်ရာသ်' ကျမ်း၏ ကြိုတင်မိန့်ကြားချက်ကို) မှန်ကန်ကြောင်း ထောက်ခံသော ကျမ်းတစ်စောင် ဖြစ်သည်။ (ထို့ပြင်) မတရားကျူးလွန်သူတို့အား သတိပေးနှိုးဆော်ရန်နှင့် ကောင်းမှုပြုသူတို့အား သတင်းကောင်းပေးရန်အတွက် အာရဗီဘာသာစကားဖြင့် (ထုတ်ပြန်ပို့ချသော ကျမ်းလည်း) ဖြစ်သည်။

သိမှတ်ဖွယ်ရာများနှင့် စမ္ပသတ်များ

لَوْكَانَ خَيْرًا مَّا سَبَقُوْنَا اِلَيْهِ

မာန်မာနထောင်လွှားမှုသည် လူ၏ အသိဉာဏ်ကို ပျက်စီးစေသောအရာ ဖြစ်သည်။ မာနရှိသူသည် အရာတစ်ခုအား မိမိမနှစ်သက်လျှင် အခြားသူတို့က မည်မျှပင် ကောင်းသည်ဟု ယူဆသည်ဖြစ်စေ၊ မိမိ၏ ဦးနှောက်အသိနှင့် မိမိ၏ ပြုမူကျင့်ကြံမှုဖြင့်သာ ကောင်းသည်၊ ဆိုးသည်ဟု မှတ်ယူလေ့ရှိသည်။ မာနရှိသူသည် ထိုသူအားလုံးကို အသိဉာဏ်မဲ့သူများဟု မှတ်ယူသည်။ အမှန်စင်စစ် ၎င်းသူကိုယ်တိုင်သာ အသိဉာဏ်မဲ့သူ ဖြစ်ပေသည်။ ကာဖိရ်တို့၏ ဤမာနအဆင့်ကို ဤအာယသ်တော်၌ တင်ပြထားသည်မှာ 'အစ္စလာမ်နှင့် အီမာန်အား ၎င်းတို့က မနှစ်သက်ကြသောအခါ အီမာန်လက်ခံ ယုံကြည်သူတို့အား ၎င်းတို့က 'အကယ်၍ ဤအီမာန်သက်ဝင် ယုံကြည်ခြင်းသည် ကောင်းမြတ်သော အရာတစ်ခုဖြစ်ခဲ့သည်ဆိုလျှင် ဦးစွာပထမ ငါတို့သည် နှစ်သက်ကြမည်ဖြစ်သည်။ ထိုအခြားသော ဆင်းရဲနွမ်းပါး၊ ချို့တဲ့သူတို့က နှစ်သက်သည်ဆိုခြင်းမှာ မည်သို့ စိတ်ချရပါမည်နည်း' ဟု ပြောဆိုခဲ့ကြသည်။

အိဗ်နေမွန်ဇိရ် (ရဟ) စသော ပုဂ္ဂိုလ်များက ဆင့်ပြန်ချက်တစ်ခုကို ဆင့်ပြန်ခဲ့သည်မှာ 'အုမရ်ဗင်န် ခဿဿာဗ် ﷺ သည် မွတ်စ္စလင်မ်ဖြစ်မီက ၎င်းတွင် زنين 'ရနီးန်' ဟူသော ကျွန်မတစ်ဦး ရှိခဲ့သည်။ ထိုကျွန်မသည် ဦးစွာ အစ္စလာမ်သာသနာဝင် ဖြစ်ခဲ့သည်။ အုမရ် ﷺ သည် ထိုကျွန်မအား အစ္စလာမ်လက်ခံခြင်းအပေါ် ရိုက်နှက်လေ့ရှိခဲ့သည်။ ထို့ပြင် နည်းလမ်းပေါင်းစုံဖြင့် အစ္စလာမ်သာသနာကို စွန့်လွှတ်ရန် ခြိမ်းခြောက်လျက်ရှိခဲ့သည်။ ကာဖိရ်တို့က 'အစ္စလာမ်သည် ကောင်းမြတ်သော အရာတစ်ခုခု ဖြစ်ခဲ့သည်ဆိုလျှင် زنين 'ရနီးန်' ကဲ့သို့သော သေးသိမ်သည့် အမျိုးသမီးသည် ဤသာသနာကို လက်ခံရာတွင် ငါတို့ထက် ရှေ့သို့ ရောက်မည်မဟုတ်' ဟု ပြောဆိုလေ့ရှိခဲ့သည်။ ထိုဖြစ်ရပ်နှင့် စပ်လျဉ်း၍ ဤအာယသ်တော် ကျရောက်လာခဲ့သည်။ *[မဇှဟရီးကျမ်း]*

وَمِنْ قَبْلِهٖ كِتٰبُ مُوْسٰٓى اِمَامًا وَّرَحْمَةً

ဤမိန့်ကြားချက်ဖြင့် ပထမအချက်အနေနှင့်

مَا كُنْتُ بِدْعًا مِّنَ الرُّسُلِ

ဟူသော အာယသ်တော်ကို ထောက်ခံသမှု ရရှိနေသည်။ အဘယ်ကြောင့်ဆိုသော် 'ကိုယ်တော်မြတ် ﷺ သည် လူတို့က စောဒကတက်စေနိုင်သော အသစ်အဆန်း ရစူလ်တမန်တော်လည်းမဟုတ်။ ကုရ်အာန်ကျမ်းတော်မြတ်သည်လည်း အသစ်အဆန်း ကျမ်းဂန်မဟုတ်။ ထို့ပြင်မက ကိုယ်တော်မြတ် ﷺ ၏အလျင် မူစာ عليه السلام သည် ရစူလ်တမန်တော်အဖြစ် ပွင့်ပေါ်ခဲ့ပြီးဖြစ်သည်။ ၎င်းအပေါ်တွင် 'သောင်ရားသ်' ကျမ်းလည်း ကျရောက်ခဲ့ကြောင်းကို ယဟူးဒ်နှင့် နဆွာရာအားလုံးက လက်ခံကြပြီးဖြစ်သည်ဟူ၍ ဖြစ်၏။

ဒုတိယအချက်အနေဖြင့် အထက်၌

شَهِدَ شَاهِدٌ

ဟု လာရှိထားလေရာ ၄င်းကိုလည်း ထောက်ခံသမှု ပြုပေးနေသည်။ အဘယ်ကြောင့်ဆို သော် မူစာ عليه السلام နှင့် 'သောင်ရားသ်'ကျမ်းတို့သည် တမန်တော်မြတ် ﷺ နှင့် ကုရ်အာန်ကျမ်းတော်မြတ် အား မှန်ကန်ကြောင်း သက်သေထွက်ဆို ထောက်ခံသောကြောင့် ဖြစ်သည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

إِنَّ الَّذِينَ قَالُوا رَبُّنَا اللَّهُ ثُمَّ اسْتَقَامُوا فَلَا خَوْفٌ عَلَيْهِمْ وَلَا هُمْ يَحْزَنُونَ ﴿١٣﴾

၄၆ : ၁၃ ။ ။ ဧကန်စင်စစ် အကြင်သူတို့သည် 'ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် အလ္လာဟ်အသျှင်မြတ်ပင် ဖြစ်တော်မူသည်'ဟု ပြောဆိုကြပြီးနောက် (ယင်းယုံကြည်ချက်အပေါ်ဝယ်) တည်ကြည်ကြံ့ခိုင်စွာ ရှိခဲ့ကြသော သူတို့၌ မည်သည့်စိုးရိမ်မှုမျှလည်း ရှိလိမ့်မည်မဟုတ်ပေ။ ထို့ပြင် ၄င်းသူတို့သည် ပူပင်သောက ဖြစ်ကြရမည်လည်း မဟုတ်ပေ။

أُولَٰئِكَ أَصْحَابُ الْجَنَّةِ خَالِدِينَ فِيهَا جَزَاءً بِمَا كَانُوا يَعْمَلُونَ ﴿١٤﴾

၄၆ : ၁၄ ။ ။ ထိုသူတို့သည် 'ဂျန္နသ်'သုခဘုံသားများပင် ဖြစ်ကြကုန်၏။ ယင်း 'ဂျန္နသ်'သုခဘုံ၌ အမြဲထာဝစဉ် နေထိုင်ကြရပေမည်။ (ဤသည်) ၄င်းတို့ ကျင့်မူခဲ့ကြကုန်သော အကျင့်အမူတို့၏ အစားပေးခြင်းပင် ဖြစ်ပေသည်။

وَوَصَّيْنَا الْإِنسَانَ بِوَالِدَيْهِ إِحْسَانًا ۖ حَمَلَتْهُ أُمُّهُ

كُرْهًا وَوَضَعَتْهُ كُرْهًا ۖ وَحَمْلُهُ وَفِصَالُهُ ثَلَاثُونَ شَهْرًا ۚ حَتَّىٰ إِذَا بَلَغَ

أَشُدَّهُ وَبَلَغَ أَرْبَعِينَ سَنَةً قَالَ رَبِّ أَوْزِعْنِي أَنْ أَشْكُرَ نِعْمَتَكَ

الَّتِي أَنْعَمْتَ عَلَيَّ وَعَلَىٰ وَالِدَيَّ وَأَنْ أَعْمَلَ صَالِحًا تَرْضَاهُ

وَأَصْلِحْ لِي فِي ذُرِّيَّتِي ۖ إِنِّي تُبْتُ إِلَيْكَ وَإِنِّي مِنَ الْمُسْلِمِينَ ﴿١٥﴾

၄၆ : ၁၅ ။ ။ စင်စစ် ငါအသျှင်မြတ်သည် လူသားအား ၄င်း၏ မိဘနှစ်ပါးနှင့် ပတ်သက်၍ ကောင်းမွန်စွာ ပြုစုရန် လေးနက်စွာ အမိန့်ပေးတော်မူခဲ့၏။ ၄င်း၏ မိခင်သည် ၄င်းအား ဆင်းရဲဒုက္ခ ပင်ပန်းကြီးစွာနှင့် (မိမိ၏ ဝမ်းတွင်းဝယ်) သယ်ပိုး လွယ်ပိုက်ခဲ့၏။ ထို့ပြင် ဆင်းရဲဒုက္ခ ပင်ပန်းကြီးစွာနှင့်ပင် ၄င်းအား မွေးဖွားခဲ့ရ၏။ ထို့ပြင် ၄င်းအား (ဝမ်းဗိုက်တွင်) သယ်ပိုးလွယ်ပိုးထားခြင်းနှင့် နို့ဖြတ်ခြင်း (၏ အချိန်ကာလသည်) လပေါင်းသုံးဆယ် ဖြစ်၏။ နောက်ဆုံးတွင် ၄င်းလူသားသည်

မိမိအရွယ်ရောက် လူလားမြောက်ခြင်းသို့ ရောက်ရှိ၍၊ အနှစ်လေးဆယ် (အရွယ်) သို့ ရောက်လေသောအခါ (ဤသို့) ပန်ကြားလျှောက်ထားလေ၏။ 'အို, ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၊ အသျှင်မြတ်သည် ကျွန်တော်မျိုးအပေါ်၌လည်းကောင်း၊ ကျွန်တော်မျိုး၏ မိဘနှစ်ပါး၏ အပေါ်၌လည်းကောင်း မိမိပြုတော်မူခဲ့သော ကျေးဇူးတော်နှင့် စပ်လျဉ်း၍ ကျွန်တော်မျိုးအား အမြဲတစေ ကျေးဇူးသိတတ်စေတော်မူပါ။ ၎င်းပြင် မိမိနှစ်သက်တော်မူသော ကောင်းမှုများကို ကျွန်တော်မျိုးအား အမြဲကျင့်မှုနိုင်စွမ်း ပေးသနားတော်မူပါ။ ထို့ပြင် အသျှင်မြတ်သည် ကျွန်တော်မျိုးအဖို့ ကျွန်တော်မျိုး၏ သား၊ မြေးတို့၌လည်း အကျိုးဖြစ်စေတော်မူပါ။ (အရည်အချင်း ဖန်တီး၍ ပေးတော်မူပါ။) စင်စစ်အမှန် ကျွန်တော်မျိုးသည် အသျှင်မြတ်ထံတော်၌ ဝန်ချတောင်းပန်ပါ၏။ ၎င်းပြင် စင်စစ်မလွဲ ကျွန်တော်မျိုးသည် 'မွတ်စ္စလင်မ်' (အလ္လာဟ်အသျှင်မြတ်၏) အမိန့်တော်ကို နာခံသူတို့တွင် တစ်ဦးအပါအဝင် ဖြစ်ပါ၏။'

أُولَٰئِكَ الَّذِينَ نَتَقَبَّلُ عَنْهُمْ أَحْسَنَ مَا عَمِلُوا وَنَتَجَاوَزُ عَن سَيِّئَاتِهِمْ
فِي أَصْحَابِ الْجَنَّةِ ۖ وَعْدَ الصِّدْقِ الَّذِي كَانُوا يُوعَدُونَ ﴿١٦﴾

၄၆ : ၁၆ ။ ။ ဤသူတို့သည်ပင်လျှင် အကြင်သူများ ဖြစ်ကြကုန်၏။ ငါအသျှင်မြတ်သည် ၎င်းတို့ထံမှ ၎င်းတို့၏ ကောင်းမြတ်လှသော ကျင့်မှုချက်များကို သဘောတူလက်ခံတော်မူပေမည်။ ထို့ပြင် ငါအသျှင်မြတ်သည် ၎င်းတို့၏ ပြစ်မှုများကို (အရေးမယူ) လျစ်လျူရှုတော်မူပေမည်။ ဤသူတို့သည် မှန်ကန်သော ကတိပေးခြင်းကို ခံခဲ့ကြသည်နှင့်အညီ 'ဂျန္နသ်' သုခဘုံသားတို့တွင် အပါအဝင် ဖြစ်ကြပေမည်။

وَالَّذِي قَالَ لِوَالِدَيْهِ أُفٍّ لَّكُمَا أَتَعِدَانِنِي أَنْ أُخْرَجَ وَقَدْ خَلَتِ الْقُرُونُ
مِن قَبْلِي وَهُمَا يَسْتَغِيثَانِ اللَّهَ وَيْلَكَ آمِنْ إِنَّ وَعْدَ اللَّهِ حَقٌّ
فَيَقُولُ مَا هَٰذَا إِلَّا أَسَاطِيرُ الْأَوَّلِينَ ﴿١٧﴾

၄၆ : ၁၇ ။ ။ ထို့ပြင် အကြင်သူသည် မိမိ၏ မိဘနှစ်ပါးအား (ဤသို့) ပြောဆိုခဲ့၏။ 'အသင်တို့နှစ်ဦးအဖို့ ရှက်ဖွယ်ပင်ကောင်းလှ၏။ အသင်တို့နှစ်ဦးသည် ကျွန်ုပ် (ကွယ်လွန်သေဆုံးပြီးနောက်) ရှင်ပြန်ထ၍ သင်္ချိုင်းထဲမှ) ပြန်ထွက်စေခြင်းကို ခံရမည်ဟု ခြိမ်းခြောက်ကြလေသလော။ အမှန်စင်စစ် ကျွန်ုပ်၏ အလျင် (မြောက်မြားစွာသော) လူမျိုးဆက်တို့သည် လွန်လေပြီးဖြစ်ခဲ့ကြ၏။' [သို့တစေလည်း၎င်းတို့အနက်မှ မည်သူမျှပင် ရှင်ပြန်ထခဲ့သည်ဟူ၍ မရှိဟု ပြောဆို၏။] သို့ပါလျက် ထိုမိဘနှစ်ပါးတို့သည် အလ္လာဟ်အသျှင်မြတ်၏ ထံတော်၌ ဟစ်အော်ငိုကြွေး၊ အကူအညီတောင်းခံလျက် ရှိကြကုန်၏။ (တစ်ဖန်ထိုသို့သော သားသမီးအား ဤသို့ ပြောဆိုလေ၏။) 'အသင်သည် ပျက်စီးရလေခြင်း။ အသင်သည် အီမာန်သက်ဝင် ယုံကြည်ပါလေ။ စင်စစ်စစ် အလ္လာဟ်အသျှင်မြတ်၏ ချိန်းချက်မှုသည် မှန်ကန်သော ချိန်းချက်မှု (ကတိတော်) ပင် ဖြစ်ပေသည်' ထိုအခါ ၎င်း (သား၊ သမီး) က 'ဤသည် ရှေးသူဟောင်းတို့၏ ယုံတမ်းစကားများသာလျှင် ဖြစ်သည်'ဟု ဆိုပြန်လေ၏။

أُولَٰئِكَ الَّذِينَ حَقَّ عَلَيْهِمُ الْقَوْلُ فِي أُمَمٍ قَدْ خَلَتْ مِن قَبْلِهِم مِّنَ الْجِنِّ وَالْإِنسِ ۖ إِنَّهُمْ كَانُوا خَاسِرِينَ ﴿١٨﴾

၄၆ : ၁၈ ။ ။ ထိုသူတို့သည် အကြင်သူတို့ပင် (ဖြစ်၏။) 'ဂျင်န်' သတ္တဝါတို့အနက်မှလည်းကောင်း၊ လူသားတို့အနက်မှလည်းကောင်း လွန်လေပြီးဖြစ်သော ('ဂျင်န်'၊ လူသား) အမျိုးသားတို့နှင့်အတူ ၎င်းတို့နှင့် ပတ်သက်သော အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်သည် အမှန် ဖြစ်ခဲ့လေပြီ။ ကေန်မလွဲ ၎င်းတို့သည် ဆုံးရှုံးသူများပင် ဖြစ်ကြကုန်၏။

وَلِكُلٍّ دَرَجَاتٌ مِّمَّا عَمِلُوا ۖ وَلِيُوَفِّيَهُمْ أَعْمَالَهُمْ وَهُمْ لَا يُظْلَمُونَ ﴿١٩﴾

၄၆ : ၁၉ ။ ။ စင်စစ် (မုအ်မင်န်နှင့် ကာဖိရ်အုပ်စုနှစ်စုအနက် အုပ်စု) အသီးသီးတို့၌ ၎င်းတို့၌ ကျင့်မူဆောင်ရွက်ခဲ့ကြကုန်သော အကျင့်အမူများအလိုက် (သီးခြား) အဆင့်အတန်းများ ရှိကြလေ၏။ စင်စစ် (အလ္လာဟ်အသျှင်မြတ်သည် ဤသို့ အကျိုးပေးတော်မူခြင်းမှာ) ထိုအသျှင်မြတ်သည် ၎င်းတို့အား ၎င်းတို့၏ ကျင့်မူဆောင်ရွက်ချက်များ၏ အကျိုး (အစား) ကို အပြည့်အစုံ ပေးတော်မူရန်အလို့ငှာ ဖြစ်ပေသည်။ သို့ရာတွင် ၎င်းတို့သည် (မည်သို့မျှ) မတရားပြုခြင်းကို ခံကြရမည် မဟုတ်ပေ။

وَيَوْمَ يُعْرَضُ الَّذِينَ كَفَرُوا عَلَى النَّارِ
أَذْهَبْتُمْ طَيِّبَاتِكُمْ فِي حَيَاتِكُمُ الدُّنْيَا وَاسْتَمْتَعْتُم بِهَا فَالْيَوْمَ
تُجْزَوْنَ عَذَابَ الْهُونِ بِمَا كُنتُمْ تَسْتَكْبِرُونَ فِي
الْأَرْضِ بِغَيْرِ الْحَقِّ وَبِمَا كُنتُمْ تَفْسُقُونَ ﴿٢٠﴾

၄၆ : ၂၀ ။ ။ ထိုပြင် 'ကာဖိရ်' သွေဖည်ငြင်းပယ်ကြသော သူတို့သည် ငရဲမီး၏ ရှေ့သို့ ယူလာခြင်းကို ခံကြရသော အခါ (ဤသို့ မိန့်ကြားတော်မူခြင်းကို ခံကြရပေမည်။) 'အသင်တို့သည် မိမိတို့၏ လောကီဘဝ၌ပင် မိမိတို့၏ ကောင်းမြတ်သော အရာများ (တစ်နည်း) စည်းစိမ်ချမ်းသာများကို ဖြုန်းတီးပစ်ခဲ့ကြပြီ။ ယင်းစည်းစိမ်ချမ်းသာများဖြင့် အကျိုးလည်း ခံစားခဲ့ကြပြီ။ သို့ဖြစ်ပေရာ ယနေ့ အသင်တို့သည် ကမ္ဘာမြေဝယ် မိမိတို့ မတရားသဖြင့် ဘဝင်မြင့် မောက်မာ၍ ရှိခဲ့ကြသော ကြောင့်လည်းကောင်း၊ အမိန့်တော်ကို သွေဖည်လျက် ရှိခဲ့ကြသောကြောင့်လည်းကောင်း ကျိုးယုတ်ရှက်ရ ဖြစ်စေမည့် ပြစ်ဒဏ်ကို အစားပေးခြင်း ခံကြရပေမည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ကေန်မလွဲ (မုန်ကန်ယုံကြည်သော စိတ်ဖြင့်) ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် အလ္လာဟ်အသျှင်မြတ်ပင် ဖြစ်တော်မူသည်ဟု ပြောဆို၍ (ဆိုလိုသည်မှာ 'သောင်ဟီးဒ်' ကိုးကွယ်ခံထိုက်တော်မူသော အသျှင်မြတ်တစ်ပါးတည်း တည်ရှိခြင်းတရားကို ရစူလ်တမန်တော်မြတ်၏

သင်ကြားပြသ လမ်းညွှန်မှုနှင့်အညီ လက်ခံယုံကြည်ကာ ထိုယုံကြည်ချက်အပေါ်၌) ကြံ့ခိုင်စွာ ရပ်တည်ခဲ့ကြသော သူတို့၌ (ဆိုလိုသည်မှာ ၄င်းယုံကြည်ချက်ကို မစွန့်လွှတ်သူများဖြစ်သည်။ ဤသို့ မစွန့်လွှတ်ခြင်း၏ ရလဒ်၌) ထိုသူတို့အပေါ်တွင် (တမလွန်၌) မည်သည့်စိုးရိမ်မှု (ကျရောက်ရန်) မျှ ရှိလိမ့်မည်မဟုတ်ပေ။ ထို့ပြင် ၄င်းတို့သည် (ထိုတမလွန်တွင်) ပူပင်သောက ဖြစ်ကြရမည်လည်း မဟုတ်ပေ။

(ဤသည်မှာ ၄င်းတို့ ဒုက္ခအခက်အခဲ နစ်နာဆုံးရှုံးမှုများမှ ကင်းလွတ်ချမ်းသာ ရရှိမည့် အကြောင်းကို တင်ပြခြင်း ဖြစ်သည်။ ရှေ့တွင် ၄င်းတို့ ရရှိကြမည့် အကျိုးအမြတ်များအကြောင်း တင်ပြထားသည်မှာ) ထိုသူတို့မှာ 'ဂျန္နသ်' သုခဘုံသားများပင် ဖြစ်ကြသည်။ ၄င်းတို့သည် ယင်း 'ဂျန္နသ်' သုခဘုံ၌ အမြဲထာဝရ နေကြရပေမည်။ (ဤသည်) ၄င်းတို့ ကျင့်မူခဲ့သော (ကောင်းမှု) လုပ်ရပ်များ၏ အစားပင် ဖြစ်ပေသည်။

(ယင်းတို့အနက် အီမာန်သက်ဝင် ယုံကြည်ခြင်းနှင့် ၄င်းအပေါ် ကြံ့ခိုင်စွာ ရပ်တည်ခြင်းတို့အကြောင်း အထက်တွင် တင်ပြခဲ့ပြီးဖြစ်သည်။) ထို့ပြင် (ငါအသျှင်မြတ်သည် ငါအလ္လာဟ်အသျှင်မြတ်နှင့် စပ်လျဉ်းသော ဝတ္တရားများကို လိုက်နာကျင့်ဆောင်ရန် 'ဝါဂျိဗ်'အရေးကြီးတာဝန်အဖြစ် သတ်မှတ်ခဲ့သကဲ့သို့ (၄င်းနှင့် စပ်လျဉ်း၍ အထက်၌ တင်ပြခဲ့ပြီးဖြစ်သည်။) အဖန်ဆင်းခံ လူသားများနှင့် စပ်လျဉ်းသော ဝတ္တရားများကိုလည်း 'ဝါဂျိဗ်'အဖြစ် သတ်မှတ်တော်မူခဲ့သည်။ သို့ရှိရာ ၄င်းတို့အနက် အကြီးမားဆုံးသော တာဝန်ဝတ္တရားတစ်ခုမှာ မိဘနှစ်ပါးနှင့် စပ်လျဉ်းသော တာဝန်ဝတ္တရားများပင်ဖြစ်သည်။ ထို့ကြောင့်) ငါအသျှင်မြတ်သည် လူသားအား မိမိ၏ မိဘနှစ်ပါးနှင့် ပတ်သက်၍ ကောင်းစွာ ပြုစုဆက်ဆံရန် အမိန့်ပေးတော်မူခဲ့သည်။ (ထို့ပြင် အထူးသဖြင့် မိခင်၏ ဝတ္တရားနှင့် စပ်လျဉ်း၍ ပိုမို အလေးအနက်ထားရန် အမိန့်ပေးခဲ့သည်။ အကြောင်းမှာ) ၄င်း၏ မိခင်သည် ၄င်းအား ဆင်းရဲဒုက္ခ ပင်ပန်းကြီးစွာဖြင့် မိမိဝမ်း၌ သယ်ပိုးလွယ်ပိုက်ခဲ့ရသည်။ ထို့ပြင် (တစ်ဖန်) ဆင်းရဲဒုက္ခ ပင်ပန်းကြီးစွာနှင့်ပင် ၄င်းအား မွေးဖွားခဲ့သည်။ ထို့ပြင် ၄င်းအား (ဝမ်းဗိုက်တွင်) သယ်ပိုးလွယ်ပိုက်ထားခြင်းနှင့် ၄င်းအား နို့ဖြတ်ခြင်း (၏ အချိန်ကာလ) သည် (များသောအားဖြင့်) လပေါင်းသုံးဆယ် (တွင် ပြည့်ဝမှု) ဖြစ်သည်။ (ဤမျှကာလအတွင်း အမျိုးမျိုးသော ဒုက္ခများကို ခံယူခဲ့ရသည်။ ဤဒုက္ခခံစားရခြင်းများတွင် အနည်းနှင့်အများဆိုသလို ဖခင်လည်း ပါဝင်ပေးရသည်။ ထိုမျှမက အများစု အလုပ်များကို စီမံဆောင်ရွက်ရာတွင် ဖခင်ကသာ ပြုလုပ်ပေးရသည်။ ဤသို့ဖြင့် အေးအေးလူလူ အနားယူရာတွင် အနှောင့်အယှက် ဖြစ်ပေါ်ခြင်းတို့သည် ၄င်းတို့နှစ်ဦးစလုံး၌ တူညီမှုရှိသည့်အတွက် မိဘနှစ်ပါး၏ တာဝန်ဝတ္တရားများသည် လူသားအပေါ် ပို၍ လေးလေးနက်နက် 'ဝါဂျိဗ်'အရေးကြီးတာဝန်အဖြစ် သတ်မှတ်ခံရခြင်း ဖြစ်သည်။ အချုပ်မှာ လူသားသည် လူလားမြောက်ခဲ့လေသည်။)

နောက်ဆုံးတွင် (တဖြည်းဖြည်းနှင့် ဖွံ့ဖြိုးကြီးထွားကာ) မိမိ၏ အရွယ်ရောက် လူလားမြောက်ခြင်း (အဆင့်သို့) ရောက်ရှိခဲ့သည်။ ထို့ပြင် (တစ်ဖန် အရွယ်ရောက်သည့်ကာလကို ကျော်လွန်ပြီးသောအခါ) အသက်လေးဆယ် အရွယ်သို့ ရောက်ရှိခဲ့သည်။ သို့ဖြစ်ပေရာ (နဖူးစာကောင်းသူ သူမွန်သူမြတ်သည်) ပန်ကြားလျှောက်ထားသည်မှာ 'အို, ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်၊ အသျှင်မြတ်

န့်ၵ်ၼေး ။းလေလငျဂဇ္ဇ၅ႈ :ၯ၅ျႈဂ၁ (:ၯယငျ) ၸွတယ ၶ်ဂ္ဂၢဵၵဗဲး:ၯ၅ျ၀၁ၸယႋ၀ၼ့ၵ႑ ၵ်း:ၯ၅ျြၼ္ငျ ႇမွၵယ ႇ (ၸယ်လ
ထၯမ်ၵ္ဂၢဵလၼ့ၵ႑ ၼ့ၵ္ဇ၀ယ ၸယၸၨ႒းဂ႑ုး၀ုံငျလ၁ၼ့လ်ၵၢ႐ႈ ၯ၀်ၼ႒၁ ႇၵ္ငဂၵၢယ၁ ႇ) :ၼေးၵွၼ့ၽၤ ၵ္ဂၢဵလး၀ွၼ့ၸ်ွ၀
ၯငျၼေး ။ၵ္ဂၢဵလဂ၁ၽ်လ်း:ၯယ၁ ၯဂၵၢၵ်ၶၸယ်မ် ၵ်ွၼေး၀ွၼ့ၸ်ွ၀ၯငျၼေး (:ၼေးၸ်ွ၀ၵ္ဇ ၶ်ငျမွၸယ်လျၯ၁ၸွ၀္ဇ ၵ်ွငျၸယင
ၸယ၁ၸၨငျငျလ္ဇလ၀်ၼေး :ၵ္ဂၢဵလ:ၼေး:ၯ၁ :ဂ႑ုဇ္ဇ၅ျႈၵ္ဂၢဵလ္ဇၯလ၀်ၸ၀ၶ ၯ၅ျငး:ထ်ၼေး :ဂ႑ုမွၶ်ၸယၼ္:လ၁ :၀ုံ
:ၵေ:ၸ်ယ်ၼေး ၯ၀်း:ၸ်း:ယ၀ၢ၀ၼ္၀ငျ ၸၨ:ယ၀ၢ၀ၼ္၀ငျ ၯၼ့ၸ်ွ၀း:ၯ၁) ၸၨၵ္ဂၢဵလ၀့်ၸ်ွ၀ၵ႑၁ :ၼေး:ၯဂ္ဇၼ့ၵ္ဇ ၯၼ
၀္ဇ၀္ဇ (ၵ္ဂၢဵလၶ်ၵ်ွ၀ ။ၵ္ဂၢဵလဗ်မွၵ္ဇ ၯ၅ျၸ်ွ၀ၼ့၁ၼေး၅၁ၼေး ၯၼ့ၸ်ွ၀း:ၯ၁ ၸ်ွ၀ၸယ်ၵၼေၵ်ွ၀ ၯၶလ်ဂ္ဂၢယလ်ွး၀ွၸယ်မ ၸ်ွး:ၸ်း
:ယ၀ၢ၀ၼ္၀ငျ ၯၼ့ၸ်ွ၀ဗဲး:ၯငျၼ့ၵၼေး ၯ၁ၼ္:ၸ်းယ၀ၢ၀ၼ္၀ငျ ၯၼ့ယၸ၀၅ျၯၶ်ၼေးၵ္ဇလ်ၼေး) ၸ်ွၼေၵ္ဂၢဵၵၯယ်ၼေး
ၯ႑ၸ်ွ၀ (။ၵ္ဂၢဵလ:ထဂ၅ျၯယ :ၯယ်၁ၼေး ၯၼ့ၸ်ွ၀ၶ်ၸယ၀ၶ်း၀ုံငျ၀ွး:ႀၼ့ ၯ၁ၼ္:ၸ်းၶ်း:ငျယၵ္ဇ၁း:ယ၁ၵ ၯ၀်ၼ႒၁
။ၵ္ဂၢဵလဇ္ဇ၅ႈ :ၯယ်၁ၼေး ၯၼ့ၸ်ွ၀ၶ်း:ၯယ၁၁ငျ:ႀၼ့ ၯ၁ၼ္:ၸ်းၶ်ငျလ၁ၸယ၀၅ျႈ:ၯယ၁ ၸၨၯၸ်ွ၀ၵ္ဇၼေး၅ျ)
။ၵ္ဂၢဵလဂ၁ဇ္ဇ၅ႈ ၯဂၯယ်၁ၵ္ဂၢယ၁ၸွတယ ၵ္ဂၢဵလၼ့ယၼ့ၸ ၵ္ငလ၁ၶဗဲး:ၯ၅ျႈဂ၁ၸွတယ (ၯ၀်ယလ၁) :ၼေးၸ်ွ၀း:ၯ၁ (ၵ္ဂၢဵလ
:၀ုံ:ၼေး၀းၼေး၅ျ ၯ႑ၸ်ွ၀) ။ၵ္ဂၢဵလဂ၁ဇ္ဇ၅ႈၯ၀ၼေးျဂၼေး ၯ၀်ၸ်ွ၀း:ငျ၀ုံၵ ႇၵ္ငၼ်ၵ ႇ ၵ္ဂၢဵလၸ်ွ၀း:ၯ၁ ။ၵ္ဂၢဵလဂ၁ၶ်ၵ္ဂၢယ၁
မ်ၶလ်ၯ၀လ ၶ်ၵႈဗ၁ၼေး ၸ်ွ၀း:ၸ်းၶ်ဇ္ဇ၅ႈ ၯၼ့ၸ်ွ၀း:ၯ၁ ၵ္ဂၢဵလငျၸယ၀၅ျၯၶ်ၼေး၂ ၯ႑ၸ်ွ၀ ။ၵ္ဂၢဵလဂ၁ဇ္ဇ၅ႈ ၯဂ:ၸ်းၶ် ၵ္ဂၢဵလၵ
လ၁လ္ဇၸယလ ၸ်ွ၀း:ၸ်းၸယၼ္ၶ်ၯၶ် လ၁ၽ်လ်ၸယ၀၅ျႈ:ၯယ၁ ၯၼ့ၸ်ွ၀း:ၯ၁ ယၸယ၀၅ျၯၶ်ၼေး၂ ၵ္ဂၢဵလၸ်ွ၀ၶ်ၵ်ွ၀
(ၵ္ဂၢဵလလ၁း:ထယ်ၼ္ဇ္ဇ၅ျၯယ ၸ်ွ၀ၵ္ငလဗဲး:ၸ်ၼေး ၯၼ့:ၸ်းၸယၼ္ၯငျ၁ၯၶ်ၵ်ွ၀ ၯ၀်ၼ႒၁ ။ဂ၁ၸွ၀ၶ်ဂ :ယ:ၯ၅ျ
ၸ်ယ်၁:ယ်၁ ။ၵ္ဂၢဵလဇ္ဇ၅ႈ လး:ၯ၅ျၼ့၀ၵ္ဂၢယမ ၸ်ွ၀း:ၯ၅ျၸ်ွ၀ၵ္ဂၢဵလဇ္ဇ၅ျၼ့ၽၤ ၵ္ဂၢဵလ္ဇ္ဇ ၸၨၵ္ဂၢဵလၵ်ွ၀ၸ်ွ၀) ။ၵ္ဂၢဵလျဂဇ္ဇ၅ႈ
ၵ်ၸယၼေး:ၸ်းၵ္ဇၯလ၀်ၸ၀ၶ ၶ်ၼ့ၸၨၼ့ၵ္ဇၼေး (ၯၼ့ယၸ၀၅ျၯၶ်ၼေး) ၵ္ဂၢဵလး၅ျၵ္ငယ၁ၼ့ၽၤ ၯ႑ၸ်ွ၀ ။ၵ္ဂၢဵလျဂၼ့ဂး:ၯယ၁
ၽၼ့ဝ ၅ျ ႇၵ္ငၵၵ္ဇၯငျ၁ ႇ (:ၵ္ဂၢဵလမွး၀ွ်လ္ဂ၀ ၯ၁ၼ္:ၸ်းၶ်ဇ္ဇ၅ႈ) ၵ္ငယ၁၀ုံယ၀၅ျၯၶ်ၼေး ၵ္ဂၢဵလး၅ျၵ္ငယ၁ၼ့ၽၤ
ၼ့ၵ်ၼေးၼ့ယ၀ (ၯ႑ၸ်ွ၀ ။ၵ္ဂၢဵလဇ္ဇ၅ျး:ၯ၅ျမွ :ၸ်းၵ္ငလ၀ွငျ ႇ၀ွ:ျဂဝ ႇ ၸၨ:၅ျၸယၼေး :ၽ၁ယ၀ၢ၀ၼ္ၶ်လ၁ ။ၵ္ဂၢဵလ၀၁
ျဂ၁ဇ္ဇ၅ႈ :ၸ်းၶ်ငျလး၀ွ်လ္ဇ၀ ၯဂၸယ်လ်မ်ၵ္ဂၢဵယ၅ျ ၸယ်လ်မ်ၵ္ဂၢဵယ၅ျ :ၼေးၸ်ွ၀း:ၯ၁ ၸၨး၅ျၸယၼေး:ၽ၁ၸ္ငလ၁) ။ျဂၶ်
ၵ္ငယ၁၀၁ျဂ၁ဇ္ဇ၅ႈ :ၸ်း:ၯ၅ျၼေးၵ္ဂၢဵၽၼေး ၸယ၀်ၼေး (:၅ျၸယၼေး) ၯၼ း၅ျၵ္ငယ၁ၼ့ၽၤ :ၵ္ဂၢဵလၯ၀်း:ၸ်း၀ွလး:လငျ ၯၼ:၅ျ
ၵ္ငယ၁ၼ့ၽၤ ၯ႑ၸ်ွ၀ ။ျဂၶ်ၵ္ငယ၁:ၸၨလး:ဂ၁ :ၼေး:၅ျၵ္ငယ၁ၼ့ၽၤ ၸ်ွ၀း:၀ၶၯၼ့ၶ်ၯၶ် :ၸ်းၶ််း:ၯယ၁ လ၁၁ၶ်ၵ္ငယ၁
ၸယလ္ဇၼ့ ၸွ၅ျၯၶ်ၼေး (ၸၨၵ္ဂၢဵလဗဲး:ၯယ၁ ယး:လငျလ်ၵ်ွ၀) ၯ႑ၸ်ွ၀ (။ၵ္ဂၢဵလလ၁ဗဇ္ဇ၅ျး:ၯယ်၁ၼေး ၸယ၀်ၼေး:ၸ်း
ၶ်ယ်ၯၽ် ႇၵ္ငၵၼေး ႇ ၯ၁ၼ္လဝၵ္ငၼေး ၯၼး:ၯ၁ ၵ္ဂၢဵလၸ်ွ၀ၶ်း:ဂ၁လဝ ၯ၁ၼ္ၶ်ၯငျၼ့ၶ်ၯ႑ဂ် ၯၼ:ၸ်းလ္ဇ၀ွ၀ ၸၨး:ၯ၅ျဗဇ္ဇ၅ႈ
ၵ္ငယ၁း:ၼ်း:ၽ၁ ၆ၼေး:ၽ၁ၸၨငျငျ ၼ့ၵ္ဇ၀ယ ။ၵ္ဂၢဵလဇ္ဇ၅ႈ :ၯ၅ျလမွၵ္ဂၢဵယျဂ၁ဇ္ဇ၅ႈ :ၵ္ဂၢဵလ:ၸ်း၀ွလး:လငျ ၯဂ
ၯ၁ၯယ်၁း:ၯ၅ျၼ့၁မွၵ္ဂၢဵယ :ၸ်းငျ၀ွ၀ ။ၵ္ဂၢဵလဇ္ဇ၅ႈ ၯဂၵ္ငယ၁း:ၼ်း:ၽ၁ :ၽ၁ၸွယလ၁ ၵ္ဂၢဵလး:ၯ၅ျၼ့၁မွၵ္ဂၢဵယ ၸ်ွး:ၯ၁
ယ၀ၢဂ၁ဇ္ဇ၅ျၵ္ဂၢဵ ။ၵ္ဂၢဵလဂ၁ၸယယ၀ၢ၁ၸယင :ၵ္ဂၢဵလၵ္ဂျဂ၁ၼေး:ၸ်း :၀ွလး:လငျ ၵ္ဂၢဵလၵ္ငယ၁း:ၼ်း:ၽ၁ ၵ္ဂၢဵလမွ :ျဂ္ဇၼ့ၵ္ဇ
ၯ႑ၸ်ွ၀ ။ၵ္ဂၢဵလျဂဇ္ဇ၅ႈ ၯဂ:ယ်ၼေးၯငျၼေး ၶ်ၸၨၵ္ငယ၁း:ၼ်း:ၽ၁ ၯၼ့ၸွယလ၁ ယျဂၸွ၀ၶ်ဂၵ်ွ၀ ။ၵ္ဂၢဵလဂ၁ၯ၀ျဂ
:ၵ္ဂၢဵလၵ္ငယ၁း:ၼ်း:ၽ၁ ၵ္ဂၢဵလ၀့်မွ ၸ်ွ၀ၵ္ငယ၁ၸၨငျငျ ယျဂဇ္ဇ၅ျၯလ၀်ၸ၀ၶ ၵ္ဂၢဵလး:ျဂ္ဇၼ့ၵ္ဇ ၅ျၵ္ငယၼေး)
။ျဂၶ်ၵ္ငယ၁၀၁ၸွ၀ငျး:ၼ်း:ၽ၁ ၀၁ယ၅ျၼေး :ၼေး:၅ျၵ္ငယ၁ၼ့ၽၤ မ္ၵ္ဂၢဵလ္ဂ၀ ၯ၁ၼ္:ၸ်းၵ္ငယ၁း:ၼ်း:ၽ၁ ၵ္ဂၢဵလ၀့်
ၶ်ၵ္ငယ၁ၯ၅ျး:ၼ :ၯယ၁း:ၵ္ဂၢဵလၵ္ဂျဂ၁ၼေး:ၸ်းလ္ဇ ၯၼ:၅ျၵ္ငယ၁ၼ့ၽၤ ။:ၯယ၁း:ၵ္ဂၢဵလၵ္ဂျဂ၁ၼေး:၅ျၵ္ငယ၁ၼ့ၽၤ ယ

စင်စစ် ကျွန်ုပ်၏အလျင် များစွာသော လူမျိုးဆက်တို့သည် လွန်လေပြီးဖြစ်လေသည်။ (၎င်းတို့အား ခေတ်အဆက်ဆက်တွင် ၎င်းတို့၏ နဗီတမန်တော်များက ဤကဲ့သို့သော သတင်းစကားများကို ပြောကြားခဲ့ကြပြီးဖြစ်သည်။ သို့တိုင်အောင်လည်း ယနေ့ထိတိုင် မည်သည့်အရာမျှ ဖြစ်ပေါ်လာခြင်း မရှိပါချေ။ ထို့ကြောင့် ဤအရာအားလုံးတို့သည် စကားများမှ စကားများသာ ဖြစ်ကြောင်း သိရှိရပေသည်။)

သို့ဖြစ်ပေရာ ထိုမိဘနှစ်ပါးတို့မှာ (၎င်း၏ ဤမျှ ကြီးမားလှသော ကျေးဇူးကန်း ပုန်ကန်ခြားနားမှုကြောင့် စိုးရိမ်လျက်) အလ္လာဟ်အသျှင်မြတ်ထံတော်၌ အကူအညီ တောင်းခံလျက် ရှိကြသည်။ (ထို့ပြင် အလွန်နာကျင်စွာဖြင့် ၎င်းအား ပြောဆိုကြသည်မှာ) 'အသင်သည် ပျက်စီးရလေခြင်း၊ အီမာန်သက်ဝင်ယုံကြည်ပါလေ။ (ထို့ပြင် 'ကေယာမသ်'ကိုလည်း အမှန်ပင် ဖြစ်ကြောင်း မှတ်ယူပါလေ။)' အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်၏ ကတိတော်သည် မှန်ကန်ပေသည်။ ထိုအခါ ၎င်းက '(ထိုစကားအပေါ်၌လည်း) အထောက်အထားကင်းမဲ့သော ရှေးသူဟောင်းတို့မှ ဆင့်ပြန်လာသည့် (ယုံတမ်း) စကားများသာ ဖြစ်သည်' ဟု ပြောဆိုပြန်လေသည်။

(အလိုသဘောမှာ ဤသူသည် 'ကုဖ်ရ်' သွေဖည်ငြင်းပယ်မှုနှင့် မိဘနှစ်ပါးအား ကြမ်းတမ်းစွာ ဆက်ဆံခြင်း နှစ်မျိုးစလုံးကို ကျူးလွန်သူဖြစ်သည်။ ကြမ်းတမ်းစွာ ဆက်ဆံခြင်းဟုဆိုရာတွင်လည်း မိဘနှစ်ပါးနှင့် ဆန့်ကျင်လျက် ထိုမိဘနှစ်ပါးအပေါ် ရိုင်းပျစွာ ဆက်ဆံသောအဆင့် ဖြစ်သည်။ ရှေ့တွင် ဤသို့သော ပြုမူခြင်းများ၏ အကျိုးဆက်ကို တင်ပြမိန့်ကြားတော်မူသည်မှာ) ဤသူများသည်ကား ၎င်းတို့နှင့် စပ်လျဉ်း၍လည်း ၎င်းတို့၏အလျင် လွန်လေပြီးသော 'ဂျင်န်' အမျိုးသားများနှင့် လူသား (ကာဖိရ်) များအပေါ် ဖြစ်ပေါ်တည်ရှိခဲ့သကဲ့သို့ အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော် ('အဇာဗ်'အပြစ်ဒဏ် ခံရမည်ဟူသော ကတိတော်) သည် မှန်ကန်စွာ ဖြစ်ပေါ်ခဲ့လေပြီ။ ကေန်အမှန် ၎င်းတို့ (အားလုံး) သည် ပျက်စီးဆုံးရှုံးသူများပင် ဖြစ်ကြပေသည်။

(ရှေ့တွင် ဖော်ပြပါအကြောင်းအရာများကို အကျဉ်းချုံးသည့်အနေဖြင့် တင်ပြမိန့်ကြားတော်မူသည်မှာ ဖော်ပြပါအုပ်စုနှစ်စုလုံးအနက်) အုပ်စုတိုင်းအတွက် ၎င်းတို့၏ (အမျိုးမျိုးသော) ပြုမူကျင့်ဆောင်ချက်များအလိုက် သီးခြားစီဖြစ်သော အဆင့်အတန်းများ (အချို့မှာ 'ဂျန္နသ်'သုခဘုံနန်းဖြစ်၍ အချို့မှာ 'ဂျဟန္နမ်' ငရဲ) ကို ရရှိကြပေမည်။ ထို့ပြင် (အမျိုးမျိုးသော အဆင့်အတန်းများ ရရှိကြခြင်းမှာ) အလ္လာဟ်အသျှင်မြတ်သည် အားလုံးတို့ကို ၎င်းတို့၏ အကျင့်အမူများ၏ အကျိုး (အစား) ကို အပြည့်အဝ ပေးတော်မူရန် ဖြစ်သည်။ ထို့ပြင် ၎င်းတို့အပေါ်တွင် (မည်သည့်နည်းနှင့်မျှ) မတရားပြုမူခြင်းကို ခံကြရမည်မဟုတ်ပေ။

(အထက်၌ ကောင်းမြတ်သောသူများ၏ အကျိုးအစားကို 'ဂျန္နသ်'ဟူ၍ သတ်သတ်မှတ်မှတ် တင်ပြခဲ့သည်။ သို့ရာတွင် မတရားမှုကို ကျူးလွန်သူများ၏ အစားကို သတ်သတ်မှတ်မှတ် တင်ပြထားခြင်းမရှိပေ။ အကျဉ်းချုံး၍သာ حَقَّ عَلَيۡهِمُ الۡقَوۡلُ (၎င်းတို့နှင့် ပတ်သက်သော အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်သည် အမှန်ဖြစ်ခဲ့လေသည်) နှင့် كَانُوۡا خٰسِرِيۡنَ (၎င်းတို့သည် ဆုံးရှုံးသူများပင် ဖြစ်ကြကုန်၏) ဟူ၍

သာ တင်ပြခဲ့သည်။ ထို့ကြောင့် ရှေ့တွင် ထိုနေ့သည် သတိရ အောက်မေ့ဖွယ်နေ့ ဖြစ်သည်ဟုဆိုက 'အဇာဗ်'ကို သတ်မှတ်၍ မိန့်ကြားတော်မူထားသည်။) ၎င်းပြင် ကာဖိရ်သွေဖည်ငြင်းပယ်ကြသူတို့သည် ငရဲမီး၏ ရှေ့မှောက်သို့ ခေါ်ဆောင်လာခြင်း ခံကြရသောအခါ (၎င်းတို့အား မိန့်ကြားတော်မူမည်မှာ) အသင်တို့သည် မိမိတို့၏ လောကီဘဝ သက်တမ်း၌ပင် မိမိတို့၏ ကောင်းမြတ်သော အရသာများကို ရရှိခဲ့ကြပြီးဖြစ်သည်။ (ဤနေရာတွင် မည်သည့်ကောင်းမြတ်သော အရသာမျှ ရရှိကြမည်မဟုတ်ပေ။) ထိုစည်းစိမ်ချမ်းသာများဖြင့် အကျိုးလည်း ကောင်းစွာ ခံစားခဲ့ကြပြီး ဖြစ်သည်။ (နောက်ဆုံးတွင် ထိုစည်းစိမ် အရသာများ၌ နစ်မွန်းလျက် ငါအသျှင်မြတ်ကိုပင် မေ့လျော့ခဲ့ကြသည်ဖြစ်သည်။) သို့ဖြစ်ပေရာ ယနေ့၌မူ အသင်တို့သည် သေးသိမ်စေသော အပြစ်ဒဏ်ကို ပေးခြင်းခံရပေမည်။ (သို့ဖြစ်ပေရာ အပြစ်ဒဏ်အတွက် မီးရှိမည်ဖြစ်ပြီး သေးသိမ်စေခြင်းဆိုသည်မှာ ဤသို့ ရှုတ်ချပြစ်တင်မှု ဖြစ်သည်။) အကြောင်းမှာ အသင်တို့သည် လောကတွင် မတရားသဖြင့် ဘဝင်မြင့် မောက်မာလျက် ရှိခဲ့ကြသောကြောင့် ဖြစ်သည်။ (မောက်မာပလွားခြင်းဆိုသည်မှာ အီမာန် သက်ဝင်ယုံကြည်ခြင်းကို ကျောခိုင်း မောက်မာပလွားခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အမြဲထာဝရ အပြစ်ဒဏ်ခံရခြင်းသည် အီမာန် သက်ဝင်ယုံကြည်မှု မပြုခြင်းနှင့်သာ ဆက်စပ်သောကြောင့် ဖြစ်သည်။) ထို့ပြင် အသင်တို့သည် အမိန့်တော်ကို ဖီဆန်လျက် ရှိခဲ့ကြသောကြောင့် ဖြစ်သည်။ (ဤနေရာတွင် 'ကုဖွ်ရ်' (သွေဖည်ငြင်းပယ်မှု)၊ 'ဖိစ်က်'(ဘာသာတရားကိုင်းရှိုင်းမှုမဲ့ခြင်း၊ 'ဇုလ်မ်' (နိုင်ထက်စီးနင်းပြုလာခြင်း) နှင့် ၎င်းတို့၏ ပုံသဏ္ဌာန်အားလုံး ပါဝင်သွားပေသည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ဖော်ပြပါအာယသ်တော်များတွင် ပထမနှစ်အာယသ်မှာ ၎င်း၏အလျင်၌ လာရှိသော မတရားပြုသူများအတွက် 'အဇာဗ်'အပြစ်ဒဏ်ရှိကြောင်း သတိပေးနှိုးဆော်ခြင်းနှင့် မုအ်မင်နှ်သက်ဝင် ယုံကြည်သူများအဖို့ အောင်မြင်မှုရှိကြောင်း သတင်းကောင်းများပေးထားခြင်းကို တင်ပြထားသော အာယသ်တော်များကို ပြည့်စုံအောင် ဖြည့်စွက်ပေးခြင်း ဖြစ်သည်။ ပထမအာယသ်တော်ဖြစ်သော

إِنَّ الَّذِينَ قَالُوا رَبُّنَا اللَّهُ ثُمَّ اسْتَقَامُوا

တွင် အလွန်ပြည့်စုံသော အသုံးအနှုန်းများဖြင့် အစ္စလာမ်၊ အီမာန်နှင့် ကောင်းမှုကိုယ်ကျင့်တရားများအားလုံးကို စုစည်းတင်ပြထားသည်။ رَبُّنَا اللَّهُ ဟု မြွက်ဟဝန်ခံခြင်းသည် အပြည့်အဝ သက်ဝင်ယုံကြည်ခြင်း ဖြစ်သည်။ ထိုသက်ဝင်ယုံကြည်ခြင်းအပေါ်၌ ကြံ့ကြံ့ခံ ရပ်တည်ရာတွင် အီမာန်အပေါ်၌ နောက်ဆုံးထွက်သက်အထိ ရပ်တည်နေရန်လည်း ပါဝင်ပေသည်။ ထို့ပြင် ထိုအီမာန်၏ တောင်းဆိုချက်များအပေါ် အပြည့်အဝ ကျင့်ကြံရန်လည်း ပါဝင်ပေသည်။ استقامت 'အိစ်သိကားမသ်' (ကြံ့ကြံ့ခံ ရပ်တည်ခြင်း) ဟူသော စာလုံးနှင့် ၎င်း၏ အရေးပါလေးနက်မှုတို့၏ အကျယ်တဝင့် ရှင်းလင်းချက်များကို

စူရာဟ်ဟာမီမ်စဂ်ျဒဟ်တွင် တင်ပြခဲ့ပြီးဖြစ်သည်။ ဖော်ပြပါအာယသ်တော်တွင် အီမာန်သက်ဝင် ယုံကြည်ခြင်းနှင့် ကြံ့ကြံ့ခံရပ်တည်ခြင်းတို့အပေါ် ကတိတော်ပေးထားသည်မှာ 'ဤကဲ့သို့သော သူများအဖို့ နောင်အခါတွင် မည်သည့်ဒုက္ခနှင့် သောကဗျာပါဒ ရောက်ရှိရန် မစိုးရိမ်ရတော့ပေ။ ထို့ပြင် အတိတ်ကာလမှ ဒုက္ခများအပေါ်၌လည်း ပူဆွေးသောက ရောက်ရှိမည်မဟုတ်ပေ'ဟု ဖြစ်သည်။ နောက်မှ လာသော အာယသ်တော်တွင် တုပနိုင်းယှဉ်၍ မရနိုင်သော အမြဲထာဝရအတွက် ငြိမ်းချမ်းသာယာမှုနှင့် မည်သည့်အခါမှ ပြတ်တောက်ပျောက်ကွယ်သွား မည်မဟုတ်သော စည်းစိမ်များ၏ သတင်းကောင်းပေးထားခြင်း ခံရသည်။ ဤအာယသ်တော်၏နောက်မှ လာရှိသော အာယသ်တော် (၄) ပါးတွင် လူသားအဖို့ မိမိ၏ မိဘနှစ်ပါးအား ကောင်းမွန်စွာ ဆက်ဆံရန် ညွှန်ကြားခြင်းနှင့် ထိုမိဘများအား ဆန့်ကျင်ခြင်းအပေါ် ရှုတ်ချခြင်းနှင့်အတူ လူသားအပေါ် ၎င်း၏ မိဘများ၏ ကျေးဇူးများအကြောင်း၊ တစ်ဖန် သားသမီးများအတွက် အလွန်ကြီးမားသော ဒုက္ခများကို ခါးစည်း ခံစားရခြင်းများအကြောင်းနှင့်အတူ အသက်အရွယ်ကြီးရင့်သည့် အခြေအနေသို့ ရောက်ရှိလေသောအခါ လူသားအဖို့ အလ္လာဟ်အသျှင်မြတ်ဘက်တော်သို့ ဦးလှည့်ရန် အထူး မိန့်ကြားထားခြင်းများ ပါရှိပေသည်။

ရှေ့မှ အာယသ်တော်များနှင့် ဤအာယသ်တော်ကြား ဆက်စပ်မှုတွင် အိဗ်နုကသီးရ် (ရဟ) ၏ အဆိုမှာ 'ကုရ်အာန်ကျမ်းတော်မြတ်၏ အများအားဖြင့် တင်ပြမှုပုံစံမှာ ဥပဒေမှာ လူသားအား အလ္လာဟ်အသျှင်မြတ်၏ အမိန့်နာခံမှုနှင့် ခဝပ်ကိုးကွယ်မှုကို့ဘက်သို့ ဖိတ်ခေါ်သည့်အခါ ထိုဖိတ်ခေါ်ခြင်းနှင့်အတူ မိဘနှစ်ပါးနှင့် ကောင်းမွန်စွာ ဆက်ဆံခြင်း၊ ၎င်းတို့ကို ပြုစုစောင့်ရှောက်ရန်နှင့် ၎င်းတို့၏ အမိန့်နာခံခြင်းတို့ ပြုရန်ကိုလည်း အမိန့်တော်များ ပြဋ္ဌာန်းလေ့ရှိသည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ များစွာသော အာယသ်တော်များသည် ထိုအချက်အပေါ် သက်သေခံလျက်ရှိသည်။ ဤဥပဒေတင်ပြပုံနှင့်အညီ အလ္လာဟ်အသျှင်မြတ် တစ်ပါးတည်းသာ ကိုးကွယ်ခံထိုက်တော်မူခြင်း တရားဘက်သို့ ဖိတ်ခေါ်ခြင်းနှင့်အတူ မိဘများအား ကောင်းမွန်စွာ ဆက်ဆံရန်ကိုလည်း တင်ပြထားသည်။

ကုရ်သုဗီ (ရဟ) က ကုရ္ရှင်ရီကျမ်း၏ အညွှန်းဖြင့် ဆက်နွယ်မှုအကြောင်းကို တင်ပြသည်မှာ ဤနေရာတွင် တမန်တော်မြတ် ﷺ အဖို့ ဖြေသိမ့်ခြင်း အကြောင်းတစ်ခုကို တင်ပြထားသည်။ ၎င်းမှာ 'အသင်သည် 'သောင်ဟီးဒ်'နှင့် အီမာန်ဘက်သို့ ဖိတ်ခေါ်လျက်သာ ရှိနေပါ။ အချို့က လက်ခံကြလိမ့်မည်။ အချို့က လက်မခံဘဲ နေကြလိမ့်မည်။ ဤအပေါ်တွင် ပူပင်သောက မဖြစ်လေနှင့်။ အဘယ်ကြောင့်ဆိုသော် လူသားတို့၏ အခြေအနေမှာ ၎င်းတို့အားလုံးသည် မိမိတို့၏ မိဘများနှင့်ပင် ဆက်ဆံပြောဆိုပြုမူရာတွင် တစ်မျိုးတည်း မရှိကြဘဲ အချို့က ကောင်းမွန်စွာ ဆက်ဆံကြပြီး အချို့ကမူ မိဘများအပေါ် ရိုင်းပျစွာ ဆက်ဆံကြသောကြောင့် ဖြစ်သည်' ဟူ၍ ဖြစ်၏။

မည်သို့ပင်ဆိုစေ ထိုအာယသ်တော် (၄) ပါးတွင် အဓိကအကြောင်းအရာမှာ လူသားအဖို့ မိမိ၏ မိဘနှစ်ပါးအပေါ် ကောင်းမွန်စွာ ဆက်ဆံရန် အမိန့်ပေး ညွှန်ကြားထားခြင်းဖြစ်သည်။ တစ်ဆက်တည်းမှာပင် အခြားသော လမ်းညွှန် သင်ကြားပေးမှုများလည်း လာရှိသည်။ စင်စစ် အချို့သော ဟဒီးစ်ဆင့်ပြန်ချက်

များဖြင့် ဤအာယသ်တော်များသည် ဟဇရသ်စိဒ္ဒီးက်အက္ဗဇရ် ﷺ နှင့် စပ်လျဉ်း၍ ကျရောက်ခဲ့ကြောင်း သိရှိရသည်။ ဤသည့်အပေါ် သစ်ဖီးရ်မဇ္ဇဟ်ရီကျမ်းတွင် وَوَصَّيْنَا الْإِنسَانَ ၌ الانسان တွင် ပါရှိသော الف لام 'အလိဖ်လာမ်'ကို عهد 'အဟ်ဒ်'တစ်ဦးတစ်ယောက်အပေါ် သတ်သတ် သတ်မှတ်ပြ အလိုသဘော ဆောင်သည့်) 'အလိဖ်လာမ်'ဟု သတ်မှတ်၍ ၄င်း၏ အလိုသဘောကို 'စိဒ္ဒီးက်အက္ဗဇရ်' (ဟဇရသ် အဘူဗကရ်ဟစ်ဒ္ဒီးက်) ﷺ ဟု သတ်မှတ်လိုက်သည်။ သို့ရာတွင် ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ် တော်တစ်ပါး ကျရောက်ခြင်း အကြောင်းခံသည် သီးသန့် လူတစ်ဦး (သို့) သီးသန့်ဖြစ်ရပ်တစ်ခု ဖြစ်ပါ လျှင်လည်း အမိန့်မှာမူ အားလုံးအတွက်သာ ဖြစ်ပေသည်။ အာယသ်တော် ကျရောက်လာရခြင်း၏ အကြောင်း ခံသည် ဟဇရသ်အဘူဗကရ် ﷺ သခင်ဖြစ်ပါစေ၊ အာယသ်တော်၏ ဖော်ပြပါ ထူးမြတ်မှုများသည် ၄င်း၏ ထူးမြတ်မှုများပင် ဖြစ်ပါစေ။ အာယသ်တော်၏ သင်ကြားပေးခြင်း ရည်ရွယ်ချက်မှာမူ အများအတွက်သာ ဖြစ်သည်။ အကယ်၍ အာယသ်တော်များ၏ အရင်းအမြစ်ကို အများအတွက် သင်ကြားပေးခြင်းဟု သတ်မှတ် လိုက်ပါလျှင်လည်း ဟဇရသ်အဘူဗကရ် ﷺ သခင်သည် ဤသင်ကြားပေးခြင်း၏ ပထမဦးတည်ချက် အဖြစ် သတ်မှတ်ရပေမည်။ ပျို့ရွယ်သော ကာလနှင့် အသက် (၄၀) ကို ကျော်လွန်ပြီးနောက်ဟူ၍ အာယသ် တော်များ၌ သီးခြားပြ၍ တင်ပြထားခြင်းများမှာ ပမာခိုင်းနှိုင်းခြင်း ဖြစ်ပေမည်။ ယခုအခါ ဖော်ပြပါအာယသ် တော်များမှ သီးသန့်စာလုံးများ၏ ရှင်းလင်းချက်များကို ကြည့်ရပေမည်။

وَوَصَّيْنَا الْاِنْسَانَ بِوَالِدَيْهِ اِحْسَانًا

وصيّت 'ဝဆွိယသ်'ဟူသော စာလုံးသည် လေးနက်သော အမိန့်၏ အဓိပ္ပာယ်တွင် လာရှိသော စာလုံးဖြစ်သည်။ **احسان** 'အိဟ်စာန်'သည် 'ကောင်းမွန်စွာ ဆက်ဆံခြင်း'၏ အဓိပ္ပာယ်၌ ဖြစ်သည်။ မိဘများအား ပြုစုစောင့်ရှောက်ခြင်း၊ အမိန့်နာခံခြင်းတို့လည်း ပါဝင်သည်။ လေးစားရိုသေမှု၊ ဂုဏ်ပေးမှု တို့လည်း ပါဝင်သည်။

حَمَلَتْهُ اُمُّهٗ كُرْهًا وَّوَضَعَتْهُ كُرْهًا

كُرْهًا ဟူသော စာလုံးသည် 'လူသားအဖို့ အကြောင်းတစ်ခုခုကြောင့် ခံစားရသော ဒုက္ခ' ဖြစ်သည်။

كَرْهًا ၌ ك အက္ခရာတွင် 'ဇဗရ်' ရှိသော စာလုံးသည် 'လူတစ်ဦးတစ်ယောက်က အကျပ်ကိုင် အဓမ္မပြုခြင်းကြောင့် ခံစားရသော ဒုက္ခကို ခေါ်ဆိုသည်။ ဤစာလုံးမှ اِكْرَاه ဟူသော စာလုံး ခွဲထွက် လာသည်။ ပထမဝါကျတွင် မိဘနှစ်ပါးအား ကောင်းမွန်စွာ ဆက်ဆံရန် အမိန့်ပေးထားသည်။ ဒုတိယ ဝါကျသည် ထိုအမိန့်ကို လေးနက်စေရန်အတွက် ဖြစ်သည်။ မိဘနှစ်ပါးအား ပြုစုစောင့်ရှောက်ခြင်းနှင့် အမိန့်နာခံခြင်းတို့သည် အရေးကြီးကြောင်း အကြောင်းအရင်းတစ်ခုမှာ ထိုမိဘများသည် အသင်တို့ မွေးဖွား စဉ်မှစ၍ ပျို့ရွယ် သည့်အချိန်အထိ အသင်တို့အတွက် ဒုက္ခများစွာကို ခံစားခဲ့ကြရသည်။ အထူးသဖြင့်

မိခင်၏ ဒုက္ခမှာ အလွန်ကြီးမားလှပေသည်။ ထို့ကြောင့် ဤနေရာတွင် အထူးအားဖြင့် မိခင်၏ ဒုက္ခကိုသာ တင်ပြထားခြင်း ဖြစ်သည်။ မိခင်သည် (၉) လကျော် ကြာရှည်သော အချိန်ကာလအထိ အသင်တို့အား မိမိ၏ ဝမ်းဗိုက်တွင် လွယ်ခဲ့ရသည်။ ထိုကာလအတွင်း ဒုက္ခမျိုးစုံကို ခံစားခဲ့ရသည်။ ထို့နောက် မီးဖွားသည့်အချိန်တွင် အလွန်တရာ ပြင်းထန်သော နာကျင်မှုနှင့် ဒုက္ခများကို ခံစားခဲ့ရပြီး အသင်တို့သည် ဤလောကသို့ ရောက်ရှိလာခဲ့ရသည်။

မိခင်၏ တာဝန်သည် ဖခင်ထက် ပိုခြင်း

အစပထမအာယသ်တော်တွင် ကောင်းမွန်စွာ ဆက်ဆံရန် အမိန့်သည် မိခင်နှင့် ဖခင် နှစ်ဦးလုံးအတွက် ဖြစ်သည်။ သို့ရာတွင် ဤနေရာ၌ မိခင်၏ ဒုက္ခခံစားရခြင်း အကြောင်းများကို တင်ပြထားသည့် အမြော်အမြင်မှာ မိခင်၏ ဒုက္ခခံစားရမှုများသည် ကြီးမားသည်။ ကိုယ်ဝန်ဆောင်သည့် ကာလအတွင်း ခံစားရသော ဒုက္ခများ၊ တစ်ဖန် မီးဖွားသည့်ကာလ၏ နာကျင်မှုဒုက္ခများသည် အခြေအနေတိုင်း၊ ကလေးတိုင်း အတွက် ခံစားခဲ့ရသည်။ ဤဒုက္ခများမှာ မိခင်တစ်ဦးတည်း၏ ဒုက္ခများသာ ဖြစ်သည်။ ဖခင်အဖို့မှာမူ ကျွေးမွေးစောင့်ရှောက်ခြင်းအပေါ် ကြီးပမ်းအားထုတ်၊ ဒုက္ခခံရခြင်းတို့သည် ဤမျှ ကြီးကျယ်သော ဒုက္ခ မဖြစ်နိုင်ပါချေ။ အဘယ်ကြောင့်ဆိုသော် ဖခင်တစ်ဦးအဖို့ သားသမီးများအား ပဲ့ပြင်ဆုံးမခြင်းနှင့် ပြုစုစောင့်ရှောက်ရခြင်းတွင် ဒုက္ခတစ်စုံတစ်ရာ ခံစားရခြင်းတွင် ၎င်းသည် ချမ်းသာသူဖြစ်လျှင် အခြားသူများဖြင့် ပြုစုစောင့်ရှောက်စေ၍သော်လည်းကောင်း၊ (သို့) အခြားနိုင်ငံသို့ သွားရောက်ပြီး ထိုနေရာမှ အသုံးစရိတ် ပို့ပေးခြင်းဖြင့်လည်းကောင်း ပြုနိုင်၍ ထိုမျှလောက် ဒုက္ခအကြီးအကျယ် မခံရချေ။ ထို့ကြောင့် ပင် တမန်တော်မြတ် ﷺ က သားသမီးများအပေါ် မိခင်၏ ဝတ္တရားများကို အများဆုံးအဖြစ် ထားရှိခြင်းဖြစ်သည်။

ဟဒီးစ်တော်တစ်ပါး၌ မိန့်ဆိုသည်မှာ-

صل امّك ثمّ امّك ثمّ امّك ثم اباك ثمّ ادناك فادناك

ဟူ၍ ဖြစ်သည်။ ဆိုလိုသည်မှာ မိမိ၏ မိခင်အား ကောင်းမွန်စွာ ဆက်ဆံခြင်းနှင့် ပြုစုစောင့်ရှောက်ခြင်းကို ပြုပါလေ။ ထို့နောက် မိမိ၏ မိခင်ကို၊ ထို့နောက်တစ်ဖန် မိမိ၏ မိခင်ကို ထို့နောက် မိမိ၏ ဖခင်ကို၊ ထို့နောက် မိမိ၏ ဆွေမျိုးအရင်းအချာများကို၊ ထို့နောက် ၎င်းနှင့် နီးကပ်သော ဆွေမျိုးရင်းချာများကို ဆက်သွယ်၍ ကောင်းမွန်စွာ ဆက်ဆံပါလေ။

وَحَمْلُهٗ وَفِصٰلُهٗ ثَلٰثُوْنَ شَهْرًا

ဤဝါကျတွင်လည်း မိခင်၏ ခံယူခဲ့ရသည့် ဒုက္ခများအကြောင်း တင်ပြထားသည်။ ရင်သွေးငယ်အား ကိုယ်ဝန်ဆောင်ခြင်း၊ မီးဖွားခြင်းတို့၏ ဒုက္ခများ ခံစားပြီးနောက်တွင်လည်း မိခင်အဖို့ ဒုက္ခများမှ ကင်းငြိမ်းမှု

မရရှိသေးပေ။ အဘယ်ကြောင့်ဆိုသော် ထိုဒုက္ခများ ခံစားပြီးသောအခါ၌ ဖန်ဆင်းတော်မူသော အသျှင်မြတ်သည် ကလေး၏ အစာအဟာရကို မိခင်၏ နို့အုံများအတွင်း၌ ထည့်ပေးတော်မူခဲ့သောကြောင့် ဖြစ်သည်။ မိခင်သည် ကလေးအား နို့တိုက်ကျွေးရပြန်သည်။ အာယသ်တော်တွင် နို့တိုက်ကျွေးခြင်းကာလကို လပေါင်း (၃၀) ဟု ပြသထားသည်။ ဟဇရသ်အလီ ؓ သည် ဤအာယသ်တော်အရ ကိုယ်ဝန်ဆောင်ခြင်း၏ အနည်းဆုံးကာလသည် ၆ လ ဖြစ်သည်ဟု ပြဆိုထားသည်။ အဘယ်ကြောင့်ဆိုသော် ကုရ်အာန်ကျမ်းတော်မြတ်သည် နို့တိုက်ခြင်းကာလကို (၂) နှစ် အပြည့်အဝ သတ်မှတ်ပေးထားသောကြောင့် ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားတစ်နေရာတွင်

وَالْوَالِدَاتُ يُرْضِعْنَ اَوْلَادَهُنَّ حَوْلَيْنِ كَامِلَيْنِ

ဟု မိန့်ကြားထားသည်။ ဤနေရာတွင် ကိုယ်ဝန်ဆောင်ခြင်းကာလနှင့် နို့တိုက်ကျွေးခြင်းကာလ နှစ်ခုစလုံးကို လပေါင်း (၃၀) သတ်မှတ်ခဲ့သည်။ သို့ဖြစ်ပေရာ နို့တိုက်ကာလသည် (၂) နှစ်ဖြစ်၍ လပေါင်း (၂၄) လ ထွက်သွားသောအခါ (၆) လသာ ကျန်ရှိပေသည်။ ထို (၆) လတာ ကာလကို 'ကိုယ်ဝန်ဆောင်ခြင်း၏ အနည်းဆုံးကာလဖြစ်သည်' ဟု သတ်မှတ်ခြင်းဖြစ်သည်။

ဆင့်ပြန်ချက်တစ်ရပ်တွင် လာရှိသည်မှာ 'ဟဇရသ်ဥသ္မာန်ဂနီ ؓ ၏ လက်ထက်တွင် အမျိုးသမီးတစ်ဦး၏ ကိုယ်ဝန်မှ (၆) လဖြင့် ကလေးမွေးဖွားခဲ့သည်။ စင်စစ် များသောအားဖြင့် (၉) လတွင်လည်းကောင်း၊ အနည်းဆုံး (၇) လတွင်လည်းကောင်း၊ ကလေးမွေးဖွားလေ့ ရှိသည်ဖြစ်ရာ ဟဇရသ်ဥသ္မာန်ဂနီ ؓ သည် ထိုအမျိုးသမီးအား မပိုင်သောနည်းဖြင့် ကိုယ်ဝန်ဖြစ်သည်ဟု သတ်မှတ်လျက် ပြစ်ဒဏ်ခတ်ရန် အမိန့်ချမှတ်လိုက်သည်။ ဟဇရသ်အလီ ؓ သခင်သည် ဤအကြောင်းကို ကြားသိလေသောအခါ ဟဇရသ်ဥသ္မာန်အလီ ؓ သခင်အား ၎င်းအပြစ်ဒဏ်ပေးခြင်းမှ တားမြစ်လိုက်သည်။ ထို့နောက် မိန့်ဆိုသည်မှာ 'ကုရ်အာန်ကျမ်းတော်မြတ်တွင် ကိုယ်ဝန်ဆောင်ခြင်းနှင့် နို့တိုက်ခြင်းတို့၏ စုစုပေါင်းကာလသည် လပေါင်း (၃၀) ဖြစ်သည်။ တစ်ဖန် နို့တိုက်ကာလသည် (၂၄) လဖြစ်ကြောင်း ကျမ်းတော်မြတ်၏ အခြားတစ်နေရာတွင် ပြဆိုထားသည်ဖြစ်ရာ ကျန်ရှိသော (၆) လသည် ကိုယ်ဝန်ဆောင်ခြင်း၏ အနည်းဆုံးကာလဖြစ်သည်။ ဟဇရသ်ဥသ္မာန်ဂနီ ؓ သခင်သည် ၎င်း၏ အထောက်အထားတင်ပြချက်ကို လက်ခံလျက် မိမိ၏ အမိန့်ကို ရုပ်သိမ်းလိုက်လေသည်။ *[ကုရ်သုဗီကျမ်း]*

ထို့ကြောင့် ကိုယ်ဝန်ဆောင်ခြင်း၏ အနည်းဆုံးကာလနှင့် စပ်လျဉ်း၍ အေမာမ်ကြီးများအားလုံးတို့က (၆) လတွင် ဖြစ်နိုင်သည်ဟု တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်ခဲ့ကြသည်။ အများဆုံးကာလနှင့် စပ်လျဉ်း၍ မည်သည့်ဆုံးဖြတ်ချက်မျှ ပေးမထားပေ။

မှတ်ချက် ။ ။ ဤအာယသ်တော်၌ ကိုယ်ဝန်ဆောင်ခြင်း၏ အနည်းဆုံးကာလကိုသာ တင်ပြထားသည်။ ထို့နောက် နို့တိုက်ခြင်း၏ အများဆုံးကာလကို အရိပ်အမြွက်ဖြင့် တင်ပြထားသည်။ ၎င်းမှာ ကိုယ်ဝန်

ဆောင်ခြင်း၏ အနည်းဆုံးကာလကို (၆) လဟု သတ်မှတ်ထားသည်။ ထိုကာလထက် လျော့နည်းလျှင် အကောင်း ပကတိအတိုင်း ကလေးမွေးဖွားနိုင်မည် မဟုတ်ပေ။ သို့ရာတွင် 'ကလေးသည် ကိုယ်ဝန်ဆောင် မိခင်၏ ဝမ်းဗိုက်အတွင်း၌ အများဆုံး မည်မျှကာလအထိ နေနိုင်သနည်း'ဟု ဆိုရာ၌တွင် သဘာဝအလေ့ အထ အမျိုးမျိုးရှိတတ်ပေရာ တစ်သမတ်တည်း သတ်မှတ်ချက်မရှိပေ။

အလားတူ (၂) နှစ်အထိ နို့တိုက်ကျွေးနိုင်သည်ဟူ၍ နို့တိုက်ကျွေးခြင်း၏ အများဆုံးကာလကို သတ်မှတ်ထားပေသည်။ အနည်းဆုံးကာလကိုမူ သတ်မှတ်တင်ပြထားခြင်း မရှိပေ။ အချို့အမျိုးသမီးများ ကိုမူ နို့ရည်ပင် မထွက်။ အချို့တွင်မူ လအနည်းငယ်အတွင်း နို့ခမ်းသွားခြင်းများလည်း ရှိပေသည်။ အချို့ ကလေးများသည် မိခင်၏ နို့ကို များစွာ သောက်သုံးခြင်း မရှိ၊ (သို့) ၎င်းတို့အဖို့ ဘေးဥပါဒ်ဖြစ်စေသည့် အခါများတွင် အခြားသော နို့များကို အစားထိုး တိုက်ကျွေးရသည်လည်း ရှိသည်။

ကိုယ်ဝန်ဆောင်ခြင်း၏ အများဆုံးကာလနှင့် နို့တိုက်ကျွေးခြင်း၏ အများဆုံးကာလနှင့် စပ်လျဉ်း၍ ဖိကာဟ်ပညာရှင်တို့ကြား ကွဲလွဲမှုများ

ကိုယ်ဝန်ဆောင်ခြင်း၏ အများဆုံးကာလသည် အေမာမ်အဘူဟနီဖဟ် (ရဟ) ထံတွင် (၂) နှစ် ဖြစ်သည်။ အေမာမ်မာလစ်က် (ရဟ) ထံမှ အဆိုအမျိုးမျိုး ဆင့်ပြန်လာရှိထားသည်။ (၄) နှစ်၊ (၅) နှစ်၊ (၇) နှစ်ဟု ဖြစ်သည်။ အေမာမ်ရှာဖေအီ (ရဟ) ထံတွင် (၄) နှစ်ဖြစ်သည်။ အေမာမ်အဟ်မဒ် (ရဟ) ၏ ကျော်ကြားသော အဆိုတွင်လည်း (၄) နှစ်ဟုသာ လာရှိထားသည်။ *[မဇ္ဇဟရီကျမ်း]*

حرمت رضاعت (နို့စို့ခြင်း၊ နို့တိုက်ကျွေးခြင်းကြောင့် နို့စို့ဖက်အမျိုးတော်စပ်သွားကာ 'နေကာဟ် ဟရာမ်' ဖြစ်စေသော နို့တိုက်ကျွေးခြင်း၏ အများဆုံးကာလနှင့် စပ်လျဉ်း၍ အများစုဖိကာဟ်ပညာရှင်တို့ ထံတွင် (၂) နှစ်ဟူ၍ ဖြစ်သည်။ အေမာမ်မာလစ်က် (ရဟ)၊ အေမာမ်ရှာဖေအီ (ရဟ)၊ အေမာမ်အဟ်မဒ်ဗင်န် ဟမ်ဗလ် (ရဟ) နှင့် ဟနဖီအေမာမ်များအနက်မှ အေမာမ်အဘူယူစွဖ် (ရဟ) နှင့် အေမာမ်မိုဟမ္မဒ် (ရဟ) တို့သည် ဤအပေါ်၌ တစ်ညီတစ်ညွတ်တည်း မိန့်ဆိုကြသည်။ (ဆွဟာဗာသခင်ကြီးများအနက်မှ ဟဇရတ်အုမရ် ﷺ သခင်၊ အိဗ်နအဗ္ဗားစ် ﷺ သခင်တို့ကလည်း ဤအတိုင်းပင် မိန့်ဆိုကြသည်။)

[ဒါရုလ်ကွသ်နီ]

ဟဇသ်အလီ ﷺ သခင်နှင့် အဗ်ဒုလ္လာဟ်ဗင်န်မတ်စ်အူဒ် ﷺ သခင်တို့ကလည်း ဤအတိုင်းပင် မိန့်ဆိုခဲ့ ကြသည်။ *[အိဗ်နအဘီရှိုင်ဗာဟ်]*

အေမာမ်အအ်ဇွမ်အဘူဟနီဖဟ် (ရဟ) တစ်ဦးတည်းထံမှသာ ကလေးကို (၂) နှစ်ခွဲအထိ နို့တိုက် ကျွေးနိုင်ကြောင်း အဆိုလာရှိထားသည်။ ဟနဖီပညာရှင် အများစုထံတွင် ယင်းအဆို၏ အလိုသဘောမှာ 'အကယ်၍ ကလေးသည် အားအင်ချည့်နဲ့နေပြီး မိခင်၏ နို့မှအပ အခြားမည်သည့်အစာအဟာရမျှ (၂) နှစ် ပြည့်သည့်တိုင် မစားသောက်ပါက (၆) လ ပို၍ နို့တိုက်ကျွေးခွင့် ရှိသည်ဟူ၍ ဖြစ်၏။ အဘယ်ကြောင့်ဆိုသော်

နို့တိုက်သည့်ကာလ ပြည့်ပြီးသည့်နောက် မိခင်၏ နို့ကို ကလေးအား တိုက်ကျွေးခြင်းသည် 'ဟရာမ်'ဖြစ်ကြောင်း ပညာရှင်အားလုံးတို့တွင် တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်ထားသောကြောင့် ဖြစ်သည်။ သို့သော် ဟနဖီ ဖိကာဟ်ပညာရှင်များ၏ 'ဖသ်ဝါ'မွသတ်သည် (၂) နှစ်ကာလ ပြည့်ပြီးနောက် အကယ်၍ နို့တိုက်လိုက်ပါက ထိုနို့တိုက်ကျွေးခြင်းဖြင့် နို့စို့၊ နို့တိုက်ခြင်းကြောင့် 'နေကာဟ်ဟရာမ်'ဖြစ်သော အမိန့်သည် အတည်ဖြစ်မည် မဟုတ်ဟူသော အများစုအေမာမ်တို့၏ လမ်းစဉ်အပေါ်၌သာ ဖြစ်သည်။ ဟဇရသ်ဟာကီမွလ်အွမ္မသ် (ရဟ) က ဗယာနုလ်ကုရ်အာန်ကျမ်းတွင် မိန့်ဆိုသည်မှာ 'စင်စစ် ဖသ်ဝါသည် အများစုပညာရှင်တို့၏ အဆိုအပေါ်၌ ရှိသော်လည်း 'အမလ်'ကျင့်သုံးမှုတွင် ဆင်ခြင်မှုပြုခြင်းမှာ အကောင်းဆုံးဖြစ်သည်။ ထို့အတွက် ကြောင့် (၂) နှစ်ခွဲ ကာလအတွင်း ကလေးအား နို့တိုက်ကျွေးခဲ့ပါက ၎င်းနှင့် 'နေကာဟ်'ကဏ္ဍတွင် ဆင်ခြင်မှုတရား ပြုသင့်ပေသည်'ဟူ၍ ဖြစ်သည်။ အချို့ပညာရှင်များက

وَحَمْلُهُ وَفِصٰلُهُ ثَلٰثُوْنَ شَهْرًا

(ထို့ပြင် ၎င်းအား ဝမ်းဗိုက်တွင် သယ်ပိုးလွယ်ပိုက်ထားခြင်းနှင့် နို့ဖြတ်ခြင်း၏ အချိန်ကာလသည် လပေါင်းသုံးဆယ် ဖြစ်၏။)

ဟူသော အာယသ်တော်ဖြင့် အေမာမ်အဘူဟနီဖဟ်၏ အဆိုနှင့်အညီ နို့တိုက်ကျွေးခြင်း၏ အများဆုံးကာလမှာ (၂) နှစ်ခွဲဖြစ်ကြောင်း အတည်ပြုရန် ကြိုးစားကြသည်။ သဖ်စီးရ်မဇ္ဇဟရီကျမ်း၌ 'ဤသို့ပြုခြင်းသည် မမှန်ကန်ပေ။ အဘယ်ကြောင့်ဆိုသော် ဆွဟာဗာများအုပ်စုကြီးနှင့် ဟဇရသ် အလီ ﵁ နှင့် ဟဇရသ်အွတ်စ်မာန် ﵁ တို့သည် ဤအာယသ်တော်၏ သဖ်စီးရ်ကို 'ဤနေရာတွင် (၆) လသည် ကိုယ်ဝန်ဆောင်ခြင်း၏ အနည်းဆုံးကာလနှင့် (၂၄) လသည် အများဆုံး နို့တိုက်ခြင်းကာလ ကို ဆိုလိုသည်ဟူ၍ သတ်မှတ်ခဲ့ကြသောကြောင့် ဖြစ်သည်' ဟူ၍ မိန့်ဆိုထားလေသည်။

ဟဇရသ်အိဗ်နုအဗ္ဗားစ် ﵁ က 'ကုရ်အာန်ကျမ်းတော်မြတ်သည် ကိုယ်ဝန်ဆောင်ခြင်းနှင့် နို့တိုက်ခြင်းတို့ကို ရောနှောလျက် လပေါင်း (၃၀) ဟု သတ်မှတ်ပေးခဲ့သည်။ ၎င်းတို့အသီးသီး၏ ကာလများကို ခွဲခြား၍ တင်ပြခဲ့ခြင်း မရှိပေ။ အကြောင်းမှာ အများအားဖြင့် ဖြစ်လေ့ဖြစ်ထရှိသော သဘာဝအရ ကလေးသည် (၉) လတွင် မွေးဖွားလေ့ ရှိတတ်သည်။ ကလေးသည် (၉) လတွင် မွေးဖွားသည်ဆိုပါက မိခင်၏ နို့ကို တိုက်ကျွေးရန်မှာ (၂၁) လသာ ကျန်ရှိပေမည်။ အကယ်၍ ကလေးသည် (၇) လတွင် မွေးဖွားလိုက်ပါက နို့တိုက်ကျွေးရန်အတွက် (၂၃) လ လိုအပ်ပေလိမ့်မည်။ ကလေးသည် (၆) လနှင့် မွေးဖွားလိုက်သည့်အခါ (၂၄) လ (၂) နှစ် နို့တိုက်ကျွေးရန် လိုအပ်သောကြောင့် ဖြစ်သည်'ဟူ၍ မိန့်ဆိုထားလေသည်။

[မဇ္ဇဟရီကျမ်း]

حَتّٰٓى اِذَا بَلَغَ اَشُدَّهٗ وَبَلَغَ اَرْبَعِيْنَ سَنَةً

(နောက်ဆုံးတွင် ၎င်းလူသားသည် မိမိအရွယ်ရောက် လူလားမြောက်ခြင်းသို့ ရောက်ရှိ၍ အနှစ်လေးဆယ်အရွယ်သို့ ရောက်ရှိလေသောအခါ)

ဟူသည့် အာယသ်တော်တွင် اَشُدَّ ဟူသော စာလုံး၏ အဘိဓါန်အဓိပ္ပာယ်မှာ 'ခွန်အား'ဟု ဖြစ်သည်။ ရှုရာဟ်အင်န်အာမ်တွင်

حَتّٰى يَبْلُغَ اَشُدَّهٗ

(၎င်းတို့ လူလားမြောက် အရွယ်ရောက်သည်အထိ) ဟူသော အာယသ်တော်၌ ၎င်း၏ သဖ်စီးရ်ကို 'အရွယ်ရောက်ခြင်း' ဟု တင်ပြထားသည်။ ဆိုလိုသည်မှာ 'ကလေးသည် လူလားမြောက် အရွယ်ရောက်သည့် အသက်ကို ရောက်ရှိသောအခါ' ဟု ဖြစ်သည်။ ဟဇရသ်အိဗ်နုအဗ္ဗားစ် ﷺ က မိန့်ဆိုသည်မှာ بلوغ اشد ၏ အလိုသဘောမှာ 'အသက် (၁၈) နှစ်အရွယ်သို့ ရောက်ရှိခြင်း' ကို ဆိုလိုသည်။ ဖော်ပြပါအာယသ်တော်တွင်လည်း အချို့ပညာရှင်များက بَلَغَ اَشُدَّهٗ ၏ အဓိပ္ပာယ်ကို 'ကလေးသည် လူလားမြောက် အရွယ်ရောက်သည့် အသက်ကို ရောက်ရှိလာသောအခါ' ဟုသာ ပြန်ဆိုကြသည်။ ထို့နောက် بَلَغَ اَرْبَعِيْنَ سَنَةً ကို ခိုင်မာတည်ငြိမ်သွားသော အသက်အရွယ်ကို ရောက်ရှိသွားခြင်းဟု သတ်မှတ်ကြသည်။ ဤသည်မှာ ရှအ်ဗီ (ရဟ) နှင့် အိဗ်နုဇိုင်ဒ် (ရဟ) တို့၏ အဆိုဖြစ်သည်။ ဟစန်ဗဆွရီ (ရဟ) က بلوغ اشد နှင့် بلغ اربعين နှစ်မျိုးစလုံးကို တူညီသော အဓိပ္ပာယ်၌ ရှိသည်ဟု သတ်မှတ်၍ بَلَغَ اَرْبَعِيْنَ ကို بَلَغَ اَشُدَّهٗ ၏ သဖ်စီးရ် (အကျယ်ဖွင့်ဝါကျ) နှင့် လေးနက်မှုကို ဖြစ်စေသည့် ဝါကျဟူ၍ သတ်မှတ်ထားသည်။ *[ကုရ်သုဗီကျမ်း]*

ဦးစွာပထမ ကလေးအား ကိုယ်ဝန်ဆောင်ခြင်း၊ တစ်ဖန် မီးဖွားခြင်း၊ ထို့နောက် နို့တိုက်ကျွေးသည့် ကာလကို တင်ပြပြီးနောက် حَتّٰى اِذَا بَلَغَ ကို မိန့်ကြားရာ၌ မြုပ်ကွယ်နေသော အချုပ်သဘောတရားမှာ-

فَعاشَ واستمرت حيا ته حتى اذا كتهل واستحكم قوّته وعقله ﴿روح﴾

'နို့ဖြတ်ပြီးနောက် ကလေးသည် အသက်ရှင်လျက် ရှိခဲ့သည်။ နောက်ဆုံးတွင် ထိုကလေးသည် အရွယ်ရောက်၍ ခွန်အားဗလနှင့် ပြည့်စုံသော အသက်ကို ရောက်ရှိခဲ့သည်။ ၎င်း၏ ခွန်အားနှင့် အသိဉာဏ်တို့ ပြည့်သွားသောအခါ ၎င်းသည် မိမိအား ဖန်ဆင်းတော်မူသော အသျှင်မြတ်နှင့် မွေးမြူစောင့်ရှောက်တော်မူသော အသျှင်မြတ်ဘက်တော်သို့ ဦးလှည့်ရန် နဖူးစာအခွင့်အလမ်း ရရှိလေသောအခါ ၎င်းသည် ဒိုအာတောင်းခံသည်မှာ-

رَبِّ اَوْزِعْنِيْٓ اَنْ اَشْكُرَ نِعْمَتَكَ الَّتِيْٓ اَنْعَمْتَ عَلَيَّ وَعَلٰى وَالِدَيَّ وَاَنْ اَعْمَلَ صَالِحًا تَرْضٰىهُ وَاَصْلِحْ لِيْ فِيْ ذُرِّيَّتِيْ اِنِّيْ تُبْتُ اِلَيْكَ وَاِنِّيْ مِنَ الْمُسْلِمِيْنَ

ဟု ဖြစ်သည်။ ဆိုလိုသည်မှာ 'အို, ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်၊ အသျှင်မြတ်သည် ကျွန်တော်မျိုးအပေါ်၌လည်းကောင်း၊ ကျွန်တော်မျိုး၏ မိဘများအပေါ်၌လည်းကောင်း၊

ချီးမြှင့်တော်မူခဲ့သည့် ကျေးဇူးတော်များနှင့် စပ်လျဉ်း၍ ကျွန်တော်မျိုးအား ကျေးဇူးသိတတ်စေတော်မူပါ။ ထို့ပြင် အသျှင်မြတ် နှစ်သက်တော်မူသော ကောင်းမှုများအား ကျင့်မူနိုင်စွမ်းကိုလည်း ကျွန်တော်မျိုးအား ပေးတော်မူပါ။ ထို့ပြင် ကျွန်တော်မျိုး၏ သားသမီးများတွင်လည်း ကျွန်တော်မျိုး၏ အကျိုးအတွက် အရည်အချင်းများ ဖြစ်ပေါ်စေတော်မူပါ။ ထို့ပြင် ကျွန်တော်မျိုးသည် အသျှင်မြတ်ထံတော်၌ 'သောင်ဗာဟ်' ပြုဝန်ချတောင်းပန်ပါ၏။ ထို့ပြင် ကျွန်တော်မျိုးသည် အမိန့်နာခံသူ မွတ်စ္စလင်မ်များအနက်မှ ဖြစ်ပါသည်။

ကုရ်အာန်ကျမ်းတော်မြတ်သည် ဤနေရာ၌

حَتّٰى اِذَا بَلَغَ اَشُدَّهٗ မှ စ၍ مِنَ الْمُسْلِمِيْنَ အထိရှိ

ကြိယာစာလုံးများကို ماضى အတိတ်ကာလအတွက် သုံးနှုန်းသော စာလုံးများဖြင့် သုံးနှုန်းတင်ပြထားသည်။ ထိုအချက်ကို ကြည့်ခြင်းအားဖြင့် ဤတင်ပြချက်သည် ဤအာယသ်တော် မကျရောက်မီ အလျင်ကပင် ဖြစ်ပျက်ခဲ့ပြီးဖြစ်သည့် သီးသန့်ဖြစ်ရပ်တစ်ခုနှင့် သီးသန့် လူတစ်ဦးအကြောင်းကို တင်ပြထားခြင်းဖြစ်ကြောင်းမှာ ထင်ရှားပေသည်။ ထို့ကြောင့် သဖ်စီးရ်မဇ္ဇဟာရီးကျမ်းရှင်သည် ဤသည်ကိုမင် ရွေးချယ်အသာပေးတင်ပြခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ဤအဖြစ်အပျက်များသည် ဟဇရသ်အဗူဗကရ်စိဒ္ဒီးက် ؓ နှင့် စပ်လျဉ်းသော ဖြစ်ရပ်ဖြစ်သည်။ ၎င်း၏ အဖြစ်အပျက်ကို အများနှင့် သက်ဆိုင်သော စာလုံးများဖြင့် တင်ပြရခြင်းမှာ အခြားမွတ်စ္စလင်မ်များသည်လည်း ၎င်းကဲ့သို့ ပြုလုပ်ရန် နှိုးဆော်လို၍ ဖြစ်သည်။ ၎င်း၏ အထောက်အထားမှာ ကုရ်သုဗီ (ရဟ) က ဟဇရသ်အိဗ်နုအဗ္ဗားစ် ؓ ထံမှ အသွာ (ရဟ) ၏ ဆင့်ပြန်ချက်ဖြင့် ဆင့်ပြန်ခဲ့သော ဆင့်ပြန်ချက်ပင် ဖြစ်သည်။ တမန်တော်မြတ် ﷺ သည် သက်တော် (၂၀) နှစ်တွင် ဟဇရသ်ခတီဂျာဟ် ؓ သခင်မ၏ ပစ္စည်းများကို ယူဆောင်၍ ကုန်ကူးသန်း ရောင်းဝယ်ရန် ရည်ရွယ်ပြီး ဆီးရီးယားနိုင်ငံဘက်သို့ ခရီးထွက်တော်မူသောအခါ ယင်းခရီးတွင် အဗူဗကရ်စိဒ္ဒီးက် ؓ သည် ကိုယ်တော်မြတ် ﷺ နှင့်အတူ လိုက်လာပါခဲ့သူ ဖြစ်သည်။ ထိုအချိန်က ၎င်း၏ အသက်မှာ (၁၈) နှစ်သာ ဖြစ်သည်။ ဤသည်မှာ بلغ اشده ကို ရည်ညွှန်းခြင်း ဖြစ်သည်။ ထိုခရီးစဉ်တွင် ၎င်းသည် ကိုယ်တော်မြတ် ﷺ ၏ အခြေအနေများကို တွေ့မြင်ပြီး ခရီးမှ အပြန်တွင် အချိန်တိုင်း၌ ကိုယ်တော်မြတ် ﷺ နှင့်အတူ နေသည်အထိ ချစ်ခင်စွဲလမ်းသွားခဲ့သည်။ နောက်ဆုံး ကိုယ်တော်မြတ် ﷺ ၏ သက်တော် (၄၀) တွင် အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ 'နဗူဝသ်' ကို ကိုယ်တော်မြတ် ﷺ အား ချီးမြှင့်တော်မူသည့်အခါ ဟဇရသ်အဗူကရ် ﷺ ၏ အသက်မှာ (၃၈) နှစ်ဖြစ်သည်။ အမျိုးသားများတွင် ဦးစွာပထမ ၎င်းသည် အစ္စလာမ်သာသနာကို လက်ခံခဲ့သူဖြစ်သည်။ တစ်ဖန် ၎င်း၏ အသက် (၄၀) အရွယ်သို့ ရောက်သောအခါ ထိုအချိန်တွင် ၎င်းသည် အထက်အာယသ်တော်ပါ ဤ رَبِّ اَوْزِعْنِىْ ဟူသော ဒိုအာကို တောင်းခံခဲ့သည်။ ဤသည်မှာ بَلَغَ اَرْبَعِيْنَ سَنَةً ကို ရည်ညွှန်းခြင်း ဖြစ်သည်။ ထို့နောက် اَنْ اَعْمَلَ صَالِحًا تَرْضٰهُ ဟူသော ဒိုအာကို တောင်းခံသောအခါ အလ္လာဟ်အသျှင်မြတ်

သည် ဤဒိုအာကို လက်ခံတော်မူလိုက်သည်။ ၄င်းအား မွတ်စ္စလင်မ်ဖြစ်သွားပြီး ထိုသို့ အစ္စလာမ်သာသနာကို လက်ခံခြင်းအပေါ် ဒုက္ခအမျိုးမျိုးပေးခြင်းကို ခံနေကြရသော ကျွန် (၉) ယောက်ကို သူကောင်းပြုသည့် 'သောင်ဖီးက်'စွမ်းအား နဖူးစာကို ချီးမြှင့်တော်မူခဲ့သည်။ အလားတူ ၄င်းတောင်းဆိုခဲ့သော

اَصْلِحْ لِىْ فِىْ ذُرِّيَّتِىْ

ဟူသော ဒိုအာကိုလည်း အလ္လာဟ်အသျှင်မြတ်က လက်ခံတော်မူခဲ့သည်။ ထို့ကြောင့် ၄င်း၏ သားသမီးများတွင် အီမာန်လက်မခံသူဟူ၍ မရှိခဲ့ပေ။ ဤနည်းဖြင့် ဆွဟာဗာများတွင် အလ္လာဟ်အသျှင်မြတ်သည် ၄င်းကိုယ်တိုင်အားလည်းကောင်း၊ ၄င်း၏ မိဘနှစ်ပါးကိုလည်းကောင်း၊ ၄င်း၏ သားသမီးများကိုလည်းကောင်း မွတ်စ္စလင်မ်အဖြစ်နှင့် ကိုယ်တော်မြတ် ﷺ ၏ အသိုင်းအဝိုင်း၌ နေခွင့်ရရှိသော နဖူးစာကို ချီးမြှင့်တော်မူ၍ ဤထူးမြတ်မှုကို ဟဇရသ်အာဗူဗကရ် ؓ သခင်ကိုသာ ချီးမြှင့်တော်မူခဲ့သည်။ သဖ်စီးရ် ရူးဟွလ်မအာနီကျမ်းတွင် ဤသည် မုဟာဂျီရ်နှင့် အန်ဆွာရ် ဆွဟာဗာများအားလုံးတို့တွင် ထိုအချိန်က ဟဇရသ်အာဗူဗကရ်စွိဒ်ဒီးက် ؓ သာလျှင် ကိုယ်တိုင်သည်လည်းကောင်း၊ မိဘများသည်လည်းကောင်း မွတ်စ္စလင်မ်ဖြစ်ကာ ဤထူးမြတ်မှုကို ရရှိခဲ့သူဖြစ်ခြင်းသည် ၄င်းအား ထောက်ခံအတည်ပြုပေးနေပါသည်' ဟု လာရှိထားသည်။

ဤနေရာတွင် မေးခွန်းတစ်ခု ပေါ်ပေါက်လာသည်မှာ 'ဟဇရသ်အာဗူဗကရ်စွိဒ်ဒီးက် ؓ ၏ ဖခင် အာဗူကုဟာဖဟ် ؓ သခင်သည် မက္ကာဟ်ကို အောင်နိုင်ပြီးနောက်မှ မွတ်စ္စလင်မ်ဖြစ်ခဲ့သည်။ ဤစူရာဟ် တစ်ပုဒ်လုံးသည် 'မက္ကီ' (မက္ကာဟ်မြို့၌ ကျရောက်ခဲ့သော) စူရာဟ်ဖြစ်သည်။ ထို့ကြောင့် ဤအာယသ်တော်များသည်လည်း မက္ကာဟ်၌ပင် ကျရောက်ခဲ့ခြင်း ဖြစ်သည်။ ထိုအချိန်တွင် မိဘနှစ်ပါးအပေါ် အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်များ ချီးမြှင့်ခံရကြောင်း တင်ပြချက်သည် မည်သို့ လျော်ကန်ပါမည်နည်း။'

ထိုစောဒက၏ အဖြေမှာ 'အချို့သော ပညာရှင်များက ဤအာယသ်တော်များသည် 'မဒနီ' (မဒီနာမြို့တော်၌ ကျရောက်ခဲ့သော) အာယသ်တော်များ ဖြစ်သည်'ဟု ဆိုရာ ဤသို့ ဆိုခြင်းအပေါ်၌မူ မည်သည့် စောဒကမျှ မရှိတော့ပေ။ အကယ်၍ 'မက္ကီ'ဖြစ်ခဲ့သည်ဆိုပါလျှင်လည်း အစ္စလာမ်သာသနာ လက်ခံရရှိမည့် ကျေးဇူးတော်ကို ချီးမြှင့်ခံရမည့်အပေါ် ဒိုအာဖြစ်မည်ဟု ဆိုလိုခြင်းဖြစ်သည်။ /*ရူးဟွလ်မအာနီ*/

ဤသဖ်စီးရ်အရ ဤအဖြစ်အားလုံးသည် ဟဇရသ်အာဗူဗကရ်စွိဒ်ဒီးက် ؓ နှင့် စပ်လျဉ်း၍ တင်ပြခြင်းဖြစ်သော်လည်း အမိန့်မှာ အများအွမ္မသ်အတွက် ဖြစ်သည်။ မွတ်စ္စလင်မ်အားလုံးအဖို့ 'လူသားသည် အသက် (၄၀) နှစ်သို့ နီးကပ်လာသည့်အခါ တမလွန်၏ သောကကို များပြောင်စွာ ထားရှိရမည့်အကြောင်းနှင့် ကျူးလွန်ခဲ့ပြီးသော ပြစ်မှုများအတွက် 'သောင်ဗာဟ်'ပြုလုပ်၍ နောင်အခါတွင် ထိုပြစ်မှုများမှ ရှောင်ကြဉ်ရန်အတွက် အပြည့်အဝ ဂရုပြုရန် ညွှန်ကြား မိန့်မှာခြင်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အကယ်၍ 'အသက် (၄၀) တွင် စာရိတ္တတစ်ခုနှင့် အကျင့်စရိုက်တစ်ခုသည် လူတစ်ဦး၌ ဖြစ်ပေါ်နေပါလျှင် ထိုစာရိတ္တနှင့် အကျင့်စရိုက်ကို ပြုပြင်ပြောင်းလဲရန်မှာ ခက်ခဲသောကြောင့် ဖြစ်သည်။

ဟဇရသ်အွတ်စ်မာန်ဂနီ رضي الله عنه ထံမှ ဆင့်ပြန်ခဲ့သည်။ 'တမန်တော်မြတ် ﷺ က မိန့်ကြားတော် မူသည်မှာ 'မုအ်မင်န်ဗန္ဒာဟ်သည် အသက် (၄၀) သို့ ရောက်ရှိသည့်အခါ အလ္လာဟ်အသျှင်မြတ်သည် ၎င်း၏ စာရင်းကို လွယ်ကူစေတော်မူသည်။ အသက် (၆၀) သို့ ရောက်ရှိသည့်အခါ ၎င်းအား မိမိဘက်သို့ ပြန်လှည့်လာနိုင်သော နဖူးစာအခွင့်အလမ်းကို ပေးသနားတော်မူသည်။ အသက် (၇၀) သို့ ရောက်ရှိသွားပါလျှင် မိုး ကောင်းကင်၌ ရှိသူအားလုံးသည် ၎င်းအား ချစ်ခင်ကြလေသည်။ အသက် (၈၀) သို့ ရောက်ရှိသွားပါလျှင် အလ္လာဟ်အသျှင်မြတ်သည် ၎င်း၏ ကောင်းမှုများကို ကျန်ရှိစေတော်မူပြီး ၎င်း၏ မကောင်းမှုများကို ပယ်ဖျက်ပေးတော်မူလေသည်။ အသက် (၉၀) ဖြစ်သွားသည့်အခါ ၎င်း၏ ရှေ့နောက် အပြစ် 'ဂိုနာဟ်'များကို ပလပ်ပေးတော်မူသည်။ ထို့ပြင် ထိုသူ့အား ၎င်း၏ အိမ်သူအိမ်သားများနှင့် စပ်လျဉ်း၍ 'ရှဖာအသ်' (အသနား၊ ကရုဏာတော် တောင်းခံပေးခြင်း) ပြုရန် အခွင့်အရေးပေးတော်မူသည်။ ထို့နောက် မိုးကောင်းကင်တွင် ၎င်း၏ အမည်နှင့်တကွ اسير الله فى الارض ('ဤသူသည် ကမ္ဘာမြေပေါ်၌ အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ အကျဉ်းသားဖြစ်သည်'ဟု ရေးသားပေးခြင်း ခံရသည်။)

[အိဗ်နေကဆီးရ်၊ အဘီယအ်လာ၊ မုစ်နဒ်အဟ်မဒ်။]

ဤဟဒီးစ်တော်၌ 'မုအ်မင်န်ဗန္ဒာဟ်'ဆိုသည်မှာ မိမိ၏ ဘဝသက်တမ်းကို ရှရီအသ်တရားတော်၏ အမိန့်ပညတ်တော်များနှင့်အညီ လိုက်နာကျင့်ဆောင်လျက် 'သက္ကဝါ'အကြောက်တရားနှင့် နေထိုင်ခဲ့သူကို ဆိုလိုကြောင်း ထင်ရှားသည်။ အိဗ်နေကဆီးရ် (ရဟ) သည် ပထမသဖ်စီးရ်ကိုသာ ရွေးချယ်ခဲ့သည်။ ဆိုလိုသည်မှာ အာယသ်တော်၏ အညွှန်းခံ ပုဂ္ဂိုလ်များမှာ လူသားအားလုံးကို ဆိုလိုသည်ဟူ၍ ဖြစ်သည်။ ထို့ကြောင့် အထူးသီးသန့်စာလုံးများဖြင့် လာရှိသော ဥပမာ-

حَتّٰى اِذَا بَلَغَ اَشُدَّهٗ وَبَلَغَ اَرْبَعِيْنَ سَنَةً

နှင့် အစရှိသည်တို့သည် ပမာခိုင်းနှိုင်း၍ တင်ပြခံရခြင်းဖြစ်သည်။ ၎င်းမှ အသက် (၄၀) နှစ်အရွယ်သို့ ရောက်ရှိလာသည့် လူသားအဖို့ မိမိသည်လည်းကောင်း၊ မိမိကိုယ်ကို ထိန်းသိမ်းပြုပြင်ရန်နှင့် မိမိနှင့် အိမ်သူအိမ်သားများအား ဆုံးမပဲ့ပြင် ပြုပြင်ပေးရန်အတွက်နှင့် တမလွန်၏ သောကအာရုံ အစဉ်ရှိနေသင့်ကြောင်းဘက်သို့ လမ်းညွှန်တင်ပြရန် ရည်ရွယ်ခြင်းဖြစ်သည်။

اُولٰٓئِكَ الَّذِيْنَ نَتَقَبَّلُ عَنْهُمْ اَحْسَنَ مَا عَمِلُوْا وَنَتَجَاوَزُ عَنْ سَيِّاٰتِهِمْ

(ဤသူတို့သည်ပင်လျှင် အကြင်သူများ ဖြစ်ကြကုန်၏။ ငါအသျှင်မြတ်သည် ၎င်းတို့၏ ကောင်းမြတ်လှသော ကျင့်မှုချက်များကို သဘောတူလက်ခံတော်မူပေမည်။ ထို့ပြင် ငါအသျှင်မြတ်သည် ၎င်းတို့၏ ပြစ်မှုများကို အရေးမယူ လစ်လျူရှုတော်မူပေမည်။) *[၄၆ : ၁၆]*

ဆိုလိုသည်မှာ ဤကဲ့သို့သော မုအ်မင်န်၊ မွတ်စ္စလင်မ်များသည် အထက်ဖော်ပြပါ အခြေအနေများနှင့် ရှိပါလျှင် ၎င်းတို့၏ ကောင်းမှုများသည် လက်ခံခြင်း ခံကြရပေမည်။ အပြစ်များကို ခွင့်လွှတ်ချမ်းသာပေး

ခြင်း ခံရပေမည်။ ဤအမိန့်သည်လည်း အများအတွက်ဖြစ်သည်။ အကယ်၍ ဤအာယသ်တော်၏ ကျရောက်ခဲ့ခြင်း၏ အကြောင်းခံပုဂ္ဂိုလ်သည် ဟဇရသ်အဗူဗကရ်စ္စိဒ်ဒီးက် ؓ ဖြစ်လျှင်မူ ၎င်းသည် ထိုအမိန့်၏ ပထမဦးဆုံး အညွှန်းခံပုဂ္ဂိုလ်ဖြစ်မည်။ ဟဇရသ်အလီ ؓ သခင်၏ အောက်ဖော်ပြပါအမိန့်အရလည်း အာယသ်တော်၏ အလိုသဘောမှာ အများအတွက်ဖြစ်ကြောင်း သိရှိရပေသည်။ အိဗ်နေကဆီးရ် (ရဟ) သည် မိမိ၏ သဖ်စီးရ်ဖွင့်ဆိုချက်တွင် စနဒ်နှင့်တကွ မိုဟမ္မဒ်ဗင်န်ဟာသ္ဗိဗ် (ရဟ) ၏ ဆင့်ပြန်ချက်ကို ဖော်ပြသည်မှာ 'အခါတစ်ပါးတွင် ကျွန်ုပ်သည် အမီရွလ်မုအ်မိနီးန် ဟဇရသ်အလီ ؓ ၏ အပါး၌ ရှိနေခဲ့သည်။ ထိုအချိန်က ၎င်း၏အပါးတွင် အခြားပုဂ္ဂိုလ်များလည်း ရှိနေခဲ့ကြသည်။ ၎င်းတို့သည် ဟဇရသ်အွတ်စ်မာန်ဂနီ ؓ အပေါ် အချို့သော အပြစ်ဖို့သည့် စကားများကို ပြောဆိုကြသောအခါ ဟဇရသ်အလီ ؓ သခင်က

كان عثمان رضى الله عنه من الّذين قال الله تعالى فيهم

أُولَٰئِكَ الَّذِينَ نَتَقَبَّلُ عَنْهُمْ أَحْسَنَ مَا عَمِلُوا وَنَتَجَاوَزُ عَن سَيِّئَاتِهِمْ
فِي أَصْحَابِ الْجَنَّةِ ۖ وَعْدَ الصِّدْقِ الَّذِي كَانُوا يُوعَدُونَ ﴿١٦﴾

قال والله عثمان واصحا ب عثمان رضى الله عنهم قالها ثلاثًا

အွတ်စ်မာန် ؓ သခင်သည် အလ္လာဟ်အသျှင်မြတ်က

أُولَٰئِكَ الَّذِينَ نَتَقَبَّلُ عَنْهُمْ أَحْسَنَ مَا عَمِلُوا وَنَتَجَاوَزُ عَن سَيِّئَاتِهِمْ
فِي أَصْحَابِ الْجَنَّةِ ۖ وَعْدَ الصِّدْقِ الَّذِي كَانُوا يُوعَدُونَ ﴿١٦﴾

(ဤသူတို့သည်ပင်လျှင် အကြင်သူများ ဖြစ်ကြကုန်၏။ ငါအသျှင်မြတ်သည် ၎င်းတို့၏ ကောင်းမြတ်လှသော ကျင့်မူချက်များကို သဘောတူလက်ခံတော်မူပေမည်။ ထို့ပြင် ငါအသျှင်မြတ်သည် ၎င်းတို့၏ ပြစ်မှုများကို အရေးမယူ လစ်လျူရှုတော်မူပေမည်။ ဤသူတို့သည် မှန်ကန်သော ကတိပေးခြင်းကို ခံခဲ့ကြရသည်နှင့်အညီ 'ဂျန္နသ်' သုခဘုံသားတို့တွင် အပါအဝင် ဖြစ်ကြပေမည်။) *[၄၆ : ၁၆]*

ဟု မိန့်ဆိုထားခြင်း ခံရသူတို့အနက်မှ ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်၏ ကစမ်၊ ဤအာယသ်တော်၏ ရည်ညွှန်းချက်သည် ဟဇရသ်အွတ်စ်မာန် ؓ နှင့် ၎င်း၏ မိတ်ဆွေများပင် ဖြစ်သည်ဟု ပြောဆိုခဲ့သည်။ ဟဇရသ်အလီ ؓ သည် ဤစကားကို (၃) ကြိမ်တိုင် ပြောဆိုခဲ့သည်။ *[အိဗ်နေကဆီးရ်]*

وَالَّذِي قَالَ لِوَالِدَيْهِ أُفٍّ لَّكُمَا

(ထို့ပြင် အကြင်သူသည် မိမိ၏ မိဘနှစ်ပါးအား (ဤသို့) ပြောဆိုခဲ့၏။ အသင်တို့နှစ်ဦးအဖို့ ရှက်ဖွယ်ပင် ကောင်းလှ၏။) *[၄၆ : ၁၇]*

ကျော်လွန်ခဲ့သော အာယသ်တော်များတွင် မိဘနှစ်ပါးအား ပြုစုရန်နှင့် ၎င်းတို့၏ အမိန့်နာခံရန် အမိန့်တော်များ လာရှိခဲ့သည်။ ဤအာယသ်တော်တွင် မိမိ၏ မိဘနှစ်ပါးအပေါ် မကောင်းသော ဆက်ဆံခြင်းနှင့် ရိုင်းစိုင်းစွာ ပြောဆိုခြင်းများ ပြုလုပ်သူတို့၏ 'အဇာဗ်'အပြစ်ဒဏ်အကြောင်းကို ဖော်ပြထားသည်။ အထူးသဖြင့် မိဘနှစ်ပါးသည် ၎င်းအား အစ္စလာမ်သာသနာလက်ခံရန်နှင့် ကောင်းမှုကိုယ်ကျင့်တရားများဘက်သို့ ဖိတ်ခေါ်ခြင်းဖြစ်လျှင် ၎င်းတို့၏ စကားများကို လက်မခံခြင်းဖြင့် 'အပြစ်နှစ်ဆ' ထိုက်ပေမည်။ အိဗ်နေကစီးရ် (ရဟ) က မိန့်ဆိုသည်မှာ 'အာယသ်တော်၏ အလိုသဘောမှာ အများအတွက် ဖြစ်သည်။ မည်သူမဆို မိမိ၏ မိဘနှစ်ပါးအပေါ် မကောင်းဆက်ဆံခဲ့သည်ဖြစ်လျှင် ထိုသူသည် ဤအာယသ်တော်၏ ရည်ညွှန်းချက်ဖြစ်သည်။

မရ်ဝါန်သည် မိမိ၏ 'ခွသ်ဗာဟ်'တစ်ခုတွင် ဤအာယသ်တော်၏ ရည်ညွှန်းချက်မှာ ဟဇရသ်အဗ်ဒုရ် ရဟ်မားန်ဗင်နအဘီဗကရ် ﷺ ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ၎င်း၏ ပြောကြားချက် မှားကြောင်း ဆွဟီးဟ် ဘိုခါရီကျမ်းတွင် ဟဇရသ်အာအေရှာဟ် ﷺ သခင်မ၏ ဆင့်ပြန်ချက် လာရှိထားသည်။ အမှန်ကန်ဆုံးအဆိုမှာ 'အာယသ်တော်၏ အလိုသဘောမှာ အများအတွက်ဖြစ်သည်။ မည်သည့်ဆွဟီးဟ် ဆင့်ပြန်ချက်တွင်မျှ မည်သည့်လူတစ်ဦးတစ်ယောက်သည် ဤအာယသ်တော်၏ ရည်ညွှန်းခံ ပုဂ္ဂိုလ်ဖြစ်သည်ဟု ဆင့်ပြန်လာရှိထားခြင်း မရှိပေ။

اَذْهَبْتُمْ طَيِّبٰتِكُمْ فِىْ حَيَاتِكُمُ الدُّنْيَا

(အသင်တို့သည် မိမိတို့၏ လောကီဘဝ၌ပင် မိမိတို့၏ ကောင်းမြတ်သော အရာများ (တစ်နည်း) စည်းစိမ်ချမ်းသာများကို ဖြုန်းတီးပစ်ခဲ့ကြပြီး ဖြစ်ရာ) ဆိုလိုသည်မှာ ကာဖိရ်တို့အား ရည်ညွှန်း ဦးတည်လျက် မိန့်ကြားတော်မူမည်မှာ အသင်တို့သည် အကယ်၍ လောကီဘဝတွင် ကောင်းမှုကုသိုလ်အချို့ ပြုလုပ်ခဲ့ကြသည်ဆိုလျှင် ထိုကောင်းမှုတို့၏ အစားကို အသင်တို့အား လောကီရေးစည်းစိမ်များ၏ အသွင်ဖြင့် ပေးခဲ့ပြီးဖြစ်သည်။ ယခု တမလွန်တွင် အသင်တို့အဖို့ မည်သည့်ရပိုင်ခွင့် ဝေစုမျှ မရှိတော့ပေ'ဟု ဖြစ်သည်။ ဤမိန့်ကြားချက်သည် ကာဖိရ်များအား မိန့်ကြားခြင်း ဖြစ်သည်။ ဤမိန့်ကြားချက်အရ သိရှိရသည်မှာ 'ကာဖိရ်တို့၏ ကောင်းမှုကျင့်စဉ်များသည် အီမာန်သက်ဝင် ယုံကြည်ခြင်းမရှိသည့်အတွက် အလ္လာဟ်အသျှင်မြတ်ထံတော်တွင် လက်ခံခြင်းမခံရပေ။ 'အာခေရသ်'တွင် ၎င်းတို့၏ မည်သည့်တန်ဖိုးမျှ ရှိမည်မဟုတ်ပေ။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အား ဒုန်နယာလောကတွင် ၎င်းကောင်းမှုကုသိုလ်တို့၏ ကောင်းမှုကျင့်စဉ်များ၏ အကျိုးအစားကို ပေးတော်မူလိုက်သည်။ ကာဖိရ်တို့၏ ဥစ္စာပစ္စည်း ကြွယ်ဝချမ်းသာမှု၊ ဂုဏ်သိက္ခာ၊ ရာထူးရာခံ စသည်တို့ကို လောက၌ ရရှိနေကြခြင်းမှာ ၎င်းတို့၏ ကောင်းမှုကုသိုလ်၊ ရက်ရောစွာ လှူဒါန်းမှု၊ စာနာထောက်ထားမှုနှင့် မှန်မှန်ကန်ကန် နေထိုင်ကျင့်ကြံမှု စသည်တို့၏ အကျိုးဆက်များပင် ဖြစ်သည်။ မုအ်မင်န်များအတွက်မူ အကယ်၍ ၎င်းတို့အဖို့ လောကတွင် ကျေးဇူးတော်စည်းစိမ်များ၊ သုခချမ်းသာများ၊ ဥစ္စာပစ္စည်း စသည်များ ရရှိခြင်းတို့ကြောင့် ၎င်းတို့၏ တမလွန် ရပိုင်ခွင့်များမှ လက်မဲ့ ဖြစ်မည် မဟုတ်ပေ။

လောကီရေးချိူမြိန်မှုများနှင့် အရသာခံ စီမံခံခြင်းများမှ ရှောင်ကြဉ်ရန် လှုံ့ဆော်ခြင်း

ဤအာယသ်တော်တွင် ကာဖိရ်များကို ရှုတ်ချပြစ်တင် 'အဇာဗ်'အပြစ်ဒဏ်ပေးမည့် အကြောင်းကို ၄င်းတို့၏ လောကီရေး ချိူမြိန်မှုများတွင် နစ်မွန်းနေခြင်းအပေါ် အခြေပြု တင်ပြထားသည်။ ထို့ကြောင့် တမန်တော်မြတ် ﷺ သည်လည်းကောင်း ဆွဟာဗာများနှင့် သာဗိအီးန်သခင်ကြီးများသည်လည်းကောင်း လောကီရေးစည်းစိမ်များအပေါ် ယစ်မူးသာယာ စီမံခံခြင်းကို စွန့်လွှတ်သည့် အလေ့အကျင့်များ ပြုတော်မူခဲ့ခြင်း ဖြစ်သည်။ ထိုပုဂ္ဂိုလ်မွန်တို့၏ ဘ၀သက်တမ်း အတ္ထုပ္ပတ္တိသည် ၄င်း၏ သက်သေပင် ဖြစ်သည်။ တမန်တော်မြတ် ﷺ သည် ဟဇရသ်မအားဇ် ﷺ အား ယမန်သို့ စေလွှတ်သောအခါ 'လောကီရေး စည်းစိမ် အပေါ် ယစ်မူး သာယာ စီမံခံခြင်းများမှ ရှောင်ကြဉ်ပါလေ'ဟု မှာတမ်းတော်မူခဲ့သည်။ ဟဇရသ်အလီ ﷺ သခင်၏ ဆင့်ပြန်ချက် လာရှိသည်မှာ 'တမန်တော်မြတ် ﷺ က 'မည်သူမဆို အလ္လာဟ်အသျှင်မြတ်ထံ တော်မှ အနည်းငယ် ရိဇိရိက္ခာ ရရှိခြင်းအပေါ် ကျေနပ်ခဲ့မည်ဆိုပါလျှင် အလ္လာဟ်အသျှင်မြတ်သည်လည်း ၄င်း၏ အနည်းငယ်မျှသော 'အမလ်'ကျင့်ဆောင်မှုအပေါ် သဘောတူနှစ်သက် လက်ခံတော်မူပေလိမ့်မည်။

[မဇ္ဟရီကျမ်း]

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَاذْكُرْ اَخَا عَادٍ ؕ اِذْ اَنْذَرَ قَوْمَهٗ بِالْاَحْقَافِ وَقَدْ خَلَتِ النُّذُرُ مِنْۢ
بَيْنِ يَدَيْهِ وَمِنْ خَلْفِهٖۤ اَلَّا تَعْبُدُوْۤا اِلَّا اللّٰهَ ؕ اِنِّیْۤ اَخَافُ
عَلَيْكُمْ عَذَابَ يَوْمٍ عَظِيْمٍ ﴿۲۱﴾

၄၆ : ၂၁ ။ ။ ၄င်းပြင် (အို၊ နဗီတမန်တော်) အသင်သည် (၄င်းတို့အား) 'အားဒ်'အမျိုးသားတို့၏ နောင်တော် (သားချင်းဖြစ်သော တမန်တော်ဟူးဒ်) ၏ အကြောင်းကို ပြောပြပါလေ။ အကြင်အခါ၀ယ် ထိုနောင်တော်သည် မိမိ၏ အမျိုးသားတို့အား 'အဟ်ကာဖ်'အမည်ရှိ သဲတောင်များ၊ (ရှာ) ၌ သတိပေးနှိုးဆော်ခဲ့၏။ ထို့ပြင် ၄င်းနောင်တော် (ဟူးဒ်) ၏ အလျင်လည်းကောင်း၊ နောက်တွင်လည်းကောင်း သတိပေးနှိုးဆော်သူများသည် လွန်လေခဲ့ပြီး ဖြစ်ကြကုန်၏။ (ထိုနောင်တော် ဟူးဒ်က) အသင်တို့သည် အလ္လာဟ်အသျှင်မြတ်မှတစ်ပါး အခြားတစ်စုံတစ်ရာကိုမျှ ဆည်းကပ်ကိုးကွယ်ခြင်း မပြုကြကုန်လင့်။ ကေန်စင်စစ် ငါသည် အသင်တို့နှင့် ပတ်သက်၍ ကြီးကျယ်လှစွာသော နေ့၏ ပြစ်ဒဏ်ကို စိုးရိမ်မိသည် (ဟူ၍ သတိပေးနှိုးဆော်ခဲ့၏။)

قَالُوٓا۟ أَجِئْتَنَا لِتَأْفِكَنَا
عَنْ ءَالِهَتِنَا فَأْتِنَا بِمَا تَعِدُنَآ إِن كُنتَ مِنَ ٱلصَّٰدِقِينَ ﴿٢٢﴾

၄၆ : ၂၂ ။ ။ ၎င်းတို့က (ဤသို့) ပြောဆိုခဲ့ကြကုန်၏။ 'အသင်သည် ကျွန်ုပ်တို့အား၊ ကျွန်ုပ်တို့၏ ကိုးကွယ်ရာများမှ လွှဲဖယ်ရန် ကျွန်ုပ်တို့ထံ လာခဲ့လေသလော။ သို့ဖြစ်လျှင် အသင်သည် သစ္စာဝါဒီတစ်ဦး ဖြစ်ပါမူ၊ အသင်က ကျွန်ုပ်တို့အား ခြိမ်းခြောက်လျက် ရှိသော (ပြစ်ဒဏ်) အရာကို ကျွန်ုပ်တို့ထံ ယူဆောင်ခဲ့လော။'

قَالَ إِنَّمَا ٱلْعِلْمُ عِندَ ٱللَّهِ وَأُبَلِّغُكُم مَّآ أُرْسِلْتُ بِهِۦ وَلَٰكِنِّىٓ
أَرَىٰكُمْ قَوْمًا تَجْهَلُونَ ﴿٢٣﴾

၄၆ : ၂၃ ။ ။ ထိုနောင်တော် (ဟူးဒ်) က (ဤသို့) ပြောကြားခဲ့လေ၏။ (ပြစ်ဒဏ်နှင့် စပ်လျဉ်း၍ တိကျသော) 'အသိပညာသည် အလ္လာဟ်အသျှင်မြတ်၏ ထံတော်၌သာ ရှိ၏။ စင်စစ် ငါသည် အသင်တို့ထံ အကြင်အမိန့်တော်များကိုသာ ပို့ဆောင်၏။ ငါသည် ယင်းအမိန့်တော်များနှင့်တကွ စေလွှတ်ခြင်း ခံခဲ့ရလေ၏။ သို့ရာတွင် ငါသည် အသင်တို့အား အသိပညာ ကင်းမဲ့သော အမျိုးသားများအဖြစ် တွေ့မြင်ရပေသည်။'

فَلَمَّا رَأَوْهُ عَارِضًا مُّسْتَقْبِلَ أَوْدِيَتِهِمْ قَالُوا۟ هَٰذَا عَارِضٌ
مُّمْطِرُنَا ۚ بَلْ هُوَ مَا ٱسْتَعْجَلْتُم بِهِۦ ۖ رِيحٌ فِيهَا عَذَابٌ أَلِيمٌ ﴿٢٤﴾

၄၆ : ၂၄ ။ ။ ထို့နောက် ၎င်းတို့သည် ယင်းပြစ်ဒဏ်ကို မိမိတို့ (မှီတင်းနေထိုင်ရာ) တောင်ကြားအရပ်ဒေသများသို့ မိုးတိမ်အဖြစ် ရှေ့တူရူလာနေသည်ကို တွေ့မြင်ကြရလေသောအခါ၊ 'ဤသည် ကျွန်ုပ်တို့အပေါ်၌ မိုးရွာသွန်းမည်ဖြစ်သော မိုးတိမ်ပင် ဖြစ်သည်' ဟု ၎င်းတို့က ဆိုခဲ့ကြကုန်၏။ ထိုသို့ အလျှဉ်းမဟုတ်။ စင်စစ်မှာ ယင်း (မိုးတိမ်) သည် အသင်တို့ အလျင်စလို တောင်းဆိုခဲ့ကြသော (ပြစ်ဒဏ်ပင်) ဖြစ်၏။ ယင်းသည် အလွန်နာကျင်ဖွယ်ရာ ဖြစ်စေမည့် ပြစ်ဒဏ်ပါရှိသော လေပြင်းမုန်တိုင်းတစ်ခုပင် ဖြစ်ပေသည်။

تُدَمِّرُ كُلَّ شَىْءٍۭ بِأَمْرِ رَبِّهَا
فَأَصْبَحُوا۟ لَا يُرَىٰٓ إِلَّا مَسَٰكِنُهُمْ ۚ كَذَٰلِكَ نَجْزِى ٱلْقَوْمَ ٱلْمُجْرِمِينَ ﴿٢٥﴾

၄၆ : ၂၅ ။ ။ ထိုလေပြင်းမုန်တိုင်းသည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ အမိန့်တော်နှင့်အညီ အရာခပ်သိမ်းတို့ကို ဖျက်ဆီးပစ်ပေမည်။ ထို့နောက် ၎င်းသူတို့သည် ၎င်းတို့၏ (ပြိုကျပျက်စီးနေသော) နေအိမ်များမှအပ အခြားတစ်စုံတစ်ရာကိုမျှ မမြင်ရလေသော အဖြစ်သို့ ရောက်ရှိ (သည်အထိ ပျက်စီး) သွားခဲ့ကြကုန်၏။ ငါအသျှင်မြတ်သည် အပြစ်ရှိသော သူတို့အား ထိုနည်းအတိုင်းပင် အစားပေးတော်မူပေသည်။

وَلَقَدْ مَكَّنّٰهُمْ فِيْمَآ اِنْ مَّكَّنّٰكُمْ فِيْهِ
وَجَعَلْنَا لَهُمْ سَمْعًا وَّاَبْصَارًا وَّاَفْـِٕدَةً ۖ فَمَآ اَغْنٰى عَنْهُمْ
سَمْعُهُمْ وَلَآ اَبْصَارُهُمْ وَلَآ اَفْـِٕدَتُهُمْ مِّنْ شَيْءٍ اِذْ كَانُوْا يَجْحَدُوْنَ
بِاٰيٰتِ اللّٰهِ وَحَاقَ بِهِمْ مَّا كَانُوْا بِهٖ يَسْتَهْزِءُوْنَ ﴿٢٦﴾

၄၆ : ၂၆ ။ ။ ထို့ပြင် ဧကန်မလွဲ ငါအသျှင်မြတ်သည် အသင်တို့အား ပေးတော်မမူခဲ့သော အရည်အချင်း စွမ်းရည်သတ္တိကိုပင် ၄င်းသူတို့အား ဆောင်ရွက်နိုင်ရန် ပေးတော်မူခဲ့၏။ ထို့ပြင် ငါအသျှင်မြတ်သည် ၄င်းတို့အား နား၊ မျက်စိနှင့် စိတ်နှလုံးတို့ကိုလည်း ပေးသနားတော်မူခဲ့၏။ သို့ရာတွင် ၄င်းသူတို့၏ နားများသည် ၄င်းသူတို့အဖို့ လုံးဝ အသုံးဝင်ခဲ့သည် မဟုတ်ပေ။ ထိုနည်းတူစွာ ၄င်းသူတို့၏ မျက်စိများလည်း အသုံးမဝင်မခဲ့ချေ။ ၄င်းသူတို့၏ စိတ်နှလုံးများလည်း အသုံးဝင်ခဲ့သည် မဟုတ်ပေ။ အကြောင်းမှာ ၄င်းတို့သည် အလ္လာဟ်အသျှင်မြတ်၏ သက်သေလက္ခဏာ (အာယသ်) တော်များကို ငြင်းပယ်လျက် ရှိခဲ့ကြ သောကြောင့်ပင် (ဖြစ်၏။) ထို့ပြင် ပြက်ရယ်ပြောင်လှောင်လျက် ရှိခဲ့ကြသော ပြစ်ဒဏ်သည် ၄င်းတို့အား ဝန်းဝိုင်းခဲ့လေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့ပြင် (အို၊ နဗီတမန်တော်) အသင်သည် 'အားဒ်'အမျိုးသားများ၏ နောင်တော် (သားချင်းဖြစ်သော တမန်တော် ဟူးဒ် عليه السلام) ၏ အကြောင်းကို (၄င်းတို့အား) တင်ပြပြောကြားပါလေ။ ထိုနောင်တော် (တမန်တော်ဟူးဒ် عليه السلام) သည် ရှည်လျားကွေ့ကောက်မှုရှိသော သဲတောင်များ (ရှာ) ၌ နေထိုင်ကြသော မိမိ၏ အမျိုးသားများအား (အသျှင်မြတ်၏ 'အဇားဗ်'အပြစ်ဒဏ်မှ လွတ်ကင်းစေရန်) အသင်တို့သည် အလ္လာဟ်အသျှင်မြတ်မှအပ အခြားတစ်စုံတစ်ရာကိုမျှ ကိုးကွယ်ခြင်း မပြုကြလေနှင့်။ (ထိုသို့မဟုတ်ပါက အသင်တို့အပေါ်၌ 'အဇားဗ်'ကျရောက်လာပေမည်) ဟု သတိပေးနှိုးဆော်ခဲ့သည်။ ('အဟ်ကားဖ်'မည်သော သဲတောင်များဟု ၄င်းဒေသ၏ သင်္ကေတကို တင်ပြခြင်းမှာ တွေ့မြင်သူများအဖို့ အလွယ်တကူ သိရှိသွားစေရန်ဖြစ်သည်။) ထို့ပြင် ထိုနောင်တော် (ဟူးဒ် عليه السلام) ၏ အလျှင်၌လည်းကောင်း၊ ၄င်း၏ နောက်တွင်လည်းကောင်း၊ (ဤအကြောင်းနှင့် စပ်လျဉ်း၍) များစွာသော သတိပေးနှိုးဆော်သူများသည် (နဗီတမန် တော်များသည် ယခုတိုင်) လွန်လေခဲ့ပြီး ဖြစ်ကြကုန်၏။ (ဟူးဒ် عليه السلام သည် ထိုလွန်လေခဲ့ပြီးသော နဗီတမန်တော်များ အားလုံးတို့သည် တစ်ညီတစ်ညွတ်တည်း၊ တစ်ပါးတည်းသော အလ္လာဟ်အသျှင်မြတ်ကိုသာ ကိုးကွယ်ရန်အတွက် ဖိတ်ခေါ်ခဲ့ခြင်းကို ၄င်းတို့၏ရှေ့ဝယ် တင်ပြခဲ့သည်ဟုဆိုလျှင်လည်း မဖြစ်နိုင်ဖွယ် မည်သည့်အံ့ဖွယ်အရာမျှ မဟုတ်ပေ။ မည်သို့ဆိုစေ ကြားအလယ်တွင် وقد خلت النذر ဟူသော စာပိုဒ်ကို ဖြည့်စွက် ထည့်သွင်းထားခြင်းသည် 'ဒအ်ဝသ်'ဖိတ်ခေါ်နေသည့် အကြောင်းအရာများကို လေးနက်မှု ဖြစ်ပေါ်စေသော အကျိုးအကြောင်းများအတွက် ဖြစ်သည်။ ထို့ပြင် ဟူးဒ် عليه السلام သည် သတိပေး

နှိုးဆော်ရာတွင်) 'ကေန်အမှန် ငါသည် အသင်တို့အပေါ်၌ အလွန်ကြီးမား (ပြင်းထန်) သော နေ့၏ 'အဇာဗ်'အပြစ်ဒဏ် (ကျရောက်မည်) ကို စိုးရိမ်မိသည်။ (အကယ်၍ ၎င်း 'အဇာဗ်'အပြစ်ဒဏ်မှ လွတ်ကင်းလိုလျှင် ကိုးကွယ်ခံထိုက်တော်မူသော အသျှင် အလ္လာဟ်တစ်ပါးတည်းသာ တည်ရှိ၏ဟူသော 'သောင်ဟီးဒ်'တရားကို လက်ခံလိုက်ပါလေ)' ဟု သတိပေးနှိုးဆော်ခဲ့သည်။ ၎င်းတို့က 'အသင်သည် ကျွန်ုပ်တို့အား ကျွန်ုပ်တို့၏ ကိုးကွယ်ရာများမှ လွှဲဖယ်ရန် ရည်ရွယ်ချက်ဖြင့် ကျွန်ုပ်တို့ထံ လာရောက်ခြင်း ဖြစ်ပါသလော။ သို့ဖြစ်ပေရာ (ကျွန်ုပ်တို့မှာမူ လွှဲဖယ်ကြမည့်သူများ မဟုတ်ပါချေ။) အသင်သည် မှန်ကန်သူဖြစ်ပါလျှင် အသင်က ကျွန်ုပ်တို့အား ချိန်းခြောက်လျက်ရှိသော ('အဇာဗ်' အပြစ်ဒဏ်) အရာကို ကျွန်ုပ်တို့အပေါ်သို့ ကျရောက်စေပါ' ဟု ပြောဆိုခဲ့ကြကုန်၏။

ထိုနောင်တော် (ဟူးဒ် ﷺ) က ('အဇာဗ်'အပြစ်ဒဏ်သည် မည်သည့်အခါ ကျရောက်မည်ဆိုသည်နှင့် စပ်လျဉ်း၍ တိကျသော) အသိသည် အလ္လာဟ်အသျှင်မြတ်ထံတော်၌သာ ရှိသည်။ စင်စစ် ငါသည် အကြင် အမိန့်တော်များနှင့်အတူ စေလွှတ်ခြင်းခံခဲ့ရလေ၏။ ယင်းအမိန့်တော်များကိုသာ အသင်တို့ထံသို့ ပို့ဆောင်ခြင်းပြုပါသည်။ (သို့ဖြစ်ပေရာ ယင်းအမိန့်တော်များတွင် အသင်တို့အပေါ်၌ 'အဇာဗ်'အပြစ်ဒဏ် ကျရောက်လာမည့် အကြောင်းကိုလည်း ငါ့အား အသိပေးခဲ့သည်ဖြစ်ရာ ငါသည် အသင်တို့အား ယင်းအကြောင်းကို အသိပေးခဲ့ပြီး ဖြစ်သည်။ ထို့ထက်ပို၍ ငါ့၌ အသိလည်း မရှိ။ စွမ်းအားလည်း မရှိပါချေ) သို့ရာတွင် ငါသည် အသင်တို့အား အသိတရား ခေါင်းပါးသော အမျိုးသားများအဖြစ်သာ တွေ့မြင်ရပေသည်ဟု ပြောကြားခဲ့လေ၏။

(ယင်းအသိတရား ခေါင်းပါးသော လုပ်ရပ်များအနက်မှ တစ်ခုမှာ ကိုးကွယ်ခံထိုက်တော်မူသော အသျှင် အလ္လာဟ်အသျှင်မြတ်တစ်ပါးတည်းသာ တည်ရှိ၏ဟူသော 'သောင်ဟီးဒ်'တရားကို လက်မခံခဲ့သည်သာမက တစ်ဖန် မိမိတို့၏ နှုတ်ဖြင့် ဒုက္ခများကို တောင်းဆိုခဲ့ကြပြီး၊ တစ်ဖန် ငါ့အား 'အသင် မှန်ကန်လျှင် အသင်ပြောကြား ခြိမ်းခြောက်လျက်ရှိသော (ပြစ်ဒဏ်) အရာကို ကျွန်ုပ်တို့အပေါ်သို့ ကျရောက်စေပါ'ဟု ပြောဆိုကြပြန်သည်။ သို့ရာတွင် ငါသည် မိမိ၏ မှန်ကန်ကြောင်းကို ရဲရဲရင့်ရင့် ကြွေးကြော်ပါ၏။ ထိုအချက်အပေါ် အထောက်အထားများလည်း ပြဆိုခဲ့ပြီး ဖြစ်သည်။ အသင်တို့ သံသယဖြစ်နေသော နေ့ ကျရောက်ဖြစ်ပေါ်လာမည်ဖြစ်ခြင်းနှင့် စပ်လျဉ်း၍ တိကျသော အချိန်ကိုမူ ငါ့အား အသိပေးထားခြင်း မရှိပေ။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ် အလိုရှိတော်မူ၍ ကျရောက်လာသည့်အခါ အသင်တို့ တွေ့မြင်ကြရပေမည်။ အချုပ်ဆိုရသော် ၎င်းတို့သည် မည်သည့်နည်းနှင့်မျှ အမှန်တရားကို လက်မခံခဲ့ကြပေ။ သို့ဖြစ်ပေရာ 'အဇာဗ်'အပြစ်ဒဏ်သည် ၎င်းတို့ထံသို့ ကျရောက်လာခဲ့လေပြီ။ ဦးစွာပထမ မိုးတိမ်အုပ်တစ်ခု တက်လာခဲ့သည်။)

သို့ဖြစ်ပေရာ ၎င်းတို့သည် ယင်းမိုးတိမ်များကို မိမိတို့ (မှီတင်းနေထိုင်ရာ) တောင်ကြားအရပ်ဒေသများသို့ ဦးတည်၍ လာနေသည်ကို တွေ့မြင်ကြသောအခါ ဤမိုးတိမ်များမှာမူ 'ကျွန်ုပ်တို့အပေါ်သို့ ရွာသွန်းတော့မည့် မိုးတိမ်များသာ ဖြစ်သည်' ဟု ပြောဆိုကြလေသည်။ (ထိုအခါ အသျှင်မြတ်က မိန့်တော်မူသည်မှာ) ထိုသို့ အလျဉ်းမဟုတ်။ (မိုးရွာမည့် တိမ်တိုက်များမဟုတ်။) သို့သာမက ဤသည် အသင်တို့

အလျင်စလို (အလျင်အမြန် ကျရောက်ပါစေလေဟု) တောင်းဆိုခဲ့ကြသော (အဇာဗ်) အပြစ်ဒဏ်ပင် ဖြစ်သည်။ (ထိုမိုးတိမ်တွင်) လေပြင်းမုန်တိုင်းတစ်ခု (ပါရှိသည်။) ထိုလေပြင်းမုန်တိုင်းတွင် ပြင်းပြနာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်ရှိပေသည်။

ထို (လေပြင်းမုန်တိုင်း) သည် အရာခပ်သိမ်းတို့ကို (၎င်းအရာပျက်စီးရန် အမိန့်ကျခဲ့ပြီးဆိုက) မိမိ၏ ဖန်ဆင်းတော်မူသော အသျှင်မြတ်၏ အမိန့်တော်ဖြင့် ဖျက်ဆီးပစ်ပေမည်။ သို့ဖြစ်ပေရာ (ထိုလေပြင်းမုန်တိုင်းသည် ပြင်းပြင်းထန်ထန် တိုက်ခတ်လာပြီး လူများနှင့် တိရစ္ဆာန်များကို မ,ယူ၍ လွှင့်ပစ်လေသည်။ ထိုသို့ဖြစ်ခြင်းကြောင့်) ၎င်းတို့မှာ မိမိတို့၏ (ပြိုကျပျက်စီးနေသော) နေအိမ်များမှအပ အခြားသော (လူနှင့် တိရစ္ဆာန်များ) မည်သည့်အရာကိုမျှ မမြင်ရသော အဖြစ်သို့ ရောက်ရှိ (သည်အထိ ပျက်စီး) သွားခဲ့ကြသည်။ ငါအသျှင်မြတ်သည် အပြစ်ရှိသူတို့ကို ဤနည်းအတိုင်းပင် အစားပေးတော်မူသည်။

ထို့ပြင် ဧကန်အမှန် ငါအသျှင်မြတ်သည် ၎င်းတို့ (အားဒ်အမျိုးသားတို့) ကို အသင်တို့အား ပေးထားခြင်းမရှိသော အရည်အချင်း စွမ်းရည်သတ္တိများကို ပေးတော်မူခဲ့သည်။ (ဆိုလိုသည်မှာ ခန္ဓာကိုယ်အင်အားနှင့် ဥစ္စာပစ္စည်းတို့အပေါ်၌ မူတည်သော အရည်အချင်း စွမ်းရည်သတ္တိများကို ဆိုလိုသည်။) ထို့ပြင် ငါအသျှင်မြတ်သည် ၎င်းတို့အား နား၊ မျက်စိနှင့် စိတ်နှလုံးသား (အရာအားလုံး) ကို ပေးတော်မူခဲ့သည်။ သို့သော်ငြားလည်း ၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်၏ သက်သေလက္ခဏာတော်များကို ငြင်းပယ်ခဲ့ကြသည်။ ထို့ကြောင့် (၎င်းတို့အပေါ်သို့ 'အဇာဗ်'အပြစ်ဒဏ် ကျရောက်လာသောအခါ) ၎င်းတို့၏ နားများသည် ၎င်းတို့အဖို့ အသုံးမဝင်ခဲ့ပေ။ ထိုသူတို့၏ မျက်စိများသည်လည်း အသုံးမဝင်ခဲ့ပေ။ ထိုသူတို့၏ စိတ်နှလုံးသားများသည်လည်း အသုံးဝင်ခဲ့သည် မဟုတ်ပေ။ ထို့ပြင် ၎င်းတို့က ပျက်ရယ်ပြု လှောင်ပြောင်ခဲ့သော အရာသည်ပင် ၎င်းတို့အား လာရောက် ဝန်းဝိုင်းခဲ့လေသည်။

(ဆိုလိုသည်မှာ ၎င်းတို့၏ အာရုံငါးပါးသည် ၎င်းတို့အား 'အဇာဗ်'အပြစ်ဒဏ်မှ ကယ်တင်နိုင်ခြင်း မရှိခဲ့ပေ။ နှလုံးသား၏ အသိတရားနှင့် ဆက်စပ်နေသော ၎င်းတို့၏ အကြံအစည်များသည်လည်း ၎င်းတို့အား 'အဇာဗ်'အပြစ်ဒဏ်မှ ကယ်တင်နိုင်ခြင်းလည်း မရှိခဲ့ပေ။ ၎င်းတို့၏ စွမ်းအားများသည်လည်း ၎င်းတို့အား ကယ်တင်နိုင်ခြင်း မရှိခဲ့ပေ။ သို့ဖြစ်ပေရာ အသင်တို့နှင့် ပတ်သက်၍မူ အဘယ်မှာလျှင် ပြောဆိုဖွယ်ရာ ရှိပါမည်နည်း။)

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

وَلَقَدْ أَهْلَكْنَا مَا حَوْلَكُم مِّنَ الْقُرَىٰ وَصَرَّفْنَا الْآيَاتِ لَعَلَّهُمْ يَرْجِعُونَ ﴿٢٧﴾

၄၆ : ၂၇ ။ ။ ထို့ပြင် ဧကန်စင်စစ် ငါအသျှင်မြတ်သည် အသင်တို့၏ ပတ်ဝန်းကျင်၌ ရှိခဲ့ကြသော မြို့ရွာ (သား) တို့အား (လည်း) ဖျက်ဆီးတော်မူခဲ့၏။ ထို့ပြင် ငါအသျှင်မြတ်သည် ၎င်းတို့ (တွဲဖက် ကိုးကွယ်မှုကို စွန့်၍) ပြန်လှည့်ကြရန် အလို့ငှာ (မိမိ၏) သက်သေလက္ခဏာ (အာယသ်) တော်များကို အမျိုးမျိုး ပြောင်းလဲ၍ မိန့်ကြားပြသတော်မူခဲ့၏။

فَلَوْلَا نَصَرَهُمُ الَّذِينَ اتَّخَذُوا مِن دُونِ اللَّهِ قُرْبَانًا آلِهَةً ۖ بَلْ ضَلُّوا عَنْهُمْ ۚ وَذَٰلِكَ إِفْكُهُمْ وَمَا كَانُوا يَفْتَرُونَ ﴿٢٨﴾

၄၆ : ၂၈ ။ ။ ထိုအခါ ၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်အား စွန့်၍ (မိမိတို့သည် အသျှင်မြတ်ထံ) ချဉ်းကပ်ရန် အလို့ငှာ၊ ကိုးကွယ်ရာအဖြစ် သတ်မှတ် (ကိုးကွယ်) ခဲ့ကြသော ဘုရားများသည် ၎င်းတို့အား အဘယ်ကြောင့် မကူညီခဲ့ကြသနည်း။ စင်စစ် ယင်းကိုးကွယ်ရာများသည် [မကူညီကြသည့်အပြင်] ၎င်းတို့ထံမှ ပျောက်ကွယ်၍ပင် သွားခဲ့ကြကုန်၏။ အမှန်စင်စစ် ဤသည် ထိုသူတို့၏ လီဆယ်မှုနှင့် ထိုသူတို့၏ ကြံစည်ဖန်တီးခဲ့သော အရာပင် ဖြစ်ချေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့ပြင် ငါအသျှင်မြတ်သည် ဧကန်အမှန် အသင်တို့၏ ပတ်ဝန်းကျင်၌ ရှိခဲ့ကြသော အခြားမြို့ရွာ (သား) တို့အား (လည်း 'ကုဖွရ်'နှင့် 'ရှရစ်က်' လုပ်ရပ်များ ကျူးလွန်ခဲ့ခြင်းတို့ကြောင့်) ဖျက်ဆီးတော်မူခဲ့သည်။ (ဥပမာ- စမူးဒ်နှင့် လူးသွ် အမျိုးသားတို့၏ မြို့ရွာများ၊ ဆီးရီးယားနိုင်ငံသို့ သွားရာတွင် ထိုမြို့ရွာများကို ဖြတ်ကျော်၍ သွားရသည်။ မက္ကာဟ်၏ တစ်ဖက်တစ်ချက်၌ 'ယမန်'နိုင်ငံရှိသည်။ အခြားတစ်ဖက်တွင် ဆီးရီးယားနိုင်ငံ ရှိသည်ဖြစ်ရာ ထို့ကြောင့်ပင် **مَاحَوْلَكُمْ** (အသင်တို့၏ ပတ်ဝန်းကျင်၌ ရှိခဲ့ကြသော မြို့ရွာများဟု မိန့်ကြားခြင်းဖြစ်သည်။) ထို့ပြင် ငါအသျှင်မြတ်သည် မဖျက်ဆီးမီအလျင် ၎င်းတို့ (သိရှိ နားလည်ကာ ကုဖွရ်၊ ရှရစ်က် အမှုတို့ကို စွန့်၍) ပြန်လှည့်လာကြရန်အလို့ငှာ အကြိမ်ကြိမ် အဖန်ဖန် မိမိ၏ သက်သေလက္ခဏာတော်များကို (၎င်းတို့အား) အမျိုးမျိုး ပြောင်းလဲ၍ မိန့်ကြားပြသတော်မူခဲ့၏။ (သို့ရာတွင် ၎င်းတို့သည် ပြန်လှည့်လာခြင်းမရှိခဲ့ကြရာ ပျက်စီးခဲ့ကြရလေသည်။)

သို့ဖြစ်ပေရာ ၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်အပြင် အခြားသော အရာများကို အလ္လာဟ်အသျှင်မြတ်နှင့် နီးကပ်မှု ရရှိစေရန်အတွက်ဟူ၍ မိမိတို့၏ ကိုးကွယ်ရာများအဖြစ် သတ်မှတ်ခဲ့သည်များသည် (ထိုကိုးကွယ်ရာများသည် ဒုက္ခဖြစ်သောအခါတွင် ကျွန်ုပ်တို့အဖို့ အသုံးဝင်ကြပေလိမ့်မည်ဟု ယူဆ၍ ကိုးကွယ်ကြသော အရာများဖြစ်သည်။ ဤသို့ဖြင့် ပျက်စီးခြင်းနှင့် 'အဇားဗ်'အပြစ်ဒဏ်များ ကျရောက်လာသောအခါ ထိုကိုးကွယ်ရာတို့သည်) ၎င်းတို့အား အဘယ်ကြောင့် မကူညီခဲ့ကြသနည်း။ ထိုမျှသာမက ၎င်းကိုးကွယ်ရာအားလုံးတို့သည် ၎င်းတို့ထံမှ ပျောက်ကွယ်၍ပင် သွားခဲ့ကြကုန်သည်။ ထို့ပြင် အမှန်စင်စစ် ဤသည် (၎င်းတို့၏ ကိုးကွယ်ရာအသျှင်အဖြစ်နှင့် အသနားခံပေးမည့်သူဟု ယူဆခြင်းသည်) ထိုသူတို့၏ လီဆယ်မှုနှင့် လုပ်ကြံဖန်တီးခဲ့သော အရာပင် ဖြစ်ချေသည်။

အာယသ်တော်များကြား ဆက်စပ်မှု

အထက်တွင် အားဒ်အမျိုးသားများအကြောင်းကို အကျယ်တဝင့် ဖော်ပြခဲ့ပြီးဖြစ်သည်။ ဤနေရာတွင် 'ကုဖွရ်'လုပ်ရပ်နှင့် နဗီတမန်တော်တို့အား ဆန့်ကျင်မှုများ ပြုခြင်းကြောင့် 'အဇားဗ်'ကျရောက်သော အခြားအခြားသော အမျိုးသားများအကြောင်းကို ဖော်ပြထားသည်။ ပျက်စီးသွားခဲ့ပြီးဖြစ်သော ၎င်းတို့၏ မြို့ရွာများကိုလည်း မက္ကာဟ်သားတို့သည် မိမိတို့၏ ခရီးစဉ်လမ်းများ၌ မြင်တွေ့ကြရသည် ဖြစ်ရာ ၎င်းဖြင့် သံဝေဂတရား ရရှိစေရန်အတွက် ၎င်းတို့၏ အကျဉ်းချုံးအခြေအနေများကို တင်ပြပါ အာယသ်တော်များ၌ ဖော်ပြထားသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَاِذْ صَرَفْنَآ اِلَيْكَ نَفَرًا مِّنَ الْجِنِّ يَسْتَمِعُوْنَ الْقُرْاٰنَ ۚ فَلَمَّا حَضَرُوْهُ
قَالُوْٓا اَنْصِتُوْا ۚ فَلَمَّا قُضِيَ وَلَّوْا اِلٰى قَوْمِهِمْ مُّنْذِرِيْنَ ﴿٢٩﴾

၄၆ : ၂၉ ။ ။ ၎င်းပြင် (အို့, နဗီတမန်တော်၊ ထိုသူတို့အား ပြန်လည်၍ ပြောပြပါလေ။) အခါတစ်ပါး၌ ငါအသျှင်မြတ်သည် 'ဂျင်န်'သတ္တဝါတို့အနက် 'ဂျင်န်'သတ္တဝါတစ်စုကို အသင်ရှိရာသို့ ရောက်ရှိစေတော်မူခဲ့ရာ၊ ၎င်းတို့သည် ကုရ်အာန်ကျမ်းတော်မြတ်ကို နားထောင်ကြကုန်၏။ သို့ဖြစ်ပေရာ ၎င်းတို့သည် ထိုတမန်တော်မြတ်ရှိရာသို့ ရောက်ရှိခဲ့ကြသောအခါ၊ ၎င်းတို့က (မိမိတို့အချင်းချင်း) 'အသင်တို့သည် ဆိတ်ဆိတ်နေကြလေကုန်'ဟု ပြောဆိုခဲ့ကြကုန်၏။ ထို့နောက် ယင်း (ကုရ်အာန်) ကျမ်းတော်မြတ် (ဖတ်ကြား၍) ပြီးဆုံးသွားလေသောအခါ ၎င်းတို့သည် မိမိ၏ အမျိုးသားတို့ထံ သတိပေးနှိုးဆော်သူများ အဖြစ် လှည့်ပြန်ခဲ့ကြကုန်၏။

قَالُوْا يٰقَوْمَنَآ اِنَّا سَمِعْنَا كِتٰبًا اُنْزِلَ مِنْ بَعْدِ مُوْسٰى مُصَدِّقًا
لِّمَا بَيْنَ يَدَيْهِ يَهْدِيْٓ اِلَى الْحَقِّ وَاِلٰى طَرِيْقٍ مُّسْتَقِيْمٍ ﴿٣٠﴾

၄၆ : ၃၀ ။ ။ ၎င်းတို့သည် (မိမိတို့၏ အမျိုးသားတို့ထံ သွားရောက်၍ ဤသို့) ပြောဆိုခဲ့ကြကုန်၏။ 'အို့, ကျွန်ုပ်တို့၏ အမျိုးသားတို့၊ စကန်မလွဲ ကျွန်ုပ်တို့သည် (နဗီတမန်တော်) မူစာ၏ နောက်တွင် ချပေးခြင်းခံခဲ့ရလေသော ကျမ်းဂန်တစ်စောင်ကို ကြားနာခဲ့ကြကုန်၏။ (ယင်းကျမ်းဂန်သည်) ၎င်း၏အလျင် ရှိခဲ့သော ကျမ်းဂန်တို့ကို ထောက်ခံလျက် ရှိ၏။ အမှန်တရားကိုလည်းကောင်း၊ ဖြောင့်မတ်သော တရားကိုလည်းကောင်း ညွှန်ပြ၏။'

يَٰقَوْمَنَآ أَجِيبُوا۟ دَاعِىَ ٱللَّهِ وَءَامِنُوا۟ بِهِۦ يَغْفِرْ لَكُم مِّن ذُنُوبِكُمْ وَيُجِرْكُم مِّنْ عَذَابٍ أَلِيمٍ ﴿٣١﴾

၄၆ : ၃၁ ။ ။ 'အို, ကျွန်ုပ်တို့၏ အမျိုးသားတို့၊ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်သို့ ဖိတ်ခေါ်သူ၏ ဖိတ်ခေါ်ချက်ကို နာယူလက်ခံကြလေကုန်။ ထို့ပြင် အသင်တို့သည် ထိုဖိတ်ခေါ်သူအား သက်ဝင်ယုံကြည်ကြလေကုန်။ ထိုအသျှင်မြတ်သည် အသင်တို့အဖို့ အသင်တို့၏ ပြစ်မှုများကို ခွင့်လွှတ်ချမ်းသာ ပေးသနားတော်မူပေမည်။ ၎င်းပြင် ထိုအသျှင်မြတ်သည် အသင်တို့အား နာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်မှလည်း ကာကွယ်စောင့်ရှောက်တော်မူပေမည်။

وَمَن لَّا يُجِبْ دَاعِىَ ٱللَّهِ فَلَيْسَ بِمُعْجِزٍ فِى
ٱلْأَرْضِ وَلَيْسَ لَهُۥ مِن دُونِهِۦٓ أَوْلِيَآءُ ۚ أُو۟لَٰٓئِكَ فِى ضَلَٰلٍ مُّبِينٍ ﴿٣٢﴾

၄၆ : ၃၂ ။ ။ သို့ရာတွင် မည်သူမဆို အလ္လာဟ်အသျှင်မြတ်ဘက်တော်သို့ ဖိတ်ခေါ်သူ၏ ဖိတ်ခေါ်ချက်ကို နာယူလက်ခံခြင်း မပြုခဲ့ပါမူ၊ ထိုသူသည် (အလ္လာဟ်အသျှင်မြတ်အား) ကမ္ဘာမြေဝယ် မစွမ်းဆောင်နိုင်အောင် ပြုစွမ်းနိုင်သူ မဟုတ်ပေ။ ၎င်းပြင် အလ္လာဟ်အသျှင်မြတ်အပြင် ထိုသူ၌ ကာကွယ်စောင့်ရှောက်မည့်သူဟူ၍လည်း တစ်ဦးတစ်ယောက်မျှပင် ရှိလိမ့်မည် မဟုတ်ပေ။ ထိုသူတို့သည် ထင်ရှားလှစွာသော လမ်းမှားမှု၌ပင် ရှိနေကြကုန်သည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့ပြင် (အို, နဗီတမန်တော်၊ ၎င်းတို့အား ဖြစ်ရပ်တစ်ခုအကြောင်းကို ပြန်လည်၍ ပြောပြပါလေ။ ၎င်းမှာ) အခါတစ်ပါး၌ ငါအသျှင်မြတ်သည် 'ဂျင်န်' သတ္တဝါတို့အနက် 'ဂျင်န်' အုပ်စုတစ်စုကို အသင်ရှိရာသို့ ရောက်ရှိစေတော်မူခဲ့ရာ ထိုအုပ်စုသည် (နောက်ဆုံးတွင် အသင်ရှိရာသို့ ရောက်ရှိလာကြပြီး) ကုရ်အာန်ကျမ်းတော်မြတ်ကို နားထောင်ကြကုန်၏။ သို့ဖြစ်ပေရာ ၎င်းတို့သည် ကုရ်အာန်ကျမ်းတော်မြတ် (ဖတ်ရွတ်ပြရာနေရာ) ၏ အနီးသို့ ရောက်ရှိကြလေသောအခါ (မိမိတို့အချင်းချင်း) အသင်တို့သည် ဆိတ်ဆိတ်နေကြလေကုန်။ (ဤကျမ်းမြတ်ကို နားထောင်ကြကုန်) ဟု ပြောဆိုခဲ့ကြကုန်၏။ တစ်ဖန် ယင်း (ကုရ်အာန်) ကျမ်းတော်မြတ်ကို ဖတ်ကြား၍ ပြီးဆုံးသွားသည့်အခါ (ဆိုလိုသည်မှာ ထိုစဉ်က ကိုယ်တော်မြတ် ﷺ သည် နမာဇ်အတွင်း ဖတ်ကြားနေရာ ပြီးဆုံးသွားသည့်အခါ) ၎င်းတို့သည် (ထိုကျမ်းမြတ်ကုရ်အာန်အပေါ် အီမာန်သက်ဝင် ယုံကြည်လိုက်ကြလေသည်။ ထို့နောက်) မိမိ၏ အမျိုးသားများထံ (ဤအကြောင်းကို) သတင်းပို့ သတိပေးနှိုးဆော်သူများအဖြစ် လှည့်ပြန်ခဲ့ကြသည်။

(၎င်းနောက် ထိုသူတို့သည် (မိမိတို့၏ အမျိုးသားများထံ သွားရောက်၍ ၎င်းတို့အား) အို, ကျွန်ုပ်တို့၏ အမျိုးသားတို့၊ ကေန်မလွဲ ကျွန်ုပ်တို့သည် (နဗီတမန်တော်) မူစာ عليه السلام ၏ နောက်တွင် ချပေးခြင်းခံခဲ့ရလေသော (အံ့ဖွယ်) ကျမ်းဂန်တစ်စောင်ကို ကျွန်ုပ်တို့ ကြားနာခဲ့ကြရပါသည်။ (ယင်းကျမ်းဂန်သည်) ၎င်း၏အလျင်၌ ရှိခဲ့သော ကျမ်းဂန်များကို ထောက်ခံလျက် ရှိပါသည်။ အမှန်တရား (မှန်ကန်သော သာသနာ) ကိုလည်းကောင်း၊ ဖြောင့်မတ်မှန်ကန်သော တရားလမ်းကိုလည်းကောင်း ညွှန်ပြလျက်ရှိသည်ဟု ပြောဆိုခဲ့ကြလေသည်။

(ဤသည်မှာ အစ္စလာမ်သာသနာ၏ မှန်ကန်မှုအပေါ် အထောက်အထားနှင့် ပေါ်လွင်စေမှုပင် ဖြစ်သည်။ ရှေ့တွင် ယင်းသာသနာတော်အား လက်ခံရန် ဦးစွာပထမ လှုံ့ဆော်ခြင်းပုံစံနှင့် တစ်ဖန် သတိပေးနိုးဆော်ခြင်းပုံစံဖြင့် တင်ပြထားသည်မှာ) အို၊ ဂျွန်ပ်တို့၏ အမျိုးသားတို့၊ အသင်တို့သည် အလ္လာဟ်အသျှင်မြတ် ဘက်တော်သို့ ဖိတ်ခေါ်သူ၏ ဖိတ်ခေါ်မှုကို နာယူလက်ခံကြလေကုန်။ (ဖိတ်ခေါ်သူဆိုသည်မှာ ကုရ်အာန် (သို့) နဗီတမန်တော်မြတ် ﷺ ကို ဆိုလိုခြင်း ဖြစ်သည်။) ထို့ပြင် (ဖိတ်ခေါ်မှုကို လက်ခံခြင်းမှာ) ထိုဖိတ်ခေါ်သူအပေါ် သက်ဝင်ယုံကြည်ကြလေကုန်။ (ဤနေရာတွင် ၎င်းကုရ်အာန် (သို့) တမန်တော်မြတ် ﷺ သည် သက်ဝင်ယုံကြည်ကြရန် ဖိတ်ခေါ်သူသာဖြစ်ကာ အခြားလောကီရေးတစ်စုံတစ်ရာ ရည်ရွယ်ချက်ဘက်သို့ ဖိတ်ခေါ်သူမဟုတ်ကြောင်း ညွှန်းဆိုထားသည်။ သို့ဖြစ်ပေရာ အသင်တို့သည် ဤအတိုင်း ပြုကျင့်ကြမည်ဆိုလျှင်) အလ္လာဟ်အသျှင်မြတ်သည် အသင်တို့၏ ပြစ်မှုတို့ကို ခွင့်လွှတ်ချမ်းသာ ပေးသနားတော်မူပေမည်။ ထို့ပြင် အသင်တို့အား နာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်မှလည်းကောင်း ကာကွယ်စောင့်ရှောက်တော်မူပေမည်။

ထို့ပြင် မည်သူမဆို အလ္လာဟ်အသျှင်မြတ်ဘက်တော်သို့ ဖိတ်ခေါ်သူ၏ ဖိတ်ခေါ်ချက်ကို လက်မခံခဲ့ပါမူ ထိုသူသည် ကမ္ဘာမြေ (၏ မည်သည့်အစိတ်အပိုင်း) ၌မဆို (ပြေးလွှားရှောင်တိမ်း၍ အလ္လာဟ်အသျှင်မြတ်အား) မစွမ်းနိုင်အောင် ပြုနိုင်မည်မဟုတ်ပေ။ (အလ္လာဟ်အသျှင်မြတ်၏ လက်ဝယ်တော်၌ ဖမ်းဆီးခြင်းမခံရအောင် တိမ်းရှောင်ခြင်း မပြုနိုင်ပေ။) ထို့ပြင် (ထိုသူသည် ကိုယ်တိုင်ပင် တိမ်းရှောင်ခြင်း မပြုနိုင်သကဲ့သို့) အလ္လာဟ်အသျှင်မြတ်မှအပ ထိုသူ့၌ ကာကွယ်စောင့်ရှောက်မည့်သူ ဟူ၍လည်း တစ်ဦးတစ်ယောက်မျှပင် ရှိလိမ့်မည်မဟုတ်ပေ။ (၎င်းအား ကယ်တင်သူ မည်သူမျှ ရှိမည်မဟုတ်ပေ။ ထို့ပြင်) ဤသူများသည် ထင်ရှားစွာသော လမ်းမှား၌ပင် (နစ်မွန်းလျက်) ရှိကြလေသည်။ (ဖိတ်ခေါ်သူ မှန်ကန်ကြောင်း အထောက်အထားများရှိပါလျက် လက်မခံခဲ့ကြ၍ ဖြစ်သည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

မက္ကာဟ်မြို့သား ကာဖိရ်များအား တင်ပြမိန့်ကြားရန် ၎င်းထက်အလျင်၌ လာရှိသော အာယသ်တော်များတွင် ကုဖ္ဖရ်နှင့် မာနထောင်လွှားခြင်း လုပ်ရပ်တို့သည် စက်ဆုပ်ရွံရှာဖွယ်ရာနှင့် ပျက်စီးစေသော အရာများဖြစ်ကြောင်း တင်ပြထားသည်။ ဖော်ပြပါ အာယသ်တော်များတွင် မက္ကာဟ်သားတို့အား သိမ်ငယ်မှု အရှက်တရား ရရှိစေရန်အတွက် 'ဂျင်န်'များ အီမာန်သက်ဝင် ယုံကြည်ခြင်းအကြောင်းကို တင်ပြထားသည်မှာ ('ဂျင်န်'တို့သည် မာနထောင်လွှားရာတွင် အသင်တို့ထက်လည်း ပိုမိုသူများ ဖြစ်သည်။ သို့ရာတွင် ကုရ်အာန်ကျမ်းတော်မြတ်ကို ကြားနာပြီးနောက် ၎င်းတို့၏ စိတ်များသည်ပင် ဖယောင်းကဲ့သို့ ဖြစ်သွားကြသည်။ ၎င်းတို့သည် မွတ်စ္စလင်မ်များ ဖြစ်သွားကြသည်။ အသင်တို့ကိုမူ အလ္လာဟ်အသျှင်မြတ်သည် 'ဂျင်န်'များထက် ပိုသော ဦးနှောက်အသိဉာဏ်ကို ချီးမြှင့်တော်မူထားသည်ဖြစ်ရာ ဤသို့ ချီးမြှင့်ထားပါလျက် အသင်တို့သည် သက်ဝင်ယုံကြည်ခြင်း မရှိခဲ့ကြပေ) ဟူ၍ ဖြစ်သည်။

'ဂျင်န်'တို့၏ ကုရ်အာန်ကျမ်းတော်မြတ်အား ကြားနာခြင်းနှင့် အီမာန်သက်ဝင် ယုံကြည်ခဲ့ကြခြင်း ဖြစ်ရပ်အကြောင်း ဆွဟီးဟ်ဟဒီးစ်တော်များ၌ ဤသို့ လာရှိထားသည်။ 'တမန်တော်မြတ် ﷺ အား ဖန်ဆင်းစေလွှတ်တော်မူလိုက်သောအခါ 'ဂျင်န်'များအဖို့ ကောင်းကင်မှ သတင်းများ နားထောင်ရရှိနိုင်သော အခွင့်အရေး ရပ်တန့်သွားခဲ့သည်။ ကိုယ်တော်မြတ် ﷺ အား နဗီ၊ ရစူလ်အဖြစ် စေလွှတ်တော်မူပြီးနောက် မိုးကောင်းကင်၌ သတင်းနားထောင်ရန် တက်သွားသော 'ဂျင်န်'များအား လင်းဝင်းသော ကြယ်တာရာများဖြင့် ပစ်ပေါက်၍ နှင်ထုတ်ခြင်းခံခဲ့ရသည်။ 'ဂျင်န်'အုပ်စုအသီးသီးတို့သည် ဤသို့ ဖြစ်ရခြင်းအကြောင်း အရင်းနှင့် စပ်လျဉ်း၍ 'ငါတို့အား မိုး ကောင်းကင်မှ သတင်းများ နားထောင်ရရှိနိုင်ခြင်းကို ရပ်စဲစေသော မည်သည့်အံ့ဖွယ်ဖြစ်ရပ်မှာ ဒုနိယာတွင် ပေါ်ပေါက်လာပါသနည်း' ဟူ၍ စူးစမ်းကြလေတော့သည်။

ထို့ကြောင့် 'ဂျင်န်'အုပ်စုများစွာတို့သည် ဒုနိယာလောက၏ နေရာအသီးသီးသို့ ဤအကြောင်း စုံစမ်းရန် ခွဲထွက်ခဲ့ကြသည်။ ၎င်းတို့အနက် အုပ်စုတစ်စုသည် 'ဟိဂျားဇ်' (အာရေဗီးယားကျွန်းဆွယ်) ဘက်သို့လည်း ရောက်ရှိခဲ့သည်။ ထိုနေ့တွင် ရစူလ်တမန်တော်မြတ် ﷺ သည် ဆွဟာဗာအချို့နှင့်အတူ 'ဗသ္ဂ်နေနခ်လဟ်' ဟူသော နေရာတွင် စံမြန်းရောက်ရှိ နေတော်မူသည်။ ထိုနေရာမှ 'အုကားဇ်' ဈေးဘက်သို့ သွားရန် ရည်ရွယ်၍ ထွက်လာခဲ့ခြင်းဖြစ်သည်။ (အာရဗ်တို့သည် ကုန်ရောင်းကုန်ဝယ် လုပ်ငန်းများအတွက် နေရာဒေသအသီးသီး၌ သတ်မှတ်ရက်အသီးသီးတွင် ဈေးခင်းကျင်း ရောင်းချလေ့ ရှိကြသည်။ ထိုဈေးများတွင် ဒေသအသီးသီးမှ လူများရောက်ရှိ၍ ဆိုင်များ ဖွင့်လှစ်ကြသည်။ အစုအရုံး အခမ်းအနားများ၊ ထိုင်ဝိုင်းပြိုင်ပွဲများ ပြုလုပ်ကြသည်။ ကျွန်ုပ်တို့ခေတ်တွင်လည်း အချို့အချို့သော ဒေသများတွင် ထိုကဲ့သို့ပင် ရှိကြသည်။ ထိုဈေးများအနက် 'အုကားဇ်'မည်သော နေရာတွင်လည်း ဈေးတစ်ခု ဖြစ်လေသည်။ ထိုနေရာတွင် တမန်တော်မြတ် ﷺ သည် အစ္စလာမ်သာသနာတော်ဘက်သို့ ဖိတ်ခေါ်မှုပြုရန် ကြွမြန်းလာခြင်းဖြစ်သည်။) ထို 'ဗသ္ဂ်နေနခ်လဟ်'တွင် တမန်တော်မြတ် ﷺ သည် 'ဖဂျ်ရ်နမာဇ်' ကို ရှေ့ဆောင်အဖြစ် ဝတ်ပြုနေတော်မူစဉ် 'ဂျင်န်'တို့သည် ထိုနေရာသို့ ရောက်ရှိလာကြပြီး ကုရ်အာန်ကို ကြားနာလျက် 'ကျွန်ုပ်တို့နှင့် မိုးကောင်းကင်မှ သတင်းများအကြား အကာအဆီးဖြစ်စေလိုက်သော 'အံ့ဖွယ်ဖြစ်ရပ်ဆန်းမှာ ဤသည်ပင် ဖြစ်သည်' ဟု ပြောဆိုကြလေသည်။ *[ဘုခါရီ၊ မွတ်စ္စလင်မ်၊ သိရ်မေဇီ၊ နစအီ၊ အေမာမ်အဟ်မဒ်။]*

အခြားဆင့်ပြန်ချက်တစ်ရပ်တွင် လာရှိသည်မှာ 'ထိုဂျင်န်တို့သည် ဤနေရာသို့ ရောက်ရှိလာသောအခါ 'ဆိတ်ဆိတ်နေကြကုန်။ ကုရ်အာန်ကျမ်းတော်မြတ်ကို နားထောင်ကြကုန်'ဟု အချင်းချင်း ပြောဆိုကြလေသည်။ ကိုယ်တော်မြတ် ﷺ သည် နမာဇ်ဝတ်ပြုမှု ပြီးဆုံးသောအခါ ၎င်းတို့သည် အစ္စလာမ်၏ မှန်ကန်မှုအပေါ် သက်ဝင်ယုံကြည်ကာ အီမာန်ယူလျက် မိမိတို့၏ အမျိုးသားများထံသို့ ပြန်သွားကြလေသည်။ ထို့နောက် ၎င်းတို့အား ကြုံတွေ့နေရသော ဖြစ်ရပ်၏ အဓိကအကြောင်းအရင်းနှင့်အတူ 'ကျွန်ုပ်တို့မှာမူ မွတ်စ္စလင်မ် ဖြစ်သွားခဲ့ကြပြီး ဖြစ်သည်။ အသင်တို့သည်လည်း အီမာန်သက်ဝင်ယုံကြည်ရန်ထိုက်သည်'ဟု ပြောဆိုခဲ့ကြလေသည်။ ကိုယ်တော်မြတ် ﷺ သည်မူ ထို 'ဂျင်န်'တို့ ရောက်ရှိလာခြင်း၊ ပြန်သွားခြင်း၊ ကုရ်အာန်ကို ကြားနာခြင်း၊ အီမာန်သက်ဝင် ယုံကြည်ခြင်းတို့ကို မသိရှိခဲ့ပေ။ နောက်ဆုံး စူရာဟ်ဂျင်န် ကျရောက်လာသောအခါမှသာ ၎င်းစူရာဟ်ဖြင့် ထိုအကြောင်းများကို အသိပေးခြင်းခံရလေသည်။

အခြားဆင့်ပြန်ချက်တစ်ရပ်၌ လာရှိသည်မှာ ဤ 'ဂျင်န်'တို့သည် **نصيبين** 'နဆွီဗိုင်းန်'အမည်ရှိသော နေရာ၌ နေထိုင်သူများဖြစ်သည်။ စုစုပေါင်း (၉) ဦး၊ အချို့ဆင့်ပြန်ချက်များအရ (၇) ဦးဟုသိရှိရသည်။ ၄င်းတို့သည် မိမိတို့၏ အမျိုးသားများကို ဤဖြစ်ရပ်အကြောင်း တင်ပြပြီး အီမာန်သက်ဝင်ယုံကြည်ရန် လှုံ့ဆော်ကြသောအခါ ထိုအမျိုးသားများအနက် (၃၀၀) ဦးတို့သည် အစ္စလာမ်သာသနာကိုလက်ခံရန် တမန်တော်မြတ် ﷺ ၏ အခစားတော်သို့ ရောက်ရှိလာကြသည်။ *[ရူးဟွလ်မအာနီ]*

အခြားဟဒီးစ်တော်များတွင် 'ဂျင်န်' များ ရောက်ရှိလာခြင်း၏ ဆင့်ပြန်ချက်မှာ အခြားသောပုံစံများဖြင့် ဖြစ်ကြောင်း လာရှိသည်။ သို့ရာတွင် ဤသည် တစ်ခုတည်းမဟုတ်သော ဖြစ်ရပ်များဖြစ်ရာ အခြေအနေအမျိုးမျိုးတွင် ဖြစ်ပေါ်ခဲ့သည့်အတွက် မည်သည့်ဆန့်ကျင်ခြားနားမှုမျှ မရှိပေ။ ထိုအကြောင်းကို သွဗ်ရာနီ (ရဟ) က အောင်ဆသွ်ကျမ်း၌လည်းကောင်း၊ အိဗ်နုမရ်ဒူဝိယဟ် (ရဟ) က ဟဇရသ်အိဗ်နေအဗ္ဗာစ် ﷺ ထံမှလည်းကောင်း၊ ဆင့်ပြန်ခဲ့သည့် ဆင့်ပြန်ချက်များဖြင့် ထောက်ခံသမှု ရရှိထားသည်။ 'ဂျင်န်'တို့သည် တမန်တော်မြတ် ﷺ ထံတော်ပါး၌ အကြိမ်ကြိမ် ခစားရောက်ရှိခဲ့သည်ဟူ၍ ဖြစ်၏။ အလ္လာမဟ်ခဖာဂျီ (ရဟ) သခင်က ဟဒီးစ်ဆင့်ပြန်ချက်များအားလုံးကို ခြုံငုံသုံးသပ်ကြည့်ရာ 'ဂျင်န်'များ၏ တမန်တော်မြတ် ﷺ ထံတော်ပါး၌ ဝင်ရောက်ခစား အကျိုးထူးအကျိုးမြတ် ရယူခံစားခဲ့သည့် ဖြစ်ရပ်သည် (၆) ကြိမ်တိုင် ဖြစ်ပေါ်ခဲ့သည်ဟူ၍ အမိန့်ရှိခဲ့သည်။ ထို (၆) ကြိမ်မြောက် အဖြစ်အပျက်၏ အကျယ်တဝင့် အကြောင်းကိုပင် ယခု တင်ပြနေသော အာယသ်တော်များ၌ တင်ပြထားခြင်း ဖြစ်သည်။ *[ဗယာနုလ်ကုရ်အာန်ကျမ်း]*

كِتَٰبًا أُنزِلَ مِنۢ بَعۡدِ مُوسَىٰ

(နဗီတမန်တော်မူစာ ﷺ ၏နောက်တွင် ချပေးခြင်း ခံခဲ့ရလေသော ကျမ်းဂန်တစ်စောင်) *[၄၆ : ၃၀]*

ဟူသော အာယသ်တော်တွင် **بَعۡدِ مُوسَىٰ** ဟူသော သတ်မှတ်ချက်အရ အချို့ပညာရှင်များက 'ဤဂျင်န်တို့သည် ယဟူဒီများ ဖြစ်ကြသည်' ဟု ယူဆကြသည်။ အကြောင်းမှာမူ မူစာ ﷺ ၏ နောက်တွင် အီစာ ﷺ အပေါ်၌ 'အင်န်ဂျီးလ်'ကျမ်း ကျရောက်ခဲ့ပြီးဖြစ်ရာ ဤနေရာတွင် ထိုအကြောင်းကို တင်ပြထားခြင်း မရှိသောကြောင့် ဖြစ်သည်။ သို့ရာတွင် ထိုပြောဆိုချက်ကို အထောက်အထား ဖြစ်စေသော ဆင့်ပြန်ချက် တစ်စုံတစ်ရာမျှ မရှိပေ။ 'အင်န်ဂျီးလ်'ကျမ်းအကြောင်း တင်ပြထားခြင်း မရှိခြင်းသည် ထို 'ဂျင်န်'များ၏ ယဟူဒီဖြစ်ခြင်းအပေါ် အထောက်အထားအဖြစ် မလုံလောက်ပေ။ အကြောင်းမှာ 'အင်န်ဂျီးလ်'ကျမ်းကို မတင်ပြရခြင်း၏ ဖြစ်နိုင်သော အကြောင်းမှာ 'အင်န်ဂျီးလ်'ကျမ်း၏ အမိန့်ပညတ်ချက်အများစုတို့သည် 'သောင်ရားသ်'ကျမ်း၏ နောက်လိုက်ဖြစ်သောကြောင့်ပင် ဖြစ်သည်။ ကုရ်အာန်သည် 'သောင်ရားသ်'ကဲ့သို့ပင် ခိုင်မာသော ကျမ်းဖြစ်သည်။ ကုရ်အာန်၏ အမိန့်တော်များနှင့် တရားလမ်းစဉ်များသည် 'သောင်ရားသ်'နှင့် များစွာ ကွဲလွဲမှုရှိသည်။ သို့ဖြစ်ပေရာ 'သောင်ရားသ်'ကဲ့သို့သော သီးသန့်ကျမ်းတစ်ဆူသည် ကုရ်အာန်ကျမ်းတော်ပင် ဖြစ်သည်ဟု ပြသလိုခြင်း ဖြစ်နိုင်ပေသည်။

يَغْفِرْ لَكُمْ مِّنْ ذُنُوبِكُمْ

(အသင်တို့အဖို့ အသင်တို့၏ ပြစ်မှုများကို ခွင့်လွှတ်ချမ်းသာပေးသနားတော်မူပေမည်။) */ ၄၆ : ၃၁ /*

مِنْ အက္ခရာသည် မူရင်းအဓိပ္ပာယ်အရ အချို့ (ဝါ) အစိတ်အပိုင်း၏ အဓိပ္ပာယ်အတွက် လာရှိခြင်းဖြစ်ရာ အကယ်၍ ဤနေရာ၌ ထိုအဓိပ္ပာယ်ကိုပင် ယူမည်ဆိုလျှင် مِنْ ဟူသော အက္ခရာကို ထည့်သွင်းခြင်း၏ အကျိုးဆက်၌ အစ္စလာမ်လက်ခံလိုက်ခြင်းဖြင့် **حقوق العباد** လူသားများ၏ တာဝန်ဝတ္တရားမှာမူ ခွင့်လွှတ်ချမ်းသာ ရရှိမည်မဟုတ်ပေဟူသော သဘောတရားကို သိရှိရပေမည်။ ထို့ကြောင့် **حقوق الله** (အလ္လာဟ်အသျှင်မြတ်နှင့် ပတ်သက်သော တာဝန်ဝတ္တရားများ) ဖြစ်သော အချို့အပြစ်များမှာ ခွင့်လွှတ်ခြင်းခံရမည်'ဟု မိန့်ဆိုရန် သင့်လျော်ပေသည်။ အချို့ပညာရှင်တို့က مِنْ အက္ခရာကို အပိုဟု သတ်မှတ်ကြသောအခါ ထိုအကြောင်းပြချက်ကို တင်ပြရန် မလိုအပ်တော့ပေ။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

أَوَلَمْ يَرَوْا أَنَّ اللَّهَ الَّذِي خَلَقَ السَّمَاوَاتِ وَالْأَرْضَ وَلَمْ يَعْيَ
بِخَلْقِهِنَّ بِقَادِرٍ عَلَىٰ أَنْ يُحْيِيَ الْمَوْتَىٰ ۚ بَلَىٰ إِنَّهُ عَلَىٰ كُلِّ شَيْءٍ قَدِيرٌ ﴿٣٣﴾

၄၆ : ၃၃ ။ ။ မိုးကောင်းကင်များနှင့် ပထဝီမြေကို ဖန်ဆင်းတော်မူသည့်အပြင်၊ ယင်းမိုးကောင်းကင်များနှင့် ပထဝီမြေကို ဖန်ဆင်းတော်မူခြင်းအားဖြင့်လည်း မောပန်းညောင်းညာတော်မူခြင်း လုံးဝ မရှိသော အလ္လာဟ်အသျှင်မြတ်သည် သူသေတို့အား ရှင်စေခြင်းကို စွမ်းဆောင်နိုင်တော်မူသောအသျှင်မြတ် ဖြစ်တော်မူကြောင်း ၎င်းတို့သည် မစဉ်းစားမဆင်ခြင် မတွေ့မမြင်ခဲ့ကြလေသလော။ အဘယ်ကြောင့် မဟုတ်ပါသနည်း။ ဧကန်မလွဲ ထိုအသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို ပြုစွမ်းနိုင်တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။

وَيَوْمَ يُعْرَضُ الَّذِينَ كَفَرُوا عَلَى النَّارِ أَلَيْسَ هَٰذَا بِالْحَقِّ ۖ قَالُوا
بَلَىٰ وَرَبِّنَا ۚ قَالَ فَذُوقُوا الْعَذَابَ بِمَا كُنْتُمْ تَكْفُرُونَ ﴿٣٤﴾

၄၆ : ၃၄ ။ ။ စင်စစ် (ဤ) 'ကာဖိရ်'သွေဖည်ငြင်းပယ်ကြကုန်သော သူတို့သည် 'ဂျဟန္နမ်'ငရဲမီး၏ ရှေ့သို့ ယူဆောင်လာခြင်းကို ခံကြရသောအခါ၊ 'ဤသည် အဟုတ်အမှန်ပင် မဟုတ်ပါလော' (ဟု မေးမြန်းခြင်းကို ခံကြရမည်။) ထိုအခါ ၎င်းတို့က 'ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ကစမ်၊ ဟုတ်ပါသည်'ဟု လျှောက်ထားကြပေမည်။ ထိုအသျှင်မြတ်က 'သို့ဖြစ်လျှင် အသင်တို့သည် မိမိတို့ သွေဖည်ငြင်းပယ်ခဲ့ကြသောကြောင့် ပြစ်ဒဏ် (၏ အရသာ) ကို မြည်းစမ်းကြလေကုန်'ဟု မိန့်ကြားတော်မူပေမည်။

فَاصْبِرْ كَمَا صَبَرَ أُولُوا الْعَزْمِ مِنَ الرُّسُلِ وَلَا تَسْتَعْجِلْ لَّهُمْ ۚ كَأَنَّهُمْ يَوْمَ يَرَوْنَ مَا يُوعَدُونَ لَمْ يَلْبَثُوا إِلَّا سَاعَةً مِّن نَّهَارٍ ۚ بَلَاغٌ ۚ فَهَلْ يُهْلَكُ إِلَّا الْقَوْمُ الْفَاسِقُونَ ﴿٣٥﴾

၄၆ : ၃၅ ။ ။ သို့ဖြစ်ပေရာ (အို၊ နဗီတမန်တော်) အသင်သည် စိတ်ဓါတ်ခိုင်မာ (ဖွဲသတ္တိရှိကြ) သော ရစူလ်တမန်တော်များနည်းတူ သည်းခံတရား ထားရှိပါလေ။ ထို့ပြင် အသင်သည် ၎င်းတို့၏ အရေးကိစ္စနှင့် စပ်လျဉ်း၍ အလျင်စလို မပြုပါလေနှင့်။ ၎င်းတို့သည် မိမိတို့ ချိန်းချက်ခြင်း ခံကြရလေသော ပြစ်ဒဏ်ကို တွေ့မြင်ကြရသော နေ့တွင် မိမိတို့မှာ (လောကီဘဝတွင်) နေ့ချိန်၏ တစ်နာရီခန့်မျှ အချိန်ထက် ပိုမို၍ နေထိုင်ခဲ့ကြသည် မဟုတ်ဘိသကဲ့သို့ (ထင်မှတ်ကြပေမည်။ ဤသည် အသျှင်မြတ်ထံတော်မှ) အသင်တို့ထံ အမိန့်တော်များ ပို့ဆောင်ခြင်းပင် (ဖြစ်၏။) သို့ဖြစ်ပေရာ သွေဖည်ငြင်းပယ်သော သူတို့သည်သာလျှင် ဖျက်ဆီးခြင်းကို ခံကြရပေလိမ့်မည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

မိုးကောင်းကင်များနှင့် ပထဝီမြေကို ဖန်ဆင်းတော်မူသည့်အပြင် ယင်းမိုးကောင်းကင်များနှင့် ပထဝီမြေကို ဖန်ဆင်းတော်မူခြင်းအားဖြင့်လည်း မောပန်းညောင်းညာတော်မူခြင်း လုံးဝ မရှိသော အလ္လာဟ်အသျှင်မြတ်သည် (ထို့ထက်ပင် ပို၍) သေသူများကို ('ကေယာမသ်' နေ့တွင်) ရှင်စေခြင်းကို စွမ်းနိုင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူကြောင်းကို ၎င်းတို့သည် မစဉ်းစား၊ မဆင်ခြင် မတွေ့မမြင် မသိခဲ့ကြလေသလော။ (ထို့ပြင် ထိုအသျှင်မြတ်သည် ဤသို့ ရှင်စေခြင်းအပေါ် ပြုစွမ်း နိုင်တော်မူသော အသျှင်) အဘယ်ကြောင့် မဟုတ်ရမည်နည်း။ စင်စစ်မလွဲ ထိုအသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို စွမ်းနိုင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ (ဤသည်မှ ပြုစွမ်းနိုင်ကြောင်း အတည် ဖြစ်သွားပေသည်။)

ထို့ပြင် ဤကာဖိရ်သွေဖည်ငြင်းပယ်ကြကုန်သော သူတို့သည် 'ဂျဟန္နမ်' ငရဲမီး၏ ရှေ့သို့ ခေါ်ဆောင်လာခြင်း ခံရသောနေ့တွင် (၎င်းတို့အား မေးမြန်းခြင်း ခံရမည်မှာ) ဤငရဲမီးသည် အမှန်တကယ် ဖြစ်ပေါ်လာသည် မဟုတ်ပါသလော။ (လောကတွင် ထိုငရဲမီး ဖြစ်ပေါ်လာမည်ကို ငြင်းပယ်လျက် ရှိခဲ့ကြသည်။ ပမာအားဖြင့် ၎င်းတို့သည်

وَمَا نَحْنُ بِمُعَذَّبِينَ

(ကျွန်ုပ်တို့မှု အပြစ်ဒဏ်ခတ်ခံရမည့်သူများ မဟုတ်ပါ) ဟု ပြောဆိုခဲ့သည်။) ထိုအခါ ၎င်းတို့က 'ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ကစမ်၊ ဤသည် အမှန်တကယ်ပင် ဖြစ်ပေါ်လာသည့်အရာ ဖြစ်ပါသည်' ဟု လျှောက်ထားကြပေမည်။ ထိုအခါ အသျှင်မြတ်က 'အသင်တို့

သည် မိမိတို့ သွေးဖည်ငြင်းပယ်ခြင်း၏ အကျိုးဆက်အဖြစ် (ဤနေရာတွင် ငရဲကို ငြင်းပယ်ခြင်းလည်း ပါဝင်၏။) ထို (ငရဲ၏) ပြစ်ဒဏ်ကို မြည်းစမ်းကြလေကုန်' ဟု မိန့်ကြားတော်မူပေမည်။

(ရှေ့တွင် တမန်တော်မြတ် ﷺ အား ဖြေသိမ့်မှုတရား ရရှိစေရန် မိန့်ကြားတော်မူသည်မှာ ၎င်းတို့အား 'ကုဖွ်ရ်' ကျူးလွန်ခြင်း၏အစား တုန့်ပြန် လက်စားချေမည်ကို သိရှိပြီးသောအခါ) သို့ဖြစ်ပေရာ (အို၊ နဗီတမန်တော်) အသင်သည် စိတ်ဓါတ်ခိုင်မာ (ဖွဲ့သတ္တိရှိကြ) သော ရစူလ်တမန်တော်များနည်းတူ သည်းခံတရား ထားပါလေ။ ထို့ပြင် အသင်သည် ၎င်းတို့၏ အရေးကိစ္စနှင့် စပ်လျဉ်း၍ (အလ္လာဟ်အသျှင်မြတ်၏ လက်စားချေခြင်းကို) အလျင်စလို မပြုလေနှင့်။ (မွတ်စ္စလင်မ်တို့၏ စိတ်အလိုကျ တောင်းဆိုခြင်းကို ဆိုလိုသည်။ ၎င်းနောက် အံ့ဩစရာ အကောင်းဆုံးမှာ ၎င်းတို့သည် အပြစ်ဒဏ် သက်ရောက်ရန်ကို မိမိတို့ကိုယ်တိုင် အလျင်စလို တောင်းဆိုခဲ့ကြသူများ ဖြစ်သည်။ တရားလိုမှ တရားခံအပေါ်၌ အပြစ်ဒဏ်သည် အလျင်အမြန် ဖြစ်ပေါ်စေရန် လိုလားခြင်းမှာ မထူးဆန်းပေ။ သို့ရာတွင် တရားခံသည် အကယ်၍ အပြစ်ဒဏ်ကို အလျင်စလို တောင်းဆိုနေပါမူ အလွန်အံ့ဩစရာပင် ဖြစ်သည်။ သို့တစေ အလ္လာဟ်အသျှင်မြတ်၏ အစီအမံ အမြော်အမြင်ကြောင့် 'အဇာဗ်'သည် ချက်ချင်းလက်ငင်း ဖြစ်ပေါ်လာမည် မဟုတ်ပေ။ သို့သော် 'အဇာဗ်'ကို တွေ့မြင်ရသောအခါတွင် 'အဇာဗ်'ချက်ချင်း ကျရောက်သကဲ့သို့ ခံစားကြရပေမည်။ အဘယ်ကြောင့်ဆိုသော်) ၎င်းတို့သည် ၎င်းတို့အား ကတိပြုခံရသော အရာ ('အဇာဗ်'အပြစ်ဒဏ်) ကို တွေ့မြင်ကြရသော နေ့တွင် (အပြစ်ဒဏ်၏ အဆုံးမဲ့ ပြင်းထန်မှုကြောင့်) မိမိတို့မှာမူ (လောကီဘဝတွင်) တစ်နေ့လုံး၏ တစ်နာရီမျှခန့် အချိန်ထက် ပိုမို၍ နေထိုင်ခဲ့ကြသည် မဟုတ်သကဲ့သို့ ထင်မှတ်ကြပေမည်။

(ဆိုလိုသည်မှာ လောက၏ ရှည်လျားသောကာလကို တိုတောင်းသည်ဟု မှတ်ယူကြပေမည်။ ထို့ပြင် ချက်ချင်းပင် 'အဇာဗ်'အပြစ်ဒဏ် ရောက်ရှိလာပြီဟု ထင်မှတ်ကြပေလိမ့်မည်။ ရှေ့တွင် ကာဖိရ်များကို သတိပေးထားသည်မှာ) ဤသည် (အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ စောဒက အကြောင်းပြချက် ဆင်ခြေများ မတင်ပြနိုင်ရန်အတွက်) အသင်တို့ထံ အမိန့်တော်များ ပို့ဆောင်ပေးတော်မူခြင်းပင် ဖြစ်သည်။ (၎င်းကို တမန်တော်မြတ် ﷺ၏ တစ်ဆင့်ခံဖြင့် သိရှိခဲ့ပြီးဖြစ်သည်။) သို့ဖြစ်ပေရာ (ထို့နောက်) သွေးဖည်ငြင်းပယ်သူတို့သာလျှင် ပျက်စီးခြင်းကို ခံကြရပေမည်။

(အဘယ်ကြောင့်ဆိုသော် 'သဗ်လီးဂ်'ပို့ချခြင်း ပြုပြီးသည့်နောက်တွင် မည်သည့်အကြောင်း ပြချက်မျှ အသုံးဝင်မည် မဟုတ်နိုင်သောကြောင့် ဖြစ်သည်။ ထို့ပြင် ရစူလ်တမန်တော်အဖို့ ဤနေရာတွင် မည်သည့်နစ်နာဆုံးရှုံးမှုမျှ မရှိပေ။ ၎င်းဖြင့် ဖြေသိမ့်မှုတရားအပေါ် လေးနက်မှုလည်း ရှိစေလိုက်သည်။)

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

စူရာဟ်မိုဟမ္မဒ်

တမန်တော်မြတ် ﷺ မိုဟမ္မဒ် ကဏ္ဍ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

اَلَّذِيْنَ كَفَرُوْا وَصَدُّوْا عَنْ سَبِيْلِ اللّٰهِ اَضَلَّ اَعْمَالَهُمْ ①

၄၇ : ၁ ။ ။ အကြင်သူတို့သည် (မိမိကိုယ်တိုင်) သွေဖည်ငြင်းပယ်ခဲ့ကြကုန်၏။ ၎င်းပြင် ထိုသူတို့သည် အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်မှ ပိတ်ပင်တားဆီးခဲ့ကြကုန်၏။ ထိုအသျှင်မြတ်သည် ၎င်းတို့၏ ကျင့်မှုဆောင်ရွက်ချက်များကို အချည်းအနှီး ဖြစ်စေတော်မူမည်။

وَالَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ وَاٰمَنُوْا بِمَا نُزِّلَ عَلٰى مُحَمَّدٍ
وَّهُوَ الْحَقُّ مِنْ رَّبِّهِمْ كَفَّرَ عَنْهُمْ سَيِّاٰتِهِمْ وَاَصْلَحَ بَالَهُمْ ②

၄၇ : ၂ ။ ။ သို့ရာတွင် အကြင်သူတို့သည် အီမာန်သက်ဝင်ယုံကြည်၍ ကောင်းမှုများကို ကျင့်မှုဆောက်တည်ခဲ့ကြကုန်၏။ ၎င်းပြင် (နဗီတမန်တော်) မိုဟမ္မဒ်၏ အပေါ်သို့ ချပေးတော်မူခြင်း ခံခဲ့ရသည့်တိုကို သက်ဝင်ယုံကြည်ခဲ့ကြကုန်၏။ စင်စစ် ထိုအရာသည် ၎င်းတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ထံတော်မှ (ချပေးခြင်းခံရသော) အမှန်တရားပင် ဖြစ်ပေသည်။ ထိုအသျှင်မြတ်သည် ၎င်းတို့မှ ၎င်းတို့၏ မကောင်းမှုများကို ပပျောက်စေတော်မူမည့်အပြင် ၎င်းတို့၏ အခြေအနေကိုလည်း ကောင်းမွန်အောင် ပြုပြင်၍ ပေးတော်မူပေမည်။

ذٰلِكَ بِاَنَّ الَّذِيْنَ كَفَرُوا اتَّبَعُوا الْبَاطِلَ وَاَنَّ الَّذِيْنَ اٰمَنُوا
اتَّبَعُوا الْحَقَّ مِنْ رَّبِّهِمْ كَذٰلِكَ يَضْرِبُ اللّٰهُ لِلنَّاسِ اَمْثَالَهُمْ ③

၄၇ : ၃ ။ ။ ဤသို့ ဖြစ်ရခြင်းမှာ ကာဖိရ်သွေဖည်ငြင်းပယ်သော သူတို့သည် အမှားကို လိုက်နာခဲ့ကြသောကြောင့်လည်းကောင်း၊ မုအ်မင်န်သက်ဝင် ယုံကြည်သူတို့သည် အမှန်တရားကို လိုက်နာခဲ့ကြသောကြောင့်လည်းကောင်း ဖြစ်ပေသည်။ အလ္လာဟ်အသျှင်မြတ်သည် ဤနည်းအတိုင်းပင် လူတို့၏ အကျိုးငှာ ၎င်းတို့၏ အခြေအနေများကို ခိုင်းနှိုင်း မိန့်ကြားထားတော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အကြင်သူတို့သည် (မိမိတို့ကိုယ်တိုင်လည်း) သွေဖည်ငြင်းပယ်ခဲ့ကြကုန်၏။ တစ်ဖန် ထိုသူတို့သည် (အခြားသူများကိုလည်း) အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်မှ ပိတ်ပင်တားဆီးခဲ့ကြကုန်၏။ (ဥစ္စာပစ္စည်းအားဖြင့်လည်းကောင်း၊ လူအားဖြင့်လည်းကောင်း နည်းမျိုးစုံဖြင့် အစ္စလာမ်သာသနာတော်၏ လမ်းတော်ကို ပိတ်ဆို့တားဆီးရန် ကြံစည်ကြိုးစားကြသော ကာဖိရ်ခေါင်းဆောင်တို့အား) အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့၏ ပြုမူဆောင်ရွက်ချက်များကို အလဟဿ အချည်းအနှီး ဖြစ်စေတော်မူလိုက်သည်။ (ဆိုလိုသည်မှာ ၎င်းတို့က ကောင်းမှုဟု မှတ်ယူလျက်ရှိသော လုပ်ရပ်များသည် အီမာန်သက်ဝင်ယုံကြည်ခြင်း မရှိသောကြောင့် လက်ခံခြင်း မခံရရုံသာမက ၎င်းတို့အနက် အချို့လုပ်ရပ်များမှာ ပြောင်းပြန်ဖြစ်၍ အပြစ်ထိုက်သော လုပ်ရပ်များပင် ဖြစ်သည်။ ဥပမာ- အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ လျှောက်လှမ်းခြင်းကို တားဆီးပိတ်ပင်ရာတွင် သုံးစွဲမှုပြုခြင်းဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်က

فَسَيُنْفِقُوْنَهَا ثُمَّ تَكُوْنُ عَلَيْهِمْ حَسْرَةً ــ الخ

ဟု မိန့်ကြားတော်မူသကဲ့သို့ ဖြစ်သည်။ ထို့ပြင် (၎င်းတို့နှင့် ဆန့်ကျင်ဘက်ဖြစ်သော) အီမာန်သက်ဝင်ယုံကြည်လျက် ကောင်းမှုများ ကျင့်မူ ဆောက်တည်ကြပြီးနောက် (၎င်းတို့၏ အီမာန်ယူ သက်ဝင် ယုံကြည်ခြင်း၏ အခြေအနေကို အကျယ်တဝင့် ဖော်ပြသည်မှာ) နဗီတမန်တော်မိုဟမ္မဒ် ﷺ အပေါ်သို့ ပို့ချပေးခံရသော အရာအားလုံးသည် ၎င်းတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ထံတော်မှ (ရောက်ရှိလာသော) အမှန်တရားများဖြစ်ကြောင်း သက်ဝင် ယုံကြည်ကြသူများအား (ထိုသို့ ယုံကြည်ရန်လည်း အရေးကြီးသည် ဖြစ်ရာ) အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့၏ မကောင်းမှုအပြစ်ဒုစရိုက်များကို ၎င်းတို့၏အပေါ်မှ ချွတ်ကယ်တော်မူပေမည်။ (ဆိုလိုသည်မှာ ခွင့်လွှတ်ချမ်းသာပေးတော်မူပေမည်။) ထို့ပြင် (နှစ်ဘဝနှစ်ဌာနစလုံးတွင်) ၎င်းတို့၏ အခြေအနေကို ကောင်းမွန်အောင် ပြုပြင်ပေးတော်မူပေမည်။

(လောက၌မူ ၎င်းတို့အား ကောင်းမှုကိုယ်ကျင့်တရားများ ပွားများနိုင်မှုကို တိုးမြှင့်ပေးတော်မူပြီး တမလွန်တွင် ၎င်းတို့အား 'အဇာဗ်'အပြစ်ဒဏ်မှ လွတ်ကင်းမှုနှင့် 'ဂျန္နသ်'ဘုံနန်းသို့ ဝင်ရောက်စေတော်မူပေမည်။ ထို့ပြင်) ဤသို့ ဖြစ်ရခြင်းမှာ (မုအ်မင်န်များမှာ ကောင်းမွန်သော အခြေအနေ၌ရှိပြီး ကာဖိရ်များ၏ အခြေအနေ ဆိုးရွားရခြင်းမှာ) ကာဖိရ်တို့သည် လမ်းမှားကို လျှောက်လှမ်းကြပြီး မုအ်မင်န်သက်ဝင်ယုံကြည်သူတို့မှာ မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ဘက်တော်မှ (လာရှိသော၊ ချပေးခြင်းခံရသော) လမ်းမှန်ပေါ်၌ လျှောက်လှမ်းကြသောကြောင့် ဖြစ်သည်။ (လမ်းမှားကို လိုက်ခြင်းသည် ဆုံးရှုံးနစ်နာရခြင်းနှင့် လမ်းမှန်အပေါ် လျှောက်လှမ်းသူမှာ အောင်မြင်သူဖြစ်ကြောင်းမှာ အထင်အရှားဖြစ်ပါသည်။ ထို့ကြောင့် ထိုကာဖိရ်တို့မှာ ဆုံးရှုံးနစ်နာကြရပြီး မုအ်မင်န်တို့မှာ အောင်မြင်မှု ရရှိခဲ့ကြခြင်းဖြစ်သည်။ အကယ်၍ အစ္စလာမ်သာသနာတော်သည် လမ်းမှန်ဖြစ်သည်ဆိုခြင်းကို သံသယ တစ်စုံတစ်ရာ

ဖြစ်ပေါ်ပါလျှင် مِنْ رَّبِّهِمْ (မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ) သည် ၎င်း၏အဖြေ ဖြစ်သည်။ အစ္စလာမ်သာသနာတော်၏ မှန်ကန်ကြောင်း အထောက်အထားမှာ 'ဤသည် အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ ချပေးခြင်းခံရသော တရားလမ်းစဉ်ဖြစ်သည်' ဟူ၍ ဖွင့်ဆိုသည်။ နဗီ တမန်တော်မြတ် ﷺ ၏ 'မုအ်ဂျေဇာဟ်'များနှင့် အထူးသဖြင့် ကျမ်းတော်မြတ်ကုရ်အာန်လာ အတုမဲ့ အံ့ဖွယ် မဆုံး စာစဉ်၏စာသား အကြောင်းအရာများမှ အတည်ဖြစ်ပြီး ဖြစ်ပေသည်။ ထို့ပြင်) အလ္လာဟ်အသျှင် မြတ်သည် ဤနည်းအတိုင်းပင် (ယခုတင်ပြပါ အကြောင်းအရာကို တင်ပြတော်မူသည့်အတိုင်း) လူတို့၏ (အကျိုးနှင့် လမ်းမှန်ရရှိစေရန်) အတွက် ထို (ဖော်ပြပါ) သူတို့၏ အခြေအနေများကို တင်ပြမိန့်ကြားထား တော်မူသည်။ (သို့မှသာ နှိုးဆော်ခြင်းနှင့် သတိပေးခြိမ်းခြောက်ခြင်းပုံစံ နှစ်မျိုးစလုံးဖြင့် တရားလမ်းမှန် ပြသရန် ဖြစ်ပေသည်။)

သိမှတ်ဖွယ်ရာများနှင့် ခမ္ဘသတ်များ

စူရာဟ်မိုဟမ္မဒ် ﷺ ၏ အခြားအမည်တစ်ခုမှ سورہ قتال 'စူရာဟ်ကိသားလ်'ဟုလည်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် 'ဂျိဟားဒ်'နှင့် စစ်မက်ပြိုင်ဆိုင်ခြင်းဆိုင်ရာ အမိန့်တော်များကို ဤစူရာဟ်တွင် ဖော်ပြထားသောကြောင့် ဖြစ်သည်။ မဒီနာသို့ 'ဟီဂျ်ရာဟ်'ပြောင်းရွှေ့ပြီးနောက် များမကြာမီပင် ဤစူရာဟ် ကျရောက် လာခဲ့သည်။ ဤစူရာဟ်တော်ရှိ كَأَيِّنْ مِّنْ قَرْيَةٍ ဟူသော အာယသ်တော်နှင့် စပ်လျဉ်း၍ ဟဇရသ်အိဗ်နုအဗ္ဗားစ် ﵄ ထံမှ ဆင့်ပြန်ချက် လာရှိသည်မှာ 'ဤအာယသ်တော်သည် မက္ကာဟ်မြို့တော်၌ ကျရောက်သော အာယသ်တော် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဤအာယသ်တော်သည် 'ဟီဂျ်ရာဟ်' ပြုရန် ရည်ရွယ်လျက် မက္ကာဟ်မြို့မှ ထွက်စဉ် ကျရောက်ခဲ့သောကြောင့် ဖြစ်သည်။ ထိုစဉ်က ကိုယ်တော် မြတ် ﷺ သည် မက္ကာဟ်မြို့နှင့် 'ဗိုင်သွလ္လာဟ်' ('ကအ်ဗာဟ်'ကျောင်းတော်) အား ကြည့်လျက် 'တစ်ကမ္ဘာ လုံး၌ရှိသော မြို့တကာမြို့များအနက် ကျွန်ုပ်သည် အသင့်ကိုသာ ချစ်ခင်ပါသည်။ အကယ်၍ မက္ကာဟ် မြို့သားများကသာ ကျွန်ုပ်အား ဤနေရာမှ မောင်းမထုတ်ခဲ့ပါလျှင် ကျွန်ုပ်သည် မိမိသဘောဆန္ဒအလျောက် မက္ကာဟ်ကို စွန့်လွှတ်မည်မဟုတ်ပါ' ဟု ပြောဆိုတော်မူခဲ့သည်။ အဖွင့်ပညာရှင်တို့၏ ဝေါဟာရအသုံးအနှုန်း အရ မဒီနာသို့ 'ဟီဂျ်ရာဟ်'ပြုစဉ် ခရီး၌ ကျရောက်သော အာယသ်တော်များအား 'မက္ကီ' (မက္ကာဟ်မြို့ တော်၌ ကျရောက်သော အာယသ်တော်များ) ဟုပင် ခေါ်ဆိုသည်။ အချုပ်မှာ ဤစူရာဟ်သည် မဒီနာသို့ 'ဟီဂျ်ရာဟ်'ပြုပြီးနောက် များမကြာမီအတွင်းမှာပင် ကျရောက်လာသည့် စူရာဟ်ဖြစ်သည်။ မဒီနာသို့ ရောက်ရှိ ပြီးနောက် ကာဖိရ်များနှင့် 'ဂျိဟားဒ်'ပြုရန်ဟူသော အမိန့်တော်များ ကျရောက်လာခဲ့သည်။

صَدُّوْا عَنْ سَبِيْلِ اللّٰهِ

(၎င်းပြင် ထိုသူတို့သည် အလ္လာဟ်အသျှင်မြတ်၏လမ်းတော်မှ ဝိတ်ပင်တားဆီးခဲ့ကြကုန်၏) *[၄၇ း ၁]* တွင် سبيل الله (အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်) သည် အစ္စလာမ်သာသနာကို ဆိုလိုသည်။

اَضَلَّ اَعْمَالَهُمْ

(ထိုအသျှင်မြတ်သည် ၎င်းတို့၏ အကျင့်အမူ ဆောင်ရွက်ချက်များကို အချည်းအနှီး ဖြစ်စေတော်မူမည်။) [၄၇ : ၁]

တွင် ထိုကာဖိရ်များပြုခဲ့သော ပင်ကိုယ်အရ ကောင်းမြတ်သော လုပ်ရပ်များကို ဆိုလိုသည်။ ဥပမာ- မရှိဆင်းရဲသားများအား ကူညီပံ့ပိုးခြင်း၊ အိမ်နီးချင်းများအား ကူညီခြင်း၊ စောင့်ရှောက် ခြင်း၊ ရက်ရောစွာ လှူဒါန်းခြင်း၊ 'စွဒ်ကာဟ်'၊ 'ခိုင်ရားသ်' စသည်များ ပေးကမ်းခြင်းတို့ဖြစ်သည်။ ထိုပြုမူဆောင်ရွက်ခြင်းတို့သည် မိမိတို့၏ မူလအရ ကောင်းမြတ်သော လုပ်ရပ်များဖြစ်ကြသည်။ သို့ရာတွင် 'အာခေရသ်'တွင် ထိုကောင်းမှုများ၏ အကျိုးသည် အီမာန်သက်ဝင် ယုံကြည်ခြင်းနှင့် ဆက်စပ်နေသောအခါ ကာဖိရ်များအဖို့ ဤကဲ့သို့ ကောင်းမြတ်သော ကျင့်စဉ်များသည် မည်သို့မျှ အကျိုးသက်ရောက်မည်မဟုတ်ပေ။ သို့ရာတွင် ၎င်းတို့၏ ကောင်းမှုများ၏ အကျိုးကို လောကဒွိပင် သုခချမ်းသာများအဖြစ် ၎င်းတို့ရရှိကြပေမည်။

وَاٰمَنُوْا بِمَا نُزِّلَ عَلٰى مُحَمَّدٍ

(၎င်းပြင် နဗီတမန်တော်မိုဟမ္မဒ် ﷺ ၏ အပေါ်၌ ချပေးတော်မူခြင်းခံခဲ့ရသည်တို့ကို သက်ဝင်ယုံကြည်ခဲ့ကြကုန်၏။) [၄၇ : ၂]

စင်စစ် ပထမအပိုဒ်တွင် အီမာန်သက်ဝင် ယုံကြည်ခြင်းနှင့် ကောင်းမှုကိုယ်ကျင့်တရားများ ပြုကျင့်ခြင်းအကြောင်း တင်ပြခဲ့ပြီး ဖြစ်ပေသည်။ ယင်းအပိုဒ်တွင် တမန်တော်မြတ် ﷺ ၏ 'ရိစာလသ်' (ရစူလ်တမန်တော်ဖြစ်ခြင်း) နှင့် ကိုယ်တော်မြတ်အပေါ် ချပေးခြင်းခံရသော 'ဝဟီ'အကြောင်းလည်း ပါဝင်ပေသည်။ သို့သော် ဤဒုတိယအပိုဒ်တွင် ထိုအကြောင်းကို ပေါ်လွင်ထင်ရှားစွာ တင်ပြရာတွင် အီမာန်၏ အဓိက အခြေအမြစ်သည် နောက်ဆုံးနဗီတမန်တော်ချုပ် မိုဟမ္မဒ် ﷺ ၏ သင်ကြားမှုအားလုံးကို မှန်ကန်သော စိတ်ဖြင့် လက်ခံယူရန်ဟူ၍ တင်ပြလိုခြင်း ဖြစ်သည်။

وَاَصْلَحَ بَالَهُمْ

(၎င်းတို့၏ အခြေအနေကိုလည်း ကောင်းမွန်အောင် ပြုပြင်၍ ပေးတော်မူပေမည်။) [၄၇ : ၂]

بَالْ ဟူသော စာလုံးသည် တစ်ခါတစ်ရံ 'ဂုဏ်သိက္ခာနှင့် 'အခြေအနေ'ဟူသော အဓိပ္ပာယ်အတွက် ဖြစ်ပြီး၊ တစ်ခါတစ်ရံ 'နှလုံးသား' ဟူသော အဓိပ္ပာယ်အတွက် လာရှိသည်။ ဤနေရာတွင် အဓိပ္ပာယ်နှစ်မျိုးစလုံးကို ယူနိုင်သည်။

ပထမအဓိပ္ပာယ်ဖြစ်သော 'အခြေအနေ'ကို ကောက်ယူမည်ဆိုလျှင် အာယသ်တော်၏ အဓိပ္ပာယ်မှာ 'အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့၏ အခြေအနေ (လောကီ၊ လောကုတ္တရာ၏ လုပ်ရပ်) အားလုံးကို ကောင်းမွန်အောင် ပြုပေးတော်မူမည်'ဟု ဖြစ်လေသည်။

ဒုတိယအဓိပ္ပာယ်ဖြစ်သော 'နှလုံးသား' ဟူသည့် အဓိပ္ပာယ်ကို ကောက်ယူမည်ဆိုပါက အာယသ်တော်၏ အဓိပ္ပာယ်မှာ အလ္လာဟ်အသျှင်မြတ်သည် ၄င်းတို့၏ စိတ်နှလုံးသားများကို ကောင်းမွန်အောင် ပြုပေးတော်မူမည်' ဟု ဖြစ်ပေမည်။ ဆိုလိုရင်းသဘောမှာ 'ကိစ္စအားလုံးကို ကောင်းမွန်အောင် ပြုပေးတော်မူလိုက်မည်' ဟု ဖြစ်သည်။ အကြောင်းမှာ အလုပ်ကိစ္စများ ကောင်းမွန်ခြင်းသည် စိတ်နှလုံးသားကောင်းမွန်ခြင်းနှင့် အညမညဖြစ်သောကြောင့်ပင် ဖြစ်သည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

فَإِذَا لَقِيتُمُ الَّذِينَ كَفَرُوا فَضَرْبَ الرِّقَابِ حَتَّىٰ إِذَا أَثْخَنتُمُوهُمْ
فَشُدُّوا الْوَثَاقَ فَإِمَّا مَنًّا بَعْدُ وَإِمَّا فِدَاءً حَتَّىٰ تَضَعَ الْحَرْبُ
أَوْزَارَهَا ۚ ذَٰلِكَ وَلَوْ يَشَاءُ اللَّهُ لَانتَصَرَ مِنْهُمْ وَلَٰكِن لِّيَبْلُوَ
بَعْضَكُم بِبَعْضٍ ۗ وَالَّذِينَ قُتِلُوا فِي سَبِيلِ اللَّهِ فَلَن يُضِلَّ أَعْمَالَهُمْ ④

၄၇ : ၄ ။ ။ သို့ဖြစ်ပေရာ ယခု အသင်တို့သည် ကာဖိရ်သွေဖည် ငြင်းပယ်ကြကုန်သော သူတို့နှင့် ရင်ဆိုင်တွေ့ကြသောအခါ ၄င်းတို့၏ လည်ကုတ်များကို ခုတ်ဖြတ်ကြလေကုန်။ နောက်ဆုံးတွင် အသင်တို့သည် ၄င်းတို့အား ကောင်းစွာ သတ်ဖြတ်ခဲ့ကြပြီးသောအခါ (သုံ့ပန်းများကို) ကြိုးများဖြင့် ကောင်းစွာ ခိုင်ခံ့၍ တုတ်နှောင်ကြလေကုန်။ ထို့နောက်တစ်ဖန် (အသင်တို့သည်) ကျေးဇူးပြုခြင်းအားဖြင့် (လျော်ကြေးမယူဘဲ ပြန်လွှတ်ခြင်းကို) သော်လည်းကောင်း၊ လျော်ကြေးယူ (၍ ပြန်လွှတ်) ခြင်းကို သော်လည်းကောင်း (ပြုနိုင်ခွင့် ရှိ၏။) စစ်မက်တိုက်ခိုက်မှုသည် လက်နက်ချသည့်တိုင်အောင် (၄င်းတို့နှင့် ပတ်သက်၍ အမိန့်တော်သည်) ဤအတိုင်းဖြစ်၏။ စင်စစ် အကယ်၍သာ အလ္လာဟ်အသျှင်မြတ်သည် အလိုရှိတော်မူပါလျှင် (စစ်မက်တိုက်ခိုက်ရန် အမိန့်ထုတ်ပြန်ခြင်း ပြုတော်မမူဘဲ ကိုယ်တော်တိုင်) ၄င်းတို့အား လက်စားချေ အပြစ်ပေးတော်မူခဲ့မည်သာ (ဖြစ်၏။) သို့ရာတွင် ထိုအသျှင်မြတ်သည် အသင်တို့အနက် အချို့ကို အချို့ဖြင့် စမ်းသပ်တော်မူရန်အလို့ငှာ (စစ်တိုက်ရန် အမိန့်တော်ကို ထုတ်ပြန်တော်မူခဲ့၏။) အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ သတ်ဖြတ်ခြင်းခံခဲ့ကြရသော သူတို့၏ ဆောင်ရွက်ချက်များကို ထိုအသျှင်မြတ်သည် အလျဉ်း အချည်းအနှီးဖြစ်စေတော်မူမည် မဟုတ်ပေ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(အထက်ပါအာယသ်တော်များတွင် အီမာန်ရှင်တို့၏ အခြေအနေ ကောင်းမွန်သူများ ဖြစ်ခြင်းနှင့် ကာဖိရ်များ၏ ဆိုးရွားပျက်စီးသော အခြေအနေများတွင် ရှိမည်ဖြစ်ခြင်းကို တင်ပြခဲ့သည်။ ထိုအကြောင်း

များနှင့် ဆက်စပ်လျက် 'ကုဖ္ဖရ်'သွေးဖည်ငြင်းပယ်ခြင်းနှင့် ကာဖိရ် (သွေးဖည်ငြင်းပယ်သူ) တို့၏ ရန်ရှာ၊ ပြဿနာရှာခြင်းများမှ ကင်းရှင်းစေရန် ဤအာယသ်တော်တွင် 'ဂျိဟားဒ်' ၏ အမိန့်တော်များကို တင်ပြထားသည်)

သို့ဖြစ်ပေရာ အသင်တို့သည် ကာဖိရ်များနှင့် ရင်ဆိုင်တွေ့ကြုံရသောအခါ ၎င်းတို့၏ လည်ကုတ်များကို ခုတ်ဖြတ်ကြလေကုန်။ နောက်ဆုံးတွင် အသင်တို့သည် ၎င်းတို့အား ကောင်းမွန်စွာ သတ်ဖြတ်ကြပြီးသောအခါ (ထိုသို့ပြုလုပ်ရမည်မှ ဤမျှ အတိုင်းအတာအထိ ဖြစ်၏။ ကာဖိရ်တို့၏ ဂုဏ်သိက္ခာနှင့် အင်အား ကျိုးပျက်သွားစေရမည်။ ၎င်းနောက် ထိုသူတို့၏ စစ်တိုက်ခြင်းကို ရပ်တန့်စေ၍ မွတ်စ္စလင်မ်တို့၏ နစ်နာဆုံးရှုံးမှု မကျန်ရှိစေရ။ (သို့) ကာဖိရ်များ လွှမ်းမိုးနိုင်ချေ မရှိစေရ။) ကာဖိရ်သုံ့ပန်းများကို ဖမ်းဆီးချုပ်နှောင်လျက်) ကြိုးများဖြင့် ကောင်းစွာ တုပ်နှောင်ကြလေကုန်။ ထို့နောက် (အသင်တို့အဖို့ ပြုနိုင်ခွင့်ရှိသော အချက်နှစ်ချက် ရှိသည်။ ၎င်းမှာ) လျော်ကြေးမယူဘဲ ပြန်လွှတ်ခြင်း၊ (သို့) လျော်ကြေးယူ၍ ပြန်လွှတ်ခြင်းတို့ကို ပြုနိုင်သည်။ (ဤကဲ့သို့ ဖမ်းဆီးချုပ်နှောင်စေခြင်းနှင့် စစ်မက်ချီတက် တိုက်ခိုက်သတ်ဖြတ်ရန် အမိန့်မှာ) စစ်မက်တိုက်ခိုက်သူ (ရန်သူ) သည် မိမိ၏ လက်နက်မချမချင်းအထိ ဖြစ်သည်။

(ဆိုလိုသည်မှာ အစ္စလာမ်သာသနာကို လက်ခံ (သို့) မွတ်စ္စလင်မ်တို့၏ 'ဇင်မ္မီ'(မွတ်စ္စလင်မ်လက်အောက်ခံ အခွန်ပေး၍နေသူ) အဖြစ်နေရန် သဘောတူ လက်ခံလိုက်ချိန်အထိဖြစ်သည်။ ထို့နောက်တွင်မူ ၎င်းအား သတ်ဖြတ် ခြင်းသည်လည်းကောင်း၊ ချုပ်နှောင်ခြင်းသည်လည်းကောင်း မပိုင်တော့ပေ။)

ဤအမိန့်တော် ('ဂျိဟားဒ်'နှင့် စပ်လျဉ်း၍ တင်ပြခဲ့သော အမိန့်တော်) အား လိုက်နာရပေမည်။ ထို့ပြင် (အချို့အခြေအနေများအရ ကာဖိရ်တို့အား လက်စားချေရန် 'ဂျိဟားဒ်'၏ လမ်းကို သတ်မှတ်ခဲ့သည်။ ဤသည်မှာ အထူးအမြော်အမြင်ကြောင့် ဖြစ်သည်။ ထိုသို့သာမဟုတ်ပါက) အကယ်၍သာ အလ္လာဟ်အသျှင်မြတ် အလိုတော်ရှိပါလျှင် ၎င်းတို့အား (အလ္လာဟ်အသျှင်မြတ်ကိုယ်တော်တိုင်ပင် မိုးကောင်းကင်မှလည်းကောင်း၊ မြေပထဝီမှလည်းကောင်း 'အဇားဗ်'အပြစ်ဒဏ်များအားဖြင့်) လက်စားချေ အပြစ်ပေးတော်မူခဲ့မည်သာ ဖြစ်၏။ (ဥပမာ- ရှေးလွန်လေပြီးသော အွမ္မသ်များအား ဤနည်းအတိုင်း လက်စားချေတော်မူခဲ့သည်။ အချို့အုပ်စုများအပေါ် ကျောက်ခဲမိုး ရွာသွန်းစေခဲ့သည်။ အချို့အုပ်စုများအပေါ် မုန်တိုင်းကျစေခဲ့သည်။ အချို့အုပ်စုများအား ရေနစ်မြုပ်စေခဲ့သည်။ အကယ်၍ ဤအတိုင်းသာဖြစ်လျှင် အသင်တို့အဖို့ 'ဂျိဟားဒ်' ပြုရန်ပင် မလိုအပ်တော့ပေ။) သို့ရာတွင် (အသင်တို့အား 'ဂျိဟားဒ်'ပြုရန်ဟူသော အမိန့်ကိုပေးရခြင်းမှာ) ထိုအသျှင်မြတ်သည် အသင်တို့အနက် အချို့ကို အချို့ဖြင့် စမ်းသပ်ရန်ဖြစ်သည်။ (မွတ်စ္စလင်မ်တို့အား စမ်းသပ်ခြင်းဆိုသည်မှာ 'မည်သူသည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်အပေါ် မိမိ၏အသက်ကို ဦးစားပေးသနည်း'ဟု ဖြစ်သည်။ ကာဖိရ်တို့အား စမ်းသပ်ခြင်းဆိုသည်မှာ 'ဂျိဟားဒ်၏ ဒဏ္ဍမှ သတိဝင်လာလျက် မည်သူသည် အမှန်တရားကို လက်ခံလာပါသနည်း'ဟု ဖြစ်သည်။) ထို့ပြင် ('ဂျိဟားဒ်'တွင် ကာဖိရ်တို့အား သတ်ဖြတ်သူဖြစ်ခြင်းသည် အောင်မြင်ခြင်းဖြစ်သကဲ့သို့ မိမိသတ်ဖြတ်ခံရသူ ဖြစ်ခြင်းသည်လည်း အကျိုးမဲ့မဖြစ်ပေ။ အဘယ်ကြောင့်ဆိုသော်) အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်တွင် ('ဂျိဟားဒ်'

တွင်) သတ်ဖြတ်ခြင်းခံခဲ့ရသူတို့၏ ဆောင်ရွက်ချက်များကို အလ္လာဟ်အသျှင်မြတ်သည် (ဆောင်ရွက်ချက်များဟု ဆိုရာတွင် ဤ 'ဂျိဟားဒ်'၏ ဆောင်ရွက်ချက်များလည်း ပါဝင်သည်။) လုံးဝဥဿုံ အချည်းနှီးဖြစ်စေတော်မူမည် မဟုတ်ပေ။

(အပေါ်ယံအားဖြင့်ကြည့်လျှင် ကာဖိရ်သွေးဖည်ငြင်းပယ်သူတို့အပေါ် အောင်နိုင်မှုမရရှိခဲ့ဘဲ မိမိကိုယ်တိုင် အသတ်ခံခဲ့ရသည်ဆိုလျှင် ၎င်း၏ ဆောင်ရွက်ချက် အလဟဿဖြစ်သွားသည်ဟု ယူဆနိုင်ပေသည်။ သို့ရာတွင် အမှန်စင်စစ်မှာမူ ဤသို့မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ထိုသူ၏ ဤဆောင်ရွက်ချက်အပေါ် ပေါ်လွင်ထင်ရှားသော အောင်မြင်မှုထက် အဆင့်ပိုသည့် အခြားသော ရလဒ်များလည်း ရှိပေသည်။ ထိုရလဒ်ကို ထိုသူ ရရှိလိုက်၍ ဖြစ်သည်။)

သိမ့်တ်ဖွယ်ရာများနှင့် စမ္ဘသတ်များ

ဤအာယသ်တော်အားဖြင့် အချက်နှစ်ချက် အတည်ဖြစ်ခဲ့သည်။

(၁) ဤစစ်မက်တိုက်ခိုက်စေခြင်းမှာ ကာဖိရ်တို့၏ ဂုဏ်သိက္ခာနှင့် အင်အားများ ကျိုးပျက်သွားစေရန် ဖြစ်သည်။ သို့ဖြစ်ပေရာ ၎င်းတို့အား သတ်ဖြတ်ရမည့်အစား ဖမ်းဆီးချုပ်နှောင်ထားရပေမည်။ တစ်ဖန် ထိုစစ်သုံ့ပန်းတို့နှင့် စပ်လျဉ်း၍ မွတ်စ္စလင်မ်တို့အား အချက်နှစ်ချက်ကို ရွေးချယ်လုပ်ပိုင်ခွင့် ပေးထားသည်။

ပထမတစ်ချက်မှာ ၎င်းတို့အား ကျေးဇူးပြုလျက် လျော်ကြေးမယူဘဲ ပြန်လွှတ်ပေးခြင်း၊

ဒုတိယတစ်ချက်မှာ ၎င်းတို့ထံမှ 'ဖိဒ်ယဟ်'ယူ၍ ပြန်လွှတ်ပေးခြင်း ဖြစ်သည်။

'ဖိဒ်ယဟ်'ဟူသည်မှာ ၎င်းတို့လက်ဝယ်၌ ဖမ်းဆီးခြင်းခံထားရသည့် ကျွန်ုပ်တို့ မွတ်စ္စလင်မ်များဘက်မှ မွတ်စ္စလင်မ်အကျဉ်းသားများကို ၎င်းတို့နှင့် အလဲအလှယ်ပြု၍လည်း ဖြစ်နိုင်သည်။ တစ်ဖန် ဥစ္စာငွေကြေး အချို့ကို ယူ၍ ပြန်လွှတ်ပေးခြင်းလည်း ဖြစ်နိုင်သည်။ ဤအမိန့်သည် အပေါ်ယံအားဖြင့်ကြည့်လျှင် 'စူရဟ်အန်ဖားလ်'ရှိ အာယသ်တော်၏ အမိန့်နှင့် ဆန့်ကျင်နေသည်။ ထိုအာယသ်တော်တွင် 'ဗဒရ်'စစ်ပွဲမှ စစ်သုံ့ပန်းများကို လျော်ကြေးယူ၍ လွှတ်ပေးရန် အကြံဉာဏ်တင်ပြခြင်းအပေါ် အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ အရေးယူရန် ဖြစ်ခဲ့သည်။ တမန်တော်မြတ် ﷺ က 'ကျွန်ုပ်တို့၏ ဤလုပ်ရပ်အပေါ် အလ္လာဟ်အသျှင်မြတ်၏ 'အဇားဗ်'အပြစ်ဒဏ်သည် နီးကပ်၍ လာခဲ့သည်။ အကယ်၍ ဤ 'အဇားဗ်'အပြစ်ဒဏ်ကျရောက်လာသည်ဖြစ်လျှင် ထို 'အဇားဗ်'အပြစ်ဒဏ်မှ အုမရ်ဗင်န်ခတ္တ်သွားဗ် ﷺ နှင့် စအဒ်ဗင်န် မအားဇ် ﷺ သခင်တို့မှအပ မည်သူမျှ လွတ်မြောက်ကြမည် မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့နှစ်ဦးသည် 'ဖိဒ်ယဟ်'ယူ၍ ပြန်လွှတ်ရန်ဟူသော အကြံဉာဏ်ကို ဆန့်ကျင်ခဲ့ကြသောကြောင့် ဖြစ်သည်ဟူ၍ပင် အမိန့်ရှိခဲ့သည်။ ဤအကြောင်း အသေးစိတ် တင်ပြချက်ကို မအာရိဖွလ်ကုရ်အာန်၊ အတွဲ-၁၀၊ စာမျက်နှာ (၇၀) မှ (၇၇) အထိ၌ ရေးသားတင်ပြခဲ့ပြီး ဖြစ်သည်။

အချုပ်ဆိုရသော် 'စူရာဟ်အန်ဖာလ်'၏ အာယသ်တော်သည် 'ဗဒရ်'စစ်ပွဲမှ စစ်သုံ့ပန်းများကို 'ဖိဒ်ယဟ်'လျော်ကြေးယူ၍ ပြန်လွှတ်ခြင်းကိုပင် တားမြစ်ခဲ့သည်ဖြစ်ရာ လျော်ကြေးမယူဘဲ လွှတ်ခြင်းဆိုလျှင် ပို၍ပင် တားမြစ်ချက် ရှိပေလိမ့်မည်။ စူရာဟ်မိုဟမ္မဒ်၏ တင်ပြပါအာယသ်တော်သည် ထိုအချက်နှစ်ချက်စလုံးကို ပိုင်သည်ဟု သတ်မှတ်ပေးခဲ့သည်။ ဤအတွက်ကြောင့်ပင် ဆွဟာဗာအများစုနှင့် ဖိကာဟ်ပညာရှင် အေမာမ်ကြီးများက စူရာဟ်မိုဟမ္မဒ်၏ ဤအာယသ်တော်သည် စူရာဟ်အန်ဖားလ်၏ အာယသ်တော်ကို 'မန်ဆူးခ်' (ပယ်ဖျက်) လိုက်သည်ဟု မိန့်ဆိုကြသည်။ သဖ်စီးရ်မဇ္ဇဟရီကျမ်းတွင် ဟဇရသ် အဗ်ဒုလ္လာဟ်ဗင်န်အုမရ် ؓ ၊ ဟာစံ (ရဟ)၊ အသ္ဘာ (ရဟ)၊ ဆွဟာဗာအများစု၊ ဖိကာဟ်ပညာရှင်တို့၏ အဆိုမှာလည်း ဤအတိုင်းပင် ဖြစ်သည်ဟု ရေးသားတင်ပြထားသည်။ ဖိကာဟ် ပညာရှင်အေမာမ်များအနက် စောင်ရီ (ရဟ)၊ ရှာဖေအီ (ရဟ)၊ အဟ်မဒ် (ရဟ)၊ အိစ်ဟားက် (ရဟ) တို့၏ လမ်းစဉ်သည်လည်း ဤလမ်းစဉ်အတိုင်းပင် ဖြစ်သည်။

အိဗ်နုအဗ္ဗားစ် ؓ သခင်က မိန့်ဆိုသည်မှာ 'ဗဒရ်'စစ်ပွဲဖြစ်ပွားခြင်းကာလတွင် မွတ်စ္စလင်မ်များမှာ နည်းပါးလှသည်။ ထိုအချိန်က ကျေးဇူးပြုခြင်းနှင့် လျော်ကြေးများယူခြင်းတို့ကို တားမြစ်ခဲ့သည်။ နောက်ပိုင်းတွင် မွတ်စ္စလင်မ်တို့၏ အရေအတွက် တိုးမြင့်လာသောအခါ 'စူရာဟ်မိုဟမ္မဒ်'တွင် 'ကျေးဇူးပြု၍ လွှတ်ပေးခြင်းနှင့် လျော်ကြေးယူ၍ လွှတ်ပေးခြင်းတို့ကို ခွင့်ပြုခဲ့သည်'ဟု ဖြစ်သည်။ သဖ်စီးရ်မဇ္ဇဟရီကျမ်းတွင် ကာဇ္ဇီစနာအွလ္လာဟ် (ရဟ) က ထိုအကြောင်းကို တင်ပြ၍ မိန့်ဆိုသည်မှာ 'ဤအဆိုသည် အမှန်ကန်ဆုံးနှင့် အကောင်းဆုံးအဆိုဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ရစူလွလ္လာဟ် ﷺ ကိုယ်တော်တိုင်သည် ဤအပေါ်၌ ကျင့်ကြံခဲ့ပြီး ခုလဖာအေရာရှိဒီးန် (ခလီဖာကြီးလေးပါး) တို့သည်လည်း တမန်တော်မြတ် ﷺ ၏ နောက်ပိုင်းတွင် ဤအပေါ်၌သာ 'အမလ်'ပြု ကျင့်ကြံခဲ့ကြသည်။ ထို့ကြောင့် ဤအာယသ်တော်သည် 'စူရာဟ်အန်ဖာလ်'၏ အာယသ်တော်အတွက် 'နာဆိခ်' (ပယ်ဖျက်သည့် အာယသ်တော်) ဖြစ်သည်။ အကြောင်းမှာ 'စူရာဟ်အန်ဖာလ်'၏ အာယသ်တော်သည် 'ဗဒရ်'စစ်ပွဲအချိန်၌ ကျရောက် ခဲ့သောကြောင့် ဖြစ်သည်။ ၎င်းစစ်ပွဲသည် 'ဟီဂျ်ရသ်'ပြုပြီး ဒုတိယမြောက်နှစ်တွင် ဖြစ်ပွားခဲ့သည်။ တမန်တော်မြတ် ﷺ ၏ ဟီဂျ်ရီ (၆) ခုနှစ်၊ 'ဟုဒိုင်ဗီယာဟ်' စစ်ပွဲတွင် သုံ့ပန်းများကို လျော်ကြေးယူ၍ သူကောင်းပြုလွှတ်ပေးတော်မူခဲ့ခြင်းသည် 'စူရာဟ်မိုဟမ္မဒ်'၏ တင်ပြပါအာယသ်တော်နှင့်အညီ ဖြစ်သောကြောင့် ဖြစ်၏။

ဆွဟီးဟ်မွတ်စ္စလင်မ်ကျမ်းတွင် ဟဇရသ်အနတ်စ် ؓ သခင်၏ ဆင့်ပြန်ချက်လာရှိသည်မှာ မက္ကာဟ်သားတို့အနက် လူ (၈၀) ဦးတို့သည် ရုတ်တရက် جبل تنعيم 'သန်နအီးမ်'တောင်မှ ဆင်းလာကြသည်။ ၎င်းတို့မှာ တမန်တော်မြတ် ﷺ ၏ သတိလက်လွှတ် အခြေအနေတွင် ရှိနေမှုကို အခွင့်ကောင်းယူ၍ တမန်တော်မြတ် ﷺ အား အဆုံးစီရင် သတ်ဖြတ်ရန် ရည်ရွယ်၍ ရောက်လာသူများ ဖြစ်သည်။ တမန်တော်မြတ် ﷺ သည် ၎င်းတို့အား အရှင် လက်ရဖမ်းဆီးတော်မူလိုက်သည်။ ထို့နောက် လျော်ကြေးမယူဘဲ ၎င်းတို့အား လွှတ်ပေးလိုက်သည်။ ဤဖြစ်ရပ်အပေါ် 'စူရာဟ်ဖသဟ်'၏ ဤအာယသ်တော်

وَهُوَ الَّذِىْ كَفَّ اَيْدِيَهُمْ عَنْكُمْ وَاَيْدِيَكُمْ عَنْهُمْ بِبَطْنِ مَكَّةَ

مِنْ بَعْدِ اَنْ اَظْفَرَكُمْ عَلَيْهِمْ

(၄င်းပြင် ထိုအသျှင်မြတ်သည်ပင်လျှင် ၄င်းကာဖိရ် သွေဖည်ငြင်းပယ်သူတို့၏ လက်များကို အသင်တို့အား အန္တရာယ်ပြုခြင်းမှလည်းကောင်း၊ အသင်တို့၏ လက်များကို ထိုသူတို့အား အန္တရာယ်ပြုခြင်းမှလည်းကောင်း မက္ကာဟ်မြို့တွင်း၌ အသင်တို့အား ထိုသူတို့အပေါ်ဝယ် အောင် မြင်စေတော်မူပြီးနောက်မှပင် တားဆီးထားတော်မူခဲ့၏။) ကျရောက်လာခဲ့သည်ဟူ၍ ဖြစ်သည်။ *[၄၈ : ၂၄]*

အေမာမ်အဗူဟနီဖာဟ် (ရဟ) ၏ ကျော်ကြားသော လမ်းစဉ်မှာ အေမာမ်ကြီးထံမှ ဆင့်ပြန်ခဲ့သော ဆင့်ပြန်ချက်တစ်ခုနှင့်အညီ စစ်သုံ့ပန်းများကို လျော်ကြေးမယူဘဲဖြစ်စေ၊ (သို့) လျော်ကြေးယူ၍ဖြစ်စေ၊ လွှတ်ခြင်း မပိုင်ဟူ၍ ဖြစ်သည်။ ထို့ကြောင့် ဟနဖီယာဟ်ပညာရှင်များက စူရာဟ်မိုဟမ္မဒ်၏ တင်ပြပါ အာယသ်တော်ကို အေမာမ်အအ်ဇွမ်အဗူဟနီဖဟ် (ရဟ) ၏ထံတွင် 'မန်ဆူးခ်' (ပယ်ဖျက်ခံရသည့် အာယသ်တော်) ဖြစ်ကြောင်းနှင့် စူရာဟ်အန်ဖားလ်၏ အာယသ်တော်ကို 'နာဆိခ်' (ပယ်ဖျက်သည့် အာယသ်တော်) ဖြစ်သည်ဟု သတ်မှတ်ခဲ့ကြခြင်းဖြစ်သည်။ သို့ရာတွင် သဖ်စီးရ်မဇ္ဇဟရီကျမ်းတွင် 'စူရာဟ်အန်ဖာလ်၏ အာယသ်တော်သည် ဦးစွာပထမ ကျရောက်၍ စူရာဟ်မိုဟမ္မဒ်၏ အာယသ်တော်သည် နောက်တွင်မှ ကျရောက်ခဲ့ခြင်းကြောင့် စူရာဟ်မိုဟမ္မဒ်၏ အာယသ်တော်သည် 'နာဆိခ်'(ပယ်ဖျက်သည့် အာယသ်တော်) ဖြစ်၍ စူရာဟ်အန်ဖာလ်၏ အာယသ်တော်သည် 'မန်ဆူးခ်' (ပယ်ဖျက်ခံရသည့် အာယသ်တော်) ဖြစ်သည်' ဟု ရှင်းလင်းတင်ပြထားသည်။

အေမာမ်အအ်ဇွမ် အဗူဟနီဖဟ် (ရဟ) ၏ အဆိုဆင့်ပြန်ချက်များအနက် ရွေးချယ် အတည်သတ်မှတ်ခံရသည့် လမ်းစဉ်မှာလည်း ဆွဟာဗာအများစုနှင့် ဖိကာဟ်ပညာရှင်တို့၏ လမ်းစဉ်နှင့်အညီ သူကောင်းပြု လွှတ်ပေးလိုက်ခြင်း ပိုင်သည်ဟူသော အဆိုဆင့်ပြန်ချက် လာရှိထားကြောင်းကိုလည်း တင်ပြထားသည်။ မွတ်စ္စလင်မ်တို့၏ ကောင်းကျိုးသည် ဤသို့ လွှတ်ပေးခြင်း၌ ရှိလျှင် ဖြစ်သည်။ ထို့နောက် ဤအဆိုသည်ပင် 'အမှန်ကန်ဆုံးနှင့် အကောင်းဆုံးအဆို ဖြစ်သည်'ဟု မိန့်ဆိုထားသည်။

ဟနဖီပညာရှင်များအနက် အလ္လာမဟ်အိဗ်နုဟုမားမ် (ရဟ) သည် ဤအဆိုကိုသာ နှစ်ခြိုက်ခဲ့သည်။ ၄င်းက 'ကုဒူရီ'ကျမ်းနှင့် 'ဟိဒါယဟ်'ကျမ်းတို့၏ ဆင့်ပြန်ချက်များအရ အေမာမ်အအ်ဇွမ် အဗူဟနီဖာဟ် (ရဟ) ထံတွင် သုံ့ပန်းများကို လျော်ကြေးယူ၍ လွှတ်ပေးခြင်း မပြုနိုင်ပေ။ ဤသည်မှာ အေမာမ်အဗူဟနီဖဟ် (ရဟ) ထံမှ ဆင့်ပြန်ချက်တစ်ရပ်ဖြစ်သည်။ သို့ရာတွင် ၄င်းထံမှပင် အခြားဆင့်ပြန်ချက်တစ်ရပ်သည် 'စိယရေ့ကဗီးရ်' ကျမ်းတွင် အများစုပညာရှင်တို့၏ အဆိုနှင့်အညီ ပိုင်ကြောင်း အဆိုရှိသည်။ ဤအဆိုသည်ပင် ယင်းဆင့်ပြန်ချက်နှစ်ရပ်စလုံး၌ အထင်ရှားဆုံး အဆိုဖြစ်သည်ဟု ရေးသားတင်ပြခဲ့သည်။ အေမာမ်သွဟာဝီ (ရဟ) သည် 'မအာနိယွလ်အာဆားရ်'ကျမ်းတွင် ဤအဆိုကိုပင် အေမာမ်အဗူဟနီဖာဟ် (ရဟ) ၏ လမ်းစဉ်ဖြစ်သည်'ဟု သတ်မှတ်ခဲ့သည်။

အချုပ်မှာ စူရာဟ်မိုဟမ္မဒ်၏ အာယသ်တော်နှင့် စူရာဟ်အန်ဖာလ်၏ အာယသ်တော်နှစ်ပါးစလုံးသည် အများစု ဆွဟာဗာများနှင့် အများစုအေမာမ်များထံတွင် 'မန်ဆူးခ်' (ပယ်ဖျက်ခံရသည့် အာယသ်တော်များ) မဟုတ်ပေ။ မွတ်စ္စလင်မ်တို့၏ အခြေအနေနှင့် လျော်ညီစွာ ယင်းတို့အနက် သင့်တော်မည့်ပုံစံကို မွတ်စ္စလင်မ်တို့၏ အေမာမ်ခေါင်းဆောင်မှ ရွေးချယ်ကျင့်သုံးခွင့် ရှိပေသည်။

ကုရ်သုဗီ (ရဟ) က တမန်တော်မြတ် ﷺ နှင့် 'ခိုလဖာအေရာရှီဒီးန်'(ခလီဖာကြီးလေးပါး) တို့၏ ဆုံးဖြတ် ဆောင်ရွက်ချက်များအပေါ် သုံးသပ်တင်ပြကာ အမိန့်ရှိသည်မှာ စစ်သုံ့ပန်းတို့သည် တစ်ခါတစ်ရံ သတ်ဖြတ်ခြင်းခံရသည်။ တစ်ခါတစ်ရံ ကျွန်များအဖြစ် ပြုလုပ်ခဲ့သည်။ တစ်ခါတစ်ရံ လျော်ကြေးဖြင့် ပြန်လွှတ်ပေးခြင်း ခံရသည်။ တစ်ခါတစ်ရံ လျော်ကြေးမယူဘဲ ပြန်လွှတ်ပေးခြင်း ခံရသည်။ လျော်ကြေး ယူသည်ဟုဆိုရာ၌ တစ်ခါတစ်ရံ ထိုသုံ့ပန်းများကို လွှတ်ပေးစေခြင်းအစား မွတ်စ္စလင်မ်သုံ့ပန်းများ ကို လွှတ်ပေးခြင်းလည်း ပါဝင်သည်။ ထို့ပြင် ၎င်းတို့ထံမှ ငွေကြေးအချို့ယူ၍ လွှတ်ပေးခြင်းလည်း ပါဝင်သည်။ ထိုပုံစံနှစ်မျိုးစလုံးသည် တမန်တော်မြတ် ﷺ နှင့် 'ခိုလဖာအေရာရှီဒီးန်' (ခလီဖာကြီးလေးပါး) တို့၏ ဆောင်ရွက်ချက်များဖြင့် အထောက်အထားအရ သိရှိပေသည်။ ၎င်းအား အကျယ်တဝင့် တင်ပြပြီးသောအခါ ၎င်းက မိန့်ဆိုသည်မှာ 'ဤအရေးကိစ္စတွင် 'နာဆိခ်'နှင့် 'မန်ဆူးခ်'ဟုဆိုသော အာယသ်တော်များသည် အမှန်စင်စစ် **محكم** 'မုဟ်ကမ်' (တိကျပေါ်လွင်သော အာယသ်တော်) များပင် ဖြစ်သည်။ ဤအာယသ်တော်များအနက် မည်သည့်အာယသ်တော်သည်မျှ 'မန်ဆူးခ်'မဟုတ်ပေ။ ထို့ကြောင့် ကာဖိရ်များအား ဖမ်းဆီး၍ လက်ဝယ် ရောက်ရှိလာသည့်အခါ မွတ်စ္စလင်မ်တို့၏ အေမာမ်ခေါင်းဆောင်အဖို့ (၄) မျိုးသော အရာတို့မှ ရွေးချယ်ပြုပိုင်ခွင့် ရှိသည်။ ၎င်းတို့မှာ-

(၁) သင်တော်မည်ဟု ယူဆပါက သတ်ဖြတ်ပစ်ရမည်။
(၂) မွတ်စ္စလင်မ်တို့အဖို့ ကောင်းကျိုးရှိမည်ဟု ယူဆပါက ထိုကာဖိရ်တို့အား ကျွန်နှင့် ကျွန်မများအဖြစ် ပြုနိုင်သည်။
(၃) လျော်ကြေးယူ၍ လွှတ်ပေးရာ၌ ကောင်းကျိုးရှိပါလျှင် ဥစ္စာပစ္စည်း လျော်ကြေးယူ၍ လွှတ်ပေးနိုင်သည်။ (သို့) မွတ်စ္စလင်မ်သုံ့ပန်းများနှင့် လဲလှယ်၍ လွှတ်ပေးနိုင်သည်။
(၄) မည်သည့်လျော်ကြေးမျှ မယူဘဲ လွှတ်ပေးနိုင်သည်။

ကုရ်သုဗီ (ရဟ) သခင်က ဤရှင်းလင်းချက်ကို တင်ပြလျက် ရေးသားထားသည်မှာ-

وهذا القول يروى من اهل المد ينة والشّافعی وابی عبید
وحكاه الطحاوى مذهبا عن ابی حنيفة والمشهور ماقدمناه

'မဒီနာမြို့ ပညာရှင်တို့၏အဆိုမှာ ဤအတိုင်းပင် ဖြစ်သည်။ အေမာမ်ရှာဖေအီ (ရဟ) နှင့် အဘူအုဗိုင်ဒ် (ရဟ) တို့၏ အဆိုသည်လည်း ဤအတိုင်းပင်ဖြစ်သည်။ အေမာမ်သွဟာဝီ (ရဟ) သည် အေမာမ်

အဘူဟာနီဖာ (ရဟ) ၏ အဆိုသည်လည်း ဤအတိုင်းသာဖြစ်သည်ဟု ဆိုခဲ့သည်။ အမှန်စင်စစ် သခင်ကြီး၏ ကျော်ကြားသောအဆို လမ်းစဉ်မှာ ၎င်း၏ ဆန့်ကျင်ဘက်ဖြစ်သည်။ *[ကုရ်သုဗီ၊ တွဲ-၁၆၊ စာ-၂၂၈။]*

စစ်သုံ့ပန်းများနှင့် စပ်လျဉ်း၍ 'အေမာမွလ်မုစ်လိမီးန်' မွတ်စ္စလင်မ်တို့၏ ခေါင်းဆောင်အဖို့ လုပ်ပိုင်ခွင့် (၄) ရပ်

ဖော်ပြပါတင်ပြချက်များအရ စစ်သုံ့ပန်းများအား သတ်ဖြတ်ခြင်းနှင့် ကျွန်ပြုခြင်းတို့သည် မွတ်စ္စလင်မ် ခေါင်းဆောင်အဖို့ လုပ်ပိုင်ခွင့်ရှိသည့်အပေါ် အမွှသ်တစ်ရပ်လုံး 'အိဂျ်မာအ်' ဖြစ်ကြောင်း ထင်ရှားပေသည်။ ထို့ပြင် လျော်ကြေးယူ၍လည်းကောင်း၊ (သို့) လျော်ကြေးမယူဘဲ ပြန်လွှတ်ပေးခြင်းတွင် အမှန်စင်စစ် ကွဲလွဲမှုများ ရှိသော်လည်း အများစုပညာရှင်တို့ထံတွင် ဤပုံစံနှစ်မျိုးသည်လည်း ပိုင်သည်။

အစ္စလာမ်သာသနာနှင့် (ကျွန်) စနစ်

ဤနေရာ၌ စောဒကမေးခွန်းတစ်ရပ် ဖြစ်ပေါ်လာသည်မှာ 'စစ်သုံ့ပန်းများကို ပြန်လွှတ်ပေးရာ၌မူ ကွဲလွဲမှုအချို့ရှိပြီး သတ်ဖြတ်ခြင်းနှင့် ကျွန်ပြုခြင်းကို ခွင့်ပြုရာ၌ မည်သည့်ကွဲလွဲမှုမျှ မရှိပေ။ ဤပုံစံနှစ်မျိုးစလုံး ပိုင်သည်ဟူသော အချက်အပေါ်၌ ဖိကာဟ်ပညာရှင်အားလုံး၏ 'အိဂျ်မာဟ်' (တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်ချက်) ရှိထားသည်။ သို့သော်ငြားလည်း ကုရ်အာန်ကျမ်းတော်မြတ်တွင် ဤပုံစံနှစ်မျိုးစလုံးကို အဘယ်ကြောင့် ဖော်ပြထားခြင်း မရှိပါသနည်း။ လွှတ်ပေးခြင်းပုံစံနှစ်မျိုးကိုသာ အဘယ်ကြောင့် တင်ပြထားပါသနည်း။

ဤမေးခွန်း၏ အဖြေကို အေမာမ်ရာဇီ (ရဟ) သည် သဖ်စီးရ်ကဗီးရ်တွင် ဤသို့ အဖြေပေးထားသည်။ 'ဤနေရာတွင် နေရာတိုင်း၊ အချိန်တိုင်း၌ ပြုပိုင်သော ဤပုံစံနှစ်မျိုးကိုသာ တင်ပြထားသည်။ ကျွန်ပြုခြင်းအကြောင်းကို တင်ပြမထားခြင်းမှာ အာရဗ်၏ စစ်သုံ့ပန်းများကို ကျွန်ပြုပိုင်ခွင့် မရှိသောကြောင့် ဖြစ်သည်။ သတ်ဖြတ်ခြင်းတွင်လည်း ဒုက္ခိတ စသည်တို့ကို သတ်ဖြတ်ခြင်း မပြုပိုင်၍ ဖြစ်သည်။ ထို့ပြင် သတ်ဖြတ်ခြင်းအကြောင်း အထက်တွင် လာရှိခဲ့ပြီးဖြစ်သည်။

[သဖ်စီးရ်ကဗီးကျမ်း၊ တွဲ-၇၊ စာ-၅၀၈။]

ဒုတိယအချက်မှာ သတ်ဖြတ်ခြင်းနှင့် ကျွန်ပြုခြင်းပိုင်ကြောင်းနှင့် စပ်လျဉ်းသော အကြောင်းများမှာမူ ထင်ရှားကျော်ကြားပေသည်။ ဤပုံစံနှစ်မျိုးစလုံး ပိုင်ကြောင်း အားလုံး သိရှိကြပေသည်။ ၎င်းနှင့် ဆန့်ကျင်၍ လွှတ်ပေးခြင်းကိုမူ 'ဗဒရ်'စစ်ပွဲကာလတွင် တားမြစ်ခြင်းခံခဲ့ရသည်။ သို့ရှိရာ ဤနေရာတွင် လွှတ်ပေးခြင်းကိုသာ ခွင့်ပြုရန် အဓိကရည်ရွယ်ပေသည်။ ထို့ကြောင့် လွှတ်ပေးခြင်း၏ ပုံစံနှစ်မျိုးဖြစ်သော ကျေးဇူးပြု၍ လျော်ကြေးမယူဘဲ လွှတ်ပေးခြင်းနှင့် လျော်ကြေးယူ၍ လွှတ်ပေးခြင်းအကြောင်း

တို့ကို တင်ပြထားသည်။ မူလပထမကပင် ပြုပိုင်သော ပုံစံများကိုမူ ဤနေရာ၌ တင်ပြရန် မည်သို့မျှ မလိုအပ်တော့ပေ။ ထို့ကြောင့် ဤအာယသ်တော်များတွင် ၎င်းတို့အား မတင်ပြခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ဤအာယသ်တော်များ ကျရောက်ပြီးနောက် သတ်ဖြတ်ခြင်း (သို့) ကျွန်ပြုခြင်း၏ ခွင့်ပြုချက်များသည် 'မန်ဆူးခ်' ရုပ်သိမ်းခြင်းခံရသည်' ဟူ၍ ဤအာယသ်တော်များမှ ရလဒ်ထုတ်နုတ်ယူခြင်းမှာ မည်သို့မျှ မပိုင်ပေ။ ထိုသို့မဟုတ်ပါက အကယ်၍ ကျွန်ပြုခြင်းဆိုင်ရာ အမိန့်သည် 'မန်ဆူးခ်' ရုပ်သိမ်းခြင်းခံရပြီး ဖြစ်ပါလျှင် ကုရ်အာန်နှင့် ဟဒီးစ်တော်တို့၏ တစ်နေရာရာ၌ ဤအကြောင်း တားမြစ်ချက်ကို ဖော်ပြထားမည်သာ ဖြစ်သည်။ အကယ်၍ ဤအာယသ်တော်သည်ပင် တားမြစ်ချက်၏ ကိုယ်စားဖြစ်ခဲ့သည် ဆိုသော် ကိုယ်တော်မြတ် ﷺ နှင့် ကိုယ်တော်မြတ် ﷺ ၏ နောက်ပိုင်းတွင် ကုရ်အာန်နှင့် ဟဒီးစ်အပေါ် အသက်ပေးသူ ဆွဟာဗာများသည် စစ်ပွဲများစွာတို့၌ စစ်သုံ့ပန်းများကို အဘယ်ကြောင့် ကျွန်ပြုခဲ့ကြပါသနည်း။ ဟဒီးစ်ဆင့်ပြန်ချက်များနှင့် သမိုင်းဆင့်ပြန်ချက်များတွင် ကျွန်ပြုခြင်းအကြောင်း 'သဝါသုရ်' (ဆင့်ပြန်သူများ၏ ကွင်းဆက်ဇယား မပျက်သော၊ ခိုင်လုံသော ဆင့်ပြန်ချက်များ) ဖြင့် များပြားစွာ လာရှိထားသည်ဖြစ်ရာ ၎င်းကို ငြင်းပယ်ခြင်းသည် မာနတရားမှအပ အခြားမရှိနိုင်ပြီ။

အစ္စလာမ်သာသနာသည် လူ့ဝတ္တရားများကို ထိန်းသိမ်းစောင့်ရှောက်ဆုံးသော သာသနာဖြစ်သည်။ ဤသာသနာက 'ကျွန်ပြုခြင်း အခွင့်အရေးကို အဘယ်ကြောင့် ခွင့်ပြုရပါသနည်း' ဟူသော စောဒကတစ်ခု ပေါ်ပေါက်လာပေသည်။

အမှန်စင်စစ် ဤစောဒက ပေါ်ပေါက်လာရခြင်းမှာ အစ္စလာမ်၏ ပြုပိုင်ခွင့်ပေးထားသော ကျွန်ပြုစနစ်ပုံစံကို အခြားသောလမ်းစဉ်နှင့် အခြားသော အမျိုးသားတို့၏ ကျွန်ပြုစနစ်နှင့် နှိုင်းယှဉ်သုံးသပ်သောကြောင့် ပေါ်ပေါက်လာရခြင်း ဖြစ်သည်။ စင်စစ် အစ္စလာမ်သာသနာ၏ ကျွန်များကို ပေးအပ်ချီးမြှင့်ခဲ့သော ရပိုင်ခွင့် ဝတ္တရားများကိုလည်းကောင်း၊ လူမှုနယ်ပယ် ပတ်ဝန်းကျင်တွင် ပေးခဲ့သည့် အဆင့်အတန်းများကိုလည်းကောင်း ကြည့်ရှုတွေ့မြင်ရပါလျှင် ၎င်းတို့၏ ကျွန်ဖြစ်ခြင်းသည် 'အမည်ခံကျွန်' အဖြစ်မျှသာ ကျန်ရှိပေတော့မည်။ သို့သာမက အမှန်စင်စစ်တွင်မူ ၎င်းတို့အား ညီနောင်ဖွဲ့ပေးလိုက်ခြင်းသာ ဖြစ်စေသည်။ အကယ်၍သာ ဤအမှုကိစ္စ၏ ဖစ်မြစ်ကို သေချာစွာ ကြည့်ရှုမည်ဆိုလျှင် အခြေအနေများစွာတို့၌ စစ်သုံ့ပန်းများအပေါ် ဤသည်ထက် ကောင်းမွန်သော ဆက်ဆံမှု မရှိနိုင်ခြင်းကို တွေ့မြင်ရပေမည်။

အရှေ့တိုင်းဘာသာစကားနှင့် ပညာရပ်များကို ကျွမ်းကျင်သူ 'မူစီရိုဂတ်စသားဝ်လီဗားန်' သည် မိမိ၏ **تمدن عرب** (အာရပ်ယဉ်ကျေးမှု) အမည်ရှိ စာအုပ်တွင် ရေးသားထားသည်မှာ "ကျွန်ဟူသော စကားလုံးကို လွန်ခဲ့သည့် နှစ် (၃၀) အတွင်းက ရေးသားထားသည့် အမေရိက၏ ဆင့်ပြန်ချက်များကို ဖတ်ရှုဖူးသော ဥရောပသားတစ်ဦး၏ အရှေ့၌ ပြောဆိုမိပါလျှင် '၎င်း၏ စိတ်တွင် သံကြိုးများဖြင့် တုတ်နှောင်၍ ၎င်းတို့၏ လည်ပင်းတွင် ကွင်းများ ထည့်ထားပြီး နှင်တံများဖြင့် ရိုက်နှက်မောင်းနှင်ခံရသော သူဆင်းရဲများ၏ ပုံသဏ္ဌာန်ကိုသာ မြင်ပေလိမ့်မည်။ ၎င်းတို့၏ အစားအသောက်မှာ ၎င်းတို့ အသက်ဆက်နေထိုင်ရန်

အတွက်ပင် မဖူလုံ။ ၎င်းတို့ နေရန်အတွက်မှာ မှောင်မိုက်သော အထပ်ခိုးမှအပ အခြားမရှိကြပေ'ဟု ထင်မြင်ပေလိမ့်မည်။ အင်္ဂလိပ်တို့၏ လွန်ခဲ့သည့် နှစ်အတန်ကြာမှစ၍ အမေရိကသို့ ပြုမူခဲ့သမျှတို့သည် ဤပုံဖော်ချက်အတိုင်း အမှန်ဖြစ်ပါသလော။ (သို့) မှားပါသလော ဆိုသည်ကို ဤနေရာ၌ ကျွန်ုပ် အငြင်းပွားရန် မဟုတ်ပေ။ သို့သော် အစ္စလာမ်သာသနာဝင်များထံတွင် 'ကျွန်'အဆင့်အတန်းနှင့် နဆွာရာများထံတွင် 'ကျွန်'၏ အဆင့်အတန်း၌ လုံးဝဥဿုံ ကွဲလွဲမှုများ ရှိသည်ဆိုခြင်းမှာ မြေကြီးလက်ခတ်မလွဲ ဖြစ်ပေသည်"ဟူ၍ ဖြစ်သည်။

အမှန်စင်စစ် များစွာသော အခြေအနေများတွင် စစ်သုံ့ပန်းများအား ကျွန်ပြုခြင်းထက် ပိုကောင်းသော အခြားလမ်း မရှိနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ကျွန်မပြုပါဟု ဆိုလျှင် ပုံစံ (၃) မျိုးသာလျှင် ဦးနှောက်အတွေးအခေါ်အရ လက်ခံနိုင်ဖွယ် ရှိသည်။

(၁) သတ်ဖြတ်လိုက်ရမည်။
(၂) လွှတ်ပေးလိုက်ရမည်။
(၃) အမြဲတမ်း အကျဉ်းချထားရမည်။

များသောအားဖြင့် ဤ (၃) မျိုးစလုံးသည် ကြောင်းကျိုးနှင့် ဆန့်ကျင်သည်။ သတ်ဖြတ်ခြင်း မသင့်တော်သည့် အကြောင်းမှာ အကျဉ်းသားသည် ကောင်းသော အရည်အချင်းများကို ပိုင်ဆိုင်သူ ဖြစ်နေနိုင်သည်။ လွှတ်ပေးလိုက်ခြင်းတွင် စိုးရိမ်ဖွယ်ရာရှိသည်မှာ တစ်ခါတစ်ရံ အကျဉ်းသားသည် မွတ်စ္စလင်မ် အုပ်ချုပ်ရေးမဟုတ်သော ဒေသသို့ ရောက်ရှိသွားပြီး ထိုသူသည် မွတ်စ္စလင်မ်တို့အတွက် ထပ်မံ၍ ကြီးမားသော စိုးရိမ်မှုကို ပေးနိုင်သောကြောင့် ဖြစ်သည်။ သို့ဖြစ်ပေရာ ယခု နှစ်မျိုးသာ ကျန်တော့သည်။ ၎င်းအား အမြဲထာဝရ အကျဉ်းသားအဖြစ် ယခုခေတ်ကဲ့သို့ ဝေးလံသော ကျွန်းတစ်ကျွန်းတွင် (တစ်သက်တစ်ကျွန်း) ထားလိုက်ရမည်။ (သို့) ကျွန်ပြု၍ ၎င်းအား ၎င်း၏ အရည်အချင်းများကို အသုံးချစေရန် အလုပ်လုပ်စေရမည်။ ထို့အတူ ၎င်း၏ လူမှုရေးဆိုင်ရာ ဝတ္တရားများကို အပြည့်အဝ စောင့်ရှောက်ပေးရမည်။ သို့ဖြစ်ပေရာ ၎င်းတို့အနက် မည်သည့်ပုံစံသည် အကောင်းဆုံးဖြစ်သည်ကို လူတိုင်းလူတိုင်း စဉ်းစားနိုင်သည်။ အထူးသဖြင့် ကျွန်များနှင့် စပ်လျဉ်း၍ အစ္စလာမ်သာသနာ၏ အနှိုင်းမဲ့ စာနာထောက်ထားမှု အချက်ကို ကျော်ကြားသော ဟဒီးစ်တော်တစ်ပါးတွင် ကိုယ်တော်မြတ် ﷺ က အောက်ပါအတိုင်း မိန့်ကြားတော်မူထားသည်။

اخوانكم جعلهم الله تحت ايديكم فمن كان اخوه تحت يديه فليطعمه مِمّا ياكل
وليلبسه ممّا يلبس ولا يكلّفه مايغلبه فان كلّفه مايغلبه فليعنه

အသင်တို့၏ ကျွန်သည် အသင်တို့၏ ညီနောင်ဖြစ်သည်။ ၎င်းအား အလ္လာဟ်အသျှင်မြတ်သည် အသင်တို့၏ လက်အောက်သားအဖြစ် ပြုပေးတော်မူသည်။ သို့ဖြစ်ပေရာ မိမိ၏ လက်အောက်သားအဖြစ်

ရှိသော ညီနောင်ကိုလည်း မိမိကိုယ်တိုင် စားသောက်သည်များအနက်မှပင် ကျွေးကြကုန်။ ထို့ပြင် မိမိကိုယ်တိုင် ဝတ်ဆင်သော အရာများအနက်မှပင် ၎င်းတို့အား ဝတ်ဆင်စေရမည်။ ၎င်းအား မနိုင်ဝန်ထမ်း ဒုက္ခဖြစ်မည့်အလုပ်ကို မပြုလုပ်စေရပေ။ အကယ်၍ ၎င်းအား ဤကဲ့သို့ အလုပ်၏ တာဝန်ကို ပေးမည်ဆိုလျှင် မိမိကိုယ်တိုင်လည်း ၎င်းအား ကူညီပါလေ။ *[ဘိုခါရီ၊ မွတ်စ္စလင်မ်၊ အဗူဒါဝူဒ်။]*

လူမှုဝတ္တရားနှင့် လူ့အခွင့်အရေးဆိုင်ရာ ဝတ္တရားများ၌ အစ္စလာမ်သာသနာ၏ ကျွန်များအား အခွင့်အရေးများ ပေးထားခြင်းသည် လွတ်လပ်သူများနီးနီးပင် ဖြစ်ပေသည်။ သို့ဖြစ်ပေရာ အခြားသော လူမျိုးစုများနှင့် ဆန့်ကျင်လျက် အစ္စလာမ်သာသနာသည် ကျွန်များကို 'နေကာဟ်'ပြုရန် ခွင့်ပေးရုံမျှမက ကျွန်ပိုင်ရှင်တို့အား

اَنۡكِحُوا الۡاَيَامٰى مِنۡكُمۡ ــ الاٰية

(ထို့ပြင် အသင်တို့သည် မိမိတို့အနက် အိမ်ထောင်ဖက်မရှိသော သူ (ယောကျ်ား၊ မိန်းမ) တို့အားလည်းကောင်း၊ မိမိတို့၏ ကျွန်၊ ကျွန်မများအနက် ထိမ်းမြားရန် အရည်အချင်းနှင့် ပြည့်စုံကြသော ကျွန်၊ ကျွန်မများအားလည်းကောင်း ထိမ်းမြား၍ ပေးကြလေကုန်။) *[၂၄ : ၃၂]*

ဟူသော အာယသ်တော်ဖြင့် ကျွန်များနှင့် 'နေကာဟ်' ပြုပိုင်ခွင့်ကို အလေးအနက်ထား မိန့်ကြားထားသည်။ ထိုကျွန်တို့သည် လွတ်လပ်သော အမျိုးသမီးများနှင့်ပင် 'နေကာဟ်'ပြုနိုင်ပေသည်။ သို့ပန်းပစ္စည်းများတွင် ၎င်းတို့၏ ရပိုင်ခွင့်ဝေစုသည် ကျွန်မဟုတ်သူ လွတ်လပ်သော 'မုဂျာဟိဒ်' (စစ်သည်)များနှင့် တန်းတူဖြစ်သည်။ ရန်သူအား ခိုလှုံခွင့်ပေးခြင်းနှင့် စပ်လျဉ်း၍ ကျွန်မဟုတ်သူ လွတ်လပ်သူများ၏ စကားကဲ့သို့ပင် ၎င်း၏ စကားသည်လည်း အတည်ပင် ဖြစ်သည်။ ကုရ်အာန်နှင့် ဟဒီးစ်တော်များတွင် ရှိသော ၎င်းတို့နှင့် ကောင်းမွန်စွာ ဆက်ဆံရမည်ဟူသော အမိန့်တော်များကို စုစည်းလိုက်မည်ဆိုလျှင် ကျမ်းကြီးတစ်စောင်ပင် ဖြစ်သွားနိုင်ပေသည်။ ဟဇရသ်အလီ ﵁ သခင်က မိန့်ဆိုသည်မှာ နှစ်ဘဝ ခေါင်းဆောင် တမန်တော်မြတ် ﷺ ၏ နောက်ဆုံးအချိန် မိမိ၏ ဖန်ဆင်းရှင်အစစ်နှင့် သွားရောက်တွေ့ဆုံ 'ဝဖာသ်' ဖြစ် ကွယ်လွန်ချိန်အထိ နှုတ်တော်မှ အဆက်အပြတ် မိန့်ကြားနေတော်မူသော

الصّلوة الصلوٰة اتقوا الله فيماملكت ايمانكم

'နမာဇ်ဝတ်ပြုမှုကို ဂရုစိုက်ကြကုန်။ နမာဇ်ဝတ်ပြုမှုကို ဂရုစိုက်ကြကုန်။ မိမိ၏ လက်အောက်၌ ရှိသူ ကျွန်များနှင့် စပ်လျဉ်း၍ အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ကြကုန်' ဟူသော စကားလုံးတော်များ ဖြစ်သည်။ *[အဗူဒါဝူဒ်ကျမ်း]*

ကျွန်များအား အသိပညာနှင့် စပ်လျဉ်း၍ သင်ကြားပေးရာတွင် အစ္စလာမ်သာသနာ၏ လုပ်ဆောင်ချက်များကို အဗ်ဒွလ်မာလိက်ဗင်နမရ်ဝါးန်၏ ခေတ်သမယတွင် အစ္စလာမ့် အုပ်ချုပ်ရေးပြည်နယ် အားလုံးတွင် ပညာရေး၌ အမြင့်မားဆုံးပုဂ္ဂိုလ်များမှာ ကျွန်များအနက်မှပင် ဖြစ်ခြင်း၊ ဤအကြောင်းသည် သမိုင်း

စာအုပ်များစွာတို့၌ ဖော်ပြထားသဖြင့် ခန့်မှန်းသိရှိနိုင်ပါသည်။ ထို့ပြင် ၄င်းတို့၏ အမည်ခံ ကျွန်အဆင့်သာ ရှိသော ကျွန်ပြုခြင်း တစ်စတစ်စနှင့် ပျောက်ဆုံးသွားစေရန် (သို့) လျော့နည်းသွားစေရန် ကျွန်များကို သူကောင်းပြုခြင်းဖြင့် ရရှိမည့် ထူးမြတ်မှုအကျိုးများ ကုရ်အာန်နှင့် ဟဒီးစ်တော်တို့၌ အခြားကောင်းမှုများ၏ ထူးမြတ်မှုအကျိုးသည်ပင် ၄င်းနှင့် မယှဉ်နိုင်လောက်အောင် များပြားစွာ တင်ပြထားသည်။ ဖိကာဟ်ဆိုင်ရာ အမိန့်ပညတ်များတွင် ကျွန်များကို သူကောင်းပြုစေသည့် အမိန့်များဖြင့် အခွင့်အလမ်းများ ပေးခဲ့သည်။ 'ရိဇာဟ်'၏ 'ကဖ္ဖာရာဟ်'၊ လူသတ်ခြင်း၏ 'ကဖ္ဖာရာဟ်'၊ 'ဇိဟားရ်'၏ 'ကဖ္ဖာရာဟ်'၊ 'ကစမ်'ကျိန်ဆိုခြင်း၏ 'ကဖ္ဖာရာဟ်များတွင် ဦးစွာပထမ တင်ပြသော အမိန့်မှာ 'ကျွန်တစ်ဦးကို သူကောင်းပြုရမည်'ဟု ဖြစ်သည်။ ဟဒီးစ်တော်တစ်ပါးတွင် 'အကယ်၍ လူတစ်ဦးသည် ကျွန်ကို မတရားသဖြင့် ပါးရိုက်လိုက်ပါလျှင် ထိုပါးရိုက်ခြင်း၏ 'ကဖ္ဖာရာဟ်'သည် ထိုကျွန်အား သူကောင်းပြုခြင်းပင် ဖြစ်သည်' ဟူ၍ လာရှိထားသည်။ *[ဆွဟီးဟ်မွတ်စ္စလင်မ်ကျမ်း၊ ဗာဗုဆွဟ်ဗတုလ်မမာလီးက်။]*

သို့ဖြစ်ပေရာ ဆွဟာဗာများ၏ ကျွန်များစွာတို့အား သူကောင်းပြုခဲ့သည်ကို 'အန်နဂ်မုလ်ဝဟ်ဟားဂ်' ကျမ်းရှင်က ဆွဟာဗာများ သူကောင်းပြုခဲ့သည့် ကျွန်တို့၏ အရေအတွက်အား ဖော်ပြထားသည်ကို ကြည့်၍ ခန့်မှန်းသိရှိနိုင်သည်။ အောက်ပါဖော်ပြပါ ဆွဟာဗာ (၇) ပါးတို့မှ သူကောင်းပြုခဲ့သော ကျွန်များ၏ အရေအတွက်ကို ဖော်ပြအပ်ပေသည်။

(၁)	ဟဇရသ်အာအေရှာဟ် ﷽ သခင်မ	၆၉ ဦး
(၂)	ဟဇရသ်ဟကီးမ်ဗင်န်ဟိဇားမ် ﷽ သခင်	၁၀၀ ဦး
(၃)	ဟဇရသ်အွတ်စ်မားန်ဂနီ ﷽ သခင်	၂၀ ဦး
(၄)	ဟဇရသ်အဗ္ဗားစ် ﷽ သခင်	၇၀ ဦး
(၅)	ဟဇရသ်အဗ်ဒွလ္လာဟ်ဗင်န်အုမရ် ﷽ သခင်	၁၀၀၀ ဦး
(၆)	ဟဇရသ်ဇွလ်ကီလာအ်ဟုမိုင်ရီ ﷽ သခင် (တစ်နေ့တည်း၌)	၈၀၀၀ ဦး
(၇)	ဟဇရသ်အဗ်ဒွရ်ရဟ်မာန်းဗင်န်အောင်ဖ် ﷽ သခင်	၃၀၀၀၀ ဦး
	စုစုပေါင်း	**၃၉၂၅၉ ဦး**

ဤသည်ကို ကြည့်ခြင်းဖြင့် ဆွဟာဗာ (၇) ပါးတည်းမှပင် (၃၉၂၅၉) ဦးမျှသော အရေအတွက်ရှိသည့် ကျွန်များကို သူကောင်းပြုခဲ့ကြသည်ကို တွေ့ရှိရပေမည်။ အခြားများစွာသော ဆွဟာဗာများက သူကောင်းပြုခဲ့သည့် ကျွန်အရေအတွက်မှာ ထို့ထက်မက အဆပေါင်း များပြားမည်မှာ ထင်ရှားပေသည်။

အချုပ်မှာ အစ္စလာမ်သာသနာ၏ ကျွန်များနှင့် ပတ်သက်၍ ခြုံငုံပြည့်စုံလှသော သင့်တော်ကောင်းမွန်သည့် အစီအမံများကို တရားမျှတ၊ သမာသမတ်ရှိစွာဖြင့် ကြည့်ရှုသုံးသပ်သည်ဆိုလျှင် အခြားသော အုပ်စုများ၏ ကျွန်တို့နှင့် စပ်လျဉ်းသော အမိန့်ဥပဒေများနှင့် နှိုင်းယှဉ်မှုပြုခြင်းသည် မှားယွင်းကြောင်း

လက်မခံ၊ မသိရှိဘဲ နေမည်မဟုတ်ပေ။ ထို့ပြင် ထိုသင့်တော်ကောင်းမွန်သော အစီအမံများ၏ နောက်တွင် စစ်သုံ့ပန်းများကို ကျွန်ပြုရန် ခွင့်ပြုခြင်းမှာလည်း ၄င်းတို့အပေါ်၌ ကြီးမားစွာသော ကျေးဇူးတစ်ရပ် ဖြစ်ပေသည်။

ဤနေရာ၌ သိမှတ်ထားရမည်မှာ စစ်သုံ့ပန်းများအား ကျွန်ပြုခြင်းဟူသော အမိန့်သည် 'မုဗာဟ်' နှင့် ပိုင်သော အဆင့်မျှသာ ဖြစ်သည်။ ဆိုလိုသည်မှာ အကယ်၍ အစ္စလာမ်နိုင်ငံအုပ်ချုပ်မှု၏ ကြောင်းကျိုးများနှင့် ကိုက်ညီသည်ဟု ယူဆရပါက ၄င်းတို့အား ကျွန်ပြုနိုင်သည်။ ဤသို့ ပြုခြင်းမှာ 'မွတ်စ်သဟာဗ်' (သို့) 'ဝါဂျိဗ်'ကား မဟုတ်ပေ။ ထိုမျှသာမက ကုရ်အာန်နှင့် ဟဒီးစ်တော်တို့၏ အမိန့်တော်အားလုံးကို ခြုံငုံသုံးသပ် ခြင်းအားဖြင့် သူကောင်းပြုခြင်းမှာ အမြတ်ဆုံးဟု သိရှိရသည်။ ထို့ပြင် ဤခွင့်ပြုချက်သည်လည်း ရန်သူ များနှင့် မည်သည့်ကတိဝန်ခံချက်မျှ မပြုရသေးမီအချိန်အထိ ဖြစ်သည်။ အကယ်၍ ရန်သူတို့နှင့် ကျွန်ုပ်တို့ ၏ အကျဉ်းသားများကို ၄င်းတို့က ကျွန်မပြုရ။ ကျွန်ုပ်တို့သည်လည်း ၄င်းတို့၏ အကျဉ်းသားများကို ကျွန် မပြုပါ'ဟူသော ကတိဝန်ခံချက် ပြုပြီးဖြစ်လျှင် ကတိဝန်ခံချက်ကို နှစ်ဖက်စလုံးမှ လိုက်နာဆောင်ရွက်ရန် အရေးကြီးသည်။ ကျွန်ုပ်တို့၏ ခေတ်သမယတွင် ကမ္ဘာ့နိုင်ငံများစွာတို့သည် ဤကတိဝန်ခံချက်ကို ပြုထားကြသည်ဖြစ်ရာ အစ္စလာမ့်နိုင်ငံများသည် ထိုကတိဝန်ခံချက်၌ ပါဝင်ထားကြသည်ဆိုလျှင် ၄င်းတို့ အတွက် ဤကတိဝန်ခံချက်ရှိနေသရွေ့ ကျွန်ပြုခြင်း မပိုင်ပေ။

'ဂျီဟားဒ်' အမိန့် သတ်မှတ်ပြဋ္ဌာန်းရခြင်း၏ အမြော်အမြင်တော်တစ်ရပ်

وَلَوۡ يَشَآءُ ٱللَّهُ لَٱنتَصَرَ مِنۡهُمۡ

(စင်စစ် အကယ်၍သာ အလ္လာဟ်အသျှင်မြတ်သည် အလိုရှိတော်မူပါလျှင် (စစ်မက်တိုက်ခိုက်ရန် အမိန့်ထုတ်ပြန်ခြင်း ပြုတော်မမူဘဲ ကိုယ်တိုင်) ၄င်းတို့အား လက်စားချေ အပြစ်ပေးတော်မူခဲ့မည်သာ (ဖြစ်၏။) [၄၇:၄]

ဤအာယသ်တော်၌ အလ္လာဟ်အသျှင်မြတ်က မိန့်ကြားတော်မူသည်မှာ ဤအုမ္မသ်တွင် ကာဖိရ်တို့နှင့် 'ဂျီဟားဒ်'ပြု တိုက်ခိုက်ခြင်းကို သတ်မှတ်ပြဋ္ဌာန်းခြင်းသည် 'ရဟ်မသ်'တော်တစ်ရပ် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထို 'ဂျီဟားဒ်'သည် ကောင်းကင်၏ 'အဇားဗ်'အပြစ်ဒဏ်များ၏ ကိုယ်စား ဖြစ်သောကြောင့်ပင် ဖြစ်သည်။ အကြောင်းမှာ 'ကုဖွရ်'၊ 'ရှရစ်က်'နှင့် အလ္လာဟ်အသျှင်မြတ်အား ပုန်ကန်ခြားနားမှု ပြုခြင်းတို့၏ အပြစ်ဒဏ်ကို ရှေးအုမ္မသ်များအပေါ်၌ မိုးကောင်းကင်နှင့် မြေပထဝီမှ 'အဇားဗ်' အပြစ်ဒဏ်များဖြင့် ပေးခဲ့သောကြောင့် ဖြစ်သည်။ အုမ္မသ်မုဟမ္မဒီယဟ် (တမန်တော်မြတ် ﷺ ၏ ဤအုမ္မသ်) ကိုလည်း ဤကဲ့သို့ 'အဇားဗ်'ပေးနိုင်ပေသည်။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်သည် 'ရဟ်မသွလ်လိလ်အားလမီးန်' (ကိုယ်တော်မြတ်သခင် မိုဟမ္မဒ် ﷺ) ၏ 'ဗရကာသ်'တော်ဖြင့် ဤအုမ္မသ်ကို ဤကဲ့သို့သော 'အဇားဗ်'အပြစ်ဒဏ်များမှ ဖယ်ရှားတော်မူခဲ့သည်။ ထို'အဇားဗ်'များအစား 'ဂျီဟားဒ်'ပြုခြင်းကို

ပြဋ္ဌာန်းတော်မူခဲ့သည်။ ဤ 'ဂျီဟားဒ်'ပြုခြင်းသည် 'အဇားဗ်'အပြစ်ဒဏ် ကျရောက်ခြင်းထက် များစွာ လွယ်ကူသက်သာပြီး ကောင်းကျိုးများစွာ ပါရှိပေသည်။ ဦးစွာပထမ ကြည့်မည်ဆိုလျှင် 'အဇားဗ်'ကျရောက်ရာတွင် အမျိုးသား၊ အမျိုးသမီး၊ ကလေးသူငယ် စသည်ဖြင့် တစ်မျိုးသားလုံး ပျက်စီးကြရပေမည်။ 'ဂျီဟားဒ်'ပြုရာတွင် အမျိုးသမီးများနှင့် ကလေးသူငယ်များမှာ အကောင်းပကတိ လွတ်မြောက်မှု၌ ရှိပေသည်။ အမျိုးသားများတွင်လည်း အလ္လာဟ်အသျှင်မြတ်၏ သာသနာတော်အား ကာကွယ်စောင့်ရှောက်သူများနှင့် ဆန့်ကျင်ကာ ယှဉ်ပြိုင်တိုက်ခိုက်ရန် လာရောက်ပါဝင်သူများသည်သာ တိုက်ခိုက်ခံရသည်။ ၎င်းတို့၌လည်း အားလုံးမှာ အသတ်ခံရခြင်း မရှိပေ။ ၎င်းတို့တွင် များစွာသော သူတို့မှာ အစ္စလာမ်နှင့် အီမာန်၏ နဖူးစာကို ရရှိသွားကြသည်။ အလားတူ 'ဂျီဟားဒ်'အမိန့်သတ်မှတ်ပြဋ္ဌာန်းခြင်း၏ အခြားအကျိုးတစ်ရပ်မှာ 'ဂျီဟားဒ်'ပြုခြင်း၏ အကြောင်းခံဖြင့် ရင်ဆိုင်တိုက်ခိုက်မှုပြုနေကြသော မွတ်စ္စလင်မ်များနှင့် ကာဖိရ် အုပ်စု နှစ်စုစလုံးကို စမ်းသပ်ခြင်းလည်း ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် မည်သူသည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်အပေါ် မိမိ၏အသက်ကို စတေးရန် အသင့်ဖြစ်သွားပြီး မည်သူသည် အမိန့်ဖီဆန်မှုနှင့် 'ကုဖွ်ရ်'သွေဖည်ငြင်းပယ်ခြင်း၌သာ ရပ်တည်နေသည်။ (သို့) အစ္စလာမ်၏ လင်းဝင်းသော အထောက်အထားများကို တွေ့မြင်ပြီး အစ္စလာမ်ကို လက်ခံလိုက်သည်ဆိုသည်တို့ကို စမ်းသပ်ရန်ဖြစ်သည်။

وَالَّذِيْنَ قُتِلُوْا فِيْ سَبِيْلِ اللهِ فَلَنْ يُّضِلَّ اَعْمَالَهُمْ

(အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ သတ်ဖြတ်ခြင်း ခံခဲ့ကြရသော သူတို့၏ ဆောင်ရွက်ချက်များကို ထိုအသျှင်မြတ်သည် အလျှဉ်း အချည်းအနှီး ဖြစ်စေတော်မူမည် မဟုတ်ပေ။) [၄၇ : ၄]

စူရာဟ်၏အစတွင် တင်ပြခဲ့သည်မှာ 'ကုဖွ်ရ်'နှင့် 'ရှရစ်က်'တို့အပေါ်၌ ရပ်တည်၍ အခြားသူများကိုလည်း အစ္စလာမ်သာသနာတော်မှ ပိတ်ပင်တားမြစ်ကြသူတို့အား အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့၏ ကောင်းမှုလုပ်ရပ်များကိုလည်း အချည်းနှီး ဖြစ်စေတော်မူလိုက်သည်။ ဆိုလိုသည်မှာ 'စွဒ်ကာဟ်'၊ 'ခိုင်ရားသ်' နှင့် အများအကျိုးအတွက် ပြုလုပ်ခဲ့သော ၎င်းတို့၏ ကောင်းမှုလုပ်ရပ်ဟူသမျှတို့သည် ၎င်းတို့၏ 'ကုဖွ်ရ်' နှင့် 'ရှရစ်က်'လုပ်ရပ်များကြောင့် 'အာခိရသ်'တမလွန်တွင် အလ္လာဟ်အသျှင်မြတ်ထံတော်၌ မည်သည့် အကျိုးကုသိုလ်မျှ ရရှိကြမည်မဟုတ်ပေ။ ၎င်းတို့နှင့် ဆန့်ကျင်၍ ဤအာယသ်တော်၌ မိန့်ကြားတော်မူသည်မှာ 'အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ 'ရှဟီးဒ်'ဖြစ်သွားသူ (အသက်စတေးပေးလိုက်သူ) တို့၏ ကျင့်မှုဆောင်ရွက်ချက် လုပ်ရပ်များသည် အချည်းနှီး ဖြစ်မသွားပေ။' ဆိုလိုသည်မှာ အကယ်၍ ၎င်းတို့သည် ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်ခဲ့၍ ထိုပြစ်မှုကြောင့် ၎င်းတို့၏ ကောင်းမှုလုပ်ရပ်များ၌ တစ်စုံတစ်ရာ ထိခိုက်ခြင်း မဖြစ်ပေ။ ထို့ပြင်မက များသောအားဖြင့် ၎င်းတို့၏ ကောင်းမှုလုပ်ရပ်တို့သည် ၎င်းတို့၏ မကောင်းမှု 'ဂိုနာဟ်' အကုသိုလ်များ၏ 'ကဖ္ဖာရာဟ်၊ ချေဖျက်ခြင်းပင် ဖြစ်သွားပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

سَيَهْدِيهِمْ وَيُصْلِحُ بَالَهُمْ ۝٥

၄၇ : ၅ ။ ။ ထိုအသျှင်မြတ်သည် အမှန်ပင် ၎င်းတို့အား လမ်းမှန်သို့ ပို့ပေးတော်မူမည့်အပြင် ၎င်းတို့၏ အခြေအနေကိုလည်း ကောင်းမွန်အောင် ပြုပြင်၍ ပေးတော်မူပေမည်။

وَيُدْخِلُهُمُ الْجَنَّةَ عَرَّفَهَا لَهُمْ ۝٦

၄၇ : ၆ ။ ။ ၎င်းပြင် ထိုအသျှင်မြတ်သည် ၎င်းတို့အား 'ဂျန္နသ်' သုခဘုံသို့ ဝင်ရောက်စေတော်မူပေမည်။ ထိုအသျှင်မြတ်သည် ယင်း 'ဂျန္နသ်' သုခဘုံကို ၎င်းတို့အား (ကောင်းစွာ) သိထားစေတော်မူမည် ဖြစ်၏။

يَا أَيُّهَا الَّذِينَ آمَنُوا إِنْ تَنْصُرُوا اللَّهَ يَنْصُرْكُمْ وَيُثَبِّتْ أَقْدَامَكُمْ ۝٧

၄၇ : ၇ ။ ။ အို, မုအ်မင်န်သက်ဝင် ယုကြည်သူအပေါင်းတို့၊ အကယ်၍ အသင်တို့သည် အလ္လာဟ်အသျှင်မြတ် (၏ သာသနာတော်နှင့် ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်) အား ကူညီကြပါလျှင် ထိုအသျှင်မြတ်သည် အသင်တို့အား ကူညီတော်မူပေမည်။ ၎င်းပြင် ထိုအသျှင်မြတ်သည် အသင်တို့၏ ခြေများကို (ရန်သူများနှင့် စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ရာတွင်) မြဲမြဲကြံ့ခိုင်စေတော်မူပေမည်။

وَالَّذِينَ كَفَرُوا فَتَعْسًا لَهُمْ وَأَضَلَّ أَعْمَالَهُمْ ۝٨

၄၇ : ၈ ။ ။ သို့ရာတွင် ကာဖိရ်သွေဖည်ငြင်းပယ်သော သူတို့၌မူ ပျက်စီးခြင်းသည်သာလျှင် ရှိပေမည်။ ထို့ပြင် ၎င်းတို့၏ ကျင့်မှုဆောင်ရွက်ချက်များကိုလည်း ထိုအသျှင်မြတ်သည် အချည်းနှီး ဖြစ်တော်မူပေမည်။

ذَٰلِكَ بِأَنَّهُمْ كَرِهُوا مَا أَنْزَلَ اللَّهُ فَأَحْبَطَ أَعْمَالَهُمْ ۝٩

၄၇ : ၉ ။ ။ ဤသည် အလ္လာဟ်အသျှင်မြတ် ချပေးတော်မူသော (အမိန့်တော်တို့) ကို ၎င်းတို့ စက်ဆုပ်ခဲ့ကြသောကြောင့်ပင် (ဖြစ်၏။) သို့ဖြစ်ပေရာ ထိုအသျှင်မြတ်သည် ၎င်းတို့၏ ကျင့်မှုဆောင်ရွက်ချက်များကို အချည်းနှီး ဖြစ်စေတော်မူခဲ့ပေသည်။

أَفَلَمْ يَسِيرُوا فِي الْأَرْضِ فَيَنْظُرُوا كَيْفَ كَانَ عَاقِبَةُ الَّذِينَ
مِنْ قَبْلِهِمْ ۖ دَمَّرَ اللَّهُ عَلَيْهِمْ ۖ وَلِلْكَافِرِينَ أَمْثَالُهَا ۝١٠

၄၇ : ၁၀ ။ ။ ၎င်းတို့သည် ကမ္ဘာမြေဝယ် လှည့်လည်သွားလာမှုကို မပြုခဲ့ကြလေသလော။ သို့ ပြုခဲ့ကြပါလျှင် ၎င်းတို့သည် မိမိတို့အလျင် ရှိခဲ့ကြသော ရှေးသူဟောင်းတို့၏ နောက်ဆုံးအကျိုးသည် မည်သို့မည်ပုံ ဖြစ်ပျက်ခဲ့သည်ကို မြင်ကြရပေမည်။ အလ္လာဟ်အသျှင်မြတ်သည် ထိုရှေးသူဟောင်းတို့အား ဖျက်ဆီးတော်မူခဲ့၏။ စင်စစ် (ဤ) ကာဖိရ်သွေဖည်ငြင်းပယ်သော သူတို့၌ (လည်း) ယင်းကဲ့သို့သော အဖြစ်အပျက်များပင် ဖြစ်ပေါ်ပေမည်။

ذٰلِكَ بِاَنَّ اللّٰهَ مَوۡلَى الَّذِيۡنَ اٰمَنُوۡا وَاَنَّ الۡـكٰفِرِيۡنَ لَا مَوۡلٰى لَهُمۡ ۝١١

၄၇ း ၁၁ ။ ။ ယင်းသို့ ဖြစ်ရခြင်းမှာ အလ္လာဟ်အသျှင်မြတ်သည် မုအ်မင်နသက်ဝင် ယုံကြည်သူတို့၏ ကိစ္စအဝဝကို ဆောင်ရွက်ပေးတော်မူသော အသျှင် ဖြစ်တော်မူသောကြောင့်လည်းကောင်း၊ ကာဖိရ်သွေဖည်ငြင်းပယ်သော သူတို့၏ ကိစ္စအဝဝကို ဆောင်ရွက်ပေးတော်မူသော အသျှင်ဟူ၍ အလျဉ်း မရှိသောကြောင့်လည်းကောင်း ဖြစ်ပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(ထိုရလဒ်မှာ) အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အား ရည်ရွယ်သည့် ပန်းတိုင်သို့တိုင် ပို့ဆောင်ပေးတော်မူပေမည်။ ထို့ပြင် ၎င်းတို့၏ အခြေအနေကို ('ကဗရ်'၊ 'ဟရှရ်'နှင့် 'ပွလ်စွိရားသ်'စသော 'အာခိရေသ်'၏ စခန်းအားလုံးတွင်) ကောင်းမွန်စွာ ထားတော်မူပေမည်။ (မည်သည့် နေရာ၌ဖြစ်စေ မည်သည့်ဒုက္ခမျှ ၎င်းတို့အပေါ် ကျရောက်မည် မဟုတ်တော့ပေ။)

ထို့ပြင် (ဤရည်ရွယ်သည့် ပန်းတိုင်သို့ ရောက်ရှိခြင်းဆိုသည်မှာ) ၎င်းတို့အား 'ဂျန္နသ်'တွင် ဝင်ရောက်စေတော်မူပေမည်။ ထို 'ဂျန္နသ်'သုခဘုံကို ၎င်းတို့အား (ကောင်းစွာ) သိထားစေတော်မူပေမည်။ ('ဂျန္နသ်' သုခဘုံသားတိုင်းသည် မိမိတို့အတွက် သတ်မှတ်ထားသည့် နေရာကို မည်သည့်ရှာဖွေရန်မျှမလိုဘဲ ရောက်ရှိ သွားကြပေမည်။ ဤအချက်ကို ကြည့်ခြင်းဖြင့် 'ဂျိဟားဒ်'တွင် အသတ်ခံရခြင်းသည်လည်း ကြီးမားစွာ သော အောင်မြင်မှုဖြစ်သည်။ ရှေ့တွင် 'ဂျိဟားဒ်'နှင့် စပ်လျဉ်း၍ လောကီရေးထူးမြတ်မှု အကျိုးများကို တင်ပြလျက် 'ဂျိဟားဒ်'ပြုခြင်းအတွက် နှိုးဆော်ချက် လာရှိသည်မှာ) အို၊ မုအ်မင်နသက်ဝင် ယုံကြည်သူ အပေါင်းတို့၊ အကယ်၍ အသင်တို့သည် အလ္လာဟ်အသျှင်မြတ် (၏ သာသနာတော်) အား ကူညီကြမည် ဆိုလျှင် ထိုအသျှင်မြတ်သည် အသင်တို့အား ကူညီတော်မူပေမည်။ (ထိုကူညီမှု၏ ရလဒ်သည် လောကတွင် လည်း ရန်သူများအပေါ် အောင်နိုင်ပေမည်။ ထိုအောင်နိုင်ခြင်းမှာ အစကနဦးမှပင်ဖြစ်စေ၊ (သို့) ကာလ အတန်ကြာပြီးနောက်မှ အောင်နိုင်သည်ဖြစ်စေ အတူတူပင် ဖြစ်သည်။ ထို့ပြင် မုအ်မင်န်များ အသတ်ခံရ ခြင်းသည်လည်းကောင်း၊ (သို့) စစ်ပွဲတစ်ပွဲ၌ အခိုက်အတန့် ရှုံးနိမ့်သွားခြင်းသည်လည်းကောင်း ဤအချက် နှင့် ဆန့်ကျင်မှု မဖြစ်ပေ။) ထို့ပြင် (အလားတူ ရန်သူများနှင့် ရင်ဆိုင်တိုက်ခိုက်ရာတွင်) အသင်တို့၏ ခြေများကို မြဲမြံကြံ့ခိုင်စေတော်မူပေမည်။

('အလားတူ'ဟူသည့် သဘောမှာ 'အစကနဦးမှပင် အောင်နိုင်ခြင်းဖြစ်စေ၊ (သို့) အခိုက်အတန့် ရှုံးနိမ့်ပြီးနောက်မှ နောက်ဆုံးတွင် ကြံ့ကြံ့ခိုင် ရပ်တည်လျက် ကာဖိရ်တို့အပေါ် အောင်နိုင်ခြင်း ဖြစ်လိမ့်မည်' ဟု ဆိုလိုခြင်းဖြစ်သည်။ လောကတွင် ဤသို့သော ဖြစ်ရပ်များ အကြိမ်ကြိမ်ဖြစ်ခဲ့သည်ကို တွေ့မြင်ခဲ့ရပြီးဖြစ်သည်။ ဤသည်မှာ မွတ်စ္စလင်မ်တို့၏ အခြေအနေကို တင်ပြခြင်းဖြစ်သည်။) ကာဖိရ် သွေဖည်

ငြင်းပယ်သူတို့အတွက်မှာမူ (လောကတွင် မုအ်မင်န်သက်ဝင် ယုံကြည်သူတို့နှင့် ရင်ဆိုင်ခဲ့သူများအတွက်မှာမူ) ပျက်စီးခြင်း (နှင့် ရှုံးနိမ့်မှု) သာလျှင် ရှိပေသည်။ ထို့ပြင် (တမလွန်တွင်) ၎င်းတို့၏ ကျင့်မှု ဆောင်ရွက်ချက်များကိုလည်း အလ္လာဟ်အသျှင်မြတ်သည် အချည်းနှီး ဖြစ်စေတော်မူပေမည်။ (အချုပ်မှာ စူရာဟ် အစ၌ တင်ပြခဲ့ပြီးသည့်အတိုင်း ကာဖိရ်တို့သည် နှစ်ဘဝနှစ်ဌာန စလုံးတွင် ပျက်စီးဆုံးရှုံးခြင်း၌သာ နေကြရပေမည်။ ထို့ပြင်) ဤသည် (ကာဖိရ်တို့၏ ပျက်စီးဆုံးရှုံးမှုနှင့် ကျင့်မှု ဆောင်ရွက်ချက်များ ပျက်စီးရခြင်းသည်) အလ္လာဟ်အသျှင်မြတ် ချပေးတော်မူသော အမိန့်တော်များကို ၎င်းတို့ စက်ဆုပ် မနှစ်မြို့ကြသောကြောင့် ဖြစ်သည်။ (ယုံကြည်ချက်တွင်လည်းကောင်း၊ ကျင့်မှု ဆောင်ရွက်ချက်များတွင်လည်းကောင်း မနှစ်မြို့ကြခြင်း ဖြစ်သည်။) သို့ဖြစ်ပေရာ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့၏ ကျင့်မှုဆောင်ရွက်ချက်များကို (အစကနဦးမှပင်) အချည်းနှီး ဖြစ်စေတော်မူခဲ့ပေသည်။

(အဘယ်ကြောင့်ဆိုသော် ဤသည် 'ကုဖ်ရ်'သွေဖည်ငြင်းပယ်ခြင်း၏ အမြင့်ဆုံး ဆိုးသွမ်းပုန်ကန်မှု၏ ပြယုဂ်ဖြစ်သောကြောင့်ပင် ဖြစ်သည်။ ထို့နောက် ၎င်းတို့သည် အသျှင်မြတ်၏ 'အဇာဗ်'အပြစ်ဒဏ်ကို မကြောက်ရွံ့ကြချေ။ သို့ဆိုလျှင်) ဤသူတို့သည် ကမ္ဘာမြေပေါ်ဝယ် လှည့်လည်သွားလာမှုကို မပြုကြလေသလော။ ထို့ပြင် ၎င်းတို့သည် မိမိတို့အလျင်၌ ရှိခဲ့ကြသူတို့အပေါ် အလ္လာဟ်အသျှင်မြတ်သည် မည်သည့် ပျက်စီးမှုကို ဖြစ်စေတော်မူခဲ့သောကြောင့် ထိုသူတို့၏ နောက်ဆုံးအကျိုးဆက် မည်သို့ဖြစ်ခဲ့သည်ကို ၎င်းတို့ မတွေ့မြင်ခဲ့ကြလေသလော။ (ထိုသူတို့၏ ပျက်စီးခဲ့သော နေအိမ်များနှင့် အဆောက်အဦးများကို ကြည့်ခြင်းဖြင့် ပေါ်လွင်ထင်ရှားပေသည်။ သို့ဖြစ်ပေရာ ၎င်းတို့သည်လည်း ထိုဖြစ်ရပ်များကို သတိမမူဘဲ မနေသင့်ပေ။ မိမိတို့၏ 'ကုဖ်ရ်'ပြုခြင်းကို မစွန့်လွှတ်ဘဲ မနေသင့်ပေ။) ယင်းကာဖိရ်များအတွက်လည်း ဤကဲ့သို့သော ဆက်ဆံမှုများ ဖြစ်ပေါ်လာပေလိမ့်မည်။ (ရှေ့တွင် အုပ်စုနှစ်အုပ်စုစလုံး၏ အခြေအနေကို အကျဉ်းချုံး၍ တင်ပြသည်မှာ) ဤသည် (မွတ်စ္စလင်မ်တို့၏ အောင်မြင်မှုနှင့် ကာဖိရ် (သွေဖည်ငြင်းပယ်သူ) တို့၏ ပျက်စီးမှုဖြစ်သည်။) အလ္လာဟ်အသျှင်မြတ်သည် မွတ်စ္စလင်မ်တို့၏ ကိစ္စအဝဝကို ဆောင်ရွက်ပေးတော်မူသော အသျှင် ဖြစ်တော်မူသောကြောင့်လည်းကောင်း၊ ကာဖိရ် (သွေဖည်ငြင်းပယ်သောသူ) များအတွက် (ဤကဲ့သို့သော) ကိစ္စအဝဝကို ဆောင်ရွက်ပေးတော်မူသောအသျှင် ဟူ၍ အလျဉ်း မရှိသောကြောင့်လည်းကောင်းဖြစ်သည်။

(အလ္လာဟ်အသျှင်မြတ်နှင့် ယှဉ်ပြိုင်လျက် ၎င်းတို့၏ လုပ်ကိုင်ဆောင်ရွက်ချက်များကို ဖြစ်စေအောင်မြင်နိုင်စေသူ မရှိ။ ထို့ကြောင့် ၎င်းတို့သည် နှစ်ဘဝစလုံး၌ ဆုံးရှုံးကြရမည် ဖြစ်သည်။ မွတ်စ္စလင်မ်တို့အဖို့ အကယ်၍ လောကတွင် တစ်ခါတစ်ရံ အခိုက်အတန့် ရှုံးနိမ့်မှုများ ဖြစ်သွားလျှင်လည်း နောက်ဆုံးအကျိုးဆက်မှာ အောင်မြင်မှုသာ ဖြစ်ပေမည်။ တမလွန်၏ အောင်မြင်မှုမှာမူ အထင်အရှားပင် ဖြစ်သည်။ ထို့ကြောင့် မွတ်စ္စလင်မ်တို့သည် အမြဲထာဝရ အောင်မြင်သူများဖြစ်ပြီး ကာဖိရ်များမှာမူ ပျက်စီးဆုံးရှုံးရသူများပင် ဖြစ်ပေသတည်း။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

سَيَهْدِيهِمْ وَيُصْلِحُ بَالَهُمْ

(ထိုအသျှင်မြတ်သည် အမှန်ပင် ၎င်းတို့အား လမ်းမှန်သို့ ပို့ပေးတော်မူမည့်အပြင်၊ ၎င်းတို့၏ အခြေအနေကိုလည်း ကောင်းမွန်အောင် ပြုပြင်၍ ပေးတော်မူပေမည်။) *[၄၇ : ၅]*

ဤနေရာတွင် အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ 'ရှဟီးဒ်'ဖြစ် (အသက်စတေး ပေးလှူလိုက်) သူအတွက် ကျေးဇူးတော်နှစ်ပါးကို တင်ပြထားခြင်းဖြစ်သည်။

ပထမကျေးဇူးတော်တစ်ပါးမှာ အလ္လာဟ်အသျှင်မြတ်သည် ထိုသူ့အား လမ်းမှန်ကို ပြသတော်မူပေမည်။

ဒုတိယကျေးဇူးတော်မှာ ၎င်း၏ အခြေအနေအားလုံးကို ကောင်းမွန်အောင် ပြုပေးတော်မူပေမည်။ အခြေအနေဟုဆိုရာ၌ လောကီနှင့် လောကုတ္တရာနှစ်ဌာနစလုံး၏ အခြေအနေကို ဆိုလိုခြင်းဖြစ်သည်။ လောက၌မူ 'ဂျီဟားဒ်'တွင် ပါဝင်ခဲ့သူသည် အကယ်၍ 'ရှဟီးဒ်'မဖြစ်ဘဲ အကောင်းပကတိအတိုင်း အသက်ရှင် ရှိနေခဲ့ပါလျှင် ထိုသူသည်လည်း 'ရှဟီးဒ်'၏ စဝါးဗ်ကို ရရှိထိုက်သူ ဖြစ်သွားပေသည်။ တမလွန် တွင် ထိုသူသည် 'ကဗရ်'၏ 'အဇားဗ်'မှစ၍ 'မဟ်ရှရ်'၏ ပူဆွေးသောကများမှ လွတ်မြောက်မှု ရရှိပေ လိမ့်မည်။ အကယ်၍ အချို့လူတို့၏ အခွင့်အရေးများသည် ၎င်းအပေါ်၌ တင်ရှိနေခဲ့ပါလျှင် အလ္လာဟ်အသျှင် မြတ်သည် အခွင့်အရေးရှင်များအား ၎င်းသူနှင့် သဘောတူ ကျေနပ်စေပြီး ၎င်းသူ၏ တာဝန်များကို ကျေသွားစေတော်မူပေမည်။ 'နဗူဝသ်' အလင်းတရားကို ရရှိပြီးနောက် လမ်းမှန်ကို ပြသ လမ်းညွှန်တော်မူမည်ဟု ဆိုရာ၌ ၎င်းတို့၏ အဓိက မျှော်လင့်ချက်ပန်းတိုင်ဖြစ်သော 'ဂျန္နသ်' သုခဘုံသို့ ပို့ဆောင်ပေးတော်မူမည်ကို ဆိုလိုခြင်းဖြစ်သည်။ ကျမ်းတော်မြတ်ကုရ်အာန်၏ တစ်နေရာတွင် 'ဂျန္နသီ'များ 'ဂျန္နသ်'တွင်းသို့ ဝင်ရောက်စံမြန်းခွင့်ရပြီးနောက် ချီးကျူးပြောဆိုကြမည့် စာသား

اَلْحَمْدُ لِلّٰهِ الَّذِىْ هَدَانَا لِهٰذَا

(ကျွန်တော်မျိုးတို့အား ဤနေရာသို့ ပို့ဆောင်တော်မူခဲ့သော အလ္လာဟ်အသျှင်မြတ်သည်သာလျှင် ချီးမွမ်းထောပနာခြင်း အပေါင်းတို့အား ထိုက်တော်မူသည်။) *[၇ : ၄၃]*

ပါ အလိုသဘောတိုင်းပင် ဖြစ်သည်။ *[မဇ္ဇဟရီကျမ်း]*

وَيُدْخِلُهُمُ الْجَنَّـةَ عَرَّفَهَا لَهُمْ

(၎င်းပြင် ထိုအသျှင်မြတ်သည် ၎င်းတို့အား 'ဂျန္နသ်'သုခဘုံသို့ ဝင်ရောက်စေတော်မူပေမည်။ ထို အသျှင်မြတ်သည် ယင်း 'ဂျန္နသ်'သုခဘုံကို ၎င်းတို့အား ကောင်းစွာ သိထားစေတော်မူမည် ဖြစ်၏။)

[၄၇ : ၆]

ဤသည်မှာ တတိယကျေးဇူးတော် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့အဖို့ 'ဂျန္နသ်'သို့ ပို့ဆောင်ပေးခြင်းမျှသာ မဟုတ်ဘဲ ၎င်းတို့၏ စိတ်နှလုံးသားများတွင် အလိုအလျောက် 'ဂျန္နသ်'ရှိ မိမိတို့၏ နေရာအဆင့်များနှင့် ထိုနေရာအဆင့်များ၌ ရရှိမည့် 'ဟူရ်'ကညာပျို စသော ကျေးဇူးတော်များနှင့် စပ်လျဉ်း၍ ၎င်းတို့သည် ထိုနေရာ၌ အမြဲတမ်းနေထိုင်ခဲ့ပြီး ထိုနေရာရှိ အရာများကို ယဉ်ပါးနေသည့်အတိုင်း အသိများကို ထည့်ပေးတော်မူမည် ဖြစ်သည်။ အကယ်၍ ဤသို့သာမဟုတ်ပါက 'ဂျန္နသ်'သည် လောကအသစ်တစ်ခု ဖြစ်နေပြီး ထို 'ဂျန္နသ်'တွင် မိမိတို့၏ နေရာကို ရှာဖွေရာတွင်လည်းကောင်း၊ ထိုနေရာရှိ အရာများနှင့် ယဉ်ပါးမှုများ ရရှိခြင်းတို့တွင် အချိန်ကြာမြင့်ဦးမည် ဖြစ်သည်။ ကာလတစ်ခုထိတိုင် သူစိမ်းဆန်ဆန် ဖြစ်နေပြီး စိတ်နှလုံး တည်ငြိမ်အေးချမ်းမှု ရရှိမည်မဟုတ်ပေ။

ဟဇရသ်အဗူဟူရိုင်ရာဟ် ﷺ သခင်၏ ဆင့်ပြန်ချက် လာရှိထားသည်။ တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ 'ငါကိုယ်တော်အား မှန်ကန်သော သာသနာတော်ကို ချီးမြှင့်လျက် စေလွှတ်တော်မူသော အသျှင်၏ ကစမ်၊ အသင်တို့သည် လောက၌ မိမိတို့၏ ဇနီးကြင်ယာများနှင့် မိမိတို့၏ အိုးအိမ်များကို မှတ်မိရင်းနှီးကျွမ်းဝင်နေသကဲ့သို့ မိမိတို့၏ 'ဂျန္နသ်' ၏ အဆင့်နှင့် ထို 'ဂျန္နသ်'မှ ကြင်ယာတော်များကို သိရှိ၍ ရင်းနှီးကျွမ်းဝင်မှု ဖြစ်ပေလိမ့်မည်'ဟု မိန့်ကြားတော်မူလေသည်။ *[မဇ္ဇဟရီကျမ်း]*

အချို့ဆင့်ပြန်ချက်များ၌ လာရှိထားသည်မှာ 'ဂျန္နသ်သုခဘုံသားတိုင်းအတွက် ဖရစ်ရှ်သာဟ် ကောင်းကင်တမန်တော်တစ်ပါး သတ်မှတ်ပေးခြင်းခံရပေမည်။ ထိုဖရစ်ရှ်သာဟ်သည် ၎င်းအား ထို 'ဂျန္နသ်' အဆင့်နှင့် ၎င်း'ဂျန္နသ်'မှ ကြင်ယာတော်များနှင့် မိတ်ဆက်ပေးလိမ့်မည်'ဟု ဖြစ်သည်။

وَ لِلْكٰفِرِيْنَ اَمْثَالُهَا

(စင်စစ် ဤကာဖိရ်သွေဖည်ငြင်းပယ်သော သူတို့၌လည်း ယင်းကဲ့သို့သော အဖြစ်အပျက်များပင် ဖြစ်ပေါ်ပေမည်။) *[၄၇ : ၁၀]*

ဤနေရာ၌ الكفرين ဟူသော စာလုံးရှိ الف لام 'အလစ်ဖ်လာမ်' သည် 'အဟဒ်' (သတ်သတ်မှတ်မှတ် တင်ပြလိုသော ကာဖိရ်အုပ်စု) ဟူသော အဓိပ္ပာယ်အတွက် လာရှိခြင်းဖြစ်ပြီး မက္ကာဟ်မြို့ရှိ ကာဖိရ်များကို ဆိုလိုသည်။ ၎င်းတို့အား သတိပေးနှိုးဆော်ခြင်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ရှေးအွမ္မသ်များအပေါ် 'အဇာဗ်'အပြစ်ဒဏ်များ ကျရောက်ခဲ့သကဲ့သို့ အသင်တို့အပေါ်၌လည်း ကျရောက်နိုင်သည်။ အသင်တို့သည် သတိလက်လွတ်နေရန် မသင့်ပေ' ဟု ဆိုလိုခြင်းဖြစ်သည်။

وَاَنَّ الْكٰفِرِيْنَ لَامَوْلٰى لَهُمْ

(ကာဖိရ်သွေဖည်ငြင်းပယ်သော သူတို့၏ ကိစ္စအဝဝကို ဆောင်ရွက်ပေးတော်မူသော အသျှင်ဟူ၍ အလျဉ်းမရှိသောကြောင့် ဖြစ်ပေသည်။) *[၄၇ : ၁၁]*

مَوْلٰى ဟူသော စာလုံးသည် အဓိပ္ပာယ်များစွာအတွက် အသုံးပြုသော စာလုံးဖြစ်သည်။ အဓိပ္ပာယ်တစ်မျိုးမှာ 'ဤနေရာ၌ ဆိုလိုသော ကိစ္စအဝဝကို ဆောင်ရွက်ပေးသူ' ဟု ဖြစ်သည်။ အခြားအဓိပ္ပာယ်တစ်မျိုးမှာ 'စိုးပိုင်တော်မူသော အသျှင်' ဟု ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်၌ အခြားတစ်နေရာတွင် ကာဖိရ်များနှင့် စပ်လျဉ်း၍

وَرُدُّوْا اِلَى اللهِ مَوْلَاهُمُ الْحَقِّ

(ထို့နောက် ၎င်းသူတို့သည် မိမိတို့၏ အသျှင်သခင် အစစ်အမှန်ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်ထံတော်သို့ ပြန်လည်ပို့ဆောင်ခြင်းကို ခံကြရမည် ဖြစ်သည်။) *[၆ : ၆၂]*

ဟု လာရှိရာတွင် အလ္လာဟ်အသျှင်မြတ်ကို ကာဖိရ်တို့၏ مولى 'မောင်လာ' ဟု သတ်မှတ်ထားသည်။ အဘယ်ကြောင့်ဆိုသော် مولى မောင်လာ၏ အဓိပ္ပာယ်မှာ 'စိုးပိုင်တော်မူသော အသျှင်' ဟု ဖြစ်သောကြောင့်ပင် ဖြစ်သည်။ စိုးပိုင်မှုဟူသည် အလ္လာဟ်အသျှင်မြတ်အတွက် အားလုံး ပါဝင်သည်။ မုအ်မင်န်ဖြစ်စေ၊ ကာဖိရ်ဖြစ်စေ ဤစိုးပိုင်ခြင်း၏ ပြင်ပ၌ မရှိပေ။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

اِنَّ اللّٰهَ يُدْخِلُ الَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ جَنّٰتٍ تَجْرِىْ مِنْ تَحْتِهَا الْاَنْهٰرُ ۗ وَالَّذِيْنَ كَفَرُوْا يَتَمَتَّعُوْنَ وَيَاْكُلُوْنَ كَمَا تَاْكُلُ الْاَنْعَامُ وَالنَّارُ مَثْوًى لَّهُمْ ⑫

၄၇ : ၁၂ ။ ။ ကေန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အီမာန်သက်ဝင်ယုံကြည်ပြီးနောက် ကောင်းမှုများကို ကျင့်မှုဆောက်တည်ကြကုန်သော သူတို့အား ဥယျာဉ်များသို့ ဝင်ရောက်စေတော်မူပေမည်။ ယင်းဥယျာဉ်များ၏ အောက်၌ စမ်းရေချောင်းများသည် စီးတွေလျက် ရှိကြပေမည်။ သို့ရာတွင် ကာဖိရ်သွေဖည်ငြင်းပယ်သော သူတို့မှာ ခြေလေးချောင်းတိရစ္ဆာန်တို့ စား (သောက်) ကြသကဲ့သို့ (လောကီဘဝ၌သာလျှင်) စည်းစိမ်ခံစားခြင်းကိုသော်လည်းကောင်း၊ စား (သောက်ခြင်း၊ နေထိုင်) ခြင်းကိုသော်လည်းကောင်း ပြုလုပ်၍ နေကြကုန်၏။ စင်စစ် ('ဂျဟန္နမ်' ငရဲဘုံ) မီးသည်သာလျှင် ၎င်းတို့၏ နေရာထိုင်ခင်း (အစစ်အမှန်) ဖြစ်ပေသည်။

وَكَاَيِّنْ مِّنْ قَرْيَةٍ هِىَ اَشَدُّ قُوَّةً مِّنْ قَرْيَتِكَ الَّتِىْٓ اَخْرَجَتْكَ ۚ اَهْلَكْنٰهُمْ فَلَا نَاصِرَ لَهُمْ ⑬

၄၇ : ၁၃ ။ ။ စင်စစ် မြောက်မြားစွာသော မြို့ရွာ (သူ) များမှာ ခွန်အားဗလအားဖြင့်၊ အသင့်အား နှင်ထုတ်ခဲ့ကြသော အသင်၏ မြို့ရွာ (သူတို့) ထက် ပိုမို (ကြီးမား) ပြင်းထန်ခဲ့ကြကုန်၏။ ငါအသျှင်မြတ်သည် ထိုမြို့ရွာများကို ဖျက်ဆီးတော်မူခဲ့၏။ သို့ရာတွင် ၎င်းတို့အား ကူညီစောင်မမည့်သူဟူ၍ တစ်ဦးတစ်ယောက်မျှ မရှိခဲ့ပေ။

اَفَمَنْ كَانَ عَلٰى بَيِّنَةٍ مِّنْ رَّبِّهٖ كَمَنْ زُيِّنَ لَهٗ سُوْٓءُ عَمَلِهٖ وَاتَّبَعُوْٓا اَهْوَآءَهُمْ ﴿١٤﴾

၄၇ : ၁၄ ။ ။ သို့ဖြစ်ပေရာ မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ထံတော်မှ ရှင်းလင်းထင်ရှားလှစွာသော သက်သေလက္ခဏာ (တရားလမ်း) အပေါ်၌ ရပ်တည်လျက်ရှိကြသော သူတို့သည် အကြင်သူတို့ကဲ့သို့ ဖြစ်နိုင်ပါမည်လော။ ထိုသူတို့၏ မကောင်းမှုများသည် ၎င်းတို့၏ အမြင်၌ လှပတင့်တယ်အောင် ပြုလုပ်ခြင်း ခံခဲ့ရလေ၏။ ထို့ပြင် ၎င်းသူတို့သည် မိမိတို့၏ စိတ်အလိုဆန္ဒများကို လိုက်နာခဲ့ကြကုန်၏။

مَثَلُ الْجَنَّةِ الَّتِيْ وُعِدَ الْمُتَّقُوْنَ ۭ فِيْهَآ
اَنْهٰرٌ مِّنْ مَّاۗءٍ غَيْرِ اٰسِنٍ ۚ وَاَنْهٰرٌ مِّنْ لَّبَنٍ لَّمْ يَتَغَيَّرْ طَعْمُهٗ ۚ وَاَنْهٰرٌ
مِّنْ خَمْرٍ لَّذَّةٍ لِّلشّٰرِبِيْنَ ڬ وَاَنْهٰرٌ مِّنْ عَسَلٍ مُّصَفًّى ۭ وَلَهُمْ
فِيْهَا مِنْ كُلِّ الثَّمَرٰتِ وَمَغْفِرَةٌ مِّنْ رَّبِّهِمْ ۭ كَمَنْ هُوَ خَالِدٌ فِي
النَّارِ وَسُقُوْا مَاۗءً حَمِيْمًا فَقَطَّعَ اَمْعَاۗءَهُمْ ﴿١٥﴾

၄၇ : ၁၅ ။ ။ 'မွတ္တကီ' သူတော်ကောင်းများအား ကတိပေးခြင်း ခံကြရသော 'ဂျန္နသ်' သုခဘုံ၏ အခြေအနေမှာ (ဤသို့ ရှိ၏။) ယင်း 'ဂျန္နသ်' သုခဘုံ၌ အနံ့အရသာ မပျက်သော ရေချောင်းများသည်လည်းကောင်း၊ အရသာပြောင်းလဲသွားခြင်း မရှိသော နို့ရည်ချောင်းများသည်လည်းကောင်း၊ သောက်သုံးသူတို့အဖို့ အထူးအနံ့အရသာ ကောင်းသော အရက်ချောင်းများသည်လည်းကောင်း၊ ကြည်လင် သန့်ရှင်းစင်ကြယ်သော ပျားရည်ချောင်းများသည်လည်းကောင်း ရှိကြပေမည်။ ထို့ပြင် ၎င်းတို့အဖို့ ယင်း 'ဂျန္နသ်' သုခဘုံတွင် သစ်သီးဝလံမျိုးစုံတို့သည်လည်း ရှိပေမည်။ ထို့ပြင် ၎င်းသူတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ထံတော်မှ လွတ်ငြိမ်းချမ်းသာခွင့်သည်လည်း ရှိပေမည်။ (သို့ဖြစ်ပေရာ ထိုသူတို့သည်) အကြင်သူတို့ကဲ့သို့ (ဖြစ်နိုင်ပါ၏လော။) ထိုသူတို့သည် မီးထဲ၌ အမြဲထာဝရ နေထိုင်ကြရမည့်သူများပင် ဖြစ်ကြကုန်၏။ ထို့ပြင် ၎င်းတို့သည် ကျိုက်ကျိုက်ဆူလျက် ရှိသော ရေနွေးပူ တိုက်ကျွေးခြင်းကို ခံကြရပေမည်။ ထိုရေသည် ၎င်းတို့၏အူသိမ်၊ အူမများကိုပင် အပိုင်းပိုင်း ဖြစ်စေပေမည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ကေန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် အီမာန်သက်ဝင်ယုံကြည်ပြီးနောက် ကောင်းမှုများကို ကျင့်မူဆောက်တည်ကြကုန်သော သူတို့အား (ဂျန္နသ်၏) ဥယျာဉ်များသို့ ဝင်ရောက်စေတော်မူမည်။ ယင်းဥယျာဉ်များ၏ အောက်၌ ချောင်းများ စီးတွေလျက်ရှိကြပေမည်။ ထို့ပြင် ကာဖိရ်သွေဖည်ငြင်းပယ်ကြသူတို့သည် (လောကီဘဝ၌) ခြေလေးချောင်းသတ္တဝါများကဲ့သို့ပင် (တမလွန်ကို မေ့လျော့လျက် ကျွန်ုပ်တို့အား အဘယ်

ကြောင့် ကျေးမွေးထားပါသနည်း။ ကျွန်ုပ်တို့အပေါ်တွင် မည်သည့်တာဝန်ဝတ္တရားများ ရှိပါသနည်းဆိုသည်ကို စဉ်းစားဆင်ခြင်မှု မပြုကြဘဲ) စည်းစိမ်ခံခြင်းနှင့် စား (သောက်) ခြင်းကိုသာ ပြုခဲ့ကြသည်။ 'ဂျဟန္နမ်' ငရဲသည် ၎င်းတို့၏ နေရာဌာနသာ ဖြစ်ပေသည်။

(အထက်တွင် ကာဖိရ်များသည် လောကတွင် စည်းစိမ်ယစ်မူးခဲ့ကြကြောင်းကို တင်ပြခဲ့သည်။ ထိုအချက်ဖြင့် အသင်၏ ရန်သူများအဖို့ တလွဲထင်မြင်ကာ လှည့်စားမခံရရန် လိုအပ်ပေသည်။ ထို့ပြင် အသင်သည်လည်း ၎င်းတို့၏ အမိန့်ဖီဆန် မနာခံ၊ ရန်လိုခြင်းကို ဖြစ်ပေါ်စေခဲ့သော အဆုံးစွန်အနေနှင့် အသင့်အား ဒုက္ခများပေးပြီး မက္ကာဟ်မြို့တွင်လည်း နေထိုင်ခွင့် မပေးခြင်းကို ဖြစ်ပေါ်စေသည့် အကြောင်းခံဖြစ်သော မေ့မောမှုများအပေါ် ပူဆွေးမှုတစ်စုံတစ်ရာ မဖြစ်လေနှင့်။ အကြောင်းမှာ) မြောက်မြားစွာသော မြို့ရွာ (သူ) များမှာ အင်အားအရာ (ခန္ဓာကိုယ်၏ ခွန်အားဗလ၊ ဥစ္စာပစ္စည်းနှင့် ရာထူးရာခံတို့) တွင် အသင့်အား နှင်ထုတ်ခဲ့သော အသင်၏ မြို့ရွာ (သူတို့) ထက် သာပို (ကြီးမား) ပြင်းထန်ပေသည်။ ငါ အသျှင်မြတ်သည် ၎င်းမြို့ရွာများကို ('အဇာဗ်'အပြစ်ဒဏ်အားဖြင့်) ဖျက်ဆီးတော်မူခဲ့သည်။ သို့ဖြစ်ပေရာ ၎င်းတို့၌ ကူညီစောင်မမည့်သူ တစ်စုံတစ်ဦးမျှပင် မရှိခဲ့ပေ။

(သို့ဖြစ်ပေရာ ဤသူများကိုမူ ပြောဖွယ်ရာ မရှိ။ ၎င်းတို့အဖို့ မောက်မာပလွှားမှုပြုရန် မသင့်တော်ပေ။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အား အလိုတော်ရှိသည့် အချိန်တွင် သုတ်သင်ရှင်းလင်းနိုင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူသောကြောင့်ပင် ဖြစ်သည်။ ထို့ပြင် အသင်သည် ၎င်းတို့၏ ကာလအနည်းငယ် စည်းစိမ်ယစ်မူးနေရခြင်းအပေါ် ပူဆွေးသောကမဖြစ်လေနှင့်။ အကြောင်းမှာ အလ္လာဟ်အသျှင်မြတ်သည် မိမိသတ်မှတ်ချိန်ရောက်လျှင် ၎င်းတို့အားလည်း အပြစ်ဒဏ်ပေးမည်ဖြစ်သောကြောင့်ပင် ဖြစ်သည်။)

သို့ဖြစ်ပေရာ မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ထံတော်မှ ထင်ရှားစွာသော (အထောက်အထားဖြင့် အတည်ဖြစ်သည့်) တရားလမ်းပေါ်၌ ရပ်တည်လျက်ရှိကြသော သူတို့သည် ၎င်းတို့၏ မကောင်းမှုများကို ၎င်းတို့၏ အမြင်၌ လှပတင့်တယ်အောင် ပြုခံရပြီး မိမိ၏ စိတ်အလိုရမ္မက်အပေါ် လျှောက်လှမ်းသူကဲ့သို့ ဖြစ်နိုင်ပါမည်လော။

(ဆိုလိုသည်မှာ ထိုအုပ်စုနှစ်စုစလုံး၏ ကျင့်မှုဆောင်ရွက်ချက် လုပ်ရပ်များမှာ မတူညီ ကွာခြားသည့်အခါ ၎င်းတို့၏ ဆုံးခန်းရလဒ်သည်လည်း မုချ မလွဲမသွေ ကွာခြားမည်သာ ဖြစ်သည်။ တရားလမ်းမှန်ပေါ်၌ ရှိသူများအဖို့ 'စဝါးဗ်'ကုသိုလ်အကျိုး ရရှိမည်ဖြစ်ကာ လမ်းမှားသူများမှာ အပြစ်ဒဏ်များ မလွဲမသွေ ရရှိမည်သာ ဖြစ်သည်။ ထိုအကြောင်းကို တင်ပြသည်မှာ) 'မွတ္တကီ'သူတော်ကောင်းတို့အဖို့ ကတိပေးခြင်း ခံရသော 'ဂျန္နသ်'သုခဘုံ၏ အခြေအနေမှာ ယင်း 'ဂျန္နသ်'ဘုံအတွင်းဝယ် (အရောင်၊ အနံ့နှင့် အရသာ) ပြောင်းလဲခြင်းမရှိသော ရေချောင်းများသည်လည်းကောင်း၊ အနည်းငယ်မျှ အရသာပြောင်းလဲခြင်းမရှိသော နို့ချောင်းများသည်လည်းကောင်း၊ သောက်သုံးသူတို့အဖို့ အနံ့၊ အရသာ အထူးကောင်းမွန်သော

အရက်ချောင်းများသည်လည်းကောင်း၊ လုံးဝဥဿုံ (အမှိုက်သရိုက်များမှ သန့်စင်၍) ကြည်လင်သန့်ရှင်းသော ပျားရည်ချောင်းများသည်လည်းကောင်း ရှိကြပေမည်။ ထို့ပြင် ၎င်းတို့အဖို့ ယင်း 'ဂျန္နသ်'သုခဘုံတွင် အမျိုးစုံသော သစ်သီးဝလံများသည်လည်း ရှိပေမည်။ ထို့ပြင် ('ဂျန္နသ်'သုခဘုံသို့ မဝင်ရောက်မီ) ၎င်းတို့အား ဖန်ဆင်း မွေးမြူတော်မူသော အသျှင်မြတ်ဘက်တော်မှ (ပြစ်မှုများမှ) လွတ်ငြိမ်းချမ်းသာခွင့်သည်လည်း ရှိပေမည်။ သို့ဖြစ်ပေရာ ဤသူတို့သည် အမြဲထာဝရ ငရဲဘုံ၌ နေကြရပြီး ကျိုက်ကျိုက်ဆူသော ရေကို တိုက်ကျွေးခြင်း ခံကြရလေသောအခါ ထိုသူတို့၏ အူများ အပိုင်းပိုင်းအပြတ်ပြတ် ဖြစ်ကုန်ကြမည့် သူများကဲ့သို့ ဖြစ်နိုင်ပါမည်လော။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

လောက၏ ရေများသည် အရောင်အဆင်း၌ဖြစ်စေ၊ အနံ့၌ဖြစ်စေ၊ အရသာ၌ဖြစ်စေ ပြောင်းလဲသွားလေ့ ရှိသည်။ အလားတူ လောက၌ရှိသော နို့များမှာလည်း ပျက်သွားလေ့ရှိသည်။ ဤအတိုင်းပင် လောက၏ အရက်သည် မကောင်းသော အရသာနှင့် ခါးသက်ပြင်းရှသော အရသာရှိသည်။ အချို့သော အကျိုးအတွက်သာ သောက်သုံးလေ့ ရှိသည်။ ဆေးရွက်ကြီးကဲ့သို့ပင် ခါးသက်သော အရသာရှိသည့်တိုင် စားသုံးရင်း စားသုံးရင်းဖြင့် အကျင့်ဖြစ်သွားခြင်း ဖြစ်ပေသည်။ 'ဂျန္နသ်'သုခဘုံ၏ ရေ၊ နို့နှင့် အရက်တို့အကြောင်း တင်ပြသည်မှာ ၎င်းတို့သည် ဖော်ပြပါပြောင်းလဲမှုများနှင့် အရသာကင်းမဲ့ခြင်းများမှ ကင်းရှင်းလေသည်။ 'ဂျန္နသ်'သုခဘုံတွင် ဘေးဒုက္ခများနှင့် မကောင်းဆိုးယုတ်ခြင်းများမှ ကင်းရှင်းကြောင်း စူရာဟ်ဆွာဖ်ဖာသ်၏

لَا فِيهَا غَوْلٌ وَّلَا هُمْ عَنْهَا يُنزَفُونَ

(ထိုအရက်ကြောင့် မူးဝေခြင်း၊ ခေါင်းခဲခြင်းလည်း ရှိမည်မဟုတ်ပေ။ ထိုနည်းတူစွာ ယင်းအရက်ကြောင့် ၎င်းတို့သည် သတိလစ်ကြရမည်လည်း မဟုတ်ပေ။) *[၃၇ : ၄၇]*

ဟူသော အာယသ်တော်၌ လာရှိခဲ့ပြီး ဖြစ်သည်။ အမှန်ကန်ဆုံးမှာ 'ဂျန္နသ်'၏ ချောင်းလေးသွယ်ဖြစ်သော ရေ၊ နို့၊ အရက်နှင့် ပျားရည်ချောင်းတို့ဟူသည် မိမိတို့၏ မူရင်းအဓိပ္ပာယ်များအတိုင်းပင် ဖြစ်သည်။ အကြောင်းမဲ့ သွယ်ဝိုက်သော အဓိပ္ပာယ်ကောက်ယူရန် မလိုအပ်ပေ။ သို့ရာတွင် 'ဂျန္နသ်'၏ အရာဝတ္ထုများကို လောက၏ အရာဝတ္ထုများနှင့် နှိုင်းယှဉ်သုံးသပ်ခြင်း မပြုနိုင်သည်မှာ ရှင်းလင်းသော အချက်ဖြစ်သည်။ 'ဂျန္နသ်'၏ အရာဝတ္ထုတိုင်း၏ အရသာနှင့် အခြေအနေတို့မှာ သီးခြားဖြစ်ပေမည်။ လောကီ၌ တုနှိုင်းယှဉ်စရာ မရှိပေ။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَمِنْهُم مَّن يَسْتَمِعُ إِلَيْكَ حَتَّىٰٓ إِذَا خَرَجُوا مِنْ عِندِكَ
قَالُوا لِلَّذِينَ أُوتُوا الْعِلْمَ مَاذَا قَالَ آنِفًا ۚ أُولَٰٓئِكَ الَّذِينَ
طَبَعَ اللَّهُ عَلَىٰ قُلُوبِهِمْ وَاتَّبَعُوٓا أَهْوَآءَهُمْ ﴿١٦﴾

၄၇ : ၁၆ ။ ။ စင်စစ် ၎င်းတို့တွင် အသင့်ဘက်သို့ (အမြင်အားဖြင့်) နားစွင့်၍ နေကြသူများလည်း ရှိကြကုန်၏။ (သို့ရာတွင် ၎င်းတို့သည် စိတ်ဝင်စားမှု မရှိကြချေ။) နောက်ဆုံးတွင် အသင့်ထံမှ ထွက်ခဲ့ကြသောအခါ၊ ၎င်းတို့သည် အသိပညာကို ချီးမြှင့်ခြင်းခံကြရသော ပုဂ္ဂိုလ်တို့အား 'ယခု ဤသူ (တမန်တော်မြတ်သည်) မည်သည့်စကားကို ပြောဆိုမိန့်ကြားတော်မူခဲ့ပါသနည်း'ဟု မေးမြန်းကြကုန်၏။ ထိုသူတို့သည်ပင်လျှင် အကြင်သူများပင် (ဖြစ်၏။) အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့၏ စိတ်နှလုံးများပေါ်၌ တံဆိပ်ခပ်နှိပ်ထားတော်မူ၏။ ထို့ပြင် ၎င်းတို့သည် မိမိတို့၏ စိတ်အလိုဆန္ဒများကို လိုက်နာကြကုန်၏။

وَالَّذِينَ اهْتَدَوْا زَادَهُمْ هُدًى وَآتَاهُمْ تَقْوَاهُمْ ﴿١٧﴾

၄၇ : ၁၇ ။ ။ သို့ရာတွင် (၎င်းတို့၏ အမျိုးသားတို့အနက်မှပင်) တရားလမ်းမှန်ကို ရရှိခဲ့ကြသော သူတို့မှာမူ ထိုအသျှင်မြတ်သည် ပိုမို၍ပင် တရားလမ်းမှန်ကို ပြသတော်မူ၏။ ထို့ပြင် ၎င်းတို့အား 'သက္ကဝါ' (တည်းဟူသော အသျှင်မြတ်အား ကြောက်ရွံ့ရှိသေကာ ပြစ်မှုဒုစရိုက်မှ ရှောင်ကြဉ်ခြင်း) တရားကိုလည်း ချီးမြှင့်ပေးသနားတော်မူ၏။

فَهَلْ يَنظُرُونَ إِلَّا السَّاعَةَ أَن تَأْتِيَهُم بَغْتَةً ۖ
فَقَدْ جَآءَ أَشْرَاطُهَا ۚ فَأَنَّىٰ لَهُمْ إِذَا جَآءَتْهُمْ ذِكْرَاهُمْ ﴿١٨﴾

၄၇ : ၁၈ ။ ။ စင်စစ် ၎င်းတို့သည် ရုတ်တရက် မိမိတို့ထံသို့ 'ကေယာမသ်' ရှင်ပြန်ထရမည့် အချိန်ကာလ ဆိုက်ရောက်လာခြင်းကိုသာလျှင် မျှော်လင့်စောင့်ဆိုင်း၍ နေကြကုန်၏။ သို့ဖြစ်လျှင် ဧကန်မလွဲ ယင်းရှင်ပြန်ထရမည့် အချိန်ကာလ၏ နိမိတ်လက္ခဏာများမှာ ရောက်လာခဲ့ချေပြီ။ သို့ဖြစ်ပေရာ ယင်းရှင်ပြန်ထရမည့် အချိန်ကာလသည် ၎င်းတို့ထံ ရောက်လာသောအခါ၊ ၎င်းတို့၌ သတိရခြင်းသည် အဘယ်မှာလျှင် အကျိုးရှိတော့မည်နည်း။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့ပြင် (အို၊ နဗီတမန်တော်) အချို့သူတို့၏ အခြေအနေမှာ ဤသို့ ဖြစ်ကြသည်။ (မုနာဖစ်က်များကို ဆိုလိုသည်။) ၎င်းတို့သည် (အသင်၏ 'သဗ်လီးဂ်'ပို့ချမှုနှင့် 'သအ်လီးမ်' သင်ကြားပေးမှုများ ပြုနေချိန်တွင် အပေါ်ယံအမြင်အားဖြင့်မူ) အသင့်ဘက်သို့ နားစွင့်နေကြသည်။ (သို့သော် စိတ်နှလုံးအတွင်းမှ လုံးဝ အာရုံစူးစိုက်မှု မရှိကြပေ။ စိတ်ဝင်စားမှု မရှိကြချေ။) နောက်ဆုံးတွင် အသင့်ထိုင်ဝိုင်းမှ ထ၍

အပြင်သို့ ထွက်လာခဲ့ကြပြီးနောက် ၎င်းတို့သည် အခြားသော အသိပညာရှင် (ဆွဟာဗာ) တို့အား 'ဤပုဂ္ဂိုလ်သည် ယခု (ထိုင်ဝိုင်း၌ ကျွန်ုပ်တို့ရှိနေစဉ်တွင်) မည်သည်တို့ကို မိန့်ကြားပါသနည်း' ဟု ပြောဆိုကြကုန်၏။ (၎င်းတို့၏ ဤသို့ ပြောဆိုခြင်းသည်ပင် လှောင်ပြောင်သရော်ခြင်းတစ်မျိုး ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဤသို့ ဆိုလိုက်ခြင်းဖြင့် 'ကျွန်ုပ်တို့သည် အသင်၏ ပြောဆိုမှုများကို စိတ်ဝင်စားဖွယ်အဖြစ် မယူဆပါ' ဟု ပြသလိုခြင်းဖြစ်သည်။ ဤသည်မှာလည်း 'နေဖာက်' အယောင်ဆောင်ခြင်းတစ်မျိုးသာ ဖြစ်သည်။) ထိုသူတို့မှာ အကြင်သူတို့ပင်လျှင် ဖြစ်၏။ အလ္လာဟ်အသျှင်မြတ်က ၎င်းတို့၏ စိတ်နှလုံးသားများအပေါ်တွင် တံဆိပ်ခတ်နှိပ်ထားတော်မူသည်။ ('ဟေဒါယသ်' တရားလမ်းမှန်မှ ဝေးကွာနေသူများ ဖြစ်ကြသည်။) ထို့ပြင် ၎င်းတို့သည် မိမိတို့၏ စိတ်အလိုရမ္မက်များအပေါ် လိုက်နာသူများ ဖြစ်ကြသည်။

ထို့ပြင် (၎င်းအမျိုးသားများအနက်မှပင်) တရားလမ်းမှန်ကို ရရှိခဲ့ကြသူ (မွတ်စ္စလင်မ်ဖြစ်သွားသူ) တို့အား အလ္လာဟ်အသျှင်မြတ်သည် (အမိန့်တော်များကို ကြားနာစဉ်တွင်) သာပို၍ပင် တရားလမ်းမှန်ကို ပြသတော်မူသည်။ (ဆိုလိုသည်မှာ ၎င်းတို့သည် ထိုအမိန့်တော် အသစ်များအပေါ်၌လည်း သက်ဝင်ယုံကြည်ကြသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့ အီမာန်ယူ ယုံကြည်ကြသည့် အချက်များ၏ အရေအတွက်သည် ပို၍ များပြားလာခဲ့သည်။ သို့တည်းမဟုတ် ၎င်းတို့၏ အီမာန်ကို ပိုမို၍ ခိုင်မာစေခဲ့သည်ဟူ၍ ဖြစ်သည်။ ဤသည် ကောင်းမှု ကိုယ်ကျင့်တရားများ၏ နောက်ဆက်တွဲရလဒ် အထူးဝိသေသတစ်ရပ်ပင် ဖြစ်သည်။ ကောင်းမှုကိုယ်ကျင့်တရားများသည် အီမာန်တွင် ပိုမိုခိုင်မာမှုကို ဖြစ်ပေါ်စေသည်။) ထို့ပြင် ၎င်းတို့အား 'သက္ကဝါ' တရား (အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ရိုသေကာ ပြစ်မှုဒုစရိုက်များမှ ရှောင်ကြဉ်ခြင်း) ကိုလည်း ချီးမြှင့်ပေးသနားတော်မူခဲ့သည်။

(ရှေ့၌ ကုရ်အာန်နှင့် အသျှင်မြတ်၏ အမိန့်တော်များကို ကြားနာရသည့်တိုင် စူးရှသက်ဝင်မှုမရှိသော 'မုနာဖစ်က်' များအတွက် သတိပေးနှိုးဆော်ချက်များ လာရှိသည်။) သို့ဖြစ်ပေရာ (ထင်မြင်ယူဆသိရှိရသည်မှာ) ၎င်းတို့သည် ရုတ်တရက် မိမိတို့ထံသို့ 'ကေယာမသ်' ဆိုက်ရောက်လာမည်ကို မျှော်လင့်စောင့်ဆိုင်းနေကြသည်။ (ယခုထိတိုင် စူးရှ သက်ဝင်ခြင်း မရှိသည့်အခါ 'ကေယာမသ်' တွင် သတိတရားနှင့် 'ဟေဒါယသ်' တရားလမ်းမှန် ရရှိကြပါမည်လော' ဟူ၍ ပြစ်တင်ရှုတ်ချသည့်အနေဖြင့် မိန့်ကြားခြင်း ဖြစ်သည်။) သို့ဖြစ်ပေရာ ('ကေယာမသ်' သည်လည်း နီးကပ်စွာ ရှိသည်ကို သတိချပ်ကြလေကုန်။) ထို 'ကေယာမသ်' နေ့၏ (များစွာသော) နိမိတ်လက္ခဏာတော်များမှာ ရောက်ရှိလာခဲ့ပြီးဖြစ်သည်။ (ဟဒီးစ်တော်များအရ ကိုယ်တော်မြတ် ﷺ ၏ 'နဗူဝသ်' နှင့် စေလွှတ်ခံရခြင်းသည်ပင် 'ကေယာမသ်' ၏ နိမိတ်လက္ခဏာများ အနက်မှပင် ဖြစ်သည်။ လကို နှစ်ခြမ်းခွဲခြင်းသည် ကိုယ်တော်မြတ် ﷺ ၏ 'မုအ်ဂျေဇာဟ်' ဖြစ်သည့်အပြင် 'ကေယာမသ်' ၏ နိမိတ်လက္ခဏာများအနက်မှလည်း ဖြစ်သည်။ ဤနိမိတ်လက္ခဏာများအားလုံးသည် ကုရ်အာန်ကျရောက်သည့် ကာလတွင် ဖြစ်ပေါ်ခဲ့ပြီးလေပြီ။ ရှေ့၌ အီမာန်ယူရန်နှင့် 'ဟေဒါယသ်' တရားလမ်းမှန် ရရှိရန်အတွက် 'ကေယာမသ်' ကို စောင့်ဆိုင်းခြင်းသည် အသိတရား ခေါင်းပါး

ခြင်းမျှသာဖြစ်ကြောင်း၊ အကြောင်းမှာ ထိုအချိန်တွင် နားလည်သိရှိကာ 'အမလ်'ပြု ကျင့်သုံးခြင်း ဖြစ်နိုင်တော့မည် မဟုတ်သောကြောင့် ဖြစ်သည့်အကြောင်း တင်ပြထားသည်။) သို့ဖြစ်ပေရာ 'ကေယာမသ်' သည် ၎င်းတို့ထံသို့ ဆိုက်ရောက်လာသောအခါ ထိုအချိန်၌ ၎င်းတို့အဖို့ သတိရခြင်းဟူသည် အဘယ်မှာလျှင် ရှိတော့မည်နည်း။ (အဘယ်မှာလျှင် အကျိုးရှိတော့မည်နည်း။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

اشراط ၏ အဓိပ္ပာယ်မှာ နိမိတ်လက္ခဏာများဟု ဖြစ်သည်။ 'ကေယာမသ်'၏ နိမိတ်လက္ခဏာများသည် ကိုယ်တော်မြတ် ﷺ ပွင့်ပေါ်ချိန်မှပင် စတင်ခဲ့ပြီးဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် 'နဗူဝသ်'၏ ချုပ်ငြိမ်းခြင်းသည်လည်း 'ကေယာမသ်' နီးကပ်ခြင်း၏ နိမိတ်လက္ခဏာဖြစ်သောကြောင့်ပင် ဖြစ်သည်။ အလားတူ လနှစ်ခြမ်းကွဲခြင်း၏ 'မုအ်ဂျေဇာဟ်'ကိုလည်း ကုရ်အာန်ကျမ်းတော်မြတ်တွင်

اِقۡتَرَبَتِ السَّاعَةُ

('ကေယာမသ်' ရှင်ပြန်ထရန် အချိန်ကာလသည် နီးကပ်၍ လာခဲ့ချေပြီ။) *[၅၄ း ၁]*

ဖြင့် ယှဉ်တွဲ မိန့်ကြားလျက် ဤသည်မှာလည်း 'ကေယာမသ်'၏ နိမိတ်လက္ခဏာများအနက်မှပင် ဖြစ်သည့်အကြောင်း ညွှန်းဆိုလိုက်ခြင်းဖြစ်သည်။ ဤသည်မှာမူ ကုရ်အာန်ကျရောက်နေစဉ်ကပင် ပေါ်လွင်ခဲ့ပြီးဖြစ်သော အစကနဦး နိမိတ်လက္ခဏာများပင် ဖြစ်သည်။ ဒုတိယအချက်အနေဖြင့် 'ကေယာမသ်' နီးကပ်နေပြီးဖြစ်ကြောင်း၏ နိမိတ်လက္ခဏာများမှာ ဆွဟီးဟ်ဟဒီးစ်တော်များဖြင့် အတည်ဖြင့် လာရှိထားပြီးဖြစ်သည်။ ၎င်းတို့အနက် ဟဇရသ်အနတ်စ် ؓ ဆင့်ပြန်သော ဟဒီးစ်တော်တစ်ရပ်မှာ 'ကျွန်ုပ်သည် ရစူလ်တမန်တော်မြတ် ﷺ ထံတော်မှ ကြားသိခဲ့ရသည့် 'ကေယာမသ်၏ နိမိတ်လက္ခဏာများမှာ-

(၁) 'အိလ်မ်'ပညာသည် ပျောက်ကွယ်သွားပေမည်။
(၂) အသိပညာမဲ့ခြင်းများ တိုးပွားလာပေမည်။
(၃) 'ဇေနာ'ကျူးလွန်မှု များပြားလာပေမည်။
(၄) အရက်သေစာ သောက်စားမှု များပြားလာပေမည်။
(၅) အမျိုးသားများ နည်းပါးလာပေမည်။
(၆) အမျိုးသမီးများ ပေါများ တိုးပွားလာပေမည်။

အမျိုးသမီး (၅) ဦးအား အမျိုးသားတစ်ဦးမှ ထိန်းသိမ်းရမည့်အထိ ဖြစ်ပေမည်' ဟု ဖြစ်သည်။

အခြားဆင့်ပြန်ချက်တစ်ရပ်တွင် 'အိလ်မ်သာသနာ့ပညာ ယုတ်လျော့လာပေလိမ့်မည်။ အသိတရားမဲ့မှုများ ပြန့်နှံ့သွားပေလိမ့်မည်'ဟု လာရှိထားသည်။ *[ဘိုခါရီ၊ မွတ်စ္စလင်မ်။]*

ဟဇရေသ်အာဘူဟူရိုင်ရာဟ် ﷺ သခင်က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် ﷺ မိန့်ကြားတော်မူသည်မှာ-

(၁) သုံ့ပန်းပစ္စည်းများကို မိမိပိုင် ဥစ္စာပစ္စည်းဟု မှတ်ယူသည့်အခါ၊
(၂) 'အမာနသ်' (အပ်နှံပစ္စည်း) ကို သုံ့ပန်းပစ္စည်းဟု သတ်မှတ်လိုက်သည့်အခါ ('ဟလာလ်' မှတ်ယူ၍ စားလိုက်သည့်အခါ)၊
(၃) 'ဇကားသ်'ကို လျော်ကြေးအဖြစ် မှတ်ယူသည့်အခါ၊ (ဆိုလိုသည်မှာ 'ဇကားသ်'ပေးဆောင်ရာတွင် စိတ်၌ မကြည်လင်မှု ခံစားရသည့်အခါ)
(၄) သာသနာ့ပညာကို လောကီရေး ရည်ရွယ်ချက်ဖြင့် ရှာဖွေဆည်းပူးလာသည့်အခါ၊
(၅) အမျိုးသားသည် မိမိဇနီး၏ အမိန့်ကို နာခံလျက် မိခင်၏ အမိန့်ဖီဆန်မှုကို ပြုလာသည့်အခါ၊
(၆) မိတ်ဆွေအပေါင်းအသင်းကို မိမိ၏ အနီး၌ ထား၍ ဖခင်ကို အဝေးတွင် ဖယ်ထားလာသည့်အခါ၊
(၇) ဗလီများ၌ ဆူညံမှုများ ဖြစ်ပေါ်လာသည့်အခါ၊
(၈) မျိုးနွယ်စု၏ ခေါင်းဆောင်သည် ၎င်းမျိုးနွယ်စုဝင်အားလုံးတို့အနက် မကောင်းကျူးလွန်သူ 'ဖာစိက်'ဖြစ်သွားသည့်အခါ၊
(၉) မျိုးနွယ်စု၏ ကိုယ်စားပြုသူသည် ၎င်းမျိုးနွယ်စုဝင်အားလုံးတို့တွင် အယုတ်ညံ့ဆုံးသူ ဖြစ်လေသောအခါ၊
(၁၀) ရိုင်းပျဆိုးသွမ်းသူအား ဂုဏ်ပေးလေးစားခြင်း မပြုပါက ၎င်းက ဒုက္ခပေးမည်ကို စိုးရိမ်ရ၍ ဂုဏ်ပေးလေးစားမှု ပြုလာရသောအခါ၊
(၁၁) အမျိုးသမီးသီဆိုသူများ၏ သီဆိုမှု ပေါ်များလာသောခါ၊
(၁၂) မြူးဇစ်နှင့် ဘာဂျာ တီးမှုတ်မှုများ ပြန့်နှံ့ပေါ်များလာသောအခါ၊
(၁၃) အရက်သေစာများ သောက်စားမှု များပြားလာသောအခါ နှင့်
(၁၄) ဤအုမ္မသ်၏ နောက်ပေါက် လူတို့သည် မိမိတို့၏ ရှေ့မှ သွားနှင့်သူ ရှေးလူကြီးများအပေါ် 'လအ်နသ်'ကျိန်ဆဲမှုများ ပြုလာကြသောအခါ

စသည့် အခါသမယတို့တွင် အသင်တို့သည် အနီရောင်မုန်တိုင်းတစ်ခုကိုလည်းကောင်း၊ လျှောင်လျှပ်ခြင်းကိုလည်းကောင်း၊ လူအများ မြေမြိုခံရခြင်းကိုလည်းကောင်း၊ ရုပ်ဆင်းသဏ္ဍာန်များ ပျက်စီးသွားမည်ကိုလည်းကောင်း၊ မိုးကောင်းကင်မှ ကျောက်ခဲမိုး ရွာလာမည်ကိုလည်းကောင်း တစ်ခုပြီးတစ်ခု ဖြစ်ပေါ်လာမည့် 'ကေယာမသ်'၏ အခြားသော လက္ခဏာများသည် ပုလဲပုတီးကို ဖြတ်ချလိုက်သည့်အခါ ပုလဲလုံးလေးများ တစ်လုံးစီ အောက်သို့ကျ၍ ကျဲသွားသကဲ့သို့ ဆက်တိုက် ဖြစ်ပေါ်လာမည်ကို စောင့်ဆိုင်းကြလေကုန်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

فَاعْلَمْ أَنَّهُ لَآ إِلٰهَ إِلَّا اللّٰهُ وَاسْتَغْفِرْ لِذَنْبِكَ وَلِلْمُؤْمِنِيْنَ وَ
الْمُؤْمِنٰتِ ۗ وَاللّٰهُ يَعْلَمُ مُتَقَلَّبَكُمْ وَمَثْوٰىكُمْ ﴿١٩﴾

၄၇ : ၁၉ ॥ ॥ သို့ဖြစ်ပေရာ (အို၊ နဗီတမန်တော်) အသင်သည် အလ္လာဟ်အသျှင်မြတ်မှတစ်ပါး (အခြား) ခဝပ်ဆည်းကပ်ကိုးကွယ်ရာအသျှင်ဟူ၍ အလျဉ်း မရှိကြောင်း ကောင်းစွာ သိရှိ ယုံကြည်မှုထားပါလေ။ ထို့ပြင် အသင်သည် မိမိ၏ ချို့တဲ့မှုနှင့် စပ်လျဉ်း၍လည်းကောင်း၊ မုအ်မင်န်သက်ဝင် ယုံကြည်ကြသူ ယောကျ်ား၊ မိန်းမတို့အဖို့လည်းကောင်း လွတ်ငြိမ်းချမ်းသာခွင့်ကို ပန်ကြား အသနားခံလျက် ရှိပါလေ။ အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့ (အားလုံး) ၏ လှည့်လည်သွားလာ လှုပ်ရှားမှုကိုလည်းကောင်း အသင်တို့၏ နေထိုင်ခိုလှုံရာကိုလည်းကောင်း ကောင်းစွာ သိရှိတော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(အသင်သည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်ကို နာခံသော ကျွန်လူသားများနှင့် အမိန့်ဖီဆန် ဆိုးသွမ်းသော ကျွန်လူသားများ၏ အခြေအနေနှင့် နောက်ဆုံးအကျိုးဆက်များကို ကြားနာပြီးသည့်အခါ) သို့ဖြစ်ပေရာ (အို၊ နဗီတမန်တော်) အသင်သည် အလ္လာဟ်အသျှင်မြတ်မှအပ အခြားကိုးကွယ်ရာ အသျှင် အလျဉ်းမရှိကြောင်း (အပြည့်အဝ) သိရှိယုံကြည်ပါလေ။ (ဤနေရာတွင် သာသနာ၏ အရင်းအမြစ်နှင့် အကိုင်းအလက်များအားလုံး ပါဝင်ပေသည်။ 'အီလ်မ်' သိရှိခြင်း၏ အလိုသဘောမှာ ပြည့်စုံကုံလုံသော အသိပညာကို ဆိုလိုသည်။ ပြည့်စုံကုံလုံသော အသိပညာအတွက် အသျှင်မြတ်၏ အမိန့်တော်များအားလုံးကို ပြည့်ပြည့်ဝဝ ကျင့်ဆောင်မှုပြုရန် အရေးကြီးသည်။ ဆိုလိုသည်မှာ အသျှင်မြတ်၏ အမိန့်တော်များအားလုံးအပေါ် အစဉ်အမြဲ လိုက်နာနေပါလေ။) ထို့ပြင် (အကယ်၍ တစ်ခါတစ်ရံ အသင်၏ 'နဗူဝသ်'၏ ဂုဏ်အဆင့်အရ အပြစ် 'ဂိုနာဟ်'မဟုတ်ဘဲ စွန့်လွှတ်ခြင်းသည်သာ အမြတ်ဆုံးဖြစ်မည်ဟူသော ချွတ်ချော်မှုကို ကျူးလွန်မိခဲ့သော်လည်း အသင်၏ မြင့်မားသော ဂုဏ်သိက္ခာအရ အပေါ်ယံအမြင်အားဖြင့် မေ့မှားချွတ်ချော်မှုဖြစ်သည့်အတွက်) အသင်သည် မိမိ၏ (ထိုအမြင်အားဖြင့် ချွတ်ချော်မှုအတွက်) လွတ်ငြိမ်းချမ်းသာခွင့် ပန်ကြားလျက် ရှိနေပါလေ။ ထို့ပြင် မွတ်စ္စလင်မ်အမျိုးသားများနှင့် မွတ်စ္စလင်မ်အမျိုးသမီးများအတွက်လည်း (လွတ်ငြိမ်းချမ်းသာခွင့် တောင်းခံလျက် ရှိနေပါလေ။) ထို့ပြင် (သိမှတ်ထားရမည်မှာ) အလ္လာဟ်အသျှင်မြတ်သည် အသင်တို့၏ လှည့်လည်သွားလာခြင်းကိုလည်းကောင်း၊ အသင်တို့၏ နေထိုင်ခိုလှုံမှုကိုလည်းကောင်း (ပြုမူဆောင်ရွက်မှုအားလုံးနှင့် အခြေအနေအားလုံးတို့ကို) ကောင်းစွာ သိရှိတော်မူပေသည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ဤအာယသ်တော်တွင် တမန်တော်မြတ် ﷺ အား ဦးတည်လျက် 'အသင်သည် အလ္လာဟ်အသျှင်မြတ်မှတစ်ပါး အခြားကိုးကွယ်ခြင်းခံထိုက်သူ မရှိကြောင်းကို သိနားလည်ပါလေ' ဟု မိန့်ကြားတော်မူ

ထားသည်။ ဤအသိပညာမှာမူ မုအ်မင်နှင့်၊ မွတ်စ္စလင်မ်ဖြစ်သူတိုင်းပင် သိရှိနားလည်သည့်ဖြစ်ရာ 'နှစ်ဘဝ၏ ခေါင်းဆောင် ကိုယ်တော်မြတ် ﷺ သည် အဘယ်ကြောင့် သိနားလည်ခြင်း မရှိမည်နည်း' ဆိုသည်မှာ ထင်ရှားပေသည်။ သို့တိုင်အောင်လည်း ဤအသိပညာကို ရယူရန် အမိန့်ပေးခြင်းမှာ 'ဤအသိအပေါ်၌ မြဲမြံစွာ ရပ်တည်နေရန်' ဟူသော အဓိပ္ပာယ်အားဖြင့် ဖြစ်သည်။ (သို့မဟုတ်) 'ဤအသိပညာ၏ တောင်းဆိုချက်များအပေါ် ကျင့်ဆောင်ပါလေ' ဟူသော အလိုသဘောဖြစ်မည်။ ကုရ်သုဗီ (ရဟ) က ဆင့်ပြန်သည်မှာ စုဖ်ယားန်ဗင်န်အုယိုင်နဟ် (ရဟ) အား လူတစ်ဦးက 'အိလ်မ်အသိပညာ၏ ထူးမြတ်မှုအကြောင်းကို မေးမြန်းရာ ၎င်းက 'အသင်သည် ကုရ်အာန်ကျမ်းတော်မြတ်၏

فَاعْلَمْ اَنَّهٗ لَآ اِلٰهَ اِلَّا اللّٰهُ وَاسْتَغْفِرْ لِذَنْۢبِكَ

ဟူသော (တင်ပြပါ) အာယသ်တော်ကို မကြားဘူးပါသလော။' ဤမိန့်ကြားချက်တွင် 'အိလ်မ်အသိပညာ၏ နောက်တွင် 'အမလ်'ကျင့်ဆောင်မှုပြုရန် အမိန့်ပေးထားသည်' ဟု ပြောဆို အဖြေပေးလေသည်။ အလားတူ ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားတစ်နေရာတွင်

اِعْلَمُوْٓا اَنَّمَا الْحَيٰوةُ الدُّنْيَا لَعِبٌ وَّلَهْوٌ

(အသင်တို့သည် ကောင်းစွာ သိထားကြလေကုန်။ လောကီဘဝသည် ကစားခုန်စားမှုသက်သက်သည်လည်းကောင်း၊ အလဟဿ ပျော်ရွှင်ခြင်းအားဖြင့် အချိန်ဖြုန်းတီးမှုသည်လည်းကောင်း ဖြစ်ပေသည်) [၅၇ : ၂၀]

ဟု မိန့်ကြားထားတော်မူသည်။ ထို့နောက် سَابِقُوْٓا اِلٰى مَغْفِرَةٍ مِّنْ رَّبِّكُمْ

(အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ လွတ်ငြိမ်းချမ်းသာမှုသို့လည်းကောင်း အပြိုင်အဆိုင် ပြေးကြလေကုန်။) [၅၇ : ၂၁]

ဟု မိန့်ကြားထားတော်မူသည်။ အလားတူ အခြားတစ်နေရာတွင်

وَاعْلَمُوْٓا اَنَّمَآ اَمْوَالُكُمْ وَاَوْلَادُكُمْ فِتْنَةٌ

(၎င်းပြင် အသင်တို့သည် ကောင်းစွာ သိထားကြလေကုန်။ ဧကန်စင်စစ် အသင်တို့၏ ဥစ္စာပစ္စည်းများနှင့် အသင်တို့၏ သားသမီးများသည် စမ်းသပ်မှုပင် ဖြစ်သည်။)

ဟု မိန့်တော်မူထားပေသည်။ ထို့နောက် فَاحْذَرُوْهُمْ (သို့ရှိရာ အသင်တို့ ၎င်းတို့နှင့် ပတ်သက်၍ သတိရှိ ရှောင်ရှားကြလေကုန်) ဟု မိန့်တော်မူထားသည်။ ဤမိန့်ကြားချက်အားလုံးတွင် ဦးစွာပထမ 'အိလ်မ်'အသိပညာကို မိန့်ကြားပြီးနောက်တွင်မှ ထိုအသိပညာ၏ တောင်းဆိုချက်အပေါ် 'အမလ်'ကျင့်ဆောင်မှုပြုရန် မိန့်ကြားထားခြင်းဖြစ်သည်။ ဤဖော်ပြပါ အာယသ်တော်၌လည်း 'အမှန်စင်စစ် တမန်တော်မြတ် ﷺ အဖို့ အစကနဦးမှပင် ဤအသိပညာ ရရှိခဲ့ပြီးဖြစ်သည်။ သို့သော်လည်း ထိုအသိပညာ၏

တောင်းဆိုချက်အပေါ် 'အမလ်'ကျင့်ဆောင်မှုပြုပါလေ'ဟူသော အလိုသဘောကို ရည်ရွယ်တင်ပြလို၍ ဖြစ်သည်။ ထို့ကြောင့်ပင် ၎င်း၏ နောက်တွင် وَاسْتَغْفِرْ (ထို့ပြင် အသင်သည် လွတ်ငြိမ်းချမ်းသာခွင့်ကို ပန်ကြားအသနားခံလျက် ရှိပါလေ) ဟူ၍ အမိန့်ပေးထားခြင်း ဖြစ်သည်။ တမန်တော်မြတ် ﷺ အဖို့မှာ 'နဗူဝသ်'၏ ဂုဏ်သိက္ခာတော်ကြောင့် ထိုအမိန့်ကို ဆန့်ကျင်ရန် သံသယပင် မရှိနိုင်ပါချေ။ သို့ရာတွင် နဗီတမန်တော်တို့သည် အပြစ်ကင်းစင်သူများ ဖြစ်ကြသည့်တိုင် တစ်ခါတစ်ရံ 'အိဂျ်သိဟားဒ်' (မတ်စ်အလာဟ် သုံးသတ်တင်ပြရာ) တွင် ချွတ်ချော်မှုများ ဖြစ်တတ်သည်။ ထိုသို့ 'အိဂျ်သိဟားဒ်'၌ ချွတ်ချော်မှုသည် ရှရီအသ်တရားတော်၏ ဥပဒေအရ အပြစ်မထိုက်ရုံမျှမက ဤအပေါ်၌လည်း ကုသိုလ်အကျိုး ရရှိပေသည်။ သို့ပါသော်လည်း နဗီတမန်တော်များအား ဤချွတ်ချော်မှုများအပေါ် သတိပေးခြင်း မုချ ရှိသည်။ ထို့ပြင် ၎င်းတို့၏ မြင့်မားသော ဂုဏ်အဆင့်အတန်းအရ ذَنْبٌ 'ဇန်းဗွန်း'ဟူသော စာလုံးဖြင့်လည်း သုံးနှုန်းထားသည်။ ဆူရာဟ် عبس တွင် ကိုယ်တော်မြတ် ﷺ အပေါ်၌ အရေးယူခြင်းတစ်မျိုးအကြောင်း ချပေးတော်မူခဲ့သည်။ ဤသည်မှာလည်း ဤကဲ့သို့သော 'အိဂျ်သိဟားဒ်'၌ မှားယွင်းချွတ်ချော်မှု၏ ဥပမာတစ်ခု ဖြစ်သည်။ ဤအကြောင်းသည် ဆူရာဟ် عبس တွင် လာရှိပေမည်။ ထိုသို့ 'အိဂျ်သိဟားဒ်' ပြုရာ၌ မှားယွင်းချွတ်ချော်ခြင်းမှာ အမှန်စင်စစ် အပြစ် 'ဂိုနာဟ်'မဟုတ်ပေ။ သို့သာမက အကျိုးကုသိုလ်တစ်ခု ရရှိမည်ဖြစ်ကြောင်း ကတိတော် ရှိထားသည်။ သို့သော်လည်း ကိုယ်တော်မြတ် ﷺ ၏ မြင့်မားသော ဂုဏ်သိက္ခာတော်အတွက် ဤချွတ်ချော်ခြင်းကို မနှစ်သက်ခြင်းဖြစ်သည်။ ထို့ကြောင့် မနှစ်သက်ခြင်းကို ထုတ်ဖော်ခဲ့ခြင်း ဖြစ်သည်။ ဖော်ပြပါအာယသ်တော်တွင် ဤကဲ့သို့သော ذَنْبٌ 'အပြစ်' ကိုပင် ဆိုလိုခြင်းဖြစ်သည်။

အကျိုးကျေးဇူး

ဟဇရသ်အဘူဗကရ် ﷺ သခင်က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် ﷺ မိန့်ကြားတော်မူသည်မှာ- لَا إِلٰهَ إِلَّا اللّٰهُ 'လာအိလာဟအိလ္လာဟ်' နှင့် استغفار 'အိစ်သိဂ်ဖာရ်' (လွတ်ငြိမ်းချမ်းသာခွင့် တောင်းခံခြင်း) ကို များမြောင်စွာ ပြုကြလေကုန်။ အဘယ်ကြောင့်ဆိုသော် အီဗ်လီးစ်က 'ကျွန်ုပ်သည် ထိုသူတို့အား အပြစ်ဒုစရိုက်များ၌ နစ်မွန်းစေ၍ ဖျက်ဆီးခဲ့သည်။ ၎င်းတို့သည် 'ကလေမာဟ်လာအိလားဟအိလ္လလ္လာဟ်' ကို ရွတ်ဆို၍ ကျွန်ုပ်အား ဖျက်ဆီးခဲ့ကြသည်။ ဤအချင်းအရာကို တွေ့မြင်ရသောအခါ ကျွန်ုပ်သည် ၎င်းတို့အား ကောင်းမှုကုသိုလ်ဟု ထင်မှတ်ဖွယ်ဖြစ်သော လမ်းမှားသည့် တွေးခေါ်မှုလုပ်ရပ်များနောက်သို့ လိုက်စေခဲ့သည်။ 'ဗိဒ်အသ်'တရားသစ်တီထွင်မှုများ၏ အခြေအနေမှာ ဤအတိုင်းပင်ဖြစ်သည်။ ထိုကိစ္စများ ပြုလုပ်ခြင်းကြောင့် ၎င်းတို့အဖို့ 'သောင်ဗာဟ်' အမှားဝန်ခံရန် စွမ်းအားပင် မရရှိကြတော့ပေ' ဟု ပြောဆိုလေသည်။

مُتَقَلَّبَكُمْ وَمَثْوٰكُمْ

(အသင်တို့ (အားလုံးတို့) ၏ လှည့်လည်သွားလာ လှုပ်ရှားမှုကိုလည်းကောင်း အသင်တို့၏ နေထိုင်ခိုလှုံရာကိုလည်းကောင်း (ကောင်းစွာ) သိရှိတော်မူသည်။) [၄၇ : ၁၉]

مُتَقَلَّبُ ၏ အဓိပ္ပာယ်မှာ 'မတည်မငြိမ် လှည့်လည်သွားလာခြင်း၊ (သို့) နိမ့်လိုက် မြင့်လိုက်၊ အထက်အောက်ဖြစ်ခြင်း' ဟု ဖြစ်သည်။

مَثْوٰى ၏ အဓိပ္ပာယ်မှာ 'အတည်တကျနေရာ' ဟု ဖြစ်သည်။ ၄င်းတို့၏ အလိုသဘောကို အမျိုးမျိုး ကောက်ယူနိုင်သည်။ ထို့ကြောင့် အဖွင့်ပညာရှင်များက အမျိုးမျိုးသော အဓိပ္ပာယ်များကို တင်ပြခဲ့သည်။ အမှန်စင်စစ် ထိုအဓိပ္ပာယ်အားလုံးသည် အလိုသဘော ဆိုလိုချက်၌ ပါဝင်သည်။ အဘယ်ကြောင့်ဆိုသော် လူသားဟူသရွေ့အပေါ်၌ အခြေအနေနှစ်မျိုး ဖြစ်ပေါ်လေ့ရှိသည်။ တစ်မျိုးသည် ယာယီ၊ အခိုက်အတန့် ကာလအပေါ် ပြုလုပ်ရသည်။ အခြားတစ်မျိုးမှာ အခြေတကျ မိမိ၏ အလုပ်ဟု မှတ်ယူ၍ ပြုလုပ်ရသော အလုပ် ဖြစ်သည်။ အလားတူ အချို့နေရာများတွင် လူသားသည် အခိုက်အတန့် နေထိုင်ပြီး အချို့နေရာ များမှာ အခြေတကျ နေထိုင်ရသော နေရာများဖြစ်သည်။ သို့ဖြစ်ပေရာ အာယသ်တော်တွင် ယာယီအခိုက် အတန့် နေရခြင်းကို **مُتَقَلَّبُ** ဟူသော စာလုံးဖြင့်လည်းကောင်း၊ အတည်တကျနေရခြင်းကို **مَثْوٰى** ဟူသော စာလုံးဖြင့်လည်းကောင်း သုံးနှုန်းထားပေသည်။ ဤကဲ့သို့သော အခြေအနေအားလုံးတို့သည် အလ္လာဟ်အသျှင်မြတ်၏ အသိဉာဏ်တော်၌ ရှိကြောင်းမှာ ဤအာယသ်တော်၏ အလိုသဘောဖြစ်သည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَيَقُوْلُ الَّذِيْنَ اٰمَنُوْا لَوْلَا نُزِّلَتْ سُوْرَةٌ ۚ فَاِذَآ اُنْزِلَتْ سُوْرَةٌ مُّحْكَمَةٌ وَّذُكِرَ فِيْهَا
الْقِتَالُ ۙ رَاَيْتَ الَّذِيْنَ فِيْ قُلُوْبِهِمْ مَّرَضٌ يَّنْظُرُوْنَ اِلَيْكَ نَظَرَ
الْمَغْشِيِّ عَلَيْهِ مِنَ الْمَوْتِ ۭ فَاَوْلٰى لَهُمْ ۝

၄၇ : ၂၀ ။ ။ စင်စစ် မှအ်မင်န်သက်ဝင်ယုံကြည်ကြကုန်သော သူတို့က 'စူရာဟ်ကဏ္ဍ (အသစ်) တစ်ခုခုသည် အဘယ်ကြောင့် မကျရောက်ပါသနည်း' ဟု ပြောဆို (တောင့်တ) ခဲ့ကြကုန်၏။ သို့ရာတွင် ရှင်းလင်းပြတ်သားစွာသော စူရာဟ်ကဏ္ဍ တစ်စုံတစ်ခုကို ချပေးခြင်း ခံရ၍၊ ယင်းစူရာဟ်ကဏ္ဍ၌ စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ရန်အကြောင်း ဖော်ပြပါရှိသောအခါ၊ စိတ်နှလုံးများတွင် ရောဂါဝေဒနာရှိသောသူ [မုနာဖစ်က်] တို့သည် သေခြင်းတရားကို စိုးရိမ်ကြသောကြောင့် တွေဝေမိန်းမောနေသူများ၏ အကြည့်မျိုးဖြင့် အသင့်ဘက်သို့ ကြည့်နေသည်ကို အသင် တွေ့မြင်ရပေမည်။ သို့ဖြစ်ပေရာ ၄င်းတို့၌ ပျက်စီးမှုသည် ရှိချေမည်။

طَاعَةٌ وَقَوْلٌ مَّعْرُوفٌ ۚ فَإِذَا عَزَمَ الْأَمْرُ فَلَوْ صَدَقُوا اللَّهَ لَكَانَ خَيْرًا لَّهُمْ ﴿٢١﴾

၄၇ : ၂၁ ။ ။ (၎င်းတို့၏) လိုက်နာမှုသည်လည်းကောင်း၊ ပြောဆိုမှုသည်လည်းကောင်း သိရှိပြီးဖြစ်၏။ သို့တစေလည်း ၎င်းတို့သည် အရေးကိစ္စအလုံးစုံကို ပြဋ္ဌာန်းပြီးဖြစ်သောအခါ၌လည်း အကယ်၍ အလ္လာဟ်အသျှင်မြတ်နှင့်ပတ်သက်၍ သစ္စာစောင့်သိခဲ့ကြ [ပြီး အမိန့်တော်ကို စိတ်ရောကိုယ်ပါ လိုက်နာကျင့်သုံး] ပါလျှင် ၎င်းတို့အဖို့ အကောင်းဆုံးပင် ဖြစ်ခဲ့ပေမည်။

فَهَلْ عَسَيْتُمْ إِن تَوَلَّيْتُمْ أَن تُفْسِدُوا فِي الْأَرْضِ وَتُقَطِّعُوا أَرْحَامَكُمْ ﴿٢٢﴾

၄၇ : ၂၂ ။ ။ သို့ဖြစ်ပေရာ အကယ်၍ အသင်တို့သည် (စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ခြင်းမှ) လွှဲဖယ်တိမ်းရှောင်နေခဲ့ကြသည်ရှိသော်၊ ကမ္ဘာမြေဝယ် ဆူပူသောင်းကျန်းနိုင်ကြမည်ဟူ၍လည်းကောင်း၊ မိမိတို့အချင်းချင်း သားချင်းတော်စပ်မှုကို ဖြတ်တောက်နိုင်ကြမည်ဟူ၍လည်းကောင်း မျှော်လင့်နေကြလေသလော။

أُولَٰئِكَ الَّذِينَ لَعَنَهُمُ اللَّهُ فَأَصَمَّهُمْ وَأَعْمَىٰ أَبْصَارَهُمْ ﴿٢٣﴾

၄၇ : ၂၃ ။ ။ ထိုသူတို့သည် အကြင်သူများပင် (ဖြစ်၏။) အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အား ကရုဏာတော်မှ ကင်းဝေးစေတော်မူခဲ့၏။ တစ်ဖန် ၎င်းတို့အား နားပင်းစေတော်မူခဲ့သည့်အပြင် ၎င်းတို့၏ မျက်စိများကိုလည်း ကန်းစေတော်မူခဲ့၏။

أَفَلَا يَتَدَبَّرُونَ الْقُرْآنَ أَمْ عَلَىٰ قُلُوبٍ أَقْفَالُهَا ﴿٢٤﴾

၄၇ : ၂၄ ။ ။ သို့ပါလျက် ၎င်းတို့သည် ကုရ်အာန်ကျမ်းတော်မြတ်ကို သေချာစေ့ငုစွာ စဉ်းစားဆင်ခြင် သုံးသပ်ခြင်း မပြုကြလေသလော။ သို့တည်းမဟုတ် (၎င်းတို့၏) စိတ်နှလုံးများအပေါ်၌ သော့ခလောက်များ (ခတ်ထားလျက်) ရှိနေသလော။

إِنَّ الَّذِينَ ارْتَدُّوا عَلَىٰ أَدْبَارِهِم مِّن بَعْدِ مَا تَبَيَّنَ لَهُمُ الْهُدَى ۙ
الشَّيْطَانُ سَوَّلَ لَهُمْ وَأَمْلَىٰ لَهُمْ ﴿٢٥﴾

၄၇ : ၂၅ ။ ။ စေကန်စင်စစ် အကြင်သူတို့သည် ၎င်းတို့အဖို့ တရားလမ်းမှန် ထင်ရှားခဲ့ပြီးနောက်တွင် ကျောခိုင်း၍ ပြန်လှည့်သွားကြကုန်၏။ ရှိုက်သွာန်သည် ထိုသူတို့အား ဖြားယောင်းခဲ့သည့်အပြင် ယင်းရှိုက်သွာန်သည် ၎င်းတို့အား (မမှန်ကန်သော) မက်လုံးများကို ပေးခဲ့လေ၏။

ذَٰلِكَ بِأَنَّهُمْ قَالُوا لِلَّذِينَ كَرِهُوا مَا نَزَّلَ اللَّهُ سَنُطِيعُكُمْ فِي بَعْضِ الْأَمْرِ ۖ وَاللَّهُ يَعْلَمُ إِسْرَارَهُمْ ﴿٢٦﴾

၄၇ : ၂၆ ။ ။ ဤသို့ ဖြစ်ရခြင်းမှာ ၎င်း (မုနာဖစ်က်) တို့သည် အလ္လာဟ်အသျှင်မြတ် ချပေးသနားတော်မူခဲ့သော အမိန့်တော်များကို စက်ဆုပ်ကြသူ (ယဟူဒီအကြီးအကဲ) တို့အား 'စေကန်အမှန် ကျွန်ုပ်တို့သည် အချို့သော အရေးကိစ္စများ၌

အသင်တို့၏ စကားကို လိုက်နာကြမည်' ဟု ပြောဆိုခဲ့ကြသောကြောင့်ပင် (ဖြစ်၏။) စင်စစ် အလ္လာဟ်အသျှင်မြတ်သည် ၄င်းတို့၏ လျှို့ဝှက်စွာ ပြောဆိုမှုကို ကောင်းစွာ သိရှိတော်မူ၏။

فَكَيْفَ إِذَا تَوَفَّتْهُمُ الْمَلَٰٓئِكَةُ يَضْرِبُونَ وُجُوهَهُمْ وَأَدْبَٰرَهُمْ ﴿٢٧﴾

၄၇ : ၂၇ ။ ။ သို့ရာတွင် 'မလာအေ့ကာဟ်' ကောင်းကင်တမန်များသည် ထိုသူတို့၏ မျက်နှာများကိုလည်းကောင်း ထိုသူတို့၏ ကျောကုန်းများကိုလည်းကောင်း ရိုက်ကြလျက် ထိုသူတို့၏ အသက်ဇီဝိန် နှုတ်သိမ်းကြသောအခါ (ထိုသူတို့သည်) မည်သည့်အဖြစ်သို့ (ရောက်ရှိကြမည်နည်း။)

ذَٰلِكَ بِأَنَّهُمُ اتَّبَعُوا مَآ أَسْخَطَ اللَّهَ وَكَرِهُوا رِضْوَٰنَهُۥ فَأَحْبَطَ أَعْمَٰلَهُمْ ﴿٢٨﴾

၄၇ : ၂၈ ။ ။ ဤသို့ဖြစ်ရခြင်းမှာ ထိုသူတို့သည် အလ္လာဟ်အသျှင်မြတ်အား မနှစ်မြို့စေသော နည်းလမ်းကို လိုက်နာခဲ့ကြသောကြောင့်လည်းကောင်း၊ ထိုအသျှင်မြတ်၏ နှစ်မြို့မှုကို စက်ဆုပ်ခဲ့ကြသောကြောင့်လည်းကောင်း ဖြစ်ပေသည်။ သို့ဖြစ်ပေရာ ထိုအသျှင်မြတ်သည် ၄င်းတို့၏ ပြုမူဆောင်ရွက်ချက်တို့ကို အချည်းနှီးပင် ဖြစ်စေတော်မူခဲ့ပေသည်။

أَمْ حَسِبَ الَّذِينَ فِى قُلُوبِهِم مَّرَضٌ أَن لَّن يُخْرِجَ اللَّهُ أَضْغَٰنَهُمْ ﴿٢٩﴾

၄၇ : ၂၉ ။ ။ စိတ်နှလုံးများတွင် (အယောင်ဆောင်မှု) ရောဂါဝေဒနာရှိသူ (မုနာဖစ်က်) တို့သည် ၄င်းတို့၏ ရန်ငြိုးထားမှုများကို ငါအသျှင်မြတ်သည် အလျှင်း ထုတ်ဖော်တော်မူမည် မဟုတ်ဟု ထင်မှတ်နေကြလေသလော။

وَلَوْ نَشَآءُ لَأَرَيْنَٰكَهُمْ فَلَعَرَفْتَهُم بِسِيمَٰهُمْ ۚ وَلَتَعْرِفَنَّهُمْ فِى لَحْنِ الْقَوْلِ ۚ وَاللَّهُ يَعْلَمُ أَعْمَٰلَكُمْ ﴿٣٠﴾

၄၇ : ၃၀ ။ ။ စင်စစ် အကယ်၍သာ ငါအသျှင်မြတ်သည် အလိုရှိတော်မူပါလျှင်၊ ငါအသျှင်မြတ်သည် အသင့်အား ၄င်း (မုနာဖစ်က်) တို့ကို (သိရှိစေရန်အလို့ငှာ) အမှန်ပင် ပြသတော်မူပေမည်။ ထိုအခါ အသင်သည် မုချဧကန် ၄င်းတို့အား ၄င်းတို့၏ အင်္ဂါရုပ်ရည် လက္ခဏာ အမူအယာဖြင့် မုချ အတိအကျ သိရှိပေမည်။ ထို့ပြင် အသင်သည် ၄င်းတို့အား (၄င်းတို့၏) စကားပြောဆိုပုံ၊ စကားအသွားအလာဖြင့် (ယခုလည်း) အမှန်ပင် သိရှိပေမည်။ အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့၏ ပြုမူဆောင်ရွက်ချက်တို့ကို ကောင်းစွာ သိရှိတော်မူ၏။

وَلَنَبْلُوَنَّكُمْ حَتَّىٰ نَعْلَمَ الْمُجَٰهِدِينَ مِنكُمْ وَالصَّٰبِرِينَ وَنَبْلُوَا۟ أَخْبَارَكُمْ ﴿٣١﴾

၄၇ : ၃၁ ။ ။ ၄င်းပြင် ဧကန်မလွဲ ငါအသျှင်မြတ်သည် အသင်တို့အနက်မှ (မည်သူသည် 'ဂျီဟာဒ်' ပြု၍) သက်စွန့်ကြိုးပမ်း ဆောင်ရွက်သူတို့ကို သိရှိတော်မူသည့်တိုင်အောင်လည်းကောင်း၊ အသင်တို့၏ (ဒုက္ခအမျိုးမျိုးနှင့် တွေ့ဆုံရာ၌ ရပ်တည်ရာ) အခြေအနေများကို စမ်းသပ် (ကြည့်ရှု) တော်မူသည့်တိုင်အောင်လည်းကောင်း အသင်တို့အား စမ်းသပ်တော်မူမည် ဖြစ်ချေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့ပြင် အီမာန်သက်ဝင် ယုံကြည်သူတို့က (အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များ ထပ်မံ ကျရောက်လာမည်ကို အမြဲတစေ တောင့်တလျက် ရှိခဲ့ကြသည်။ ထိုသို့ ကျရောက်လာခြင်းဖြင့် အီမာန်လန်းဆန်းလာ၍ ဖြစ်သည်။ အမိန့်တော်အသစ်များ ရောက်ရှိလာလျှင် ထိုအမိန့်တော်များ၏ အကျိုးကုသိုလ်လည်း ရရှိကြပေမည်။ အကယ်၍ ကျရောက်ပြီးဖြစ်သော ယခင်အမိန့်တော်ကို ထောက်ခံခြင်းဖြစ်လျှင် ပို၍ ခိုင်မာမှု ရရှိပေမည်ဟူသော မျှော်လင့်ချက်များဖြင့်) စူရာဟ်ကဏ္ဍ (အသစ်) တစ်ခုခု အဘယ်ကြောင့် မကျရောက်ပါသနည်းဟု ပြောဆိုလျက် ရှိခဲ့ကြသည်။ (အကယ်၍ ကျရောက်ခဲ့ပါလျှင် မျှော်လင့်တောင့်တချက် ပြည့်ဝပေမည်။) သို့ဖြစ်ပေရာ ရှင်းလင်းပြတ်သားသော (အကြောင်းအရာများ ပါရှိသည့်) စူရာဟ်ကဏ္ဍ တစ်စုံတစ်ရာ ချပေးခြင်းခံရပြီး (ကံအားလျော်စွာ) ယင်းစူရာဟ်ကဏ္ဍတွင် 'ဂျီဟားဒ်' စစ်မက်တိုက်ခိုက်ရန် အကြောင်းသည်လည်း (ရှင်းရှင်းလင်းလင်း) ဖော်ပြပါရှိသောအခါ စိတ်နှလုံးများ၌ ('နေဖာက်' အယောင်ဆောင်မှု ၏) ရောဂါရှိသူတို့သည် အသင့်အား သေဘေးဆိုက်ရောက်စဉ် သတိမေ့မျောနေသော အကြည့်မျိုးဖြင့် (ကြောက်ရွံ့စိုးရိမ်သော အကြည့်မျိုးဖြင့်) ကြည့်နေသည်ကို အသင် တွေ့မြင်ရပေမည်။ (ဤသို့သော အကြည့်ဖြင့် ကြည့်ရှုခြင်းမှာ ကြောက်ရွံ့မှုနှင့် သူရဲဘောကြောင်မှုတို့ကြောင့် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ယခုမူ ၎င်းတို့အဖို့ မိမိတို့၏ သက်ဝင်ယုံကြည်မှုအပေါ် ကြွေးကြော်ထားသည်ကို စောင့်ထိန်းရန်အတွက် 'ဂျီဟားဒ်'တွင် ပါဝင်ကြရပေတော့မည်။ဒုက္ခရောက်ကြရပေတော့မည်ဟု ဖြစ်သည်။ ၎င်းတို့သည် ဤကဲ့သို့ အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များမှ ရှောင်လိုကြသည်။) သို့ဖြစ်ပေရာ များမကြာမီ ၎င်းတို့၏ ပျက်စီးမှုသည် ရောက်ရှိလာပေမည်။

(လောကဥ္စမှာပင် ဘေးဒုက္ခတစ်စုံတစ်ရာ ကျရောက်မည်ဖြစ်စေ၊ ထိုသို့မဟုတ်ပါက သေပြီးသော အခါတွင်မူ မုချကေန် ဘေးဒုက္ခများကို ရင်ဆိုင်ရမည်သာ ဖြစ်သည်။ ထို့ပြင် ၎င်းတို့သည် ပြင်ပဌ်မှု အမိန့်နာခံခြင်းနှင့် အလိုတော်ကျ စကားများကို များစွာ ပြောဆိုကြသော်လည်း) ၎င်းတို့၏ အမိန့်နာခံမှုသည်လည်းကောင်း၊ စကားပြောဆိုခြင်း (၏ ဖစ်မြစ်) ကိုလည်းကောင်း သိရှိပြီးဖြစ်သည်။ ('ဂျီဟားဒ်'၏ အမိန့်တော်ကျရောက်လာသောအခါ ၎င်းတို့၏ အခြေအနေကို အားလုံး သိရှိသွားခဲ့ကြသည် ဖြစ်သည်) ထို့နောက်တစ်ဖန် ('ဂျီဟားဒ်'၏ အမိန့်တော် ကျရောက်လာပြီးနောက်) အရေးကိစ္စအားလုံး (နှင့် စစ်လက်နက်ရိက္ခာများ) အသင့်ဖြစ်ပြီးသောအခါ (ထိုအချိန်၌လည်း) အကယ်၍ ဤသူတို့သည် (အလ္လာဟ်အသျှင်မြတ်အပေါ် သက်ဝင်ယုံကြည်ကြောင်း ကြွေးကြော်မှုတွင်) အလ္လာဟ်အသျှင်မြတ်အပေါ် သစ္စာစောင့်ထိန်းခဲ့ကြလျှင် (ဆိုလိုသည်မှာ သက်ဝင်ယုံကြည်ကြောင်း ကြွေးကြော်မှု၏ တောင်းဆိုချက်အပေါ် လိုက်နာခဲ့ကြပါလျှင်လည်းကောင်း၊ 'ဤတောင်းဆိုမှုတွင် ရှရီအသ်တရားတော်၏ အမိန့်ပညတ်ချက်အားလုံးသည် သိုင်းခြုံပါဝင်ပြီး အထူးအားဖြင့် 'ဂျီဟားဒ်'ပြုခြင်းအမိန့် ပါဝင်သည်' မှ စိတ်ခါတ်မုန်ကန်ခြင်းဖြင့် 'ဂျီဟားဒ်' ပြုခဲ့ကြလျှင်သော်လည်းကောင်း) ၎င်းတို့အဖို့ လွန်စွာ အကောင်းမြတ်ဆုံး ဖြစ်ပေမည်။

(ဆိုလိုသည်မှာ အကယ်၍ အစကနဦးတွင် 'မုနာဖစ်ကဲ်'ဖြစ်ခဲ့သော်လည်းကောင်း နောက်ဆုံးတွင် 'နဖားကဲ်'အယောင်ဆောင်မှုမှ အမှားဝန်ခံ 'သောင်ဗာဟ်'ပြုလိုက်ပါက ထိုအချိန်တွင် အီမာန်သည် လက်ခံမှုပြုခံရပေသည်။ အကြောင်းမှာ သေဆုံးမည့်အချိန်အထိ မှန်ကန်သောစိတ်ဖြင့် 'သောင်ဗာဟ်'ပြုခြင်းကို လက်ခံသောကြောင့် ဖြစ်သည်။ ရှေ့တွင် 'ဂျီဟားဒ်'ပြုခြင်း၏ လေးနက်မှုနှင့် 'ဂျီဟားဒ်'ပြုခြင်းမှ နောက်ချန်နေရစ်သူများကို ရည်ညွှန်း၍ 'ဂျီဟားဒ်'မပြုခြင်းမှာ 'အသင်တို့သည် 'ဂျီဟားဒ်'ပြုခြင်းကို မနှစ်သက်ကြ၍လော'ဟု တင်ပြ မိန့်ကြားထားသည်။) သို့ဖြစ်ပေရာ (ဤနေရာတွင် လောကီရေး ဆုံးရှုံးမှုတစ်ရပ်လည်း ရှိပေသည်။) အကယ်၍ အသင်တို့သည် (ဤအတိုင်း 'ဂျီဟားဒ်'အားလုံးမှ) ရှောင်တိမ်းနေခဲ့ကြပါလျှင် အသင်တို့ (အားလုံး) သည် လောကတွင် ဆူပူသောင်းကျန်းနိုင်ကြရန်လည်းကောင်း၊ အသင်တို့ အချင်းချင်း သားချင်းတော်စပ်မှုကို ဖြတ်တောက်ရန်လည်းကောင်း မျှော်လင့်ကြလေသလော။

(ဆိုလိုသည်မှာ 'ဂျီဟားဒ်'ပြုခြင်းဖြင့် တရားမျှတမှု ရပ်တည်နိုင်ခြင်း၊ ငြိမ်းချမ်းရေးတည်ဆောက်နိုင်ခြင်း စသော ကြီးမားသည့် အကျိုးများ ရှိသည်။ အကယ်၍ ဤ 'ဂျီဟားဒ်'ကို စွန့်လွှတ်လိုက်ပါက ဆူပူသောင်းကျန်းသူများက လွှမ်းမိုးသွားပေမည်။ ထို့ပြင် လူအများ၏ ကောင်းကျိုးကို ကာကွယ်စောင့်ထိန်းမည့် အစီအမံတစ်စုံတစ်ရာ မရှိလျှင်လည်းကောင်း၊ ဤသို့သော အစီအမံများမရှိ၍ ဆူပူသောင်းကျန်းမှုများနှင့် အခွင့်အရေးများ နစ်နာဆုံးရှုံးစေခြင်းများသည် မုချ ဖြစ်လာမည်သာ ဖြစ်သည်။ သို့ဖြစ်ပေရာ 'ဂျီဟားဒ်'တွင် လောကီရေးအကျိုးများလည်း ရှိရာ ၎င်းမှ ရှောင်တိမ်းခြင်းသည် ပို၍ပင် အံ့သြစရာဖြစ်ပေသည်။ ရှေ့တွင် ထိုမုနာဖစ်ကဲ်တို့အကြောင်း တင်ပြထားသည်မှာ) ထိုသူများသည်ကား အကြင်သူများပင် ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အား မိမိ၏ 'ရဟ်မသ်'ကရုဏာတော်မှ ကင်းဝေးစေခြင်းကိုလည်းကောင်း (အသျှင်မြတ်၏ အမိန့်တော်များအပေါ် 'အမလ်'ပြုကျင့် ဆောက်တည်စွမ်း မရှိစေရန် ဖြစ်သည်။) တစ်ဖန် ('ရဟ်မသ်'ကရုဏာတော်မှ ကင်းဝေးစေခြင်းကြောင့် ဖြစ်ပေါ်လာသည်မှာ) ၎င်းတို့အား (အသျှင်မြတ်၏ အမိန့်တော်များကို လက်ခံရန် ကြားနိုင်စွမ်းမရှိအောင်) နားများ ပင်းစေခြင်းကိုလည်းကောင်း၊ ထို့ပြင် (လမ်းမှန်ကို မြင်နိုင်ခြင်းမှ) ၎င်းတို့၏ (အတွင်းပိုင်း) မျက်စိများကန်းစေခြင်းကိုလည်းကောင်း ပြုတော်မူခဲ့သည်။

(ရှေ့တွင် ကုရ်အာန်ကျမ်းတော်မြတ်၌ 'ဂျီဟားဒ်'နှင့် အခြားအမိန့်တော်များ ပြုကျင့်လိုက်နာရန် 'ဝါဂျိဗ်'ဖြစ်ကြောင်းနှင့် ကုရ်အာန်သည် မှန်ကန်သော ကျမ်းတော်မြတ်ဖြစ်ကြောင်း အထောက်အထားများနှင့်တကွ တင်ပြထားပါသော်လည်း၊ တစ်ဖန် ထိုအမိန့်တော်များ၏ အကျိုးအမြတ်နှင့် ကောင်းကျိုးတို့သည် တမလွန်တွင် အမြဲထာဝရ ဖြစ်ကြောင်းနှင့် လောက၌လည်း တစ်ခါတစ်ရံ ရရှိမည် ဖြစ်ကြောင်းကိုလည်း တင်ပြထားရာ၊ ထိုအမိန့်တော်များအား ဆန့်ကျင်ခြင်းအပေါ် သတိပေးနှိုးဆော် တင်ပြထားသည်။ သို့သော်ငြားလည်း ၎င်းတို့သည် ဤသည်တို့ဘက်သို့ အာရုံပြုခြင်း မရှိကြပေ။)

သို့ပါလျက် ၎င်းတို့သည် ကုရ်အာန် (၏ 'မုအ်ဂျေဇာဟ်'နှင့် အကြောင်းအရာများ) အပေါ် စဉ်းစားဆင်ခြင်မှု မပြုကြလေသလော။ (အကြောင်းမှာ ၎င်းတို့၏ နှလုံးသားများ မပွင့်ကြသောကြောင့် ဖြစ်သည်)

သို့တည်းမဟုတ် (စေ့ငုစွာ စဉ်းစားဆင်ခြင်မှု ပြုကြသော်လည်း) စိတ်နှလုံးများတွင် (အကွယ်မှ ဖြစ်သော) သော့ခလောက်များ ခတ်ထားလျက် ရှိနေပါသလော။

(ဖော်ပြပါနှစ်မျိုးအနက် တစ်မျိုးမျိုး မုချ ရှိနေမည်မှာ သေချာသည်။ ထို့ပြင် နှစ်မျိုးစလုံး ရှိခြင်းလည်း ဖြစ်နိုင်သည်။ အမှန်စင်စစ် ဤနေရာတွင် နှစ်မျိုးစလုံး ပါဝင်နေပေသည်။ ဦးစွာပထမ ၎င်းတို့ဘက်မှ လုပ်ရပ်တစ်ခုကို ပြုလုပ်ခဲ့သည်။ ဆိုလိုသည်မှာ ၎င်းတို့၏ ငြင်းပယ်မှုသည် ကုရ်အာန်ကျမ်းတော်မြတ်အပေါ် စဉ်းစားဆင်ခြင် သုံးသပ်မှု မပြုခြင်းဖြစ်ပြီး တစ်ဖန် ထိုသို့ မပြုခြင်းအပေါ် ဆိုးရွားသော အကျိုးဆက်အဖြစ် သော့ခလောက် ခတ်ခံရခြင်းဖြစ်သည်။ ဤသည်ကို طبع — ختم ဟူသော စာလုံးများဖြင့် တင်ပြထားသည်။ ထိုအကြောင်း အထောက်အထားဖြစ်သော အာယသ်တော်မှာ

ذٰلِكَ بِاَنَّهُمْ اٰمَنُوْا ثُمَّ كَفَرُوْا فَطُبِعَ عَلٰى قُلُوْبِهِمْ

(ထိုသို့ ဖြစ်ရခြင်းမှာ ၎င်းတို့သည် သက်ဝင်ယုံကြည်ခဲ့ကြပြီးနောက် သွေဖည်ငြင်းပယ်ခဲ့ကြသောကြောင့်ပင် ဖြစ်သည်။) [၆၃ : ၃]

ဟူသော အာယသ်တော် ဖြစ်သည်။ ဤအကြောင်း၏ နောက်ဆက်တွဲ ရလဒ် အချုပ်ကို

فَهُمْ لَا يَفْقَهُوْنَ (သို့ဖြစ်ပေရာ ၎င်းတို့သည် နားလည်ကြသည် မဟုတ်ပြီ။) [၆၃ : ၃]

ဖြင့် တင်ပြထားသည်။ ရှေ့၌ ထိုသို့ မစဉ်းစားမဆင်ခြင်ခြင်း၏ အကြောင်းတရားကို မိန့်ကြားသည်မှာ) ဧကန်စင်စစ် ဖြောင့်မတ်မှန်ကန်သော လမ်းကို ရှင်းလင်းစွာ သိရှိပြီးနောက် (အမှန်တရားမှ) ကျောခိုင်း၍ ပြန်လှည့်သွားကြသူတို့အား (ကုရ်အာန်၏ အံ့ဖွယ်မဆုံး တုပမရနိုင်သော အကြောင်းအရာများကဲ့သို့သော ဦးနှောက်မှ လက်ခံသိရှိနိုင်သော အထောက်အထားများနှင့် ရှေးကျမ်းများ၏ ကြိုတင်မိန့်ကြားချက်များဖြစ်သော ဆင့်ပြန်ချက်အထောက်အထားများ ရရှိပြီးနောက် ကျောခိုင်းလှည့်ပြန်သူတို့အား) ရှိုက်သွာန်သည် ၎င်းတို့အား ဖြားယောင်းခဲ့လေသည်။ ထို့ပြင် ၎င်းတို့အား ဝေးလံရှည်လျားသော မျှော်လင့်ချက် မက်လုံးများ ပြခဲ့သည်။

(အဘယ်ကြောင့်ဆိုသော် အီမာန်သက်ဝင် ယုံကြည်ခြင်းဖြင့် လက်ရှိကာလ၌လည်းကောင်း၊ နောင်ကာလ၌လည်းကောင်း ရရှိရန် မျှော်လင့်ချက်ရှိသော ကောင်းကျိုးများ ပျက်ပြားသွားပေမည်။ ဆိုလိုသည်မှာ ဤသို့ မစဉ်းစားမဆင်ခြင်မှု၏ အကြောင်းခံသည် တရားလမ်းမှန် ပေါ်လွင်ထင်ရှားပြီးနောက်တွင် ခြေနောက်ပြန်ဆုတ်၍ အမိန့်ဖီဆန် ဆန့်ကျင်ခြင်းကိုသာ ပြုကြခြင်းပင် ဖြစ်သည်။ ထိုသို့ အမိန့်ဖီဆန် ဆန့်ကျင်မှု၏ နောက်တွင် ရှိုက်သွာန်၏ အရောင်ဆိုးခြင်းခံရလေသည်။ ဆိုလိုသည်မှာ ၎င်းတို့၏ အမြင်အာရုံများတွင် လွဲမှား၍ ပျက်စီးစေသော လုပ်ရပ်များကို လှပတင့်တယ်အောင် ဆင်ယင်ပြသခြင်းခံရသည်။ ထိုသို့ ရှိုက်သွာန်၏ အရောင်ဆိုးခံရခြင်းကြောင့် စဉ်းစားဆင်ခြင် သုံးသပ်ခွင့်မရဘဲ ဖြစ်ခဲ့ရသည်။ ထိုသို့ စဉ်းစားဆင်ခြင်သုံးသပ်ခြင်း မရှိသောကြောင့် طبع — ختم (ဝါ) နှလုံးသားများအပေါ်

တံဆိပ်ရိုက်နှိပ်ခံရခြင်း ဖြစ်ခဲ့ရသည်။ တစ်ဖန်) ဤသည် (‘ဟေဒါယသ်’လမ်းမှန် တရားသည် ရှေ့မှောက်သို့ ရောက်ရှိလာသည့်တိုင် ထိုလမ်းမှန်တရားမှ ကျောခိုင်းခြင်းနှင့် ဝေးကွာစွာ နေခြင်းတို့သည်) ၎င်းတို့က အလ္လာဟ်အသျှင်မြတ် ချပေးသနားတော်မူသော အမိန့်တော်များကို (မနှာလိုခြင်းအားဖြင့်) စက်ဆုပ်ကြသူတို့အား (တမန်တော်မြတ် ﷺ အား မနှာလိုဖြစ်ကြသော ယဟူဒီခေါင်းဆောင်များကို ဆိုလိုသည်။ ၎င်းတို့သည် အမှန်တရားကို သိရှိကြပါလျက် လိုက်နာကြခြင်းကို တားဆီးပိတ်ပင်ကြသည်။ အချုပ်မှာ ထိုမုနာဖစ်က်တို့သည် ယဟူဒီခေါင်းဆောင်များအား) အချို့သော အရေးကိစ္စများတွင် ကျွန်ုပ်တို့သည် အသင်တို့၏ ပြောဆိုခြင်းကို လိုက်နာကြပါမည်’ ဟု ပြောဆိုခဲ့ကြသောကြောင့်ပင် ဖြစ်သည်။

(ဆိုလိုသည်မှာ အသင်တို့က ကျွန်ုပ်တို့အား မိုဟမ္မဒ် ﷺ ၏ လိုက်နာခြင်းမှ တားမြစ်ကြသည်။ ဤတားမြစ်ချက်တွင် နှစ်ပိုင်းရှိသည်။ ပထမတစ်ပိုင်းမှာ ‘အပြင်ပိုင်းလိုက်နာမှုမပြုခြင်းဖြစ်၍၊ ကျန်တစ်ပိုင်းမှာ အတွင်းပိုင်းလိုက်နာမှုမပြုခြင်း ဖြစ်သည်။ သို့ဖြစ်ပေရာ ပထမအပိုင်းအရမူ ကျွန်ုပ်တို့သည် အသင်တို့၏ ပြောဆိုစကားကို လက်ခံ၍ မရနိုင်ပေ။ သို့သော် ဒုတိယအပိုင်းကိုမူ လက်ခံကြပါမည်။ အဘယ်ကြောင့်ဆိုသော် ယုံကြည်ချက်ပိုင်းဆိုင်ရာတွင် ကျွန်ုပ်တို့သည် အသင်တို့နှင့်အတူ ရှိကြသောကြောင့်ဖြစ်သည်။

အခြားတစ်နေရာတွင် လာရှိသော ၎င်းတို့၏ إِنَّا مَعَكُمْ (ကျွန်ုပ်တို့သည် ယုံကြည်ချက်ပိုင်းအရာ၌ အသင်တို့နှင့် အတူတူပင် ရှိပါ၏) ဟု ပြောဆိုခဲ့ကြသည့်အတိုင်း ဖြစ်သည်။ ဆိုလိုသည့်သဘောမှာ အမှန်တရားမှ သွေဖည်ကျောခိုင်းခြင်း၏ အကြောင်းခံမှာ လူမျိုးရေးအစွဲနှင့် ရန်လိုမှုတို့ကြောင့် ဖြစ်သည်။ အချုပ်ဆိုရသော် ဤသို့ လက်မခံရခြင်း၏ အစမှာ ဖော်ပြပါ အမျိုးစွဲ ရန်လိုခြင်းကြောင့်ဖြစ်ပြီး ဆုံးခန်းရလဒ်မှာ တံဆိပ်ခတ်နှိပ် ခံရခြင်းကြောင့် ဖြစ်သည်။) ထို့ပြင် (ဤကဲ့သို့သော စကားများကို မုနာဖစ်က်တို့သည် လျှို့ဝှက်စွာ ပြောဆိုလေ့ ရှိကြသည်။ သို့ရာတွင်) အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့၏ လျှို့ဝှက်စွာ ပြောဆိုသော စကားများကို (ကောင်းစွာ) သိတော်မူပေသည်။

(အချို့ကိစ္စများနှင့် ပတ်သက်၍ ‘ဝဟီ’အားဖြင့် ကိုယ်တော်မြတ် ﷺ အား အသိပေးတော်မူခဲ့သည်။ ရှေ့၌ ၎င်းတို့၏ ပျက်စီးခြင်း နီးကပ်နေပြီဖြစ်သည့် အကြောင်းကို အကျယ်အဖွင့်ပုံသဏ္ဌာန်ဖြင့် တင်ပြထားသည်မှာ ဤသို့ ပြုမူခဲ့ကြသော သူတို့မှာ) သို့ဖြစ်ပေရာ ဖရစ်ရှ်သာဟ်ကောင်းကင်တမန်များသည် ၎င်းတို့၏ အသက်ဇီဝိန်ကို နှုတ်ယူကြမည့်အခါ၌လည်းကောင်း၊ ၎င်းတို့၏ မျက်နှာများနှင့် ကျောကုန်းများကို ရိုက်နှက်ကြမည့်အခါ၌လည်းကောင်း ၎င်းတို့၏ အခြေအနေမှာ မည်သို့ ဖြစ်မည်နည်း။

(ထို့ပြင်) ဤ (ပြစ်ဒဏ်) သည် အလ္လာဟ်အသျှင်မြတ် မနှစ်မြို့သော လမ်းကို လျှောက်လှမ်းခဲ့ကြသောကြောင့် ဖြစ်သည်။ ထို့ပြင် ထိုအသျှင်မြတ်၏ နှစ်မြို့မှု (နှစ်သက်မှုဖြစ်စေသည့် လုပ်ရပ်များ) အား စက်ဆုပ်ခဲ့ကြသောကြောင့် (လည်း) ဖြစ်ပေသည်။ ထို့ကြောင့် အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့၏ ပြုမူဆောင်ရွက်ချက်များအားလုံးကို (ကောင်းမှုအားလုံးကို အစကနီးမှပင်) အချည်းနှီး ဖြစ်စေတော်မူခဲ့သည်။

(သို့ဖြစ်ပေရာ ဤအပြစ်နှင့် ထိုက်သက်သူများ ဖြစ်သွားကြပေသည်။ တစ်စုံတစ်ဦးတွင် လက်ခံခြင်း ခံရသော 'အမလ်'ကျင့်ဆောင်မှုတစ်ခုခု ရှိခဲ့ပါလျှင် ထို 'အမလ်'ကျင့်ဆောင်မှု၏ 'ဗရ်ကာသ်'ဖြင့် အပြစ်ဒဏ်တွင် အနည်းငယ်လျော့ပေါ့မှု ဖြစ်နိုင်ပေသည်။ ရှေ့၌

وَاللّٰهُ يَعْلَمُ اِسْرَارَهُمْ

(စင်စစ် အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့၏ လျှို့ဝှက်စွာ ပြောဆိုမှုကို ကောင်းစွာ သိရှိတော်မူ၏)
[၄၇ : ၂၆]

၏အကြောင်းအရာကို ရှင်းလင်းသည့်အနေဖြင့် တင်ပြသည်မှာ) စိတ်နှလုံးများ၌ ရောဂါ ('နေဖားက်' အယောင်ဆောင်မှု) ရှိသူတို့က (၎င်းတို့က ဖုံးအုပ်ရန် ကြိုးစားခဲ့ကြသည်။) အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့၏ စိတ်နှလုံးများ၌ရှိသော ရန်လိုမုန်းတီးခြင်းကို ထုတ်ဖော်တော်မူမည်မဟုတ်ဟု ထင်မြင်နေလေသလော။ (ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်သည် အကွယ်မှ အရာခပ်သိမ်းတို့ကို သိတော်မူသော အသျှင်ဖြစ်တော်မူသည့်အခါ ၎င်းတို့သည် အဘယ်ကြောင့် စိတ်လက်အေးဆေးစွာ နေနေကြပါသနည်း။)

ထို့နောက် ငါအသျှင်မြတ်သည် (မူ) အကယ်၍ အလိုတော်ရှိပါလျှင် အသင့်အား ၎င်းတို့၏ အခြေအနေ အပြည့်အစုံကို ပြသတော်မူမည်။ သို့ဖြစ်ပေရာ အသင်သည် ၎င်းတို့အား ၎င်းတို့၏ ရုပ်ရည်လက္ခဏာဖြင့် မုချ သိရှိရပေမည်။ (အခြေအနေ အပြည့်အစုံဆိုသည်မှာ တစ်ဦးတိုင်း၏ ရုပ်ရည်လက္ခဏာအား ပြသခြင်းကို ဆိုလိုသည်။) ထို့ပြင် အသင်သည် ၎င်းတို့ကို စကားပြောဆိုပုံဖြင့် ယခုလည်း မုချ သိရှိရပေမည်။ (အဘယ်ကြောင့်ဆိုသော် ၎င်း၏ စကားများသည် အမှန်တရားအပေါ် မူတည်ခြင်း မရှိသောကြောင့် ဖြစ်သည်။ ၎င်းနောက် တမန်တော်မြတ် ﷺ အား နှလုံးသားအတွင်း 'နူရ်'ရောင်ခြည်တော်တစ်ခု ချီးမြှင့်၍ အမှန်စကား၏ စူးရှသက်ဝင်မှုသည် နှလုံးသားအပေါ် တစ်မျိုးဖြစ်ပြီး အမှားစကား၏ စူးရှသက်ဝင်မှုမှာ တစ်မျိုးဖြစ်ကြောင်း အမှန်နှင့် အမှားကို အလ္လာဟ်အသျှင်မြတ်က သိရှိတော်မူစေခြင်း ဖြစ်သည်။ ဟဒီးစ်တော်တစ်ရပ်၌ လာရှိသည်မှာ 'အမှန်စကားသည် စိတ်အေးချမ်းမှုကို ဖြစ်စေသည်။ မုသားလိမ်လည်မှုသည် နှလုံးသားတွင် ဒွိဟ သံသယ ပေါ်ပေါက်စေသည်ဟု ဖြစ်သည်။) ထို့နောက် (ရှေ့တွင် မုအ်မင်န်များနှင့် မုနာဖစ်က်များကို စုပေါင်းရည်ညွှန်းလျက် လှုံ့ဆော်ခြင်းနှင့် သတိပေးနှိုးဆော်ခြင်းအနေဖြင့် မိန့်ကြားသည်မှာ) အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အားလုံး၏ ပြုမူဆောင်ရွက်ချက်တို့ကို ကောင်းစွာ သိရှိတော်မူသည်။

(သို့ဖြစ်ပေရာ မွတ်စ္စလင်မ်တို့အား ၎င်းတို့၏ စိတ်ထားမှန်ကန်မှုအပေါ် အကျိုးကုသိုလ်နှင့် မုနဖာစ်က် အယောင်ဆောင်တို့အား ၎င်းတို့၏ 'နိဖားက်'အယောင်ဆောင်မှုနှင့် ဖြားယောင်းမှုတို့အပေါ် အပြစ်ဒဏ်ပေးတော်မူပေမည်။) ထို့ပြင် (ရှေ့၌ 'ဂျီဟားဒ်'စသော ပင်ပန်းဆင်းရဲသည့် အမိန့်တော်များ၏ အမြော်

အမြင်တစ်ရပ်ကို فَهَلْ عَسَيْتُمْ (၄၇း၂၂) ဟူသော အထက်ပါအာယသ်တော်၌ အမြော်အမြင်တော်တစ်ရပ်ကို တင်ပြ မိန့်ကြားတော်မူထားသကဲ့သို့ မိန့်ကြားထားတော်မူသည်။ ဆိုလိုသည်မှာ) ငါအသျှင်မြတ်သည် (ပင်ပန်းဆင်းရဲသည့် အမိန့်တော်များကို ပေးလျက်) ကေန်မုချ အသင်တို့အားလုံးကို စမ်းသပ်တော်မူပေမည်။ သို့မှသာ ငါအသျှင်မြတ်သည် (အပေါ်ယံအားဖြင့်လည်း) အသင်တို့အနက် 'ဂျီဟားဒ်'ပြုသူများကိုလည်းကောင်း၊ 'ဂျီဟားဒ်'ပြုရာ၌ ကြံ့ကြံ့ခံ ရပ်တည်ကြသူများကို သိရှိ (ခွဲခြားနိုင်) ရန် ဖြစ်သည်။ သို့မှသာ အသင်တို့၏ အခြေအနေများကို စမ်းစစ်နိုင်မည်ဖြစ်သည်။

(ဤအပိုဒ်ကို တိုးမြင့် ဖြည့်စွက်ခြင်းမှာ 'ဂျီဟားဒ်'၏ အမိန့်အပြင် အခြားသော အမိန့်တော်များလည်း ပါဝင်လာရန် ဖြစ်သည်။ ထို့ပြင် သက်စွန့်ကြိုးပမ်းမှုနှင့် ကြံ့ကြံ့ခံရပ်တည်ခြင်းတို့၏ အခြေအနေများအပြင် အခြားသော အခြေအနေများလည်း ပါဝင်စေရန်ဖြစ်သည်။)

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

سُوْرَةٌ مُّحْكَمَةٌ

محكمة ၏ အဓိပ္ပာယ်မှာ ခိုင်မာကျစ်လစ်ခြင်းဟူ၍ ဖြစ်သည်။ အဘိဓါန်အဓိပ္ပာယ်အရမူ ကုရ်အာန်၏ စူရာဟ်တိုင်းသည် محكمة ခိုင်မာကျစ်လစ်မှု ရှိကြပေသည်။ သို့ရာတွင် ရှရီအသ် တရားတော်၏ ဝေါဟာရ၌ محكم 'မုဟ်ကမ်'ကို منسوخ (ပယ်ဖျက်ခံရသည့်အမိန့်) နှင့် ဆန့်ကျင်ဘက် အဓိပ္ပာယ်၌ သုံးစွဲသုံးနှုန်းသည်။ ဤနေရာတွင် سورة စူရာဟ်ဟူသော စာလုံးနှင့်အတူ محكمة ဟူသော သတ်မှတ်ချက်ကို တိုးမြင့်ဖြည့်စွက်ခြင်းမှာ 'အမလ်'ပြုကျင့်လိုသည့် ဆန္ဒမှာ စူရာဟ်သည် 'မန်ဆူးခ်' (ပယ်ဖျက်ခံရသည့် အမိန့်) မဖြစ်မှသာလျှင် ပြည့်ဝနိုင်၍ ဖြစ်သည်။

ကသာဒဟ် (ရဟ) က မိန့်ဆိုသည်မှာ 'ဂျီဟားဒ်'၏ အမိန့်တော်များ ပါရှိသမျှ စူရာဟ်အားလုံးသည် محكمة 'မုဟ်ကမဟ်' စူရာဟ်များပင် ဖြစ်သည်။ ဤနေရာတွင် အဓိကရည်ရွယ် တင်ပြလိုသည့်အချက်မှာ 'ဂျီဟားဒ်'၏ အမိန့်နှင့် ယင်းအမိန့်အပေါ် 'အမလ်'ပြုကျင့်ဆောင်ရန် ဖြစ်သည်။ ထို့ကြောင့် سورة 'စူရာဟ်'ဟူသော စာလုံးနှင့်အတူ محكمة ဟူသော စာလုံးကို တိုးမြှင့် ဖြည့်စွက်၍ 'ဂျီဟားဒ်' အကြောင်း တင်ပြခြင်းဘက်သို့ ညွှန်းဆိုခြင်းဖြစ်သည်။ ရှေ့တွင် ဤအကြောင်းကို ရှင်းလင်းစွာ ဖော်ပြပါမည်။ *[ကုရ်သုဗီကျမ်း]*

اَوْلٰى لَهُمْ ၏ အဓိပ္ပာယ်မှာ အဆွမအီ (ရဟ) ၏ အဆိုအရ قَارَبَهُ مَا يُهْلِكُهُ ဟု ဖြစ်သည်။ ဆိုလိုသည်မှာ 'ငင်း၏ ပျက်စီးမှုအကြောင်းခံများသည် နီးကပ်လာလေပြီ'ဟု ဖြစ်သည်။ *[ကုရ်သုဗီး]*

فَهَلْ عَسَيْتُمْ اِنْ تَوَلَّيْتُمْ اَنْ تُفْسِدُوْا فِى الْاَرْضِ وَتُقَطِّعُوْا اَرْحَامَكُمْ

(သို့ဖြစ်ပေရာ အကယ်၍ အသင်တို့သည် (စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ခြင်းမှ) လွှဲဖယ်တိမ်းရှောင်နေခဲ့ကြသည်ရှိသော် ကမ္ဘာမြေဝယ် ဆူပူသောင်းကျန်းနိုင်ကြမည်ဟူ၍လည်းကောင်း၊ မိမိတို့အချင်းချင်း သားချင်းတော်စပ်မှုကို ဖြတ်တောက်နိုင်ကြမည်ဟူ၍လည်းကောင်း မျှော်လင့်ကြလေသလော။) *[၄၇ း ၂၂]*

تولى ဟူသော စာလုံးသည် အဘိဓါန်အရ အဓိပ္ပာယ်နှစ်မျိုးအတွက် ဖြစ်နိုင်သည်။ တစ်မျိုးမှာ မျက်နှာလွှဲဖယ်ခြင်းဖြစ်ပြီး အခြားအဓိပ္ပာယ်တစ်မျိုးမှာ မျိုးနွယ်အုပ်စုတစ်စုအပေါ်၌ အုပ်ချုပ်ခြင်းဟု ဖြစ်သည်။ ဤအာယသ်တော်တွင် အချို့အဖွင့်ပညာရှင်တို့က ပထမအဓိပ္ပာယ်ကို ယူကြသည်။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်၌ ဤအဓိပ္ပာယ်ကိုပင် ရေးသားထားသည်။ အဘူဟိုင်ရ်ယာန် (ရဟ) သည် ဗဟာရ်မုဟီးသွ်ကျမ်းတွင် ဤပထမအဓိပ္ပာယ်ကိုပင် ဦးစားပေးခဲ့သည်။ ဤအဓိပ္ပာယ်အရဖြစ်လျှင် အာယသ်တော်၏ အဓိပ္ပာယ်မှာ 'အကယ်၍ အသင်တို့သည် 'ဂျိဟားဒ်'ပြုခြင်း အမိန့်လည်း ပါဝင်သည့် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များကို ကျောခိုင်းပြုပါလျှင် ထိုသို့ပြုခြင်း၏ ရလဒ်မှာ အသင်တို့သည် အမှောင်ခေတ်၏ ယခင်လမ်းစဉ်များအပေါ် ပြန်လည် ရောက်ရှိသွားကြပေမည်။ ထိုသို့ ဖြစ်သွားခြင်း၏ အကျိုးဆက်၌ ကမ္ဘာမြေပေါ်ဝယ် ဆူပူသောင်းကျန်းမှု ပြဿနာများနှင့် ဆွေမျိုးအဆက်ဖြတ်ခြင်းများ ဖြစ်ပေါ်လာပေမည်။ ဤသည်ကို အမှောင်ခေတ်၏ လုပ်ရပ်တိုင်း၌ မြင်တွေ့ခဲ့ကြပြီး ဖြစ်သည်။ အုပ်စုတစ်စုသည် အခြားအုပ်စုအပေါ် ချီတက်တိုက်ခိုက်ကြသည်၊ သတ်ဖြတ်ကြသည်။ မိမိတို့၏ ရင်သွေးငယ်များကို မိမိတို့လက်ဖြင့်ပင် မြေမြှုပ်ခဲ့ကြသည်။ အစ္စလာမ်သာသနာတော်သည် အမှောင်ခေတ်၏ ဤစရိုက်ဆိုးများကို ပယ်ဖျက်ခဲ့သည်။ ထိုစလေ့စရိုက်ဆိုးများကို ဖျက်သိမ်းရန် 'ဂျိဟားဒ်'၏ အမိန့်ကို ချမှတ်ပြဋ္ဌာန်းခဲ့သည်။ 'ဂျိဟားဒ်'သည် အမှန်စင်စစ် သွေးစီးစေခြင်းဖြစ်သော်လည်း ၎င်း၏အကျိုးမှာ ပုတ်နေသော ခန္ဓာကိုယ်၏ အစိတ်အပိုင်းတစ်ခုကို ခန္ဓာကိုယ်မှ ဖြတ်ထုတ်လိုက်ခြင်း ဖြစ်သည်။ သို့မှသာ ကျန်ရှိခန္ဓာကိုယ် အစိတ်အပိုင်းများမှာ အကောင်းပကတိ ကျန်ရှိပေမည်။ 'ဂျိဟားဒ်'ပြုခြင်းအားဖြင့် တရားမျှတခြင်းနှင့် ဆွေမျိုးသားချင်းများ၏ ဂုဏ်သိက္ခာ တည်ရှိနေပေမည်။

ရူးဟွလ်မအာနီနှင့် ကုရ်သုဗီ စသော ကျမ်းများတွင် ဤနေရာ၌ تولى သည် 'အုပ်ချုပ်ရေး၊ အကြီးအကဲ'ဟူသော အဓိပ္ပာယ်အတွက် ဖြစ်သည်ဟု ကောက်ယူ တင်ပြထားကြသည်။ ဤအဓိပ္ပာယ်အရ ဖြစ်လျှင် အာယသ်တော်၏ အလိုသဘောမှာ အထက်တွင် တင်ပြခဲ့သည့်အတိုင်း 'အသင်တို့၏ အခြေအနေများ'မှ လိုလားတောင့်တနေသော အချက်မှာ 'အကယ်၍ အသင်တို့၏ လိုလားချက် ပြည့်ဝသွားပါလျှင်' ဆိုလိုသည်မှာ ဤအခြေအနေ၌ အသင်တို့အဖို့ တိုင်းပြည်နှင့် အမျိုးသားတို့၏ ခေါင်းဆောင်၊ အကြီးအကဲရာထူးကို ရရှိသွားပါလျှင် အသင်တို့သည် ကမ္ဘာမြေပေါ်တွင် ဆူပူသောင်းကျန်းခြင်းနှင့် ဆွေမျိုးသားချင်းများကို သတ်ဖြတ်ခြင်းမှအပ အခြားမည်သည်ကိုမှ လုပ်ဆောင်နိုင်မည်မဟုတ်ဟု ဖြစ်သည်။

ဆွေမျိုးသားချင်းများနှင့် အဆက်အသွယ်ထားရန် အလေးအနက်မိန့်ကြားချက်

أَرْحَام ဟူသော စာလုံးသည် رَحِم ဟူသော စာလုံး၏ အများကိန်းဖြစ်သည်။ 'မိခင်၏ ဝမ်းကြာသိုက် (သားအိမ်) တွင် လူသား၏ ဖန်ဆင်းမှုဖြစ်သော နေရာဖြစ်သည်။' ဆွေမျိုးသားချင်း အမျိုးအနွယ်တို့၏ မူလသည် ဤနေရာမှ စတင်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် အများပတ်ဝန်းကျင်သုံး အသုံးအနှုန်းတွင် رَحِم သည် ဆွေမျိုးရင်းခြာ သားချင်းများအတွက် သုံးနှုန်း၏။ သဖ်စီးရ်ရှုးပွလ်မအာနီကျမ်းတွင် ဤနေရာ၌ ذوی الارحام နှင့် ارحام ဟူသော စာလုံးတို့သည် 'မည်သည့်ဆွေမျိုးသားချင်းများအပေါ် သုံးနှုန်းပါသနည်း' ဟူသော ဓမ္မသတ်နှင့် ပတ်သက်၍ အကျယ်တဝင့် တင်ပြထားသည်။ အစ္စလာမ်သာသနာတော်သည် ဆွေမျိုးရင်းခြာများနှင့် သားချင်းတို့၏ ဝတ္တရားများကို အပြည့်အဝ ထမ်းဆောင်ရန် အလေးအနက်ထား မိန့်ကြားထားလေသည်။ ဆွဟီးဟ်ဘိုခါရီကျမ်းတွင် ဟဇရသ်အဘူဟူရိုင်ရာဟ် ؓ သခင်နှင့် အခြားဆွဟာဗာ နှစ်ဦးတို့ထံမှ ဤအကြောင်းနှင့် စပ်လျဉ်းသည့် ဟဒီးစ်တော်ကို ဆင့်ပြန်ခဲ့သည်မှာ အလ္လာဟ်အသျှင်မြတ်က မိန့်တော်မူသည်။ မည်သူမဆို သားချင်းများနှင့် ဆက်သွယ်မှုပြုလျှင် အလ္လာဟ်အသျှင်မြတ်သည် ထိုသူ့အား မိမိနှင့် နီးကပ်အောင် ပြုပေးတော်မူပေလိမ့်မည်။ ထို့ပြင် သားချင်းများနှင့် အဆက်အသွယ်ဖြတ်တောက်သူအား အလ္လာဟ်အသျှင်မြတ်သည် အဆက်အသွယ် ဖြတ်တောက်တော်မူပေလိမ့်မည်' ဟု ဖြစ်သည်။ ဤဟဒီးစ်တော်အားဖြင့် 'သားချင်းများ၊ ဆွေမျိုးရင်းခြာများအပေါ် ကိုယ်၊ နှုတ်၊ နှလုံးဖြင့် ပြောဆိုဆက်ဆံရန်နှင့် ဥစ္စာပစ္စည်းများ သုံးစွဲကူညီ ထောက်ပံ့ရာတွင် ကောင်းသော ဆက်ဆံမှုပြုရန် အလေးအနက်ထား မိန့်ကြားထားကြောင်း သိရှိရပေသည်။ ဖော်ပြပါဟဒီးစ်တော်တွင် ဟဇရသ်အဘူဟူရိုင်ရာဟ် ؓ သခင်သည် ဤအာယသ်တော်အား ညွှန်း၍ 'အကယ်၍ ဆန္ဒရှိပါလျှင် ဤအာယသ်တော်အား ဖတ်ကြကုန်' ဟု မိန့်ဆိုခဲ့သည်။

ဟဒီးစ်တော်တစ်ပါးတွင် မိန့်ကြားသည်မှာ 'လောကတွင်လည်းကောင်း၊ လောကုတ္တရာတွင်လည်းကောင်း အလ္လာဟ်အသျှင်မြတ်က အပြစ်ပေးတော်မူမည့် ပြစ်မှုများတွင် မတရား နိုင်ထက်စီးနင်း ပြုမှုနှင့် ဆွေမျိုးအဆက်ဖြတ်ခြင်းတို့နှင့် တူညီသော ပြစ်မှုမရှိပေ' ဟူ၍ ဖြစ်သည်။ *[အိဗ်နေမာဂျ်ရ်]*

ဟဇရသ်စောင်ဗ်ဗာန် ؓ သခင်၏ ဟဒီးစ်တော်တွင် တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ 'အကြင်မည်သူမဆို မိမိ၏ အသက်ရှည်ခြင်းနှင့် ရိဇ်ဇိရိက္ခာတွင် 'ဗရ်ကသ်' ဖြစ်ရပ် လိုလားပါလျှင် ၎င်းသူသည် ဆွေမျိုးသားချင်းများနှင့် (ကောင်းမွန်စွာ ဆက်ဆံသော) အဆက်အသွယ်ပြုလုပ်ခြင်းကို ပြုပါလေ' ဟူ၍ ဖြစ်သည်။

ဆွဟီးဟ်ဟဒီးစ်တော်များ၌ လာရှိသည်မှာ 'သားချင်းများ၏ အခွင့်အရေးနှင့် စပ်လျဉ်းသော ကိစ္စများတွင် အခြားတစ်ဘက်မှ ၎င်းနှင့် တန်းတူ တူညီသော ဆက်ဆံရေးထားရှိခြင်း ('သူဆက်ဆံမှ ငါဆက်ဆံမည်' ဟူသော အလိုသဘောဖြစ်သည်) ကို ဂရုမပြုရပေ။ အကယ်၍ တစ်ဖက်မှ ညီနောင်သည်

အဆက်ဖြတ်ခြင်းကိုပင် ပြုသူဖြစ်လျှင်လည်း အသင်သည် ၄င်းအပေါ် ကောင်းမွန်သော ဆက်ဆံမှုကို ပြုရမည်'ဟု ဖြစ်သည်။ ဆွဟီးဟ်ဘိုခါရီကျမ်း၌

ليس الواصل بالمكافى ولكن الو اصل الذى اذاقطعت رحمه وصلها

ဟု လာရှိထားသည်။ ဆိုလိုသည်မှာ 'တူညီသော အစားအဖြစ် တုန့်ပြန်မှုသာ ပြုသူသည် ဆွေမျိုးအဆက်အသွယ်ပြုသူမဟုတ်ဘဲ အခြားတစ်ဖက်လူက အဆက်ဖြတ်သည်ကို အဆက်အသွယ်ပြုခြင်းသည်သာ ဆွေမျိုးအဆက်အသွယ်ပြုသူ ဖြစ်သည်။' *[အိဗ်နုကစီးရ်]*

اُولَٓئِكَ الَّذِيْنَ لَعَنَهُمُ اللهُ

(ထိုသူတို့သည် အကြင်သူများပင် (ဖြစ်၏။) အလ္လာဟ်အသျှင်မြတ်သည် ၄င်းတို့အား ကရုဏာတော်မှ ကင်းဝေးစေတော်မူခဲ့၏။) *[၄၇ : ၂၃]*

ဆိုလိုသည်မှာ ကမ္ဘာမြေပေါ်တွင် ဆူပူသောင်းကျန်းလျက် ဆွေမျိုးသားချင်းများနှင့် အဆက်ဖြတ်သူများအပေါ် အလ္လာဟ်အသျှင်မြတ်သည် 'လအ်နသ်'ပြုတော်မူသည်။ ဆိုလိုရင်းမှာ '၄င်းတို့အား မိမိ၏ 'ရဟ်မသ်'ကရုဏာတော်မှ ဝေးကွာစေတော်မူလိုက်သည်' ဟူ၍ ဖြစ်သည်။ ဟဇရသ်ဖာရူးကေအအ်ဇွမ် ﷺ သည် ဤအာယသ်တော်အားဖြင့် ام الولد 'အွန်းမွလ်ဝလဒ်' အား အရောင်းအဝယ်ပြုခြင်းကို 'ဟရာမ်' ဟု သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ဆိုလိုသည်မှာ 'မိမိပိုင် မိမိနှင့် ကိုယ်ဝန်ရကာ ကလေးမွေးဖွားပြီးသည့် ကျွန်မအား ရောင်းချလိုက်ခြင်းသည် ထိုကလေးနှင့် အဆက်အသွယ်ပျက်စေခြင်း၏ အကြောင်းခံဖြစ်သည်။ ဤသည်မှာ 'လအ်နသ်'ကျရောက်ရန် အကြောင်းတရားဖြစ်သည်။ ထို့ကြောင့် 'အွန်းမွလ်ဝလဒ်'အား ရောင်းချခြင်းကို 'ဟရာမ်'ဟု သတ်မှတ်ခြင်းဖြစ်ပေသည်။

သီးသန့် လူတစ်ဦးအပေါ်၌ 'လအ်နသ်' ကျိန်ဆဲခြင်း၏ အမိန့်နှင့် ယဇီးဒ်အပေါ် 'လအ်နသ်' ပြု ကျိန်ဆဲခြင်းအကြောင်း

ဟဇရသ်အေမာမ်အဟ်မဒ် (ရဟ) ၏ သားဖြစ်သူ အဗ်ဒွလ္လာဟ် (ရဟ) သည် မိမိ၏ ဖခင် အေမာမ်အဟ်မဒ် (ရဟ) အား ယဇီးဒ်အပေါ် 'လအ်နသ်' ပြု ကျိန်ဆဲခြင်းနှင့် စပ်လျဉ်း၍ မေးမြန်းသည့်အခါ အေမာမ်အဟ်မဒ် (ရဟ) က 'အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ကျမ်းတော်မြတ်အတွင်း၌ 'လအ်နသ်'ပြုတော်မူထားသူတို့အား အဘယ်ကြောင့် 'လအ်နသ်'မပြုရမည်နည်း' ဟု အဖြေပေးခဲ့သည်။ ထိုအခါ သားဖြစ်သူ အဗ်ဒွလ္လာဟ် (ရဟ) က 'ကျွန်ုပ်သည် ကုရ်အာန်တစ်အုပ်လုံးကို ဖတ်ခဲ့ပြီးဖြစ်ပါသည်။ ကုရ်အာန်တွင် မည်သည့်နေရာတွင်မျှ ယဇီးဒ်အပေါ် 'လအ်နသ်'ပြုထားခြင်းမရှိပေ'ဟု ပြောဆို လျှောက်ထားရာ အေမာမ်အဟ်မဒ် (ရဟ) က ဤအာယသ်တော်ကို ဖတ်ကြားပြခဲ့သည်။ ထို့နောက် တမန်တော်မြတ် ﷺ ၏ ဆွေမျိုးဆက်ကိုပင် မထောက်ထားသူ ယဇီးဒ်ထက် မည်သူသည် ဆွေမျိုးအဆက်ဖြတ်ခြင်း လုပ်ရပ်ကို

ပို၍ ပြုလုပ်သူ ဖြစ်ပါမည်နည်း’ ဟု မိန့်ဆိုခဲ့သည်။ သို့ရာတွင် အွမ္မသ်၏ အများစုပညာရှင်တို့ထံတွင် သတ်သတ်မှတ်မှတ် သီးသန့်လူတစ်ဦးအပေါ်၌ ၎င်း၏ ‘ကုဖွ်ရ်’ဘဝနှင့် သေခြင်းကို အတိအကျ အထောက်အထား မရှိသရွေ့ ထိုသူ့အား ‘လအ်နသ်’ကျိန်ဆဲခြင်း မပိုင်ပေ။ သို့သော် မကောင်းသော ကိစ္စများကို ကျူးလွန်သူတို့အား ခြုံငုံ၍ ‘လအ်နသ်’ပို့ခြင်း၊ ဥပမာ-

لعنة الله على الكاذبين

(ဆူပူသောင်းကျန်း ပြဿနာရှာသူများအပေါ် အလ္လာဟ်အသျှင်မြတ်၏ ‘လအ်နသ်’ကျရောက်ပါစေ)

لعنة الله على المفسدين

(လိမ်လည် မုသားပြောဆိုသူများအပေါ် အလ္လာဟ်အသျှင်မြတ်၏ ‘လအ်နသ်’ကျရောက်ပါစေ) နှင့်

لعنة الله على قاطع الرحم

(ဆွေမျိုးသညာ ဖျက်သူများအပေါ် အလ္လာဟ်အသျှင်မြတ်၏ ‘လအ်နသ်’ ကျရောက်ပါစေ။)

စသည်တို့ဖြင့် ‘လအ်နသ်’ပြု ကျိန်ဆဲခြင်းကား ပိုင်ပေသည်။ ရူးဟွလ်မအာနီကျမ်းတွင် ဤမွေသတ်အကြောင်း အကျယ်တဝင့် တင်ပြထားသည်။ *[ရူးဟွလ်မအာနီကျမ်း၊ တွဲ-၂၆၊ စာ-၇၂။]*

اَمْ عَلٰى قُلُوْبٍ اَقْفَالُهَا

(သို့တည်းမဟုတ် ၎င်းတို့၏ စိတ်နှလုံးများအပေါ်၌ သော့ခလောက်များ ခတ်ထားလျက် ရှိနေသလော။) *[၄၇ : ၂၄]*

စိတ်နှလုံးသားအပေါ်၌ သော့ခလောက် ခတ်လိုက်ခြင်း၏ အဓိပ္ပာယ်မှာ အခြားသော အာယသ်တော်များ၌ ختم (သို့) طبع (ဝါ) ‘တံဆိပ်ခတ်နှိပ်ခြင်း’ဟု နိုင်းနှိုင်းသည့် အဓိပ္ပာယ်အတိုင်းပင် ဖြစ်သည်။ ဆိုလိုသည်မှာ နှလုံးသားမာကျောခြင်းနှင့် အာရုံမဲ့ခြင်းတို့ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုသို့ ဖြစ်သွား သူသည် အကောင်းကို အဆိုးဟုလည်းကောင်း၊ အဆိုးကို အကောင်းဟုလည်းကောင်း မှတ်ယူလေ့ရှိသည်။ ဂရုမမူဘဲ အပြစ်ဒုစရိုက်များကို ဆက်တိုက် ကျူးလွန်လျက် ရှိနေခြင်းမှာ ဤသို့ ဖြစ်ရခြင်း၏ အကြောင်းခံဖြစ်သည်။

اَلشَّيْطٰنُ سَوَّلَ لَهُمْ ؕ وَاَمْلٰى لَهُمْ

(ရှိုက်သွာန်သည် ထိုသူတို့အား ဖြားယောင်းခဲ့သည့်အပြင် ယင်းရှိုက်သွာန်သည် ၎င်းတို့အား မမှန်ကန်သော မက်လုံးများကို ပေးခဲ့လေ၏။) *[၄၇ : ၂၅]*

ဤနေရာ၌ ရှိုက်သွာန်ဘက်သို့ လုပ်ရပ်နှစ်ခုကို ဆက်နွယ်တင်ပြထားသည်။ တစ်ခုမှာ မကောင်းသောအရာ (သို့) မကောင်းသော လုပ်ရပ်ကို လူတစ်ဦး၏ အမြင်တွင် ကောင်းမွန်စေခြင်းနှင့် လှပတင့်တယ်

စေခြင်းဖြစ်သည်။ ဒုတိယတစ်မျိုးမှာ إملاء ဖြစ်သည်။ ၎င်း၏ အဓိပ္ပာယ်မှာ 'အချိန်ဆွဲထားခြင်း၊ ကြန့်ကြာစေခြင်း' ဟူ၍ ဖြစ်သည်။ အလိုသဘောမှာ 'ရှိုက်သွာန်သည် ဦးစွာပထမ ၎င်း၏ မကောင်းသော လုပ်ရပ်များကို ၎င်းတို့၏ အမြင်များတွင် ကောင်းမွန်၍ လှပတင့်တယ်အောင် ပြုပြီး ပြသ၏။ ထို့နောက်တစ်ဖန် ၎င်းတို့အား လိုအင်ဆန္ဒအတိုင်း အပြည့်အဝ ဖြစ်ပေါ်လာနိုင်ရန် မရှိသော ရှည်လျားသည့် မျှော်လင့်ချက်များ၌ ရောက်ရှိစေ၏' ဟူ၍ ဖြစ်သည်။

اَمْ حَسِبَ الَّذِيْنَ فِىْ قُلُوْبِهِمْ مَّرَضٌ اَنْ لَّنْ يُّخْرِجَ اللّٰهُ اَضْغَانَهُمْ

(စိတ်နှလုံးများတွင် (အယောင်ဆောင်သူ) ရောဂါဝေဒနာရှိသူ (မုနာဖစ်က်) တို့သည် ၎င်းတို့၏ ရန်ငြိုးထားမှုများကို ငါအသျှင်မြတ်သည် အလျှင်း ထုတ်ဖော်တော်မူမည် မဟုတ်ဟု ထင်မှတ်နေကြလေသလော။) [၄၇ း ၂၉]

اَضْغَانٌ သည် ضِغْنٌ ၏ အများကိန်းဖြစ်သည်။ အဓိပ္ပာယ်မှာ 'လျှို့ဝှက်စွာ ရန်လိုခြင်း၊ မနာလိုခြင်း၊ အကောက်ထားခြင်း' ဟု ဖြစ်သည်။ မုနာဖစ်က်တို့သည် အစ္စလာမ်သာသနာဝင်ဟု ကြွေးကြော်လျက် အပေါ်ယံတွင် တမန်တော်မြတ် ﷺ အား ချစ်မြတ်နိုးကြောင်း ထုတ်ဖော်ပြီး အတွင်းပိုင်း၌ ရန်လိုမှု၊ ရန်ငြိုးထားမှုနှင့် စိတ်အကောက်ထားသူများ ဖြစ်ကြသည်။ ဤမုနာဖစ်က်များနှင့် စပ်လျဉ်း၍ ကျရောက်လာသည်မှာ 'ဤသူတို့သည် စကြဝဠာအပေါင်းကို ဖန်ဆင်းမွေးမြူတော်မူသော အလ္လာဟ်အသျှင်မြတ်အား အကွယ်မှ အရာခပ်သိမ်းကို အကြွင်းမဲ့ သိတော်မူကြောင်း သိပါလျက် အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့၏ စိတ်တွင်းမှ လျှို့ဝှက်သော ရန်လိုမှုနှင့် အကြံအစည်များကို လူတို့အပေါ် ထုတ်ဖော်မည့်အကြောင်းကို အဘယ်ကြောင့် သောကကင်းစွာ နေကြသနည်း' ဟု ဖြစ်သည်။

အိဗ်နေကဆီးရ် (ရဟ) မိန့်သည်မှာ အလ္လာဟ်အသျှင်မြတ်သည် 'စူရာဟ်ဗရာအသ်'တွင် ၎င်းတို့၏ 'နေဖားက်'လုပ်ရပ်များနှင့် လှုပ်ရှားမှုများကို ထုတ်ဖော်တော်မူခဲ့၍ ၎င်းတို့ မုနာဖစ်က်ဖြစ်ကြောင်း သိရှိပေါ်လွင်စေခဲ့သည်။ ထို့ကြောင့် 'စူရာဟ်ဗရာအသ်'ကို سورة فاضحة 'စူရာဟ်ဖာဒ္ဒိဟဟ်' (သေးသိမ်စေသော စူရာဟ်) ဟုလည်း ခေါ်ဆိုပေသည်။ အဘယ်ကြောင့်ဆိုသော် ဤစူရာဟ်သည် မုနာဖစ်က်များ၏ အထူးလက္ခဏာများကို ထုတ်ဖော်ပေးသောကြောင့် ဖြစ်သည်။

وَلَوْ نَشَآءُ لَاَرَيْنٰكَهُمْ فَلَعَرَفْتَهُمْ بِسِيْمٰهُمْ

(စင်စစ် အကယ်၍သာ ငါအသျှင်မြတ်သည် အလိုရှိတော်မူပါလျှင် ငါအသျှင်မြတ်သည် အသင့်အား ၎င်း (မုနာဖစ်က်) တို့ကို (သိရှိစေရန်အလို့ငှာ) အမှန်ပင် ပြသတော်မူပေမည်။ ထိုအခါ အသင်သည် မုချဧကန် ၎င်းတို့အား ၎င်းတို့၏ အင်္ဂါရုပ်ရည်လက္ခဏာ အမှုအယာဖြင့် မုချ အတိအကျ သိရှိပေမည်။) [၄၇ း ၃၀]

ဆိုလိုသည်မှာ အကယ်၍ ငါအသျှင်မြတ် အလိုရှိတော်မူပါလျှင် အသင့်အား အတိအကျ သတ်မှတ်၍ မုနာဖစ်က်များကို ပြသတော်မူမည် ဖြစ်သည်။ ထို့ပြင် မုနာဖစ်က်တစ်ဦးချင်းစီကို သိရှိနိုင်ရန် ၎င်းတို့၏ ရုပ်ဆင်းသဏ္ဍာန်ကိုလည်း ပြသတော်မူမည် ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်သည် ဤအကြောင်းကို لَوْ ဟူသော အက္ခရာဖြင့် တင်ပြထားသည်။ ဤအက္ခရာသည် မဖြစ်ပေါ်ခဲ့သည်ကို တင်ပြရန် သုံးနှုန်းသည်။ ထို့ကြောင့် အာယသ်တော်၏ အဓိပ္ပာယ်မှာ 'အကယ်၍ ငါအသျှင်မြတ် လိုလားတော်မူပါလျှင် အသင့်အား မုနာဖစ်က်တစ်ဦးချင်းစီကို သတ်မှတ်၍ ပြပေးတော်မူပေမည်။ သို့ရာတွင် ငါအသျှင်မြတ်သည် အမြော် အမြင်နှင့် ကောင်းကျိုးများကို ရှေးရှုလျက် မိမိ၏ မြဲသိပ်သည်းခံ ခွင့်လွှတ်ခြင်း ဂုဏ်တော်ကြောင့် ၎င်းတို့အား ဤနည်းဖြင့် သေးသိမ်စေခြင်းကို လိုလားတော်မမူပေ။ ကိစ္စတိုင်း၌ ပေါ်လွင်ထင်ရှားသော လုပ်ရပ်အချက်အလက်များအပေါ်၌သာ သတ်မှတ်ရန်ဟူသော ဥပဒေရပ်ထားရှိရန်အတွက် ဖြစ်သည်။ ၎င်းတို့ ၏ အတွင်းပိုင်းအခြေအနေနှင့် စိတ်တွင်းမှ လျှို့ဝှက်ချက်များကိုမူ عليم و خبير အရာရာကို အကြွင်းမဲ့ သိတော်မူသော အလ္လာဟ်အသျှင်မြတ်အပေါ်၌သာ အပ်နှင်းလွှဲပေးရန် ဖြစ်ပေသည်။ သို့ရာတွင် ကိုယ်တော် မြတ် ﷺ အား မုနာဖစ်က်များကို ၎င်းတို့၏ စကားပြောဆိုမှုများဖြင့်ပင် ခွဲခြားသိရှိနိုင်သော အရည်အချင်း ကိုမူ ပေးသနားတော်မူခဲ့သည်။

وَلَتَعۡرِفَنَّهُمۡ فِي لَحۡنِ الۡقَوۡلِ

(ထို့ပြင် အသင်သည် ၎င်းတို့အား ၎င်းတို့၏ စကားပြောဆိုပုံ စကားအသွားအလာဖြင့် ယခုလည်း အမှန်ပင် သိရှိပေလိမ့်မည်။) *[၄၇ း ၃၀]*

ဟူသော အပိုဒ်သည် ဤသည့် အလိုသဘောပင် ဖြစ်သည်။ *[အိဗ်နုကဆီးရ်]*

ဟဇရသ်အွတ်စ်မားန်ဗင်န်အဖွားန် ؓ သခင်က မိန့်ဆိုသည်မှာ အကြင်မည်သူမဆို တစ်စုံတစ်ခုသော အရာကို မိမိ၏စိတ်တွင် ဖုံးကွယ်ခဲ့ပါလျှင် အလ္လာဟ်အသျှင်မြတ်သည် ထိုဖုံးကွယ်ထားသည့် အရာကို ၎င်း၏ မျက်နှာအားဖြင့်လည်းကောင်း၊ ၎င်း၏ ပြောဆိုလိုက်သည့် စကားများအားဖြင့်လည်းကောင်း ထုတ်ဖော် တော်မူပေသည်။ ဆိုလိုသည်မှာ စကားပြောဆိုနေစဉ်မှာပင် ၎င်း၏ စိတ်အတွင်းမှ လျှို့ဝှက်သော အကြံ အစည်ကို ပေါ်လွင်စေသည့် စကားများ ထွက်သွားစေခြင်းဖြစ်သည်။

အလားတူ ဟဒီးစ်တော်တစ်တစ်ရပ်၌ လာရှိသည်မှာ မည်သူမဆို မိမိ၏ စိတ်၌ တစ်စုံတစ်ခုကို ဖုံးကွယ်ခဲ့ပါလျှင် အလ္လာဟ်အသျှင်မြတ်သည် ထိုသူ့အပေါ်၌ ထိုဖုံးကွယ်သော အရာ၏ ခြုံထည်ကို ဖယ်ခွာ စေတော်မူလိုက်သည်။ အကယ်၍ ထိုအရာသည် ကောင်းမြတ်ခြင်း တစ်စုံတစ်ရာဖြစ်မူ ထိုကောင်းမြတ် ခြင်းသည် ပေါ်လွင်လျက်ပင် ရှိနေပေမည်။ မကောင်းသော အရာဖြစ်ပါမူ မကောင်းခြင်းသည် ပေါ်လွင် လျက်ပင် ရှိနေပေမည်။

အချို့ဆင့်ပြန်ချက်များ၌ လာရှိသည်မှာ 'မုနာဖစ်က်တို့၏ အုပ်စုတစ်စုနှင့် စပ်လျဉ်း၍ ကိုယ်တော် မြတ် ﷺ အား တစ်ဦးချင်းစီ၏ အကြောင်းကို အသိပေးတော်မူထားသည်' ဟု ဖြစ်သည်။ မုစ်နဒ်အဟ်မဒ်

ကျမ်းတွင် အုက်ဗဟ်ဗင်နအမရ် ﷺ သခင်၏ ဟဒီးစ်တော်၌ 'ကိုယ်တော်မြတ် ﷺ သည် 'ခွဲသ်ဗာဟ်' တစ်ခုကို မိန့်ကြားနေတော်မူစဉ် မုနာဖစ်ကဲတစ်ဦးချင်းစီ၏ အမည်ကို ခေါ်၍ ၄င်းတို့အား ထိုင်ဝိုင်းမှ ထွက်သွားစေတော်မူခဲ့သည်။ ထိုမုနာဖစ်ကဲအုပ်စုတွင် (၃၆) ဦး၏ အမည်ကို ရေတွက် မိန့်ကြားတော်မူခဲ့သည်' ဟု လာရှိပေသည်။ *[အိဗ်နုကစီးရ်]*

حَتّٰى نَعۡلَمَ الۡمُجٰهِدِيۡنَ مِنۡكُمۡ

(အသင်တို့အနက်မှ (မည်သည့် 'ဂျီဟားဒ်' ပြု၍) သက်စွန့်ကြိုးပမ်း ဆောင်ရွက်သူတို့ကို သိရှိတော်မူသည့်တိုင်အောင် (အသင်တို့အား စမ်းသပ်တော်မူမည် ဖြစ်ချေသတည်း။) *[၄၇ : ၃၁]*

အလ္လာဟ်အသျှင်မြတ်သည် ازل 'အဇလ်' အစကနဦး ကာလမှပင် လူသားတိုင်း၏ လုပ်ရပ်နှင့် ကျင့်စဉ်များ၏ အကြောင်းကို လွှမ်းခြုံသိရှိပြီး ဖြစ်သည်။ ဤနေရာတွင် အသိဟူသည်မှာ 'ပေါ်လွင်စေခြင်း၊ ဖြစ်ပေါ်စေခြင်း' ကို ဆိုလိုသည်။ ဆိုလိုသည်မှာ 'အလ္လာဟ်အသျှင်မြတ်၏ အသိတော်၌ ကနဦးမှပင် ရှိခဲ့ပြီးဖြစ်သော အရာကို ပေါ်လွင်ဖြစ်ပေါ်စေလျက် ထိုဖြစ်ရပ်၏ အသိကို မျက်မြင်ကိုယ်တွေ့ ဖြစ်ပေါ်စေမည်' ကို ဆိုလိုသည်။ *[အိဗ်နုကစီးရ်]*

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

اِنَّ الَّذِيۡنَ كَفَرُوۡا وَصَدُّوۡا عَنۡ سَبِيۡلِ اللّٰهِ وَشَآقُّوا الرَّسُوۡلَ مِنۡۢ بَعۡدِ مَا
تَبَيَّنَ لَهُمُ الۡهُدٰى ۙ لَنۡ يَّضُرُّوا اللّٰهَ شَيۡـًٔا ؕ وَسَيُحۡبِطُ اَعۡمَالَهُمۡ ﴿۳۲﴾

၄၇ : ၃၂ ။ ။ ကေန်အမှန် အကြင်သူတို့သည် (တရားလမ်းမှန် ထင်ရှားခဲ့ပြီးနောက်) သွေဖည်ငြင်းပယ်ခဲ့ကြကုန်၏။ ထို့ပြင် ၄င်းတို့သည် အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်မှ (လည်း) တားဆီးခဲ့ကြကုန်၏။ ထို့ပြင် ၄င်းတို့သည် ရစူလ်တမန်တော်မြတ်အား ဆန့်ကျင်ဘက် ပြုလုပ်ခဲ့ကြကုန်၏။ ၄င်းတို့သည် အလ္လာဟ်အသျှင်မြတ်အား အနည်းငယ် စိုးစဉ်းမျှပင် အကျိုးယုတ်စေနိုင်ကြသည်မဟုတ်ပေ။ သို့ရာတွင် ထိုအသျှင်မြတ်သည် အမှန်ပင် ၄င်းတို့၏ ကြိုးပမ်း ပြုလုပ်ဆောင်ရွက်ချက်တို့ကို အချည်းအနှီး ဖြစ်စေတော်မူပေမည်။

يٰۤاَيُّهَا الَّذِيۡنَ اٰمَنُوۡۤا اَطِيۡعُوا اللّٰهَ وَاَطِيۡعُوا الرَّسُوۡلَ وَلَا تُبۡطِلُوۡۤا اَعۡمَالَكُمۡ ﴿۳۳﴾

၄၇ : ၃၃ ။ ။ အို၊ မုအ်မင်နသက်ဝင် ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော် လိုက်နာကြလေကုန်။ ထို့ပြင် အသင်တို့သည် ရစူလ်တမန်တော်မြတ်၏ အမိန့်တော်ကို (လည်း) လိုက်နာကြလေကုန်။ ထို့ပြင် အသင်တို့သည် မိမိတို့၏ ပြုမူဆောင်ရွက်ချက်များကို အချည်းနှီး မဖြစ်စေကြကုန်လင့်။

إِنَّ الَّذِينَ كَفَرُوا وَصَدُّوا عَن سَبِيلِ اللَّهِ ثُمَّ مَاتُوا وَهُمْ كُفَّارٌ فَلَن يَغْفِرَ اللَّهُ لَهُمْ ﴿٣٤﴾

၄၇ : ၃၄ ။ ။ ကေန်စင်စစ် အကြင်သူတို့သည် သွေဖည်ငြင်းပယ်ခဲ့ကြကုန်၏။ ထို့ပြင် ၄င်းတို့သည် (သူတစ်ပါးတို့ကို လည်း) အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်မှ တားဆီးပိတ်ပင်ခဲ့ကြကုန်၏။ ထို့နောက် ၄င်းတို့သည် ကာဖိရ်သွေဖည်ငြင်းပယ် သူတို့ အဖြစ်နှင့်ပင် သေဆုံးသွားခဲ့ကြကုန်၏။ သို့ဖြစ်လျှင် အလ္လာဟ်အသျှင်မြတ်သည် ၄င်းတို့အား အလျှင်း ခွင့်လွှတ်ချမ်းသာ ပေးတော်မူမည် မဟုတ်ပေ။

فَلَا تَهِنُوا وَتَدْعُوا إِلَى السَّلْمِ وَأَنتُمُ الْأَعْلَوْنَ وَاللَّهُ مَعَكُمْ وَلَن يَتِرَكُمْ أَعْمَالَكُمْ ﴿٣٥﴾

၄၇ : ၃၅ ။ ။ သို့ဖြစ်ပေရာ (အို၊ မုအ်မင်န်သက်ဝင် ယုံကြည်သူအပေါင်းတို့) အသင်တို့သည် အားမလျှော့ကြကုန် လင့်။ ထို့ပြင် အသင်တို့သည် (၄င်းတို့အား) စစ်ပြေငြိမ်းရေးသို့ ဖိတ်ခေါ်ခြင်းလည်း မပြုကြကုန်လင့်။ အမှန်စင်စစ် အသင်တို့ သည်သာလျှင် အောင်မြင်သူများ ဖြစ်ကြကုန်၏။ ၄င်းပြင် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့နှင့်အတူ ရှိတော်မူ၏။ ၄င်းပြင် ထိုအသျှင်မြတ်သည် အသင်တို့၏ ပြုမူဆောင်ရွက်ချက်များ (၏ ကုသိုလ်အကျိုး) ကို အလျှင်း လျှော့နည်းစေတော်မူမည် မဟုတ်ပေ။

إِنَّمَا الْحَيَاةُ الدُّنْيَا لَعِبٌ وَلَهْوٌ وَإِن تُؤْمِنُوا وَتَتَّقُوا يُؤْتِكُمْ أُجُورَكُمْ وَلَا يَسْأَلْكُمْ أَمْوَالَكُمْ ﴿٣٦﴾

၄၇ : ၃၆ ။ ။ (ဤ) ပစ္စုပ္ပန် မျက်မှောက်လောကီဘဝသည် ကစားဖွယ်၊ ပျော်ရွှင်ဖွယ်မျှသာ ဖြစ်၏။ သို့ရာတွင် အကယ်၍ အသင်တို့သည် သက်ဝင်ယုံကြည်ကြသည်ရှိသော် ၄င်းပြင် (ပြစ်မှုဒုစရိုက်တို့မှ) ရှောင်ကြဉ်ကြသည်ရှိသော် ထိုအသျှင် မြတ်သည် အသင်တို့၏ ကုသိုလ်အကျိုးများကို ချီးမြှင့်ပေးသနားတော်မူပေမည်။ ၄င်းပြင် ထိုအသျှင်မြတ်သည် အသင်တို့ထံမှ အသင်တို့၏ ပစ္စည်းဥစ္စာများကို တောင်းဆိုမည်လည်း မဟုတ်ပေ။

إِن يَسْأَلْكُمُوهَا فَيُحْفِكُمْ تَبْخَلُوا وَيُخْرِجْ أَضْغَانَكُمْ ﴿٣٧﴾

၄၇ : ၃၇ ။ ။ အကယ်၍ ထိုအသျှင်မြတ်သည် အသင်တို့ထံမှ ယင်းဥစ္စာပစ္စည်းများကို တောင်းဆိုတော်မူသည် ရှိသော်၊ တစ်ဖန် ထိုအသျှင်မြတ်သည် အသင်တို့ထံ (ပစ္စည်းအားလုံးကို) အပူတပြင်း တောင်းဆိုတော်မူသည် ရှိသော် အသင်တို့သည် စေးနဲတွန့်တိုကြပေမည်။ ၄င်းပြင် ထိုအသျှင်မြတ်သည်လည်း အသင်တို့၏ စက်ဆုပ်မှုများကို ထုတ်ဖော်တော်မူပေမည်။

هَا أَنتُمْ هَٰؤُلَاءِ تُدْعَوْنَ لِتُنفِقُوا فِي سَبِيلِ اللَّهِ فَمِنكُم مَّن يَبْخَلُ
وَمَن يَبْخَلْ فَإِنَّمَا يَبْخَلُ عَن نَّفْسِهِ وَاللَّهُ الْغَنِيُّ وَأَنتُمُ الْفُقَرَاءُ
وَإِن تَتَوَلَّوْا يَسْتَبْدِلْ قَوْمًا غَيْرَكُمْ ثُمَّ لَا يَكُونُوا أَمْثَالَكُمْ ﴿٣٨﴾

၄၇ : ၃၈ ။ ။ (အို၊ အချင်းတို့) အသင်တို့သည် အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ သုံးစွဲရန် ဖိတ်ခေါ်ခြင်းကို ခံခဲ့ ကြရသော သူများပင် (ဖြစ်၏။) သို့ရာတွင် အသင်တို့အနက် အချို့မှာ စေးနဲသော သူများပင် ဖြစ်ကြကုန်၏။ အမှန်စင်စစ်

မည်သူမဆို စေးနဲတွန့်တိုပါမူ၊ ထိုသူသည် မိမိကိုယ်နှင့် ပတ်သက်၍ စေးနဲတွန့်တိုခြင်းသာ ဖြစ်၏။ စင်စစ် အလ္လာဟ်အသျှင် မြတ်သည် လိုလားတောင့်တခြင်း ကင်းမဲ့တော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။ သို့ရာတွင် အသင်တို့သည် လိုလားတောင့်တ သူများပင် ဖြစ်ကြကုန်၏။ ၄င်းပြင် အသင်တို့သည် မျက်နှာလွှဲကြပါမူ၊ ထိုအသျှင်မြတ်သည် (အသင်တို့အား) အသင်တို့၏ နေရာတွင် အခြားသော အမျိုးသားတို့ဖြင့် လွှဲပြောင်း လဲလှယ် (ဖန်ဆင်း) တော်မူပေမည်။ ထိုအမျိုးသားတို့သည် အသင်တို့နှင့် တူကြမည့်သူများ မဟုတ်ပေ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ကောန်အမှန် အကြင်သူတို့သည် (တရားလမ်းမှန် ထင်ရှားခဲ့ပြီးနောက်) သွေဖည်ငြင်းပယ်ခဲ့ကြသည်။ ထို့ပြင် ၄င်းတို့သည် (အခြားသူများကို လည်း) အလ္လာဟ်အသျှင်မြတ်၏ လမ်းတော် (မှန်ကန်သော သာသနာတော်) မှ တားဆီးခဲ့ကြသည်။ ထို့ပြင် ၄င်းတို့သည် (သာသနာတော်၏) လမ်းကို (ဦးနောက် အတွေးအခေါ်၏ အထောက်အထားများဖြင့် မုရှိရစ်ကီများအတွက်လည်းကောင်း၊ ဆင့်ပြန်ချက်အထောက် အထားများဖြင့် 'အဟ်လိကိသားဗ်'များ အတွက်လည်းကောင်း) တွေ့မြင်ရပြီးနောက် တမန်တော်မြတ် ﷺ အား ဆန့်ကျင်မှု ပြုခဲ့ကြသည်။ ၄င်းတို့သည် အလ္လာဟ်အသျှင်မြတ် (၏ သာသနာတော်) ကို အနည်းငယ် မျှပင် အကျိုးယုတ်စေနိုင်မည် မဟုတ်။ (ထိုမျှသာမက ဤသာသနာတော်သည် အမြဲထာဝရ ပြည့်စုံလျက် သား ရှိနေပေမည်။ သို့ဖြစ်ပေရာ ထိုအတိုင်းပင် ပြည့်စုံခဲ့ပေပြီ။) အလ္လာဟ်အသျှင်မြတ်သည် ၄င်းတို့၏ ကြိုးပမ်းမှုများကို (မှန်ကန်သော သာသနာတော်အား ဖယ်ရှားဖျက်ဆီးရန် ကြိုးပမ်းမှုများကို) အချည်းနှီး ဖြစ်စေတော်မူပေမည်။

အို၊ မုအ်မင်န်သက်ဝင် ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်၏ အမိန့် တော်များကို လိုက်နာကြလေကုန်။ ထို့ပြင် (တမန်တော်မြတ် ﷺ တင်ပြ ညွှန်ကြားသည့် အမိန့်တော် သည် အလ္လာဟ်အသျှင်မြတ်၏ ၄င်းအမိန့်တော်အတွက် သီးသန့် 'ဝဟီ' (အမိန့်တော်) ဖြင့် အမိန့်ပေးခံရ ခြင်းကြောင့် ဖြစ်စေ၊ (သို့) အသျှင်မြတ်၏ 'ဝဟီ'အမိန့်တော်တွင် ဥပဒေသ တင်ပြတော်မူခဲ့၍ ဤအထူး အမိန့်ကို တမန်တော်မြတ် ﷺ သည် ဤဥပဒေသတွင် ပါဝင်သည့်အတွက် အမိန့်ပေးခြင်းဖြစ်စေ၊ အလ္လာဟ်အသျှင် မြတ်၏ အမိန့်တော်ကိုသာ အမိန့်ပေးခြင်း ဖြစ်သည်။ ထို့ကြောင့်) တမန်တော်မြတ် ﷺ ၏ အမိန့်တော်ကို (လည်း) လိုက်နာကြလေကုန်။ ထို့ပြင် (ကာဖိရ် သွေဖည်ငြင်းပယ်သူများကဲ့သို့ အလ္လာဟ် အသျှင်မြတ်နှင့် ရစူလ်တမန်တော်မြတ် ﷺ အား ဆန့်ကျင်မှုပြု၍) မိမိတို့၏ ပြုမူဆောင်ရွက်ချက်များကို အချည်းနှီး မဖြစ်ကြစေနှင့်။ (ဤအကြောင်း ရှင်းလင်းချက်ကို သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များအခန်း တွင် တင်ပြပေမည်။)

ကောန်အမှန် မည်သူမဆို သွေဖည်ငြင်းပယ်ခြင်းကို ပြုသည့်အပြင် အလ္လာဟ်အသျှင်မြတ်၏ လမ်း တော်မှ တားဆီးပိတ်ပင်ခဲ့ကြကုန်၏။ ထို့နောက် ၄င်းတို့သည် ကာဖိရ် (သွေဖည်ငြင်းပယ်သူတို့) အဖြစ်နှင့်ပင်

သေဆုံးသွားခဲ့သည် (လည်း) ဖြစ်လျှင် အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား မည်သည့်အခါမျှ လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူမည် မဟုတ်ပေ။

(လွတ်ငြိမ်းချမ်းသာခွင့် မရရှိခြင်းအတွက် 'ကုဖွရ်'လုပ်ရပ်နှင့်အတူ صَدُّ عَنْ سَبِيْلِ اللهِ (အရှင်မြတ်၏ လမ်းတော်မှ တားဆီးပိတ်ပင်ခြင်း) သည် စည်းကမ်းချက်မဟုတ်ပေ။ ထို့မှုမက သေဆုံးကွယ်လွန်သည့် အချိန်အထိတိုင် 'ကုဖွရ်'သွေဖည်ငြင်းပယ်ခဲ့ခြင်းသည်သာ လွတ်ငြိမ်းချမ်းသာခွင့် မရရှိစေသော အကြောင်းခံဖြစ်သည်။ သို့သော် ပိုပိုကဲကဲ ပြစ်တင်ရှုတ်ချလို၍ ထိုခေတ်ကာလ၌ ရှိသော ကာဖိရ်ခေါင်းဆောင်များတွင် ၎င်းအမှုသည် အပြည့်အဝ တိတိကျကျ ရှိနေသည်ဖြစ်ရာ ဤသတ်မှတ်ချက်ကို ထည့်သွင်းမိန့်ကြားခဲ့ခြင်းဖြစ်သည်။ ရှေ့တွင် မွတ်စ္စလင်မ်တို့သည် အလ္လာဟ်အရှင်မြတ်၏ အချစ်တော်ဖြစ်ကြောင်းနှင့် ကာဖိရ်တို့သည် အမျက်တော်စူးရှခြင်း ခံရသူများဖြစ်ကြောင်း သိရှိသွားသည့်အခါ မွတ်စ္စလင်မ်တို့၏ ချီးမွမ်းခြင်းနှင့် ကာဖိရ်တို့၏ မကောင်းကြောင်း ရှုတ်ချခြင်းကို တင်ပြသည်မှာ) သို့ဖြစ်ပေရာ (အို့ မွတ်စ္စလင်မ်အပေါင်းတို့) အသင်တို့သည် (ကာဖိရ်များနှင့် ရင်ဆိုင်ရာတွင်) ဖွဲ့သတ္တိ မလျော့ကြလေနှင့်။ ထို့ပြင် (ဖွဲ့သတ္တိလျော့ကျလျက် ၎င်းတို့အား) စစ်ပြေငြိမ်းရေးဘက်သို့ မဖိတ်ခေါ်ကြလေနှင့်။ ထို့ပြင် အသင်တို့သာလျှင် အောင်မြင်သူများအဖြစ် ရှိကြပေမည်။ (၎င်းတို့မှာ ရှုံးနိမ့်ကြပေမည်။ အသင်တို့သည် အချစ်တော်များဖြစ်၍ ၎င်းတို့မှာ အမျက်တော်စူးရှခြင်း ခံရသူများဖြစ်သောကြောင့်ပင် ဖြစ်သည်။) ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့နှင့်အတူ ရှိနေတော်မူ၏။ (ဤသည်မှာ အသင်တို့အဖို့ လောကီရေးအောင်မြင်မှုပင်ဖြစ်သည်။)

ထို့ပြင် (လောကုတ္တရာ၏ အောင်မြင်မှုမှာ အလ္လာဟ်အရှင် မြတ်သည်) အသင်တို့၏ ကျင့်ဆောင်မှုများ (၏ အကျိုး) ကို လုံးဝ ယုတ်လျော့စေတော်မူမည် မဟုတ်ပေ။ (ဤသည် စိတ်ဓါတ်မြှင့်တင်ပေးလျက် 'ဂျိဟာဒ်'လုပ်ရန် လှုံ့ဆော်ခြင်းဖြစ်သည်။ ရှေ့တွင် လောကသည် သခါရသာဖြစ်ကြောင်းကို တင်ပြလျက် 'ဂျိဟာဒ်'၏ လှုံ့ဆော်ခြင်းနှင့် အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ သုံးစွဲလှူဒါန်းရန်အကြောင်း နိဒါန်းပြုသည်မှာ) ဤလောကီဘဝသည် ကစားခုန်စားခြင်းနှင့် ပျော်ရွှင်မှုမျှသာ ဖြစ်သည်။ (အကယ်၍ ဤလောကီတွင် အသက်နှင့် ဥစ္စာပစ္စည်းများကို မိမိ၏ အကျိုးအတွက် မြိုးမြဲချွေတာ အသုံးမပြုဘဲ ရောင်တိမ်းကယ်တင်လိုသည်ရှိသော် ထိုအကျိုးသည် ကာလမည်မျှကြာသည်အထိ ရှိမည်နည်း။ ဤသို့ ပြုခြင်းဖြင့် မည်မျှ အကျိုးသက်ရောက်ခြင်း ရှိမည်နည်း။) ထို့ပြင် အကယ်၍ အသင်တို့သည် သက်ဝင်ယုံကြည်လျက် 'သက္ကဝါ'တရားကို လက်ကိုင်ထားသည်ရှိသော် (ဤနေရာတွင် ကိုယ်ခန္ဓာဖြင့်လည်းကောင်း၊ ဥစ္စာပစ္စည်းများဖြင့်လည်းကောင်း 'ဂျိဟာဒ်'ပြုခြင်းလည်း ပါဝင်ပေသည်။) သို့ဖြစ်ပေရာ (အသင်တို့အား မိမိထံတော်မှ အကျိုးအမြတ်များ ကို ပေးတော်မူရန် ဖြစ်သည်။) ထိုအရှင်မြတ်သည် အသင်တို့အား အသင်တို့၏ အကျိုးကုသိုလ်များကို ပေးသနားတော်မူပေမည်။ ထို့ပြင် (အသင်တို့ထံမှ မည်သည့်လိုလားတောင့်တမှုမျှ ရှိမည်မဟုတ်ပေ။ သို့ဖြစ်ပေရာ) အသင်တို့ထံမှ အသင်တို့၏ ပစ္စည်းဥစ္စာများကို (ပင် အသက်ထက် လွယ်ကူမှု ရှိသော်လည်း) တောင်းဆိုမည် မဟုတ်ပေ။

(အသင်တို့ထံမှ ပေးရန် လွယ်ကူသော အရာကို တောင်းဆိုခြင်းမပြုဘဲ ပေးဆပ်ရန် ခက်ခဲသည့် အသက်ဇီဝိန်ကို အဘယ်ကြောင့် တောင်းဆိုပါမည်နည်း။ သို့ဖြစ်ပေရာ ကျွန်ုပ်တို့၏ အသက်နှင့် ဥစ္စာပစ္စည်းများကို သုံးစွဲခြင်းဖြင့် အလ္လာဟ်အသျှင်မြတ်အဖို့ မည်သည့်အကျိုးမျှ ရှိမည်မဟုတ်ပေ။ ဤသည် ဖြစ်နိုင်မည် မဟုတ်ကြောင်းမှာလည်း ထင်ရှားပေသည်။ အလ္လာဟ်အသျှင်မြတ် အမိန့်တော်

وَهُوَ يُطْعِمُ وَلَا يُطْعَمُ

(ထိုအသျှင်မြတ်သည် (သူတစ်ပါးတို့ကို) ကျွေးမွေးတော်မူသည်။ ထိုအသျှင်မြတ်သည် (သူတစ်ပါး၏) ကျွေးမွေးတော်မူခြင်း ခံရတော်မူသည် မဟုတ်ပေ။) *[၆ : ၁၄]*

အတိုင်း ဖြစ်သည်။ သို့ဖြစ်ပေရာ) အကယ်၍ (စမ်းသပ်သည့်အနေဖြင့်) အသင်တို့ထံမှ အသင်တို့၏ ပစ္စည်းဥစ္စာများကို တောင်းဆိုတော်မူသည်ရှိသော် တစ်ဖန် နောက်ဆုံးအဆင့်အထိ အသင်တို့ထံမှ တောင်းဆိုတော်မူသည်ရှိသော် (ဆိုလိုသည်မှာ ဥစ္စာပစ္စည်းအားလုံးကို တောင်းဆိုခြင်းပြုလျှင်) သို့ဖြစ်ပါက အသင်တို့သည် (အသင်တို့အနက် အများစုသည်) စေးနဲကြပေမည်။ (ပေးလိုကြမည် မဟုတ်ပေ။) ထို့ပြင် (ထိုအချိန်တွင်) အလ္လာဟ်အသျှင်မြတ်သည် အသင်တို့၏ မနှစ်သက်မှုများကို ထုတ်ဖော်တော်မူပေမည်။ (အပေါ်ယံ လုပ်ရပ်ဖြစ်သော မပေးကမ်းခြင်းဖြင့် အတွင်းပိုင်းမှ မနှစ်မြို့မှုကို ပေါ်လွင်စေသည်။)

သို့ရာတွင် အသင်တို့သည် အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ (ဤအကျိုးအမြတ်သည် အသင်တို့ထံသို့ မုချ ရောက်ရှိလာပေမည်။ အနည်းငယ်မျှသော ဥစ္စာပစ္စည်းကို) သုံးစွဲရန်အတွက် ဖိတ်ခေါ်ခြင်း ခံရသူများဖြစ်သည်။ (ကျန်အများစုကို အသင်တို့၏ လက်ဝယ်၌ပင် ထားရှိမြဲဖြစ်သည်။) သို့ဖြစ်ပေရာ (ဤအပေါ်၌လည်း) အသင်တို့အနက် အချို့တို့သည် စေးနဲတွန့်တိုကြသည်။ ထို့ပြင် (ရှေ့၌ စေးနဲခြင်းကို ရှုတ်ချထားသည်မှာ) မည်သူမဆို (ဤနေရာမျိုး၌ လှူဒါန်းသုံးစွဲခြင်းမှ) စေးနဲမှုပြုပါမူ ထိုသူသည် (အမှန်စင်စစ်) မိမိကိုယ်နှင့် ပတ်သက်၍ စေးနဲခြင်းသာ ဖြစ်သည်။ (ဆိုလိုသည်မှာ မိမိအတွက်ကိုပင် ဤထာဝရ အကျိုးအမြတ်မှ လက်မဲ့ဖြစ်စေခြင်းဖြစ်မည်။) ထို့ပြင် (ဤသို့ မဟုတ်ပါမူ) အလ္လာဟ်အသျှင်မြတ်သည် မည်သည့်လိုလားတောင့်တမှုမျှ ရှိတော်မမူပေ။ ထို့ပြင် (ထိုမျှမက) အသင်တို့အားလုံးသည် (ထိုအသျှင်မြတ်ကို) သာ လိုလားတောင့်တသူများ ဖြစ်ကြပေသည်။ (အသင်တို့၏ ဤလိုလားတောင့်တခြင်းကို ထောက်ရှုလျက် အသင်တို့အား လှူဒါန်းသုံးစွဲရန် အမိန့်ပေးခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် တမလွန်၌ အသင်တို့အဖို့ ကုသိုလ်အကျိုးကို လိုလားတောင့်တမှု ဖြစ်ကြပေမည်။ ထိုကုသိုလ်အကျိုး ရရှိသည့် လမ်းသည် ထိုကျင့်စဉ်များသာ ဖြစ်သည်။ ထို့ပြင်) အကယ်၍ အသင်တို့သည် (ငါအသျှင်မြတ်၏ အမိန့်တော်များကို) မျက်နှာလွှဲဖယ်ကြပါလျှင် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့၏ နေရာတွင် အခြားသော အမျိုးသားများကို လွှဲပြောင်း လဲလှယ် (ဖန်ဆင်း) ပေးတော်မူပေမည်။ ထိုအမျိုးသားတို့သည် အသင်တို့ကဲ့သို့ (အမိန့်ဖီဆန်သူများ) ဖြစ်ကြမည် မဟုတ်ပေ။ (ထိုမျှမက လွန်စွာ အမိန့်နာခံသူများ ဖြစ်ကြပေမည်။ ဤအလုပ်ကို ထိုအမျိုးသားများဖြင့် အသုံးချ ပြုစေတော်မူပေမည်။ ဤနည်းဖြင့် ထိုနက်နဲသော အမြော်အမြင်မှာ ပြည့်ဝသွားပေမည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

اِنَّ الَّذِيْنَ كَفَرُوْا وَصَدُّوْا عَنْ سَبِيْلِ اللّٰهِ

(ကေန်အမှန် အကြင်သူတို့သည် တရားလမ်းမှန် ထင်ရှားခဲ့ပြီးနောက် သွေဖည်ငြင်းပယ်ခဲ့ကြကုန်၏။ ထို့ပြင် ၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်၏ လမ်းမှလည်း တားဆီးခဲ့ကြကုန်၏။) [၄၇ : ၃၂]

ဤအာယသ်တော်သည်လည်း မုနာဖစ်ကိဗ်များနှင့် ယဟူဒီများဖြစ်သော ဗနူကုရိုင်ဇွာဟ်နှင့် ဗနူနဒီးရ်၏ အမျိုးသားများနှင့် စပ်လျဉ်း၍ ကျရောက်ခဲ့သည်။ ဟဇရသ်အိဗ်နုအဗ္ဗားစ် ﷺ သခင်က မိန့်ဆိုသည်မှာ ဤအာယသ်တော်သည် 'ဗဒရ်'စစ်ပွဲဖြစ်ပွားရာ၌ ကုရိုက်ရှ်အမျိုးသား ကာဖိရ်များ၏ စစ်တပ်အားလုံး အတွက် စားနပ်ရိက္ခာ တာဝန်ယူသော လူ (၁၂) ဦးနှင့် စပ်လျဉ်း၍ ကျရောက်ခဲ့သည်။ ၎င်းတို့ (၁၂) ဦးအနက် တစ်ဦးသည် နေ့စဉ် ကာဖိရ်တို့၏ စစ်တပ်အတွက် အစားအသောက်များ တာဝန်ယူ၍ စီမံပေးရသည်။

وَسَيُحْبِطُ اَعْمَالَهُمْ

(သို့ရာတွင် ထိုအသျှင်မြတ်သည် အမှန်ပင် ၎င်းတို့၏ ကြိုးပမ်းပြုလုပ်ဆောင်ရွက်ချက်တို့ကို အချည်းနှီး ဖြစ်စေတော်မူပေမည်။) [၄၇ : ၃၂]

ဤနေရာတွင် ပြုမူဆောင်ရွက်ချက်လုပ်ရပ်များ အချည်းနှီးဖြစ်စေခြင်းဆိုသည်မှာ အစ္စလာမ် သာသနာနှင့် ဆန့်ကျင်၍ ၎င်းတို့၏ ကြိုးစားအားထုတ်မှုများကို မအောင်မြင်စေခြင်းကို ဆိုလိုခြင်း ဖြစ်နိုင် သည်။ ထို့မျှမက အကျယ်ဖွင့်ဆိုချက် အနှစ်ချုပ်တွင် တင်ပြခဲ့သကဲ့သို့ အချည်းနှီးဖြစ်စေခြင်းကို ဆိုလို ခြင်းဖြစ်သည်။ အဓိပ္ပာယ်မှာ '၎င်းတို့၏ ကုဖ္ဖရ်နှင့် 'နေဖားက်' လုပ်ရပ်များကြောင့် ၎င်းတို့၏ ကောင်းမှု လုပ်ရပ်များဖြစ်သော 'စွဒ်ကာဟ်'၊ 'ခိုင်ရားသ်' စသော လုပ်ရပ်အားလုံး အချည်းအနှီး ဖြစ်သွားပေမည်။ လက်ခံခြင်း ခံရမည်မဟုတ်ပေ' ဟူ၍ ဖြစ်သည်။

لَا تُبْطِلُوْا اَعْمَالَكُمْ

(ထို့ပြင် အသင်တို့သည် မိမိတို့၏ ပြုမူဆောင်ရွက်ချက်များကို အချည်းအနှီးမဖြစ်စေကြကုန်လင့်) [၄၇ : ၃၃]

ကုရ်အာန်ကျမ်းတော်မြတ်သည် ဤနေရာတွင် **حبط اعمال** အစား **ابطال اعمال** ဟူသော စာလုံးကို သုံးနှုန်းမိန့်ကြားထားသည်။ ဤစာလုံး၏ အလိုသဘောမှာ ကျယ်ပြန့်မှုရှိသည်။ အဘယ်ကြောင့် ဆိုသော် **ابطال اعمال** ၏ ပုံစံတစ်မျိုးမှာ 'ကုဖ္ဖရ်'လုပ်ရပ်ကြောင့် ဖြစ်ပေါ်လာရခြင်း ဖြစ်သည်။ ဤသည်ကို အထက်ပါအာယသ်တော်တွင် **حبط اعمال** ဟူသော စာလုံးဖြင့်ပင် ခိုင်းနှိုင်းတင်ပြထား သည်။ အဘယ်ကြောင့်ဆိုသော် မူလပထမကတည်းက ကာဖိရ်အစစ်များအတွက်မှာမူ 'ကုဖ္ဖရ်' ပြုခြင်း

ကြောင့် ၎င်း၏ မည်သည့်ကောင်းမှုမျှ လက်ခံခြင်း မခံရသောကြောင့် ဖြစ်သည်။ အစ္စလာမ်သာသနာကို လက်ခံပြီးနောက်မှ 'မုရ်သဒ်' (ဘာသာပျက်) ဖြစ်သွားပါလျှင် အစ္စလာမ်သာသနာ လက်ခံထားစဉ်က လက်ခံထိုက်သော ပြုမှုဆောင်ရွက်ချက်များ ရှိခဲ့လျှင်လည်း ၎င်း၏ 'ကုဖ္ဖရ်' (သွေဖည်ငြင်းပယ်ခြင်း) နှင့် 'အိရ်သိဒါဒ်' (ဘာသာပျက်သွားခြင်း) သည် ထိုကောင်းမှုအားလုံးကို အချည်းနှီးဖြစ်စေလိုက်ပေသည်။

ابطال اعمال ၏ ဒုတိယပုံစံမှာ အချို့ကောင်းမှုလုပ်ရပ်များအတွက် အခြားသော ကောင်းမှုလုပ်ရပ်များသည် စည်းကမ်းချက်ဖြစ်သည့်အခါ မည်သူမဆို ဤစည်းကမ်းချက်ကို မလိုက်နာ ဖျက်ဆီးခဲ့ပါလျှင် ၎င်း၏ ကောင်းမှုလုပ်ရပ်သည်လည်း ပျက်စီးသွားပေသည်။ ဥပမာ- ကောင်းမှုလုပ်ရပ်တိုင်းကို လက်ခံရန်အတွက် စည်းကမ်းချက်မှာ 'အလ္လာဟ်အသျှင်မြတ်၏ နှစ်လိုမှု ရရန်အတွက် သက်သက်သာ ဖြစ်ရမည်။ လူတို့အား ပြစားခြင်း၊ ကြားသိစေရန် ပြုခြင်းမျိုး မဖြစ်စေရ' ဟု ရှိထားသည်။ ကုရ်အာန်ကျမ်းတော်မြတ်၌

وَمَا أُمِرُوْا إِلَّا لِيَعْبُدُوا اللهَ مُخْلِصِيْنَ لَهُ الدِّيْنَ

(စင်စစ် ထိုသူတို့သည် ဆည်းကပ်ကိုးကွယ်မှုကို အလ္လာဟ်အသျှင်မြတ်အတွက်သာလျှင် သန့်သန့်ပြုကြလျက် အာရုံစူးစိုက်ကြလျှင် ထိုအသျှင်မြတ်ကိုသာ ကိုးကွယ်ဆည်းကပ်ကြရန်မှအပ အခြားတစ်စုံတစ်ရာကိုမျှ အမိန့်ပေးတော်မူခြင်း ခံခဲ့ကြရသည် မဟုတ်ပေ။) *[၉၈ : ၅]*

ဟု မိန့်ကြားထားသည်။ အခြားတစ်နေရာတွင်

أَلَا لِلّٰهِ الدِّيْنُ الْخَالِصُ

(သတိပြုကြလေကုန်။ သန့်သန့်ဖြစ်သော ဆည်းကပ်ကိုးကွယ်မှုသည် အလ္လာဟ်အသျှင်မြတ်နှင့်သာ သက်ဆိုင်၏။) *[၃၉ : ၃]*

ဟုလည်း လာရှိထားသည်။ သို့ဖြစ်ပေရာ မည်သူမဆို ကောင်းမှုလုပ်ရပ်တစ်ခုခုကို ပြစားမှုအတွက် ပြုလုပ်လိုက်သည်ဆိုလျှင် ထိုလုပ်ရပ်သည် အလ္လာဟ်အသျှင်မြတ်ထံတော်တွင် ပျက်စီးသွားပေမည်။ အလားတူ 'စွဒကာဟ်'များနှင့် စပ်လျဉ်း၍ ကုရ်အာန်ကျမ်းတော်မြတ်ကပင်

لَا تُبْطِلُوْا صَدَقَاتِكُمْ بِالْمَنِّ وَالْأَذٰى

(အသင်တို့သည် မိမိတို့၏ အလှူဒါနများကို ကျေးဇူးဂုဏ်ဖော်ခြင်းအားဖြင့်လည်းကောင်း၊ စိတ်ဒုက္ခရောက်စေခြင်း) အားဖြင့်လည်းကောင်း အချည်းအနှီး မဖြစ်စေကြကုန်လင့်။) *[၂ : ၂၆၄]*

ဟူ၍ အတိအလင်း မိန့်ကြားထားတော်မူသည်။ ဆိုလိုသည်မှာ 'မိမိတို့၏ 'စွဒကဟ်'များကို ကျေးဇူးတင်ခံရန် ဂုဏ်ဖော်ပြစားခြင်းဖြင့်လည်းကောင်း၊ သူဆင်းရဲတို့အား ဒုက္ခပေးခြင်းဖြင့်လည်းကောင်း မဖျက်ဆီးကြလေနှင့်' ဟု ဖြစ်သည်။

မည်သူမဆို 'စွဒ်ကာဟ်'ပေး၍ သူဆင်းရဲအပေါ် ကျေးဇူးတင်ခံရန် ဂုဏ်ဖော်ပြစား၍ဖြစ်စေ၊ (သို့) ထိုသူဆင်းရဲအပေါ် ဒုက္ခရောက်စေသည်ဖြစ်စေ၊ ၎င်း၏ 'စွဒ်ကာဟ်'မှာ ပျက်စီးသွားလေသည်။ အထက်တင်ပြပါ အာယသ်တော်၏ သဖ်စီးရ်တွင် မိန့်ဆိုခဲ့သည့် ဟစန်ဗဆွရီ (ရဟ) ၏ မိန့်ဆိုချက် (မိမိ၏ ကောင်းမှုများကို ပြစ်မှုဒုစရိုက်များ ကျူးလွန်ခြင်းဖြင့် မဖျက်ဆီးကြလေနှင့်) ၏ အလိုသဘောမှာ ဤအလိုသဘောပင် ဖြစ်နိုင်သည်။ အိဗ်နုဂျုရိုင်ဂ် (ရဟ) က بالرياء والسمعة (ပြစား၊ ကျော်ကြားလိုခြင်းဖြင့်) ဟု ဖွင့်ဆို တင်ပြထားသည်။ မုကာသိလ် (ရဟ) နှင့် အစရှိသော ပညာရှင်များက بالمن (ကျေးဇူးတင်ခံရန် ဂုဏ်ဖော်ပြစားခြင်းဖြင့်) ဟု ဖွင့်ဆိုကြသည်။ အဘယ်ကြောင့်ဆိုသော် 'အဟ်လိစ္စုန္နသ် ဝလ်ဂျမာအသ်' ပညာရှင်များအားလုံးထံတွင် 'ကုဖ္ဖရ်' နှင့် 'ရှရစ်က်'တို့၏ နောက်တွင် မုအ်မင်န်၏ ကောင်းမှုလုပ်ရပ်အားလုံးကို အချည်းနှီးဖြစ်စေပြီး ပျက်စီးစေသော ကြီးလေးသော အပြစ်ဒုစရိုက် မရှိကြောင်းမှာ တစ်ညီတစ်ညွတ်တည်း လက်ခံ အတည်ပြုထားသောအချက် ဖြစ်သည်။ ဥပမာ- လူတစ်ဦးသည် ခိုးဝှက်သည့်အမှုကို ကျူးလွန်လိုက်သည်။ ၎င်းသူမှာ နမာဇ်နှင့် 'ရိုဇာဟ်'များကို စွဲမြဲသူ၊ ကျင့်ဆောင်သူ ဖြစ်သည်ဟု ဆိုပါလျှင် ရှရီအသ်တရားတော်အရ ၎င်းသူကို အသင်၏ နမာဇ်နှင့် 'ရိုဇာဟ်'များလည်း ပျက်စီးသွားပြီ။ 'ကဇ္ဇာ'ပြန်၍ ပြုပါလေ'ဟု မဆိုနိုင်ပေ။ အကြောင်းမှာ အပြစ်ဒုစရိုက်အားဖြင့် ကောင်းမှုလုပ်ရပ်များ ပျက်စီးခြင်းဟု ဆိုရာတွင် ယင်းမကောင်းမှုဒုစရိုက်ကို မပြုလုပ်ခြင်းအပေါ် 'အမလ်'ကောင်းမှု၏ လက်ခံခြင်း မူတည်နေသော မကောင်းမှုဒုစရိုက်မျိုးကို ဆိုလိုသည်။ ဥပမာ- ပြစားမှုဖြစ်သည်။ ယင်းပြစားမှုမရှိခြင်းသည် ကောင်းမှုတိုင်းအတွက် စည်းကမ်းချက်ဖြစ်သည်။ ထို့ပြင် ဟဇရသ်ဟစန်ဗဆွရီ (ရဟ) သခင်၏ အဆိုတွင် ကောင်းမှုလုပ်ရပ်များ ပျက်စီးခြင်း၏ အလိုသဘောမှာ ကောင်းမှုလုပ်ရပ်များ၏ 'ဗရ်ကသ်'မင်္ဂလာတော် သက်ရောက်မှုများမှ လက်မဲ့ဖြစ်ခြင်းကို ဆိုလိုခြင်းလည်း ဖြစ်နိုင်သည်။ ကောင်းမှုလုပ်ရပ်များ ပျက်စီးခြင်းမဟုတ်ဟု ဆိုသောအခါ ပြစ်မှုအားလုံးသည် စည်းကမ်းချက်အဖြစ် ရှိခြင်းလည်း ဖြစ်နိုင်သည်။ ပြုမူဆောင်ရွက်ချက်များတွင် ပြစ်မှုဒုစရိုက်များပြားနေသူအဖို့ ၎င်း၏ နည်းပါးလှသော ကောင်းမှုလုပ်ရပ်များတွင် 'အဇားဗ်'အပြစ်ဒဏ်မှ ကယ်တင်နိုင်မည့် 'ဗရ်ကသ်' (ခမ်းနားထည်ဝါမှု) များလည်း ရှိတော့မည်မဟုတ်ပေ။ ထိုမျှမက ထိုသူသည် မိမိ၏ ပြုမူဆောင်ရွက်ချက်၏ အပြစ်ဒဏ်ကို သတ်မှတ်ချက်နှင့်အညီ ခံစားရပေမည်။ သို့ရာတွင် နောက်ဆုံး၌ မိမိရှိ အီမာန်၏ 'ဗရ်ကသ်'(မင်္ဂလာတော်) ဖြင့် အပြစ်များ ခံစားပြီးနောက် လွတ်မြောက်အောင်မြင်မှု ရရှိပေမည်။

ဓမ္မသတ် ။ ။ ပြုမူဆောင်ရွက်ချက်များ ပျက်စီးခြင်း၏ တတိယပုံစံမှာ ကောင်းမှုတစ်ခုခုကို ပြုလုပ်ပြီး ထိုကောင်းမှုလုပ်ရပ်ကို တမင်ဖျက်လိုက်၍ ဖြစ်သည်။ ဥပမာ- 'နဖိလ်နမာဇ်' နှင့် 'နဖိလ်ရိုဇာဟ်' တို့ကို စတင်ခဲ့ပြီးမှ အကြောင်းပြချက် တစ်စုံတစ်ရာမရှိဘဲ ဖျက်လိုက်ခြင်း။ ဤသည်မှာလည်း ဤအာယသ်တော်အားဖြင့် မပြုပိုင်ဟု သတ်မှတ်အတည်ပြုရ၏။ အေမာမ်အဘူဟနီဖာဟ် (ရဟ) ၏ လမ်းစဉ်မှာ

'အစကနဦး၌ 'ဖွရ်ဇ်'နှင့် 'ဝါဂျိဗ်'မဟုတ်ပါသော်လည်း လူတစ်ဦးသည် ထိုလုပ်ရပ်ကို စတင် ပြုလုပ်လိုက်ပါလျှင် ထိုလုပ်ရပ်အား ပြီးမြောက်အောင် ပြုလုပ်ခြင်းသည် ဤအာယသ်တော်အားဖြင့် 'ဝါဂျိဗ်'ဖြစ်သွားပေသည်' ဟူ၍ ဖြစ်သည်။ သို့မှသာ ကောင်းမှုအလုပ်ကို ပျက်စီးစေသူ မဖြစ်ပေတော့မည်။

အကယ်၍ လူတစ်ဦးသည် ဤကဲ့သို့သော အလုပ်ကို စတင်ပြုလုပ်ပြီး အကြောင်းမဲ့ စွန့်လွှန်လိုက်လျှင်ဖြစ်စေ၊ (သို့) တမင်သက်သက် ဖျက်ဆီးလိုက်လျှင်ဖြစ်စေ၊ ထိုသူသည်လည်း အပြစ်ထိုက်သူပင်ဖြစ်သည်။ ထိုသူ့အဖို့ 'ကဇ္ဇာ'ဖြည့်ရန်လည်း တာဝန်ရှိပေသည်။ အေမာမ်ရှာဖေအီထံ၌မူ 'ကဇ္ဇာ'ပြုရန်လည်း မထိုက်။ ဖျက်လိုက်သူအပေါ်၌ အပြစ်လည်း မထိုက်ပေ။ ဤသို့သော အလုပ်ကို မပြုလုပ်ခြင်း (သို့) ဖျက်လိုက်ခြင်းကြောင့် အပြစ်မထိုက်သည့်အကြောင်းမှာ ဤအလုပ်သည် အစကနဦးမှပင် 'ဖွရ်ဇ်' နှင့် 'ဝါဂျိဗ်'လည်း မဟုတ်ခဲ့။ နောင်တွင်လည်း 'ဖွရ်ဇ်'နှင့် 'ဝါဂျိဗ်'မဟုတ်သောကြောင့်ပင် ဖြစ်သည်။ သို့ရာတွင် အေမာမ်အာဇူဟနီဖာဟ် (ရဟ) သခင်ထံတွင် ဖော်ပြပါအာယသ်တော်၏ စာလုံးများသည် အများအတွက်ဖြစ်သည်။ ကနဦးမှပင် 'ဖွရ်ဇ်'နှင့် 'ဝါဂျိဗ်'ဖြစ်သည်ဖြစ်စေ၊ (သို့) 'နဖိလ်'အနေဖြင့် စတင် ပြုလုပ်နေပါသော်လည်း စတင် ပြုလုပ်လိုက်သည်နှင့် ထို 'နဖိလ်'သည်လည်း 'ဝါဂျိဗ်'ဖြစ်သွားခြင်းဖြစ်စေ၊ ကောင်းမှုလုပ်ရပ်အားလုံး ပါဝင်ပေသည်။ သဖ်စီးရ်မဇ္ဇဟရီကျမ်းတွင် ဤအကြောင်းနှင့်စပ်လျဉ်း၍ ဟဒီးစ်တော်ပေါင်းများစွာနှင့် ရှင်းလင်းရေးသားထားသည်။

اِنَّ الَّذِيْنَ كَفَرُوْا وَصَدُّوْا عَنْ سَبِيْلِ اللّٰهِ ثُمَّ مَاتُوْا وَهُمْ كُفَّارٌ

(ဧကန်စင်စစ် အကြင်သူတို့သည် သွေဖည်ငြင်းပယ်ခဲ့ကြကုန်၏။ ထို့ပြင် ၄င်းတို့သည် (သူတစ်ပါးတို့ကိုလည်း) အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်မှ တားဆီးပိတ်ပင်ခဲ့ကြကုန်၏။ ထို့နောက် ၄င်းတို့သည် ကာဖိရ်သွေဖည်ငြင်းပယ်သူများအဖြစ်နှင့်ပင် သေဆုံးသွားခဲ့ကြကုန်၏။) *[၄၇ : ၃၄]*

ဤစာလုံးများဖြင့်ပင် အထက်၌ ယခုပင် အမိန့်တော်တစ်ရပ် လာရှိပြီးဖြစ်သည်။ ထပ်ကာထပ်ကာ တင်ပြရခြင်းမှာ ပထမအာယသ်တော့်တွင် ကာဖိရ်များ၏ လောကီရေး ပျက်စီးဆုံးရှုံးရခြင်းကို တင်ပြထားသည်။ ဤအာယသ်တော်တွင် ၄င်းတို့၏ လောကုတ္တရာအရေး ဆုံးရှုံးရခြင်းကို တင်ပြလိုခြင်းဖြစ်သည်။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်၌ တင်ပြခဲ့သည့်အတိုင်း ဖြစ်သည်။ ထို့နောက် ဖြစ်နိုင်သည်မှာ ပထမအာယသ်တော်တွင် ကာဖိရ်အားလုံးကို ခြုံငုံတင်ပြခြင်းဖြစ်သည်။ ၄င်းတို့အနက် နောင်တွင် မွတ်စ္စလင်မ်ဖြစ်သွားသူများလည်း ပါဝင်သည်။ ၄င်းတို့၏ အမိန့်မှာမူ ကာဖိရ်ဖြစ်ခဲ့စဉ် ဘဝ၌ ပြုလုပ်ခဲ့သည့် ကောင်းမှုကုသိုလ်များမှာ အချည်းနှီးဖြစ်သွားသည်။ အစ္စလာမ်လက်ခံပြီးနောက် ထိုကောင်းမှုများ၏ အကျိုးကုသိုလ် ရရှိမည်မဟုတ်ပေ'ဟု ဖြစ်သည်။ ဤအာယသ်တော်တွင် နောက်ဆုံးထွက်သက်အထိ 'ကုဖွရ်'နှင့် 'ရှရစ်က်'အပေါ်၌သာ ရပ်တည်ခဲ့ကြသည့် ကာဖိရ်များအကြောင်းကိုသာ တင်ပြခြင်းဖြစ်သည်။ ၄င်းတို့အဖို့ အမိန့်မှာ 'အာခေရသ်' တွင် လုံးဝ လွတ်ငြိမ်းချမ်းသာခွင့် ရရှိကြမည်မဟုတ်ပေ။

فَلَاتَهِنُوْاوَتَدْعُوْٓا اِلَى السَّلْمِ

(သို့ဖြစ်ပေရာ (အို့ မုအ်မင်နသက်ဝင်ယုံကြည်သူအပေါင်းတို့) အသင်တို့သည် အားမလျှော့ကြကုန်လင့်။ ထို့ပြင် အသင်တို့သည် ၄င်းတို့အား စစ်ပြေငြိမ်းရေးဘက်သို့ ဖိတ်ခေါ်ခြင်းလည်း မပြုကြကုန်လင့်) *[၄၇ : ၃၅]*

ဤအာယသ်တော်တွင် ကာဖိရ်များအား ငြိမ်းချမ်းရေးဘက်သို့ ဖိတ်ခေါ်ခြင်းကို တားမြစ်ထားသည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားတစ်နေရာ၌ မိန့်ကြားတော်မူသည်မှာ-

وَاِنْ جَنَحُوْا لِلسَّلْمِ فَاجْنَحْ لَهَا

(၄င်းပြင် (အို့ နဗီတမန်တော်) အကယ်၍ ထိုသူတို့သည် စစ်ပြေငြိမ်းမှုသို့ ယိမ်းညွှတ်ကြသည်ရှိသော် အသင်သည်လည်း ယင်းစစ်ပြေငြိမ်းမှုဘက်သို့ ယိမ်းညွှတ်ပါလေ။) *[၈ : ၆၁]*

ဟု ဖြစ်သည်။ ဆိုလိုသည်မှာ 'အကယ်၍ ကာဖိရ်တို့သည် ငြိမ်းချမ်းရေး ပြုလုပ်ခြင်းဘက်သို့ ယိမ်းယိုင်တိမ်းညွှတ်လာပါလျှင် အသင်သည်လည်း ယိမ်းယိုင်တိမ်းညွှတ်ပါလေ' ဟု ဖြစ်သည်။

၄င်းဖြင့် ငြိမ်းချမ်းရေးပြုလုပ်ပိုင်ကြောင်း သိရှိရပေသည်။ ထို့ကြောင့် အချို့ပညာရှင်များက ပိုင်သည်ဟု ခွင့်ပြုသော အာယသ်တော်သည် ကာဖိရ်များဘက်မှ ငြိမ်းချမ်းရေးကို စတင် တောင်းဆိုခြင်းဟူသော စည်းကမ်းချက်နှင့်အတူ ဖြစ်သည်။ ဤအာယသ်တော်တွင် မွတ်စ္စလင်မ်များဘက်မှ ငြိမ်းချမ်းရေး စတင်တောင်းဆိုခြင်းကို တားမြစ်တော်မူထားသည်။ ထို့ကြောင့် အာယသ်တော်နှစ်ပါးစလုံးတွင် မည်သည့်ဆန့်ကျင်မှုမျှ မဖြစ်ပေဟု တင်ပြအမိန့်ရှိခဲ့ကြသည်။ သို့ရာတွင် အမှန်ကန်ဆုံးမှာ မွတ်စ္စလင်မ်များအတွက် ငြိမ်းချမ်းရေးကို စတင်ယူခြင်းလည်း မွတ်စ္စလင်မ်တို့၏ အကျိုးကို တွေ့ရှိရလျှင် ပိုင်ပေသည်။ သူရဲဘောကြောင်ခြင်းနှင့် စည်းစိမ်ယစ်မူးလိုခြင်းတို့ကြောင့် မဖြစ်စေရပေ။

ဤအာယသ်တော်၏ အစတွင် فَلَاتَهِنُوْا (သို့ဖြစ်ပေရာ အို့ မုအ်မင်နသက်ဝင် ယုံကြည်အပေါင်းတို့၊ အသင်တို့သည် အားမလျှော့ကြကုန်လင့်) ဟုဆိုလျက် သူရဲဘောကြောင်၍လည်းကောင်း၊ (သို့) အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်တွင် 'ဂျီဟားဒ်' ပြုခြင်းတို့မှ တိမ်းရှောင်ရန် ရည်ရွယ်ချက်ဖြင့်လည်းကောင်း ငြိမ်းချမ်းရေး ပြုလုပ်လိုခြင်းကိုသာ တားမြစ်ထားကြောင်း ညွှန်းဆိုထားသည်။ ထို့ကြောင့် ဤနေရာ၌လည်း မည်သည့်ဆန့်ကျင်မှုမျှ မရှိတော့ပေ။ အဘယ်ကြောင့်ဆိုသော်

وَاِنْ جَنَحُوْا لِلسَّلْمِ

အာယသ်တော်၏ အမိန့်ကို ငြိမ်းချမ်းရေးပြုရခြင်း၏ အကြောင်းခံသည် ဖွဲ့သတ္တိ ယုတ်လျော့ခြင်း၊ သူရဲဘော ကြောင်ခြင်းတို့ကြောင့်မဟုတ်ဘဲ မွတ်စ္စလင်မ်တို့၏ ကောင်းရာကောင်းကျိုးကို ရေးရှု၍ ပြုခြင်းပုံစံဖြင့် သတ်မှတ်ထား၍ ဖြစ်သည်။

وَلَنْ يَّتِرَكُمْ اَعْمَالَكُمْ

(၎င်းပြင် ထိုအသျှင်မြတ်သည် အသင်တို့၏ ပြုမူဆောင်ရွက်ချက်များ (၏ ကုသိုလ်အကျိုး) ကို အလျဉ်း လျော့နည်းစေတော်မူမည် မဟုတ်ပေ။) *[၄၇ : ၃၅]*

ဆိုလိုသည်မှာ 'အလ္လာဟ်အသျှင်မြတ်သည် အသင်တို့၏ ပြုမူဆောင်ရွက်ချက်များ၏ ကုသိုလ်အကျိုးတွင် မည်သည့်ယုတ်လျော့စေခြင်းမျှ ပြုတော်မူမည်မဟုတ်ပေ'ဟု ဖြစ်သည်။ ၎င်းမှ 'လောကတွင် မည်သည့်ဒုက္ခပင် ရောက်ရသည်ဖြစ်စေ၊ ထိုဒုက္ခ၏ အစား ကြီးမားသော အကျိုးကုသိုလ်သည် တမလွန်တွင် ရရှိပေမည်။ ထို့ကြောင့် မုအ်မင်န်အဖို့ ဒုက္ခရောက်ရှိသည့် အခြေအနေသည်လည်း အရှုံးနိမ့်ဖြစ်မည် မဟုတ်ပေ' ဟူသော အကြောင်းအရာဘက်သို့ ညွှန်ပြနေသည်။

اِنَّمَا الْحَيٰوةُ الدُّنْيَا لَعِبٌ وَّ لَهْوٌ

(ဤပစ္စုပ္ပန် မျက်မှောက် လောကီဘဝသည် ကစားဖွယ်၊ ပျော်ရွှင်ဖွယ်ရာမျှသာဖြစ်၏။)*[၄၇ : ၃၆]*

လူသားအား 'ဂျီဟာဒ်'ပြုခြင်းမှ အဟန့်အတားဖြစ်စေသော အရာသည် လောက၏ ချစ်ခင်မှု ထားရှိခြင်းပင် ဖြစ်နိုင်သည်။ ဤချစ်ခင်မှုတွင် မိမိ၏အသက်ကို ချစ်ခင်ခြင်း၊ အိမ်သူအိမ်သား၊ မိသားစုတို့ကို ချစ်ခင်ခြင်းနှင့် ဥစ္စာပစ္စည်းများကို ချစ်ခင်ခြင်း အားလုံး ပါဝင်ပေသည်။ ဤအာယသ်တော်သည် ဤအရာအားလုံးတို့သည် မည်သို့ပင်ဆိုစေ ကုန်ဆုံး၍ ပျက်စီးမည့်အရာများသာ ဖြစ်သည်။ ဤအချိန်၌ ယင်းအရာများကို ရှောင်ဖယ်၊ ခြိုးခြံချွေတာမည်ဆိုလျှင်လည်း မည်သို့ ထူးခြားနိုင်မည်နည်း။ နောင်တစ်ချိန်ချိန်တွင် ဤအရာများသည် လက်မှ လွတ်ထွက်သွားကြမည့် အရာများသာ ဖြစ်သည်။ ထို့ကြောင့် ဤပျက်စီးမည့် မတည်မြဲသော အရာများ၏ ချစ်ခင်စွဲလမ်းစိတ်ကို အစဉ်အမြဲ မပျောက်မပျက် ထာဝရအတွက် ရရှိမည်ဖြစ်သော 'နေအ်မသ်'ကျေးဇူးတော်များ၏ ချစ်ခင်မှုအပေါ်၌ မလွှမ်းစေလေနှင့်'ဟု တင်ပြခြင်းသာ ဖြစ်သည်။

وَلَا يَسْئَلْكُمْ اَمْوَالَكُمْ

(၎င်းပြင် ထိုအသျှင်မြတ်သည် အသင်တို့ထံမှ အသင်တို့၏ ပစ္စည်းများကို တောင်းဆိုမည်လည်း မဟုတ်ပေ။) *[၄၇ : ၃၆]*

ဤအာယသ်တော်၏ ပေါ်လွင်သော အလိုသဘောမှာ 'အလ္လာဟ်အသျှင်မြတ်သည် အသင်တို့ထံမှ အသင်တို့၏ ဥစ္စာပစ္စည်းများကို တောင်းဆိုတော်မူသည်မဟုတ်'ဟု ဖြစ်သည်။ သို့ရာတွင် ကုရ်အာန်တစ်အုပ်လုံးတွင် 'ဇကားသ်'နှင့် 'စွဒ်ကာဟ်'၏ အမိန့်တော်များသည်လည်းကောင်း၊ အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ သုံးစွဲလှူဒါန်းခြင်းကိုလည်းကောင်း နေရာများစွာ၌ လာရှိထားပေသည်။ ထို့ပြင် တစ်ဆက်တည်းမှာပင် ဤအာယသ်တော်၏ နောက်အာယသ်တော်၌ အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ လှူဒါန်းသုံးစွဲရန် အလေးအနက်ထား၍ မိန့်ကြားချက်လာရှိထားသည်။ ထို့ကြောင့် အပေါ်ယံအားဖြင့်ကြည့်လျှင် ဤအာယသ်တော်နှစ်ပါးတွင် ဆန့်ကျင်နေသည်ဟု ယူဆရသည်။ ထို့ကြောင့် အချို့ပညာရှင်များက لَا يَسْئَلْكُمْ (အသင်

တို့ထံမှ တောင်းဆိုတော်မူမည်လည်း မဟုတ်ပေ) ၏ အလိုသဘောကို သတ်မှတ်ကြသည်မှာ အလ္လာဟ် အသျှင်မြတ်သည် အသင်တို့၏ ဥစ္စာပစ္စည်းကို အသင်တို့ထံမှ မိမိ၏ အကျိုးအမြတ်အတွက် တောင်းခံ တော်မူခြင်း မဟုတ်ပေ။ ထိုမျှသာမက အသင်တို့၏ အကျိုးအတွက်သာ တောင်းခံတော်မူခြင်း ဖြစ်သည်။ ဤအကြောင်း တင်ပြချက်ကို ဤအာယသ်တော်၌ပင်

يُؤْتِكُمْ اُجُوْرَكُمْ

(ထိုအသျှင်မြတ်သည် အသင်တို့၏ ကုသိုလ်အကျိုးများကို ချီးမြှင့် ပေးသနားတော်မူပေမည်။)

[၄၇ : ၃၆]

ဟူသော စာလုံးများဖြင့် ဖော်ပြထားသည်။ ၎င်း၏ အလိုသဘောမှာ 'အသင်တို့အား အလ္လာဟ် အသျှင်မြတ်၏ လမ်းတော်၌ သုံးစွဲရန် မိန့်ကြားတော်မူခြင်းမှာ တမလွန်တွင် အသင်တို့အတွက် ကုသိုလ် ကောင်းမှုများသည် အလိုအပ်ဆုံး ဖြစ်လာမည့်အခါ ဤသုံးစွဲမှုသည် အသင်တို့အတွက် အသုံးဝင်လာပြီး တမလွန်တွင် ဤသုံးစွဲခြင်း၏ အကျိုးကုသိုလ်များ ရရှိကြပေမည်' ဟူ၍ ဖြစ်သည်။ အထက်ဖော်ပြပါ ဖွင့်ဆိုချက်အနှစ်ချုပ်တွင်လည်း ဤအလိုသဘောကိုပင် ဖော်ပြထားသည်။ ဤအာယသ်တော်နှင့် အလားတူ အာယသ်တော်မှာ

مَا اُرِيْدُ مِنْكُمْ مِنْ رِّزْقٍ

ဟူသော အာယသ်တော်ပင် ဖြစ်သည်။ အလိုသဘောမှာ 'အလ္လာဟ်အသျှင်မြတ် အမိန့်တော်ရှိ၏။ ငါအသျှင်မြတ်သည် အသင်တို့ထံမှ မိမိအတွက် မည်သည့်ရိဇ်ကိုမျှ မယူပါ။ ငါအသျှင်မြတ်အဖို့ ဤရိဇ် ရိဇ်ကို တောင့်တခြင်း မရှိပါ' ဟု ဖြစ်သည်။ အချို့ပညာရှင်များက ဤအာယသ်တော်၏ အလိုသဘော ကို သတ်မှတ်ကြသည်မှာ لَا يَسْـَٔلْكُمْ ၏ အလိုသဘောမှာ ပစ္စည်းဥစ္စာအားလုံးကို တောင်းခံရယူခြင်း ဖြစ်သည်ဟူ၏။ (ဤအဆိုသည် အိဗ်နုအုယိုင်နဟ် (ရဟ) နှင့် ကုရ်သုဗီ (ရဟ) တို့၏ အဆိုဖြစ်သည်။)

၎င်းအလိုသဘောကို သတ်မှတ်ရခြင်းမှာ ၎င်း၏ နောက်၌ လာနေသော

اِنْ يَّسْـَٔلْكُمُوْهَا فَيُحْفِكُمْ

(အကယ်၍ ထိုအသျှင်မြတ်သည် အသင်တို့ထံမှ ယင်းဥစ္စာပစ္စည်းများကို တောင်းဆိုတော်မူသည် ရှိသော်၊ တစ်ဖန် ထိုအသျှင်မြတ်သည် အသင်တို့ထံမှ (ပစ္စည်းအားလုံးကို) အပူတပြင်း တောင်းဆိုတော်မူ သည်ရှိသော် အသင်တို့သည် စေးနဲတွန့်တိုကြပေမည်။) [၄၇ : ၃၇]

ဟူသော အာယသ်တော်ကြောင့် ဖြစ်သည်။ အဘာယ်ကြောင့်ဆိုသော် يُحْفِ ဟူသော စာလုံးသည် إحفاء ဟူသော စာလုံးမှ ဆင်းသက်လာပြီး ၎င်း၏ အဓိပ္ပာယ်မှာ 'များပြားခြင်းနှင့် အလုပ်တစ်ခုခုတွင် အဆုံးအထိ ရောက်ရှိခြင်း' ဟု ဖြစ်သည်။ ဤဒုတိယအာယသ်တော်၏ အလိုသဘောမှာ အဖွင့်ပညာရှင်အားလုံး တို့ထံတွင် ဤသို့ဖြစ်သည်။ ၎င်းမှာ 'အကယ်၍ အလ္လာဟ်အသျှင်မြတ်သည် အသင်တို့ထံမှ အသင်တို့၏

ဥစ္စာပစ္စည်းအားလုံးကို တောင်းခံတော်မူပါလျှင် အသင်တို့သည် စေးနဲတွန့်တိုမှုပြုကြမည်။ ထို့ပြင် ထိုအသျှင်မြတ်၏ အမိန့်တော်ကို လိုက်နာရန် အသင်တို့သည် မနှစ်မြို့စက်ဆုပ်ကြပေမည်။ အမိန့်တော်တာဝန်ကို ထမ်းဆောင်သည့်အချိန်တွင် အသင်တို့၏ ဤမနှစ်မြို့မှု စက်ဆုပ်မှုသည် ပေါ်လွင်လာမည့်အထိ ဖြစ်သည်။

အချုပ်မှာ ပထမအာယသ်တော်တွင် لَا يَسْـَٔلْكُمْ ၏ အလိုသဘောမှာ အခြားအာယသ်တော် ဖြစ်သော فَيُحْفِكُمْ ဟူသော သတ်မှတ်ချက်ဖြင့် လာရှိသော အလိုသဘောပင် ဖြစ်သည်။ သို့ဖြစ်ပေရာ အာယသ် တော်နှစ်ပါးလုံး၏ အလိုသဘောမှာ 'အလ္လာဟ်အသျှင်မြတ်သည် 'ဇကားသ်'စသော ဥစ္စာပစ္စည်းများဖြင့် သုံးစွဲလှူဒါန်းရန် 'ဖွရဇ်'အဖြစ် သတ်မှတ်ပြဋ္ဌာန်းထားတော်မူသည့် အမိန့်တော်များသည် အစကနဦးကတည်းကပင် အသင်တို့အကျိုးအဖို့သာ သတ်မှတ်ပြဋ္ဌာန်းခြင်းဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်အတွက် မည်သည့်အကျိုးအမြတ်မျှ မရှိပေ။ ဒုတိယအချက်မှာ ထို 'ဖွရဇ်'တာဝန်များအနက် အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ 'ရဟ်မသ်'တော်ဖြင့် အသင်တို့၏ ဥစ္စာပစ္စည်းများမှ မည်သည့်နည်းနှင့်မဆို မပေးနိုင်စရာမရှိသော အနည်းငယ်မျှသော အစိတ်အပိုင်းကိုသာ 'ဖွရဇ်' အဖြစ် သတ်မှတ်တော်မူခြင်းဖြစ်သည်။ 'ဇကားသ်'တွင် အပုံ (၄၀) ပုံ တစ်ပုံ၊ မြေထွက်သီးနှံတွင် (၁၀) ပုံ တစ်ပုံ (သို့) အပုံ (၂၀) ပုံ တစ်ပုံ၊ ဆိတ်အကောင် (၁၀၀) တွင် ဆိတ်တစ်ကောင်သာ သတ်မှတ်တော်မူထားခြင်းဖြစ်ရာ အလ္လာဟ်အသျှင်မြတ်သည် အသင်တို့ထံမှ အသင်တို့က ပေးရန် မနှစ်မြို့သော ဥစ္စာပစ္စည်းကို တောင်းခံတော်မူခြင်း မဟုတ်ကြောင်း သိရှိရပေသည်။ ထိုမျှမက ဤမျှ နည်းပါးသည့် ပမာဏကို တောင်းခံသည်ဖြစ်ရာ အသင်တို့အဖို့ စိတ်ပျော်ရွှင်စွာပေးရန် 'ဖွရဇ်'ဖြစ်ပေသည်။ ထို့ပြင် ဤဒုတိယအာယသ်တော်

يُخْرِجْ اَضْغَانَكُمْ

(၄င်းပြင် ထိုအသျှင်မြတ်သည် အသင်တို့၏ စက်ဆုပ်မှုများကိုလည်း ထုတ်ဖော်တော်မူပေမည်။)

[၄၇ : ၃၇]

တွင် اَضْغَانْ သည် ضِغْنٌ ၏ အများကိန်းဖြစ်သည်။ အဓိပ္ပာယ်မှာ လျှို့ဝှက်စွာ အကောက်ထားခြင်း၊ လျှို့ဝှက်သော မနှစ်မြို့ခြင်းဟူ၍ ဖြစ်သည်။ ဆိုလိုသည်မှာ သဘာဝအလျောက် လူသားအဖို့ မိမိ၏ ဥစ္စာပစ္စည်းအားလုံးကို ပေးလိုက်ရမည်ဆိုခြင်းမှာ မနှစ်မြို့စရာ မုချ ဖြစ်ပေမည်။ သို့ဖြစ်ပေရာ ဤသည်ကို ထုတ်ဖော်ပြောဆိုခြင်း မပြုလျှင်လည်း ပေးဆောင်သည့်အခါ နှေးနွှေး၊ ညနွှေး အချိန်ဆွဲခြင်း စသည်တို့ဖြင့် ဤမနှစ်မြို့ခြင်း၊ စက်ဆုပ်ခြင်းသည် ပေါ်လွင်လာသည်ပင် ဖြစ်သည်။ သို့ဖြစ်ပေရာ အဓိကမိန့်ကြားခြင်းမှာ 'အကယ်၍ အလ္လာဟ်အသျှင်မြတ်သည် အသင်တို့ထံမှ ဥစ္စာပစ္စည်းအားလုံးကို တောင်းခံတော်မူပါလျှင် အသင်တို့သည် စေးနဲတွန့်တိုကြပေမည်။ စေးနဲတွန့်တိုခြင်းကြောင့် အသင်တို့၏ စိတ်တွင်း၌ရှိသော မနှစ်မြို့မှု၊ စက်ဆုပ်များသည် ပေါ်လွင်လာမည်သာ ဖြစ်ပေသည်။ ထို့ကြောင့် ထိုအသျှင်မြတ်သည် အသင်တို့၏ ဥစ္စာပစ္စည်းများအနက်မှ ပမာဏနည်းသော အစိတ်အပိုင်းတစ်ခုမျှကိုသာ အသင်တို့

အပေါ်၌ 'ဖွရဒ်'အဖြစ် သတ်မှတ်တော်မူခြင်း ဖြစ်သည်။ သို့တိုင်အောင်လည်း အသင်တို့သည် စေးနဲတွန့်တိုခြင်း ပြုကြသည်။ ဤအကြောင်းကို နောက်ဆုံးအာယသ်တော်တွင် တင်ပြထားသည်မှာ-

تُدْعَوْنَ لِتُنْفِقُوْا فِيْ سَبِيْلِ اللهِ فَمِنْكُمْ مَّنْ يَّبْخَلُ

(အို၊ အချင်းတို့၊ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ သုံးစွဲရန် ဖိတ်ခေါ်ခြင်း ခံခဲ့ကြရသောသူများပင် ဖြစ်၏။ သို့ရာတွင် အသင်တို့အနက် အချို့မှာ စေးနဲသောသူများပင် ဖြစ်ကြကုန်၏)

[၄၇ : ၃၈]

ဆိုလိုသည်မှာ အသင်တို့အား အသင်တို့၏ ဥစ္စာပစ္စည်းများမှ အနည်းငယ်မျှသော အစိတ်အပိုင်းကို အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ သုံးစွဲရန် ဖိတ်ခေါ်ခြင်းခံရသည့်အခါ အသင်တို့အနက် အချို့တို့သည် ဤနေရာ၌လည်း စေးနဲတွန့်တိုခြင်း ပြုကြသည်။ ထို့နောက် ဆက်လက်၍ မိန့်ကြားသည်မှာ-

وَمَنْ يَّبْخَلْ فَاِنَّمَا يَبْخَلُ عَنْ نَّفْسِهٖ

(အမှန်စင်စစ် မည်သူမဆို စေးနဲတွန့်တိုပါမူ ထိုသူသည် မိမိကိုယ်နှင့် ပတ်သက်၍ စေးနဲတွန့်တိုခြင်းသာ ဖြစ်၏။) [၄၇ : ၃၈]

ဆိုလိုသည်မှာ 'မည်သူမဆို ဤနေရာ၌ စေးနဲတွန့်တိုမှုပြုပါလျှင် ထိုသူသည် အလ္လာဟ်အသျှင်မြတ်အား တစ်စုံတစ်ရာ နစ်နာဆုံးရှုံးစေသည် မဟုတ်ပါ။ ထိုမျှသာမက မိမိကိုယ်တိုင်အတွက်သာ ဤစေးနဲမှုအကြောင်းခံဖြင့် နစ်နာဆုံးရှုံးစေခြင်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် တမလွန်၏ ကုသိုလ်အကျိုးမှ လက်မဲ့ဖြစ်ခြင်းနှင့် 'ဖွရဒ်'တာဝန်ကို စွန့်လွှတ်ခြင်း၏ အပြစ်ဒဏ်ရှိပေမည်။ တစ်ဖန် ဤအချက်ကို ပို၍ ပေါ်လွင်စေရန် မိန့်ကြားသည်မှာ-

وَاللّٰهُ الْغَنِيُّ وَاَنْتُمُ الْفُقَرَآءُ

(စင်စစ် အလ္လာဟ်အသျှင်မြတ်သည် လိုလားတောင့်တခြင်း ကင်းမဲ့တော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။ သို့ရာတွင် အသင်တို့သည် လိုလားတောင့်တသူများပင် ဖြစ်ကြကုန်၏။) [၄၇ : ၃၈]

ဟု ဖြစ်သည်။ ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်သည် လိုလားတောင့်တမှု ကင်းမဲ့တော်မူသည်။ အသင်တို့သာလျှင် လိုလားတောင့်တကြသူများ ဖြစ်ကြသည်။ အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ သုံးစွဲခြင်းသည် အသင်တို့၏ လိုလားတောင့်တမှုများကို ပြည့်ဝစေခြင်းပင် ဖြစ်သည်။

وَاِنْ تَتَوَلَّوْا يَسْتَبْدِلْ قَوْمًا غَيْرَكُمْ ثُمَّ لَا يَكُوْنُوْٓا اَمْثَالَكُمْ

(ငှင်းပြင် အသင်တို့သည် မျက်နှာလွှဲခဲ့ကြပါမူ ထိုအသျှင်မြတ်သည် အသင်တို့အား အသင်တို့၏ နေရာတွင် အခြားသော အမျိုးသားတို့ဖြင့် လွှဲပြောင်းလဲလှယ် ဖန်ဆင်းတော်မူပေမည်။ ထိုအမျိုးသားတို့သည် အသင်တို့နှင့် တူကြမည့်သူများ မဟုတ်ကြပေ။) [၄၇ : ၃၈]

ဤအာယသ်တော်တွင် အလ္လာဟ်အသျှင်မြတ်၏ လိုလားတောင့်တမှု မရှိသူတို့အနက် လိုလား တောင့်တမှုအပေါင်းမှ ကင်းရှင်းတော်မူသော အသျှင် ဖြစ်တော်မူကြောင်းကို ရှင်းလင်းစွာ တင်ပြသည်မှာ 'အလ္လာဟ်အသျှင်မြတ်အဖို့ အသင်တို့၏ ဥစ္စာပစ္စည်းများကို မဆိုထားနှင့်။ အသင်တို့၏ တည်ရှိနေမှုကိုပင် မည်သို့မျှ လိုအပ်ချက် မရှိပါချေ။ အကယ်၍ အသင်တို့အားလုံးသည်ပင် ငါအသျှင်မြတ်၏ အမိန့်တော်များအား လိုက်နာခြင်းကို စွန့်လွှတ်လိုက်ကြပါလျှင် ငါအသျှင်မြတ်သည် ဤကမ္ဘာလောကတွင် အစ္စလာမ်သာသနာကို ဆက်လက်ထားရှိမည်သာ ဖြစ်သည်။ ငါအသျှင်မြတ်သည် မိမိ၏ သာသနာတော်ကို စောင့်ရှောက်ရန်နှင့် ငါအသျှင်မြတ်၏ အမိန့်တော်များကို လိုက်နာရန် အသင်တို့ကဲ့သို့ မျက်နှာလွှဲ ဖီဆန်၊ မလိုက်နာသူများ ဖြစ်ကြမည်မဟုတ်သော ရှရီအသ်တရားတော်များကို အပြည့်အဝလိုက်နာကြမည့် အုပ်စုတစ်စုကို ဖန်ဆင်းတော်မူမည် ဖြစ်သည်။ ဟဇရသ်ဟာစန်ဗဆွရီ (ရဟ) က မိန့်ဆိုသည်မှာ 'ဤသည် 'အဂျမီ' (အရဗ်မဟုတ်သူ) များကို ဆိုလိုသည်' ဟု ဖြစ်သည်။

ဟဇရသ်အိက်ရိမဟ် (ရဟ) က မိန့်ဆိုသည်မှာ 'ပါရှင်းနှင့် ရောမသားတို့ကို ဆိုလိုသည်' ဟု ဖြစ်သည်။ ဟဇရသ်အဘူဟုရိုင်ရာဟ် ﷺ သခင်က ဆင့်ပြန်သည်မှာ တမန်တော်မြတ် ﷺ သည် ဤအာယသ်တော်အား ဆွဟာဗာများရှေ့၌ ဖတ်ကြားပြရာ ဆွဟာဗာများက 'အို၊ တမန်တော်မြတ်၊ အကယ်၍ ကျွန်တော်မျိုးတို့သည် သာသနာတော်၏ ဖီဆန်ခြင်းကြောင့် ကျွန်တော်မျိုးတို့၏ နေရာ၌ အစားထိုး ဖန်ဆင်းခံရပြီး ကျွန်တော်မျိုးတို့ကဲ့သို့ အမိန့်ဖီဆန်ခြင်း မပြုသူတို့ကား အဘယ်သို့သော အုပ်စုဝင်များ ဖြစ်ကြပါမည်နည်း' ဟု လျှောက်ထားမေးမြန်းလေရာ 'တမန်တော်မြတ် ﷺ သည် (ထိုထိုင်ဝိုင်း၌ ရှိနေသော) ဟဇရသ်စလ်မားန်ဖာရစီ ﷺ သခင်၏ ပေါင်ကို လက်ဖြင့် ရိုက်၍ 'ထိုအုပ်စုသည်ကား အကယ်၍ သာသနာတော်သည် 'စုရိုင်ယာ' ခုနစ်စင်ကြယ်အပေါ်၌ပင် ရှိနေသည်ဖြစ်ပါလျှင်လည်း ထိုခုနစ်စင်ကြယ်သို့တိုင် သွားရောက်လျက် သာသနာတော်ကို ရယူလျက် ထိုသာသနာအပေါ်၌ လိုက်နာကျင့်သုံးကြမည့် ပါရှင်းမှ ဤသူနှင့် ၎င်း၏ မျိုးနွယ်စုဝင်များအနက်မှ လူအချို့တို့ပင် ဖြစ်သည်' ဟု မိန့်ကြားတော်မူလေသည်။

[မဇ္ဇဟရီကျမ်း]

ရှိုက်ခ်ဂျလာလွဒ္ဒီးန်စုယူသွိ (ရဟ) က အေမာမ်အဘူဟာနီဖာဟ် (ရဟ) ၏ ထူးမြတ်မှုကို ရေးသားထားသည့် မိမိ၏ကျမ်းတွင် မိန့်ဆိုသည်မှာ 'ဤသည် အေမာမ်အဘူဟာနီဖာဟ် (ရဟ) နှင့် ၎င်း၏ နောက်လိုက်တပည့်များကို ဆိုလိုသည်။' အဘယ်ကြောင့်ဆိုသော် ပါရှင်းသားတို့တွင် အေမာမ်အဘူဟာနီဖာဟ် (ရဟ) နှင့် ၎င်း၏နောက်လိုက်များ သာသနာရေးအသိပညာတွင် အထွတ်အထိပ် ရောက်ရှိသကဲ့သို့ မည်သည့် အုပ်စုမျှ မရောက်ရှိခဲ့ကြသောကြောင့် ဖြစ်သည်ဟူ၍တည်း။ *[သဖ်စီးရ်မဇ္ဇဟရီကျမ်း]*

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

စူရာဟ်ဖသ်ဟ်

အောင်နိုင်ခြင်းကဏ္ဍ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

إِنَّا فَتَحْنَا لَكَ فَتْحًا مُّبِينًا ①

၄၈ : ၁ ။ ။ (အို၊ နဗီတမန်တော်) ကေန်မလွဲ ငါအသျှင်မြတ်သည် အသင့်အား ထင်ရှားလှစွာသော အောင်မြင်မှုတစ်ခုကို ချီးမြှင့်ပေးသနားတော်မူပြီ။

لِّيَغْفِرَ لَكَ اللّٰهُ مَا تَقَدَّمَ مِن ذَنۢبِكَ وَ
مَا تَأَخَّرَ وَيُتِمَّ نِعْمَتَهُ عَلَيْكَ وَيَهْدِيَكَ صِرَاطًا مُّسْتَقِيمًا ②

၄၈ : ၂ ။ ။ (ယင်းကဲ့သို့ အောင်မြင်မှု ချီးမြှင့်တော်မူခြင်းမှာ) အလ္လာဟ်အသျှင်မြတ်သည် အသင်၏ ရှေးကာလ ချို့တဲ့မှုများနှင့် အနာဂတ်ကာလ ချို့တဲ့မှုတို့ကို ခွင့်လွှတ်ချမ်းသာ ပေးသနားတော်မူရန် အလို့ငှာလည်းကောင်း၊ အသင့်အပေါ်၌ မိမိ၏ ကျေးဇူးတော်များကို စုံလင်စေတော်မူရန် အလို့ငှာလည်းကောင်း၊ အသင့်အား ဖြောင့်မတ်မှန်ကန်သော တရားလမ်းကို ညွှန်ကြားပြသတော်မူရန်အလို့ငှာလည်းကောင်း (ဖြစ်၏။)

وَيَنصُرَكَ اللّٰهُ نَصْرًا عَزِيزًا ③

၄၈ : ၃ ။ ။ အလ္လာဟ်အသျှင်မြတ်သည် အသင့်အား ကြံ့ခိုင်သော ဘုန်းကျက်သရေရှိသော အောင်မြင်မှုကို ချီးမြှင့်တော်မူရန်အလို့ငှာလည်းကောင်း ဖြစ်ပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ကေန်မလွဲ ငါအသျှင်မြတ်သည် (ဤ 'ဟုဒိုင်ဗီယာဟ်' စစ်ပြေငြိမ်းရေး စာချုပ်ချုပ်ဆိုမှုအားဖြင့်) အသင့်အား ထင်ရှားစွာသော အောင်နိုင်မှုတစ်ရပ်ကို ချီးမြှင့်တော်မူလိုက်သည်။

('ဟုဒိုင်ဗီယာဟ်'ငြိမ်းချမ်းရေးစာချုပ်သည် အဓိကလိုလားသော အောင်မြင်မှုဖြစ်သည့် မက္ကာဟ်ကို အောင်နိုင်ခြင်း၏ အကြောင်းခံဖြစ်၍တည်း။ ဤသို့ အကြောင်းခံဖြစ်ရှိရန်ပင် ဤငြိမ်းချမ်းရေးသည်ပင် အောင်နိုင်မှု ဖြစ်ခဲ့ရသည်။ မက္ကာဟ်ကို အောင်နိုင်ခြင်းအား ထင်ရှားစွာသော အောင်နိုင်ခြင်းဟု ခေါ်ဆိုရခြင်းမှာ 'မြို့၊ ရွာတစ်ခုအား အောင်နိုင်ခြင်းအားဖြင့် အစ္စလာမ်သာသနာတော်၏ အဓိကရည်ရွယ်ချက်မှာ အုပ်ချုပ်ရေးအာဏာ ရရှိလိုခြင်းမဟုတ်ပေ။ ထိုမျှမက အစ္စလာမ်သာသနာတော်ကြီး လွှမ်းမိုးသော သာသနာဖြစ်သွားခြင်းကိုသာ ရည်ရွယ်ခြင်းဖြစ်သည်။ မက္ကာဟ်ကို အောင်နိုင်ခြင်းဖြင့် ဤရည်ရွယ်ချက်သည် ကြီးမားသော အတိုင်းအတာအထိ ရရှိသွားခဲ့သည်။ အဘယ်ကြောင့်ဆိုသော် အာရဗ်နိုင်ငံရှိ မျိုးနွယ်အုပ်စုအားလုံးသည် အကယ်၍ ကိုယ်တော်မြတ် ﷺ အနေဖြင့် မိမိ၏ အမျိုးသားများအပေါ်၌ အောင်နိုင်မှု ရရှိသွားပါလျှင် ကျွန်ုပ်တို့သည်လည်း ဦးညွှတ်လိုက်နာကြပါမည်'ဟု ဆို၍ စောင့်ဆိုင်းနေကြသောကြောင့် ဖြစ်သည်။ မက္ကာဟ်ကို အောင်နိုင်ပြီးသည့်အခါ လေးဘက်လေးရံမှ အာရဗ်လူမျိုးစုများသည် အစုလိုက်အပြုံလိုက်သော်လည်းကောင်း၊ တစ်ဦးချင်းသော်လည်းကောင်း၊ မိမိ၏ အမျိုးသားအုပ်စုများနှင့်အတူလည်းကောင်း အစ္စလာမ်သာသနာဘောင်သို့ ဝင်ရောက်လာကြသည်။ အစ္စလာမ်သာသနာ၏ ကြီးမားသည့် အောင်နိုင်မှုပုံရိပ်များသည် မက္ကာဟ်ကို အောင်နိုင်ခြင်းမှ စတင်ခဲ့သည်။ ထို့ကြောင့် ဤအောင်နိုင်မှုကို ထင်ရှားသော အောင်နိုင်မှုဟု မိန့်ကြားတော်မူခြင်းဖြစ်သည်။ 'ဟုဒိုင်ဗီယာဟ်'ငြိမ်းချမ်းရေးသည် ဤမက္ကာဟ်ကို အောင်နိုင်ခြင်း၏ အကြောင်းခံဖြစ်ရသည်မှာ မွတ်စ္စလင်မ်တို့သည် မက္ကာဟ်သားတို့နှင့် မကြာခဏ တိုက်ခိုက်နေရသည်။ ထိုသို့ မကြာခဏ စစ်ထိုးတိုက်ခိုက်နေရခြင်းကြောင့် မွတ်စ္စလင်မ်များအဖို့ မိမိတို့၏ အင်အားနှင့် စစ်လက်နက်များ ဖြည့်တင်းနိုင်ရန် အချိန်မရခဲ့ပေ။ 'ဟုဒိုင်ဗီယာဟ်' ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုပြီးသောအခါ မွတ်စ္စလင်မ်တို့သည် စိတ်ချလက်ချ ကြိုးပမ်းခဲ့ကြသည်။ ထိုကြိုးပမ်းမှုအားဖြင့် များစွာသော လူများသည် မွတ်စ္စလင်မ်ဖြစ်လာခဲ့ကြသည်။ မွတ်စ္စလင်မ်တို့၏ အင်အား တိုးမြှင့်တောင့်တင်းလာခဲ့သည်။ 'ခိုင်ဗရ်'စသည်တို့ကို အောင်နိုင်ခြင်းကြောင့် စစ်လက်နက်အင်အားလည်း ပို၍ တောင့်တင်းကောင်းမွန်ခဲ့သည်။)

(ထို့နောက် အခြားသူများအပေါ် လွှမ်းမိုးနိုင်သော အခြေအနေသို့ ရောက်ရှိခဲ့သည်။ ထို့ပြင် ကုရိုက်ရှ်တို့ဘက်မှ ကတိသစ္စာ ချိုးဖောက်လာသောအခါ ကိုယ်တော်မြတ် ﷺ သည် ဆွဟာဗာ (၁၀၀၀၀) ဖြင့် အတူရင်ဆိုင်ရန် ထွက်လာခဲ့သည်။ မက္ကာဟ်သားတို့သည် ကောင်းစွာ တိုက်ခိုက်ခြင်းပင် မပြုနိုင်လိုက်ပေ။ ကြောက်ရွံ့၍ အမိန့်နာခံရန် သဘောတူလိုက်ကြသည်။ တိုက်ခိုက်ခြင်း ဖြစ်ပေါ်ခဲ့သည် ဆိုသည်မှာလည်း ပညာရှင်များအတွင်း မက္ကာဟ်ကို အောင်နိုင်ခြင်းသည် ငြိမ်းချမ်းရေးဖြင့် ဖြစ်ပါသလား။ (သို့) စစ်တိုက်ခိုက်ခြင်းဖြင့် ဖြစ်ပါသလားဆိုသည်ကို ကွဲလွဲမှုရှိသည်အထိ တိုက်ခိုက်မှု နည်းပါးခဲ့သည်။

အချုပ်မှာ ဤငြိမ်းချမ်းရေးသည် အောင်နိုင်ခြင်း၏ အကြောင်းခံဖြစ်သည့်အတွက် သွယ်ဝိုက်သော အနေဖြင့် ဤငြိမ်းချမ်းရေးကိုလည်း အောင်နိုင်ခြင်းဟုပင် မိန့်ကြားတော်မူခြင်း ဖြစ်သည်။ ထိုမိန့်ကြားခြင်းတွင် မက္ကာဟ်ကို အောင်နိုင်မည့်အကြောင်း ကြိုတင်မိန့်ကြားခြင်းလည်း ပါဝင်သည်။ ရှေ့တွင် ဤအောင်နိုင်ခြင်း၏ လောကီရေးနှင့် လောကုတ္တရာရေး အကျိုးအမြတ်များနှင့် 'ဗရ်ကသ်'မင်္ဂလာများအကြောင်း

တင်ပြသည်မှာ ဤအောင်နိုင်ခြင်းရရှိသည့် အကြောင်းမှာ) သို့မှသာ (သာသနာဖြန့်ချီမှုနှင့် မှန်ကန်သော သာသနာတော်ဘက်သို့ ဖိတ်ခေါ်ရာတွင် အသင်၏ ကြိုးပမ်းမှုများ၏ ရလဒ်သည် ဤကဲ့သို့ ပေါ်လွင်စေရန် ဖြစ်သည်။ လူများစွာတို့ အစ္စလာမ်သာသနာအတွင်း ဝင်ရောက်လာကြ၍လည်းကောင်း၊ ထိုသို့ ဝင်ရောက်လာခြင်းဖြင့် အသင်၏ အကျိုးကုသိုလ် များပြားစွာ ရရှိစေ၍လည်းကောင်း၊ ကုသိုလ်အကျိုး များပြားခြင်းနှင့် နီးကပ်မှုတို့၏ 'ဗရ်ကသ်'မင်္ဂလာဖြင့်) အလ္လာဟ်အသျှင်မြတ်သည် အသင်၏ ရှေ့၊ နောက် (အပေါ်ယံသဏ္ဍာန်အားဖြင့်) မှားယွင်းချွတ်ချော်မှု အားလုံးကို ခွင့်လွှတ်ချမ်းသာပေးတော်မူ၍လည်းကောင်း၊ ထို့ပြင် အသင့်အပေါ်၌ (အလ္လာဟ်အသျှင်မြတ်သည်) မိမိ၏ ကျေးဇူးတော်များ (ပြုလာတော်မူခဲ့သည့်အတိုင်း ဥပမာ- အသင့်အား 'နဗူဝသ်'ကို ချီးမြှင့်ခဲ့သည်။ ကုရ်အာန်ကျမ်းတော်မြတ်ကို ချီးမြှင့်တော်မူခဲ့သည်။ အသိပညာများစွာကို ချီးမြှင့်တော်မူခဲ့သည်။ ပြုမူဆောင်ရွက်ချက်တို့၏ အကျိုးကုသိုလ်များကို ချီးမြှင့်တော်မူခဲ့သည်။ ထိုကျေးဇူးတော်များ) ကို (ထပ်မံ တိုးမြှင့်၍) ပြည့်စုံစေတော်မူ၍လည်းကောင်း (အသင်၏ လက်ပေါ်တွင် များစွာသော လူတို့သည် အစ္စလာမ်သာသနာတော်ကို ဝင်ရောက်လာခဲ့သည်။ ထိုသို့ ဝင်ရောက်လာခြင်းကြောင့် အသင့်အဖို့ အကျိုးကုသိုလ်များ နီးကပ်မှုအဆင့်အတန်း ပို၍ မြင့်မားမှုရရှိခဲ့သည်။ ဤကျေးဇူးတော်နှစ်ပါးမှာမူ တမလွန်နှင့် ပတ်သက်ပေသည်။) ထို့နောက် (လောကီရေးနှင့် စပ်လျဉ်းသော ကျေးဇူးတော်နှစ်ပါးအနက် တစ်ပါးမှာ) အသင့်အား (အတားအဆီးမရှိဘဲ သာသနာတော်၏) ဖြောင့်မတ်သော တရားလမ်းကို ညွှန်ကြားပြသတော်မူရန်လည်းကောင်း၊ (အမှန်စင်စစ် အသင်၏ ဖြောင့်မတ်မှန်ကန်သော တရားလမ်းမှန်ပေါ်၌ လျှောက်လှမ်းနေခြင်းကို ကနဦးမှပင် သံသယမရှိ၊ မုချ ယုံကြည်ရသောအချက် ဖြစ်ပေသည်။ သို့ရာတွင် ယခင်က ကာဖိရ်တို့၏ အတားအဆီးများ ရှိခဲ့ပေသည်။ ယခုမူ ဤအတားအဆီးများ ရှိတော့မည်မဟုတ်ပေ။) ထို့ပြင် (အခြား ကျေးဇူးတော်တစ်ပါးမှာ) အလ္လာဟ်အသျှင်မြတ်သည် အသင့်အား ဂုဏ်ကျက်သရေရှိသော အောင်နိုင်မှုကို ချီးမြှင့်တော်မူရန်လည်းကောင်း ဖြစ်ပေသည်။

(ဆိုလိုသည်မှာ အသင့်အား မည်သည့်အခါတွင်ဖြစ်စေ၊ မည်သူကမျှ နှိပ်ကွပ်နိုင်မည် မဟုတ်တော့ပေ။ သို့ဖြစ်ပေရာ ဤအတိုင်းပင် ဖြစ်ခဲ့ပေသည်။ အာရဗ်ကျွန်းဆွယ်တစ်ခုလုံးသည် ကိုယ်တော်မြတ် ﷺ ၏ အုပ်ချုပ်မှုလက်အောက်တွင် ရောက်ရှိခဲ့ရသည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

အများစု ဆွဟာဗာသခင်များ၊ သာဗိအီများနှင့် သဖ်စီးရ်အေမာမ်များထံတွင် စူရာဟ် 'ဖသဟ်' သည် ဟိဂျ်ရီ (၆) ခုနှစ်တွင် ကျရောက်ခဲ့သည်။ ထိုစဉ်က ကိုယ်တော်မြတ် ﷺ သည် 'အွမ်ရဟ်'ပြုရန် ရည်ရွယ်လျက် မက္ကာဟ်မြို့အနီး 'ဟုဒိုင်ဗိယာဟ်'အရပ်သို့ ရောက်ရှိပြီး ထိုအရပ်၌ စခန်းချ ရပ်နားတော်မူခဲ့သည်။ သို့ရာတွင် မက္ကာဟ်ရှိ ကုရိုက်ရှ်တို့သည် ကိုယ်တော်မြတ် ﷺ အား မက္ကာဟ်မြို့သို့ ဝင်ရောက်မည်ကို တားမြစ်ခဲ့ကြသည်။ ဤသို့ ဖြစ်ခြင်းအပေါ် နောက်ဆုံးတွင် ငြိမ်းချမ်းရေးပြုလုပ်ရန် ဖြစ်လာခဲ့သည်။

ငြိမ်းချမ်းရေးစာချုပ်အရ ဤနှစ်တွင်မူ ကိုယ်တော်မြတ် ﷺ သည် လှည့်ပြန်သွားရမည်ဟု ဖြစ်သည်။ များစွာသော ဆွဟာဗာတို့သည် အထူးသဖြင့် (ဖာရူကေးအအ်ဇွာမ်) ဟဇရသ်ဥမရ် ؓ သည် ဤနည်းဖြင့် စာချုပ်ချုပ်ဆိုခြင်းကို လုံးဝ မနှစ်မြို့ခဲ့ပေ။ သို့ရာတွင် ကိုယ်တော်မြတ် ﷺ သည် အသျှင်မြတ်၏ ဘက်တော်မှ အရိပ်အမြွက်ပြ ညွှန်ကြားချက်များအရ ဤငြိမ်းချမ်းရေးစာချုပ်ကို မွတ်စ္လလင်မ်များ အောင်မြင်မှု၏ အကြောင်းတရားဟု မှတ်ယူပြီး လက်ခံတော်မူခဲ့သည်။ ဤအကြောင်း အကျယ်တဝင့် ရှင်းလင်းချက်သည် ရှေ့၌ လာပေမည်။

ကိုယ်တော်မြတ် ﷺ သည် မိမိ၏ 'အွမ်ရဟ်'၏ 'အိဟ်ရာမ်'ကို ချွတ်၍ 'ဟုဒိုင်ဗီယဟ်'မှ ပြန်လာသောအခါ အပြန်လမ်းတွင် ဤစူရာဟ်အပြည့်အစုံ ကျရောက်လာလေသည်။ ဤစူရာဟ်တွင် 'တမန်တော်မြတ် ﷺ ၏ အိပ်မက်သည် အမှန်ဖြစ်ကြောင်း၊ မုချ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ သို့သော် ဤသို့ ဖြစ်ပေါ်လာမည့်အချိန်သည် ယခုမဟုတ်။ မက္ကာဟ်ကို အောင်နိုင်သည့်အချိန်တွင် ဖြစ်ပေါ်လိမ့်မည်'ဟု တင်ပြထားသည်။ ဤ 'ဟုဒိုင် ဗီယာဟ်'ငြိမ်းချမ်းရေးကို ထင်ရှားသော အောင်မြင်မှုဟု တင်စားခိုင်းနှိုင်းထားသည်။ အဘယ်ကြောင့်ဆိုသော် ဤငြိမ်းချမ်းရေးသည်ပင် အမှန်စင်စစ် မက္ကာဟ်ကို အောင်နိုင်ခြင်း၏ အကြောင်းတရားဖြစ်သောကြောင့်ပင် ဖြစ်သည်။

ဟဇရသ်အဗ်ဒွလ္လာဟ်ဗင်နိမက်စ်အူးဒ် ؓ သခင်နှင့် အခြားသော အချို့ဆွဟာဗာများက မိန့်ဆိုကြသည်မှာ 'အသင်တို့သည် မက္ကာဟ်အား အောင်နိုင်ခြင်းကိုသာ အောင်နိုင်ခြင်းဟု မှတ်ယူကြသည်။ ကျွန်ုပ်တို့သည် 'ဟုဒိုင်ဗီယာဟ်' ငြိမ်းချမ်းရေးကိုသာ အောင်နိုင်ခြင်းဟု မှတ်ယူပါသည်'ဟု ဖြစ်သည်။ အလားတူ ဟဇရသ်ဂျာဗိရ် ؓ သခင်က မိန့်ဆိုသည်မှာ 'ကျွန်ုပ်သည် 'ဟုဒိုင်ဗီယာဟ်'ငြိမ်းချမ်းရေးကိုသာ အောင်နိုင်ခြင်းဟု မှတ်ယူပါသည်'ဟု ဖြစ်သည်။ ထို့ပြင် ဟဇရသ်ဗရာဗင်နအာဇိဗ် ؓ သခင်က မိန့်ဆိုသည်မှာ 'အသင်တို့သည် မက္ကာဟ်အား အောင်နိုင်ခြင်းကိုသာ အောင်နိုင်ခြင်းဟု မှတ်ယူကြသည်။ ဤအောင်နိုင်ခြင်းသည်လည်း အောင်နိုင်ခြင်းပင်ဖြစ်ကြောင်း မည်သည့်သံသယမျှ မရှိပါ။ သို့ရာတွင် ကျွန်ုပ်သည် 'ဟုဒိုင်ဗီယာဟ်'ဖြစ်ရပ်၌ တမန်တော်မြတ် ﷺ သည် သစ်ပင်တစ်ပင်အောက်၌ (၁၄၀၀) တစ်ထောင့်လေးရာ အရေအတွက်ရှိသော ဆွဟာဗာတို့ထံမှ 'ဂျီဟားဒ်'ပြုရန် 'ဗိုင်အသ်'ယူခဲ့သော 'ဗိုင်အသ် ရိဍွဝါးန်'ကိုသာ အောင်နိုင်ခြင်းဟု မှတ်ယူပါသည်'ဟု ဖြစ်သည်။ ဤစူရာဟ်တွင် ဖော်ပြပါ 'ဗိုင်အသ်' အကြောင်းကိုလည်း ဖော်ပြထားသည်။ *[အိဗ်နုကစီးရ်]*

ဤစူရာဟ်သည် 'ဟုဒိုင်ဗီယာဟ်'ဖြစ်ရပ်နှင့် စပ်လျဉ်း၍ ကျရောက်ခဲ့ကြောင်း သိရှိရပြီးဖြစ်သည်။ ဤဖြစ်ရပ်၏ အစိတ်အပိုင်းများစွာကို ဤစူရာဟ်၌ တင်ပြထားသည်လည်း ဖြစ်သည့်အတွက် ဤဖြစ်ရပ်ကိုပင် ဦးစွာ တင်ပြရန် သင့်တော်မည်ဟု ယူဆပါသည်။ သဖ်စီးရ်အိဗ်နုကစီးရ်ကျမ်းတွင် ဤအကြောင်းကို အသေးစိတ် ဖော်ပြထားသည်။ ထို့ထက်ပို၍ သဖ်စီးရ်မဇ္ဇဟရီကျမ်းတွင် ဤအကြောင်းကို စာမျက်နှာ (၁၄) မျက်နှာဖြင့် အစမှအဆုံး အကျယ်တဝင့်ဖြင့်လည်းကောင်း၊ ခိုင်မာသော ဟဒီးစ်ကျမ်းအထောက်အထားများဖြင့်လည်းကောင်း တင်ပြထားသည်။ ဤတင်ပြချက်၌ များစွာသော 'မုအ်ဂျေဇာဟ်'များ၊ ဆုံးမ ဩဝါဒ

တော်များ၊ ပညာရေး၊ သာသနာရေး၊ နိုင်ငံရေးတို့နှင့် စပ်လျဉ်းသည့် လမ်းညွှန်မှုများလည်း ပါဝင်ပေသည်။ ၎င်းတို့အနက် ဤစူရာဟ်၌ပင် တင်ပြထားသော အချို့အစိတ်အပိုင်းများကိုလည်းကောင်း၊ (သို့) ဤစူရာဟ်နှင့် နက်နက်နဲနဲ ပတ်သက်ဆက်စပ်သော အကြောင်းအရာများကိုလည်းကောင်း တင်ပြမည်ဖြစ်သည်။ သို့မှသာ ရှေ့တွင် လာမည့် ဤအကြောင်းအရာနှင့် ပတ်သက်သော အာယသ်တော်များ၏ သဖ်စီးရ်ကို နားလည်ရန် လွယ်ကူသွားပေမည်။ ဤတင်ပြချက်အားလုံးသည် သဖ်စီးရ်မဇ္ဇဟရီကျမ်းမှ ကောက်နှုတ်တင်ပြထားခြင်း ဖြစ်သည်။ အခြားကျမ်းများမှ ကောက်နှုတ်တင်ပြထားသည်များတွင် ၎င်းတို့၏ အညွှန်းကို တင်ပြပေးထားသည်။

'ဟုဒိုင်ဗိယာဟ်' ဖြစ်ရပ်

'ဟုဒိုင်ဗိယာဟ်'သည် မက္ကာဟ်မြို့၏ မြို့ပြင် 'ဟရာမ်'နယ်နိမိတ်နှင့် လုံးဝ ဆက်စပ်လျက်ရှိသော နေရာတစ်ခု၏ အမည်ဖြစ်သည်။ ယခုအခါ ထိုနေရာကို شميسي 'ရှမီစဟ်'ဟု ခေါ်ဆိုသည်။ ဤဖြစ်ရပ်သည် အဆိုပါနေရာ၌ ဖြစ်ပေါ်ခဲ့သည်။

ပထမအပိုင်း

တမန်တော်မြတ် ﷺ ၏ အိပ်မက်

ဤဖြစ်ရပ်၏ အစိတ်အပိုင်းတစ်ခုမှာ အဗ်ဒ်ဗင်န်ဟုမိုင်း:ဒ် (ရဟ) နှင့် ဗိုင်ဟကီ (ရဟ) စသည်တို့၏ ဆင့်ပြန်ချက်များအရ တမန်တော်မြတ် ﷺ သည် မဒီနာတွင် အိပ်မက်မြင်မက်တော်မူသည်မှာ ကိုယ်တော်မြတ် ﷺ သည် မက္ကာဟ်ရွှေမြို့တော်တွင် ဆွဟာဗာတို့နှင့်အတူ အေးချမ်းစွာပင် ဝင်ရောက်ခဲ့ကြသည်။ ထို့နောက် 'အွမ်ရာဟ်'ပြုပြီး အချို့သူတို့မှာ ခေါင်းတုံးကြသည်။ အချို့မှာ ဆံပင်ဖြတ်ကြသည်။ ထို့နောက် ကိုယ်တော်မြတ် ﷺ သည် 'ဗိုင်သွလ္လာဟ်' ('ကအ်ဗာဟ်'ကျောင်းတော်ကြီး) ထဲသို့ ဝင်တော်မူသည်။ 'ဗိုင်သွလ္လာဟ်'၏ သော့သည် ကိုယ်တော်မြတ် ﷺ ၏ လက်ဝယ်၌ ရောက်ရှိလာသည်'ဟု ဖြစ်သည်။

ဤအိပ်မက်သည် ဤစူရာဟ်၌ ဖော်ပြပါရှိမည့် ဤဖြစ်ရပ်၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။ နဗီ တမန်တော်များ၏ အိပ်မက်သည် 'ဝဟီ'ပင်ဖြစ်ရာ၊ ထို့ကြောင့် ဤအိပ်မက်အတိုင်း ဖြစ်ပေါ်လာမည်မှာ မုချ အမှန်တကယ်ပင် ဖြစ်၏။ သို့ရာတွင် အိပ်မက်၌ ဤဖြစ်ရပ်အတွက် မည်သည့်နှစ်တွင် ဖြစ်မည်။ (သို့) မည်သည့်လတွင် ဖြစ်မည်ကို သတ်မှတ်ဖော်ပြခြင်း မရှိပေ။ စင်စစ် ဤအိပ်မက်သည် မက္ကာဟ်မြို့ကို အောင်နိုင်သောအခါတွင်မှ ပြည့်ဝမည်ဖြစ်သည်။ သို့သော် တမန်တော်မြတ် ﷺ သည် ဆွဟာဗာတို့အား ဤအိပ်မက်အကြောင်း တင်ပြတော်မူသောအခါ ဆွဟာဗာများအားလုံးသည် မက္ကာဟ်မြို့သို့ သွားရောက်ရန်ကိုလည်းကောင်း၊ 'ဗိုင်သွလ္လာဟ်' ('ကအ်ဗာဟ်'ကျောင်းတော်ကြီး) အား 'သွဝါး:ဖ်'ပြုရန် စသည်တို့အတွက်

လည်းကောင်း ချက်ချင်းပင် အသင့်ဖြစ်သွားသည်အထိ ဆန္ဒများ ပြင်းပြလျက် ရှိသွားကြသည်။ ဆွဟာဗာများ၏ အုပ်စုတစ်စု အဆင်သင့်ဖြစ်သွားသောအခါ တမန်တော်မြတ် ﷺ သည်လည်း မက္ကာဟ်မြို့သို့ သွားရန် ဆန္ဒပြုတော်မူလိုက်သည်။ အဘယ်ကြောင့်ဆိုသော် အိပ်မက်တွင် မည်သည့်နှစ်၊ မည်သည့်လဟူ၍ သတ်မှတ်ခြင်း မပါရှိသောကြောင့် ယခုပင် ဤရည်ရွယ်ချက် ဆန္ဒပြည့်မြောက်သွားမည်လော ဟူ၍ မျှော်လင့်ချက်ကြောင့် ဖြစ်သည်။ *[ဗယာနုလ်ကုရ်အာန်၊ ရူဟွလ်မအာနီ။]*

ဒုတိယအပိုင်း

ကိုယ်တော်မြတ် ﷺ သည် ဆွဟာဗာများနှင့်အတူ တောသားမွတ်စ္လင်မ်များကိုလည်း အတူ လိုက်ပါရန် ခေါ်ဆောင်လာခြင်းနှင့် အချို့သူတို့က ငြင်းဆန်ခြင်းအကြောင်း

အိဗ်နုစအဒ် (ရဟ) စသည်တို့၏ ဆင့်ပြန်ချက်တွင် လာရှိသည်မှာ ကိုယ်တော်မြတ် ﷺ နှင့် ဆွဟာဗာတို့သည် 'အွမ်ရဟ်'ပြုလုပ်ရန် ရည်ရွယ်တော်မူလေသောအခါ 'မက္ကာဟ်ရှိ ကာဖိရ်တို့သည် 'ကျွန်ုပ်တို့အား တားမြစ်ကြလိမ့်မည်'ဟူ၍ ကိုယ်တော်မြတ် ﷺ မှာ စိုးရိမ်တော်မူခဲ့သည်။ ထို့ပြင် ဤသို့ တားမြစ်ခုခံရန်အတွက် စစ်ထိုးတိုက်ခိုက်ခြင်းလည်း ဖြစ်နိုင်ရာ ကိုယ်တော်မြတ် ﷺ သည် မဒီနာမြို့၏ အနီးဝန်းကျင်ရှိ ကျေးရွာများမှ အာရဗ်ကျေးတောသားများကိုလည်း ကြေညာ၍ အတူလိုက်ပါရန် ဖိတ်ခေါ်ခဲ့သည်။ ထိုကျေးတောသားများအနက် များစွာသောသူတို့သည် အတူလိုက်ပါရန်ကို အကြောင်းပြ၍ ငြင်းဆိုခဲ့ကြသည်။ ထို့နောက် 'မိုဟမ္မဒ် ﷺ နှင့် ၎င်း၏ အပေါင်းအပါများသည် ကျွန်ုပ်တို့အား စစ်လက်နက်ပြည့်စုံ၍ အင်အားကြီးမားသော မက္ကာဟ်မြို့ရှိ ကုရိုက်ရှ်တို့နှင့် စစ်ထိုးတိုက်ခိုက်စေလိုခြင်း ဖြစ်သည်။ ၎င်းတို့အဖို့မှာ ဤခရီးမှ အသက်ရှင်လျက် ပြန်လာကြမည်မဟုတ်'ဟု ပြောဆိုကြလေသည်။ *[မဇ္ဇ်ဟရီးကျမ်း]*

တတိယအပိုင်း

မက္ကာဟ်မြို့တော်သို့ ခရီးထွက်လာခြင်း

အေမာမ်အဟ်မဒ် (ရဟ)၊ ဘိုခါရီ (ရဟ)၊ အဗူဒါဝူးဒ် (ရဟ) နှင့် နစာအီ (ရဟ) စသော အေမာမ်ကြီးများ၏ ဆင့်ပြန်ချက်များအရ မက္ကာဟ်သို့ ခရီးမထွက်မီအလျင် ကိုယ်တော်မြတ် ﷺ သည် ရေချိုးတော်မူသည်။ အဝတ်အစားအသစ်ကို ဝတ်ဆင်တော်မူသည်။ ထို့နောက် မိမိ၏ အစီးအနင်းတော်ကုလားအုတ်မ 'ကဆွ်ဝါ'အပေါ်၌ စီးနင်းတော်မူသည်။ ထို့နောက် 'အွန်းမွလ်မုအ်မိနီးန်' ဟဇရသ်အွန်းမေ့စလ်မာဟ် ﷺ သခင်မကို အတူခေါ်ဆောင်ခဲ့သည်။ ကိုယ်တော်မြတ် ﷺ နှင့်အတူ မုဟာဂျိရ်များ၊ အန်ဆွာရ်များနှင့် ကျေးရွာများမှ လာရောက်ပါဝင်သူတို့၏ အရေအတွက်မှာ များစွာသော ဆင့်ပြန်ချက်များအရ

(၁၄၀၀) တစ်ထောင့်လေးရာ ရှိပေသည်။ တမန်တော်မြတ်၏ အိပ်မက်ကြောင့် ဤအချိန်မှာပင် မက္ကာဟ်ကို အောင်နိုင်မည်ဟူသော အရေးတွင် မည်သည့်သံသယမျှ မရှိကြပေ။ စင်စစ် ၎င်းတို့နှင့်အတူ ဓါးရှည်များမှအပ အခြားလက်နက်တစ်စုံတစ်ရာမျှ မပါရှိပေ။ ကိုယ်တော်မြတ် ﷺ သည် ဆွဟာဗာများနှင့်အတူ ဇိလ်ကအ်ဒဟ် လဆန်းပိုင်း၊ တနင်္လာနေ့တွင် ခရီးထွက်ခွာလာခဲ့သည်။ 'ဇွလ်ဟုလိုင်ဖာဟ်'အရပ်သို့ ရောက်သောအခါ 'အိဟ်ရာမ်'ဝတ်တော်မူခဲ့သည်။ *[မဂ္ဂဟာရီကျမ်း]*

စတုတ္ထအပိုင်း

မက္ကာဟ်မြို့သားတို့နှင့် ရင်ဆိုင်ရန် အသင့်ပြင်ဆင်ခြင်း

တစ်ဘက်တွင် မက္ကာဟ်သားတို့မှာ တမန်တော်မြတ် ﷺ သည် ဆွဟာဗာတို့၏ ကြီးမားသော အုပ်စုနှင့်အတူ မက္ကာဟ်သို့ ခရီးထွက်လာနေကြောင်း သတင်းရရှိလေသောအခါ ၎င်းတို့အချင်းချင်း စုရုံး၍ ဆွေးနွေးကြသည်မှာ 'မိုဟမ္မဒ် ﷺ သည် မိမိ၏ ဆွဟာဗာများနှင့်အတူ 'အွမ်ရဟ်'ပြုရန် လာနေကြသည်။ အကယ်၍ ကျွန်ုပ်တို့သည် ၎င်းတို့အား မက္ကာဟ်သို့ ဝင်ရောက်ခွင့်ပြုလိုက်ပါလျှင် အာရဗ်တစ်ခွင်လုံးတွင် ၎င်းတို့သည် ကျွန်ုပ်တို့အပေါ် အောင်နိုင်မှုရရှိ၍ မက္ကာဟ်သို့ ရောက်ရှိလာခဲ့ကြခြင်းဖြစ်သည်ဟု ကျော်ကြားသွားပေလိမ့်မည်။ အမှန်စင်စစ် ကျွန်ုပ်တို့နှင့် ၎င်းတို့အကြား စစ်ပွဲများ အကြိမ်ကြိမ် ဖြစ်ခဲ့ကြပါသည်' ဟု ဖြစ်သည်။

ထိုအခါ အားလုံးတို့သည် 'ကျွန်ုပ်တို့သည် ဤသို့ ဖြစ်ခွင့်ပေးမည်မဟုတ်ပါ'ဟု ကတိသစ္စာ ဆိုခဲ့ကြသည်။ ထို့နောက် ကိုယ်တော်မြတ် ﷺ အား ဟန့်တား ခုခံရန်အတွက် ခါလိဒ်ဗင်န်ဝလီးဒ်အား (၎င်းသည် ထိုအချိန်အထိ မွတ်စ္စလင်မ်မဖြစ်သေးပေ။) အုပ်စုတစ်စု၏ ခေါင်းဆောင်အဖြစ် ခန့်အပ်လျက် မြို့ပြင်ရှိ كراع الغميم 'ကုရာအွလ်ဂမီးမ်'အရပ်သို့ စေလွှတ်လိုက်သည်။ ထို့ပြင် အနီးဝန်းကျင်ရွာများမှ လူများကိုလည်း အတူ ပူးပေါင်းစေခဲ့သည်။ 'သွာအိဖ်'မှ ဗနူစကီးဖ်မျိုးနွယ်ဝင်များသည်လည်း ၎င်းတို့နှင့်အတူ ပူးပေါင်းခဲ့ကြသည်။ ၎င်းတို့သည် بلدح 'ဗလ်ဒဟ်'အရပ်၌ စခန်းချကြလေသည်။ ၎င်းတို့အားလုံးသည် တမန်တော်မြတ် ﷺ အား မက္ကာဟ်မြို့သို့ ဝင်ရောက်ခြင်းမှ တားဆီးခုခံရန်နှင့် ကိုယ်တော်မြတ် ﷺ နှင့် ရင်ဆိုင်ရာတွင် စစ်ထိုးတိုက်ခိုက်ရန် အချင်းချင်း ကတိသစ္စာပြုကြသည်။

သတင်းပေးပို့သည့် ထူးဆန်းသော နည်းလမ်းတစ်ရပ်

၎င်းတို့သည် တမန်တော်မြတ် ﷺ ၏ အခြေအနေများကို သိရှိနေရန်အတွက် 'ဗလ်ဒဟ်'အရပ်မှ စ၍ ကိုယ်တော်မြတ် ﷺ ရောက်ရှိနေသော အရပ်ထိတိုင် တောင်ကုန်းများအပေါ်တွင် လူအချို့ကို ကင်းထောက်

အဖြစ် ချထားသည်။ သို့မှသာ ၎င်းတို့သည် ကိုယ်တော်မြတ် ﷺ ၏ အခြေအနေအားလုံးကို စောင့်ကြည့်ပြီး ကိုယ်တော်မြတ် ﷺ ရှိရာနှင့် အနီးဆုံး တောင်ကုန်း၌ ရှိသူက ဒုတိယတောင်ကုန်းသို့ ဟစ်အော်၍ ပြောဆိုပေမည်။ ၎င်းက တတိယတောင်ကုန်း၌ ရှိသူထံသို့လည်းကောင်း၊ ၎င်းက စတုတ္ထတောင်ကုန်း၌ ရှိသူထံသို့လည်းကောင်း သတင်းပေးပို့ခြင်း ဖြစ်သည်။ ဤနည်းဖြင့် မိနစ်အနည်းငယ်အတွင်း၌ ကိုယ်တော်မြတ် ﷺ ၏ လှုပ်ရှားမှုများသည် 'ဗလ်ဒဟ်' ၌ ရှိသူတို့ သိရှိသွားရပေသည်။

တမန်တော်မြတ် ﷺ ၏ သတင်းထောက်

ကိုယ်တော်မြတ် ﷺ သည် ဗိရှ်ရ်ဗင်နစုဖ်ယာန် ؓ အား မက္ကာသို့ စေလွှတ်တော်မူခဲ့သည်။ ၎င်းသည် လျှို့ဝှက်စွာ မက္ကာဟ်သားတို့၏ အခြေအနေများကို ကြည့်ရှု၍ ကိုယ်တော်မြတ် ﷺ အား သတင်းပေးပို့လေသည်။ ၎င်းသည် မက္ကာဟ်မှ ပြန်လည်ရောက်ရှိလာသောအခါ မက္ကာဟ်သားတို့၏ စစ်ရေးပြင်ဆင်မှုများနှင့် တားဆီးခုခံမည့် အစီအစဉ်များကို သတင်းပေးပို့လေသည်။ တမန်တော်မြတ် ﷺ က မိန့်ကြားသည်မှာ ကုရိုက်ရှ်တို့အဖို့ ဝမ်းနည်းဖွယ်ကောင်းလှပါသည်။ ၎င်းတို့အား စစ်ပွဲများက စားပစ်လိုက်ပြီး ဖြစ်သည်။ သို့တိုင်အောင်လည်း ၎င်းတို့သည် စစ်တိုက်ခြင်းကို မစွန့်လွှတ်ကြပေ။ ၎င်းတို့အဖို့ ကျွန်ုပ်နှင့် အခြားသော အာရပ်မျိုးနွယ်တို့ကို ရင်ဆိုင်တွေ့စေရန် ကောင်းသော အခွင့်အရေးဖြစ်သည်။ အကယ်၍ ဤအရပ်တို့သည် ကျွန်ုပ်အပေါ်၌ အောင်နိုင်သွားပါလျှင် ၎င်းတို့သည် အိမ်၌ ထိုင်နေရင်း ရည်ရွယ်ချက်ပြည့်သူများ ဖြစ်ပေမည်။ အကယ်၍ ကျွန်ုပ်သည် ၎င်းတို့အပေါ် အောင်နိုင်ခဲ့ပါလျှင် ၎င်းတို့သည်လည်း အစ္စလာမ်သာသနာ၌ ဝင်ရောက်ကြပေမည်။ အကယ်၍ ဤသို့မပြုဘဲ စစ်တိုက်ခြင်းကိုသာ ရည်ရွယ်ကြမည်ဆိုလျှင် ၎င်းတို့သည် အင်အားစုစည်းကြပေမည်။ ထို့နောက် ကျွန်ုပ်နှင့် ရင်ဆိုင်ကြပေလိမ့်မည်။ ကုရိုက်ရှ်တို့သည် မည်သို့မှတ်ယူနေကြသည် မသိပေ။ အလ္လာဟ်အသျှင်မြတ်၏ ကစမ်၊ ကျွန်ုပ်သည် အလ္လာဟ်အသျှင်မြတ်က ကျွန်ုပ်အား ပေးအပ်၍ စေလွှတ်သော အမိန့်တော်များနှင့် ပတ်သက်၍ အမြဲတမ်း ၎င်းတို့နှင့် ဆန့်ကျင်၍ ကျွန်ုပ်၏ လည်ဂုတ် (ဦးခေါင်း) တစ်ခုတည်း ကျန်သည်အထိ 'ဂျိဟားဒ်' ပြုလျက် ရှိနေပါမည်' ဟု ဖြစ်သည်။

ပဥ္စမအပိုင်း

ကိုယ်တော်မြတ် ﷺ ၏ စီးတော် ကုလားအုတ်မသည် လမ်းခုလတ်၌ ထိုင်လိုက်ခြင်း

ထို့နောက် တမန်တော်မြတ် ﷺ သည် လူတို့အား စုရုံး၍ 'ခွသ်ဗာဟ်' မိန့်ကြားတော်မူသည်။ ထို့နောက် 'မရှ်ဝရဟ်' ဆွေးနွေးတော်မူသည်။ 'ယခု ကျွန်ုပ်တို့သည် ဤနေရာမှ အာရပ်များနှင့် ဆန့်ကျင်၍ 'ဂျိဟားဒ်' ပြုကြရမည်လော။ (သို့) ကျွန်ုပ်တို့သည် 'ဗိုင်သွလ္လာဟ်' ဘက်သို့ ချီတက်ရမည်လော။ ကျွန်ုပ်တို့အား တားဆီးသူတို့ကို တိုက်ခိုက်ရမည်လော' ဟု မိန့်ကြားမေးမြန်းလေရာ ဟဇရသ်အဘူဗကရ်စ္စိဒ်ဒီးက်

ؓ သခင်နှင့် အခြားသော ဆွဟာဗာများက အကြံဉာဏ်တင်ပြကြသည်မှာ 'ကိုယ်တော်သည် 'ဗိုင်သွလ္လာဟ်' အတွက်သာ ကြွမြန်းလာခြင်း ဖြစ်ပါသည်။ မည်သူနှင့်မျှ စစ်တိုက်ရန်အတွက် လာခြင်းမဟုတ်ပါ။ ထို့ကြောင့် ကိုယ်တော်သည် မိမိ၏ ရည်ရွယ်ချက်အပေါ်၌သာ ရှိတော်မူပါ။ သို့ရာတွင် အကယ်၍ ကျွန်ုပ်တို့အား တစ်စုံတစ်ဦးက မက္ကာဟ်သို့ ဝင်ရောက်ခြင်းကို တားမြစ်ပါလျှင် ကျွန်ုပ်တို့သည် ထိုတားမြစ်သူအား စစ်ထိုး တိုက်ခိုက်ကြပါမည်' ဟု ဖြစ်သည်။ ထို့နောက် ဟဇရသ်မိက်ဒါးဒ်ဗင်န်အတ်စ်ဝဒ် ؓ သခင်က ထ၍ လျှောက်ထားသည်မှာ 'အို၊ ကိုယ်တော်၊ ကျွန်ုပ်တို့သည် ကိုယ်တော့်အား

اِذْهَبْ اَنْتَ وَرَبُّكَ فَقَاتِلَا

(အသင်နှင့် အသင့်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်အားသာ သွားရောက် တိုက်ခိုက်ပါလေ။ ကျွန်ုပ်တို့သည်ကား ဤနေရာ၌သာ ထိုင်နေကြပါမည်) ဟု ပြောဆိုခဲ့သော ဗနီအိစ်ရာအီးလ်များကဲ့သို့ မဟုတ်ပါ။ ကျွန်ုပ်တို့သည် အချိန်အခါမရွေး ကိုယ်တော်နှင့်အတူ တိုက်ခိုက်ကြပါမည်' ဟု ဖြစ်သည်။ တမန်တော်မြတ် ﷺ သည် ဤစကားကို ကြားရပြီး 'ယခု အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် မက္ကာဟ်မြို့တော်သို့ သွားကြကုန်' ဟု မိန့်ကြားတော်မူလိုက်သည်။ ဤသို့ဖြင့် မက္ကာဟ်ဘက်သို့ ခရီးဆက်ပြီး မက္ကာဟ်မြို့တော်အနီးသို့ ရောက်ရှိခဲ့လေသည်။ ခါလိဒ်ဗင်န်ဝလီးဒ် ؓ သခင်နှင့် နောက်လိုက်တို့သည် မက္ကာဟ်မြို့ဘက်သို့ ကိုယ်တော်မြတ် ﷺ သည် တိုးလာနေသည်ကို တွေ့မြင်ရလေသော အခါ မိမိစစ်တပ်၏ တန်းစီထားသော အတန်းကို 'ကိဗ်လာဟ်'ဘက်မှ ပိတ်ဆို့၍ ရပ်စေလိုက်သည်။ တမန်တော်မြတ် ﷺ သည် အုဗာဒ်ဗင်န်ဗိရှ်ရ် ؓ သခင်အား တပ်စိတ်တစ်စိတ်၏ ခေါင်းဆောင်အဖြစ် ခန့်အပ်၍ ရှေ့မှ သွားစေသည်။ ၎င်းသည် ခါလိဒ်ဗင်န်ဝလီးဒ် ؓ ၏ စစ်တပ်နှင့် မျက်နှာချင်းဆိုင်တွင် တန်းစီ ရပ်လိုက်သည်။ ထိုအတောအတွင်း 'ဇုဟုရ်နမာဇ်'အချိန် ကျရောက်လာသည်။ ဟဇရသ်ဗိလားလ် ؓ သည် 'အဇာန်'ဆိုလိုက်သည်။ ထို့နောက် တမန်တော်မြတ် ﷺ သည် ဆွဟာဗာများအားလုံးကို ရှေ့ဆောင်ဦးရွက် ပြုလျက် နမာဇ်ဝတ်ပြုတော်မူသည်။ ခါလိဒ်ဗင်န်ဝလီးဒ် ؓ နှင့် အပေါင်းအပါ စစ်တပ်သည် ကြည့်နေခဲ့ ကြသည်။ နမာဇ်ပြီးဆုံးသည့် နောက်တွင်မှ ခါလိဒ်ဗင်န်ဝလီးဒ် ؓ က 'ကျွန်ုပ်တို့သည် အလွန်ကောင်း သည့် အခွင့်အရေးကို ဖျက်ဆီးခဲ့ကြသည်။ ၎င်းတို့အားလုံး နမာဇ်ဝတ်ပြုနေကြစဉ် ကျွန်ုပ်တို့သည် ၎င်းတို့ အပေါ် တိုက်ခိုက်ခြင်း ပြုနိုင်သည်။ သို့သော် ကိစ္စမရှိပါ။ ၎င်းတို့အဖို့ နောက်ထပ် နမာဇ် အချိန်တစ်ချိန် ကျရောက်လာပါလိမ့်မည်။ ထိုအချိန်ကို စောင့်ဆိုင်းလိုက်ကြပါ'ဟု ပြောဆိုလေသည်။ သို့ရာတွင် ဂျိဗ်ရာအီးလ် ؑ သည် صلوة الخوف 'ဆွလာသွလ်ခေါင်ဖ်' (စစ်တိုက်ခိုက်ချိန် ဖတ်ရသော နမာဇ်ပုံစံ) ၏ အမိန့်တော်များကို ယူဆောင်ပို့ချပေးခဲ့သည်။ တမန်တော်မြတ် ﷺ သည် ၎င်းတို့၏ ရည်ရွယ်ချက် အကြံအစည် များကို သိရှိလျက် နမာဇ်အချိန်တွင် စစ်တပ်ကို နှစ်ဖွဲ့ခွဲ၍ နမာဇ်ဝတ်ပြုနည်းကို သင်ကြားပေးတော်မူခဲ့ သည်။ ထိုသို့ဖြင့် ရန်သူများ၏ အန္တရာယ်မှ ကင်းလွတ်ချမ်းသာရခဲ့လေသည်။

ဆဌမအပိုင်း

'ဟုဒိုင်ဗီယာဟ်' အရပ်တွင် 'မုအ်ဂျေဇာဟ်' တစ်ရပ်

သို့ရာတွင် တမန်တော်မြတ် ﷺ သည် 'ဟုဒိုင်ဗီယာဟ်'အနီးသို့ ရောက်ရှိလေသောအခါ ကိုယ်တော်မြတ် ﷺ ၏ စီးတော်ကုလားအုတ်မမှာ ခြေချော်၍ လဲကျသွားခဲ့သည်။ ဆွဟာဗာများသည် မ၍ ထူရန် ကြိုးစားကြသည်။ သို့ရာတွင် ထူ၍ မရခဲ့ပေ။ လူတို့က 'ကုလားအုတ်မသည် နာကျင်သွားပြီး' ဟု ပြောဆိုကြလေသည်။ ကိုယ်တော်မြတ် ﷺ က 'ကဆွဝါ၏ အပြစ်မဟုတ်ပါ။ ကုလားအုတ်မတွင် ဤသို့ ပြုသည့် အကျင့်လည်း မရှိပါ။ ထိုမျှမက ကုလားအုတ်မအား 'ဆင်တပ်ပိုင်ရှင်'များကို တားဆီးခဲ့သော အသျှင်မြတ်ကပင် တားဆီးတော်မူလိုက်ခြင်း ဖြစ်သည်'ဟု မိန့်ကြားတော်မူလေသည်။ (ထိုအချိန်တွင် တမန်တော်မြတ် ﷺ သည် အိပ်မက်၌ မြင်တွေ့ခဲ့ရသည့် ဖြစ်ရပ်များသည် ဤအချိန်တွင် မဟုတ်သေးကြောင်း ခန့်မှန်းသိရှိသွားပြီး ဖြစ်ပေမည်။) ကိုယ်တော်မြတ် ﷺ သည် ဤအချင်းအရာကို တွေ့မြင်ရပြီး 'မိုဟမ္မဒ် ﷺ ၏ အသက်ဇီဝိန်ကို စိုးပိုင်တော်မူသော အသျှင်မြတ်၏ ကစမ်၊ ယနေ့ ကုရိုက်ရှ်တို့က မည်သည့်စကားပင် ပြောဆိုသည်ဖြစ်စေ၊ ထိုစကားတွင် အလ္လာဟ်အသျှင်မြတ်၏ သင်္ကေတတော်များ၏ ကြီးမြတ်မှုပါရှိလျှင် ကျွန်ုပ်သည် ထိုစကားကို မုချလက်ခံမည်' ဟု မိန့်ကြားလေသည်။ ထို့နောက် ကိုယ်တော်မြတ် ﷺ သည် ကုလားအုတ်မအား အသံတစ်ခုပြုလေရာ ကုလားအုတ်မသည် ထ၍ ရပ်လိုက်လေသည်။ တမန်တော်မြတ် ﷺ သည် ခါလိဒ်ဗင်န်ဝလီးဒ် ﷺ စခန်းချထားရာ နေရာမှ ရွှေ့ပြောင်း၍ 'ဟုဒိုင်ဗီယာဟ်' ၏ အခြားတစ်ဖက်၌ စခန်းချလိုက်သည်။ ထိုနေရာသည် ရေအလွန် ရှားပါးသည့်အပိုင်း ဖြစ်သည်။ ရေပေါသည့် အပိုင်းတို့မှာ ခါလိဒ်ဗင်န်ဝလီးဒ် ﷺ နှင့် 'ဗလ်ဒဟ်'အရပ်၌ ရှိသူတို့က သိမ်းပိုက်ထားလိုက်ပြီး ဖြစ်သည်။ ဤနေရာတွင် တမန်တော်မြတ် ﷺ ၏ 'မုအ်ဂျေဇာဟ်'တစ်ရပ် ဖြစ်ပေါ်လာသည်မှာ တစ်ဖြည်းဖြည်းချင်း ထွက်လျက်ရှိသော ရေထွက်အလွန်နည်းသည့် ရေတွင်းတစ်တွင်း ရှိလေရာ ထိုရေတွင်း၌ ကိုယ်တော်မြတ် ﷺ သည် ပါးလုပ်ကျင်းတော်မူသည်။ ထို့နောက် မိမိ၏ မြှားတံတစ်ချောင်းကို ထိုရေတွင်း၌ စိုက်ထားလိုက်သည်။ ဤသို့ ပြုပြီးသည်နှင့် တစ်ပြိုင်နက်တည်း ရေတွင်းမှ ရေများသည် ဆူပွက်၍ ထွက်လာပြီး ရေတွင် နှုတ်ခမ်းအနီးအထိ ရောက်ရှိလာလေသည်။ ရေတွင်းအပေါ်၌ ရှိသူတို့သည် မိမိတို့၏ ခွက်များဖြင့် ရေခပ်ယူ၍ သုံးစွဲကြလေသည်။

သတ္တမအပိုင်း

မက္ကာဟ်မြို့သားတို့နှင့် ကိုယ်စားလှယ်အဖွဲ့ လွှတ်၍ စကားပြောဆိုခြင်း

ဤနည်းဖြင့် ဆွဟာဗာအားလုံးတို့သည် စိတ်အေးချမ်းသာစွာဖြင့် စခန်းချကာ ခရီးတစ်ထောက် နားနေခဲ့သည်။ ၄င်းနောက် မက္ကာဟ်သားတို့နှင့် ကိုယ်စားလှယ်အဖွဲ့ လွှတ်ကာ စကားပြောဆိုကြလေသည်။

ပထမဦးစွာ 'ဗုဒိုင်လ်ဗင်နဝ်ရ်ကာ့' (နောင်တွင်မှ မွတ်စ္စလင်မ်ဖြစ်လာသူ) သည် မိမိ၏ အပေါင်းအပါများနှင့်အတူ ရောက်ရှိလာသည်။ ထို့နောက် ကိုယ်တော်မြတ် ﷺ အား အကောင်းလိုလားဟန်ဖြင့် လျှောက်ထားသည်မှာ 'မက္ကာဟ်သားကုရိုက်ရှ်တို့သည် အင်အားအပြည့်ဖြင့် ရင်ဆိုင် တိုက်ခိုက်ရန် ထွက်လာနေပါပြီ။ ရေရှိသည့် နေရာများကိုလည်း သိမ်းပိုက်ထားလိုက်ကြပါပြီ။ ၎င်းတို့သည် ကိုယ်တော့်အား မက္ကာဟ်သို့ လုံးဝ ဝင်ရောက်ခွင့်ပြုမည်မဟုတ်ပါ' ဟု ဖြစ်သည်။ တမန်တော်မြတ် ﷺ က 'ကျွန်ုပ်တို့သည် မည်သူ့ကိုမျှ စစ်တိုက်ရန် ရောက်လာခြင်းမဟုတ်ပါ။ သို့ရာတွင် အကယ်၍ တစ်စုံတစ်ဦးသည် ကျွန်ုပ်တို့အား 'အွမ်ရာဟ်' ပြုခြင်းမှ တားမြစ်ပါလျှင် ကျွန်ုပ်တို့သည် စစ်ထိုးတိုက်ခိုက်ကြပါမည်'ဟု မိန့်ကြားလိုက်လေသည်။ ထို့နောက် ကိုယ်တော်မြတ် ﷺ သည် ကနဦးတွင် မိမိ၏ သတင်းထောက် ဗိရှ်ရ် ﷺ အား ပြောကြားခဲ့သည့် စကားများကိုပင် ပြန်လည်ပြောဆို မိန့်ကြားသည်မှာ ကုရိုက်ရှ်တို့အား စစ်ပွဲများစွာတို့က အားအင်ချည့်နဲ့စေလိုက်ပြီးဖြစ်သည်။ အကယ်၍ ၎င်းတို့က အလိုရှိပါလျှင် သတ်မှတ်ကာလတစ်ခုထိတိုင် ကျွန်ုပ်တို့နှင့် ငြိမ်းချမ်းရေး ပြုလုပ်သင့်ပါသည်။ သို့မှသာ ၎င်းတို့သည် သောကကင်းလျက် မိမိတို့၏ ပြင်ဆင်မှုများကို ပြုလုပ်နိုင်ကြပေမည်။ ထို့ပြင် ကျွန်ုပ်တို့နှင့် ကျန်ရှိအာရဗ်များကို ရင်ဆိုင်တွေ့စေကာ လွှတ်ထားသင့်ပါသည်။ အကယ်၍ ထိုအာရဗ်များသည် ကျွန်ုပ်တို့အပေါ် အောင်နိုင်သွားပါက ၎င်းတို့သည် အိမ်၌ထိုင်နေရင်းဖြင့် မိမိတို့၏ ရည်ရွယ်ချက် ပြည့်ဝသူများ ဖြစ်သွားပေမည်။ အကယ်၍ ကျွန်ုပ်တို့က အောင်မြင်သွား၍ ထိုသူတို့သည် အစ္စလာမ်သာသနာကို လက်ခံသည့်အခါ ၎င်းတို့သည်လည်း အစ္စလာမ်သာသနာကို လက်ခံဝင်ရောက်ခွင့်ရှိသည်။ (သို့) ကျွန်ုပ်တို့နှင့် ဆန့်ကျင်၍ စစ်ထိုးတိုက်ခိုက်နိုင်သည်။

ထိုအတောအတွင်း ၎င်းတို့သည် မိမိတို့၏ အင်အားကို ထိန်းသိမ်းထားပြီး အင်အားဖြည့်တင်းပြီးဖြစ်နိုင်ပေမည်။ အကယ်၍ ကုရိုက်ရှ်တို့သည် ဤအချက်ကို ငြင်းဆန်ပါက အလ္လာဟ်အသျှင်မြတ်၏ ကစမ်၊ ကျွန်ုပ်သည် မိမိ၏ အရေးကိစ္စအပေါ် ၎င်းတို့အား ကျွန်ုပ်၏ လည်ဂုတ် (ဦးခေါင်း) တစ်လုံးသာ ကျန်သည်အထိ 'ဂျိဟားဒ်'ပြု စစ်ထိုးတိုက်ခိုက်ရပေမည်'ဟု ဖြစ်သည်။ ဗုဒိုင်လ်သည် 'ကျွန်ုပ်သည် ကုရိုက်ရှ်ခေါင်းဆောင်များထံ သွားရောက်၍ အသင်၏ စကားများကို ပြောကြားတင်ပြပါမည်' ဟု ပြောဆို၍ ပြန်သွားလေသည်။ ကုရိုက်ရှ်တို့ထံသို့ ရောက်ရှိလေသော် ၎င်းတို့သည် ဗုဒိုင်လ်၏ စကားများကို နားထောင်ရန်ပင် မလိုလားကြပေ။ ထိုမျှမက စစ်ထိုးတိုက်ခိုက်ရန်ကိုသာ ဆန္ဒပြင်းပြနေကြသည်။ ထို့နောက်တွင် ၎င်းတို့အနက် အချို့လူတို့က 'စကားကိုတော့ နားထောင်ကြပါဦး' ဟု ပြောဆိုလေသည်။ ဤသို့ ပြောကြားသူများတွင် မိမိအမျိုးသားများ၏ ခေါင်းဆောင်ဖြစ်သော အွရ်ဝဟ်ဗင်နမတ်စ်အူးဒ် ပါဝင်လေသည်။ စကားနားထောင်ပြီးသောအခါ အွရ်ဝဟ်ဗင်နမတ်စ်အူးဒ်က ကုရိုက်ရှ်ခေါင်းဆောင်များအား 'မိုဟမ္မဒ် ﷺ တင်ပြသည်တို့သည် အမှန်သည်။ ၎င်း၏ စကားများကို လက်ခံကြပါ။ အကယ်၍ ကျွန်ုပ်အား ခွင့်ပြုမည်ဆိုလျှင် ကျွန်ုပ်သည် ၎င်းနှင့် သွားရောက်၍ ဆွေးနွေးပါမည်'ဟု ပြောဆိုလေသည်။ ဤသို့ဖြင့် ဒုတိယအကြိမ်အဖြစ် အွရ်ဝဟ်ဗင်နမတ်စ်အူးဒ်သည် ဆွေးနွေးရန် ရောက်ရှိလာခဲ့သည်။ ထို့နောက် ၎င်းက တမန်တော်မြတ် ﷺ

အား 'အကယ်၍ အသင်သည် မိမိ၏ ကုရိုက်ရှ်အမျိုးသားများအား သုတ်သင် ရှင်းလင်းလိုက်သည် ဆိုပါလျှင် ဤသည် မည်ကဲ့သို့ ကောင်းနိုင်ပါမည်နည်း။ တစ်စုံတစ်ဦးသည် မိမိ၏ အမျိုးသားများကို သတ်ဖြတ်ဖျက်ဆီးလိုက်သည်' ဟူ၍ အသင်သည် မည်သည့်အခါက ကြားဖူးပါသနည်း'ဟု ပြောကြားလေသည်။

ထို့နောက် ၎င်းသည် ဆွဟာဗာများနှင့် အဆိုးအကောင်း စကားများ ပြောဆိုနေသည်။ ထိုသို့ ပြောဆိုနေစဉ်အတွင်း အူရ်ဝဟ်သည် ဆွဟာဗာတို့၏ အခြေအနေတွင် 'အကယ်၍ တမန်တော်မြတ် ﷺ တံတွေးထွေးလိုက်ပါက ဆွဟာဗာများသည် လုယက်၍ ထိုတံတွေးကို မိမိတို့၏ မျက်နှာများ၌ ပွတ်သပ်ကြသည်။ ကိုယ်တော်မြတ် ﷺ ဝူဇူပြုသည့်အခါ ဝူဇူမှ ကျလာသည့် ရေစက်များကို ဆွဟာဗာတို့သည် လုယက်၍ မိမိတို့၏ မျက်နှာများ၌ သုတ်သပ်ကြလေသည်။ ကိုယ်တော်မြတ် ﷺ မိန့်မြွက်တော်မူသည့်အခါ ၎င်းတို့အားလုံးသည် မိမိတို့၏ အသံများကို တိတ်ဆိတ်စွာ နေလိုက်ကြသည်' စသည်တို့ကို သုံးသပ်လေ့လာ တွေ့မြင်ခဲ့ရသည်။ အူရ်ဝဟ်သည် ထိုနေရာမှ ပြန်လာပြီး ကုရိုက်ရှ်ခေါင်းဆောင်များထံ သွားရောက်၍ 'ကျွန်ုပ်သည် အလွန်ကြီးမားလှစွာသော ဘုရင်များဖြစ်သည့် ကိုင်စွရ်၊ ကိစ္စရာနှင့် နဂျာရှီဘုရင်များထံ သွားရောက်ခဲ့ဘူးပါသည်။ အလ္လာဟ်အသျှင်မြတ်၏ ကစမ်၊ မိုဟမ္မဒ် ﷺ အပေါ်တွင် ၎င်း၏နောက်လိုက်အပေါင်းအပါများက စွန့်လွှတ်စတေး၍ ချစ်ခင်ခြင်းမျိုးကို တိုင်းသူပြည်သားများက ချစ်ခင်ကြောင်း မည်သည့်ဘုရင်တွင်မျှ မတွေ့ရှိရပါ'ဟူ၍ အကြောင်းစုံကို တင်ပြလေသည်။ ထို့ပြင် ၎င်းကပင် '၎င်း (မိုဟမ္မဒ် ﷺ) သည် မှန်ကန်သော စကားတစ်ရပ်ကိုသာ ပြောဆိုနေခြင်းဖြစ်ပါသည်။

၎င်း၏ ပြောဆိုချက်ကို လက်ခံကြပါရန် ကျွန်ုပ် အကြံပြုလိုပါသည်'ဟု ပြောဆိုလေရာ လူတို့က 'ယခုနှစ်တွင် ၎င်းတို့သည် ပြန်သွားကြပြီး လာမည့်နှစ်တွင်သာ ပြန်လာပါမည်ဟု လက်ခံခြင်းမရှိပါလျှင် ကျွန်ုပ်တို့ သည် ဤအချက်ကို လုံးဝ လက်ခံမည်မဟုတ်ပါ'ဟု ပြောဆိုကြလေသည်။ အူရ်ဝဟ်၏ စကားကို နား မထောင်ကြသည့်အခါ အူရ်ဝဟ်သည် မိမိ၏ အုပ်စုကို ခေါ်၍ ပြန်သွားလေသည်။ ထို့နောက် ဂျလီးစ်ဗင်န် အလ်ကမဟ်ဟူသော ကျေးတောသားများ၏ ခေါင်းဆောင်တစ်ဦးသည် ကိုယ်တော်မြတ် ﷺ ထံတော်ပါးသို့ ရောက်ရှိလာခဲ့ပြန်သည်။ ဆွဟာဗာတို့အား 'အိဟ်ရာမ်'ဝတ်ဆင်လျက် 'ကုရ်ဗာနီ' သားကောင်များကိုလည်း ယူဆောင်လာကြသည်ကို တွေ့မြင်ရသည့်အခါ ပြန်လာပြီး မိမိ၏ အပေါင်းအပါများအား 'ဤသူတို့သည် 'ဗိုင်သွလ္လာဟ်'၏ 'အွမ်ရာဟ်'ပြုရန် လာသူများသာ ဖြစ်ပါသည်။ ထို့ကြောင့် ၎င်းတို့အား တားဆီးခြင်းသည် မည်သို့မျှ မကောင်းပါ' ဟု ပြောကြားလေရာ ၎င်း၏ စကားကို နားမထောင်ကြပေ။ ထို့ကြောင့် ၎င်းသည်လည်း မိမိ၏ အုပ်စုကို ခေါ်၍ ပြန်သွားလေသည်။ ထို့နောက် စတုတ္ထမြောက်အဖြစ် ကိုယ်တော်မြတ် ﷺ ထံတော်သို့ လူတစ်ဦး ရောက်ရှိလာပြန်သည်။ ကိုယ်တော်မြတ် ﷺ သည် ၎င်းကိုလည်း ၎င်း၏ အလျင်က လာခဲ့သော 'ဗုဒိုင်လ်'နှင့် 'အူရ်ဝဟ်'တို့အား ပြောဆိုခဲ့သည့် စကားများကို ပြောဆိုတင်ပြခဲ့သည်။ ၎င်းသည်လည်း ပြန်သွား၍ ကုရိုက်ရှ်တို့အား ကိုယ်တော်မြတ် ﷺ ၏ ဖြေကြားသော စကားများကို ပြောပြလေသည်။

ဆဌမအပိုင်း

ဟဇရသ်အွတ်စ်မာန် ﷺ သခင်အား မက္ကာဟ်မြို့သားတို့ထံ သတင်းပါး၍ စေလွှတ်ခြင်း

အေမာမ်ဗိုင်ဟကီ (ရဟ) က ဟဇရသ်အုရ်ဝဟ် (ရဟ) ထံမှ ဆင့်ပြန်ခဲ့သည်မှာ တမန်တော်မြတ် ﷺ သည် 'ဟုဒိုင်ဗီယာဟ်' အရပ်၌ စခန်းချ ရပ်နားတော်မူသောအခါ ကုရိုက်ရှ်တို့သည် စိုးရိမ်ကြလေသည်။ သို့ဖြစ်ပေရာ ကိုယ်တော်မြတ် ﷺ သည် ၎င်းတို့ထံသို့ မိမိ၏ လူတစ်ယောက်ကို စေလွှတ်၍ ကျွန်ုပ်တို့သည် စစ်တိုက်ရန် လာခြင်းမဟုတ်။ 'အွမ်ရဟ်' ပြုရန် လာခြင်းသာ ဖြစ်သည်။ ကျွန်ုပ်တို့၏ လမ်းကို တားဆီးခြင်း မပြုကြလေနှင့်' ဟု ပြောဆိုစေရန် ရည်ရွယ်တော်မူလေသည်။ ဤကိစ္စအတွက် ကိုယ်တော်မြတ် ﷺ သည် ဟဇရသ်အုမရ် ﷺ သခင်က 'ဤကုရိုက်ရှ်တို့သည် ကျွန်တော်မျိုးအပေါ် အပြင်းအထန် ရန်လိုသူများ ဖြစ်ကြသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့အား ကျွန်တော်မျိုး၏ ရန်ငြိုးထားမှုနှင့် ပြင်းထန်မှုတို့ကို သိရှိသောကြောင့် ဖြစ်သည်။ ထို့ပြင် ကျွန်တော်မျိုးအား ကူညီနိုင်မည့် ကျွန်တော်မျိုး၏ သားချင်းများသည်လည်း မက္ကာဟ်တွင် မရှိသောကြောင့် ဖြစ်သည်။ ထို့ကြောင့် ကျွန်တော်မျိုးသည် မက္ကာဟ်တွင် မိမိ၏ မျိုးနွယ် စသည်တို့ကြောင့် အထူးအင်အားနှင့် ဂုဏ်သိက္ခာရှိသူတစ်ဦး၏ အမည်ကို လျှောက်ထားပါမည်' ဟု လျှောက်ထားလေသည်။ ဆိုလိုသည်မှာ ဟဇရသ်အွတ်စ်မာန် ﷺ သခင်ပင် ဖြစ်သည်။ ကိုယ်တော်မြတ် ﷺ သည် ဟဇရသ်အွတ်စ်မာန် ﷺ သခင်အား ဤကိစ္စအတွက် အမိန့်ပေးစေလွှတ်လိုက်သည်။ ထို့နောက် 'ဟီဂျ်ရသ်' မပြုနိုင်၍ အခက်အခဲများကြားတွင် ပိတ်မိနေသော အားအင်ချို့တဲ့သူ မွတ်စ္စလင်မ်အမျိုးသား၊ အမျိုးသမီးများထံ သွားရောက်လျက် 'သောကမဖြစ်ကြလေနှင့်။ 'အင်န်ရှာအလ္လာဟ်' မက္ကာဟ်မြို့ကို သိမ်းပိုက်အောင်နိုင်ပြီး အသင်တို့၏ အခက်အခဲများ ပပျောက် ကုန်ဆုံးမည့်အချိန် မကြာမီ ရောက်ရှိလာနေပြီ' ဟု နှစ်သိမ့်စကား ပြောကြားရန်ကိုလည်း မိန့်မှာတော်မူလိုက်သည်။

ဟဇရသ်အွတ်စ်မာန် ﷺ သခင်သည် ဦးစွာပထမ ကိုယ်တော်မြတ် ﷺ အား တားဆီးရန်နှင့် ရင်ဆိုင်ရန် 'ဗလ်ဒဟ်' အရပ်၌ စုရုံးနေသူတို့ထံသွား၍ ဗုဒိုင်လ်နှင့် အုရ်ဝဟ်ဗင်န်မတ်စ်အူးဒ် ﷺ သခင်တို့အား ကိုယ်တော်မြတ် ﷺ မိန့်ကြားတော်မူလိုက် သည့် စကားများကိုပင် ပြန်လည် ပြောကြားလေသည်။ ထိုသူတို့က 'ကျွန်ုပ်တို့သည် ဤသတင်းကို ကြားပြီးကြပါပြီ။ ဤကိစ္စသည် လုံးဝ မဖြစ်နိုင်ကြောင်း အသင်၏ ခေါင်းဆောင်ကို သွားရောက်ပြော ကြားပါလေ' ဟု ပြောဆိုလေသည်။ ဟဇရသ်အွတ်စ်မာန် ﷺ သခင်သည် ၎င်းတို့၏အဖြေကို နားထောင်လျက် မက္ကာဟ်မြို့အတွင်းသို့ ဝင်ရောက်လေသည်။ ထိုအချိန်၌ အဗ်ဗာန်ဗင်န်စအီးဒ် (နောင်တွင် မွတ်စ္စလင်မ်ဖြစ်လာသူ) နှင့် တွေ့ဆုံလေသည်။ ၎င်းသည် ဟဇရသ်အွတ်စ်မာန် ﷺ သခင်အား နွေးထွေးစွာ ကြိုဆိုခဲ့သည်။ ထို့နောက် မိမိထံ၌ တည်းခိုစေပြီး မက္ကာဟ်မြို့တွင် မိမိ၏ တာဝန်ဖြင့် မည်သည့်နေရာမဆို သွားနိုင်ပါသည်။ အသင်သည် ဤကိစ္စအတွက် မည်သို့မျှ သောကမဖြစ်လေနှင့်' ဟု ပြောကြားလျက် မိမိ၏ မြင်းပေါ်တွင် ဟဇရသ်အွတ်စ်မာန် ﷺ သခင်အား တင်ဆောင်၍ မက္ကာဟ်မြို့

တွင်းသို့ ဝင်ရောက်ခဲ့လေသည်။ အဘယ်ကြောင့်ဆိုသော် ၎င်း၏ မျိုးနွယ်စု ဗနူစအီးဒ်မျိုးနွယ်သည် မက္ကာဟ်မြို့၌ အလွန် အင်အားကြီး ဂုဏ်သိက္ခာမြင့်သော မျိုးနွယ်စုဖြစ်သောကြောင့်ပင် ဖြစ်သည်။

နောက်ဆုံးတွင် ဟဇရသ်အွတ်စ်မာနံ ﷺ သခင်သည် မက္ကာဟ်မြို့တွင် ကုရိုက်ရှ်ခေါင်းဆောင် တစ်ဦးချင်းထံ သွားရောက် တွေ့ဆုံပြီး ကိုယ်တော်မြတ် ﷺ ၏ မိန့်မှာချက်ကို တင်ပြလေသည်။ 'ကျွန်ုပ်တို့သည် မည်သူနှင့်မျှ စစ်တိုက်ရန် လာခြင်းမဟုတ်။ 'အွမ်ရာဟ်'ပြုပြီးလျှင် ပြန်သွားကြပါမည်။ သို့သော် တစ်စုံတစ်ဦးသည် ကျွန်ုပ်တို့၏ လမ်းကို တားဆီးပိတ်ဆို့ပါလျှင် စစ်ထိုး တိုက်ခိုက်ရပါလိမ့်မည်။ ထို့ပြင် ကုရိုက်ရှ်တို့သည် စစ်ပွဲများဖြင့် အားအင်ချည့်နဲ့နေကြပြီဖြစ်ပါသည်။ ၎င်းတို့အဖို့ ကျွန်ုပ်တို့နှင့် အခြားအာရပ်များကို ရင်ဆိုင်တွေ့ဆုံပေးကာ လွတ်ထားခြင်းက သင့်တော်ပါသည်။ ကုရိုက်ရှ်တို့သည် ကျွန်ုပ်တို့နှင့် ရင်ဆိုင်ရန် မလိုပါချေ။ အကယ်၍ အာရပ်တို့သည် ကျွန်ုပ်တို့အပေါ်၌ အောင်နိုင်သွားပါက ကုရိုက်ရှ်တို့၏ အလိုဆန္ဒ ပြည့်ဝသွားပေမည်။ အကယ်၍ ကျွန်ုပ်တို့က အောင်နိုင်ပါသွားပါလျှင် ၎င်းတို့အဖို့မှာ ရွေးချယ်ခွင့်ရှိနေပါသေးသည်။ ထိုအချိန်တွင် တိုက်ခိုက်ခြင်း ပြုနိုင်သည်။ ထိုအတောအတွင်း ၎င်းတို့အဖို့ မိမိတို့၏ အင်အားကို တိုးမြှင့်ရန်နှင့် ထိန်းသိမ်းထားရန် အခွင့်အရေးလည်း ရရှိသွားပေမည်'ဟု ဖြစ်သည်။ သို့ရာတွင် ကုရိုက်ရှ်ခေါင်းဆောင်အားလုံးက ဤစကားကို ပယ်ချခဲ့ကြသည်။ ထို့နောက် ဟဇရသ်အွတ်စ်မာနံ ﷺ သခင်သည် 'ဟိဂျ်ရသ်'မလုပ်နိုင်ခဲ့သော မွတ်စ္စလင်မ်များနှင့် သွားရောက်တွေ့ဆုံပြီး ၎င်းတို့အား တမန်တော်မြတ် ﷺ ၏ မိန့်မှာချက်များကို ပြောကြားတင်ပြခဲ့သည်။ ထိုမွတ်စ္စလင်မ်တို့သည် အလွန် ပျော်ရွှင်ကြလေသည်။ ထို့နောက် တမန်တော်မြတ် ﷺ အပေါ် 'စလာမ်'ပို့သကြသည်။ ဟဇရသ်အွတ်စ်မာနံ ﷺ သခင်သည် တမန်တော်မြတ် ﷺ ၏ မိန့်မှာသည့် တာဝန် များကို ထမ်းဆောင်ပြီးသောအခါ မက္ကာဟ်သားတို့က 'အကယ်၍ အသင်သည် 'သွဝါးဖ်'ပြုလိုသည်ဖြစ်လျှင် 'သွဝါးဖ်'ပြုနိုင်သည်'ဟု ပြောဆိုလေရာ ဟဇရသ်အွတ်စ်မာနံဂနီ ﷺ သခင်က 'တမန်တော်မြတ် 'သွဝါးဖ်'ပြုတော်မမူသရွေ့ ကျွန်ုပ်သည် 'သွဝါးဖ်'ပြုမည်မဟုတ်ပါ'ဟု ပြောဆိုလေသည်။ ဟဇရသ်အွတ်စ်မာနံ ﷺ သခင်သည် မက္ကာဟ်တွင် (၃) ရက်နှင့် (၃) ညဥ့် နေထိုင်ခဲ့သည်။ ထိုအတောအတွင်း ကုရိုက်ရှ်ခေါင်းဆောင်များအား တမန်တော်မြတ် ﷺ ၏ မိန့်မှာချက်များကို လိုက်နာရန် လှုံ့ဆော်ဖိတ်ခေါ်ခဲ့သည်။

နဝမအပိုင်း

မက္ကာဟ်သားတို့နှင့် မွတ်စ္စလင်မ်များကြား တိုက်ခိုက်မှုနှင့် မက္ကာဟ်သား (၇၀) ဦး ဖမ်းဆီးခံရခြင်း

ဤအတောအတွင်း ကုရိုက်ရှ်တို့သည် မိမိတို့၏ လူ (၅၀) ဦးကို ကိုယ်တော်မြတ် ﷺ ၏ အနီးအပါးသို့ ချဥ်းကပ်ပြီး အခါအခွင့်သင့်သည်နှင့် ကိုယ်တော်မြတ် ﷺ အား (ﷲ اعلم) အဆုံးစီရင်ရန် စောင့်ဆိုင်းနေစေသည်။ ဤသူများသည် ရည်ရွယ်ချက်အတိုင်း အခွင့်သာမည့် အခြေအနေကို ချောင်းမြောင်းနေကြစဥ်

ကိုယ်တော်မြတ် ﷺ ၏ သက်တော်စောင့် မိုဟမ္မဒ်ဗင်န်မွတ်စ်လိမဟ် ؓ သခင်သည် ၎င်းတို့အားလုံးကို ဖမ်းဆီးလိုက်သည်။ ထို့နောက် ကိုယ်တော်မြတ် ﷺ ၏ ထံတော်ပါးသို့ ပို့ဆောင်တင်သွင်းလိုက်သည်။

အခြားတစ်ဖက်တွင် မက္ကာဟ်သို့ ရောက်ရှိနေသော ဟဇရတ်အွတ်စ်မားန် ؓ သခင်နှင့်အတူ (၁၀) ဦးခန့်သော မွတ်စ္စလင်မ်များကို ကုရိုက်ရှ်တို့က မိမိတို့၏ လူ (၅၀) ဦး ဖမ်းဆီးခံရသည်ကို ကြားရသည့်အတွက် ဝိုင်းရံထားလိုက်ကြသည်။ ထို့နောက် ကုရိုက်ရှ်အုပ်စုတစ်စုသည် မွတ်စ္စလင်မ်စစ်တပ်ရှိရာဆီသို့ လာပြီး မွတ်စ္စလင်မ်များအပေါ် မြှားဖြင့်လည်းကောင်း၊ ကျောက်ခဲများဖြင့်လည်းကောင်း ပစ်ခတ်ကြရာ မွတ်စ္စလင်မ်များအနက် အိဗ်နုဇနီးမ် ؓ ဟူသော ဆွဟာဗာတစ်ပါး 'ရှဟီးဒ်' ဖြစ်သွားခဲ့ရသည်။ မွတ်စ္စလင်မ်တို့သည် ကုရိုက်ရှ်တို့၏ အစီးအနင်းနှင့် လူ (၁၀) ဦးကို ဖမ်းဆီးလိုက်သည်။ ထို့နောက် လူတစ်ဦးက ဟဇရတ်အွတ်စ်မားန် ؓ သတ်ဖြတ်ခြင်းခံလိုက်ရပြီ' ဟူသော သတင်းကို တမန်တော်မြတ် ﷺ ထံတော်သို့ ပို့ဆောင်ခဲ့သည်။

ဒသမအပိုင်း

'ဗိုင်အသ်ရိဒွ်ဝါးန်' ၏ ဖြစ်ရပ်

တမန်တော်မြတ် ﷺ သည် ဤသတင်းကို ကြားရပြီး ဆွဟာဗာတို့အား သစ်ပင်တစ်ပင်အောက်တွင် စုရုံးစေပြီး တမန်တော်မြတ် ﷺ ၏ လက်ပေါ်တွင် 'ဂျိဟားဒ်' ပြုရန် 'ဗိုင်အသ်' သစ္စာဆိုစေသည်။ ဆွဟာဗာများ၏ တမန်တော်မြတ် ﷺ လက်ပေါ်၌ 'ဗိုင်အသ်' ယူသည့်အကြောင်း ဤစူရာဟ်တွင် လာရှိပေမည်။

ဆွဟီးဟ်ဟဒီးစ်တော်များတွင် အဆိုပါ 'ဗိုင်အသ်' ၌ ပါဝင်ခဲ့ကြသူတို့သည် အလွန် ထူးမြတ်သူများ ဖြစ်ကြောင်း လာရှိသည်။ ဟဇရတ်အွတ်စ်မားန် ؓ သခင်သည် မက္ကာဟ်မြို့၌ ရှိနေစဉ် ဖြစ်သည့်အတွက် ၎င်းဘက်မှ ကိုယ်တော်မြတ် ﷺ သည် မိမိ၏ လက်ပေါ်တွင် အခြားလက်ကို ရိုက်လျက် 'ဤသည် အွတ်စ်မားန်၏ 'ဗိုင်အသ်' ဖြစ်သည်။' ဟု မိန့်ကြားတော်မူပေသည်။ ဤသို့ ကိုယ်တော်မြတ် ﷺ က မိမိ၏ လက်ကိုပင် ဟဇရတ်အွတ်စ်မားန် ؓ သခင်၏ လက်ဟု သတ်မှတ်လျက် ဟဇရတ်အွတ်စ်မားန် ؓ ၏ဘက်မှ 'ဗိုင်အသ်' ပြုခြင်းမှာ ဟဇရတ်အွတ်စ်မားန် ؓ ၏ သီးခြားထူးမြတ်မှုပင် ဖြစ်ပေသည်။

ကောဒသမအပိုင်း

'ဟုဒိုင်ဗီယာဟ်' ဖြစ်ရပ်

အခြားတစ်ဖက်၌ မက္ကာဟ်သားတို့အပေါ် အလ္လာဟ်အသျှင်မြတ်သည် မွတ်စ္စလင်မ်တို့၏ အရှိန်အဝါကို ထည့်သွင်းတော်မူလိုက်သည်။ ၎င်းတို့ကိုယ်တိုင်ပင် ငြိမ်းချမ်းရေးပြုလုပ်ရန် အသင့်ဖြစ်လာပြီး မိမိတို့ဘက်မှ စုဟိုင်လ်ဗင်န်အမ်ရ်၊ ဟုဝိုင်သွဗ်ဗင်န်အဗ်ဒွလ်အုဇ်ဇာနှင့် မုကရ်ရဇ်ဗင်န်ဟဖ်ဆ်တို့ (၃) ဦးကို

တမန်တော်မြတ် ﷺ ထံတော်သို့ စေလွှတ်ခဲ့သည်။ ၎င်းတို့ (၃) ဦးအနက် ပထမ (၂) ဦးမှာ နောင်တွင် မွတ်စ္စလင်မ်ဖြစ်ခဲ့ကြသည်။ 'စဟလ်'သည် တမန်တော်မြတ် ﷺ ၏ ထံတော်၌ ခစားလျက် 'အို၊ တမန်တော်၊ ကိုယ်တော့်ထံ ရောက်ရှိသော အွတ်စ်မားန်ဂနီ ؓ သခင်နှင့် ၎င်း၏ မိတ်ဆွေများ အသတ်ခံရသည် ဟူသော သတင်းမှာ လုံးဝ မှားပါသည်။ ကျွန်ုပ်တို့သည် ၎င်းအား ကိုယ်တော့်ထံသို့ ပို့ဆောင်ပေးပါမည်။ ကျွန်ုပ်တို့၏ အကျဉ်းသားများကို လွှတ်ပေးပါ'ဟု လျှောက်ထားလေသည်။ ကိုယ်တော်မြတ် ﷺ သည် ၎င်းတို့အား လွှတ်ပေးတော်မူလိုက်သည်။

မုစ်နဒ်အဟ်မဒ်ကျမ်းနှင့် မွတ်စ္စလင်မ်ကျမ်းတို့တွင် ဟဇရသ်အနတ်စ် ؓ သခင်၏ ဆင့်ပြန်ချက် လာရှိသည်မှာ 'ဤစူရာဟ်တွင် ရှေ့၌ လာရှိမည်ဖြစ်သော

هُوَ الَّذِىْ كَفَّ اَيْدِيَهُمْ عَنْكُمْ ـ الخ

(ထိုအသျှင်မြတ်သည်ပင်လျှင် ၎င်း (ကာဖိရ်သွေဖည်ငြင်းပယ်သော) သူတို့၏ လက်များကို အသင်တို့ (အား အန္တရာယ်ပြုခြင်း) မှလည်းကောင်း၊ အသင်တို့၏ လက်များကို ထိုသူတို့ (အား အန္တရာယ်ပြုခြင်း) မှလည်းကောင်း မက္ကာဟ်မြို့တွင်း၌ အသင်တို့အား ထိုသူတို့အပေါ်ဝယ် အောင်မြင်စေတော်မူပြီးနောက် မှပင် တားဆီးထားတော်မူခဲ့၏။) *[၄၈ : ၂၄]*

ဟူသော အာယသ်တော်သည် ဤဖြစ်ရပ်နှင့် ပတ်သက်သည်'ဟု ဖြစ်သည်။

စုဟိုင်းလ်နှင့် အပေါင်းအပါတို့သည် 'ဗိုင်အသ်ရိဒွ်ဝါးန်'၌ ဆွဟာဗာတို့၏ အဆင်သင့် ဖြစ်နေမှုနှင့် အသက်စတေး ပေးဆပ်မှု ဖြစ်အင်တို့ကို တွေ့မြင်လျက် ကုရိုက်ရှ်တို့ထံ အခြေအနေအလုံးစုံကို သွားရောက်တင်ပြလေရာ ကုရိုက်ရှ်တို့၏ အကြံပေးပုဂ္ဂိုလ်များက 'ကျွန်ုပ်တို့သည် မိုဟမ္မဒ် ﷺ နှင့် '၎င်းတို့သည် ဤနှစ်တွင် ပြန်သွားကြမည်။ သို့မှသာ အာရပ်ကမ္ဘာတွင် ကျွန်ုပ်တို့က ၎င်းတို့အား တားမြစ်ရန် ကြိုးစားပါသော်လည်း ၎င်းတို့မှ အတင်းအဓမ္မ စီးနင်း ဝင်ရောက်နိုင်ခဲ့သည်ဟူသော သတင်းစကား မပြန့်နှံ့သွားရန် ဖြစ်သည်။ လာမည့်နှစ်တွင် 'အွမ်ရာဟ်'ပြုရန် လာကြရမည်။ မက္ကာဟ်တွင် ၃ ရက် နေကြရမည်။ ယခုအချိန်၌မူ မိမိတို့၏ 'ကုရ်ဗာနီ'သားကောင်များကို 'ဇဗာဟ်'ပြုကြရမည်။ ထို့နောက် 'အိဟ်ရာမ်' ချွတ်ကြရမည့်အကြောင်းဝယ် ငြိမ်းချမ်းရေးပြုလုပ်ခြင်းထက် သာလွန်ကောင်းမွန်သော အခြားဆုံးဖြတ်ချက် တစ်စုံတစ်ရာ မရှိတော့ပါ' ဟူ၍ အချင်းချင်း ပြောဆိုကြလေသည်။

စုဟိုင်းလ်ဗင်န်အမရ်သည် ဤသတင်းကို ယူဆောင်၍ ကိုယ်တော်မြတ် ﷺ ထံတော်သို့ ရောက်ရှိလာခဲ့သည်။ ကိုယ်တော်မြတ် ﷺ သည် ၎င်းအား တွေ့မြင်သည်နှင့် 'စုဟိုင်းလ်အား ထပ်မံ စေလွှတ်ခြင်းမှာ ကုရိုက်ရှ်တို့သည် ငြိမ်းချမ်းရေးပြုလိုကြောင်း သိရှိရပေသည်' ဟု မိန့်ကြားတော်မူလေသည်။ တမန်တော်မြတ် ﷺ သည် တင်ပလ္လင်ခွေ ထိုင်နေတော်မူသည်။ ဆွဟာဗာတို့အနက် အုဗားဒ်ဗင်န်ဗိရှ်ရ် ؓ သခင်နှင့် စလ်မာဟ် ؓ သခင်တို့သည် လက်နက်ကိုယ်စီကိုင်လျက် တမန်တော်မြတ် ﷺ ၏ အပါးတော်၌ လုံခြုံရေးအတွက် ရပ်နေကြသည်။ စုဟိုင်းလ်သည် ရောက်ရှိလာသည်နှင့် ပျဝပ်ရိုသေစွာဖြင့် ကိုယ်တော်မြတ် ﷺ

၏ အပါးတော်၌ ထိုင်လိုက်လေသည်။ ထို့နောက် ကုရိုက်ရှ်တို့ ပါးလိုက်သော သတင်းစကားကို တင်ပြလေသည်။ ဆွဟာဗာများသည် ဤအချိန်၌ 'အွမ်ရဟ်' မပြုရဘဲ 'အိဟ်ရာမ်' ချွတ်ရမည်ကို မနှစ်မြို့ကြပေ။ ၎င်းတို့သည် စုဟိုင်းလ်နှင့် အချေအတင်စကားများ ပြောဆိုကြသည်။ အသံများသည် တစ်ခါတစ်ရံ ခက်ထန်၍ ကျယ်လာပြီး တစ်ခါတစ်ရံ အသံများ တိမ်သွားသည်။ အုဗားဒ်ဗင်န်ဗိရ်ှရ် ؓ သခင်သည် စုဟိုင်းလ်အား 'တမန်တော်မြတ် ﷺ ၏ ရှေ့တော်မှောက်တွင် အသံကျယ်လောင်စွာ မပြောဆိုနှင့်' ဟု တားမြစ် ဟိန်းဟောက်လိုက်သည်။ အတန်ကြာကြာ အခြေအတင် ပြောဆိုကြပြီးနောက်တွင် ကိုယ်တော်မြတ် ﷺ သည် ၎င်းစည်းကမ်းချက်များကို လက်ခံ၍ ငြိမ်းချမ်းရေးပြုလုပ်ရန် သဘောတူတော်မူလိုက်သည်။ စုဟိုင်လ်က 'ကျွန်ုပ်တို့နှင့် အသင်တို့အကြား ငြိမ်းချမ်းရေးစာချုပ် ရေးသားကြပါမည်' ဟု ပြောဆိုလေရာ တမန်တော်မြတ် ﷺ သည် ဟဇရသ်အလီ ؓ သခင်အား ခေါ်ယူ၍

بسم الله الرّحمن الرّحيم

ရေးကုန်'ဟု အမိန့်ပေးတော်မူသည်။ စုဟိုင်းလ်သည် ဤနေရာမှ စ၍ စောဒကတက်လေတော့သည်။ ၎င်းက رحمن 'ရဟ်မာန်' နှင့် رحيم 'ရဟီးမ်'ဟူသော စာလုံးများသည် ကျွန်ုပ်တို့၏ အသုံးအနှုန်းများမှ မဟုတ်ပါ။ အသင်သည် ယခင်က ရေးသားလေ့ရှိခဲ့သော بِاسْمِكَ اللّٰهُمَّ ဟူသော စာလုံးကိုသာ ရေးသားပါ' ဟု ပြောဆိုလေသည်။ ကိုယ်တော်မြတ် ﷺ သည် ဤသည်ကိုလည်း သဘောတူလိုက်သည်။

ထို့နောက် တမန်တော်မြတ် ﷺ သည် ဟဇရသ်အလီ ؓ အား ဤကတိဝန်ခံချက် စာချုပ်ကို မိုဟမ္မဒ်ရစူလွလ္လာဟ် ﷺ က ဆုံးဖြတ်ခဲ့သည်'ဟု ရေးသားပါလေ'ဟု မိန့်ကြားလေသည်။ ဤအပေါ်၌လည်း စုဟိုင်းလ်က ဆန့်ကျင်ခဲ့သည်မှာ 'အကယ်၍ ကျွန်ုပ်တို့သည် အသင့်အား အလ္လာဟ်အရှင်မြတ်၏ ရစူလ် တမန်တော်မြတ်ဖြစ်ကြောင်း လက်ခံခဲ့ကြမည်ဆိုလျှင် အသင့်အား 'ဗိုင်သွလ္လာဟ်'သို့ သွားခြင်းကို လုံးဝ တားမြစ်ကြမည်မဟုတ်ပေ။ (ငြိမ်းချမ်းရေးစာချုပ်တွင် မည်သည့်အုပ်စုနှင့်မျှ မဆန့်ကျင်သော စကားလုံးကိုသာ ရေးသားရန် သင့်ပါသည်'ဟု ဆိုလိုခြင်းဖြစ်သည်။) အသင်သည် 'မိုဟမ္မဒ်ဗင်န်အဗ်ဒွလ္လာဟ် (အဗ်ဒွလ္လာဟ်၏ သား မိုဟမ္မဒ်) ဟုသာ ရေးသားစေပါ'ဟု ပြောဆိုလေသည်။ တမန်တော်မြတ် ﷺ သည် ဤသည်ကိုလည်း လက်ခံတော်မူ၍ ဟဇရသ်အလီ ؓ အား ရေးသားပြီးသည်ကို ဖျက်၍ 'မိုဟမ္မဒ်ဗင်န် အဗ်ဒွလ္လာဟ် (အဗ်ဒွလ္လာဟ်၏သား မိုဟမ္မဒ်) ဟု ရေးသားပါ' ဟု မိန့်ကြားတော်မူလေသည်။ ဟဇရသ်အလီ ؓ သခင်သည် ခြေဆုံးခေါင်းတိုင် အမိန့်နာခံသူဖြစ်လျက်နှင့်ပင် 'ကျွန်တော်မျိုးသည် ကိုယ်တော်၏ နာမတော်ကို ဖျက်ရမည်ကိုမူ မပြုလုပ်နိုင်ပါ'ဟု လျှောက်ထားလေသည်။ အပါး၌ ရှိနေသူများအနက် ဟဇရသ်အုစိုင်းဒ်ဗင်န်ဟုဒ္ဒိုင်းရ် ؓ သခင်၊ စအဒ်ဗင်န်အုဗာဒဟ် ؓ သခင်တို့က ဟဇရသ်အလီ ؓ သခင်၏ လက်ကို ချုပ်ကိုင်လိုက်၍ 'ဤသည်ကို မဖျက်လေနှင့်။ မိုဟမ္မဒ်ရစူလွလ္လာဟ် ﷺ မှအပ အခြားမည်သည့်အရာကိုမျှ မရေးလေနှင့်။ အကယ်၍ ၎င်းတို့က သဘောမတူပါလျှင် ကျွန်ုပ်တို့နှင့် ၎င်းတို့အကြား

ဓါးဖြင့် ဆုံးဖြတ်ကြမည်' ဟု ပြောဆိုကြလေသည်။ လေးဖက်လေးလံမှ အသံများ ကျယ်လောင်လာသောအခါ တမန်တော်မြတ် ﷺ သည် ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုသည့် စာရွက်ကို မိမိလက်တော်၌ ယူလိုက်သည်။ ထို့နောက် ကိုယ်တော်မြတ် ﷺ သည် (ရေးခြင်း၊ ဖတ်ခြင်းကို သင်ယူထားခြင်း မရှိပါဘဲ) 'အွန်မီ'ဖြစ်ပါလျက် ထိုအချိန်တွင် မိမိ၏ ကလောင်ဖြင့် မိမိကိုယ်တိုင်ပင်

هذا ماقاضى محمد بن عبدالله وسهيل بن عمرو اصلحا على وضع الحرب عن الناس عشر سنين يأمن فيه النّاس ويكفّ بعضهم عن بعض

'ဤဆုံးဖြတ်ချက်သည် မိုဟမ္မဒ်ဗင်န်အဗ်ဒွလ္လာဟ်နှင့် စုဟိုင်းလ်ဗင်န်အမရ်တို့က (၁၀) နှစ်တာ ကာလအတွက် အချင်းချင်း စစ်မတိုက်ကြရန် ပြုလုပ်သော ဆုံးဖြတ်ချက်ဖြစ်သည်။ ဤငြိမ်းချမ်းရေး ဆုံးဖြတ်ချက်တွင် လူအားလုံး ငြိမ်းချမ်းစွာ ရှိနေစေရမည်။ တစ်ဖက်နှင့် တစ်ဖက် ချီတက်တိုက်ခိုက်ခြင်းနှင့် စစ်ထိုးခြင်းများကို ရှောင်ကြဉ်ရမည်'ဟု ရေးသားလိုက်တော်မူသည်။

ထို့နောက် တမန်တော်မြတ် ﷺ သည် 'ကျွန်ုပ်တို့ဘက်မှ စည်းကမ်းချက်တစ်ရပ်မှာ ဤအချိန်တွင် ကျွန်ုပ်တို့ 'သွာဝါးဖ်'ပြုခြင်းကို မတားမြစ်ရန်ဖြစ်သည်'ဟု မိန့်ကြားတော်မူရာ စုဟိုင်းလ်က 'အသျှင်မြတ်၏ ကစမ်၊ ဤသည်မှာမူ မဖြစ်နိုင်ပါ'ဟု ပြောဆိုလေသည်။ ကိုယ်တော်မြတ် ﷺ သည် ဤသည်ကိုလည်း လက်ခံတော်မူလိုက်သည်။ ထို့နောက် စုဟိုင်းလ်သည် မိမိတို့ဘက်မှ စည်းကမ်းချက်တစ်ရပ်ကို ရေးသားသည်မှာ 'မက္ကာဟ်သားတို့အနက်မှ တစ်ဦးတစ်ယောက်သည် မိမိအား အုပ်ချုပ်သူ၏ ခွင့်ပြုချက်မရရှိဘဲ အသင့်ထံသို့ ရောက်ရှိခဲ့ပါလျှင် ထိုသူသည် အသင်တို့၏ သာသနာဝင်ပင် ဖြစ်လင့်ကစား အသင်တို့သည် ထိုသူ့အား ပြန်ပို့ပေးရမည်' ဟု ဖြစ်သည်။ ထိုစကားအပေါ် မွတ်စ္စလင်မ်များအတွင်းမှ အသံများ ထွက်လာသည်မှာ 'စွဗ်ဟားနလ္လာဟ်' ကျွန်ုပ်တို့သည် မိမိတို့၏ မွတ်စ္စလင်မ်ညီနောင်ကို မုရှ်ရစ်က်များထံသို့ ပြန်ပို့ရမည်ဆိုသည်မှာ မည်ကဲ့သို့ ဖြစ်နိုင်ပါမည်နည်း' ဟု ဖြစ်သည်။ သို့ရာတွင် ကိုယ်တော်မြတ် ﷺ သည် ဤသည်ကိုလည်း လက်ခံတော်မူလျက် 'ကျွန်ုပ်တို့အနက်မှ တစ်စုံတစ်ဦးသည် အကယ်၍ ၎င်းတို့ဘက်သို့ သွားသည်ဖြစ်လျှင် ထိုသူ့အား အလ္လာဟ်အသျှင်မြတ်ကသာ ကျွန်ုပ်တို့နှင့် ဝေးကွာစေတော်မူလိုက်ခြင်းဖြစ်သည်။ ၎င်းအတွက် ကျွန်ုပ်တို့သည် အဘယ်ကြောင့် သောကဖြစ်ရပါမည်နည်း။ ထို့ပြင် ၎င်းတို့အနက်မှ တစ်စုံတစ်ဦးသည် ကျွန်ုပ်တို့ထံသို့ ရောက်ရှိလာ၍ ကျွန်ုပ်တို့က ၎င်းအား ပြန်လည်ပို့ဆောင်ခြင်း ပြုလိုက်ပါလျှင်လည်း အလ္လာဟ်အသျှင်မြတ်သည် ၎င်းအတွက် လွယ်ကူသော လမ်းကို ဖွင့်ပေးတော်မူလာပေလိမ့်မည်' ဟု မိန့်ကြားတော်မူလေသည်။ ဟဇရသ်ဗရ်ရာအ် ؓ သခင်သည် ဤငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုခြင်း၏ အနှစ်ချုပ်သည် စည်းကမ်းချက် (၃) ခုအပေါ်၌ ဖြစ်သည်ဟု တင်ပြခဲ့သည်။

(၁) ၎င်းတို့အနက်မှ လူတစ်ဦးသည် ကျွန်ုပ်တို့ (မွတ်စ္စလင်မ်တို့) ထံသို့ ရောက်ရှိလာပါလျှင် ကျွန်ုပ်တို့သည် ၎င်းအား ပြန်လည်ပို့ဆောင်ပေးရမည်။

(၂) ကျွန်ုပ်တို့အနက်မှ တစ်စုံတစ်ဦးသည် ၎င်းတို့ထံသို့ ရောက်ရှိသွားပါက ၎င်းတို့သည် ထိုသူ့အား ကျွန်ုပ်တို့ထံသို့ ပြန်ပို့မည်မဟုတ်။

(၃) လာမည့်နှစ်တွင် 'အွမ်ရာဟ်'အတွက် လာရမည်။ မက္ကာဟ်တွင် (၃) ရက်နေရမည်။ လက်နက်များစွာ ယူဆောင်မလာရ' ဟု ဖြစ်သည်။

ထို့ပြင် နောက်ဆုံး၌ ရေးသားထားသည်မှာ ဤကတိခံဝန်ချက် စာချုပ်သည် မက္ကာဟ်သားတို့နှင့် တမန်တော်မြတ် ﷺ ၏ အကြား ခိုင်မာသော အထောက် အထားတစ်ရပ် ဖြစ်သည်။ မည်သူမျှ ဤစာချုပ်ကို ဆန့်ကျင်ခြင်း မပြုရ။ ကျန်ရှိသည့် အာရဗ်များမှာ လွတ်လပ်သူများ ဖြစ်သည်။ မိုဟမ္မဒ် ﷺ နှင့်ဖြစ်စေ၊ ကုရိုက်ရှ်တို့နှင့် ဖြစ်စေ မိမိတို့ အလိုရှိသည့်ဘက်သို့ မဟာမိတ်ဖွဲ့နိုင်သည်'ဟု ဖြစ်သည်။ ဤသည်ကို ကြားရပြီး ခုဇာအဟ်မျိုးနွယ်တို့သည် ခုန်ပေါက်၍ ကျွန်ုပ်တို့သည် မိုဟမ္မဒ် ﷺ နှင့် မဟာမိတ်ဖွဲ့ပါသည်'ဟု ပြောကြားကြသည်။ ထို့နောက် ဗနူဗကရ်မျိုးနွယ်တို့က ရှေ့သို့ တိုး၍ 'ကျွန်ုပ်တို့သည် ကုရိုက်ရှ်တို့နှင့် မဟာမိတ်ဖွဲ့ပါသည်'ဟု ပြောကြလေသည်။

ငြိမ်းချမ်းရေးစာချုပ်ပါ စည်းကမ်းချက်များကို ဆွဟာဗာများ မနှစ်မြို့ကြခြင်းနှင့် ဝမ်းနည်းစိတ်ထိခိုက်ရခြင်းအကြောင်း

ဤငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုပြီးမြောက်သွားသောအခါ ဟဇရသ်အုမရ်ဖင်နိခ်သွ်သွားဗ် ؓ သခင်သည် နေမထိထိုင်မသာ ဖြစ်နေရသည်။ ထို့နောက် တမန်တော်မြတ် ﷺ အား လျှောက်ထားသည်မှာ 'အို၊ ကိုယ်တော်၊ ကိုယ်တော်သည် အလ္လာဟ်အသျှင်မြတ်၏ နဗီတမန်တော် အစစ်အမှန် ဟုတ်ပါသလော' ကိုယ်တော်မြတ် ﷺ မှ 'အဘယ်ကြောင့် မဟုတ်ရမည်နည်း' ဟု မိန့်ကြားတော်မူသည်။ တစ်ဖန် ဟဇရသ်အုမရ် ؓ သခင်က 'ကျွန်တော်မျိုးတို့သည် အမှန်တရားပေါ်၌ ရှိ၍ ၎င်းတို့သည် လမ်းမှားသူများ မဟုတ်ကြပါသလော'ဟု မေးလျှောက်လေရာ တမန်တော်မြတ် ﷺ က 'အဘယ်ကြောင့် မဟုတ်ရမည်နည်း' ဟု ဖြေကြားတော်မူလေသည်။ ထပ်မံ၍ ဟဇရသ်အုမရ် ؓ က 'ကျွန်တော်မျိုးတို့ဘက်မှ အသတ်ခံရသူများမှာ 'ဂျန္နသ်'သုခဘုံသို့ ဝင်ရောက်ရမည်ဖြစ်ပြီး၊ ၎င်းတို့၏ အသတ်ခံရသူများသည် 'ဂျဟန္နမ်'သို့ ကျမည်မဟုတ်ပါသလော'ဟု မေးလျှောက်ပြန်ရာ ကိုယ်တော်မြတ် ﷺ က 'အဘယ်ကြောင့် မဟုတ်ရမည်နည်း'ဟု ဖြေကြားတော်မူလေသည်။ ထိုဖြေကြားချက်အပေါ် ဟဇရသ်အုမရ် ؓ သခင်က 'ဤသို့ဖြစ်ပါလျက် စစ်ထိုးခြင်းအားဖြင့် အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ ဆုံးဖြတ်ချက် တစ်စုံတစ်ရာ မဖြစ်မီအလျှင် 'အွမ်ရာဟ်'မပြုဘဲ ပြန်သွားရမည်ဟူသော သေးသိမ်စေသည့် စည်းကမ်းချက် ကို အဘယ်ကြောင့် လက်ခံရပါသနည်း'ဟု လျှောက်ထားမေးမြန်းလေသည်။ ကိုယ်တော်မြတ် ﷺ က 'ငါကိုယ်တော်သည် အလ္လာဟ်အသျှင်မြတ်၏ ကျေးကျွန်တစ်ဦးနှင့် ထိုအသျှင်မြတ်၏ ရစူလ်တမန်တော် ဖြစ်ပါသည်။ ထိုအသျှင်မြတ်၏ အမိန့်တော်ကို လုံးဝ ဆန့်ကျင်မှု ပြုမည်မဟုတ်ပါ။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်သည် ကျွန်ုပ်အား

ပျက်စီးစေတော်မူမည် မဟုတ်ပါ။ အလ္လာဟ်အသျှင်မြတ် သည် ကျွန်ုပ်အား ကူညီစောင်မတော်မူသော အသျှင်မြတ် ဖြစ်တော်မူပါသည်'ဟု မိန့်ကြားတော်မူလေသည်။

ဟဇရသ်အုမရ် ﷺ သခင်က 'အို၊ ကိုယ်တော်၊ ကိုယ်တော်သည် ကျွန်ုပ်တို့အား 'ဗိုင်သွလ္လာဟ်' သို့ သွားကြမည်။ 'သွဝါးဖ်'ပြုကြမည်ဟု ကျွန်ုပ်တို့အား မိန့်ကြားခြင်း မပြုခဲ့ပါသလော' ဟု မေးလျှောက်ရာ ကိုယ်တော်က "ဇကန်မုချ ဤစကားကို ပြောကြားခဲ့ပါသည်။ သို့ရာတွင် ကျွန်ုပ်က 'ဤအလုပ်သည် ဤနှစ်၌ပင် ဖြစ်ပေလိမ့်မည်' ဟု ပြောခဲ့ပါသလော"ဟု မေးမြန်းမိန့်ကြားလေရာ ဟဇရသ်အုမရ် ﷺ သခင်က 'ဤစကားများကိုမူ ကိုယ်တော် မိန့်ကြားခြင်း မရှိခဲ့ပါ' ဟု လျှောက်ထားဖြေကြားလေသည်။ ထိုအခါ ကိုယ်တော်မြတ် ﷺ က "ကျွန်ုပ် ပြောဆိုခဲ့သည်။ 'အသင်တို့ 'ဗိုင်သွလ္လာဟ်'သို့ 'သွဝါးဖ်' ပြုကြရမည်' ဟူသော စကားများသည် မုချ ဖြစ်ပေါ်လိမ့်မည့် ဖြစ်ရပ်များပင် ဖြစ်သည်"ဟု မိန့်ကြားတော်မူလေသည်။

ဟဇရသ်အုမရ် ﷺ သခင်သည် နှုတ်ဆိတ်သွားလေသည်။ သို့သော် ဝမ်းနည်းစိတ်ထိခိုက်ရခြင်းနှင့် ဒေါသ တို့မှာမူ မပျက်ပြယ်သေးပေ။ ကိုယ်တော်မြတ် ﷺ ၏ အပါးတော်မှ ဟဇရသ်အဗူဗကရ် ﷺ သခင်၏ အပါးသို့ သွား၍ ကိုယ်တော်မြတ် ﷺ ၏ ရှေ့တော်မှောက်တွင် ပြောကြားခဲ့သော စကားများကိုပင် ပြန်၍ ပြောကြားလေသည်။ ဟဇရသ်အဗူဗကရ် ﷺ သခင်က 'အလ္လာဟ်အသျှင်မြတ်၏ ကျေးကျွန်ဖြစ်သော မိုဟမ္မဒ် ﷺ သည် အလ္လာဟ်အသျှင်မြတ်၏ ရစူလ်တမန်တော် ဖြစ်တော်မူပါသည်။ ၎င်းသည် အလ္လာဟ် အသျှင်မြတ်၏ အမိန့်တော်များကို ဆန့်ကျင်လျက် မည်သည့်အလုပ်မျှ ပြုလုပ်တော်မူမည် မဟုတ်ပါ။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်သည် ၎င်းအား ကူညီစောင်မတော်မူသော အသျှင် ဖြစ်တော်မူပါသည်။ ထို့ကြောင့် အသင်သည် ကိုယ်တော်မြတ် ﷺ ၏ ခရီးဖော်ဖြစ်ရခြင်းကို စွဲမြဲစွာ ဆုပ်ကိုင်ထားပါလေ။ အလ္လာဟ်အသျှင်မြတ်၏ 'ကစမ်'၊ ကိုယ်တော်မြတ် ﷺ သည် မှန်ကန်သော နဗီတမန်တော်တစ်ပါး ဖြစ်ပါသည်' ဟု ပြောကြားလေသည်။

အချုပ်မှာ ဟဇရသ်အုမရ် ﷺ သခင်အဖို့ ဤငြိမ်းချမ်းရေးစာချုပ်ပါ စည်းကမ်းများကြောင့် များစွာ စိတ်ထိခိုက်ခဲ့ရသည်။ ၎င်းကိုယ်တိုင်ကပင် 'အလ္လာဟ်အသျှင်မြတ်၏ ကစမ်၊ အစ္စလာမ်သာသနာတော်ကို စတင် လက်ခံစဉ်မှစ၍ ဤဖြစ်ရပ်မှအပ ကျွန်ုပ်အဖို့ မည်သည့်အခါကမျှ သံသယပေါ်ပေါက်ခြင်း မရှိခဲ့ပါ' ဟု ပြောကြားခဲ့သည်။ *[ဘုခါရီကျမ်း]*

ဟဇရသ်အဗူအုဗိုင်ဒဟ် ﷺ သခင်က နားချသည်။ ၎င်းနောက် 'ရှိုက်သွာန်၏ နှောင့်ယှက်သွေးထိုး ဖြားယောင်းမှုမှ ကင်းလွတ်ရန် ခိုလှုံခွင့် တောင်းခံပါလေ'ဟု ပြောဆိုလေရာ ဟဇရသ်အုမရ် ﷺ သခင်က 'ကျွန်ုပ်သည် ရှိုက်သွာန်၏ နှောင့်ယှက်သွေးထိုး ဖြားယောင်းမှုမှ ကင်းလွတ်ရန် အလ္လာဟ်အသျှင်မြတ် ထံတော်၌ ခိုလှုံပါ၏' ဟု ပြောဆိုခဲ့သည်။ ဟဇရသ်အုမရ် ﷺ က 'ကျွန်ုပ်သည် မိမိ၏ အမှားကို သိရှိ ခံစားရသောအခါ ထိုအပြစ်မှ ခွင့်လွှတ်ချမ်းသာ ရရှိစေရန် 'စွဒကာဟ်'၊ 'ခိုင်ရားသ်'များ ပေးခဲ့သည်။ 'ရိဇာဟ်'များ ထားခဲ့သည်။ ကျွန်များကို သူကောင်းပြုခဲ့သည်'ဟု အမိန့်ရှိခဲ့သည်။

အခြားဖြစ်ရပ်တစ်ခုနှင့် ကတိခံဝန်ချက်ကို လိုက်နာရာ၌ တမန်တော်မြတ် ﷺ ၏ သာဓက

ယခုအခါ ဤငြိမ်းချမ်းရေးစာချုပ်နှင့် စပ်လျဉ်းသည့် စည်းကမ်းချက်များ သတ်မှတ်ပြီးရုံမျှသာ ရှိသေးသည်။ ဆွဟာဗာတို့အဖို့ မနှစ်မြို့ဖွယ် ဖြစ်ရပ်တစ်ခု ကြုံတွေ့ရသည်မှာ စုဟိုင်းလ်ဗင်န်အမရ် ﵁ သခင်သည် ကုရိုက်ရှ်တို့ဘက်မှ ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုသူဖြစ်သည်။ ရုတ်တရက် ၎င်း၏ သားဖြစ်သူ အဘူဂျန်ဒလ် ﵁ သည် မွတ်စ္စလင်မ်ဖြစ်ပြီးသူ ဖြစ်သည်။ ဖခင်က ၎င်းအား အကျဉ်းချ ချုပ်နှောင်ထားခဲ့သည်။ ၎င်းအား ဒုက္ခအမျိုးမျိုးကို ပေးခဲ့သည်။ ၎င်းသည် ရသည့်နည်းနှင့် ထွက်ပြေးလာပြီး တမန်တော်မြတ် ﷺ ၏ ထံတော်ပါးသို့ ရောက်ရှိလာခဲ့သည်။ ထို့နောက် ကိုယ်တော်မြတ် ﷺ ထံတော်၌ ခိုလှုံခွင့် တောင်းခံလေသည်။ မွတ်စ္စလင်မ်အချို့တို့သည် ရှေ့သို့ တိုးလာပြီး ၎င်းအား မိမိတို့ထံ၌ ခိုလှုံခွင့်ပေးလိုက်သည်။ ထိုအခါ စုဟိုင်းလ်က 'ဤသို့ ပြုခြင်းသည် ပထမဦးဆုံး ကတိဝန်ခံချက်ကို ချိုးဖောက်ခြင်း ဖြစ်သည်။ အကယ်၍ ၎င်းအား ပြန်လည်ပို့ဆောင်ခြင်း မပြုပါက ကျွန်ုပ်သည် ငြိမ်းချမ်းရေးစာချုပ်၏ မည်သည့် စည်းကမ်းချက်ကိုမျှ လက်ခံမည်မဟုတ်တော့ပါ' ဟု ဟစ်အော်ပြောကြားလေသည်။ တမန်တော်မြတ် ﷺ သည် ကတိခံဝန်ချုပ်အပေါ် လိုက်နာရန် တာဝန်ရှိပြီး အဖြစ်သတ်မှတ်ပြီးဖြစ်သည်။ ထို့ကြောင့် အဘူဂျန်ဒလ် ﵁ သခင်ကို အသံပြု၍ 'အို၊ အဘူဂျန်ဒလ်၊ အသင်သည် ကာလအနည်းငယ် ထပ်မံ၍ သည်းခံပါလေ။ အလ္လာဟ်အသျှင်မြတ်သည် အသင်နှင့် မက္ကာဟ်တွင် ဖိတ်မိနေသော အားအင်ချို့တဲ့သူ မွတ်စ္စလင်မ်များ အတွက် အမြန်ဆုံး လွတ်မြောက်မှုနှင့် ကျယ်ဝန်းစေမှုကို ပြုပေးမည့်အသျှင် ဖြစ်တော်မူပါသည်' ဟု မိန့်ကြားတော်မူလေသည်။

မွတ်စ္စလင်မ်တို့၏ စိတ်နှလုံးသားများတွင် အဘူဂျန်ဒလ်၏ ဤဖြစ်ရပ်က ပို၍ ရင်နင့်စေခဲ့သည်။ အဘူဂျန်ဒလ်မှာမူ ယခုပင် မက္ကာဟ်ကို အောင်နိုင်လိမ့်မည်ဟု ယုံကြည်၍ လာခဲ့ခြင်းဖြစ်သည်။ ယခု ရောက်ရှိလာသောအခါ ရင်ဆိုင်ကြုံတွေ့သည့် ဖြစ်ရပ်က ၎င်း၏ ပူဆွေးမှုများကို အဆုံးမရှိ ဖြစ်စေခဲ့သည်။ ထို့ကြောင့် ၎င်းမှာ သေမတတ်ပင် ခံစားရလေသည်။ သို့သော်လည်း ငြိမ်းချမ်းရေးစာချုပ်မှာ အခိုင်အမာ ဖြစ်ပြီးခဲ့လေသည်။ ဤငြိမ်းချမ်းရေးစာချုပ်တွင် မွတ်စ္စလင်မ်များဘက်မှ အဘူဗကရ် ﵁၊ ဥမရ် ﵁၊ အဗ်ဒုရ်ရဟ်မာန်းဗင်န်အောင်ဖ် ﵁၊ အဗ်ဒုလ္လာဟ်ဗင်န်စုဟိုင်းလ်ဗင်န်အမရ် ﵁၊ စအဒ်ဗင်န်အဘီဝက္ကားဆ် ﵁၊ မိုဟမ္မဒ်ဗင်န်မက်စ်လမာဟ် ﵁ နှင့် အလီဗင်န်အဘီသွာလိဗ် ﵁ စသော အခြားဆွဟာဗာအချို့တို့သည်လည်း လက်မှတ်ရေးထိုးခဲ့ကြသည်။ အလားတူ မုရှ်ရစ်က်များဘက်မှ စုဟိုင်းလ်နှင့်အတူ အခြားသူများသည်လည်း လက်မှတ်ရေးထိုးခဲ့ကြသည်။

'အိဟ်ရာမ်' ချွတ်ခြင်းနှင့် 'ကုရ်ဗာနီ' သားကောင်များကို 'ဇဗာဟ်' ပြုခြင်း

ငြိမ်းချမ်းရေးစာချုပ် ရေးသားချုပ်ဆို ပြီးမြောက်သောအခါ တမန်တော်မြတ် ﷺ က (ငြိမ်းချမ်းရေးစာချုပ်ပါ စည်းကမ်းချက်များအရ ယခု ကျွန်ုပ်တို့ ပြန်ကြရမည်။) အားလုံးတို့သည် မိမိတို့နှင့် ပါလာသော

'ကုရ်ဗာနီ'သားကောင်များကို 'ဇဗာဟ်'ပြုကြကုန်။ ထို့နောက် ခေါင်းတုံး၍ 'အိဟ်ရာမ်'များ ချွတ်ကြကုန်' ဟု မိန့်ကြားတော်မူလေသည်။ ဆွဟာဗာတို့သည် အဆက်မပြတ် သောကဗျာပါဒများနှင့် ရင်ဆိုင်ခဲ့ရသည့် အတွက် ကိုယ်တော်မြတ် ﷺ က မိန့်ကြားခြင်းဖြစ်ပါလျက် မည်သူမျှ ဤမိန့်ကြားချက်အတိုင်း ပြုလုပ်ရန် မထကြပေ။ ဤဖြစ်ရပ်အပေါ် ကိုယ်တော်မြတ် ﷺ သည် သောကဖြစ်ရလေသည်။ ထို့ကြောင့် အွန်းမွလ် မုအ်မိနီးန် ဟဇရသ်အွန်းမေ့စလ်မဟ် ؓ သခင်မထံ သွား၍ မိမိ၏ ဤသောကရောက်ရခြင်းအကြောင်း ပြောကြားတော်မူလေသည်။ အွန်မွလ်မုအ်မိနီးန် ؓ သည် အလွန်သင့်တော်၍ ကောင်းမြတ်သည့် အကြံဉာဏ် ကို တင်ပြသည်မှာ 'ကိုယ်တော်သည် ယခုအခါ ဆွဟာဗာတို့အား ဤကိစ္စအပေါ် မည်သို့မျှ မိန့်ကြား ခြင်း ပြုတော်မမူပါနှင့်။ ယခုအခါ ၄င်းတို့မှာ ငြိမ်းချမ်းရေးစာချုပ်ပါ စည်းကမ်းချက်များနှင့် 'အွမ်ရာဟ်' မပြုဘဲ လှည့်ပြန်ရခြင်းတို့ကြောင့် ပြင်းထန်သော ခံစားချက်များ၊ စိတ်သောကများ ရောက်နေကြပါသည်။ ကိုယ်တော်သည် ၄င်းတို့အားလုံး၏ ရှေ့တွင် ဆံပင်ညှပ်သမားကို ခေါ်ယူ၍ မိမိကိုယ်တိုင် ခေါင်းတုံး၍ 'အိဟ်ရာမ်' ချွတ်တော်မူလိုက်ပါ။ ထို့နောက် မိမိ၏ 'ကုရ်ဗာနီ'ကို ပြုတော်မူလိုက်ပါ' ဟု ဖြစ်သည်။ ကိုယ်တော်မြတ် ﷺ သည် အကြံပြုတင်ပြသည့်အတိုင်း ပြုတော်မူလေသည်။ ဆွဟာဗာတို့သည် ဤအချင်း အရာကို တွေ့မြင်ရလေသောအခါ တစ်ဦးကိုတစ်ဦး အပြန်အလှန် ခေါင်းတုံးကြလေသည်။ 'ကုရ်ဗာနီ' သားကောင်များကို 'ကုရ်ဗာနီ'ပြုကြသည်။ ကိုယ်တော်မြတ် ﷺ သည် အားလုံးအတွက် ဒိုအာဆုမွန် တောင်း ပေးတော်မူလေသည်။

တမန်တော်မြတ် ﷺ သည် 'ဟုဒိုင်ဗီယာဟ်' အရပ်တွင် (၁၉) ရက်၊ အချို့ဆင့်ပြန်ချက်များအရ (၂၀) ရက် စခန်းချတော်မူခဲ့သည်။ ယခု ဤနေရာမှ လှည့်ပြန်လာခဲ့လေပြီ။ ကိုယ်တော်မြတ် ﷺ သည် ဆွဟာဗာအပေါင်းတို့နှင့်အတူ ဦးစွာပထမ مرّظهران 'မရ်ရဇ္ဇဟ်ရာန်'သို့လည်းကောင်း၊ တစ်ဖန် عسفان 'အဆ်ဖာန်'သို့ ရောက်လေသောအခါ မွတ်စ္စလင်မ်အားလုံးတို့၏ စားနပ်ရိက္ခာများ ပြတ်လုပြီးဖြစ်လေသည်။ စားသုံးရန် အလွန်နည်းပါးစွာသာ ရှိတော့သည်။ တမန်တော်မြတ် ﷺ သည် စားပွဲခင်းတစ်ခုကို ခင်းတော်မူ လိုက်သည်။ ထို့နောက် အားလုံးကို 'မိမိတို့ထံ၌ ရှိသမျှတို့ကို ယူ၍ ဤနေရာ၌ စုလိုက်ပါ'ဟု အမိန့်ပေး လိုက်သည်။ ဤသို့ဖြင့် ကျန်ရှိနေသမျှသော စားသုံးဖွယ်တို့သည် စားပွဲခင်းပေါ်၌ အစုအပုံ ဖြစ်သွားသည်။ လူဦးရေ (၁၄၀၀) ရှိသည်။ တမန်တော်မြတ် ﷺ သည် ဒိုအာဆုမွန် တောင်းခံတော်မူသည်။ ထို့နောက် အားလုံးကို စတင် စားသုံးရန် အမိန့်ပေးတော်မူသည်။ ဆွဟာဗာတို့က တင်ပြသည်မှာ '(၁၄၀၀) ရှိသော လူအများသည် ဗိုက်ပြည့်တင်းအောင် စားသုံးကြပြီး မိမိတို့၏ ပန်းကန်၊ ခွက်ယောက်များ၌ အပြည့် ဖြည့်၍ ယူဆောင်ခဲ့ကြသည်။ ထိုသို့ ပြုပြီးနောက်တွင်လည်း ပထမစုပုံခဲ့စဉ်ကမျှခန့် စားစရာများ ကျန်ရှိ နေသေးသည်' ဟု ဖြစ်သည်။ ဤနေရာတွင် ထိုဖြစ်ရပ်သည် ဒုတိယ 'မုအ်ဂျေဇာဟ်'ဖြစ်ပေါ်ခဲ့ခြင်း ဖြစ်သည်။ တမန်တော်မြတ် ﷺ သည် ဤသည်ကို တွေ့မြင်ပြီး အလွန် ပျော်ရွှင်တော်မူလေသည်။

ဆွဟာဗာတို့၏ အီမာန်နှင့် တမန်တော်မြတ် ﷺ ၏ အမိန့်ကို နာခံခြင်းအပေါ် စမ်းသပ်မှုတစ်ရပ်နှင့် ၎င်းတို့၏ တုနှိုင်းမဲ့သော အီမာန်၏ အင်အား

ဆွဟာဗာတို့သည် ငြိမ်းချမ်းရေး စည်းကမ်းချက်များ 'အွမ်ရာဟ်' မပြုရဘဲ ပြန်လာရခြင်းများကြောင့် မိမိတို့၏ ရဲစွမ်းသတ္တိများကို ထုတ်ဖော်ခြင်းမပြုရဘဲ ပြန်လာခဲ့ရခြင်းအပေါ် လွန်စွာ မကျေမချမ်းဖြစ်နေကြရကြောင်း အထက်တွင် သိရှိခဲ့ရပြီး ဖြစ်သည်။ ဤသို့သော အခြေအနေများတွင်လည်း အီမာန်သက်ဝင် ယုံကြည်ခြင်းနှင့် ရစူလ်တမန်တော်မြတ် ﷺ ၏ အမိန့်ကို နာခံကြခြင်းသည်ပင် ၎င်းတို့၏ အီမာန်ဖြစ်လေသည်။ 'ဟုဒိုင်ဗီယာဟ်'အရပ်မှ ပြန်လာပြီး كُراع الغميم 'ကုရာအ်ဂမီးမ်' အရပ်သို့ ရောက်လေသော် ကိုယ်တော်မြတ် ﷺ အပေါ်၌ စူရာဟ်ဖသဟ် ကျရောက်လာခဲ့သည်။ ကိုယ်တော်မြတ်သည် ဆွဟာဗာတို့အား ဖတ်ကြားပြတော်မူသည်။ ဆွဟာဗာများ၏ စိတ်နှလုံးသားများတွင် ဤကဲ့သို့သော ငြိမ်းချမ်းရေး၏ စည်းကမ်းချက်များနှင့် 'အွမ်ရာဟ်'မပြုရဘဲ ပြန်သွားခဲ့ရခြင်းတို့အပေါ် ကနဦးမှပင် နာကျင်ခံစားနေရခြင်းဖြစ်သည်။ ယခုအခါ ဤစူရာဟ်က ထင်ရှားသော အောင်နိုင်မှုကို ရရှိလိုက်သည်ဟု လာရှိထားသည်။ ထို့ကြောင့် ဟာဇရသ်အုမရ်ဖင်နိခဿွာဗ် رضي الله عنه သခင်ကပင် ထပ်မံ၍ 'အို၊ ကိုယ်တော်၊ ဤသည် အောင်နိုင်မှု ဖြစ်ပါသလား'ဟု မေးလျှောက်လေသည်။ ကိုယ်တော်မြတ် ﷺ က 'ကျွန်ုပ်၏ အသက်ဇီဝိန်ကို စိုးပိုင်တော်မူသော အသျှင်မြတ်၏ ကစမ်၊ ဤသည် ထင်ရှားသော အောင်နိုင်မှုပင် ဖြစ်သည်'ဟု မိန့်ကြားတော်မူလေသည်။ ဆွဟာဗာတို့သည် ဤမိန့်ကြားချက်အပေါ်၌လည်း အမိန့်နာခံခဲ့ကြသည်။ ထို့နောက် ဖြစ်ရပ်အားလုံးကို ထင်ရှားသော အောင်နိုင်မှုဖြစ်ကြောင်း ယုံကြည်ခဲ့ကြလေသည်။

'ဟုဒိုင်ဗီယာဟ်' စစ်ပြေငြိမ်းရေးစာချုပ်၏ အကျိုးရလဒ်နှင့် 'ဗရ်ကသ်' မင်္ဂလာများ

ဤအဖြစ်အပျက်မှ အောက်ပါအကျိုးဆက်များ ဖြစ်ပေါ်ခဲ့သည်။ ပထမအချက်အနေဖြင့် မက္ကာဟ်ရှိ ကုရိုက်ရှ်တို့နှင့် ၎င်းတို့၏ များစွာသော နောက်လိုက်တို့အပေါ် ၎င်းတို့၏ ဆန့်ကျင်မှုနှင့် အမှန်တရားကို ဥပေက္ခာပြုခြင်း ထင်ရှားပေါ်လွင်လာခြင်းကြောင့် ၎င်းတို့ အတွင်း၌ပင် အုပ်စုကွဲခြင်းများ ဖြစ်ပေါ်ခဲ့သည်။ ဗုဒိုင်းလ်ဗင်န်ဝရ်ကာသည် မိမိ၏ နောက်လိုက်များကို ခေါ်ဆောင်၍ ၎င်းတို့နှင့် ခွဲထွက်သွားလေသည်။ ထို့ပြင် အုရ်ဝဟ်ဗင်နိမတ်စ်အူးဒ်သည်လည်း မိမိ၏ နောက်လိုက်များကို ခေါ်ဆောင်၍ ခွဲထွက်သွားလေသည်။ ဒုတိယအချက်အနေဖြင့် ဆွဟာဗာများ၏ တုနှိုင်းယှဉ် မရနိုင်သော သက်စွန့်မှုများကိုလည်းကောင်း၊ တမန်တော်မြတ် ﷺ အား အနှိုင်းမဲ့ အမိန့်နာခံများမှုများကိုလည်းကောင်း၊ ချစ်မြတ်နိုးမှုများကိုလည်းကောင်း ရိုသေလေးမြတ်မှုများကိုလည်းကောင်း တွေ့မြင်ကြရပြီး မက္ကာဟ်ရှိ ကုရိုက်ရှ်တို့အပေါ် အရှိန်အဝါဖြစ်သွားပြီး စစ်ပြေငြိမ်းရေးနှင့် ငြိမ်းချမ်းရေးဘက်သို့ တိမ်းညွတ်ခဲ့ခြင်း အမှန်စင်စစ် ၎င်းတို့အတွက် မွတ်စ္စလင်မ်များကို သုတ်သင်ရှင်းလင်းရန်အတွက် ဤအချိန်ထက်ပို၍ ကောင်းသော အခွင့်အရေး

မရှိပါချေ။ အဘယ်ကြောင့်ဆိုသော် ၄င်းတို့သည် မိမိတို့၏ အိမ်များ၌သာ အေးချမ်းစွာ ရှိနေကြပြီး မွတ်စ္စလင်မ်တို့မှာမူ ခရီးသည်အဖြစ်၌ လမ်းခုလတ်တွင် ရှိနေသောကြောင့် ဖြစ်သည်။ ကုရိုက်ရှ်တို့သည် ရေရှိသော နေရာများကို သိမ်းပိုက်ထားကြသည်။ မွတ်စ္စလင်မ်များမှာ အစာရေစာ ပြတ်လပ်သော တောင်၌ ရှိခဲ့ကြသည်။ ကုရိုက်ရှ်တို့တွင် အင်အားအပြည့်အဝ ရှိကြသည်။ မွတ်စ္စလင်မ်တို့တွင် လက်နက်များ များစွာ မရှိကြပေ။ သို့သော် အလ္လာဟ်အသျှင်မြတ်သည် ၄င်းတို့၏ စိတ်နှလုံးများတွင် ကြောက်စိတ်အရှိန်အဝါကို ထည့်ပေးတော်မူလိုက်သည်။ ၄င်းတို့အနက် လူများစွာတို့မှာ ကိုယ်တော်မြတ် ﷺ နှင့် သွားရောက်တွေ့ဆုံခြင်းနှင့် အထိအတွေ့ ရှိခြင်းတို့ကြောင့် ၄င်းတို့အနက် လူများစွာတို့၏ စိတ်များတွင် အစ္စလာမ်နှင့် အီမာန်ခိုင်မာသွားကြသည်။ နောက်ပိုင်းတွင် မွတ်စ္စလင်မ်ဖြစ်သွားခဲ့ကြသည်။

စစ်ပြေငြိမ်းကာ ငြိမ်းချမ်းရေး ရရှိသွားခြင်းကြောင့် လမ်းခရီးများသည် ငြိမ်းချမ်းသွားသည်။ အစ္စလာမ်သာသနာဘက်သို့ ဖိတ်ခေါ်ရန်အတွက် ကိုယ်တော်မြတ် ﷺ နှင့် ဆွဟာဗာများအတွက် လမ်းများ ပွင့်သွားသည်။ အာရဗ်မျိုးနွယ်စုတို့အဖို့ ကိုယ်တော်မြတ် ﷺ ၏ အပါးတော်၌ ခစားခွင့် ရရှိခဲ့ကြသည်။ တမန်တော်မြတ် ﷺ နှင့် ဆွဟာဗာတို့သည် လှည်းနေလှေအောင်း မြင်းစောင်းမကျန် အစ္စလာမ့်ဖိတ်ခေါ်ခြင်းကို ပြုခဲ့ကြသည်။ တိုင်းပြည်အသီးသီး၏ ဘုရင်များထံသို့ အစ္စလာမ်သာသနာတော်ဘက်သို့ ဖိတ်ခေါ်သည့် သဝဏ်လွှာများ ပေးပို့ခဲ့သည်။ ၄င်းတို့အနက် အချို့ သြဇာကြီးမားသော ဘုရင်တို့သည် အစ္စလာမ်ကို လက်ခံခဲ့ကြသည်။ ၄င်း၏ အကျိုးဆက် အချုပ်ရလဒ်မှာ ဤသို့ ပေါ်ထွက်ခဲ့သည်။ 'ဟုဒိုင်ဗီယာဟ်' ဖြစ်ရပ်တွင် တမန်တော်မြတ် ﷺ ၏ အားလုံးကို ဖိတ်ခေါ်ခဲ့ခြင်းနှင့် 'အွမ်ရာဟ်' ပြုရန် ထွက်မည်ဟု ခေါ်ဆိုသည့်တိုင် လူဦးရေ (၁၅၀၀) ထက် မပိုသော မွတ်စ္စလင်မ်များသာ အတူလိုက်ပါခဲ့ကြသည်။ ယခု ထို 'ဟုဒိုင်ဗီယာဟ်' စစ်ပြေငြိမ်းရေး စာချုပ်ချုပ်ဆိုပြီးနောက်တွင် အုပ်စုလိုက်၊ အုပ်စုလိုက် လူတို့သည် အစ္စလာမ်သာသနာသို့ ဝင်ရောက်လာခဲ့ကြသည်။ ဤကာလအတွင်း ဟိဂျ်ရီ (၇) ခုနှစ်တွင် 'ခိုင်ဗရ်' ကို အောင်နိုင်ပြီးသောခါ မွတ်စ္စလင်မ်တို့အဖို့ ပစ္စည်းဥစ္စာ များပြားစွာ ရရှိခဲ့ကြသည်။ လက်နက်၊ စစ်အင်အား တောင့်တင်းလာခဲ့သည်။ ဤစစ်ပြေ ငြိမ်းရေးစာချုပ် ချုပ်ဆိုပြီးနောက် (၂) နှစ် မပြည့်သေးမီအတွင်းမှာပင် မွတ်စ္စလင်မ်တို့၏ အရေအတွက်မှ ယခင် ရှေးကာလများတွင် မည်သည့်အခါကမျှ မဖြစ်ပေါ်ဖူးခဲ့သော အတိုင်းအတာအထိ များပြားခဲ့သည်။ ထိုအခါ ကုရိုက်ရှ်တို့သည် စစ်ပြေငြိမ်းရေးစာချုပ်ပါ စည်းကမ်းချက်များကို ဆန့်ကျင်၍ ကတိခံဝန်ချက်များကို ချိုးဖောက်မှုများ ပြုလာကြသည်။

တမန်တော်မြတ် ﷺ သည် မက္ကာဟ်မြို့ကို သိမ်းပိုက်အောင်နိုင်ရန် သိုသိုသိပ်သိပ် ပြင်ဆင်မှုများ ပြုလျက် ရှိနေတော်မူသည်။ စာချုပ်ချုပ်ဆိုပြီး လပေါင်း (၂၀) (သို့) (၂၁) လမျှသာ ရှိသေးသည်။ မက္ကာဟ်ကို သိမ်းပိုက်အောင်နိုင်ရန် ကိုယ်တော်မြတ် ﷺ သည် အသက်စတေး စွန့်လှူရန် ဝန်မလေးကြသော ဆွဟာဗာအပါး (၁၀၀၀၀) နှင့်အတူ ခရီးထွက်ရန် ပြင်ဆင်လေသည်။ မက္ကာဟ်ရှိ ကုရိုက်ရှ်တို့ထံသို့ သတင်းရောက်ရှိသွားသောအခါ ၄င်းတို့သည် ထိတ်လန့်တုန်လှုပ်၍ အဘူစွဖ်ယာန်အား တောင်းပန်စွာဖြင့် ကတိခံဝန်ချက်အသစ် ပြန်လည်ပြုလုပ်နိုင်ရေးအတွက် ကိုယ်တော်မြတ် ﷺ ထံတော်သို့ စေလွှတ်

လိုက်ကြသည်။ ကိုယ်တော်မြတ် ﷺ သည် ကတိခံဝန်ချုပ်အသစ်ကို ပြုတော်မမူခဲ့ပေ။ နောက်ဆုံးတွင် ဆွဟာဗာဦးရေ (၁၀၀၀၀) တို့နှင့်အတူ မက္ကာဟ်မြို့သို့ ထွက်ခဲ့လေသည်။ ကုရိုက်ရှ်ကာဖိရ်တို့မှာ မူလ မှပင် ကြောက်ရွံ့စိုးရိမ်လျက် ရှိကြပြီးဖြစ်သည်။ မက္ကာဟ်တွင် များစွာသော တိုက်ခိုက်ခြင်းပင် မပြုလိုက် ရပေ။ တမန်တော်မြတ် ﷺ ၏ နိုင်ငံရေးအမြော်အမြင်ဖြင့် စစ်မက်တိုက်ခိုက်ခြင်းမဖြစ်စေရန် ကြိုတင် စီမံချက်များကြောင့်လည်း ဖြစ်သည်။ တမန်တော်မြတ် ﷺ ၏ ကြိုတင်စီမံချက်မှာ ကိုယ်တော်မြတ် ﷺ သည် မက္ကာဟ်မြို့တွင် ကြေညာတော်မူလိုက်သည်။ မည်သူမဆို မိမိအိမ်တံခါးကို ပိတ်၍နေပါလျှင် ထိုသူသည် ချမ်းသာခွင့် ရရှိသူဖြစ်သည်။ ထို့နောက် ဗလီဝတ်ကျောင်းတော်၌ ဝင်ရောက်ပါလျှင် ထိုသူသည် ချမ်းသာ ခွင့် ရရှိသူဖြစ်သည်။ အဗူစွဖ်ယာန်၏ အိမ်တွင် ဝင်ရောက်ပါလျှင် ထိုသူသည် ချမ်းသာရရှိမည့်သူ ဖြစ်သည်' ဟူ၏။ ဤနည်းဖြင့် လူအားလုံးတို့သည် မိမိတို့အတွက်သာ သောကကိုယ်စီ ဖြစ်သွားကြပေသည်။ များစွာ သော တိုက်ခိုက်ခြင်းပင် မပြုလိုက်ရပေ။ ထို့ကြောင့်လည်း ဖိကာဟ်ပညာရှင် အေမာမ်ကြီးများအကြား တွင် 'မက္ကာဟ်မြို့အား သိမ်းပိုက်အောင်နိုင်ခြင်းသည် နှစ်ဦးနှစ်ဖက် နားလည်မှုရယူကာ ငြိမ်းချမ်းရေး ရယူခဲ့ခြင်းကြောင့် ဖြစ်ပါသလော။ (သို့) စစ်မက်တိုက်ခိုက်ခြင်းဖြင့် ဖြစ်ပါသလော' ဆိုခြင်းအပေါ် ကွဲလွဲ မှုများ ရှိခဲ့ခြင်းဖြစ်သည်။ မည်သို့ပင်ဖြစ်စေ မက္ကာဟ်မြို့ကို အလွန်လွယ်ကူစွာ အောင်နိုင်ခဲ့သည်။ တမန် တော်မြတ် ﷺ ၏ အိပ်မက်တော်သည် မျက်ဝါးထင်ထင်အဖြစ် လူအားလုံးတို့၏ ရှေ့မှောက်တွင် ရောက်ရှိ ဖြစ်ပေါ်ခဲ့ပေပြီ။ ဆွဟာဗာများသည် စိုးရိမ်ကြောင်းကြမှု ကင်းစွာပင် 'ဗိုင်သွလ္လာဟ်' ကို 'သွဝါးဖ်' ပြုကြ သည်။ ထို့နောက် ခေါင်းတုံးခြင်းနှင့် ဆံပင်ညှပ်ခြင်းတို့ ပြုလုပ်ကြလေသည်။ ကိုယ်တော်မြတ် ﷺ နှင့် ဆွဟာဗာများသည် 'ဗိုင်သွလ္လာဟ်' အတွင်းသို့ ဝင်ရောက်ကြလေသည်။ 'ဗိုင်သွလ္လာဟ်' ၏ သော့သည် ကိုယ်တော်မြတ် ﷺ ၏ လက်တော်ဝယ် ရောက်ရှိလာခဲ့သည်။ ထိုအချိန်တွင် ကိုယ်တော်မြတ် ﷺ သည် အထူးအားဖြင့် ဟဇရတ်ဥမရ် ؓ အားလည်းကောင်း၊ ခြုံငုံခြင်းအားဖြင့် ဆွဟာဗာများအားလည်းကောင်း ဦးတည်ရည်ညွှန်းလျက် 'ဤသည် အသင်တို့အား ကျွန်ုပ်ပြောဆိုခဲ့သည့်ဖြစ်ရပ် အမှန်တကယ် ဖြစ်ပေါ်ခဲ့ ခြင်းပင် ဖြစ်ပေသည်' ဟု မိန့်ကြားတော်မူလေသည်။

'ဟဂ်ျဂျသွလ်ဝိဒါးအ်' တွင် ကိုယ်တော်မြတ် ﷺ သည် ဟဇရတ်ဥမရ် ؓ အား ရည်ညွှန်းလျက် 'ဤဖြစ်ရပ်သည် ကျွန်ုပ် အသင့်အား ပြောဆိုခဲ့သော ဖြစ်ရပ်ပင် ဖြစ်သည်' ဟု မိန့်ကြားတော်မူလေရာ ဟဇရတ်ဥမရ် ؓ သခင်က 'အမှန်ပင် မည်သည့်အောင်နိုင်မှုသည်မျှ 'ဟုဒိုင်ဗိယာဟ်' စစ်ပြေငြိမ်းရေးကဲ့သို့ အကောင်းဆုံးနှင့် အမြတ်ဆုံးဟူ၍ မရှိပါ' ဟု ဖြေကြားလေသည်။ ဟဇရတ်အဗူဗကရ်စွိဒ်ဒီးက် ؓ သခင် သည် အစကနဦးမှပင် 'အစ္စလာမ်သာသနာတော်တွင် မည်သည့်အောင်နိုင်မှုသည်မျှ 'ဟုဒိုင်ဗိယာဟ်' စစ်ပြေ ငြိမ်းရေးစာချုပ်နှင့် တူညီသော အောင်နိုင်မှုမရှိပါ' ဟု ပြောကြားခဲ့ပြီးဖြစ်သည်။ သို့ရာတွင် လူများ၏ အတွေးအခေါ်နှင့် အမြော်အမြင်သည် ဤမျှအထိ မရောက်ရှိခဲ့ကြပေ။ ဤသည်မှာ အလ္လာဟ်အသျှင်မြတ် နှင့် ၎င်း၏ ရစူလ်တမန်တော်တို့၏ကြား ရှိထားပြီးသော ခိုင်မာသည့် အကြောင်းတရား ဖြစ်ပေသည်။ လူသားတို့သည်ကား အလျင်စလို ပြုလုပ်လိုကြသည်။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်သည် လူသားတို့၏

အလျှင်စလို ပြုလိုခြင်းအပေါ် စူးရှ၍ အလျှင်စလို ပြုပေးတော်မမူခဲ့ပေ။ ထိုမျှသာမက အမြော်အမြင်နှင့် ကောင်းကျိုးများ ကို ရှေးရှုလျက် အလုပ်တိုင်းကို မိမိတို့၏ အချိန်နှင့် ကိုက်ညီစွာသာ ဖြစ်ပေါ်စေတော်မူခဲ့သည်။ ထို့ကြောင့် စူရာဟ်ဖသဟ်၌ အလ္လာဟ်အသျှင်မြတ်သည် ဤ 'ဟုဒိုင်ဗီယာဟ်'ဖြစ်ရပ်ကို ထင်ရှားသော အောင်နိုင်မှုဟု မိန့်ကြားတော် မူခဲ့ခြင်းဖြစ်သည်။

ဤ 'ဟုဒိုင်ဗီယာဟ်'ဖြစ်ရပ်သည် ရှေ့လာမည့် အာယသ်တော်များကို နားလည်ရန် အရေးကြီးသော အစိတ်အပိုင်းများ ဖြစ်သည်။ ယခု အာယသ်တော်၏ သဖ်စီးရ်ကို ကြည့်ပါလေ။

لِيَغْفِرَ لَكَ اللّٰهُ مَاتَقَدَّمَ مِنْ ذَنْۢبِكَ وَمَا تَأَخَّرَ

(ယင်းကဲ့သို့ အောင်မြင်မှု ချီးမြှင့်တော်မူခြင်းမှာ) အလ္လာဟ်အသျှင်မြတ်သည် အသင်၏ ရှေးကာလ ချို့တဲ့မှုများနှင့် အနာဂတ်ကာလ ချို့တဲ့မှုများကို ခွင့်လွှတ်ချမ်းသာ ပေးသနားတော်မူရန်အလို့ငှာ ဖြစ်၏။)

[၄၈ : ၂]

ဤနေရာတွင် لِيَغْفِرَ မှ **لام** 'လာမ်'အက္ခရာသည် အကယ်၍ **تعليل** 'သအ်လီးလ်'အကြောင်းခံကို တင်ပြခြင်းအတွက်ဖြစ်ပါလျှင် အလိုသဘောမှာ 'ဤထင်ရှားသော အောင်နိုင်မှုကို အသင့်အား ချီးမြှင့်တော်မူခြင်းမှာ အသင့်အား ဤအာယသ်တော်၌ ပါရှိသော အရည်အချင်း (၃) ရပ် ရရှိသွားစေရန်ဖြစ်သည်။ ၎င်းတို့အနက် ပထမအချက်မှာ 'ရှေ့ပြစ်၊ နောက်ပြစ် ကျူးလွန်မိခဲ့သော အမေ့၊ အမှား အားလုံး ခွင့်လွှတ်ချမ်းသာ ရရှိစေရန် ဖြစ်သည်။ စူရာဟ်မိုဟမ္မဒ်၌ 'နဗီတမန်တော်တို့သည် အပြစ်ဒုစရိုက်အပေါင်းမှ ကင်းရှင်းကြကြောင်း၊ ထိုနဗီတမန်တော်များဘက်သို့ ကုရ်အာန်ကျမ်းတော် မြတ် တွင် ذَنْبٌ (ပြစ်မှု) (သို့မဟုတ်) عِصْيَانٌ (ဖီဆန်မှု) စသော စကားလုံးများ သုံးနှုန်းခြင်းသည် ၎င်းတို့၏ မြင့်မားသော အဆင့်အတန်း အပေါ် အကောင်းဆုံးမဟုတ်သော လုပ်ရပ်များကို ပြုခြင်းအပေါ် သုံးနှုန်းခဲ့ခြင်း ဖြစ်သည်။ သို့သော် 'နဗူဝသ်'၏ အဆင့်အတန်းမြင့်မားမှု 'အမြတ်ဆုံးမဟုတ်သော' လုပ်ရပ်ကို ပြုလုပ် ကျင့်သုံးခဲ့ခြင်းအပေါ်၌လည်း ကုရ်အာန်ကျမ်းတော်မြတ်က သတိပေးခြင်းအနေဖြင့် အပြစ်ဒုစရိုက်ဟု ပမာပုံဆောင် ခိုင်းနှိုင်းခြင်းဖြစ်ကြောင်း သိရှိခဲ့ပြီးဖြစ်သည်။ مَاتَقَدَّمَ ၏ အလိုသဘောမှာ 'နဗူဝသ်'မရရှိမီအလျှင်က ကျူးလွန်မိခဲ့သည့် ချွတ်ချော်မှုများကို ဆိုလိုသည်။ مَاتَأَخَّرَ ၏ အလိုသဘောမှာ 'ရိစာလသ်'နှင့် 'နဗူဝသ်' ရရှိပြီးနောက် ဖြစ်ပေါ်ခဲ့သည်တို့ကို ဆိုလိုသည်။ *[မဇ္ဇဟရီကျမ်း]*

ထို့နောက် ဤထင်ရှားသော အောင်နိုင်မှုသည် ယင်းလွတ်ငြိမ်းချမ်းသာခွင့်အတွက် အကြောင်းခံဖြစ်ရခြင်းမှာ ဤထင်ရှားသော အောင်နိုင်မှု၏ အကြောင်းခံဖြင့် လူများစွာတို့သည် အုပ်စုလိုက် အုပ်စုလိုက် အစ္စလာမ်သာသနာတော်၌ ဝင်ရောက်လာကြလိမ့်မည်။ ၎င်းနောက် အစ္စလာမ်သာသနာ၏ ပြန့်ပွားမှုကျယ်ကျယ်ပြန့်ပြန့် ဖြစ်ရှိသွားခြင်းသည် ကိုယ်တော်မြတ် ﷺ ၏ ဘဝသက်တမ်း၏ အကြီးမားဆုံးသော ရည်ရွယ်ချက်နှင့် ကိုယ်တော်မြတ် ﷺ ၏ အကျိုးကုသိုလ်များကို တိုးမြှင့်ပေးသော အရာဖြစ်သည်။ အကျိုးကုသိုလ်

များ အလွန်များပြားခြင်းသည် အပြစ်ဒုစရိုက်များအတွက် 'ကဖ်ဖာရဟ်'ပြု ချေဖျက်ပေးသော အကြောင်းခံပင် ဖြစ်သည်။ *[ဗယာနုလ်ကုရ်အာန်ကျမ်း]*

وَيَهْدِيَكَ صِرَاطًا مُّسْتَقِيمًا

(အသင့်အား ဖြောင့်မတ်မှန်ကန်သော တရားလမ်းကို ညွှန်ကြားပြသတော်မူရန်အလို့ငှာ ဖြစ်၏။) *[၄၈ : ၂]*

ဤသည် ဒုတိယမြောက်ကျေးဇူးတော် ဖြစ်သည်။ ဤကျေးဇူးတော်သည် ဤထင်ရှားသော အောင်နိုင်မှုနှင့် ဆက်စပ်ပေသည်။ ဤနေရာတွင် မေးခွန်းတစ်ခု ပေါ်ပေါက်လာသည်မှာ ကိုယ်တော်မြတ် ﷺ သည် မူလကပင် **صراط مستقيم** (ဖြောင့်မတ်မှန်ကန်သော တရားလမ်း၏) အပေါ်၌ ရှိခဲ့သည်။ ထို့ပြင် ကိုယ်တော်မြတ် ﷺ ကိုယ်တော်တိုင်သာ **صراط مستقيم** အပေါ်၌ ရှိသည်သာမက တစ်လောကလုံး ကိုလည်း **صراط مستقيم** (ဖြောင့်မတ်မှန်ကန်သော တရားလမ်း) ပေါ် လျှောက်လှမ်းရန် ဖိတ်ခေါ်မှု ပြုနေခြင်းမှာ ကိုယ်တော်မြတ် ﷺ ၏ နေ့၊ ည မပြတ် ဆောင်ရွက်နေသော အလုပ်ဖြစ်သည်။ သို့ဖြစ်ပေရာ ဟိဂျ်ရသ်ပြုပြီး (၆) နှစ်မြောက် ဟိဂျ်ရီ (၆) ခုနှစ်တွင် ထင်ရှားစွာသော အောင်နိုင်မှု၏ အကြောင်းခံဖြင့် **صراط مستقيم** ဟူသော ဖြောင့်မတ်မှန်ကန်သော တရားလမ်းကို ညွှန်ကြားပြသခြင်းဟူသည်မှာ မည်သည့်အဓိပ္ပာယ် ဖြစ်ပါသနည်း' ဟူ၍ ဖြစ်သည်။

၎င်း၏ အဖြေကို 'စူရာဟ်ဖာသိဟာဟ်'၏ သဖ်စီးရ်တွင် 'ဟေဒါယသ်'ဟူသော စာလုံးကို ခွဲခြမ်းစိတ်ဖြာ တင်ပြရာ၌ တင်ပြခဲ့ပြီးဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် 'ဟေဒါယသ်'ဟူသည့် စာလုံး၏ အလိုသဘောတွင် အဆုံးမရှိသော အဆင့်အဆင့်ရှိသော အဆင့်အတန်းများ ပါရှိနေ၍ ဖြစ်ပေသည်။ 'ဟေဒါယသ်' ၏ အဓိပ္ပာယ်မှာ အဓိကအဖြစ် ရည်ရွယ်သော စခန်းသို့ သွားရာ လမ်းကို ညွှန်ပြခြင်း၊ (သို့) ထိုစခန်းသို့ ပို့ဆောင်ပေးခြင်းဟု ဖြစ်သည်။ ထို့ပြင် လူသားတိုင်း၏ အဓိကရည်ရွယ်သည့် ပန်းတိုင် စခန်းဟူသည်မှာ အလ္လာဟ်အသျှင်မြတ်၏ နှစ်မြို့မှုနှင့် နီးကပ်မှုကို ရယူလိုခြင်းဖြစ်သည်။ ဤနှစ်မြို့မှုနှင့် နီးကပ်မှုတို့တွင် ကွဲပြားခြားနားသော အဆင့်အတန်းများစွာ ရှိပေသည်။ အဆင့်အတန်းတစ်ခုကို ရရှိပြီးနောက် ဒုတိယ၊ တတိယ၊ အဆင့်အတန်းများ ရရှိရန် ကျန်ရှိနေပေသည်။ ဤအဆင့်အတန်းများကို အကြီးတကာ့ အကြီးဆုံး ဝလီသူတော်စင်သာမက နဗီ၊ ရစူလ်များသည်ပင် ဥပေက္ခာပြုရန် မဖြစ်နိုင်ကြပေ။ ထို့ကြောင့်

اِهْدِنَا الصِّرَاطَ الْمُسْتَقِيمَ

(အို၊ အလ္လာဟ်အသျှင်မြတ်၊ ကျွန်တော်မျိုးတို့အား အစစအရာရာတွင် ဖြောင့်မတ်မှန်ကန်သော လမ်းစဉ်ကို ညွှန်ကြားပြသတော်မူပါ။) *[၁ : ၆]*

ဟူသော ဒိုအာကို နမာဇ်၏ ရကာအသ်တိုင်းတွင် တောင်းခံရန် အွမ္မသ်များကိုသာမက ရစူလ်တမန်တော်မြတ် ﷺ ကိုပင် လမ်းညွှန် သင်ကြားပေးတော်မူခဲ့ခြင်း ဖြစ်သည်။ ၎င်း၏ အချုပ်ရလဒ်မှာ **صراط مستقيم** (ဖြောင့်မတ်မှန်ကန်သော တရားလမ်းမှန်) ဘက်သို့ 'ဟေဒါယသ်' (လမ်းညွှန်တော်မူ

ခြင်း) (သို့) အလ္လာဟ်အသျှင်မြတ်၏ နီးကပ်မှုနှင့် နှစ်မြို့မှု၏ အဆင့်အတန်းများကို ရယူနိုင်ရန်ဖြစ်သည်။ ဤထင်ရှားသော အောင်နိုင်မှုအပေါ် အလ္လာဟ်အသျှင်မြတ်သည် ဤနီးကပ်မှုနှင့် အဆင့်အတန်းများကို ကိုယ်တော်မြတ် ﷺ အား ချီးမြှင့်တော်မူခဲ့ပေသည်။ ဤချီးမြှင့်ခြင်း ကို **يَهْدِيَكَ** ဟူသော စာလုံးဖြင့် ပမာပုံဆောင် ခိုင်းနှိုင်း တင်ပြလိုက်ခြင်း ဖြစ်သည်။

وَيَنْصُرَكَ اللّٰهُ نَصْرًا عَزِيْزًا

(အလ္လာဟ်အသျှင်မြတ်သည် အသင့်အား ကြံ့ခိုင်သော ဘုန်းကျက်သရေရှိသော အောင်မြင်မှုကို ချီးမြှင့်တော်မူရန် အလို့ငှာလည်းကောင်း ဖြစ်ပေသည်။) *[၄၈ း ၃]*

ဤသည် ထင်ရှားသော အောင်နိုင်မှုနှင့် ဆက်စပ်လျက်ရှိသော တတိယမြောက် ကျေးဇူးတော် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်၏ ကူညီစောင်မမှုများသည် ကိုယ်တော်မြတ် ﷺ အဖို့ အမြဲတစေ ရှိနေသည်ဖြစ်ပါသော်လည်း ဤအချိန်တွင် ဤကူညီစောင်မခြင်းများ၏ ကြီးမားသော အဆင့်အတန်းတစ်ရပ်အား ကိုယ်တော်မြတ် ﷺ အဖို့ ချီးမြှင့်တော်မူခဲ့၍ ဖြစ်သည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

هُوَ الَّذِيْٓ اَنْزَلَ السَّكِيْنَةَ فِيْ
قُلُوْبِ الْمُؤْمِنِيْنَ لِيَزْدَادُوْٓا اِيْمَانًا مَّعَ اِيْمَانِهِمْ ۭ وَلِلّٰهِ جُنُوْدُ
السَّمٰوٰتِ وَالْاَرْضِ ۭ وَكَانَ اللّٰهُ عَلِيْمًا حَكِيْمًا ۝

၄၈ း ၄ ॥ ॥ ထိုအသျှင်မြတ်သည်ပင်လျှင် မုအ်မင်န်သက်ဝင် ယုံကြည်သူတို့၏ စိတ်နှလုံးများတွင် ၄င်းတို့၏ ရှိရင်းစွဲ အီမာန်ယုံကြည်မှုအပေါ်၌ အီမာန်ယုံကြည်မှုကို ထပ်မံ၍ ယုံကြည်မှု တိုးပွားစေရန်အလို့ငှာ စိတ်တည်ငြိမ်မှုကို ချပေးသနားတော်မူခဲ့၏။ စင်စစ် မိုးကောင်းကင်များနှင့် ပထဝီမြေ၌ ရှိကြကုန်သော စစ်တပ်တို့သည် အလ္လာဟ်အသျှင်မြတ်သာလျှင် ပိုင်ဆိုင်တော်မူသော စစ်တပ်များပင် ဖြစ်ကြကုန်၏။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိတော်မူသော အသျှင်၊ နက်နဲသိမ်မွေ့တော်မူသော ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။

لِّيُدْخِلَ الْمُؤْمِنِيْنَ وَالْمُؤْمِنٰتِ جَنّٰتٍ تَجْرِيْ مِنْ تَحْتِهَا الْاَنْهٰرُ خٰلِدِيْنَ
فِيْهَا وَيُكَفِّرَ عَنْهُمْ سَيِّاٰتِهِمْ ۭ وَكَانَ ذٰلِكَ عِنْدَ اللّٰهِ فَوْزًا عَظِيْمًا ۝

၄၈ း ၅ ॥ ॥ (ထိုသို့ ဖြစ်ရခြင်းမှာ) ထိုအသျှင်မြတ်သည် မုအ်မင်န်သက်ဝင် ယုံကြည်သော ယောကျာ်း၊ မိန်းမတို့ အား အကြင်ဥယျာဉ်များသို့ ဝင်ရောက်စေတော်မူရန် အလို့ငှာ ဖြစ်၏။ ၄င်းတို့သည် ထိုဥယျာဉ်များတွင် အမြဲထာဝစဉ်

နေထိုင်ကြရမည် ဖြစ်သည်။ ယင်းဥယျာဉ်များ၏ အောက်မှ စမ်းရေချောင်းများသည် စီးတွေလျက် ရှိကြပေမည်။ ၎င်းပြင် ထိုအသျှင်မြတ်သည် ၎င်း (မုအ်မင်န် ယောကျ်ားနှင့် မိန်းမ) တို့၏ မကောင်းမှု ပြစ်မှုဒုစရိုက်များကို ပပျောက်စေတော်မူရန် အလို့ငှာ ဖြစ်ပေသည်။ စင်စစ် ထိုသည်ပင်လျှင် အလ္လာဟ်အသျှင်မြတ်ထံတော်၌ ကြီးကျယ်လှစွာသော အောင်မြင်မှုပင်ဖြစ်၏။

وَّيُعَذِّبَ الْمُنٰفِقِيْنَ وَالْمُنٰفِقٰتِ وَالْمُشْرِكِيْنَ وَ
الْمُشْرِكٰتِ الظَّآنِّيْنَ بِاللّٰهِ ظَنَّ السَّوْءِ ۭ عَلَيْهِمْ دَآىِٕرَةُ السَّوْءِ ۚ وَ
غَضِبَ اللّٰهُ عَلَيْهِمْ وَلَعَنَهُمْ وَاَعَدَّ لَهُمْ جَهَنَّمَ ۭ وَسَاۗءَتْ مَصِيْرًا ۝

၄၈ : ၆ ။ ။ ၎င်းပြင် အလ္လာဟ်အသျှင်မြတ်နှင့် ပတ်သက်၍ မကောင်းသော ထင်မြင်ယူဆချက်များကို ထင်မြင်ယူဆကြကုန်သော 'မုနာဖစ်က်' အယောင်ဆောင်မွတ်စ္စလင်မ် ယောကျ်ား၊ မိန်းမတို့နှင့် 'မုရှ်ရစ်က်' တစ်စုံတစ်ရာကို အလ္လာဟ်အသျှင်မြတ်နှင့် တွဲဖက်နိုင်းယှဉ် ကိုးကွယ်ကြသော ယောကျ်ား၊ မိန်းမတို့အား ပြစ်ဒဏ်ပေးတော်မူရန် အလို့ငှာ ဖြစ်ပေ၏။ ၎င်းတို့၌ ဘေးဆိုးသည် ဆိုက်ရောက်တော့မည်ဖြစ်၏။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့၏အပေါ်၌ အမျက်ထွက်တော်မူမည်။ ထို့ပြင် ၎င်းတို့အား ကရုဏာတော်မှ ကင်းဝေးစေတော်မူမည်။ ၎င်းပြင် ထိုအသျှင်မြတ်သည် ၎င်းတို့အဖို့ 'ဂျဟန္နမ်' ငရဲဘုံကို အဆင်သင့် ပြုလုပ်၍ ထားရှိတော်မူလေပြီ။ စင်စစ် ယင်းငရဲဘုံသည် လွန်စွာ ဆိုးရွားလှသော နေရာထိုင်ခင်းပင် ဖြစ်ပေသည်။

وَلِلّٰهِ جُنُوْدُ السَّمٰوٰتِ وَالْاَرْضِ ۭ وَكَانَ اللّٰهُ عَزِيْزًا حَكِيْمًا ۝

၄၈ : ၇ ။ ။ အမှန်စင်စစ် မိုးကောင်းကင်များနှင့် ပထဝီမြေ၌ ရှိကြကုန်သော စစ်တပ်များသည် အလ္လာဟ်အသျှင်မြတ် ပိုင်ဆိုင်တော်မူသော စစ်တပ်များပင် ဖြစ်ကြကုန်၏။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်သည် ဘုန်းတန်းခိုးတော်နှင့် ပြည့်စုံတော်မူသော အသျှင်၊ ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထိုအသျှင်မြတ်သည်ပင် မွတ်စ္စလင်မ်တို့၏ စိတ်နှလုံးသားများဝယ် တည်ငြိမ်မှု (ချုပ်တည်းနိုင်စိတ်) ကို ချပေးတော်မူခဲ့သည်။ (ဤသည် သဘောနှစ်မျိုးဖြင့် ဖြစ်ရှိသည်။ တစ်မျိုးမှာ 'ဗိုင်အသ်ရိဒွဝါန်' ဖြစ်ရပ်တွင် ဖော်ပြပြီးသည့်အတိုင်း 'ဂျိဟားဒ်'အတွက် 'ဗိုင်အသ်'ပြုနေစဉ်တွင် 'ဂျိဟားဒ်'ဘက်သို့ အလျင်စလို သွားလိုမှု၊ ခိုင်မာသော စိတ်ဓါတ်နှင့် သတ္တိတို့ ဖြစ်သည်။ ဒုတိယတစ်မျိုးမှာ ကာဖိရ်တို့၏ နည်းလမ်းမမှန်သော ဆန့်ကျင်မှုများ ပြုနေချိန်တွင် မိမိတို့၏ စိတ်ဆန္ဒပြင်းပြမှုနှင့် အမျက်ဒေါသတို့ကို ထိန်းချုပ်ထားခြင်းဖြစ်သည်။ ဤအကြောင်းကိုလည်း အဆိုပါဖြစ်ရပ်တွင် အကျယ်တဝင့် တင်ပြခဲ့ပြီးဖြစ်သည်။ ရှေ့၌

فَأَنْزَلَ اللّٰهُ سَكِيْنَتَهٗ عَلٰى رَسُوْلِهٖ

တွင်လည်း လာရှိပေမည်။) သို့မှသာ ၎င်းတို့၏ နဂိုရှိရင်းစွဲ ယုံကြည်မှုအပေါ် ထပ်မံ၍ ယုံကြည်မှု တိုးပွားစေမည်ဖြစ်သည်။ (အဘယ်ကြောင့်ဆိုသော် အီမာန်သက်ဝင် ယုံကြည်ခြင်းတရားကို 'နူရ်'အလင်းရောင် တိုးပွားရရှိစေသော အခြေခံအရင်းအမြစ်သည် တမန်တော်မြတ် ﷺ ၏ အမိန့်နာခံခြင်းအပေါ် မူတည်၍သာ ဖြစ်သည်။ ထို့ပြင် ဤဖြစ်ရပ်၏ ရှုထောင့်တိုင်းတွင် ရစူလ်တမန်တော်၏ အမိန့်ကို အပြည့်အဝ လိုက်နာခြင်းအပေါ် စမ်းသပ်မှုများချည်းသာ ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ် ﷺ က 'ဂျီဟားဒ်'အတွက် ဖိတ်ခေါ်၍ 'ဗိုင်အသ်'ယူတော်မူသောအခါ အလွန် ကျေနပ်ပျော်ရွှင်၍လည်းကောင်း၊ အလုအယက် ပြိုင်ဆိုင်၍လည်းကောင်း အားလုံး 'ဗိုင်အသ်'ပြုခဲ့ကြသည်။ ထို့နောက် 'ဂျီဟားဒ်'အတွက် အသင့်ရှိနေခဲ့ကြသည်။ ထို့ပြင် အမြော်အမြင်နှင့် ကောင်းကျိုးများ ရှေ့ရှုခြင်းအားဖြင့် တမန်တော်မြတ် ﷺ သည် စစ်တိုးတိုက်ခိုက်ခြင်းမှ တားမြစ်တော်မူခဲ့သည်။ ဆွဟာဗာအားလုံးတို့သည် 'ဂျီဟားဒ်'ပြုရန် ဆန္ဒပြင်းပြမှုကြောင့် နေမထိထိုင်မသာ ဖြစ်ခဲ့ကြရသည်။ သို့သော် တမန်တော်မြတ် ﷺ ၏ အမိန့်ကို နာခံခဲ့ကြသည်။ စစ်မက်တိုက်ခိုက်ခြင်းကို စွန့်လွှတ်ခဲ့ကြသည်) စင်စစ် မိုးကောင်းကင်နှင့် ကမ္ဘာမြေပြင်ဝယ် ရှိကြကုန်သော စစ်တပ်အားလုံးတို့သည် (ဖရစ်ရှ်သာဟ်များနှင့် အဖန်ဆင်းခံဟူသမျှတို့သည်) အလ္လာဟ်အသျှင်မြတ်၏ စစ်တပ်များသာ ဖြစ်ကြကုန်၏။

(ထို့ကြောင့် ကာဖိရ်တို့၏ ရှုံးနိမ့်မှုနှင့် အစ္စလာမ်သာသနာတော်၏ မြင့်မားမှုတို့အတွက် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့၏ 'ဂျီဟားဒ်'နှင့် စစ်ထိုးတိုက်ခိုက်ခြင်းကို လိုလားတောင့်တတော်မူခြင်း မရှိ။ အကယ်၍ ထိုအသျှင်မြတ် လိုလားတော်မူပါလျှင် မိမိ၏ ဖရစ်ရှ်သာဟ်စစ်တပ်ကို စေလွှတ်တော်မူပေလိမ့်မည်။ 'ဗဒရ်'၊ 'အဟ်ဇာဗ်'နှင့် 'ဟုနိုင်း်' စစ်ပွဲများတွင် တွေ့မြင်ခဲ့ရပြီးဖြစ်သည်။ ထို့ပြင် ယင်း ဖရစ်ရှ်သာဟ်များ၏ စစ်တပ်ကို စေလွှတ်ခြင်းမှာလည်း မွတ်စ္စလင်မ်တို့၏ စိတ်ဓါတ်မြင့်မားစေရန်အတွက် ဖြစ်သည်။ ထိုသို့မဟုတ်ပါက ဖရစ်ရှ်သာဟ်တစ်ပါးတည်းပင် အားလုံးအတွက် လုံလောက်ပေသည်။ ထို့ကြောင့် အသင်တို့သည် ကာဖိရ်တို့၏ များပြားလှသော အရေအတွက်ကို တွေ့မြင်လျက် မည်သည့်သံသယမျှ မဖြစ်ကြလေနှင့်။ အလ္လာဟ်အသျှင်မြတ်နှင့် ရစူလ်တမန်တော်တို့က စစ်မတိုက်ကြရန် အမိန့်ပေးတော်မူသော အခါ စစ်မတိုက်ရခြင်းကိုလည်း သံသယတစ်စုံတစ်ရာ မဖြစ်သင့်ပေ။ ငြိမ်းချမ်းရေးပြုလုပ်ခြင်းမှာ ဝမ်းနည်းစရာဖြစ်သည်ဟုလည်းကောင်း၊ ကာဖိရ်များ လွတ်မြောက်သွားပြီဟုလည်းကောင်း၊ ၎င်းတို့အဖို့ အပြစ်ဒဏ် မခံစားလိုက်ကြရဟုလည်းကောင်း သံသယတစ်စုံတစ်ရာ မဖြစ်သင့်ပေ။ စစ်ထိုတိုက်ခိုက်ခြင်း (သို့) စစ်ထိုးတိုက်ခိုက်မှု မပြုခြင်းတို့၏ ရလဒ်ကို အလ္လာဟ်အသျှင်မြတ်သည်သာလျှင် သိရှိတော်မူပါသည်။ အဘယ်ကြောင့်ဆိုသော်) အလ္လာဟ်အသျှင်မြတ်သည် (ကောင်းကျိုးကောင်းရာများကို) အကြွင်းမဲ့သိတော်မူသော အသျှင်၊ ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။

(စစ်တိုက်ရမည့် အမြော်အမြင်ရှိသည့်အခါ စစ်တိုက်ရန် အမိန့်ပေးတော်မူသည်။ စစ်မတိုက်ခြင်း၌ ကောင်းကျိုးရှိသည့်အခါ စစ်မတိုက်ရန် အမိန့်ပေးတော်မူသည်။ ထို့ကြောင့် မွတ်စ္စလင်မ်များအဖို့ အခြေအနေနှစ်ရပ်စလုံးတွင် မိမိတို့၏ စိတ်ဆန္ဒများကို အီမာန်တိုးပွားစေသော တမန်တော်မြတ် ﷺ ၏ အမိန့်တော်များကို နာခံခြင်း၏ အပါးစေအဖြစ် သတ်မှတ်ကာ နောက်လိုက်သမှု ပြုရပေမည်။ ရှေ့တွင် အီမာန်တိုးပွားခြင်း၏ ရလဒ်များအကြောင်း တင်ပြထားသည်။)

အလ္လာဟ်အသျှင်မြတ်သည် (ဤသို့ အမိန့်နာခံခြင်း၏ အစား၌) မွတ်စ္စလင်မ်အမျိုးသားများအားလည်းကောင်း၊ မွတ်စ္စလင်မ်အမျိုးသမီးအားလည်းကောင်း အောက်တွင် စမ်းချောင်းများ စီးဆင်းနေသော ဥယျာဉ်များအတွင်း ဝင်ရောက်စေတော်မူမည် ဖြစ်သည်။ ၄င်းတို့သည် ယင်းဥယျာဉ်များတွင် အစဉ်ထာဝရ နေကြရမည်ဖြစ်သည်။ ထို့ပြင် အသျှင်မြတ်သည် (ဤအမိန့်နာခံခြင်းအပေါ်) ၄င်းတို့၏ ပြစ်မှုဒုစရိုက်များကို ပပျောက်စေတော်မူမည် ဖြစ်သည်။ (အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ် ﷺ ၏ အမိန့်နာခံခြင်းတွင် ပြစ်မှုဒုစရိုက်များမှ ဝန်ချတောင်းပန် 'သောင်ဗာဟ်'ပြုခြင်းနှင့် ကောင်းမှုကိုယ်ကျင့်တရားများ ပွားများခြင်းလည်း ပါဝင်သောကြောင့် ဖြစ်သည်။ ဤသည်တို့သည် မကောင်းမှုဒုစရိုက်အပေါင်းကို ချေဖျက်ပပျောက်စေသော အရာများဖြစ်သည်။) ထို့ပြင် ဤ (အထက်ဖော်ပြပါ) အရာများသည်ပင် အလ္လာဟ်အသျှင်မြတ်၏ ထံတော်တွင် ကြီးကျယ်လှစွာသော အောင်မြင်မှုဖြစ်သည်။

(ဤအာယသ်တော်တွင် ပထမဦးစွာ မုအ်မင်နီတို့၏ စိတ်နှလုံးသားများတွင် တည်ငြိမ်မှု ထည့်ပေးခြင်းနှင့် ချုပ်တည်းနိုင်စွမ်း ထည့်သွင်းပေးခြင်း၏ ကျေးဇူးတော်ကို တင်ပြ မိန့်ကြားတော်မူထားသည်။ ထို့နောက် ဤကျေးဇူးတော်သည် တမန်တော်မြတ်၏ အမိန့်တော်ကို နာခံခြင်းဖြင့် အီမာန်တိုးပွားစေသည့် အကြောင်းခံဖြစ်ရှိသွား၏။ တမန်တော်မြတ် ﷺ ၏ အမိန့်နာခံခြင်းသည် 'ဂျန္နသ်'သို့ ဝင်ရောက်ရန် အကြောင်းခံဖြစ်ရှိလေသည်။ ထို့ကြောင့် ဤအကြောင်းတရား အားလုံးတို့သည် မုအ်မင်နီတို့၏ စိတ်နှလုံးသားတွင် တည်ငြိမ်မှု ထည့်သွင်းပေးခြင်းနှင့် ဆက်နွယ်ပတ်သက်ကာ သက်ရောက်ခဲ့ပေသည်။ ရှေ့၌ ဤတည်ငြိမ်မှုနှင့် စပ်ဆက်၍ မုနာဖစ်က်တို့သည် ဤတည်ငြိမ်မှုမှ နဖူးစာကင်းမဲ့ခြင်းနှင့် ထိုနဖူးစာကင်းမဲ့ခြင်းကြောင့် 'အဇားဗ်'အပြစ်ဒဏ်၌ ဖမ်းဆီးခံရခြင်းတို့အကြောင်း တင်ပြထားသည်။ ဆိုလိုသည်မှာ ဤစိတ်တည်ငြိမ်မှုကို မွတ်စ္စလင်မ်တို့၏ နှလုံးသားများအတွင်း၌သာ ချပေးတော်မူခဲ့ခြင်း ဖြစ်သည်။ ကာဖိရ်တို့၏ နှလုံးသားများတွင် ချပေးတော်မမူခဲ့ပေဟူ၍ ဖြစ်သည်။)

ထို့ပြင် အလ္လာဟ်အသျှင်မြတ်သည် အသျှင်မြတ်နှင့် ပတ်သက်၍ မကောင်းသော ထင်မြင်ယူဆချက်ထားကြကုန်သော မုနာဖစ်က်အမျိုးသား၊ အမျိုးသမီးတို့အားလည်းကောင်း၊ မုရှ်ရစ်က်အမျိုးသား၊ အမျိုးသမီးတို့အားလည်းကောင်း၊ (၄င်းတို့၏ မကောင်းထင်မြင်ယူဆချက်နှင့် (၄င်းတို့၏ 'ကုဖွ်ရ်'သွေဖည်ငြင်းပယ်မှုကြောင့်) 'အဇားဗ်'အပြစ်ဒဏ်ပေးတော်မူရန် ဖြစ်သည်။ (ထိုမကောင်းထင်မြင် ယူဆခြင်းဟူသည်မှာ အရှေ့အနောက် စာအသွားအလာကို ကြည့်ရှုခြင်းအားဖြင့် 'အွမ်ရာဟ်'ပြုရန် 'ဟုဒိုင်ဗီယာဟ်'၏ ခရီးစဉ်၌

လိုက်ပါရန် ဖိတ်ခေါ်ခံရသူများ၏ ထင်မြင်ယူဆချက်များကို ဆိုလိုခြင်းဖြစ်သည်။ ထိုသို့ ဖိတ်ခေါ်ခြင်းကို ၎င်းတို့က ငြင်းဆိုခဲ့ကြလေသည်။ ထို့နောက် မိမိတို့အချင်းချင်း 'ဤသူများသည် ကျွန်ုပ်တို့အား မက္ကာဟ် သားတို့နှင့် တိုက်ခိုက်စေလိုခြင်းကြောင့် ဖြစ်သည်။ ဤသူများကိုသာ သွားစေလိုက်ပါ။ ဤသူများသည် မက္ကာဟ်သားတို့၏ လက်မှလွတ်၍ ပြန်လာကြမည်မဟုတ်ပါ'ဟု အချင်းချင်း ပြောဆိုခဲ့ကြသူများ ဖြစ်သည်။ ဤသို့ ပြောဆိုသူများသည် မုနာဖစ်က်များသာ ဖြစ်နိုင်ပေသည်။ ဤလွှမ်းခြုံသော အဓိပ္ပာယ်အရ ကုဖ္ဖရ် နှင့် ရှရစ်က်အယူဝါဒရှိသူ အားလုံးသည် ဤမကောင်းထင်မြင်ယူဆခြင်း၌ ပါဝင်သည်။ ၎င်းတို့အားလုံး အတွက် သတိပေးနှိုးဆော်ချက် ရှိသည်မှာ ၎င်းတို့သည် လောကတွင်) ၎င်းတို့အပေါ်၌ ဘေးဆိုးသည် ဆိုက်ရောက်တော့မည် ဖြစ်သည်။ (သို့ဖြစ်ပေရာ ကာလအနည်းငယ် ကြာပြီးနောက် ၎င်းတို့သည် သတ်ဖြတ် ခံရခြင်းနှင့် ဖမ်းဆီးခံရခြင်းတို့နှင့် ရင်ဆိုင်ခဲ့ကြရလေသည်။ ထို့ပြင် မုနာဖစ်က်တို့၏ ဘဝသက်တမ်း တစ်လျှောက်လုံးသည် ပူဆွေးသောကများနှင့်သာ ဖြတ်သန်းခဲ့ရသည်။ အစ္စလာမ်သာသနာတော်သည် တိုးတက်၍လာခဲ့သည်။ ၎င်းတို့မှ နိမ့်ကျ၍ သွားကြသည်။ ဤသည်မှာမူ လောက၌ ဖြစ်သော ဖြစ်အင်များ သာ ဖြစ်သည်။) ထို့ပြင် (တမလွန်တွင်) အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အပေါ်၌ အမျက်တော်စူးရှ တော်မူပေမည်။ ထို့ပြင် ၎င်းတို့အား ကရုဏာတော်မှ ကင်းဝေးစေတော်မူမည်။ ထို့ပြင် ထိုအသျှင်မြတ် သည် ၎င်းတို့အတွက် 'ဂျဟန္နမ်' ငရဲဘုံကို အဆင်သင့်ပြုလုပ်၍ ထားရှိတော်မူလေပြီ၊ စင်စစ် ယင်းငရဲဘုံ သည် လွန်စွာ ဆိုးရွားလှသော နေရာထိုင်ခင်းပင် ဖြစ်သည်။

(ရှေ့၌ ဤသတိပေးနှိုးဆော်ခြင်းကို အလေးအနက်ပြု တင်ပြသည်မှာ) အမှန်စင်စစ် မိုးကောင်းကင် နှင့် ကမ္ဘာမြေပေါ်တွင် ရှိလေသမျှသော စစ်တပ်အားလုံးသည် အလ္လာဟ်အသျှင်မြတ် ပိုင်ဆိုင်သော စစ်တပ် များပင် ဖြစ်ကြကုန်သည်။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်သည် ဘုန်းတန်ခိုးနှင့် ပြည့်စုံတော်မူသော အသျှင် (တန်ခိုးတော်စွမ်းအားနှင့် ပြည့်စုံတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ အကယ်၍ ထိုအသျှင်မြတ် လိုလားတော်မူပါလျှင် မိမိ၏ မည်သည့်စစ်တပ်နှင့်မဆို ၎င်းတို့အား တစ်မဟုတ်ချင်း ဖျက်ဆီးသုတ်သင် ရှင်းလင်းတော်မူခြင်း ပြုနိုင်ပေသည်။ ထိုသို့ ပြုနိုင်စွမ်းသော်လည်း ထိုအသျှင်မြတ်သည်) ဆင်ခြင်တုံတရား နှင့် ပြည့်စုံတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။

(ထို့ကြောင့် ကြောင်းကျိုးကိုရှေ့ရှုလျက် ၎င်းတို့အား ပြစ်ဒဏ်ပေးခြင်းမှ ဆိုင်းငံ့ထားပေသည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

စူရာဟ်၏ အစအာယသ်တော် (၃) ပါးတွင် တင်ပြလျက်ရှိသည့် ထင်ရှားသော အောင်နိုင်မှု၌ တမန် တော်မြတ် ﷺ အပေါ်၌ ချီးမြှင့်ပေးသနားခဲ့သော ထူးခြားလှသည့် ကျေးဇူးတော်များအကြောင်း တင်ပြ ထားပေသည်။ 'ဟုဒိုင်ဗိယဟ်'ခရီးစဉ်၌ ပါဝင်ခဲ့သော အချို့ဆွဟာဗာများက 'အို၊ ကိုယ်တော်၊ ဤကျေးဇူး တော်များသည် ကိုယ်တော့်အတွက် ဖြစ်ပါသည်။ အလ္လာဟ်အသျှင်မြတ် ဆထက်တံပိုး ကိုယ်တော့်အား

ချီးမြှင့်တော်မူပါစေ။ ကျွန်တော်မျိုးတို့အတွက် မည်သည့်အရာများ ရရှိပါမည်နည်း'ဟု လျှောက်ထားမေးမြန်းခဲ့ကြသည်။ ဤသို့ မေးမြန်းခြင်းအပေါ် ဤအာယသ်တော်များ ကျရောက်လာခဲ့သည်။ ဤအာယသ်တော်များတွင် တိုက်ရိုက်အားဖြင့် 'ဟုဒိုင်ဗီယာဟ်'နှင့် 'ဗိုင်အသ်ရိဒ္ဓ်ဝါန်' တွင် ပါဝင်ခဲ့ကြသူများအပေါ် အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်များ ချီးမြှင့်မည့်အကြောင်း တင်ပြထားသည်။ ထိုကျေးဇူးတော်များသည် အီမာန်သက်ဝင်ယုံကြည်ခြင်းနှင့် တမန်တော်မြတ် ﷺ ၏ အမိန့်တော်များကို နာခံခြင်းအပေါ် ရရှိသော ကျေးဇူးတော်များဖြစ်သည်။ ဤနည်းဖြင့် မုအ်မင်န်အားလုံးသည်လည်း ပါဝင်သွားသည်။ အီမာန်သက်ဝင်ယုံကြည်ခြင်းနှင့် အမိန့်နာခံမှု ပြည့်ဝသူသည် ထိုကျေးဇူးတော်များနှင့် ထိုက်သက်သူ ဖြစ်သွားပေမည်။

◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆

إِنَّآ أَرْسَلْنَٰكَ شَٰهِدًا وَمُبَشِّرًا وَنَذِيرًا ⑧

၄၈ : ၈ ။ ။ (အို့၊ နဗီတမန်တော်) ကေန်မလွဲ ငါအသျှင်မြတ်သည် အသင့်အား သက်သေအဖြစ်လည်းကောင်း၊ ဝမ်းမြောက်ဖွယ်ရာ သတင်းကောင်း ပြောကြားသူအဖြစ်လည်းကောင်း၊ သတိပေး နှိုးဆော်သူအဖြစ်လည်းကောင်း စေလွှတ်တော်မူခဲ့၏။

لِّتُؤْمِنُوا۟ بِٱللَّهِ وَ
رَسُولِهِۦ وَتُعَزِّرُوهُ وَتُوَقِّرُوهُ وَتُسَبِّحُوهُ بُكْرَةً وَأَصِيلًا ⑨

၄၈ : ၉ ။ ။ (ယင်းသို့ စေလွှတ်တော်မူခြင်းမှာ) အသင်တို့သည် အလ္လာဟ်အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်အား အီမာန်သက်ဝင်ယုံကြည်ကြရန် အလို့ငှာလည်းကောင်း၊ ထိုအသျှင်မြတ် (၏ သာသနာတော် ရစူလ်တမန်တော်)ကို ကူညီကြရန် အလို့ငှာလည်းကောင်း၊ ထိုအသျှင်မြတ် (၏ ရစူလ်တမန်တော်) အား ရိုသေကိုင်းရှိုင်းကြရန် အလို့ငှာလည်းကောင်း၊ ထိုအသျှင်မြတ် သန့်ရှင်းစင်ကြယ်တော်မူကြောင်းကို နံနက်ယံနှင့် ညနေချမ်းတို့၌ မြွက်ဆိုကြရန်အလို့ငှာလည်းကောင်း ဖြစ်ပေသည်။

إِنَّ ٱلَّذِينَ يُبَايِعُونَكَ إِنَّمَا يُبَايِعُونَ ٱللَّهَ يَدُ ٱللَّهِ فَوْقَ أَيْدِيهِمْ
فَمَن نَّكَثَ فَإِنَّمَا يَنكُثُ عَلَىٰ نَفْسِهِۦ وَمَنْ أَوْفَىٰ بِمَا عَٰهَدَ عَلَيْهُ
ٱللَّهَ فَسَيُؤْتِيهِ أَجْرًا عَظِيمًا ⑩

၄၈ : ၁၀ ။ ။ (အို့၊ နဗီတမန်တော်) ကေန်စင်စစ် အသင်နှင့် 'ဗိုက်အသ်' (ကတိသစ္စာ) ပြုကြကုန်သော သူတို့သည် အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်နှင့် 'ဗိုက်အသ်' (ကတိသစ္စာ) ပြုခြင်းသာ ဖြစ်၏။ အလ္လာဟ်အသျှင်မြတ်၏ လက်တော်သည်

၎င်းတို့၏ လက်များပေါ်၌ ရှိတော်မူ၏။ သို့ဖြစ်ပေရာ မည်သူမဆို ကတိသစ္စာကို ချိုးဖောက်ခဲ့ပါလျှင် ထိုသူသည် မိမိကိုယ်နှင့် ဆန့်ကျင်၍ ယင်းကတိသစ္စာကို ချိုးဖောက်ခြင်းပင် ဖြစ်ပေသည်။ သို့ရာတွင် မည်သူမဆို အလ္လာဟ်အသျှင်မြတ်နှင့် ကတိသစ္စာ ပြုခဲ့ကြသော အချက်တို့ကို ထိန်းသိမ်းစောင့်ရှောက်ခဲ့ပါလျှင် မကြာမီပင် ထိုအသျှင်မြတ်သည် ၎င်းအား ကြီးမြတ်လှစွာသော အကျိုးကို ချီးမြှင့်ပေးသနားတော်မူပေမည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(အို၊ မိုဟမ္မဒ် ﷺ) စေကန်မလွဲ ငါအသျှင်မြတ်သည် အသင့်အား (အုမ္မသီများ၏ ပြုမူလုပ်ဆောင်ချက်များအပေါ် 'ကေယာမသ်'နေ့တွင်) သက်သေအဖြစ်လည်းကောင်း၊ (အုမ္မသီအားလုံးနှင့် ပတ်သက်၍ ဖြစ်သည်။) ထို့ပြင် (လောက၌ အထူးသဖြင့် မွတ်စ္စလင်မ်များအတွက်) သတင်းကောင်း ပြောကြားသူအဖြစ်လည်းကောင်း၊ ထို့ပြင် (ကာဖိရ်များအတွက်) သတိပေးနှိုးဆော်သူအဖြစ်လည်းကောင်း စေလွှတ်တော်မူခဲ့သည်။

(ထို့ပြင် အို၊ မွတ်စ္စလင်မ်အပေါင်းတို့၊ ငါအသျှင်မြတ်သည် ၎င်းအား ရစူလ်တမန်တော်အဖြစ် စေလွှတ်ခြင်းမှာ) သို့မှသာ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အပေါ်၌လည်းကောင်း၊ ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်အပေါ်၌လည်းကောင်း၊ အီမာန်သက်ဝင်ယုံကြည်ရန်အလို့ငှာလည်းကောင်း၊ ထိုအသျှင်မြတ် (၏ သာသနာတော်) ကို ကူညီရန်အလို့ငှာလည်းကောင်း၊ ထို့ပြင် ထိုအသျှင်မြတ်အား ရိုသေကိုင်းရှိုင်းကြစေရန်လည်းကောင်း (ယုံကြည်ချက်အရလည်း အလ္လာဟ်အသျှင်မြတ်သည် ပြည့်စုံကုံလုံမှုအပေါင်းနှင့် ရှိတော်မူ၍ ချို့တဲ့ခြင်းနှင့် ပြစ်ချက်အပေါင်းတို့မှ ကင်းရှင်းတော်မူကြောင်း မှတ်ယူလျက် ကျင့်စဉ်ပိုင်းအရလည်း ထိုအသျှင်မြတ်၏ နာခံမှုကို ပြုကြရန်ဖြစ်သည်။) ထို့ပြင် နံနက်ခင်းနှင့် ညနေချမ်းတို့၌ ထိုအသျှင်မြတ်၏ စင်ကြယ်သန့်ရှင်းတော်မူကြောင်းကို ရွတ်ဆိုကြရန်အလို့ငှာလည်းကောင်း ဖြစ်ပေသည်။

(အကယ်၍ ဤ'သတ်စ်ဗီးဟ်' (အသျှင်မြတ်၏ သန့်ရှင်းတော်မူကြောင်း ရွတ်ဆိုမှု) ၏ သဗ်စီးရ်ကို နမာဇ်ဝတ်ပြုခြင်းဖြင့် ဖွင့်ဆိုပါလျှင် နံနက်ခင်းနှင့် ညနေချမ်းတို့၌ ဝတ်ပြုရသော 'ဖွရဇ်'နမာဇ်များကို ဆိုလိုခြင်းဖြစ်ပေမည်။ ထိုသို့ မဟုတ်ပါက 'မွတ်စ်သဟဗ်'ဖြစ်သော သတ်သတ်မှတ်မှတ် မပြုထားသည့် 'ဇိကိရ်'တသခြင်း၏ အလိုသဘောသာ ဖြစ်ပေမည်။ ရှေ့၌ အချို့သော အထူးတာဝန်များနှင့် စပ်လျဉ်း၍ မိန့်သည်မှာ အို၊ နဗီတမန်တော်) စင်စစ် ('ဟုဒိုင်ဗီယာဖြစ်ရပ်တွင်) အသင်နှင့် 'ဗိုင်အသ်'('ဂျိဟားဒ်'မှ ထွက်ပြေးကြမည်မဟုတ်ကြောင်း ကတိသစ္စာ) ပြုခဲ့ကြသူတို့သည် အလ္လာဟ်အသျှင်မြတ်နှင့် 'ဗိုင်အသ်' (ကတိသစ္စာ) ပြုခဲ့ကြခြင်းသာ ဖြစ်သည်။ (အဘယ်ကြောင့်ဆိုသော် အသင်နှင့် 'ဗိုင်အသ်' (ကတိသစ္စာ) ပြုရခြင်း၏ ရည်ရွယ်ချက်မှာ အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များကို နာခံရန်ဖြစ်သည်။ ဤသို့ဆိုလျှင်) အလ္လာဟ်အသျှင်မြတ်၏ လက်တော်သည် ၎င်းတို့၏ လက်များအပေါ်၌ ရှိတော်မူ၏။ သို့ဖြစ်ပေရာ ('ဗိုင်အသ်' (ကတိသစ္စာ) ပြုပြီးနောက်) မည်သူမဆို 'ဗိုင်အသ်' (ကတိသစ္စာ) ကို ချိုးဖျက်ခဲ့ပါလျှင် (အမိန့်နာခံခြင်းအစား

ဆန့်ကျင် ပုန်ကန်ခြင်းပြုပါလျှင်) ထိုကတိသစ္စာ ချိုးဖျက်ခြင်း၏ ဆိုးကျိုးသည် ထိုသူ့အပေါ်၌သာ ကျရောက်ပေမည်။ ထို့ပြင် မည်သူမဆို ('ဗိုင်အသ်'(ကတိသစ္စာ) ပြုရာ၌) အလ္လာဟ်အသျှင်မြတ်နှင့် ကတိသစ္စာပြုခဲ့သော အချက်တို့ကို ထိန်းသိမ်းစောင့်ရှောက်ခဲ့ပါလျှင် မကြာမြင့်မီ ထိုအသျှင်မြတ်သည် ၎င်းအား ကြီးကျယ်လှစွာသော အကျိုးကို ချီးမြှင့် ပေးသနားတော်မူပေမည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ရှေ့၌ လာရှိခဲ့သော အာယသ်တော်များတွင် အလ္လာဟ်အသျှင်မြတ်၏ နဗီ ကိုယ်တော်မြတ် ﷺ အပေါ်၌လည်းကောင်း၊ ကိုယ်တော်၏ အွမ္မသ်သားများအပေါ်၌လည်းကောင်း အထူးဖြင့် 'ဗိုင်အသ်ရိဒ္ဒ်ဝါးန်' ၌ ပါဝင်ခဲ့သည့် ဆွဟာဗာတို့အပေါ်၌လည်းကောင်း ချီးမြှင့်ပေးသနားတော်မူခဲ့သော ကျေးဇူးတော်များအကြောင်းကို ဖော်ပြထားသည်။ ထိုကျေးဇူးတော်များကို ချီးမြှင့်တော်မူသော အသျှင်မြတ်မှာ အလ္လာဟ်အသျှင်မြတ် ဖြစ်တော်မူပြီး ထိုသို့ ချီးမြှင့်ခံရခြင်း၏ အကြောင်းခံပုဂ္ဂိုလ်မှာ နဗီကိုယ်တော်မြတ် ﷺ ဖြစ်တော်မူသည်။ ဤသို့ ပတ်သက်ဆက်နွယ်မှုကြောင့် ထိုနဗီတမန်တော်မြတ် ﷺ ၏ ကြီးကျယ်မှု၊ မြင့်မြတ်မှုနှင့် တာဝန်ကျေ လိုက်နာရမည့် ဝတ္တရားများအကြောင်း ဖော်ပြထားသည်။ ဦးစွာပထမ တမန်တော်မြတ် ﷺ အား ရည်ညွှန်း၍ ကိုယ်တော်မြတ် ﷺ ၏ ဂုဏ်တော် (၃) မျိုးကို တင်ပြမိန့်ကြားတော်မူသည်။ **شاهد** 'ရှာဟိဒ်'၊ **بشير** 'ဗရှီးရ်'၊ **نذير** 'နဇီးရ်' ဟု ဖြစ်သည်။

شاهد 'ရှာဟိဒ်'၏ အဓိပ္ပာယ်မှာ 'သက်သေ'ဟု ဖြစ်သည်။ ၎င်း၏ အလိုသဘောကို 'စူရာဟ်နေစာအ်' ၏ အာယသ်တော်ဖြစ်သော

فَكَيْفَ اِذَا جِئْنَا مِنْ كُلِّ اُمَّةٍ بِشَهِيْدٍ وَّ جِئْنَا بِكَ عَلٰى هٰٓؤُ لَآ ءِ شَهِيْدًا

၏ သဖ်စီးရ်တွင် မအာရိဖွလ်ကုရ်အာန်၊ အတွဲ-၅၊ စာ-၇၈/၇၉ တွင် တင်ပြခဲ့ပြီးဖြစ်သည်မှာ 'နဗီတမန်တော်တိုင်းသည် မိမိတို့၏ အွမ္မသ်များနှင့် စပ်လျဉ်း၍ ကျွန်တော်မျိုးသည် အသျှင်မြတ်၏ အမိန့်တော်များကို အွမ္မသ်များထံ ပို့ဆောင်ခဲ့ပါသည်။ မည်သူသည် အမိန့်နာခံ၍ မည်သူသည် အမိန့်ဖီဆန်ခဲ့ပါသည်' ဟု သက်သေထွက်ဆိုကြပေလိမ့်မည်။ ဤနည်းအတိုင်းပင် တမန်တော်မြတ် ﷺ သည်လည်း မိမိ၏ ခေတ်သမယရှိ အွမ္မသ်များနှင့် စပ်လျဉ်း၍ သက်သေထွက်ဆိုတော်မူပေမည်။ စူရာဟ်နေစာအ်ရှိ အာယသ်တော် အဖွင့်တွင် ကုရ်သုဗီး (ရဟ) က ရေးသားထားသည်မှာ နဗီတမန်တော်များ၏ ဤသို့ သက်သေထွက်ဆိုကြခြင်းသည် မိမိတို့၏ ခေတ်သမယရှိ အွမ္မသ်များအတွက်သာ ဖြစ်သည်။ အမှန်တရားဘက် ဖိတ်ခေါ်သည်ကို မည်သူများက နာခံခဲ့၍ မည်သူများက ဖီဆန်ခဲ့ကြသည်ဟူ၍ သက်သေထွက်ဆိုကြပေမည်။ ထိုနည်းအတိုင်းပင် နဗီတမန်တော်မြတ် ﷺ ၏ သက်သေထွက်ဆိုမှုသည်လည်း မိမိခေတ်သမယရှိ အွမ္မသ်များနှင့် စပ်လျဉ်း၍ ဖြစ်ပေမည်။ အချို့ပညာရှင်များက မိန့်ဆိုသည်မှာ 'ဤသက်သေထွက်ဆိုခြင်းသည် အွမ္မသ်

အားလုံး၏ အမိန့်နာခံမှုနှင့် ပြစ်မှုဒုစရိုက် လုပ်ရပ်အားလုံးတို့အပေါ်၌ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အချို့သော် ပြန်ချက်များအရ အုမ္မသ်သားတို့၏ ကျင့်စဉ်များနှင့် စပ်လျဉ်း၍ နံနက်၊ ညနေ တမန်တော်မြတ် ﷺ ထံတော်ပါးသို့ ဖရစ်ရှ်တာဟ်များက တင်သွင်းကြသောကြောင့် ဖြစ်သည်။ ထိုသို့ဖြင့် ကိုယ်တော်မြတ် ﷺ သည် အုမ္မသ်အားလုံး၏ ပြုမူဆောင်ရွက်ချက်များကို သိရှိနေတော်မူပေသည်။ *[ကုရ်သုဗီး]*

بشير 'ဗရှီးရ်' ၏ အဓိပ္ပာယ်မှာ သတင်းကောင်းပြောကြားသူဖြစ်ပြီး نذير 'နဇီးရ်' ၏ အဓိပ္ပာယ်မှာ 'သတိပေးနှိုးဆော်သူ' ဟု ဖြစ်သည်။ အလိုသဘောမှာ ကိုယ်တော်မြတ် ﷺ သည် အုမ္မသ်သားတို့အနက် မုအ်မင်န်သက်ဝင်ယုံကြည်သူများနှင့် အမိန့်နာခံသူတို့ကို 'ဂျန္နသ်' ၏ သတင်းကောင်း ပြောကြားသူ ဖြစ်သည်။ ထို့ပြင် ကာဖိရ်နှင့် ဆိုးယုတ်သူများကို 'အဇာဗ်' အပြစ်ဒဏ်ရှိကြောင်း သတိပေးနှိုးဆော် ခြိမ်းခြောက်သူ ဖြစ်သည်။

ရှေ့တွင် တမန်တော်မြတ် ﷺ အား စေလွှတ်တော်မူရခြင်း၏ ရည်ရွယ်ချက်ကို မိန့်ကြားသည်မှာ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်ကိုလည်းကောင်း၊ ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်အားလည်းကောင်း အီမာန်သက်ဝင်ယုံကြည်ကြရန်အတွက်' ဟု ဖြစ်သည်။ ထို့ပြင် အီမာန်သက်ဝင်ယုံကြည်ခြင်းနှင့်အတူ မုအ်မင်န်သက်ဝင်ယုံကြည်သူများတွင် ရှိအပ်သော ဂုဏ်ရည် (၃) မျိုးကိုလည်း တင်ပြမိန့်ကြားထားသည်။ ၄င်းတို့မှာ

(၁) تُعَزِّرُوْهُ

(၂) تُوَقِّرُوْهُ နှင့်

(၃) تُسَبِّحُوْهُ တို့ ဖြစ်သည်။

تُعَزِّرُوْهُ သည် تَعْزِيْر ဟူသော စာလုံးမှ ဆင်းသက်လာသော စာလုံးဖြစ်သည်။ အဓိပ္ပာယ်မှာ 'ကူညီစောင်မခြင်း' ဟု ဖြစ်သည်။ အပြစ်ဒဏ်ပေးခြင်းကို تعزير 'သအ်ဇီးရ်' ဟု ခေါ်တွင် သမုတ်ရခြင်းမှာလည်း အပြစ်ရှိသူ တရားခံအား အစစ်အမှန်ကူညီခြင်းသည် ၄င်းအား အပြစ်ပေးခြင်းပင် ဖြစ်သောကြောင့် ဖြစ်သည်။ *[မုဖ်ရဒါးသွလ်ကုရ်အာန်၊ ရာဂိဗ်ကျမ်း။]*

تُوَقِّرُوْهُ မှာ تَوْقِيْر 'သောင်ဝ်ကီးရ်' ဟူသော စာလုံးမှ ဆင်းသက်လာသည်။ အဓိပ္ပာယ်မှာ 'ကြီးမြတ်သူဟု မှတ်ယူခြင်း၊ ဂုဏ်ပေးလေးစားခြင်း' ဟု ဖြစ်သည်။ تُسَبِّحُوْهُ သည် تَسْبِيْح ဟူသော စာလုံးမှ ဆင်းသက်လာသော စာလုံးဖြစ်သည်။ အဓိပ္ပာယ်မှာ 'စင်ကြယ်သန့်ရှင်းမှုကို ဖြွက်ဟဖော်ကျူးခြင်း' ဟု ဖြစ်သည်။

ထိုစာလုံးများအနက် နောက်ဆုံးစာလုံးမှာမူ 'အလ္လာဟ်အသျှင်မြတ်အတွက်သာ ဖြစ်နိုင်သည်' ဟူသော သတ်မှတ်ချက်ရှိသည်။ ထို့ကြောင့် تُسَبِّحُوهُ ရှိ နာမ်စားကို အလ္လာဟ်အသျှင်မြတ်ဘက်တော်သို့ ဦးတည်ရည်ညွှန်းခြင်းမှအပ အခြားအတွက် မဖြစ်နိုင်ပေ။ ထို့ကြောင့် ပညာရှင်အများစုတို့က ပထမဝါကျနှစ်ခု၏ နာမ်စားများသည်လည်း အလ္လာဟ်အသျှင်မြတ်ဘက်တော်သို့သာ ဦးတည်ရည်ညွှန်းသည်ဟု ဖွင့်ဆိုတင်ပြကာ အဓိပ္ပာယ်သတ်မှတ်ကြသည်မှာ 'အလ္လာဟ်အသျှင်မြတ်အပေါ်၌ အီမာန်သက်ဝင်ယုံကြည်ကြလေကုန်။' ၎င်းနောက် အလ္လာဟ်အသျှင်မြတ်အား ဆိုလိုသည်မှာ 'ထိုအသျှင်မြတ်၏ သာသနာတော်နှင့် ရစူလ်တမန်တော်တို့အား ကူညီကြလေကုန်။ ထို့ပြင် ထိုအသျှင်မြတ်အား ရိုသေကိုင်းရှိုင်းကြလေကုန်။ ထို့နောက် ထိုအသျှင်မြတ်၏ စင်ကြယ်သန့်ရှင်းခြင်းကို ရွတ်ဆိုကြလေကုန်' ဟု ဖြစ်သည်။ သို့ရာတွင် အချို့သော အဖွင့်ပညာရှင်များက အစဝါကျနှစ်ခုရှိ နာမ်စားသည် ရစူလ်တမန်တော်မြတ် ﷺ ဘက်သို့ ဦးတည်ရည်ညွှန်းသည်ဟု သတ်မှတ်ကြကာ အလိုသဘောကို သတ်မှတ်တင်ပြကြသည်မှာ ရစူလ်တမန်တော်မြတ် ﷺ အား ကူညီရိုင်းပင်းကြလေကုန်။ ရိုသေဂုဏ်ပေးလေးစားကြလေကုန်။ ၎င်းနောက် အလ္လာဟ်အသျှင်မြတ်၏ ချီးယွင်းချီးတဲ့မှုအပေါင်းမှ ကင်းရှင်းသန့်စင်ကြောင်းကို မြွက်ဟရွတ်ဆိုနေကြလေကုန်' ဟု ဖြစ်သည်။ သို့သော် အချို့အဖွင့်ပညာရှင်များက မိန့်ဆိုကြသည်မှာ ဤတင်ပြပါ နာမ်စားသတ်မှတ်ပုံတွင် နာမ်စားများ၏ အညွှန်းခံနာမ်များမှ တစ်ခုတည်းမဖြစ်ဘဲ များပြားနေသည်။ ၎င်းသည် 'ဗလာဂသ်' (အရေးဗီစာပေအရ ဝါကျသိုသိပ်လှပမှု) နှင့် ဆန့်ကျင်သည်' ဟု ဖြစ်သည်။

ထို့နောက် 'ဟုဒိုင်ဗီယာဟ်' ဖြစ်ရပ် အပိုင်း (၁) ၌ တင်ပြခဲ့ပြီးဖြစ်သည့် 'ဗိုင်အသ်'အကြောင်းကို တင်ပြထားသည်။ ယင်း 'ဗိုင်အသ်'နှင့် စပ်လျဉ်း၍ အလ္လာဟ်အသျှင်မြတ်က မိန့်တော်မူသည်မှာ 'တမန်တော်မြတ် ﷺ ၏ လက်တော်ပေါ်တွင် 'ဗိုင်အသ်'ပြုကြသူတို့၏ ရည်ရွယ်ချက်မှာ အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ကို နာခံခြင်းနှင့် နှစ်မြို့မှုကို ရယူရန်ဖြစ်သည်။ ထို့ကြောင့် အလ္လာဟ်အသျှင်မြတ်နှင့် 'ဗိုင်အသ်' ပြုသကဲ့သို့ပင် ဖြစ်သည်။ ၎င်းတို့၏ တမန်တော်မြတ် ﷺ ၏ လက်တော်အပေါ် 'ဗိုင်အသ်' ပြုခဲ့ခြင်းမှာ အလ္လာဟ်အသျှင်မြတ်၏ လက်တော်အပေါ်၌ 'ဗိုင်အသ်'ပြုခြင်းပင် ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်၏ လက်တော်ဟူသည်မှာ متشابهات 'မုသရှာဗိဟာသ်'အနက်မှ ဖြစ်သည်။ ၎င်း၏ ပုံသဏ္ဌာန်အခြေအနေနှင့် ဇစ်မြစ်ကို မည်သူမျှ မသိရှိပေ။ သိရှိရန်အလို့ငှာ သောကထား ကြိုးပမ်းရန်လည်း မပိုင်ပေ။ ဤ 'ဗိုင်အသ်' ပြုခြင်း၏ ထူးမြတ်သော အကျိုးများအကြောင်း ရှေ့၌လည်း လာရှိပေမည်။

بيعة 'ဗိုင်အသ်'ဟူသော စာလုံးသည် မူလဇစ်မြစ်အရ သီးသန့်လုပ်ရပ်တစ်ခုအပေါ် ကတိသစ္စာ ခံယူခြင်း၏ အဓိပ္ပာယ်အတွက် ဖြစ်သည်။ 'ဗိုင်အသ်'ပြုခြင်း၏ ရှေးရိုးစွဲ ထုံးစံနှင့် စွန္နသ်ပုံသဏ္ဌာန်မှာ ကတိသစ္စာ ခံယူသူတို့အချင်းချင်း တစ်ဦးလက်ပေါ် တစ်ဦး လက်တင်၍ ကတိသစ္စာပြုခြင်း ဖြစ်သည်။ စင်စစ် လက်ပေါ်လက်တင်ခြင်းမှာ သတ်မှတ်ချက်နှင့် အရေးကြီးသော အချက်မဟုတ်ပါချေ။ မည်သို့ပင်

ဆိုစေ တစ်စုံတစ်ဦးနှင့် အလုပ်တစ်ခုအတွက် ကတိသစ္စာပြုလိုက်သည်ဆိုလျှင် ထိုကတိသစ္စာကို လိုက်နာရန်မှာ 'ဝါဂျိဗ်'ဖြစ်၍ အရေးကြီးပေသည်။ ထိုကတိသစ္စာကို ချိုးဖောက်ခြင်းမှာ 'ဟရာမ်'ဖြစ်သည်။ ထိုအကြောင်း ရှေ့တွင် မိန့်ကြားသည်မှာ 'မည်သူမဆို ဤ 'ဗိုင်အသ်'၏ ကတိသစ္စာကို ချိုးဖောက်ခဲ့သည်ရှိသော် ၎င်းသူသည် မိမိအဖို့သာ ပျက်စီးစေခြင်း ဖြစ်ပေမည်။ အလ္လာဟ်အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်အဖို့ ၎င်းသူ၏ ကတိသစ္စာ ချိုးဖောက်မှုသည် မည်သို့မျှ ဆုံးရှုံးနစ်နာစေမည်မဟုတ်။ ထို့ပြင် ထို 'ဗိုင်အသ်'၏ ကတိသစ္စာကို ပြည့်ဝအောင် လိုက်နာကျင့်ဆောင်သူအဖို့ အလ္လာဟ်အသျှင်မြတ်သည် ကြီးမြတ်လှစွာသော အကျိုးကုသိုလ်များကို ချီးမြှင့်တော်မူမည့် အသျှင်မြတ် ဖြစ်တော်မူပေသတည်း။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

سَيَقُولُ لَكَ الْمُخَلَّفُونَ مِنَ الْأَعْرَابِ شَغَلَتْنَا أَمْوَالُنَا وَأَهْلُونَا
فَاسْتَغْفِرْ لَنَا ۚ يَقُولُونَ بِأَلْسِنَتِهِم مَّا لَيْسَ فِي قُلُوبِهِمْ ۚ قُلْ فَمَن
يَمْلِكُ لَكُم مِّنَ اللَّهِ شَيْئًا إِنْ أَرَادَ بِكُمْ ضَرًّا أَوْ أَرَادَ بِكُمْ نَفْعًا ۚ
بَلْ كَانَ اللَّهُ بِمَا تَعْمَلُونَ خَبِيرًا ﴿١١﴾

၄၈ : ၁၁ ။ ။ (အို, နဗီတမန်တော်) မကြာမီပင် (ဤ 'ဟုဒိုက်ဗိယာဟ်'ခရီးသို့ မလိုက်ဘဲ) နောက်ကျန်ရစ်ခဲ့ကြလေသော ကန္တာရတွင် လှည့်လည်နေထိုင်ကြသည့် 'အာရဗ်'ကျေးတောသားတို့သည် အသင့်အား (လာရောက်) ပြောဆိုကြပေမည်။ 'ကျွန်ုပ်တို့အား ကျွန်ုပ်တို့၏ ဥစ္စာပစ္စည်းများနှင့် ကျွန်ုပ်တို့၏ အိမ်သူအိမ်သားတို့ (၏ အရေးကိစ္စ) သည် အလုပ်များစေခဲ့ကြပါသည်။ (သို့ဖြစ်သောကြောင့် ကျွန်တော်မျိုးတို့သည် လိုက်ပါနိုင်ခြင်း မရှိခဲ့ပါ။) သို့ပါ၍ အသင်တမန်တော်မြတ်သည် ကျွန်ုပ်တို့အဖို့ (အသျှင်မြတ်ထံတော်တွင်) လွတ်ငြိမ်းခွင့်ကို ပန်ကြား၍ ပေးပါလေ။ (စင်စစ်) ၎င်းတို့သည် မိမိတို့၏ စိတ်တွင်း၌ မရှိသော အရာများကို မိမိတို့၏ နှုတ်လျှာများဖြင့် ပြောဆိုနေကြကုန်၏။ (အို, နဗီတမန်တော်) အသင်သည် (၎င်းတို့အား ဤသို့) ပြောဆို (မေးမြန်း) ပါလေ။ (အချင်းတို့) သို့ဖြစ်လျှင် အလ္လာဟ်အသျှင်မြတ်၏ ရှေ့တော်မှောက်တွင် အကယ်၍ ထိုအသျှင်မြတ်သည် အသင်တို့၌ ဘေးအန္တရာယ် တစ်စုံတစ်ရာကို သက်ရောက်စေရန် ကြံရွယ်တော်မူပါလျှင်၊ သို့တည်းမဟုတ် ထိုအသျှင်မြတ်သည် အကျိုးအာနိသင် တစ်စုံတစ်ရာကို အသင်တို့၌ သက်ရောက်စေရန် ကြံရွယ်တော်မူပါလျှင် မည်သူသည် အသင်တို့နှင့် ပတ်သက်၍ အခွင့်အာဏာ တစ်စုံတစ်ရာကို ပိုင်ဆိုင်ပါသနည်း။ အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့ ကျင့်မူလျက် ရှိကြသည်တို့ကို အကြွင်းမဲ့ သိတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။

بَلْ ظَنَنْتُمْ اَنْ لَّنْ يَّنْقَلِبَ الرَّسُوْلُ وَالْمُؤْمِنُوْنَ
اِلٰٓى اَهْلِيْهِمْ اَبَدًا وَّزُيِّنَ ذٰلِكَ فِيْ قُلُوْبِكُمْ وَظَنَنْتُمْ ظَنَّ السَّوْءِ ۖ
وَكُنْتُمْ قَوْمًا ۢ بُوْرًا ⑫

၄၈ : ၁၂ ။ ။ ထိုသို့ အလျှဉ်းမဟုတ်။ စင်စစ် ရစူလ်တမန်တော်မြတ်သည်လည်းကောင်း၊ မုအ်မင်န်သက်ဝင် ယုံကြည်သူတို့သည်လည်းကောင်း မည်သည့်အခါ၌မျှပင် မိမိတို့၏ အိမ်သူအိမ်သားတို့ထံ အလျှဉ်း ပြန်လာနိုင်ကြမည်မဟုတ်ဟူ၍ အသင်တို့ ထင်မှတ်နေခဲ့ကြကုန်၏။ ထို့ပြင် ယင်းအတွေးအထင် ယူဆချက်သည် အသင်တို့၏ စိတ်နှလုံးများကို လှပတင့်တယ်လျက် ရှိနေစေခဲ့၏။ ၎င်းပြင် အသင်တို့သည် မကောင်းသော ထင်မြင်ချက်ကို ထင်မြင်ခဲ့ကြကုန်၏။ ထို့ပြင် အသင်တို့သည် ပျက်စီးမည့်သူများပင် ဖြစ်ခဲ့ကြကုန်၏။

وَمَنْ لَّمْ يُؤْمِنْ ۢ بِاللّٰهِ وَرَسُوْلِهٖ فَاِنَّآ اَعْتَدْنَا لِلْكٰفِرِيْنَ سَعِيْرًا ⑬

၄၈ : ၁၃ ။ ။ စင်စစ် မည်သူမဆို အလ္လာဟ်အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်အား သက်ဝင်ယုံကြည်ခြင်း မရှိခဲ့ပါမူ၊ ဧကန်မလွဲ ငါအသျှင်မြတ်သည် ကာဖိရ်သွေဖည်ငြင်းပယ်ကြကုန်သော သူတို့အဖို့ 'ဂျဟန္နမ်'ငရဲဘုံကို အဆင်သင့် ပြုလုပ်ထားတော်မူ၏။

وَلِلّٰهِ مُلْكُ السَّمٰوٰتِ وَالْاَرْضِ ۗ
يَغْفِرُ لِمَنْ يَّشَآءُ وَيُعَذِّبُ مَنْ يَّشَآءُ ۗ وَكَانَ اللّٰهُ غَفُوْرًا رَّحِيْمًا ⑭

၄၈ : ၁၄ ။ ။ စင်စစ် မိုးကောင်းကင်များနှင့် ကမ္ဘာမြေကို စိုးမိုးအုပ်ချုပ်မှုအာဏာသည် အလ္လာဟ်အသျှင်မြတ်၌သာ ရှိ၏။ ထိုအသျှင်မြတ်သည် မိမိအလိုရှိတော်မူသော သူအား ခွင့်လွှတ်ချမ်းသာ ပေးသနားတော်မူ၍ မိမိအလိုရှိတော်မူသော သူအား ပြစ်ဒဏ်ပေးတော်မူသည်။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်ချမ်းသာ ပေးသနားတော်မူသော အသျှင်၊ အလွန်တရာ သနားကြင်နာ ညှာတာတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(အို၊ နဗီတမန်တော်၊ 'ဟုဒိုင်ဗီယဟ်'ခရီးသို့ လိုက်ပါခြင်းမှ) နောက်ချန်နေရစ်ခဲ့သော အာရဗ်ကျေးတောသားတို့သည် မကြာမီပင် (အသင် မဒီနာသို့ ပြန်လည်ရောက်ရှိလာချိန်တွင်) အသင့်အား (ဆင်ခြေပေးစကားများ လာရောက်) ပြောဆိုကြမည်။ (ကျွန်တော်မျိုးတို့သည် ကိုယ်တော်နှင့်အတူ မလိုက်ပါနိုင်ခြင်းမှာ) ကျွန်တော်မျိုးတို့အား ကျွန်တော်မျိုးတို့၏ ဥစ္စာပစ္စည်းများသည်လည်းကောင်း၊ ကျွန်တော်မျိုးတို့၏ အိမ်သူအိမ်သားများ (၏ အရေးကိစ္စများ) သည်လည်းကောင်း အလုပ်များစေခဲ့ကြပါသည်။ (ဆိုလို

သည်မှာ ၎င်းတို့အတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးရာ၌ လုံးပမ်းနေရသောကြောင့် ကျွန်တော်မျိုးတို့သည် မလိုက်ပါနိုင်ခဲ့ခြင်း ဖြစ်ပါသည်။) သို့ပါ၍ အသင်တမန်တော်မြတ်သည် ကျွန်တော်မျိုးတို့အတွက် (အလ္လာဟ်အသျှင်မြတ်ထံတော်တွင် ဤချွတ်ချော်မှားယွင်းမှုအပေါ်) လွတ်ငြိမ်းချမ်းသာခွင့် ပန်ကြား၍ပေးပါလေ။ (ရှေ့၌ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့သည် မဟုတ်မမှန် လိမ်လည်မှုသား ပြောဆိုခြင်းသာဖြစ်ကြောင်း တင်ပြမိန့်ကြားသည်မှာ) ဤသူများသည် မိမိတို့၏ စိတ်တွင်း၌ မရှိသည်တို့ကို မိမိတို့၏နှုတ်လျှာများဖြင့် ပြောဆိုနေကြခြင်းဖြစ်သည်။ (ရှေ့၌ တမန်တော်မြတ် ﷺ အား လမ်းညွှန်မိန့်ကြားသည်မှာ ဤသူများသည် အသင့်အား ဤအကြောင်းပြချက်များကို တင်ပြလာကြပါလျှင်၊ အို၊ နဗီတမန်တော်) အသင် ပြောကြားပါလေ။

(ပထမဦးစွာ ဤအကြောင်းပြချက်သည် အကယ်၍ မှန်ကန်သည်ပင် ဖြစ်ပါလျှင်လည်း အလ္လာဟ်အသျှင်မြတ်နှင့် ရစူလ်တမန်တော်တို့၏ ယတိပြတ် အမိန့်တော်၏ ရှေ့မှောက်တွင် အခြေအမြစ်မရှိသော အကြောင်းပြချက်များဖြစ်၍ လက်ခံထိုက်ဖွယ် မရှိချေ။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ် မေးမြန်းလိုသည်မှာ) အကယ်၍ အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အား ဘေးအန္တရာယ်တစ်စုံတစ်ရာ ကျရောက်စေရန် ကြံရွယ်တော်မူလျှင်ဖြစ်စေ၊ (သို့) အကျိုးအမြတ် တစ်စုံတစ်ရာ သက်ရောက်စေရန် ကြံရွယ်တော်မူလျှင်ဖြစ်စေ၊ အသင်တို့အဖို့ (အကျိုးအမြတ်နှင့် နစ်နာဆုံးရှုံးခြင်းတို့တွင်) အလ္လာဟ်အသျှင်မြတ်၏ ရှေ့တော်မှောက်တွင် အသင်တို့နှင့်ပတ်သက်၍ မည်သူသည် အခွင့်အာဏာ တစ်စုံတစ်ရာကို ပိုင်ဆိုင်ပါသနည်း။ (ဆိုလိုသည်မှာ အသင်တို့၏ ဥစ္စာပစ္စည်းနှင့် မိသားစုများနှင့် စပ်လျဉ်း၍ အလ္လာဟ်အသျှင်မြတ် သတ်မှတ်ပြီးဖြစ်သော 'သက္ကဒီးရ်'ကံတရားကို ဆန့်ကျင်၍ ပြုလုပ်နိုင်စွမ်း အခွင့်အာဏာ မည်သူ့တွင်မျှ မရှိပါ။ သို့သော်လည်း အစ္စလာမ့်တရားတော်သည် နေရာများစွာတို့တွင် ဤကဲ့သို့သော စိုးရိမ်ဖွယ် အကြောင်းပြချက်များကို မှန်ကန်သော အကြောင်းပြချက်ဖြစ်ပါက လက်ခံ၍ ခွင့်လွှတ်ချက် ပြုထားသည်များလည်း ရှိပါသည်။ ရှရီအသ်တရားတော်က လက်ခံခြင်းနှင့် ခွင့်လွှတ်ခြင်းမပြုဘဲ ယတိပြတ် အမိန့်ပေး သတ်မှတ်သော (ဥပမာ- ယခုတင်ပြပါ အခြေအနေ၌'ဟုဒိုင်ဗီယဟ်'ခရီးစဉ်အတွက် အလ္လာဟ်အသျှင်မြတ်နှင့် ရစူလ်တမန်တော်တို့က မိသားစုများနှင့် လုပ်ငန်းဆောင်တာများကို လက်ခံထိုက်သော အကြောင်းပြချက်ဟု မသတ်မှတ်ဘဲ ယတိပြတ် အမိန့်ပေးထားသည်။ ဤကဲ့သို့လည်း ရှိပါသည်။ ဒုတိယအချက်မှာ အသင်တို့ပြဆိုသော ဤအကြောင်းပြချက်သည် မှန်ကန်မှုမရှိသော အကြောင်းပြချက်ဖြစ်သည်။ ဤအကြောင်း ရှေ့တွင် လာရှိပေမည်။ ဤလိမ်လည် ပြောဆိုနေခြင်းကို ငါတမန်တော်မသိဟု အသင်တို့က ယူဆနေကြသော်လည်း စင်စစ်) အလ္လာဟ်အသျှင်မြတ်သည် အသင်တို့၏ ပြုမူဆောင်ရွက်ချက်အားလုံးကို အကြွင်းမဲ့ သိတော်မူသော အသျှင် ဖြစ်တော်မူ၏။

(ငါကိုယ်တော်အား အသင်တို့ လိုက်ပါမလာခြင်းသည် အသင်တို့ ပြောဆိုသကဲ့သို့ မဟုတ်ကြောင်း 'ဝဟီ'အားဖြင့် အသိပေးခဲ့ပြီးဖြစ်သည်။) ထိုမျှသာမက (လိုက်ပါမလာခြင်း၏ အဓိကအကြောင်းအရင်းမှာ) ရစူလ်တမန်တော် ﷺ နှင့် မုအ်မင်န်သက်ဝင် ယုံကြည်သူတို့သည် မည်သည့်အခါ၌မျှပင် မိမိတို့၏ အိမ်သူ

အိမ်သားများထံ ပြန်လာကြလိမ့်မည်မဟုတ်ဟု အသင်တို့က ထင်မှတ်နေခဲ့ကြသည်။ (ထိုမျှမက မုဉ်ရှိရစ်က်များက အားလုံးကို သုတ်သင်လိုက်လိမ့်မည်ဟု ယူဆခဲ့ကြသည်။) ထို့ပြင် ဤထင်မြင်ယူဆချက်သည် အသင်တို့၏ စိတ်နှလုံးများကို လှပတင့်တယ်စေလျက် ရှိနေစေခဲ့၏။ (အလ္လာဟ်နှင့် ရစူလ်တမန်တော်အပေါ် ရန်ငြိုးဖွဲ့ကာ အသင်တို့၏ စိတ်အတွင်းမှ မျှော်လင့်ချက်များ ဖြစ်သည်။) အသင်တို့သည် မကောင်းသော ထင်မြင်ချက်ကို ထင်မြင်ခဲ့ကြသည်။ ထို့ပြင် အသင်တို့သည် (ဤမကောင်းသော တွေးထင်ယူဆချက်များကြောင့် ၎င်းသည် ကုဖွရ်ထိုက်စေသော တွေးထင်ယူဆချက် ဖြစ်သည်။) ပျက်စီးမည့်သူများ ဖြစ်သွားခဲ့ကြပေသည်။

(ဤသတိပေးနှိုးဆော်မှုများကို ကြားနာရပြီး အကယ်၍ အသင်တို့သည် ယခုအချိန်၌လည်း အီမာန်သက်ဝင်ယုံကြည်ကြမည်ဆိုလျှင် ကောင်းမြတ်ပေသည်။ ထိုသို့မဟုတ်ပါက) မည်သူမဆို အလ္လာဟ်အသျှင်မြတ်အပေါ်၌လည်းကောင်း၊ ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်အပေါ်၌လည်းကောင်း သက်ဝင်ယုံကြည်ခြင်း မရှိခဲ့ပါမူ မုချကေန် ငါအသျှင်မြတ်သည် ကာဖိရ်သွေဖည်ငြင်းပယ်သူတို့အတွက် 'ဂျဟန္နမ်'ငရဲဘုံကို အဆင်သင့် ပြုလုပ်ထားတော်မူသည်။

(မုအ်မင်န်သက်ဝင် ယုံကြည်သူနှင့် သက်ဝင်ယုံကြည်ခြင်း မရှိသူတို့အတွက် အထက်ပါဥပဒေများ သတ်မှတ်ပြဋ္ဌာန်းခြင်းအပေါ် အံ့ဩရန် မလိုပေ။ အကြောင်းမှာ) မိုးကောင်းကင်များကို စိုးမိုးအုပ်ချုပ်မှု အာဏာသည်လည်းကောင်း၊ ကမ္ဘာမြေကို စိုးမိုးအုပ်ချုပ်မှုအာဏာသည်လည်းကောင်း အလ္လာဟ်အသျှင်မြတ်၌သာ ရှိသည်။ ထိုအသျှင်မြတ်သည် မိမိအလိုရှိတော်မူသော သူအား ခွင့်လွှတ်ချမ်းသာ ပေးသနားတော်မူ၍ မိမိအလိုရှိတော်မူသောသူအား ပြစ်ဒဏ်ပေးတော်မူသည်။ ထို့ပြင် (ကာဖိရ်သည် 'အဇားဗ်'အပြစ်ဒဏ်နှင့် ထိုက်သက်သူ ဖြစ်ပါသော်လည်း) အလ္လာဟ်အသျှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်ချမ်းသာ ပေးသနားတော်မူသော အသျှင်၊ အလွန်တရာ သနားကြင်နာတော်မူသော အသျှင်မြတ် ဖြစ်တော်မူပါသည်။

(သို့ပါ၍ ၎င်းတို့သည်လည်း မှန်ကန်သောစိတ်ဆန္ဒဖြင့် အီမာန်ယူလာပါလျှင် ၎င်းအားလည်း ခွင့်လွှတ်ချမ်းသာပေး တော်မူပေသည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

အထက်တွင် တင်ပြနေသော ဤအကြောင်းသည် တမန်တော်မြတ် ﷺ က 'ဟုဒိုင်ဗီယဟ်' ခရီးစဉ်၌ လိုက်ပါကြရန် အမိန့်ပေးတော်မူသောအခါ အကြောင်းပြချက်များ တင်ပြလျက် နောက်ချန်နေခဲ့သော 'အအ်ရာဗ်' ကျေးတော သားများနှင့် စပ်လျဉ်းသော အကြောင်းဖြစ်သည်။ 'ဟုဒိုင်ဗီယဟ်'ဖြစ်စဉ်အကြောင်း အပိုင်း (၁) ၌ တင်ပြခဲ့ပြီးဖြစ်သည်။ အချို့ဆင့်ပြန်ချက်များအရ ၎င်းတို့အနက် အချို့မှာ 'သောင်ဗာဟ်' ပြု၍ အီမာန်သက်ဝင် ယုံကြည်ခဲ့ကြောင်း သိရှိရသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

سَيَقُولُ الْمُخَلَّفُونَ إِذَا انطَلَقْتُمْ إِلَىٰ مَغَانِمَ لِتَأْخُذُوهَا
ذَرُونَا نَتَّبِعْكُمْ ۖ يُرِيدُونَ أَن يُبَدِّلُوا كَلَامَ اللَّهِ ۚ قُل لَّن
تَتَّبِعُونَا كَذَٰلِكُمْ قَالَ اللَّهُ مِن قَبْلُ ۖ فَسَيَقُولُونَ
بَلْ تَحْسُدُونَنَا ۚ بَلْ كَانُوا لَا يَفْقَهُونَ إِلَّا قَلِيلًا ⑮

၄၈ : ၁၅ ။ ။ (အို၊ နဗီတမန်တော်) မကြာမီပင် နောက်ကျန်ရစ်ခဲ့ကြသော သူတို့သည် လက်ရပစ္စည်းများကို ယူရန် အသင်တို့ သွားကြသောအခါ ‘အသင်တို့သည် ကျွန်ုပ်တို့အား မိမိတို့နှင့်အတူ လိုက်ရန် ခွင့်ပြုကြလေကုန်’ ဟူ၍ ပြောဆိုကြပေမည်။ ၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များကို ပြောင်းလဲလိုကြသူများ ဖြစ်ကြသည်။ (အို၊ နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ (အချင်းတို့) အသင်တို့သည် ကျွန်ုပ်တို့နှင့်အတူ အလျှဉ်း မလိုက်နိုင်ကြပေ။ အလ္လာဟ်အသျှင်မြတ်သည် ရှေးဦးမဆွကပင် ဤအတိုင်း မိန့်ကြားတော်မူပြီး ဖြစ်၏။ ထိုအခါ ၎င်းတို့က ‘ထိုသို့ အလျှဉ်းမဟုတ်။ စင်စစ်မှာမူ အသင်တို့သည် ကျွန်ုပ်တို့အား မနာလိုနေကြသည်’ ဟု အမှန်ပင် ပြောဆိုကြပေလိမ့်မည်။ အမှန်စင်စစ် (မနာလိုခြင်း) အလျှဉ်း မဟုတ်။ သို့သော် ၎င်းတို့သည် (မှန်ကန်သော စကားကို) အနည်းငယ်မျှသာလျှင် နားလည်ကြကုန်၏။

قُل لِّلْمُخَلَّفِينَ مِنَ الْأَعْرَابِ سَتُدْعَوْنَ إِلَىٰ قَوْمٍ أُولِي بَأْسٍ
شَدِيدٍ تُقَاتِلُونَهُمْ أَوْ يُسْلِمُونَ ۖ فَإِن تُطِيعُوا يُؤْتِكُمُ اللَّهُ أَجْرًا
حَسَنًا ۖ وَإِن تَتَوَلَّوْا كَمَا تَوَلَّيْتُم مِّن قَبْلُ يُعَذِّبْكُمْ عَذَابًا أَلِيمًا ⑯

၄၈ : ၁၆ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် နောက်ကျန်ရစ်ခဲ့ကြသော ကန္တာရတွင် လှည့်လည်နေထိုင်ကြသည့် ‘အာရဗ်’ ကျေးတောသားတို့အား ပြောကြားပါလေ။ (အချင်းတို့) အသင်တို့သည် မကြာမီပင် အလွန်အမင်း တိုက်ခိုက်မှု ပြုတတ်ကြသော (တစ်နည်း အင်အား အလွန်ကြီးမားသော) အမျိုးသားတို့နှင့် ပြိုင်ဆိုင်တိုက်ခိုက်ရန် ဖိတ်ခေါ်ခြင်းကို ခံကြရပေမည်။ အသင်တို့သည် ၎င်းတို့နှင့် တိုက်ခိုက်ကြရပေမည်။ သို့တည်းမဟုတ် ၎င်းတို့သည် (လက်နက်ချ အညံ့ခံ၍ အစ္စလာမ် သာသနာတော်၏ အမိန့်ကို) နာခံကြရပေမည်။ ထိုအခါ အကယ်၍ အမိန့်တော်ကို လိုက်နာကြပါလျှင်၊ အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အား ကောင်းမြတ်သော အကျိုးကို ချီးမြှင့်ပေးသနားတော်မူပေမည်။ သို့ရာတွင် အကယ်၍ အသင်တို့သည် ယခင်နည်းတူ မျက်နှာလွှဲခဲ့ကြပါမူ၊ ထိုအသျှင်မြတ်သည် အသင်တို့အား ပြင်းပြစွာသော ပြစ်ဒဏ်ကို ပေးတော်မူပေမည်။

لَّيْسَ عَلَى الْأَعْمَىٰ حَرَجٌ وَلَا عَلَى الْأَعْرَجِ حَرَجٌ وَلَا عَلَى الْمَرِيضِ
حَرَجٌ ۗ وَمَن يُطِعِ اللَّهَ وَرَسُولَهُ يُدْخِلْهُ جَنَّاتٍ تَجْرِي مِن تَحْتِهَا
الْأَنْهَارُ ۖ وَمَن يَتَوَلَّ يُعَذِّبْهُ عَذَابًا أَلِيمًا ⑰

၄၈ : ၁၇ ။ ။ (သို့ရာတွင်) မျက်စိကွယ်သောသူ၏ အပေါ်၌ (စစ်တိုက်ရန် မလိုက်နိုင်သောကြောင့်) အပြစ်တစ်စုံတစ်ရာ မရှိပေ။ ထိုနည်းတူစွာ ခြေကျိုး၊ ခြေမသန်သောသူအပေါ်၌လည်း မည်သည့်အပြစ်တစ်စုံတစ်ရာမျှ မရှိပေ။ ထိုနည်းတူစွာ

ရောဂါဝေဒနာ စွဲကပ်နေသော သူအပေါ်၌လည်း အပြစ်တစ်စုံတစ်ရာမျှ မရှိချေ။ စင်စစ် မည်သူမဆို အလ္လာဟ်အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်၏ အမိန့်တော်ကို လိုက်နာသည်ရှိသော် ထိုအသျှင်မြတ်သည် ၎င်းအား အကြင်ဥယျာဉ်တော်များသို့ ဝင်ရောက်စေတော်မူပေမည်။ ထိုဥယျာဉ်များ၏ အောက်၌ စမ်းရေချောင်းများ စီးဆင်းလျက် ရှိကြပေမည်။ သို့ရာတွင် မည်သူမဆို (အမိန့်တော်ကို လိုက်နာခြင်းမရှိဘဲ) မျက်နှာလွှဲခဲ့သည်ရှိသော်၊ ထိုအသျှင်မြတ်သည် ၎င်းအား ပြင်းပြနာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်ကို စီရင်ပေးတော်မူပေမည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

မကြာမီပင် ('ဟုဒိုင်ဗိယဟ်' ခရီးစဉ်မှ) နောက်ချန်နေရစ်ခဲ့ကြသူတို့သည် ('ခိုင်ဗရ်'၏) လက်ရပစ္စည်းများကို ရယူရန် သွားကြသောအခါ (အလိုသဘောမှာ 'ခိုင်ဗရ်'ကို အောင်နိုင်သိမ်းပိုက်ရန် သွားကြသည့်အခါ 'ခိုင်ဗရ်'တွင် လက်ရပစ္စည်းများ ရရန်ရှိသည့်အတွက် ၎င်းတို့သည်) အသင့်အား ကျွန်ုပ်တို့အား မိမိတို့နှင့်အတူ လိုက်ပါရန် ခွင့်ပြုပါ'ဟု ပြောဆိုကြပေမည်။ (ဤသို့ လိုက်ပါရန် တောင်းဆိုရခြင်းမှာ သုံ့ပန်းပစ္စည်းများ ရရှိမည်ဟူသော လောဘကြောင့်ပင် ဖြစ်သည်။ ထိုသို့ သုံ့ပန်းပစ္စည်းများ ရရှိမည်ကို ၎င်းတို့သည် အကြောင်းခံများဖြင့် သိရှိမျှော်လင့်ထားပြီး ဖြစ်သည်။ 'ဟုဒိုင်ဗိယဟ်' ခရီးစဉ်သည်မူ ဤခရီးနှင့်မတူဘဲ အန္တရာယ်ရှိပြီး အသက်စတေးရရန်ပင် စိုးရိမ်မျှော်လင့်ရသည်။ ထိုအကြောင်းနှင့် စပ်လျဉ်း၍ အလ္လာဟ်အသျှင်မြတ်က မိန့်ကြားတော်မူသည်မှာ) ၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များကို ပြောင်းလဲလိုသူများ ဖြစ်ကြသည်။ (ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်မှာ ဤ 'ခိုင်ဗရ်' စစ်ပွဲတွင် 'ဟုဒိုင်ဗိယဟ်'နှင့် 'ဗိုင်အသ်ရိဒွိဝါးန်' တွင် ပါဝင်သူများသာ လိုက်ပါကြရမည်။ ထိုသူများအပြင် အခြားမည်သူမျှ မလိုက်ကြရပေ။ အထူးသဖြင့် 'ဟုဒိုင်ဗိယဟ်' ခရီးစဉ်တွင် နောက်ချန်နေရစ်သူများ၊ အကြောင်းပြ ကျန်ရစ်သူများ လိုက်ပါခြင်းမပြုရပေ' ဟု ဖြစ်သည်။)

သို့ဖြစ်ပေရာ (အို၊ နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ အသင်တို့သည် ကျွန်ုပ်တို့နှင့် အတူ လုံးဝ လိုက်ပါခြင်း မပြုနိုင်ပေ။ (ဆိုလိုသည်မှာ အသင်တို့၏ ဤတောင်းဆိုချက်ကို ကျွန်ုပ်တို့သည် အလျဉ်း လက်မခံနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် ဤသို့ လက်ခံလိုက်ခြင်းတွင် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ကို ပြောင်းလဲခြင်း၏ အပြစ်ရှိသောကြောင့်ပင် ဖြစ်သည်။ အကြောင်းမှာ) အလ္လာဟ်အသျှင်မြတ်သည် အစကနဦးမှပင် ဤအတိုင်း မိန့်ကြားထားတော်မူ၏။ (ဆိုလိုသည်မှာ 'ဟုဒိုင်ဗိယဟ်'မှ အပြန်ခရီးတွင်ပင် 'ဟုဒိုင်ဗိယဟ်'၌ ပါဝင်သူများမှအပ 'ခိုင်ဗရ်'စစ်ပွဲတွင် မည်သူမျှ မပါဝင်ရ' ဟု အလ္လာဟ်အသျှင်မြတ်က မိန့်ကြားထားတော်မူသည်။ အလ္လာဟ်အသျှင်မြတ်၏ ဤအမိန့်သည် ကုရ်အာန်၌ မပါရှိပေ။ ဤအမိန့်သည် 'ဝဟီ ဂိုင်းရ်မသ်လူး' (ဟဒီးစ်) အားဖြင့် အလ္လာဟ်အသျှင်မြတ်က ကိုယ်တော်မြတ် ﷺ အား အသိပေးတော်မူကြောင်း သိရှိရပေသည်။ ထို့ပြင် 'ဟုဒိုင်ဗိယဟ်'မှ အပြန်ခရီးတွင် ကျရောက်ခဲ့သော စူရာဟ်ဖသဟ်တွင်

اَثَابَهُمْ فَتْحًا قَرِيْبًا

(၄င်းတို့အား ထိုအသျှင်မြတ်သည် နီးကပ်စွာသော အောင်မြင်မှုကိုလည်း (ဆုလာဘ်အဖြစ်) ချီးမြှင့်တော်မူခဲ့၏။) */ ၄၈ : ၁၈ /*

ဟူသော အာယသ်တော်၌ ပါရှိသည့် နီးကပ်စွာသော အောင်နိုင်မှု၏ အလိုသဘောမှာ 'ခိုင်ဗရ်'အား အောင်နိုင်ခြင်းကို ဆိုလိုသည်။ သို့ဆိုလျှင် ဤ 'ခိုင်ဗရ်' ၏ အောင်နိုင်မှုသည် ထို 'ဟုဒိုင်ဗီယဟ်'ခရီးစဉ်၌ ပါဝင်ခဲ့သူတို့ကိုသာ ရရှိမည်ဖြစ်ကြောင်း ဤအာယသ်တော်က ညွှန်းဆိုထား၍လည်း ဖြစ်နိုင်ပေသည်။ အသင်သည် ၄င်းတို့အား ဤသို့ ဖြေကြားမည်ဆိုပါလျှင်) ၄င်းတို့က ပြောဆိုကြမည်မှာ (အသင်၏ ရှေ့တွင် လာရောက် ပြောဆိုလိမ့်မည်ဟု မဆိုလိုပေ။ အခြားသူများ၏ ရှေ့တွင် ပြောကြားကြမည်။ ကျွန်ုပ်တို့အား ခေါ်မသွားရန်ကို အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ဖြစ်သည်' ဟု ပြောကြားနေသည်။) အမှန်စင်စစ် ထိုသို့ အလျဉ်းမဟုတ်။ စင်စစ်မှာမူ အသင်တို့သည် ကျွန်ုပ်တို့အား မနာလိုဖြစ်နေကြသည်' ဟု အမှန်ပင် ပြောဆိုကြပေလိမ့်မည်။ (ထို့ကြောင့် ကျွန်ုပ်တို့ ပါဝင်မည်ကို မနှစ်သက်ကြခြင်း ဖြစ်သည်။ စင်စစ် မွတ်စ္စလင်မ်များတွင် မနာလိုဝန်တိုစိတ် မြူမှုန့်ခန့်မျှပင် မရှိပေ။) အမှန်စင်စစ် (မနာလိုခြင်း) အလျဉ်းမဟုတ်။ သို့သော် ၄င်းတို့သည် (မှန်ကန်သော စကားကို) အနည်းငယ်မျှသာလျှင် သိနားလည်ကြပေသည်။

(အကယ်၍ အပြည့်အဝ နားလည်ကြမည်ဆိုလျှင် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်၏ လျှို့ဝှက်ချက်အမြော်အမြင်ကို 'ဟုဒိုင်ဗီယဟ်'ခရီးစဉ်တွင် ပါဝင်ခဲ့သော ပုဂ္ဂိုလ်များသည် အလွန် စိုးရိမ်ဖွယ် အန္တရာယ်ကြီးတစ်ခုနှင့် ကြီးမားသော စမ်းသပ်မှု၌ ပါဝင်ခဲ့ရသူများ ဖြစ်သည်။ မုနာဖစ်က်များမှာမူ မိမိတို့၏ လောကီရေး ရည်ရွယ်ချက်များကိုသာ ရှေ့တန်းတင်ထားကြသည်။ ဤအကြောင်းသည်ပင် ၄င်းတို့အဖို့ လက်မဲ့ဖြစ်ရခြင်းဖြစ်စေခဲ့သည်ကို အလွယ်တကူ နားလည်သိရှိနိုင်၏။ ဤနေရာထိတိုင်မှာ 'ခိုင်ဗရ်'နှင့် စပ်လျဉ်းသော အကြောင်းများ ဖြစ်သည်။ ရှေ့တွင် အခြားဖြစ်ရပ်တစ်ခုနှင့် စပ်လျဉ်း၍ တင်ပြပြောကြားရန် မိန့်ကြားတော်မူသည်မှာ အို၊ နဗီတမန်တော်) အသင်သည် ထိုနောက်ချန် နေရစ်ခဲ့သော အာရဗ်ကျေးတောသားများကို (ဤသည်ကိုလည်း) ပြောကြားပါလေ။ (အကယ်၍ 'ခိုင်ဗရ်'စစ်ပွဲတွင် တစ်ကြိမ်တစ်ခါ မသွားဖြစ်လျှင်လည်း ကိစ္စမရှိပေ။ 'စဝါးဗ်'အကျိုးကုသိုလ် ရရှိရန်မှာ နောင်တွင်လည်း အခွင့်အရေးများစွာ ဖြစ်ပေါ်လာရန် ရှိပါသည်။ သို့ဖြစ်ပေရာ) မကြာမြင့်မီပင် အသင်တို့သည် စစ်မက်တိုက်ခိုက်မှု အလွန်ပြုတတ်ကြသော (တစ်နည်း အလွန်အင်အားကြီးမားသော) အမျိုးသားများနှင့် စစ်မက်တိုက်ခိုက်ရန် ဖိတ်ခေါ်ခြင်းကို ခံကြရပေမည်။ (အလိုသဘောမှာ ရောမနှင့် ပါရှင်းတို့နှင့် တိုက်ခိုက်ခြင်းကို ဆိုလိုသည်။ အကြောင်းမှာ ၄င်းတို့၏ စစ်သည်များသည် အလေ့အကျင့်ရပြီး ဖြစ်၍ လက်နက်စုံစုံလင်လင်နှင့် ရှိနေသောကြောင့် ဖြစ်သည်။) အသင်တို့ သည် ၄င်းကို့နှင့် စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ခြင်းကို ပြုရပေမည်။ သို့တည်းမဟုတ် ၄င်းတို့သည် အမိန့်နာခံသူ (အစ္စလာမ်သာသနာဝင်) များ ဖြစ်သွားကြရပေမည်။ (အစ္စလာမ်သာသနာကို

လက်ခံ၍ဖြစ်စေ၊ (သို့) အစ္စလာမ့်အုပ်ချုပ်ရေးကို လက်ခံလိုက်နာ၍ အခွန်ပေး၍ဖြစ်စေ၊ နာခံကြရမည်ကို ဆိုလိုခြင်းဖြစ်သည်။ ဆိုလိုသည်မှာ အသင်တို့သည် ဤကိစ္စအတွက် ဖိတ်ခေါ်ခြင်း ခံရပေမည်။)

သို့ဖြစ်ပေရာ (ထိုအချိန်တွင်) အကယ်၍ အသင်တို့သည် အမိန့်တော်ကို လိုက်နာကြပါလျှင် (ထိုသူများနှင့် 'ဂျီဟားဒ်'တိုက်ခိုက်ခြင်းကို ပြုကြပါလျှင်) အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အား ကောင်းမြတ်သော အကျိုးကို ချီးမြှင့်ပေးသနားတော်မူပေမည်။ ထို့ပြင် အကယ်၍ အသင်တို့သည် ထိုအချိန်၌လည်း ယခင်နည်းတူ ('ဟုဒိုင်ဗီယဟ်' စသည်တို့၌ ပြုခဲ့သကဲ့သို့) မျက်နှာလွှဲဖယ်ကြပါမူ ထိုအသျှင်မြတ်သည် အသင်တို့အား ပြင်းပြစွာသော ပြစ်ဒဏ်ကို ပေးတော်မူပေမည်။ (သို့ရာတွင် 'ဂျီဟားဒ်'အတွက် ဖိတ်ခေါ်ခြင်း၌ မပါဝင်နိုင်ခဲ့သော ချွင်းချက်ရှိသူများမှာမူ ထိုပြစ်ဒဏ်မှ ကင်းလွတ်၏။ သို့ပါ၍) မျက်စိကွယ်သူအပေါ်၌ (စစ်တိုက်ရန် မလိုက်နိုင်သောကြောင့်) မည်သည့်အပြစ်တစ်စုံတစ်ရာမျှ မရှိပေ။ ထိုနည်းတူစွာ ခြေကျိုး၊ ခြေမသန်သူအပေါ်၌လည်း မည်သည့် အပြစ်တစ်စုံတစ်ရာမျှ မရှိပေ။ ထို့ပြင် နာမကျန်းဖြစ်နေသူအပေါ်၌လည်း အပြစ်တစ်စုံတစ်ရာ မရှိပေ။ ထို့ပြင် (အထက်တွင် 'မုဂျာဟီးဒ်'များအတွက် 'ဂျန္နသ်'နှင့် စည်းစိမ်များ ချီးမြှင့်ပေးသနားတော်မူမည့်အကြောင်း ကတိတော်နှင့် 'ဂျီဟားဒ်'ပြုခြင်းမှ လွှဲဖယ်နေခဲ့ကြသူများအတွက် သတိပေးခြိမ်းခြောက်မှုများ ဖော်ပြခဲ့ပေသည်။ ထိုအချက်အလက်များသည် ၄င်းတို့အတွက်သာ သီးသန့်မဟုတ်။ သို့သာမက ပုံသေဥပဒေသအဖြစ် ဖော်ပြခြင်းဖြစ်သည်။) မည်သူမဆို အလ္လာဟ်အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်တို့၏ အမိန့်တော်များကို လိုက်နာခဲ့ပါလျှင် ထိုသူ့အား အောက်၌ စမ်းရေချောင်းများ စီးဆင်းနေသော ဥယျာဉ်များတွင် ဝင်ရောက်စေတော်မူပေမည်။ ထို့ပြင် မည်သူမဆို (အမိန့်တော်ကို) မျက်နှာလွှဲဖယ်သည်ရှိသော် ထိုသူ့အား ပြင်းပြနာကျင်ဖွယ်ဖြစ်သော 'အဇားဗ်'ပြစ်ဒဏ်ကို ပေးတော်မူပေမည်။

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

ဖော်ပြပါအာယသ်တော်များတွင် 'ဟုဒိုင်ဗီယဟ်'မှ ပြန်လာပြီးနောက် ဟီဂျ်ရီ (၇) ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သော ဖြစ်ရပ်တစ်ရပ်ကို တင်ပြထားခြင်းဖြစ်သည်။ ကိုယ်တော်မြတ် ﷺ သည် 'ခိုင်ဗရ်'စစ်ပွဲအတွက် သွားရန် ရည်ရွယ်တော်မူသောအခါ 'ဟုဒိုင်ဗီယဟ်'ခရီးနှင့် 'ဗိုင်အသ်ရိဒ္ဓဝါန်' ၌ ပါဝင်ခဲ့သူများကိုသာ အတူ ခေါ်ဆောင်တော်မူခဲ့သည်။ အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ရစူလ်တမန်တော်အား 'ခိုင်ဗရ်'ကို အောင်နိုင်ခြင်းနှင့် 'ခိုင်ဗရ်'မှ သုံ့ပန်းပစ္စည်းများ ရရှိမည့်အကြောင်း ကတိတော် ပြုထားတော်မူခဲ့သည်။ ထိုစဉ်က 'ဟုဒိုင်ဗီယဟ်'ခရီးစဉ်တွင် ဖိတ်ခေါ်ခြင်းခံရပါလျက် အကြောင်းပြ၍ နောက်ချန်နေရစ်သူ အာရပ်ကျေးတောသားများကလည်း 'ခိုင်ဗရ်'စစ်ပွဲတွင် ပါဝင်ရန် ရည်ရွယ်ကြလေသည်။ ထိုသို့ လိုက်ပါရန် ရည်ရွယ်ကြခြင်းမှာ 'ခိုင်ဗရ်'ကို အောင်နိုင်မည်ဟု နီးစပ်သော အကြောင်းခံများရှိ၍လည်းကောင်း၊ 'ခိုင်ဗရ်'မှ သုံ့ပန်းပစ္စည်းများ ရရှိမည့် မျှော်လင့်ချက်ရှိခြင်းကြောင့်လည်းကောင်း ထို့ပြင် မွတ်စ္စလင်မ်များအပေါ်

တွင် အလ္လာဟ်အသျှင်မြတ်၏ ဆက်ဆံတော်မူခဲ့ပုံများနှင့် 'ဟုဒိုင်ဗိယဟ်' ငြိမ်းချမ်းရေးစာချုပ်၏ 'ဗရ်ကာသ်' မင်္ဂလာအချို့ကို တွေ့မြင်ကြရခြင်းကြောင့်လည်းကောင်း၊ 'ဂျိဟာဒ်' မှ နောက်ချန်နေရစ်ခဲ့ခြင်းအပေါ် အရှက်ရ၍လည်းကောင်း ယခုအခါ 'ဂျိဟာဒ်' တွင် လိုက်ပါရန် ရည်ရွယ်ကြခြင်း ဖြစ်သည်။ ၎င်းတို့အား အဖြေပေးရာတွင် ကုရ်အာန်ကျမ်းတော်မြတ်က 'ဤသူတို့သည် အလ္လာဟ်အသျှင်မြတ်၏ 'ကလာမ်' (ဝါ) ထိုအသျှင်မြတ်၏ အမိန့်တော်ကို ပြောင်းလဲလိုကြသည်။

يُرِيدُونَ اَنْ يُّبَدِّلُوا كَلَامَ اللّٰهِ

(၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များကို ပြောင်းလဲလိုသူများ ဖြစ်ကြသည်။)

[၄၈ : ၁၅]

ဟု မိန့်ကြားထားတော်မူသည်။ ဤအမိန့်တော်၏ အလိုသဘောမှာ 'ခိုင်ဗရ်' စစ်ပွဲနှင့် ထိုစစ်ပွဲမှ သုံ့ပန်းပစ္စည်းများသည် 'ဟုဒိုင်ဗိယဟ်' ခရီးစဉ်၌ ပါဝင်ခဲ့သူများအတွက်သာ သီးသန့်ဖြစ်ကြောင်း ဆိုလိုခြင်းဖြစ်သည်။ ၎င်းနောက်

كَذٰلِكُمْ قَالَ اللّٰهُ مِنْ قَبْلُ

(အလ္လာဟ်အသျှင်မြတ်သည် ရှေးဦးမဆွကပင် ဤအတိုင်း မိန့်ကြားတော်မူပြီးဖြစ်၏။)

ဟု မိန့်ကြားထားရာတွင်လည်း 'ဟုဒိုင်ဗိယဟ်' ခရီးစဉ်၌ ပါဝင်ခဲ့သူများကိုသာ မိန့်ဆိုခြင်းဖြစ်သည်။ သို့ရာတွင် ဤနေရာ၌ စာဒကမေးခွန်းတစ်ရပ် ပေါ်ပေါက်လာသည်မှာ ကုရ်အာန်ကျမ်းတော်မြတ်တွင် မည်သည့်နေရာတွင်မျှ ဤအထူးမိန့်ကြားချက် မရှိရာ ဤသို့ အထူးကတိတော်ပေးခြင်းကို كلام الله 'ကလာမွလ္လာဟ်' (အလ္လာဟ်အသျှင်မြတ်၏ နှုတ်ကပါဠ်တော်) နှင့် قال الله 'ကားလလ္လားဟု' (အလ္လာဟ်အသျှင်မြတ်၏ မိန့်ကြားတော်မူ၏) ဟု ဆိုခြင်းမှာ အဘယ်မှာလျှင် မှန်ကန်ပါမည်နည်း' ဟု ဖြစ်သည်။

အလ္လာဟ်အသျှင်မြတ်၏ 'ဝဟီ' မှာ ဒိတ်တော်သည် ကုရ်အာန်၌သာ ရှိသည်မဟုတ်၊ ကုရ်အာန်ကျမ်းမြတ်အပြင်၌လည်း 'ဝဟီ' အကြောင်းခံဖြင့် အမိန့်တော်များ လာရှိထားသည့်အပြင် တမန်တော်မြတ် ﷺ ၏ ဟဒီးစ်တော်များသည်လည်း 'ကလာမွလ္လာဟ်' (အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များ) အမိန့်တွင် ရှိခြင်း

အိုလမာသာသနာ့ပညာရှင်ကြီးများက ဤ 'အလ္လာဟ်အသျှင်မြတ်က တင်ပြ မိန့်ကြားတော်မူသော ကတိတော်သည် 'ဟုဒိုင်ဗိယဟ်' ၌ ပါဝင်သူတို့နှင့် စပ်လျဉ်း၍သာ ဖြစ်ကြောင်း အထူးမိန့်ကြားချက်သည် ကုရ်အာန်ကျမ်းတော်မြတ်တွင် မည်သည့်နေရာ၌မျှ ပေါ်ပေါ်လွင်လွင် ဖော်ပြထားခြင်း မရှိပေ။ သို့သာမက ဤအထူးမိန့်ကြားခြင်းသည် 'ဟုဒိုင်ဗိယဟ်' ခရီးစဉ်၌ ပါဝင်သူများအတွက် အလ္လာဟ်အသျှင်မြတ်က 'ဝဟီ ဂိုင်းရ်မသ်လူး' အားဖြင့် တမန်တော်မြတ် ﷺ အား 'ဟုဒိုင်ဗိယဟ်' ခရီးမှ အပြန်လမ်း၌ ကတိပေးမိန့်ကြား

တော်မူခြင်း ဖြစ်သည်။ ထိုမိန့်ကြားချက်ကိုပင် ဤနေရာ၌ كلام الله 'ကလာမွလ္လာဟ်'နှင့် قال الله 'ကားလလ္လားဟ်'ဟူသော စာလုံးများဖြင့် သုံးနှုန်းထားခြင်းဖြစ်သည်ဟု အမိန့်ရှိခဲ့ကြသည်။ ဤအချက်အားဖြင့် သိရှိရသည်မှာ ကုရ်အာန်၏ အမိန့်တော်များအပြင် ဆွဟီးဟ်ဟဒီးစ်တော်များတွင် လာရှိသော အမိန့်တော်များသည်လည်း ဤအာယသ်တော်၏ ရှင်းရှင်းလင်းလင်းဖော်ညွှန်းချက်နှင့်အညီ 'ကလာမွလ္လာဟ်' (အလ္လာဟ်အသျှင်မြတ်၏ နှုတ်ကပါဋ်တော်) နှင့် 'ကောင်လွလ္လာဟ်' (အလ္လာဟ်အသျှင်မြတ်၏ မိန့်ကြားချက်) အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များ၌ ပါဝင်ပေသည်။ တမန်တော်မြတ် ﷺ ၏ ဟဒီးစ်တော်များကို သာသနာ၏ အထောက်အထား အမိန့်တော်များအဖြစ် လက်မခံသူ သာသနာမဲ့တို့၏ စောဒကများကို ရှင်းလင်းဖြေကြားရာတွင် ဤအာယသ်တော်များသည်ပင် လုံလောက်ပေသည်။

'ဟုဒိုင်ဗီယဟ်'ခရီးအစတွင် ကျရောက်ခဲ့သော ဤစူရာဟ်တွင်

اَثَابَهُمْ فَتْحًا قَرِيْبًا

(၄င်းတို့အား ထိုအသျှင်မြတ်သည် နီးကပ်စွာသော အောင်မြင်မှုကိုလည်း (ဆုလာဘ်အဖြစ်) ချီးမြှင့်တော်မူခဲ့၏။) *[၄၈ : ၁၈]*

ဟူသော စာလုံးများသည် ကုရ်အာန်ကျမ်းတော်မြတ်တွင် ရှိနေသည်။ မုဖတ်စီရ်အားလုံးတို့က တစ်ညီတစ်ညွတ်တည်း ဤ فتح قريب 'ဖသ်ဟိကရီးဗ်' (နီးကပ်သော အောင်နိုင်မှု) ၏ အလိုသဘောကို 'ခိုင်ဗရ်'အား 'အောင်နိုင်ခြင်း'ဟု မိန့်ဆိုကြသည်။ သို့ဖြစ်ပေရာ ဤနည်းဖြင့် ကုရ်အာန်တွင် 'ခိုင်ဗရ်'၏ အောင်နိုင်မှုနှင့် 'ခိုင်ဗရ်'၏ သုံ့ပန်းပစ္စည်းများသည် 'ဟုဒိုင်ဗီယဟ်'၌ ပါဝင်သူများကိုသာ ရရှိမည်ဖြစ်ကြောင်း ကတိတော်လာရှိပြီးဖြစ်သည်။ ဤသည်ကိုပင် كلام الله 'ကလာမွလ္လာဟ်'နှင့် قال الله 'ကားလလ္လာဟ်'၏ အလိုသဘောအညွှန်းဟု သတ်မှတ်နိုင်သည်။ သို့သော်လည်း အမှန်စင်စစ် ဤအာယသ်တော်တွင် သုံ့ပန်းပစ္စည်းများရရှိမည်ဖြစ်ကြောင်း ကတိတော်ရှိထားသော်လည်း ဤသုံ့ပန်းပစ္စည်းများသည် 'ဟုဒိုင်ဗီယဟ်'၌ ပါဝင်သူများအတွက် သီးသန့်ဖြစ်ကြောင်းနှင့် အခြားသူများ ပါဝင်ခွင့်မရှိကြောင်း မည်သည့်နေရာတွင်မျှ ဖော်ပြထားခြင်း မရှိပေ။ ဤသို့ အထူးပြုမိန့်ကြားချက်ကို သံသယမရှိ တမန်တော် မြတ် ﷺ ၏ ဟဒီးစ်တော်အားဖြင့်သာ သိရှိရပေသည်။ ယင်းသည်ပင် كلام الله 'ကလာမွလ္လာဟ်'နှင့် قال الله 'ကားလလ္လားဟ်'၏ အညွှန်းခံအလိုသဘော ဖြစ်ပေသည်။ အချို့ပညာရှင်များက စူရာဟ် သောင်ဗာဟ်၏

فَاسْتَأْذَنُوْكَ لِلْخُرُوْجِ فَقُلْ لَّنْ تَخْرُجُوْا مَعِىَ اَبَدًا وَّلَنْ
تُقَاتِلُوْا مَعِىَ عَدُوًّا ؕ اِنَّكُمْ رَضِيْتُمْ بِالْقُعُوْدِ اَوَّلَ مَرَّةٍ

(၄င်းတို့သည် (စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ရန်) ထွက်ပါရစေဟူ၍ အသင့်ထံ ခွင့်ပန်ခဲ့ကြလျှင် အသင်သည် (ထိုသူတို့အား အချင်းတို့) အသင်တို့သည် ငါနှင့်အတူ မည်သည့်အခါမျှ ထွက်ကြရမည်လည်း

မဟုတ်ပေ။ ထိုနည်းတူစွာ အသင်တို့သည် ငါနှင့်အတူ မည်သည်ရန်သူတစ်ဦးတစ်ယောက်ကိုမျှ တိုက်ခိုက်ကြမည်လည်း မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် အသင်တို့သည် ပထမအကြိမ်၌လည်း (စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ရန်အတွက် မထွက်ခဲ့ကြဘဲ) အသင်တို့သည် (အိမ်တွင်း၌) ထိုင်၍ နေရစ်ခဲ့ခြင်းကိုသာ နှစ်သက်ခဲ့ကြသောကြောင့်ပင် ဖြစ်သည်။) *[၉ : ၈၃]*

ဟူသော အာယသ်တော်ကို ၎င်း قال الله — كلام الله ၏ အညွှန်းခံအလိုသဘောဟု ဆိုကြသည်။ သို့ရာတွင် ဤအာယသ်များသည် 'သဗူးက်'စစ်ပွဲနှင့် စပ်လျဉ်း၍ ကျရောက်ခဲ့သော အာယသ်တော်များဖြစ်၍ ၎င်းတို့၏အဆို မမှန်ကန်ပေ။ 'သဗူးက်'စစ်ပွဲသည် 'ခိုင်ဗရ်' စစ်ပွဲ၏ နောက် ဟိဂျ်ရီ (၉) ခုနှစ်၌ ဖြစ်ပေါ်ခဲ့၍ ဖြစ်သည်။ *[ကုရ်သုဗီ]*

قُلْ لَّنْ تَتَّبِعُوْنَا

(အို့၊ နဗီတမန်တော်၊ အသင်သည် ပြောကြားပါလေ။ (အချင်းတို့) အသင်တို့သည် ကျွန်ုပ်တို့နှင့်အတူ အလျဉ်း မလိုက်နိုင်ကြပေ။) *[၄၈ : ၁၅]*

ဤနေရာတွင် 'ဟုဒိုင်ဗီယဟ်'ခရီးစဉ်မှ နောက်ချန်နေရစ်ခဲ့သူများအား 'အသင်တို့သည် ကျွန်ုပ်တို့နှင့် လုံးဝ မလိုက်ပါနိုင်ချေ' ဟူသော စာသားဖြင့် လေးလေးနက်နက် မိန့်ကြားထားခြင်းသည် 'ခိုင်ဗရ်' စစ်ပွဲအတွက်သာ အထူးအမိန့်ဖြစ်သည်။ ရှေ့တွင် မည်သည့် 'ဂျိဟားဒ်'စစ်ပွဲတွင်မျှ မပါဝင်နိုင်ဟု ဆိုလိုခြင်းမဟုတ်ပေ။ ဤအတွက်ကြောင့်ပင် 'ဟုဒိုင်ဗီယဟ်'ခရီးစဉ်၌ မလိုက်ပါဘဲ နောက်ချန်နေရစ်သူများအနက် قبائل مزينة 'မုဇ်နိယဟ်'နှင့် جُهينة 'ဂျူဟိုင်နဟ်' မျိုးနွယ်တို့သည် နောက်ပိုင်းတွင် တမန်တော်မြတ် ﷺ နှင့်အတူ စစ်ပွဲများစွာ၌ ပါဝင်ခဲ့ကြသည်။ *[ရူးဟွလ်မအာနီကျမ်း၊ ဗယာနုလ်ကုရ်အာန်ကျမ်း။]*

'ဟုဒိုင်ဗီယဟ်' ခရီးစဉ်မှ နောက်ချန်နေရစ်ခဲ့သူများအနက် အချို့သည် နောက်ပိုင်းတွင် 'သောင်ဗဟ်' ပြု၍ စစ်မှန်သော မွတ်စ္စလင်မ်များ ဖြစ်သွားကြခြင်း

'ခိုင်ဗရ်'စစ်ပွဲကာလတွင် 'ဟုဒိုင်ဗီယဟ်'ခရီးစဉ်မှ နောက်ချန်နေရစ်သူအားလုံးကို 'ခိုင်ဗရ်'စစ်ပွဲတွင် ပါဝင်ခြင်းမှ တားမြစ်ခဲ့သည်။ စင်စစ် ၎င်းတို့တွင် အားလုံးမှာ မုနာဖစ်က်များ မဟုတ်ကြပေ။ အချို့မှာ မွတ်စ္စလင်မ်များဖြစ်သည်။ ထို့ပြင် အချို့တို့သည် ထိုစဉ်က မုနာဖစ်က်များ ဖြစ်ကြသော်လည်း နောက်ပိုင်းတွင် မှန်ကန်သော အီမာန်သက်ဝင်ယုံကြည်မှုအဆင့် 'သောင်ဖီးက်' အခွင့် စွမ်းအားရရှိခဲ့ကြသည်။ ထို့ကြောင့် ဤသို့သော သူများကို နှစ်သိမ့်ရန်အလို့ငှာ ရှေ့အာယသ်တော်များတွင် 'စင်စစ် 'ခိုင်ဗရ်'စစ်ပွဲသည် အလ္လာဟ်အသျှင်မြတ်၏ ကတိတော်နှင့်အညီ 'ဟုဒိုင်ဗီယဟ်'ခရီးစဉ်၌ ပါဝင်သူများအတွက်သာ ဖြစ်သည်' ဟု သတ်မှတ်ထားသည်။ သို့ရာတွင် စစ်မှန်သော မွတ်စ္စလင်မ်များဖြစ်ပြီး 'ဂျိဟားဒ်'၌ ပါဝင်လိုသော ဆန္ဒရှိသူများအတွက် အခြားသော အခွင့်အရေး (စစ်ပွဲ) များ လာရှိပေမည်။ ထိုအခွင့်အရေးကို ကုရ်အာန်ကျမ်း

တော်မြတ်သည် အထူး ကြိုတင် မိန့်ကြားချက်တစ်ရပ်အဖြစ် ဖော်ပြတော်မူခဲ့သည်။ ထိုအဖြစ်အပျက်များသည် ကိုယ်တော်မြတ် ﷺ ၏ 'ဝဖားသ်'ဖြစ် ကွယ်လွန်ပြီးနောက် ပိုင်းခေတ်များတွင် ဖြစ်ပေါ်လာမည့် ဖြစ်ရပ်များဖြစ်ပေသည်။ မိန့်ကြားတော်မူသည်မှာ-

سَتُدْعَوْنَ اِلٰى قَوْمٍ اُولِىْ بَأْسٍ شَدِيْدٍ

(အချင်းတို့၊ အသင်တို့သည် မကြာမီပင် အလွန်အမင်း တိုက်ခိုက်မှု ပြုတတ်ကြသော (တစ်နည်း) အင်အားအလွန်ကြီးမားသော အမျိုးသမီးတို့နှင့် ပြိုင်ဆိုင်တိုက်ခိုက်ရန် ဖိတ်ခေါ်ခြင်းကို ခံကြရပေမည်။) [၄၈ : ၁၆]

ဟု ဖြစ်သည်။ ဆိုလိုသည်မှာ 'အသင်တို့ထံ 'ဂျီဟားဒ်'ပြုရန် ဖိတ်ခေါ်ခြင်းခံရမည့် အချိန်တစ်ချိန် ရောက်ရှိလာပေမည်။ ဤ 'ဂျီဟားဒ်'သည် အလွန်အမင်း စစ်မက်တိုက်ခိုက်မှု ပြုတတ်ကြသော မျိုးနွယ်စုနှင့် ဖြစ်ပေမည်။'

ဤဖြစ်ရပ်သည် ကိုယ်တော်မြတ် ﷺ ၏ ခေတ်သမယ၌ ဖြစ်ပေါ်ခဲ့ခြင်းမရှိသည်မှာ အစွလာမ့်သမိုင်းက သက်သေဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ပထမအချက်အနေဖြင့် ကိုယ်တော်မြတ် ﷺ သည် ထိုဖြစ်ရပ်ပြီးနောက် အာရဗ်ကျေးတောသားများကို မည်သည့်စစ်ပွဲအတွက်မျှ ပါဝင်ရန် ဖိတ်ခေါ်ခဲ့ခြင်း မရှိခဲ့ပေ။

ဒုတိယအချက်မှာ ထိုဖြစ်ရပ်ပြီးနောက် ကုရ်အာန်ကျမ်းတော်မြတ်က ရဲစွမ်းသတ္တိနှင့် ပြည့်စုံပြီး ကြမ်းတမ်းခက်ထန်သော မျိုးနွယ်စုနှင့် ရင်ဆိုင်တိုက်ခိုက်ရလိမ့်မည်ဟု ကြိုတင်မိန့်ကြားထားသည့်အတိုင်း ရင်ဆိုင်တိုက်ခိုက်ခဲ့ရသော မျိုးနွယ်စုများမှာ ရဲစွမ်းသတ္တိနှင့် ပြည့်စုံပြီး ကြမ်းတမ်းခက်ထန်သောသူများ မဟုတ်ခဲ့ခြင်း၊ သို့သော် 'သဗူးက်'စစ်ပွဲ၌မူ စင်စစ် အဆိုပါအရည်အချင်းများရှိသော မျိုးနွယ်စုတို့နှင့် ဖြစ်ခဲ့သည်။ သို့ရာတွင် အာရဗ်ကျေးတောသားများအား ထိုစစ်ပွဲအတွက် ဖိတ်ခေါ်ခဲ့ကြောင်း အထောက်အထား မရှိပေ။ ထိုစစ်ပွဲ၌ တိုက်ခိုက်ရခြင်းလည်း မရှိခဲ့ပေ။ အကြောင်းမှာ ပြိုင်ဘက်များအပေါ်၌ အလ္လာဟ်အသျှင်မြတ်သည် ကြောက်စိတ် ထည့်ပေးလိုက်သည့်အတွက် ၄င်းတို့သည် ရင်ဆိုင်တိုက်ခိုက်ရန် စစ်မြေပြင်တလင်းသို့ပင် ရောက်မလာကြတော့ပေ။ ကိုယ်တော်မြတ် ﷺ နှင့် ဆွဟာဗာများသည် တိုက်ခိုက်ခြင်း မပြုခဲ့ရဘဲ ပြန်လာခဲ့ကြရသည်။ 'ဟုနိုင်န်'စစ်ပွဲတွင်လည်း အာရဗ်ကျေးတောသားများကို ဖိတ်ခေါ်ကြောင်း အထောက်အထားမရှိခဲ့ပေ။ ထိုစစ်ပွဲ၌ တစ်ဘက်မှ ရန်သူတို့မှာလည်း စစ်ပရိယာယ်ကျွမ်းကျင်ခြင်း ကြမ်းတမ်းခက်ထန်ခြင်း၊ လက်နက်ပြည့်စုံခြင်းများ မရှိကြပေ။ ထို့ကြောင့် သဖ်စီးရ်ပညာရှင်များအနက် အချို့ပညာရှင်များက 'ဤသည် ပါရှန်းနှင့် ရောမ (ဝါ) ကိစ္စရာနှင့် ကိုင်စွရ်တို့၏ အမျိုးသားတို့နှင့် ရင်ဆိုင်တိုက်ခိုက် စစ်ထိုးရမည်ကို ဆိုလိုခြင်းဖြစ်သည်' ဟု ဆိုကြခြင်းဖြစ်သည်။ ၄င်းတို့နှင့် ရင်ဆိုင် တိုက်ခိုက်စစ်ထိုးခြင်းသည် ဟဇရတ်အုမရ် ﷺ သခင်၏ ခေတ်၌ ဖြစ်ခဲ့သည်။

ဟဇရတ်ရာဖိအ်ဗင်နိခုဒိုင်းဂျ် ﷺ သခင်က မိန့်ဆိုသည်မှာ 'ကျွန်ုပ်တို့သည် ကုရ်အာန်ကျမ်းမြတ်၏ ဤအာယသ်တော်ကို ဖတ်ကြားခဲ့သော်လည်း ဤအာယသ်တော်၌ တင်ပြထားသော အမျိုးသားများသည် မည်သည့်အမျိုးသားများ ဖြစ်သည်ကို နားမလည်ခဲ့ကြပေ။ နောက်ဆုံး ကိုယ်တော်မြတ် ﷺ ၏ ခေတ်သမယ

နောက်ပိုင်းတွင် ဟဇရတ်အဘူဗကရ် ﷺ သခင်သည် မိမိ၏ ခလီဖာဟ်တာဝန် ထမ်းဆောင်ချိန်ကာလ၌ ကျွန်ုပ်တို့အား ယမာမဟ်နေ ဗနူဟနီဖဟ် (ဝါ) မုစိုင်လမဟ်ကဇ်ဇာဗ်၏ အမျိုးသားများနှင့် 'ဂျီဟာဒ်' ပြုရန် ဖိတ်ခေါ်ခဲ့လေသည်။ ထိုအချိန်တွင်မှ ၎င်းအာယသ်တော်က ပြဆိုခဲ့သည့် အမျိုးသားများမှာ ဤအမျိုးသားများကိုသာ ဆိုလိုခြင်းဖြစ်သည်' ဟု ကျွန်ုပ်တို့ နားလည်နိုင်ခဲ့ကြသည်။ သို့ရာတွင် ဤအဆိုနှစ်ရပ်စလုံးတွင် မည်သည့်ဆန့်ကျင်ခြားနားမှုမျှ မရှိနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ဤအမျိုးအနွယ်အားလုံးသည် ကုရ်အာန်က ပြဆိုသော အမျိုးသားများတွင် ပါဝင်နိုင်သောကြောင့် ဖြစ်သည်။

အေမာမ်ကုရ်သုဗီ (ရဟ) သည် ဤအကြောင်းကို ဆင့်ပြန်ပြီးနောက် မိန့်ဆိုသည်မှာ 'ဤအာယသ်တော်သည် ဟဇရတ်အဘူဗကရ်စွဒ်ဒီးက် ﷺ သခင်နှင့် ဟဇရတ်အုမရ်ဖာရူးက် ﷺ သခင်တို့၏ ခလာဖသ်အုပ်ချုပ်မှုသည် အမှန်တရားသာသနာနှင့်အညီ ဖြစ်ကြောင်း၏ အထောက်အထားဖြစ်သည်။ ၎င်းတို့၏ 'ဂျီဟာဒ်' အတွက် ဖိတ်ခေါ်မည့်အကြောင်းကို ကုရ်အာန်ကျမ်းတော်မြတ်က အထက်ဖော်ပြပါ အာယသ်တော်၌ မိန့်ကြားဖော်ပြခဲ့၍ ဖြစ်သည်။

تُقَاتِلُوْنَهُمْ اَوْ يُسْلِمُوْنَ

(အသင်တို့သည် ၎င်းတို့နှင့် တိုက်ခိုက်ကြရပေမည်။ သို့တည်းမဟုတ် ၎င်းတို့သည် (လက်နက်ချအညံ့ခံ၍ အစ္စလာမ်သာသနာတော်၏ အမိန့်ကို) နာခံကြရပေမည်။) [၄၈ : ၁၆]

ဟဇရတ်အုဗိုင်ယ် ﷺ သခင်၏ 'ကိရာအသ်' (ရွတ်ဖတ်ပုံ) တွင် حَتّٰى يُسْلِمُوْا ဟူ၍ 'နူးန်' အက္ခရာမပါဘဲ လာရှိသည်။ ထို့ကြောင့် ကုရ်သုဗီ (ရဟ) က ထို 'ကိရာအသ်' (ရွတ်ဖတ်ပုံ) နှင့်အညီ اَوْ ဟူသောအက္ခရာကို حَتّٰى (ထိတိုင်အောင်) ၏ အဓိပ္ပာယ်တွင် ယူလိုက်သည်။ ဆိုလိုသည်မှာ 'ထိုအမျိုးသားများနှင့် တိုက်ခိုက်ခြင်းသည် ၎င်းအမျိုးသားတို့က အစ္စလာမ်သာသနာကို လက်ခံ၍ဖြစ်စေ၊ (သို့) အစ္စလာမ်အုပ်ချုပ်ရေး၏ အမိန့်နာခံမှုတွင် နေရန် လက်ခံ၍ဖြစ်စေ၊ အမိန့်မနာခံမချင်း တိုက်ခိုက်နေရပေမည်' ဟု ဖြစ်သည်။

لَيْسَ عَلَى الْاَعْمٰى حَرَجٌ

(မျက်စိကွယ်သောသူ၏ အပေါ်၌ (စစ်တိုက်ရန် မလိုက်နိုင်သောကြောင့်) အပြစ်တစ်စုံတစ်ရာ မရှိပေ။) [၄၈ : ၁၇]

ဟဇရတ်အိဗ်နုအဗ္ဗားစ် ﷺ သခင်က မိန့်ဆိုသည်မှာ 'အထက်၌ လာရှိခဲ့သော အာယသ်တော်များတွင် 'ဂျီဟာဒ်'၌ ပါဝင်ခြင်းကို လွှဲရှောင်ခဲ့ကြသူများအတွက် 'အဇာဗ်' အပြစ်ဒဏ်ရှိကြောင်း သတိပေးနိုးဆော်မှုများ လာရှိထားသည်။

اِنْ تَتَوَلَّوْا كَمَا تَوَلَّيْتُمْ مِّنْ قَبْلُ يُعَذِّبْكُمْ عَذَابًا اَلِيْمًا

(သို့ရာတွင် အကယ်၍ အသင်တို့သည် ဖခင်နည်းတူ မျက်နှာလွှဲခဲ့ကြပါမူ ထိုအသျှင်မြတ်သည် အသင်တို့အား ပြင်းပြစွာသော ပြစ်ဒဏ်ကို ပေးတော်မူပေမည်။) [၄၈ : ၁၆]

သို့ဖြစ်ပေရာ ဆွဟာဗာတို့အနက် ချွင်းချက်ရှိသူများမှာ 'ကျွန်ုပ်တို့သည် 'ဂျိဟားဒ်'၌ ပါဝင်နိုင်သူများမဟုတ်ကြပါ။ ကျွန်ုပ်တို့သည်လည်း အဆိုပါသတိပေးနှိုးဆော်ခြင်း၌ ပါဝင်ကြပါသလား'ဟူ၍ စိုးရိမ်သောက ဖြစ်နေခဲ့ကြသည်။ ထိုသို့ သောကဖြစ်နေကြခြင်းအပေါ် ဤအာယသ်တော် ကျရောက်လာခဲ့သည်။ အာယသ်တော်တွင် မျက်မမြင်များ၊ ခြေကျိုး၊ ခြေမသန်သူများနှင့် မကျန်းမာသူများကို 'ဂျိဟားဒ်'တွင် ပါဝင်ရန်ဟူသော အမိန့်မှ ကန့်သတ် ပယ်ထုတ်ထားသည်။ *[ကုရ်သုဗီး]*

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

لَقَدْ رَضِيَ اللّٰهُ عَنِ
الْمُؤْمِنِيْنَ اِذْ يُبَايِعُوْنَكَ تَحْتَ الشَّجَرَةِ فَعَلِمَ مَا فِيْ قُلُوْبِهِمْ
فَاَنْزَلَ السَّكِيْنَةَ عَلَيْهِمْ وَاَثَابَهُمْ فَتْحًا قَرِيْبًا ﴿١٨﴾

၄၈ း ၁၈ ။ ။ (အို၊ နဗီတမန်တော်) မုအ်မင်န်သက်ဝင်ယုံကြည်သူတို့သည် သစ်ပင်အောက်တွင် အသင် (မိုဟမ္မဒ်) နှင့် 'ဗိုက်အသ်' ကတိသစ္စာ ပြုနေကြစဉ်အခါ၌၊ ကေန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အပေါ်ဝယ် ကျေနပ်တော်မူခဲ့၏။ တစ်ဖန် ထိုအသျှင်မြတ်သည် ၎င်းတို့၏ စိတ်တွင်း၌ ရှိသည်တို့ကို သိတော်မူခဲ့၏။ သို့ဖြစ်ပေရာ ထိုအသျှင်မြတ်သည် ၎င်းတို့အပေါ်ဝယ် စိတ်တည်ငြိမ်မှုကို ချပေးသနားတော်မူခဲ့၏။ ထို့ပြင် ၎င်းတို့အား ထိုအသျှင်မြတ်သည် နီးကပ်စွာသော အောင်မြင်မှုကိုလည်း (ဆုလာဘ်အဖြစ်) ချီးမြှင့်တော်မူခဲ့၏။

وَّمَغَانِمَ كَثِيْرَةً يَّاْخُذُوْنَهَا ۗ وَكَانَ اللّٰهُ عَزِيْزًا حَكِيْمًا ﴿١٩﴾

၄၈ း ၁၉ ။ ။ ထို့ပြင် မြောက်မြားစွာသော လက်ရပစ္စည်းများကိုလည်း (ချီးမြှင့်တော်မူခဲ့ပေရာ) ၎င်းတို့သည် ယင်းလက်ရပစ္စည်းများကို ယူငင်လျက်ရှိကြကုန်၏။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် လွန်စွာ နိုင်နင်းလွှမ်းမိုးတော်မူသော အသျှင်၊ ဆင်ခြင်တုံရားနှင့် ပြည့်စုံတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

وَعَدَكُمُ اللّٰهُ مَغَانِمَ
كَثِيْرَةً تَاْخُذُوْنَهَا فَعَجَّلَ لَكُمْ هٰذِهٖ وَكَفَّ اَيْدِيَ النَّاسِ
عَنْكُمْ ۚ وَلِتَكُوْنَ اٰيَةً لِّلْمُؤْمِنِيْنَ وَيَهْدِيَكُمْ صِرَاطًا مُّسْتَقِيْمًا ﴿٢٠﴾ۙ

၄၈ း ၂၀ ။ ။ အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အား အခြားမြောက်မြားစွာသော လက်ရပစ္စည်းများကိုလည်း အသင်တို့ ယူငင်ကြဦးမည်ဖြစ်သည်ဟု ကတိပေးတော်မူခဲ့၏။ သို့ဖြစ်ပေရာ ထိုအသျှင်မြတ်သည် ဤသည့် (အောင်မြင်မှု) ကို အသင်တို့

အား လတ်တလော ချီးမြှင့်တော်မူခဲ့၏။ ၄င်းပြင် ထိုအသျှင်မြတ်သည် လူတို့၏ လက်များကို အသင်တို့ (အား အန္တရာယ်ပြုနိုင်ခြင်း) မှ တားဆီးတော်မူခဲ့၏။ (ထိုသို့ ပြုတော်မူခြင်းမှာ) ယင်း (လတ်တလော ရရှိခဲ့သော) အောင်မြင်မှုသည် မုအ်မင်န် သက်ဝင်ယုံကြည်သူတို့အဖို့ နမူနာတစ်ရပ်ဖြစ်ရန်အလို့ငှာလည်းကောင်း၊ ထိုအသျှင်မြတ်သည် အသင်တို့အား ဖြောင့်မတ်မှန်ကန်သော လမ်းကို ပြတော်မူရန်အလို့ငှာလည်းကောင်း ဖြစ်ချေသည်။

وَّأُخْرٰى لَمْ تَقْدِرُوْا عَلَيْهَا قَدْ اَحَاطَ اللّٰهُ بِهَا ۚ وَكَا وَّأُخْرٰى لَمْ تَقْدِرُوْا عَلَيْهَا قَدْ اَحَاطَ اللّٰهُ بِهَا ۚ وَكَانَ اللّٰهُ

၄၈ : ၂၁ ။ ။ ထို့ပြင် အသင်တို့ စွမ်းဆောင်နိုင်ခြင်း မရှိခဲ့ကြသေးသော အခြားအောင်မြင်မှုတစ်ရပ် (ဖြစ်သည့် မက္ကာဟ်မြို့ကို အောင်နိုင်ခြင်း) လည်း ရှိပေသေး၏။ ဧကန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် ယင်းအောင်မြင်မှုကို ဝန်းရံထားလျက် ရှိတော်မူ၏။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို ပြုစွမ်းနိုင်တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(အို၊ နဗီတမန်တော်) ဧကန်မုချ အလ္လာဟ်အသျှင်မြတ်သည် (အသင်၏ ခရီးဖော် မွတ်စ္စလင်မ်များအား) သစ်ပင်အောက်၌ ('ဂျီဟားဒ်'တိုက်ခိုက်ရာ၌ ခြေများ မြဲမြံစွာ ရပ်တည်ကြပါမည်ဟု) အသင်၏ လက်ပေါ်၌ 'ဗိုင်အသ်'ပြုခဲ့ကြသော မွတ်စ္စလင်မ်များကို ကျေနပ်တော်မူခဲ့သည်။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်သည် ထိုသူတို့၏ စိတ်အတွင်းဝယ်ရှိသမျှသော (ကတိကို ပြည့်ဝအောင် ဆောင်ရွက်မည်ဟူသော ခိုင်မာသည့် စိတ်ဓါတ်ကိုလည်း) သိရှိတော်မူပေသည်။ သို့ဖြစ်ပေရာ (ထိုစဉ်က) အလ္လာဟ်အသျှင်မြတ်သည် ၄င်းတို့၏ စိတ်နှလုံးသားတွင် တည်ငြိမ်အေးချမ်းမှုကို ချပေးသနားတော်မူခဲ့သည်။ (ထိုသို့ စိတ်တည်ငြိမ်မှုကို ချပေးခဲ့ခြင်းကြောင့် ၄င်းတို့သည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ကို နာခံရာ၌ အနည်းငယ်မျှ ရှေ့တိုး၊ နောက်ဆုတ် လုပ်ခြင်းများ (သို့) ဒွိဟာသံသယများ မဖြစ်ပေါ်ခဲ့ပေ။ ဤသည်မှာ အပေါ်ယံအမြင်ဖြင့် မတွေ့မမြင်နိုင်ဘဲ စိတ်အတွင်းမှသာ ခံစား သိရှိနိုင်သော ကျေးဇူးတော်များ ဖြစ်သည်။) ထို့ပြင် (ထိုအရာနှင့် တစ်ဆက်တည်း အပေါ်ယံအမြင်ဖြင့်လည်း ခံစားသိရှိနိုင်သော ကျေးဇူးတော် အချို့ကိုလည်း ချီးမြှင့်တော်မူခဲ့သည်။ ထိုကျေးဇူးတော်များတွင် စိတ်အတွင်းမှသာ ခံစားသိရှိရသော ကျေးဇူးတော်များလည်း ပါဝင်ပေသည်။ ဤအတွက်ပင်) ၄င်းတို့အား နီးကပ်စွာသော အောင်မြင်မှုတစ်ရပ်ကိုလည်း (ဆုလာဘ်အဖြစ်) ချီးမြှင့်တော်မူခဲ့သည်။

(ဤအောင်မြင်မှုသည် 'ခိုင်ဗရ်'အား အောင်နိုင်ခြင်းကို ဆိုလိုသည်။) ထို့ပြင် (ဤအောင်နိုင်မှုတွင်) မြောက်မြားစွာသော သုံ့ပန်းပစ္စည်းများကို (ချီးမြှင့်တော်မူခဲ့ရာ) ၄င်းတို့သည် ထိုလက်ရ သုံ့ပန်းပစ္စည်းများကို ယူဆောင်လျက် ရှိကြကုန်သည်။ အလ္လာဟ်အသျှင်မြတ်သည် လွန်စွာ နိုင်နင်းလွှမ်းမိုးတော်မူသော အသျှင်၊ ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အသျှင် ဖြစ်တော်မူပေသည်။

(မိမိ၏ တန်ခိုးတော်နှင့် ဆင်ခြင်တုံတရား အမြော်အမြင်တို့ဖြင့် သင့်တော်သည့်အချိန်၊ သင့်တော်သူ အတွက် အောင်နိုင်မှု ပေးတော်မူခဲ့သည်။ ထို့ပြင် အောင်နိုင်မှု ချီးမြှင့်ရာတွင် ဤ 'ခိုင်ဗရ်'ကို အောင်နိုင်မှု ချီးမြှင့်ခြင်းမျှ သာမဟုတ်ဘဲ) အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အား (ထပ်မံ၍လည်း အခြားသော) မြောက်မြားစွာသော လက်ရသုံ့ပန်းပစ္စည်းများကို အသင်တို့ ယူငင်ကြရဦးမည်ဖြစ်သည်ဟု ကတိပေးတော် မူခဲ့သည်။ သို့ဖြစ်ပေရာ (၎င်းအောင်နိုင်မှု ကတိတော်များအနက်) အသင်တို့အား လက်တလော ချီးမြှင့် တော်မူခဲ့သည်မှာ ('ခိုင်ဗရ်'နှင့် 'ခိုင်ဗရ်'၏ မဟာမိတ်) လူတို့၏ လက်များကို အသင်တို့အား (အန္တရာယ် ပြုခြင်းမှ) တားဆီးတော်မူခဲ့သည်။ (ဆိုလိုသည်မှာ ၎င်းတို့အားလုံး၏ စိတ်များတွင် အသင်တို့၏ အရှိန်အဝါ ကို ထည့်ပေးတော်မူလိုက်သည်။ ၎င်းတို့အဖို့ ကောင်းစွာ တိုက်ခိုက်ရန် သတ္တိမရှိစေလေရန် ဖြစ်သည်။ ထို့ပြင် အသင်တို့အဖို့ လောကီရေးအကျိုးအမြတ်များ ရရှိစေရန် ရည်ရွယ်ခြင်းလည်း ဖြစ်သည်။ အကြောင်း မှာ သက်တောင့်သက်သာဖြစ်စေရန်လည်းကောင်း၊ အလျှံပယ်ဖူလုံမှု ရရှိရန်လည်းကောင်း၊ သုံ့ပန်းပစ္စည်း များ ရရှိစေခြင်းဖြစ်သည်။) ထို့ပြင် (သာသနာရေး အကျိုးအမြတ်များ ရရှိစေရန် ရည်ရွယ်ခြင်းလည်း ဖြစ်သည်။) ဤ (ဖြစ်ရပ်) သည် အီမာန်သက်ဝင် ယုံကြည်သူများအတွက် (အခြားကတိတော်များ မှန်ကန် ကြောင်းကို) နမူနာတစ်ရပ်ဖြစ်စေရန်လည်းကောင်း၊ (ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်၏ ကတိတော် များ မှန်ကန်ခြင်းအပေါ် အီမာန်သက်ဝင်ယုံကြည်မှုသည် ပို၍ ခိုင်မာလာစေရန် ဖြစ်သည်။) ထို့ပြင် (ဤနမူနာအားဖြင့်) အသင်တို့အား (နောင်သောအခါ လုပ်ရပ် တိုင်း၌) ဖြောင့်မတ်မှန်ကန်သော လမ်းတစ်ခုကို ပြသပေးရန်လည်းကောင်း ဖြစ်ပေသည်။

(ဤဖြောင့်မတ်မှန်ကန်သော လမ်းဆိုသည်မှာ အလ္လာဟ်အသျှင်မြတ်အပေါ်၌ ယုံပုံအားကိုးခြင်း ဖြစ်သည်။ ဆိုလိုသည်မှာ ဤဖြစ်ရပ်ကို အမြဲ မျက်မှောက်ပြု စဉ်းစားပြီး ကိစ္စတိုင်း၌ အလ္လာဟ်အသျှင်မြတ် အပေါ် မှီခိုအားထား၍ ပြုလုပ်ရမည်ဟု ဖြစ်သည်။ ဤနည်းဖြင့် သာသနာရေးအကျိုးအမြတ်သည် နှစ်မျိုး ဖြစ်သွားသည်။ တစ်မျိုးမှာ 'အသိပညာနှင့် ယုံကြည်ချက်အရ ဖြစ်သည်။ ၎င်းကို لِتَكُونَ ဟူသော စာလုံးဖြင့် ဖော်ပြ မိန့်ကြားထားသည်။ ဒုတိယတစ်မျိုးမှာ ကျင့်စဉ်နှင့် ကိုယ်ကျင့်တရားဆိုင်ရာဖြစ်ပြီး ၎င်းကို يَهْدِيَكُمْ ဟူသော စာလုံးများဖြင့် ဖော်ပြမိန့်ကြားထားသည်။)

ထို့ပြင် (ယခုအချိန်အထိ) အသင်တို့ စွမ်းဆောင်နိုင်ခြင်း မရှိသေးသော အခြားအောင်မြင်မှုတစ်ရပ် လည်း (ကတိတော်ပြုထားခြင်း) ရှိပေသည်။ (မက္ကဟ်မြို့အား အောင်နိုင်ခြင်းကို ဆိုလိုသည်။ ယင်း မက္ကာဟ်အား အောင်နိုင်မှုသည် ထိုအချိန်အထိတိုင် မဖြစ်ရှိခဲ့သေးပေ။ သို့ရာတွင်) အလ္လာဟ်အသျှင်မြတ်သည် ယင်းအောင်နိုင်မှုကို (မိမိ၏ တန်ခိုးတော်၌) ဝန်းရံထားလျက် ရှိတော်မူသည်။ (လိုလားတော်မူသည့်အခါ အသင်တို့အား ချီးမြှင့်တော်မူပေမည်။) ထို့ပြင် အလ္လာဟ်အသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို စွမ်းဆောင် နိုင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

لَقَدْ رَضِىَ اللّٰهُ عَنِ الْمُؤْمِنِيْنَ اِذْ يُبَايِعُوْ نَكَ تَحْتَ الشَّجَرَةِ

(အို့, နဗီတမန်တော်၊ မုအ်မင်နံသက်ဝင်ယုံကြည်သူတို့သည် သစ်ပင်အောက်တွင် အသင် (မိုဟမ္မဒ်) နှင့် 'ဗိုင်အသ်'ကတိသစ္စာပြုနေကြစဉ်အခါ၌ ကေန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့၏ အပေါ်ဝယ် ကျေနပ်တော်မူခဲ့၏။) *[၄၈ း ၁၈]*

ဤ 'ဗိုင်အသ်'သည် 'ဗိုင်အသ်ဟုဒိုင်ဗီယာဟ်'ကို ဆိုလိုသည်။ ထိုအကြောင်းကို ရှေ့၌

اِنَّ الَّذِيْنَ يُبَايِعُوْ نَكَ

တွင်လည်း တင်ပြခဲ့ပြီးဖြစ်သည်။ ယခုတင်ပြပါ အာယသ်တော်သည်လည်း ယင်း 'ဟုဒိုင်ဗီယဟ်' အကြောင်းနှင့်ပင် စပ်ဆက်နေကာ ၎င်းကို အလေးအနက်ပြု တင်ပြရန်အတွက် ဖြစ်သည်။ ဤအာယသ်တော်၌ အလ္လာဟ်အသျှင်မြတ်သည် ဤ 'ဗိုင်အသ်'၌ ပါဝင်ခဲ့ကြသူများအား ကျေနပ်နှစ်သက်တော်မူကြောင်း ကြေညာ မိန့်ကြားတော်မူခဲ့သည်။ ထို့ကြောင့် ဤ 'ဗိုင်အသ်'ကို 'ဗိုင်အသ်ရိဒ္ဒွါဝါးန်' (ကျေနပ်နှစ်သက်မှု ရစေခဲ့သော 'ဗိုင်အသ်') ဟုလည်း ခေါ်ဆိုခဲ့သည်။ ဤ 'ဗိုင်အသ်'၌ ပါဝင်ခဲ့သူများအား ချီးမွမ်းဂုဏ်ပြုခြင်းနှင့် ၎င်းတို့ သည် ဤ 'ဗိုင်အသ်'၏ ကတိသစ္စာကို ပြည့်ဝစွာ လုပ်ဆောင်စေရန် ရည်ရွယ်တင်ပြလိုခြင်း ဖြစ်သည်။

ဆွဟီဟ်ဘိုခါရီနှင့် မွတ်စ္စလင်မ်ကျမ်းတို့တွင် ဟဇရသ်ဂျာဗိရ် ﷺ သခင်၏ ဆင့်ပြန်ချက် လာရှိ သည်မှာ 'ဟုဒိုင်ဗီယဟ်'နေ့ရက်များတွင် ကျွန်ုပ်တို့၏ အရေအတွက်သည် (၁၄၀၀) ရှိခဲ့သည်။ ကျွန်ုပ်တို့ အား တမန်တော်မြတ် ﷺ က

انتم خير اهل الارض

ဟု မိန့်ကြားတော်မူခဲ့သည်။ ဆိုလိုသည်မှာ 'အသင်တို့သည် ကမ္ဘာမြေတစ်ဝှမ်းရှိ လူအားလုံးထက် ပို၍ မြင့်မြတ်သူများဖြစ်ကြသည်' ဟု ဖြစ်သည်။ ထို့ပြင် ဆွဟီးဟ်မွတ်စ္စလင်မ်ကျမ်းတွင် အုန်မွလ်ဗရှရ် ﷺ ထံမှ 'မရ်ဖူးအ်' (တမန်တော်မြတ် ﷺ ထံအထိ ရောက်ရှိသော ကွင်းဆက်ဇယားစနဒ်) အဆင့်ဖြင့် ဆင့်ပြန် ချက် လာရှိသည်မှာ-

لَايدخل النّاراحد ممّن بايع تحت الشّجرة

ဟု ဖြစ်သည်။ ဆိုလိုသည်မှာ 'ယင်းသစ်ပင်အောက်တွင် 'ဗိုင်အသ်'ပြုခဲ့ကြသူတို့တွင် မည်သူမျှ 'ဂျဟန္နမ်'သို့ လားရမည်မဟုတ်ပေ'ဟူ၍ ဖြစ်သည်။ *[မဇ္ဇဟရီကျမ်း]*

ထို့ကြောင့် ဤ 'ဗိုင်အသ်'၌ ပါဝင်ခဲ့ကြသူတို့သည် 'ဗဒရ်'စစ်ပွဲ၌ ပါဝင်ခဲ့ကြသူတို့နှင့် အလားတူ ပင် ဖြစ်ပေသည်။ 'ဗဒရ်'စစ်ပွဲ၌ ပါဝင်ခဲ့ကြသူတို့နှင့် စပ်လျဉ်း၍ ကုရ်အာန်ကျမ်းမြတ်နှင့် ဟဒီးစ်တော်များ တွင် အလ္လာဟ်အသျှင်မြတ်၏ သဘောတူနှစ်မြို့မှုနှင့် 'ဂျန္နသ်'၏ သတင်းကောင်းများရှိသကဲ့သို့ 'ဗိုင်အသ် ရိဒ္ဒွါဝါးန်' ၌ ပါဝင်သူများအတွက်လည်း ယင်းသတင်းကောင်းများ လာရှိထားပေသည်။

ဤသတင်းကောင်းများသည် ထိုပုဂ္ဂိုလ်မွန်တို့သည် အိမာန်နှင့်တကွ ဘဝနိဂုံး ချုပ်ငြိမ်းမည့်အကြောင်းနှင့် အသျှင်မြတ်နှစ်သက်တော်မူသော ကောင်းမှုကိုယ်ကျင့်တရားများအပေါ် ရှိနေမည့်အချက်အပေါ် သက်သေတည်လျက် ရှိပေသည်။ အဘယ်ကြောင့်ဆိုသော် အသျှင်မြတ် နှစ်သက်တော်မူကြောင်း ကြေညာခြင်းသည် ထိုသို့ ဖြစ်စေမည့်အကြောင်း တာဝန်ယူခြင်းသာ ဖြစ်သောကြောင့်ပင် ဖြစ်သည်။

ဆွဟာဗာများအား မကောင်းပြောဆိုခြင်း၊ ဆဲရေးမှုပြုခြင်းနှင့် ၎င်းတို့၏ ချွတ်ချော်မှားယွင်းမှုများကို စဉ်းစား လိုက်ရှာခြင်းနှင့် ငြင်းခုံမှုပြုခြင်းတို့သည် ဤအာယသ်တော်အား ဆန့်ကျင်ခြင်းပင် ဖြစ်ခြင်း

သဖ်စီးရ်မဇ္ဇဟရီကျမ်း၌ မိန့်ဆိုထားသည်မှာ အွမ္မသ်၏ အကောင်းမြတ်ဆုံးသော ဤပုဂ္ဂိုလ်များနှင့် စပ်လျဉ်း၍ အလ္လာဟ်အသျှင်မြတ်သည် 'မဂ်ဖွေရသ်' လွတ်ငြိမ်းချမ်းသာခွင့် ပြုတော်မူကြောင်းကို ကြေညာတော်မူခဲ့သည်။ အကယ်၍ ၎င်းတို့အနက် တစ်စုံတစ်ဦးသည် မေ့မှားချွတ်ချော်ခြင်း (သို့) အပြစ်တစ်စုံတစ်ရာ ကျူးလွန်လိုက်သည်ရှိပါလျှင်လည်း ဤအာယသ်တော်သည် ထိုသူ၏ ပြစ်မှုကို ခွင့်လွှတ်ချမ်းသာပြုမည်ဖြစ်ကြောင်း ကြေညာတော်မူထားသည်။ တစ်ဖန် ၎င်းတို့နှင့် ပတ်သက်သော သင့်တော်မှုမရှိသည့် ကိစ္စများကို စဉ်းစားတွေးတောခြင်းနှင့် ငြင်းခုံမှုပြုခြင်းတို့မှာ နဖူးစာဆိုးရှားခြင်းဖြစ်ပြီး ဤအာယသ်တော်အား ဆန့်ကျင်ခြင်းပင် ဖြစ်သည်။ ဤအာယသ်တော်သည် ရဝါဖိဇ် (ရှီအာ) တို့၏ ပြောဆိုချက်များကို အတိအလင်း ချေပ ပယ်ဖျက်လိုက်ခြင်းဖြစ်သည်။ ၎င်းတို့သည် အဘူဗကရ် ﷺ သခင်၊ အုမရ် ﷺ သခင်နှင့် အခြားသော ဆွဟာဗာများအား ကာဖိရ်နှင့် မုနာဖစ်က်များဟု စွပ်စွဲပြောဆိုကြသူများ ဖြစ်ကြသည်။

'ရှဂျရသိရိဒွိဝါးန်' ('ဗိုင်အသ်ရိဒွိဝါးန်ရ်' ပြုခဲ့သည့် နေရာ၌ရှိ သစ်ပင်)

ဤအာယသ်တော်၌ တင်ပြထားသော شجرة (သစ်ပင်) မှာ ထနောင်းပင် ဖြစ်သည်။ ကျော်ကြားသည်မှာ 'ကိုယ်တော်မြတ် ﷺ 'ဝဖားသ်' ဖြစ်တော်မူပြီး နောက်ပိုင်းတွင် အချို့လူတို့သည် ထိုနေရာသို့ သွားရောက်ကြပြီး ဖော်ပြပါသစ်ပင်အောက်၌ နမာဇ်များ ဝတ်ပြုလေ့ ရှိခဲ့ကြသည်။ ဟဇရသ်ဖာရူးက်အအ်ဇွမ် ﷺ သခင်က 'ရှေးသူဟောင်းတို့သကဲ့သို့ နောင်လာနောက်သား ပညာမဲ့သူများသည် ဤသစ်ပင်ကို ကိုးကွယ်လာကြလိမ့်မည်' ဟု စိုးရိမ်မိသောကြောင့် ၎င်းသစ်ပင်ကို ခုတ်ပစ်ခဲ့လေသည်။ သို့ရာတွင် ဆွဟီးဟ်ဘိုခါရီနှင့် ဆွဟီးဟ်မွတ်စ္စလင်မ်ကျမ်းတို့တွင် ဟဇရသ်သွာရိက် ဗင်န်အဗ်ဒွရ်ရဟ်မာန် (ရဟ) က မိန့်ဆိုသည်မှာ 'တစ်ခါက ကျွန်ုပ်သည် 'ဟဂ္ဂ်'ပြုရန် သွားသောအခါ လမ်းခရီး၌ ကျွန်ုပ်၏ ဖြတ်သန်းမှုသည် လူအများစုရုံး၍ နမာဇ်ဝတ်ပြုနေကြသော နေရာတစ်ခုမှ ဖြစ်လေရာ ကျွန်ုပ်က ၎င်းတို့အား 'ဤသည် မည်သည့်ဗလီဖြစ်ပါသနည်း' ဟု မေးမြန်းရာ ၎င်းတို့က 'ဤသည် တမန်တော်မြတ် ﷺ က ၎င်း၏အောက်၌ 'ဗိုင်အသ်' ယူတော်မူခဲ့သော သစ်ပင်ဖြစ်သည်' ဟု ပြောဆို ကြသည်။ ထို့နောက် ကျွန်ုပ်သည် စအီးဒ်ဗင်န်မုစိုင်ယဗ် (ရဟ) ထံသို့ ရောက်ရှိခဲ့သည်။ ထို့နောက် ထိုအကြောင်းကို ဖြစ်ကြောင်းကုန်စင် ပြောပြလေရာ ၎င်းက ထို 'ဗိုင်အသ်ရိဒွိဝါန်'၌ ပါဝင်ခဲ့သော ကျွန်ုပ်၏ ဖခင်က ကျွန်ုပ်အား ပြောပြသည်မှာ 'ကျွန်ုပ်တို့သည်

နောက်တစ်နှစ်တွင် မက္ကာဟ်သို့ ရောက်ရှိလေသောအခါ ထိုသစ်ပင်ကို ရှာဖွေခဲ့ကြသည်။ ကျွန်ုပ်တို့သည် ထိုသစ်ပင်ကို မေ့လျော့သွားခဲ့သည်။ မမှတ်မိခဲ့ကြပေ'ဟု ဖြစ်သည်။ ထို့နောက် စအီးဒ်ဗင်န် မုစိုင်ယဗ် (ရဟ) က 'ဤ 'ဗိုင်အသ်'တွင် ပါဝင်ခဲ့ကြသော တမန်တော်မြတ် ﷺ ၏ ဆွဟာဗာများကိုယ်တိုင်ပင် မသိရှိတော့သည့် နေရာကို အသင်တို့ သိရှိသွားကြသည်။ အံ့သြစရာပင် ဖြစ်ပေသည်။ အသင်တို့သည် ၎င်းတို့ထက် ပို၍ သိသူများ ဖြစ်ကြပါသလော'ဟု ပြောဆိုခဲ့သည်။ *[ရှုဟ္ဗလ်မအာနီကျမ်း]*

ဤအချက်ကို ကြည့်ခြင်းအားဖြင့် နောက်ပိုင်းတွင် လူတို့သည် မိမိတို့၏ ခန့်မှန်းချက်ဖြင့်သာ သစ်ပင်တစ်ပင်ကို သတ်မှတ်လိုက်ကြခြင်း ဖြစ်သည်။ ထို့နောက် ထိုနေရာတွင် စုရုံးခြင်း၊ နမာဇ်ဝတ်ပြုခြင်းများ ပြုကြလေတော့သည်။ ဟဇရသ်အုမရ် ﷺ သခင်အဖို့ ဤသစ်ပင်သည် 'ဗိုင်အသ်'ပြုခဲ့သည့် သစ်ပင် မဟုတ်ကြောင်းကို သိရှိခဲ့သည်။ သို့ပါသော်လည်း ရှုရစ်ကလုပ်ရပ်များ၌ နစ်မွန်းမသွားကြစေရန် ထိုသစ်ပင်ကိုပင် ခုတ်ဖြတ်ခဲ့လိုက်ခြင်း ဖြစ်သည်ဟုဆိုလျှင်လည်း မဖြစ်နိုင်စရာ အကြောင်းမရှိပေ။

'ခိုင်ဗရ်' ကို အောင်နိုင်ခြင်း

'ခိုင်ဗရ်'သည် စင်စစ် ပြည်နယ်တစ်ခု၏ အမည်ဖြစ်သည်။ ၎င်းပြည်နယ်တွင် မြောက်မြားစွာသော မြို့ရွာများ၊ ခံတပ်များနှင့် ဥယျာဉ်များ ပါဝင်သည်။ *[မဇ္ဇဟရီကျမ်း]*

وَاَثَابَهُمْ فَتْحًا قَرِيبًا

(ထို့ပြင် ၎င်းတို့အား ထိုအသျှင်မြတ်သည် နီးကပ်စွာသော အောင်မြင်မှုကိုလည်း (ဆုလာဘ် အဖြစ်) ချီးမြှင့်တော်မူခဲ့၏။) *[၄၈ : ၁၈]*

ဤအာယသ်တော်တွင် ပါရှိသည့် فتح قريب ဟူသော နီးကပ်သော အောင်မြင်မှုကို ပညာရှင် အားလုံးက တစ်ညီတစ်ညွတ်တည်း 'ခိုင်ဗရ်'ကို အောင်နိုင်ခြင်း ဖြစ်သည်'ဟု ဆိုကြသည်။ ဤသည် 'ဟုဒိုင်ဗီယဟ်' မှ ပြန်လာပြီးနောက်တွင် ဖြစ်ပေါ်ခဲ့သည်။ အချို့ဆင့်ပြန်ချက်များအရ 'ဟုဒိုင်ဗီယဟ်'မှ ပြန်လာပြီးနောက် ကိုယ်တော်မြတ် ﷺ သည် မဒီနာမြို့၌ (၁၀) ရက်သာ နေခဲ့သည်ဟုလည်းကောင်း၊ အခြားဆင့်ပြန်ချက်တစ်ရပ်အရ ရက် (၂၀) နေခဲ့ပြီးမှ 'ခိုင်ဗရ်'သို့ ကြွမြန်းတော်မူသည်ဟုလည်းကောင်း လာရှိသည်။ ထို့ပြင် အိဗ်နုအိစ်ဟားက် (ရဟ) ၏ ဆင့်ပြန်ချက်အရ ကိုယ်တော်မြတ် ﷺ သည် ဇိလ်ဟဂျ်လ တွင် မဒီနာသို့ ပြန်လည်ရောက်ရှိလာပြီး ဟီဂျ်ရီ (၇) ခုနှစ် မုဟရ်ရမ်လတွင် 'ခိုင်ဗရ်'စစ်ပွဲအတွက် ကြွမြန်းသွားတော်မူသည်။ ထို့နောက် ဟီဂျ်ရီ (၇) ခုနှစ် ဆွဖရ်လတွင် 'ခိုင်ဗရ်'ကို အောင်နိုင်ခဲ့လေသည်။ 'ဝါကိဒီ' (ရဟ) ၏ 'မဂါဇီ'ကျမ်းတွင် ဤအတိုင်းပင် ရေးသားထားသည်။ ထို့ပြင် ဟာဖိဇ်အိဗ်နုဟဂျရ် (ရဟ) ကလည်း ဤသည်ပင် ဦးစားပေးထိုက်ဖွယ် အဆိုဖြစ်သည်'ဟု မိန့်ဆိုခဲ့သည်။ *[သဖ်စီးရ်မဇ္ဇဟရီကျမ်း]*

မည်သို့ပင်ဆိုစေ ဤ 'ခိုင်ဗရ်'ကို အောင်နိုင်ခြင်းဖြစ်ရပ်သည် 'ဟုဒိုင်ဗီယဟ်' ခရီးမှ ပြန်လာပြီး ရက်အတန်ကြာပြီးမှ ဖြစ်ပေါ်ခဲ့ကြောင်း အတည်ဖြစ်ခဲ့ပေပြီ။ ထို့ပြင် စူရာဟ်ဖသဟ်သည် 'ဟုဒိုင်ဗီယဟ်'

ခရီးစဉ်အတွင်း၌ ကျရောက်ခဲ့ကြောင်းမှာလည်း ပညာရှင်အားလုံးထံတွင် တစ်ညီတစ်ညွတ်တည်း ဖြစ်ပေသည်။ သို့ရာတွင် ကွဲလွဲမှုရှိသည်မှာ 'စူရာဟ်တစ်ပုဒ်လုံးသည် ထိုစဉ်ကပင် ကျရောက်ခဲ့ခြင်းလော။ (သို့) အချို့အာယသ်တော်များသည် နောက်ပိုင်းမှ ကျရောက်ခဲ့ခြင်းလော' ဟူသည်နှင့် ပတ်သက်၍ ဖြစ်သည်။ အကယ်၍ ပထမအဆိုသည် ဦးစားပေးထိုက်ဖွယ် အဆိုဖြစ်ပါလျှင် ဤအာယသ်တော်များတွင် 'ခိုင်ဗရ်' ၏ ဖြစ်ရပ်ကို တင်ပြခြင်းသည် ကြိုတင်မိန့်ကြားခြင်း ပုံသဏ္ဍာန်ဖြင့် ဖြစ်ပေမည်။ ၄င်းကို အသေအချာ အတိအကျ ဖြစ်ပေါ်မည့် ဖြစ်ရပ်ဖြစ်၍ အတိတ်ပြဝါကျဖြင့် သုံးနှုန်းထားသည်။ အကယ်၍ ဒုတိယအဆိုသည် ဦးစားပေးထိုက်ဖွယ်အဆိုဖြစ်လျှင် ဤအာယသ်တော်များသည် 'ခိုင်ဗရ်'ကို အောင်နိုင်ခြင်းဖြစ်ရပ်၏ နောက်ပိုင်းတွင် ကျရောက်ခဲ့ခြင်း ဖြစ်ပေမည်။

وَمَغَانِمَ كَثِيْرَةً يَّأْخُذُوْنَهَا

(ထို့ပြင် မြောက်မြားစွာသော လက်ရပစ္စည်းများကိုလည်း (ချီးမြှင့်တော်မူခဲ့ပေရာ) ၄င်းတို့သည် ယင်းလက်ရပစ္စည်းများကို ယူငင်လျက် ရှိကြကုန်၏။) *[၄၈ : ၁၉]*

'ခိုင်ဗရ်'၏ သုံ့ပန်း လက်ရပစ္စည်းများကို ဆိုလိုသည်။ ၄င်းဖြင့် မွတ်စလင်မ်တို့သည် လွယ်ကူချောင်လည်မှု၊ အဆင်ပြေမှု များမြောင်စွာ ရရှိခဲ့ကြသည်။

وَعَدَكُمُ اللّٰهُ مَغَانِمَ كَثِيْرَةً تَأْخُذُوْنَهَا فَعَجَّلَ لَكُمْ هٰذِهٖ

(အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အား အခြားမြောက်မြားစွာသော လက်ရပစ္စည်းများကိုလည်း အသင်တို့ ယူငင်ကြဦးမည်ဖြစ်သည်ဟု ကတိပေးတော်မူခဲ့၏။ သို့ဖြစ်ပေရာ ထိုအသျှင်မြတ်သည် ဤသည့် (အောင်မြင်မှု) ကို အသင်တို့အား လက်တလော ချီးမြှင့်တော်မူခဲ့၏။) *[၄၈ : ၂၀]*

ဤအာယသ်တော်အားဖြင့် 'ကေယာမသ်'နေ့အထိ ရရှိမည်ဖြစ်သော အစ္စလာမ်၏ အောင်နိုင်မှုများနှင့် ၄င်းအောင်နိုင်မှုများမှ ရရှိမည့် လက်ရသုံ့ပန်းပစ္စည်းများကို ဆိုလိုကြောင်း သိရှိရသည်။ ပထမ လက်ရ သုံ့ပန်းပစ္စည်းများကို 'ဟုဒိုင်ဗိယဟ်' ၌ ပါဝင်သူများအတွက် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ဖြင့် သီးသန့်အဖြစ် သတ်မှတ်ပြဌာန်းခံရသည်။ ဤဒုတိယ လက်ရပစ္စည်းများသည်မူ အားလုံးအတွက် ဖြစ်သည်။ ဤသည်ဖြင့် သိရှိရသည်မှာ 'ဟုဒိုင်ဗိယဟ်' သုံ့ပန်းပစ္စည်းများအတွက် သီးသန့်အထူးအဖြစ် မိန့်ကြားခြင်းသည် ဤအာယသ်တော်၌ ဖော်ပြခြင်းမရှိပေ။ ထို့မှုမက သီးခြား 'ဝဟီ'အားဖြင့် တမန်တော်မြတ် ﷺ အား အသိပေးတော်မူခဲ့သည်ဖြစ်ရာ တမန်တော်မြတ် ﷺ သည် ထိုအမိန့်တော်ကို လိုက်နာကျင့်ဆောင်၍ ဆွဟာဗာတို့အား ပြသတော်မူခဲ့ခြင်း ဖြစ်သည်။

وَكَفَّ اَيْدِىَ النَّاسِ عَنْكُمْ

(၄င်းပြင် ထိုအသျှင်မြတ်သည် လူတို့၏ လက်များကို အသင်တို့ (အား အန္တရာယ်ပြုနိုင်ခြင်း) မှ တားဆီးတော်မူခဲ့၏။) *[၄၈ : ၂၀]*

ဤသည် 'ခိုင်ဗရ်'ဒေသရှိ ကာဖိရ်များကို ဆိုလိုခြင်းဖြစ်သည်။ ဤစစ်ပွဲ၌ အင်အားများစွာ သုံး၍ တိုက်ခိုက်နိုင်သည့် အခွင့်အရေးကို အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အား ပေးတော်မမူခဲ့ပေ။ အေမာမ် ဗဂဝီ (ရဟ) က မိန့်ဆိုသည်မှာ ဂဿ်ဖားန်မျိုးနွယ်စုသည် 'ခိုင်ဗရ်' ရှိ ယဟူဒီများ၏ မဟာမိတ်ဖြစ်သည်။ ထိုမျိုးနွယ်စုသည် 'ခိုင်ဗရ်'သို့ တမန်တော်မြတ် ﷺ ချီတက်လာတော်မူကြောင်း သတင်းရရှိလေသောအခါ ၎င်းတို့သည် ယဟူဒီများကို စစ်ကူရန် 'ခိုင်ဗရ်'သို့ လူအင်အား၊ လက်နက်အင်အား အပြည့်အစုံဖြင့် ထွက်လာခဲ့ကြသည်။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့၏ စိတ်များတွင် ကြောက်ရွံ့စိတ်ကို ထည့်သွင်းပေးတော်မူလိုက်သည်။ ထို့ကြောင့် ၎င်းတို့က 'အကယ်၍ ကျွန်ုပ်တို့သည် 'ခိုင်ဗရ်'ဘက်သို့ သွားလိုက်ကြပါလျှင် မွတ်စ္စလင်မ်တို့အနက် စစ်တပ်တစ်တပ်သည် ကျွန်ုပ်တို့၏ နောက်မှ ကျွန်ုပ်တို့၏ အိမ်များကို တိုက်ခိုက်ကြပေလိမ့်မည်ဟု စိတ်သောကဖြစ်၍ ၎င်းတို့အားလုံးသည် မိမိတို့အိမ်များ၌သာ အေးဆေးစွာ ပြန်၍ ထိုင်လိုက်ကြလေတော့သည်။ *[မဇ္ဖဟရီကျမ်း]*

وَيَهۡدِيَكُمۡ صِرَاطًا مُّسۡتَقِيۡمًا

(ထိုအသျှင်မြတ်သည် အသင်တို့အား ဖြောင့်မတ်မှန်ကန်သော လမ်းကို ပြတော်မူရန်အလို့ငှာလည်း ကောင်း ဖြစ်ချေသည်။) *[၄၈ : ၂၀]*

صراط مستقيم ဖြောင့်မတ်သောလမ်းကို အစစ်အမှန် လမ်းညွှန်ခံရခြင်းကိုမူ ထိုပုဂ္ဂိုလ်တို့သည် အစကနဦးမှပင် ရရှိခဲ့ပြီးဖြစ်သည်။ သို့ရာတွင် အရှေ့၌ ရေးသားတင်ပြခဲ့သည့်အတိုင်း 'ဟေဒါယသ်'၏ အဆင့်ဆင့် အဆင့်အတန်းများစွာ ရှိသည်။ ဤနေရာတွင် မူလပထမက မရရှိခဲ့သေးသော အလ္လာဟ်အသျှင်မြတ်အပေါ် ယုံပုံအားကိုးခြင်းနှင့် အီမာန်၏ အင်အားတိုးပွားများပြားလာခြင်းကို ဖြစ်စေသော 'ဟေဒါယသ်'၏ အဆင့်ကို ဆိုလိုခြင်းဖြစ်သည်။

وَاُخۡرٰى لَمۡ تَقۡدِرُوۡا عَلَيۡهَا قَدۡ اَحَاطَ اللّٰهُ بِهَا

(ထို့ပြင် အသင်တို့ စွမ်းဆောင်နိုင်ခြင်း မရှိခဲ့ကြသေးသော အခြားအောင်မြင်မှုတစ်ရပ် ဖြစ်သည့် မက္ကာဟ်မြို့ကို အောင်နိုင်ခြင်း) လည်း ရှိပေသေးသည်။ ဧကန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် ယင်းအောင်မြင်မှုကို ဝန်းရံထားလျက် ရှိတော်မူ၏။) *[၄၈ : ၂]*

ဆိုလိုသည်မှာ 'အလ္လာဟ်အသျှင်မြတ်သည် မွတ်စ္စလင်မ်တို့အား မြောက်မြားစွာသော အခြားအောင်မြင်မှုများကို ချီးမြှင့်မည်' ဟု ကတိတော်ပြုထားတော်မူခဲ့သည်။ ထိုအောင်မြင်မှုအတွက် ယခုတိုင်အောင် ၎င်းတို့တွင် စွမ်းဆောင်နိုင်စွမ်း အင်အားမရှိခဲ့ကြသေးပေ။ ထိုအောင်နိုင်မှုများအနက် ပထမဦးဆုံး အောင်နိုင်မှုမှာ မက္ကာဟ်ကို အောင်နိုင်ခြင်းပင် ဖြစ်သည်။ ထို့ကြောင့် အချို့ပညာရှင်များက ဤနေရာ၌ အောင်နိုင်မှုဆိုသည်မှာ 'မက္ကာဟ်ကို အောင်နိုင်ခြင်းဖြစ်သည်'ဟုဆိုကြသည်။ သို့ရာတွင် စာလုံးများမှာ ခြုံငုံသည့် အလိုသဘောရှိ စာလုံးများ ဖြစ်သည်။ 'ကေယာမသ်'အထိ ဖြစ်ပေါ်လာမည့် အောင်နိုင်မှုဟူသမျှသည် ဤအာယသ်တော်၏ အလိုသဘော၌ ပါဝင်ပေသည်။ *[မဇ္ဖဟရီကျမ်း]*

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

وَلَوْ قَٰتَلَكُمُ ٱلَّذِينَ كَفَرُوا۟ لَوَلَّوُا۟ ٱلْأَدْبَٰرَ ثُمَّ لَا يَجِدُونَ وَلِيًّا وَلَا نَصِيرًا ٢٢

၄၈ : ၂၂ ။ ။ စင်စစ် အကယ်၍သာ ဤ (မက္ကာဟ်မြို့သား) ကာဖိရ်သွေဖည်ငြင်းပယ်သော သူတို့သည် (ဤအချိန်တွင်) အသင်တို့နှင့် ယှဉ်ပြိုင်တိုက်ခိုက်ခဲ့ကြပါလျှင်၊ ၎င်းတို့သည် ကျောခိုင်း၍ ထွက်ပြေးခဲ့ကြမည်သာ (ဖြစ်၏။) ထို့နောက် ၎င်းတို့သည် (ကာကွယ်စောင့်ရှောက်မည့်) အဆွေခင်ပွန်းဟူ၍လည်း တစ်ဦးတစ်ယောက်ကိုမျှပင် တွေ့ရှိကြမည် မဟုတ်ပေ။ ကူညီစောင်မမည့်သူဟူ၍လည်း တစ်ဦးတစ်ယောက်ကိုမျှ တွေ့ရှိကြမည် မဟုတ်ပေ။

سُنَّةَ ٱللَّهِ ٱلَّتِى قَدْ خَلَتْ مِن قَبْلُ ۖ وَلَن تَجِدَ لِسُنَّةِ ٱللَّهِ تَبْدِيلًا ٢٣

၄၈ : ၂၃ ။ ။ (အို၊ နဗီတမန်တော်၊ ဤစည်းကမ်းသည်) ရှေးအတိတ်ကျော်ကာလက လွန်လေခဲ့ပြီးဖြစ်သော အလ္လာဟ်အသျှင်မြတ်၏ စည်းကမ်းပင်ဖြစ်၏။ ၎င်းပြင် (အို၊ နဗီတမန်တော်) အသင်သည် အလ္လာဟ်အသျှင်မြတ်၏ စည်းကမ်း၌ မည်သည့်ပြောင်းလဲမှုကိုမျှ အလျှဉ်း တွေ့ရှိရလိမ့်မည် မဟုတ်ပေ။

وَهُوَ ٱلَّذِى كَفَّ أَيْدِيَهُمْ عَنكُمْ وَأَيْدِيَكُمْ عَنْهُم بِبَطْنِ مَكَّةَ
مِنۢ بَعْدِ أَنْ أَظْفَرَكُمْ عَلَيْهِمْ ۚ وَكَانَ ٱللَّهُ بِمَا تَعْمَلُونَ بَصِيرًا ٢٤

၄၈ : ၂၄ ။ ။ ၎င်းပြင် ထိုအသျှင်မြတ်သည်ပင်လျှင် ၎င်း (ကာဖိရ်သွေဖည်ငြင်းပယ်သော) သူတို့၏ လက်များကို၊ အသင်တို့ (အား အန္တရာယ်ပြုခြင်း) မှလည်းကောင်း၊ အသင်တို့၏ လက်များကို ထိုသူတို့ (အား အန္တရာယ်ပြုခြင်း) မှလည်းကောင်း၊ မက္ကာဟ်မြို့တွင်း၌ အသင်တို့အား ထိုသူတို့အပေါ်ဝယ် အောင်မြင်စေတော်မူပြီး နောက်မှပင်၊ တားဆီးထားတော်မူခဲ့၏။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့၏ ပြုမူချက်တို့ကို ကောင်းစွာ ရှုမြင်တော်မူလျက် ရှိတော်မူခဲ့ပေသည်။

هُمُ ٱلَّذِينَ كَفَرُوا۟ وَصَدُّوكُمْ عَنِ ٱلْمَسْجِدِ ٱلْحَرَامِ وَٱلْهَدْىَ
مَعْكُوفًا أَن يَبْلُغَ مَحِلَّهُۥ ۚ وَلَوْلَا رِجَالٌ مُّؤْمِنُونَ وَنِسَآءٌ مُّؤْمِنَٰتٌ
لَّمْ تَعْلَمُوهُمْ أَن تَطَـُٔوهُمْ فَتُصِيبَكُم مِّنْهُم مَّعَرَّةٌۢ بِغَيْرِ عِلْمٍ ۖ
لِّيُدْخِلَ ٱللَّهُ فِى رَحْمَتِهِۦ مَن يَشَآءُ ۚ لَوْ تَزَيَّلُوا۟ لَعَذَّبْنَا ٱلَّذِينَ
كَفَرُوا۟ مِنْهُمْ عَذَابًا أَلِيمًا ٢٥

၄၈ : ၂၅ ။ ။ ထိုသူတို့သည်ပင် အကြင်သူများ (ဖြစ်၏။) ထိုသူတို့သည် သွေဖည်ငြင်းပယ်ခဲ့ကြကုန်၏။ ၎င်းပြင် ထိုသူတို့သည် အသင်တို့အား 'မတ်စ်ဂျိဒ်ဒွေဟရာမ်' ရှိသေအပ်သော ဗလီဝတ်ကျောင်းတော်မှလည်းကောင်း၊ ထို့ပြင် ('ဟုဒိုက်ဗီယာဟ်' ၌) တားဆီးခြင်း ခံနေခဲ့ရသော 'ကုရ်ဗာနီ' သားကောင်များကို၊ ၎င်းတို့ (၏ 'ကုရ်ဗာနီ' ပြုရန်) နေရာသို့ မရောက်

ကြစေရန် တားဆီးဟန့်တားခဲ့ကြကုန်၏။ စင်စစ် အကယ်၍သာ [ထိုအချိန်တွင် မက္ကာဟ်မြို့၌ ဖိနှိပ်ချုပ်ချယ်ခြင်း ခံနေရသည့်] အသင်တို့ မသိခဲ့ကြသော (မြောက်မြားစွာသော) မုအ်မင်န်သက်ဝင် ယုံကြည်သူ ယောကျ်ား၊ မိန်းမတို့အား [ချေမှုန်း] တက်နင်းမိခဲ့ကြသဖြင့် ၎င်းတို့ကြောင့် အသင်တို့၌ မိမိတို့မသိဘဲလျက် [အချင်းချင်း ချေမှုန်းမိ၍ ဝမ်းနည်းကြေကွဲကာ] အပြစ်သက်ရောက်မည်ကို မစိုးရိမ်ရပါလျှင် [စစ်တိုက်ခိုက်ရန် အမိန့်တော်ထုတ်ပြန်တော်မူပြီး အလုံးစုံသော ကိစ္စတို့မှာ စီရင်ဆုံးဖြတ်ပြီး ဖြစ်ခဲ့မည်သာ ဖြစ်၏။ သို့ရာတွင် စစ်တိုက်ခြင်းမှ ရှောင်ဆိုင်း၍ ယင်းကဲ့သို့ မဖြစ်ခဲ့သည်မှာ] အလ္လာဟ်အသျှင်မြတ်သည် မိမိအလိုရှိတော်မူသော သူအား မိမိ၏ ကရုဏာတော် (အစ္စလာမ်) အတွင်းသို့ ဝင်ရောက်စေတော်မူရန်ပင် ဖြစ်ခဲ့ပေသည်။ အကယ်၍သာ ၎င်း (အဆိုပါ မွတ်စ္စလင်မ်ယောကျ်ား၊ မိန်းမတို့မှာ မက္ကာဟ်မြို့သား ကာဖိရ်) တို့နှင့် ခွဲခြားသိသာ (ထွက်) နိုင်ခဲ့ကြပါလျှင်၊ ငါအသျှင်မြတ်သည် ၎င်း (မက္ကာဟ်မြို့သား) တို့အနက် ကာဖိရ် သွေဖည်ငြင်းပယ်ခဲ့ကြကုန်သော သူတို့အား (ထိုအချိန်၌ပင် မုအ်မင်န်တို့၏ လက်ချက်ဖြင့်) ပြင်းပြစွာသော ပြစ်ဒဏ်ကို အမှန်ပင် ပေးတော်မူခဲ့မည်သာဖြစ်၏။

إِذْ جَعَلَ الَّذِينَ كَفَرُوا فِي
قُلُوبِهِمُ الْحَمِيَّةَ حَمِيَّةَ الْجَاهِلِيَّةِ فَأَنزَلَ اللَّهُ سَكِينَتَهُ
عَلَىٰ رَسُولِهِ وَعَلَى الْمُؤْمِنِينَ وَأَلْزَمَهُمْ كَلِمَةَ التَّقْوَىٰ وَ
كَانُوا أَحَقَّ بِهَا وَأَهْلَهَا ۚ وَكَانَ اللَّهُ بِكُلِّ شَيْءٍ عَلِيمًا ﴿٢٦﴾

၄၈ : ၂၆ ။ ။ (ပြန်လည်သတိရကြလေကုန်။) အကြင်အခါဝယ် ကာဖိရ်သွေဖည်ငြင်းပယ်သော သူတို့သည် မိမိတို့၏ စိတ်နှလုံးများတွင် (တမန်တော်မြတ် မပွင့်မီ) အတိတ်ခေတ်၏ အစွဲအလမ်းကြီးမှုကို ထားရှိခဲ့ကြကုန်၏။ ထိုအခါ အလ္လာဟ်အသျှင်မြတ်သည် မိမိရဆူလ်တမန်တော်နှင့် မုအ်မင်န်သက်ဝင် ယုံကြည်သူတို့အပေါ်၌ မိမိ၏ ထံတော်မှ စိတ်တည်ငြိမ်မှု (သည်းခံမှု) ကို ချပေးသနားတော်မူခဲ့၏။ ၎င်းပြင် ထိုအသျှင်မြတ်သည် ၎င်းတို့အပေါ်၌ 'သက္ကဝါ' တည်းဟူသော ရှောင်ကြဉ်ရန် စကားကို အတည်ပြုတော်မူခဲ့၏။ (တစ်နည်း ၎င်းတို့အား 'သက္ကဝါ' တရားတော်အပေါ်၌ ရပ်တည်စေတော်မူခဲ့၏။) စင်စစ် ထိုသူတို့သည် ယင်းစကားနှင့် ထိုက်တန်သူများသည်လည်းကောင်း၊ 'သက္ကဝါ' တရားတော်နှင့် ကိုက်ညီသူများသည်လည်းကောင်း ဖြစ်ခဲ့ကြကုန်၏။ အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို ကောင်းစွာ သိတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့ပြင် (ယင်းကာဖိရ်များအတွက် ရှုံးနိမ့်စေရန် အကြောင်းခံများ ရှိနေလေရာ ၎င်းတို့ကို ရှေ့၌ တင်ပြပေမည်။) အကယ်၍ (အသင်တို့တွင် ဉာဏ်ငြိမ်းချမ်းရေးစာချုပ် မဖြစ်မြောက်ခဲ့ပါက) ကာဖိရ်တို့သည် အသင်တို့နှင့် ယှဉ်ပြိုက်တိုက်ခိုက်ခဲ့ကြပါလျှင်(၎င်းရှုံးနိမ့်စေမည့် အကြောင်းခံများကြောင့် ၎င်းတို့

သည်) မုချပင် ကျောခိုင်း၍ ထွက်ပြေးကြမည်သာ ဖြစ်၏။ ထို့နောက် ၎င်းတို့သည် (ကာကွယ်စောင့်ရှောက်မည့်) မည်သည့်အဆွေခင်ပွန်း တစ်ဦးတစ်ယောက်ကိုလည်းကောင်း၊ မည်သည့်ကူညီစောင်မသူ တစ်ဦးတစ်ယောက်ကိုလည်းကောင်း တွေ့ရှိကြမည်မဟုတ်ပေ။

(ထို့ပြင်) အလ္လာဟ်အသျှင်မြတ်သည် (ကာဖိရ်တို့အတွက်) ရှေးအထက်ကျော်ကာလက ထားရှိခဲ့သည့် ဓလေ့တော်ကိုပင် ထားရှိတော်မူခဲ့သည်။ (အဘယ်ကြောင့်ဆိုသော် ယှဉ်ပြိုင်တိုက်ခိုက်ရာတွင် အမှန်တရားပေါ်၌ ရှိသူများသာ အောင်နိုင်မှုရရှိပြီး သွေဖည်လမ်းမှားသူများ ရှုံးနိမ့်ကြပေမည်။ တစ်ခါတစ်ရံ တစ်ချိန်၊ တစ်နေရာရာတွင် အမြော်အမြင်နှင့် ကောင်းကျိုး ရှေ့ရှုမှုတို့ကြောင့် နှောင့်နှေးကြန့်ကြာခြင်းတို့သည် ဤဥပဒေနှင့် မဆန့်ကျင်ပေ။) ထို့ပြင် အသင်သည် အလ္လာဟ်အသျှင်မြတ်၏ ဓလေ့တော်များတွင် (တစ်စုံတစ်ဦးဘက်မှ) မည်သည့်ပြောင်းလဲခြင်းကိုမျှ အလျဉ်း တွေ့ရှိရလိမ့်မည် မဟုတ်ပေ။ (အလ္လာဟ်အသျှင်မြတ်က တစ်စုံတစ်ရာကိစ္စကို ပြုလုပ်ရန် ရည်ရွယ်တော်မူသည့်အခါ တစ်စုံတစ်ဦးက ထိုအလုပ်ကို မဖြစ်မြောက်စေရန် ဟန့်တားမှုပြုခြင်းကို ဆိုလိုသည်။)

ထို့ပြင် ထိုအသျှင်မြတ်သည်ပင် ထိုကာဖိရ် (သွေဖည်ငြင်းပယ်သူ) တို့၏ လက်များကို အသင်တို့အား (အန္တရာယ်ပြု သတ်ဖြတ်ခြင်းမှ) လည်းကောင်း၊ ထို့ပြင် အသင်တို့၏ လက်များကို ထိုကာဖိရ်တို့အား (သတ်ဖြတ်ခြင်းမှ) လည်းကောင်း မက္ကာဟ်မြို့ (အနီး) တွင် ('ဟုဒိုင်ဗီယဟ်'အရပ်ကို ဆိုလိုသည်။) ထိုသူတို့အပေါ်၌ အသင်တို့ကို အောင်နိုင်မှု ပေးပြီးနောက်မှာပင် တားဆီးတော်မူခဲ့သော အသျှင်မြတ် ဖြစ်တော်မူသည်။ (ဤသည်မှ အပိုင်း (၆) 'ဟုဒိုင်ဗီယဟ်'ဖြစ်ရပ်တွင် အရှေ့၌ ဖော်ပြခဲ့သည့် ဖြစ်ရပ်ကို ညွှန်းဆိုခြင်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် 'ကုရိုက်ရှ်တို့၏ လူ (၅၀) ဦးကို ဆွဟာဗာများက ဖမ်းဆီးခဲ့ကြသည်။ ထို့ပြင် အချို့လူများသည်လည်း ဖမ်းဆီးခံရပြီး မွတ်စ္စလင်မ်တို့၏ လက်တွင်းသို့ ကျရောက်ခဲ့သည်။ ထိုစဉ်က အကယ်၍ မွတ်စ္စလင်မ်တို့သည် ၎င်းတို့အား သတ်ဖြတ်လိုက်ကြပါလျှင် အခြားတစ်ဘက်ဖြစ်သော မက္ကာဟ်တွင် ဟဇရသ်အွတ်စ်မာန်း ﷺ သခင်နှင့် အခြားမွတ်စ္စလင်မ်အချို့ကို ဝိုင်းဝန်းပိတ်ဆိုထားသည်ဖြစ်ရာ ကာဖိရ်တို့သည် ၎င်းတို့အား 'ရှဟီးဒ်'ပြုလိုက်ကြပေမည်။ ထိုသို့ ပြုမူသည့် ရလဒ်မှာ သေချာပေါက် စစ်ပွဲကို ဖန်တီးဖြစ်ပေါ်စေလိုက်ခြင်း ဖြစ်သွားပေသည်။ ထို့ပြင် စင်စစ်ဖော်ပြပါအာယသ်တော်များအနက် ပထမအာယသ်တော်တွင် အလ္လာဟ်အသျှင်မြတ်က 'အကယ်၍ စစ်ပွဲဖြစ်ခဲ့ပါလျှင်လည်း အောင်နိုင်မှုကို မွတ်စ္စလင်မ်များသာ ရရှိကြမည် ဖြစ်သည်' ဆိုသည့် အကြောင်းကိုလည်း အတိအလင်း မိန့်ကြားတော်မူခဲ့ပြီးဖြစ်သည်။ သို့ပါသော်လည်း အလ္လာဟ်အသျှင်မြတ်၏ အသိဉာဏ်တော်တွင် မွတ်စ္စလင်မ်တို့အတွက် ကြီးမားသော ကောင်းရာကောင်းကျိုးသည် ယခု စစ်မတိုက်ရခြင်းတွင် ရှိသည်။ ထို့ကြောင့် ဤဘက်တွင် မွတ်စ္စလင်မ်တို့၏ စိတ်များအတွင်း၌ မိမိတို့လက်ဝယ်ရှိအကျဉ်းသားများကို မသတ်ဖြတ်သင့်ဟူသော အသိကို ထည့်ပေးတော်မူလိုက်သည်။ ကာဖိရ်တို့အား သတ်ဖြတ်မည့် မွတ်စ္စလင်မ်တို့၏ လက်များကို ဤနည်းဖြင့် တားဆီးတော်မူခဲ့သကဲ့သို့ပင် အခြားတစ်ဖက်၌ ကုရိုက်ရှ်တို့၏ စိတ်များ၌ ကြောက်ရွံ့စိတ်ကို ထည့်ပေးတော်မူခဲ့လေသည်။ ၎င်းတို့သည် စစ်ပြေငြိမ်းရေးဘက်သို့

တိမ်းညွတ်ခဲ့ကြပြီး စုဟိုင်းလ်ကို ကိုယ်တော်မြတ် ﷺ ထံတော်သို့ စေလွှတ်ခဲ့ကြသည်။ ဤနည်းဖြင့် အလ္လာဟ် အသျှင်မြတ်၏ အမြော်အမြင်သည် နှစ်ဘက်စလုံးအား စစ်မက်မဖြစ်ပွားစေရန် စီမံတော်မူလိုက်ခြင်း ဖြစ်သည်။) ထို့ပြင် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့၏ ပြုမူချက်တို့ကို (ထိုအချိန်က) ကောင်းစွာ ရှုမြင်တော်မူလျက် ရှိတော်မူခဲ့ပေသည်။

(ထိုပြုမူဆောင်ရွက်ချက်တို့၏ အကျိုးဆက်ကို သိတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ ထို့ကြောင့် စစ်မက် စတင်ဖြစ်ပွားမည့်အရေးကို ဖြစ်စေတော်မမူခဲ့ခြင်း ဖြစ်သည်။ ရှေ့၌ အကယ်၍ စစ်မက် ဖြစ်ပွားခဲ့ပါက ကာဖိရ်တို့၏ ရှုံးနိမ့်မှုသည် မည်သည့်ပုံစံနှင့် မည်သည့်အတွက်ကြောင့် ဖြစ်မည်ကို ဖော်ပြထားသည်။)

ဤသူများသည် ကာဖိရ်သွေးဖည်ငြင်းပယ်သူများပင် ဖြစ်ကြသည်။ ထို့ပြင် ၎င်းတို့သည် အသင်တို့အား ('အွမ်ရဟ်'ပြုရန်) 'မတ်စ်ဂျိဒ်ဒေ့ဟရာမ်' မှ တားဆီးဟန့်တားခဲ့ကြသည်။ (အလိုသဘော၌ 'မတ်စ်ဂျိဒ်ဒေ့ဟရာမ်'သည် လည်းကောင်း၊ 'စအီ' ပြုလုပ်သည့်နေရာဖြစ်သော 'ဆွဖာ'နှင့် 'မရ်ဝဟ်' ကြားရှိ ကွင်းပြင်သည်လည်းကောင်း နှစ်နေရာစလုံး ပါဝင်လေသည်။ သို့သော်လည်း 'သွဝါးဖ်'ပြုခြင်းသည် အဓိက ကျ၍ ဦးစွာပထမပြုရသည်ဖြစ်ပြီး ယင်း 'သွဝါးဖ်'သည် 'မတ်စ်ဂျိဒ်ဒေ့ဟရာမ်' အတွင်း လုပ်ရသည် ဖြစ်ရာ ၎င်း 'မတ်စ်ဂျိဒ်ဒေ့ဟရာမ်'မှ တားဆီးပိတ်ပင်ခြင်းကိုသာ တင်ပြခဲ့ခြင်းဖြစ်သည်။) ထို့ပြင် ('ဟုဒိုင် ဗီယဟ်'၌) တားဆီးခြင်းခံနေခဲ့ရသော 'ကုရ်ဗာနီ' သားကောင်များကိုလည်း ၎င်းတို့ ရောက်ရှိရမည့် ('ကုရ်ဗာနီ'ပြုရာ) နေရာသို့ ရောက်ရှိစေခြင်းမှ တားဆီးဟန့်တားခဲ့ကြသည်။ (သားကောင်များ 'ကုရ်ဗာနီ' ပြုရသည့် နေရာသည် 'မိနာ'တွင် ဖြစ်သည်။ ၎င်းတို့သည် သားကောင်များကို 'မိနာ'သို့ သွားခွင့်မပြုခဲ့ကြပေ။ ၎င်းတို့၏ ဤအပြစ်ကျူးလွန်မှုများနှင့် 'ဟရာမ်'ပရဝုဏ်၌ ထိုင်လျက် ဤသို့သော မတရားမှုများ ကျူးလွန်နေခြင်းအတွက် ဖြစ်သင့်သည်မှာ မွတ်စ္စလင်မ်တို့အား စစ်ထိုးတိုက်ခိုက်ရန် အမိန့်ပေးပြီး ထိုကာဖိရ်များကို ရှုံးနိမ့်စေကာ ဝပ်ပြားသွားစေရန် ပြုသင့်သည်။ သို့ရာတွင် အချို့သော အမြော်အမြင်များသည် ဤသင့်သည့် အမှုကိစ္စကို ဆောင်ရွက် ဖြည့်ဆည်းခြင်းမှ တားဆီးလိုက်သည်။ ထိုအမြော်အမြင်များအနက် တစ်ခုမှာ ထိုစဉ်က မက္ကာဟ်မြို့တွင် မြောက်မြားစွာသော မွတ်စ္စလင်မ်များသည် ကာဖိရ်တို့၏ လက်ဝယ်၌ ဖိနှိပ်ချုပ်ခြယ်ခြင်း ခံထားရပြီး ညှဉ်းဆဲခံနေရသည်။ 'ဟုဒိုင်ဗီယဟ်'ဖြစ်ရပ်၊ အပိုင်း (၁၀) တွင် ထိုအကြောင်း တင်ပြခဲ့ပြီးဖြစ်သည်။ ၎င်းတို့အနက် အဘူဂျန်ဒလ် ؓ သခင်သည် ကိုယ်တော်မြတ် ﷺ ၏ အပါးတော်၌ ရောက်ရှိခစားလျက် လျှောက်ထားအသနားခံပုံအကြောင်း တင်ပြခဲ့ပြီးဖြစ်သည်။ အကယ်၍သာ ထိုစဉ်က စစ်ပွဲကို ဖန်တီးဖြစ်ပေါ်စေလိုက်ပါက မလွဲမသွေ မရည်ရွယ်၊ သတိမမူမိဘဲ ထိုမွတ်စ္စလင်မ်များကိုလည်း ဒုက္ခသက်ရောက်စေမည်သာ ဖြစ်သည်။ မက္ကာဟ်မြို့သား ကုရိုက်ရှ်တို့၏ လက်ဖြင့်ပင် ထိုမွတ်စ္စလင်မ်များ အသတ်ခံရခြင်း ဖြစ်သွားနိုင်သည်။ သို့ဆိုလျှင် အများမွတ်စ္စလင်မ်ထုအတွက်လည်း ထိုသို့ ဖြစ်ခြင်းအပေါ် ယူကျုံးမရ၊ ဝမ်းနည်းပက်လက် ဖြစ်ရပေမည်။ ထို့ကြောင့် အလ္လာဟ်အသျှင်မြတ်သည် စစ်မဖြစ်စေမည့် အခြေအနေများကို ဖန်တီးတော်မူခဲ့ခြင်းဖြစ်သည်။ ဤအကြောင်းအရာကိုပင်

ရှေ့၌ မိန့်ကြားတော်မူထားသည်မှာ) အကယ်၍သာ (မက္ကာဟ်တွင် ထိုစဉ်က ဖိနှိပ်ချုပ်ချယ်ခြင်း ခံနေရသည့်) အသင်တို့ မသိခဲ့ကြသော များစွာသည့် မွတ်စ္စလင်မ်အမျိုးသားများနှင့် မြောက်မြားစွာသော မွတ်စ္စလင်မ် အမျိုးသမီးများ မရှိခဲ့ကြပါလျှင်လည်းကောင်း၊ (သို့) ၎င်းတို့သည် တက်နင်းခံရမည်ကို မစိုးရိမ်ခဲ့ကြပါလျှင်လည်းကောင်း ထိုသို့ ဖြစ်သွားခြင်းအပေါ် ၎င်းတို့ကြောင့် အသင်တို့အဖို့လည်း မသိလိုက်ရဘဲလျက် (ပူဆွေးသောက) ဒုက္ခ၊ နာကျင်မှု သက်ရောက်ပေမည်။

(အကယ်၍သာ ဤသို့ စိုးရိမ်စရာ မရှိခဲ့ပါလျှင်) အလုံးစုံသော ကိစ္စများသည် စီရင်ဆုံးဖြတ်ပြီး ဖြစ်ပေမည်။ သို့ရာတွင် ဤသို့ မဖြစ်စေခဲ့သည်မှာ အလ္လာဟ်အသျှင်မြတ်သည် အလိုတော်ရှိသူအား မိမိ၏ ကရုဏာတော်အတွင်းသို့ ဝင်ရောက်စေတော်မူရန် ဖြစ်သည်။ (သို့ဖြစ်ပေရာ စစ်မဖြစ်သည့်အတွက် ထို မွတ်စ္စလင်မ်တို့၏ အသက်ဇီဝိန်သည် အသက်ဘေးမှ လွတ်မြောက်ခဲ့ရသည်။ ထို့ပြင် အသင်တို့သည် ၎င်းတို့ အား သတ်ဖြတ်သည့် အပြစ် 'ဂိုနာဟ်'နှင့် ထိုသို့ သတ်ဖြတ်မိခဲ့ခြင်းအပေါ် ပူဆွေးသောကရောက်ရခြင်းမှ လည်း လွတ်မြောက်ခဲ့ရသည်။ သို့ရာတွင်) အကယ်၍ ဤသူများ (ဖော်ပြပါ မွတ်စ္စလင်မ်တို့သည် မက္ကာဟ် မှ တစ်နေရာသို့) ပြောင်းရွှေ့သွားခဲ့ကြပါလျှင် ထို (မက္ကာဟ်၌ ရှိ) သူတို့အနက် ကာဖိရ်များအား ငါအသျှင် မြတ်သည် (မွတ်စ္စလင်မ်တို့၏ လက်ဖြင့်) ပြင်းပြနာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်ကို မုချ ပေးတော်မူမည် ဖြစ်သည်။

(ထိုကာဖိရ်များ ရှုံးနိမ့်ရမည်ဖြစ်ခြင်းနှင့် အသတ်ခံရမည်ဖြစ်ခြင်း၏ အခြားအကြောင်း တစ်ရပ် လည်း ရှိသေးသည်မှာ) ထိုကာဖိရ် သွေဖည် ငြင်းပယ်သူတို့သည် မိမိတို့၏ စိတ်နှလုံးများတွင် အစွဲအလမ်း ကို နေရာပေးခဲ့ကြသည်။ ယင်းအစွဲအလမ်းသည် အမှောင်ခေတ် အစွဲအလမ်းပင် ဖြစ်ပေသည်။ (ထိုအစွဲ အလမ်းဆိုသည်မှာ 'ဗိစ်မိလ္လာဟိရ်ရဟ်မာနိရ်ရဟီးမ်'ရေးခြင်းနှင့် 'ရစူလွလ္လာဟ်'ဟူသော စာလုံးများ ရေးခြင်း တို့အား ဆန့်ကျင်ခြင်းကို ဆိုလိုသည်။ ထိုသို့ ရေးခြင်းကို ၎င်းတို့က တားမြစ်ခဲ့ကြသည်။ ဤအကြောင်း ကို 'ဟုဒိုင်ဗီယဟ်' ငြိမ်းချမ်းရေး စာချုပ်ချုပ်ဆိုခြင်း အခန်းတွင် ဖော်ပြခဲ့ပြီး ဖြစ်သည်။) သို့ဖြစ်ပေရာ (ထိုသို့ ပြုခြင်းအပေါ် မွတ်စ္စလင်မ်တို့သည် စစ်တိုက်ရန် ဆန္ဒပြင်းပြလျက် ရှိနေကြသည်။ သို့ရာတွင်) အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ရစူလ်တမန်တော်အပေါ်၌လည်းကောင်း၊ မုအ်မင်န်သက်ဝင် ယုံကြည်သူ များအပေါ်၌လည်းကောင်း မိမိထံတော်မှ စိတ်တည်ငြိမ်မှုကို ချပေးသနားတော်မူခဲ့သည်။ (ထိုသို့ ချပေး တော်မူခြင်းကြောင့် ၎င်းတို့သည် ဤစာပိုဒ်များ ရေးကို ရေးသားမည်ဟု အတင်းအကြပ်ပြုခြင်းကို စွန့်လွှတ် လိုက်ကြလေသည်။ ဤသို့ဖြင့် ငြိမ်းချမ်းရေး စာချုပ်အောင်မြင်စွာ ပြီးဆုံးသွားခဲ့လေသည်။) ထို့ပြင် (ထိုစဉ် က) အလ္လာဟ်အသျှင်မြတ်သည် မွတ်စ္စလင်မ်တို့အား 'သက္ကဝါ'ရှောင်ကြဉ်မှု၏ စကားရပ်အပေါ်၌ ရပ် တည်စေတော်မူခဲ့သည်။ ('သက္ကဝါ'ရှောင်ကြဉ်မှု၏ စကားရပ်ဆိုသည်မှာ 'ကလိမဟ်သှိုင်ယိဗဟ်' (သို့) 'သောင်ဟီးဒ်' နှင့် 'ရိစာလသ်' ကို မွှက်ဟာဝန်ခံခြင်း ဖြစ်သည်။ ထိုအပေါ်၌ ရပ်တည်စေတော်မူခဲ့သည် ဆိုခြင်းမှာ 'သောင်ဟီးဒ်' (တစ်ပါးတည်း တည်ရှိတော်မူခြင်း) နှင့် 'ရိစာလသ်' (ရစူလ်တမန်တော်မြတ် ﷺ ၏ ရစူလ်ဖြစ်ခြင်း) အား ယုံကြည်ခြင်း၏ တောင်းဆိုချက်မှာ အလ္လာဟ်အသျှင်မြတ်နှင့် ရစူလ်တမန်တော်

မြတ် ﷺ ၏ အမိန့်နာခံခြင်း ဖြစ်သည်။ မွတ်စ္စလင်မ်တို့၏ ယင်းကိစ္စရပ်အပေါ် သည်းခံမှုနှင့် မျိုသိပ်မှုတို့သည် မိမိတို့၏ စိတ်ဆန္ဒများနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ သို့တစေ တမန်တော်မြတ် ﷺ က သည်းခံမျိုသိပ်ကြရန် အမိန့်ပေးသောကြောင့်သာ သည်းခံမျိုသိပ်ခဲ့ကြခြင်းဖြစ်သည်။ ဤသို့ ခက်ခဲလှသော အခြေအနေမျိုးတွင် မိမိတို့၏ စိတ်ဆန္ဒများကို ဆန့်ကျင်၍ တမန်တော်မြတ် ﷺ ၏ အမိန့်နာခံခဲ့ခြင်းသည်သာလျှင် 'ကလိမဟ်သတ္တဝါ'ရှောင်ကြဉ်ခြင်း၏ စကားရပ်အပေါ်၌ ရပ်တည်နေခြင်းဟူ၏။) ထို့ပြင် ထိုသူ (မွတ်စ္စလင်မ်) တို့သည် ယင်းစကား (ရှောင်ကြဉ်မှုစကားရပ်) နှင့် (လောက၌လည်း) ပို၍ ထိုက်သက်သူဖြစ်သည်။ (အဘယ်ကြောင့်ဆိုသော် ၎င်းတို့၏ စိတ်နှလုံးများတွင် အမှန်တရားကို လိုလားမှုရှိကြသောကြောင့် ဖြစ်သည်။ ဤအမှန်တရားကို လိုလားမှုသည်ပင် အီမာန်ယုံကြည်သက်ဝင်ခြင်း အဆင့်သို့ ပို့ဆောင်ပေးသည်။) ထို့ပြင် (လောကုတ္တရာတွင်လည်း) ထို 'သတ္တဝါ'တရား (၏ အကျိုးကုသိုလ်များ) နှင့် ထိုက်တန်သူများ ဖြစ်သည်။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို ကောင်းစွာ သိတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

بِبَطْنِ مَكَّةَ ဤစာလုံး၏ မူရင်းအဓိပ္ပာယ်မှာ 'မက္ကာဟ်မြို့အတွင်း၌'ဟူ၍ပင် ဖြစ်သည်။ သို့ရာတွင် ဤနေရာ၌ 'ဟုဒိုင်ဗီယဟ်'အရပ်ကို ရည်ရွယ်သည်။ ထိုနေရာသည် မက္ကာဟ်မြို့နှင့် အလွန် နီးကပ်ဆက်စပ်နေခြင်းကြောင့် بِطْنِ مَكَّةَ (မက္ကာဟ်မြို့အတွင်း၌) ဟူသော စာလုံးဖြင့် သုံးနှုန်းထားခြင်းဖြစ်သည်။ ဤသည်ဖြင့် 'ဟုဒိုင်ဗီယဟ်'၏ အစိတ်အပိုင်းအချို့သည် 'ဟရာမ်'နယ်မြေတွင် ပါဝင်သည်' ဟူသော ဟနဖီယဟ်တို့၏ အဆိုအတွက် အထောက်အထားတစ်ရပ်အဖြစ် ထောက်ခံမှု ရရှိနေပေသည်။

وَالْهَدْىَ مَعْكُوْفًا اَنْ يَّبْلُغَ مَحِلَّهٗ

(ထို့ပြင် ('ဟုဒိုင်ဗီယဟ်'၌) တားဆီးခြင်းခံနေခဲ့ရသော 'ကုရ်ဘာနီ' သားကောင်များကို ၎င်းတို့(၏ 'ကုရ်ဘာနီ'ပြုရန်) နေရာသို့ မရောက်ကြစေရန် တားဆီးဟန့်တားခဲ့ကြကုန်၏။) [၄၈ : ၂၅]

ဤအာယသ်တော်များဖြင့်

محصرعن الحجّ والعمرة

('အီဟ်ရာမ်'ဝတ်ရုံ ဝတ်ပြီးမှ အကြောင်းတစ်စုံတစ်ရာကြောင့် မက္ကာဟ်သို့ ဝင်ရောက်ရန် တားဆီးခံရသူ) အပေါ် ပညာရှင်များ တစ်ညီတစ်ညွတ်တည်း ဆိုကြသော ထိုသူသည် 'ကုရ်ဗာနီ'ပြု၍ 'အီဟ်ရာမ်'ကို ချွတ်ကာ 'ဟလာလ်' ပြုလုပ်လိုက်ရန် တာဝန်ရှိသည်ကို သိရှိရသည်။ သို့သော် ကွဲလွဲမှုရှိသည်မှာ ဤ 'ကုရ်ဗာနီ'ကို တားဆီးခံရသည့်နေရာ၌ပင် ပြုနိုင်ပါသလား။ (သို့) အခြားသော 'ကုရ်ဗာနီ'များကဲ့သို့

ဤ 'ကုရ်ဗာနီ'အတွက်လည်း 'ဟရာမ်' နယ်မြေအတွင်း၌ ဖြစ်ရန် စည်းကမ်းချက် ရှိပါသလား' ဟူသော အချက်အပေါ်၌ ဖြစ်သည်။

ဟနဖီအေမာမ် ပညာရှင်များထံတွင် ၎င်း 'ကုရ်ဗာနီ'အတွက်လည်း 'ဟရာမ်'နယ်မြေအတွင်း၌ ဖြစ်ရန် စည်းကမ်းချက်ရှိသည်ဟူ၏။ ၎င်းတို့၏ အထောက်အထားမှာ ဤအာယသ်တော်ဖြင့်ပင် ဖြစ်သည်။ ဤနေရာ၌ ကာဖိရ်များက မွတ်စ္စလင်မ်တို့ကို တားဆီးပိတ်ပင်ခဲ့သော ယင်း 'ကုရ်ဘာနီ'အတွက် ကုရ်အာန်က သီးသန့်နေရာတစ်ခု သတ်မှတ်ပေးထားကြောင်း တင်ပြထားသည်။ ထို့ကြောင့် ယင်း 'ကုရ်ဗာနီ' သည် 'ဟရာမ်'နယ်နိမိတ်အတွင်း၌ ဖြစ်ရန်မှာ စည်းကမ်းချက်ဖြစ်ကြောင်း သိရှိရသည်။ စောဒကတစ်ရပ် ကျန်ရှိနေသည်မှာ 'ဟုဒိုင်ဗီယဟ်'၏ အချို့အစိတ်အပိုင်းများသည် 'ဟရာမ်နယ်နိမိတ်တွင် ပါဝင်သည်' ဟူသော ဟနဖီယဟ်တို့၏ အဆိုရှိသည်ဖြစ်ရာ တစ်ဖန် 'ဟရာမ်မှ တားမြစ်ခြင်းဆိုသည်မှာ မည်သို့ပါနည်း'ဟု ဖြစ်သည်။

၎င်း၏ အဖြေမှာ အမှန်စင်စစ် ဤ 'ကုရ်ဗာနီ'သည် 'ဟရာမ်'နယ်မြေအတွင်း မည်သည့်နေရာတွင် ဖြစ်စေ၊ ပြုလုပ်ခြင်း တရားတော်အရ ပြည့်စုံလုံလောက်ပေသည်။ သို့ရာတွင် 'မီနာ'၌ရှိသော منحر ('ကုရ်ဘာနီ' ပြုရာနေရာ) ဟု အမည်ရှိသည့် နေရာတွင် ပြုခြင်းမှာ အမြတ်ဆုံးဖြစ်သည်။ မက္ကာဟ်ရှိ ကာဖိရ်တို့သည် ထိုစဉ်က မွတ်စ္စလင်မ်များကို ထိုအမြတ်ဆုံးနေရာသို့ 'ကုရ်ဗာနီ'သားကောင်များ ယူဆောင်သွားခြင်းကို တားမြစ်ခဲ့ ကြသည်။

فَتُصِيبَكُمْ مِّنْهُمْ مَّعَرَّةٌ بِغَيْرِ عِلْمٍ

(၎င်းတို့ကြောင့် အသင်တို့၌ မိမိတို့မသိဘဲလျက် (အချင်းချင်း ချေမှုန်းမိ၍ ဝမ်းနည်းကြေကွဲကာ) အပြစ်သက်ရောက်မည်ကို မစိုးရိမ်ရပါလျှင်။) *[၄၈ : ၂၅]*

مَعَرَّةٌ ဟူသော စာလုံး၏ အဓိပ္ပာယ်ကို အချို့ပညာရှင်များက အပြစ် 'ဂိုနာဟ်'ဟု ဖော်ပြကြသည်။ အချို့က 'လုံးဝ နစ်နာဆုံးရှုံးမှု' အချို့က အပြစ်ဆိုစရာဟု ဖော်ပြကြသည်။ ဤနေရာတွင် ဤနောက်ဆုံး အဓိပ္ပာယ်သည်သာ ပေါ်လွင်မှု ရှိပေသည်။ အဘယ်ကြောင့်ဆိုသော် 'အကယ်၍ စစ်ပွဲ ဖန်တီးဖြစ်ပေါ်စေလိုက်ပါက မသိရှိကြဘဲလျက် မွတ်စ္စလင်မ်တို့၏ လက်များဖြင့်ပင် မက္ကာဟ်၌ ပိတ်မိနေသော မွတ်စ္စလင်မ်များသည် သတ်ဖြတ်ခြင်းကို ခံကြရပေမည်။ သို့ဖြစ်ပေရာ ဤသို့ ဖြစ်ခြင်းသည် အပြစ်ဆိုစရာနှင့် နာကျင်အရှက်ရဖွယ်ကိစ္စတစ်ရပ် ဖြစ်ပေလိမ့်မည်။ ကာဖိရ်တို့က မွတ်စ္စလင်မ်များကို 'မိမိတို့၏ သာသနာ့ညီနောင်များကို သတ်ဖြတ်ခြင်းပင်ဖြစ်သည်'ဟု အရှက်ရစေရန် လက်ညှိုးထိုး ပြောဆိုကြပေမည်။ ထို့ပြင် နစ်နာဆုံးရှုံးမှုလည်း ဖြစ်ပေမည်။ အသတ်ခံရသူ မွတ်စ္စလင်မ်များအဖို့ ဆုံးရှုံးမှုမှာမူ အထင်အရှားပင် ဖြစ်သည်။ သတ်ဖြတ်လိုက်မိသူ မွတ်စ္စလင်မ်များအဖို့လည်း သိရှိရလေသောအခါ အလွန်တရာ အရှက်ရခြင်းနှင့် ဝမ်းနည်းပူဆွေးမှုများ ဖြစ်ကြရပေမည်။ ဤနစ်နာဆုံးရှုံးမှုကို အများမွတ်စ္စလင်မ်တို့ ခံစားကြရပေမည်။

ဆွဟာဗာများအား မှားယွင်းမှုနှင့် အပြစ်ဆိုစရာများမှ လွတ်ကင်းရန် တန်ခိုးတော်အသျှင်မြတ်၏ အစီအမံ

အေမာမ်ကုရ်သုဗီ (ရဟ) က မိန့်ဆိုသည်မှာ 'မသိလိုက်ရဘဲလျက် အကယ်၍ မွတ်စ္စလင်မ်တစ်ဦးသည် အခြားမွတ်စ္စလင်မ်တစ်ဦး၏ လက်ဖြင့် အသတ်ခံလိုက်ရပါလျှင် ထိုသတ်ဖြတ်ခြင်းကြောင့် ထိုသတ်ဖြတ်မိသူသည် အပြစ်ထိုက်သူကား မဟုတ်ပေ။ သို့ရာတွင် အပြစ်ဆိုစရာသည်လည်းကောင်း၊ အရှက်ရခြင်းသည်လည်းကောင်း၊ ဝမ်းနည်းပူဆွေး ရခြင်းသည်လည်းကောင်း မုချ ဖြစ်ပေမည်။ မေ့မှား၍ သတ်မိခြင်းအပေါ် လျော်ကြေး စသည်များပေးရန် အမိန့်များလည်း ရှိပေသည်။ အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ရစူလ်တမန်တော်မြတ် ﷺ ၏ ဆွဟာဗာများကို ဤအပြစ်ဆိုဖွယ်ရာများမှလည်း ထိန်းသိမ်းတော်မူခဲ့သည်။ ဤအချက်အားဖြင့် သိရှိရသည်မှာ ဆွဟာဗာများသည် နဗီတမန်တော်များကဲ့သို့ 'မအ်ဆူးမ်' အပြစ်မဲ့သူများကား မဟုတ်ပေ။ သို့ရာတွင် ၎င်းတို့အပေါ် အလ္လာဟ်အသျှင်မြတ်၏ ဆက်ဆံမှုသည် များသောအားဖြင့် ၎င်းတို့အား အမေ့အမှားများနှင့် အပြစ်ဆိုစရာများမှ မိမိ၏ တန်ခိုးတော် အစီအမံများဖြင့် ကင်းလွတ်စေတော်မူခဲ့သည်။

لِيُدْخِلَ اللّٰهُ فِىْ رَحْمَتِهٖ مَنْ يَّشَآءُ

(အလ္လာဟ်အသျှင်မြတ်သည် မိမိအလိုရှိတော်မူသော သူအား မိမိ၏ ကရုဏာတော် (အစ္စလာမ်) တွင်းသို့ ဝင်ရောက်စတော်မူရန်ပင် ဖြစ်ခဲ့ပေသည်။) [၄၈ : ၂၅]

ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်သည် ဤအခြေအနေ၌ မွတ်စ္စလင်မ်တို့၏ စိတ်နှလုံးများတွင် တည်ငြိမ်မှုကို ဖြစ်ပေါ်စေလျက် စစ်ပွဲမဖြစ်ပွားရန် စီမံတော်မူသည့် အကြောင်းမှာ ထိုကာဖိရ်များအနက် များစွာသော သူတို့သည် နောင်အခါတွင် အစ္စလာမ်လက်ခံလာမည်ကို အလ္လာဟ်အသျှင်မြတ်သည် သိတော်မူပြီး ဖြစ်သောကြောင့်ပင် ဖြစ်သည်။ ၎င်းတို့အပေါ် 'ရဟ်မသ်' ကရုဏာထားတော်မူခြင်းကြောင့်လည်းကောင်း၊ ဖိနှိပ်ချုပ်ချယ်ခံ မွတ်စ္စလင်မ်များအပေါ် 'ရဟ်မသ်' ကရုဏာတော် ထားရှိခြင်းကြောင့်လည်းကောင်း ဤသို့ စီမံတော်မူခြင်း ဖြစ်သည်။

لَوْ تَزَيَّلُوْا

(အကယ်၍သာ ၎င်း (အဆိုပါ မွတ်စ္စလင်မ်ယောကျ်ား၊ မိန်းမတို့မှာ မက္ကာဟ်မြို့သား ကာဖိရ်) တို့နှင့် ခွဲခြားသီသာ (ထွက်) နိုင်ခဲ့ကြပါလျှင်။) [၄၈ : ၂၅]

تَزَيُّلٌ ၏ မူရင်းအဓိပ္ပာယ်မှာ 'ကွဲပြားခြားနားမှု' ဟု ဖြစ်သည်။ အလိုသဘောမှာ မက္ကာဟ်တွင် ဖိနှိပ်ချုပ်ချယ်ခြင်း ခံထားရသော မွတ်စ္စလင်မ်များသည် အကယ်၍ ကာဖိရ်တို့နှင့် သီးခြား ကွဲပြားခြားနားမှု ရှိပါလျှင် မွတ်စ္စလင်မ်တို့သည် ၎င်းတို့ကို မှတ်မိသိရှိကြပြီး ဒုက္ခမှ ကယ်တင်ကြပေလိမ့်မည်။ ထိုကာဖိရ်တို့၏ အခြေအနေများမှာမူ ထိုအချိန်တွင်ပင် ၎င်းတို့ကို မွတ်စ္စလင်မ်တို့၏ လက်ဖြင့် အပြစ်ဒဏ်

ခတ်ရန် သင့်ပေသည်။ သို့ရာတွင် ဖိနှိပ်ချုပ်ချယ်ခံ အားနည်းသူ မွတ်စ္စလင်မ်အမျိုးသားများနှင့် အမျိုးသမီးများသည် ထိုကာဖိရ်များအတွင်း၌ ရောနှောလျက် ရှိနေခဲ့သည်။ အကယ်၍ စစ်ပွဲဖြစ်ပွားခဲ့ပါလျှင် ထိုမွတ်စ္စလင်မ်များကို ကယ်တင်ရန် အခွင့်အရေးရှိမည်မဟုတ်ပေ။ ထို့ကြောင့် အလ္လာဟ်အသျှင်မြတ်သည် ဤစစ်ပွဲကို မဖြစ်ပွားစေခြင်း ဖြစ်သည်။

وَاَلۡزَ مَهُمۡ كَلِمَةَ التَّقۡوٰى وَكَانُوۡۤا اَحَقَّ بِهَا وَاَهۡلَهَا

(၎င်းပြင် ထိုအသျှင်မြတ်သည် ၎င်းတို့အပေါ်၌ 'သက္ကဝါ'တည်းဟူသော ရှောင်ကြဉ်ရန် စကားကို အတည်ပြုတော်မူခဲ့၏။ (တစ်နည်း ၎င်းတို့အား 'သက္ကဝါ'တရားတော်အပေါ်၌ ရပ်တည်စေတော်မူခဲ့၏။) စင်စစ် ထိုသူတို့သည် ယင်းစကားနှင့် ထိုက်တန်သူများသည်လည်းကောင်း၊ 'သက္ကဝါ'တရားနှင့် ကိုက်ညီသူများသည်လည်းကောင်း ဖြစ်ခဲ့ကြကုန်၏။) [၄၈ : ၂၆]

'ကလိမဟ်သက္ကဝါ' (ရှောင်ကြဉ်ခြင်းစကားရပ်) ၏ အလိုသဘောမှာ ပြစ်မှု ရှောင်ကြဉ်သူတို့၏ 'ကလိမဟ်'ကို ဆိုလိုခြင်း ဖြစ်သည်။ အလိုသဘောမှာ 'သောင်ဟီးဒ်' (အလ္လာဟ်အသျှင်မြတ် တစ်ပါးတည်းသာ ကိုးကွယ်ခံထိုက်ခြင်းတရား) နှင့် 'ရိစာလသ်' (တမန်တော်မြတ်မိုဟမ္မဒ် ﷺ သည် အလ္လာဟ်အသျှင်မြတ်၏ ရစူလ်တမန်တော် ဖြစ်ခြင်းကို ယုံကြည်ခြင်းတရား) ပါ 'ကလိမဟ်' (စကားရပ်) ဟု ဖြစ်သည်။ ၎င်းကို 'ကလိမဟ်သက္ကဝါ' (ပြစ်မှုရှောင်ကြဉ်ခြင်း စကားရပ်) ဟု ခေါ်ဆိုရခြင်းမှာ ဤ 'ကလိမဟ်' စကားရပ်သည်ပင် 'သက္ကဝါ'၏ အရင်းအမြစ် ဖြစ်သောကြောင့်ပင် ဖြစ်သည်။ ဆွဟာဗာများအဖို့ ဤ 'ကလိမဟ်' စကားရပ်နှင့် အထိုက်တန်ဆုံးဖြစ်သည်ဟု မိန့်ကြားလျက် အလ္လာဟ်အသျှင်မြတ်သည် ထိုဆွဟာဗာများအား ကာဖိရ်၊ မုနာဖစ်က်ဟု စွပ်စွဲကြသူများကို ပြတ်ပြတ်သားသား ထင်းထင်းရှင်းရှင်း သေးသိမ်စေတော်မူလိုက်ခြင်း ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်သည် ဆွဟာဗာများအား ဤအစ္စလာမ့် 'ကလိမဟ်'တော်နှင့် အထိုက်တန်ဆုံးဟု မိန့်ကြားတော်မူသည်။ ဤနှုတ်စာဆိုးယုတ်သူများက ၎င်းတို့အပေါ် ရှုတ်ချနေကြသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

لَقَدۡ صَدَقَ اللّٰهُ رَسُوۡلَهُ الرُّءۡيَا بِالۡحَـقِّ‌ۚ لَتَدۡخُلُنَّ الۡمَسۡجِدَ
الۡحَـرَامَ اِنۡ شَآءَ اللّٰهُ اٰمِنِيۡنَۙ مُحَلِّقِيۡنَ رُءُوۡسَكُمۡ وَمُقَصِّرِيۡنَۙ
لَا تَخَافُوۡنَ‌ؕ فَعَلِمَ مَا لَمۡ تَعۡلَمُوۡا فَجَعَلَ مِنۡ دُوۡنِ ذٰلِكَ فَتۡحًا قَرِيۡبًا‏ ﴿۲۷﴾

၄၈ : ၂၇ ။ ။ ကေန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် မိမိရစူလ်တမန်တော်၏ အိပ်မက်ကို အဖြစ်မှန်နှင့်အညီ မှန်ကန်စေတော်မူခဲ့၏။ (ယင်းအိပ်မက်သည်) ကေန်မလွဲ အလ္လာဟ်အသျှင်မြတ် အလိုရှိတော်မူခဲ့ပါလျှင် အသင်တို့ (အနက် အချို့) သည်

မိမိတို့၏ ဦးခေါင်းများကို ရိတ်ကြလျက် (အချို့သည်) ဆံပင်များကို (တိုအောင်) ညှပ်ကြလျက် ရှိကြမည်။ ထို့ပြင် အသင်တို့သည် (မည်သည့်တစ်စုံတစ်ရာကိုမျှပင်) စိုးရိမ်ကြောက်ရွံ့ခြင်း မရှိကြဘဲ ဘေးရန်ကင်းငြိမ်းစွာ 'မတ်စ်ဂျိဒ်ဒ္ဓေဟရာမ်' (ရိုသေအပ်သော ဗလီဝတ်ကျောင်းတော်) သို့ ဝင်ရောက်ကြမည် (ဖြစ်ခဲ့၏။) စင်စစ် ထိုအသျှင်မြတ်သည် အသင်တို့ မသိခဲ့ကြသော အရာကို သိတော်မူခဲ့၏။ သို့ဖြစ်ပေရာ ထိုအသျှင်မြတ်သည် ယင်း (မက္ကာဟ်မြို့တော်) ၏အလျင် နီးကပ်စွာသော အောင်မြင်မှုတစ်ရပ်ကို [အသင်တို့အား 'ခိုင်ဗရ်' တွင်] ပေးသနားတော်မူခဲ့၏။

هُوَ الَّذِيْٓ اَرْسَلَ رَسُوْلَهٗ بِالْهُدٰى وَدِيْنِ الْحَقِّ
لِيُظْهِرَهٗ عَلَى الدِّيْنِ كُلِّهٖ ۭ وَكَفٰى بِاللّٰهِ شَهِيْدًا ۝۲۸

၄၈ : ၂၈ ။ ။ ထိုအသျှင်မြတ်သည် အကြင်အသျှင်မြတ်ပင် (ဖြစ်၏။) ထိုအသျှင်မြတ်သည် မိမိ၏ ရစူလ်တမန်တော် (မိုဟမ္မဒ်) အား တရားလမ်းညွှန် (တည်းဟူသော ကုရ်အာန်ကျမ်းတော်မြတ်) နှင့် မှန်ကန်သော ဒီးန်သာသနာတော်နှင့်တကွ ယင်းသာသနာတော်ကို အားလုံးသော သာသနာတို့ထက်ဝယ် လွှမ်းမိုးစေတော်မူရန်အလို့ငှာ စေလွှတ်တော်မူခဲ့၏။ အမှန်စင်စစ် (ဤသည်နှင့် စပ်လျဉ်း၍) အလ္လာဟ်အသျှင်မြတ်သည်ပင် သက်သေအဖြစ် လုံလောက်တော်မူပေသည်။

مُحَمَّدٌ رَّسُوْلُ اللّٰهِ ۭ وَالَّذِيْنَ مَعَهٗٓ اَشِدَّاۗءُ عَلَي الْكُفَّارِ رُحَمَاۗءُ بَيْنَهُمْ
تَرٰىهُمْ رُكَّعًا سُجَّدًا يَّبْتَغُوْنَ فَضْلًا مِّنَ اللّٰهِ وَرِضْوَانًا ۡ سِيْمَاهُمْ فِيْ
وُجُوْهِهِمْ مِّنْ اَثَرِ السُّجُوْدِ ۭ ذٰلِكَ مَثَلُهُمْ فِي التَّوْرٰىةِ ټ وَمَثَلُهُمْ فِي
الْاِنْجِيْلِ ټ كَزَرْعٍ اَخْرَجَ شَطْــــَٔهٗ فَاٰزَرَهٗ فَاسْتَغْلَظَ فَاسْتَوٰى
عَلٰي سُوْقِهٖ يُعْجِبُ الزُّرَّاعَ لِيَغِيْظَ بِهِمُ الْكُفَّارَ ۭ وَعَدَ اللّٰهُ الَّذِيْنَ
اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ مِنْهُمْ مَّغْفِرَةً وَّاَجْرًا عَظِيْمًا ۝۲۹

၄၈ : ၂၉ ။ ။ 'မိုဟမ္မဒ်' သည် အလ္လာဟ်အသျှင်မြတ်၏ ရစူလ်တမန်တော် ဖြစ်ပေသည်။ ၎င်းပြင် ထို 'မိုဟမ္မဒ်' နှင့် အတူတကွ ရှိကြကုန်သော သူတို့သည် ကာဖိရ်သွေဖည်ငြင်းပယ်သော သူတို့နှင့် ပတ်သက်လျှင် ပြင်းထန်သောသူများ ဖြစ်ကြပြီး မိမိတို့အချင်းချင်း (ဆက်ဆံကြရာဝယ်) သနားကြင်နာသူများပင် ဖြစ်ကြကုန်၏။ အသင်သည် ၎င်းတို့အား (ရံဖန်ရံခါ) 'ရူကူအ်' ဦးညွှတ်ကြလျက် (ရံဖန်ရံခါ) 'စဂျ်ဒဟ်' ပျပ်ဝပ်ဦးချကြလျက် အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်ကိုလည်းကောင်း၊ (ထိုအသျှင်မြတ်၏) နှစ်သက်ကျေနပ်မှုကိုလည်းကောင်း ရှာဖွေဆည်းပူးလျက် ရှိကြသည်ကို တွေ့မြင်ရပေမည်။ ၎င်းတို့၏ အမှတ်လက္ခဏာသည် 'စဂျ်ဒဟ်' ပျပ်ဝပ်ဦးချခြင်းကြောင့် ၎င်းတို့၏ မျက်နှာများတွင် ထင်ပေါ်လျက် ရှိနေပေသည်။ ဤသည်

'သောင်ရားသ်' ကျမ်းတော်၌ လာရှိသော ၎င်းတို့၏ ထူးခြားချက်ပင် (ဖြစ်၏။) ထို့ပြင် 'အင်န်ဂျီလ်' ကျမ်းတော်၌ လာရှိသော ၎င်းတို့၏ ထူးခြားချက်သည် (ဤသို့ ဖြစ်၏။) မျိုးစေ့နှင့် ပမာတူ၏။ ယင်းမျိုးစေ့သည် မိမိ၏ အစို့အညှောင့်ကို ထွက်စေခဲ့၏။ ထို့နောက် မိမိ၏ အစို့အညှောင့်မှာ တုတ်ခိုင်၍ လာပြီးလျှင် မိမိ၏ ပင်ရိုးပင်တံ၊ ပင်စည်ပင်မပေါ်၌ တည့်မတ်စွာ ထောင်တက်လာခဲ့ပေရာ၊ လယ်သမားတို့အား အထူးနှစ်မြို့ အကြည်ဆိုက်ရောက်စေခဲ့၏။ (ယင်းသို့ ဖြစ်တော်မူခြင်းမှာ) ၎င်း (မိုဟမ္မဒ်၏ အပေါင်းအဖော်) တို့ဖြင့် ကာဖိရ်သွေ့ဖည်ငြင်းပယ်ကြသော သူတို့အား အမျက်ဒေါသ ထွက်စေရန်အလို့ငှာ ဖြစ်ပေသည်။ အလ္လာဟ်အသျှင်မြတ်သည် အီမာန်သက်ဝင်ယုံကြည်ပြီးနောက် ကောင်းမှုများကို ကျင့်မှုဆောက်တည်ကြကုန်သော သူတို့အား ခွင့်လွှတ်ချမ်းသာပေးတော်မူရန် ကြီးကျယ်လှစွာသော အကျိုးကို ချီးမြှင့်ပေးသနားတော်မူရန် ကတိပေးတော်မူခဲ့ပေသည်။

[အစ္စလာမ်သာသနာတော်ကို စတင်တည်ထောင်စဉ် အားအင်ချို့တဲ့သော မျိုးစေ့တစ်စေ့ နောက်ဆုံးတွင် အင်အားကြီးမားဝေဆာလာသော အပင်ကြီးနှင့် ပုံနှိုင်းထားရာ ထိုအပင် ဝေဆာသီးပွင့်လာသည်ကို ကာဖိရ်များ တွေ့မြင်ကြသောအခါ မရှုဆိတ်များ ဖြစ်လာကြပြီး ဒေါသအမျက် ထွက်ကြပေသည်။]

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ကေန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ရစူလ်တမန်တော်၏ အိပ်မက်ကို အဖြစ်မှန်နှင့်အညီ မှန်ကန်စေတော်မူခဲ့သည်။ (ယင်းအိပ်မက်သည်) ကေန်မုချ အလ္လာဟ်အသျှင်မြတ် အလိုရှိတော်မူခဲ့ပါလျှင် အသင်တို့သည် 'မတ်စ်ဂျိဒ်ဒေ့ဟရာမ်' သို့ စိုးရိမ်ကြောက်ရွံ့စရာ တစ်စုံတစ်ရာမရှိဘဲ အချို့မှာ ဦးခေါင်းများ ရိတ်ကြလျက်လည်းကောင်း၊ အချို့မှာ ဆံပင်များညှပ်လျက်လည်းကောင်း ဘေးရန်ကင်းစွာ ဝင်ရောက်ကြရမည် (ဟု ဖြစ်သည်။ သို့ဖြစ်ပေရာ နောင်နှစ်တွင် ဤအတိုင်း ဖြစ်ပေါ်လာခဲ့သည်။ ဤနှစ်တွင် ဤအတိုင်းမဖြစ်ဘဲ နှောင့်နှေးကြန့်ကြာရခြင်းမှာ) အလ္လာဟ်အသျှင်မြတ်သည် အသင်တို့ မသိရှိသော အရာ (လျှို့ဝှက်ချက် အမြော်အမြင်) များကို သိရှိတော်မူခဲ့၏။ (ထိုလျှို့ဝှက်ချက် အမြော်အမြင်များအနက် တစ်ခုမှာ) ဤ (အိပ်မက်၏) ဖြစ်ရပ်မဖြစ်မီအလျှင် အသင်တို့အား နီးကပ်စွာ အောင်မြင်မှုတစ်ပ် ('ခိုင်ဗရ်' ကို အောင်နိုင်ခြင်း) ချီးမြှင့်တော်မူခဲ့သည်။ (ဤသို့ 'ခိုင်ဗရ်' ကို အောင်နိုင်ခြင်းဖြင့် မွတ်စ္စလင်မ်များတွင် အင်အားနှင့် ဥစ္စာပစ္စည်းများစွာ ရရှိလာပေမည်။ ထို့နောက် ၎င်းတို့သည် ဘေးရန်ကင်းငြိမ်းစွာ 'အွမ်ရဟ်' ပြုနိုင်ကြရန် ဖြစ်သည်။ သို့ဖြစ်ပေရာ ဤအတိုင်းပင် ဖြစ်လာခဲ့သည်။)

ထိုအလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ရစူလ်တမန်တော်ကို တရားလမ်းမှန် (ရရှိစေသော ကုရ်အာန်ကျမ်းမြတ်) နှင့် မှန်ကန်သော သာသနာ (အစ္စလာမ်) ကို ချီးမြှင့်တော်မူ၍ စေလွှတ်တော်မူခဲ့သော အသျှင်မြတ် ဖြစ်တော်မူသည်။ သို့မှသာ ထို (သာသနာ) ကို အားလုံးသော သာသနာများအပေါ်တွင် လွှမ်းမိုးစေရန် ဖြစ်ပေသည်။ (ဤသို့ လွှမ်းမိုးမှုသည် အထောက်အထား၊ အကိုးအကားများအရ အမြဲတမ်းနှင့် ထာဝရ ရှိနေပေမည်။ ဂုဏ်သိက္ခာနှင့် အုပ်ချုပ်ရေးအရလည်း လွှမ်းမိုးနေပေမည်။ သို့သော် ဤအချက်တွင် မွတ်စ္စလင်မ် တို့သည် အရည်အချင်းပြည့်မီသူများ ဖြစ်ရမည်ဟူသော စည်းကမ်းချက် ရှိနေပေသည်။ ဤစည်းကမ်း

ချက် မရှိခဲ့ပါလျှင် ထင်ရှားသော လွှမ်းမိုးအောင်နိုင်မှုအတွက် ကတိတော်မရှိပါချေ။ ဆွဟာဗာများတွင် ဤစည်းကမ်းချက် ရှိခဲ့ကြသည်။ ရှေ့တွင် ဆွဟာဗာတို့နှင့်စပ်လျဉ်းသော အာယသ်တော်များ လာရှိပေမည်။ ယင်းအာယသ်တော်များတွင် အဆိုပါအရည်အချင်းများကို တင်ပြထားသည်။ ထို့ကြောင့် ဤအာယသ်တော်တွင် တမန်တော်မြတ် ﷺ ၏ 'ရိစာလသ်'(ရစူလ်တမန်တော်ဖြစ်ခြင်း) နှင့် စပ်ဆက်ကာ သတင်းကောင်းများ လာရှိထားသကဲ့သို့ ဆွဟာဗာတို့အတွက် အောင်မြင်မှုများရရှိမည်ဖြစ် ကြောင်း သတင်းကောင်းများလည်း ရှိနေလေသည်။ ထို့အတွက်ကြောင့်ပင် တမန်တော်မြတ် ﷺ 'ဝဖာသ်' ဖြစ်တော်မူပြီး နှစ်ပေါင်း (၂၅) နှစ်ပင် မကျော်လွန်မီကာလအတွင်းဝယ် အစ္စလာမ်သာသနာနှင့် ကုရ်အာန်ကျမ်းမြတ်၏ အလင်းတရားသည် ကမ္ဘာလောက၏ အကြိုအကြားများအထိ အောင်မြင်စွာ ရောက်ရှိသွားခဲ့သည်ကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရပြီးဖြစ်သည်။) ထို့ပြင် (အမှောင်ခေတ်၏ အစွဲအလမ်းများကို ထားရှိသူတို့သည် အကယ်၍ အသင်၏ အမည်နှင့်အတူ 'ရစူလ်'ဟူသော စာလုံးကို ရေးသားခြင်းမှ ဟန့်တားခဲ့ကြသည်ဆိုလျှင်လည်း အသင်သည် မည်သို့မျှ ပူပင်သောက မဖြစ်လေနှင့်။ အကြောင်းမှာ အသင်၏ 'ရိစာလသ်' (ရစူလ်ဖြစ်ခြင်း) အပေါ်) အလ္လာဟ်အသျှင်မြတ်သည်ပင် သက်သေအဖြစ် လုံလောက်တော်မူပေသည်။

(ထိုအလ္လာဟ်အသျှင်မြတ်သည် အသင်၏ 'ရိစာလသ်' (ရစူလ်ဖြစ်ကြောင်း) ကို တိကျပြတ်သားသော အထောက်အထားများ၊ ပေါ်လွင်ထင်ရှားသော 'မုအ်ဂျေဇာဟ်' (အံ့ဖွယ်မဆုံးဖြစ်ရပ်) များဖြင့် အတည်ပြု၍ တွေ့မြင်သိရှိစေတော်မူခဲ့သည်။ ဤသည်ဖြင့် အတည်ဖြစ်သွားသည်မှာ) တမန်တော်မိုဟမ္မဒ် ﷺ သည် အလ္လာဟ်အသျှင်မြတ်၏ ရစူလ်တမန်တော်မြတ် ဖြစ်တော်မူသည်။ (ဤနေရာ၌ مُحَمَّدٌ رَّسُوْلُ اللّٰهِ 'မိုဟမ္မဒ်ရ် ရစူလွလ္လာဟ်' ဟု ပြည့်စုံသော ဝါကျကို သုံးနှုန်းတော်မူခြင်းမှာ အမှောင်ခေတ်၏ အစွဲအလမ်းထားသူတို့သည် မိုဟမ္မဒ် ﷺ ၏ အမည်နှင့်အတူ ရစူလွလ္လာဟ် ﷺ ဟု ရေးသားခြင်းကို နှစ်သက်လက်ခံခြင်း မပြုခဲ့ကြပေ။ ၎င်းတို့ လက်မခံလျှင်လည်း ဂရုစိုက်စရာမလို။ အလ္လာဟ်အသျှင်မြတ်သည် ဤစာပိုဒ်ကို ကိုယ်တော်မြတ် ﷺ ၏ အမည်နှင့်အတူ 'ကေယာမသ်'အထိ ရွတ်ဖတ်ခြင်းခံရစေရန် ရေးသားပေးတော်မူလိုက်သည်ဟူသော အကြောင်းအရာဘက်သို့ ရည်ညွှန်းလိုခြင်းဖြစ်သည်။ ရှေ့၌ ကိုယ်တော်မြတ် ﷺ ၏ နောက်လိုက် ဆွဟာဗာများ၏ ထူးမြတ်မှုနှင့် သတင်းကောင်းများကို ဖော်ပြထားသည်မှာ) ကိုယ်တော်မြတ် ﷺ ၏ အသိုင်းအဝိုင်းကို ရရှိကြသူတို့၏ အခြေအနေမှာ (ဤစကားလုံးတွင် ကိုယ်တော်မြတ် ﷺ ၏ ထိုင်ဝိုင်းကို ရရှိကြသူများ ကာလရှည်ကြာစွာ ရရှိထားသူဖြစ်စေ ကာလတိုတောင်းစွာ ရရှိသူဖြစ်စေ ဆွဟာဗာများအားလုံး ပါဝင်ပေသည်။ 'ဟုဒိုင်ဗီယဟ်'ခရီးစဉ်၌ ကိုယ်တော်မြတ် ﷺ နှင့် အတူရှိခဲ့ကြသော ဆွဟာဗာများသည် အထူးအားဖြင့် တိုက်ရိုက် ရည်ညွှန်းခံရသူများ ဖြစ်သည်။ အချုပ်မှာ ဆွဟာဗာအားလုံးတွင် ယခု တင်ပြမည့် ပြည့်စုံသော အရည်အချင်းများ ရှိကြသည်။ ၎င်းတို့မှာ) ၎င်းတို့သည် ကာဖိရ်တို့နှင့် ရင်ဆိုင်ရာတွင် ပြင်းထန်သူများ ဖြစ်ကြသည်။ (ထို့ပြင်) မိမိတို့အချင်းချင်းတွင် သနားကြင်နာသူများ ဖြစ်ကြသည်။

(ထို့ပြင်) အသင်သည် ၎င်းတို့အား ရံဖန်ရံခါ 'ရုကူအ်' ဦးညွတ်လျက်လည်းကောင်း၊ ရံဖန်ရံခါ 'စဂျ်ဒဟ်'ဦးချလျက်လည်းကောင်း အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်များနှင့် ထိုအသျှင်မြတ်၏ ကျေနပ်နှစ်သက်မှုတို့ကို ရှာဖွေလျက် ရှိသည်ကို တွေ့မြင်ရပေမည်။ ၎င်းတို့ (၏ ခဝပ်ဆည်းကပ်မှု) ၏ အမှတ်လက္ခဏာမှာ (၎င်းတို့၏) 'စဂျ်ဒဟ်'ဦးချခြင်းကြောင့် ၎င်းတို့၏ မျက်နှာများတွင် ထင်ပေါ်လျက် ရှိနေပေသည်။ (ထိုအမှတ်လက္ခဏာဆိုသည်မှာ မုအ်မင်န်မွတ်သက္ကီ၏ မျက်နှာတွင် များသောအားဖြင့် မြင်တွေ့ရလေ့ရှိသော အကြောက်တရားနှင့် ကျိုးနွံခြင်းတို့၏ 'နူရ်'အလင်းရောင်များ ကွန့်မြူးလျက်ရှိနေခြင်းပင်ဖြစ်သည်) ဤသည်ကား 'သောင်ရားသ်'ကျမ်းတွင် လာရှိသော ၎င်းတို့၏ (ဖော်ပြပါ) အရည်အချင်းများပင် ဖြစ်သည်။

ထို့ပြင် 'အင်န်ဂျီးလ်'ကျမ်းတွင် လာရှိသော ၎င်းတို့၏ (ထူးခြားချက်) အရည်အချင်း (ကို ဤသို့တင်ပြထား၏။ ၎င်း) မှာ မျိုးစေ့နှင့် ပမာတူသည်။ ယင်းမျိုးစေ့သည် (ဦးစွာပထမ မြေကြီးအတွင်းမှ) မိမိ၏ အစို့အညှောင့်ကို ထွက်စေခဲ့သည်။ ထို့နောက် မျိုးစေ့သည် (မြေ၊ ရေ၊ လေ စသည်တို့ဖြင့် မြေဩဇာအာဟာရဓါတ် ရရှိပြီး မိမိ၏) ထို (အစိုအညှောင့်) ကို သန်စွမ်းစေခဲ့သည်။ ထို့နောက် ထိုအစိုအညှောင့်သည် တုတ်ခိုင်လာပြီး မိမိ၏ ရိုးတံပင်စည်အပေါ်၌ တည့်မတ်စွာ ရပ်တည်လာခဲ့သည်။ (ထိုသို့ ရှင်သန်စိမ်းလန်းဝေဆာနေမှုအပေါ်) လယ်သမားတို့အား အထူးနှစ်မြို့ အကြည်ဆိုက် ပျော်ရွှင်မှု ဖြစ်ရလေသည်။ (ဤနည်းအတိုင်းပင် ဆွဟာဗာများသည် အကနဦးတွင် အင်အားများ ချည့်နဲ့နေခဲ့ကြသည်။ ထို့နောက်တစ်နေ့တစ်ခြား အင်အားများ တိုးပွားလာခဲ့ကြသည်။ အလ္လာဟ်အသျှင်မြတ်သည် ဆွဟာဗာတို့ကို အင်အားများကို တိုးမြှင့်၍ ချီးမြှင့်တော်မူရခြင်းမှာ) ၎င်းတို့ (၏ ဤဖြစ်ရပ်) အားဖြင့် ကာဖိရ် သွေဖည်ငြင်းပယ်သူတို့အဖို့ မနာလို (အမျက်ဒေါသထွက်စေကာ) လောင်ကျွမ်းစေရန် ဖြစ်သည်။ (ထို့ပြင် တမလွန်တွင်) အလ္လာဟ်အသျှင်မြတ်သည် အီမာန်သက်ဝင်ယုံကြည်ပြီး ကောင်းမှုကိုယ်ကျင့်တရားများ ပြုကျင့်ကြသူတို့အား (အပြစ်များမှ) လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူမည်ကိုလည်းကောင်း၊ ထို့ပြင် (အမိန့်နာခံခြင်းများအပေါ်) ကြီးကျယ်လှစွာသော အကျိုးချီးမြှင့်တော်မူမည်ဟုလည်းကောင်း ကတိပေးတော်မူခဲ့သည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

'ဟုဒိုင်ဗီယဟ်' စစ်ပြေငြိမ်းရေးစာချုပ် ချုပ်ဆိုခြင်း ပြီးပြတ်သွား၍ ဤအချိန်တွင် မက္ကာဟ်သို့ ဝင်ရောက်ခြင်းနှင့် 'အွမ်ရာဟ်' ပြုခြင်းများ မပြုလုပ်ဘဲ မဒီနာသို့ ပြန်ရမည်ဟု ဖြစ်လေသောအခါ တစ်နည်းအားဖြင့် 'ဝဟီ'ဖြစ်သော ကိုယ်တော်မြတ် ﷺ ၏ အိပ်မက်အရ ဆွဟာဗာများသည် 'အွမ်ရာဟ်'ပြုရန်ရည်ရွယ်၍ ထွက်လာခဲ့ကြသူများ ဖြစ်သည်။ ၎င်းဆွဟာဗာတို့အနက် အချို့ဆွဟာဗာတို့၏ စိတ်တွင်ယခုကဲ့သို့ ဆန့်ကျင်ဘက်အခြေအနေများကို တွေ့မြင်ရလေသောအခါ ကိုယ်တော်မြတ် ﷺ ၏ အိပ်မက်တော်မှာ မမှန်ကန်ဟု တွေးထင်သံသယများ ဖြစ်ပေါ်လာခဲ့ရသည်။ အခြားတစ်ဖက်တွင်လည်း ကာဖိရ်နှင့်

မုနာဖစ်က်တို့က 'အသင်တို့၏ ရစူလ်တမန်တော်၏ အိပ်မက်မမှန်ကန်ပါ' ဟု ရှုတ်ချ ပြောဆိုနေခဲ့ကြသည်။ ထိုသို့ ဖြစ်ပျက်ခြင်းအပေါ်

لَقَدْ صَدَقَ اللّٰهُ رَسُوْ لَهُ الرُّؤْيَا

ဟူသော အာယသ်တော် ကျရောက်လာခဲ့လေသည်။ *[ဖိုင်ဟကီကျမ်း]*

لَقَدْ صَدَقَ اللّٰهُ رَسُوْلَهُ الرُّؤْيَا بِالْحَقِّ

(ဧကန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် မိမိရစူလ်တမန်တော်၏ အိပ်မက်ကို အဖြစ်မှန်နှင့်အညီ မှန်ကန်စေတော်မူခဲ့၏။) *[၄၈ : ၂၇]*

صدق ဟူသော စာလုံးသည် **كذب** ၏ ဆန့်ကျင်ဘက် စကားအရာများတွင် အသုံးပြုသော စကားလုံး ဖြစ်သည်။ ဖြစ်ရပ်နှင့်အညီ ဖြစ်သော စကားလုံးကို **صدق** ဟု ခေါ်၍ ဖြစ်ရပ်နှင့် မကိုက်ညီသော စကားလုံးကို **كذب** ဟု ခေါ်ဆိုသည်။ တစ်ခါတစ်ရံ ဤစာလုံးသည် လုပ်ရပ်အရာများအတွက်လည်း အသုံးပြု ပြောဆိုသည်ဖြစ်ရာ ထိုအချိန်တွင် ၎င်း၏ အဓိပ္ပာယ်မှာ လုပ်ရပ်တစ်ခုခုကို မှန်ကန်ကြောင်း အတည်ပြုစေခြင်းဟူ၍ ဖြစ်ပေမည်။ ဥပမာ- ကျမ်းတော်မြတ်ကုရ်အာန်တွင်

رِجَالٌ صَدَقُوْا مَاعَاهَدُو اللّٰهَ

ဟု လာရှိထားသည်။ ဆိုလိုသည်မှာ '၎င်းတို့သည် မိမိတို့၏ ကတိကဝတ်ကို ပြည့်ဝအောင် ထမ်းဆောင်ပြခဲ့ကြသည်' ဟု ဖြစ်သည်။ ထိုအချိန်တွင် **صدق** ဟူသော စာလုံးတွင် **مفعول** (ကံပုဒ်) နှစ်ခု ရှိရပေမည်။ ဤအာယသ်တော်တွင် **صدق** ဟူသော စာလုံး၏ ပထမ **مفعول** (ကံပုဒ်) မှာ **رسوله** (မိမိ၏ ရစူလ်ကို) ဖြစ်၍ ဒုတိယ **مفعول** (ကံပုဒ်) မှာ **رؤ يا** (အိပ်မက်ကို) ဟူသော စာလုံးဖြစ်သည်။ ထိုအာယသ်တော်၏ အဓိပ္ပာယ်မှာ 'အလ္လာဟ်အသျှင်မြတ်သည် မိမိရစူလ်အား မိမိ၏ အိပ်မက်သည် အမှန်အဖြစ် ပြသတော်မူခဲ့သည်' ဟု ဖြစ်သည်။ *[ဖိုင်ဒွါဝီကျမ်း]*

အမှန်စင်စစ် ဤသို့ အမှန်ဖြစ်စေခြင်း ဖြစ်ရပ်သည် နောင်တွင်၌ လာရှိမည်ဖြစ်သည်။ သို့ရာတွင် ၎င်းကို **ماضى** အတိတ်ကာလစာလုံးဖြင့် သုံးနှုန်း၍ ၎င်းဖြစ်ရပ်မှ အမှန်တကယ် တိတိကျကျ အသေအချာ ဖြစ်ပေါ်လာဖြစ်ကြောင်းကို ညွှန်းဆိုလိုက်ခြင်း ဖြစ်သည်။ သို့ဖြစ်ပေရာ ရှေ့၌ **مستقبل** အနာဂတ်ကာလ၏ စာလုံးဖြင့် မိန့်ကြားထားတော်မူသည်မှာ-

لَتَدْ خُلُنَّ الْمَسْجِدَ الْحَرَامَ

ဟု ဖြစ်သည်။ ဆိုလိုသည်မှာ 'ကိုယ်တော်မြတ် ﷺ သည် 'မတ်စ်ဂျိဒ်ဒ္ဒေဟရာမ်' ၌ ဝင်ရောက်နေသည်' ဟု အိပ်မက်၌ မြင်မက်လေရာ ဤဖြစ်ရပ်သည် မုချ ဖြစ်လာပေလိမ့်မည်။ သို့ရာတွင် ဤနှစ်တွင်

မဟုတ်ဘဲ ဤနှစ်ကျော်လွန်ပြီး နောက်နောက်နှစ်တွင် ဖြစ်ပေမည်။ အိပ်မက်တွင် မည်သည့်နှစ်တွင် ဖြစ်မည်ဟု အချိန်ကာလ သတ်မှတ်ပေးခဲ့ခြင်း မရှိပေ။ ဆွဟာဗာများသည် မိမိတို့၏ ဆန္ဒပြင်းပြခြင်းတို့ကြောင့် ဤနှစ်၌ပင် ပြုလုပ်ကြမည်ဟု ရည်ရွယ်၍ ခရီးထွက်ခဲ့ကြခြင်း ဖြစ်သည်။ တမန်တော်မြတ် ﷺ သည်လည်း ဆွဟာဗာများအား လိုက်လျောတော်မူခဲ့သည်။ ဤနေရာတွင် အလ္လာဟ်အသျှင်မြတ်၏ အမြော်အမြင်များစွာ ရှိသည်။ ထိုအမြော်အမြင်များသည် 'ဟုဒိုင်ဗိယဟ်' ၌ ပေါ်လွင်ခဲ့သည်။ ဤသည်ကိုပင် ဟဇရတ်အဗူဗကရ် ؓ သခင်သည် ကနဦးမှပင် ဟဇရတ်အုမရ် ؓ သခင်အား 'အသင့်အဖို့ သံသယပွားများနေရန် မသင့်ပါ။ တမန်တော်မြတ် ﷺ ၏ အိပ်မက်တော်သည် မည်သည့်အချိန်၊ မည်သည့်နှစ်ဟု သတ်မှတ်ချက် မပါရှိခဲ့ပါ။ အကယ်၍ ယခုအချိန် မဖြစ်ရှိပါလျှင်လည်း နောင်အခါတွင် ဖြစ်ပေါ်ပေလိမ့်မည်' ဟု ပြောကြားခဲ့သည်။ *[ကုရ်သုဗီကျမ်း]*

နောင်အခါတွင် ဖြစ်ပေါ်မည့် လုပ်ရပ်များအတွက် إن شاء الله 'အင်ရှာအလ္လာဟ်' ဆိုရန် အလေးအနက်ထားရမည့်အကြောင်း

ဤအာယသ်တော်၌ အလ္လာဟ်အသျှင်မြတ်သည် နောင်တွင် ဖြစ်ပေါ်လာမည့် 'မတ်စ်ဂျိဒ်ဒေ့ဟရာမ်' ၌ ဝင်ရောက်ရမည်ဖြစ်ခြင်းကို 'အင်ရှာအလ္လာဟ်' ဟူသော စာလုံးဖြင့် သုံးနှုန်းထားသည်။ အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ အလိုတော် ဆုံးဖြတ်ချက်ကို သိရှိတော်မူသည်ဖြစ်ရာ အလ္လာဟ်အသျှင်မြတ်အဖို့ ဤစကားလုံးကို သုံးနှုန်းရန် မလိုအပ်ပေ။ သို့သော်လည်း မိမိ၏ ရစူလ်တမန်တော်နှင့် ဗန္ဒာဟ်လူသားအားလုံးကို လမ်းညွှန်သင်ကြား ပေးရန်အတွက် ဤနေရာ၌ အလ္လာဟ်အသျှင်မြတ်ကိုယ်တော်တိုင်ကပင် إن شاء الله 'အင်ရှာအလ္လာဟ်' ကို သုံးနှုန်းတော်မူခြင်း ဖြစ်သည်။ *[ကုရ်သုဗီကျမ်း]*

مُحَلِّقِينَ رُءُوسَكُمْ وَمُقَصِّرِينَ

(အသင်တို့ (အနက် အချို့) သည် မိမိတို့၏ ဦးခေါင်းများကို ရိတ်ကြလျက် (အချို့သည်) ဆံပင်များကို (တိုအောင်) ညှပ်ကြလျက် ရှိကြမည်။) *[၄၈ : ၂၇]*

ဆွဟီးဟ်ဘိုခါရီကျမ်း၌ လာရှိသည်မှာ 'နောက်နှစ်တွင် 'အွမ်ရာဟ်' ကဇ္ဇာ ပြုလုပ်ရာတွင် ဟဇရတ်မုအာဝိယဟ် ؓ သခင်သည် ကိုယ်တော်မြတ်၏ ဆံတော်များကို ကတ်ကြေးဖြင့် ဖြတ်ခဲ့သည်။ ဤဖြစ်ရပ်သည် 'အွမ်ရဟ်' ကဇ္ဇာ ပြုလုပ်ရာ၌ ဖြစ်သည်။ အကြောင်းမှာ 'ဟဂ်ျဂျသွလ်ဝိဒါအ်' တွင်မူ ကိုယ်တော်မြတ် ﷺ သည် ခေါင်းတုံးတော်မူခဲ့သောကြောင့် ဖြစ်သည်။ *[ကုရ်သုဗီကျမ်း]*

فَعَلِمَ مَا لَمْ تَعْلَمُوا

(စင်စစ် ထိုအသျှင်မြတ်သည် အသင်တို့ မသိခဲ့ကြသော အရာကို သိတော်မူခဲ့၏။) *[၄၈ : ၂၇]*

ဆိုလိုသည်မှာ 'အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ တန်ခိုးတော်ဖြင့် ဤနှစ်၌ပင် အသင်တို့သည် 'မတ်စ်ဂျိဒ်ဒ္ဒေဟရာမ်'တွင် ဝင်ရောက်ခြင်းနှင့် 'အွမ်ရာဟ်'ပြုခြင်းကို ဖြစ်စေနိုင်တော်မူသည်။ သို့ရာတွင် နောင်လာမည့်နှစ်အထိ ဆိုင်းငံ့စေခြင်း၌ အမြော်အမြင်များစွာရှိသည်။ ထိုအမြော်အမြင်ကို အလ္လာဟ်အသျှင်မြတ်သာ သိရှိတော်မူပြီး အသင်တို့ မသိရှိကြ' ဟု ဖြစ်သည်။ ထိုကောင်းရာကောင်းကျိုး အမြော်အမြင်များအနက် တစ်ခုမှာ 'အလ္လာဟ်အသျှင်မြတ်သည် ဤ 'အွမ်ရာဟ်'ပြုခြင်းထက်အလျင် 'ခိုင်ဗရ်'ကို အောင်နိုင်ပြီး မွတ်စ္စလင်မ်တို့၏ အင်အားပြည့်စုံပြီး ပစ္စည်းဥစ္စာများ ပေါများစွာ ရရှိပြီး မွတ်စ္စလင်မ်တို့သည် ပြည့်စုံစွာလည်းကောင်း၊ အေးချမ်းစွာလည်းကောင်း 'အွမ်ရာဟ်'ပြုနိုင်ရန် လိုလားတော်မူသောကြောင့် ဖြစ်သည်။ ထို့ကြောင့်

فَجَعَلَ مِنْ دُوْنِ ذٰلِكَ فَتْحًا قَرِيْبًا

(သို့ဖြစ်ပေရာ ထိုအသျှင်မြတ်သည် ယင်း (မက္ကာဟ်မြို့တော်) ၏အလျင် နီးကပ်စွာသော အောင်မြင်မှုတစ်ရပ်ကို (အသင်တို့အား 'ခိုင်ဗရ်' တွင်) ပေးသနားတော်မူခဲ့၏။) *[၄၈ : ၂၇]*

ဟု မိန့်ကြားတော်မူခဲ့ခြင်းဖြစ်သည်။ دُوْنَ ذٰلِكَ ၏ အလိုသဘောမှာ دُوْنَ الرُّؤْيَا ဖြစ်သည်။ ဆိုလိုသည်မှာ 'ဤအိပ်မက်အတိုင်း မဖြစ်ပေါ်မီ 'ခိုင်ဗရ်'၏ နီးကပ်သော အောင်မြင်မှုကို မွတ်စ္စလင်မ်တို့ ရရှိသွားမည်' ဟု ဖြစ်သည်။ အချို့ပညာရှင်များက မိန့်ဆိုကြသည်မှာ ဤနီးကပ်သော အောင်မြင်မှုဆိုသည်မှာ 'ဟုဒိုင်ဗီယဟ်' ငြိမ်းချမ်းရေးစာချုပ် ဖြစ်သည်။ ၎င်းစာချုပ်သည် မက္ကာဟ်ကို အောင်နိုင်ခြင်းနှင့် အခြားသော အောင်နိုင်မှုများ၏ နိဒါန်းဖြစ်သည်။ ဆွဟာဗာများသည် နောင်အခါတွင်မှ ၎င်းအောင်နိုင်မှုအား أعظم الفتوحات 'အကြီးဆုံးသော အောင်နိုင်မှု'ဟု သတ်မှတ်ခဲ့ကြသည်။ သို့ဖြစ်ပေရာ အာယသ်တော်၏ အဓိပ္ပာယ်မှာ 'ဤနှစ်တွင် အသင်တို့၏ ခရီးထွက်ရခြင်း၏ ရည်ရွယ်ချက် မပြည့်ဝခဲ့ခြင်းနှင့် ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုခဲ့ရခြင်းတို့၏ လျှို့ဝှက်ချက် အမြော်အမြင်နှင့် ကောင်းကျိုး၊ ကောင်းရာများသည် အသင်တို့၏ အသိ၌ မရှိပါ။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ ထိုအသျှင်မြတ်သည် အသင်တို့အား အိပ်မက်အတိုင်း ဖြစ်ရပ်မဖြစ်ပေါ်မီအလျင် 'ဟုဒိုင်ဗီယဟ်' ငြိမ်းချမ်းရေးစာချုပ်အားဖြင့် နီးကပ်သော အောင်နိုင်မှုတစ်ရပ်ကို ချီးမြှင့်တော်မူလိုခြင်းကြောင့် ဖြစ်သည်'ဟူ၏။ ဤနီးကပ်သော အောင်နိုင်မှု၏ အကျိုးဆက်မှာ 'ဟုဒိုင်ဗီယဟ်' ခရီးစဉ်တွင် (၁၅၀၀) ကျော် အရေအတွက်သာ ရှိသော ဆွဟာဗာများ၏ အရေအတွက်မှာ ယခုအခါ (၁၀၀၀၀) အထိ ရောက်ရှိလာခဲ့သည်။ *[ကုရ်သုဗီကျမ်း]*

هُوَ الَّذِىٓ اَرْسَلَ رَسُوْلَهٗ بِالْهُدٰى وَدِيْنِ الْحَقِّ

(ထိုအသျှင်မြတ်သည်ပင် မိမိ၏ ရစူလ်တမန်တော်မိုဟမ္မဒ်) အား တရားလမ်းညွှန် (တည်းဟူသော ကုရ်အာန်ကျမ်းတော်မြတ်) နှင့် မှန်ကန်သော ဒီးန်သာသနာနှင့်တကွ စေလွှတ်တော်မူခဲ့၏။) *[၄၈ : ၂၈]*

ရှေ့၌ တင်ပြခဲ့သော အာယသ်တော်များတွင် အောင်နိုင်မှုများနှင့် သံ့ပန်းပစ္စည်းများရရှိမည့် အကြောင်း ကတိတော်များသည်လည်းကောင်း၊ 'ဟုဒိုင်ဗီယဟ်'ခရီးစဉ်၌ ပါဝင်သူများကို အထူးအနေဖြင့်၊ ၄င်းနောက် ဆွဟာဗာများအားလုံး၏ ထူးမြတ်မှုနှင့် သတင်းကောင်းများကိုလည်းကောင်း ဖော်ပြခဲ့သည်။ ယခု ရူရာဟ် ၏ အဆုံးတွင် ထိုအကြောင်းအရာကို ခြုံငုံ၍ လေးနက်စေခဲ့သည်။ အကြောင်းမှာ ဤကျေးဇူးတော်အားလုံး နှင့် သတင်းကောင်းများသည် တမန်တော်မြတ် ﷺ ၏ အမိန့်နာခံခြင်းနှင့် ထောက်ခံခြင်းတို့အပေါ်၌ ရရှိ ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ဤထောက်ခံခြင်းနှင့် အမိန့်နာခံခြင်းတို့ကို ပို၍ လေးနက်စေရန်လည်းကောင်း၊ တမန်တော်မြတ် ﷺ ၏ ရစူလ်ဖြစ်ခြင်းကို ငြင်းပယ်သူတို့အား ချေပရန်လည်းကောင်း 'ဟုဒိုင်ဗီယဟ်' ငြိမ်းချမ်းရေးတွင် သံသယအချို့ ဖြစ်ခဲ့ကြသော အချို့မွတ်စ္စလင်မ်တို့၏ သံသယကို ဝေးလွင့်စေရန်လည်း ကောင်း၊ ဤအာယသ်တော်များတွင် ကိုယ်တော်မြတ် ﷺ ၏ 'ရိစာလသ်' (ရစူလ်ဖြစ်ခြင်း) ကို အတည် ဖြစ်စေခြင်းသာမက တစ်လောကလုံးရှိ သာသနာများအပေါ်၌ ကိုယ်တော်မြတ် ﷺ ယူဆောင်လာသည့် သာသနာကို လွှမ်းမိုးမှု ပြုပေးတော်မူမည့်အကြောင်း သတင်းကောင်းများကိုလည်း ဖော်ပြထားတော်မူသည်။

مُحَمَّدٌ رَّسُوْلُ اللهِ

ကုရ်အာန်ကျမ်းတော်မြတ် တစ်အုပ်လုံးတွင် နဗီတမန်တော်ချုပ် ﷺ ၏ အမည်ကို ကိုင်၍ ပြောဆိုခြင်း အစား ကိုယ်တော်မြတ် ﷺ ၏ ဂုဏ်ရည်တော်များဖြင့်သာ တင်ပြထားသည်။ အထူးသဖြင့် ခေါ်ဝေါ်သည့် အခြေအနေမျိုးတွင် يَاَيُّهَا النَّبِيُّ (အို၊ နဗီတမန်တော်)၊ (သို့) يَاَيُّهَا الرَّسُوْلُ (အို၊ ရစူလ်တမန်တော်) နှင့် يَاَيُّهَا الْمُزَّمِّلُ (အို၊ အဝတ်ခြုံထားသူ) စသော ဂုဏ်ပုဒ်များဖြင့် ခေါ်ဝေါ် မိန့်ကြားတော်မူလေ့ ရှိသည်။ အခြားသော နဗီတမန်တော်များကိုမူ ၄င်းတို့၏ အမည်နာမများဖြင့်သာ يَاعِيسَى — يَاابراهِيمُ — يَامُوسَى — (အို၊ မူစာ၊ အို၊ ဤစာ၊ အို၊ အီဗ်ရာဟီးမ် အစရှိသည်တို့ဖြင့်) ခေါ်ဝေါ် သုံးနှုန်းထားသည်။

ကုရ်အာန်ကျမ်းတော်မြတ်တစ်အုပ်လုံးတွင် ကိုယ်တော်မြတ် ﷺ ၏ နာမတော် မိုဟမ္မဒ် ﷺ ကို (၄) ကြိမ်သာ တင်ပြမိန့်ကြားထားသည်။ ဤသို့ နာမတော်ကို တင်ပြခြင်းသည်သာ ကောင်းကျိုးကောင်းရာ ရှိသောကြောင့် ဖြစ်သည်။ ဤနေရာတွင် 'ဟုဒိုင်ဗီယဟ်' စစ်ပြေငြိမ်းရေး စာချုပ်၌ ဟဇရသ်အလီ ؓ သခင် သည် ကိုယ်တော်မြတ် ﷺ ၏ နာမတော်နှင့်အတူ مُحَمَّدٌ رَّسُوْلُ اللهِ (မိုဟမ္မဒ်ရှ်ရစူလွလ္လာဟ် ﷺ) ဟု ရေးသားသည့်အခါ ကုရိုက်ရှ်တို့က ဤသို့ ရေးသားသည်ကို လက်မခံဘဲ ၄င်းစာသားကို ဖျက်ပြီး 'မိုဟမ္မဒ် ဗင်န်အဗ်ဒွလ္လာဟ်' ဟု ရေးရန် ဇွတ်ကတက်ခဲ့ကြသည်။ ရစူလွလ္လာဟ် ﷺ သည် အသျှင်မြတ်၏ အမိန့်တော် ဖြင့် ထိုသို့ ရေးသားခြင်းကို လက်ခံတော်မူခဲ့သည်။ အလ္လာဟ်အသျှင်မြတ်သည် ဤနေရာတွင် ကိုယ်တော်

မြတ် ﷺ ၏ နာမတော်နှင့်အတူ رسول الله ဟူသော ဂုဏ်ပုဒ်စာလုံးကို တွဲလျက် သုံးနှုန်းတော်မူကာ ၎င်းကို အမြဲထာဝရအတွက် တည်ရှိစေတော်မူလိုက်သည်။ 'ကေယာမသ်' ထိတိုင် ဤအတိုင်း ဖတ်ကြား၊ ရေးသားစေရန် ဖြစ်သည်။

وَالَّذِينَ مَعَهُ

(၎င်းပြင် ထိုမိုဟမ္မဒ်နှင့် အတူတကွ ရှိကြကုန်သော သူတို့သည်။) *[၄၈ : ၂၉]*

ဤနေရာမှစ၍ ကိုယ်တော်မြတ် ﷺ ၏ ဆွဟာဗာများ၏ ထူးမြတ်မှုအကြောင်းများကို တင်ပြထားသည်။ စင်စစ် ၎င်းထက် အလျင်က 'ဟုဒိုင်ဗီယဟ်'နှင့် 'ဗိုင်အသ်ရိဒွိဝါန်'၌ ပါဝင်သော ဆွဟာဗာများအား ဦးတည်မိန့်ကြားခဲ့ခြင်းဖြစ်သည်။ သို့သော် စာလုံးများ၏ ခြုံငုံမှု သဘောဆောင်သည့် ညွှန်းဆိုချက်တွင် ဆွဟာဗာများအားလုံးပင် ပါဝင်လေသည်။ ၎င်းတို့အားလုံးသည် ကိုယ်တော်မြတ် ﷺ ၏ အသိုင်းအဝိုင်း အတူတကွ နေခွင့်ကို ရရှိခဲ့ကြသောကြောင့် ဖြစ်သည်။

ဆွဟာဗာများ၏ ဂုဏ်ရည်တော်များ၊ ထူးမြတ်မှုများနှင့် အထူးလက္ခဏာများ

ဤနေရာ၌ အလ္လာဟ်အသျှင်မြတ်သည် ကိုယ်တော်မြတ် ﷺ ၏ 'ရိစာလသ်' (ရစူလ်ဖြစ်ခြင်း) နှင့် ကိုယ်တော်မြတ် ﷺ ၏ သာသနာတော်ကို အခြားသော သာသနာအားလုံးအပေါ်၌ လွှမ်းမိုးစေတော်မူမည့်အကြောင်း တင်ပြမိန့်ကြားပြီး ဆွဟာဗာများ၏ ဂုဏ်ရည်များ၊ ထူးမြတ်မှုများနှင့် အထူးလက္ခဏာများကို အသေးစိတ် ဖော်ပြတော်မူထားသည်။ ဤသည် 'ဟုဒိုင်ဗီယဟ်' စစ်ပြေငြိမ်းရေးစာချုပ် ချုပ်ဆိုစဉ်က ခက်ခဲကြမ်းတမ်းသော စမ်းသပ်မှုများ၏ ဆုလဒ်များလည်း ဖြစ်သည်။ ထိုစဉ်က ၎င်းတို့၏ နှလုံးသားမှ ယုံကြည်မှုနှင့် နှလုံးသားမှ ဆန္ဒများနှင့် ဆန့်ကျင်သော ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုပြီး မက္ကာဟ်သို့ မဝင်ရဘဲ စသော ဆန္ဒမပြည့်ဝဘဲ ပြန်လာရခြင်းများရှိခဲ့ပါလျက် ၎င်းတို့၏ ခြေလှမ်းများသည် ယိမ်းယိုင်မသွားဘဲ ရှိခဲ့ကြသည်။ ထို့ပြင် ရစူလွလ္လာဟ် ﷺ ၏ အမိန့်တော်အား နာခံမှုနှင့် အီမာန်၏ အင်အားကို ပြသခဲ့ခြင်းတို့မှာ တုနှိုင်းမဲ့ လုပ်ရပ်များပင် ဖြစ်သည်။ ထိုနည်းတူစွာ ဆွဟာဗာများ၏ ထူးမြတ်မှုများနှင့် လက္ခဏာများကို အသေးစိတ် တင်ပြရခြင်း၏ အခြားအကြောင်းတစ်ရပ်မှာ ကိုယ်တော်မြတ် ﷺ ၏ နောက်တွင် အခြားမည်သည့်နဗီရစူလ်မျှ ပွင့်ပေါ်ရန် မရှိတော့ပေ။ ကိုယ်တော်မြတ် ﷺ သည် မိမိ၏နောက်တွင် အမွှသ်အတွက် 'ကိသာဗွလ္လာဟ်' (ကုရ်အာန်ကျမ်းမြတ်) နှင့်အတူ မိမိ၏ ဆွဟာဗာများကို နမူနာအဖြစ် ထားရစ်ခဲ့မည်ဖြစ်သည်။ ၎င်းတို့၏ နောက်လိုက်ပြုကြရန် အမိန့်တော်များ ချမှတ်ခဲ့သည်။ ထို့ကြောင့် ကုရ်အာန်ကျမ်းတော်မြတ်သည်လည်း ၎င်းတို့၏ အချို့ထူးမြတ်မှုများနှင့် လက္ခဏာအချို့တို့ကို တင်ပြမိန့်ကြားလျက် မွတ်စ္စလင်မ်များအား ၎င်းတို့၏ နောက်လိုက်သမှု ပြုကြရန် နှိုးဆော်မိန့်ကြားထားခြင်း ဖြစ်သည်။

ပထမဂုဏ်ရည်

ဤနေရာတွင် ဆွဟာဗာများ၏ ပထမဦးဆုံး ဂုဏ်ရည်ကို တင်ပြထားသည်မှာ ‘၎င်းတို့သည် ကာဖိရ်များနှင့် ရင်ဆိုင်ရာတွင် ကြမ်းတမ်းခက်ထန်၍ အချင်းချင်းတွင် ကရုဏာမေတ္တာများဖြင့် ကိုယ်ကျိုးစွန့်လေ့ ရှိကြသည်။

ဆွဟာဗာများ၏ ဤထူးခြားမှုများသည် ‘မုဟာဂျိရ်’ (မက္ကာဟ်ရွှေမြို့တော်မှ ပြောင်းရွှေ့လာခဲ့သူ ဆွဟာဗာများ) နှင့် အန်ဆွာရ် (မဒီနာမြို့နေ အိမ်ရှင်ဆွဟာဗာများ) တို့အကြား ညီနောင်ဖွဲ့ပေးစဉ်မှ စခဲ့သည်။ အန်ဆွာရ်တို့သည် မိမိတို့၏ ပစ္စည်းအားလုံး၏ ပိုင်ဆိုင်မှုများမှ ‘မုဟာဂျိရ်’များကိုလည်း ခွဲဝေပေးခဲ့ကြသည်။ ကုရ်အာန်ကျမ်းမြတ်သည် ဆွဟာဗာများ၏ ဤဂုဏ်ရည်ကို ရှေ့တန်းတင် ဖော်ပြမိန့်ကြားထားသည်။ အကြောင်းမှာ ၎င်းတို့၏ မိတ်ဆွေဖြစ်မှု၊ ရန်သူဖြစ်မှု၊ ချစ်ခင်ခြင်း (သို့) မုန်းတီးခြင်းတို့တွင် မည်သည့်အရာသည်မျှ မိမိတို့၏ ပင်ကိုယ်အကျိုးအတွက် မဟုတ်ဘဲ အလ္လာဟ်အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်၏ နှစ်လိုလက်ခံကျေနပ်မှု ရရှိရန်အတွက်သာ ဖြစ်သည်။ ဤအချက်သည် ပင် အီမာန်ပြည့်စုံခြင်း၏ အမြင့်ဆုံးအဆင့် ဖြစ်သည်။

ဆွဟီးဟ်ဘိုခါရီ စသော ကျမ်းများ၌ ဟဒီးစ်တော်လာရှိသည်မှာ-

من احبّ لله وابغض لله فقد استكمل ايمانه

ဟု ဖြစ်သည်။ ဆိုလိုသည်မှာ ‘မည်သူမဆို မိမိ၏ ချစ်ခင်ခြင်းနှင့် မုန်းတီးခြင်း နှစ်မျိုးစလုံးကို အလ္လာဟ်အသျှင်မြတ်၏ နှစ်မြို့မှုအတွက်သာ ပြုလုပ်ပါလျှင် ထိုသူသည် မိမိ၏ အီမာန်ကို ပြည့်ဝအောင် ပြုလုပ်လိုက်သူ ဖြစ်သည်။

ဤအချက်အားဖြင့် အတည်ဖြစ်သည်မှာ ဆွဟာဗာများသည် ကာဖိရ်တို့နှင့် ရင်ဆိုင်သည့်ခါ ကြမ်းတမ်းခက်ထန်သည်ဟု ဆိုရာ၌ ၎င်းတို့သည် ကာဖိရ်တို့အပေါ် အကြင်နာတရား မထားကြဟု ဆိုလိုခြင်းမဟုတ်ဘဲ အလ္လာဟ်အသျှင်မြတ်နှင့် ရစူလ်တမန်တော်တို့က ကာဖိရ်များအပေါ် ကြမ်းတမ်းရန် မိန့်ကြားထားတော်မူရာ ၎င်းတို့အဖို့ မိမိတို့၏ ဆွေမျိုးသားချင်းတော်စပ်မှု၊ (သို့) မိတ်ဆွေ စသော ပတ်သက်ဆက်နွယ်ခြင်းများသည် ထိုအမိန့်တော်အတွက် အတားအဆီးမဖြစ်တော့ပေဟူ၍သာတည်း။ ထို့ပြင် ထိုကာဖိရ်များအပေါ် သနားကြင်နာမှုများ ထားရှိခြင်းနှင့်စပ်လျဉ်း၍ ကုရ်အာန်ကျမ်းတော်မြတ်က အာယသ်တော်

لَايَنْهَا كُمُ اللّٰهُ (မှ) اَنْ تَبَرُّوْا وَ تُقْسِطُوْا اِلَيْهِمْ

ဖြင့် ဆုံးဖြတ်ချက် ချမှတ်ပြဋ္ဌာန်းပေးခဲ့လေသည်။ ဆိုလိုသည်မှာ ‘မွတ်စ္စလင်မ်တို့အား ဒုက္ခပေးတိုက်ခိုက်ခြင်း မပြုသော ကာဖိရ်များအား ကောင်းမွန်စွာ ဆက်ဆံခြင်းကို အလ္လာဟ်အသျှင်မြတ်သည်

တားမြစ်တော်မမူပေ'ဟု ဖြစ်သည်။ သို့ဖြစ်ပေရာ ကိုယ်တော်မြတ် ﷺ နှင့် ဆွဟာဗာများသည် များစွာသော ဖြစ်ရပ်များတွင် အားနည်းသူ၊ ကျပ်တည်းသူ (သို့) လိုအပ်ချက်ဖြစ်ပေါ်သူ ကာဖိရ်များအပေါ် ကောင်းစွာ ဆက်ဆံခြင်းများ ပြုခဲ့ကြသည်။ ၎င်းတို့အပေါ် ၎င်းတို့၏ အရေးကိစ္စများတွင် တရားမျှတမှုကို မူမပျက် ထားရှိခြင်းမှာမူ အစ္စလာမ်၏ အမိန့်ဥပဒေသာ ဖြစ်သည်။ စစ်ပွဲ၌ပင် တရားမျှတမှုကို ဆန့်ကျင်၍ မည်သည့် အလုပ်မျှ ပြုလုပ်ခြင်း မပိုင်ပေ။

ဒုတိယဂုဏ်ရည်

ဆွဟာဗာများ၏ ဒုတိယဂုဏ်ရည်ကို ဖော်ပြသည်မှာ ၎င်းတို့သည် များသောအားဖြင့် 'ရုကူအ်'၊ 'စဂျ်ဒဟ်'နှင့် နမာဇ်များ၌သာ မွေ့လျော်လျက် ရှိနေခဲ့ကြသည်။ ၎င်းတို့အား တွေ့မြင်သူသည် များသော အားဖြင့် ဤအလုပ်များ၌ မွေ့လျော်နေကြသည်ကိုသာ တွေ့မြင်ရပေမည်။

ပထမဂုဏ်ရည်မှာ အီမာန်ပြည့်ဝခြင်း၏ လက္ခဏာဖြစ်၍ ဒုတိယဂုဏ်ရည်မှာ 'အမလ်'ကောင်းမှု ကိုယ်ကျင့်တရား ပြည့်စုံမှုကို တင်ပြခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကျင့်စဉ်များတွင် အထူး မြတ်ဆုံးမှာ နမာဇ်ဖြစ်သောကြောင့်ပင် ဖြစ်သည်။

سِيْمَاهُمْ فِيْ وُجُوْهِهِمْ مِّنْ اَثَرِ السُّجُوْدِ

(၎င်းတို့၏ အမှတ်လက္ခဏာသည် 'စဂျ်ဒဟ်'ပျပ်ဝပ်ဦးချခြင်းကြောင့် ၎င်းတို့၏ မျက်နှာများတွင် ထင်ပေါ်လျက် ရှိနေပေသည်။) [၄၈ : ၂၉]

ဆိုလိုသည်မှာ နမာဇ်သည် ၎င်းတို့ဘဝ၏ အမြဲတမ်းအလုပ် ဖြစ်သွားသည်မှာ နမာဇ်နှင့် 'စဂျ်ဒဟ်' ပြုခြင်း၏ ထူးခြားသော လက္ခဏာများသည် ၎င်းတို့၏ မျက်နှာများ၌ တွေ့ရှိရပေသည်။

ထိုသင်္ကေတ လက္ခဏာများဆိုသည်မှာ 'အေဗာဒသ်' ပြုသူ၊ ကြောက်ရွံ့စိတ်နှင့် ရိုကျိုးမှုရှိသူ 'မွတ်သက္ကီ'၏ မျက်နှာတွင် တွေ့မြင်ရသော 'နူရ်'အလင်းရောင်များပင် ဖြစ်သည်။ နဖူး၌ 'စဂျ်ဒဟ်' ၏ သင်္ကေတထင်ခြင်းကို ဆိုလိုခြင်းမဟုတ်ပေ။ အထူးသဖြင့် 'သဟဂျ်ဂျဒ်'နမာဇ်ကို ဝတ်ပြုခြင်းသည် ဤ လက္ခဏာများကို ပိုမိုပေါ်လွင်စေသည်။ အိဗ်နမာဂျာဟ်ကျမ်း၌ ဟဇရသ်ဂျာဗိရ် ؓ သခင်၏ ဆင့်ပြန်ချက် တွင် တမန်တော်မြတ် ﷺ မိန့်ကြားတော်မူသည်မှာ

من كثر صلوته بالليل حسن وجهه بالنهار

ဟု ဖြစ်သည်။ ဆိုလိုသည်မှာ 'မည်သူမဆို ညအချိန်တွင် နမာဇ်ကို များပြောင်စွာ ဝတ်ပြုပါလျှင် နေ့အခါ၌ ၎င်း၏ မျက်နှာကို လှပသော 'နူရ်'အပြည့်နှင့် မြင်တွေ့ရပေမည်' ဟု ဖြစ်သည်။ ဟဇရသ် ဟစန်ဗဆွရီ (ရဟ) က 'ဤသည် 'ကေယာမသ်'နေ့တွင် မြင်တွေ့ရမည့် နမာဇ်ဝတ်ပြုသူတို့၏ မျက်နှာ များမှ 'နူရ်'ကို ဆိုလိုသည်'ဟု မိန့်ဆိုခဲ့သည်။

ذٰلِكَ مَثَلُهُمْ فِى التَّوْرٰىةِ ۚ وَمَثَلُهُمْ فِى الْاِنْجِيْلِ كَزَرْعٍ اَخْرَجَ شَطْاَهٗ

(ဤသည် 'သောင်ရားသ်' ကျမ်းတော်၌ လာရှိသော ၎င်းတို့၏ ထူးခြားချက်ပင် ဖြစ်၏။ ထို့ပြင် 'အင်န်ဂျီးလ်' ကျမ်းတော်၌ လာရှိသော ၎င်းတို့၏ ထူးခြားချက်သည် (ဤသို့ဖြစ်၏။) မျိုးစေ့နှင့် ပမာတူ၏။ ယင်းမျိုးစေ့သည် မိမိ၏ အစိုအညှောင့်ကို ထွက်စေခဲ့၏။) *[၄၈ : ၂၉]*

ဆွဟာဗာများ၏ လက္ခဏာများကို အထက်၌ တင်ပြခဲ့သည်မှာ ကာဖိရ်များနှင့် နှိုင်းယှဉ်လျှင် 'စဂျ်ဒဟ်'များနှင့် နမာဇ်ဝတ်ပြုခြင်းတို့၏ 'နူရ်' အလင်းရောင်သည် ၎င်းတို့၏ နဖူးများ၏ လက္ခဏာများ အဖြစ်ရှိမည် ဖြစ်သည်။ ဤအာယသ်တော်တွင် ၎င်းတို့၏ ဤဥပမာများကို 'သောင်ရားသ်' ကျမ်းတွင်လည်း တင်ပြထားကြောင်း မိန့်ဆိုထားသည်။ ထို့နောက် 'အင်န်ဂျီးလ်' ကျမ်းတွင် ၎င်းတို့၏ အခြားဥပမာ တစ်ရပ်ကို တင်ပြထားသည်ဟုလည်း မိန့်ကြားထားသည်။ ၎င်းဥပမာမှာ '၎င်းတို့၏ ဥပမာမှာ လယ်သမား တစ်ဦးသည် လယ်မြေ၌ မျိုးစေ့ကြဲလိုက်သည်။ ပထမဦးစွာ ထိုမျိုးစေ့သည် အားအင်ချည့်နဲ့သော အစို့ အညှောင့် တစ်ခုသဏ္ဍာန်ဖြင့် ထွက်ပေါ်လာသည်ကို တွေ့မြင်ရပေသည်။ ထို့နောက် ထိုအစို့အညှောင့်တွင် အကိုင်းအလက်များ ထွက်ပေါ်လာသည်။ ထို့နောက် ထိုအကိုင်းအလက်တို့သည် ပို၍ တုတ်ခိုင်လာသည်နှင့်အမျှ ပင်စည်မှာလည်း ပို၍ တုတ်ခိုင်လာခဲ့သည်။ ဤနည်းတူစွာ နဗီကိုယ်တော်မြတ် ﷺ ၏ ဆွဟာဗာများသည် အစကနဦးတွင် လွန်စွာ အင်အားချို့တဲ့ခဲ့ကြသည်။ တစ်ချိန်က ဆိုလျှင် ကိုယ်တော်မြတ် ﷺ အပြင် လူ (၃) ဦးမျှသာ ရှိခဲ့သည်။ အမျိုးသားများတွင် ဟဇရသ်အဘူဗကရ်စွဒ်ဒီးက် ؓ သခင်၊ အမျိုးသမီးများတွင် ဟဇရသ်ခဒီဂျာဟ် ؓ သခင်မနှင့် ကလေးများတွင် ဟဇရသ်အလီ ؓ သခင်တို့သာ ရှိခဲ့ကြပြီး တစ်စတစ်စနှင့် ၎င်းတို့၏ အင်အားတိုးပွားလာခဲ့သည်။ နောက်ဆုံးတွင် 'ဟဂ်ျဂျသွာလ်ဝဒါးအ်' ပြုသည့်အချိန်၌ ကိုယ်တော်မြတ် ﷺ နှင့်အတူ 'ဟဂ်ျ'တွင် ပါဝင်သူတို့၏ အရေအတွက်မှာ 'တစ်သိန်းခွဲ' နီးပါးအထိ ရှိခဲ့ကြောင်း လာရှိထားသည်။

ဤအာယသ်တော်တွင် အလိုသဘော (၃) မျိုး ရှိသည်။

(၁) فِى التَّوْرٰىةِ တွင် وقف 'ဝက်ဖ်' လုပ် ရပ်တန့်လိုက်ပါလျှင် တင်ပြခဲ့သော ဥပမာ (ဝါ) မျက်နှာများ၏ 'နူရ်' လင်းဝင်းခြင်း လက္ခဏာသည် 'သောင်ရာသ်' ကျမ်း၏ အညွှန်းဖြင့် တင်ပြခြင်း ဖြစ်သည်။ ရှေ့၌ مَثَلُهُمْ فِى الْاِنْجِيْلِ တွင် وقف 'ဝက်ဖ်'လုပ် ရပ်တန်းခြင်းမပြုဘဲ ဆက်၍ ဖတ်မည်ဆိုလျှင် အဓိပ္ပာယ်မှာ 'ဆွဟာဗာများ၏ ဥပမာသည် 'အင်န်ဂျီးလ်'ကျမ်း၌ ဖော်ပြထားသည်မှာ 'အစကနဦးတွင် အလွန်ပင် အင်အားချည့်နဲ့ နေပြီး တစ်စတစ်စဖြင့် တုတ်ခိုင်သန်မာလာသော သစ်ပင်ကဲ့သို့ ဖြစ်သွားသည်' ဟူ၏။

(၂) فِى التَّوْرٰىةِ တွင် وقف 'ဝက်ဖ်' လုပ် ရပ်နားခြင်းမပြုဘဲ فِى الْاِنْجِيْلِ ၌ وقف 'ဝက်ဖ်' လုပ် ရပ်တန့်မည်ဆိုလျှင် အဓိပ္ပာယ်မှာ 'ဖော်ပြပါမျက်နှာများရှိ 'နူးရ်' အလင်းရောင် အမှတ်အသားများကို တင်ပြသည့် တင်ပြချက်သည် 'သောင်ရားသ်'ကျမ်း၌သော်လည်းကောင်း၊ 'အင်န်ဂျီးလ်'

ကျမ်း၌သော်လည်းကောင်း ဖော်ပြထားသည်'ဟု ဖြစ်သည်။ ရှေ့၌ كَزَرْعٍ ၏ ဥပမာကို သီးခြားဥပမာ တစ်ရပ်အဖြစ် သတ်မှတ်ရပေမည်။

(၃) فِى التَّوْرَاةِ ၌ စကားဆုံးသွားပြီဟု မသတ်မှတ်ဘဲ فِى الْاِنْجِيْلِ တွင်လည်း စကား ဆုံးသွားပြီဟု မသတ်မှတ်ပါက ၄င်းနောက်

ذٰلِكَ ဟူသော စာလုံးသည် ရှေ့၌ တင်ပြမည့် ဥပမာပေးခြင်းဘက်သို့ ရည်ညွှန်းခြင်းဖြစ်လျှင် အဓိပ္ပာယ်မှာ 'သောင်ရားသ်'နှင့် 'အင်န်ဂျီးလ်'ကျမ်း နှစ်စောင်စလုံးတွင် ဆွဟာဗာများ၏ ဥပမာကို زَرْعٍ လယ်ယာနှင့် ခိုင်းနှိုင်းထားသည်'ဟု ဖြစ်ပေမည်။ အကယ်၍ ဤခေတ်သမယတွင် 'သောင်ရားသ်'နှင့် 'အင်န်ဂျီးလ်'ကျမ်းတို့သည် မူလပုံစံ အစစ်အမှန်အတိုင်း ရှိနေမည်ဆိုလျှင် ၄င်းတို့ကို ကြည့်၍ ကုရ်အာန် ကျမ်းတော်မြတ်၏ အလိုသဘောကို သတ်မှတ်ခြင်း ပြုနိုင်ပေမည်။ သို့ရာတွင် ၄င်းကျမ်းများတွင် ပြုပြင် ပြောင်းလဲမှုများစွာ ဖြစ်ရှိထားသောကြောင့် မည်သည့်အရာကိုမျှ အတိအကျ ဆုံးဖြတ်ခြင်း မပြုနိုင်တော့ပေ။ သို့ရာတွင် အဖွင့်ပညာရှင်အများစုတို့သည် ပထမအလိုသဘောကို ဦးစားပေးခဲ့ကြသည်။ ထိုဦးစား ပေးခြင်းတွင် ပထမဥပမာသည် 'သောင်ရားသ်'ကျမ်း၌လည်းကောင်း၊ ဒုတိယဥပမာသည် 'အင်န်ဂျီးလ်' ကျမ်း၌လည်းကောင်း ရှိကြောင်း သိရှိရသည်။ အေမာမ်ဗဂဝီ (ရဟ) က မိန့်ဆိုသည်မှာ အစကနဦးတွင် နည်းပါး၍ ထို့နောက်တွင် တိုးပွားလာပေမည်။ အင်အားတိုးတက်လာပေမည်'ဟူသော ဆွဟာဗာသခင် ကြီးများ၏ ဤဥပမာသည် 'အင်န်ဂျီးလ်'ကျမ်းတွင် ပါရှိ၏' ဟု ဖြစ်သည်။ ဟဇရသ်ကသာဒဟ် (ရဟ) က မိန့်ဆိုသည်။ ဆွဟာဗာများ၏ ဤဥပမာကို 'အင်န်ဂျီးလ်'ကျမ်း၌ ဤသို့ ရေးသားထားသည်။ 'အုပ်စု တစ်စုသည် ဤသို့ ထွက်ပေါ်လာပေလိမ့်မည်။ ၄င်းတို့သည် လယ်ယာကဲ့သို့ တိုးပွားလာပေမည်။ ၄င်းတို့သည် ကောင်းမြတ်သော အလုပ်များကို ပြုကျင့်ရန် အမိန့်ပေးခြင်းကိုလည်းကောင်း၊ မကောင်းသော လုပ်ရပ် များမှ တားမြစ်ခြင်းကိုလည်းကောင်း ပြုကြပေလိမ့်မည်'ဟု ဖြစ်သည်။ *[မဇ္ဇဟရီကျမ်း]*

မျက်မှောက်ခေတ်တွင် ရှိသော 'သောင်ရားသ်'နှင့် 'အင်န်ဂျီးလ်'ကျမ်းများတွင်လည်း ပြုပြင် ပြောင်းလဲမှုများစွာ ပြုလုပ်ပြီးသည့်တိုင် ထိုအကြောင်း ကြိုတင်မိန့်ကြားချက်ကို တွေ့ရှိရသည်။

[ကြည့်- သောင်ရားသ်ကျမ်း၊ အိစ်သိဆနာဗားဗ်၊ ၁၂၃၊ ၁-၃။]

ထိုအကြောင်း အသေးစိတ်ဖော်ပြချက် အခြားသော ကိုးကားချက်များနှင့်တကွ 'အိဇ္ဇဟာရုတ် ဟတ်က်' အတွဲ ၃၊ အခန်း ၆၊ စာမျက်နှာ ၂၅၆ တွင် ရှိပေသည်။ ဤကျမ်းကို မောင်လာနာရဟ်မသွလ္လာဟ် ကီရာနဝီ (ရဟ) က အီစာအီတို့၏ ဖစ်မြစ်သရုပ်မှန်ကို ရှင်းလင်းစွာ ဖော်ထုတ်ရန်အတွက် ရေးသား ခဲ့ခြင်း ဖြစ်သည်။ ထိုကျမ်းတွင် အတွဲ (၃)၊ အခန်း (၆)၊ စာ (၃၁၀) ၌ 'အင်န်ဂျီးလ်'ကျမ်းလာ ဥပမာ များကို 'အင်န်ဂျီးလ်မသ်သာ'၊ အခန်း (၁၃)၊ အာယသ်တော် (၃၁) အညွှန်းဖြင့်လည်းကောင်း၊ 'အင်န်ဂျီးလ် မရ်ကိစ်' (၂၆ : ၄) အညွှန်းဖြင့်လည်းကောင်း တင်ပြရေးသားထားသည်။

لِيَغِيظَ بِهِمُ الْكُفَّارَ

(ယင်းသို့ ဖြစ်တော်မူခြင်းမှာ ၄င်း (မိုဟမ္မဒ်၏ အပေါင်းအဖော်) တို့ဖြင့် ကာဖိရ်သွေဖည်ငြင်းပယ်ကြသော သူတို့အား အမျက်ဒေါသ ထွက်စေရန်အလို့ငှာ ဖြစ်ပေသည်။) *[၄၈ : ၂၉]*

ဆိုလိုသည်မှာ 'အလ္လာဟ်အသျှင်မြတ်သည် ဆွဟာဗာများအား ပြည့်စုံသော ဂုဏ်ရည်များဖြင့် တင်တယ်လှပစေတော်မူခဲ့သည်။ ၄င်းတို့ကို အားနည်းခြင်းမှ အားအင်ပြည့်ဝခြင်းအဖြစ်သို့လည်းကောင်း၊ နည်းပါးခြင်းမှ များပြားခြင်းအဖြစ်သို့လည်းကောင်း ချီးမြှင့်တော်မူခဲ့သည်။ ဤအချင်းကိစ္စများကို ၄င်းကာဖိရ်တို့အား တွေ့မြင်စေလျက် ၄င်းတို့အဖို့ ဒေါသထွက်စေရန်ဖြစ်သည်။ ၄င်းတို့သည် မနာလို မရှုစိမ့်ခြင်း၏ မီးတွင် လောင်မြိုက်စေရန်ဖြစ်သည်။ ဟဇရသ်အဗူအွရ်ဝဟ်ဇုဗိုင်ရီ (ရဟ) က မိန့်ဆိုသည်မှာ 'ကျွန်ုပ်တို့သည် အေမာမ်မာလိက် (ရဟ) ၏ ထိုင်ဝိုင်း၌ ရှိနေစဉ် လူတစ်ဦးသည် အချို့ဆွဟာဗာများ၏ ပြစ်ချက်ဆိုင်ရာ စကားလုံးများကို သုံးနှုန်းပြောဆိုလေသောအခါ အေမာမ်မာလိက် (ရဟ) က ဤအာယသ်တော်ကို အစမှ ဖတ်ပြလျက်

لِيَغِيظَ بِهِمُ الْكُفَّارَ

နေရာသို့ ရောက်သောအခါ 'မည်သူမဆို ၄င်း၏ စိတ်တွင် ဆွဟာဗာများအနက် တစ်ဦးဦးအပေါ် မလိုစိတ်ထားရှိပါက ဤအာယသ်တော်၏ သတိပေးခြိမ်းခြောက်ချက်ကို ထိုသူ ရရှိပေလိမ့်မည်'ဟု မိန့်ဆိုလေသည်။ *[ကုရ်သုဗီးကျမ်း]*

အေမာမ်မာလိက် (ရဟ) သည် 'ထိုသူသည် ကာဖိရ်ဖြစ်သွားပေမည်'ဟူ၍ မိန့်ဆိုခြင်း မပြုခဲ့ပေ။ သို့သာမက 'ဤသတိပေးခြိမ်းခြောက်ချက်သည် ထိုသူ့အဖို့လည်း ရရှိပေမည်'ဟု မိန့်ဆိုခဲ့သည်။ ဆိုလို သည်မှာ 'ထိုသူသည် ကာဖိရ်များကဲ့သို့ ပြုလုပ်သူ ဖြစ်သွားပေမည်'ဟု ဖြစ်သည်။

وَعَدَ اللّٰهُ الَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ مِنْهُمْ مَّغْفِرَةً وَّاَجْرًا عَظِيْمًا

(အလ္လာဟ်အသျှင်မြတ်သည် အီမာန်သက်ဝင်ယုံကြည်ပြီးနောက် ကောင်းမှုများကို ကျင့်မူဆောက်တည်ကြကုန်သော သူတို့အား ခွင့်လွှတ်ချမ်းသာပေးတော်မူရန်နှင့် ကြီးကျယ်လှစွာသော အကျိုးကို ချီးမြှင့်ပေးသနားတော်မူရန် ကတိပေးတော်မူခဲ့ပေသည်။) *[၄၈ : ၂၉]*

ဤအာယသ်တော်ရှိ مِنْهُمْ တွင် مِنْ ဟူသော အက္ခရာသည် ဤနေရာ၌ 'ဗယာနီယဟ်' (အကျယ်ဖွင့်တင်ပြသော အက္ခရာ) ဖြစ်ကြောင်း အဖွင့်ပညာရှင်အားလုံး တစ်ညီတစ်ညွတ်တည်း ဆိုကြသည်။ အဓိပ္ပာယ်မှာ 'အီမာန်သက်ဝင်ယုံကြည်ခြင်းနှင့် ကောင်းမှုကိုယ်ကျင့်တရားများအပေါ်၌ ရပ်တည်လျက်ရှိကြသော သူတို့အား အလ္လာဟ်အသျှင်မြတ်သည် 'မဂ်ဖေရသ်' လွတ်ငြိမ်းချမ်းသာခွင့်နှင့် ကြီးမားသော အကျိုးများ ပေးသနားတော်မူရန် ကတိပြုထားတော်မူသည်။ ဤသည်ကို ကြည့်ခြင်းအားဖြင့် ဆွဟာဗာများ အားလုံးသည် အီမာန်နှင့် ကောင်းမှုကိုယ်ကျင့်တရားများကို ပြည့်ပြည့်ဝဝ ပြုကျင့်ခဲ့သူများဖြစ်ကြောင်း သိရှိရသည်။ ဒုတိယအချက်အနေဖြင့် ၄င်းတို့အားလုံးကို 'မဂ်ဖေရသ်' နှင့် ကြီးမားသောအကျိုးများ ပေးသနား

တော်မူရန် ကတိပြုထားတော်မူခြင်း ခံထားရသူများဖြစ်ကြောင်း သိရှိရသည်။ ဤ مِنْ بَيَانِيَّه 'မင်န် ဗယာနီယဟ်' သည် ကုရ်အာန်ကျမ်းတော်မြတ်တွင် မြောက်မြားစွာ သုံးနှုန်းထားသည်။

ဥပမာ- رِجْسٌ သည် مِنَ الْاَوْثَانِ တွင် فَاجْتَنِبُوا مِنَ الْاَوْثَانِ ဟူသော စာလုံး၏ 'ဗယာနီယဟ်' ဖြစ်သည်။ အလားတူ ဤနေရာတွင် مِنْهُمْ သည် اَلَّذِيْنَ اٰمَنُوْا ၏ 'ဗယာန်' ဖြစ်သည်။

ရဝါဖိဇ်တို့က ဤနေရာတွင် مِنْ စာလုံးကို تبعيض 'သဗ်အီးဒ်' (တစ်စိတ်တစ်ဒေသ၊ တစ်ချို့ တစ်ဝက်) အတွက်သာ ဖြစ်သည်ဟုဆိုလျက် 'ငင်းတို့အနက် အီမာန်နှင့် ကောင်းမှုကိုယ်ကျင့်တရားများ အပေါ်၌ ရှိသော အချို့သူတို့အပေါ်တွင် ဤကတိတော်ရှိခြင်း ဖြစ်သည်'ဟု အလိုသဘော ကောက်ယူကြသည်။ ဤအလိုသဘောသည် စာသွားစာလာအရဖြင့်လည်းကောင်း၊ အထက်မှ အာယသ်တော်များနှင့်လည်းကောင်း လုံးဝ ဆန့်ကျင်နေသည်။ အဘယ်ကြောင့်ဆိုသော် ဤအာယသ်တော်၏ အလိုသဘောတွင် 'ဟုဒိုင်ဗီယဟ်'ခရီးစဉ်နှင့် 'ဗိုင်အသ်ရိဒ်ဝါန်'၌ ပါဝင်သူ ဆွဟာဗာများအားလုံး လုံးဝ ပါဝင်ကြောင်းနှင့် အာယသ်တော်၏ ပထမရည်ညွှန်းခံ ပုဂ္ဂိုလ်မွန်တို့သည် ငင်းတို့သည်သာ ဖြစ်သည်။ ငင်းတို့နှင့် စပ်လျဉ်း၍ အထက်မှ အာယသ်တော်များတွင် အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ သဘောတူ ကျေနပ်နှစ်မြို့မှု ရှိတော်မူကြောင်း ကြေညာချက် ထုတ်ပြန်တော်မူထားသည်။

لَقَدْ رَضِيَ اللّٰهُ عَنِ الْمُؤْمِنِيْنَ اِذْ يُبَايِعُوْنَكَ تَحْتَ الشَّجَرَةِ

(အို့၊ နဗီတမန်တော်၊ မုအ်မင်န်သက်ဝင်ယုံကြည်သူတို့သည် သစ်ပင်အောက်တွင် အသင် (မိုဟမ္မဒ်) နှင့် 'ဗိုင်အသ်' ကတိသစ္စာ ပြုနေကြစဉ်အခါ၌ ဧကန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် ငင်းတို့အပေါ်ဝယ် ကျေနပ်တော်မူခဲ့၏။) *[၄၈ : ၁၈]*

ဟူ၍ မိန့်တော်မူထားသည်။ အလ္လာဟ်အသျှင်မြတ်၏ ဤကျေနပ်နှစ်သက်မှုသည် 'ငင်းတို့အားလုံးသည် နောက်ဆုံးထွက်သက်အထိ အီမာန်နှင့် ကောင်းမှုကိုယ်ကျင့်တရားများအပေါ်၌သာ ရပ်တည်နေကြပေလိမ့်မည်' ဟု အာမခံ တာဝန်ယူလိုက်ခြင်းပင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်သည် အရာရာကို အကြွင်းမဲ့ သိမြင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူသောကြောင့် ဖြစ်သည်။ အကယ်၍ တစ်စုံတစ်ဦးနှင့် စပ်လျဉ်း၍ ဤသူသည် တစ်ချိန်ချိန်တွင် အီမာန်မှ လွဲဖယ်သွားမည့်သူ ဖြစ်ကြောင်း သိရှိတော်မူပါလျှင် ငင်းအား မိမိ၏ ကျေနပ်နှစ်သက်ကြောင်း ကြေညာ မိန့်ကြားတော်မူမည် မဟုတ်ပေ။

အိဗ်နုအဗ်ဒုလ်ဗရ် (ရဟ) က 'မုကဒ်ဒမဟ်အိဗ်သိအားဗ်' ကျမ်းတွင် ဤအာယသ်တော်ကို တင်ပြ၍ ရေးသားထားသည်မှာ ومن رضى الله عنه لم يسخط عليه ابدا ဟု ဖြစ်သည်။

ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်သည် တစ်စုံတစ်ဦးအား နှစ်သက်တော်မူလိုက်ပါလျှင် ထိုသူ့အပေါ် မည်သည့်အခါမျှ အမျက်တော် စူးရှတော်မူမည်မဟုတ်ပေ' ဟု ဖြစ်သည်။ တမန်တော်မြတ် ﷺ သည်

ဤအာယသ်တော်အပေါ် မိန့်ကြားတော်မူသည်မှာ '(မိုင်အသ်ရိဒ္ဓဝါန်) ၌ ပါဝင်ခဲ့ကြသူများအနက် မည်သူမျှ 'ဂျဟန္နမ်'သို့ လားရမည်မဟုတ်ပေ' ဟူ၍ပင်တည်း။ ဤကတိတော်သည် ၄င်းတို့အားလုံးအတွက် တိုက်ရိုက်ပြုထားသည်ဖြစ်ရာ ၄င်းတို့အနက် အချို့အတွက်မှာမူ မပါဝင်ဟုဆိုကာ ကန့်သတ်ထုတ်ပယ်ခြင်းမှာ လုံးဝမှားယွင်း၏။ ထို့ကြောင့် အုမ္မသ်၏ ပညာရှင်များက ဆွဟာဗာ များအားလုံးသည် သမာသမတ်ကျသူများ ယုံကြည်စိတ်ချထိုက်သော၊ မှန်ကန်သော သူတော်မြတ်များဖြစ်ကြောင်း 'အိဂျ်မာအ်'တစ်ညီတည်း ဆိုကြခြင်း ဖြစ်သည်။

ဆွဟာဗာများအားလုံးသည် 'ဂျန္နသ်'သုခဘုံသားများဖြစ်ကြ၍ ၄င်းတို့၏ မေ့မှားမှုများမှာ 'မဂ်ဖိရသ်' လွတ်ငြိမ်းချမ်းသာခွင့် ရရှိမည်ဖြစ်၍ ၄င်းတို့အား ရှုတ်ချ သေးသိမ်စေခြင်းမှာ ကြီးလေးသော အပြစ်ထိုက်ခြင်း

ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်များစွာတို့တွင် ထိုအကြောင်း ရှင်းလင်းထားသည်။ ၄င်းတို့အနက် အချို့အာယသ်တော်များမှာမူ ဤစူရာဟ်တော်၌ပင် လာရှိခဲ့ပြီး ဖြစ်ပေသည်။

لَقَدْ رَضِيَ اللّٰهُ عَنِ الْمُؤْمِنِيْنَ နှင့် وَاَلْزَمَهُمْ كَلِمَةَ التَّقْوٰى وَكَانُوْا اَحَقَّ بِهَا وَاَهْلَهَا

ဟူသော အာယသ်တော်များ ဖြစ်သည်။ ဤအာယသ်တော်များအပြင် အခြားအာယသ်တော် များစွာတို့၌လည်း ဤအကြောင်းများကို ဖော်ပြထားသည်။

يَوْمَ لَا يُخْزِى اللّٰهُ النَّبِىَّ وَالَّذِيْنَ اٰمَنُوْا مَعَهٗ ؛

وَالسّٰبِقُوْنَ الْاَوَّلُوْنَ مِنَ الْمُهٰجِرِيْنَ ؛ وَالْاَنْصَارِ وَالَّذِيْنَ اتَّبَعُوْهُمْ بِاِحْسَانٍ

رَضِىَ اللّٰهُ عَنْهُمْ وَرَضُوْا عَنْهُ وَاَعَدَّ لَهُمْ جَنّٰتٍ تَجْرِىْ تَحْتَهَا الْاَنْهٰرُ

အစရှိသော အာယသ်တော်များ ဖြစ်သည်။ ထို့ပြင် စူရာဟ် 'ဟဒီးဒ်'တွင် အလ္လာဟ်အသျှင်မြတ်က ဆွဟာဗာများနှင့် စပ်လျဉ်း၍ မိန့်ကြားတော်မူသည်မှာ وَكُلًّا وَّعَدَ اللّٰهُ الْحُسْنٰى ဟု ဖြစ်သည်။ ဆိုလိုသည်မှာ '၄င်းတို့အားလုံးအတွက် အလ္လာဟ်အသျှင်မြတ်သည် حُسْنٰى 'ဟုစ်နာ'ကို ချီးမြှင့်ရန် ကတိပြုထားတော်မူသည်။ တစ်ဖန် စူရာဟ်အန်ဗီယာတွင် حُسْنٰى 'ဟုစ်နာ'နှင့် စပ်လျဉ်း၍ မိန့်ကြားသည်မှာ-

اِنَّ الَّذِيْنَ سَبَقَتْ لَهُمْ مِّنَّا الْحُسْنٰى اُولٰٓئِكَ عَنْهَا مُبْعَدُوْنَ

ဟု ဖြစ်သည်။ ဆိုလိုသည်မှာ 'ငါအသျှင်မြတ်ဘက်တော်မှ حُسْنٰى 'ဟုစ်နာ' ရရှိလိမ့်မည်ဟု ဆုံးဖြတ်ခံရပြီးသူတို့သည် 'ဂျဟန္နမ်'နှင့် ဝေးလံစွာ ထားခြင်း ခံရပေမည်'ဟု ဖြစ်သည်။ ထို့ပြင် တမန်တော်မြတ် ﷺ မိန့်ကြားတော်မူသည်မှာ-

خيرالقرون قرنى ثم الّذين يلونهم ثم الّذين يلونهم

ဟု ဖြစ်သည်။ ဆိုလိုသည်မှာ 'ခေတ်သမယအားလုံးတို့တွင် ငါကိုယ်တော်၏ ခေတ်သည် အကောင်းမြတ်ဆုံးခေတ် ဖြစ်သည်။ ထို့နောက် ငါကိုယ်တော်၏ ခေတ်နှင့် နီးကပ်သူတို့၏ ခေတ်သည် အကောင်းမြတ်ဆုံး ဖြစ်သည်။ တစ်ဖန် ထိုသူများ၏ ခေတ်နှင့် နီးကပ်သူတို့၏ ခေတ်သည် အကောင်းမြတ်ဆုံး ဖြစ်သည်'

[ဘုခါရီကျမ်း]

အခြားဟဒီးစ်တော်တစ်ပါး၌ လာရှိသည်မှာ 'ငါကိုယ်တော်၏ ဆွဟာဗာများကို မကောင်းပြောဆိုခြင်း မပြုကြလေနှင့်။ အဘယ်ကြောင့်ဆိုသော် (၎င်းတို့၏ အီမာန်၏ အင်အားကြောင့် ၎င်းတို့၏ အခြေအနေမှာ) အကယ်၍ အသင်တို့အနက် တစ်စုံတစ်ဦးသည် အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ 'အုဟုဒ်' တောင်သမျှ 'ရွှေ'ကို လှူဒါန်းလိုက်ပါလျှင် ထိုလှူဒါန်းမှုသည် ထို (ဆွဟာဗာများ) သုံးစွဲလှူဒါန်းခဲ့သည့် မွဒ်တစ်ခုစာမျှနှင့်ပင် မညီမျှနိုင်ပါ။ ထို့ပြင် မွဒ်တစ်ဝက် လှူဒါန်းခြင်းနှင့်ပင် မတူညီနိုင်ပါ။ (မွဒ်) ဆိုသည်မှာ အာရဗ်တို့၏ အလေးချိန်တစ်ခု၏ အမည်ဖြစ်သည်။ *[ဘုခါရီကျမ်း]*

ဟဇရတ်ဂျာဗိရ် ﷺ သခင်၏ ဟဒီးစ်တော်တွင် တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ 'အလ္လာဟ်အသျှင်မြတ်သည် ငါကိုယ်တော်၏ ဆွဟာဗာများကို တစ်လောကလုံးမှ နှစ်သက်၍ ရွေးချယ်တော်မူသည်။ တစ်ဖန် ငါကိုယ်တော်၏ ဆွဟာဗာများအနက် (၄) ဦးကို 'ငါကိုယ်တော်၏ အရိုက်အရာအတွက် နှစ်သက်တော်မူသည်။ ၎င်းတို့မှာ ဟဇရတ်အဗူဗကရ် ﷺ ၊ ဟဇရတ်ဥမရ် ﷺ ၊ ဟဇရတ်ဥသ်မာန် ﷺ နှင့် ဟဇရတ်အလီ ﷺ တို့ ဖြစ်သည်' ဟူ၏။

အခြားဟဒီးစ်တော်တစ်ပါး၌ လာရှိသည်မှာ-

الله الله فى اصحابى لاتتخذ وهم غرضًامن بعدى فمن احبّهم فبحبّى
احبّهم ومن ابغضهم فببغضى ابغضهمومن اٰذاهم فقداٰذا نى
وَمن اٰذا نى فقد اٰذى اللهومن اٰذى الله فيوشك ان يأخذهٗ

ဟု ဖြစ်သည်။ ဆိုလိုသည်မှာ 'အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ကြကုန်။ အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ကြကုန်။ ငါကိုယ်တော်၏ နောက်တွင် ငါကိုယ်တော်၏ ဆွဟာဗာတို့အား ဆဲရေးခြင်းပြုရာ ပစ်မှတ်များအဖြစ် မပြုကြလေနှင့်။ အဘယ်ကြောင့်ဆိုသော် မည်သူမဆို ၎င်းတို့အား ချစ်ခင်ခဲ့ပါလျှင် ငါကိုယ်တော်၏ အချစ်ဖြင့် ၎င်းတို့အား ချစ်ခင်ခြင်းဖြစ်သည်။ မည်သူမဆို ၎င်းတို့အား မုန်းတီးခြင်းပြုခဲ့ပါလျှင် ငါကိုယ်တော်အား မုန်းတီးခြင်းကြောင့် ၎င်းတို့အား မုန်းတီးခြင်းဖြစ်သည်။ မည်သူမဆို ၎င်းတို့အား ဒုက္ခပေးခဲ့ပါလျှင် ထိုသူသည် ငါကိုယ်တော့်အား ဒုက္ခပေးခြင်းဖြစ်သည်။ ငါကိုယ်တော်အား ဒုက္ခပေးသူသည် အလ္လာဟ်အသျှင်မြတ်အား ဒုက္ခပေးခြင်းဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်အား ဒုက္ခပေး

ရန် ရည်ရွယ်သူသည် အလ္လာဟ်အသျှင်မြတ်က ၎င်းအား 'အစားဖ်' အပြစ်ဒဏ်၌ ဖမ်းဆီးရန် နီးကပ်သွားသူပင် ဖြစ်ပေသည်။ *[ဂျမ်အွလ်ဖဝါအိဒ်ကျမ်း]*

ဆွဟာဗာများနှင့် စပ်လျဉ်းသော အာယသ်တော်များနှင့် ဟဒီးစ်တော်မြောက်မြားစွာ ရှိသည်။ ၎င်းတို့ကို ကျွန်ုပ် ရေးသားပြုစုထားသည့် 'မကာမေဆွဟာဗဟ်' ကျမ်းတွင် စုစည်းတင်ပြထားသည်။ ဆွဟာဗာများအားလုံး၏ သမာသမတ်ရှိမှု၊ ယုံကြည်စိတ်ချက်ထိုက်သူများ ဖြစ်ခြင်းနှင့် မှန်ကန်သူများဖြစ်ခြင်း အပေါ် အွမ္မသ်တစ်ရပ်လုံး၏ ပညာရှင်အားလုံး၏ 'အိဂျ်မာအ်' တစ်ညီတစ်ညွတ်တည်း အဆိုရှိသည်။ ဆွဟာဗာများအကြား အချင်းချင်း ကွဲလွဲမှုများနှင့် တိုက်ခိုက်ခြင်းအထိ ဖြစ်ခဲ့သည်များနှင့်စပ်လျဉ်း၍ ငြင်းခုံမှုပြုခြင်း၊ လေ့လာဆန်းစစ်ခြင်းနှင့် သို့မဟုတ်က နှုတ်ဆိတ်ရမည်လောဟူသည့် အချက်အလက်ဆိုင်ရာ 'မတ်စ်လဟ်' များကိုလည်း ဤကျမ်း၌ အသေးစိတ်ဖော်ပြထားပါသည်။ စူရာဟ်မိုဟမ္မဒ်၌လည်း ထိုအရာများအနက်မှ အရေးကြီး လိုအပ်သမျှကို တင်ပြခဲ့ပြီး ဖြစ်ပါသည်။ ထိုကျမ်းကို လေ့လာကြည့်ရှုပါလေ။

◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆

စူရာဟ်ဟုဂျုရာသ်

အတွင်းဆောင်များကဏ္ဍ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْا لَا تُقَدِّمُوْا بَيْنَ يَدَيِ اللّٰهِ وَرَسُوْلِهٖ وَ
اتَّقُوا اللّٰهَ ۭ اِنَّ اللّٰهَ سَمِيْعٌ عَلِيْمٌ ①

၄၉ : ၁ ။ ။ အို၊ မုအ်မင်န် သက်ဝင် ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် (မည်သည့်အရေးကိစ္စ၌မဆို) အလ္လာဟ် အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်၏ ရှေ့၌ ရှေ့သို့ မကျော်တက်ကြကုန်လင့်။ ကေန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် (အလုံးစုံသော ပြောဆိုမှုတို့ကို) အကြွင်းမဲ့ ကြားတော်မူသော အသျှင်၊ (အလုံးစုံသော အခြေအနေ၊ အပြုအမူ၊ အတွင်းအပြင် ကိစ္စတို့ကို) အကြွင်းမဲ့ သိတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوا۟ لَا تَرْفَعُوٓا۟
أَصْوَٰتَكُمْ فَوْقَ صَوْتِ ٱلنَّبِىِّ وَلَا تَجْهَرُوا۟ لَهُۥ بِٱلْقَوْلِ كَجَهْرِ
بَعْضِكُمْ لِبَعْضٍ أَن تَحْبَطَ أَعْمَٰلُكُمْ وَأَنتُمْ لَا تَشْعُرُونَ ٢

၄၉ : ၂ ။ ။ အို့, မုအ်မင်န်သက်ဝင် ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် မိမိတို့၏ အသံများကို နဗီတမန်တော်၏ အသံထက် မကျယ်၊ မမြင့်စေကြကုန်လင့်။ ထို့ပြင် အသင်တို့သည် မိမိတို့အချင်းချင်း တစ်ဦးကိုတစ်ဦး ဟစ်အော်ကျယ်လောင်စွာ ပြောဆိုဘိသကဲ့သို့၊ ထိုနဗီတမန်တော်နှင့် စကားပြောဆိုရာ၌ ဟစ်အော်ကျယ်လောင်စွာ ပြောဆိုခြင်းကို မပြုကြကုန်လင့်။ (သို့ ပြုကြပါလျှင်) အသင်တို့ မသိကြဘဲလျက်၊ အသင်တို့၏ အပြုအမူများသည် အချည်းနှီး ဖြစ်သွားကြပေမည်။

إِنَّ ٱلَّذِينَ يَغُضُّونَ أَصْوَٰتَهُمْ عِندَ رَسُولِ ٱللَّهِ أُو۟لَٰٓئِكَ ٱلَّذِينَ
ٱمْتَحَنَ ٱللَّهُ قُلُوبَهُمْ لِلتَّقْوَىٰ لَهُم مَّغْفِرَةٌ وَأَجْرٌ عَظِيمٌ ٣

၄၉ : ၃ ။ ။ ကေန်မလွဲ အလ္လာဟ်အသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်၏ ရှေ့ဝယ် မိမိတို့၏ အသံများကို နှိမ့်ချကြကုန်သော သူတို့သည် အကြင်သူများပင် (ဖြစ်၏။) အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့၏ စိတ်နှလုံးများကို 'သက္ကဝါ' တည်းဟူသော ပြစ်မှုများမှ ရှောင်ကြဉ်ရန်အလို့ငှာ ရွေးချယ်တော်မူခဲ့၏။ ထိုသူတို့အဖို့ (အပြစ်မှ) လွတ်ငြိမ်းချမ်းသာခွင့်သည်လည်းကောင်း၊ ကြီးကျယ်လှစွာသော အကျိုးသည်လည်းကောင်း ရှိချေသည်။

إِنَّ ٱلَّذِينَ يُنَادُونَكَ مِن وَرَآءِ ٱلْحُجُرَٰتِ أَكْثَرُهُمْ لَا يَعْقِلُونَ ٤

၄၉ : ၄ ။ ။ (အို့, နဗီတမန်တော်) ကေန်စင်စစ် အသင့်အား (အိမ်အတွင်းရှိ) အခန်းများ၏ အပြင်ဘက်မှ ဟစ်ခေါ်ကြကုန်သော သူတို့အနက် မြောက်မြားစွာသော သူတို့သည် မသိနားမလည်ကြပေ။

وَلَوْ أَنَّهُمْ صَبَرُوا۟ حَتَّىٰ تَخْرُجَ إِلَيْهِمْ لَكَانَ خَيْرًا لَّهُمْ وَٱللَّهُ غَفُورٌ رَّحِيمٌ ٥

၄၉ : ၅ ။ ။ စင်စစ် အကယ်၍သာ ၎င်းတို့သည် အသင် ၎င်းတို့ထံ ထွက်လာသည်အထိ သည်းခံ (စောင့်ဆိုင်း၍ နေ) ခဲ့ကြပါလျှင် ၎င်းတို့အဖို့ အကောင်းဆုံးပင် ဖြစ်ခဲ့ပေမည်။ အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်ချမ်းသာပေးတော်မူသော အသျှင်၊ လွန်စွာ သနားကရုဏာ ပြုတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အို့, အီမာန်သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် (မည်သည့်အလုပ် (သို့) နှုတ်အရာဖြင့် ပြောဆိုရသော မည်သည့်အရေးကိစ္စ၌ဖြစ်စေ) အလ္လာဟ်အသျှင်မြတ်နှင့် ရစူလ်တမန်တော် ﷺ (တို့၏

ခွင့်ပြုချက်) ထက်အလျင် ရှေ့သို့ မကျော်ကြကုန်လင့်။ (ဆိုလိုသည်မှာ ခိုင်မာနီးစပ်သော အကြောင်းခံတစ်စုံတစ်ရာအားဖြင့်လည်းကောင်း၊ (သို့) ပွင့်ပွင့်လင်းလင်း စကားပြောဆိုခွင့် မရသည့်အချိန်အထိ စကားပြောဆိုခြင်း မပြုကြကုန်လင့်။ ဤအာယသ်တော်များ ကျရောက်ခဲ့ရသည့် အကြောင်းခံဖြစ်သော ဖြစ်ရပ်တွင် ကိုယ်တော်မြတ် ﷺ ကိုယ်တော်တိုင် မိန့်ကြားခြင်းသော်လည်းကောင်း၊ ထိုင်ဝိုင်း၌ ရှိသူတို့အား ကိုယ်တော်မြတ် ﷺ က မေးမြန်းတော်မူခြင်းကိုလည်းကောင်း စောင့်ဆိုင်းခြင်းမပြုဘဲ မိမိဘက်မှ ပြောဆိုခြင်းမပြုဘဲ စောင့်ဆိုင်းသင့်ပေသည်။ အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ် ﷺ ရှေ့ စကားပြောဆိုခြင်း ပိုင်ရန်အတွက်မှာ ရှရီအသ်တရားတော်၏ ခွင့်ပြုချက်အပေါ်၌ မူတည်သောကြောင့် ဖြစ်သည်။ ဤခွင့်ပြုချက်သည် တိကျပြတ်သားသော အမိန့်အရဖြစ်စေ၊ (သို့) ခိုင်မာသော နီးစပ်သည့် အကြောင်းတစ်စုံတစ်ရာအားဖြင့်ဖြစ်စေ ခွင့်ပြုချက်ရှိခြင်းကို ဆိုလိုသည်။ စောင့်ဆိုင်းမှုမပြုခြင်းသည် အမှားဖြစ်ပေသည်။ ထိုအမှားအပေါ် ဤအာယသ်တော်များ ကျရောက်လာခဲ့သည်။)

ထို့ပြင် အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ ဧကန်အမှန် အလ္လာဟ်အသျှင်မြတ်သည် (အသင်တို့၏ ပြောဆိုမှုအားလုံးကို) ကြားတော်မူသော အသျှင်၊ (ထို့နောက် အသင်တို့၏ ပြုမူဆောင်ရွက်ချက်အလုံးစုံကို) သိတော်မူသော အသျှင် ဖြစ်တော်မူပေသည်။

အို့, အီမာန်သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် မိမိတို့၏ အသံများကို နဗီတမန်တော်မြတ် ﷺ ၏ အသံထက် မကျယ်မမြင့်ကြကုန်လင့်။ ထို့ပြင် အသင်တို့သည် မိမိတို့အချင်းချင်း၌ ဟစ်အော်ကျယ်လောင်စွာ ပြောဆိုသကဲ့သို့ ထိုနဗီတမန်တော်အား ပြောဆိုခြင်း မပြုကြလေနှင့်။ (ဆိုလိုသည်မှာ ကိုယ်တော်မြတ် ﷺ ၏ ရှေ့တော်၌ အချင်းချင်း စကားတစ်စုံတစ်ရာ ပြောဆိုရန်ဖြစ်လျှင် ကျယ်လောင်စွာ ပြောဆိုခြင်း မပြုရ။ ထို့ပြင် ကိုယ်တော်မြတ် ﷺ နှင့် စကားပြောဆိုရန်ရှိလျှင် တူညီသောအသံဖြင့် ပြောဆိုခြင်း မပြုရပေ။) သို့ ပြုကြပါလျှင် အသင်တို့၏ ပြုမူဆောင်ရွက်ချက်များသည် အချည်းနှီး ဖြစ်သွားပေမည်။ ထို့ပြင် အသင်တို့သည် သိရှိလိုက်ကြမည်ပင် မဟုတ်ပေ။

(ဆိုလိုသည့်သဘောမှာ အသံကျယ်လောင်စွာ ပြောဆိုခြင်းမှာ အပေါ်ယံသဏ္ဍာန်အားဖြင့် ဂရုမစိုက်ခြင်း၊ အလေးမထားခြင်း ဖြစ်လေသည်။ အသံကျယ်လောင်စွာ အချင်းချင်းတွင် အားမနာတမ်း ပြောဆိုကြသကဲ့သို့ ပြောဆိုခြင်းမှာ အရှိအသေကင်းမဲ့ခြင်းတစ်မျိုးသာ ဖြစ်သည်။ မိမိ၏ နောက်လိုက်၊ ငယ်သားမှ ဤကဲ့သို့ စကားပြောဆိုခြင်းသည် မနှစ်မြို့ဖွယ်ရာနှင့် စိတ်ဒုက္ခဖြစ်စေသော လုပ်ရပ်ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်၏ ရစူလ်တမန်တော်အား စိတ်ဒုက္ခရောက်စေခြင်းသည် ကောင်းမှုလုပ်ရပ်အားလုံးကို ပျက်စီးစေသော အရာဖြစ်သည်။ သို့သော် တစ်ခါတစ်ရံ စိတ်ပျော်ရွှင်မှုများစွာ ဖြစ်နေချိန်မျိုးတွင် ဤသို့ ပြုခြင်း မနှစ်မြို့ဖွယ် မဖြစ်ပေ။ ထိုအချိန်တွင် ကိုယ်တော်မြတ် ﷺ အား ဒုက္ခရောက်စေခြင်း မဖြစ်သည့်အတွက် ဤသို့ ကျယ်လောင်စွာ ပြောဆိုခြင်းသည် ပြုမူဆောင်ရွက်ချက်များကို ပျက်စီးစေသော အကြောင်းခံလည်း ဖြစ်မည် မဟုတ်တော့ပေ။ သို့ရာတွင် စကားပြောဆိုသူအနေဖြင့် ဤအချိန်၌ ကျွန်ုပ်၏ ဤပြောဆိုမှုသည် မနှစ်မြို့ဖွယ်ရာဖြစ်ခြင်းနှင့် ဒုက္ခရောက်စေသော အကြောင်းခံဖြစ်မည်မဟုတ်ဟု အတိအကျ ပိုင်းခြားသိရှိ

ရန်မှာ လွယ်ကူသောအလုပ် မဟုတ်ပေ။ ကိုယ်တော်မြတ်အဖို့ ၄င်း၏ စကားပြောဆိုမှုကြောင့် ဒုက္ခရောက်စေမည်မဟုတ်ဟု ယူဆ၍ စကားပြောဆိုမည်။ သို့ရာတွင် အမှန်ဖြစ်ရပ်၌ ဒုက္ခရောက်ရှိသွားသည်ဆိုပါလျှင် ဤပြောဆိုမှုသည် ၄င်း၏ ပြုမှုဆောင်ရွက်ချက်များကို အချည်းနှီးဖြစ်စေခြင်းနှင့် ပျက်စီးစေခြင်းသာ ဖြစ်ပေမည်။ အမှန်စင်စစ် ထိုသူအဖို့ ကျွန်ုပ်၏ ဤပြောဆိုမှုကြောင့် ကျွန်ုပ်အဖို့ မည်မျှ ကြီးမားသော နစ်နာဆုံးရှုံးမှု ဖြစ်သွားပါသနည်းဆိုသည်ကို ၄င်းသူမှာ တွေးထင် သိရှိနိုင်မည် မဟုတ်ပေ။ ထို့ကြောင့် အသံကျယ်လောင်စွာ စကားပြောဆိုခြင်းကို လုံးဝဥဿုံ တားမြစ်ခဲ့ခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဤသို့ ပြောဆိုမှုအချို့တွင် အမှန်စင်စစ် ဒုက္ခရောက်စေခြင်းနှင့် ပြုမှုဆောင်ရွက်ချက်များကို အချည်းနှီးဖြစ်စေမည် မဟုတ်သော်လည်း ၄င်းအား သတ်သတ်မှတ်မှတ် မည်သို့ ဖြစ်မည်ကို မသိရှိနိုင်သောကြောင့် အသံကျယ်လောင်စွာ စကားပြောဆိုခြင်းအားလုံးကို လုံး၀ စွန့်လွှတ်ရပေမည်။ ဤနေရာအထိမှာ အသံကျယ်လောင်စွာ ပြောဆိုခြင်းမှ သတိပေးခြင်းအကြောင်း ဖြစ်သည်။ ရှေ့တွင် အသံတိုးတိုးဖြင့် ပြောဆိုရန် လှုံ့ဆော်ထားခြင်းအကြောင်း လာရှိပေမည်။)

ကေန်မုချ အလ္လာဟ်အသျှင်မြတ်၏ ရစူလ်တမန်တော်၏ ရှေ့တွင် မိမိတို့၏ အသံများကို နှိမ့်ချကြသော သူတို့မှာ အလ္လာဟ်အသျှင်မြတ်သည် ၄င်းတို့၏ စိတ်နှလုံးများကို 'သက္ကဝါ' ပြစ်မှုရှောင်ကြဉ်ရန်အတွက် သီးသန့်ရွေးချယ်ထားသော သူများပင် ဖြစ်ပေသည်။ (၄င်းတို့၏ စိတ်နှလုံးများတွင် 'သက္ကဝါ' ပြစ်မှုရှောင်ကြဉ်ခြင်းကို ဆန့်ကျင်သော မည်သည့်အရာမျှ ဖြစ်ပေါ်ခြင်းမရှိဟု ဆိုလိုသည်။ ဤအထူးအရေးကိစ္စတွင် ၄င်းပုဂ္ဂိုလ်တို့သည် 'သက္ကဝါ'တရားနှင့် ပြည့်စုံသူများဖြစ်ကြောင်း သိရှိရပေသည်။ အဘယ်ကြောင့်ဆိုသော် သိရ်မေဇီကျမ်း၏ 'မရ်ဖူးအ်' (ဆင့်ပြန်သူများ၏ ကွင်းဆက်ဖယားစနဒ် တမန်တော်မြတ် ﷺ ထိရောက်သော ဆင့်ပြန်ချက်) ဟဒီးစ်တွင် 'သက္ကဝါ'တရားနှင့် ပြည့်စုံသည့်အကြောင်း တင်ပြထားသည့် စာလုံးများမှာ

لَا يبلغ العبد ان يكون من المتقين حتى يدع مالا بأس به حذرًا لما به بأس

ဟူ၍ ဖြစ်သည်။ "ဗန္ဒာဟ်လူသားအဖို့ ပြုပိုင်သော အလုပ်သည် 'ကျွန်ုပ်အား မပြုပိုင်သော အလုပ်၌ နစ်မွန်းမသွားစေရန်'ဟူ၍ ဆင်ခြင်လျက် အပြစ်မဟုတ်သော အလုပ်ကိုပင် စွန့်လွှတ်ခြင်း မပြုသရွေ့ ပြည့်စုံသော 'သက္ကဝါ'၏ အဆင့်သို့ ရောက်ရှိမည်မဟုတ်ပေ"ဟု ဆိုလိုသည်။

ဤသည်မှာ ကွဲကွဲပြားပြား ခြားခြားနားနား မသိရှိရသော အရေးကိစ္စများ၊ ထိုအလုပ်ကိစ္စကို ပြုလုပ်လိုက်ခြင်းဖြင့် အပြစ်ထိုက်ရန် စိုးရိမ်ရသော ဿသယရှိသည့် ကိစ္စများတွင် ဖြစ်သည်။ အသံကျယ်လောင်စွာ ဟစ်အော်ပြောဆိုခြင်းတွင် အမျိုးအစားတစ်ခု၌ အပြစ်မထိုက်ပေ။ ဥပမာ- ရှေ့တွင် ရှိသူဖို့ ဒုက္ခမရောက်စေသော ဟစ်အော်ပြောဆိုခြင်း နောက်အမျိုးအစားတစ်ခုမှာ ၄င်း၏ ကျယ်လောင်စွာ ဟစ်အော်ပြောဆိုခေါ်ဝေါ်မှုတွင် အပြစ်ထိုက်သူဖြစ်သည်။ ဆိုလိုသည်မှာ ရှေ့တွင် ရှိသူအဖို့ ဒုက္ခရောက်စေသော ဟစ်အော်ပြောဆိုမှု ဖြစ်သည်။ သို့ဖြစ်ပေရာ 'ပြည့်စုံသော သက္ကဝါ'သည် လူသားအဖို့ အသံကျယ်

လောင်ခြင်းကို လုံးဝစွန့်လွှတ်လိုက်ခြင်း၌သာ ရှိပေသည်။ ရှေ့၌ ၎င်းတို့၏ ပြုမူချက်များ၏ တမလွန်၏ အကျိုးကျေးဇူးများအကြောင်း တင်ပြထားသည်။ ထိုသူတို့အဖို့ 'မဂ်ဖိရသ်'လွတ်ငြိမ်းချမ်းသာခွင့်သည် လည်းကောင်း၊ ကြီးကျယ်လှစွာသော အကျိုးကျေးဇူးသည်လည်းကောင်း ရှိပေသည်။

(ထို့နောက် ရှေ့အာယသ်တော်များ ကျရောက်လာရသော အကြောင်းခံဖြစ်ရပ်မှာ 'ဗနူသမီးမ်' မျိုးနွယ်မှ လူတို့သည် ကိုယ်တော်မြတ် ﷺ ၏ ထံတော်ပါးသို့ ရောက်ရှိလာစဉ်က ဖြစ်သည်။ ထိုစဉ်က ကိုယ်တော်မြတ် ﷺ သည် အပြင်၌ ရှိနေတော်မူခြင်း မဟုတ်ပေ။ ကြင်ယာတော်တစ်ပါးပါး၏ အဆောင် တော်၌ ရှိနေတော်မူသည်။ ဤသူများမှာ ယဉ်ကျေးမှုကင်းမဲ့သော ကျေးတောသားများ ဖြစ်ကြသည်။ အပြင်မှ ရပ်လျက် ကိုယ်တော်မြတ် ﷺ အား အမည်တပ်၍

يامحمّد اخرج الينا

'အို၊ မိုဟမ္မဒ်၊ ကျွန်ုပ်တို့အတွက် အပြင်သို့ ထွက်လာပါ'ဟု ဟစ်အော်ခေါ်နေကြခြင်း ဖြစ်သည်။ ဤသို့ ပြုမူသည့်အပေါ် ဤအာယသ်တော်များ ကျရောက်လာခဲ့သည်။) ဧကန်စင်စစ် အခန်းများ၏ အပြင်ဘက်မှ အသင့်အား ဟစ်ခေါ်ကြသူတို့အနက် အများစုတို့မှာ အသိတရားရှိသူများ မဟုတ်ကြပေ။

(အသိတရားရှိကြမည်ဆိုလျှင် အသင့်အား ရှိသေလေးစားမှု ပြုကြပေမည်။ ဤသို့ အမည်တပ်၍ အပြင် မှ ဟစ်ခေါ်ရန် သတ္တိရှိကြမည်မဟုတ်ပေ။ ထို့ပြင် وَاَكْثَرُهُمْ ဟူသော စာလုံးကို သုံးနှုန်း မိန့်ကြားရ ခြင်းမှာ အချို့ဟစ်ခေါ်နေသူများသည် မိမိတို့ကိုယ်တိုင်တွင်မူ သတ္တိမရှိကြဘဲ အခြားသူတို့နှင့် ရောနှော ပြီး ဟစ်အော်ခဲ့ကြ၍ ဖြစ်ပေမည်။ ဤသို့ဖြင့် ၎င်းတို့သည်လည်း ဤမှားယွင်းမှု၌ ပါဝင်သွားခဲ့ရခြင်း ဖြစ်သည်။ သို့တည်းမဟုတ် စင်စစ် အားလုံးသည် တစ်ပုံစံတည်းဖြစ်ကြသည်။ သို့သော် اكثرهم စာလုံး ကို သုံးနှုန်းလိုက်ခြင်းကြောင့် မည်သူ့ကိုမျှ မထိခိုက်တော့ပေ။ အဘယ်ကြောင့်ဆိုသော် လူတိုင်းလူတိုင်း သည် 'ကျွန်ုပ်အား ပြောဆိုခြင်း မဟုတ်ပါ' ဟု စဉ်းစားနိုင်သောကြောင့် ဖြစ်သည်။ တရားဟောခြင်းနှင့် ဆုံးမစကား ပြောကြားရာတွင် 'နားထောင်သူတို့အဖို့ ထိခိုက်ခြင်းမရှိနိုင်သော စကားလုံးများကို ရွေးချယ် သုံးနှုန်းခြင်းမှာ နည်းစနစ်ကောင်း' ဖြစ်ပေသည်။)

ထို့ပြင် အကယ်၍သာ ၎င်းတို့သည် မိမိတို့ထံ အသင် ထွက်လာသည်အထိ (အနည်းငယ်မျှ) သည်းခံ (၍ စောင့်ဆိုင်း) ခြင်း ပြုခဲ့ပါလျှင် ၎င်းတို့အဖို့ အကောင်းဆုံးပင် ဖြစ်ပေမည်။ (အကြောင်းမှာ ဤသို့ ပြုခြင်းသာ ရှိသေမှုထားရှိခြင်း ဖြစ်သောကြောင့်ပင် ဖြစ်သည်။) ထို့ပြင် (အကယ်၍ ယခုလည်း 'သောင်ဗာဟ်' ပြုလိုက်ပါလျှင် ခွင့်လွှတ်ချမ်းသာ ရရှိပေမည်။ အဘယ်ကြောင့်ဆိုသော်) အလ္လာဟ်အသျှင် မြတ်သည် လွန်စွာ ခွင့်လွှတ်ချမ်းသာ ပေးတော်မူသော အသျှင်၊ လွန်စွာ သနားကရုဏာ ပြုတော်မူသော အသျှင် ဖြစ်တော်မူသည်။

လွန်လေပြီး စူရာဟ်နှင့် ဆက်စပ်မှုနှင့် 'ဟူဂျုရာတ်' (ဤစူရာဟ်တော် ကျရောက်လာခြင်း၏ အကြောင်းခံဖြစ်ရပ်)

ဤစူရာဟ်၏ အလျင် စူရာဟ်နှစ်ပုဒ်တွင် 'ဂျိဟားဒ်'၏ အမိန့်တော်များ လာရှိထားသည်။ ထိုအမိန့်တော်များအားဖြင့် လောကတစ်ခုလုံးကို ပြုပြင်လမ်းကြောင်းသမှုပြုရန် ရည်ရွယ်သည်။ ဤစူရာဟ်တွင် အတွင်းပိုင်း စိတ်နှလုံးသားကို ပြုပြင်ခြင်းဆိုင်ရာ အမိန့်တော်များနှင့် စည်းကမ်းချက်များကို တင်ပြထားသည်။ အထူးအားဖြင့် လူမှုရေးနှင့် သက်ဆိုင်သော အမိန့်တော်များကို တင်ပြထားသည်။

ဤအာယသ်တော်များ ကျရောက်လာသည့် အကြောင်းခံဖြစ်ရပ်မှာ အခါတစ်ပါး၌ 'ဗနူသမီးမ်' မျိုးနွယ်မှ လူတို့သည် ကိုယ်တော်မြတ် ﷺ ၏ အပါးတော်၌ အခစားဝင်လျက် ၎င်းတို့၏ မျိုးနွယ်၌ မည်သူ့အား ခေါင်းဆောင်တင်မြှောက်ရမည်နည်း ဆိုခြင်းနှင့် စပ်လျဉ်း၍ ဆွေးနွေးနေကြသည်။ ဟဇရသ်အဗူဗကရ်စိဒ္ဒီးက် ﷺ သခင်က ကအ်ကားအ်ဗင်နမအ်ဗဒ်ကို ခေါင်းဆောင်ခန့်ရန် အကြံပြုလိုက်သည်။ ဟဇရသ်အုမရ် ﷺ သခင်ကအက္ကရအ်ဗင်နဟာဗိစ် ﷺ သခင်ကို ခေါင်းဆောင်ခန့်ရန် အကြံပြုခဲ့သည်။ ဤအရေးကိစ္စတွင် ဟဇရသ်အဗူဗကရ် ﷺ သခင်နှင့် ဟဇရသ်အုမရ် ﷺ သခင်တို့အကြား ကိုယ်တော်မြတ် ﷺ ၏ ရှေ့တော်မှောက် ထိုင်ဝိုင်း၌ပင် အချေအတင် ပြောဆိုမှုများ ဖြစ်ခဲ့သည်။ စကားပြောဆိုရာတွင် နှစ်ဦးစလုံး၏ အသံများ ကျယ်လောင်ခဲ့ကြသည်။ ဤသို့ ဖြစ်ခြင်းအပေါ် ဤအာယသ်တော်များ ကျရောက်လာခဲ့သည်။

[ဘိုခါရီကျမ်း]

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ဤအာယသ်တော်များ ကျရောက်လာရခြင်းနှင့် စပ်လျဉ်း၍ ဟဒီးစ်ဆင့်ပြန်ချက်များတွင် ကုရ်သုဗီ (ရဟ) သခင်၏ အဆိုအရ ဖြစ်ရပ် (၆) ခု ရှိကြောင်း သိရှိရသည်။ ထို့ပြင် ကာဇ္ဇီအဗူဗကရ်ဗင်နအရဗီ (ရဟ) က မိန့်ဆိုသည်မှာ ဤဖြစ်ရပ်အားလုံး မှန်ကန်သည်။ အဘယ်ကြောင့်ဆိုသော် ထိုဖြစ်ရပ်အားလုံးသည် အာယသ်တော်၏ ခြုံငုံသော အလိုသဘော၌ ပါဝင်သောကြောင့် ဖြစ်သည်ဟူ၏။ ၎င်းတို့အနက် ဖြစ်ရပ်တစ်ခုမှာ ဖွင့်ဆိုချက်အနှစ်ချုပ်တွင် ဘိုခါရီ၏ ဆင့်ပြန်ချက်မှ တင်ပြခဲ့သော ဖြစ်ရပ်ပင် ဖြစ်သည်။

لَاتُقَدِّمُوا بَيْنَ يَدَيِ اللّٰهِ وَرَسُوْ لِه

بَيْنَ الْيَدَيْنِ ၏ မူရင်းအဓိပ္ပာယ်မှာ 'လက်နှစ်ဖက်၏ကြား'ဟု ခေါ်ဆိုသည်။ အလိုသဘောမှာ 'ရှေ့မှောက်' ဟု ဖြစ်သည်။ ဆိုလိုသည်မှာ 'တမန်တော်မြတ် ﷺ ၏ ရှေ့တော်မှောက်တွင် ရှေ့သို့ မကျူးလေနှင့်' ဟု ဖြစ်သည်။ 'မည်သည့်အရာနှင့် စပ်လျဉ်း၍ ရှေ့သို့ မကျူးလေနှင့်' ဟု တားမြစ်ကြောင်းကိုမူ ကုရ်အာန်ကျမ်းတော်မြတ်၌ ဖော်ပြခြင်းမရှိပေ။ ဤသည်ဖြင့် ဤတားမြစ်ချက်တွင် 'မည်သည့်လုပ်ရပ်၌မဆို (သို့) မည်သည့် စကား၌မဆို ကိုယ်တော်မြတ် ﷺ ၏ ရှေ့သို့ မကျူးလေနှင့်။ ထို့ပြင်မက တမန်တော်

မြတ် ﷺ သည် 'မည်သို့ ဖြေကြားတော်မူမည်ကို စောင့်ဆိုင်းကြလေကုန်' ဟူသော ခြုံငုံသည့် သဘော ဆောင်သည့် အမိန့်ကို သိရှိရသည်။

သို့ရာတွင် ကိုယ်တော်မြတ် ﷺ ကပင် တစ်ဦးဦးကို အဖြေပေးရန် အမိန့်ပေးတော်မူပါလျှင် ထိုသူ သည် ဖြေကြားနိုင်သည်။ အလားတူ အကယ်၍ ကိုယ်တော်မြတ် ﷺ လမ်းလျှောက်နေတော်မူပါလျှင် တစ်စုံတစ်ဦးသည် ကိုယ်တော်မြတ် ﷺ ၏ ရှေ့သို့ မကျူးရပေ။ စားသောက်သည့် ဝိုင်းဖြစ်လျှင် ကိုယ်တော် မြတ် ﷺ ထက်အလျင် မည်သူမျှ စားသောက်ခြင်း မပြုရပေ။ သို့ရာတွင် ကိုယ်တော်မြတ် ﷺ က ပွင့်လင်း ထင်ရှားစွာဖြင့်လည်းကောင်း၊ (သို့) ခိုင်မာသော အကြောင်းခံ အချက်အလက်များအရလည်းကောင်း တစ်စုံ တစ်ဦးအား ရှေ့မှ သွားစေရန် ဆန္ဒထားရှိတော်မူပါလျှင်၊ ဥပမာ- ခရီးနှင့် စစ်ပွဲများတွင် လူအချို့ကို ရှေ့မှ သွားနှင့်ရန် ရှေ့ပြေးအဖြစ် အမိန့်ပေးတော်မူသော အခါမျိုးတွင် ပိုင်ပေသည်။

သာသနာ့ ပညာရှင်များ၊ သာသနာ့ ခေါင်းဆောင်များနှင့်လည်း ဤစည်းကမ်းချက်အတိုင်းပင် ပြုကျင့်ရမည်ဖြစ်ခြင်း

အချို့ပညာရှင်ကြီးများက မိန့်ဆိုသည်မှာ 'သာသနာ့ပညာရှင်များနှင့် သာသနာ့ခေါင်းဆောင်များ နှင့်လည်း ဤအမိန့်အတိုင်းပင် ပြုကျင့်ရပေမည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် နဗီတမန်တော် တို့၏ အမွေခံများဖြစ်ကြသောကြောင့် ဖြစ်သည်။

အထောက်အထားမှာ 'တစ်နေ့သ၌ ဟဇရတ်အဘူဒရ်ဒါ ؓ သည် ဟဇရတ်အဘူဗကရ် ؓ သခင် ၏ ရှေ့မှ သွားနေသည်ကို တမန်တော်မြတ် ﷺ မြင်တွေ့တော်မူသောအခါ ကိုယ်တော်မြတ် ﷺ က 'အသင် သည် လောကီ၊ လောကုတ္တရာ နှစ်ဌာနစလုံးတွင် အသင့်ထက် ပို၍ မြတ်သူ၏ ရှေ့မှ သွားနေပါသလော' ဟု သတိပေး မိန့်ကြားတော်မူသည်။ ထို့နောက် ဆက်လက်၍ မိန့်ကြားတော်မူသည်မှာ 'လောကတွင် နေထွက်ခြင်းနှင့် နေဝင်ခြင်းတို့သည် နဗီတမန်တော်များ၏ နောက်တွင် ဟဇရတ်အဘူဗကရ် ؓ သခင် ထက် ပို၍ မြတ်သူအတွက် မဖြစ်ပေါ်နိုင်ပါချေ' ဟု ဖြစ်သည်။ *[ရူးဟွလ်ဗယာန်ကျမ်း]*

ထို့ကြောင့် သာသနာ့ပညာရှင်များက မိန့်ဆိုကြသည်မှာ 'မိမိ၏ ဆရာနှင့် မုရ်ရှိဒ်တို့နှင့်လည်း ဤစည်းကမ်းချက်အတိုင်းပင် ပြုကျင့်ရမည်'ဟု ဖြစ်သည်။

لَا تَرْفَعُوْا اَصْوَاتَكُمْ فَوْقَ صَوْتِ النَّبِيِّ

(ထို့ပြင် အသင်တို့သည် မိမိတို့အချင်းချင်း တစ်ဦးကိုတစ်ဦး ဟစ်အော်ကျယ်လောင်စွာ ပြောဆို ဘိသကဲ့သို့၊ ထိုနဗီတမန်တော်နှင့် စကားပြောဆိုရာ၌ ဟစ်အော်ကျယ်လောင်စွာ ပြောဆိုခြင်းကို မပြုကြ ကုန်လင့်။) *[၄၉ : ၂]*

ဤသည် တမန်တော်မြတ် ﷺ ရှေ့ ထိုင်ဝိုင်း၌ ထားရှိရမည့် ဒုတိယစည်းကမ်းချက်ကို တင်ပြ ခြင်းဖြစ်သည်။ တမန်တော်မြတ် ﷺ ၏ ရှေ့တောက်မှောက်တွင် ကိုယ်တော်မြတ် ﷺ ၏ အသံထက် ပို၍

ကျယ်လောင်စွာ ပြောဆိုခြင်း၊ (သို့) မိမိတို့အချင်းချင်း တစ်ဦးနှင့်တစ်ဦး အားမနာတမ်း ပြောဆိုကြသကဲ့သို့ အသံကျယ်လောင်စွာ ပြောဆိုခြင်းသည် အရိုအသေကင်းမဲ့ခြင်းတစ်ရပ် ဖြစ်သည်။ သို့ဖြစ်ပေရာ ဤအာယသ်တော် ကျရောက်လာခြင်းအပေါ် ဆွဟာဗာများ၏ အခြေအနေမှာ 'ဟဇရသ်အဘူဗကရ် ﷺ သခင်က တမန်တော်မြတ် ﷺ အား "အို၊ ကိုယ်တော်၊ ယခုမှစ၍ နောက်ဆုံးထွက်သက်အထိ ကိုယ်တော်မြတ် ﷺ အား စကားပြောဆိုသည့်အခါ 'တစ်ဦးနားၖ တစ်ဦး တီးတိုးစွာ ပြောဆိုသကဲ့သို့ ပြောဆိုပါမည်' ဟု ကစမ်ကျိန်ဆိုပါသည်" ဟု ပြောဆိုသည့်အထိ ဖြစ်သွားကြလေသည်။ *[ဗိုင်ဟကီကျမ်း]*

ဟဇရသ်အုမရ် ﷺ သခင်သည် ထိုအချိန်မှစ၍ စကားကို တီးတိုးစွာ ပြောဆိုသည်မှာ တစ်ခါတစ်ရံ ထပ်မံ မေးရသည်အထိ ဖြစ်ခဲ့ရသည်။

ဟဇသ်စာဗိသ်ဗင်နိကိုင်စ် ﷺ သည် ပင်ကိုယ်ကပင် အသံကျယ်သူဖြစ်သည်။ ဤအာယသ်တော်ကို ကြားနာရလေသောခါ အလွန် ကြောက်လန့်သွားပြီး ငိုကြွေးလေသည်။ ထို့နောက် မိမိ၏ အသံကို နှိမ့်ချခဲ့လေသည်။ *[ဗယာနွလ်ကုရ်အအာန်၊ ဒုရ်ရေမန်းဆူးရ်]*

'ရောင်ဒွါ' (ကိုယ်တော်မြတ် ﷺ အနားယူရေရာ ဂူဗိမာန်) တော်ရှေ့၌လည်း အလွန်ကျယ်လောင်သော အသံဖြင့် 'စလာမ်'၊ 'ကလာမ်' ပြုခြင်းများကို တားမြစ်ထားခြင်း

ကာဇ္ဇီအဘူဗကရ် အိဗ်နုအာရဗီ (ရဟ) က မိန့်ဆိုသည်မှာ 'တမန်တော်မြတ် ﷺ အား ဂုဏ်ပေးလေးစားခြင်းနှင့် ရိုသေခြင်းတို့သည် ကိုယ်တော်မြတ် ﷺ သက်တော်ထင်ရှားရှိစဉ်ကကဲ့သို့ပင် ကိုယ်တော်မြတ် ﷺ 'ဝဖားသ်'ဖြစ် ကွယ်လွန်ပြီးနောက်တွင်လည်း 'ဝါဂျိဗ်'ဖြစ်ပေသည်။ ဤအတွက်ကြောင့် အချို့ ပညာရှင်များက မိန့်ဆိုကြသည်မှာ 'ကိုယ်တော်မြတ် ﷺ ၏ 'ကဗရ်' ဂူဗိမာန်တော် ရှေ့၌လည်း အလွန်ကျယ်လောင်သော အသံဖြင့် 'စလာမ်'၊ 'ကလာမ်' ('စလာမ်' ပေးခြင်း၊ တစ်ယောက်နှင့် တစ်ယောက် စကားပြောဆိုခြင်း) ပြုခြင်းတို့မှာ ရိုသေလေးစားမှုနှင့် ဆန့်ကျင်သည်' ဟု ဖြစ်သည်။ ဤအတိုင်းပင် တမန်တော်မြတ် ﷺ ၏ ဟဒီးစ်တော်များ ဖတ်ကြားနေသော (သို့) တင်ပြနေသော နေရာများတွင်လည်း ဟစ်အော်ဆူညံနေခြင်းတို့မှာ အရိုအသေကင်းမဲ့ခြင်းပင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကိုယ်တော်မြတ် ﷺ ၏ နှုတ်တော်မှ မြွက်ကြားမိန့်ဆိုနေသော အချိန်တွင် ဆိတ်ဆိတ်နေလျက် နားထောင်ခြင်းမှာ 'ဝါဂျိဗ်'ဖြစ်သကဲ့သို့ ကိုယ်တော်မြတ် ﷺ ကွယ်လွန်တော်မူပြီး နောက်ပိုင်းတွင် ကိုယ်တော်မြတ် ﷺ ၏ ဟဒီးစ်တော်များ ဖတ်ကြားတင်ပြနေသော ထိုင်ဝိုင်းတွင် ဟစ်အော်ဆူညံခြင်းမှာ အရိုအသေကင်းမဲ့ခြင်းပင် ဖြစ်သည်။

ဗမ္ဘသတ် ။ ။ နဗီကိုယ်တော်မြတ် ﷺ ၏ ရှေ့မှ ကျူး၍ လုပ်ဆောင်ခြင်းမှ တားမြစ်ထားခြင်း အမိန့်တွင် နဗီတမန်တော်များ၏ အမွေခံများဖြစ်ခြင်းကြောင့် သာသနာ့ပညာရှင်များ၏ ရှေ့မှ ကျူး၍ လုပ်ဆောင်

ခြင်းများလည်း ပါဝင်သကဲ့သို့ အသံကျယ်လောင်စွာ ပြောဆိုခြင်းကိစ္စတွင်လည်း ဤအမိန့်အတိုင်းပင် ဖြစ်သည်။ ၎င်းမှာ သာသနာ့ပညာရှင်တို့၏ ထိုင်ဝိုင်းတွင် ထိုပညာရှင်တို့၏ အသံကို ဖုံးလွှမ်းသွားစေနိုင်သည့် ကျယ်လောင်သော အသံဖြင့် မပြောဆိုရ' ဟု ဖြစ်သည်။ *[ကုရ်သုဗီကျမ်း]*

أَنْ تَحْبَطَ أَعْمَالُكُمْ وَأَنْتُمْ لَا تَشْعُرُوْنَ

(သို့ ပြုကြပါလျှင်) အသင်တို့ မသိကြဘဲလျက်၊ အသင်တို့၏ အပြုအမူများသည် အချည်းအနှီး ဖြစ်သွားကြပေမည်။ *[၄၉ း ၂]*

أَنْ تَحْبَطَ သည် **لَا تَرْفَعُوْا** ဟူသော စာလုံး၏ **مفعول له** 'မဖ်အူးလ်လဟူ' (သူ့ကြောင့် ဖြစ်ပေါ်ရသော ကံပုဒ်) ဖြစ်သည်။ ဤစာလုံးတွင် ယင်းအမိန့်ရှိရခြင်း၏ အကြောင်းခံကို တင်ပြထားသည်။ ဖြုတ်ချထားသော **مصدر** (ကြိယာနာမ်) ဖြင့် **خشية ان تحبط** အားဖြင့် အာယသ်တော်၏ အဓိပ္ပာယ်မှာ 'မိမိ၏ အသံကို နဗီတမန်တော် ﷺ ၏ ရှေ့တော်မှောက်တွင် မကျယ်လောင်စေနှင့်။ အကြောင်းမှာ အသင်တို့ မသိလိုက်ကြရဘဲလျက် အသင်တို့၏ ကျင့်စဉ်များ ပျက်စီးသွားမည်ကို စိုးရိမ်ရသောကြောင့် ဖြစ်သည်' ဟု ဖြစ်ပေမည်။ ဤနေရာ၌ တရားတော်၏ ဥပဒေအရ မေးခွန်းအချို့ ပေါ်ပေါက်လာခဲ့သည်။

(၁) ပြုမူဆောင်ရွက်ချက်၊ ကျင့်စဉ်များ (ကောင်းမှုကုသိုလ်များ) ပျက်စီးစေသော အရာမှာမူ 'အဟ်လိစ္စုန္နသ်ဝလ်ဂျမာအအသ်' ၏ တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်ချက်အရ 'ကုဖ္ဖရ်' လုပ်ရပ်ဖြစ်သည်။ ပြစ်မှုဒစရိုက်တစ်ခုခုကြောင့် အခြားကောင်းမှုကျင့်စဉ်တစ်ခု ပျက်စီးသွားခြင်း မဖြစ်ပေ။ ဤနေရာ၌ မုအ်မင်န်များ၊ ဆွဟာဗာများကို ဦးတည် ရည်ညွှန်းထားခြင်း ဖြစ်သည်။ ထို့ပြင်

يَآيُّهَا الَّذِيْنَ اٰمَنُوْا

စာလုံးကို သုံးနှုန်းထားသည်ဖြစ်ရာ ဤသုံးနှုန်းမှုကြောင့် ဤလုပ်ရပ်သည် 'ကုဖ္ဖရ်'မဟုတ်ကြောင်း အတည်ဖြစ်ပေရာ ကောင်းမှုကျင့်စဉ်များ ပျက်စီးရခြင်းဆိုသည်မှာ မည်သို့ ဖြစ်လာရပါသနည်း။

(၂) အီမာန်သည် မိမိကိုယ်ပိုင် ရွေးချယ်မှုဖြင့် ရွေးချယ်လက်ခံရသည့် လုပ်ရပ်တစ်ခု ဖြစ်သည်။ လူတစ်ဦးသည် မိမိ၏ မိမိကိုယ်ပိုင် ရွေးချယ်မှုလုပ်ရပ်အားဖြင့် အီမာန်သက်ဝင်ခြင်း မရှိသမျှ ထိုသူသည် မုအ်မင်န်မဖြစ်သကဲ့သို့ 'ကုဖ္ဖရ်'သည်လည်း မိမိကိုယ်ပိုင် ရွေးချယ်မှု ဆန္ဒဖြင့် ဖြစ်ပေါ်ရသော လုပ်ရပ်တစ်ခု ဖြစ်သည်။ လူတစ်ဦးသည် မိမိ၏ ရွေးချယ်မှုဆန္ဒအားဖြင့် 'ကုဖ္ဖရ်'ကို မရွေးချယ်သမျှ ထိုသူသည် ကာဖိရ် မဖြစ်နိုင်ပေ။ ထို့ပြင် ဤနေရာ၌ အာယသ်တော်၏ နောက်ဆုံးတွင်

أَنْتُمْ لَا تَشْعُرُوْنَ

ဟု ရှင်းလင်းစွာ မိန့်ကြားထားပေသည်။ ဆိုလိုသည်မှာ 'အသင်တို့ သိရှိခြင်းပင် မရှိကြပေ' ဟု ဖြစ်လေရာ ကုဖ္ဖရ်၏ ပြစ်ဒဏ်ဖြစ်သော ကောင်းမှုကျင့်စဉ်များ ပျက်စီးရခြင်း'ဟူသည်ကို မည်သို့ ပြဋ္ဌာန်းပါသနည်း။

ကျွန်ုပ်တို့၏ ဆရာသခင်ဖြစ်သူ ဟာဖရည်ဟာကီမွလ်အွမ္မသ် မောင်လာနာအရှ်ရဖ်အလီ (ထာနဝီ) (ရဟ) က 'ဗယာနုလ်ကုရ်အာန်' ကျမ်းတွင် ထိုအကြောင်းတရားကို ရှင်းလင်းတင်ပြထားသည်။ ဤရှင်းလင်းတင်ပြချက်ကြောင့် စောဒကများအားလုံး ပျောက်ပြယ်သွားပေသည်။ ၎င်းရှင်းလင်းချက်တွင် တင်ပြထားသည့် အာယသ်တော်၏ အဓိပ္ပာယ်မှာ 'အို့ မွတ်စ္စလင်မ်အပေါင်းတို့၊ အသင်တို့သည် တမန်တော်မြတ် ﷺ ၏ အသံထက် မိမိတို့၏ အသံကို ကျယ်လောင်စေခြင်းနှင့် မစဉ်းစားမဆင်ခြင်ဘဲ အကြောက်တရားမဲ့စွာ အသံကျယ်လောင်စွာ ပြောဆိုခြင်းတို့မှ ရှောင်ကြဉ်ကြလေကုန်။ အဘယ်ကြောင့်ဆိုသော် ဤသို့ ပြုမူခြင်းတွင် အသင်တို့၏ ကောင်းမှုကျင့်စဉ်များ ပျက်စီးသွားမည်ကို စိုးရိမ်ရသောကြောင့် ဖြစ်သည်။ ဤသို့စိုးရိမ်ခြင်းမှာ တမန်တော်မြတ် ﷺ ၏ ရှေ့သို့ ကျူးခြင်း၊ (သို့) တမန်တော်မြတ် ﷺ ၏ အသံထက် မိမိ၏ အသံကို ကျယ်လောင်ခြင်းဖြင့် ဖုံးလွှမ်းစေခြင်းတို့သည် တမန်တော်မြတ် ﷺ ၏ ဂုဏ်ရည်တော်ကို ပမာမခန့်ပြုခြင်းနှင့် အရိုအသေကင်းမဲ့ခြင်းများလည်း ဖြစ်နိုင်သောကြောင့်ပင် ဖြစ်သည်။ ဤသည် တမန်တော်မြတ် ﷺ အား ဒုက္ခရောက်စေခြင်း၏ အကြောင်းခံ ဖြစ်ပေသည်။ အမှန်စင်စစ် ဆွဟာဗာများအဖို့ သိလျက်နှင့် တမန်တော်မြတ် ﷺ အား တမင် ဒုက္ခဖြစ်စေမည့် အလုပ်တစ်ခုခုကို ပြုလုပ်ရန် စိတ်ကူးပင် ရှိမည်မဟုတ်ပါ။ သို့ရာတွင် အချို့သော ပြုမူဆောင်ရွက်ချက် လုပ်ရပ်များမှာ၊ ဥပမာ- ရှေ့သို့ ကျူးခြင်းနှင့် အသံကျယ်လောင်စွာ ပြောဆိုခြင်းတို့သည် စင်စစ် ရည်ရွယ်လျက် ဒုက္ခပေးခြင်းကား မဟုတ်ပေ။ သို့သော်ငြားလည်း ထိုလုပ်ရပ်များအားဖြင့် ဒုက္ခရောက်စေခြင်း ဖြစ်နိုင်သောကြောင့် ထိုလုပ်ရပ်များကို လုံးဝ ယတိပြတ် တားမြစ်ခြင်းနှင့် အပြစ်' ဟု သတ်မှတ်ပြဋ္ဌာန်းတော်မူခြင်း ဖြစ်သည်။

အချို့ပြစ်မှုများ၏ ထူးခြားချက်မှာ ထိုပြစ်မှုများကို ပြုလုပ်သူအဖို့ 'သောင်ဖာဟ်' ပြုခြင်းနှင့် ကောင်းမှု ကုသိုလ်ကိုယ်ကျင့်တရားများ ပြုကျင့်နိုင်သည့်စွမ်းအားများ ပြတ်တောက်သွားရသည်။ ထိုသူသည် ပြစ်မှုများ၌ နစ်မွန်းသွားကာ နောက်ဆုံးတွင် ကုဖွ်ရ်အထိ ရောက်ရှိသွားရလေသည်။ ဤသည်ပင် ကောင်းမှုများ ပျက်စီးသွားရခြင်း၏ အကြောင်းတရား ဖြစ်ပေသည်။ မိမိ၏ သာသနာရေးခေါင်းဆောင်၊ ဆရာ (သို့) မုရ်ရှိဒ် (နာမ်ပိုင်းဆိုင်ရာ ပြုပြင်ပေးသူ ဆရာ) တို့အား ဒုက္ခရောက်စေခြင်းသည်လည်း ဤနည်းအတိုင်း ပြစ်မှုဖြစ်သည်။ ဤပြစ်မှုကြောင့် 'သောင်ဖာဟ်' နှင့် ကောင်းမှုများပြုနိုင်ခြင်းတို့ ပြတ်တောက်သွားခြင်း ဖြစ်ပေါ်ရန်မှာ စိုးရိမ်ရသည်။ ဤနည်းအတိုင်းပင် ထိုသို့ နဗီတမန်တော်မြတ် ﷺ ၏ ရှေ့သို့ ကျူးခြင်းနှင့် အသံကျယ်လောင်စွာ ပြောဆိုခြင်းတို့သည် 'သောင်ဖာဟ်' နှင့် ကောင်းမှုများ ပြုကျင့်နိုင်စွမ်းများ ပြတ်တောက်ဝေးကွာသွားရန် စိုးရိမ်ရပြီးနောက်ဆုံးတွင် ကုဖွ်ရ်အဆင့်အထိ ရောက်ရှိသွားနိုင်သော ပြစ်မှုအဖြစ် ဖြစ်ရှိသွားရခြင်း ဖြစ်သည်။ ဤကုဖွ်ရ် ပြစ်မှုအားဖြင့် ကောင်းမှုများ ပျက်စီးသွားရပေမည်။ ထိုပြင် ပြုလုပ်လိုက်သူသည် ဒုက္ခရောက်စေရန်ဟူ၍ ရည်ရွယ်ချက်မထားခဲ့သည့်အတွက် ၎င်းသူမှာ ဤသို့ ကုဖွ်ရ်နှင့် ကောင်းမှုများ ပျက်စီးသွားရခြင်း၏ အဓိက အကြောင်းတရားမှ မည်သည့်အရာဖြစ်သည်ကိုပင် သိလိုက်ရမည်မဟုတ်ပေ။ အချို့ပညာရှင်များက မိန့်ဆိုသည်မှာ အကယ်၍ လူတစ်ဦးသည် သူတော်စင်တစ်ပါးအား မိမိ၏ မုရ်ရှိဒ် (နာမ်ပိုင်းဆိုင်ရာ ပြုပြင်ပေးသူ ဆရာ) အဖြစ် လက်ခံပြီး ၎င်းသူတော်စင်အား

အရိုအသေမဲ့ခြင်းနှင့် ရိုင်းပျခြင်းတို့သည်လည်း ဤအတိုင်းပင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် တစ်ခါ တစ်ရံ ထိုလုပ်ရပ်သည် 'သောင်ဗာဟ်'နှင့် ကောင်းမှုများ ပျက်စီးရခြင်း၏ အကြောင်းခံ ဖြစ်သွားသည်။ ဤသည် နောက်ဆုံးတွင် အီမာန်ကိုပင် ပျက်စီးသွားစေနိုင်ပေသည်။ (**نعوذ بالله منه**) ဤအဖြစ်ဆိုးမှ အလ္လာဟ်အသျှင်မြတ်၏ ထံတော်တွင် ခိုလှုံမှု တောင်းခံပါ၏။)

اِنَّ الَّذِيْنَ يُنَادُوْنَكَ مِنْ وَّرَآءِ الْحُجُرٰتِ اَكْثَرُهُمْ لَا يَعْقِلُوْنَ

(အို, နဗီတမန်တော်၊ ကေန်စင်စစ် အသင့်အား (အိမ်အတွင်းရှိ) အခန်းများ၏ အပြင်ဘက်မှ ဟစ်ခေါ် ကြကုန်သော သူတို့အနက် မြောက်မြားစွာသော သူတို့သည် မသိနားမလည်ကြပေ။) *[၄၉ : ၄]*

ဤအာယသ်တော်တွင် ကိုယ်တော်မြတ် ﷺ နှင့် စပ်လျဉ်းသော လေးစားလိုက်နာရမည့် တတိယ စည်းကမ်းချက်တစ်ရပ်ကို သင်ကြားပြသထားတော်မူသည်မှာ 'ကိုယ်တော်မြတ် ﷺ သည် မိမိ၏ အဆောင် တော်၌ အနားယူတော်မူနေစဉ် အပြင်မှ ရပ်၍ ကိုယ်တော်မြတ် ﷺ အား ဟစ်အော်ခေါ်ခြင်း၊ အထူးသဖြင့် အရိုအသေမဲ့စွာ အမည်တပ်၍ ဟစ်အော်ခေါ်ဆိုခြင်းလည်း ရိုသေလေးစားမှု ကင်းမဲ့ခြင်းပင် ဖြစ်သည်။ အသိဉာဏ်ရှိသူတို့၏ လုပ်ရပ်မဟုတ်ပေ။ **حُجُرٰت** သည် **حجرة** ၏ အများကိန်းဖြစ်သည်။ မူရင်း အဘိဓါန်တွင် **حُجرہ** သည် မျက်နှာစာအချို့ ပါရှိပြီး အမိုးရှိသည့် လေးဘက်လေးရံ နံရံများဖြင့် ဝန်းရံ ထားသော အဆောင်ကို ခေါ်ဆိုသည်။ ကိုယ်တော်မြတ် ﷺ ၏ ကြင်ယာတော်များသည် မဒီနာတွင် (၉) ပါးရှိခဲ့သည်။ ၄င်းတို့အတွက် အဆောင်တော်တစ်ဆောင်စီ သီးခြားစီ ပေးထားတော်မူသည်။ ကိုယ်တော်မြတ် ﷺ သည် ထိုအဆောင်များ ၌ အလှည့်ကျ သွားတော်မူလေ့ ရှိသည်။

ကြင်ယာတော်များ၏ အဆောင်တော်များ

အိဗ်နုစအဒ် (ရဟ) သည် အသွာခုရာစာနီ (ရဟ) ၏ ဆင့်ပြန်ချက်ဖြင့် ရေးသားခဲ့သည်မှာ 'ဤ အဆောင်တော်များသည် စွန်ပလွံကိုင်းများဖြင့် ပြုလုပ်ထားသည်။ တံခါးများတွင် ထူထဲ၍ နက်မှောင်သော သိုးမွေးထည်၊ ကန့်လန့်ကာများ ရှိသည်'ဟု ဖြစ်သည်။ အေမာမ်ဘိုခါရီ (ရဟ) သည် 'အဒဗုလ်မုဖ်ရဒ်' ကျမ်း၌လည်းကောင်း၊ ဗိုင်ဟကီ (ရဟ) သည် ဒါဝူးဒ်ဗင်န်ကိုင်စ် (ရဟ) ထံမှလည်းကောင်း ဆင့်ပြန်ခဲ့ သည်။ ၄င်းက ပြောဆိုသည်မှာ 'ကျွန်ုပ်သည် ထိုအဆောင်တော်များကို တွေ့မြင်ခဲ့ရသည်။ အဆောင်၏ တံခါးများမှာ အမိုးအထိ (၆) တောင်၊ (၇) တောင်မျှ ရှိပေမည်။ အဆောင်များသည် (၁၀) တောင်ဖြစ်ပြီး အမိုး၏ အမြင့်မှာ (၇) တောင်၊ (၈) တောင်မျှ ရှိပေမည်။ ဤကြင်ယာတော်တို့၏ အဆောင်တော်များ သည် ဝလီးဒ်ဗင်န်အဗ်ဒုလ်မာလိက်၏ အုပ်ချုပ်မှုကာလတွင် ၄င်း၏ အမိန့်တော်ဖြင့် 'မတ်စ်ဂျိဒ်ဒေနဗဝီ' ဗလီဝတ်ကျောင်းတော်၌ ထည့်သွင်းခြင်းခံခဲ့ရသည်။ ထိုနေ့က မဒီနာတွင် လူတို့သည် ငိုကြွေးခဲ့ကြရသည်။

အာယသ်တော် ကျရောက်လာရခြင်း၏ အကြောင်းခံသမိုင်း

အေမာမ်ဗဂဝီ (ရဟ) သည် ကသာဒဟ် ﷺ သခင်၏ ဆင့်ပြန်ချက်ဖြင့် တင်ပြထားသည်မှာ ဗနူ သမီးမ်မျိုးနွယ်မှ လူတို့သည် ကိုယ်တော်မြတ် ﷺ ထံတော်ပါး၌ ရောက်ရှိလာခဲ့ကြသည်။ ထိုအကြောင်းကို အထက်၌ တင်ပြခဲ့ပြီးဖြစ်ပေသည်။ ၎င်းတို့သည် နေ့လည်ပိုင်းတွင် မဒီနာသို့ ရောက်ရှိခဲ့ကြသည်။ ထိုစဉ်က ကိုယ်တော်မြတ် ﷺ သည် အဆောင်တော်တစ်ခု၌ အနားယူနေတော်မူသည်။ ဤသူများမှာ 'အအ်ရားဗ်'ကျေးတော သားများဖြစ်ကြလေရာ လူမှုဆက်ဆံရေး စည်းကမ်းများကို သိနားလည်သူများ မဟုတ်ပေ။ ၎င်းတို့သည် အဆောင်တော်၏ ပြင်ပမှပင်

اخرج الينا يامحمد

ဟူ၍ ဟစ်အော်ခေါ်ခဲ့ကြသည်။ ဤသို့ ပြုခြင်းအပေါ် ဤအာယသ်တော် ကျရောက်လာခဲ့သည်။ အာယသ်တော်တွင် ဤကဲ့သို့ ဟစ်အော်ခေါ်ဆိုခြင်း မပြုကြရန်နှင့် စောင့်ဆိုင်းမှု ပြုကြရန် အမိန့်ပေးထားတော်မူသည်။ မုစ်နဒ်အဟ်မဒ်ကျမ်း၊ သိရ်မေဇီကျမ်း စသည်တို့၌လည်း ဤဆင့်ပြန်ချက်သည် စာသားအရ တစ်ခုနှင့် တစ်ခုမတူသော စာလုံးများဖြင့် လာရှိထားသည်။ *[မဇ္ဇဟရီကျမ်း]*

အထူးသတိပေးချက်

ဆွဟာဗာသခင်ကြီးများနှင့် သာဗိအီသခင်ကြီးများသည် မိမိတို့၏ အထက်သာသနာ့ပညာရှင်များ၊ သာသနာ့ခေါင်းဆောင်များနှင့်လည်း ဤရှိသေသမှု စည်းကမ်းချက်များကို လက်ကိုင်ပြုလျက် ဆက်ဆံခဲ့ကြသည်။ ဆွဟီးဟ်ဘိုခါရီ စသော ကျမ်းများ၌ ဟဇရသ်အိဗ်နေအဗ္ဗာစ် ﷺ သခင်ထံမှ ဆင့်ပြန်ချက်လာရှိသည်မှာ 'ကျွန်ုပ်သည် အာလင်မ်ဆွဟာဗာများထံမှ ဟဒီးစ်တော်တစ်ပါးပါး မေးမြန်းလိုသည့်အခါ ၎င်း၏ အိမ်သို့ သွားရောက်ပြီး ၎င်းအား အသံပြုခြင်းနှင့် တံခါးခေါက်ခြင်းကို ရှောင်ကြဉ်လျက် တံခါး၏ အပြင်ဘက်တွင် ထိုင်နေလေ့ ရှိခဲ့သည်။ ထိုအာလင်မ်သည် မိမိကိုယ်တိုင် အပြင်သို့ ထွက်လာချိန်တွင် ၎င်းနှင့် တွေ့ဆုံ၍ မေးမြန်းမည်ဟု ထိုင်နေခဲ့သည်။ ၎င်းက ကျွန်ုပ်အား တွေ့မြင်ပြီး 'အို၊ ကိုယ်တော်၏ ဦးရီးတော်၏ သား၊ အသင်သည် တံခါးခေါက်၍ အဘယ်ကြောင့် အသိမပေးခဲ့ပါသနည်း'ဟု မေးမြန်းသည့်အခါ အိဗ်နေအဗ္ဗာစ် ﷺ သခင်က 'အာလင်မ်သည် မိမိ၏ အမျိုးသားများတွင် နဗီကဲ့သို့ဖြစ်သည်။ အလ္လာဟ် အသျှင်မြတ်သည် နဗီတမန်တော်၏ ဂုဏ်ရည်တော်နှင့် စပ်လျဉ်း၍ 'နဗီတမန်တော်မြတ် ﷺ သည် ပြင်ပသို့ ထွက်လာတော်မူသည်အထိ စောင့်ဆိုင်းရမည်'ဟူ၍ မိန့်ကြားထားတော်မူသည်'ဟု ဖြေကြားခဲ့သည်။ ဟဇရသ်အဘူအုဗိုင်ဒဟ် ﷺ သခင်က မိန့်ဆိုသည်မှာ 'ကျွန်ုပ်သည် မည်သည့်အခါမျှ အာလင်မ်တစ်ပါးပါး၏ တံခါးကို သွားရောက်ခေါက်ခြင်း မပြုခဲ့ပေ။ ထိုမျှမက ၎င်းသည် မိမိကိုယ်တိုင် အပြင်သို့ ထွက်လာသော အခါမှ ၎င်းနှင့် တွေ့ဆုံမည်ဟူ၍ ၎င်းအား စောင့်ဆိုင်း၍နေခဲ့သည်သာ'ဖြစ်သည်။ *[ရူးဟွလ်မအာနီ]*

ဓမ္မသတိ ။ ။ ဖော်ပြပါအာယသ်တော်တွင် حَتّٰى تَخْرُجَ اِلَيْهِمْ (၎င်းတို့ထံ ထွက်လာသည့်အထိ) ၌ اِلَيْهِمْ (၎င်းတို့ထံသို့) ဟူသော သတ်မှတ်ချက်ကို ထည့်ပေးလိုက်ခြင်းဖြင့် 'ဆွဗရ်သည်းခံခြင်းနှင့် စောင့်ဆိုင်းခြင်းသည် ကိုယ်တော်မြတ် ﷺ သည် ၎င်းတို့နှင့် တွေ့ဆုံရန်နှင့် စကားပြောဆိုရန် ထွက်လာတော်မူသည်အထိ ဖြစ်ကြောင်း' အတည်ဖြစ်သွားပေသည်။ ဤအကြောင်းဖြင့် သိရှိရသည်မှာ 'ကိုယ်တော်မြတ် ﷺ အပြင်သို့ ထွက်လာတော်မူခြင်းသည် အခြားလိုအပ်ချက် တစ်စုံတစ်ရာကြောင့်ဖြစ်လျှင် ထိုအချိန်တွင်လည်း ကိုယ်တော်မြတ် ﷺ အား မိမိ၏ လိုအပ်ချက်ဆန္ဒကို ပြောဆိုရန် မသင့်တော်ပေ။ ထိုမျှမက ကိုယ်တော်မြတ် ﷺ သည် ၎င်းတို့ဘက်သို့ အာရုံပြုလှည့်တော်မူမည့် အချိန်အထိ စကားပြောဆိုကြရန် စောင့်ဆိုင်းကြရပေမည်' ဟူ၏။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْٓا اِنْ جَآءَكُمْ فَاسِقٌۢ بِنَبَاٍ فَتَبَيَّنُوْٓا اَنْ
تُصِيْبُوْا قَوْمًۢا بِجَهَالَةٍ فَتُصْبِحُوْا عَلٰى مَا فَعَلْتُمْ نٰدِمِيْنَ ⑥

၄၉ : ၆ ။ ။ အို၊ မုအ်မင်န်သက်ဝင် ယုံကြည်သူအပေါင်းတို့၊ အကယ်၍ စာရိတ္တဖောက်ပြန်သူ တစ်ဦးတစ်ယောက်သည် အသင်တို့ထံ တစ်စုံတစ်ရာ သတင်းကို ယူဆောင်၍ လာခဲ့သည်ရှိသော်၊ အသင်တို့သည် မသိဘဲလျက် လူမျိုးတစ်မျိုးကို အန္တရာယ်မပြုမိကြရန် (ယင်းသတင်း) မှန်၊ မမှန်ကို (စူးစမ်း) စစ်ဆေးကြလေကုန်။ (သို့မဟုတ်လျှင်) အသင်တို့သည် မိမိတို့ ပြုမိခဲ့ကြသော ကိစ္စကြောင့် ကြေကွဲ (နောင်တရ) ကြပေမည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အို၊ အီမာန်သက်ဝင် ယုံကြည်သူအပေါင်းတို့၊ အကယ်၍ 'ဖာစိက်' စာရိတ္တဖောက်ပြန်သူတစ်ဦးသည် အသင်တို့ထံ တစ်စုံတစ်ရာ သတင်းယူဆောင်လာသည်ရှိသော် (ထိုသတင်းတွင် တစ်ဦးတစ်ယောက်၏ အကြောင်းကို တင်ပြခြင်းဖြစ်သည်) ဆိုပါလျှင် (လေ့လာစုံစမ်းခြင်းမပြုဘဲ ထိုစကားအပေါ် လိုက်နာကျင့်ဆောင်ခြင်း မပြုကြလေနှင့်။ အကယ်၍ ဤသတင်းစကားအတိုင်း ကျင့်ဆောင်ရန် ရည်ရွယ်ပါလျှင်) ကောင်းစွာ လေ့လာစူးစမ်းကြလေကုန်။ မည်သည့်အခါမျှ လူမျိုးတစ်မျိုးကို မသိဘဲလျက် ဒုက္ခတစ်စုံတစ်ရာ မရောက်ရှိကြစေနှင့်။ အသင်တို့သည် မိမိတို့၏ ပြုမူခဲ့ကြသည်များအပေါ် ကြေကွဲကြရပေလိမ့်မည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

အာယသ်တော်ကျရောက်လာရခြင်း၏ အကြောင်းခံ

ဤအာယသ်တော် ကျရောက်လာရခြင်း အကြောင်းခံ (ရှာနေနုဇူးလ်) ကို အိမ်နကစီးရ် (ရဟ) သည် မုစ်နဒ်အဟ်မဒ်၏ အညွှန်းဖြင့် တင်ပြခဲ့သည်မှာ 'ဗနီမုစ်သွလိက်' မျိုးနွယ်၏ ခေါင်းဆောင် ဟာရိဆ် ဗင်နံ ဒွိရားရ်ဗင်နံအဘီဒွိရားရ် (၎င်း၏သမီး ဟဇရသ်ဂျုဝိုင်ရီယာ ﷺ သခင်မသည် မုအ်မင်နံတို့၏ မိခင်မွန်များအနက်မှ ဖြစ်သည်) က ပြောဆိုသည်မှာ 'ကျွန်ုပ်သည် တမန်တော်မြတ် ﷺ ထံတော်ပါးသို့ အခစားဝင်ရောက်ရှိသောအခါ ကိုယ်တော်မြတ် ﷺ က ကျွန်ုပ်အား အစ္စလာမ်သာသနာကို လက်ခံရန် ဖိတ်ခေါ်တော်မူခဲ့သည်။ ထို့နောက် 'ဇကားသ်'တာဝန် ထမ်းဆောင်ရန် အမိန့်ပေးတော်မူခဲ့သည်။ ကျွန်ုပ်သည် အစ္စလာမ်သာသနာကို လက်ခံခဲ့သည်။ ထို့နောက် 'ဇကားသ်'တာဝန်ထမ်းဆောင်ပါမည်' ဟု ဝန်ခံခဲ့သည်။ ထို့နောက် ကျွန်ုပ်က 'ယခု ကျွန်တော်မျိုးသည် မိမိ၏ အမျိုးသားများထံ သွားရောက်၍ ၎င်းတို့အားလည်း အစ္စလာမ်သာသနာကို လက်ခံရန်နှင့် 'ဇကားသ်'တာဝန် ထမ်းဆောင်ခြင်းများ ပြုကြရန် ဖိတ်ခေါ်ပါမည်။ ၎င်းတို့အနက် ကျွန်တော်မျိုး၏ စကားကို လက်ခံကြကာ 'ဇကားသ်'ပေးဆောင်လာကြသူတို့၏ 'ဇကားသ်'များကို ကျွန်တော်မျိုး စုဆောင်းထားပါမည်။ ကိုယ်တော်မြတ်သည် မည်သည့်လ မည်သည့်နေ့ရက်တွင် မိမိ၏ သံတမန်ကို ကျွန်တော်မျိုးထံသို့ စေလွှတ်ပေးတော်မူပါ။ သို့မှသာ ကျွန်တော်မျိုးထံ၌ စုဆောင်းထားသမျှ 'ဇကားသ်'ငွေများကို ၎င်းထံ အပ်နှင်းနိုင်မည်ဖြစ်ပါသည်'ဟု လျှောက်ထားခဲ့ကြောင်း ပြောပြခဲ့သည်။ ထို့နောက် ဟာရိဆ် ﷺ သည် ကတိအတိုင်း အီမာန်သက်ဝင်သူများထံမှ 'ဇကားသ်'များကို ရယူစုဆောင်းလိုက်သည်။ ထို့နောက် 'ဇကားသ်'များကို ယူငင်ရန် သံတမန်စေလွှတ်မည်ဟူသော နေ့ ရက်ကို ကျော်လွန်သွားသည့်တိုင် 'ဇကာသ်'သိမ်းဆည်းမည့် သံတမန် ရောက်ရှိမလာခဲ့ပေ။ ကိုယ်တော်မြတ် ﷺ ထံတော်မှ သံတမန် ရောက်ရှိမလာသောအခါ ဟာရိဆ် ﷺ မှာ 'ကိုယ်တော်မြတ်သည် ကျွန်ုပ်တို့အား တစ်စုံတစ်ရာ အမျက်တော်ဖြစ်နေခြင်းသာ ဖြစ်ပေမည်။ ထိုသို့မဟုတ်ပါက ကိုယ်တော်မြတ် ﷺ သည် ကတိတော် ရှိထားပါလျက် မိမိ၏ သံတမန်ကို စေလွှတ်ခြင်းမပြုဆိုသည်မှာ မဖြစ်နိုင်သော ကိစ္စဖြစ်သည်'ဟု စဉ်းစားမိခဲ့သည်။ ဟာရိဆ် ﷺ သည် ဤစိုးရိမ်ရခြင်းအကြောင်းကို အစ္စလာမ်လက်ခံခဲ့သည့် ခေါင်းဆောင်များအား တင်ပြလေသည်။ ထို့နောက် '၎င်းတို့အားလုံးသည် ကိုယ်တော်မြတ် ﷺ ထံတော်သို့ အခစား ရောက်ကြမည်' ဟု ဆန္ဒပြုလိုက်သည်။

အခြားတစ်ဖက်တွင် ကိုယ်တော်မြတ် ﷺ သည် သတ်မှတ်ထားသည့် အချိန်ကာလအတိုင်း ဝလီးဒ်ဗင်နံအွက္ကဗာဟ် ﷺ သခင်ကို မိမိ၏ သံတမန်အဖြစ် ခန့်အပ်၍ 'ဇကားသ်'များ ကောက်ခံရယူရန် စေလွှတ်တော်မူခဲ့သည်။ သို့ရာတွင် ဝလီးဒ် ﷺ သခင်သည် လမ်းခုလတ်သို့ ရောက်သောအခါ 'ဤမျိုးနွယ်စုမှ လူများဖြင့် ကျွန်ုပ်မှာ ရန်စဟောင်းများ ရှိခဲ့သည်။ ကျွန်ုပ်အား သတ်ဖြတ်ခြင်း ပြုလိုက်ကြပေလိမ့်မည်' ဟူသော စိုးရိမ်စိတ်ဖြင့် ၎င်းသည် လမ်းခုလတ်မှပင် လှည့်ပြန်လာခဲ့သည်။ ထို့နောက် တမန်တော်မြတ် ﷺ

ထံတော်သို့ ရောက်ရှိလေသောအခါ 'ၾငင်းတို့သည် 'ဇကားသ်'ပေးကြရန်ကို ငြင်းဆိုခဲ့ကြသည်။ ထို့ပြင် ကျွန်တော်မျိုးအားလည်း သတ်ဖြတ်ရန် ရည်ရွယ်ကြသည်'ဟု လျှောက်တင်လေရာ ထိုစကားအပေါ် တမန်တော်မြတ် ﷺ သည် အမျက်ထွက်တော်မူလေသည်။ သို့ဖြစ်ပေရာ ဟဇရသ်ခါလိဒ်ဗင်န်ဝလီးဒ် ؓ သခင်၏ ခေါင်းဆောင်မှုအောက်တွင် တပ်စိတ်တစ်စိတ်ကို စေလွှတ်တော်မူလေသည်။ ဤမှာဘက်တွင် မုဂျာဟီဒ်တို့၏ ဤတပ်စိတ်က ထွက်ခွာသွားကြသည်။ ဟိုမှာဘက်တွင်လည်း ဟာရိဆ် ؓ သည် မိမိ၏ အပေါင်းအပါများနှင့်အတူ တမန်တော်မြတ် ﷺ ၏ အပါးတော်၌ အခစားဝင်ရန် ထွက်ခွာလာခဲ့ကြသည်။ မဒီနာမြို့အနီး၌ပင် အုပ်စုနှစ်စု တွေ့ဆုံကြလေသည်။

ဟာရိဆ် ؓ သခင်က ၎င်းတို့အား 'အသင်တို့သည် မည်သည့်လူများထံသို့ စေလွှတ်ခြင်း ခံရပါသနည်း'ဟု မေးမြန်းလေရာ ၎င်းတို့က 'ကျွန်ုပ်တို့သည် အသင်တို့ထံ စေလွှတ်ခြင်းခံရပါသည်'ဟု ဖြေကြားကြသည်။ ဟာရိဆ် ؓ သခင်က စေလွှတ်ရခြင်းအကြောင်းကို မေးမြန်းလေရာ ၎င်းတို့က ဝလီးဒ်ဗင်န်အွတ်က်ဗဟ်အား စေလွှတ်ခြင်းနှင့် ၎င်းပြန်လာရခြင်း အကြောင်းများကို ပြောပြလေသည်။ ယင်း ပြောပြချက်တွင် ဝလီးဒ်ဗင်န်အွတ်က်ဗဟ်က တမန်တော်မြတ် ﷺ ၏ ရှေ့တော်မှောက်တွင် ဗနီမုဆ်တွလိက်မျိုးနွယ်စုတို့သည် 'ဇကားသ်'ပေးရန် ငြင်းဆိုပြီး ကျွန်တော်မျိုးအားလည်း သတ်ဖြတ်ရန် ရည်ရွယ်ကြပါသည်' ဟူသော အကြောင်းများ ပါဝင်သည်။ ဟာရိဆ် ؓ သည် ဤစကားကို ကြားရပြီး 'မိုဟမ္မဒ် ﷺ ကို မှန်ကန်သော ရစူလ်တမန်တော်အဖြစ် စေလွှတ်တော်မူသော အသျှင်မြတ်၏ ကစမ်၊ ကျွန်ုပ်သည် ဝလီးဒ်ဗင်န်အွတ်က်ဗာဟ် ؓ သခင်အား မြင်ဖူးတွေ့ဖူးခြင်းပင် မရှိပါ။ ၎င်းသည် ကျွန်ုပ်ထံသို့ ရောက်ရှိလာခြင်းလည်း မရှိခဲ့ပါ' ဟု ပြောကြားလေသည်။ ထို့နောက် ဟာရိဆ် ؓ သည် တမန်တော်မြတ် ﷺ ၏ ထံတော်ပါးသို့ ရောက်ရှိလေသောအခါ ကိုယ်တော်မြတ် ﷺ က 'အသင်သည် 'ဇကားသ်'ပေးရန် ငြင်းဆိုခဲ့၍ ကျွန်ုပ်၏ သံတမန်ကိုလည်း သတ်ဖြတ်ရန် ရည်ရွယ်ခဲ့ခြင်း ဖြစ်ပါသလော' ဟု မေးမြန်းတော်မူလေရာ ဟာရိဆ် ؓ သခင်က 'လုံးဝမဟုတ်ပါ။ ကိုယ်တော့်အား မှန်ကန်သော သာသနာတော်ကို ချီးမြှင့်လျက် စေလွှတ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ ကစမ်၊ ၎င်းသည် ကျွန်တော်မျိုးထံသို့ ရောက်ရှိလာခဲ့ခြင်းလည်း မရှိပါ။ ကျွန်တော်မျိုးသည်လည်း ၎င်းအား တွေ့ဖူးမြင်ဖူးခြင်း မရှိပါ။ သတ်မှတ်ချိန်အပေါ် ကိုယ်တော်မြတ် ﷺ ၏ သံတမန် ရောက်ရှိမလာသောအခါ ကျွန်တော်မျိုးဘက်မှ အမှားတစ်စုံတစ်ရာ ကျူးလွန်မိ၍ ကိုယ်တော်မြတ် ﷺ အမျက်တော်စူးရခြင်းဖြစ်ပေမည်ဟု စိုးရိမ်မိသည့်အတွက် ကျွန်တော်မျိုးသည် ကိုယ်တော့်ထံသို့ အခစားဝင်ရခြင်းဖြစ်ပါသည်' ဟု လျှောက်ထားလေသည်။ ဟာရိဆ် ؓ သခင်က ပြောဆိုသည်မှာ ဤသို့ ဖြစ်ခြင်းအပေါ် စူရာဟ် 'ဟူဂျူရားသ်'၏ ဤအာယသ်တော်များ ကျရောက်လာခဲ့သည် ဟူ၏။

[အိဗ်နုကစီးရ်ကျမ်း]

အချို့ဆင့်ပြန်ချက်များ၌ လာရှိသည်မှာ 'ဝလီးဒ်ဗင်န်အွတ်က်ဗာဟ် ؓ သခင်သည် အမိန့်တော်အတိုင်း 'ဗနူမုဆွတ္တလိက်'မျိုးနွယ်တို့ထံသို့ ရောက်ရှိခဲ့သည်။ ထိုမျိုးနွယ်စုမှ လူတို့သည် ဤနေ့ ဤရက်

တွင် ကိုယ်တော်မြတ် ﷺ ၏ သံတမန် ရောက်ရှိလာမည်ကို သိရှိကြပြီးဖြစ်၍ ဂုဏ်ပေးသည့်အနေဖြင့် ကြိုဆိုရန် ရွာမှ အပြင်သို့ ထွက်လာခဲ့ကြသည်။ ဝလီးဒ် ؓ သခင်သည် ဤအချင်းအရာကို တွေ့မြင်၍ 'ဤသူတို့သည် ရန်ငြိုးရန်စဟောင်းများ ရှိသည့်အတွက် ကျွန်ုပ်အား သတ်ဖြတ်ရန် လာခြင်းဖြစ်ပေမည်' ဟု သံသယဖြစ်၍ ထိုနေရာမှပင် လှည့်ပြန်လာခဲ့ပေသည်။

ထို့နောက် ကိုယ်တော်မြတ် ﷺ ထံ ဝင်ရောက်၍ 'ငှင်းတို့သည် 'ဇကားသ်'ပေးဆောင်ရန် အသင့် မဖြစ်ကြရုံသာမက ကျွန်တော်မျိုးအား သတ်ဖြတ်ရန် ကြံရွယ်ကြပါသည်'ဟု လျှောက်ထားလေသည်။ ဤလျှောက်ထားချက်အပေါ် ကိုယ်တော်မြတ် ﷺ သည် ခါလိဒ်ဗင်န်ဝလီးဒ် ؓ အား စေလွှတ်တော်မူခဲ့သည်။ ဤသို့ စေလွှတ်ရာတွင် 'ကောင်းစွာ လေ့လာစုံစမ်းပြီးနောက်မှ တစ်စုံတစ်ရာကို ပြုလုပ်ဆောင်ရွက်ပါ' ဟု မှာကြားတော်မူလေသည်။ ခါလိဒ်ဗင်န်ဝလီးဒ် ؓ သခင်သည် ထိုရွာ၏ အပြင်သို့ ညဘက်တွင် ရောက်ရှိလာပြီး စခန်းချလေသည်။ အခြေအနေကို လေ့လာစုံစမ်းရန်အတွက် လူအချို့ကို သတင်းထောက်အဖြစ် တိတ်တဆိတ် စေလွှတ်လိုက်သည်။ ငှင်းတို့သည် စုံစမ်း၍ ပြန်လာပြီး 'ဤမျိုးနွယ်မှ လူအားလုံးတို့သည် အစ္စလာမ်နှင့် အီမာန်အပေါ်၌ ရပ်တည်သူများ ဖြစ်ကြသည်။ နမာဇ်နှင့် 'ဇကားသ်'ကို စွဲမြဲသူများလည်း ဖြစ်ကြသည်။ ထို့ပြင် ငှင်းတို့၏ အစ္စလာမ်နှင့် ဆန့်ကျင်သော မည်သည့်အချက်ကိုမျှ မတွေ့ရပါ' ဟု တင်ပြကြလေသည်။ ခါလိဒ်ဗင်န်ဝလီးဒ် ؓ သည် ပြန်လာခဲ့ပြီး တမန်တော်မြတ် ﷺ အား ဖြစ်ကြောင်း ကုန်စင် လျှောက်ထားတင်ပြလေသည်။ ဤဖြစ်ရပ်အပေါ် ဤအာယသ်တော် ကျရောက်လာခဲ့သည်ဟူ၏။ (ဤအိဗ်နုကစီးရ် (ရဟ) ၏ ဆင့်ပြန်ချက်များစွာတို့၏ အကျဉ်းချုပ် ဖြစ်သည်။)

ဤအာယသ်တော်အားဖြင့် သိရှိရသည်မှာ 'ဆိုးသွမ်းသူတစ်ဦးသည် အကယ်၍ လူမျိုးစုတစ်စု (သို့) လူတစ်ဦးဦး၏ အကြောင်းကို တိုင်တန်းပြီး ငှင်းတို့အပေါ် စွဲချက်တစ်စုံတစ်ရာ ပြုခဲ့ပါက ငှင်း၏ သတင်းပေးမှု (သို့) ထွက်ဆိုမှုအပေါ် ပြည့်စုံသော လေ့လာစုံစမ်းခြင်းမပြုဘဲ ကျင့်မူလုပ်ဆောင်ခြင်း မပိုင်ပေ။

အာယသ်တော်နှင့် စပ်လျဉ်းသော အမိန့်တော်များနှင့် ဓမ္မသတ်များ

အေမာမ်ဂျဆ်ဆွာဆ် (ရဟ) က အဟ်ကာမုလ်ကုရ်အာန်ကျမ်း၌ မိန့်ဆိုသည်မှာ 'ဤအာယသ်တော်ဖြင့် အတည်ဖြစ်သည်မှာ 'ဖာစိက်'အကျင့်စရိုက် မကောင်းသူ၏ သတင်းပေးခြင်းကို လက်ခံမှုပြုခြင်းနှင့် ထိုသတင်းအပေါ် 'အမလ်'ကျင့်ဆောင်မှု ပြုခြင်းတို့သည် အခြားသော အကြောင်းခံများအားဖြင့် လေ့လာစုံစမ်းမှုပြု၍ ထိုသတင်း မှန်ကန်ကြောင်း အတည်မဖြစ်သရွေ့ မပိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ဤအာယသ်တော်တွင် 'ကိရာအသ်' (ရွတ်ဖတ်မှုပုံစံ) တစ်မျိုးမှာ فَتَثَبَّتُوا ဟု လာရှိထားသောကြောင့် ဖြစ်သည်။ အဓိပ္ပာယ်မှာ ဤသတင်းအပေါ် ကျင့်ဆောင်ခြင်းနှင့် ဆောင်ရွက်ခြင်းတို့ကို အလျင်စလို မပြုကြလေနှင့်။ သို့သာမက အခြားအကြောင်းခံများအားဖြင့် ထိုသတင်းစကား မှန်ကန်ကြောင်း အတည်မဖြစ်သရွေ့ ကြံ့ကြံ့ခံ ရပ်တည်နေရမည်။ ဖာစိက်၏ သတင်းပေးမှုကို လက်ခံခြင်းမပိုင်သည့်အခါ 'ရှဟာဒသ်'

သက်သေထွက်ဆိုမှုကို လက်ခံရန်မှာ ပို၍ပင် မပိုင်ဖြစ်ပေမည်။ အဘယ်ကြောင့်ဆိုသော် သက်သေ 'ထွက်ဆိုမှုတိုင်းသည် 'ကစမ်'ကျိန်ဆိုခြင်းဖြင့် တိကျခိုင်မာစေသော သတင်းတစ်မျိုး ဖြစ်သောကြောင့်ပင် ဖြစ်သည်။ ထို့ကြောင့် အများစုပညာရှင်များထံတွင် ဖာစိက်၏ သတင်းပေးပို့ခြင်း (သို့) သက်သေထွက်ဆိုခြင်းတို့သည် တရားတော်အရ လက်ခံခြင်းမပြုရဟု ဆိုကြသည်။ သို့ရာတွင် အချို့ကိစ္စများနှင့် အခြေအနေများတွင် ဖာစိက်၏ သတင်းပေးခြင်းနှင့် သက်သေထွက်ဆိုခြင်းတို့ကိုလည်း လက်ခံခြင်းပြုရသည်။ ထိုအချိန် ၄င်းအထက်ပါအမိန့်၌ 'မပါဝင်ပေ။ အကြောင်းမှာ ကုရ်အာန်၏ အာယသ်တော်တွင် ထိုအမိန့်၏ အထူးအကြောင်းခံကို မိန့်ကြားထားသောကြောင့် ဖြစ်သည်။ ဆိုလိုသည်မှာ

اَنْ تُصِيبُوا قَوْمًا بِجَهَالَةٍ

(အသင်တို့သည် မသိကြဘဲလျက် လူမျိုးတစ်မျိုးကို အန္တရာယ်မပြုမိကြရန် ဖြစ်ပေသည်။)

[၄၉ : ၆]

ဟု ဖြစ်သည်။ သို့ဖြစ်ပေရာ ဤအကြောင်းခံမရှိသော အရေးကိစ္စများသည် ဤအာယသ်တော်၏ အမိန့်တွင် မပါဝင်ပေ။ (သို့) ထုတ်ပယ်ခြင်းခံရသည်။ ဥပမာ- ဖာစိက်တစ်ဦး ဖြစ်ရုံမက ကာဖိရ်ပင် ဖြစ်သူတစ်ဦးသည် ပစ္စည်းတစ်စုံတစ်ရာ ယူဆောင်လာပြီး 'မည်သူမည်ဝါက ဤပစ္စည်းကို အသင့်အား လက်ဆောင်အဖြစ် ပေးပို့လိုက်ပါသည်'ဟု ပြောဆိုပါလျှင် ၄င်း၏ သတင်းစကားအပေါ် 'အမလ်'ပြုကျင့်ခြင်း ပိုင်သည်။

ဤအကြောင်း အကျယ်တဝင့် ဖော်ပြချက်ကို ဖိကာဟ်ကျမ်းများနှင့် معين الحكام စသော ကျမ်းများ တွင် တွေ့ရှိနိုင်ပါသည်။ ကျွန်ုပ်သည် 'အဟ်ကာမွလ်ကုရ်အာန်'ကျမ်း၌ ဤအကြောင်းကို အကျယ်တဝင့် ရေးသားထားပါသည်။ ပညာရှင်များ ဖတ်ရှုလေ့လာနိုင်ပါသည်။

ဆွဟာဗာများ၏ တရားရှိခြင်းနှင့် စပ်လျဉ်းသော အရေးကြီးသည့် အမေးအဖြေတစ်ခု

ဤအာယသ်တော်သည် ဝလီးဒ်ဗင်န်အွတ်က်ဗဟ် ﷺ သခင်နှင့် စပ်လျဉ်း၍ ကျရောက်ခဲ့ကြောင်း ဆွဟီးဟ်အဆင့် ဆင့်ပြန်ချက်များဖြင့် အတည်ဖြစ်ပြီး ဖြစ်သည်။ ဤအာယသ်တော်၌ ၄င်းအား ဖာစိက်ဟု ဆိုထားသည်။ ဤမိန့်ဆိုချက်အားဖြင့် ဆွဟာဗာများတွင် အချို့မှာ ဖာစိက်လည်း ဖြစ်နိုင်ကြောင်း အပေါ်ယံအားဖြင့် သိရှိရပေသည်။ ထို့ပြင် ဤအချက်သည်

الصحابة كلهم عدول

ဆွဟာဗာအားလုံးသည် တရားရှိသူများ ဖြစ်ကြသည်'ဟူသော အကွဲအလွဲမရှိဘဲ တစ်ညီတစ်တည်း လက်ခံထားသည့် ဥဒေနှင့် ဆန့်ကျင်ခြားနားနေသည်။ ဆွဟာဗာများ၏ သတင်း (သို့) ထွက်ဆိုမှု တစ်စုံတစ်ရာအပေါ် မည်သည့်စမ်းစစ်မှုမျှ မပြုနိုင်ပေ။

အလ္လာမဟ်အာလူးစီ (ရဟ) က ရူးဟွလ်မအာနီကျမ်းတွင် မိန့်ဆိုသည်မှာ ဤအရေးကိစ္စတွင် အမှန်ကန်ဆုံးမှာ အာလင်မ်ဓမ္မသတ်ပညာရှင် အများစုတို့ သွားရာလမ်းပင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဆွဟာဗာများသည် အပြစ်ကင်းစင်သူများ မဟုတ်ကြပေ။ ၎င်းတို့သည်လည်း ကြီးလေးသော အပြစ်ဒုစရိုက်များကို ကျူးလွန်ခြင်း ဖြစ်နိုင်သည်။ ဤသည် ဖိစ်က် (စာရိတ္တဖောက်ပြန်မှု) အမှုပင် ဖြစ်သည်။ ထိုအမှုကို ကျူးလွန်သူအတွက် ထိုအပြစ်ကို ကျူးလွန်သည့်အခါ ထိုအပြစ်နှင့် ထိုက်တန်သည့်အတိုင်း ဆက်ဆံမှုပြုခြင်းခံရမည်။ ဆိုလိုသည်မှာ ရှရီအသ်တရားတော် အတိုင်း အပြစ်ပေးခံရမည်ဟု ဖြစ်သည်။ အကယ်၍ လိမ်လည်မှုသားဆိုကြောင်း အတည်ဖြစ်ပါက ၎င်း၏ သတင်းပေးခြင်းနှင့် ထွက်ဆိုခြင်းတို့ကို ပယ်ဖျက်ရမည်။ သို့ရာတွင် 'အဟ်လေစ္စုန္နသ်ဝလ်ဂျမာအသ်'၏ 'အကီဒဟ်'ယုံကြည်ချက်သည် ကုရ်အာန်ကျမ်းမြတ်လာ အမိန့်တော်များနှင့် စွန္နသ်၊ ဟဒီးစ်တော်များလာ အမိန့်များကို ထောက်ရှု၍ ဆွဟာဗာများအဖို့ အပြစ်ကျူးလွန်ခြင်းဆိုသည်မှာ ဖြစ်နိုင်သည်။ သို့ရာတွင် 'သောင်ဗာဟ်'ပြုလုပ်လျက် အပြစ်များမှ ကင်းစင်မှုဖြစ်မသွားသော ဆွဟာဗာဟူ၍ မည်သည့်ဆွဟာဗာမျှ မရှိပေ'ဟု ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင် ၎င်းတို့နှင့်စပ်လျဉ်း၍ အလ္လာဟ်အသျှင်မြတ်၏ နှစ်သက်မှု ဆုံးဖြတ်ချက်ရှိကြောင်း အတိအလင်း မိန့်ကြားထားသည်မှာ-

رَضِيَ اللّٰهُ عَنْهُمْ وَرَضُوْا عَنْهُ (الآية)

ဟု ဖြစ်သည်။ အသျှင်မြတ်၏ နှစ်သက်မှုသည် အပြစ်များကို ခွင့်လွှတ်ချမ်းသာ မပေးဘဲ မဖြစ်နိုင်ပေ။ ကာဒီအာယာဇ်လာ (ရဟ) က မိန့်ဆိုသည်မှာ နှစ်သက်မှုဟူသည် အလ္လာဟ်အသျှင်မြတ်၏ ဂုဏ်တော်တစ်ပါး ဖြစ်သည်။ ထိုအသျှင်မြတ်သည် မိမိ၏ နှစ်သက်တော်မူခြင်းအကြောင်း ကြေညာချက်ကို ၎င်းသူနှင့် စပ်လျဉ်း၍ ထိုသူသည် မိမိ၏ နှစ်သက်မှုအပေါ်၌ ကွယ်လွန်သေဆုံးမည်ကို သိရှိတော်မူပြီးဖြစ်၍သာ ကြေညာတော်မူခြင်း ဖြစ်သည်။

အချုပ်ဆိုရသော် ဆွဟာဗာများအတွင်းမှ လက်ချိုးရေတွက်၍ ရနိုင်သော အချို့ပုဂ္ဂိုလ်များသည် တစ်ခါတစ်ရံ ပြစ်မှုတစ်ခုခုကို ကျူးလွန်မိသည့်အခါ ၎င်းတို့အဖို့ ချက်ချင်းပင် 'သောင်ဗာဟ်'ပြုနိုင်သည့် နဖူးစာကို ရရှိကြသည်။ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့ကို ရစူလ်တမန်တော်မြတ် ﷺ ၏ ထိုင်ဝိုင်း၏ 'ဗရ်ကသ်'ဖြင့် ရှရီအသ်တရားတော်ကို ၎င်းတို့၏ ဗီဇသဘာဝရှိ အရာအဖြစ် ပြုပေးတော်မူသည်။ ရှရီအသ်တရားတော်နှင့် ဆန့်ကျင်သော အလုပ်တစ်ခုခုကို ပြုလုပ်ခြင်း (သို့) အပြစ်ဒုစရိုက်တစ်ခုခု ကျူးလွန်ခြင်းသည် အဆုံးမဲ့ နည်းပါးလွန်းလှသည်။ ၎င်းတို့၏ ကောင်းမှုကိုယ်ကျင့် တရားများသည်လည်းကောင်း၊ နဗီတမန်တော် မြတ် ﷺ နှင့် အစ္စလာမ်သာသနာအပေါ် မိမိတို့၏ အသက်ဇီဝိန်များကို စွန့်လွှတ်စတေးကြခြင်းများသည်လည်းကောင်း၊ လုပ်ရပ်တိုင်း၌ အလ္လာဟ်အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်တို့၏ အမိန့်နာခံခြင်းကို ဘဝသက်တမ်း၏ အမြဲတမ်း ပြုကျင့်ရသော အဓိကအလုပ်များအဖြစ် ပြုထားကြခြင်းများသည်လည်းကောင်း၊ ထိုသို့ အမိန့်နာခံမှုအတွက် ရှေးယခင်အွမ္မသ်များတွင် မရှိနိုင်သော စွန့်စား

ကြိုးပမ်းမှုများသည်လည်းကောင်း ၎င်းတို့၌ ရှိခဲ့ကြသည်။ ထိုများပြားလှစွာသော ကောင်းမှု ကိုယ်ကျင့်တရားများ၊ ထူးမြတ်မှုနှင့် ပြည့်စုံကုံလုံမှုများနှင့် နှိုင်းယှဉ်ရာတွင် ဘဝသက်တမ်းတစ်လျှောက်လုံးတွင် ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်လိုက်မိခြင်းသည် ထိုပြစ်မှုမှာ မဖြစ်ရှိခဲ့သကဲ့သို့ အရာရောက်သွားသည်။

ဒုတိယအချက်မှာ အလ္လာဟ်အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်တို့အား ချစ်ခင်မှုနှင့် လေးစား ဂုဏ်ပေးခြင်းတို့သည်လည်းကောင်း၊ အသေးအဖွဲ့အပြစ်ကိုပင် ကျူးလွန်မိခဲ့သည့်အခါ၌လည်း ၎င်းတို့၏ ကြောက်ရွံ့မှုနှင့် ချက်ချင်း 'သောင်ဗာဟ်'ပြုလုပ်ရုံသာမကဘဲ မိမိကိုယ်မိမိအား အပြစ်ဒဏ်ကျခံရန် အပ်နှင်းခဲ့ကြခြင်းသည်လည်းကောင်း၊ တစ်ဖန် မိမိကိုယ်မိမိ ဗလီဝတ်ကျောင်းတော်၏ တိုင်များနှင့် ချည်နှောင်ခဲ့ကြခြင်း စသော ဖြစ်ရပ်များသည် ဆင့်ပြန်ချက်များ၌ ထင်ရှားကျော်ကြားသော အကြောင်းဖြစ်ရပ်များပင် ဖြစ်ပေသည်။ ဟဒီးစ်တော်၏ အမိန့်အရ အပြစ်များမှ 'သောင်ဗာဟ်'ပြုလုပ်သူသည် အပြစ်ကျူးလွန်ခြင်းပင် မရှိသကဲ့သို့ ဖြစ်သည်ဟု သိရှိရပြီး ဖြစ်သည်။

တတိယအချက်မှာ ကုရ်အာန်ကျမ်းမြတ်၏ တင်ပြမိန့်ကြားချက်အရ ကောင်းမှုကိုယ်ကျင့်တရားများနှင့် မွန်မြတ်သော လုပ်ရပ်များသည် အပြစ်ဒုစရိုက်များအတွက် 'ကဖ္ဖာရာဟ်'ချေဖျက်သော အရာများ ဖြစ်ခြင်းကို သိရှိရပြီး ဖြစ်ပေသည်။

إِنَّ الْحَسَنَاتِ يُذْهِبْنَ السَّيِّئَاتِ

(ကောင်းမှုကုသိုလ် ကိုယ်ကျင့်တရားများသည် မကောင်းမှု အပြစ်ငယ်များကို ပယ်ဖျက်စေလေသည်) ဟု လာရှိထားပြီးဖြစ်သည်။

အထူးသဖြင့် ၎င်းတို့၏ ကောင်းမှုများသည် အများလူတို့ကဲ့သို့ မဟုတ်ဘဲ ၎င်းတို့၏ အခြေအနေမှ အဘူဒါဝူးဒ်ကျမ်းနှင့် သိရ်မေဇီကျမ်းတို့၌ ဟဇရသ်စအီးဒ်ဗင်န်ဇိုက်ဒ် ﷺ ထံမှ ဆင့်ပြန်ချက်အရ

والله لمشهد رجل منهم مع النبيّ ﷺ يغبّر فيه وجهه خير من عمل احدكم ولو عمر عمر نوح

ဟု လာရှိထားသောကြောင့် ဖြစ်သည်။ ဆိုလိုသည်မှာ 'အလ္လာဟ်အသျှင်မြတ်၏ ကစမ်၊ ၎င်းတို့အနက် တစ်စုံတစ်ဦးသည် ကိုယ်တော်မြတ် ﷺ နှင့်အတူ စစ်ပွဲတစ်ခုခုတွင် ပါဝင်ခဲ့ပြီး ထိုစစ်ပွဲ၌ ၎င်းတို့၏ မျက်နှာများတွင် ဖုံမှုန့်များ လူးထိခဲ့ပါလျှင် အကယ်၍ ဟဇရသ်နူးဟ် ﷺ ၏ သက်တမ်းကို ရရှိသူပင်ဖြစ်စေ၊ အသင်တို့၏ တစ်သက်တာလုံး အမိန့်နာခံမှုများနှင့် 'အေဗာဒသ်'ပြုခြင်းများထက်ပင် ထိုသူသည် သာပို မြတ်ပေသည်။ ထို့အတွက်ကြောင့် ၎င်းတို့ အပြစ်တစ်စုံတစ်ရာ ကျူးလွန်မိသည့်အခါ ထိုပြစ်မှုအတွက် သတ်မှတ်ထားသော အပြစ်ဒဏ်အတိုင်း အပြစ်ဒဏ်ပေးခံရခြင်းများ ရှိပါသော်လည်း နောက်ပိုင်းတွင် ၎င်းတို့အနက် တစ်စုံတစ်ဦးကို ဖာစိက်ဟု သတ်မှတ်ရန် မည်သူ့အဖို့မျှ မပိုင်ပေ။ ထို့ကြောင့် အကယ်၍ ကိုယ်တော်မြတ် ﷺ ၏ ခေတ်သမယ၌ ဆွဟာဗာတစ်ပါးသည် ဖိစ်က် အလုပ်ဖြစ်သော အပြစ်တစ်ခုခုကို

ကျူးလွန်မိခဲ့၍ ထိုစဉ်က ၎င်းအား ဖာစိက်ဟုလည်း ခေါ်ဆိုခဲ့ကြသည်။ ထိုသို့ ဖြစ်ခဲ့ခြင်းကြောင့် ၎င်းဆွဟာဗာ ပြုလုပ်ခဲ့သည့် ဖိစ်က်လုပ်ရပ်သည် ၎င်းအတွက် အစဉ်အမြဲ ရှိနေပြီးဟု ယူဆလျက် နောင်တွင်လည်း ၎င်းဆွဟာဗာအား ဖာစိက်ဟု ခေါ်ဆိုခြင်း မပိုင်ပေ။ معاذ الله (အလ္လာဟ်အသျှင်မြတ်ထံတော်မှ ဤသို့သော ဖြစ်မှုများမှ ကင်းလွတ်ချမ်းသာ တောင်းခံပါ၏။)　　*[ရှူးဟွလ်မအာနီကျမ်း]*

ဖော်ပြပါအာယသ်တော်၌ ဝလီးဒ်ဗင်န်အွတ်ကဗာဟ် ﷺ သခင်အား ဖာစိက်ဖြစ်ကြောင်း တင်ပြထားသည်ဟု ယတိပြတ် ပြောဆိုသတ်မှတ်ရန် မဖြစ်နိုင်ချေ။ အာယသ်တော် ကျရောက်လာခြင်းမှာ ၎င်းနှင့် ပတ်သက်သည်မှာ မှန်သော်လည်း ဖာစိက်ဟူသော စာလုံးကို ၎င်းအတွက် သုံးနှုန်းထားသည်ဟု အတိအကျ မပြောဆိုနိုင်ပေ။ အကြောင်းမှာ ဤဖြစ်ရပ်အလျှင်၌မူ ဝလီးဒ်ဗင်န်အွတ်က်ဗဟ် ﷺ တွင် ဖာစိက်ဟု ခေါ်ဆိုခံရမည့် မည်သည့်လုပ်ရပ်မျှ ကျူးလွန်ခဲ့ခြင်း မရှိခဲ့ပေ။ ထို့ပြင် ဤဖြစ်ရပ်၌ ၎င်းသည် ဗနူမွတ်သ္ဝလိက် မျိုးနွယ်တို့အပေါ် အထင်မှားခြင်းတစ်မျိုး ဖြစ်ခဲ့သည်။ ဤသည်မှာလည်း မိမိ၏ အမြင်အရ မှန်ကန်သည်ဟု ယူဆခဲ့၍ ဖြစ်သည်။ အမှန်ဖြစ်ရပ်တွင်မူ လွဲမှားနေလေသည်။ ထို့ကြောင့် အာယသ်တော်၏ အလိုသဘောမှာ ဖွင့်ဆိုချက်အနှစ်ချုပ်၌ ဖော်ပြပြီးခဲ့သည့်အတိုင်းသာ ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် ဤအာယသ်တော်သည် ပုံသေနည်းဖြင့် ဖာစိက်၏ သတင်းစကားကို လက်မခံရခြင်းနှင့် စပ်လျဉ်း၍ တင်ပြထားသောကြောင့် ဖြစ်သည်။ ဖော်ပြပါဖြစ်ရပ်အပေါ် ဤအာယသ်တော် ကျရောက်လာခြင်းဖြင့် အာယသ်တော်လာ ပုံသေဥပဒေသမှာ ဤသို့ ပို၍ပင် လေးနက်သွားရသည်။ ၎င်းမှာ ဝလီးဒ်ဗင်န်အွတ်က်ဗာဟ် ﷺ သခင်သည် အမှန်စင်စစ် ဖာစိက်မဟုတ်သော်လည်း ၎င်း၏ သတင်းစကားကို ခိုင်လုံသော အထောက်အထားများအရ လက်ခံခြင်းမပြုနိုင်ကြောင်း တွေ့ရှိရလေသောအခါ ၎င်း၏ သတင်းပေးချက်အပေါ် မူတည်၍ ရှေ့ဆက်ဆောင်ရွက်ရန် အမိန့်ကို ချက်ချင်းပေးတော်မမူဘဲ တမန်တော်မြတ် ﷺ သည် ခါလိဒ်ဗင်န်ဝလီးဒ် ﷺ သခင်အား လေ့လာစုံစမ်းရန် မိန့်ကြားတော်မူခဲ့သည်။ သို့ဖြစ်ပေရာ မှန်ကန်၍ ယုံကြည်စိတ်ချရသူတစ်ဦး၏ သတင်းပေးခြင်းကို နီးစပ်သော အကြောင်းအချက်အလက်များအရ သံသယဖြစ်ဖွယ် တွေ့ရှိရ၍ 'ထိုသူ၏ သတင်းစကားအပေါ် လေ့လာဆန်းစစ်ခြင်းမပြုမီ ရှေ့ဆက် ဆောင်ရွက်ရွက်ရန် အမိန့်ကို ပေးတော်မမူခဲ့' ဟု ဆိုလျှင် ဖာစိက်၏ သတင်းပေးစကားကို လက်ခံမှုမပြုရခြင်းနှင့် ၎င်းသတင်းအပေါ် ကျင့်ဆောင်မှု မပြုရခြင်းမှာ ပို၍ ထင်ရှားသွားပေသည်။ ဆွဟာဗာများ၏ တရားရှိမှုနှင့် စပ်လျဉ်း၍ ကျွန်ုပ်သည် 'မကားမေ့ဆွဟာဗာ' ကျမ်း၌ ပြည့်စုံစွာ ဖော်ပြထားသည်။ ထိုအကြောင်း တစ်စိတ်တစ်ဒေသကို ရှေ့အာယသ်တော် ဖြစ်သော

وَاِنْ طَآئِفَتَانِ مِنَ الْمُؤْمِنِيْنَ

တွင် တင်ပြပါမည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَاعْلَمُوْٓا اَنَّ فِيْكُمْ رَسُوْلَ اللّٰهِ ۭ لَوْ يُطِيْعُكُمْ فِيْ كَثِيْرٍ مِّنَ الْاَمْرِ لَعَنِتُّمْ وَلٰكِنَّ اللّٰهَ حَبَّبَ اِلَيْكُمُ الْاِيْمَانَ وَزَيَّنَهٗ فِيْ قُلُوْبِكُمْ وَكَرَّهَ اِلَيْكُمُ الْكُفْرَ وَالْفُسُوْقَ وَالْعِصْيَانَ ۭ اُولٰۗىِٕكَ هُمُ الرّٰشِدُوْنَ ۝ۙ

၄၉ း ၇ ။ ။ ထို့ပြင် အသင်တို့သည် မိမိတို့၌ အလ္လာဟ်အသျှင်မြတ်၏ ရစူလ်တမန်တော် ရှိနေတော်မူသည်ကို (ကောင်းစွာ) သိထားကြလေကုန်။ အကယ်၍ ထိုရစူလ်တမန်တော်မြတ်သည် များစွာသော အရေးကိစ္စတို့၌ အသင်တို့၏ ပြောဆိုချက်ကို လိုက်နာပါလျှင်၊ အမှန်ပင် အသင်တို့သည်သာလျှင် ဒုက္ခတွေ့ခဲ့ကြမည်သာ (ဖြစ်၏။) သို့ရာတွင် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အား အီမာန်သက်ဝင်ယုံကြည်မှုကို နှစ်သက်မြတ်နိုးစေတော်မူခဲ့၏။ ထို့ပြင် ယင်းအီမာန်သက်ဝင်ယုံကြည်မှုကို အသင်တို့၏ စိတ်နှလုံးများတွင် မြတ်နိုးစေတော်မူခဲ့ပြီး၊ လှပတင့်တယ်စေတော်မူခဲ့၏။ ၎င်းပြင် ထိုအသျှင်မြတ်သည် အသင်တို့အား 'ကုဖွရ်' သွေဖည်ငြင်းပယ်မှုကိုလည်းကောင်း၊ ပြစ်မှုကျူးလွန်ခြင်းကိုလည်းကောင်း အမိန့်မနာခံမှုကိုလည်းကောင်း စက်ဆုပ်စေတော်မူခဲ့၏။ ယင်းကဲ့သို့ သူသည်တို့သည်ပင်လျှင် လမ်းမှန်ကို ရရှိသူများ ဖြစ်ကြကုန်၏။

فَضْلًا مِّنَ اللّٰهِ وَنِعْمَةً ۭ وَاللّٰهُ عَلِيْمٌ حَكِيْمٌ ۝

၄၉ ၈ ။ ။ စင်စစ် အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်ကြောင့်လည်းကောင်း၊ ဆုလာဘ်ချီးမြှင့်တော်မူခြင်းကြောင့်လည်းကောင်း အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် (အရာခပ်သိမ်းတို့ကို) အကြွင်းမဲ့ သိရှိတော်မူသော အသျှင်၊ ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

၎င်းပြင် အသင်တို့သည် မိမိတို့၌ ရစူလွလ္လာဟ် ﷺ ရှိတော်မူသည်ကို သိထားကြလေကုန်။ (ယင်းသည်မှာ အလ္လာဟ်အသျှင်မြတ်၏ ကြီးမားစွာသော ကျေးဇူးတော်ဖြစ်သည်။ لَقَدْ مَنَّ اللّٰهُ (ငါအသျှင်မြတ်သည် ကျေးဇူးပြုတော်မူခဲ့သည်) ဟူသော အာယသ်တော်၌ မိန့်ကြားတော်မူခဲ့ပြီးဖြစ်သည်။ ဤကျေးဇူးတော်ကို ကျေးဇူးသိခြင်းအားဖြင့် အသင်တို့သည် လောကီရေး၌ပင်ဖြစ်စေ၊ နဗီတမန်တော်နှင့် ဆန့်ကျင်မှုကို မည်သည့်ကိစ္စတွင်မှ မပြုကြရပေ။ ထို့ပြင် လောကီရေးကိစ္စများတွင် ကိုယ်တော်မြတ် ﷺ သည် ကျွန်ုပ်တို့၏ ဆန္ဒနှင့်အညီ ထပ်တူထပ်မျှ ပြုပေးရမည်ဟူသော ဆန္ဒ၊ သောကမထားကြလေနှင့်။ အဘယ်ကြောင့်ဆိုသော်) အကယ်၍ များစွာသော အရေးကိစ္စများ၌ ထိုရစူလ်တမန်တော်မြတ်သည် အသင်တို့၏ ပြောဆိုချက်ကို လိုက်နာခြင်းပြုပါလျှင် အမှန်ပင် အသင်တို့သည်သာ ဒုက္ခတွေ့ကြရပေမည်။

အဘယ်ကြောင့်ဆိုသော် အရေးကိစ္စတစ်စုံတစ်ရာ၌ အသင်တို့၏ ပြောဆိုအကြံပေးချက်သည် ကြောင်းကျိုးနှင့် ဆန့်ကျင်လျက် ၎င်းအကြံပြု ပြောဆိုချက်အပေါ် ကျင့်ဆောင်ခဲ့ပါက မုချကေန် ဆိုးကျိုးဒုက္ခနှင့်

ရင်ဆိုင်ကြုံတွေ့မည်သာဖြစ်၏။ အကယ်၍ ကိုယ်တော်မြတ် ﷺ ၏ ဆန္ဒအပေါ် ပြုလုပ်မည်ဆိုပါက အထက်ပါ အကြောင်းနှင့် ဆန့်ကျင်၍ အကျိုးရှိပေမည်။ အဘယ်ကြောင့်ဆိုသော် လောကီရေးကိစ္စပင် ဖြစ်လင့်ကစား နဗီတမန်တော်မြတ် ﷺ ၏ သဘောဆန္ဒရှိသည့်အတိုင်း လုပ်ဆောင်သည်ဆိုလျှင် ထိုကိစ္စတွင် ကောင်းရာ ကောင်းကျိုးနှင့် ဆန့်ကျင်ခြင်းမှာ မဖြစ်နိုင်သော အချက်မဟုတ်ပါသော်လည်း ထို့ပြင် 'နဗူဝသ်'၏ ဂုဏ် သိက္ခာနှင့်လည်း မဆန့်ကျင်ပါသော်လည်း ဤကဲ့သို့သော ကိစ္စများ၌ ဆိုးကျိုးဒုက္ခနှင့် ရင်ဆိုင်ကြုံတွေ့နိုင် ချေမှာ အလွန်နည်းပါးစွာပင် ရှိပေမည်။ တစ်ဖန် အကယ်၍ ရှိသည်ဆိုလျှင်လည်းကောင်း၊ ထိုလုပ်ရပ်များ တွင် ကောင်းရာကောင်းကျိုး ပျောက်ကွယ်သွားသည်ဆိုလျှင်လည်းကောင်း ၄င်းကောင်းရာ ကောင်းကျိုး၏ အလွန်ကောင်းသော အစားအဖြစ် ကုသိုလ်အကျိုးများနှင့် တမန်တော်မြတ် ﷺ ၏ အမိန့်နာခံမှုကို ရရှိမည် ဆိုခြင်းမှာ မည်မျှကြီးမားသော အချက်ဖြစ်ပါသနည်း။ အသင်တို့၏ ဆန္ဒနှင့်အညီ ပြုလုပ်သော အလုပ်နှင့်မူ ဆန့်ကျင်မှုရှိသည်။ အဘယ်ကြောင့်ဆိုသော် အသင်တို့၏ ဆန္ဒနှင့် ပြုလုပ်သော လုပ်ငန်းများတွင် ကောင်းရာ ကောင်းကျိုးဖြစ်သော လုပ်ရပ်များလည်း ရှိပေမည်။ သို့ရာတွင် သတ်မှတ်ချက်ကား မရှိပေ။ ထို့ပြင် ဤသို့ ဖြစ်ခြင်းသည် အလွန်နည်းပါးစွာပင် ရှိပေမည်။ ဆိုးကျိုးဆုံးရှုံးမှု ဒုက္ခများနှင့် သာပို၍ ကြုံတွေ့ နိုင်ချေ ရှိ၏။ တစ်ဖန် ထိုဆိုးကျိုးဆုံးရှုံးမှု ဒုက္ခကို အစားထိုးရန် မည်သည့်အရာမျှ မရှိနိုင်ပေ။ ဤတင်ပြ ချက်အားဖြင့် နဗီတမန်တော်မြတ် ﷺ ၏ သဘောဆန္ဒနှင့်အညီ လုပ်ဆောင်ရာတွင် များစွာသော အကျိုး အမြတ်များ ရှိမည်ဟူသော သတ်မှတ်ချက်ကို နားလည် သိရှိနိုင်ပြီး ဖြစ်သည်။ မည်သို့ပင်ဆိုစေ အကယ်၍ ကိုယ်တော်မြတ် ﷺ သည် အသင်တို့၏ စကားအတိုင်း လိုက်နာပြုကျင့်ခဲ့ပါလျှင် အသင်တို့အဖို့ ကြီးမားစွာ သော ဒုက္ခရောက်ရှိကြပေမည်။)

သို့ရာတွင် အလ္လာဟ်အသျှင်မြတ်သည် (အသင်တို့အား ဆိုးကျိုးဒုက္ခများမှ ကယ်တင်တော်မူခဲ့ သည်။) အသင်တို့အား အီမာန် (ပြည့်ဝမှု) ကို ချစ်ခင်စုံမက်စေတော်မူခဲ့သည်။ ထို့ပြင် ထိုအီမာန်သက်ဝင် ယုံကြည်မှု (ရရှိခြင်း) ကို အသင်တို့၏ နှလုံးသားများတွင် မြတ်နိုးစေတော်မူခဲ့ပြီး လှပတင့်တယ်စေတော် မူခဲ့သည်။ ထို့ပြင် 'ကုဖွရ်' (သွေဖည်ငြင်းခြင်း) နှင့် 'ဖိစ်က်' (ပြစ်မှုကျူးလွန်ခြင်း) ကိုလည်းကောင်း၊ (ကြီးလေးသော အပြစ်ကို ဆိုလိုသည်။) ထို့ပြင် အမိန့်မနာခံခြင်းကိုလည်းကောင်း၊ (ပြစ်မှုငယ်များကို ဆိုလိုသည်။) အသင်တို့အား စက်ဆုပ်စေတော်မူခဲ့သည်။ (ဤသို့ ဖြစ်ခြင်းကြောင့် အသင်တို့သည် အချိန် တိုင်း၌ တမန်တော်မြတ် ﷺ ၏ နှစ်သက်မှုကို ရှာဖွေလျက် ရှိကြပေသည်။ ထိုသို့ ရှာဖွေခြင်းဖြင့် အသင် တို့သည် တမန်တော်မြတ် ﷺ ၏ နှစ်သက်မှုကို ဖြစ်စေသော အမိန့်တော်များကို လက်ခံလာကြသည်။ သို့ဖြစ်ပေရာ လောကီရေးကိစ္စများ၌လည်း တမန်တော်မြတ် ﷺ ၏ အမိန့်နာခံခြင်းမှာ 'ဝါဂျိဗ်'ဖြစ်ကြောင်း ကိုလည်းကောင်း၊ ရစူလ်၏ အမိန့်ကို နာခံခြင်းမပြုဘဲ ပြည့်ဝသော အီမာန်သက်ဝင်ယုံကြည်မှု မရရှိခြင်း ကိုလည်းကောင်း သိရှိပြီးဆိုလျှင်၊ ထို့ပြင် ပြည့်ဝသော အီမာန်ရရှိရန် လိုလားခြင်းသည် အသင်တို့၌ ကနဦးမှပင် ရှိပေသည်။ သို့ဖြစ်ပေရာ အသင်တို့သည် ထိုအမိန့်ကိုလည်း ချက်ချင်းလက်ခံခဲ့ကြသည်။

ထိုသို့ လက်ခံ၍ အီမာန်ကို ထပ်မံ ပြည့်ဝစေခဲ့ကြသည်။) ဤသို့သော သူများသည်ပင် (အီမာန်ပြည့်ဝမှုကို မြတ်နိုးသူများကို ဆိုလိုသည်။)

အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်နှင့် ချီးမြှင့်တော်မူခြင်းတို့ကြောင့် ၎င်းတို့သည် လမ်းမှန်ရရှိသူများ ဖြစ်ကြပေသည်။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်သည် (တစ်စုံတစ်ရာ မိန့်ကြားတော်မူပါလျှင် ထိုအမိန့်များ၏ ကောင်းရာကြောင်းကျိုးများကိုလည်း) သိရှိတော်မူသော အသျှင်၊ ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အသျှင် ဖြစ်တော်မူသည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ဤအာယသ်တော်၏အလျင် ရှေ့အာယသ်တော်တွင် ဟဇရသ်ဝလီးဒ်ဗင်န်အွတ်က်ဗဟ် ﷺ သခင်နှင့် ဗနီမွတ်ဆ်သွလိက်မျိုးနွယ်တို့အကြောင်းကို တင်ပြခဲ့သည်။ ဤအကြောင်း ဖြစ်ရပ်တွင် ဝလီးဒ်ဗင်န်အွတ်က်ဗဟ် ﷺ သခင်သည် ဗနီမွတ်ဆ်သွလိက်မျိုးနွယ်ဝင်တို့နှင့် စပ်လျဉ်း၍ '၎င်းတို့သည် 'မုရ်သဒ်' (ဘာသာပျက်သူ) များ ဖြစ်သွားကြသည်။ 'ဇကားသ်'ပေးဆောင်ရန် ငြင်းဆိုကြသည်'ဟု သတင်းစကား ပြောကြားခဲ့သည်။ ထိုသို့ ပြောကြားခြင်းအပေါ် ဆွဟာဗာများအတွင်း၌လည်း ဒေါသအမျက်ထွက်ခြင်းများ ဖြစ်ပေါ်ခဲ့ရသည်။ ဆွဟာဗာများ၏ ဆန္ဒမှာ ထိုမျိုးနွယ်ဝင်များအပေါ် 'ဂျိဟားဒ်'ပြုရန် 'မုဂျာဟိဒ်' များကို စေလွှတ်သင့်သည်ဟူ၍ ဖြစ်သည်။ သို့ရာတွင် ကိုယ်တော်မြတ် ﷺ သည် ဝလီးဒ်ဗင်န်အွတ်က်ဗဟ် ﷺ သခင်၏ သတင်းစကားကို ခိုင်မာသော အကြောင်းတရားမရှိဟု ယူဆမိသောကြောင့် လက်ခံတော်မမူခဲ့ပေ။ ဤအကြောင်းစုံစမ်းရန် ခါလိဒ်ဗင်န်ဝလီးဒ် ﷺ သခင်ကို အမိန့်ပေး စေလွှတ်တော်မူခဲ့သည်။ ရှေ့အာယသ်တော်၌ ကုရ်အာန်ကျမ်းတော်မြတ်သည် အကြင်သူတစ်ဦး၏ သတင်းစကားပေးမှုတွင် ခိုင်လုံသော အကြောင်းတစ်စုံတစ်ရာကြောင့် သံသယရှိဖွယ် အနေအထားဖြစ်ပေါ်ပါလျှင် လေ့လာစုံစမ်းမှု မပြုမီအလျင် ၎င်းကို 'အမလ်'ပြုကျင့်ခြင်း မပိုင်ပေဟု ဥပဒေတစ်ရပ်အဖြစ် သတ်မှတ်ပြဋ္ဌာန်းခဲ့သည်။ ဤအာယသ်တော်တွင် ဆွဟာဗာသခင်ကြီးများအား အခြားအကြောင်းတစ်ရပ်ကို ညွှန်ကြားတော်မူထားသည်မှာ 'စင်စစ် ဗနီမွဆ်သွလိက်မျိုးနွယ်ဝင်တို့နှင့် စပ်လျဉ်း၍ 'မုရ်သဒ်' ဖြစ်သွားကြောင်း သတင်းစကားကို ကြားရပြီး အသင်တို့က ဒေါသအမျက်ထွက်ကြသည်မှာ သာသနာရေးစိတ်ဓါတ်များကြောင့်ပင် ဖြစ်သည်။ သို့သော် အသင်တို့၏ ယူဆချက်မှာ မမှန်ကန်ပါ။ အလ္လာဟ်အသျှင်မြတ်၏ ရစူလ်တမန်တော် ရွေးချယ်သည့် ပုံစံသည်သာ အသင်တို့အတွက် အကောင်းဆုံးဖြစ်သည်' ဟူ၏။ *[မဇ္ဇဟရီကျမ်း]*

အလိုသဘောမှာ 'မရှ်ဝရာဟ်' (အကြံဉာဏ်တောင်းခံရာ) တွင် တစ်စုံတစ်ရာ အကြံဉာဏ်ပေးခြင်း ပိုင်သည်။ သို့ရာတွင် တမန်တော်မြတ် ﷺ သည် အသင်တို့၏ အကြံဉာဏ်၊ အသင်တို့၏ ဆန္ဒအတိုင်း ပြုကျင့်လုပ်ဆောင်ရန်အတွက် ကြိုးစားခြင်းမှာ မပိုင်ပေ။ အဘယ်ကြောင့်ဆိုသော် လောကီရေးကိစ္စများတွင် အကယ်၍ တမန်တော်မြတ် ﷺ ဆန္ဒသည် ကောင်းရာကောင်းကျိုးနှင့် ဆန့်ကျင်နိုင်ခြင်း

ဖြစ်နိုင်ချေရှိသော အချက်ဖြစ်ခြင်းမှာ မလွဲမသွေပင် ဖြစ်သည်။ သို့သော် ဖြစ်နိုင်ချေ အလွန်နည်းပါးလှ၏။ ဤသည်မှာ နဗီဖြစ်ခြင်း၏ ဂုဏ်ရည်နှင့်လည်း ဆန့်ကျင်ခြင်းကား မရှိပေ။ သို့သော် အလ္လာဟ်အသျှင်မြတ်က မိမိ၏ ရစူလ်တမန်တော်မြတ် ﷺ အား ချီးမြှင့်ပေးသနားတော်မူထားသော ထိုးထွင်းသိမြင်နိုင်သော အသိပညာကို အသင်တို့ မရရှိကြလေသောအခါ အကယ်၍ တမန်တော်မြတ် ﷺ သည် အသင်တို့၏ အကြံဉာဏ်၊ ဆန္ဒအတိုင်း ပြုလုပ်တော်မူလိုက်သောကြောင့် များစွာသော ကိစ္စများတွင် ဆုံးရှုံးမှုနှင့် ဒုက္ခများ ရောက်ရှိကြရပေမည်။ အသင်တို့၏ အကြံဉာဏ်၊ ဆန္ဒတွင် ရှားရှားပါးပါးသာ ကောင်းရာ ကောင်းကျိုး ရှိနိုင်ပေမည်။ ထို့အတွက်ကြောင့် အသင်တို့သည် တမန်တော်မြတ် ﷺ ၏ အမိန့်နာခံမှုအတွက် မိမိတို့၏ ဆန္ဒကို စွန့်လွှတ်ရပေမည်။ ထိုသို့ ပြုလုပ်ခြင်းကြောင့် လောကီရေး၌ တစ်စုံတစ်ရာ ဆုံးရှုံးမှုလည်း ဖြစ်သွားပါလျှင်လည်း ထိုဆုံးရှုံးမှုသည် အသင်တို့၏ ဆန္ဒအတိုင်း လိုက်နာပြုလုပ်၍ ဆုံးရှုံးရခြင်းလောက် ရှိမည် မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ဤအခြေအနေမျိုး၌ အကယ်၍ လောကီရေးတစ်စုံတစ်ရာ ဆုံးရှုံးမှု ဖြစ်သွားပါလျှင်လည်း တမန်တော်မြတ် ﷺ ၏ အမိန့်နာခံမှုကြောင့် ရရှိမည့် 'စဝါးဗ်'အကျိုးကုသိုလ်သည် ထိုဆုံးရှုံးမှု၏ အကောင်းဆုံးသော အစားအဖြစ် ရှိနေသောကြောင့်ပင် ဖြစ်သည်။

عَنِتُّمْ ဟူသော စာလုံးသည် عَنَتَ ဟူသော စာလုံးမှ ဆင်းသက်လာသည်။ အဓိပ္ပာယ်မှာ 'ဖြစ်မှု'ဟုလည်း လာရှိသည်။ ဆိုးကျိုးဒုက္ခ တစ်စုံတစ်ရာ၌ နစ်မွန်းနေခြင်းဟုလည်း လာရှိသည်။ ဤနေရာတွင် အဓိပ္ပာယ်နှစ်မျိုးစလုံးကို ကောက်ယူနိုင်သည်။ *[ကုရ်သုဗီကျမ်း]*

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

وَإِنْ طَآئِفَتَانِ مِنَ
الْمُؤْمِنِينَ اقْتَتَلُوا فَأَصْلِحُوا بَيْنَهُمَا فَإِنْ بَغَتْ إِحْدَاهُمَا عَلَى
الْأُخْرَى فَقَاتِلُوا الَّتِي تَبْغِي حَتَّى تَفِيءَ إِلَى أَمْرِ اللَّهِ فَإِنْ فَاءَتْ
فَأَصْلِحُوا بَيْنَهُمَا بِالْعَدْلِ وَأَقْسِطُوا إِنَّ اللَّهَ يُحِبُّ الْمُقْسِطِينَ ٩

၄၉ : ၉ ။ ။ ၄င်းပြင် အကယ်၍ မုအ်မင်န်သက်ဝင် ယုံကြည်သူတို့အနက်မှ အုပ်စုနှစ်စုသည် အချင်းချင်း စစ်တိုက်ခိုက်ခဲ့ကြပါလျှင် အသင်တို့သည် ယင်းအုပ်စုနှစ်စု၏ အကြားဝယ် စစ်ပြေငြိမ်းအောင် ပြုလုပ်ဆောင်ရွက်ကြလေကုန်။ သို့ရာတွင် အကယ်၍ ယင်းအုပ်စုနှစ်စုအနက်မှ အုပ်စုတစ်စုသည် (စစ်ပြေငြိမ်းမှုကို လက်မခံဘဲ ဆက်လက်၍) အခြားအုပ်စုအပေါ်၌ မတရားကျူးကျော် (တိုက်ခိုက်) လာခဲ့သည်ရှိသော်၊ အသင်တို့သည် ယင်းကျူးကျော်လျက်ရှိသော အုပ်စုကို ၄င်းတို့သည်

အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ဘက်သို့) ပြန်လှည့်လာကြသည်အထိ ပြိုင်ဆိုင်တိုက်ခိုက်ကြလေကုန်။ တစ်ဖန် အကယ်၍ ထိုအုပ်စုသည် (အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ဘက်သို့) ပြန်လှည့်လာခဲ့ကြပါလျှင် အသင်တို့သည် ယင်းအုပ်စုနှစ်စု၏ အကြား၌ တရား သဖြင့် စေ့စပ်၍ပေးကြလေကုန်။ ထို့ပြင် အသင်တို့သည် တရားမျှတစွာ ဆောင်ရွက်ကြလေကုန်။ ဧကန်အမှန် အလ္လာဟ် အသျှင်မြတ်သည် တရားမျှတသော သူတို့အား ချစ်မြတ်နိုးတော်မူ၏။

إِنَّمَا الْمُؤْمِنُونَ إِخْوَةٌ فَأَصْلِحُوا بَيْنَ أَخَوَيْكُمْ وَاتَّقُوا اللَّهَ لَعَلَّكُمْ تُرْحَمُونَ ﴿١٠﴾

၄၉ : ၁၀ ॥ ॥ မုအ်မင်န်သက်ဝင် ယုံကြည်သူတို့သည် (အချင်းချင်း) ညီအစ်ကိုများသာ ဖြစ်ကြကုန်၏။ သို့ဖြစ်ပေရာ အသင်တို့သည် မိမိတို့ ညီအစ်ကိုနှစ်ဦး၏ စပ်ကြားဝယ် ရန်ငြိမ်းအောင် (စေ့စပ်မှုကို) ပြုလုပ် ဆောင်ရွက်ကြလေကုန်။ ထို့ပြင် အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ သို့မှသာလျှင် အသင်တို့သည် သနားကရုဏာ ပြုတော်မူခြင်းကို ခံကြရပေလိမ့်မည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

၄င်းပြင် အကယ်၍ မွတ်စ္စလင်မ်များအနက်မှ အုပ်စုနှစ်စုသည် အချင်းချင်း စစ်တိုက်ခဲ့ကြလျှင် အသင်တို့သည် ယင်းတို့၏ အကြားတွင် စစ်ပြေငြိမ်းအောင် ပြုလုပ်ဆောင်ရွက်ကြလေကုန်။ (ဆိုလိုသည်မှာ ပြဿနာ၏ အခြေခံအရင်းအမြစ်ကို ပပျောက်အောင် ပြုလုပ်၍ စစ်တိုက်ခြင်းကို ရပ်စဲအောင် ပြုလုပ်ပါလေဟူ၍ ဖြစ်သည်။) သို့ဖြစ်ပေရာ အကယ်၍ (စစ်ပြေငြိမ်းရန် ကြိုးပမ်းပြီးနောက်တွင်လည်း) ယင်းအုပ်စုနှစ်စုအနက်မှ အုပ်စုတစ်စုသည် အခြားအုပ်စုအပေါ် မတရားကျူးကျော်လာခဲ့ပါလျှင် (စစ်တိုက်ခြင်းကို ရပ်စဲခြင်းမပြုလျှင်) အသင်တို့သည် ထိုကျူးကျော်သော အုပ်စုကို အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ဘက်သို့ ပြန်လှည့်လာကြသည်အထိ တိုက်ခိုက်ကြလေကုန်။ (အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ဆိုသည်မှာ စစ်တိုက်ခြင်းကို ရပ်တန့်ရန်ကို ဆိုလိုသည်။) တစ်ဖန် အကယ်၍ (ဤ) ကျူးကျော်သည့် အုပ်စုသည် (အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ဘက်သို့) လှည့်ပြန်လာကြပါလျှင် (စစ်တိုက်ခြင်းကို ရပ်စဲလိုက်ပါလျှင်) အသင်တို့သည် ထိုအုပ်စုနှစ်စုအကြား တရားမျှတစွာ စေ့စပ်ပေးကြလေကုန်။ (ဆိုလိုသည်မှာ တရားတော်၏ ဥပဒေသတ်မှတ်ချက်များနှင့်အညီ ဤအရေးကိစ္စကို ဖြေရှင်းကြလေကုန်။ စစ်ပွဲရပ်စဲခြင်းမျှဖြင့် ရောင့်ရဲမှု မပြုကြလေနှင့်။ အကယ်၍ ငြိမ်းချမ်းရေးအတွက် စေ့စပ်ညှိနှိုင်းမှုများ မပြုခဲ့ပါက တစ်ဖန် ပြန်လည်၍ စစ်မက်ဖြစ်ပွားပေ လိမ့်မည်။) ထို့ပြင် အသင်တို့သည် တရားမျှတစွာ ဆောင်ရွက်ကြလေကုန်။ (ဆိုလိုသည်မှာ အသင်တို့သည် မိမိတို့၏ စိတ်အလိုအတိုင်း ပြုလုပ်ခြင်းကို ဦးစားမပေးကြလေနှင့်။) ဧကန်အမှန် အလ္လာဟ် အသျှင်မြတ်သည် တရားမျှတသူတို့အား ချစ်မြတ်နိုးတော်မူသည်။

(အချင်းချင်းတွင် ငြိမ်းချမ်းရေး ရရှိရန်အတွက် စေ့စပ်ပေးရန် အမိန့်ပေးတော်မူရခြင်းမှာ မွတ်စ္စလင်မ် အားလုံးတို့သည် ဝိညာဉ်ပိုင်းအရလည်းကောင်း၊ သာသနာရေးဆိုင်ရာအရလည်းကောင်း နွယ်ယှက်သော

သားချင်းများ ဖြစ်ကြသည်။ ထိုသို့ သားချင်းများဖြစ်ခြင်းကြောင့် တစ်ဦးနှင့်တစ်ဦး) ညီနောင်များ ဖြစ်ကြသည်။ ထို့ကြောင့် အသင်တို့သည် မိမိတို့၏ ညီနောင်နှစ်ဦး၏ အကြားတွင် ရန်ငြိမ်းအောင် စေ့စပ်မှု ပြုကြလေကုန်။ (သို့မှသာ အစ္စလာမ့်အင်ပါယာ အခွန့်ရှည် ရပ်တည်နိုင်ပေမည်။) ထို့ပြင် (ငြိမ်းချမ်းရေး စေ့စပ်သည့်အချိန်တွင်) အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့လျက် ရှိနေကြလေကုန်။ ဆိုလိုသည်မှာ ရှရီအသ် တရားတော်၏ ဥပဒေများကို အလေးထားကြလေကုန်။) သို့မှသာ အသင်တို့အပေါ်၌ သနားကရုဏာ ပြုခြင်းကို ခံကြရပေမည်။

သိမှတ်ဖွယ်ရာများနှင့် စမ္ပသတ်များ

ရှေ့လွန်လေပြီးသော အာယသ်တော်များနှင့် ဆက်စပ်မှု

တင်ပြပြီးခဲ့သော အထက်အာယသ်တော်များတွင် တမန်တော်မြတ် ﷺ နှင့်ပတ်သက်၍ ထားရှိရမည့် ဝတ္တရားများနှင့် တမန်တော်မြတ် ﷺ အား ဒုက္ခဖြစ်စေမည့် လုပ်ရပ်များမှ ရှောင်ကြဉ်ရန် အကြောင်းများကို တင်ပြခဲ့သည်။ ရှေ့တွင် အများသူငှာနှင့် ပတ်သက်သော လူမှုဆက်ဆံရေး၊ စည်းကမ်းချက်ဝတ္တရားများနှင့် အမိန့်တော်များ လာရှိထားသည်။ ၎င်းတို့အနက် တစ်ဦးချင်းအတွက်လည်းကောင်း၊ အုပ်စု၊ အဖွဲ့စုပေါင်းအတွက်လည်းကောင်း နှစ်မျိုးစလုံး၏ စည်းကမ်းချက်များနှင့် အချင်းချင်း၌ ထားရှိရမည့် ဝတ္တရားများကို တင်ပြထားသည်။ ထိုအမိန့်ပညတ်ချက်အားလုံးတို့မှာ သူတစ်ပါးအား ဒုက္ခရောက်စေခြင်းမှ ရှောင်ကြဉ်ရန် အချက်များပင် ဖြစ်သည်။

အာယသ်တော် ကျရောက်လာရခြင်း၏ အကြောင်းခံသမိုင်း

ဤအာယသ်တော်များ ကျရောက်လာရခြင်း၏ အကြောင်းခံဖြစ်ရပ်များနှင့် စပ်လျဉ်း၍ အဖွင့်ပညာရှင်များသည် ဖြစ်ရပ်များစွာကို တင်ပြထားသည်။ ထိုဖြစ်ရပ်များတွင် မွတ်စ္စလင်မ်အုပ်စု နှစ်စုအကြား အချင်းချင်း တင်းမာမှုများ ဖြစ်ခဲ့သည့်အကြောင်း ပါရှိသည်။ ထိုဖြစ်ရပ်အားလုံးသည်ပင် ဤအာယသ်တော်များ ကျရောက်လာရခြင်း၏ အကြောင်းခံများလည်း ဖြစ်နိုင်ပေသည်။ (သို့) အာယသ်တော်များ ကျရောက်လာရခြင်း၏ အကြောင်းခံသည် ဖြစ်ရပ်တစ်ခုသာ ဖြစ်နိုင်ပေမည်။ အခြားသော ဖြစ်ရပ်များကို ၎င်းဖြစ်ရပ်နှင့် တူညီမှုရှိ၍ ထိုဖြစ်ရပ်များကိုလည်း အာယသ်တော်များ ကျရောက်လာရခြင်း၏ အကြောင်းခံ၌ ထည့်သွင်းခြင်းလည်း ဖြစ်နိုင်ပေသည်။ ဤအာယသ်တော်များမှ အဓိက ဦးတည်မိန့်ကြားခြင်းကို ခံရသူများမှာ စစ်မက်တိုက်ခိုက်ခြင်းနှင့် 'ဂျီဟားဒ်'ပြုခြင်းအတွက် ဩဇာအာဏာ အခြေခံ စစ်လက်နက်ကိရိယာများကို ပိုင်ဆိုင်ကြသူ အုပ်ချုပ်သူခေါင်းဆောင်များပင် ဖြစ်သည်။ *[ရူးဟွလ်မအာနီကျမ်း]*

ထို့ပြင် ဆက်စပ်၍ အုပ်ချုပ်သူများအား ကူညီပံ့ပိုးသူ မွတ်စ္စလင်မ်အားလုံးသည် ဤအာယသ်တော်၏ ဦးတည်မိန့်ကြားခြင်းကို ခံရသူများဖြစ်သည်။ ထို့ပြင် အေမာမ်နှင့် ရှေ့ဆောင် ဦးရွက်ပြုသူ၊

ခေါင်းဆောင်၊ (သို့) ဘုရင်နှင့် အုပ်ချုပ်သူများ မရှိသော နေရာများတွင် တတ်နိုင်သမျှ အုပ်စုနှစ်စုလုံးကို ဖျောင်းဖျ၍ စစ်တိုက်ခိုက်ခြင်းကို စွန့်လွှတ်အောင် ပြုပေးရမည်။ ထိုအုပ်စုနှစ်စုလုံးက လက်မခံပါက ထိုတိုက်ခိုက်သည့် အုပ်စုနှစ်စုလုံးနှင့် ခွဲ၍ နေရမည်။ မည်သူနှင့်မျှလည်း မဆန့်ကျင်လေနှင့်။ မည်သူ့ဘက်ကိုမျှလည်း မလိုက်လေနှင့်။ *[ဗယာနုလ်ကုရ်အာန်]*

သက်ဆိုင်သော ဓမ္မသတ်များ

မွတ်စ္စလင်မ်အုပ်စုနှစ်စုတွင် အချင်းချင်း စစ်မက်တိုက်ခိုက်ချိန်၌ ပုံသဏ္ဍာန်အချို့ ရှိသည်။

(၁) အုပ်စုနှစ်စုလုံးသည် မွတ်စ္စလင်မ်တို့၏ ခေါင်းဆောင်၏ အုပ်ချုပ်မှု အချုပ်အခြာအာဏာအောက်တွင် ရှိကြသည်။ (သို့) အုပ်စုနှစ်စုလုံးသည် မွတ်စ္စလင်မ်တို့၏ ခေါင်းဆောင်၏ အုပ်ချုပ်မှု အချုပ်အခြာအာဏာအောက်တွင် မရှိကြ။ (သို့) အုပ်စုတစ်စုမှာ မွတ်စ္စလင်မ်ခေါင်းဆောင်၏ အုပ်ချုပ်မှု အချုပ်အခြာ အာဏာအောက်၌ ရှိပြီး အခြားအုပ်စုမှာ မရှိဟု ဖြစ်ပါလျှင် ပထမပုံသဏ္ဍာန်တွင် စေ့စပ်ဖျန်ဖြေပေးခြင်းဖြင့် အချင်းချင်းစစ်တိုက်ခြင်းကို ရပ်တန့်စေရန် မွတ်စ္စလင်မ်များအပေါ်၌ တာဝန်ရှိပေသည်။

(၂) အကယ်၍ စေ့စပ်ဖျန်ဖြေပေးခြင်းအား လက်မခံဘဲ ရှိပါလျှင် ငြိမ်းချမ်းရေး ပြုလုပ်ပေးရန် မွတ်စ္စလင်မ်ခေါင်းဆောင်အပေါ်၌ 'ဝါဂျိဗ်'ဖြစ်သည်။ အကယ်၍ အစ္စလာမ့်အုပ်ချုပ်ရေး ခေါင်းဆောင်များ ပါဝင်စေ့စပ်ခြင်းကို အုပ်စုနှစ်စုလုံးက လက်ခံ၍ စစ်ပွဲရပ်စဲလိုက်ပါလျှင် 'ကိဆွားဆ်'အသေစားသေစေခြင်းနှင့် 'ဒိယသ်'လျော်ကြေးပေးဆောင်ခြင်း ဥပဒေများ ချမှတ်ရပေမည်။

(၃) အကယ်၍ လက်မခံဘဲ ရှိခဲ့ပါလျှင် အုပ်စုနှစ်စုလုံးကို ပုန်ကန်ခြားနားသူများကဲ့သို့ ဆက်ဆံရပေမည်။ အကယ်၍ အုပ်စုတစ်စုက လက်ခံခဲ့ပြီး အခြားတစ်စုက လက်မခံပါလျှင် ကျူးကျော်စော်ကားမှုများ ပြုခြင်းအပေါ် ရပ်တည်မြဲ ရပ်တည်ပါလျှင် ထိုအုပ်စုသည် ပုန်ကန်ခြားနားသူများပင် ဖြစ်ပေသည်။ ၎င်းတို့အား ပုန်ကန်ခြားနားသူများကဲ့သို့ပင် ပြုရပေမည်။ လက်ခံသော အုပ်စုကို 'တရားမျှတသော အုပ်စု' ဟု ခေါ်ဆိုရပေမည်။

ပုန်ကန်ခြားနားသူများနှင့် စပ်လျဉ်းသော အမိန့်ပညတ်ချက် အကျယ်တဝင့်ကို ဖိကာဟ်ကျမ်းများ၌ ကြည့်ရှုနိုင်ပါသည်။ ယင်းအမိန့်အကြောင်း အကျဉ်းချုပ်မှာ မတိုက်ခိုက်မီအလျှင် ၎င်းတို့၏ လက်နက်များကို လုယူ သိမ်းဆည်းလိုက်ရမည်။ ထို့နောက် ၎င်းတို့အား ဖမ်းဆီး၍ 'သောင်ဗာဟ်'ပြုသည့် အချိန်အထိ ချုပ်နှောင်ထားရမည်။ စစ်တိုက်နေစဉ်၌လည်းကောင်း၊ စစ်တိုက်ပြီး၌လည်းကောင်း ၎င်းတို့၏ သားသမီးများကို ကျွန်ပြုခြင်း၊ (သို့) ကျွန်မအဖြစ် ပြုခြင်းများ မပြုရပေ။ ၎င်းတို့၏ ဥစ္စာပစ္စည်းများသည်လည်း

သုံ့ပန်းပစ္စည်းများ မဟုတ်ပေ။ သို့ရာတွင် 'သောင်ဗာဟ်'ပြုသည့်အချိန်အထိ ၎င်းတို့၏ ပစ္စည်းဥစ္စာများကို ထိန်းသိမ်းထားရမည်။ 'သောင်ဗာဟ်'ပြုပြီးသည့်အခါ ပြန်လည်ပေးဆောင်ရမည်။ တင်ပြပါ အာယသ်တော်၌

فَاِنْ فَآءَتْ فَاَصْلِحُوْا بَيْنَهُمَا بِالْعَدْلِ وَاَقْسِطُوْا

ဟု လာရှိထားသည်။ ဆိုလိုသည်မှာ 'အကယ်၍ ဆိုးသွမ်းမှုပြုသူတို့သည် ဆိုးသွမ်းမှုနှင့် စစ်တိုက်ခြင်းတို့ကို ရပ်စဲလိုက်ပါလျှင် စစ်ပွဲရပ်စဲသွားခြင်းအပေါ်သာ ရောင့်ရဲမှုမပြုဘဲ စစ်ပွဲ၏ အကြောင်းခံများနှင့် အချင်းချင်း မကျေနပ်မှုများ ပပျောက်ရေးကိုလည်း အလေးထားရမည်။ သို့မှသာ စိတ်နှလုံးများ၌ ရှိသော ရန်ငြိုးရန်စများ ထွက်သွားပေလိမ့်မည်။ ထို့နောက် အမြဲထာဝရအတွက် ညီနောင်ဖြစ်၍ သွားကာ ခိုင်မြဲသွားသော ပတ်ဝန်းကျင်တစ်ခုကို တည်ဆောက်နိုင်ရန် ဖြစ်သည်။ ၎င်းတို့သည် မွတ်စ္စလင်မ်ခေါင်းဆောင်၏ အမိန့်ကို ဆန့်ကျင်၍လည်း စစ်မက်တိုက်ခိုက်ခဲ့ကြပြီး ဖြစ်သည်။ ထို့ကြောင့် ၎င်းတို့နှင့် စပ်လျဉ်း၍ ပြည့်ဝသော တရားမျှတမှုမရှိဘဲ ဖြစ်နိုင်သောကြောင့် အုပ်စုနှစ်စုစလုံးအဖို့ တရားမျှတမှုဖြစ်ရန် ကုရ်အာန်ကျမ်းတော်မြတ်က အလေးအနက်ထား၍ မိန့်ကြားတော်မူခြင်း ဖြစ်သည်။ (ဤရှင်းလင်းချက်အားလုံးသည် ဇယာနွလ်ကုရ်အာန်ကျမ်းမှ ကောက်နုတ်တင်ပြခြင်း ဖြစ်သည်။ ယင်းကျမ်းတွင် ဤတင်ပြချက်များကို 'ဟေဒါယသ်'ကျမ်း၏ အညွှန်းဖြင့် တင်ပြထားသည်။)

ဓမ္မသတ် ။ ။ အကယ်၍ မွတ်စ္စလင်မ်တို့၏ အင်အားကြီးမားသော အုပ်စုတစ်စုသည် မွတ်စ္စလင်မ်ခေါင်းဆောင်၏ အမိန့်ကို နာခံခြင်းမှ ထွက်သွားပါလျှင် မွတ်စ္စလင်မ်ခေါင်းဆောင်သည် ဦးစွာပထမ ၎င်းတို့၏ တိုင်တန်းလျှောက်လွှဲချက်၊ စောဒကများကို နားထောင်ရပေမည်။ ၎င်းတို့အဖို့ တစ်စုံတစ်ရာ သံသယဖြစ်ခြင်း (သို့) အထင်အမြင် လွဲမှားခြင်းများ ရှိနေပါလျှင် ထိုအရာများကို ပပျောက်စေရန် ပြုပေးရန်မှာ မွတ်စ္စလင်မ်ခေါင်းဆောင်၏ တာဝန်ဖြစ်သည်။ အကယ်၍ ၎င်းတို့က 'ရှရီအသ်တရားတော်အရ 'အမီးရ်' ခေါင်းဆောင်တစ်ဦးအပေါ်၌ ဆန့်ကျင်ခြင်း ပြုပိုင်သော အကြောင်းတရားများကို တင်ပြလာသည် ဖြစ်ပါလျှင် ဆိုလိုသည်မှာ ထိုတင်ပြသည့် အကြောင်းတရားများဖြင့် မွတ်စ္စလင်မ်ခေါင်းဆောင်၏ မတရားပြုမှုများ အတည်ဖြစ်လာခဲ့ပါလျှင် မွတ်စ္စလင်မ်တို့အပေါ်၌ ဆန့်ကျင်သော အုပ်စုဘက်မှ ပါဝင်ကူညီရန် တာဝန်ရှိသည်။ သို့မှသာ အေမာမ်ခေါင်းဆောင်သည် မိမိ၏ မတရားပြုမှုတို့ကို ရုတ်သိမ်းပေလိမ့်မည်။ ဤနေရာတွင် ခေါင်းဆောင်၏ မတရားပြုခြင်းအပေါ် တင်ပြလာသော အထောက်အထား၌ မည်သည့် သံသယတစ်ပုံတစ်ရာမျှမရှိဘဲ ခိုင်မာမှုရှိရန်မှာ စည်းကမ်းချက်ဖြစ်သည်။ *[မဇ္ဇ်ဟရီကျမ်း]*

အကယ်၍ ၎င်းတို့သည် မိမိတို့၏ ဆန့်ကျင်ခြားနားရခြင်း၊ အမိန့်မနာခံရခြင်းတို့အတွက် ရှင်းလင်းထင်ရှားသော မည်သည့်အကြောင်းပြချက်ကိုမျှ မတင်ပြနိုင်ကြဘဲ မွတ်စ္စလင်မ်ခေါင်းဆောင်အား ပုန်ကန်ခြားနား၍ စစ်တိုက်ရန် အသင့်ဖြစ်နေကြပါလျှင် မွတ်စ္စလင်မ်တို့အတွက် ၎င်းတို့နှင့် စစ်ထိုးတိုက်ခိုက်ခြင်း

'ဟလာလ်'ဖြစ်သွားမည်။ အေမာမ်ရာဖေအီ (ရဟ) က မိန့်ဆိုသည်မှာ 'ထိုဆန့်ကျင်သူတို့ဘက်မှ စတင်တိုက်ခိုက်ခြင်း မပြုသရွေ့ မွတ်စ္စလင်မ်တို့သည် ၎င်းတို့အား စတင်တိုက်ခိုက်ခြင်း မပိုင်'ဟု ဖြစ်သည်။

[မဇ္ဇဟရီကျမ်း]

ဤအမိန့်သည် ထိုအုပ်စုမှာ သောင်းကျန်းသူဖြစ်ကြောင်းနှင့် မတရားမှုပြုသူများဖြစ်ကြောင်း လုံးဝအသေအချာ ယုံကြည်ရသော ပေါ်ထွင်ထင်ရှားလာသည့်အချိန်၌ ဖြစ်သည်။ အကယ်၍ အခြေအနေမှာ အုပ်စုနှစ်စုစလုံးသည် ရှရီအသ်တရားတော်၏ အထောက်အထားတစ်စုံတစ်ရာကို တင်ပြကြပြီး ၎င်းအုပ်စုနှစ်စုအနက် မည်သူသည် သောင်းကျန်းသူ ဖြစ်၍ မည်သူသည် တရားသူဖြစ်ကြောင်း ခွဲခြားသတ်မှတ်ရန် ခက်ခဲပါက ထိုအချိန်တွင် မည်သည့်အုပ်စုအား မှန်ကန်သည်ဟု ယုံကြည်တိမ်းညွတ်မှု ပို၍ ရှိမည်လည်း ထိုအုပ်စုကို ကူညီနိုင်ပေသည်။ မည်သည့်ဘက်ကိုမျှ မှန်ကန်ကြောင်း တိမ်းညွတ်မှု မရှိသူအဖို့ နှစ်ဘက်စလုံးနှင့် သီးခြားခွဲနေရမည်။ ဆွဟာဗာများ၏ ခေတ်သမယတွင် جنگ جمل'ဂျမလ်'စစ်ပွဲနှင့် جنگ صفّین'ဆွိဖ်ဖီးန်' စစ်ပွဲများ၌ ဖြစ်ပေါ်ခဲ့သကဲ့သို့ ဖြစ်သည်။

ဆွဟာဗာများအတွင်း ကွဲလွဲမှု ပြဿနာများ

အေမာမ်အဘူဗကရ်ဗင်န်အာရဗီ (ရဟ) က မိန့်ဆိုသည်မှာ ဤအာယသ်တော်သည် မွတ်စ္စလင်မ်များအတွင်း အချင်းချင်း စစ်ထိုးတိုက်ခိုက်ခဲ့သော အခြေအနေအားလုံးအတွက် အကျုံးဝင်သည်။ ထိုတိုက်ခိုက်ခြင်းတွင် အုပ်စုနှစ်စုစလုံးသည် ရှရီအသ်တရားတော်၏ အမိန့်တော်တစ်ရပ်အောက်မှ နေ၍ စစ်တိုက်ရန် ပြင်ဆင်သော အခြေအနေလည်း ပါဝင်သည်။ ဆွဟာဗာများ၏ ကွဲလွဲခြင်းပြဿနာများသည် ဖော်ပြပါ အမျိုးအစား၌ ပါဝင်သည်။

အေမာမ်ကုရ်သုဗီ (ရဟ) သည် အိဗ်နုအာရဗီ (ရဟ) ၏ ဤအဆိုကို ဆင့်ပြန်လျက် ဤနေရာတွင် ဆွဟာဗာ များ၏ ကွဲလွဲခြင်းပြဿနာများဖြစ်သော 'ဂျမလ်'စစ်ပွဲနှင့် 'ဆွိဖ်ဖီးန်' စစ်ပွဲ စသည်တို့၏ အဓိကအခြေခံကျသော အကြောင်းအရာကို ဖော်ပြထားသည်။ ဆွဟာဗာများ၏ ကွဲလွဲခြင်းပြဿနာများနှင့် စပ်လျဉ်းသော အကြောင်းအချက်အလက်များကို တင်ပြ၍ နောင်လာနောက်သား မွတ်စ္စလင်မ်တို့အတွက် 'အမလ်' လုပ် ကျင့်မှုဆောက်တည်ရမည့် လမ်းစဉ်ကို ညွှန်ကြားတင်ပြထားသည်။ ကျွန်ုပ်သည် ဤအကြောင်းအရာများကို 'အဟ်ကာမွလ်ကုရ်အာန်'ကျမ်းတွင် အာရဗီဘာသာဖြင့်လည်းကောင်း၊ မိမိ၏ စာစဉ် 'မကားမေ့ ဆွဟာဗာ'တွင် အူရ်ဒူဘာသာဖြင့်လည်းကောင်း အကျယ်တဝင့် ရေးသားတင်ပြထားသည်၊ ဤနေရာ၌ ထိုအကြောင်းအရာ၏ အကျဉ်းကို သဖ်စီးရ်ကုရ်သုဗီကျမ်း၊ အတွဲ-၁၆၊ စာ-၃၂၂ ကိုကိုးကား၍ တင်ပြထားသည်။

မည်သည့်ဆွဟာဗာများကိုမဆို ယတိပြတ် မှားယွင်းသည်ဟု ပြောဆိုရန် မပိုင်ပေ။ အကြောင်းမှာ ဤပုဂ္ဂိုလ်မြတ်အားလုံးသည် မိမိတို့၏ ပြုမူကျင့်ဆောင်ချက်များတွင် ကိုယ်စီကိုယ်စီ 'အိဂျ်သိဟားဒ်'

(သုံးသပ်ကြံဆခြင်း) ဖြင့်သာ ပြုလုပ်ဆောင်ရွက်ခဲ့ကြသောကြောင့် ဖြစ်သည်။ ၎င်းတို့၏ ရည်ရွယ်ချက်များသည် အလ္လာဟ်အသျှင်မြတ်၏ နှစ်သက်မှုအတွက် ဖြစ်ကြသောကြောင့် ဖြစ်သည်။ ဤပုဂ္ဂိုလ်မြတ်အားလုံးတို့သည် ကျွန်ုပ်တို့၏ ရှေ့ဆောင်လမ်းပြများ ဖြစ်ကြသည်။ ကျွန်ုပ်တို့သည် ၎င်းတို့အချင်းချင်း ကွဲလွဲခြင်းများနှင့် စပ်လျဉ်း၍ ရေငုံ နှုတ်ဆိတ်နေကြရန်လည်းကောင်း၊ အမြဲတစေ ၎င်းတို့အကြောင်းကို အကောင်းဆုံးပုံသဏ္ဍာန်ဖြင့် တင်ပြသတိရကြရန်လည်းကောင်း အမိန့်ပေးခြင်း ခံကြရသည်။ အဘယ်ကြောင့်ဆိုသော် ဆွဟာဗာဖြစ်ရခြင်းသည် အလွန်ပင် ဂုဏ်သိက္ခာ ကြီးမြတ်သောအရာ ဖြစ်သောကြောင့်ပင် ဖြစ်သည်။ နဗီတမန်တော်မြတ် ﷺ သည် ၎င်းတို့အား မကောင်းပြစ်တင် ရှုတ်ချမှုများ ပြုခြင်းကို တားမြစ်တော်မူခဲ့သည်။ ထို့ပြင် 'အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အား ခွင့်လွှတ်ချမ်းသာခွင့် ပြုထားကြောင်းနှင့် ၎င်းတို့အား နှစ်သက် ကျေနပ်တော်မူကြောင်းကို မိန့်ကြားတော်မူခဲ့သည်။ ထို့ပြင် စနဒ်များစွာတို့ဖြင့် အတည်ဖြစ်ခဲ့သော ဟဒီးစ်တော်၌ ကိုယ်တော်မြတ် ﷺ က ဟဇရသ်ဿွလ်ဟာဟ် ؓ သခင်နှင့် စပ်လျဉ်း၍ မိန့်ကြားသည်မှာ-

ان طلحة شهيد يمشى على وجه الارض

ဟု ဖြစ်သည်။ ဆိုလိုသည်မှာ 'ဿွလ်ဟာဟ်သည် ကမ္ဘာမြေပေါ်၌ လျှောက်လှမ်းနေသော 'ရှဟီးဒ်' (သာသနာ့လမ်း၌ ကျဆုံးသူ) ဖြစ်သည်'ဟု ဖြစ်သည်။

ယခု အကယ်၍ ဟဇရသ်အလီ ؓ သခင်နှင့် ဆန့်ကျင်၍ ဟဇရသ်ဿွလ်ဟာဟ် ؓ သခင်သည် စစ်တိုက်ရန် ထွက်ခြင်း ထင်ရှားသောအပြစ် ဖြစ်သည်ဆိုပါက ထိုစစ်ပွဲတွင် အသတ်ခံရပြီး ၎င်းသည် 'ရှဟီးဒ်'၏ အဆင့်အတန်းကို လုံးဝ ရရှိမည်မဟုတ်ပေ။ ထို့အတူ ဟဇရသ်ဿွလ်ဟာဟ် ؓ သခင်၏ ဤပြုမူချက်သည် သုံးသပ်ချက် မှားယွင်းမှုနှင့် 'ဝါဂျိဗ်'တာဝန်ရှိသော ဆောင်ရွက်ချက်၌ လျော့နည်း၊ တာဝန်မကျေမှုဟု သတ်မှတ်သည်ဆိုပါလျှင်လည်း ၎င်းအဖို့ 'ရှဟာဒသ်' ('ရှဟီးဒ်'ဖြစ်ခြင်း) ၏ အဆင့်အတန်းကို ရရှိမည်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် 'ရှဟာဒသ်' ('ရှဟီးဒ်'ဖြစ်ခြင်း) သည် အသျှင်မြတ်၏ အမိန့်တော်ကို နာခံရင်း အသတ်ခံရသူအတွက်သာ ဖြစ်သောကြောင့်ပင် ဖြစ်သည်။ ထို့ကြောင့် ဤပုဂ္ဂိုလ်တို့၏ အရေးကိစ္စများကို အထက်၌ တင်ပြခဲ့သည့် ယုံကြည်ချက်အတိုင်းသာ ထားရှိရန် အရေးကြီးပေသည်။

ဤအကြောင်းနှင့် စပ်လျဉ်းသော အခြားအထောက်အထားမှာ 'ဆွဟီးဟ်'အဆင့်ရှိ၍ အလွန်ကျော်ကြားသော ဟဇရသ်အလီ ؓ သခင်ကိုယ်တိုင် ဆင့်ပြန်ခဲ့သော ဟဒီးစ်တော်များဖြစ်ပေသည်။ ယင်းဟဒီးစ်တော်များအနက်မှ ဟဒီးစ်တော်တစ်ရပ်မှာ ၎င်းကို ဟဇရသ်အလီ ؓ ကိုယ်တိုင် ဆင့်ပြန်ခဲ့သည်။ ကိုယ်တော်မြတ် ﷺ က မိန့်ကြားတော်မူသည်မှာ 'ဇုဗိုင်ရ်အား သတ်ဖြတ်သူသည် 'ဂျဟန္နမ်'ငရဲဘုံသား ဖြစ်သည်' ဟူ၏။

ထိုနည်းတူစွာ ဟဇရသ်အလီ ؓ သခင်က မိန့်ဆိုသည်မှာ "ကျွန်ုပ်သည် ကိုယ်တော်မြတ် ﷺ က 'ဆွဖီယဟ်၏ သားကို သတ်ဖြတ်သူအား 'ဂျဟန္နမ်'ကျရောက်မည့်အကြောင်း သတင်းပေး ပြောကြားကြလေကုန်' ဟု မိန့်ကြားသည်ကို ကြားခဲ့ရသည်"ဟု ဖြစ်သည်။

သို့ဖြစ်ပေရာ ဤအကြောင်းအချက်များ ရှိသည်ဖြစ်ရာ ဟဇရသ်သွလ်ဟာဟ် ﵁ သခင်နှင့် ဟဇရသ်ဇုဗိုင်ရ် ﵁ သခင်တို့သည် ဤစစ်ပွဲကြောင့် အပြစ်ကျူးလွန်သူ၊ အပြစ်ထိုက်သူ မဖြစ်ကြောင်း အထောက်အထား ဖြစ်သွားပေသည်။ အကယ်၍ ဤသို့သာမဟုတ်ပါလျှင် ကိုယ်တော်မြတ် ﷺ သည် ဟဇရသ်သွလ်ဟာဟ် ﵁ သခင်အား 'ရှဟီးဒ်'ဖြစ်သည်ဟု မိန့်ကြားတော်မူမည် မဟုတ်ပေ။ 'ဟဇရသ်ဇုဗိုင်ရ် ﵁ အား သတ်ဖြတ်သူကိုလည်း 'ဂျဟန္နမ်'ကျရောက်လိမ့်မည်'ဟု ကြိုတင်မိန့်ကြားခြင်းလည်း ပြုတော်မူမည် မဟုတ်ပေ။ အလားတူ ၄င်းတို့သည် **عشرہ مبشرہ** (ဒွန္နယာလောက၌ပင် 'ဂျန္နသ်'ရရှိမည့်အကြောင်း သတင်းကောင်းပေးခြင်းခံရသူ) (၁၀) ဦးအနက်မှ ဖြစ်ကြသည်။ ၄င်းတို့၏ 'ဂျန္နသီ' (ဂျန္နသ်သုခဘုံသား) ဖြစ်ကြောင်း လာရှိထားသော ဆင့်ပြန်ချက်များမှာ 'မုသဝါသိရ်' (ဆင့်ကဲဆင့်ကဲ ဆင့်ပြန်သူများ၏ စဉ်ဆက်ဇယား မပြတ်တောက်ဘဲ လာရှိထားသော ဆင့်ပြန်ချက်များ) ဟဒီးစ်အဆင့်ရှိ ဆင့်ပြန်ချက်များ ဖြစ်သည်။

ထို့အတူ ဤစစ်ပွဲများတွင် ပါဝင်ပတ်သက်ခြင်းမပြုဘဲ နေခဲ့သော ဆွဟာဗာများ၏ သုံးသပ်ချက်ကိုလည်း မှားယွင်းမှုဟု မဆိုနိုင်ပေ။ ထိုမျှသာမက ၄င်းတို့၏ ဤလုပ်ရပ်သည်လည်း အလ္လာဟ် အသျှင်မြတ်သည် ၄င်းတို့အား 'အိဂျ်သိဟားဒ်'(သုံးသပ်ကြံဆ) ပြုရာတွင် ယင်းဆုံးဖြတ်ချက်အပေါ်၌သာ ရပ်တည်စေတော်မူခဲ့ခြင်းကြောင့် ပိုင်ပေသည်။ ထို့ကြောင့် ထိုပုဂ္ဂိုလ်များအပေါ် ရှုတ်ချပြစ်တင် ပြောဆိုခြင်း၊ ၄င်းတို့အား ခွဲခြားဆက်ဆံ ထုတ်ဖော်ပြောဆိုခြင်း၊ ၄င်းတို့အား 'ဖာစိက်'ဟု သတ်မှတ်ခြင်းနှင့် ၄င်းတို့၏ ထူးမြတ်ခြင်း အဆင့်အတန်းများနှင့် ကြီးမားစွာသော သာသနာရေးဆိုင်ရာ အဆင့်အတန်းများကို မရှိသယောင် ပြုလုပ်လိုက်ခြင်းတို့မှာ မည်သည့်နည်းနှင့်မျှ မပြုပိုင်ပေ။

'ဆွဟာဗာများအချင်းချင်း ကွဲလွဲ၍ စစ်ထိုးတိုက်ခိုက်ပြီး သွေးချောင်းစီး သတ်ဖြတ်ခြင်းများနှင့် စပ်လျဉ်း၍ လူကြီးမင်း၏ အမြင်မှာ မည်သို့ ရှိပါသနည်း'ဟု အိုလမာသာသနာ့ပညာရှင်တို့အား မေးမြန်းလာကြသောအခါ ထိုပညာရှင်တို့က

تِلْكَ اُمَّةٌ قَدْ خَلَتْ لَهَامَا كَسَبَتْ وَلَكُمْ مَّا كَسَبْتُمْ وَلَا تُسْئَلُوْنَ عَمَّا كَانُوْا يَعْمَلُوْنَ

ဟူသော အာယသ်တော်ကို ဖတ်ကြားပြလေ့ ရှိကြသည်။ ဆိုလိုသည်မှာ 'ထိုသူတို့သည် လွန်လေပြီးသော သာသနာဝင်အုပ်စုတစ်စု ဖြစ်သည်။ ၄င်းတို့၏ ပြုမူဆောင်ရွက်ချက် ကျင့်စဉ်များသည် ၄င်းတို့အဖို့ ဖြစ်သည်။ အသင်တို့၏ ပြုမူဆောင်ရွက်ချက် ကျင့်စဉ်များသည် အသင်တို့အဖို့ ဖြစ်သည်။ ထို့ပြင် အသင်တို့သည် ၄င်းတို့၏ ပြုမူဆောင်ရွက်ချက် ကျင့်စဉ်များနှင့် စပ်လျဉ်း၍ စစ်ကြောမေးမြန်းခြင်း ခံကြရမည့်သူများ မဟုတ်ပေ' ဟု ဖြစ်သည်။

အခြားသူတော်စင်တစ်ပါးအား ဤမေးခွန်းကိုပင် မေးမြန်းလာသည့်အခါ သူတော်စင်က 'အလ္လာဟ် အသျှင်မြတ်သည် ဤသတ်ဖြတ်မှု (သွေး) ကို ကျွန်ုပ်၏ လက်များတိုင် (အရောင်လူးထိခြင်းမှ) လွတ်ကင်းစေတော်မူခဲ့သည်။ ယခု ကျွန်ုပ်သည် မိမိ၏ နှုတ်လျှာကို ထို (သွေးများ) လူးထိခြင်းပြုမည် မဟုတ်ပေ'

ဟု ပြောကြားခဲ့သည်။ အလိုသဘောမှာ 'ကျွန်ုပ်သည် အုပ်စုတစ်စုအား အရေးကိစ္စတစ်ခုတွင် မုချကေန် မှားယွင်းသူများဟု သတ်မှတ်သော မှားယွင်းမှု၌ နစ်မွန်းမည်ကို မလိုလားပါ' ဟု ဖြစ်သည်။

အလ္လာမဟ်အိဗ်နေဖောင်ဝ်ရပ်က် (ရဟ) က မိန့်ဆိုသည်မှာ 'ကျွန်ုပ်တို့အနက်မှ အချို့ပုဂ္ဂိုလ်များက မိန့်ဆိုသည်မှာ ဆွဟာဗာများအကြား ကွဲလွဲမှုများ ဖြစ်ကြခြင်းသည် ဟဇရသ်ယူစွဖ် ﷺ နှင့် ၎င်း၏ နောင်တော်များအကြား ဖြစ်ပေါ်ခဲ့သော ဖြစ်ရပ်များအတိုင်းဖြစ်သည်။ ထိုပုဂ္ဂိုလ်တို့သည် အချင်းချင်း ဤကွဲလွဲမှုများ ဖြစ်ကြသည့်တိုင် 'ဝိလာယသ်' ('ဝလီ'ဖြစ်ခြင်း) နှင့် 'နဗူဝသ်' (နဗီဖြစ်ခြင်း) တို့၏ စည်းဘောင်မှ ပြင်ပသို့ ရောက်ရှိမသွားခဲ့ကြပေ။ ဆွဟာဗာတို့အကြား ဖြစ်ပေါ်ခဲ့သော ဖြစ်ရပ်များ၌လည်း လုံးဝဥဿုံ ဤနည်းအတိုင်းပင် ဖြစ်ခဲ့သည်။

ထို့ပြင် ဟဇရသ်မုဟာစဗီ (ရဟ) က မိန့်ဆိုသည်မှာ 'ဤမျှအထိ သွေးချောင်းစီး သတ်ဖြတ်မှုများ ဖြစ်ပေါ်ခဲ့ခြင်းအကြောင်းနှင့် စပ်လျဉ်း၍ ကျွန်ုပ်တို့အတွက် တစ်စုံတစ်ရာ ပြောဆိုရန်မှာ ခက်ခဲလှပေသည်။ အဘယ်ကြောင့်ဆိုသော် ဤဖြစ်ပွားမှုများတွင် ဆွဟာဗာများအကြား ကွဲလွဲမှုများ ဖြစ်ခဲ့ကြသောကြောင့် ဖြစ်သည်။ ဟဇရသ်ဟစန်ဗဆွရီ (ရဟ) အား ဆွဟာဗာတို့အချင်းချင်း တိုက်ခိုက်ကြခြင်းနှင့် စပ်လျဉ်း၍ မေးမြန်းလာသောအခါ ၎င်းက မိန့်ဆိုသည်မှာ 'ဤစစ်ပွဲသည် ဆွဟာဗာများကိုယ်တိုင် ပါဝင်သော စစ်ပွဲဖြစ်သည်။ ကျွန်ုပ်တို့သည် ထိုစစ်ပွဲ၌ မရှိခဲ့ကြပါ။ ၎င်းတို့သည် အခြေအနေအလုံးစုံကို သိရှိသူများဖြစ်ကြသည်။ ကျွန်ုပ်တို့မှာ သိရှိသူများ မဟုတ်ကြပေ။ ဆွဟာဗာများ တစ်ညီတစ်ညွတ်တည်း ရှိခဲ့ကြသော ကိစ္စတွင် ကျွန်ုပ်တို့သည် ၎င်းတို့၏ နောက်လိုက်သမှု ပြုကြမည်။ ဆွဟာဗာများအကြား ကွဲလွဲမှုဖြစ်သော အရေးကိစ္စများတွင် ကျွန်ုပ်တို့သည် ရေငုံနှုတ်ဆိတ်နေခြင်းကိုသာ လက်ခံကျင့်သုံးပါသည်'ဟု ဖြစ်သည်။

ဟဇရသ်မုဟာစဗီ (ရဟ) က မိန့်ဆိုသည်မှာ 'ကျွန်ုပ်သည်လည်း ဟစန်ဗဆွရီ မိန့်ဆိုသည့်အတိုင်း ပြောဆိုပါသည်။ ဆွဟာဗာများ ပါဝင်စွက်ဖက်ခဲ့သော အရာများတွင် ၎င်းတို့သည် ထိုကိစ္စနှင့် ပတ်သက်၍ ကျွန်ုပ်တို့ထက် အကောင်းဆုံးပုံသဏ္ဌာန်ကို သိရှိသူများဖြစ်ကြောင်း ကျွန်ုပ်တို့ သိနားလည်ထားကြပါသည်။ ထို့ကြောင့် ထိုဆွဟာဗာများ တစ်ညီတစ်ညွတ်တည်း ရှိခဲ့ကြသည့် အရေးကိစ္စများတွင် ကျွန်ုပ်တို့သည် ၎င်းတို့၏ နောက်လိုက်သမှု ပြုကြပါသည်။ ၎င်းတို့အတွင်း ကွဲလွဲမှုများဖြစ်ခဲ့သော အရေးကိစ္စများတွင် ကျွန်ုပ်တို့သည် နှုတ်ဆိတ်နေကြပါမည်။ မိမိဘက်မှ မည်သည့်အတွေး အထင်အမြင် ယူဆချက် အသစ်အဆန်းကိုမျှ တီထွင်ခြင်း မပြုကြပါ။ ၎င်းတို့သည် 'အိဂ်ျသိဟာဒ်'(သုံးသပ်ကြံဆ) ပြုခြင်းအားဖြင့်သာ လုပ်ဆောင်ခဲ့ကြကြောင်း ကျွန်ုပ်တို့ ယုံကြည်ပါသည်။ ၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်၏ နှစ်သက်မှုကို လိုလားသူများ ဖြစ်ကြပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့အားလုံးသည် သာသနာရေးကိစ္စများတွင် ဒွိဟသံသယရှိနိုင်ခြင်းများမှ ကင်းစင်သူများ ဖြစ်သောကြောင့်ပင် ဖြစ်သည်ဟူ၏။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوا۟ لَا يَسْخَرْ قَوْمٌ مِّن قَوْمٍ عَسَىٰٓ أَن يَكُونُوا۟ خَيْرًا مِّنْهُمْ وَلَا نِسَآءٌ مِّن نِّسَآءٍ عَسَىٰٓ أَن يَكُنَّ خَيْرًا مِّنْهُنَّ ۖ وَلَا تَلْمِزُوٓا۟ أَنفُسَكُمْ وَلَا تَنَابَزُوا۟ بِٱلْأَلْقَٰبِ ۖ بِئْسَ ٱلِٱسْمُ ٱلْفُسُوقُ بَعْدَ ٱلْإِيمَٰنِ ۚ وَمَن لَّمْ يَتُبْ فَأُو۟لَٰٓئِكَ هُمُ ٱلظَّٰلِمُونَ ﴿١١﴾

၄၉ း ၁၁ ။ ။ အို့, မုအ်မင်နိသက်ဝင် ယုံကြည်သူအပေါင်းတို့၊ ယောကျ်ားများသည် (အခြား) ယောကျ်ားများအား ပြက်ရယ်သရော်သမှု မပြုကြရ။ (အကြောင်းမှာ) ထို (သရော်သမှုပြုခြင်း ခံကြရသော) ယောကျ်ားများသည် ၄င်း (သရော်သော ယောကျ်ား) တို့ထက် ပို၍ ကောင်းမြတ်သူများ ဖြစ်တန်ကြရာကုန်၏။ ထိုနည်းတူစွာ မိန်းမများသည်လည်း (အခြား) မိန်းမများအား ပြက်ရယ်သရော်သမှု မပြုကြရ။ ထို (သရော်သမှု ပြုခြင်းကို ခံကြရသော) မိန်းမများထက် ပို၍ ကောင်းမြတ်သူများ ဖြစ်တန်ကြရာကုန်၏။ ၄င်းပြင် အသင်တို့သည် မိမိတို့အချင်းချင်း တစ်ဦးကိုတစ်ဦး ပြုစုစောင်းမြောင်း ကဲ့ရဲ့ပြစ်တင်ခြင်းကိုလည်း မပြုကြကုန်လင့်။ ထို့ပြင် အသင်တို့သည် မိမိတို့အချင်းချင်း တစ်ဦးကိုတစ်ဦး သရော်သမှု ပြုကြသော (မကောင်းသော) အမည်နာမဖြင့်လည်း မှည့်ခေါ်ခြင်း မပြုကြကုန်လင့်။ အီမာန်သက်ဝင်ယုံကြည်ပြီးနောက် ပြစ်မှုတည်းဟူသော အမည်နာမသည် လွန်စွာ ဆိုးရွားလှ၏။ သို့ပါလျက် မည်သူမဆို ဝန်ချတောင်းပန်ခြင်း မပြုခဲ့သော် ယင်းကဲ့သို့သော သူတို့သည်သာလျှင် မတရားသောသူများ ဖြစ်ကြပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အို့, အီမာန်သက်ဝင်ယုံကြည်သူအပေါင်းတို့၊ ယောကျ်ားများသည် ယောကျ်ားများအား တစ်ဦးနှင့်တစ်ဦး ပြောင်လှောင်သရော်ခြင်း မပြုရ။ (အကြောင်းမှာ) ထို (သရော်ခြင်းခံရသော) ယောကျ်ားများသည် ၄င်း (သရော်ခြင်းပြုသူ) ယောကျ်ားတို့ထက် (အလ္လာဟ်အသျှင်မြတ်ထံတော်၌) ပို၍ ကောင်းမြတ်သူများ ဖြစ်တန်ရာ၏။ (သို့ဖြစ်ပေရာ ၄င်းတို့သည် အဘယ်ကြောင့် ပြောင်လှောင်သရော်မှု ပြုကြပါသနည်း။) ထို့ပြင် မိန်းမများသည်လည်း (အခြား) မိန်းမများအား ပြောင်လှောင်သရော်ခြင်း မပြုရ။ (အကြောင်းမှာ) ထို (သရော်ခြင်းခံရသော) မိန်းမများသည် ၄င်း (သရော်ခြင်းပြုသူ) မိန်းမများထက် (အလ္လာဟ်အသျှင်မြတ်ထံတော်၌) ပို၍ ကောင်းမြတ်သူများ ဖြစ်တန်ရာ၏။ (သို့ဖြစ်ပေရာ ၄င်းတို့သည် အဘယ်ကြောင့် ပြောင်လှောင်သရော်မှုကို ပြုကြပါသနည်း) ထို့ပြင် အသင်တို့သည် အချင်းချင်း တစ်ဦးကိုတစ်ဦး ပြစ်တင်ကဲ့ရဲ့ခြင်းလည်း မပြုကြကုန်လင့်။ ထို့ပြင် အသင်တို့သည် တစ်ဦးကိုတစ်ဦး မကောင်းသော အမည်နာမများဖြင့်လည်း ခေါ်ဝေါ်ခြင်းလည်း မပြုကြကုန်လင့်။ (အဘယ်ကြောင့်ဆိုသော် ဤအချက်အားလုံးတို့သည် 'ဂိုနာဟ်' ပြစ်မှုကျူးလွန်မှုများ ဖြစ်သောကြောင့်တည်း။ ထို့ပြင်) အီမာန်သက်ဝင် ယုံကြည်ပြီးနောက်

(မွတ်စ္စလင်မ်များအပေါ်၌) ဖြစ်မှုတည်းဟူသော အမည်နာမသည် (ပင်) ဆိုးရွားသောအချက်ဖြစ်သည်။ (ဆိုလိုသည်မှာ 'အသင်သည် ယင်းဖြစ်မှုကို ကျူးလွန်သောကြောင့် အသင်နှင့် စပ်လျဉ်း၍ 'ထိုမွတ်စ္စလင်မ်သည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်ကို ဖီဆန်သူ ဖြစ်သည်။ 'စက်ဆုတ်မုန်းတီးဖွယ် အချက်ပင် ဖြစ်သည်' ဟု ပြောဆိုရလေခြင်းမှ ရှောင်ကြဉ်ကြလေကုန်' ဟု ဖြစ်သည်။) မည်သူမဆို (ထိုကိစ္စများမှ) ရပ်တန့်က မရပ်ဘဲ ဝန်ချတောင်းပန်ခြင်း မပြုသော် ထိုသူသည် မတရားမှုပြုသူ (အဖန်ဆင်းခံ လူသားအချင်းချင်းတို့၏ ဝတ္တရားများကို ချိုးဖောက်ဖျက်ဆီးသူသာ) ဖြစ်သည်။ (မတရားမှုပြုသူများ ခံစားရမည့် ပြစ်ဒဏ်သည် ထိုသူ့အဖို့လည်း ရရှိခံစားရပေမည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

စူရာဟ် 'ဟုဂျူရားသ်'၏ အစတွင် ကိုယ်တော်မြတ် ﷺ အပေါ် ထားရှိရမည့် ရိုသေသမှု၊ တာဝန်ဝတ္တရာများနှင့် စည်းကမ်းနည်းလမ်းများ လာရှိခဲ့သည်။ တစ်ဖန် မွတ်စ္စလင်မ်များအချင်းချင်း၌ ရှိသော တာဝန်ဝတ္တရားများနှင့် လူဆက်ဆံရေး စည်းကမ်းနည်းလမ်းများကို ဖော်ပြထားသည်။ လွန်ခဲ့ပြီးသော အာယသ်တော်နှစ်ပါးတွင် လူသားအားလုံးဆိုင်ရာအတွက် ထားရှိရမည့် လမ်းညွှန် ပြုပြင်ပေးသော အမိန့်တော်များကို တင်ပြထားသည်။ ဖော်ပြပါအာယသ်တော်များတွင် လူသားများအချင်းချင်း တစ်ဦးနှင့် တစ်ဦးတွင် ထားရှိရမည့် တာဝန်ဝတ္တရားများနှင့် လူမှုဆက်ဆံရေး စည်းကမ်းများကို တင်ပြထားသည်။ ၎င်းတို့တွင် (၃) မျိုးသော အရာကို တားမြစ်ထားသည်။ ၎င်းတို့မှာ-

- ① မွတ်စ္စလင်မ်တစ်ဦးအား လှောင်ပြောင်သရော်ခြင်း၊
- ② လူတစ်ဦးအပေါ် မကောင်းပြောဆို ရှုတ်ချခြင်းနှင့်
- ③ လူတစ်ဦးကို ၎င်း၏ သိက္ခာ ကျဆင်းသေးသိမ်စေသော အမည်နာမ (သို့) ၎င်းအား မကောင်းထင်မြင်စေနိုင်သော အမည်နာမတို့ဖြင့် ခေါ်ဝေါ်ခြင်းတို့ ဖြစ်သည်။

ပထမအချက် ။ ။ **سخريه** (သို့) **تمسخر** လူတစ်ဦးအပေါ် မကောင်းပြောဆို ရှုတ်ချခြင်း ဖြစ်သည်။ ကုရ်သုဗီ (ရဟ) က မိန့်ဆိုသည်မှာ လူတစ်ဦး၏ သိက္ခာကျဆင်းစေရန်နှင့် သေးသိမ်စေရန်အတွက် ၎င်းသူ၏ ပြစ်ချက်တစ်ခုခုကို လူအများ ရယ်မောစေရန်အလို့ငှာ တင်ပြခြင်းကို ခေါ်ဆိုခြင်းဖြစ်သည် ဟူ၏။ ဤသို့ မကောင်းပြောဆို ရှုတ်ချခြင်းသည် နှုတ်လျှာ၊ ပါးစပ်ဖြင့် ပြောဆိုခြင်းနှင့် ဖြစ်နိုင်သကဲ့သို့ လက်၊ ခြေ စသည်တို့ဖြင့် ၎င်းသူ၏ လှုပ်ရှားမှု ပုံသဏ္ဍာန်ကို ပြန်လည် လုပ်ဆောင်ပြခြင်းဖြင့်လည်းကောင်း၊ (သို့) အရိပ်အမြွက်ပြသ၍လည်းကောင်း ဖြစ်နိုင်ပေသည်။ ထို့ပြင် ၎င်းသူ၏ စကားကို နားထောင်၍ ၎င်းသူအား သိက္ခာချ သေးသိမ်စေရန်အတွက် လှောင်ပြောင်ရယ်မော သရော်ခြင်း ပုံစံလည်း ပါဝင်သည်။ အချို့ပညာရှင်များက မိန့်ဆိုသည်မှာ **سخريه** (သို့) **تمسخر** (မကောင်းပြောဆို ရှုတ်ချခြင်း) သည် လူတစ်ဦး၏ ရှေ့မှောက်တွင် လူအများ ဟားတိုက်ရယ်မောစေနိုင်သော ဟန်ပန် ပုံသဏ္ဍာန်တို့ဖြင့် တင်ပြခြင်း

ဖြစ်သည်' ဟူ၏။ ဤလုပ်ရပ်အားလုံးသည် ကုရ်အာန်ကျမ်းမြတ်၏ ပေါ်လွင်ပြတ်သားသော အမိန့်အရ 'ဟရာမ်'ဖြစ်သည်။ ဤလှောင်ပြောင်သရော်ခြင်းကို တားမြစ်ခြင်းနှင့် စပ်လျဉ်း၍ ကုရ်အာန်ကျမ်းတော်မြတ်သည် မည်သို့မျှ အလေးအနက်ထားသည်ဟူမူ ဤနေရာတွင် အမျိုးသားများကို သီးခြားမိန့်ကြား၍ အမျိုးသမီးများကိုလည်း သီးခြား မိန့်ကြားထားတော်မူသည်။

အမျိုးသားများကို قوم ဟူသော စာလုံးဖြင့် သုံးနှုန်းမိန့်ကြားထားသည်။ အဘယ်ကြောင့်ဆိုသော် မူရင်းအသုံးအနှုန်းအရ ဤစာလုံးသည် အမျိုးသားများအတွက်သာ သတ်မှတ်အသုံးပြုသော စာလုံးဖြစ်သောကြောင့်ပင် ဖြစ်သည်။ စင်စစ် သွယ်ဝိုက်သော နည်းဖြင့်လည်းကောင်း၊ ဝင်ဆန့်သော နည်းဖြင့်လည်းကောင်း အမျိုးသမီးများလည်း ၎င်းစာလုံး၌ များသောအားဖြင့် ပါဝင်၏။ ကုရ်အာန်ကျမ်းတော်မြတ်သည် များသောအားဖြင့် قوم ဟူသော စာလုံးကို အမျိုးသားများနှင့် အမျိုးသမီးများ နှစ်မျိုးစလုံးအတွက် အသုံးပြုထားသည်။ သို့ရာတွင် ဤနေရာ၌ قوم ဟူသော စာလုံးကို အမျိုးသားများအတွက်သာ သီးသန့် အသုံးပြုထားသည်။ ၎င်းနှင့် ဘက်တစ်ဘက်ဖြစ်သော အမျိုးသမီးများအကြောင်း တင်ပြရာတွင် نساء ဟူသော စာလုံးဖြင့် တင်ပြထားသည်။ နှစ်မျိုးစလုံးတွင် အမျိုးသားတစ်ဦးသည် အခြားသော အမျိုးသားတစ်ဦးအား လှောင်ပြောင်သရော်ခြင်းပြုပါက ထိုလှောင်ပြောင်သရော်ခြင်းခံရသူ အမျိုးသားသည် အလ္လာဟ်အသျှင်မြတ်ထံတော်၌ လှောင်ပြောင်သရော်သူ အမျိုးသားထက် သာပိုကောင်းမြတ်ခြင်း ဖြစ်နိုင်သည်ကို ထိုလှောင်ပြောင်သူသည် မသိရှိနိုင် ဖြစ်တန်ရာ၏။

အလားတူ 'အမျိုးသမီးတစ်ဦးသည် အခြားအမျိုးသမီးတစ်ဦးအား လှောင်ပြောင်သရော်ခြင်းပြုပါက ထိုလှောင်ပြောင်သရော်ခြင်းခံရသူ အမျိုးသမီးသည် အလ္လာဟ်အသျှင်မြတ်ထံတော်၌ လှောင်ပြောင်သရော်သူ အမျိုးသမီးထက် သာပိုကောင်းမြတ်ခြင်း ဖြစ်နိုင်သည်ကို ထိုလှောင်ပြောင်သူသည် မသိရှိနိုင် ဖြစ်တန်ရာ၏' ဟု လမ်းညွှန်ပြသထားသည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင် အမျိုးသားများသည် အမျိုးသားများအားလည်းကောင်း၊ အမျိုးသမီးများသည် အမျိုးသမီးများအားလည်းကောင်း၊ လှောင်ပြောင်သရော်ခြင်းအကြောင်းနှင့် ထိုလှောင်ပြောင်သရော်ခြင်းသည် 'ဟရာမ်' ဖြစ်ကြောင်းတို့ကို တင်ပြမိန့်ကြားတော်မူထားသည်။ စင်စစ် အမျိုးသားတစ်ဦးသည် အမျိုးသမီးတစ်ဦးအားလည်းကောင်း၊ အမျိုးသမီးတစ်ဦးသည် အမျိုးသားတစ်ဦးအားလည်းကောင်း လှောင်ပြောင်သရော်ခြင်းသည်လည်း ဤ 'ဟရာမ်'ဖြစ်သော အမိန့်၌ ပါဝင်ပေသည်။ သို့ရာတွင် ဤအကြောင်းကို မတင်ပြခြင်းမှ 'အမျိုးသမီးများနှင့် အမျိုးသားများ ရောယှက်၍ နေထိုင်ခြင်းသည်ပင် တရားတော်အရ တားမြစ်ချက်ရှိထားပြီး၊ တရားတော်အမြင်အရ ရှုတ်ချထိုက်ဖွယ် အမှုကိစ္စဖြစ်ကြောင်းဘက်သို့ ညွှန်းဆိုလိုက်ခြင်း ဖြစ်သည်။ ရောနှောနေထိုင်ခြင်းသည်ပင် မရှိသည့်အခါ ပြောင်လှောင်သရော်ရန် အခွင့်အရေးသည်လည်း ရှိတော့မည်မဟုတ်ပေ။

အာယသ်တော်၏ အနှစ်ချုပ်မှာ အကယ်၍ လူတစ်ဦး၏ ခန္ဓာကိုယ် (သို့) မျက်နှာ ရုပ်ရည် (သို့) ကိုယ်လုံးကိုယ်ထည် စသည်တို့၌ တစ်စုံတစ်ရာချို့ယွင်းချက် တွေ့ရှိရပါလျှင် ထိုချို့ယွင်းချက်အပေါ် ရယ်မော

ခြင်းကိုလည်းကောင်း၊ လှောင်ပြောင်သရော်ခြင်းကိုလည်းကောင်း ပြုဝံ့ခြင်းမရှိရပေဟူ၏။ အဘယ်ကြောင့် ဆိုသော် ထိုရယ်မောလှောင်ပြောင်ခံရသူသည် မိမိ၏ မှန်ကန်သော ယုံကြည်မှုနှင့် စိတ်ထားဖြူစင်မှု စသည်တို့ကြောင့် အလ္လာဟ်အသျှင်မြတ်ထံတော်၌ လှောင်ပြောင်ရယ်မောသူထက် သာပို ကောင်းမြတ်သူ ဖြစ်နိုင်ကြောင်းကို ၎င်းသူ မသိနိုင်သောကြောင့်ပင် ဖြစ်သည်။ ဤအာယသ်တော်ကို ကြားနာပြီး ရှေးသူတော်စင်တို့၏ အခြေအနေ ဤမျှအထိ ဖြစ်၏။ အမရ်ဗင်နရှ်ရဟ် ဗီးလ် (ရဟ) က မိန့်ဆိုသည်မှာ 'ကျွန်ုပ်သည် အကယ်၍ တစ်စုံတစ်ဦးအား ဆိတ်မ၏ နို့အုံ၌ ပါးစပ်တပ်၍ နို့စို့နေသည်ကို တွေ့မြင်ပြီး ရယ်မောမိသွားပါလျှင် ကျွန်ုပ်သည်လည်း တစ်ချိန်ချိန်၌ ဤသို့ ဖြစ်သွားမည်ကို စိုးရိမ် ကြောက်ရွံ့မိပါသည်' ဟူ၏။ ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်န် မတ်စ်အူးဒ် ؓ သခင်က မိန့်သည်မှာ 'ကျွန်ုပ်သည် ခွေးတစ်ကောင်ကိုပင်ဖြစ်စေ၊ လှောင်ပြောင်သရော်မိပါလျှင် ကျွန်ုပ်အား ခွေးအဖြစ် ပြုလုပ်လိုက်မည်ကို ကြောက်ရွံ့မိပါသည်'ဟူ၏။

[ကုရ်သုဗီကျမ်း]

ဆွဟီးဟ်မွတ်စ္စလင်မ်ကျမ်းတွင် ဟဇရသ်အဘူဟူရိုင်ရာဟ် ؓ သခင်ထံမှ ဆင့်ပြန်ချက် လာရှိသည်မှာ တမန်တော်မြတ် ﷺ က 'အလ္လာဟ်အသျှင်မြတ်သည် မွတ်စ္စလင်မ်တို့၏ ရုပ်ဆင်းသဏ္ဍာန်များကိုလည်းကောင်း၊ ၎င်းတို့၏ ဥစ္စာပစ္စည်းများကိုလည်းကောင်း ကြည့်ရှုတော်မမူပေ။ ထိုမျှမက ၎င်းတို့၏ စိတ်နှလုံးသားများနှင့် ကျင့်စဉ်များကိုသာ ကြည့်ရှုတော်မူပေသည်' ဟု မိန့်ကြားတော်မူခဲ့သည်ဟူ၏။ ကုရ်သုဗီ (ရဟ) က မိန့်ဆိုသည်မှာ 'ဤဟဒီးစ်တော်အရ ဥပဒေတစ်ရပ်နှင့် ကျင့်ထုံးတစ်ရပ်ကို သိရှိရသည်မှာ လူတစ်ဦး၏ အရေးကိစ္စတွင် ၎င်းသူ၏ အပေါ်ယံအခြေအနေကို ကြည့်၍ မည်သည့်ယတိပြတ် အမိန့်ဆုံးဖြတ်ချက်မျှ သတ်မှတ်ခြင်းမပိုင်ပေ' ဟူ၏။ အဘယ်ကြောင့်ဆိုသော် လူတစ်ဦး၏ အပြင်ပိုင်းအခြေအနေကို ကြည့်၍ ကျွန်ုပ်တို့သည် အလွန်ကောင်းမြတ်သူ ဖြစ်သည်' ဟု ထင်မှတ်နေကြသော်လည်း အလ္လာဟ်အသျှင်မြတ်သည် ၎င်းသူ၏ အတွင်းပိုင်း နှလုံးသား၏ အခြေအနေတို့ကို ကောင်းစွာ သိရှိတော်မူသည်ဖြစ်ရာ အသျှင်မြတ်ထံတော်၌ ထိုသူသည် မကောင်းသောသူ ဖြစ်နိုင်သည်။ ထို့အတူ အပြင်ပိုင်းအခြေအနေနှင့် လုပ်ရပ်များအရ မကောင်းသူသည် ၎င်း၏ အတွင်းပိုင်း အခြေအနေများနှင့် နှလုံးသား၏ အခြေအနေတို့က ၎င်း၏ မကောင်းမှုလုပ်ရပ်များ၏ 'ကဖ္ဖရဟ်' (ချေဖျက်ပလပ်စေသော အရာ) ဖြစ်သွားခြင်းလည်း ဖြစ်နိုင်သည်။ ထို့ကြောင့် လူတစ်ဦးအား မကောင်းသော အခြေအနေ (သို့) မကောင်းသော လုပ်ရပ်၌ နစ်မွန်းနေသည်ကို တွေ့ရှိရပါလျှင် ၎င်း၏ ထိုအခြေအနေကိုသာ မကောင်းဟု မှတ်ယူပါ။ သို့သော် ထိုသူ့ကိုမူ သေးသိမ်သည်၊ နိမ့်ကျသည်ဟု မှတ်ယူခွင့်မရှိပေ။

ဒုတိယအချက် ။ ။ ဤအာယသ်တော်၌ တားမြစ်ထားသည့် ဒုတိယအချက်မှာ لمز 'လမ်ဇ်' ဖြစ်သည်။ لمز ၏အဓိပ္ပာယ်မှာ 'လူတစ်ဦးအား အပြစ်ရှာခြင်းနှင့် အပြစ်ကို ထုတ်ဖော်ခြင်း (သို့) အပြစ်အပေါ် ရှုတ်ချမှုပြုခြင်း'ဟု ဖြစ်သည်။ အာယသ်တော်၌

لَاتَلْمِزُوْٓا اَنْفُسَكُمْ

ဟု မိန့်ကြားထားသည်။ ဆိုလိုသည်မှာ 'အသင်တို့သည် မိမိတို့၏ အပြစ်များကို မထုတ်ဖော်ကြလေနှင့်'ဟုဖြစ်သည်။ ဤအမိန့်သည် ကုရ်အာန်ကျမ်းတော်မြတ်၌

لَاتَقْتُلُوْٓا اَنْفُسَكُمْ

ဟု မိန့်ကြားထားသည့် မိန့်ကြားချက်အတိုင်း ဖြစ်သည်။ အဓိပ္ပာယ်မှာ 'အသင်တို့သည် မိမိတို့ကိုယ်ကို မိမိတို့ မသတ်ဖြတ်ကြလေနှင့်'ဟုဖြစ်သည်။ နှစ်နေရာစလုံး၌ မိမိကိုယ်မိမိ သတ်ဖြတ်ခြင်း (သို့) မိမိ၏ အပြစ်ကို ထုတ်ဖော်ခြင်းဟူသော အလိုသဘောမှာ 'အသင်တို့သည် မိမိတို့အချင်းချင်း တစ်ဦးကိုတစ်ဦး မသတ်ဖြတ်ကြလေနှင့်။ တစ်ဦးကိုတစ်ဦး ပြစ်တင်ရှုတ်ချခြင်း မပြုကြလေနှင့်' ဟု ဖြစ်သည်။ အထက်ဖော်ပြပါစာစဉ်ဖြင့် တင်ပြရာတွင် အမြော်အမြင်တစ်ရပ် ဤသို့ ရှိသည်။ ၄င်းမှာ အခြားသူတစ်ဦးအား သတ်ဖြတ်ခြင်းသည် ရှုထောင့်တစ်ခုအရ မိမိကိုယ်မိမိ သတ်ဖြတ်ခြင်းသာ ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် များသောအားဖြင့် ဖြစ်လေ့ရှိသည်မှာ တစ်ဦးက အခြားသူတစ်ဦးအား သတ်ဖြတ်လိုက်လျှင် အသတ်ခံရသူ၏ဘက်မှ လူတို့က ၄င်းအား ပြန်လည်သတ်ဖြတ်ကြမည်သာ ဖြစ်သောကြောင့်ပင် ဖြစ်သည်။ အကယ်၍ ဤသို့ ပြန်အသတ်မခံရလျှင်လည်း စင်စစ်၌ မွတ်စ္စလင်မ်အားလုံးသည် ညီနောင်သားရင်းများ ဖြစ်ကြသည်။ မိမိ၏ ညီနောင်ကို သတ်ဖြတ်ခြင်းသည် မိမိကိုယ်မိမိ သတ်ဖြတ်ခြင်းနှင့် ခြေ၊ လက်များ မရှိအောင် ပြုလုပ်ခြင်းသာ ဖြစ်သည်။ ဤနေရာ

لَاتَلْمِزُوْٓا اَنْفُسَكُمْ

၌ ၄င်းအလိုသဘောအတိုင်းသာ ဖြစ်၏။ သို့ပါ၍ အသင်တို့သည် အခြားသူများ၏ အပြစ်ရှာခြင်းနှင့် ပြစ်တင်ရှုတ်ချခြင်း ပြုကြပါလျှင် သဘာဝအလျောက် လူသားများသည် အပြစ်နှင့် မကင်းကြပါ။ အသင်သည် ၄င်း၏ အပြစ်ကို ရှာလျှင် ၄င်းသည်လည်း အသင်၏ အပြစ်ကို ရှာမည်ကို ကောင်းစွာ မှတ်ထားပါလေ' ဟု ဖြစ်သည်။ အချို့ပညာရှင်များက မိန့်ဆိုသည်မှာ–

وفِيكَ عُيُوبٌ وللناس اعين

ဆိုလိုသည်မှာ 'အသင်တို့၌လည်း အချို့ချို့ယွင်းချက်များရှိ၍ အခြားလူများတွင် မျက်လုံးများ ရှိကြသည်။ ၄င်းမျက်လုံးများသည် အသင်၏ ချို့ယွင်းချက်များကို မြင်တွေ့မည်သာဖြစ်ရာ အသင်တို့က တစ်စုံတစ်ဦး၏ အပြစ်ကို ထုတ်ဖော်မည်ဆိုလျှင်ဖြစ်စေ၊ မကောင်းပြောဆို ရှုတ်ချမည်ဆိုလျှင်ဖြစ်စေ အသင့်အားလည်း ဤအတိုင်း ဆက်ဆံခြင်းခံရပေမည်။ အကယ်၍ ၄င်းသူက 'ဆွဗရ်'သည်းခံခြင်းဖြင့် အသင့်အား မတုန့်ပြန်ဟုဆိုလျှင်လည်း မိမိ၏ ညီနောင်တစ်ဦးအား အမည်ဖျက်၍ သိက္ခာချမိခြင်းကို လေးလေးနက်နက် စဉ်းစားကြည့်ပါက မိမိ၏အမည်နှင့် သိက္ခာကျခြင်းသာ ဖြစ်ပေမည်။ ပညာရှင်များက မိန့်သည်မှာ 'လူသား၏ နဖူးစာကောင်းခြင်းဆိုသည်မှာ 'မိမိ၏ အပြစ်များကိုသာ ရှုမြင်လျက် ၄င်းအပြစ်များမှ ပြုပြင်ရန် သောကထားနေခြင်းဖြစ်သည်။ မည်သူမဆို ဤသို့ ပြုလုပ်မည်ဆိုလျှင် ထိုသူသည် အခြားသူတို့၏ အပြစ်ကို ရှာခြင်းနှင့် ထုတ်ဖော်ခြင်းတို့အတွက် အားလပ်ချိန်ပင် ရရှိတော့မည် မဟုတ်ပေ။

အိန္ဒိယနိုင်ငံတွင် မွတ်စ္စလင်မ်တို့၏ နောက်ဆုံးဘုရင်ဖြစ်သော ဗှဖရ်ရှားဘုရင်က အလွန်ကောင်း မွန်သော ကဗျာတစ်ပိုဒ် ရွတ်ဆိုခဲ့၏။ ၄င်း၏ အဓိပ္ပာယ်မှာ 'ကျွန်ုပ်သည် မိမိ၏ အခြေအနေကို မသိမမြင်ချိန် က လူတို့၏ အပြစ်များကိုသာ လိုက်လံငေးမော ကြည့်ရှုလျက် ရှိခဲ့သည်။ မိမိ၏ မကောင်းမှု 'အပြစ်'များ ကို တွေ့မြင်ရလေသောအခါ ဤလောကတွင် မည်သူ့ကိုမျှ မကောင်းသူဟူ၍ မထင်မိတော့ပါ'ဟု ဖြစ်သည်။

တတိယအချက် ။ ။ ဤအာယသ်တော်၌ တားမြစ်ထားသည့် တတိယအချက်မှာ အခြားသူတစ်ဦးအား မကောင်းသော အမည်နာမဖြင့် ခေါ်ဝေါ်ခြင်းဖြစ်ပြီး ခေါ်ဝေါ်ခံရသူက မနှစ်သက် မကျေနပ်သော ခေါ်ဝေါ် ခြင်းဖြစ်သည်။ ဥပမာ- လူတစ်ဦးအား ခြေကျိုး၊ ခြေပြတ်၊ မြေမသန့်သူဟုလည်းကောင်း၊ (သို့) အကန်းဟု လည်းကောင်း ခေါ်ဝေါ်ခြင်းနှင့် အခြားသူများရှေ့ တင်ပြပြောဆိုခြင်းမျိုး ဖြစ်သည်။ (သို့) တစ်စုံတစ်ဦးအား သိက္ခာကျဆင်းစေရန် သုံးနှုန်းသော အမည်နာမများဖြင့် ခေါ်ဝေါ်ခြင်း ဖြစ်သည်။

ဟဇရသ်အဘူဂျူဗိုင်ရဟ်အန်ဆွာရီ ﷺ သခင်က "ဤအာယသ်တော်သည် ကျွန်ုပ်တို့နှင့် စပ်လျဉ်း၍ ကျရောက်ခဲ့ခြင်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ် ﷺ မဒီနာသို့ ကြွမြန်းလာစဉ်က ကျွန်ုပ်တို့တွင် လူအများစုမှာ အမည်နှစ်မျိုး သုံးမျိုးရှိသူများ ဖြစ်ကြသည်။ ၄င်းတို့အနက် အချို့အမည်များ မှာ လူတို့အား အရှက်ရစေရန်နှင့် သိက္ခာကျ သေးသိမ်စေရန် လူတို့က ကျော်ကြားစေသော အမည်များ ဖြစ်သည်။ ကိုယ်တော်မြတ် ﷺ သည် ဤသည်ကို သိတော်မမူခဲ့ပေ။ ထို့ကြောင့် တစ်ခါတစ်ရံ ဤမကောင်း သော အမည်ဆိုးများအတိုင်း ခေါ်ဝေါ်တော်မူ၍ စကားပြောဆိုတော်မူလေ့ ရှိသည်။ ထိုအခါ ဆွဟာဗာများ က 'အို၊ ကိုယ်တော်၊ ထိုသူသည် ဤအမည်ကို ကျေနပ်နှစ်သက်ခြင်း မရှိပါ'ဟု လျှောက်ထားကြလေရာ ဤသို့ ဖြစ်ပေါ်ခဲ့ခြင်းအပေါ် ဤအာယသ်တော် ကျရောက်လာခဲ့သည်"ဟူ၏။

ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်က မိန့်ဆိုသည်မှာ အာယသ်တော်တွင် မကောင်းသော အမည် နာမများဖြင့် ခေါ်ဝေါ်ခြင်းဟူသည့် သဘောမှာ လူတစ်ဦးသည် အပြစ်တစ်ခု (သို့) မကောင်းမှု တစ်စုံတစ်ရာ ကျူးလွန်ခဲ့ပြီးနောက် ထိုပြစ်မှုများမှ 'သောင်ဗာဟ်'ပြုလုပ်လိုက်ပြီး ဖြစ်သည်။ ထို့နောက်တွင်မှ ၄င်းအား ထိုမကောင်းသော လုပ်ရပ်၏ အမည်ဖြင့် ခေါ်ဝေါ်ခြင်း၊ ဥပမာ- ခိုးဝှက်သူ (သို့) 'ဇေနာ'ပြုသူ (သို့) အရက်သေစာ သောက်သုံးသူ စသည်တို့ ဖြစ်သည်။ ခိုးဝှက်မှု၊ 'ဇေနာ' အမှုနှင့် အရက်သေစာ သောက်သုံး မှုတို့မှ 'သောင်ဗာဟ်'ပြုလိုက်သူအား ထိုအတိတ်မှ လုပ်ရပ်များဖြင့် အရှက်ရစေခြင်းနှင့် သေးသိမ်စေ ခြင်းတို့မှာ 'ဟရာမ်'ဖြစ်သည်။

ဟဒီးစ်တော်၌ တမန်တော်မြတ် ﷺ မိန့်ကြားတော်မူသည်မှာ 'မည်သူမဆို မွတ်စ္စလင်မ်တစ်ဦးအား ၄င်းသူက 'သောင်ဗာဟ်'ပြုပြီးသော အပြစ်မကောင်းမှုဖြင့် အရှက်ရစေခဲ့ပါလျှင် ထိုသူသည် ဤမကောင်း သော ပြစ်မှု၌ နစ်မွန်းလျက် လောကီ၊ လောကုတ္တရာ နှစ်ဌာနစလုံးတွင် သေးသိမ်မှုဖြစ်စေရန် အလ္လာဟ် အသျှင်မြတ်သည် မိမိ၏ တာဝန်အဖြစ် ယူတော်မူလေသည်' ဟူ၍ပင်တည်း။ *[ကုရ်သုဗီကျမ်း]*

အချို့မကောင်းသော အမည်နာမများအား ကန့်သတ် ဖယ်ထုတ်ထားခြင်း

အချို့လူတို့သည် ပင်ကိုယ်အရ မကောင်းသော အရာများ၏ အမည်နာမများဖြင့် ကျော်ကြားကြသည်။ အကယ်၍ ထိုသူ့အား ၎င်းအမည်မတပ်ဘဲ မသိရှိနိုင်ပါလျှင် ၎င်းသူအား ယင်းအမည်ဖြင့်ပင် ခေါ်ဝေါ်ခြင်းပိုင်ကြောင်း သာသနာ့ပညာရှင်များက တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်ကြသည်။ သို့ရာတွင် ဤသို့ ခေါ်ဝေါ်တင်ပြသူသည် ၎င်းသူအား သေးသိမ်သိက္ခာကျစေရန် ဟူသော ရည်ရွယ်ချက်မရှိရန်မှာ အရေးကြီးသော စည်းကမ်းချက်ဖြစ်သည်။ ဥပမာ- အချို့မုဟဒ်ဒိဆ်များ၏ အမည်တွင် اعرج 'အအ်ရဂ်' ဟုလည်းကောင်း၊ احدب 'အဟ်ဒဗ်'ဟုလည်းကောင်း ပါရှိပြီး ကျော်ကြားခဲ့ကြသည်။ တမန်တော်မြတ် ﷺ ကိုယ်တော်တိုင်ပင် ဆွဟာဗီတစ်ပါးအား အတိုင်းအတာထက် ပို၍ လက်ရှည်သောကြောင့် ذوا ليدين 'ဇွလ်ယဒိုင်း'ဟူသော အမည်ဖြင့် ခေါ်ဝေါ်တော်မူခဲ့သည်။

ဟဇရသ်အဗ်ဒွလ္လာဟ်ဗင်နိမုဘာရတ်က် (ရဟ) အား ဟဒီးစ်၏ စနဒ်များတွင် 'အချို့အမည်များ၌ ပမာအားဖြင့် حميد الطويل 'ဟမီးဒုနိသ်သွဝီးလ်' سليمان الاعمش 'စုလိုင်မာနွလ်အအ်မရှ်' နှင့် مروان الاصفر 'မရ်ဝါနွလ်အဆွ်ဖရ်' စသော အမည်များ၌ အမည်ပြောင်များ ပါရှိလေရာ ဤသို့ ခေါ်ဝေါ်ခြင်း ပိုင်ပါသလား'ဟု မေးမြန်းလေရာ ဟဇရသ်အဗ်ဒွလ္လာဟ်ဗင်နိမုဘာရတ်က် (ရဟ) က 'အသင်တို့၏ ရည်ရွယ်ချက်သည် ၎င်းအား အပြစ်ဖော်ထုတ်ရန် မဟုတ်ဘဲ ၎င်းအား မှတ်မိသိရှိမှု ပြည့်စုံစေရန်ဖြစ်လျှင် ပိုင်ပါသည်' ဟု မိန့်ဆိုခဲ့သည်။ *[ကုရ်သုဗီကျမ်း]*

လူတို့အား ကောင်းသော အမည်သညာဖြင့် ခေါ်ဝေါ်ခြင်းသည်သာ 'စွန္နသ်' ဖြစ်ခြင်း

ဟဒီးစ်တော်၌ လာရှိသည်မှာ တမန်တော်မြတ် ﷺ မိန့်ကြားတော်မူခဲ့သည့် 'မုအ်မင်န်၏ အခွင့်အရေးသည် အခြားမုအ်မင်န်အပေါ်၌ ဤသို့ ရှိသည်။ ၎င်းမုအ်မင်န်အား ၎င်းက ပိုမိုနှစ်သက်မည့် အမည်သညာများဖြင့်သာ ကင်ပွန်းတပ် မှည့်ခေါ်ခြင်းဖြစ်သည်'ဟူ၏။

ထို့အတွက်ကြောင့် အာရဗ်နိုင်ငံတွင် 'ကွန်နီယသ်' (မိခင်၊ ဖခင်၊ ညီအစ်ကို၊ မောင်နှမ စသည်တို့၏ အမည်ဖြင့် တွဲ၍ ခေါ်ဝေါ်ခြင်း) ၏ အစဉ်အလာရှိခဲ့ခြင်း ဖြစ်သည်။ ကိုယ်တော်မြတ် ﷺ သည်လည်း ဤသည်ကို နှစ်သက်တော်မူခဲ့သည်။ ကိုယ်တော်မြတ် ﷺ ကိုယ်တော်တိုင်ပင် အချို့ဆွဟာဗာများကို သီးသန့်အမည်သညာများပေး၍ ခေါ်ဝေါ်တော်မူခဲ့သည်။ စိဒ်ဒီးက်အက္ကဗရ်ဟဇရသ်အဗူဗကရ် ﷺ သခင်အား 'အသီးက်'ဟုလည်းကောင်း၊ ဟဇရသ်ဥမရ် ﷺ သခင်အား 'ဖာရူးက်'ဟုလည်းကောင်း၊ ဟဇရသ်ဟမ်ဇဟ် ﷺ အား 'အစဒွလ္လာဟ်'ဟုလည်းကောင်း၊ ဟဇရသ်ခါလိဒ်ဗင်န်ဝလီးဒ် ﷺ အား 'စိုင်ဖွလ္လာဟ်'ဟုလည်းကောင်း အမည်သညာများ မှည့်ခေါ်ခဲ့သည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوا۟ ٱجْتَنِبُوا۟ كَثِيرًا مِّنَ ٱلظَّنِّ إِنَّ بَعْضَ ٱلظَّنِّ إِثْمٌ ۖ وَلَا تَجَسَّسُوا۟ وَلَا يَغْتَب بَّعْضُكُم بَعْضًا ۚ أَيُحِبُّ أَحَدُكُمْ أَن يَأْكُلَ لَحْمَ أَخِيهِ مَيْتًا فَكَرِهْتُمُوهُ ۚ وَٱتَّقُوا۟ ٱللَّهَ ۚ إِنَّ ٱللَّهَ تَوَّابٌ رَّحِيمٌ ﴿١٢﴾

၄၉ : ၁၂ ။ ။ အို၊ မုအ်မင်န်သက်ဝင် ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် များစွာသော ထင်မြင်ယူဆချက်များမှ ရှောင်ကြဉ်ကြလေကုန်။ ကေန်စင်စစ် အချို့သော ထင်မြင်ယူဆချက်များမှာ အပြစ်ပင် ဖြစ်ပေသည်။ ၎င်းပြင် အသင်တို့သည် (သူတစ်ပါးတို့၏ ချွတ်ယွင်းမှုများကို) ထောက်လှမ်းစူးစမ်းခြင်း မပြုကြကုန်လင့်။ ထို့ပြင် အသင်တို့အနက် တစ်ဦးသည် တစ်ဦး၏ နောက်ကွယ်၌ အတင်းပြောဆိုခြင်းကို မပြုရ။ အသင်တို့အနက် တစ်ဦးတစ်ယောက်သည် မိမိညီအစ်ကို၏ အသေသားကို စားသုံးရန် နှစ်သက်ပါမည်လော။ စင်စစ် အသင်တို့သည် ယင်း (အသေသားစားခြင်း) ကို စက်ဆုပ်ကြမည်သာ ဖြစ်၏။ ထို့ပြင် အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ရိုသေကြလေကုန်။ ကေန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် ဝန်ချ တောင်းပန်ခြင်းကို အလွန်တရာ လက်ခံတော်မူသော အသျှင်၊ အလွန်တရာ သနားကြင်နာတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အို၊ အီမာန်သက်ဝင် ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် များစွာသော ထင်မြင်ယူဆချက်များမှ ရှောင်ကြဉ်ကြလေကုန်။ အဘယ်ကြောင့်ဆိုသော် ကေန်မလွဲ အချို့သော ထင်မြင်ယူဆချက်များသည် အပြစ်ဖြစ်သောကြောင့် ဖြစ်သည်။ (ထို့ကြောင့် ထင်မြင်ယူဆခြင်း အမျိုးအစားများ ရှိသည်တို့ အနက်မှ မည်သည့်အမျိုးအစားသည် ပိုင်သည်၊ မည်သည့်အမျိုးအစားသည် မပိုင်သည်ကို အမိန့်ပညတ်ချက်များအား သေချာစွာ လေ့လာဆန်းစစ်ရပေမည်။ ထို့နောက် ပိုင်သော အတိုင်းအတာ၌သာ နေရမည်။) ထို့ပြင် အသင်တို့သည် (အခြားသူတို့၏ ချို့ယွင်းမှု အပြစ်များကို) စူးစမ်းထောက်လှမ်းခြင်း မပြုကြလေနှင့်။ ထို့ပြင် အသင်တို့အနက် တစ်ဦးသည် အခြားတစ်ဦး၏ နောက်ကွယ်၌ အတင်းပြောဆိုခြင်းကို မပြုရ။ (ရှေ့တွင် နောက်ကွယ် အတင်းပြောဆိုခြင်းကို ပြစ်တင်ရှုတ်ချ တင်ပြထားသည်မှာ) အသင်တို့အနက် တစ်စုံတစ်ဦးသည် မိမိညီနောင်၏ အသေသားကို စားသုံးရန် နှစ်သက်ပါမည်လော။ စင်စစ် အသင်တို့သည် ထိုအသေသားစားသုံးခြင်းကို (မုချ) စက်ဆုပ်ကြမည်သာ ဖြစ်သည်။ (သို့ဖြစ်ပေရာ မိမိညီနောင်တစ်ဦး၏ နောက်ကွယ်မှ အတင်းပြောဆိုခြင်းသည် ဤသည့်အတိုင်းပင် ဖြစ်သည်။) ထို့ပြင် အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ (အတင်းပြောဆိုခြင်းကို စွန့်လွှတ်ကြလေကုန်။ 'သောင်ဗာဟ်' ပြုကြလေကုန်။) ကေန်အမှန် အလ္လာဟ်အသျှင်မြတ်သည် ဝန်ချတောင်းပန်ခြင်းကို အလွန်တရာ လက်ခံတော်မူသော အသျှင်၊ အလွန်တရာ သနားကြင်နာတော်မူသော အသျှင် ဖြစ်တော်မူသည်။

သိမှတ်ဖွယ်ရာများနှင့် စမ္ဗသတ်များ

ဤအာယသ်တော်သည်လည်း အချင်းချင်း တစ်ဦးအပေါ်တစ်ဦး ထားရှိရမည့် ဝတ္တရားများနှင့် လူမှုဆက်ဆံရေးဆိုင်ရာ အမိန့်တော်များ ပါဝင်သော အာယသ်တော်ဖြစ်သည်။ ဤအာယသ်တော်၌ အရာ (၃) မျိုးကို 'ဟရာမ်'အဖြစ် သတ်မှတ်ထားသည်။

(၁) ထင်မြင်ယူဆခြင်း (ရှေ့၌ ဤအကြောင်း ရှင်းလင်းချက် လာရှိပေမည်။)

(၂) ဖုံးကွယ်လျက်ရှိသော တစ်စုံတစ်ရာ ပြစ်ချက်အား စုံစမ်းရှာဖွေ ဖော်ထုတ်ခြင်း

(၃) ရှေ့မှောက်၌ မရှိသူတစ်ဦးနှင့် စပ်လျဉ်း၍ ၎င်းသူကြားလျှင် ကျေနပ်မည်မဟုတ်သော စကားကို ပြောဆိုခြင်း၊ ဆိုလိုသည်မှာ နောက်ကွယ်မှ အတင်းပြောဆိုခြင်း ဖြစ်သည်။)

ပထမအချက်မှာ ထင်မြင်ယူဆခြင်းဖြစ်သည်။ ဤအကြောင်းနှင့် စပ်လျဉ်း၍ ကုရ်အာန်ကျမ်းတော်မြတ်တွင် ဦးစွာပထမ 'များစွာသော ထင်မြင်ယူဆချက်များမှ ရှောင်ကြဉ်ကြလေကုန်'ဟု မိန့်ကြားတော်မူထားလေသည်။ ထို့နောက်တစ်ဖန် ၎င်း၏ အကြောင်းတရားကို မိန့်ကြားတော်မူသည်မှာ 'အချို့ထင်မြင်ယူဆချက်များသည် အပြစ်ဖြစ်သည်'ဟူ၏။ ဤအချက်ဖြင့် သိရှိရသည်မှာ ထင်မြင်ယူဆချက်တိုင်းသည် အပြစ်မဟုတ်ပေ။ သို့ဖြစ်ပေရာ ဤအမိန့်ကို ကြားနာသူများအပေါ် 'မည်သည့်ထင်မြင်ယူဆချက်သည် အပြစ်ထိုက်သည်ဆိုခြင်းကို လေ့လာစူးစမ်းရန် 'ဝါဂျိဗ်'ဖြစ်သွားပေသည်။ သို့မှသာ အပြစ်ဖြစ်မည့် ထင်မြင်ယူဆချက်မှ ရှောင်ကြဉ်နိုင်ပေမည်။ တစ်စုံတစ်ရာသော ထင်မြင်ယူဆချက်သည် မှန်ကန်ပြုပိုင်သည့် ယူဆချက်ဖြစ်ကြောင်း မသိရှိရသမျှ ထိုထင်မြင်ယူဆခြင်းအနားသို့ပင် မသွားရပေ။ သာသနာ့ပညာရှင်ကြီးများနှင့် ဖိကာဟ်ပညာရှင်များသည် ဤအကြောင်းကို အသေးစိတ် ရှင်းလင်းတင်ပြထားကြသည်။

ကုရ်သုဗီ (ရဟ) က မိန့်ဆိုသည်မှာ ظن (ထင်မြင်ယူဆခြင်း) ဟူသည်မှာ ဤနေရာ၌ စွပ်စွဲခြင်း၏ အလိုသဘော၌ ဖြစ်သည်။ လူတစ်ဦးအပေါ်တွင် ခိုင်လုံသော အထောက်အထားတစ်စုံတစ်ရာမရှိဘဲ ပြစ်မှုစွဲချက်တစ်စုံတစ်ရာ ပြုလုပ်ခြင်း (သို့) အပြစ်ရှိသည်ဟု စွပ်စွဲခြင်းကို ဆိုလိုသည်ဟူ၏။ အေမာမ်အဘူဗကရ် ဂျဆ္ဆွာဆ့် (ရဟ) သည် 'အဟ်ကာမုလ်ကုရ်အာန်'ကျမ်းတွင် ပြည့်စုံခိုင်လုံသော ရှင်းလင်းချက်တစ်ရပ်ကို ရေးသားခဲ့သည်မှာ 'ထင်မြင်ယူဆခြင်းတွင် အမျိုးအစား (၄) မျိုး ရှိသည်။

(၁) 'ဟရာမ်'

(၂) 'ဝါဂျိဗ်'

(၃) 'မွတ်စ်သဟဗ်' နှင့်

(၄) 'မုဗာဟ်' (ပြုပိုင်ရုံ အဆင့်ရှိသော ကိစ္စ) များ ဖြစ်သည်။

'ဟရာမ်'ဖြစ်သော ထင်မြင်ယူဆမှုမှာ 'အလ္လာဟ်အသျှင်မြတ်သည် ကျွန်ုပ်အား 'အဇာဗ်'အပြစ်ဒဏ်သာ ပေးတော်မူလိမ့်မည်။ (သို့) ဒုက္ခများ၌သာ ထားတော်မူလိမ့်မည်' ဟူ၍ အလ္လာဟ်အသျှင်မြတ်

၏ 'မဂ်ဖိရသ်'လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူခြင်းနှင့် 'ရဟ်မသ်'ကရုဏာတော်မှ မက်ကင်းပြီး အလ္လာဟ် အသျှင်မြတ်အပေါ် မကောင်းထင်မြင်ယူဆခြင်း ဖြစ်သည်။ ဟဇရသ်ဂျာဗိရ် ﷺ သခင်က ဆင့်ပြန်ခဲ့သည်မှာ-

لا يموتنّ احدكم الا وهو يحسن الظّن بالله

'အသင်တို့အနက် တစ်စုံတစ်ဦးသည် အလ္လာဟ်အသျှင်မြတ်အပေါ် ကောင်းသော ထင်မြင်ယူဆချက် မပြုသရွေ့ သေခြင်းတရား ဆိုက်ရောက်ခြင်းမရှိစေရ'ဟု ဖြစ်သည်။

အခြားဟဒီးစ်တော်တစ်ရပ်တွင် တမန်တော်မြတ် ﷺ ၏ မိန့်ကြားချက် လာရှိထားသည်။ 'အလ္လာဟ် အသျှင်မြတ်မှ

انا عند ظنّ عبدى بى

'မှချကန် ငါအသျှင်မြတ်သည် မိမိ၏ ကျေးကျွန် (လူသား) က ငါအသျှင်မြတ်အား ထင်မြင်ယူဆသည့်အတိုင်း ၎င်းကို ဆက်ဆံတော်မူသည်။ ၎င်းသည် ငါအသျှင်မြတ်အား ထင်မြင်ယူဆလိုသည့်အတိုင်း ထင်မြင်ယူရန် အခွင့်အရေးရှိပေသည်'ဟု မိန့်ကြားတော်မူခဲ့လေသည်။

ဤဟဒီးစ်တော်များအားဖြင့် အလ္လာဟ်အသျှင်မြတ်အပေါ်၌ ကောင်းသော ထင်မြင်ယူဆချက်ထားရန်မှာ 'ဖွရ်ဇ်'ဖြစ်ပြီး မကောင်းသော ထင်မြင်ယူဆချက်ထားခြင်း 'ဟရာမ်'ဖြစ်ကြောင်း သိရှိရသည်။

ဤနည်းအတိုင်းပင် အပြင်ပိုင်းအခြေအနေအရ ကောင်းသော အခြေအနေကိုသာ မြင်တွေ့ရ သော မွတ်စ္လင်မ်တစ်ဦးနှင့် စပ်လျဉ်း၍ တိကျခိုင်လုံသော အထောက်အထားတစ်စုံတစ်ရာမရှိဘဲ မကောင်း ထင်မြင်ယူဆခြင်းသည် 'ဟရာမ်'ဖြစ်သည်။

ဟဇရသ်အဘူဟုရိုင်ရာဟ် ﷺ သခင်က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် ﷺ မိန့်ကြားတော်မူသည်မှာ-

ايّاكم والظّنّ فانّ الظّنّ اكذب الحديث

ဟု ဖြစ်သည်။ ဆိုလိုသည်မှာ 'ထင်မြင်ယူဆချက်များမှ ရှောင်ကြဉ်ကြလေကုန်။ အကြောင်းမှာ ထင်မြင်ယူဆချက်ဟူသည် မုသားလိမ်လည်ခြင်းဖြစ်သောကြောင့်ပင် ဖြစ်သည်'ဟူ၏။

ဤနေရာ၌ ظن ဟူသော ထင်မြင်ယူချက်၏ အလိုသဘောမှာ မွတ်စ္လင်မ်တစ်ဦးအပေါ် ခိုင်လုံသော အထောက်အထားတစ်စုံတစ်ရာမရှိဘဲ မကောင်းထင်မြင်ယူဆခြင်းကို ဆိုလိုကြောင်း ပညာရှင်များ တစ်ညီတည်း ဆုံးဖြတ်ထားသည်။

၎င်းနောက် ရှရီအသ်တရားတော်အရ တစ်ဘက်ဘက်သို့ အလေးပေး 'အမလ်'ပြုကျင့်ရန် အရေးကြီးသော ကိစ္စရပ်တစ်ခု၊ သို့သော် ထိုကိစ္စနှင့် စပ်လျဉ်း၍ ကုရ်အာန်ကျမ်းမြတ်နှင့် စွန္နသ် (ဟဒီးစ်) တို့တွင် မည်သည့်အထောက်အထားမျှ ရှင်းလင်းဖော်ပြထားခြင်းမရှိသော ကိစ္စမျိုးဖြစ်လျှင် ထင်မြင်ယူဆချက် အလေးသာသည့်ဘက်သို့ အလေးပေး ရွေးချယ်ပြီး ကျင့်ဆောင်ရန် 'ဝါဂျိဗ်' ဖြစ်သည်။ ဥပမာ-အချင်းချင်းဖြစ်ပေါ်သော ပြဿနာများနှင့် အမှုအခင်းများကို စီရင်ဆုံးဖြတ်ရာတွင် ယုံကြည်စိတ်ချရသော

သက်သေများ၏ သက်သေထွက်ဆိုချက်နှင့်အညီ ဆုံးဖြတ်ပေးခြင်း ဖြစ်သည်။ အကြောင်းမှာ အုပ်ချုပ်သူနှင့် တရားသူကြီးတို့အတွက် တရားရုံးတော်တွင် တက်လာသော အမှုကို စီရင်ဆုံးဖြတ်ပေးရန် 'ဝါဂျိဗ်'ဖြစ်သောကြောင့် ဖြစ်သည်။ ထို့ပြင် ၎င်းအထူးအရေးကိစ္စအတွက် မည်သည့်မိန့်ကြားမှုမျှ ကုရ်အာန်နှင့် ဟဒီးစ်တော်တို့၌ မရှိပါက ယုံကြည်စိတ်ချရသူများ၏ သက်သေထွက်ဆိုခြင်းအပေါ် 'အမလ်'ပြု ကျင့်ဆောင်၍ ဆုံးဖြတ်ရန် 'ဝါဂျိဗ်'ဖြစ်သည်။ စင်စစ် သက်သေပေးသူ ယုံကြည်စိတ်ချရသူသည် ဤနေရာ၌ မုသားပြောဆိုခြင်းမှာလည်း ဖြစ်နိုင်ချေရှိပါ၏။ ထို့အတွက်ကြောင့် ၎င်း၏ ထွက်ဆိုချက် မှန်ကန်ကြောင်းမှ အလေးသာသော ထင်မြင်ယူဆချက်သာ ဖြစ်၏။ ဤအပေါ်၌သာ 'အမလ်'ပြုကျင့်ဆောင်ရန် 'ဝါဂျိဗ်' ဖြစ်သည်။

အလားတူ 'ကိဗ်လာဟ်'ကို မသိနိုင် ဖြစ်နေသည့် နေရာများတွင် မေးမြန်းစုံစမ်းခြင်း ပြုရမည့်သူလည်း မရှိသောအခါ မိမိ၏ ထင်မြင်ယူဆချက်၌ အလေးသာသည့်ဘက်သို့ ရွေးချယ်၍ 'အမလ်'ပြုကျင့်ဆောင်ရမည်။ ဤနည်းအတိုင်းပင် လူတစ်ဦးအပေါ်၌ အရာတစ်ခုအတွက် လျော်ကြေးပေးရန် 'ဝါဂျိဗ်' ဖြစ်နေသော် ထိုပျက်စီးသွားသော ပစ္စည်း၏ တန်ဖိုးကို ထင်မြင်ယူဆချက်၌ အလေးသာမှုရှိသော တန်ဖိုးဖြင့် သတ်မှတ်ခြင်းဘက်သို့ ဦးစားပေး ရွေးချယ်၍ 'အမလ်'ပြုကျင့်ဆောင်ရန် 'ဝါဂျိဗ်'ဖြစ်သည်။

'မုဗာဟ်'ဖြစ်သော ထင်မြင်ယူဆချက်မှာ ဥပမာ- နမာဇ်၏ ရကအသ်များတွင် (၃) ရကအသ် ဖတ်ပြီးခြင်းလော၊ (သို့) (၄) ရကအသ် ဖတ်ပြီး ခြင်းလော' ဟူ၍ သံသယဖြစ်ပေါ်နေသောခါ ထင်မြင်ယူဆချက်၌ အလေးသာသည့်အပေါ် 'အမလ်' ပြု ကျင့်ဆောင်ခြင်း ပိုင်သည်။ အကယ်၍ အလေးသာသည့် ထင်မြင်ယူဆချက်ကို စွန့်လွှတ်၍ မုချယုံကြည်ရသည့် အချက်အပေါ် ပြုကျင့်ခြင်းဖြစ်သော် ဥပမာ- (၃) ရကအသ်ဟု သတ်မှတ်ပြီး၊ စတုတ္ထရကအသ်ကို ဖတ်လိုက်ပါမူ ဤသည် လည်းပိုင်သည်။

'မွတ်စ်သဟာဗ်'ဖြစ်သော ထင်မြင်ယူဆချက်မှာ မွတ်စ္စလင်မ်တိုင်းအပေါ်တွင် ကောင်းသော ထင်မြင်ယူဆချက်ထားခြင်းဖြစ်သည်။ ဤအပေါ်၌ 'စဝါးဗ်'ကုသိုလ်အကျိုး ရရှိပေသည်။ *[ဂျဆ္ဆာဆ်ကျမ်း]*

ကုရ်သုဗီ (ရဟ) က မိန့်ဆိုသည်မှာ 'ကုရ်အာန်ကျမ်းတော်မြတ်တွင်

لَوْ لَا اِذْ سَمِعْتُمُوْهُ ظَنَّ الْمُؤْ مِنُوْنَ وَالْمُؤْ مِنَاتِ بِاَنْفُسِهِمْ خَيْرًا

ဟု မိန့်ကြားချက် လာရှိထား၏။ ဤမိန့်ကြားချက်တွင် မုအ်မင်န်များအပေါ် ကောင်းသော ထင်မြင်ယူဆချက်ထားရန် အလေးအနက် အမိန့်ရှိထားသည်။ သို့ရှိရာ

انّ من الحزم سوء الظّنّ

ဟု ကျော်ကြားသော အဆို "သတိဝီရိယထား ဆင်ခြင်ခြင်းများအနက် တစ်မျိုးမှာ 'လူတိုင်းအား မကောင်းထင်မြင်ယူဆထားရမည်''၏ အလိုသဘောမှာ 'အပေးအယူပြုလုပ်သည့်အခါ မကောင်းထင်မြင်ယူဆ ထားရသူကဲ့သို့ပင် အပြည့်အဝ ယုံကြည်ရမှုမရှိပါက မိမိ၏ ပစ္စည်းကို မည်သူ့ထံကိုမျှ မအပ်နှံ

လေနှင့်။ ၄င်းအား သူခိုးဟုလည်း မထင်မြင်လေနှင့်။ ၄င်းအား သေးသိမ်စေခြင်းလည်း မပြုလေနှင့်' ဟု ဖြစ်သည်။ အချုပ်ဆိုရသော် တစ်စုံတစ်ဦးကို သူခိုး (သို့) လိမ်လည်သူဟု မှတ်ယူခြင်းမပြုဘဲ မိမိ၏ အရေးကိစ္စကို ဆင်ဆင်ခြင်ခြင် ပြုလုပ်ရမည်။

ဤအာယသ်တော်၌ တားမြစ်ထားသော ဒုတိယအချက်မှာ 'လူတစ်ဦး၏ အပြစ်အနာအဆာကို ရှာဖွေခြင်း၊ စူးစမ်းခြင်းဖြစ်သည်။ ဤနေရာတွင် 'ကိရာအသ်' (ဖတ်ရွတ်နည်းပုံစံ) နှစ်မျိုး လာရှိသည်။ တစ်မျိုးမှာ لَاتَجَسَّسُوْا ဟူ၍ (ج 'ဂျီးမ်') ဖြင့် ဖြစ်ပြီး အခြားတစ်မျိုးမှာ لَاتَحَسَّسُوْا ဟူ၍ (ح 'ဟာ') ဖြင့် ဖြစ်သည်။ ထို့ပြင် ဆွဟီဟ်ဘိုခါရီကျမ်းနှင့် ဆွဟီးဟ်မွတ်စ္စလင်မ်ကျမ်းတို့တွင် ဟဇရသ် အဘူဟူရိုင်ရာ ﷺ ထံမှ ဆင့်ပြန်ချက် လာရှိထားသော ဟဒီးစ်ဆင့်ပြန်ချက်တွင် ဤစာလုံးနှစ်လုံးစလုံး လာရှိသည်။ ထိုနေရာတွင် မိန့်ကြားတော်မူသည်မှာ-

لَاتَجَسَّسُوْا وَلَا تَحَسَّسُوْا

ဟု ဖြစ်သည်။ ထိုစာလုံးနှစ်လုံး၏ အဓိပ္ပာယ်မှာ နီးနီးစပ်စပ်ရှိ၏။ အေမာမ်အခ်ဖရှ် (ရဟ)·က ဤစာလုံးနှစ်လုံး၏ ကွာခြားချက်ကို တင်ပြသည်မှာ تجسّس 'သဂျာဆ်ဆုဆ်' ဆိုသည်မှာ 'လူတစ်ဦး ၏ အခြားသူမသိရလေအောင် ဖုံးကွယ်လျှို့ဝှက်ထားသော ကိစ္စတစ်ခုကို စူးစမ်းခြင်း၊ ရှာဖွေခြင်း'ကို ခေါ်ဆိုသည်။ تحسّس 'သဟာဆ်ဆုဆ်'သည် 'ရှာဖွေစူးစမ်းခြင်းဟူသမျှ၏ အဓိပ္ပာယ်အတွက် လာရှိသော စာလုံးဖြစ်သည်' ဟူ၏။ စူရာဟ်ယူစွဖ်တွင် လာရှိသည့် အာယသ်တော်

تَحَسَّسُوْا مِنْ يُوْسُفَ وَ اَخِيْهِ

(အသင်တို့သည် ယူစွဖ်အားလည်းကောင်း၊ ယင်း (ယူစွဖ်) ၏ ညီငယ်အားလည်းကောင်း (အီဂျစ် သို့) သွား၍ ရှာဖွေစုံစမ်းကြလေကုန်။) *[၁၂ : ၈၇]*

၌ تحسّس ဟူသော စာလုံးသည် ၄င်းအဓိပ္ပာယ်အတွက်သာ လာရှိခြင်းဖြစ်သည်။ သို့ရှိရာ တင်ပြ နေသော အာယသ်တော်၏ အဓိပ္ပာယ်မှာ 'အသင်တို့၏ ရှေ့မှောက်သို့ သက်သေအထောက်အထားများ ဖြင့် ရောက်ရှိလာသော အကြောင်းအရာအပေါ် အသင်တို့ ကိုင်တွယ်ဆုံးဖြတ်နိုင်သည်။ ထို့ပြင် မွတ်စ္စလင်မ် တစ်ဦး၏ ပေါ်လွင်မှုမရှိသော အပြစ်တစ်ခုကို စူးစမ်း၊ ရှာဖွေခြင်းသည် မပိုင်' ဟု ဖြစ်သည်။ ဟဒီးစ်တော် တစ်ရပ်တွင် တမန်တော်မြတ် ﷺ မိန့်ကြားတော်မူသည်မှာ-

لاتغتابوا المسلمين ولاتتّبعوا عوراتهم فانّ من اتّبع عوراتهم يتّبع الله عورته ومن يتّبع الله عورته يفضحه فى بيته ﴿قرطبى﴾

'မွတ်စ္စလင်မ်တို့၏ အတင်းအဖျင်း ပြောဆိုခြင်း မပြုကြလေနှင့်။ ၄င်းတို့၏ အပြစ်များကို စူးစမ်း ရှာဖွေခြင်း မပြုကြလေနှင့်။ အဘယ်ကြောင့်ဆိုသော် မည်သူမဆို မွတ်စ္စလင်မ်တို့၏ အပြစ်များကို စူးစမ်းမှု

ပြုခဲ့ပါလျှင် အလ္လာဟ်အသျှင်မြတ်သည် ထိုသူ၏ အပြစ်များကို ရှာဖွေတော်မူမည်ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်၏ အပြစ်ရှာဖွေတော်မူခြင်းကို ခံရလျှင် ထိုသူအား အလ္လာဟ်အသျှင်မြတ်သည် မိမိအိမ်အတွင်း၌ ထိုင်နေလျက်ပင် သေးသိမ်စေတော်မူပေမည်။ *[ကုရ်သုဗီးကျမ်း]*

ဗယာနုလ်ကုရ်အာန်ကျမ်း၌ လာရှိသည်မှာ ပုန်းလျှို၍ သူတစ်ပါး၏ စကားများကို နားထောင်ခြင်း (သို့) မိမိကိုယ်မိမိ အိပ်ပျော်နေဟန်ဆောင်၍ စကားများ နားထောင်ခြင်းသည်လည်း تجسس 'သဂျ်ဆ်ဆုဆ်' တွင် ပါဝင်သည်။ သို့ရာတွင် အကယ်၍ တစ်စုံတစ်ဦးအား ဒုက္ခရောက်စေနိုင်ကြောင်း ယူဆရသောအခါ၌ လည်းကောင်း၊ မိမိအားလည်းကောင်း အခြားမွတ်စ္စလင်မ်များအတွက်လည်းကောင်း ကာကွယ်ရန် ရည်ရွယ်၍ ထိုဒုက္ခပေးမည့်သူ၏ လျှို့ဝှက်ကြံစည်မှုနှင့် ရည်ရွယ်ချက်များကို စူးစမ်းရှာဖွေမှု ပြုခြင်းမှု ပိုင်ပေသည်။

ဤအာယသ်တော်၌ တားမြစ်ထားသော တတိယအချက်မှာ အခြားသူတစ်ဦး၏ အတင်းပြောဆိုခြင်းပင် ဖြစ်သည်။ ဆိုလိုသည်မှာ လူတစ်ဦးမရှိသည့်အခိုက် ထိုသူ၏ အကြောင်းများကို အကယ်၍ ထိုသူ့ရှေ့၌ ပြောဆိုလျှင် ထိုသူ့အဖို့ စိတ်မကြည်မသာဖြစ်စေမည့် စကားများ ၎င်းပြောဆိုသည့် စကားများသည် အမှန်ပင် ဖြစ်နေပါစေ ပြောဆိုခြင်းဖြစ်သည်။ အကယ်၍ မှားယွင်းစွာသော စွပ်စွဲချက်များဖြင့် ပြောဆိုသော စကားဖြစ်လျှင် ၎င်းသည် စွပ်စွဲခြင်းသာ ဖြစ်ပေမည်။ ၎င်းစွပ်စွဲခြင်း 'ဟရာမ်'ဖြစ်ကြောင်း ကုရ်အာန်ကျမ်းတော်မြတ်၌ သီးခြားအထောက်အထား ရှိသည်။ 'ဂီဗသ်' အတင်းပြောဆိုခြင်းကို ဖွင့်ဆိုရာတွင် ပြောဆိုခံရသူသည် ရှေ့မှောက်၌မရှိဘဲ မျက်ကွယ်၌ ရှိနေသော ဟူသည့် သတ်မှတ်ခြင်းကြောင့် ထိုသူ့ရှေ့မှောက်၌ ရှိသည့်အခါ ထိုသူနှင့် စပ်လျဉ်း၍ ထိုသူ့အား စိတ်ထိခိုက်စေမည့် စကားများပြောဆိုခြင်း ပိုင်သည်'ဟု မယူဆရပေ။ အဘယ်ကြောင့်ဆိုသော် ထိုသို့ ပြောဆိုခြင်းသည် 'ဂီဗသ်'အတင်းစကား မဟုတ်သော်လည်း لمز 'လမ်ဇ်' သူတစ်ပါးအား ပြစ်တင်ရှုတ်ချခြင်း၌ ပါဝင်သောကြောင့်ပင် ဖြစ်သည်။ ယင်း၏ 'ဟရာမ်'ဖြစ်ကြောင်း ဤအာယသ်တော်၏ ရှေ့မှ အာယသ်တော်၌ လာရှိခဲ့ပြီး ဖြစ်သည်။

أَيُحِبُّ أَحَدُكُمْ أَنْ يَأْكُلَ لَحْمَ أَخِيهِ مَيْتًا

(အသင်တို့အနက် တစ်ဦးတစ်ယောက်သည် မိမိညီအစ်ကို၏ အသေသားကို စားသုံးရန် နှစ်သက်ပါမည်လော။) *[၄၉ : ၁၂]*

ဤအာယသ်တော်သည် မွတ်စ္စလင်မ်တစ်ဦး၏ သိက္ခာကျဆင်းစေခြင်းနှင့် ၎င်းအား သေးသိမ်စေခြင်းတို့ကို ၎င်း၏ အသားကို စားခြင်းနှင့် ပမာတူကြောင်း ခိုင်ခိုင်မာမာ သတ်မှတ် တင်ပြထားတော်မူသည်။ အကယ်၍ ၎င်းက အတင်းပြောဆိုနေသည့်သူသည် ရှေ့မှောက်၌ ရှိနေပါက သက်ရှိထင်ရှားရှိနေသူ လူတစ်ဦး၏ အသားကို ဖဲ့၍ စားသောက်နေကဲ့သို့ ဖြစ်ပေမည်။ ဤသည်ကို ကုရ်အာန်ကျမ်းတော်မြတ်သည် لمز 'လမ်ဇ်' ဟူသော စာလုံးဖြင့် သုံးနှုန်းတင်ပြ၍ 'ဟရာမ်'အဖြစ် သတ်မှတ်ထားတော်မူသည်။ ၎င်းအမိန့်မှာ အရှေ့၌ပင်–

لَا تَلْمِزُوٓا اَنْفُسَكُمْ

(၄င်းပြင် အသင်တို့သည် မိမိတို့အချင်းချင်း တစ်ဦးကိုတစ်ဦး ပြုစုစောင်းမြောင်း ကဲ့ရဲ့ပြစ်တင်ခြင်းကိုလည်း မပြုကြကုန်လင့်။) *[၄၉ : ၁၁]*

၌ လာရှိခဲ့ပြီးဖြစ်သည်။ တစ်ဖန်

وَيْلٌ لِّكُلِّ هُمَزَةٍ لُّمَزَةٍ

(နောက်ကွယ်၌ အတင်းပြောသူတိုင်း၊ မျက်နှာစုံညီ စောင်းချိတ်ရှုတ်ချသူတိုင်း ကျိုးယုတ်ပျက်စီးမည်သာ ဖြစ်၏။) *[၁၀၄ : ၁]*

၌လည်း လာရှိပေမည်။ ထို့ပြင် ရှေ့၌ မရှိသော သူ၏ အကြောင်းကို ၄င်းသူ၏ နောက်ကွယ်၌ ၄င်း၏ သိက္ခာကို ထိပါးပြီး သေးသိမ်စေမည့် စကားများဖြင့် ပြောကြားခြင်းမှာ လူသေ၏ အသားကို စားသကဲ့သို့ ဖြစ်သည်။ သူသေ၏ အသားကို စားသုံးခြင်းဖြင့် သူသေအဖို့ ခန္ဓာကိုယ်တွင် မည်သည့် နာကျင်မှု ဒုက္ခမျှ မခံစားရသကဲ့သို့ ထိုနောက်ကွယ်၌ ရှိသူသည် မိမိအား နောက်ကွယ်မှ အတင်းပြောဆိုသည်ကို မသိသေးသမျှ ၄င်းအားလည်း မည်သည့်ဒုက္ခမျှ ခံစားရခြင်း မရှိပေ။ သို့ရာတွင် မွတ်စ္စလင်မ်သေဆုံးသူတစ်ဦး၏ အသားကို စားခြင်းသည် 'ဟရာမ်'နှင့် အလွန်သေးသိမ် ယုတ်ညံ့သော လုပ်ရပ်ဖြစ်သကဲ့သို့ပင် 'ဂီဗသ်' (နောက်ကွယ်မှ အတင်းပြောဆိုခြင်း) သည်လည်း 'ဟရာမ်' ဖြစ်သည်။ လူတစ်ဦး၏ နောက်ကွယ်မှ အတင်းပြောဆိုခြင်းသည် ယုတ်ညံ့သော လုပ်ရပ်ဖြစ်သည်။ သူရဲကောင်းစိတ်ဓါတ် သတ္တိရှိသူတို့၏ လုပ်ရပ်မဟုတ်ပေ။

ဤအာယသ်တော်တွင် ထင်မြင်ယူဆခြင်း၊ အပြစ်ရှာခြင်းနှင့် နောက်ကွယ်အတင်း ပြောဆိုခြင်း ဟူသော သုံးမျိုးသော လုပ်ရပ်တို့သော 'ဟရာမ်'ဖြစ်ကြောင်း တင်ပြထားခြင်း ဖြစ်သည်။ သို့ရာတွင် 'ဂီဗသ်' (နောက်ကွယ်တွင် အတင်းပြောဆိုခြင်း) 'ဟရာမ်'ဖြစ်ကြောင်းကို ပို၍ အလေးအနက်ပြု မိန့်ကြားထားသည်။ 'ဂီဗသ်'အတင်းပြောဆိုခြင်းကို မွတ်စ္စလင်မ်သူသေတစ်ဦး၏ အသားကို စားသုံးခြင်းနှင့် တူကြောင်း နှိုင်းနှိုင်းလျက် 'ဂီဗသ်'သည် 'ဟရာမ်'ဖြစ်ကြောင်းနှင့် သေးသိမ်ယုတ်ညံ့ကြောင်း ပေါ်လွင်ထင်ရှားစေခဲ့သည်။ ထိုသို့ ပြုရခြင်း၏ အမြော်အမြင်တော်မှာ လူတစ်ဦး၏ ရှေ့မှောက်တွင် ၄င်းသူ၏ အပြစ်များကို ထုတ်ဖော်ပြောဆိုခြင်းသည် စင်စစ် စိတ်ထိခိုက်စေခြင်း ဖြစ်သောကြောင့် 'ဟရာမ်' ဖြစ်သည်။ သို့ရာတွင် ၄င်းသူကိုယ်တိုင် ရှိနေခြင်းကြောင့် ထိုသို့ အပြစ်များ ထုတ်ဖော်ခြင်းကို ၄င်းသူက တုန့်ပြန်လက်စားချေခြင်း ပြုနိုင်သည်။ ထိုသို့ တုန့်ပြန်လက်စားချေမည်ကို စိုးရိမ်သောကြောင့် လူတိုင်းအဖို့ ပြောဆိုရန် သတ္တိမရှိတော့ပေ။ 'ဂီဗသ်' (နောက်ကွယ်မှ အတင်းပြောဆိုခြင်း) တွင်မူ တုန့်ပြန်ချေပမည့်သူ မည်သူမျှမရှိပေ။ အနိမ့်တကာ့ အနိမ့်ဆုံးသူသည် အမြင့်တကာ့ အမြင့်ဆုံးသူ၏ 'ဂီဗသ်' (နောက်ကွယ်မှ အတင်းပြောဆိုခြင်းကို ပြုနိုင်သည်။ အကြောင်းမှာ မည်သူမှ လက်စားချေမည့်သူ မရှိသည့်အတွက် ဤအစဉ်အလာသည် များသောအားဖြင့် ရှည်လျားတွင်ကျယ်နေ၍ ရှိသည်။ ထိုအတင်းပြောဆို

ခြင်းတွင် နစ်မွန်းမှုလည်း ပို၍ များပြားသည်။ ထို့ကြောင့် 'ဂီဗသ်' (နောက်ကွယ်မှ အတင်းပြောဆိုခြင်း) 'ဟရာမ်'ဖြစ်ကြောင်းကို ပို၍ အလေးအနက်ထား မိန့်ကြားထားခြင်းဖြစ်သည်။ ထို့နောက် 'ဂီဗသ်'အတင်းစကား ပြောဆိုခြင်းကို ကြားသူသည် အကွယ်၌ရှိသော မိမိ၏ ညီနောင်ဘက်မှ တတ်နိုင်သရွေ့ ချေပပြောဆိုရမည်။ ချေပပြောဆိုရန် မတတ်သာလျှင် အနည်းဆုံး ထို 'ဂီဗသ်' အတင်းစကားကို နားမထောင်ဘဲ ရှောင်လိုက်ရမည်။ အဘယ်ကြောင့်ဆိုသော် 'ဂီဗသ်' (နောက်ကွယ်မှ အတင်းပြောဆိုခြင်း) ကို ရည်ရွယ်လျက် နားထောင်ခြင်းသည်လည်း ကိုယ်တိုင် 'ဂီဗသ်' (နောက်ကွယ်မှ အတင်းပြောဆို) မှု ပြုသကဲ့သို့ပင် ဖြစ်သောကြောင့်တည်း။

'ဂီဗသ်' အတင်းစကား ပြောဆိုခြင်းနှင့် စပ်လျဉ်းသော ဇမ္ဗူသတ်များ

ဟဇရသ်မိုင်မူးန် (ရဟ) က မိန့်ဆိုသည်မှာ တစ်နေ့တွင် ကျွန်ုပ်သည် အိပ်မက်မြင်မက်ခဲ့သည်။ အိပ်မက်၌ သူသေ လူမဲတစ်ဦး၏ ရုပ်အလောင်းကို တွေ့ရှိရသည်။ လူတစ်ဦးသည် ထိုရုပ်အလောင်းကို ညွှန်ပြ၍ ကျွန်ုပ်အား 'ဤအသေကောင်ကို စား' ဟု ပြောဆိုနေသည်။ ကျွန်ုပ်က 'အို၊ အလ္လာဟ်အသျှင်မြတ်၏ ဗန္ဒာဟ်ကျေးကျွန်၊ ဤအသေကောင်ကို ကျွန်ုပ် အဘယ်ကြောင့် စားရမည်နည်း' ဟု ပြောဆိုရာ ၎င်းက 'အကြောင်းမှာ အသင်သည် မည်သူမည်ဝါ၏ လူမဲကျွန်၏ 'ဂီဗသ်'အတင်းပြောဆိုခဲ့သောကြောင့် ဖြစ်သည်'ဟု ပြောဆိုလေသည်။ ကျွန်ုပ်က 'အလ္လာဟ်အသျှင်မြတ်၏ ကစမ်၊ ကျွန်ုပ်သည် ၎င်းနှင့် စပ်လျဉ်း၍ မည်သည့်အကောင်းအဆိုးမျှ မပြောမိခဲ့ပါ' ဟု ဖြေကြားလေသည်။ ထိုအခါ ၎င်းက 'မှန်ပါသည်။ သို့သော်လည်း အသင်သည် ၎င်းအား အတင်းပြောဆိုနေသည်ကို နားထောင်ခဲ့ပြီး ထိုအတင်းစကားအပေါ် ကျေနပ်ခဲ့သောကြောင့် ဖြစ်သည်' ဟု ဖြေကြားလေသည်။

ဟဇရသ်မိုင်မူးန် رضي الله عنه သခင်သည် ထိုအိပ်မက်မြင်မက်ပြီးနောက်တွင် မိမိကိုယ်တိုင်လည်း မည်သူ၏ အတင်းကိုမျှ ပြောဆိုခြင်းလည်း မပြုသည့်အပြင် မိမိ၏ ထိုင်ဝိုင်း၌ တစ်စုံတစ်ဦး၏ နောက်ကွယ် အတင်းပြောဆိုခြင်းကိုလည်း မည်သူ့ကိုမျှ ခွင့်မပြုတော့သည့်အထိ ဖြစ်သည်။ ဟဒီးစ်တော်တွင် ဟဇရသ်အနတ်စ် ဗင်န်မာလိက် رضي الله عنه သခင်၏ ဆင့်ပြန်ချက် လာရှိထားသည်။ 'မိအ်ရားဂျ်'ညအကြောင်း တင်ပြထားသော ဟဒီးစ်တော်၌ တမန်တော်မြတ် ﷺ က မိန့်ကြားတော်မူသည်မှာ 'ငါကိုယ်တော်အား ခေါ်ဆောင်သွားရင်းဖြင့် ငါကိုယ်တော်သည် သံလက်သည်းများ ရှိသူတို့၏ အနီးမှ ဖြတ်သန်းသွားခဲ့ရသည်။ ၎င်းတို့သည် ထိုလက်သည်းများဖြင့် မိမိတို့၏ မျက်နှာနှင့် ကိုယ်ခန္ဓာကို ကုတ်ဖဲ့နေကြသည်။ ငါကိုယ်တော်က ဂျိဗ်ရာအီးလ် عليه السلام အား 'ဤသူများသည် မည်သို့သောသူများ ဖြစ်ကြပါသနည်း'ဟု မေးမြန်းရာ ဂျိဗ်ရာအီးလ် عليه السلام က '၎င်းတို့သည် မိမိညီနောင်၏ 'ဂီဗသ်' နောက်ကွယ်အတင်းပြောဆိုပြီး ထိုညီနောင်၏ သိက္ခာကို ကျဆင်းစေသူများ ဖြစ်ကြပါသည်'ဟု ဖြေကြားလေသည်ဟူ၏။ *[မဇ္ဇဟရီကျမ်း]*

ဟဇရသ်အာဗူစအီးဒ် رضي الله عنه သခင်နှင့် ဂျာဗိရ် رضي الله عنه သခင်တို့ထံမှ ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် ﷺ က မိန့်ကြားတော်မူသည်မှာ- الغيبة اشدّ من الزّنا ဟူ၍တည်း။

ဆိုလိုသည်မှာ 'နောက်ကွယ်မှ အတင်းပြောဆိုခြင်းသည် 'ဇေနာဟ်' အမှု ကျူးလွန်ခြင်းထက် ပို၍ ပြင်းထန်သော ပြစ်မှုဖြစ်သည်' ဟူ၏။ ဆွဟာဗာများက 'ဤသို့ အဘယ်ကြောင့် ဖြစ်ရပါသနည်း' ဟု လျှောက်ထားမေးမြန်းလေရာ ကိုယ်တော်မြတ် ﷺ က လူတစ်ဦးသည် 'ဇေနာဟ်'အမှု ကျူးလွန်ပြီး 'သောင်ဗာဟ်' ပြုလိုက်ပါက ၎င်း၏ အပြစ်သည် ခွင့်လွှတ်ချမ်းသာ ရရှိသွားပေသည်။ 'ဂီဗသ်' နောက်ကွယ်မှ အတင်းပြောဆိုခြင်း၏ အပြစ်သည် 'ဂီဗသ်'အတင်းပြောခံရသူက ခွင့်မလွှတ်မချင်း ခွင့်လွှတ်ချမ်းသာမှု ရရှိမည်မဟုတ်ဟု မိန့်ကြားတော်မူလေသည်။ *[မဇ္ဈဟရီကျမ်း၊ သိရ်မေဇီကျမ်း၊ အဘူဒါဝူးဒ်ကျမ်း။]*

ဤဟဒီးစ်တော်အားဖြင့် အတည်ဖြစ်သည်မှာ 'ဂီဗသ်'နောက်ကွယ်မှ အတင်းပြောဆိုခြင်းသည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်နှင့်လည်း ဆန့်ကျင်သည်။ အဖန်ဆင်းခံ၏ အခွင့်အရေးကိုလည်း ပျက်စီးစေသော ပြစ်မှုတစ်ရပ် ဖြစ်သည်။ ထို့ကြောင့် အတင်းပြောဆိုခံရသူထံမှ ခွင့်လွှတ်ပါဟု တိုးလျှိုးတောင်းပန်ရန် အရေးကြီးပေသည်။ အချို့ပညာရှင်များက မိန့်ဆိုသည်မှာ 'ဂီဗသ်'နောက်ကွယ်မှ အတင်းပြောဆိုကြောင်း သတင်းသည် အတင်းပြောခံရသူထံသို့ မရောက်ရှိသေးသမျှ အချိန်အထိ ထို 'ဂီဗသ်'သည် 'ဗန္ဒာဟ်'လူသား၏ အခွင့်အရေးချိုးဖောက်ခြင်း မမည်သေးပေ။ ထို့ကြောင့် ၎င်းအား တောင်းပန်ရန် မလိုအပ်ပေ'ဟု ဖြစ်သည်။ သို့ရာတွင် ဗယာနုလ်ကုရ်အာန်ကျမ်း၌ ဤသည်ကို ဆင့်ပြန်၍ မိန့်ဆိုထားသည်မှာ 'ဤအခြေအနေမျိုး၌ ထိုသူ့အား တောင်းပန်ရန် အရေးမကြီးပေ။ သို့ရာတွင် နောက်ကွယ်၌ ရှိသူတစ်ဦး၏ အတင်းကို မိမိ၏ ရှေ့မှောက်ရှိသူအား ပြောဆိုမိခဲ့ပါက ထိုရှေ့မှောက်၌ ရှိသူအား မိမိက လိမ်လည်မှုသား ပြောဆိုခဲ့ခြင်း ဖြစ်ကြောင်း (သို့) မိမိ၏အပြစ် 'ဂိုနာဟ်'လုပ်မိကြောင်း ဝန်ခံရန်မှာ အရေးကြီးသည်။ အကယ်၍ ထိုသူ သေဆုံးသွားလျှင်လည်းကောင်း၊ (သို့) ထိုသူ၏ နေရပ်လိပ်စာ မသိလျှင်လည်းကောင်း၊ ၎င်း၏ 'ကဖ္ဖရဟ်' (ချေဖျက်ပလပ်စေမည့် အရာ) မှာ ဟဇရသ်အနတ်စ် ﵁ ဆင့်ပြန်သော ဟဒီးစ်တော်တွင် တမန်တော်မြတ် ﷺ မိန့်ကြားသည်မှာ

ان من كفارة الغيبة ان يستغفر لمن اغتابه تقول اللّٰهمّ اغفر لنا وله

ဟု ဖြစ်သည်။ ဆိုလိုသည်မှာ "ဂီဗသ် အတင်းပြောဆိုသူ၏ 'ကဖ္ဖရာဟ်'မှာ မိမိ အတင်းပြောမိသူအတွက် အလ္လာဟ်အသျှင်မြတ်ထံတော်၌ 'မဂ်ဖေရသ်'လွတ်ငြိမ်းချမ်းသာခွင့်ရရန် ဒိုအာဆုမွန် တောင်းပေးခြင်း ဖြစ်သည်။ သို့ရှိရာ 'အို့၊ အလ္လာဟ်အသျှင်မြတ်၊ ကျွန်တော်မျိုးနှင့် ထိုသူ၏ အပြစ်ဒုစရိုက်များကို ခွင့်လွှတ်ချမ်းသာပေးတော်မူပါ' ဟု တောင်းခံပါလေ" ဟူ၍ ဖြစ်သည်။

ဗမ္ဗသတ် ။ ကလေး၊ ရူးသွပ်သူနှင့် ကာဖိရ် 'ဇင်မ်မီ' (အစ္စလာမ်နိုင်ငံ၌ အခွန်ပေးကာ နေထိုင်သူကာဖိရ်) ၏ 'ဂီဗသ်'သည်လည်း 'ဟရာမ်'ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့အား ဒုက္ခရောက်စေခြင်းသည်လည်း 'ဟရာမ်'ဖြစ်သောကြောင့်ပင် ဖြစ်သည်။ ဟရ်ဗီဖြစ်သော ကာဖိရ်နိုင်ငံနေ ကာဖိရ်တို့အား ဒုက္ခရောက်စေခြင်းမှာ 'ဟရာမ်' အမှု မမည်သော်လည်း မိမိ၏အချိန်ကို အကျိုးမဲ့ ဆုံးရှုံးစေခြင်း ဖြစ်သည့်အတွက် ၎င်းတို့၏ 'ဂီဗသ်'အတင်းပြောဆိုခြင်းမှာ 'မက္ကရူးဟ်'ဖြစ်သည်။

ဓမ္မသတ် ။ ။ 'ဂီဗသ်'အတင်းပြောဆိုခြင်းသည် နှုတ်အရာ စကားပြောဆိုခြင်းဖြင့် ဖြစ်နိုင်သကဲ့သို့ လုပ်ရပ်အားဖြင့် လည်းကောင်း၊ (သို့) အရိပ်အမြွက်ဖြင့်လည်းကောင်း တင်ပြခြင်းဖြင့်လည်း ဖြစ်နိုင်ပေသည်။ ဥပမာ- ခြေကျိုးသူ၏ ပုံသဏ္ဌာန်ပြုလုပ်၍ လှည့်လည်ပြသခြင်း၊ ဤသို့ ပြုခြင်းဖြင့်လည်း ခြေကျိုးသူအား သေးသိမ်စေရာ ရောက်သောကြောင့် ဖြစ်သည်။

ဓမ္မသတ် ။ ။ အချို့ဆင့်ပြန်ချက်များအရ အတည်ဖြစ်သည်မှာ အာယသ်တော်၌ ခြုံငုံ၍ 'ဟရာမ်' ဟု သတ်မှတ်ထားသော 'ဂီဗသ်'အတင်းပြောဆိုခြင်း၏ အမိန့်သည် '၎င်းအမိန့်မှ တစ်စိတ်တစ်ဒေသကို အထူး သီးသန့်ပြု ဖယ်ထုတ်ထားသော အမိန့်ဖြစ်သည်'ဟူ၏။ ဆိုလိုသည်မှာ 'အချို့အခြေအနေများတွင် 'ဂီဗသ်'ပြောဆိုခွင့်ရှိသည်' ဟူတည်း။ ဥပမာ- လူတစ်ဦး၏ မကောင်းကြောင်းကို လိုအပ်ချက် တစ်စုံ တစ်ရာ ရှိသောအခါ၌လည်းကောင်း၊ (သို့) ကောင်းရာကောင်းကျိုးကို ရှေ့ရှု၍ ပြောဆိုခြင်းဖြစ်လျှင် လည်းကောင်း ထိုစကားသည် 'ဂီဗသ်'တွင် မပါဝင်ပေ။ ထိုလိုအပ်ချက်နှင့် ကောင်းရာကောင်းကျိုး ရှေ့ရှုခြင်းသည် ရှရီအသ်တရားတော်အရ ခိုင်လုံမှုရှိရန် အရေးကြီးသည်။ ဥပမာ- မတရားမှု ကျူးလွန်သူ တစ်ဦး၏ အကြောင်းကို ထိုမတရားမှုအား ဖယ်ရှား ရှင်းလင်းပေးနိုင်သူ၏ ရှေ့၌ ပြောဆိုတင်ပြခြင်း၊ (သို့) လူတစ်ဦး၏ သားသမီးများနှင့် ဇနီးတို့အကြောင်း တိုင်တန်းခြင်းကို ၎င်းတို့အား ပြုပြင်ပေးနိုင်သူ၊ ၎င်းတို့၏ ဖခင်နှင့် ခင်ပွန်းတို့အား တင်ပြခြင်း၊ (သို့) အဖြစ်အပျက်တစ်ခုနှင့် စပ်လျဉ်း၍ 'ဖသ်ဝါ'ဓမ္မသတ် မေးမြန်းရန် ဖြစ်ရပ်အပြည့်အစုံကို ပေါ်လွင်စွာ တင်ပြခြင်း၊ (သို့) မွတ်စ္လင်မ်များအဖို့ လူတစ်ဦး၏ သာသနာရေး (သို့) လောကီရေး အနှောင့်အယှက် ဒုက္ခများမှ ကယ်တင်ရန်၊ လူတစ်ဦး၏ အကြောင်းကို တင်ပြခြင်း၊ (သို့) အရေးကိစ္စတစ်ခုနှင့် စပ်လျဉ်း၍ တိုင်ပင်ဆွေးနွေး အကြံဉာဏ်ရယူရန်အတွက် ၎င်းသူ၏ အခြေအနေကို တင်ပြခြင်း၊ (သို့) လူသူရှေ့မှောက်တွင် ပွင့်ပွင့်လင်းလင်း အပြစ်ဒုစရိုက်များ ကျူးလွန်ပြီး မိမိ၏ အကျင့်စရိုက် မကောင်းကြောင်း၊ မိမိကိုယ်တိုင် ထုတ်ဖော်လျက်ရှိနေသူ တစ်ဦး၏ မကောင်းသော လုပ်ရပ်များအကြောင်း တင်ပြခြင်းသည်လည်း 'ဂီဗသ်'အတင်းပြောဆိုခြင်း၌ မပါဝင်ပေ။ သို့ရာတွင် မလိုအပ်ဘဲ မိမိ၏ အချိန်များကို အချည်းနှီး ပြုလုပ်ခြင်းအတွက် 'မက္ကရူးဟ်'ဖြစ်သည်။

(ဤဓမ္မသတ်အားလုံးသည် ဗယာနုလ်ကုရ်အာန်ကျမ်း၌ ရူးဟုလ်မအာနီကျမ်းညွှန်းဖြင့် ဖော်ပြ ထားသည်။) ဤတင်ပြချက်အားလုံးတွင် တူညီစွာနှင့် ရှိသော အချက်မှာ 'လူတစ်ဦး၏ မကောင်းကြောင်း နှင့် အပြစ်များကို တင်ပြခြင်း၏ ရည်ရွယ်ချက်မှာ ၎င်းသူ သေးသိမ်စေရန် မဖြစ်စေရပေ။ ထိုမျှသာမက လိုအပ်ချက် တစ်စုံတစ်ရာနှင့် အခက်အခဲကြောင့် တင်ပြခြင်းသာ ဖြစ်ရပေမည်' ဟူသော အချက်ပင် ဖြစ်သည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

يَٰٓأَيُّهَا ٱلنَّاسُ إِنَّا خَلَقْنَٰكُم مِّن ذَكَرٍ وَأُنثَىٰ وَجَعَلْنَٰكُمْ شُعُوبًا وَقَبَآئِلَ لِتَعَارَفُوٓا۟ ۚ إِنَّ أَكْرَمَكُمْ عِندَ ٱللَّهِ أَتْقَىٰكُمْ ۚ إِنَّ ٱللَّهَ عَلِيمٌ خَبِيرٌ ﴿١٣﴾

၄၉ : ၁၃ ။ ။ အို, လူအပေါင်းတို့၊ ဧကန်မလွဲ ငါအသျှင်မြတ်သည် အသင်တို့အား ယောကျ်ားတစ်ယောက်၊ မိန်းမ တစ်ယောက်မှ (စတင်) ဖန်ဆင်းတော်မူခဲ့၏။ ထို့ပြင် ငါအသျှင်မြတ်သည် အသင်တို့အချင်းချင်း တစ်ဦးကို တစ်ဦး ခွဲခြားသိမြင် မှတ်မိကြရန်အလို့ငှာ လူမျိုးစုအသီးသီး၊ မျိုးနွယ်အသွယ်သွယ်တို့ကို ပြုလုပ်တော်မူခဲ့၏။ ဧကန်စင်စစ် အသင်တို့အနက် (အလ္လာဟ်အသျှင်မြတ်အား) အကြောက်ရွံ့ဆုံး၊ အပြစ်များမှ အများဆုံး ရှောင်ကြဉ်သော သူသည်သာလျှင် အလ္လာဟ်အသျှင်မြတ်၏ ထံတော်၌ အမြင့်မြတ်ဆုံးသောသူ ဖြစ်၏။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် (အလုံးစုံတို့ကို) အသိတော်မူဆုံး၊ အကြားတော်မူဆုံးသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အို, လူသားအပေါင်းတို့၊ ဧကန်မလွဲ ငါအသျှင်မြတ်သည် အသင်တို့ (အားလုံး) ကို ယောကျ်ားတစ်ဦး၊ မိန်းမတစ်ဦး (အာဒမ် عليه السلام နှင့် ဟောင်ဝါ عليها السلام သခင်မ) မှ ဖန်ဆင်းတော်မူခဲ့သည်။ (ထို့ကြောင့် ဤဖန်ဆင်းမှုဆိုင်ရာကဏ္ဍတွင် လူသားအားလုံးသည် တူညီမှုရှိကြသည်။) ထို့ပြင် (ကွဲလွဲစွာ ဖန်ဆင်းထားသည့်အချက်မှာ) အသင်တို့အား လူမျိုးစုအသီးသီးနှင့် (တစ်ဖန် လူမျိုးစုများ၌) မျိုးနွယ်အသွယ်သွယ် ပြုပေးတော်မူခဲ့သည်။ (ဤသို့ ပြုရခြင်းမှာ) သို့မှသာ အသင်တို့အချင်းချင်း တစ်ဦးကိုတစ်ဦး ခွဲခြားသိရှိနိုင်ပေမည်။ (ဤသို့ ပြုရာတွင် များစွာသော ကောင်းကျိုးကောင်းရာများကို ရှေ့ရှုထားသည်။ အသင်တို့အချင်းချင်း တစ်ဦးအပေါ် တစ်ဦး ဂုဏ်မောက်ခြင်း၊ မောက်မာပလွှားခြင်းများပြုရန် မဟုတ်ပေ။) ဧကန်စင်စစ် အသင်တို့အနက် အလ္လာဟ်အသျှင်မြတ်ထံတော်၌ အမွန်မြတ်ဆုံးသောသူမှာ ပြစ်မှုများမှ အများဆုံး ရှောင်ကြဉ်သူသာ ဖြစ်ပေသည်။ (ပြစ်မှုရှောင်ကြဉ်မှုဟူသည် ၎င်း၏ အခြေအနေအပြည့်အစုံကို မည်သူမျှမသိနိုင်ဘဲ အလ္လာဟ်အသျှင်မြတ် သည်သာ သိနိုင်တော်မူ၏။) အလ္လာဟ်အသျှင်မြတ်သည် (အလုံးစုံတို့ကို) အသိတော်မူဆုံး အကြားတော်မူဆုံးသော အသျှင်မြတ် ဖြစ်တော်မူပေသည်။ (ထို့ကြောင့် မျိုးရိုးနှင့် အသိုင်းအဝိုင်းများအပေါ် ဂုဏ်မမောက်ကြလေနှင့်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

အထက်၌ လာရှိခဲ့သည့် အာယသ်တော်များတွင် အစ္စလာမ့်လူမှုရေးရာ ဝတ္တရားများနှင့် လူမှုဆက်ဆံရေးဆိုင်ရာ စည်းကမ်းများကို လမ်းညွှန်သင်ကြားပို့ချရာတွင် အချင်းချင်း ရွံရှာမုန်းတီးမှုနှင့် ရန်ငြိုးများဖြစ်စေသော အရာ (၆) ခုကို 'ဟရာမ်' အဖြစ် သတ်မှတ်ပေးခဲ့သည်။ ဤအာယသ်တော်တွင် လူသားများအားလုံး တပြေးညီဖြစ်ကြောင်းကို ပြည့်စုံနက်နဲသော လမ်းညွှန် သင်ကြားပေးခြင်းဖြင့် လမ်းညွှန်သင်ကြား

ထားသည်။ ၎င်းမှာ မည်သည့်လူသားမျှ အခြားသူတစ်ဦးအား နိမ့်ကျသည်။ (သို့) သေးသိမ်သည်ဟု မယူဆရပေ။ မိမိ၏ အမျိုးအနွယ် (သို့) ဥစ္စာပစ္စည်းနှင့် စည်းစိမ် စသည်တို့အပေါ် ဂုဏ်မောက်ခြင်း မပြုရပေ။ အဘယ်ကြောင့်ဆိုသော် ဤအရာများသည် အမှန်စင်စစ် ဂုဏ်မောက်ရန် မဟုတ်ပေ။ တစ်ဖန် ဤဂုဏ်မောက်မာခြင်းမှ အချင်းချင်း ရွံရှာမုန်းတီး ခြင်းနှင့် ရန်ငြိုးရန်စများ၏ အခြေခံရေသောက်မြစ်ဖြစ်ကြောင်း၊ ထို့ကြောင့် လူသားအားလုံးသည် မိခင်၊ ဖခင် တစ်ဦးတည်းထံမှ မွေးဖွားလာသော သားသမီးများဖြစ်ကြသောကြောင့် ၎င်းရှုထောင့်မှ ကြည့်လျှင် ညီအစ်ကိုများ ဖြစ်ကြသည်။ မျိုးနွယ် (သို့) ဥစ္စာပစ္စည်းများအားဖြင့် အလ္လာဟ်အသျှင်မြတ်က ကွာခြားမှု ပြုထားခြင်းမှာ ဂုဏ်မောက်မာရန်မဟုတ်ဘဲ ခွဲခြားသိရှိစေရန်သာ ဖြစ်သည်။

အာယသ်တော် ကျရောက်လာရခြင်း အကြောင်းခံ

ဤအာယသ်တော်သည် မက္ကာဟ်ကို အောင်နိုင်စဉ်တွင် ဖြစ်ရပ်တစ်ခုနှင့် စပ်လျဉ်း၍ ကျရောက်ခဲ့သော အာယသ်တော်ဖြစ်သည်။ ဖြစ်ရပ်မှာ တမန်တော်မြတ် ﷺ သည် ဟဇရသ်ဗိလားလ်ဟဗ်ရှီ ؓ အား 'အဇာန်' ဆိုရန် အမိန့်ပေးတော်မူခဲ့သည်။ ထိုအခါ အစ္စလာမ်သာသနာဝင် မဖြစ်သေးသော ကာဖိရ်များနက် တစ်ဦးက 'ကျွန်ုပ်၏ ဖခင်သည် ဤဆိုးရွားသော နေ့ကို မမြင်တွေ့ရမီ သေဆုံးသွားခဲ့ခြင်းအပေါ် အလ္လာဟ်အသျှင်မြတ်အား ကျေးဇူးတင်မိပါသည်' ဟု ပြောဆိုလေသည်။ ထို့နောက် ဟာရိဆ်ဗင်နှိဟိရှားမ် ؓ က 'မိုဟမ္မဒ် ﷺ အဖို့ ဤလူမည်းမှအပ 'မတ်စ်ဂျိဒ်ဒေဟရာမ်' ၌ 'အဇာန်' ဆိုရန် အခြားသူမရှိလေသလော' ဟု ပြောဆိုလေသည်။ အဘူစွဖ်ယာန်က 'ကျွန်ုပ်သည် မည်သည့်စကားမျှ ပြောဆိုမည်မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် တစ်စုံတစ်ရာသော စကားကို ကျွန်ုပ်ပြောဆိုမိပါက မိုးကောင်းကင်များကို စိုးပိုင်တော်မူသော အသျှင်မြတ်သည် ၎င်းအား အသိပေးတော်မူမည်ကို စိုးရိမ်သောကြောင့် ဖြစ်သည်' ဟု ပြောဆိုလေသည်။ သို့ဖြစ်ပေရာ ဂျိဗ်ရာအီးလ် ؑ သည် ကိုယ်တော်မြတ် ﷺ ထံတော်သို့ ရောက်ရှိလာပြီး ဖြစ်ကြောင်းကုန်စင် တင်ပြလေသည်။ ကိုယ်တော်မြတ် ﷺ သည် ထိုသူများကို ခေါ်၍ အသင်တို့သည် မည်သည့်စကားများကို ပြောဆိုခဲ့ကြပါသနည်း' ဟု မေးမြန်းတော်မူလေရာ ၎င်းတို့က မိမိတို့ ပြောဆိုခဲ့ကြသည်များကို ဝန်ခံကြလေသည်။ ဤသို့ ဖြစ်ခြင်းအပေါ် ဤအာယသ်တော် ကျရောက်လာခဲ့ပေသည်။ ၎င်းအာယသ်တော်သည် ဂုဏ်ယူဝင့်ကြွားခြင်းနှင့် သိက္ခာတရား၏ အရင်းအမြစ်မှာ 'အီမာန်သက်ဝင်ယုံကြည်ခြင်းနှင့် 'သတ္တဝါ' ပြစ်မှုရှောင်ကြဉ်ခြင်းတို့သာ ဖြစ်သည်။' ဤအချက်သည် အသင်တို့၌ ဗလာနတ္တိဖြစ်၍ ဟဇရသ်ဗိလားလ် ؓ သည် ထိုအချက်များဖြင့် ဆင်ယင်ခြယ်မှုန်းထားသည်။ ထို့ကြောင့် ၎င်းသည် အသင်တို့ထက် ပို၍ မြင့်မြတ်သောသူဖြစ်သည်ကို မီးမောင်းထိုးပြလိုက်သည်။ */ မဇ္ဇဟရီ /*

ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်နအုမရ် ؓ ၏ ဆင့်ပြန်ချက် လာရှိသည်မှာ မက္ကာဟ်ကို အောင်နိုင်သောနေ့တွင် တမန်တော်မြတ် ﷺ သည် မိမိ၏ ကုလားအုတ်မကို စီး၍ 'သွဝါးဖ်' လှည့်တော်မူသည်။ (သို့မှသာ

လူများအားလုံး မြင်တွေ့နိုင်ပေမည်။) 'သွဝါးဖ်'လှည့်၍ ပြီးမြောက်သောအခါ ကိုယ်တော်မြတ် ﷺ သည် အောက်ပါမိန့်ခွန်းကို မိန့်ကြားတော်မူခဲ့လေသည်။

الحمدالله الذىاذهبعنكمعبية الجاهلية وتكبّرها ــ الناسرجلان برّتقىّكريم

علىالله وفاجرشقى هين على الله ثم تلا يَاَيُّهَا النَّاسُ اِنَّاخَلَقْنٰكُمْ ــ الاٰية

အမှောင်ခေတ်၏ ဝေလေ့ထုံးစံများနှင့် ယင်းအမှောင်ခေတ်၏ မာန်မာနများကို ဝေးလွင့်စေတော်မူသော အလ္လာဟ်အသျှင်မြတ်အဖို့ ချီးမွမ်းထောပနာပြုပါသည်။ လူသားအားလုံးတွင် နှစ်မျိုးသာ ရှိသည်။

(၁) 'မွတ်သက္ကီ' ပြစ်မှုရှောင်ကြဉ်သူ သူမွန်သူမြတ် ဖြစ်သည်။ ၎င်းသည် အလ္လာဟ်အသျှင်မြတ်ထံတော်၌ ဂုဏ်သိက္ခာရရှိမည်။

(၂) ယုတ်မာဆိုးသွမ်းသူ ဖြစ်သည်။ ၎င်းသည် အလ္လာဟ်အသျှင်မြတ်ထံတော်၌ သေးသိမ်မှုဖြစ်ရှိမည့်သူ ဖြစ်သည်။

ထို့နောက် အထက်တွင် တင်ပြလျက်ရှိသော အာယတ်တော်ကို ဖတ်ကြားတော်မူလေသည်။

[သိရ်မိဇီကျမ်း၊ ဗဂဝီကျမ်း။]

ဟဇရတ်အိဗ်နေအဗ္ဗားစ် ﵁ သခင်က မိန့်ဆိုသည်မှာ 'လူတို့ထံတွင် ဂုဏ်သိက္ခာဟူသည် ဥစ္စာပစ္စည်း၏ အမည်ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်ထံတော်၌မူ 'သက္ကဝါ' (ပြစ်မှုရှောင်ကြဉ်ခြင်း) သည်သာ ဂုဏ်သိက္ခာဖြစ်ပေသည်'ဟူ၏။

شُعُوْبًاوَّ قَبَآئِلَ

(လူမျိုးစုအသီးသီး၊ မျိုးနွယ်အသွယ်သွယ်တို့ကို ပြုလုပ်တော်မူခဲ့၏။) *[၄၉ : ၁၃]*

شعوب သည် **شعب** ၏ အများကိန်းဖြစ်သည်။ ပုဂ္ဂိုလ်တစ်ဦးမှ ဆင်းသက်ပေါက်ဖွားလာသော အလွန် ကြီးမား များပြားသည့် အုပ်စုကို **شعب** ဟု ခေါ်ဆိုသည်။ တစ်ဖန် ယင်းမှ အုပ်စုများ၊ မျိုးနွယ်များ ပေါ်ထွက်လာသည်။ တစ်ဖန် အမျိုးအနွယ်များ၌လည်း မြင့်သော မျိုးနွယ်နှင့် ထိုမျိုးနွယ်မှ ဖြာထွက်လာသော မျိုးနွယ်စုအသီးသီးတို့နှင့် စပ်လျဉ်း၍ အာရဗီဘာသာတွင် သီးခြားအမည်များ ရှိသည်။ ယင်းတို့အနက် အကြီးမားဆုံး မျိုးနွယ်အုပ်စုကို **شعب** ဟု ခေါ်ဆို၍ အနည်းဆုံး မျိုးနွယ်စုကို **عشيرة** ဟု ခေါ်ဆို၏။ အဘူရောင်ဝ်စါးက် (ရဟ) ၏ အဆိုမှာ **شعب** နှင့် **شعوب** သည် မျိုးနွယ်ကို ထိန်းသိမ်းခြင်းမရှိသော 'အဂျမီ' (အာရဗ်မဟုတ်သော အမျိုးအနွယ်) များကို ဆိုလိုခြင်း ဖြစ်သည်။ မျိုးနွယ်ကို ထိန်းသိမ်းလာခဲ့သော အာရဗ်မျိုးနွယ်များအတွက် **قبائل** ဟူ၍လည်းကောင်း၊ ဗနီအိစ်ရာအီးလ်မျိုးနွယ်စုတို့အတွက် **اسباط** ဟူ၍လည်းကောင်း သုံးနှုန်းသည်ဟူ၍ ဖြစ်သည်။

မျိုးနွယ်၊ ဒေသ၊ ဘာသာစကား ကွဲပြားခြားနားခြင်းသည် မှတ်မိ၊ သိရှိစေရန်အတွက် ကောင်းကျိုးကို ရည်ရွယ်သော အမြော်အမြင်တော်ဖြစ်ခြင်း

အလ္လာဟ်အသျှင်မြတ်သည် လူသားအားလုံးကို ဖခင်နှင့် မိခင် တစ်ဦးတည်းမှ ဖန်ဆင်း၍ အားလုံးကို ညီအစ်ကိုများအဖြစ် ပြုပေးတော်မူထားကြောင်း ကုရ်အာန်ကျမ်းတော်မြတ်၏ ဤအာယသ်တော်က အတိအလင်းပြဆိုထားသည်။ သို့သော် ထိုလူသားများကို မတူညီသော မျိုးနွယ်များ၊ အုပ်စုများအဖြစ် အလ္လာဟ်အသျှင်မြတ်ကပင် ပြုထားတော်မူသည်။ ထိုသို့ ပြုထားတော်မူခြင်းမှာ လူတို့အချင်းချင်း မှတ်မိ၊ သိရှိရာတွင် လွယ်ကူစေရန် ဖြစ်သည်။ ဥပမာ- အမည်တစ်ခုသည် လူနှစ်ဦး၌ ရှိနေပါလျှင် မျိုးနွယ်ကွဲပြားမှုအပေါ် ခွဲခြားနိုင်ပေမည်။ ထိုမျိုးနွယ်အားဖြင့် ဝေးသော ဆွေမျိုး၊ နီးသော ဆွေမျိုးဟူ၍လည်း သိရှိနိုင်ပေသည်။ ဆွေမျိုးနီးခြင်း၊ ဝေးခြင်းတို့၏ အတိုင်းအတာအရ ထိုဆွေမျိုးများအပေါ် တာဝန်ကျေရန်ဖြစ်သော ရှရီအသ်တရားတော်က ပြဋ္ဌာန်းထားသည့် အမိန့်ဥပဒေများကို တာဝန်ကျေနိုင်မည် ဖြစ်ပေသည်။ အမွေခွဲရာ၌ သိရှိရန် အရေးကြီး လိုအပ်သော ဆွေမျိုးတော်စပ်မှုများကိုလည်း သိရှိနိုင်ပေမည်။ အချုပ်ဆိုရသော် မျိုးနွယ်များ ကွဲပြားခြားနားရခြင်းမှာ မှတ်မိသိရှိစေရန်ဖြစ်ပြီး ဂုဏ်မောက်ရန်ကား မဟုတ်ပေ။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

قَالَتِ الْأَعْرَابُ آمَنَّا قُل لَّمْ تُؤْمِنُوا وَلَٰكِن قُولُوا أَسْلَمْنَا وَلَمَّا
يَدْخُلِ الْإِيمَانُ فِي قُلُوبِكُمْ وَإِن تُطِيعُوا اللَّهَ وَرَسُولَهُ لَا يَلِتْكُم
مِّنْ أَعْمَالِكُمْ شَيْئًا إِنَّ اللَّهَ غَفُورٌ رَّحِيمٌ ﴿١٤﴾

၄၉ : ၁၄ ။ ။ ကျေးတောသား အာရဗ်တို့က 'ကျွန်ုပ်တို့သည် အီမာန်သက်ဝင် ယုံကြည်ခဲ့ကြပါပြီ' ဟု ပြောဆိုကြကုန်၏။ (အို၊နဗီတမန်တော်) အသင်သည် (၎င်းတို့အား ဤသို့) ပြောကြားပါလေ။ (အချင်းတို့) 'အသင်တို့သည် အီမာန်သက်ဝင်ယုံကြည်ခြင်း မရှိကြသေးပေ။ သို့ရာတွင် ကျွန်ုပ်တို့သည် [အမြင်အားဖြင့် အမိန့်တော်ကို] နာခံကြပါပြီ' ဟူ၍သာ ပြောဆိုကြလေကုန်။ စင်စစ် အီမာန်သက်ဝင် ယုံကြည်မှုသည် အသင်တို့၏ စိတ်နှလုံးများတွင် [ယခုတိုင်အောင်] မဝင်သေးပေ။ သို့ရာတွင် အကယ်၍ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များကိုလည်းကောင်း၊ ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်၏ အမိန့်တော်များကိုလည်းကောင်း (အကယ်စင်စစ်) လိုက်နာကြပါလျှင် ထိုအသျှင်မြတ်သည် အသင်တို့၏ ကျင့်မူဆောင်ရွက်ချက်တို့မှ မည်သည့်တစ်စုံတစ်ရာမျှကိုပင် အသင်တို့၌ လျှော့နည်းစေတော်မူမည်မဟုတ်ပေ။ ဧကန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် လွန်စွာ ခွင့်လွှတ်တော်မူသော အသျှင်၊ လွန်စွာ ကရုဏာပြုတော်မူသော အသျှင်မြတ်ဖြစ်တော်မူ၏။

إِنَّمَا الْمُؤْمِنُونَ الَّذِينَ آمَنُوا بِاللَّهِ وَرَسُولِهِ ثُمَّ لَمْ يَرْتَابُوا وَجَاهَدُوا بِأَمْوَالِهِمْ وَ
أَنفُسِهِمْ فِي سَبِيلِ اللَّهِ ۚ أُولَٰئِكَ هُمُ الصَّادِقُونَ ﴿١٥﴾

၄၉ ： ၁၅ ။ ။ စင်စစ် အကြင်သူတို့သည်သာလျှင် (အီမာန်ယုံကြည်မှု ပြည့်ဝစုံလင်သော) မုအ်မင်န်သက်ဝင် ယုံကြည်သူများ ဖြစ်ကြကုန်၏။ ထိုသူတို့သည် အလ္လာဟ်အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်အား သက်ဝင်ယုံကြည်ခဲ့ကြပြီးနောက် ၎င်းတို့သည် သံသယဖြစ်ခဲ့ကြသည် မရှိချေ။ ၎င်းပြင် ထိုသူတို့သည် မိမိတို့၏ ပစ္စည်းဥစ္စာများဖြင့်လည်းကောင်း၊ မိမိတို့၏ အသက်ဇီဝိန်များဖြင့်လည်းကောင်း အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ သက်စွန့်ကြိုးပမ်း ဆောင်ရွက်ခဲ့ကြကုန်၏။ ထိုသူတို့သည်သာလျှင် သစ္စာဝါဒီများ ဖြစ်ကြကုန်၏။

قُلْ أَتُعَلِّمُونَ اللَّهَ بِدِينِكُمْ وَاللَّهُ يَعْلَمُ مَا فِي السَّمَاوَاتِ وَمَا فِي الْأَرْضِ ۚ وَاللَّهُ بِكُلِّ شَيْءٍ عَلِيمٌ ﴿١٦﴾

၄၉ ： ၁၆ ။ ။ [(အို၊ နဗီတမန်တော်) အသင်သည် (မိမိကိုယ်ကို မိမိတို့ မုအ်မင်န်ဖြစ်ကြောင်း ပြောဆိုကြသော ဤသူတို့အား] ပြောကြားပါလေ။ (အချင်းတို့) အသင်တို့သည် မိမိတို့ 'ဒီးန်' သာသနာကို အလ္လာဟ်အသျှင်မြတ်အား အသိပေးကြလေသလော။ စင်စစ်မှာမူ အလ္လာဟ်အသျှင်မြတ်သည် မိုးကောင်းကင်များနှင့် ပထဝီမြေ၌ ရှိရှိသမျှတို့ကို ကောင်းစွာ သိရှိတော်မူ၏။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိရှိတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။

يَمُنُّونَ عَلَيْكَ أَنْ أَسْلَمُوا ۖ قُل لَّا تَمُنُّوا عَلَيَّ إِسْلَامَكُم ۖ بَلِ اللَّهُ
يَمُنُّ عَلَيْكُمْ أَنْ هَدَاكُمْ لِلْإِيمَانِ إِن كُنتُمْ صَادِقِينَ ﴿١٧﴾

၄၉ ： ၁၇ ။ ။ (အို၊ နဗီတမန်တော်) ၎င်းတို့သည် (အမိန့်ကို) နာခံခဲ့ကြကြောင်း အသင့်ရှေ့ဝယ် ဂုဏ်ဖော်၍ နေကြကုန်၏။ အသင်သည် (၎င်းတို့အား ဤသို့) ပြောကြားပါလေ။ (အချင်းတို့) 'အသင်တို့သည် ငါ၏ ရှေ့ဝယ် မိမိတို့၏ အမိန့်နာခံမှု [အစ္စလာမ်လက်ခံကြောင်း] ကို ဂုဏ်ဖော်ခြင်း မပြုကြကုန်လင့်။ စင်စစ် အကယ်၍ အသင်တို့သည် မှန်ကန်စွာ ပြောဆိုသူ သစ္စာဝါဒီများဖြစ်ကြပါလျှင် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အား အီမာန်သက်ဝင် ယုံကြည်နိုင်ရန် တရားလမ်းကို ပြသ တော်မူခဲ့သောကြောင့် ထိုအသျှင်မြတ်သည်သာလျှင် အသင်တို့အပေါ်၌ ကျေးဇူးပြုထားတော်မူခြင်းပင် ဖြစ်ပေသည်။

إِنَّ اللَّهَ يَعْلَمُ غَيْبَ السَّمَاوَاتِ وَالْأَرْضِ ۚ وَاللَّهُ بَصِيرٌ بِمَا تَعْمَلُونَ ﴿١٨﴾

၄၉ ： ၁၈ ။ ။ ဧကန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် မိုးကောင်းကင်များနှင့် ပထဝီမြေ၌ ရှိကြကုန်သော လျှို့ဝှက်ချက် (အလုံးစုံ) တို့ကို ကောင်းစွာ သိရှိတော်မူ၏။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့ ကျင့်မူဆောင်ရွက်လျက် ရှိကြသည်တို့ကို ကောင်းစွာ မြင်တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ဤ (အချို့သော) အာရပ်ကျေးတောသားများက (ဗနီအဆဒ် စသော မျိုးနွယ်မှ လူတို့သည် ကိုယ်တော်မြတ် ﷺ ထံတော်လာ၍ အီမာန်သက်ဝင် ယုံကြည်ကြောင်း ကြွေးကြော်ကြလေသည်။ ယင်းကြွေးကြော်မှုတွင် များစွာသော ပြစ်မှုကျူးလွန်မှုများ ရှိသည်။ ယင်းတို့အနက် တစ်မှုမှာ နှလုံးသားမှ ထောက်ခံမှုမပြုဘဲလျက် နှုတ်လျှာအားဖြင့်သာ မုသားစကား ဆိုတတ်ကြခြင်းဖြစ်သည်။) ကျွန်ုပ်တို့သည် အီမာန်သက်ဝင် ယုံကြည်ခဲ့ကြပါပြီ (ဟု ပြောဆိုခဲ့ကြကုန်သည်။ အို၊ နဗီတမန်တော်) အသင်တို့သည် အီမာန်သက်ဝင် ယုံကြည်ခဲ့ကြခြင်း မရှိသေးပေဟု အသင် ပြောကြားပါလေ။ (အဘယ်ကြောင့်ဆိုသော် အီမာန်သက်ဝင်ယုံကြည်ခြင်း ဟူသည်မှာ နှလုံးသား၏ ထောက်ခံယုံကြည်မှုအရ ဖြစ်သောကြောင့်ပင် ဖြစ်သည်။ ယခုမူ ဤမည်သော ထောက်ခံယုံကြည်မှုမှာ မရှိပေ။) သို့ရာတွင် ကျွန်ုပ်တို့သည် (ဆန့်ကျင်ရန် လိုခြင်းကို စွန့်လွှတ်၍) နာခံသူများ ဖြစ်သွားကြပါပြီဟုသာ ပြောဆိုကြလေကုန်။ (အမိန့်နာခံသူ ဆိုသည်မှာ ဆန့်ကျင်ခြားနားမှုကို စွန့်လွှတ်ခြင်းဟု ဖြစ်သည်။ အပေါ်ယံ လက်ခံမှုဖြင့်လည်း ဖြစ်နိုင်သောကြောင့် ဖြစ်ပေသည်။) ထို့ပြင် (ကျန်ရှိသည်မှာ) ယခုတိုင် အသင်တို့၏ စိတ်နှလုံးသားများတွင် အီမာန်ယုံကြည်မှု ဝင်ရောက်ခြင်းမရှိသေးပေ။ (ထို့ကြောင့် အီမာန်သက်ဝင်ယုံကြည်ခဲ့ကြပါပြီဟူ၍ မကြွေးကြော်လေနှင့်။) ထို့ပြင် (အသင်တို့သည် ယခုတိုင် အီမာန်သက်ဝင်ယုံကြည်ခြင်း မရှိကြသေးသော်လည်း ယခုအခါ) အကယ်၍ အသင်တို့သည် အလ္လာဟ်နှင့် ရစူလ်တို့၏ အမိန့်တော် (အားလုံး) ကို လိုက်နာခဲ့ကြပါလျှင် (ဤအမိန့်တော်များတွင် အီမာန်သက်ဝင်ယုံကြည်လေကုန်' ဟူသော အမိန့်တော်လည်း ပါဝင်သည်။) အလ္လာဟ်အသျှင်မြတ်သည် အသင်တို့၏ ကျင့်စဉ်များအနက် (အီမာန်သက်ဝင် ယုံကြည်ပြီး နောက်ပိုင်းတွင် ပြုကျင့်မည့် ကျင့်စဉ်များကို ယခင်ကာလ၏ 'ကုဖ်ရ်'နှင့် မကောင်းမှုများကြောင့် ၎င်းအမှုတို့ကို လွန်ခဲ့သော အတိတ်ကာလက ကျူးလွန်ခဲ့ ခြင်းဖြစ်သည်။) မည်သည့်တစ်စုံတစ်ရာကိုမျှပင် လျော့နည်းစေတော်မူမည် မဟုတ်ပေ။ (ထိုမျှသာမက ကျင့်စဉ်အားလုံး၏ အပြည့်အဝ ကုသိုလ်အကျိုးများကို ပေးသနားတော်မူပေမည်။ အဘယ်ကြောင့်ဆိုသော်) စေန်အမှန် အလ္လာဟ်အသျှင်မြတ်သည် လွန်စွာ ခွင့်လွှတ်တော်မူသော အသျှင်၊ လွန်စွာ သနားကရုဏာ ထားတော်မူသော အသျှင် ဖြစ်တော်မူပေသည်။

(ပြည့်စုံသော မုအ်မင်န်သည် မည်သူဖြစ်သည်ကို ကြည့်ရှုကြကုန်။ အကယ်၍ အသင်တို့သည် မုအ်မင်န်များ ဖြစ်လိုကြပါက) ပြည့်စုံသော မုအ်မင်န်ဆိုသည်မှာ အလ္လာဟ်အသျှင်မြတ်အပေါ်၌လည်းကောင်း၊ ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်အပေါ်၌လည်းကောင်း၊ အီမာန်သက်ဝင် ယုံကြည်ပြီး တစ်ဖန် (အီမာန်အပေါ်၌ ကြံ့ခိုင်တည်တံ့စွာ ရပ်တည်ပြီး သက်တမ်းတစ်လျှောက်လုံးတွင် မည်သည့်အခါ၌မျှ) သံသယ မဖြစ်ခဲ့ကြပေ။ ထို့ပြင် ၎င်းတို့သည် မိမိတို့၏ ပစ္စည်းဥစ္စာများဖြင့်လည်းကောင်း၊ အသက်ဇီဝိန်များဖြင့်လည်းကောင်း အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ (သာသနာတော်အတွက်) သက်စွန့် ကြိုးပမ်းခဲ့ကြသည်။ (ဤနေရာတွင် 'ဂျိဟားဒ်'စသည်များ ပါဝင်လာသည်။ သို့ဖြစ်ပေရာ) ဤသူများသာလျှင် သစ္စာဝါဒီများ ဖြစ်ကြပေသည်။

(ဆိုလိုသည်မှာ ပြည့်စုံသော မှန်ကန်သူများ ဖြစ်ကြသည်ဟူ၍။ အကယ်၍ ထောက်ခံခြင်းမျှသာ ရှိသည် ဆိုလျှင်ပင် ဤသည်လည်း မှန်ကန်မှုရှိခြင်း မည်၏။ အသင်တို့၏ အီမာန်နှင့်ကား ဆန့်ကျင်သည်။ အဘယ်ကြောင့်ဆိုသော် အီမာန်၏ အနိမ့်ဆုံးအဆင့်သည် ထောက်ခံခြင်းဖြစ်သည်။ အသင်တို့သည် ဤသို့သော အီမာန်အထိပင် မရောက်ရှိခဲ့ပေ။ ထို့ပြင် အီမာန်ပြည့်စုံသည်ဟူ၍ ကြွေးကြော်နေကြသည်။ ၎င်းတို့ ပြုကျင့်ခဲ့သော ဆိုးရွားသည့် လုပ်ရပ်တစ်ခုမှာမူ မုသားစကား ပြောဆိုခဲ့ခြင်း ဖြစ်သည်။ ဤသည်ကို အလ္လာဟ် အသျှင်မြတ်က

وَمِنَ النَّاسِ مَنْ يَّقُوْلُ اٰمَنَّا بِاللّٰهِ وَبِالْيَوْمِ الْاٰخِرِ وَمَا هُمْ بِمُؤْمِنِيْنَ

(လူသားများအနက် အချို့သော သူတို့သည် (လိုလားနှစ်သက်သော နည်းပရိယာယ်ဖြင့်) ကျွန်ုပ်တို့သည် အလ္လာဟ်အသျှင်မြတ်ကိုလည်းကောင်း၊ (ရှင်ပြန်ထရမည့် ‘ကေယာမသ်’) နောက်ဆုံးနေ့ကိုလည်းကောင်း ယုံကြည်ကြပါ၏’ဟု ပြောဆိုကြသည်။ အမှန်စင်စစ် ထိုသူတို့သည် ယုံကြည်ကြသော သူများ မဟုတ်ပေ။) [၂ : ၈]

၌ မိန့်ကြားတင်ပြထားသည်။ ဒုတိယ ဆိုးရွားသိမ်ဖျင်းသော လုပ်ရပ်မှာ လိမ်လည်လှည့်ဖြားခဲ့ခြင်း ဖြစ်ပြီး ၎င်းကို အလ္လာဟ်အသျှင်မြတ်က-

يُخَادِعُوْنَ اللّٰهَ وَالَّذِيْنَ اٰمَنُوْا

(ထို (မုနာဖစ်ကအယောင်ဆောင်သော) သူများသည် အလ္လာဟ်အသျှင်မြတ်ကိုလည်းကောင်း၊ (ကြည်ဖြူစွာ ယုံကြည်ခြင်းတရား ထားရှိသော) မုအ်မင်န်များကိုလည်းကောင်း လိမ်လည်လှည့်ဖြားရန် ကြိုးစားအားထုတ်ကြ၏။) [၂ : ၉]

၌ တင်ပြထားသည်။ သို့ဖြစ်ပေရာ အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား) ပြောကြားပါလေ။ (အို၊ အချင်းတို့) အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အား မိမိတို့၏ သာသနာ (လက်ခံခြင်းအကြောင်း) ကို အသိပေးနေကြခြင်း ဖြစ်ပါသလား။ (ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်သည်ကား အသင်တို့၏ အီမာန်လက်ခံသည်’ ဟု ကြွေးကြော်မှု ရှိထားပါလျက် အသင်တို့ အီမာန် လက်မခံခြင်းကိုပင် သိတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ ထိုသို့ သိတော်မူသော အသျှင်မြတ်၏ အသိတော်ကို ဆန့်ကျင်၍ အသင်တို့ အီမာန် လက်ခံယုံကြည်သည်ဟု အသိပေးနေကြခြင်း ဖြစ်ပါသလား။) အမှန်စင်စစ် (ဤသို့ အလျှဉ်း မဖြစ်နိုင်ပေ။ အဘယ်ကြောင့်ဆိုသော်) အလ္လာဟ်အသျှင်မြတ်သည် မိုးကောင်းကင်များ၌ ရှိသည်တို့ကိုလည်းကောင်း၊ မြေပထဝီ၌ ရှိသည်တို့ကိုလည်းကောင်း အရာအားလုံးကို (ကောင်းစွာ) သိရှိတော်မူသည်။ ထို့ပြင် (မိုးကောင်းကင်များနှင့် မြေပထဝီတို့အပြင်) အလ္လာဟ်အသျှင်မြတ်သည် (ထပ်မံ၍လည်း) အရာအားလုံးကို သိတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

(သို့ဖြစ်ပေရာ ထိုအသျှင်မြတ်အား မည်သူက မည်သည့်အရာများနှင့် ပတ်သက်၍ အသိပေးပါဦးမည်နည်း။ အလ္လာဟ်အသျှင်မြတ်သည် အသင်တို့ အီမာန်သက်ဝင်ခြင်း မရှိသည်ကို သိတော်မူပေသည်။

ဤသည်မှာ အမှန်ဖြစ်သည်။ တတိယ ဆိုးရွားသိမ်ဖျင်းသော လုပ်ရပ်မှာ) ဤသူတို့သည် အစ္စလာမ်ကို လက်ခံခဲ့သည့်အပေါ် အသင့်အပေါ်၌ ဂုဏ်ဖော်နေကြသည်။ (ဤသည်မှာ အလွန် အကျည်းတန်သော စော်ကားမှုပင် ဖြစ်သည်။ 'အဘယ်ကြောင့်ဆိုသော် ၎င်းတို့က ကျွန်ုပ်တို့သည်ကား စစ်မက်တိုက်ခိုက်ခြင်း မပြုဘဲ မွတ်စ္စလင်မ်ဖြစ်သွားပေပြီ။ အခြားသောသူတို့မှာမူ အလွန်ဒုက္ခသုခများစွာ ခံစားပြီးမှ မွတ်စ္စလင်မ် ဖြစ်ခဲ့ကြရသည်' ဟု ပြောဆိုခဲ့၍ ဖြစ်သည်။ သို့ဖြစ်ပေရာ) အသင်သည် ပြောကြားပါလေ။ (အို, အချင်းတို့) အသင်တို့သည် မိမိတို့၏ အစ္စလာမ်သက်ဝင်လက်ခံကြောင်းကို ကျွန်ုပ်အပေါ်၌ ဂုဏ်ဖော်ခြင်း မပြုကြလေနှင့်။ (အကြောင်းမှာ အသင်တို့၏ စော်ကားမှုကို ဥပေက္ခာပြုသည့်တိုင် အသင်တို့၏ အစ္စလာမ်သာသနာ လက်ခံခြင်းဖြင့် ကျွန်ုပ်၌ မည်သည့်အကျိုး ရှိပါသနည်း။)

ထို့ပြင် (အစ္စလာမ်လက်မခံသည့်အတွက် ကျွန်ုပ်၌ မည်သည့်ဆုံးရှုံးမှုဖြစ်ပါမည်နည်း။ အကယ်၍ အသင်တို့သည် မှန်ကန်သူများဖြစ်ကြပါလျှင် လောကုတ္တရာအကျိုးများသည် အသင်တို့အဖို့သာ ဖြစ်ပေမည်။ အကယ်၍ မုသားပြောဆို လိမ်လည်ကြခြင်းဖြစ်လျှင် အသင်တို့အတွက် လောကီရေးအကျိုး ရှိချေမည်။ အဘယ်ကြောင့်ဆိုသော် သတ်ဖြတ်ခံရခြင်းနှင့် ဖမ်းဆီးခံရခြင်းတို့မှ လွတ်ကင်းသွားပေမည်။ သို့ဖြစ်ပေရာ ကျွန်ုပ်အပေါ်၌ ဂုဏ်ဖော်နေခြင်းမှာမူ အသိတရား ခေါင်းပါးသော လုပ်ရပ်သာ ဖြစ်ပေသည်။) စင်စစ်မှာ အသင်တို့သည် (အီမာန်သက်ဝင် ယုံကြည်သည်ဟူသော ကြွေးကြော်မှု၌) မှန်ကန်သူများ ဖြစ်ကြပါလျှင် အလ္လာဟ်အသျှင်မြတ်သည်ပင် အသင်တို့အပေါ်၌ ကျေးဇူးပြုတော်မူခဲ့ပေသည်။ အဘယ်ကြောင့်ဆိုသော် ထိုအသျှင်မြတ်သည်ပင် အသင်တို့အား အီမာန်သက်ဝင် ယုံကြည်နိုင်ရန် တရားလမ်းမှန်ကို ပြသပေးတော်မူခဲ့သောကြောင့် ဖြစ်သည်။

(အဘယ်ကြောင့်ဆိုသော် အီမာန်သက်ဝင်ခြင်းသည် အလွန်ကြီးမားသော ကျေးဇူးတော် ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်၏ လမ်းညွှန်ပြသမှုနှင့် စွမ်းအားပေးမှုတို့မပါဘဲ မရရှိနိုင်ပေ။ အလ္လာဟ်အသျှင်မြတ်က ချီးမြှင့် ပေးသနားတော်မူခြင်းဖြင့်သာ ရရှိပေသည်။ သို့ဖြစ်ပေရာ လိမ်လည် လှည့်ဖြားခြင်းနှင့် ဂုဏ်ဖော်ခြင်းတို့မှ ရှောင်ကြဉ်ကြလေကုန်။ ထို့ပြင် သိမှတ်ထားရမည်မှာ) ဧကန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် မိုးကောင်းကင်များနှင့် မြေပထဝီ၌ ရှိရှိသမျှသော လျှို့ဝှက်ချက်တို့ကို ကောင်းစွာ သိတော်မူ၏။ ထို့ပြင် (ထိုလွှမ်းခြုံသော အသိရွှေဉာဏ်တော်ဖြင့်) အသင်တို့၏ ကျင့်မူဆောင်ရွက်ချက်များကိုလည်း ကောင်းစွာ မြင်တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူသည်။ (ထိုအရာများနှင့် လျော်ညီစွာ အသင်တို့အား အကျိုးအစား ပေးတော်မူမည်ဖြစ်ရာ ထိုအသျှင်မြတ်၏ ရှေ့တော်မှောက်တွင် စကားများကို လီဆည်ဖန်တီးခြင်းဖြင့် မည်သည့်အကျိုးထူး ရရှိပါမည်နည်း။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ရှေ့မှ လွန်ခဲ့သော အာယသ်တော်များတွင် အလ္လာဟ်အသျှင်မြတ်ထံတော်၌ ဂုဏ်သိက္ခာထူးမြတ်ခြင်း၏ အဓိကကျသော အရာသည် 'သက္ကဝါ' တည်းဟူသော ပြစ်မှုများမှ ရှောင်ကြဉ်ခြင်းအပေါ်၌ ဖြစ်

ကြောင်း တင်ပြထားသည်။ ဤသည် နာမ်ပိုင်းဆိုင်ရာ အတွင်းပိုင်းအရာတစ်ခု ဖြစ်သည်။ ဤသည်ကို အလ္လာဟ်အသျှင်မြတ်သာ သိတော်မူသည်။ မိမိ၏ စင်ကြယ်သန့်ရှင်း အပြစ်ကင်းကြောင်းကို ပြောဆိုရန် မည်သူ့အဖို့မျှ မပိုင်။ ဖော်ပြပါအာယသ်တော်များတွင် ဖြစ်ရပ်တစ်ခုအပေါ် အကြောင်းခံ၍ အီမာန်သည် နှလုံးသား၏ ထောက်ခံမှုဖြင့်သာ ဖြစ်ကြောင်း ဤထောက်ခံ ယုံကြည်မှုမပါဘဲ နှုတ်လျှာဖြင့်သာ မိမိကိုယ်မိမိ မုအ်မင်န်ဟု ကြွေးကြော်ခြင်း မမှန်ကန်နိုင်ကြောင်းကို တင်ပြထားသည်။ ဤစူရာဟ်၏ စ၊ လယ်၊ ဆုံး၌ ဦးစွာပထမ နဗီကိုယ်တော်မြတ် ﷺ နှင့် ပတ်သက်၍ လေးစားကြည်ညိုမှု ထားရှိရမည့် တာဝန်ဝတ္တရားများ၊ တစ်ဖန် လူသားများအချင်းချင်း တစ်ဦးနှင့်တစ်ဦး ထားရှိရမည့် တာဝန်ဝတ္တရားများနှင့် လူမှုဆက်ဆံရေးဆိုင်ရာ စည်းကမ်းများအကြောင်း လာရှိထားသည်။ စူရာဟ်၏ အဆုံးပိုင်း အပိတ်၌ 'အာခေရသ်တမလွန်တွင် 'အအ်မာလ်' ကျင့်စဉ်များအားလုံး လက်ခံခြင်းခံရရန်မှာ အီမာန်သက်ဝင်ယုံကြည်ခြင်း၊ နှလုံးသားမှ ထောက်ခံယုံကြည်ခြင်းနှင့် အလ္လာဟ်နှင့် ရစူလ်တို့၏ အမိန့်တော်များကို နာခံခြင်းတို့ အပေါ်၌ မူတည်ကြောင်း' တင်ပြထားသည်။

ဤအာယသ်တော် ကျရောက်ရခြင်း၏ အကြောင်းခံဖြစ်ရပ်

ဤအာသ်တော် ကျရောက်လာရသည့် အကြောင်းခံဖြစ်ရပ်သည် အေမာမ်ဗဂဝီ (ရဟ) ၏ ဆင့်ပြန်ချက်အရ မိုးခေါင်ရေရှား၍ ကပ်ဆိုက်သည့်ကာလတွင် ဗနီအဆဒ်မျိုးနွယ်မှ လူအချို့သည် မဒီနာ၌ ကိုယ်တော်မြတ် ﷺ ၏ ထံတော်ပါးတွင် အခစားဝင်ခဲ့ကြသည်။ ဤသူတို့သည် စိတ်၌မူ အီမာန်သက်ဝင်ယုံကြည်ခြင်းကား မရှိကြပေ။ 'ဆွဒ်ကာဟ်' များ ရယူရန်အတွက်သာ မိမိတို့ အစ္စလာမ်သာသနာကို လက်ခံကြောင်း ထုတ်ဖော်ခဲ့ကြခြင်း ဖြစ်သည်။ အမှန်စင်စစ် ၎င်းတို့သည် မုအ်မင်န်သက်ဝင် ယုံကြည်သူများ မဟုတ်ကြပေ။ အစ္စလာမ်၏ အမိန့်ပညတ်ချက်များနှင့် စည်းကမ်းချက်များကို နားမလည်ကြပေ။ ၎င်းတို့သည် မဒီနာမြို့၏ လမ်းများအပေါ်တွင် အညစ်အကြေးများကို ဖြန့်ကျဲ စွန့်ပစ်ကြသည်။ ဈေးများတွင် နေ့စဉ်သုံး လိုအပ်သော ပစ္စည်းများ၏ တန်ဖိုးကို မြှင့်တင်ရောင်းချကြသည်။ ၎င်းတို့သည် ကိုယ်တော်မြတ် ﷺ ၏ ရှေ့တော်မှောက်တွင်

- (၁) 'အီမာန်သက်ဝင်ယုံကြည်ခဲ့ပြီ' ဟု မုသားစကားဆိုခြင်း၊
- (၂) ကိုယ်တော်မြတ် ﷺ အား လှည့်စားလိုကြခြင်း၊
- (၃) ကိုယ်တော်မြတ် ﷺ အပေါ် ဂုဏ်ဖော်ခြင်းတို့ ပြုလုပ်ကြသည်။

အဘယ်ကြောင့်ဆိုသော် အခြားသူတို့မှာမူ ကာလတစ်ခုတိုင် ကိုယ်တော်မြတ် ﷺ နှင့် ရန်သူများ ဖြစ်ခဲ့ကြသည်။ ကိုယ်တော့်အား ဆန့်ကျင်၍ စစ်ပွဲများ ဆင်နွှဲခဲ့ကြသည်။ နောင်အခါတွင်မှ မွတ်စ္စလင်မ်များ ဖြစ်ခဲ့ကြသည်။ ကျွန်တော်မျိုးတို့မှာမူ တစ်ကြိမ်တစ်ခါမျှပင် စစ်မက်တိုက်ခိုက်ခြင်းမျှ မပြုဘဲ မိမိတို့ဘာသာ ကိုယ်တော်မြတ် ﷺ ၏ ထံတော်ပါးသို့ ရောက်ရှိ၍ မွတ်စ္စလင်မ်များ ဖြစ်လာခဲ့ကြပါသည်။ ထို့ကြောင့်

ကျွန်ုပ်တို့အား တန်ဖိုးထားသင့်သည်' ဟူ၏။ ဤသည်မှာ နဗီတမန်တော်မြတ်၏ ဂုဏ်ရည်တော်အပေါ် မလေးမစား ပြုလုပ်ခြင်းတစ်နည်းပင် ဖြစ်ပေသည်။ မိမိတို့ဘာသာ မွတ်စ္စလင်မ်ဖြစ်သည်ကို ကိုယ်တော်မြတ် ﷺ အပေါ် ဂုဏ်ဖော်လိုကြခြင်းဖြစ်သည်။ ၎င်းတို့၏ ရည်ရွယ်ချက်မှာ မွတ်စ္စလင်မ်တို့၏ 'ဆွဒ်ကာဟ်' များဖြင့် မိမိတို့၏ ဆင်းရဲချို့တဲ့မှုကို ဖြေရှင်းရန်' ဟူ၍မှတစ်ပါး အခြားမရှိပြီ။ အကယ်၍သာ ၎င်းတို့သည် အမှန်တကယ် စစ်မှန်သော မွတ်စ္စလင်မ်များ ဖြစ်သွားကြပါလျှင် တမန်တော်မြတ် ﷺ အပေါ်၌ အဘယ်ကြောင့် ဂုဏ်ဖော်နေကြပါမည်နည်း။ မိမိတို့ဘာသာ အကျိုးအတွက်သာ လက်ခံခဲ့ခြင်းဖြစ်ပေသည်။ ဤဖြစ်ရပ်အပေါ် ဖော်ပြပါအာယသ်တော်များ ကျရောက်လာခဲ့သည်။ ဤအာယသ်တော်များတွင် ၎င်းတို့၏ ကြွေးကြော်မှုမှာ လိမ်လည်ခြင်းသာဖြစ်ကြောင်းနှင့် ဂုဏ်ဖော်ခြင်းတို့အပေါ် ရှုတ်ချခြင်းများ ပြုထားသည်။

وَلٰكِنۡ قُوۡلُوۡۤا اَسۡلَمۡنَا

(သို့ရာတွင် ကျွန်ုပ်တို့သည် (အမြင်အားဖြင့် အမိန်တော်ကို) နာခံကြပါပြီဟူ၍သာ ပြောဆိုကြလေကုန်။) *[၄၉ : ၁၄]*

၎င်းတို့၏ စိတ်နှလုံးသားများတွင် အီမာန်သက်ဝင်ယုံကြည်ခြင်းကား အလျှဉ်းမရှိပေ။ အပေါ်ယံလုပ်ရပ်အားဖြင့်သာ လိမ်လည်၍ ကြွေးကြော်နေခြင်း ဖြစ်သည်။ ထို့ကြောင့် ကုရ်အာန်ကျမ်းတော်မြတ်သည် ၎င်းတို့၏ အီမာန်သက်ဝင်ယုံကြည်မှု မရှိကြောင်းနှင့် ၎င်းတို့၏ မိမိတို့၌ အီမာန်ရှိကြောင်း ကြွေးကြော်ခြင်းသည် မမှန်ကန်ကြောင်းကို တင်ပြလျက် အသင်တို့၏ اٰمَنَّا 'ကျွန်ုပ်တို့ သက်ဝင်ယုံကြည်ခဲ့ကြပါသည်' ဟု ပြောဆိုခြင်းသည် လိမ်လည်မှုသာပင်ဖြစ်ကြောင်း၊ အသင်တို့အဖို့ အလွန်ဆုံး اَسۡلَمۡنَا (ကျွန်ုပ်တို့နာခံကြပါပြီ) ဟုသာ ပြောဆိုနိုင်ကြောင်း တင်ပြမိန့်ကြားလိုက်သည်။ အဘယ်ကြောင့်ဆိုသော် اِسلام ဟူသော စာလုံး၏ အဓိပ္ပာယ်မှာ 'အပေါ်ယံလုပ်ရပ်များအရ အမိန့်နာခံခြင်း' ဟု ဖြစ်သည်။ ၎င်းတို့သည် 'မိမိတို့၌ အီမာန်ရှိကြောင်း မိမိတို့ ကြွေးကြော်မှုကို မှန်ကန်စေရန်နှင့် လက်ခံစေရန်အတွက် မွတ်စ္စလင်မ်များအတိုင်းပင် အချို့လုပ်ရပ်များကို ပြသ ပြုလုပ်ကြလေသည်။ ထို့ကြောင့် အပေါ်ယံသဘောအရမူ နာခံမှုအဆင့်တစ်ဆင့် ဖြစ်သွားပေသည်။ ထို့အတွက်ကြောင့် အဘိဓါန်လာ အဓိပ္ပာယ်အရမူ اَسۡلَمۡنَا ဟု ပြောဆိုခြင်းသည်လည်း မှန်ကန်နိုင်၍ ဖြစ်သည်။

အစ္စလာမ်နှင့် အီမာန်၏ အလိုသဘောသည် တစ်မျိုးတည်း ဖြစ်ပါသလော (သို့) တစ်စုံတစ်ရာခြားနားမှု ရှိပါသလော၊

အထက်၌ တင်ပြခဲ့သော တင်ပြချက်များအရ ဤအာယသ်တော်တွင် اسلام အစ္စလာမ်၏ အလိုသဘောမှာ အဘိဓါန်လာ အဓိပ္ပာယ်ကိုသာ ဆိုလိုခြင်းဖြစ်ပြီး ဝေါဟာရအဓိပ္ပာယ်ကို ဆိုလိုခြင်းမဟုတ်ကြောင်း သိရှိခဲ့ပေပြီ။ ထို့ကြောင့် ဤ အာယသ်တော်အားဖြင့် အစ္စလာမ်နှင့် အီမာန်သည် ဝေါဟာရ အလိုသဘောအရ ကွာခြားမှု ရှိသည်ဟူသည့်အပေါ် မည်သည့်အကိုးအကားမျှ မပြုနိုင်ပေ။ ဝေါဟာရသုံး ایمان၊ အီမာန်နှင့်

ဝေါဟာရသုံး إسلام အစ္စလာမ်သည် စင်စစ် အလိုသဘောအရနှင့် အဓိပ္ပာယ်အရ သီးခြားဖြစ်ကြသည်။ إيمان အီမာန်ဟူသည် ရှရီအသ်တရားတော်၏ ဝေါဟာရတွင် နှလုံးသားဖြင့် ထောက်ခံခြင်းကို ခေါ်ဆိုသည်။ ဆိုလိုသည်မှာ မိမိ၏ စိတ်နှလုံးသားဖြင့် အလ္လာဟ်အသျှင်မြတ် တစ်ပါးတည်းသာ ကိုးကွယ်ရာအသျှင်ဖြစ်တော်မူကြောင်းနှင့် ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်၏ ရစူလ်ဖြစ်ခြင်းကို မှန်ကန်သည်ဟု လက်ခံယုံကြည်ခြင်းဖြစ်သည်။

အစ္စလာမ်ဟူသည်မှာ အပေါ်ယံလုပ်ရပ်များအရ အလ္လာဟ်အသျှင်မြတ်နှင့် ၎င်း၏ ရစူလ်တမန်တော်တို့၏ အမိန့်နာခံမှုပြုခြင်းကို ခေါ်ဆိုသည်။ သို့ရာတွင် ရှရီအသ်တရားတော်တွင် နှလုံးသား၏ ထောက်ခံမှု၏ သက်ရောက်မှုသည် ခန္ဓာကိုယ်အစိတ်အပိုင်းများ၏ ကျင့်မှုဆောင်ရွက်ခြင်းများအထိ မရောက်မချင်း လက်ခံသမှုပြုခြင်း မခံရပေ။ အနိမ့်ဆုံးအဆင့်မှာ နှုတ်ဖြင့် အစ္စလာမ့် 'ကလေမဟ်'တော်ကို ဖွင့်ဟရွတ်ဆိုရမည်။ ထိုနည်းတူစွာ အစ္စလာမ်သည် စင်စစ် ပေါ်လွင်သော ကျင့်မှုဆောက်တည်မှုများအပေါ် မူတည်ပြီး ခေါ်ဆို၏။ သို့သော် ရှရီအသ်တရားတော်အရ နှလုံးသားမှ ထောက်ခံယုံကြည်မှုမရမချင်း အတည်မဖြစ်သေးပေ။ ထိုသို့ ထောက်ခံယုံကြည်မှု မရရှိဟုဆိုပါက ဤသည် 'နိဖားက်'အယောင်ဆောင်မှုသာ ဖြစ်ပေသည်။ إسلام အစ္စလာမ်နှင့် إيمان အီမာန်သည် နိဒါန်းနှင့် နိဂုံးအရမူ သီးခြားစီဖြစ်ကြသည်။ အီမာန်သည် အတွင်းပိုင်းနှင့် နှလုံးသားမှအစပြု၍ ပေါ်လွင်သော ကျင့်စဉ်များသို့ ရောက်ရှိခဲ့ရ၏။

အစ္စလာမ်သည် အပေါ်ယံ လုပ်ရပ်ကျင့်စဉ်များမှ အစပြု၍ အတွင်းပိုင်း၏ ထောက်ခံမှုဆီသို့ ရောက်ရှိသွားရ၏။ သို့သော်လည်း မှန်ကန်သော အလိုသဘောအရမှာမူ ထိုနှစ်မျိုးစလုံး၌ အပြန်အလှန် လိုအပ်ချက်များ ရှိနေသည်။ အကြောင်းမှာ 'အီမာန်သည် အစ္စလာမ်မပါရှိဘဲ အတည်မဖြစ်၊ ထို့အတူ အစ္စလာမ်သည် အီမာန်မပါရှိဘဲ ရှရီအသ်တရားတော်အရ အတည်မဖြစ်' ၍ ဖြစ်ပေသည်။

ရှရီအသ်တရားတော်တွင် လူတစ်ဦးသည် မွတ်စ္စလင်မ်ဖြစ်ပြီး မုအ်မင်န်မဖြစ်ဟူ၍ မရှိနိုင်ပေ။ သို့မဟုတ် မုအ်မင်န်ဖြစ်ပြီး မွတ်စ္စလင်မ်မဖြစ်ဟူ၍လည်း မရှိနိုင်ပါ။ သို့ရာတွင် ဤအဆိုသည် အီမာန်နှင့် အစ္စလာမ်တို့၏ ဝေါဟာရဆိုင်ရာ အသုံးအနှုန်းအရသာ ဖြစ်သည်။ အဘိဓါန်အဓိပ္ပာယ်အရ ဆိုလျှင်မူ လူတစ်ဦးသည် မွတ်စ္စလင်မ်ဖြစ်ပြီး မုအ်မင်န်မဖြစ်ဟူ၍လည်း ရှိနိုင်သည်။ မုနာဖစ်က်အားလုံးတို့၏ အခြေအနေမှာ ဤအတိုင်းပင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အမိန့်တော်များကို နာခံခြင်းကြောင့် အပြင်ပိုင်းအရ မွတ်စ္စလင်မ်ဟု ခေါ်ဆိုနိုင်သော်လည်း နှလုံးသားတွင် အီမာန်မရှိသည့်အတွက် မုအ်မင်န်မဖြစ်နိုင်ပေ။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

စူရာဟ်ကာဖ်

ကာဖ်ကဏ္ဍ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

قٓ ۚ وَالْقُرْاٰنِ الْمَجِيْدِ ①

၅၀ : ၁ ။ ။ ကာဖ်····။ (ငါအသျှင်မြတ်သည်) အထူးဂုဏ်ဝိသေသနှင့် ပြည့်စုံသော 'ကုရ်အာန်' ကျမ်းတော်မြတ်ကို သက်သေထူတော်မူ၏။

بَلْ عَجِبُوْٓا اَنْ جَآءَهُمْ مُّنْذِرٌ مِّنْهُمْ فَقَالَ الْكٰفِرُوْنَ هٰذَا شَيْءٌ عَجِيْبٌ ②

၅၀ : ၂ ။ ။ စင်စစ် ၄င်းတို့သည် မိမိတို့ထံ မိမိတို့အနက်မှပင် သတိပေးနှိုးဆော်သူတစ်ဦး ရောက်ရှိလာခဲ့သည် ကိုပင် အံ့ဩလျက် ရှိနေကြကုန်၏။ သို့ဖြစ်ပေရာ ကာဖိရ်သွေဖည်ငြင်းပယ်သော သူတို့က ပြောဆိုခဲ့ကြသည်မှာ ဤသည် လွန်စွာ အံ့ဖွယ်အကြောင်းပင် ဖြစ်သည်။

ءَاِذَا مِتْنَا وَكُنَّا تُرَابًا ۚ ذٰلِكَ رَجْعٌۢ بَعِيْدٌ ③

၅၀ : ၃ ။ ။ ကျွနုပ်တို့ သေဆုံးခဲ့ကြပြီးနောက်၊ မြေကြီးဖြစ်သွားခဲ့ကြသောအခါ (ရှင်ပြန်ထစေခြင်းကို ခံကြရဦးမည်) လော။ ဤပြန်လည် (ရှင်ပြန်ထ) ခြင်းသည် (အသိဉာဏ်နှင့်) အလွန်တရာ ဝေးလံစွာသော ပြန်လည် (ရှင်ထ) ခြင်းပင် ဖြစ်ပေသည်။

قَدْ عَلِمْنَا مَا تَنْقُصُ الْاَرْضُ مِنْهُمْ ۚ وَعِنْدَنَا كِتٰبٌ حَفِيْظٌ ④

၅၀ : ၄ ။ ။ စင်စစ် မြေကြီးသည် ၄င်းတို့ (၏ ကိုယ်ခန္ဓာများ) အနက်မှ (စား၍) လျော့နည်းစေသည့် (အစိတ်အပိုင်း များ) ကို ကေန်မလွဲ ငါအသျှင်မြတ်သည် သိရှိတော်မူ၏။ စင်စစ် ငါအသျှင်မြတ်ထံတော်တွင် ထိန်းသိမ်းစောင့်ရှောက်ထားသော (မှတ်တမ်း) စာအုပ်သည်လည်း ရှိနေပေသည်။

بَلْ كَذَّبُوا بِالْحَقِّ لَمَّا جَاءَهُمْ فَهُمْ فِي أَمْرٍ مَّرِيجٍ ۝٥

၅၀ : ၅ ။ ။ အမှန်စင်စစ် ထိုသူတို့သည် ၎င်းတို့ထံ အမှန်တရား ရောက်ရှိ၍ လာခဲ့သောအခါ၊ ယင်းအမှန်တရားကိုပင် မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြကုန်၏။ စင်စစ် ၎င်းတို့သည် မတည်ငြိမ်သော အခြေအနေ (ရှုပ်ထွေးမှု) ၌ပင် ရှိနေကြကုန်၏။

أَفَلَمْ يَنظُرُوا إِلَى السَّمَاءِ فَوْقَهُمْ كَيْفَ بَنَيْنَاهَا وَزَيَّنَّاهَا وَمَا لَهَا مِن فُرُوجٍ ۝٦

၅၀ : ၆ ။ ။ ၎င်းတို့သည် မိမိတို့၏ အထက်ရှိ မိုးကောင်းကင်ကို မကြည့်မမြင်ခဲ့ကြလေသလော။ ငါအသျှင်မြတ်သည် ယင်းမိုးကောင်းကင်ကို မည်သို့မည်ပုံ ပြုလုပ်ထားတော်မူသနည်း။ ၎င်းပြင် ငါအသျှင်မြတ်သည် ထိုမိုးကောင်းကင်ကို မည်သို့ လှပစွာ ဆင်ယင်ထားတော်မူသနည်း။ ထို့ပြင် ယင်းမိုးကောင်းကင်၌ ဟခြင်း၊ ကွဲခြင်း၊ အက်ခြင်းများ ဟူ၍လည်း အလျဉ်းမရှိပြီ။

وَالْأَرْضَ مَدَدْنَاهَا وَأَلْقَيْنَا فِيهَا رَوَاسِيَ وَأَنبَتْنَا فِيهَا مِن كُلِّ زَوْجٍ بَهِيجٍ ۝٧

၅၀ : ၇ ။ ။ ထို့ပြင် ငါအသျှင်မြတ်သည် ပထဝီမြေကို ဖြန့်ခင်းထားတော်မူ၍ ၎င်းပထဝီမြေ၌ တောင်များကို စိုက်ထူထားတော်မူ၏။ ထို့ပြင် ငါအသျှင်မြတ်သည် ယင်းပထဝီမြေ၌ လှပတင့်တယ် ရှုချင်စဖွယ်ကောင်းသော အရာဝတ္ထုမျိုးစုံတို့ကို ပေါက်ရောက်စေတော်မူ၏။

تَبْصِرَةً وَذِكْرَىٰ لِكُلِّ عَبْدٍ مُّنِيبٍ ۝٨

၅၀ : ၈ ။ ။ (ထိုအလုံးစုံတို့မှာ) သံဝေဂရသော 'ကျွန်' တိုင်းအဖို့ ဆင်ခြင်သုံးသပ်အပ်သော အရာသည်လည်းကောင်း၊ တရားရယူအပ်သော အရာသည်လည်းကောင်း ဖြစ်ပေသည်။

وَنَزَّلْنَا مِنَ السَّمَاءِ مَاءً مُّبَارَكًا فَأَنبَتْنَا بِهِ جَنَّاتٍ وَحَبَّ الْحَصِيدِ ۝٩

၅၀ : ၉ ။ ။ ထို့ပြင် ငါအသျှင်မြတ်သည် မိုးကောင်းကင်မှ ကျက်သရေမင်္ဂလာနှင့် ပြည့်စုံသော (မိုး) ရေကို ရွာသွန်းစေတော်မူ၏။ တစ်ဖန် ထိုရေဖြင့် ငါအသျှင်မြတ်သည် ဥယျာဉ်များနှင့် ရိတ်သိမ်းပြီးဖြစ်သော ကောက်ပင်မျိုးများကို ပေါက်ရောက်စေတော်မူ၏။

وَالنَّخْلَ بَاسِقَاتٍ لَّهَا طَلْعٌ نَّضِيدٌ ۝١٠

၅၀ : ၁၀ ။ ။ ထို့နည်းတူစွာ ရှည်လျားမြင့်မားသော စွန်ပလွံပင်များကို (ပေါက်ရောက်စေတော်မူရာ) ယင်းစွန်ပလွံပင်များ၌ ပြွတ်၍ သီးနေသော အခိုင်များ ရှိနေပေသည်။

رِّزْقًا لِّلْعِبَادِ ۖ وَأَحْيَيْنَا بِهِ بَلْدَةً مَّيْتًا ۚ كَذَٰلِكَ الْخُرُوجُ ۝١١

၅၀ : ၁၁ ။ ။ [မိမိ၏] 'ကျွန်' များအဖို့ စားနပ်ရိက္ခာအဖြစ် [ချီးမြှင့်တော်မူ၏။] ထို့ပြင် ငါအသျှင်မြတ်သည် ထို (မိုး) ရေဖြင့် သေလွန်၊ ခြောက်သွေ့လျက်ရှိသော မြေကို ရှင်စေတော်မူ၏။ (လူအပေါင်းတို့ကို မြေကြီးထဲမှ ရှင်၍) ပြန်ထွက်ခြင်းသည်လည်း ထို့နည်းအတိုင်းပင် ဖြစ်ချေလိမ့်မည်။

كَذَّبَتْ قَبْلَهُمْ قَوْمُ نُوحٍ وَّأَصْحٰبُ الرَّسِّ وَثَمُوْدُ ﴿١٢﴾

၅၀ : ၁၂ ။ ။ ထိုသူတို့အလျင် နူးဟ်၏ အမျိုးသားတို့သည်လည်းကောင်း၊ 'ရတ် (စ်) စ်' ၌ နေထိုင်ကြသော သူတို့သည်လည်းကောင်း၊ ဆမူဒ်အမျိုးသားတို့သည်လည်းကောင်း မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြကုန်၏။

وَعَادٌ وَّفِرْعَوْنُ وَإِخْوَانُ لُوْطٍ ﴿١٣﴾

၅၀ : ၁၃ ။ ။ ထို့ပြင် အားဒ်အမျိုးသားတို့သည်လည်းကောင်း၊ ဖိရ်အောင်န်သည်လည်းကောင်း၊ လူးသ်၏ ညီအစ်ကိုတို့သည်လည်းကောင်း (မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြကုန်၏။)

وَّأَصْحٰبُ الْأَيْكَةِ وَقَوْمُ تُبَّعٍ كُلٌّ كَذَّبَ الرُّسُلَ فَحَقَّ وَعِيْدِ ﴿١٤﴾

၅၀ : ၁၄ ။ ။ ထို့ပြင် (အိုက်ကဟ်) တောအုပ်၌ နေထိုင်သူတို့သည်လည်းကောင်း၊ 'သွဗ္ဗဟ်' အမျိုးသားတို့သည်လည်းကောင်း အားလုံးတို့သည်ပင် ရစူလ်တမန်တော်များအား မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြပေရာ၊ ငါအသျှင်မြတ်၏ ခြိမ်းချောက်မှုသည် (၎င်းတို့အပေါ်၌) သက်ရောက်ခဲ့၏။

أَفَعَيِيْنَا بِالْخَلْقِ الْأَوَّلِ ۚ بَلْ هُمْ فِيْ لَبْسٍ مِّنْ خَلْقٍ جَدِيْدٍ ﴿١٥﴾

၅၀ : ၁၅ ။ ။ ငါအသျှင်မြတ်သည် ပထမအကြိမ် ဖန်ဆင်းတော်မူခဲ့သောကြောင့် ပင်ပန်း နွမ်းနယ်တော်မူခဲ့လေသလော။ ထိုသို့ အလျှဉ်းမဟုတ်။ အမှန်စင်စစ် ၎င်းတို့သည် အသစ်တစ်ဖန် ပြန်လည်ဖန်ဆင်းခြင်းနှင့် စပ်လျဉ်း၍ပင် (သက်သေအထောက်အထား မရှိဘဲလျက်) ယုံမှားသံသယ၌ပင် ရှိနေကြကုန်သည်။'

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ق 'ကားဖ်' (၎င်း၏ အဓိပ္ပာယ်ကို အလ္လာဟ်အသျှင်မြတ်သာလျှင် သိရှိတော်မူပေသည်။) ငါအသျှင်မြတ်သည် အထူး ဂုဏ်ဝိသေသနနှင့် ပြည့်စုံသော ကုရ်အာန်ကျမ်းတော်မြတ်ကို သက်သေထူ (ကျိန်ဆို) တော်မူသည်။ (ဆိုလိုသည်မှာ ဤကျမ်းမြတ်သည် အခြားသောကျမ်းများထက် ပို၍ ထူးမြတ်သော ကျမ်းဖြစ်သည်။ ငါအသျှင်မြတ်သည် အသင့်အား 'ကေယာမသ်'နေ့၏ 'အဇားဗ်'အပြစ်ဒဏ်များမှ သတိပေးနှိုးဆော်ရန် စေလွှတ်တော်မူခြင်း ဖြစ်သည်။ သို့ရာတွင် ၎င်းတို့က လက်မခံခဲ့ကြပေ။)

စင်စစ်မှာကား ၎င်းတို့သည် မိမိတို့ထံသို့ မိမိတို့ (အမျိုးသားများ) အနက်မှပင် (ဆိုလိုသည်မှာ လူသားများအနက်မှပင်) သတိပေးနှိုးဆော်သူတစ်ဦး (နဗီတမန်တော်) ရောက်ရှိလာသည်ကို (၎င်းနဗီတမန်တော်က မိမိတို့အား 'ကေယာမသ်'နေ့၏ အပြစ်ဒဏ်များမှ သတိပေးနှိုးဆော်ခြင်းကို) အံ့ဩလျက် ရှိနေကြသည်။ သို့ဖြစ်ပေရာ (ထိုကိစ္စရပ်အပေါ်) ကာဖိရ်တို့က ဤသည် အလွန်အံ့ဩဖွယ်အကြောင်း (တစ်ရပ်) ဖြစ်သည်ဟု ပြောဆိုကြလေသည်။

(အဘယ်ကြောင့်ဆိုသော် လူသားတစ်ဦးသည် နဗီတမန်တော်ဖြစ်ခြင်းမှာလည်းကောင်း၊ ဒုတိယ အချက်အနေဖြင့် ကြွေးကြော်နေသည်မှာလည်း သေပြီးနောက် တစ်ဖန်ပြန်လည် ရှင်ထရမည်ဟူသော အံ့သြဖွယ်ရာအကြောင်းများ ဖြစ်နေသောကြောင့်ပင် ဖြစ်သည်။ သို့ဖြစ်ပေရာ) ကျွန်ုပ်တို့ သေဆုံးခဲ့ကြပြီးနောက် မြေကြီးဖြစ်သွားခဲ့ကြသောအခါ ပြန်လည် ရှင်ပြန်ထစေခြင်းကို ခံရဦးမည်လော။ ဤပြန်လည်ရှင်ပြန်ထခြင်းဆိုသည်မှာ (ဖြစ်နိုင်ရန်) အလွန်ပင် ဝေးလံသော ပြန်လည်ရှင်ပြန်ထခြင်းပင် ဖြစ်သည်။

(အချုပ်မှာ ပထမအချက်အနေဖြင့်မူ ၎င်းသည် ကျွန်ုပ်တို့ကဲ့သို့ပင် လူသားဖြစ်ရာ ၎င်းအဖို့ နဗီတမန်တော် ဖြစ်သည်ဟူသော ကြွေးကြော်ခွင့် မရှိ။ တစ်ဖန် ၎င်းသည် မိမိ၏ ကြွေးကြော်မှု၌ မဖြစ်နိုင်သော အရာတစ်ခုကို ကြွေးကြော်မှုပြုနေသည်။ ၎င်းမှာ သေဆုံးပြီး မြေကြီးဖြစ်သွားပြီးနောက် ပြန်လည်ရှင်ထစေခြင်း ခံရမည်ဟူသော ကြွေးကြော်မှုပင် ဖြစ်သည်ဟု ကာဖိရ်တို့က ဆိုခဲ့ကြသည်။ ၎င်းတို့၏ စကားကို တုန့်ပြန်ဖြေကြားရာတွင် အလ္လာဟ်အသျှင်မြတ်သည် 'သေဆုံးပြီးနောက် ပြန်လည်ရှင်ထခြင်းမှာ ဖြစ်နိုင်ကြောင်းကို အထောက်အထားပြဆိုပြီး ပြန်လည်ရှင်ထခြင်းကို မဖြစ်နိုင်ကြောင်း ပြောဆိုခြင်းကို ချေပထားသည်။ ဆိုလိုသည်မှာ 'အသင်တို့သည် ပြန်လည်ရှင်ထခြင်းကို မဖြစ်နိုင်သောကိစ္စ' ဟု အကြောင်းခံ နှစ်ရပ်အားဖြင့်သာ ဆိုနိုင်ကြပေမည်။

ယင်းအကြောင်းနှစ်ရပ်မှာ–

(၁) အသက်ရှင်သန်ရန် ဖြစ်နိုင်ချေ ဓါတ်သတ္တိမရှိသော အရာများကို ပြန်လည်ရှင်ထရန်ဟု ဆိုခြင်း၊

ဤသည်မှာမူ မျက်မြင်ကိုယ်တွေ့ဖြစ်ကာ လက်တွေ့ကျကျ မှားနေပေသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းသည် ထိုအချိန်က အသင်တို့၏ ရှေ့မှောက်၌ အသက်ရှင်လျက် ရှိခဲ့သောကြောင့် ဖြစ်သည်။ အကယ်၍ အသက်ရှင်သန်ရန် အရည်အချင်းမရှိဟု ဆိုလျှင် ထိုစဉ်က မည်သို့ ရှင်သန်နေခဲ့ပါသနည်း။

(၂) ပြုလုပ်ဖန်ဆင်းသူ အလ္လာဟ်အသျှင်မြတ်အဖို့ သေဆုံးသူအား ပြန်လည်ရှင်ထစေရေးအတွက် အသက်သွင်းရန်မှာ ၎င်းသေဆုံးသူ၏ ခန္ဓာကိုယ် အစိတ်အပိုင်းများသည် မြေကြီးဖြစ်၍ အစိတ်စိတ်အမွှာမွှာ ဖြစ်သွားသည့်အတွက် မည်သည့်နေရာသို့ ရောက်ရှိသွားမှန်း မသိနိုင်တော့သောကြောင့် မတတ်စွမ်းနိုင်တော့၍ ဖြစ်ပေမည်။

ဤအကြောင်းအရာကို ဖြေကြားတော်မူရာ၌ ငါအသျှင်မြတ်၏ အသိပညာ ဉာဏ်ဂုဏ်တော်မှာ ဤမျှ ကြီးကျယ်ခမ်းနား၏။) စင်စစ်မှုချ ငါအသျှင်မြတ်သည် မြေကြီးက (စား၍) လျော့နည်းစေလိုက်သည့် ၎င်းတို့၏ ခန္ဓာကိုယ်အစိတ်အပိုင်းများကို သိရှိတော်မူပေသည်။ (ယနေ့မှစ၍ သိတော်မူခြင်းမဟုတ်။ ထိုမျှမက ငါအသျှင်မြတ်၏ အသိတော်သည် 'ကာဒီးမ်'(အစ၊ အဆုံးမဲ့ အရာဖြစ်ရာ ငါအသျှင်မြတ်သည် အရာခပ်သိမ်းတို့၏ အခြေအနေအလုံးစုံတို့ကို ယင်းအရာများ မဖြစ်မီကပင် မိမိ၏ 'ကာဒီးမ်' (အဆုံးမဲ့သော ရှေး

အသိပညာ) ဖြင့် 'လောင်ဟေမဟ်ဖူးဇ်' တွင် ရေးမှတ်ပြီးဖြစ်သည်။ ထို့ပြင် ယခုအချိန်တိုင်) ငါအသျှင်မြတ် ထံတော်တွင် (ထို) ထိန်းသိမ်းစောင့်ရှောက်ထားသော မှတ်တမ်းစာအုပ် ('လောင်ဟေမဟ်ဖူးဇ်') သည်လည်း ရှိနေပေသည်။

(ဤ 'လောင်ဟေမဟ်ဖူးဇ်' မှတ်တမ်းစာအုပ်တွင် ထိုပြန့်နှံ့သွားသော အစိတ်အပိုင်းများ ရှိနေ သည့် နေရာ၊ ပုံပန်းသဏ္ဍာန်၊ အတိုင်းအတာ ပမာဏနှင့် ဝိသေသများနှင့်တကွ အားလုံးကို မှတ်တမ်း တင်ထားပေသည်။ သို့ဖြစ်ပေရာ အကယ်၍ 'အိလ်မ်ကဒီးမ်' (အဆုံးမဲ့သော ရှေးအသိပညာ) ကို နားမလည် ဟုဆိုပါက 'အရာခပ်သိမ်း ပြည့်စုံကုံလုံစွာ ရှိသော ရုံးတစ်ရုံးသည် အလ္လာဟ်အသျှင်မြတ်၏ ရှေ့တော်မှောက် တွင် ရှိသည်' ဟု မှတ်ယူပါလေ။ သို့တိုင်အောင်လည်း ၎င်းတို့သည် အကြောင်းမဲ့ အံ့သြနေကြပေသည်။ ထို့ပြင် အံ့သြခြင်းမျှသာမကဘဲ) ၎င်းတို့ထံသို့ ရောက်ရှိလာသော အမှန်တရားကို ('နဗူဝသ်'နှင့် တမလွန် တွင် ပြန်လည်ရှင်ထရမည်ဟူသော အချက်အလက်အမိန့်များ ပါဝင်သည်။) မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ် ခဲ့ကြသည်။ အချုပ်မှာ ၎င်းတို့သည် မတည်ငြိမ်သော အခြေအနေ (ရှုတ်ထွေးမှု) ၌ပင် ရှိခဲ့ကြသည်။

(တစ်ခါတစ်ရံ အံ့သြသည့် အခြေအနေ၌ ရှိနေခဲ့ကြပြီး တစ်ခါတစ်ရံ မဟုတ်မမှန်ဟု ငြင်းဆိုကြ သည်။ ရှေ့၌ အလ္လာဟ်အသျှင်မြတ်၏ တန်ခိုး တော်စွမ်းအားနှင့် စပ်လျဉ်း၍ တင်ပြသည်မှာ) ဤသူများ (ကို ငါအသျှင်မြတ်၏ တန်ခိုးတော်များအား မသိကြလေသလော။ ၎င်းတို့) သည် မိမိတို့အပေါ်၌ ရှိသော မိုးကောင်းကင်ကို မတွေ့မြင်ခဲ့ကြလေသလော။ ငါအသျှင်မြတ်သည် ထိုမိုးကောင်းကင်ကို မည်သို့ (မြင့်မား ကြီးမားစွာ) ပြုလုပ်ထားတော်မူသနည်း။ ထို့ပြင် (ကြယ်တာရာများဖြင့်) ထိုမိုးကောင်းကင်ကို မည်သို့ ဆင်ယင်ထားတော်မူသနည်း။ ထို့ပြင် ထိုမိုးကောင်းကင်တွင် (ခိုင်ခံ့မှုအပြည့် ရှိသောကြောင့်) မည်သည့် အဟ၊ အကွဲ၊ အအက်မျှ မရှိပေ။

(အကြောင်းမှာ အဆောက်အဦးများ၌ ခေတ်ကာလ ရွေ့လျား ကြာညောင်းလာသောအခါ အက် ကြောင်း၊ ကွဲကြောင်းများ ဖြစ်ပေါ်လာလေ့ရှိသောကြောင့် ဖြစ်သည်။ ဤသည်မှာ မိုးကောင်းကင်နှင့် စပ်လျဉ်းသော ငါအသျှင်မြတ်၏ တန်ခိုးတော်များ ဖြစ်သည်။)

ထို့ပြင် ငါအသျှင်မြတ်သည် ပထဝီမြေ (တွင် တန်ခိုးတော်များ ပေါ်လွင်စေခဲ့သည်။ ယင်းပထဝီမြေ) ကို ဖြန့်ခင်းထားတော်မူသည်။ ၎င်းပြင် ထိုပထဝီမြေ၌ တောင်များကို စိုက်ထူထားတော်မူသည်။ ထို့ပြင် ငါအသျှင်မြတ်သည် ယင်းပထဝီမြေ၌ လှပတင့်တယ် ရှုချင်စဖွယ် ကောင်းသော အရာဝတ္ထုမျိုးစုံတို့ကို ပေါက်ရောက်စေတော်မူခဲ့သည်။ (ထိုအရာအားလုံးတို့သည်) သံဝေဂရသော ကျွန်တိုင်းအဖို့ (ငါအသျှင်မြတ် ၏ တန်ခိုးတော်များကို) ဆင်ခြင်သုံးသပ် သိရှိနိုင်မည့်အရာနှင့် တရားရယူ တွေ့မြင်နိုင်သောအရာ ဖြစ်သည်။ (ဆိုလိုသည်မှာ "ပြုလုပ်ဖန်ဆင်းထားပြီးသော အရာများကို ကြည့်ရှုပြီး 'ဤအရာများကို မည်သူက ပြုလုပ်ဖန်ဆင်းပါသနည်း' ဟူသော အကြည့်ဖြင့် ကြည့်ရှုတတ်သူတို့အတွက် ဖြစ်သည်" ဟူ၏။)

ထို့ပြင် (ငါအသျှင်မြတ်၏ တန်ခိုးတော်များ ပေါ်လွင်ထင်ရှားရသည်မှာ) ငါအသျှင်မြတ်သည် မိုး ကောင်းကင်မှ မင်္ဂလာနှင့် ပြည့်စုံသော မိုးရေကို ရွာသွန်းစေတော်မူ၏။ တစ်ဖန် ထိုရေဖြင့် ငါအသျှင်မြတ်

သည် ဥယျာဉ်များကိုလည်းကောင်း၊ ရိတ်သိမ်းပြီးဖြစ်သော ကောက်ပင် မျိုးစေ့များကိုလည်းကောင်း ပေါက်ရောက်စေတော်မူခဲ့၏။ ထို့ပြင် ရှည်လျားမြင့်မားသော စွန်ပလွံပင်များ (ကို ပေါက်ရောက်စေတော်မူရာ) ယင်းစွန်ပလွံပင်များတွင် ပြွတ်၍ သီးနေသော အခိုင်များ ရှိပေသည်။ ဤသည်မှာ (မိမိ၏) ကျွန်များအဖို့ 'ရိဇ်ဇ' စားနပ်ရိက္ခာ ရရှိစေရန်ဖြစ်သည်။ ထို့ပြင် (အခြားသော သစ်ပင်များဖြစ်သည့် ဥပမာ- မြက် စသည်တို့ ပေါက်ရောက်စေနိုင်ရန်အတွက်လည်း) ငါအသျှင်မြတ်သည် ထို (မိုး) ရေဖြင့် သေ့ခြောက်နေသော မြေသေကို ရှင်စေတော်မူခဲ့သည်။ (သို့ဖြစ်ပေရာ မှတ်ယူပါလေ။ သူသေများသည်) မြေကြီးမှ (ရှင်၍) ပြန်ထွက်ခြင်းမှာလည်း ဤအတိုင်းပင် ဖြစ်ပေမည်။ (အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ မူပိုင် တန်ခိုးတော်အရဆိုလျှင် အရာအားလုံးအပေါ် တန်းတူ တန်ခိုးတော်ရှိ၍ စွမ်းဆောင်နိုင်စွမ်းရှိသည်။ ကြီးမားသော အရာများအပေါ်၌ စွမ်းဆောင်နိုင်သော တန်ခိုးတော်ရှင် အလ္လာဟ်အသျှင်မြတ်သည် သေးငယ်သော အရာများပေါ်၌လည်း စွမ်းဆောင်နိုင်တော်မူမည်မှာ အထင်အရှားပင် ဖြစ်ပါသည်။ ထို့ကြောင့် ဤနေရာတွင် မိုးကောင်းကင်နှင့် မြေပထဝီအကြောင်းကို တင်ပြထားသည်။ ၎င်းမိုးနှင့် မြေကို ဖန်ဆင်းခြင်းသည် သူသေတစ်ဦးအား ပြန်လည်ရှင်ထစေခြင်းထက် ပို၍ ခက်ခဲကြီးမားသော အလုပ်ဖြစ်၏။ အလ္လာဟ်အသျှင်မြတ်က-

لَخَلْقُ السَّمٰوٰتِ وَالْاَرْضِ اَكْبَرُ

(အမှန်ပင် မိုးကောင်းကင်များနှင့် ပထဝီမြေကို ဖန်ဆင်းခြင်းသည် လူတို့အား ဖန်ဆင်းခြင်းထက် ပို၍ ကြီးကျယ် (ခက်ခဲ) လှပေသည်။) [၄၀ ፡ ၅၇]

၌ မိန့်တော်မူထားပြီး ဖြစ်သည်။ သို့ဖြစ်ပေရာ ဤမျှ ကြီးမားလှသော အရာများကို ဖန်ဆင်းခြင်းအပေါ်၌ အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ တန်ခိုးတော်ဖြင့် ပြုလုပ်ဖန်ဆင်းနိုင်သည်ဟု ဆိုသောအခါ သူသေအား ပြန်လည်ရှင်ထစေခြင်းအပေါ် အဘယ်ကြောင့် မပြုနိုင်ရမည်နည်း။ သို့ဖြစ်ပေရာ သေသူအား ပြန်လည်ရှင်ထစေခြင်းမှာ မဖြစ်နိုင်သော ကိစ္စမဟုတ်ကြောင်း သိရှိရပေသည်။ ဖြစ်နိုင်သော ကိစ္စဖြစ်ကြောင်းနှင့် အသက်ရှင်စေတော်မူသော အသျှင်မြတ်သည် အလွန်ကြီးကျယ်သော တန်ခိုးတော်အသျှင်ဖြစ်တော်မူကြောင်းကိုလည်း သိရှိရပေသည်။ တစ်ဖန် ဤအရေးကိစ္စနှင့် စပ်လျဉ်း၍ အံ့သြခြင်း၊ (သို့) ငြင်းပယ်မှုများကို ပြုလုပ်ခြင်းမှာ အဘယ်သို့ပါနည်း။ ရှေ့တွင် ငြင်းပယ်သူများအား ရှေးအွမ္မသ်တို့၏ အဖြစ်အပျက်များကို တင်ပြ၍ သတိပေးခြိမ်းခြောက်မှု ပြုထားသည်မှာ ၎င်းတို့သည် 'ကေယာမသ်' ကို ငြင်းဆို၍ ရစူလ်တမန်တော်မြတ် ﷺ ကိုလည်း မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ခဲ့ကြသည်။ ၎င်းတို့နှင့် အလားတူ) ထိုသူတို့၏အလျင် နူးဟ် ؑ ၏ အမျိုးသားများသည်လည်းကောင်း၊ 'အဆ္ဟာဗ် ဗိရတ်စ်' (ရတ်စ် အရပ်ဒေသ၌ နေထိုင်ကြသောသူ) တို့သည်လည်းကောင်း၊ 'ဆမူးဒ်'အမျိုးသားများသည်လည်းကောင်း မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြသည်။

ထို့ပြင် 'အားဒ်'အမျိုးသားများသည်လည်းကောင်း၊ ဖိရ်အောင်နှသည်လည်းကောင်း၊ လူးသ် ؑ ၏ ညီအစ်ကိုများသည်လည်းကောင်း (မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြသည်။)

ထို့ပြင် 'အိုင်ကဟ်' (တောအုပ်၌ နေထိုင်သူ) တို့သည်လည်းကောင်း၊ 'သွဗ္ဗအ်'အမျိုးသားများသည်လည်းကောင်း အားလုံးတို့သည် ရစူလ်တမန်တော်များအား(အလိုသဘောမှာ ၎င်းတို့အားလုံးသည် မိမိတို့ခေတ်ကာလ၏ နဗီတမန်တော်များကို 'သောင်ဟီးဒ်'နှင့် စပ်လျဉ်း၍လည်းကောင်း၊ 'ရိစာလသ်'နှင့် စပ်လျဉ်း၍လည်းကောင်း၊ 'ကေယာမသ်နှင့် စပ်လျဉ်း၍လည်းကောင်း) မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ခဲ့ကြသည်။ သို့ဖြစ်ပေရာ ငါအသျှင်မြတ်၏ ချိန်းချက်မှုသည် (၎င်းတို့အပေါ်ဝယ်) သက်ရောက်ခဲ့သည်။

(၎င်းတို့အားလုံးအပေါ်တွင် 'အဇာဗ်'အပြစ်ဒဏ်များ ကျရောက်ခဲ့သည်။ ဤနည်းအတိုင်းပင် ဤငြင်းပယ်သူများအပေါ်၌လည်း 'အဇာဗ်'ကျရောက်ပေမည်။ ဤ 'အဇာဗ်'သည် လောကီ၌လည်း ကျရောက်၍ဖြစ်စေ (သို့) လောကုတ္တရာ၌သာ ကျရောက်၍ဖြစ်စေ အမှန်ကျရောက်မည်သာ ဖြစ်သည်။ သတိပေးခြိမ်းခြောက်မှု ပြုပြီးသည့်နောက် ပထမအကြောင်းအရာကိုပင် ပြန်လည်ကာ အခြားတစ်နည်းဖြင့် လှည့်၍ မိန့်ကြားသည်မှာ) ငါအသျှင်မြတ်သည် ပထမအကြိမ် ဖန်ဆင်းတော်မူရာ၌ ပင်ပန်းနွမ်းနယ်သွားတော်မူခဲ့ပါသလား။ (ဒုတိယအကြိမ် ပြန်လည်ရှင်ထစေခြင်းကို မပြုနိုင် ဖြစ်သွားပါသလော။ ဆိုလိုသည်မှာ အလုပ်သည်လည်း ဖြစ်နိုင်သောအလုပ် ဖြစ်မည်။ ပြုလုပ်သူမှာလည်း ပြုနိုင်စွမ်းမှု အပြည့်ရှိသူ ဖြစ်မည်။ သို့ရာတွင် အခိုက်အတန့် အတားအဆီး ပေါ်ပေါက်လာ၍ မပြုလုပ်နိုင်ခြင်းမျိုးလည်း ဖြစ်ပေါ်နိုင်၏။ ဥပမာ- ပြုလုပ်သူသည် မောပန်းနွမ်းနယ်သွားသည့်အတွက် ဤအလုပ်ကို ဆက်လက်မလုပ်နိုင်ခြင်းမျိုး ဖြစ်သည်။ ဤအာယသ်တော်တွင် အလ္လာဟ်အသျှင်မြတ်သည် ဤကဲ့သို့သော ချွတ်ယွင်းချက်မှုလည်း ကင်းစင်တော်မူကြောင်းကို ဖော်ပြထားသည်။ ထိုအသျှင်မြတ်သည် မည်သည့်အရာဖြင့်မျှ စူးရှမှု ဖြစ်တော်မမူပေ။ ထိုအသျှင်မြတ်အဖို့ မောပန်းနွမ်းနယ်ခြင်းဟူသည်မှာလည်း မည်သို့မျှ မဖြစ်နိုင်ပေ။ ထို့ကြောင့် 'ကေယာမသ်' နေ့တွင် ပြန်လည်ရှင်ထရမည် ဟူသောအချက်မှာ အထောက်အထားများဖြင့် အတည်ဖြစ်သွားပေပြီ။ ၎င်းတို့၌ မိမိတို့ ငြင်းဆိုနေသောအရာနှင့် ပတ်သက်၍ မည်သည့်အထောက်အထားမျှ မရှိကြပေ။)

ထို့မှုမက ၎င်းတို့သည် အသစ်တစ်ဖန် ပြန်လည်ဖန်ဆင်းခြင်းနှင့် စပ်လျဉ်း၍ (အထောက်အထား မရှိဘဲလျက်ပင်) ယုံမှားသံသယ၌သာ ရှိခဲ့ကြလေသည်။ (၎င်းသည် အထောက်အထားများ ရှိသောအရာ ရှေ့၌ မည်သို့မျှ လက်ခံထိုက်ဖွယ် မဟုတ်ပေ။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

စူရာဟ်ကားဖ်၏ ထူးခြားချက်များ

စူရာဟ်ကားဖ်တွင် တမလွန်ဘဝအကြောင်း၊ 'ကေယာမသ်'အကြောင်း၊ သေဆုံးသူများ ပြန်လည်ရှင်ပြန်ထရမည့် အကြောင်းနှင့် ကောင်းမှု၊ မကောင်းမှုများနှင့် ပတ်သက်၍ စာရင်းစစ်ဆေးမည့် အကြောင်းများ ပါရှိသည့် စာစဉ်အကြောင်းအရာများကို တင်ပြထားသည်။

ဤအကြောင်းများသည် ၄င်းစူရာဟ်၏အလျင် စူရာဟ်ဟုဂျူရားသ်၏ အဆုံးပိုင်းတွင်လည်း လာရှိထားသည်ဖြစ်ရာ ဤအကြောင်းများသည်ပင် စူရာဟ်နှစ်ပုဒ်၏ ဆက်စပ်မှုဖြစ်သည်။

စူရာဟ်ကားဖ်၏ ထွတ်မြတ်မှုကို ဟဒီးစ်တော်တစ်ရပ်အားဖြင့် သိရှိရသည်။ ယင်းဟဒီးစ်တော်တွင် 'အွန်းမေ့ဟိရှားမ်ဗင်နိသေဟာရိဆဟ်ဗင်နုအ်မာန် ﷺ သခင်မကြီးက ပြောကြားခဲ့သည်မှာ တမန်တော်မြတ် ﷺ ၏ အိမ်နှင့် ကျွန်မ၏ အိမ်သည် အလွန်နီးကပ်စွာ ရှိခဲ့ပါ၏။ နှစ်နှစ်နီးပါးခန့် ကျွန်မတို့နှင့် တမန်တော်မြတ် ﷺ ၏ ရိုတီ မုန့်ဖုတ်သော အိုးမှာ တစ်ခုတည်းသာ ဖြစ်ခဲ့ပါသည်။ တမန်တော်မြတ် ﷺ သည် စူရာဟ်ကားဖ်ကို 'ဂျုမုအာဟ်'နေ့တိုင်း 'မင်နိဗရ်'ပေါ်မှ ဖတ်ရွတ်တော်မူလေ့ရှိရာ ဤသို့ဖြင့် ကျွန်မသည် ဤစူရာဟ်အပြည့်အစုံကို အလွတ်ရရှိခဲ့ပါသည်။ *[ကုရ်သုဗီကျမ်း]*

ဟဇရသ်အုမရ်ဗင်နိခဌ္ဌာဗ် ﷺ သခင်သည် အဘူဝါကိဒ်လိုင်စီ ﷺ သခင်အား 'တမန်တော်မြတ် ﷺ သည် အီးဒ်နှစ်အီးဒ်တွင် မည်သည့်စူရာဟ်များကို ဖတ်တော်မူလေ့ ရှိသနည်း'ဟု မေးမြန်းရာ ၄င်းက

اِقْتَرَبَتِ السَّاعَةُ နှင့် قٓ وَالْقُرْاٰنِ الْمَجِيْدِ

တို့ကို ဖတ်ရွတ်လေ့ ရှိခဲ့ပါသည်'ဟု ဖြေကြားခဲ့သည်။ ဟဇရသ်ဂျာဗိရ် ﷺ သခင်က ဆင့်ပြန်ခဲ့သည်မှာ တမန်တော်မြတ် ﷺ သည် 'ဖွဂျရ်'နမာဇ်တွင် စူရာဟ်ကားဖ်ကို အများဆုံး ဖတ်ရွတ်တော်မူလေ့ရှိသည်။ (ဤစူရာဟ်သည် အနည်းငယ် ရှည်လျားလှသော စူရာဟ်ဖြစ်သည်။) သို့သော် ထိုသို့ဖြစ်ပါလျက် နမာဇ်တွင် ပေါ့ပါးလွယ်ကူမှု ရှိပေသည်။ *[ကုရ်သုဗီကျမ်း]*

ဤသည်မှာ တမန်တော်မြတ် ﷺ နှင့် ကိုယ်တော်၏ 'သေလာဝသ်' ဖတ်ရွတ်မှု၏ ထူးခြားမှုကြောင့်ပင် ဖြစ်သည်။ ရှည်လျားသော စူရာဟ်များနှင့် ရှည်လျားသော နမာဇ်များ၌လည်း ဖတ်ရွတ်သူတို့အဖို့ ပေါ့ပါးလွယ်ကူနေပေသည်။

ကောင်းကင်ကို မြင်တွေ့နိုင်ပါသလား။

اَفَلَمْ يَنْظُرُوْٓا اِلَى السَّمَآءِ

(၄င်းတို့သည် မိမိတို့၏ အထက်ရှိ မိုးကောင်းကင်ကို မကြည့်မမြင်ခဲ့ကြလေသလော။)

[၅၀ : ၆]

ဤအာယသ်တော်မှ အပေါ်ယံအားဖြင့် မိုးကောင်းကင်ကို မြင်တွေ့နိုင်သည်ဟု ထင်ရပေသည်။ သို့သော် ကျော်ကြားနေသည်မှာ 'ဤမြင်တွေ့နေရသော အပြာရောင်သည် လေ၏ အရောင်ဖြစ်သည်'ဟူ၏။ သို့သော် ဤသည်ကို မဟုတ်ဟုဆိုရန် ဤအရောင်သည် မိုးကောင်းကင်၏ အရောင်ပင် ဖြစ်မည်'ဟူ၍ မည်သည့်အထောက်အထားမျှ မရှိပေ။ ထို့ပြင် အာယသ်တော်၌ ကြည့်မြင်ခြင်းဆိုသည်မှာ 'အသိဉာဏ်ဖြင့် ကြည့်မြင်ခြင်း၊ စဉ်းစားတွေးတောခြင်း၊ ဆင်ခြင်ခြင်း'ဟူသော အဓိပ္ပာယ်လည်း ဖြစ်နိုင်သည်။

သေပြီးတစ်ဖန် ရှင်ထရခြင်းအပေါ် ကျော်ကြားသော သံသယကို တုန့်ပြန်ဖြေကြားခြင်း

قَدْ عَلِمْنَا مَا تَنْقُصُ الْاَرْضُ مِنْهُمْ

(စင်စစ် မြေကြီးသည် ၄င်းတို့ (၏ ကိုယ်ခန္ဓာများ) အနက်မှ (စား၍) လျော့နည်းစေသည့် (အစိတ် အပိုင်းများ) ကို ကေန်မလွဲ ငါအသျှင်မြတ်သည် သိရှိတော်မူ၏။) *[၅၀ း ၄]*

'ကေယာမသ်'နေ့တွင် ပြန်လည်ရှင်ထရမည် (သေပြီးသူများအားလုံး ပြန်လည်ရှင်ထကြရမည်) ဟူသော အချက်ကို ငြင်းဆိုသူ ကာဖိရ်၊ မုရှ်ရစ်က်တို့၏ အကြီးမားဆုံးသော အထောက်အထားမှာ 'သေပြီး နောက် လူသား၏ ခန္ဓာကိုယ်အစိတ်အပိုင်း အများစုသည် မြေကြီးဖြစ်သွားသည်။ တစ်ဖန် ထိုမြေကြီး သည် ရွှေ့လျားခြင်းဖြင့် ကမ္ဘာမြေ၌ ပြန့်နှံ့သွားခဲ့သည်။ ရေနှင့် လေတို့သည် ထိုအမှုန်များကို မည်သည့် နေရာမှ မည်သည့်နေရာသို့ ပို့ဆောင်လိုက်ကြသည်ကို မခန့်မှန်းနိုင်ချေ။ 'ကေယာမသ်'နေ့၌ ပြန်လည် ရှင်သန်စေရန်အတွက် တစ်လောကလုံး၌ ပြန့်နှံ့ပြီးဖြစ်သော အစိတ်အပိုင်းများအနက် ဤသည် မည်သူ၏ အစိတ်အပိုင်းဖြစ်သည်၊ ဤသည် မည်ဝါ၏ အစိတ်အပိုင်းဖြစ်သည်ဟူ၍လည်းကောင်း၊ တစ်ဖန် အစိတ်အပိုင်း ဟူသရွေ့ကို သီးခြားစီ စုဆောင်းထားရခြင်းကိုလည်းကောင်း၊ မည်သူက တတ်စွမ်းနိုင်ပါမည်နည်း' ဟု ဖြစ်သည်။

ကုရ်အာန်ကျမ်းတော်မြတ်သည် ၄င်းတို့၏ စကားကို ဖြေကြားထားသည်မှာ 'လူသားသည် မိမိ၏ အတိုင်းအတာရှိသော အသိပညာနှင့် ဉာဏ်အမြော်အမြင်တို့အားဖြင့် အလ္လာဟ်အသျှင်မြတ်၏ အဆုံးမရှိ ကျယ်ပြောလှသော အသိရွှေဉာဏ်တော်အပေါ် သုံးသပ်မှုပြုခြင်းတို့ကြောင့် ဤသို့ လမ်းမှားတွင် ကျရောက် ခြင်းဖြစ်သည်။

قَدْ عَلِمْنَا مَا تَنْقُصُ الْاَرْضُ

(စင်စစ် မြေကြီးသည် ၄င်းတို့ (၏ ကိုယ်ခန္ဓာများ) အနက်မှ (စား၍) လျော့နည်းစေသည့် (အစိတ် အပိုင်းများ) ကို ကေန်မလွဲ ငါအသျှင်မြတ်သည် သိရှိတော်မူ၏။) *[၅၀ း ၄]*

အလ္လာဟ်အသျှင်မြတ်၏ အသိရွှေဉာဏ်တော်သည် မည်မျှ ကျယ်ဝန်းနက်ရှိုင်းသည်ဟူမူ သေဆုံး ကွယ်လွန်ပြီးနောက် လူသား၏ အစိတ်အပိုင်းတစ်ခုချင်းစီသည် ထိုအသျှင်မြတ်၏ အမြင်အောက်၌ပင် ရှိသည်။ သူသေ၏ မည်သည့်အစိတ်အပိုင်းများကို မြေကြီးက စားပစ်လိုက်သည်ကို ထိုအသျှင်မြတ်သာလျှင် သိတော်မူသည်။ အဘယ်ကြောင့်ဆိုသော် သေသူ လူသား၏ အချို့သော အရိုးများကို မြေကြီးက မစားနိုင် ရန် အလ္လာဟ်အသျှင်မြတ်က ပြုထားတော်မူ၍ ဖြစ်သည်။ ထို့ပြင် မြေကြီးက စား၍ မြေအဖြစ် ပြုလုပ်လိုက် သည်များမှာ လောကအတွင်း မည်သည့်ထောင့်၌ပင် ရောက်ရှိသွားသည်ဖြစ်စေ အလ္လာဟ်အသျှင်မြတ်၏ တွေ့မြင်မှုအောက်၌ပင် ရှိပေသည်။ ထိုအသျှင်မြတ် လိုလားတော်မူသည့်အခါ အားလုံးကို တစ်နေရာတည်း တွင် စုစည်းစေတော်မူပေမည်။ လေးနက်စွာ စဉ်းစားကြည့်မည်ဆိုလျှင် တစ်ချိန်က အစိတ်အပိုင်းများ

အားဖြင့် လှည့်လည်သွားလာနေသော လူသားတိုင်း၏ ခန္ဓာကိုယ်တွင်လည်း တစ်လောကလုံးရှိ နေရာများစွာတို့မှ အစိတ်အပိုင်းများသည်လည်း စုရုံးပါဝင်လျက် ရှိခဲ့သည်။ အချို့မှာ အစာအဟာရ၏ ပုံသဏ္ဌာန်ဖြင့်လည်းကောင်း အချို့မှာ ဆေးဝါးပုံသဏ္ဌာန်ဖြင့်လည်းကောင်း ကမ္ဘာတစ်ခွင်လုံးရှိ မြို့များစွာ၊ တောများစွာတို့၏ အစိတ်အပိုင်းများဖြစ်ခဲ့သည်။ ထိုအရာများအားဖြင့် လက်ရှိအစိတ်အပိုင်းများ ရှိသော ခန္ဓာကိုယ်ဖြစ်လာခဲ့ရသည်။ သို့ဖြစ်ပေရာ ဤသို့ ဖြစ်ပေါ်စေသော အသျှင်မြတ်အဖို့ ထိုခန္ဓာကိုယ်အစိတ်အပိုင်းများကို လောကအတွင်း ပြန့်နှံ့စေတော်မူပြီးနောက် တစ်ဖန်ပြန်လည်၍ တစ်နေရာ၌ စုရုံးရန်မှာ အဘယ်မှာလျှင် ခက်ခဲပါမည်နည်း။ ဤမျှပင် မကသေးဘဲ သေပြီး၍ မြေကြီးဖြစ်ပြီးနောက် လူသား၏ ဤအစိတ်အပိုင်းများနှင့် စပ်လျဉ်း၍ ထိုအသျှင်မြတ်၏ အသိဉာဏ်တော်၌ လွှမ်းခြုံသိရှိတော်မူပြီး ဖြစ်သည်။ လူသားအား မဖန်ဆင်းမီအလျင်ကပင် ယင်းလူသား၏ ဘဝသက်တမ်း၌ ဖြစ်ပေါ်မည့် မျက်စိတစ်မှိတ် လျှပ်တပြက်တိုင်း၏ အခြေအနေများကိုလည်းကောင်း၊ ယင်းသက်တမ်းအတွင်း ပေါ်ပေါက်လာမည့် ပြောင်းလဲမှုများကိုလည်းကောင်း၊ သေပြီးနောက် ထိုလူသားအပေါ်တွင် မည်သည့်အခြေအနေများ ပေါ်ပေါက်လာမည်ကိုလည်းကောင်း အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါး၌ ယခင်အစကနဦးမှပင် ရေးသားထားပြီးဖြစ်သော 'လောင်ဟေ့မဟ်ဖူးဇ်'တွင် အသင့်ရှိနေပြီး ဖြစ်သည်။

တစ်ဖန် တန်ခိုးတော်အနန္တနှင့် ပြည့်စုံတော်မူသော၊ အကြွင်းမဲ့ ကြားသိတော်မူသော ထိုအသျှင်မြတ်၏ တန်ခိုးတော်များနှင့် စပ်လျဉ်း၍ အံ့ဩတွေဝေခြင်းသည်ပင် အံ့ဩဖွယ်ရာ ဖြစ်ပေသည်။

مَاتَنْقُصُ الْأَرْضُ ၏ ဤသဖ်စီးရ် ဖွင့်ဆိုချက်သည် ဟဇရသ်အိဗ်နေအဗ္ဗားစ် ﵄ သခင်၊ မုဂျာဟိဒ် (ရဟ) နှင့် အများစု မုဖတ်စိရ်များထံမှ ဆင့်ပြန်လာရှိထားခြင်း ဖြစ်သည်။ *[ဇဟရ်မုဟီးသ်]*

فِىْٓ اَمْرٍ مَّرِيْجٍ

مَرِيْجٍ ၏ အဓိပ္ပာယ်မှာ အဘိဓါန်တွင် 'ရောရောနှောနှောဖြစ်နေသော အရာ' ဟု လာရှိသည်။ အရာများစွာဖြင့် ရောနှောသည့် အရာသည် များသောအားဖြင့် ပျက်စီးသွားလေ့ရှိသည်။ ထို့ကြောင့် ဟဇရသ်အဘူဟူရိုင်ရာဟ် ﵁ သခင်သည် مَرِيْجٍ 'မရီးဂျ်' ၏အဓိပ္ပာယ်ကို 'ပျက်စီးသောအရာ' ဟုပင် ဖွင့်ဆိုတင်ပြခဲ့သည်။ ဒွဟ်ဟားက် (ရဟ)၊ ကသာဒဟ် (ရဟ) နှင့် ဟစန်ဗဆွရီ (ရဟ) စသော ပညာရှင်များက 'ရောရောနှောနှောဖြစ်နေသော အရာ' ဟူသော အဓိပ္ပာယ်ဖြင့် ဖွင့်ဆိုတင်ပြခဲ့ကြသည်။ အလိုသဘောမှာ ဤကာဖိရ်နှင့် 'ရိစာလသ်'ကို ငြင်းဆိုသူတို့သည် မိမိတို့ ငြင်းဆိုရသည့် အကြောင်းအချက်ကို တင်ပြရာ၌ အကြောင်းအချက် တစ်မျိုးတည်းအပေါ် အတည်တကျမနေကြပေ။ တစ်ခါတစ်ရံ ကဗျာဆရာဟုလည်းကောင်း၊ တစ်ခါတစ်ရံ လက္ခဏာဆရာဟုလည်းကောင်း၊ တစ်ခါတစ်ရံ နက္ခတ္တဗေဒပညာရှင်ဟုလည်းကောင်း ခေါ်ဝေါ်သမုတ်ကြသည်။ ၎င်းတို့၏ စကားများသည်ပင် ဒွိဟသံသယပွားစရာ အရှုပ်အထွေးများနှင့် မှားယွင်းသည့် စကားများဖြစ်ရာ မည်သည့်စကားအပေါ် အခြေပေးရမည်နည်းဟူ၍ ဖြစ်သည်။

ရှေ့တွင် အလ္လာဟ်အသျှင်မြတ်၏ ပြည့်စုံကုံလုံ အဆုံးမဲ့သော တန်ခိုးတော်များအကြောင်း တင်ပြထားသည်။ မိုးကောင်းကင်များ၊ ကမ္ဘာမြေပထဝီနှင့် ၎င်းတို့၏အတွင်း၌ ရှိသော ကြီးမားသော အဖန်ဆင်းခံများ၏ ဖန်ဆင်းမှုများဖြင့် တင်ပြထားသည်။

ဤတင်ပြချက်တွင် မိုးကောင်းကင်နှင့် စပ်လျဉ်း၍ وَمَالَهَا مِنْ فُرُوجٍ ဟု မိန့်ကြားထားသည်။ فروج သည် فرج ၏ အများကိန်းဖြစ်သည်။ အဓိပ္ပာယ်မှာ 'ကွဲအက်ခြင်း' ဟု လာရှိသည်။ အလိုသဘောမှာ အလ္လာဟ်အသျှင်မြတ်သည် ဤမျှ ကြီးကျယ်သော မိုးကောင်းကင်ကြီးကို ဖန်ဆင်းတော်မူထား၏။ အကယ်၍သာ လူသားတစ်ဦးမှ ဤမျှ ကြီးမားသော မိုးကုတ်စက်ဝိုင်းကြီးကို ဖန်ဆင်းခဲ့ပါလျှင် ဤမိုးကောင်းကင်၌ ထောင်ပေါင်းများစွာသော ဆက်ရာများ၊ ဖာထေးရာများနှင့် ကွဲအက်ရာများကို တွေ့ရှိရပေမည်။ သို့ရာတွင် အသင်တို့သည် မိုးကောင်းကင်သို့ ကြည့်လိုက်သည့်အခါ ယင်းကောင်းကင်၌ မည်သည့်ဖာထေးထားခြင်းမျှလည်း မတွေ့ရပေ။ ဆက်ထားသည့် နေရာလည်း တစ်နေရာမျှ မတွေ့ရပေ။ ဤသို့ဆိုခြင်းကြောင့် မိုးကောင်းကင်တွင် အလ္လာဟ်အသျှင်မြတ်သည် တံခါးများ ဖန်ဆင်းထားတော်မူသည်ဟူသော အချက်ကို ဆန့်ကျင်ရာ မရောက်ပေ။ အဘယ်ကြောင့်ဆိုသော် ထိုတံခါးများကို 'ကွဲအက်သောအရာ' ဟု မခေါ်ဆိုနိုင်သောကြောင့် ဖြစ်သည်။

كَذَّبَتْ قَبْلَهُمْ قَوْمُ نُوحٍ (الآية)

(ထိုသူတို့အလျောက် 'နူးဟ်' ၏ အမျိုးသားတို့သည်လည်းကောင်း၊ 'ရတ်စ်' ၌ နေထိုင်ကြသော သူတို့သည်လည်းကောင်း၊ 'စမူးဒ်' အမျိုးသားတို့သည်လည်းကောင်း မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြကုန်၏။)
[၅၀ း ၁၂]

တင်ပြပြီးခဲ့သော အာယသ်တော်များတွင် ကာဖိရ်တို့၏ 'ရိစာလသ်'နှင့် 'အာခိရသ်'တို့အပေါ် မဟုတ်မမှန်ဟု ငြင်းဆိုခြင်းအကြောင်း တင်ပြခဲ့သည်။ ဤသို့ ငြင်းဆိုခြင်းကြောင့် တမန်တော်မြတ် ﷺ အဖို့ ဒုက္ခရောက်ရကြောင်းမှာ ထင်ရှားသည်။ ဤအာယသ်တော်တွင် အလ္လာဟ်အသျှင်မြတ်သည် ကိုယ်တော်မြတ် ﷺ အား ဖြေသိမ့်နိုင်ရန်အတွက် ရှေးနဗီတို့နှင့် ၎င်းတို့၏ အုမ္မသ်သားများအကြောင်းကို တင်ပြထားတော်မူသည်မှာ နဗီတမန်တော်တိုင်းသည် ငြင်းပယ်ဆန့်ကျင်သူ ကာဖိရ်များဘက်မှ ဤကဲ့သို့သော ဒုက္ခများကို ခံစားခဲ့ကြရသည်သာ ဖြစ်သည်။ ဤသည်မှာ နဗီတမန်တော်အပေါင်းတို့၏ စွန္နသ်ဖြစ်သည်။ ဤဒုက္ခပေးမှုများကြောင့် အသင်သည် စိတ်ဓါတ်မကျလေနှင့်။ နူးဟ် عليه السلام ၏ အမျိုးသားများအကြောင်းသည် ကုရ်အာန်ကျမ်းမြတ်၌ အကြိမ်ကြိမ် လာရှိခဲ့ပြီးဖြစ်သည်။ ၎င်းမှာ နှစ်ပေါင်း (၉၅၀) တိုင် ဟဇရသ် နူးဟ် عليه السلام သည် ၎င်းတို့အား ပြုပြင်၍ လမ်းမှန်တရားရရန် ကြိုးပမ်းတော်မူခဲ့သော်လည်း ၎င်းတို့ဘက်မှ ငြင်းပယ်ခြင်းမျှသာမကဘဲ ဒုက္ခအမျိုးမျိုးကိုလည်း ပေးခဲ့ကြသည်။

اصحاب الرّس 'အဆ္ဂ်ဟာဗွရ်ရတ်စ်' ဆိုသည်မှာ မည်သူများ ဖြစ်ကြပါသနည်း

اصحاب الرّس — رسّ ဟူသော စကားလုံးမှာ အရဗီဘာသာစကား၌ အဓိပ္ပာယ်များစွာအတွက် လာရှိ သော စာလုံးဖြစ်သည်။ ၄င်း၏ ကျော်ကြားသော အဓိပ္ပာယ်မှာ အုတ်၊ ကျောက် စသည်တို့ဖြင့် ပတ်ကား မပြုရသေးသော အကြမ်းထည်ရေတွင်းကို ခေါ်ဆိုသည်။ اصحاب الرّس ဟူသည်မှာ 'စမူးဒ်' အမျိုးသားများအနက် 'အဇားဗ်'အပြစ်ဒဏ်မှ လွတ်မြောက်၍ ကျန်ရှိသောသူများကို ဆိုလိုသည်။

ဒွဟ်ဟားက် (ရဟ) နှင့် အစရှိသော အဖွင့်ပညာရှင်များက ၄င်းတို့၏ အဖြစ်အပျက် အကြောင်းကို ရေးသားကြသည်မှာ ဟဇရတ်ဆွာလိဟ် ﷺ ၏ အမျိုးသားများဖြစ်သော 'စမူးဒ်'အမျိုးသားတို့ထံ 'အဇားဗ်' အပြစ်ဒဏ် ကျရောက်လာသောအခါ ၄င်းတို့အနက် ဟဇရတ်ဆွာလိဟ် ﷺ အပေါ် အီမာန်သက်ဝင် ယုံကြည်ပြီးဖြစ်သူ လူဦးရေ (၄၀၀၀) မှာ 'အဇားဗ်' မှ လွတ်မြောက်ခဲ့ကြသည်။ ၄င်းတို့သည် မိမိတို့ နေရာမှ ရွှေ့ပြောင်း၍ حضرموت 'ဟဇရမောင်ဝ်သ်'ဒေသတွင် သွားရောက်နေထိုင်ခဲ့ကြသည်။ ဟဇရတ် ဆွာလိဟ် ﷺ သည် ၄င်းတို့နှင့်အတူ လိုက်ပါလာခဲ့သည်။ ၄င်းတို့သည် ရေတွင်းတစ်တွင်းအနီး၌ သွား ရောက်၍ နေထိုင်ခဲ့ကြသည်။ ထိုစဉ်ပင် ဟဇရတ်ဆွာလိဟ် ﷺ ၏ 'ဝဖားသ်'သေခြင်းတရားကား ဆိုက် ရောက်လာခဲ့သည်။ ထို့ကြောင့် ယင်းနေရာ၏ အမည်ကို حضرموت 'ဟဇရမောင်ဝ်သ်' (သေခြင်းတရား သက်ရောက်ခဲ့သည့် နေရာ) ဟု ခေါ်တွင်ခဲ့ခြင်းဖြစ်သည်။

၄င်းတို့သည် ယင်းနေရာ၌ပင် နေထိုင်ခဲ့ကြသည်။ ထို့နောက်တွင် ၄င်းတို့၏ သားမြေးများတွင် ရုပ်တုကိုးကွယ်မှုများ တစ်ဖန် စတင် ဖြစ်ပေါ်လာခဲ့သည်။ ၄င်းတို့အား ပြုပြင်ရန်အတွက် အလ္လာဟ်အသျှင် မြတ်သည် နဗီတမန်တော်တစ်ပါးကို စေလွှတ်တော်မူခဲ့သည်။ ၄င်းတို့သည် ထိုနဗီတမန်တော်အား သတ်ဖြတ် လိုက်ကြသည်။ ၄င်းတို့အပေါ်တွင် အလ္လာဟ်အသျှင်မြတ်၏ 'အဇားဗ်'အပြစ်ဒဏ် ကျရောက်လာခဲ့သည်။ ၄င်းတို့၏ အသက်ရှင် ရပ်တည်နိုင်ရန်အတွက် အဓိကကျသော ၄င်းရေတွင်းသည်လည်း ပျက်စီးသွားခဲ့သည်။ အဆောက်အဦးများမှာ လူသူကင်းမဲ့သွားရသည်။ ကုရ်အာန်ကျမ်းတော်မြတ်သည် ဤအဖြစ်အပျက်ကို

وَبِئۡرٍ مُّعَطَّلَةٍ وَّ قَصۡرٍ مَّشِيۡدٍ

(ထို့ပြင် များစွာသော ပျက်စီးနေသည့် ရေတွင်းများသည်လည်းကောင်း၊ မြင့်စွင့်သော တိုက်တာ၊ အိမ်၊ ဂေဟာ အစရှိသည့် အဆောက်အဦးများသည်လည်းကောင်း (ယခုတိုင်အောင် လက်ငုပ်လက်စအဖြစ်) ကျန်ရှိနေသေး၏။) [၂၂ : ၄၅]

ဟူသော အာယသ်တော်၌ တင်ပြမိန့်ကြားထားသည်။ ဆိုလိုသည်မှာ 'သံဝေဂတရား ရယူလိုသူများ အဖို့ ၄င်းတို့၏ ပျက်စီးသွားသော ရေတွင်းနှင့် ပတ်ကား ဆောက်လုပ်ထားသည့် ခမ်းနားသော အဆောက် အဦးများ လူသူကင်းမဲ့ ဖြစ်သွားရခြင်းသည်ပင် သံဝေဂတရား ရယူရန် လုံလောက်ပေသည်' ဟူ၏။

ثَمُوْدُ 'ဆမူးဒ်' မျိုးနွယ်စုသည် ဟဇရသ်ဆွာလိဟ် عليه السلام ၏ အုမ္မသ်ဖြစ်သည်။ ၎င်းတို့အကြောင်းသည် ကုရ်အာန်ကျမ်းတော်မြတ်တွင် အကြိမ်ကြိမ် လာရှိထားပြီးဖြစ်သည်။

عَادٌ 'အားဒ်'အမျိုးသားများသည် မိမိတို့၏ ခန္ဓာကိုယ်ကြီးမားမှု၊ အားအင်ရှိမှုနှင့် ရဲစွမ်းသတ္တိရှိမှုများတွင် ပမာတူ မရှိကြသူများ ဖြစ်ပေသည်။ ဟဇရသ်ဟူးဒ် عليه السلام သည် ထိုအမျိုးသားများထံ စေလွှတ်ခြင်း ခံခဲ့ရလေသည်။ ၎င်းတို့သည် ဟဇရသ်ဟူးဒ် عليه السلام အား ဒုက္ခများ ပေးခဲ့ကြသည်။ ၎င်းအား အမိန့်ဖီဆန်မှု ပြုခဲ့ကြသည်။ နောက်ဆုံးတွင် လေပြင်းမုန်တိုင်း၏ 'အဇာဗ်'အပြစ်ဒဏ် ကျရောက်လာခဲ့သည်။ ၎င်းတို့အားလုံး သေကြေ ပျက်စီးသွားကြလေသည်။

فِرْعَوْنَ ဖိရ်အောင်န်သည် အလွန်ထင်ရှားကျော်ကြားသော အီဂျစ်နိုင်ငံ ဘုရင်၏ အမည်ဖြစ်သည်။

اَخْوَانُ لُوْطٍ ဟဇရသ်လူးသွ် عليه السلام ၏ အုမ္မသ်ဖြစ်သည်။ ၎င်းတို့အကြောင်း ကြိမ်ဖန် များစွာ ရှေ့၌ တင်ပြခဲ့ပြီး ဖြစ်သည်။

اَصْحٰبُ الْاَيْكَةِ 'အိုင်ကာဟ်' သည် ထူထပ်သော တောနှင့် တောနက်ကို ခေါ်ဆိုသည်။ ဤသူများသည် ထိုသို့ ထူထပ်သော တောနက်တွင် နေထိုင်သူများ ဖြစ်ကြသည်။

ဟဇရသ်ရှုအိုင်ဗ် عليه السلام သည် ၎င်းတို့ထံသို့ နဗီအဖြစ် စေလွှတ်တော်မူခြင်း ခံရသည်။ ထိုအမျိုးသားတို့က အမိန့်ဖီဆန်ခဲ့ကြသည်။ နောက်ဆုံးတွင် အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ 'အဇာဗ်'အပြစ်ဒဏ် ကျရောက်လာခဲ့သည်။ ၎င်းတို့အားလုံး သေကြေပျက်စီးသွားကြသည်။

قَوْمُ تُبَّعٍ 'သွဗ္ဗအ်'အမျိုးသားများ၊ 'သွဗ္ဗအ်'သည် ယမန်နိုင်ငံ၏ ဘုရင်တစ်ပါး၏ ဘွဲ့ထူးဖြစ်သည်။ ဤအကြောင်းကို အတွဲ-၂၅၊ စာမျက်နှာ (၂၁၄) တွင် စူရာဟ်ဒုခါးန်၌ တင်ပြခဲ့ပြီးဖြစ်သည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَلَقَدْ خَلَقْنَا الْاِنْسَانَ وَنَعْلَمُ مَا تُوَسْوِسُ بِهٖ نَفْسُهٗ ۚ وَنَحْنُ اَقْرَبُ اِلَيْهِ مِنْ حَبْلِ الْوَرِيْدِ ﴿١٦﴾

၅၀ : ၁၆ ။ ။ ထို့ပြင် ကေန်မလွဲ ငါအသျှင်မြတ်သည် လူသားအား ဖန်ဆင်းတော်မူခဲ့၏။ ထို့ပြင် ငါအသျှင်မြတ်သည် ၎င်း၌ ၎င်း၏ စိတ်တွင်းဝယ် မသိမသာ ပေါ်ပေါက်စေသော အရာ (စကား) များ (တစ်နည်း) ၎င်း၏ စိတ်က မသိမသာ ပြောဆိုသော အရာ (စကား) များကိုပင် ငါအသျှင်မြတ် သိတော်မူ၏။ စင်စစ် ငါအသျှင်မြတ်သည် လူသား၏ လည်ချောင်းသွေးကြောထက်ပင်၊ ၎င်းနှင့် ပိုမို နီးကပ်စွာ ရှိနေတော်မူ၏။

إِذْ يَتَلَقَّى الْمُتَلَقِّيَانِ عَنِ الْيَمِينِ وَعَنِ الشِّمَالِ قَعِيدٌ ⑰

၅၀ : ၁၇ ။ ။ (အို, နဗီတမန်တော်၊ ပြန်လည် သတိပေးပါလေ။) အကြင်အခါ၀ယ် မှတ်သားသူ (ကောင်းကင်တမန်) နှစ်ပါးသည် ၎င်း (လူသား၏) လက်ျာ၊ လက်ဝဲဘက်မှ (တစ်ပါးစီ) ထိုင်၍ မှတ်သားလျက် ရှိကြ၏။

مَا يَلْفِظُ مِن قَوْلٍ إِلَّا لَدَيْهِ رَقِيبٌ عَتِيدٌ ⑱

၅၀ : ၁၈ ။ ။ ထိုလူသားသည် (မိမိ၏ နှုတ်ဖြင့်) မည်သည့်စကားကို (မဆို) မြွက်ဟပြောဆိုတိုင်း စောင့်မြော်၍ နေသူ (ကောင်းကင်တမန်) တစ်ပါးသည် ၎င်း၏ အနီး၌ပင် အသင့်ရှိနေ၏။

وَجَاءَتْ سَكْرَةُ الْمَوْتِ بِالْحَقِّ ذَٰلِكَ مَا كُنتَ مِنْهُ تَحِيدُ ⑲

၅၀ : ၁၉ ။ ။ စင်စစ် သေခြင်းတရား၏ ပြင်းထန်မှု (မိန်းမောမှု) သည် မှန်ကန်စွာ ရောက်လာခဲ့ချေပြီ။ ဤသည်ပင် အသင် ၎င်းမှ (လွတ်မြောက်ရန်) တိမ်းရှောင်လေ့ရှိခဲ့သော အကြင်အရာပင် ဖြစ်၏။

وَنُفِخَ فِي الصُّورِ ذَٰلِكَ يَوْمُ الْوَعِيدِ ⑳

၅၀ : ၂၀ ။ ။ ထို့ပြင် တံပိုးခရာမှုတ်ခြင်း ခံရပေမည်။ ဤသည်ပင် (အသင်တို့အား) ချိန်းချက်ထားသော နေ့ပင် ဖြစ်၏။

وَجَاءَتْ كُلُّ نَفْسٍ مَّعَهَا سَائِقٌ وَشَهِيدٌ ㉑

၅၀ : ၂၁ ။ ။ ထို့ပြင် လူတိုင်းသည် ('မဟ်ရှရ်' ကွင်းပြင်၏) စုရုံးရာဌာနသို့ လာရပေမည်။ (ထိုအခါ) ၎င်းနှင့်အတူ မောင်းနှင်သူ (ကောင်းကင်တမန်) တစ်ပါးနှင့် သက်သေခံသူ (ကောင်းကင်တမန်) တစ်ပါး ရှိကြပေမည်။

لَّقَدْ كُنتَ فِي غَفْلَةٍ مِّنْ هَٰذَا فَكَشَفْنَا عَنكَ غِطَاءَكَ فَبَصَرُكَ الْيَوْمَ حَدِيدٌ ㉒

၅၀ : ၂၂ ။ ။ (ထိုအခါ အသျှင်မြတ်ထံတော်မှ ဤသို့ မိန့်ကြားတော်မူခြင်းကို ခံရမည်။) စကန်မလွဲ အသင်သည် ဤနေ့နှင့် စပ်လျဉ်း၍ အမှုမထား ဂရုမစိုက်ဘဲ ပေါ့ဆမှု၌ ရှိနေခဲ့ပေသည်။ သို့ဖြစ်ပေရာ (ယခုမူ) ငါအသျှင်မြတ်သည် အသင့် (မျက်စိ) အပေါ်မှ အကာအကွယ်ကို ဖယ်ရှား၍ ပေးတော်မူလိုက်ပြီ။ ထို့ကြောင့် ယနေ့ အသင်၏ မြင်နိုင်သော သတ္တိမှာ ထိုးဖောက်နိုင်စွမ်းရှိပြီး မြင်နိုင်လောက်အောင် စူးရှ၍ နေပေသည်။

وَقَالَ قَرِينُهُ هَٰذَا مَا لَدَيَّ عَتِيدٌ ㉓

၅၀ : ၂၃ ။ ။ ထို့နောက် ၎င်း၏အဖော် (ဖြစ်သူ ကောင်းကင်တမန်) က 'ဤသည် ကျွန်ုပ်၏ထံ၌ အဆင်သင့်ရှိသော (နေ့စဉ်မှတ်တမ်း) ဖြစ်၏' ဟူ၍ ပြောဆိုပေမည်။

أَلْقِيَا فِي جَهَنَّمَ كُلَّ كَفَّارٍ عَنِيدٍ ﴿٢٤﴾

၅၀ : ၂၄ ။ ။ (ထိုအသျှင်မြတ်သည် ကောင်းကင်တမန်နှစ်ပါးတို့အား ဤသို့ မိန့်ကြားတော်မူပေမည်။) အသင်တို့နှစ်ဦးသည် အကြင်ကဲ့သို့သော သူတို့အား 'ဂျဟန္နမ်' ငရဲဘုံထဲသို့ ပစ်ချကြလေကုန်။ ထိုသူသည် အလွန်တရာ ကျေးဇူးကန်းသူ (အလွန်တရာ ငြင်းပယ်သူ) ခွတ်တရွတ်နိုင်သောသူ (ဖြစ်၏။)

مَّنَّاعٍ لِّلْخَيْرِ مُعْتَدٍ مُّرِيبٍ ﴿٢٥﴾

၅၀ : ၂၅ ။ ။ ကောင်းမှု (ပြုခြင်း) မှ တားမြစ်သောသူ၊ စည်းကမ်းကျူးလွန်သောသူ၊ သံသယဖြစ်သောသူ (ပင်ဖြစ်၏။)

الَّذِي جَعَلَ مَعَ اللَّهِ إِلَٰهًا آخَرَ فَأَلْقِيَاهُ فِي الْعَذَابِ الشَّدِيدِ ﴿٢٦﴾

၅၀ : ၂၆ ။ ။ (ထို့ပြင်) အလ္လာဟ်အသျှင်မြတ်နှင့်အတူ အခြားသော ကိုးကွယ်ရာကို တွဲဖက်သတ်မှတ်သောသူ ဖြစ်၏။ သို့ဖြစ်ပေရာ အသင်တို့ (ကောင်းကင်တမန်) နှစ်ပါးသည် ထို (ကဲ့သို့သော) သူအား ပြင်းထန်စွာသော ပြစ်ဒဏ်၌ ပစ်ချကြလေကုန်။

قَالَ قَرِينُهُ رَبَّنَا مَا أَطْغَيْتُهُ وَلَٰكِن كَانَ فِي ضَلَالٍ بَعِيدٍ ﴿٢٧﴾

၅၀ : ၂၇ ။ ။ ၎င်း၏အဖော် (ဖြစ်သော ရှိုက်သွာန်) က ပြောဆို (လျှောက်ထား) ပေမည်။ 'အို၊ ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၊ ကျွန်တော်မျိုးသည် ၎င်းအား ဆိုးသွမ်းမိုက်ကန်းစေခဲ့သည် မဟုတ်ပါ။ စင်စစ်မှာ ၎င်းကိုယ်တိုင်သည်ပင်လျှင် ဝေးလံစွာသော လမ်းမှားမှု၌ ရှိနေခဲ့ပါသည်။'

قَالَ لَا تَخْتَصِمُوا لَدَيَّ وَقَدْ قَدَّمْتُ إِلَيْكُم بِالْوَعِيدِ ﴿٢٨﴾

၅၀ : ၂၈ ။ ။ ထိုအသျှင်မြတ်သည် မိန့်ကြားတော်မူပေမည်။ အသင်တို့သည် ငါအသျှင်မြတ်၏ ထံတော်၌ အငြင်းအခုံ မပြုကြကုန်လင့်။ အမှန်စင်စစ် ငါအသျှင်မြတ်သည် (ပြစ်ဒဏ်နှင့် စပ်လျဉ်း၍) ချိန်းဆိုချက်ကို အသင်တို့ထံသို့ တင်ကြို (သတိပေး) ပို့နှင့်တော်မူခဲ့ပြီး ဖြစ်၏။

مَا يُبَدَّلُ الْقَوْلُ لَدَيَّ وَمَا أَنَا بِظَلَّامٍ لِّلْعَبِيدِ ﴿٢٩﴾

၅၀ : ၂၉ ။ ။ ငါအသျှင်မြတ်ထံတော်၌ စကားပြောင်းလဲသည်ဟူ၍ မရှိပြီ။ ထို့ပြင် ငါအသျှင်မြတ်သည် မိမိ၏ 'ကျွန်' များအား မတရား ပြုလုပ်တော်မူသော အသျှင်မြတ်လည်း မဟုတ်ပြီ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

('ကေယာမသ်'နေ့တွင် သူသေများ ပြန်လည်ရှင်ထခြင်းမှာ ဖြစ်နိုင်သော အချက်ဖြစ်ကြောင်းကို အတည်ပြု တင်ပြခဲ့ပေပြီ။ ရှေ့၌ ထိုအချက် ဖြစ်ပေါ်မည်ကို တင်ပြထားသည်။ ၎င်းအချက် ဖြစ်ပေါ်ရန်မှာ ပြည့်စုံသော အသိပညာနှင့် ပြည့်စုံကုံလုံသော တန်ခိုးတော်အပေါ် မူတည်လေသည်။ ထို့ကြောင့် ပထမဦးစွာ တင်ပြသည်မှာ) ထို့ပြင် ငါအသျှင်မြတ်သည် မုချကေန် လူသားအား ဖန်ဆင်းတော်မူခဲ့၏။ (ဤသည်မှာ တန်ခိုးတော်ရှိခြင်းအပေါ် အမြင့်မားဆုံးသော အထောက်အထားဖြစ်သည်။) ထို့ပြင် ငါအသျှင်မြတ်သည် ၎င်း၏ စိတ်အတွင်း၌ ပေါ်ပေါက်သော အတွေးများထိတိုင် သိရှိတော်မူ၏။ (၎င်း၏ ခြေ၊ လက်နှင့် နှုတ်လျှာဖြင့် ပြုသော အမှုကိစ္စများကို သိရှိရန်မှာမူ ပို၍ပင် လွယ်ကူပေသည်။) ထို့ပြင် (ငါအသျှင်မြတ်သည် ၎င်း၏ အခြေအနေများကို ၎င်းကိုယ်တိုင် မိမိ၏ အခြေအနေများကို သိသည်ထက် ပို၍ သိတော်မူပေသည်။ ထိုသို့ သိတော်မူခြင်းအားဖြင့်) ငါအသျှင်မြတ်သည် လူသား၏ လည်ချောင်းသွေးကြောထက်ပင် ၎င်းနှင့် ပိုမို နီးကပ်စွာ ရှိနေတော်မူ၏။

(ဤလည်ချောင်းသွေးကြော ပြတ်တောက်သွားခြင်းဖြင့် လူသည် သေဆုံးသွားရသည်။ သတ္တဝါများ၏ အသက်ထွက် သေစေရန်အတွက် လူတို့သည် လည်ချောင်းသွေးကြောကို ဖြတ်လေ့ ရှိကြသည်။ ထို့ကြောင့် ဤစာလုံးဖြင့် ခိုင်းနှိုင်းသုံးနှုန်းခြင်း ဖြစ်သည်။ ဤလည်ချောင်းသွေးကြောဟု ဆိုရာ၌ **وَرِيد** နှင့် **شريان** နှစ်မျိုးစလုံးကို ဆိုလိုခြင်းဖြစ်သည်။ သို့ရာတွင် **شريان** ၏ အလိုသဘောကို ကောက်ယူခြင်းမှာ ပို၍ သင့်တော်သည်။ အဘယ်ကြောင့်ဆိုသော် ဤအကြောတွင် ဝိညာဉ်သည် အထက်စီးမှ ဖြစ်ပြီး သွေးသည် အောက်စီးမှ ဖြစ်သောကြောင့်ပင် ဖြစ်သည်။ **وَرِيد** မှာမူ ၎င်းနှင့် ဆန့်ကျင်ဘက် ဖြစ်သည်။ ဤနေရာ၌ ဝိညာဉ်ကို ပိုမို ဝင်ရောက်စေသော အကြော၏ အလိုသဘောယူခြင်းမှာ ပို၍ သင့်တော်ပေသည်။ စူရာဟ်ဟာကဟ်တွင် **وَتِين** ဟူသော စာလုံး၏ အဓိပ္ပာယ်ကို 'နှလုံးသွေးကြော'ဟု သုံးနှုန်းထားခြင်းမှာ ဤသည်ကိုပင် ထောက်ခံလျက်ရှိသည်။ အဘယ်ကြောင့်ဆိုသော် နှလုံးမှ ထွက်ပေါ်သော အကြောများသည် **شرائين** ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင် **وَرِيد** ဟူသော စာလုံးသာ လာရှိပါ၏။ သို့သော်လည်း ၎င်း၏ အဓိပ္ပာယ်မှာ အဘိဓါန်၌ နှစ်မျိုးစလုံးအတွက် ခြုံငုံ၍ လာရှိထားသည်။ ၎င်းအဓိပ္ပာယ်များတွင် နှလုံးမှ ထွက်သော **شرائين** အကြောများလည်း ပါဝင်ပေသည်။ ထို့ပြင် အသဲမှ ထွက်လာသော **وريد** အကြော များလည်း ပါဝင်သည်။ သို့ဖြစ်ပေရာ အလိုသဘောမှာ ငါအသျှင်မြတ်သည် သိမြင်တော်မူခြင်းအားဖြင့် ၎င်း၏ ဝိညာဉ်နှင့် အသက်ဇီဝိန်တို့ထက်ပင် နီးကပ်မှုရှိပေသည်။ ဆိုလိုသည်မှာ လူသားသည် မိမိ၏အကြောင်းကို မိမိ သိရှိသည်ထက် ပို၍ ငါအသျှင်မြတ်သည် ၎င်းထက်ပို၍ ၎င်း၏ အကြောင်းများကို သိရှိတော်မူသည်ဟူ၍တည်း။ လူသားမှာမူ မိမိနှင့် ပတ်သက်သော အခြေအနေများစွာတို့ကိုပင် မသိရှိပေ။ သိရှိပြီးသား အသိများတွင်လည်း ရံဖန်ရံခါ မေ့လျော့မှုများ ဖြစ်သွားတတ်ပေသည်။ အလ္လာဟ်

အသျှင်မြတ်တွင် ဤကဲ့သို့သော ဖြစ်နိုင်ချေများ မရှိပေ။ အခြေအနေတိုင်းကို သိသော အသိသည် အခြေအနေ တစ်ခုတွင်သာ သိသော အသိထက် သာပိုမည်မှာ ထင်ရှားလှပေသည်။

အချုပ်ဆိုရသော် အလ္လာဟ်အသျှင်မြတ်၏ အသိတော်သည် လူသားအပေါင်းတို့၏ အခြေအနေ တိုင်းနှင့် စပ်လျဉ်းကြောင်းလည်း အတည်ဖြစ်သွားပေပြီ။ ရှေ့တွင် ဤအကြောင်းကို ပိုမိုလေးနက်စေရန် တင်ပြ မိန့်ကြားတော်မူသည်မှာ 'လူသား၏ လုပ်ရပ်နှင့် အခြေအနေများကို အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ အသိတော်၌သာ ထိန်းသိမ်းထားသည်မဟုတ်ဘဲ အပေါ်ယံ လျှောက်လွှဲချက်ပြ စောဒကတက်မှုများ ကို အဆုံးသတ်စေရန်အတွက် ထိုအရာများကို ဖရစ်ရှ်သာဟ်များအားလည်း ရေးမှတ်စေ၍ ထိန်းသိမ်းစောင့် ရှောက်တော်မူစေသည်။ အသျှင်မြတ်က မိန့်သည်မှာ) မှတ်သားသူ ဖရစ်ရှ်သာဟ်နှစ်ပါးတို့သည် (လူသား ပြုသမျှသော ပြုမူဆောင်ရွက်ချက်များကို) လက်ျာဘက်မှလည်းကောင်း၊ လက်ဝဲဘက်မှလည်းကောင်း ထိုင်၍ မှတ်သားလျက် ရှိကြပေသည်။

(၎င်းတို့သည် ပြုသမျှ အမှုကိစ္စတို့ကို ပုံမှန်ရေးမှတ်နေကြပေသည်။ အလ္လာဟ်အသျှင်မြတ်က

إِنَّ رُسُلَنَا يَكْتُبُونَ مَا تَمْكُرُونَ ဟုလည်းကောင်း၊

(ကေန်အမှန် ငါအသျှင်မြတ်၏ (ကောင်းကင်) စေတမန်များသည် အသင်တို့ ကြံစည်သမျှတို့ကို ရေးမှတ်လျက်ပင် ရှိကြပေသည်။) *[၁၀ : ၂၁]*

إِنَّا كُنَّا نَسْتَنسِخُ مَا كُنتُمْ تَعْمَلُونَ

(ကေန်စင်စစ် ငါအသျှင်မြတ်သည် အသင်တို့ ကျင့်မူခဲ့ကြသည်တို့ကို ရေးမှတ်စေလျက် ရှိတော်မူ ခဲ့ပေသည်။) *[၄၅ : ၂၉]*

ဟုလည်းကောင်း မိန့်ကြားတော်မူထား၍ ဖြစ်သည်။ လူသား၏ လုပ်ငန်းဆောင်တာ အမှုကိစ္စများတွင် အပေါ့ပါးဆုံးမှာ နှုတ်ထွက်ပြောဆိုချက်များပင် ဖြစ်သည်။ သို့ရာတွင် ၎င်း၏ အခြေအနေမှာ) ထိုလူသားသည် (နှုတ်ဖြင့်) မည်သည့်စကား မျှ ပြောဆိုခြင်း မပြုရမီမှာပင် ၎င်း၏ အနီး၌ပင် ချောင်းမြောင်းနေသူ ဖရစ်ရှ်သာဟ် တစ်ဦးမှာ အသင့်ရှိနေပေသည်။

(အကယ်၍ လူသားသည် ကောင်းမှုကုသိုလ် စကားများ ပြောဆိုခြင်းဖြစ်ပါမူ လက်ျာဘက်၌ ရှိသူ ဖရစ်ရှ်သာဟ်သည် ထိုကောင်းမှုစကားကို ရေးမှတ်ခြင်း ပြုလေသည်။ အကယ်၍ မကောင်းမှု အကုသိုလ်စကားဖြစ်မူ လက်ဝဲဘက်၌ရှိသူ ဖရစ်ရှ်သာဟ်က ရေးမှတ်ခြင်းပြုပေမည်။ ထို့ကြောင့် နှုတ်မှ ထွက်သည့် စကားလုံးများအား တစ်လုံးချင်းစီကိုပင် ရေးမှတ်ထားစေတော်မူသည်ဖြစ်ရာ အခြားသော ကျင့်စဉ်ကျင့်ရပ်များကို အဘယ်ကြောင့် ထိန်းသိမ်းထားခြင်း မရှိရမည်နည်း။ 'အာခေရတ်' တမလွန်၏ သက်တမ်း၊ ကျင့်စဉ်များအတွက် ကောင်းကျိုးအစားနှင့် ဆိုးကျိုးပြစ်ဒဏ်များ၏ ရှေ့ပြေးသည် သေခြင်း တရားပင် ဖြစ်ပေသည်။ ထို့ကြောင့် လူသားအား သတိပေးနှိုးဆော်ရန်အတွက် ရှေ့၌ ဤအကြောင်း

တင်ပြထားသည်။ အဘယ်ကြောင့်ဆိုသော် 'ကေယာမသ်'နေ့ကို ငြင်းပယ်ခြင်း၏ အဓိကအကြောင်းအရင်းမှာ သေခြင်းတရားကို မေ့မောနေမှုကြောင့်သာ ဖြစ်သည်။ ထို့ကြောင့် အသျှင်မြတ်က မိန့်ဆိုသည်မှာ ဤသို့ဆိုလျှင် သတိထားကြလေကုန်။)

မရဏသေခြင်းတရား၏ ကြမ်းတမ်းမှုသည် စင်စစ် (အနီးသို့) ရောက်ရှိလာခဲ့ချေပြီ။ (ဆိုလိုသည်မှာ လူသားတိုင်းအတွက် သေခြင်းတရားသည် နီးကပ်စွာ ရှိသည်ဟု ဖြစ်သည်။ သို့ဖြစ်ပေရာ ထင်ရှားသည်မှာ) ဤအရာသည် အသင်ပြေးလွှားရှောင်တိမ်းလျက် ရှိခဲ့သော အရာ (သေခြင်းတရား) ပင် ဖြစ်သည်။

(သေခြင်းတရားကို မလိုလားခြင်းမှာမူ လူ့ဇီဇအရ ကောင်းသူ၊ မကောင်းသူ အားလုံးတွင် အတူတူပင် ရှိသော အရာဖြစ်သည်။ သို့ရာတွင် ကာဖိရ်နှင့် ဆိုးယုတ်သူတို့၏ သေခြင်းတရားမှ ထွက်ပြေးတိမ်းရှောင်ခြင်းမှာမူ လောကီကို ချစ်ခင်မှု ပို၍ များပြား၍ဖြစ်ကြောင်း ထင်ရှားပေသည်။ အလ္လာဟ်အသျှင်မြတ်၏ အထူးကျွန်များပေါ်တွင် အလ္လာဟ်နှင့် တွေ့ဆုံရန် ဆန္ဒများ လွှမ်းမိုးလျက် သေခြင်းတရား၏ အရသာကို လိုလားတောင်းခံကြသူများရှိခြင်းမှာ ဤအချက်နှင့် မဆန့်ကျင်ပါ။ အဘယ်ကြောင့်ဆိုသော် ထိုအချက်မှာ လူအများတို့၏ သဘာဝလေ့အထက်၌ ရှိနေသောကြောင့် ဖြစ်သည်။)

ထို့ပြင် (ဤ 'ကေယာမသ်'၏ ရှေ့ပြေးဖြစ်သော သေခြင်းတရားကို တင်ပြပြီးနောက် 'ကေယာမသ်' ဖြစ်ပေါ်လာမည့်အကြောင်းကို တင်ပြထားသည်။ 'ကေယာမသ်'နေ့တွင် ဒုတိယအကြိမ်) 'ဆူရ်'တံပိုးခရာ မှုတ်ခြင်း ခံရပေမည်။ (ဤတံပိုးခရာမှုတ်ခြင်းကြောင့် အားလုံး ပြန်လည်ရှင်လာကြပေမည်။) ဤနေ့သည် ပင် ချိန်းချက်ထားသောနေ့ ဖြစ်သည်။ (ထိုနေ့မှ လူတို့အား သတိပေးနှိုးဆော် ခြိမ်းခြောက်ခြင်းများ ပြုထားသည်။)

ထို့ပြင် (ရှေ့၌ 'ကေယာမသ်'၏ ကြောက်မက်ဖွယ်ဖြစ်ရပ်များနှင့် အခြေအနေများအကြောင်း တင်ပြထားသည်။) လူတိုင်းသည် ('ကေယာမသ်'ကွင်းပြင်သို့) ရောက်ရှိလာကြပေမည်။ ၎င်းနှင့်အတူ (ဖရစ်ရှ်သာဟ်နှစ်ပါး ပါရှိပေမည်။ ၎င်းတို့အနက်) တစ်ဦးသည် ('ကေယာမသ်'ကွင်းပြင်ဘက်သို့) ၎င်းအား ခေါ်ဆောင်သွားပေမည်။ အခြားတစ်ဦးမှာ (၎င်း၏ 'အအ်မာလ်'ကျင့်စဉ်များ၏) သက်သေဖြစ်ပေမည်။ ('မရ်ဖူးအ်' ဟဒီးစ်တော်၌ လာရှိသည်မှာ ဤဖရစ်ရှ်သာဟ်နှစ်ပါး **سائق** 'စာအိက်'နှင့် **شهيد** 'ရှဟီးဒ်' သည် လောကီသက်တမ်း၌ လူသား၏ လက်ျာနှင့် လက်ဝဲဘက်တို့တွင် ကျင့်စဉ်များကို ရေးမှတ်သည့် ဖရစ်ရှ်သာဟ်နှစ်ပါးပင် ဖြစ်ပေသည်ဟူ၍တည်း။

အကယ်၍ ဤဟဒီးစ်သည် ဟဒီးစ်ပညာရှင်တို့၏ စည်းကမ်းချက်များနှင့် မကိုက်ညီ၍ မခိုင်လုံဟု ဆိုပါက အချို့ပညာရှင်များ၏ အဆိုအတိုင်း ဤဖရစ်ရှ်သာဟ်နှစ်ပါးသည် သီးခြား ဖြစ်နိုင်ဖွယ် ရှိပေသည်။ ဤကဲ့သို့သော ပုံစံမျိုးများ၌ အလိုသဘောကို ဦးစားပေး ရွေးချယ်ရာတွင် ဟဒီးစ်နှင့်လည်း ကိုက်ညီမှု ရှိသော ပထမအဆိုကိုပင် အသာပေး ရွေးချယ်ရပေမည်။ ထို့နောက် 'ကေယာမသ်'ကွင်းပြင်၌ အသင့် ရောက်ရှိလေသောအခါ ၎င်းတို့အနက် ကာဖိရ်ဖြစ်သူတို့အား ဦးတည်မိန့်ကြားမည်မှာ) အသင်သည် ဤနေ့

နှင့်စပ်လျဉ်း၍ အမှုမထား ဂရုမစိုက်ဘဲ ပေါ့ဆမှု၌ ရှိနေခဲ့သူ၊ မသိခဲ့သူ ဖြစ်သည်။ (ဆိုလိုသည်မှာ ထိုနေ့ကို လက်ခံယုံကြည်ခဲ့ကြသူများမဟုတ်။) သို့ဖြစ်ပေရာ ယခုမူ ငါအသျှင်မြတ်သည် အသင့်အပေါ်မှ အသင့်အတွက် အကွယ်အကာဖြစ်စေခဲ့သော (မေ့မောခြင်းနှင့် ငြင်းပယ်ခြင်းတို့) ကို ဖယ်ရှားပေးတော်မူလိုက်ပြီ။ (ထို့နောက် 'ကေယာမသ်' ကို တွေ့မြင်စေတော်မူလိုက်သည်။) သို့ဖြစ်ပေရာ ယခုအခါ အသင်၏ ထိုးဖောက်မြင်နိုင်စွမ်းမှာ စူးရှ၍ နေပေသည်။

(မည်သည့်အတားအဆီးမျှ မရှိတော့ပေ။ အကယ်၍ လောက၌သာ ဤတားဆီးမှု မေ့မောခြင်းကို ဖယ်ရှားနိုင်ခဲ့ပါလျှင် အသင့်အတွက် ဤနေ့သည် ကောင်းသော နေ့ဖြစ်ပေမည်။) ထို့ပြင် ၎င်းနှင့်အတူ နေထိုင် သော ဖရစ်ရှ်ညာဟ်က (ယခုအချိန်တွင်လည်း အဆိုတစ်ခုအပေါ် မောင်းနှင်သူ (သို့) သက်သေဖြစ်၍ လာရှိပေမည်။ နေ့စဉ်မှတ်တမ်းကို တင်ပြလျက်) ဤသည် ကျွန်ုပ်ထံ၌ အဆင်သင့်ရှိသော မှတ်တမ်းစာအုပ် ဖြစ်သည်ဟူ၍ ပြောဆိုပေမည်။ (သို့ဖြစ်ပေရာ ဤနေ့စဉ်မှတ်တမ်းနှင့်အညီ ကာဖိရ်များနှင့် စပ်လျဉ်း၍ ဖရစ်ရှ်သာဟ်နှစ်ပါး (မောင်းနှင်သော ဖရစ်ရှ်သာဟ်စာအိက်နှင့် သက်သေပြုသော ဖရစ်ရှ်သာဟ် ရှဟီးဒ် ဖြစ်စေ၊ (သို့) အခြားဖရစ်ရှ်သာဟ်နှစ်ပါးကိုဖြစ်စေ၊ အမိန့်ပေးတော်မူမည်မှာ) 'အသင်တို့နှစ်ဦးသည် ကျေးဇူး ကန်းသူဟူသမျှနှင့် (အမှန်တရားမှ) ဆန့်ကျင်သူဟူသမျှတို့အား 'ဂျဟန္နမ်' ငရဲဘုံထဲသို့ ပစ်ချကြလေကုန်။

ထို့ပြင် ကောင်းမှုပြုခြင်းမှ တားမြစ်သောသူ၊ စည်းကမ်း (ကျွန်ဖြစ်ခြင်း) ကို ချိုးဖောက်သော သူနှင့် (သာသနာတော်နှင့် စပ်လျဉ်း၍) ဒွိဟသံသယဖြစ်သော သူ (တို့ကို 'ဂျဟန္နမ်' ငရဲဘုံထဲသို့ ပစ်ချကြ လေကုန်။)

ထို့ပြင် အလ္လာဟ်အသျှင်မြတ်နှင့်အတူ အခြားသော ကိုးကွယ်ရာကို တွဲဖက်သတ်မှတ်သောသူ ဖြစ်သည်။ သို့ဖြစ်ပေရာ အသင်တို့နှစ်ဦးသည် ဤကဲ့သို့သော သူတို့အား ပြင်းထန်စွာသော 'အဇာဗ်' ပြစ်ဒဏ်၌ ပစ်ချကြလေကုန်။

(ကာဖိရ်များသည် ယခုအခါ ထာဝရငရဲဘုံ၌ ရောက်ရှိရတော့မည်ဟု သိရှိကြလေသောအခါ မိမိတို့၏ လွတ်မြောက်မှုအတွက် မိမိတို့အား လမ်းလွဲစေသူများအပေါ် အပြစ်ပုံချကြပေမည်။ ၎င်းတို့က ကျွန်တော်မျိုးတို့၏ အပြစ်မဟုတ်ပါ။ ကျွန်တော်မျိုးတို့အား အခြားသူများက လမ်းမှားစေခဲ့ကြခြင်းသာ ဖြစ်ပါသည်'ဟု ဆိုကြပေမည်။ ထိုလမ်းမှားစေသူများတွင် ရှိုက်သွာန်များလည်း ပါဝင်သည်။ ထို့ကြောင့်) ၎င်းနှင့်အတူ နေထိုင်သူ ရှိုက်သွာန်က ပြောဆိုလျှောက်ထားသည်မှာ 'အို၊ ကျွန်တော်မျိုးတို့အား ဖန်ဆင်း မွေးမြူတော်မူသော အသျှင်မြတ်၊ ကျွန်တော်မျိုးသည် ၎င်းအား (အဓမ္မ) လမ်းလွဲစေခဲ့သည် မဟုတ်ပါ။ (၎င်းတို့၏ စွပ်စွဲပြောဆိုချက်အရမူ ၎င်းတို့သည် မိမိတို့၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ရွေးချယ်ပြုလုပ် ခဲ့ခြင်း မဟုတ်ပါ'ဟူသော အလိုသဘော သက်ရောက်နေသည်။) သို့ရာတွင် အမှန်စင်စစ်တွင်မူ ၎င်းသူ ကိုယ်တိုင်ပင် ဝေးလံစွာသော လမ်းမှားမှု၌ (မိမိသဘောဆန္ဒအလျောက်) ရှိနေခဲ့ပါသည်။

(လမ်းမှားရောက်ရန် သိမ်းသွင်းမှုကိုမူ ကျွန်တော်မျိုး ပြုမိခဲ့ပါသည်။ သို့သော် မည်သည့်အဓမ္မ နည်းနှင့်မျှ မပြုခဲ့ပါ။ ထို့ကြောင့် ၎င်းသူလမ်းမှားရခြင်း၏ သက်ရောက်မှုသည် ကျွန်တော်မျိုးအပေါ်၌

မရှိသင့်ပါ။ ထိုအခါ အသျှင်မြတ်က) အသင်တို့သည် ငါအသျှင်မြတ်၏ ထံတော်ပါး၌ အငြင်းအခုံမပြုကြကုန်လင့်။ (အကျိုးရှိမည်မဟုတ်ပါ။) ငါအသျှင်မြတ်သည် မုချကေန် အစကနဦးမှပင် အသင်တို့ထံ ချိန်းဆိုချက်ကို ကြိုတင်ပို့နှင့်တော်မူခဲ့ပြီး ဖြစ်သည်ဟု မိန့်ကြားတော်မူပေမည်။ (မိမိသဘောအလျောက် ကုဖွရ်ပြုလုပ်သူဖြစ်စေ၊ (သို့) အခြားသူတစ်ဦး၏ သိမ်းသွင်းမှုကြောင့်ဖြစ်စေ၊ ထိုနည်းတူစွာ မိမိ၏ သဘောဆန္ဒအလျောက် ကုဖွရ်ပြုလုပ်ရန် အမိန့်ပေးသူဖြစ်စေ၊ (သို့) အခြားတစ်ဦး၏ အစမ္ဘပြုကျင့်မှုအရ ဤသို့အမိန့်ပေးသူဖြစ်စေ၊ အားလုံးကို 'ဂျဟန္နမ်'ငရဲဘုံ၏ အပြစ်ဒဏ်၌ သူ့အဆင့်နှင့်သူ မတူညီသော အဆင့်များဖြင့် ပေးတော်မူပေမည်။ သို့ဖြစ်ပေရာ) ငါအသျှင်မြတ်ထံတော်၌ (ထို) စကား (ဖော်ပြပါချိန်းဆိုချက်) သည် ပြောင်းလဲသည်ဟူ၍ မရှိပြီ။ (ထို့မျှ သာမကသေးဘဲ အသင်တို့အားလုံးသည် 'ဂျဟန္နမ်'ငရဲဘုံတွင် ဆွဲချခံကြရပေမည်။) ထို့ပြင် ငါအသျှင်မြတ်သည် (ဤသို့ ပြုလုပ်တော်မူရာ၌) ကျွန်များအပေါ် မတရား ပြုလုပ်တော်မူသော အသျှင်မြတ်လည်း မဟုတ်ပေ။ (သို့သာမက ကျွန်လူသားများကိုယ်တိုင် မိမိတို့ ပြုလုပ်ခဲ့ကြသော မဖွယ်ရာသော လုပ်ရပ်များ၏ အစားပေးခြင်းကို ယနေ့ ခံစားနေကြရခြင်းသာ ဖြစ်ပေသည်။)

သိမှတ်ဖွယ်ရာများနှင့် ခေမ္မသတ်များ

ရှေးလွန်လေပြီးသော အာယသ်တော်များတွင် 'ကေယာမသ်'ကွင်းပြင်၌ စုရုံးခြင်း၊ သူသေများပြန်လည်ရှင်ထခြင်းတို့ကို မဖြစ်နိုင်။ ဦးနှောက်အတွေးအခေါ်အရ အလှမ်းဝေးသည်ဟု ဆို၍ ငြင်းပယ်သူများ၏ ဒွိဟသံသယများကို ဝေးလွင့်ပပျောက်စေရန် ဖြေရှင်းချက်ကို 'အသင်တို့သည် အလ္လာဟ်အသျှင်မြတ်၏ အသိရွှေဉာဏ်တော်ကို မိမိတို့အသိနှင့် နှိုင်းယှဉ်သုံးသပ်ထားကြသည်။ ထို့ကြောင့် သူသေများ၏ အစိတ်အပိုင်းများသည် မြေကြီးဖြစ်သွားပြီး လောကတွင် ပြန့်နှံ့သွားပြီးနောက် ၎င်းတို့အား မည်ကဲ့သို့ စုရုံးနိုင်မည်နည်း'ဟု ဒွိဟသံသယဖြင့် စောဒကစကားများ ဆိုကြလေသောခါ အလ္လာဟ်အသျှင်မြတ်က 'စကြဝဠာကြီးတစ်ခွင်လုံး၌ ရှိရှိသမျှသော အရာသည်ပင် ငါအသျှင်မြတ်၏ အသိရွှေဉာဏ်တော်၌ ရှိသည်။ ငါအသျှင်မြတ်အတွက် အရာအားလုံးကို စုရုံးလိုသည့်အခါ စုရုံးနိုင်ရန် အဘယ်မှာလျှင် ခက်ခဲပါမည်နည်း' ဟု မိန့်ကြားထားတော်မူ၍ တင်ပြထားသည်။ ဖော်ပြပါ အာယသ်တော်များ၌လည်း အသျှင်မြတ်၏ အသိရွှေဉာဏ်တော်၏ ကျယ်ဝန်းခြင်းနှင့် အရာရာကို လွှမ်းခြုံမှုရှိခြင်းတို့အကြောင်း တင်ပြထားသည်။ ၎င်းမှာ လူသား၏ အစိတ်အပိုင်းများကို သိရှိတော်မူခြင်းထက် ပို၍ ကြီးကျယ်သော အချက်မှာ ငါအသျှင်မြတ်သည် လူသားတိုင်း၏ စိတ်နှလုံးသားမှ ဖြစ်ပေါ်လာသော အတွေးအာရုံများကိုပင် အချိန်တိုင်း၊ အခြေအနေတိုင်းတွင် သိတော်မူခြင်း ဖြစ်သည်ဟူ၏။ ထိုသို့ဖြစ်ရခြင်းအကြောင်းခံကို အခြား အာယသ်တော်တစ်ပါး၌ တင်ပြ မိန့်ကြားထားသည်မှာ 'ငါအသျှင်မြတ်သည် လူသား၏ အသက်ရှင်ရန် အဓိကမှုတည်ချက်ဖြစ်သော ၎င်း၏ လည်ချောင်းသွေးကြောနှင့် ၎င်းကိုယ်တိုင်ပင် ဤမျှ နီးကပ်မည် မဟုတ်ဘဲ ငါအသျှင်မြတ်သည် ၎င်းသူထက်ပင် ပို၍ နီးကပ်ပေသည်။ ထို့ကြောင့် ငါအသျှင်မြတ်သည် ၎င်း၏ အခြေအနေများကို ၎င်းသူကိုယ်တိုင်ထက်ပင် ပို၍ သိရှိတော်မူသည်'ဟူ၍တည်း။

အလ္လာဟ်အသျှင်မြတ်သည် လူသား၏ ပင်မသွေးကြောထက်ပင် ပို၍ ထိုလူသားနှင့် နီးကပ်သည် ဟူသော အချက်ကို လေ့လာသုံးသပ်ခြင်း

نَحْنُ اَقْرَبُ اِلَيْهِ مِنْ حَبْلِ الْوَرِيْدِ

(စင်စစ် ငါအသျှင်မြတ်သည် လူသား၏ လည်ချောင်းသွေးကြောထက်ပင် ၎င်းနှင့် ပိုမိုနီးကပ်စွာ ရှိနေတော်မူ၏။) *[၅၀ : ၁၆]*

အဖွင့်ပညာရှင်အများစုတို့သည် ဤအာယသ်တော်ပါ 'ပိုမို နီးကပ်စွာ ရှိနေတော်မူ၏' ဟူသော စာလုံး၏ အလိုသဘောကို 'အသိတော်ဖြင့် နီးကပ်ခြင်း၊ လွှမ်းခြုံသော အသိတော်ရှိခြင်း' ဟု ဆိုကြသည်။ وَرِيْد 'ဝရီးဒ်' ဟူသော စာလုံးသည် အရဗီဘာသာတွင် သတ္တဝါတိုင်း၌ ခန္ဓာကိုယ်တစ်ခုလုံးကို သွေးများ လည်ပတ် စီးဆင်းစေသောအကြော ဖြစ်သည်။ ဆေးပညာအသုံးအနှုန်းအရ ဤအကြောမျိုးသည် နှစ်မျိုး နှစ်စား ရှိပေသည်။

(၁) အသဲမှ ထွက်ပြီး လူ၏ ခန္ဓာကိုယ်တစ်ခုလုံးသို့ ပို့ဆောင်ပေးသော သွေးသန့်သန့်ဖြစ်သည်။ ဆေးပညာအသုံးအနှုန်းအရ ၎င်းကို وَرِيْد ဟု ခေါ်ဆိုသည်။ ၎င်း၏ အများကိန်းမှာ اَوْرِدَه ဖြစ်သည်။

(၂) သက်ရှိတို့၏ နှလုံးမှ ထွက်သော သွေးကြောဖြစ်သည်။ ဆေးပညာအသုံးအနှုန်းအရ ဝိညာဉ် ဟု တင်စားခေါ်ဝေါ်သည့် သွေး၏ ပါးလွှာသော အခိုးအငွေ့သည် ဤအတိုင်းပင် လူ၏ ခန္ဓာကိုယ်တစ်ခုလုံး သို့ ပြန့်နှံ့စွာ ရောက်ရှိစေသည်။ ထိုသွေးကြောကို شريان ဟုလည်းကောင်း၊ ၎င်း၏ အများကိန်းကို شرائين ဟုလည်းကောင်း ခေါ်ဝေါ်သည်။ ပထမအမျိုးအစားဖြစ်သော အကြောမှာ တုတ်ခိုင်ပြီး ဒုတိယ အမျိုးအစားဖြစ်သော အကြောမှာ ပါးလွှာသည်။

ဖော်ပြပါအာယသ်တော်တွင် وَرِيْد ဟူသော စာလုံးကို ဆေးပညာအသုံးအနှုန်းနှင့်အညီ အသဲမှ ထွက်သော သွေးကြောဟုသာ သတ်မှတ်ရန် အရေးမကြီးပေ။ အဘယ်ကြောင့်ဆိုသော် နှလုံးမှ ထွက်သော သွေးကြောကိုလည်း အဘိဓါန်အရ وَرِيْد ဟု ခေါ်ဆိုနိုင်သောကြောင့် ဖြစ်သည်။ ထိုသွေးကြောမှလည်း သွေးတစ်မျိုး စီးဆင်းနေသောကြောင့် ဖြစ်သည်။ ဤနေရာတွင် လူသား၏ နှလုံးသားမှ ထွက်ပေါ်လာသည့် အတွေ့အာရုံ၊ အတွေးအခေါ်များနှင့် အခြေအနေများကို သိရှိတော်မူ၏ ဟူသော အချက်ကို တင်ပြရန်မှာ အာယသ်တော်၏ ရည်ရွယ်ချက်ဖြစ်သည်။

မည်သို့ပင်ဆိုစေ وَرِيْد သည် ဆေးပညာ အသုံးအနှုန်းအရ အသဲမှ ထွက်သော သွေးကြော၏ အဓိပ္ပာယ်ဖြင့်ဖြစ်စေ၊ (သို့) နှလုံးမှ ထွက်လာသည့် သွေးကြော၏ အဓိပ္ပာယ်ဖြင့်ဖြစ်စေ၊ အခြေအနေနှစ်ရပ် စလုံးတွင် သက်ရှိသတ္တဝါတို့၏ ဘဝသက်တမ်းသည် ယင်းသွေးကြောအပေါ်၌ပင် မူတည်လေသည်။ ယင်း သွေးကြောများကို ဖြတ်တောက်ပစ်လိုက်ပါက သတ္တဝါတို့၏ ဝိညာဉ် ထွက်သွားပေမည်။ သို့ဖြစ်ပေရာ

အချုပ်မှာ လူသား၏ ဘဝသက်တမ်း ရပ်တည်နေထိုင်နိုင်မှုအတွက် အဓိကကျသော အရာထက်ပင် ငါအရှင်မြတ်သည် ထိုလူသားနှင့် ပို၍ နီးကပ်ပေသည်။ ဆိုလိုသည်မှာ ထိုလူသား၏ အရာဟူသမျှကို သိတော်မူသည်ဟူ၏။

ဆူဖီသူတော်စင်များထံတွင် 'ပိုမို နီးကပ်စွာနှင့် ရှိနေတော်မူသည်' ၏ အလိုသဘောမှာ 'အသိတော်ဖြင့် နီးကပ်ခြင်းနှင့် လွှမ်းခြုံသော အသိတော်ရှိခြင်းတို့မျှသာ မဟုတ်ဘဲ အထူးနီးစပ်မှုတစ်မျိုးဖြင့် နီးကပ်စွာ ရှိတော်မူခြင်း' ဟု ဖြစ်သည်။ ၎င်း၏ မူလဇစ်မြစ် အခြေအနေကို မည်သူမျှ မသိနိုင်ကြပေ။ သို့ရာတွင် ဤနီးကပ်မှုနှင့် ဆက်စပ်မှုတို့သည် တစ်နည်းနည်းဖြင့် ရှိနေပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်များစွာတို့နှင့် ဆွဟီးဟ်ဟဒီးစ်များစွာတို့က ဤအကြောင်း သက်သေပြလျက် ရှိသည်။ အလ္လာဟ်အရှင်မြတ် မိန့်တော်မူသည်မှာ-

وَاسْجُدْ وَاقْتَرِبْ

ဆိုလိုသည်မှာ 'စဂျ်ဒဟ်ဦးချခြင်း ပြုကြလေကုန်။ ထို့နောက် ငါအရှင်မြတ်နှင့် နီးကပ်မှုကို ရယူလေကုန်' ဟူ၏။

ထို့ပြင် 'ဟီဂျ်ရသ်' ခရီးစဉ်တွင် တမန်တော်မြတ် ﷺ က ဟဇရသ်အဗူဗကရ် رضي الله عنه သခင်အား اَللّٰهَ مَعَنَا 'အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်တို့နှင့်အတူ ရှိတော်မူသည်' ဟု မိန့်ကြားတော်မူခဲ့သည်။ ထို့ပြင် ဟဇရသ်မူစာ عليه السلام သည် ဗနီအိစ်ရာအီးလ်အမျိုးသားတို့ကို اِنَّ مَعِيَ رَبِّيْ 'ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် ငါနှင့်အတူ ရှိတော်မူသည်' ဟု မိန့်ကြားတော်မူခဲ့လေသည်။

ဟဒီးစ်တော်၌ 'လူသားသည် အလ္လာဟ်အရှင်မြတ်ဘက်တော်သို့ အနီးကပ်ဆုံးဖြစ်သော အချိန်သည် 'စဂျ်ဒဟ်'ပြုသောအချိန် ဖြစ်သည်' ဟု လာရှိထားပေသည်။

ဤအတိုင်းပင် ဟဒီးစ်တော်၌ လာရှိသည်မှာ အလ္လာဟ်အရှင်မြတ်က 'ငါအရှင်မြတ်၏ ကျေးကျွန်လူသားသည် ငါအရှင်မြတ်နှင့် 'နဖိလ်အေဗာဒသ်'များ ပြုလုပ်ခြင်းအားဖြင့် နီးကပ်မှုကို ရယူမှုပြုသည်' ဟု မိန့်ကြားထားတော်မူလေသည်။

ဤနီးကပ်မှုသည် 'အေဗာဒသ်'များအားဖြင့် ရရှိခြင်းဖြစ်သည်။ လူသား၏ ပြုကျင့်ဆောင်ရွက်မှုတို့၏ အကျိုးဆက်ဖြစ်သည်။ ဤသည်မှာ မုအ်မင်န်တို့အဖို့ အထူးသီးသန့်ဖြစ်သည်။ ဤကဲ့သို့သော မုအ်မင်န်များကို အလ္လာဟ်အရှင်မြတ်၏ အချစ်တော်များဟု ခေါ်ဆိုသည်။ ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်နှင့် နီးကပ်မှု ရသူများဖြစ်ကြသည်။ ဤနီးကပ်မှုနှင့် ဆက်စပ်မှုတို့သည် အလ္လာဟ်အရှင်မြတ်က ကာဖိရ်နှင့်သော်လည်းကောင်း၊ မုအ်မင်န်နှင့်သော်လည်းကောင်း လူတိုင်း၏ အသက်ဇီဝိန်နှင့် အနီးကပ်ဆုံးသည် ငါအရှင်မြတ် ဖြစ်တော်မူသည်ဟူသော နီးကပ်မှုမျိုးမဟုတ်ဘဲ အခြားအထူးနီးကပ်မှုမျိုးကို ဆိုလိုခြင်း ဖြစ်သည်။ အချုပ်မှာ ဖော်ပြပါအာယသ်တော်များနှင့် ဆင့်ပြန်ချက်များသည် လူသားအဖို့ မိမိအား

ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်နှင့် အထူးပုံသဏ္ဍာန်တစ်မျိုးဖြင့် ပတ်သက်ဆက်စပ်မှု ရှိနေကြောင်း အပေါ် ညွှန်ပြသက်သေပြလျက် ရှိပေသည်။ ထိုပတ်သက်ဆက်စပ်မှု၏ ဇစ်မြစ်နှင့် အခြေအနေကို သိနိုင်စွမ်းမရှိခြင်းမှာ တစ်ကဏ္ဍဖြစ်သည်။

ဤနီးကပ်မှုသည် မျက်စိဖြင့် မြင်နိုင်သည့်အရာ မဟုတ်ပေ။ ထိုမှုသာမက အီမာန်အားကောင်း၍ အလ္လာဟ်အသျှင်မြတ် ချီးမြှင့်သော 'နူးရ်'အလင်းရောင်ဖြင့်သာ သိရှိနိုင်သည်။

သဖ်စီးရ်မဇ္ဇဟရီကျမ်းတွင် ယခု ဖွင့်ဆိုတင်ပြခဲ့သော နီးကပ်မှုနှင့် ဆက်စပ်မှုကိုပင် ဤအာယသ်တော်၏ အလိုသဘော အဖြစ် သတ်မှတ်ထားသည်။ အဖွင့်ပညာရှင်အများစု၏ အဆိုမှာ အသိတော်ဖြင့် နီးကပ်ခြင်း၊ လွှမ်းခြုံသော အသိတော်ရှိခြင်းဖြစ်ကြောင်း များမကြာမီကပင် သိရှိပြီးဖြစ်ပေသည်။

အိဗ်နေကစီးရ် (ရဟ) သည် ထိုအဓိပ္ပာယ်နှစ်မျိုးအပြင် သီးခြား တတိယသဖ်စီးရ်တစ်ခုကို ဖွင့်ဆိုတင်ပြသည်မှာ 'အာယသ်တော်တွင် نَحْنُ ဟူသော စာလုံးသည် အသျှင်မြတ်ကိုယ်တော်တိုင်အတွက် မဟုတ်ဘဲ အချိန်တိုင်း လူသားများထံ၌သာ နေသော အလ္လာဟ်အသျှင်မြတ်၏ ဖရစ်ရှ်သာဟ်များကို ဆိုလိုခြင်းဖြစ်သည်။ ထိုဖရစ်ရှ်သာဟ်တို့သည် လူသားကိုယ်တိုင် မိမိ၏ အခြေအနေများကို မသိရှိသည်တို့အား ထိုလူသားထက် ပို၍ သိရှိကြသူများ ဖြစ်သည်' ဟူ၏။

လူတိုင်းနှင့်အတူ ဖရစ်ရှ်သာဟ်နှစ်ပါးစီ ရှိခြင်း

إِذْ يَتَلَقَّى الْمُتَلَقِّيَانِ

(အို့နဗီတမန်တော်၊ ပြန်လည်သတိပေးပါလေ။) အကြင်အခါဝယ် မှတ်သားသူ (ကောင်းကင်တမန်တော်) နှစ်ပါးသည် မှတ်သားလျက် ရှိကြ၏။ *[၅၀ : ၁၇]*

အာယသ်တော်ရှိ تَلَقَّى ၏ အဘိဓါန်အဓိပ္ပာယ်မှာ 'ရယူခြင်း' ဟု လာရှိသည်။ ၄င်းနောက် အာယသ်တော်

فَتَلَقَّى آدَمُ مِنْ رَّبِّهِ كَلِمَاتٍ

၏ အလိုသဘောမှာ 'အာဒမ် ﷺ သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ထံတော်မှ စကားလုံးအချို့ကို သင်ကြားနာယူခဲ့သည်' ဟု ဖြစ်သည်။

ဤအာယသ်တော်ပါ مُتَلَقِّيَانِ ၏ အလိုသဘောမှာ လူသားနှင့် အတူနေပြီး ထိုလူသား၏ ပြုမူဆောင်ရွက်ချက် အားလုံးကို ရေးသားသော ဖရစ်ရှ်သာဟ်နှစ်ပါးကို ဆိုလိုခြင်း ဖြစ်သည်။ ထိုဖရစ်ရှ်သာဟ်နှစ်ပါးတို့သည် လူသား၏ ပြုမူ ဆောင်ရွက်ချက်များကို မိမိတို့၏ မှတ်တမ်းစာအုပ်တွင် ရေးမှတ်ကြလေသည်။

عَنِ الْيَمِيْنِ وَ عَنِ الشِّمَالِ قَعِيْدٌ

(၎င်း (လူသား၏) လကျ်ာ၊ လက်ဝဲဘက်မှ (တစ်ပါးစီ) ထိုင်၍ မှတ်သားလျက် ရှိကြသည်။)

[၅၀ : ၁၇]

ဆိုလိုသည်မှာ 'ထိုဖရစ်ရှ်သာဟ်နှစ်ပါးအနက် တစ်ပါးသည် လူသား၏ လကျ်ာဘက်တွင် နေသည်။ (ဤဖရစ်ရှ်သာဟ်သည် လူသား၏ ကောင်းမှု ကိုယ်ကျင့်တရားများကို ရေးမှတ်လေသည်။) အခြား ဖရစ်ရှ်သာဟ်တစ်ပါးမှာ လူသား၏ လက်ဝဲဘက်တွင် နေသည်။ (ဤဖရစ်ရှ်သာဟ်သည် လူသား၏ မကောင်း မှုများကို ရေးမှတ်လေသည်။)

قَعِيْدٌ သည် **قَاعِدٌ** (ထိုင်နေသူ) ၏ အဓိပ္ပာယ်၌ ဖြစ်သည်။ တစ်ဦးကိန်းနှင့် အများကိန်း နှစ်မျိုး စလုံးအတွက် အသုံးပြုနိုင်သော စာလုံးဖြစ်သည်။ စင်စစ် **قَعِيْدٌ** သည် **قَاعِدٌ** ၏ အဓိပ္ပာယ်၌ ပမာအားဖြင့် **جَلِيْسٌ** သည် **جَالِس** (ထိုင်နေသူ) ၏ အဓိပ္ပာယ်၌ လာရှိထားသကဲ့သို့ 'ထိုင်ခြင်း' ဟူသော အဓိပ္ပာယ်ရ၏။ သို့ရာတွင် ကွာခြားချက်တစ်ရပ်မှာ **قاعد** နှင့် **جالس** ဟူသော စာလုံးကို ထိုင်လျက်ရှိသည့် အခြေအနေ အတွက်သာ သုံးနှုန်းပြောဆိုရသော စကားလုံးဖြစ်သည်။ **قَعِيْدٌ** နှင့် **جليس** သည် ခြုံငုံသော သဘော ဆောင်၏။ ထိုင်လျက်ဖြစ်စေ၊ ထလျက်ဖြစ်စေ၊ (သို့) သွားလာနေရင်းဖြစ်စေ တစ်ဦးနှင့်တစ်ဦး အတူ မကွဲ ရှိနေလျှင် ၎င်းကို **قعيد** နှင့် **جليس** ဟု သုံးနှုန်း ပြောဆိုရပေမည်။ ယင်းဖရစ်ရှ်သာဟ်နှစ်ပါး၏ အခြေအနေမှာ '၎င်းတို့သည် အမြဲတစေ လူသားနှင့်အတူ ရှိနေကြလေသည်။ ထိုင်လျက်ရှိနေသည်ဖြစ်စေ၊ (သို့) မတ်တပ်ရပ်လျက် ရှိနေသည်ဖြစ်စေ၊ သွားလာလျက် ရှိနေသည်ဖြစ်စေ၊ (သို့) အိပ်စက်လျက် ရှိနေသည် ဖြစ်စေ စသော အခြေအနေတိုင်းတွင် လူသားနှင့် အတူတကွ ရှိနေသည်။ သို့ရာတွင် အပေါ့သွားချိန် (သို့) အလေးသွားချိန်၊ (သို့) ကိုယ်လက်နှီးနှောချိန်များတွင် လိုအပ်ချက်ရှိ၍ အရှက်တန်ဆာကို ဖွင့်ဖော်သော အချိန်များ၌မူ ထိုဖရစ်ရှ်သာဟ်တို့သည် ဖယ်ခွာလိုက်ကြသည်။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်သည် ဤ အခြေအနေ၌ လူသားသည် ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်လိုက်ပါလျှင်လည်း ဖရစ်ရှ်သာဟ်များအား ထိုပြစ်မှု ကျူးလွန်ခဲ့ကြောင်းကို သိရှိစေနိုင်သော အရည်အချင်းကို ချီးမြှင့်တော်မူထားသည်။

အိဗ်နေကစီးရ် (ရဟ) သည် အဟ်နဖ်ဗင်န်ကိုင်စ် ؓ ၏ ဆင့်ပြန်ချက်ဖြင့် ရေးသားထားသည်မှာ "လကျ်ာဘက်မှ ဖရစ်ရှ်သာဟ်သည် ကောင်းမှုများကို ရေးမှတ်ခြင်းပြုသည်။ ထို့ပြင် ၎င်းသည် လက်ဝဲ ဘက်မှ ဖရစ်ရှ်သာဟ်၏ တာဝန်ခံ စောင့်ကြပ်သူလည်း ဖြစ်သည်။ အကယ်၍ လူသားတစ်ဦးသည် ပြစ်မှု တစ်စုံတစ်ခုကို ကျူးလွန်ခဲ့မိသည်ရှိသော် ၎င်းသည် လက်ဝဲဘက်မှ ဖရစ်ရှ်သာဟ်အား 'ယခုအချိန်တွင် အသင်၏ မှတ်တမ်းစာအုပ်၌ ရေးမှတ်ခြင်းမပြုလေနှင့်။ ၎င်းအား ဆိုင်းငံ့ပေးထားပါ။ အကယ်၍ 'သောင်ဗာဟ်' ပြုလိုက်ပါက ဤအတိုင်းလွှတ်လိုက်ပါ။ အကယ်၍ 'သောင်ဗာဟ်' မပြုပါက မိမိ၏ မှတ်တမ်းစာအုပ်၌ ရေးမှတ်လိုက်ပါ' ဟု ပြောဆို အမိန့်ပေးလေသည်" ဟူ၏။

အကောင်း၊ အဆိုး စာရင်းရေးမှတ်သော ဖရစ်ရှိသာဟ်များ

ဟဇရသ်ဟစန်ဗဆွရီ (ရဟ) သည် ဖော်ပြပါအာယသ်တော်

عَنِ الْيَمِينِ وَعَنِ الشِّمَالِ قَعِيدٌ

ကို ဖတ်ရွတ်တင်ပြလျက် မိန့်ဆိုသည်မှာ 'အို၊ အာဒမ် ﷺ ၏ သား၊ မြေး (လူသား) အပေါင်းတို့၊ အသင်တို့အတွက် အကောင်း၊ အဆိုး စာရင်းမှတ်တမ်းသည် ဖြန့်ဝေပေးခြင်း ခံရပြီးဖြစ်သည်။ အသင့်အပေါ်တွင် သိက္ခာရှိသော ဖရစ်ရှိသာဟ်နှစ်ပါး သတ်မှတ်ခြင်းခံရပြီး ဖြစ်ပေသည်။ ဖရစ်ရှိသာဟ်တစ်ပါးသည် လကျ်ာဘက်၌ ရှိမည်။ ကျန်တစ်ပါးသည် လက်ဝဲဘက်၌ ရှိပေမည်။ လကျ်ာဘက်မှ ဖရစ်ရှိသာဟ်သည် အသင်၏ ကောင်းမှုများကို ရေးမှတ်ပေမည်။ လက်ဝဲဘက်မှ ဖရစ်ရှိသာဟ်သည် အသင်၏ မကောင်းမှုများကို ရေးမှတ်ပေးမည်။ ယခုအခါ ဤအစစ်အမှန် ဖြစ်ခြင်းကို ရှေ့ဝယ်ထားလျက် အသင်ပြုလိုရာကို ပြုပါလေ။ နည်းပါးစွာဖြစ်စေ၊ များပြားစွာဖြစ်စေ အသင် ပြုကျင့်ပါလေ။ နောက်ဆုံး အသင်သေဆုံးသည့်အခါ အသင်၏ အကောင်းအဆိုးမှတ်တမ်းသည် အသင်၏ လည်ဂုတ်တွင် ချိတ်ဆွဲပေးလိုက်ပေမည်။ အသင်နှင့်အတူ 'ကဗရ်' တွင် ဤမှတ်တမ်းစာအုပ် ပါလာပေမည်။ အသင်နှင့်အတူ နေပေမည်။ နောက်ဆုံး 'ကေယာမသ်' နေ့ရောက်၍ 'ကဗရ်' မှ ထွက်သောအခါ အလ္လာဟ်အသျှင်မြတ်က

وَكُلَّ إِنسَانٍ أَلْزَمْنَاهُ طَائِرَهُ فِي عُنُقِهِ وَنُخْرِجُ لَهُ يَوْمَ الْقِيَامَةِ كِتَابًا يَلْقَاهُ مَنشُورًا ○

(ထို့ပြင် ငါအသျှင်မြတ်သည် လူတိုင်းလူတိုင်း၏ အပြုအမူကို လည်ဂုတ်တွင် ခိုင်မြဲစွာ ချည်နှောင်ထားတော်မူသည်။ ၄င်းပြင် ငါအသျှင်မြတ်သည် 'ကေယာမသ်'နေ့တွင် ၄င်းအား မှတ်တမ်းတစ်ခုကို ထုတ်ပေးတော်မူပေမည်။ ၄င်းသည် ထိုမှတ်တမ်းကို ပွင့်လျက် (ရှိသည်ကို) တွေ့ရှိရပါလိမ့်မည်။)

[၁၇ : ၁၃]

اقْرَأْ كِتَابَكَ كَفَىٰ بِنَفْسِكَ الْيَوْمَ عَلَيْكَ حَسِيبًا

[(ထို့နောက် ၄င်းအား) အသင်သည် မိမိ၏ မှတ်တမ်းကို ဖတ်လော့။ ယနေ့သည် အသင်ကိုယ်တိုင်ပင် မိမိကိုယ်နှင့် ဆန့်ကျင်၍ စစ်ဆေးသူအဖြစ် လုံလောက်ပေသည်။] *[၁၇ : ၁၄]*

ဟု မိန့်ကြားတော်မူပေမည်။ ဆိုလိုသည်မှာ 'ငါအသျှင်မြတ်သည် လူသား၏ အကောင်းအဆိုး မှတ်တမ်းကို ၄င်း၏ လည်ဂုတ်တွင် ချိတ်ပေးတော်မူလိုက်သည်။ 'ကေယာမသ်'နေ့တွင် ထိုသူသည် ဤမှတ်တမ်းကို ပွင့်လျက် တွေ့ရှိရပေမည်။ ယခု မိမိ၏ မှတ်တမ်းကို မိမိကိုယ်တိုင် ဖတ်ရှုလော့။ ယနေ့သည်ကား အသင်ကိုယ်တိုင်ပင် မိမိကိုယ်ကို မိမိ စစ်ဆေးသူအဖြစ် လုံလောက်ပေသည်'ဟူ၍ ဖြစ်သည်။

ထို့နောက်တစ်ဖန် ဟဇရတ်ဟစန်ဗဆွရီ (ရဟ) က မိန့်ဆိုသည်မှာ 'အလ္လာဟ်အသျှင်မြတ်၏ ကစမ်း၊ အသင့်အား အသင်၏ ကျင့်စဉ်လုပ်ရပ်များကို စစ်ဆေးသူအဖြစ် ပြုပေးတော်မူသော အနန္တတန်ခိုးတော်ရှင် အသျှင်မြတ်သည် အလွန်တရာမျှတတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်' ဟူ၍တည်း။

[အိဗ်နေကစီးရ်]

အကောင်းအဆိုး မှတ်တမ်းစာအုပ်သည် လောကရှိ မည်သည့်စက္ကူဖြင့်မျှ ပြုထားခြင်းမဟုတ်သည်မှာ ပေါ်လွင် ထင်ရှားပေသည်။ 'ကဗရ်'၌ အတူပါသွားခြင်းနှင့် 'ကေယာမသ်' နေ့တိုင် ရှိနေခြင်းတို့ အပေါ် စောဒကတက်ဖွယ်ရာ မရှိတော့ပြီ။ ဤသည် အလိုသဘောဆောင် တင်ပြမှုတစ်ခုသာ ဖြစ်သည်။ ၎င်း၏ မူလဇစ်မြစ်ကိုမူ အလ္လာဟ်အသျှင်မြတ်သာလျှင် အသိတော်မူဆုံးဖြစ်သည်။ ထို့ကြောင့် ဤမှတ်တမ်းစာအုပ်သည် လူတိုင်း၏ လည်ပင်း၌ ဆွဲကြိုးအဖြစ် ရှိခြင်းနှင့် 'ကေယာမသ်' နေ့ထိတိုင် တည်ရှိနေခြင်းတို့မှာ မည်သို့မျှ အံ့သြဖွယ်ရာ မဟုတ်ပေ။

လူသား၏ ပြောဆိုသော စကားတိုင်းသည် မှတ်တမ်းတင်ခံရခြင်း

مَا يَلْفِظُ مِنْ قَوْلٍ اِلَّا لَدَيْهِ رَقِيْبٌ عَتِيْدٌ

(ထိုလူသားသည် (မိမိ၏ နှုတ်ဖြင့်) မည်သည့်စကားကိုမဆို) မြွက်ဟပြောဆိုတိုင်း ချောင်းမြောင်း၍နေသူ (ကောင်းကင်တမန်) တစ်ပါးသည် ၎င်း၏ အနီး၌ပင် အသင့် ရှိနေ၏။) *[၅၀ : ၁၈]*

ဆိုလိုသည်မှာ လူသား၏ နှုတ်မှ ပြောဆိုခဲ့သည်တို့ကို စောင့်ကြပ်သော ဖရစ်ရှ်သာဟ်သည် မှတ်တမ်းတင် ရေးသားခြင်း မပြုသည်ဟူ၍ မရှိပေ။ ဟဇရတ်ဟန်ဗဆွရီ (ရဟ) နှင့် ကသာဒဟ် (ရဟ) တို့က မိန့်ဆိုသည်မှာ ဤဖရစ်ရှ်သာဟ်သည် ထိုလူသား၏ စကားလုံးတိုင်းအား ပြစ်မှု၏ စကားဖြစ်စေ၊ ကုသိုလ် စဝါးဗ်ရသော စကားဖြစ်စေ၊ ကုသိုလ်စဝါးဗ်မရသော စကားဖြစ်စေ စကားလုံးတိုင်းကို ရေးသားလေသည်။

ဟဇရတ်အိဗ်နေအဗ္ဗားစ် ﷺ သခင်က မိန့်ဆိုသည်မှာ 'စဝါးဗ်ကုသိုလ် (သို့) ပြစ်မှုတစ်စုံတစ်ရာ ဖြစ်စေသော စကားများကိုသာ ရေးမှတ်သည်' ဟု ဖြစ်သည်။

အိဗ်နေကစီးရ် (ရဟ) က ဤအဆိုနှစ်ရပ်စလုံးကို တင်ပြပြီးနောက် မိန့်ဆိုသည်မှာ "ကုရ်အာန် အာယသ်တော်၏ အလိုသဘောမှာ ခြုံငုံသည့် သဘောရှိသည်ဖြစ်၍ 'စကားလုံးတိုင်းသည် ရေးမှတ်ခြင်း ခံရသည်' ဟူသော ပထမအဆိုကိုပင် ဦးစားပေးရမည်ဟု ယူဆပါသည်" ဟူ၍တည်း။ တစ်ဖန် အလီဗင်န် အဘီသွလ်ဟဟ် (ရဟ) သခင်၏ ဆင့်ပြန်ချက်၊ ၎င်းကို ဟဇရတ်အိဗ်နေအဗ္ဗားစ် ﷺ သခင်ထံမှပင် ဆင့်ပြန်သည်။ ယင်းဆင့်ပြန်ချက်တွင် ဤအဆိုနှစ်ရပ်စလုံးသည် တစ်မျိုးတည်းအဖြစ် ပေါင်းစုသွားခဲ့သည်။ ထိုဆင့်ပြန်ချက်၌ လာရှိသည်မှာ အစပထမ၌မူ ပြစ်မှု၏ စကားဖြစ်စေ၊ 'စဝါးဗ်' ကုသိုလ်၏ စကားဖြစ်စေ၊ 'စဝါးဗ်' ကုသိုလ်မရသည့် စကားဖြစ်စေ စကားတိုင်းကို ရေးမှတ်သည်ဟု လာရှိသည်။ သို့ရာတွင် ရက်သတ္တတစ်ပတ်

တွင် ကြာသပတေးနေ့၌ ဖရစ်ရှ်သာဟ်များသည် ဤရေးမှတ်ထားသည်တို့ကို ပြန်လှန် ကြည့်ရှုလျက် ကုသိုလ်နှင့် အပြစ်ထိုက်သော စကားများကိုသာ ထားလိုက်ကြသည်။ ကျန်ရှိသည်တို့ကို လျစ်လျူရှုထားလိုက်ကြသည်'ဟူ၍ ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင် လာရှိထားသော အာယသ်တော်တစ်ပါးဖြစ်သည့်

يَمْحُوا اللّٰهُ مَا يَشَآءُ وَيُثْبِتُ وَعِنْدَهٗٓ اُمُّ الْكِتٰبِ

(အလ္လာဟ်အသျှင်မြတ်သည် မိမိအလိုရှိတော်မူသော အရာကို ဖျောက်ဖျက်တော်မူလေသည်။ ထို့နည်းတူစွာ ထိုအသျှင်မြတ်သည် (မိမိအလိုရှိတော်မူသော အရာကို) တည်တံ့စေတော်မူလေသည်။ စင်စစ် မူရင်း (မှတ်တမ်း) စာအုပ်မှာမူ ထိုအသျှင်မြတ်ထံတော်၌သာလျှင် ရှိပေသည်။) *[၁၃ : ၃၉]*

၏ အလိုသဘောတွင် ဤပယ်ဖျက်ခြင်းနှင့် အတည်ပြုခြင်းတို့သည်လည်း ပါဝင်ပေသည်။

အေမာမ်အဟ်မဒ် (ရဟ) သည် ဟဇရသ်ဟိလားလ်ဗင်န်ဟာရိဆ်မုဇနီ ﷺ သခင်ထံမှ ဆင့်ပြန်ခဲ့သည်မှာ တမန်တော်မြတ် ﷺ က မိန့်ကြားတော်မူခဲ့သည်။ လူသည် တစ်ခါတစ်ရံ ကောင်းသော စကားတစ်ခုကို ပြောဆိုသည်။ ထိုစကားသည် အလ္လာဟ်အသျှင်မြတ် နှစ်သက်တော်မူသော စကားဖြစ်သည်။ သို့ရာတွင် ဤသူသည် ထိုစကားကို အသေးအဖွဲ့ဟုသာ သဘောထား၍ ပြောဆိုခဲ့ခြင်းဖြစ်သည်။ ထိုစကား၏ အကျိုးစဝါးဗ်သည် မည့်သည့်အထိသို့ ရောက်ရှိသည်ကို ၎င်းသူမှာ မသိရှိပေ။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်သည် ထိုသူ့အတွက် မိမိ၏ ထာဝရနှစ်လိုမှုကို 'ကေယာမသ်'နေ့ထိတိုင်အတွက် ရေးမှတ်စေတော်မူသည်။ အလားတူ လူသားသည် အလ္လာဟ်အသျှင်မြတ် မနှစ်သက်သော စကားလုံးတစ်လုံးကို (အသေးအဖွဲ့မှတ်ယူ၍) ပါးစပ်မှ ထွက်ဆိုခဲ့၏။ ဤအပြစ်ထိုက်သော စကား၏ ဆိုးကျိုးသည် မည်မျှအထိ ရောက်ရှိသည်ကို ၎င်းသူ မသိနိုင်ပေ။ အလ္လာဟ်အသျှင်မြတ်သည် ဤစကားကို ပြောဆိုခဲ့ခြင်းကြောင့် ၎င်းအား မိမိ၏ ထာဝရမနှစ်သက်မှုကို 'ကေယာမသ်'နေ့ထိတိုင်အတွက် ရေးမှတ်စေတော်မူလိုက်သည်။ *[အိဗ်နေကစီးရ်ကျမ်း]*

ဟဇရသ်အလ်ကမဟ် (ရဟ) သည် ဟဇရသ်ဟိလားလ်ဗင်န်ဟာရိဆ် ﷺ သခင်ထံမှ ဤဟဒီးစ်တော်ကို ဆင့်ပြန်ပြီးနောက် မိန့်ဆိုသည်မှာ 'ဤဟဒီးစ်တော်သည် ကျွန်ုပ်အား မြောက်မြားစွာသော စကားများကို ပါးစပ်မှထုတ်၍ ပြောဆိုခြင်းမှ တားမြစ်လိုက်သည်'ဟု ဖြစ်သည်။ *[အိဗ်နေကစီးရ်ကျမ်း]*

سكرات الموت သေခြင်းတရား၏ ပြင်းထန်မှု (သို့) အသက်ငင်ခြင်း

وَجَآءَتْ سَكْرَةُ الْمَوْتِ بِالْحَقِّ ذٰلِكَ مَا كُنْتَ مِنْهُ تَحِيْدُ

(စင်စစ် သေခြင်းတရား၏ ပြင်းထန်မှု (မိန်းမောမှု) သည် မှန်ကန်စွာ ရောက်လာခဲ့ချေပြီ။ ဤသည် အသင် ၎င်းမှ (လွတ်မြောက်ရန်) တိမ်းရှောင်လေ့ရှိခဲ့သော အရာပင် ဖြစ်၏။) *[၅၀ : ၁၉]*

سكرة الموت 'စက္ကရာသွလ်မောင့်ဝ်သ်'၏အဓိပ္ပာယ်မှာ သေခြင်းတရား၏ ပြင်းထန်မှုနှင့် သေခြင်းတရား ဆိုက်ရောက်ချိန်၌ ပေါ်ပေါက်သောမေ့မောမှုဟု ဖြစ်သည်။ အဘူဗကရ်ဗင်န်အန်မ်ဗာရီ (ရဟ) က မိမိ၏ စနဒ်နှင့်တကွ ဟဇရသ်မတ်စ်ရူးက် (ရဟ) ထံမှ ဆင့်ပြန်ခဲ့သည်မှာ ဟဇရသ်အဘူဗကရ် ﷺ သခင် အပေါ်၌ သေခြင်းတရား၏ အရိပ်အရောင်များ စတင် ဖြစ်ပေါ်လာလေသောအခါ ဟဇရသ်စွိဒ်ဒီကဟ် အာအေရှာဟ် ﷺ သခင်မအား ခေါ်စေခဲ့သည်။ ဟဇရသ်အာအေရှာဟ် ﷺ သခင်မ ရောက်ရှိလာပြီး အဖြစ်အပျက်ကို မြင်လေသောအခါ မရည်ရွယ်ဘဲလျက် ကဗျာတစ်ပုဒ်သည် နှုတ်မှ ထွက်သွားခဲ့သည်။ ယင်းကဗျာမှာ-

اذاحشرجت يوما وضاق بها الصّدر

ဟု ဖြစ်သည်။ ဆိုလိုသည်မှာ 'ဝိညာဉ်သည် တစ်နေ့နေ့၌ လှုပ်လှုပ်ရှားရှား ဖြစ်လာလိမ့်မည်။ ထိုအချိန်တွင် ၎င်းအတွက် ရင်ဘတ်သည် ကျဉ်းမြောင်းသွားပေ မည်' ဟု ဖြစ်သည်။

ဟဇရသ်အဘူဗကရ် ﷺ သခင်သည် ဤသည်ကို ကြားသောအခါ 'အသင်မသည် အကျိုးမဲ့သော ဤကဗျာကို ဖတ်လိုက်သည်။

جَاءَتْ سَكْرَةُ الْمَوْتِ بِالْحَقِّ ذٰلِكَ مَاكُنْتَ مِنْهُ تَحِيْدُ

ကို အဘယ်ကြောင့် မဖတ်သနည်းဟု ပြောကြားလေသည်။ တမန်တော်မြတ် ﷺ အဖို့ ဤ **سكرةالموت** အခြေအနေကို ရင်ဆိုင် ကြုံတွေ့ရလေသောအခါ ကိုယ်တော်မြတ် ﷺ သည် ရေထဲ၌ လက်နှိုက်၍ မျက်နှာတော်ကို ပွတ်သပ်လျက်ရှိခဲ့သည်။ ထို့နောက်

لَا اِلٰهَ اِلَّا اللّٰهُ انّ للموت سكرات

ဟုဆိုလျက် ရှိခဲ့သည်။ ဆိုလိုသည်မှာ 'ကလေမာဟ်သွိုင်ယိဗဟ်'ဖတ်ရင်းမှ မိန့်ဆိုသည်မှာ 'သေခြင်းတရားသည် အလွန်ပြင်းထန်စွာပင် ဖြစ်ပေါ်သည်'ဟု ဖြစ်သည်။

بِالْحَقِّ ဤနေရာတွင် **باء** 'ဗာ'အက္ခရာသည် **تعديه** 'သအ်ဒီယဟ်' (ဆွဲယူခြင်း အဓိပ္ပာယ်) အတွက် လာခြင်းဖြစ်သည်။ အဓိပ္ပာယ်မှာ 'သေခြင်းတရား၏ ပြင်းထန်မှုသည် အမှန်တရားကို ယူဆောင်လာခဲ့သည်'ဟု ဖြစ်သည်။ ဆိုလိုသည်မှာ 'သေခြင်းတရား၏ ပြင်းထန်မှုသည် အမှန်တရားဖြစ်၍ အတည်ဖြစ်ထားပြီးဖြစ်သော အရာများကို ၎င်းသူ၏ ရှေ့မှောက်သို့ ရောက်ရှိစေကာ ယူဆောင်လာခဲ့သည်။ မည်သူမျှ ဤသေခြင်းတရားမှ ထွက်ပြေးနိုင်ကြမည် မဟုတ်ပေ' ဟူ၍ ဖြစ်၏။ *[မဇ္ဇဟရီကျမ်း]*

ذٰلِكَ مَاكُنْتَ مِنْهُ تَحِيْدُ

(ဤသည်ပင် အသင် ၎င်းမှ (လွတ်မြောက်ရန်) တိမ်းရှောင်လေ့ရှိသော အရာပင် ဖြစ်၏။)

[၅၀ : ၁၉]

အာယသ်တော်လာ تَحِيْدُ ဟူသော စာလုံးသည် حَيْدٌ မှ ဆင်းသက်လာသည်။ အဓိပ္ပာယ်မှာ 'ယိမ်းယိုင်ခြင်း၊ နေရာမှ ရွေ့သွားခြင်းနှင့် ဝန်ခံခြင်း' ဟု ဖြစ်သည်။ အာယသ်တော်၏ အဓိပ္ပာယ်မှာ 'သေခြင်းတရားသည် ယင်းမှ အသင် ထွက်ပြေးနေရသော အရာဖြစ်သည်' ဟူ၏။

ဤမိန့်ကြားချက်သည် လူသားအားလုံးကို မိန့်ကြားခြင်းဖြစ်ကြောင်း ထင်ရှားပေသည်။ သေခြင်းတရားမှ ပြေးခြင်းမှာမူ လူ့သဘာဝအလျောက် ရှိစမြဲဖြစ်ပါသည်။ လူတိုင်းလူတိုင်းသည် အသက်ရှင်နေရခြင်းကို နှစ်သက်ခုံမင်လျက် သေခြင်းတရားကိုမူ ဒုက္ခဟု သတ်မှတ်လျက် ထိုသေခြင်းမှ လွတ်မြောက်ရန် ကြိုးစားကြသည်။ ဤသည်မှာ တရားတော်အရ အပြစ်ကား မထိုက်ပေ။ သို့ရာတွင် အာယသ်တော်က ပြသလိုသည်မှာ လူသား၏ ဤသဘာဝအလျောက် လိုလားမှုသည် လုံးဝကေန် ပြည့်မြောက်မည် မဟုတ်ပေ။ တစ်နေ့မဟုတ်တစ်နေ့ မည်သို့ပင်ဖြစ်စေ သေခြင်းတရားက ရောက်ရှိလာမည်သာ ဖြစ်သည်။ အသင် မည်မျှပင် သေခြင်းတရားမှ ပြေးလိုသည်ဖြစ်စေ အသင့်ထံသို့ တစ်နေ့ ဆိုက်ရောက်လာပေမည်' ဟူ၍တည်း။

လူသားအား 'ဟရှရ်' ကွင်းပြင်သို့ ခေါ်ဆောင်လာမည့် ဖရစ်ရှ်သာဟ်နှစ်ပါး

وَجَاءَتْ كُلُّ نَفْسٍ مَّعَهَا سَائِقٌ وَشَهِيْدٌ

(ထို့ပြင် လူတိုင်းသည် 'မဟ်ရှရ်' ကွင်းပြင်၌) စုရုံးရာဌာနသို့ လာရပေမည်။ (ထိုအခါ) ၎င်းနှင့်အတူ မောင်းနှင်သူ (ကောင်းကင်တမန်) တစ်ပါးနှင့် သက်သေခံသူ (ကောင်းကင်တမန်) တစ်ပါး ရှိကြပေမည်။) *[၅၀ : ၂၁]*

ဤအာယသ်တော်၏ အထက်အာယသ်တော်တွင် 'ကေယာမသ်'ဖြစ်ပေါ်လာမည့်အကြောင်း တင်ပြထားသည်။

ဤအာယသ်တော်၌ 'ကေယာမသ်'နေ့တွင် လူသားအားလုံးတို့သည် သီးသန့်ပုံသဏ္ဌာန်တစ်မျိုးဖြင့် စုရုံးရောက်ရှိရမည့်အကြောင်း တင်ပြထားသည်။ ၎င်းမှာ လူတိုင်းနှင့်အတူ سَائِقٌ 'စာအိက်'ဟူသော ဖရစ်ရှ်သာဟ်တစ်ပါးကျစီ ရှိပေမည်။ 'စာအိက်'ဆိုသည်မှာ 'တိရစ္ဆာန်များ ၏ နောက်မှဖြစ်စေ၊ (သို့) လူအုပ်စုတစ်စု၏ နောက်တွင်မှဖြစ်စေ ၎င်းတို့အား အထူးသီးခြား သတ်မှတ်ထားသော နေရာတစ်ခုသို့ မောင်းနှင်ပို့ဆောင်ပေးသူကို ခေါ်ဆိုသည်။ شَهِيْدٌ 'ရှဟီးဒ်'၏ အဓိပ္ပာယ်မှာ 'သက်သေ' ဟု ဖြစ်သည်။ 'စာအိက်'သည် ဖရစ်ရှ်သာဟ်ဖြစ်ကြောင်းမှာမူ တစ်ညီတစ်ညွတ်တည်း ဆင့်ပြန်ချက်များဖြင့် အတည်ဖြစ်လာရှိထားသည်။ 'ရှဟီးဒ်'နှင့် စပ်လျဉ်း၍မူ အဖွင့်ပညာရှင်များအကြား ကွဲလွဲမှုများစွာ ရှိသည်။ အချို့ပညာရှင်များထံမှ ၎င်းသည်လည်း ဖရစ်ရှ်သာဟ်တစ်ပါးပင် ဖြစ်ပေမည်'ဟု လာရှိသည်။ ဤသို့ဖြင့်

'စာအိက်'နှင့် 'ရှဟီးဒ်'ဟူသည် ဖရစ်ရှ်သာဟ် နှစ်ပါးဖြစ်သွားပေသည်။ ဖရစ်ရှ်သာဟ်တစ်ပါး၏ အလုပ်မှာ ၄င်းအား 'ဟရှရ်'ကွင်းပြင်သို့ ပို့ဆောင်ပေးရန် ဖြစ်သည်။ ကျန်ဖရစ်ရှ်သာဟ်၏ အလုပ်မှာ ၄င်းသူ၏ ကျင့်စဉ်လုပ်ရပ်များ တင်ပြခြင်း ခံရလေသောအခါ ထိုဖရစ်ရှ်သာဟ် သည် အဆိုပါကျင့်စဉ် လုပ်ရပ်များ အပေါ် သက်သေပြုရန် ဖြစ်သည်။

ဤဖရစ်ရှ်သာဟ်နှစ်ပါးသည် လောကဌ်ရှိစဉ် လူသား၏ လက်ျာဘက်နှင့် လက်ဝဲဘက်တို့၌ နေ၍ မှတ်တမ်းများ ရေးသားသည့် كراما كاتبين 'ကိရာမားန်ကာသိဗီးန်'လည်း ဖြစ်နိုင်သည်။ ထိုသို့မဟုတ်ဘဲ အခြား ဖရစ်ရှ်သာဟ် နှစ်ပါးလည်း ဖြစ်နိုင်သည်။ شهيد 'ရှဟီးဒ်'နှင့်နှင့် စပ်လျဉ်း၍ အချို့ပညာရှင်များ က မိန့်ဆိုသည်မှာ 'ရှဟီးဒ်သည် လူသား၏ 'အမလ်'ကျင့်စဉ် ဖြစ်သည်'ဟူ၏။ အချို့က ဤလူသား ကိုယ်တိုင်သည်ပင် 'ရှဟီးဒ်' ဖြစ်သည်ဟု ဆိုကြသည်။ အိဗ်နေကစီးရ် (ရဟ) က ဤအာယသ်တော်၏ အပေါ်ယံကို ကြည့်ခြင်းအားဖြင့် ဤ 'ရှဟီးဒ်'သည်လည်း ဖရစ်ရှ်သာဟ်တစ်ပါးသာ ဖြစ်ပေမည်'ဟု မိန့်ဆိုတင်ပြခဲ့သည်။ ၄င်းသည် ထိုလူသား၏ ပြုမူချက်ကျင့်စဉ်များကို သက်သေပြုပေမည်။ ဟဇရသ် အွတ်စ်မားန်ဂနီ ﷺ သည် 'ခွသ်ဗာဟ်'တွင် ဤ အာယသ်တော်ကို ဖတ်ရွတ်၍ ဤဖွင့်ဆိုချက်ကိုပင် တင်ပြခဲ့သည်။ ဟဇရသ်မုဂျာဟိဒ် (ရဟ)၊ ကသာဒဟ် (ရဟ) နှင့် အိဗ်နေဇိုက်ဒ် (ရဟ) စသော မုဖတ်စ်ရ် အဖွင့်ပညာရှင်များထံမှလည်း ဤအတိုင်း လာရှိထားသည်။ အိဗ်နေဂျရီးရ် (ရဟ) ကလည်း ဤသည် ကိုပင် ဦးစားပေးခဲ့သည်။

သေဆုံးပြီးသောအခါ မျက်လုံးများသည် အသက်ရှင်စဉ်က မတွေ့မမြင်နိုင်သော အရာအားလုံး ကို မြင်တွေ့ရမည်ဖြစ်ခြင်း

فَكَشَفْنَا عَنْكَ غِطَاءَكَ فَبَصَرُكَ الْيَوْمَ حَدِيدٌ

(ထို့ကြောင့် ယနေ့ အသင်၏ မြင်နိုင်သော သတ္တိမှာ ထိုးဖောက်နိုင်စွမ်းရှိပြီး မြင်နိုင်လောက် အောင် စူးရှ၍ နေပေသည်။) *[၅၀ း ၂၂]*

ဆိုလိုသည်မှာ (ငါအသျှင်မြတ်သည် အသင်တို့၏ မျက်လုံးများမှ အကာအကွယ်ကို ဖယ်ရှားတော် မူလိုက်ပေပြီ။ ယနေ့ အသင်တို့၏ အမြင်များသည် အလွန် ထက်မြက်နေပေမည်။)

ဤအမိန့်တော်၏ ဦးတည်ချက်သည် မည်သူတို့အတွက် ဖြစ်ပါသနည်း။ ဤနေရာ၌လည်း အဖွင့် ပညာရှင်များအကြား ကွဲလွဲမှုများ ရှိသည်။ သို့ရာတွင် လူသားအားလုံးသည် ထိုအမိန့်၏ ဦးတည်မိန့်ကြား ခံရသူများ ဖြစ်ခြင်းမှာ ဦးစားပေးအဆို ဖြစ်သည်။ ၄င်းတို့တွင် မုအ်မင်န်၊ ကာဖိရ်၊ မွတ်သက္ကီ၊ ဖာစိက် အားလုံး ပါဝင်ပေသည်။ ဤသဖ်စီးရ်ဖွင့်ဆိုချက်ကိုပင် အိဗ်နေဂျရီးရ် (ရဟ) နှင့် အိဗ်နေကစီးရ် (ရဟ)

စသည်တို့က ရွေးချယ်ခဲ့ကြသည်။ အာယသ်တော်၏ အဓိပ္ပာယ်မှာ 'လောက၏ ဥပမာသည် အိပ်မက်အလား ဖြစ်သည်။ တမလွန်၏ ဥပမာသည် နိုးကြားနေသည့်နှယ်ဖြစ်သည်။ အိပ်မက်တွင် လူသား၏ မျက်လုံးများသည် ပိတ်၍ နေသည်။ မည်သည့်အရာကိုမျှ မမြင်ရပေ။ အလားတူ လူသားသည် လောကုတ္တရာ သက်တမ်းနှင့် ဆက်နွယ်သော ပကတိ အစစ်အမှန် အချက်အလက်များကို လောကၡ မျက်လုံးများဖြင့် မတွေ့မြင်ရပေ။ သို့သော်လည်း မျက်လုံးများ ပိတ်သွားလိုက်သည်နှင့် အိပ်မက်၏ လောကသည် အဆုံး သတ်၍ နိုးကြားသော လောက ရောက်ရှိလာပေမည်။ ထိုလောကတွင် လူသားသည် ပကတိအစစ်အမှန် များကို မြင်တွေ့ရပေမည်။ ထို့ကြောင့် အချို့ပညာရှင်များက မိန့်ဆိုသည်မှာ-

الناس ينام فاذاماتوا انتبهوا

(ယခု လောကီရေးသက်တမ်းတွင် လူတို့သည် အိပ်စက်နေကြသည်။ သေဆုံးကွယ်လွန်သည့်အခါ နိုးကြားလာကြပေလိမ့်မည်) ဟူ၍ ဖြစ်သည်။

قَالَ قَرِيْنُهٗ هٰذَا مَالَدَىَّ عَتِيْدٌ

(ထို့နောက် ၎င်း၏ အဖော် (ဖြစ်သူ ကောင်းကင်တမန်) က 'ဤသည် ကျွန်ုပ်၏ထံ၌ အဆင်သင့် ရှိသော (နေ့စဉ်မှတ်တမ်း) ဖြစ်၏' ဟူ၍ ဆိုပေမည်။) *[၅၀ : ၂၃]*

ဤနေရာတွင် قرين 'ကရီးန်'၏ အလိုသဘောမှာ လူသားနှင့်အတူ ရှိပြီး ၎င်း၏ ပြုမူဆောင်ရွက် ချက် ကျင့်စဉ်များကို ရေးသားသည့် ဖရစ်ရှ်သာဟ်ကို ဆိုလိုခြင်းဖြစ်သည်။ ထို့ပြင် ပြုမူဆောင်ရွက်ချက် ကျင့်စဉ်များကို ရေးသားသည့် ဖရစ်ရှ်သာဟ်နှစ်ပါးရှိကြောင်းလည်း သိရှိပြီးဖြစ်သည်။ သို့ရာတွင် 'ကေယာမသ်' နေ့၌ လူသားအား အလ္လာဟ်အသျှင်မြတ်၏ ရှေ့တော်မှောက်သို့ ရောက်ရှိရမည့် အချိန်၌ ဖရစ်ရှ်သာဟ်တစ်ပါးကို 'စာအိက်' (မောင်းနှင်သူ) အဖြစ်လည်းကောင်း၊ အခြားတစ်ပါးကို 'ရှဟီးဒ်' (သက်သေ) အဖြစ်လည်းကောင်း သတ်မှတ်ထားကြောင်း ဤအာယသ်တော်၏အလျှင် အာယသ်တော်၌ လာရှိခဲ့ပြီးဖြစ်သည်။ ဤအာယသ်တော်များ၏ စာသွားစာလာ ရှေ့နောက်ကို ဆက်စပ်ကြည့်ခြင်းအား ဖြင့် 'အအ်မာလ်' ကျင့်စဉ်များကို ရေးသားသည့် ဖရစ်ရှ်သာဟ်နှစ်ပါးကို 'ဟရှရ်' ကွင်းပြင်တွင် ၎င်းသူ ၏ အလ္လာဟ်အသျှင်မြတ် ရှေ့တော်မှောက်သို့ ရောက်ရှိရမည့် အချိန်၌ အလုပ်တာဝန် နှစ်ရပ် ပေးအပ် ခြင်းခံရမည်ဖြစ်ကြောင်းကို သိရှိရပေသည်။ ဖရစ်ရှ်သာဟ်တစ်ပါး၏ တာဝန်မှာ ၎င်းသူ၏ နောက်မှ နေ၍ ၎င်းသူအား 'ဟရှရ်' ကွင်းပြင်သို့ မောင်းနှင်ပို့ဆောင်ပေးရန် ဖြစ်မည်။ ဤသည့် ဖရစ်ရှ်သာဟ်ကို အာယသ် တော်၌ سائق 'စာအိက်' ဟု အမည်ပေးထားပေသည်။ အခြားဖရစ်ရှ်သာဟ်တစ်ပါးထံတွင် ၎င်း၏ အကောင်းအဆိုးမှတ်တမ်းစာအုပ်ကို အပ်နှံထားမည်။ ဤသည့် ဖရစ်ရှ်သာဟ်ကို شهيد အမည်ဖြင့် သုံးနှုန်း ထားသည်။ သို့ဖြစ်ပေရာ 'ဟရှရ်' ကွင်းပြင်သို့ ရောက်ရှိပြီးနောက် အကောင်းအဆိုး မှတ်တမ်းစာအုပ် အပ်နှံခံရသည့် ဖရစ်ရှ်သာဟ် (ရှဟီးဒ်) သည်

هٰذَا مَالَدَىَّ عَتِيۡدٌ

ဟု လျှောက်ထားပေမည်။ ဆိုလိုသည်မှာ 'ၦင်း၏ အကောင်း၊ အဆိုး ကျင့်စဉ်များသည် ကျွန်တော်မျိုးထံတွင် ရေးမှတ်ပြီးသား အသင့်ရှိပါသည်' ဟု လျှောက်ထားပေသည်။

အိဗ်နေကျရီးရ် (ရဟ) သည် မိမိ၏ သဖ်စီးရ်၌ မိန့်ဆိုသည်မှာ 'ဤနေရာတွင် قرين 'ကရီးန်'ဟူသော စာလုံးတွင် 'စာအိက်'နှင့် 'ရှဟီးဒ်'နှစ်မျိုးစလုံး ပါဝင်ပေသည်' ဟူ၍ ဖြစ်သည်။

اَلۡقِيَا فِىۡ جَهَنَّمَ كُلَّ كَفَّارٍ عَنِيۡدٍ

اَلۡقِيَا သည် နှစ်ယောက်ကိန်းဖြစ်၍ လူနှစ်ဦးအတွက် အသုံးပြုသော စာလုံးဖြစ်သည်။ ဤအာယသ်တော်တွင် 'ဦးတည်မိန့်ကြားခံရသော ဖရစ်ရှ်သာဟ်နှစ်ပါးမှာ မည်သူများ ဖြစ်ကြပါသနည်း'ဟု မေးခွန်းမေးစရာ ရှိနေ၏။ سائق နှင့် شهيد ပင် ဖြစ်သည်မှာ ထင်ရှားပါသည်။ ၎င်းတို့နှစ်ပါးကိုသာ အမိန့်ပေးနေခြင်း ဖြစ်ပါသည်။ အချို့အဖွင့်ပညာရှင်များက အခြားသော ဖြစ်နိုင်ချေရှိသော အချက်များကိုလည်း ရေးသားခဲ့ကြပါသည်။ *[အိဗ်နေကစီးရ်ကျမ်း]*

قَالَ قَرِيۡنُهٗ رَبَّنَا مَاۤ اَطۡغَيۡتُهٗ

(၎င်း၏ အဖော် (ဖြစ်သော ရှိုက်သွာန်) က ပြောဆို (လျှောက်ထား) ပေမည်။ အို, ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၊ ကျွန်တော်မြတ်တို့သည် ၎င်းအား ဆိုးသွမ်းမိုက်ကန်းစေခဲ့သည် မဟုတ်ပါ။ စင်စစ်မှာ ၎င်းကိုယ်တိုင်သည်ပင်လျှင် ဝေးလံစွာသော လမ်းမှားမှု၌ ရှိနေခဲ့ပါသည်။) *[၅၀ : ၂၇]*

قَرِين 'ကရီးန်'ဟူသော စာလုံး၏ မူလအဓိပ္ပာယ်မှာ 'အနီး၌ နေသူနှင့် ပူးပူးတွဲတွဲနေသူ' ဟု ဖြစ်သည်။ ယင်းအဓိပ္ပာယ်အားဖြင့်ပင် လွန်လေပြီးသော အာယသ်တော်ပါ قَرِين 'ကရီးန်'၏ အလိုသဘောကို လူသား၏ ပြုမူဆောင်ရွက်ချက်များကို ရေးသားသည့် ဖရစ်ရှ်သာဟ်များဟု တင်ပြခဲ့သည်။ လူသားနှင့်အတူ ဖရစ်ရှ်သာဟ်နှစ်ပါးသည် قرين (အစဉ်အမြဲ နီးနီးကပ်ကပ် ရှိနေသူများ) အဖြစ် ရှိနေသကဲ့သို့ ရှိုက်သွာန်တစ်ဦးသည်လည်း လူသားတိုင်းနှင့် အတူ قرين (အစဉ်အမြဲ နီးနီးကပ်ကပ်ရှိနေသူ) အဖြစ် ရှိနေသည်။ ထိုရှိုက်သွာန်သည် လူသားအား မကောင်းမှုနှင့် လမ်းမှားဘက်သို့ ဖိတ်ခေါ်၏။ ဤအာယသ်တော်ပါ قَرِين ၏ အလိုသဘောသည် ဤရှိုက်သွာန်ကိုပင် ဆိုလိုခြင်းဖြစ်သည်။ လူသားတစ်ဦးအား 'ဂျဟန္နမ်'အသယ်ငရဲဘုံ၌ ထည့်ရန် အမိန့်တော် ချမှတ်လိုက်ပါက ၎င်းရှိုက်သွာန်သည် ထိုလူသားနှင့်စပ်လျဉ်း၍ မိမိ၌ အပြစ်ကင်းကြောင်း ထုတ်ဖော်ပေလိမ့်မည်။ ကျွန်တော်မျိုးသည် ၎င်းအား လမ်းမှားစေခြင်း မပြုခဲ့ပါ။ ၎င်းလူသားကိုယ်တိုင်ကပင် လမ်းမှားစေသော စကားများကို လက်ခံပြီး ကောင်းသော စကားများကို နားမထောင်သူ မိမိဘာသာ လမ်းမှား၌ ရှိနေခဲ့သူဖြစ်ပါသည်' ဟု လျှောက်ထားပေမည်။

'ဂျဟန္နမ်'အပယ်ငရဲဘုံသို့ သွားရမည့်သူသည် 'ကျွန်တော်မျိုးအား ဤရှိုက်သွာန်က ဖြားယောင်းခဲ့ပါသည်။ ထိုသို့သာ မဟုတ်ပါက ကျွန်တော်မျိုးသည် ကောင်းမြတ်သော အလုပ်ကိုသာ ပြုလုပ်မည်ဖြစ်ပါသည်'ဟု ပြောဆိုပေမည်။ ထိုအခါ ရှိုက်သွာန်က မိမိ၏ အပြစ်မရှိကြောင်းကို ထုတ်ဖော်ပေမည်။ ၎င်းတို့နှစ်ဦး၏ ပြဿနာကို ဖြေရှင်းတုန့်ပြန်ဖြေကြားရာ၌ အလ္လာဟ်အသျှင်မြတ် မိန့်တော်မူမည်မှာ

لَا تَخْتَصِمُوْا لَدَيَّ وَقَدْ قَدَّمْتُ اِلَيْكُمْ بِالْوَعِيْدِ

(ထိုအသျှင်မြတ်သည် မိန့်ကြားတော်မူပေမည်။ အသင်တို့သည် ငါအသျှင်မြတ်၏ထံတော်၌ အငြင်းအခုံ မပြုကြကုန်လင့်။ အမှန်စင်စစ် ငါအသျှင်မြတ်သည် (ပြစ်ဒဏ်နှင့် စပ်လျဉ်း၍) ချိန်းဆိုချက်ကို အသင် တို့ထံသို့ ကြိုတင် (သတိပေး) ပို့နှင့်တော်မူခဲ့ပြီးဖြစ်၏။) [၅၀ : ၂၈]

ဟုပင် ဖြစ်သည်။ ဆိုလိုသည်မှာ 'ငါအသျှင်မြတ်၏ ရှေ့တော်ဝယ် အငြင်းအခုံ မပြုလုပ်ကြလေနှင့်။ ငါအသျှင်မြတ်သည် မူလကပင် နဗီတမန်တော်တို့၏ အကြောင်းခံဖြင့် အသင်တို့၏ အချည်းအနှီး အကြောင်းပြချက်များအား ဖြေကြားထားပြီးဖြစ်သည်။ ထို့ပြင် ကောင်းကင်ကျ ကျမ်းများအားဖြင့်လည်း အထောက်အထားများ ပို့ချပေးပြီးဖြစ်သည်။ ဤအကျိုးမဲ့သော အကြောင်းပြချက်များနှင့် အငြင်းအခုံ ပြုလုပ်ခြင်းများသည် ယနေ့အဖို့ အသုံးဝင်မည် မဟုတ်ပေ'ဟူ၍တည်း။

مَا يُبَدَّلُ الْقَوْلُ لَدَيَّ وَمَا اَنَا بِظَلَّامٍ لِّلْعَبِيْدِ

(ငါအသျှင်မြတ်ထံတော်၌ စကားပြောင်းလဲသည်ဟူ၍ မရှိပြီ။ ထို့ပြင် ငါအသျှင်မြတ်သည် မိမိ၏ ကျွန်များအား မတရားပြုလုပ်တော်မူသော အသျှင်မြတ်လည်း မဟုတ်ပြီ။) [၅၀ : ၂၉]

အလိုသဘောမှာ 'ငါအသျှင်မြတ်ထံတော်၌ စကား ပြောင်းလဲသည်ဟူ၍ မရှိပါ။ စီရင်ဆုံးဖြတ်ပြီးသည့်အတိုင်းပင် ဖြစ်ပေမည်။ ငါအသျှင်မြတ်သည် မည်သူ့အပေါ်မျှ မည်သည့်မတရားမှုမျှ ပြုတော်မမူချေ။ တရားမျှတစွာ စီရင်ဆုံးဖြတ်တော်မူသည်သာ ဖြစ်သည်'ဟူ၍တည်း။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

يَوْمَ نَقُوْلُ لِجَهَنَّمَ هَلِ امْتَلَـْٔتِ وَتَقُوْلُ هَلْ مِنْ مَّزِيْدٍ ۝٣٠

၅၀ : ၃၀ ။ ။ (အို၊ နဗီတမန်တော်၊ အသင်သည် သတိရစေပါလေ။) အကြင်နေ့တွင် ငါအသျှင်မြတ်သည် 'ဂျဟန္နမ်' ငရဲဘုံကို 'အသင်သည် ပြည့်လေပြီလော'ဟု မိန့်ကြားတော်မူပေမည်။ ထိုအခါ ယင်း 'ဂျဟန္နမ်'ငရဲဘုံက 'နောက်ထပ် ရှိပါသေးသလော'ဟု လျှောက်ထားပေမည်။

وَأُزْلِفَتِ الْجَنَّةُ لِلْمُتَّقِينَ غَيْرَ بَعِيدٍ ﴿٣١﴾

၅၀ : ၃၁ ။ ။ ထို့ပြင် 'ဂျန္နသ်'သုခဘုံသည် 'မွတ်သက္ကီ'သူတော်ကောင်းများအနီးသို့ ယူလာခြင်းကို ခံရပေမည်။ (ယင်း 'ဂျန္နသ်'သုခဘုံမှာ) ဝေးကွာလှမည်မဟုတ်ပေ။

هَٰذَا مَا تُوعَدُونَ لِكُلِّ أَوَّابٍ حَفِيظٍ ﴿٣٢﴾

၅၀ : ၃၂ ။ ။ ဤသည် (အလ္လာဟ်အသျှင်မြတ်ဘက်သို့ စိတ်ရောကိုယ်ပါ) ပြန်လှည့်သူ (ထိုအသျှင်မြတ်၏ စည်းကမ်းသတ်မှတ်ချက်များကို) စောင့်စည်း (လိုက်နာ) သူတိုင်းအဖို့ ဖြစ်သည်ဟူ၍ အသင်တို့ ကတိပေးခြင်း ခံကြရသော အရာပင် ဖြစ်ပေသည်။

مَنْ خَشِيَ الرَّحْمَٰنَ بِالْغَيْبِ وَجَاءَ بِقَلْبٍ مُنِيبٍ ﴿٣٣﴾

၅၀ : ၃၃ ။ ။ ထိုသူသည် 'ရဟ်မာန်' အနန္တကရုဏာတော်ရှင်အား မမြင်ဘဲလျက်၊ ကြောက်ရွံ့ခဲ့၏။ ၎င်းပြင် ထိုသူသည် (အသျှင်မြတ်ဘက်သို့) ပြန်လှည့်သော စိတ်နှလုံးကို ယူဆောင်လာခဲ့၏။

ادْخُلُوهَا بِسَلَامٍ ۖ ذَٰلِكَ يَوْمُ الْخُلُودِ ﴿٣٤﴾

၅၀ : ၃၄ ။ ။ (ထိုကဲ့သို့သော သူတို့သည် ဤသို့ မိန့်ကြားတော်မူခြင်းကို ခံကြရပေမည်။) အသင်တို့သည် ယင်း 'ဂျန္နသ်'သုခဘုံသို့ ငြိမ်းချမ်းစွာ ဝင်ရောက်ကြလေကုန်။ ဤ (နေ့) သည် အမြဲထာဝစဉ် နေထိုင်ရမည့်နေ့ ဖြစ်၏။

لَهُمْ مَا يَشَاءُونَ فِيهَا وَلَدَيْنَا مَزِيدٌ ﴿٣٥﴾

၅၀ : ၃၅ ။ ။ ထို 'ဂျန္နသ်'သုခဘုံတွင် ၎င်းတို့အဖို့ မိမိတို့ အလိုရှိသမျှသော အရာဟူသရွေ့ အလုံးစုံ ရှိရုံသာမက ငါအသျှင်မြတ်ထံတော်၌ (ထို့ထက်) ပိုမို၍ပင် ကျေးဇူးတော်များလည်း ရှိချေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(ဤနေရာမှစ၍ 'မဟ်ရှရ်' (အားလုံး စုရုံးရောက်ရှိ စစ်ဆေးခံရမည့် နေရာ) နှင့် ပတ်သက်သော ကျန်ရှိသည့် အကြောင်းအရာများကို တင်ပြနေသည်။ ၎င်းမှာ ထိုနေ့နှင့် စပ်လျဉ်း၍ လူတို့အား သတိပေးပါလေ။)

အကြင်နေ့တွင် ငါအသျှင်မြတ်သည် 'ဂျဟန္နမ်'ငရဲဘုံအား (ကာဖိရ်များအား ယင်းငရဲဘုံ၌ ထည့်သွင်းပြီးနောက်) အသင်သည် ပြည့်လေပြီလောဟု မိန့်ကြားတော်မူပေမည်။ ထိုအခါ ယင်း 'ဂျဟန္နမ်' ငရဲဘုံက 'နောက်ထပ် ရှိပါသေးသလား'ဟု လျှောက်ထားပေမည်။

(ဤသို့ မေးမြန်းခြင်းမှာ ကာဖိရ်များအဖို့ ပို၍ ကြောက်လန့်စေရန် ဖြစ်ပေမည်။ 'ဂျဟန္နမ်' ၏ ဖြေကြားချက်ကို ကြားရပြီး ကျွန်ုပ်တို့သည် အားလုံးကို ဝါးမြိုစားပစ်မည့် အဘယ်မျှ ကြောက်မက်ဖွယ် ကောင်းသည့် နေရာကို ရောက်လာပါသနည်းဟု တွေးကာတွေးကာ ပိုမိုကြောက်ရွံ့ရစေရန် ဖြစ်သည်။ ထို့ပြင် 'ဂျဟန္နမ်' ၏ هَلْ مِنْ مَّزِيْدٍ ဟူသော ဖြေကြားချက်သည်လည်း 'ဂျဟန္နမ်' ၏ အလ္လာဟ်အသျှင် မြတ်၏ ရန်သူကာဖိရ်များအပေါ် ထားရှိသည့် ကြောက်မက်ဖွယ် အမျက်ဒေါသရှိနေခြင်းကို ဖော်ပြနေခြင်း ပင် ဖြစ်မည်။ ထိုအကြောင်း စူရာဟ်မုလ်က်တွင်

وَهِيَ تَفُوْرُ تَكَادُ تَمَيَّزُ مِنَ الْغَيْظِ

(အမျက်ဒေါသကြောင့် ပေါက်ကွဲလုမတတ် ရှိပေမည်။) [၆၇ : ၈]

ဟူသော စာလုံးများဖြင့် လာရှိထားသည်။ 'ဂျဟန္နမ်' ၏ ဖြေကြားချက်တွင် 'ကျွန်ုပ်၏ ဗိုက် မပြည့်သေးပါ' ဟု ဖြေကြားခြင်းမဟုတ်ဘဲ ထပ်မံဖြည့်ပေးရန် တောင်းဆိုရခြင်းမှာ အမျက်ဒေါသကြောင့်သာ ဖြစ်သည်။ ထို့ကြောင့် ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားတစ်နေရာတွင် အလ္လာဟ်အသျှင်မြတ်က

لَاَمْلَئَنَّ جَهَنَّمَ مِنَ الْجِنَّةِ وَالنَّاسِ اَجْمَعِيْنَ

(ငါအသျှင်မြတ်သည် 'ဂျဟန္နမ်' အား ဂျင်န်များနှင့် လူသားတို့ဖြင့် ဖြည့်တင်းပေးတော်မူမည်။)

ဟု မိန့်ကြားတော်မူထားသည့် အာယသ်တော်သည် ဤအာယသ်တော်၏ ဆန့်ကျင်မှုမဖြစ်ပေ။ အာယသ်တော်၏ အဓိပ္ပာယ်မှာ အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ لَاَمْلَئَنَّ (အမှန်တကယ် ဖြည့်တင်းပေး တော်မူမည်) ဟူသော မူလကတိတော်အတိုင်း 'ဂျင်န်' နှင့် လူသားများကို 'ဂျဟန္နမ်' ငရဲဘုံ၌ ထည့်သွင်းတော် မူပေမည်။ ထို 'ဂျဟန္နမ်' သည်ကား 'နောက်ထပ် ရှိသေးလား' ဟုသာ ပြောဆိုနေပေမည်' ဟူ၍ ဖြစ်မည်။ [အိဗ်နေကဆီးရ်]

('ဂျန္နသ်' ၏ အကြောင်း တင်ပြနေခြင်းဖြစ်သည်။ ၎င်းမှာ) ထို့ပြင် 'ဂျန္နသ်' သုခဘုံသည် မွတ်သက္ကီ သူတော်စင်များအနီးသို့ ယူလာခြင်း ခံရပေမည်။ (ယင်း 'ဂျန္နသ်' သုခဘုံသည်) ဝေးကွာလှမည် မဟုတ်ပေ။ (မွတ်သက္ကီများအဖို့ ပြောကြားမည်မှာ) ဤသည် (အလ္လာဟ်အသျှင်မြတ်ဘက်တော်သို့ စိတ်ရောကိုယ်ပါ) ပြန်လှည့်သူ (နှင့် ထိုသို့ ပြန်လှည့်ပြီး ကျင့်စဉ်များနှင့် အမိန့်နှာခံမှုတို့တွင်) စောင့်စည်းသူတိုင်းအဖို့ ဖြစ်သည် ဟူ၍ အသင်တို့ ကတိပေးခြင်း ခံကြရသောအရာပင် ဖြစ်ပေသည်။

(အချုပ်မှာ) ထိုသူသည် 'ရဟ်မာန်' ကရုဏာတော် အသျှင်မြတ်အား မမြင်ဘဲလျက် ကြောက်ရွံ့ လျက် (အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးသို့) ပြန်လှည့်သော စိတ်နှလုံးကို ယူဆောင်လာပေမည်။ (၎င်းအား အမိန့်တော်ရှိမည်မှာ) အသင်တို့သည် ယင်း 'ဂျန္နသ်' သုခဘုံ၌ ငြိမ်းချမ်းစွာ ဝင်ရောက်ကြလေကုန်။ ဤနေ့သည်ကား အမြဲထာဝစဉ် နေရန် (အတွက် အမိန့်ပေးခံရမည့်) နေ့ဖြစ်သည်။

ၑင်းတို့အဖို့ 'ဂျန္နသ်'သုခဘုံတွင် ၑင်းတို့ အလိုရှိသမျှ ရရှိကြရုံသာမက ငါအသျှင်မြတ်ထံတော်တွင် (ၑင်းတို့ လိုလားသည်ထက် ပိုမိုသော အရာများသည်) ထပ်မံ၍လည်း ရှိနေပါသည်။ ('ဂျန္နသီ'တို့၏ အတွေး၌ပင် မရောက်နိုင်သည်နှင့်အမျှ အလွန်များပြားစွာ ရှိနေပေမည်။ ဟဒီးစ်တော်တစ်ပါး၌ ကိုယ်တော်မြတ် ﷺ သည် 'ဂျန္နသ်'၏ စည်းစိမ်တော်များနှင့် စပ်လျဉ်း၍ မိန့်ကြားတော်မူသည်မှာ 'ဂျန္နသ်'၏ စည်းစိမ်များဆိုသည်မှာ မည်သည့်မျက်စိကမျှ မမြင်ဖူး၊ မည်သည့်နားကမျှ မကြားဖူး၊ မည်သည့်လူသား၏ စိတ်ကမျှ မစဉ်းစားဖူးသော အရာဖြစ်သည်။ ယင်းကျေးဇူးတော် စည်းစိမ်များအနက် စည်းစိမ်တစ်ခုမှာ အလ္လာဟ်အသျှင်မြတ်အား ဖူးမျှော်နိုင်ခွင့်ရရှိခြင်း ဖြစ်သည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

اَوَّابٌ 'အောက်ဝ်ဝါးဗ်'သည် မည်သူများ ဖြစ်ကြပါသနည်း၊

لِكُلِّ اَوَّابٍ حَفِيْظٍ

(ဤသည် (အလ္လာဟ်အသျှင်မြတ်ဘက်တော်သို့ စိတ်ရောကိုယ်ပါ ပြန်လှည့်သူ (ထိုအသျှင်မြတ်၏ စည်းကမ်းသတ်မှတ်ချက်များကို) စောင့်စည်း (လိုက်နာ) သူတိုင်းအဖို့ ဖြစ်သည်။) *[၅၀ : ၃၂]*

'ဂျန္နသ်'ကို ချီးမြှင့်မည်ဟူသော ကတိတော်သည် اَوَّابٌ နှင့် حَفِيْظٌ ဖြစ်သူတိုင်းအတွက် ဖြစ်သည်။ اَوَّابٌ ၏ အဓိပ္ပာယ်မှာ ပြန်လှည့်သူဟု ဖြစ်သည်။ အပြစ်ဒုစရိုက်များဘက်မှ အလ္လာဟ်အသျှင်မြတ်ဘက်တော်သို့ လှည့်ပြန်သူကို ဆိုလိုသည်။

ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်န်မတ်စ်အူးဒ် ؓ သခင်၊ ရှအ်ဗီ (ရဟ) နှင့် မုဂျာဟီးဒ် (ရဟ) တို့က မိန့်ဆိုကြသည်မှာ اَوَّابٌ ဆိုသည်မှာ 'တစ်ကိုယ်ရေတည်း ရှိသည့်အခါ မိမိ၏ အပြစ်ဒုစရိုက်များကို သတိရလျက် ထိုအပြစ်များမှ လွတ်ငြိမ်းချမ်းသာခွင့် ရရှိရန် တောင်းခံနေသူဖြစ်သည်' ဟူ၏။ ဟဇရသ်အုဗိုင်ဒ်ဗင်န်အုမိုင်ရ် ؓ သခင်က မိန့်ဆိုသည်မှာ اَوَّابٌ ဆိုသည်မှာ 'မိမိ၏ ထိုင်ဝိုင်းတိုင်း၌ အလ္လာဟ်အသျှင်မြတ်ထံတော်တွင် မိမိ၏ အပြစ်များအတွက် လွတ်ငြိမ်းချမ်းသာခွင့် တောင်းခံနေသူဖြစ်သည်။' ထို့နောက် ဆက်လက် မိန့်ကြားသည်မှာ 'اَوَّابٌ နှင့် حَفِيْظٌ ဟူသည် မိမိ၏ ထိုင်ဝိုင်းတစ်ခုခုမှ ထသည့်အခါတိုင်း၌

سُبْحَانَ اللهِ وَبِحَمْدِهِ اَللّٰهُمَّ اِنِّىْ اَسْتَغْفِرُ كَ مِمَّا اَصَبْتُ فِى مَجْلِسِىْ هٰذَا

ဟူသော ဒိုအာကို ဖတ်ကြသူတို့ ဖြစ်သည်ဟူ၍ ကျွန်ုပ်တို့အား ပြောပြတော်မူခဲ့ပါသည်' ဟူ၍တည်း။ အဓိပ္ပာယ်မှာ 'အလ္လာဟ်အသျှင်မြတ်သည် သန့်ရှင်းစင်ကြယ်တော်မူ၏။ ထိုအသျှင်မြတ်သည် ချီးမွမ်းခြင်း

အပေါင်းကို ခံထိုက်တော်မူ၏။ 'အို၊ အလ္လာဟ်အသျှင်မြတ်၊ ကျွန်တော်မျိုးသည် ဤထိုင်ဝိုင်း၌ ပြုမိခဲ့သော မကောင်းမှုများမှ လွတ်ငြိမ်းချမ်းသာခွင့် တောင်းခံပါ၏' ဟု ဖြစ်သည်။

ဟဒီးစ်တော်၌ တမန်တော်မြတ် ﷺ မိန့်ကြားတော်မူသည်မှာ 'မိမိ၏ ထိုင်ဝိုင်းတစ်ခုခုမှ ထသည့် အခါတိုင်း၌ အောက်ပါဒိုအာကို ရွတ်ဖတ်သူအား အလ္လာဟ်အသျှင်မြတ်သည် ထိုသူ၏ ဤထိုင်ဝိုင်း၌ ပြုမိခဲ့သမျှသော အပြစ်ဒုစရိုက်တို့ကို ခွင့်လွှတ်ချမ်းသာ ပေးတော်မူပေမည်' ဟူ၏။

سُبْحَانَكَ اللّٰهُمَّ وَبِحَمْدِكَ لَا اِلٰهَ اِلَّا اَنْتَ اَسْتَغْفِرُكَ وَاَتُوْبُ اِلَيْكَ

အဓိပ္ပာယ်မှာ 'အို၊ အလ္လာဟ်အသျှင်မြတ်၊ အသျှင်မြတ်သည် သန့်ရှင်းစင်ကြယ်တော်မူပါသည်။ ချီးမွမ်းထောမနာခြင်းဟူသည် အသျှင်မြတ်အတွက်သာ ဖြစ်ပါသည်။ အသျှင်မြတ်မှအပ အခြားကိုးကွယ်ရာ မရှိပါ။ ကျွန်တော်မျိုးသည် အသျှင်မြတ်ထံတော်တွင် လွတ်ငြိမ်းချမ်းသာခွင့် တောင်းခံပါသည်။ ထို့နောက် အသျှင်မြတ်ဘက်တော်သို့ ပြန်လှည့်ပါသည်'ဟူ၍ ဖြစ်သည်။

حَفِيْظ ၏ အဓိပ္ပာယ်ကို ဟဇရသ်အစ်ဗ္ဗလ္လာဟ်ဗင်နအဗ္ဗားစ် ؓ သခင်က တင်ပြသည်မှာ 'မိမိ၏ အပြစ်များကို ၎င်းအပြစ်များမှ ရုန်းထွက်ပြန်လှည့်ကာ ဖာထေးသမှုပြုရန် အမြဲသတိရနေသူဖြစ်သည်' ဟူ၍ တည်း။ ၎င်းနောက် ၎င်းဆွဟာဗာသခင်ကြီးထံမှပင် အခြားဆင့်ပြန်ချက်တစ်ရပ်၌ حَفِيْظ ၏ အဓိပ္ပာယ်ကို

هُوَ الْحَافِظُ لِاَمْرِ اللّٰهِ

ဖြင့် ဆင့်ပြန် တင်ပြထားခြင်းလည်း လာရှိထားသည်။ ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များကို စောင့်စည်းသူဟု ဖြစ်သည်။ ဟဇရသ်အဘူဟုရိုင်ရာဟ် ؓ သခင် ဆင့်ပြန်သော ဟဒီးစ်တော်တစ်ရပ်၌ တမန်တော်မြတ် ﷺ မိန့်ကြားတော်မူသည်မှာ 'မည်သူမဆို နေ့၏ အစတွင် နမာဇ် (၄) ရကအသ် (အိရှ်ရာက်) ကို ဖတ်လိုက်ပါလျှင် ထိုသူသည် اَوَّابٌ နှင့် حَفِيْظ ဖြစ်ပေပြီဟု ဖြစ်သည်။

[ကုရ်သုဗီကျမ်း]

وَجَآءَ بِقَلْبٍ مُّنِيْبٍ

(၎င်းပြင် ထိုသူသည် (အသျှင်မြတ်ဘက်တော်သို့) ပြန်လှည့်သော စိတ်နှလုံးကို ယူဆောင်လာခဲ့၏။)

[၅၀ : ၃၃]

အဘူဗကာရ်ဝရ်ရာက် (ရဟ) က မိန့်ဆိုသည်မှာ مُنِيْب (အလ္လာဟ်အသျှင်မြတ်ဘက်သို့ ပြန်လှည့်သူ) ၏ လက္ခဏာမှာ အလ္လာဟ်အသျှင်မြတ်အား ရိုသေလေးစားခြင်းကို အမြဲတစေ စိတ်၌ စုစည်းထားပြီး ထိုအသျှင်မြတ်၏ ရှေ့တော်မှောက်၌ ခယရိုကျိုးစွာ နေလျက် မိမိနဖ်စ် (စိတ်ဆင်ရိုင်း) ၏ လိုလားတောင့်တမှုများကို စွန့်လွှတ်သူဖြစ်သည်ဟူ၏။

لَهُمْ مَّا يَشَآءُوْنَ فِيْهَا

('ဂျန္နသ်' သုခဘုံသားတို့အဖို့ ထို 'ဂျန္နသ်' သုခဘုံတွင် မိမိတို့ လိုလားတောင့်တသည့် အရာတိုင်း ရှိကြပေမည်။)

[၅၀ : ၃၅]

'ဂျန္နသ်'သုခဘုံသားတို့အဖို့ လိုလားတောင့်တလိုက်သော အရာသည် မဆိုင်းမတွ ချက်ချင်း ရောက်ရှိလာပေမည်။ ကြန့်ကြာခြင်း၊ စောင့်ဆိုင်းရခြင်းဟူသော ဒုက္ခရှိမည်မဟုတ်ပေ။

မုစ်နဒ်အဟ်မဒ်ကျမ်း၌ ဟဇရသ်အဗူစအီးဒ်ခုဒ်ရီ ﷺ သခင်၏ ဆင့်ပြန်ချက်၌ တမန်တော်မြတ် ﷺ က မိန့်ကြားသည်မှာ 'ဂျန္နသ်'တွင် အကယ်၍ လူတစ်ဦးသည် သားသမီးရလိုပါက ကိုယ်ဝန်ဆောင်ခြင်း၊ ကလေးမွေးဖွားခြင်းနှင့် ကလေးကြီးပြင်းခြင်းတို့သည် တစ်မုဟုတ်ခြင်းအတွင်းမှာပင် ဖြစ်သွားပေမည်'ဟူ၏။

[အိဗ်နေကဆီးရ်]

وَلَدَيْنَامَزِيْدٌ

(ငါအသျှင်မြတ်ထံတော်၌ (ထို့ထက်) ပိုမို၍ပင် ကျေးဇူးတော်များလည်းရှိချေသည်။)*/ ၅၀ ፡ ၃၃ /*

ဆိုလိုသည်မှာ 'ငါအသျှင်မြတ်ထံတော်တွင် လူသားတို့၏ အတွေးအာရုံ၌ပင် မရှိနိုင်လောက်သော 'နေအ်မသ်' စည်းစိမ်များ ရှိချေမည်။ ထို့ကြောင့် 'ဂျန္နသ်'သုခဘုံသားတို့သည် ယင်းကဲ့သို့သော 'နေအ်မသ်' တော်များကို တောင့်တခြင်းပင် ပြုနိုင်ကြမည် မဟုတ်ပေ။ ဟဇရသ်အနတ်စ် ﷺ သခင်နှင့် ဂျာဗိရ် ﷺ သခင်တို့ မိန့်ဆိုကြသည်မှာ 'ဤပိုမိုများပြားသော 'နေအ်မသ်'စည်းစိမ်များဆိုသည်မှာ 'ဂျန္နသ်'သားများ ရရှိကြမည့် အလ္လာဟ်အသျှင်မြတ်အား ဖူးမျှော်ခြင်းပင် ဖြစ်သည်'ဟူ၏။ ယင်းအကြောင်းပါ ကိုယ်တော်မြတ် ﷺ မှ တိုက်ရိုက်ဆင့်ပြန်ခဲ့သော ဟဒီးစ်တော်များကို

لِلَّذِيْنَ اَحْسَنُوا الْحُسْنٰى وَزِيَا دَةٌ

ဟူသော အာယသ်တော်၏ သဖ်စီးရ်ဖွင့်ဆိုချက်တွင် ဆင့်ပြန်တင်ပြခဲ့ပြီး ဖြစ်သည်။ အချို့ဆင့်ပြန်ချက်များတွင် 'ဂျန္နသ်'သားတို့အဖို့ သောကြာနေ့တိုင်း အလ္လာဟ်အသျှင်မြတ်အား ဖူးမျှော်ခွင့် ရရှိကြပေမည်'ဟု လာရှိထားသည်။

[ကုရ်သုဗီးကျမ်း]

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

وَكَمْ اَهْلَكْنَا قَبْلَهُمْ

مِّنْ قَرْنٍ هُمْ اَشَدُّ مِنْهُمْ بَطْشًا فَنَقَّبُوْا فِى الْبِلَادِۜ هَلْ مِنْ مَّحِيْصٍ ۝٣٦

၅၀ ፡ ၃၆ ။ ။ စင်စစ် ငါအသျှင်မြတ်သည်ထိုသူတို့အလျင် မြောက်မြားစွာသော လူမျိုးဆက်တို့ကို ဖျက်ဆီးတော်မူခဲ့၏။ ၄င်းတို့မှာ ထိုသူတို့ထက် ရဲစွမ်းသတ္တိ၊ ခွန်အားဗလ ကြီးမားကြွံခိုင်သူများ ဖြစ်ခဲ့ကြကုန်၏။ ထိုအခါ ၄င်းတို့သည် အမြို့မြို့အရွာရွာ၌ (ခိုလှုံရာ နေရာများကို) လိုက်လံ ရှာဖွေခဲ့ကြကုန်၏။ (သို့တစေလည်း ၄င်းတို့သည် ငါအသျှင်မြတ်၏ ပြစ်ဒဏ် ကျရောက်လာသောအခါ) ထွက်ပြေးတိမ်းရှောင်ရာ နေရာဟူ၍ ရှာဖွေတွေ့ရှိခဲ့ကြလေသလော။

إِنَّ فِي ذَٰلِكَ لَذِكْرَىٰ لِمَن كَانَ لَهُ قَلْبٌ أَوْ أَلْقَى السَّمْعَ وَهُوَ شَهِيدٌ ﴿٣٧﴾

၅၀ : ၃၇ ။ ။ စေကန်စင်စစ် ဤသည့် (ဖြစ်ရပ်) ၌ (နားလည်တတ်သည့်) စိတ်နှလုံးရှိသော သူတို့အဖို့၊ သို့မဟုတ် စိတ်ပါဝင်စားစွာ အသင့်ရောက်ရှိ၍ နားစွင့်သော သူတို့အဖို့ အမှန်ပင် သင်ခန်းစာ ရှိပေသည်။

وَلَقَدْ خَلَقْنَا السَّمَاوَاتِ وَالْأَرْضَ وَمَا بَيْنَهُمَا فِي سِتَّةِ أَيَّامٍ وَمَا مَسَّنَا مِن لُّغُوبٍ ﴿٣٨﴾

၅၀ : ၃၈ ။ ။ အမှန်စင်စစ် ငါအသျှင်မြတ်သည် မိုးကောင်းကင်များနှင့် ပထဝီမြေကိုလည်းကောင်း၊ ယင်းမိုးကောင်းကင်များနှင့် ပထဝီမြေအကြား၌ ရှိသမျှတို့ကိုလည်းကောင်း ခြောက်ရက်အတွင်း ဖန်ဆင်းတော်မူခဲ့၏။ သို့တစေလည်း ငါအသျှင်မြတ်သည် ပင်ပန်းနွမ်းနယ်မှုဟူ၍ အလျဉ်း သက်ရောက်ခဲ့သည် မရှိချေ။

فَاصْبِرْ عَلَىٰ مَا يَقُولُونَ وَسَبِّحْ بِحَمْدِ رَبِّكَ قَبْلَ طُلُوعِ الشَّمْسِ وَقَبْلَ الْغُرُوبِ ﴿٣٩﴾

၅၀ : ၃၉ ။ ။ သို့ဖြစ်ပေရာ (အို၊ နဗီတမန်တော်) အသင်သည် ၎င်းတို့၏ ပြောဆိုမှုများနှင့် စပ်လျဉ်း၍ သည်းခံပါလေ။ ထို့ပြင် အသင်သည် နေမထွက်မီလည်းကောင်း၊ နေမဝင်မီလည်းကောင်း အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်အား ချီးမွမ်းထောမနာပြုခြင်းနှင့်တကွ (ထိုအသျှင်မြတ်) သန့်ရှင်းစင်ကြယ်တော်မူကြောင်းကို မြွက်ဆိုလျက် ရှိပါလေ။

وَمِنَ اللَّيْلِ فَسَبِّحْهُ وَأَدْبَارَ السُّجُودِ ﴿٤٠﴾

၅၀ : ၄၀ ။ ။ ထို့ပြင် အသင်သည် ညဉ့်အချိန်၌လည်းကောင်း၊ 'ဆွလားသ်' ဝတ်ပြုမှုများ၏ နောက်၌လည်းကောင်း၊ ထိုအသျှင်မြတ် သန့်ရှင်းစင်ကြယ်တော်မူကြောင်းကို မြွက်ဆိုပါလေ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ငါအသျှင်မြတ်သည် ဤသူ (မက္ကာဟ်သား) တို့အလျှင် မြောက်မြားစွာသော လူမျိုးဆက်တို့ကို (၎င်းတို့၏ သွေဖည်ငြင်းပယ်မှုများကြောင့်) ဖျက်ဆီးတော်မူခဲ့သည်။ ၎င်းတို့သည် ထိုသူများထက် ရဲစွမ်းသတ္တိ၊ ခွန်အားဗလတွင် ကြီးမားကြွခိုင်သူများ ဖြစ်ကြသည်။ ထို့ပြင် (လောကီရေး အသုံးအဆောင်များ များပြား တိုးတက်လာရန်အတွက် မြို့ရွာအားလုံးကို လိုက်လံရှာဖွေခဲ့ကြသည်။ (ဆိုလိုသည်မှာ ခွန်အားဗလ ရှိခြင်းနှင့်အတူ စီးပွားရေး၌လည်း အလွန်တရာ တိုးတက်မှု ရှိခဲ့ကြသည်။ သို့သော် ငါအသျှင်မြတ်၏ 'အဇာဗ်' အပြစ်ဒဏ်များ ကျရောက်လာသောအခါ ၎င်းတို့အဖို့) ထွက်ပြေးတိမ်းရှောင်ရာ နေရာဟူ၍ ရှာဖွေတွေ့ရှိခဲ့ကြလေသလော။

(ဆိုလိုသည်မှာ မည်သည့်နည်းနှင့်မျှ မလွတ်မြောက်နိုင်ခဲ့ကြပေ။) ဤသည့် (ဖျက်ဆီးအရေးယူခြင်း ခံခဲ့ရသည့် ဖြစ်ရပ်များ) တွင် (နားလည်တတ်သည့်) စိတ်နှလုံးရှိသူတို့အဖို့လည်းကောင်း၊ သို့မဟုတ်

(အကယ်၍ နားလည်နိုင်စွမ်းသော စိတ်နှလုံး မရှိဟုဆိုလျှင် အနည်းဆုံး ရှိရမည်မှာ) ထိုသူသည် (စိတ်ပါဝင်စားစွာ) အာရုံစူးစိုက်လျက် (ပြောကြားသည့် စကားကို) နားစွင့်သော သူ (နားစွင့်ကာ နားထောင်ကြားနာပြီးနောက် ပဏာမ အကျဉ်းရုံးအနေဖြင့် ဤသည်များမှာ အမှန်တရား စကားများသာ ဖြစ်သည်ဟု မှတ်ယူယုံကြည်ကာ လက်ခံသူ) တို့အဖို့ ကြီးမားစွာသော သင်ခန်းစာ ရှိပေသည်။

ထို့ပြင် (အကယ်၍ 'ကေယာမသ်'ဖြစ်ပေါ်လာမည်ကို ငြင်းပယ်ရခြင်းမှာ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်၏ တန်ခိုးတော်သည် ဤသို့ ပြုနိုင်ခြင်းမရှိဟူ၍ ယူဆထား၍ ဖြစ်ပါလျှင် ဤသည် လုံးဝမှားယွင်းပေသည်။ အဘယ်ကြောင့်ဆိုသော် ငါအသျှင်မြတ်၏ တန်ခိုးတော်များမှာ) ငါအသျှင်မြတ်သည် မိုးကောင်းကင်များနှင့် ကမ္ဘာမြေပထဝီကိုလည်းကောင်း၊ ထို့ပြင် ယင်းတို့နှစ်ခုအတွင်း၌ ရှိသည်တို့ကိုလည်းကောင်း (၆) ရက် (အတိုင်းအတာနှင့် ညီမျှသော ကာလ) တွင် ဖန်ဆင်းတော်မူခဲ့သည်။ ငါအသျှင်မြတ်အဖို့ ပင်ပန်းနွမ်းနယ်ခြင်းဟူသည် သက်ရောက်ခဲ့ခြင်းပင် မရှိပေ။

(သို့ဖြစ်ပေရာ လူသားကို ပြန်လည်ဖန်ဆင်းခြင်းမှာ မည်သို့ ခက်ခဲပါမည်နည်း။ စူရာဟ်အဟ်ကာဖ်၌

اَوَلَمْ يَرَوْا اَنَّ اللهَ الَّذِىْ خَلَقَ السَّمٰوٰتِ وَالْاَرْضَ

وَلَمْ يَعْىَ بِخَلْقِهِنَّ بِقَادِرٍ عَلٰٓى اَنْ يُّحْيِىَ الْمَوْتٰى

ဟူ၍ မိန့်ကြားတော်မူခဲ့သကဲ့သို့ ဖြစ်သည်။ ဤကဲ့သို့သော ဒွိဟသံသယများကို ဝေးလွင့်ပပျောက်စေသည့် အဖြေများ ရှိပါလျက် ၎င်းတို့သည် ငြင်းပယ်ခြင်းကိုသာ ပြုနေကြသည်။)

သို့ဖြစ်ပေရာ အသင်သည် ၎င်းတို့၏ ပြောဆိုစကားများနှင့် စပ်လျဉ်း၍ သည်းခံပါလေ။ (ပူဆွေးသောကမဖြစ်လေနှင့်။) ထို့ပြင် (အခြားတစ်ဖက်ဖက်သို့ စိတ်အာရုံမပြုပါလျှင် ထိုပူဆွေးသောက ဖြစ်ရခြင်း အကြောင်းသည် စိတ်နှလုံးမှ မထွက်ဘဲ အကြိမ်ကြိမ်အဖန်ဖန် ရောက်ရှိလာပြီး စိတ်နှလုံးကို ပူဆွေးသောကဖြစ်စေသည်သာ ဖြစ်သောကြောင့် အလ္လာဟ်အသျှင်မြတ် မိန့်ကြားတော်မူထားသည်မှာ) အသင်သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ သန့်ရှင်းစင်ကြယ်ခြင်းကိုလည်းကောင်း၊ ချီးမွမ်းထောပနာပြုခြင်းကိုလည်းကောင်း မြွက်ဆိုလျက် ရှိပါလေ။ (ယင်းတွင် နမာဇ်လည်း ပါဝင်ပေသည်။) နေမထွက်မီအလျင်၌လည်းကောင်း (ယင်းတွင် 'ဖဂျ်ရ်နမာဇ် ပါဝင်သွား၏။) ထို့ပြင် (နေ) မဝင်မီအလျင်၌လည်းကောင်း (ယင်းတွင် 'ဇိုဟိုရ်'နှင့် 'အဆွရ်'နမာဇ်တို့ ပါဝင်သွားသည်။)

ထို့ပြင် အသင်သည် ညအချိန်၌လည်းကောင်း (ယင်းတွင် 'မဂ်ရိဗ်'နှင့် 'အေရှာဟ်' နမာဇ်တို့ ပါဝင်သွားပေသည်။) ထို့ပြင် (ဖွရ်ဇ်) နမာဇ်များ၏ နောက်တွင်လည်းကောင်း (ဤနေရာတွင် 'နဖိလ်'များနှင့် ကျင့်စဉ် 'ဝဇီဖာဟ်'များ ပါဝင်သွားသည်။) အသျှင်မြတ်၏ သန့်ရှင်းစင်ကြယ်မှုနှင့် ချီးမွမ်းထောပနာပြုမှုတို့ကို ရွတ်ဆိုပါလေ။ (အချုပ်မှာ အလ္လာဟ်အသျှင်မြတ်အား သတိရတသခြင်း၌သာ နေထိုင်ပါလေ။ သို့မှသာ ၎င်းတို့ ပြောဆိုကြသည့် 'ကုဖွရ်'စကားများဘက်သို့ အာရုံမရောက်နိုင်မည် ဖြစ်သည်ဟူ၍တည်း။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

نَقَّبُوا فِى الْبِلَادِ هَلْ مِنْ مَّحِيْصٍ

(၎င်းတို့သည် အမြို့မြို့အရွာရွာ၌ (ခိုလှုံရာ နေရာများကို) လိုက်လံ ရှာဖွေခဲ့ကြကုန်၏။ (သို့တစေလည်း ၎င်းတို့သည် ငါအသျှင်မြတ်၏ ပြစ်ဒဏ်ကျရောက်လာသောအခါ) ထွက်ပြေးတိမ်းရှောင်ရာ နေရာဟူ၍ ရှာဖွေတွေ့ရှိခဲ့ကြလေသလော။) *[၅၀ : ၃၆]*

نَقَّبُوا သည် تَنْقِيْبٌ ဟူသော စာလုံးမှ ဆင်းသက်လာသည်။ မူရင်းအဓိပ္ပာယ်မှာ 'ဖောက်ထွင်းခြင်း၊ ဖောက်ထွက်ခြင်း' ဟု ဖြစ်သည်။ စကားအရာ အသုံးအနှုန်းအရ ကမ္ဘာမြေပေါ်ရှိ ဝေးလံလှသော မြို့ရွာ၊ တိုင်းပြည်များသို့တိုင် လှည့်လည်သွားလာခြင်းဟူသော အဓိပ္ပာယ်တွင် သုံးစွဲသည်။ *[ကာမူးစ်]*

مَحِيْصٌ ၏ အဓိပ္ပာယ်မှာ 'ခိုလှုံရာ' ဟု ဖြစ်သည်။ အာယသ်တော်၏ အဓိပ္ပာယ်မှာ 'အလ္လာဟ် အသျှင်မြတ်သည် အသင်တို့အလျင် အသင်တို့ထက် အင်အားကြီးမားသည့် အာဃယ်မျှသော လူမျိုးစုတို့ကို ဖျက်ဆီးတော်မူလိုက်ပါသနည်း။ ထိုလူမျိုးစုတို့သည် နိုင်ငံအသီးသီး၊ ဒေသအသီးသီးတို့တွင် ကူးသန်းရောင်းဝယ်မှု စသော ကိစ္စများအတွက် သွားလာလျက် ရှိသူများ ဖြစ်ခဲ့ကြသည်။ သို့ရာတွင် နောက်ဆုံး၌ ၎င်းတို့အဖို့ သေခြင်းတရား ဆိုက်ရောက်လာခဲ့ပြီး သေကြေပျက်စီးခဲ့ကြရသည်။ မည်သည့်ဒေသ၊ မည်သည့်နေရာကမျှ ၎င်းတို့အဖို့ သေခြင်းတရားမှ လွတ်မြောက်ရန် ခိုလှုံခွင့် မပေးနိုင်ခဲ့ကြပေ။

ပညာရယူနိုင်သော နည်းလမ်း (၂) မျိုး

لِمَنْ كَانَ لَهٗ قَلْبٌ

[(နားလည်တတ်သည့်) စိတ်နှလုံးရှိသော သူတို့အဖို့ (ဤသည့်ဖြစ်ရပ်အမှန်ပင် သင်ခန်းစာ ရှိပေသည်။] *[၅၀ : ၃၇]*

ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်က မိန့်ဆိုသည်မှာ 'ဤနေရာတွင် قَلْبٌ (နှလုံးသား) ဟူသည် عقل (အသိဉာဏ်) ကို ဆိုလိုခြင်းဖြစ်သည်' ဟူ၏။ အသိဉာဏ်၏ ဌာနေသည် နှလုံးသားဖြစ်သောကြောင့် အသိဉာဏ်ကို နှလုံးသားနှင့် နှိုင်းယှဉ်သုံးနှုန်းခြင်းဖြစ်သည်။ အချို့အဖွင့်ပညာရှင်များက မိန့်ဆိုသည်မှာ 'ဤနေရာတွင် قلب နှလုံးသားဟူသည်မှာ حيات သက်တမ်းကို ဆိုလိုသည်' ဟူ၏။ ဤသည်မှာလည်း သက်တမ်း၏ တည်ရှိမှုသည် နှလုံးသားအပေါ်၌ မူတည်သောကြောင့် ဖြစ်သည်။ အာယသ်တော်၏ အဓိပ္ပာယ်မှာ 'ကုရ်အာန်ကျမ်းမြတ်၏ ဤစူရာဟ်၌ တင်ပြထားသမျှ ဆုံးမစကားများ၊ သံဝေဂတရား ရယူဖွယ်ရာများမှ အကျိုးအမြတ်ကို အသိဉာဏ်ရှိသူ (သို့) အသက်ဝိညာဉ်ရှိသူသာ ရယူနိုင်ပေမည်' ဟူ၍ ဖြစ်သည်။ အသိဉာဏ်မရှိသူ (သို့) သူသေများအဖို့ မည်သို့ အကျိုးသက်ရောက်ပါမည်နည်း။

اَوْاَلْقَى السَّمْعَ وَهُوَشَهِيْدٌ

القاء سمع ၏ အဓိပ္ပာယ်မှာ 'စကားတစ်ခုကို နားစိုက်ထောင်ခြင်း' ဟု ဖြစ်သည်။ **شهيد** ၏ အဓိပ္ပာယ်မှာ 'အသင့်ရှိနေသူ' ဟု ဖြစ်သည်။ အဓိပ္ပာယ်မှာ ဖော်ပြပါအာယသ်တော်များ၏ အကျိုးသည် ပုဂ္ဂိုလ်နှစ်ဦးတို့အပေါ် သက်ရောက်ပေမည်။

(၁) မိမိကိုယ်တိုင် အသိဉာဏ်ရှိပြီး မိမိ၏ အသိဉာဏ်ဖြင့် ထိုအကြောင်းအရာအားလုံးကို အမှန်တရား စကားများဟု ထောက်ခံသူ။

(၂) အသျှင်မြတ်၏ အာယသ်တော်များကို နားစိုက်ထောင်သူ။

နားစိုက်ထောင်သူဟု ဆိုရာ၌ စိတ်ရောကိုယ်ပါ စိတ်ဝင်စားစွာဖြင့် နားထောင်သူဖြစ်သည်။ နားထောင်ခြင်း ပြုနေသော်လည်း စိတ်ပါဝင်စားမှု မရှိသော အဖြစ်မျိုးဖြင့် မဟုတ်ရဟု ဆိုလိုခြင်း ဖြစ်သည်။ သဖ်စီးရ်မဇ္ဇဟရီကျမ်းတွင် မိန့်ဆိုသည်မှာ 'ပထမအမျိုးအစားသည် အွမ္မသ် (လူထု) တွင် ပြည့်စုံသူများကို ရှိသည်။ ဒုတိယအမျိုးအစားမှာ ထိုသူတို့၏ နောက်လိုက်တပည့်များဖြစ်ပြီး ထိုသူတို့အား ကြည်ညိုလေးစား ယုံကြည်အားကိုးကာ သာသနာ့စကားများကို လက်ခံခဲ့သူများကို ရှိသည်' ဟူ၍ ဖြစ်၏။

فَسَبِّحْ بِحَمْدِ رَبِّكَ قَبْلَ طُلُوْعِ الشَّمْسِ وَقَبْلَ الْغُرُوْبِ

سَبِّحْ သည် **تَسْبِيْح** ဟူသော စာလုံးမှ ဆင်းသက်လာသည်။ ၎င်း၏ မူရင်းအဓိပ္ပာယ်မှာ 'အလ္လာဟ် အသျှင်မြတ်၏ သန့်ရှင်း စင်ကြယ်တော်မူကြောင်းကို မြွက်ဟတင်ပြခြင်း' ဟူ၍ ဖြစ်သည်။ ယင်းတွင် နှုတ်ဖြင့် သန့်ရှင်းစင်ကြယ်တော်မူကြောင်း မြွက်ဆိုခြင်းလည်း ပါဝင်သည်။ နမာဇ်၏ 'အေဗာဒသ်'သည်လည်း အကျုံးဝင်သည်။ ထို့ကြောင့် အချို့ပညာရှင်များက မိန့်ဆိုသည်မှာ **تسبيح قبل طلوع الشمس** (နေမထွက်မီအလျင် 'သတ်စ်ဗီးဟ်' ပြုခြင်း) ၏ အလိုသဘောမှာ 'ဖွဂျရ်'နမာဇ်ဖြစ်သည်။ ထို့နောက် **تسبيح قبل الغروب** (နေမဝင်မီအလျင် သတ်စ်ဗီးဟ်'ပြုခြင်း) ဆိုသည်မှာ 'အဆွရ်'နမာဇ်ကို ဆိုလိုသည်ဟု ဖြစ်သည်။ ဟဇရသ်ဂျရီးရ်ဗင်န်အဗ်ဒွလ္လာဟ် ﷺ သခင်ထံမှ ဆင့်ပြန်ချက်လာရှိသည်။ တမန်တော်မြတ် ﷺ သည် ရှည်လျားသော ဟဒီးစ်တော်တစ်ပုဒ်၌ မိန့်ကြားသည်မှာ-

ان استطعتم ان لاتُغلبُوا علىٰ صَلٰوةٍ قَبْلَ طلوع الشمس وقبل غروبها يعنى العصر والفجر ثم قرأ جرير ﷺ وَسَبِّحْ بِحَمْدِ رَبِّكَ قَبْلَ طُلُوْعِ الشَّمْسِ وَقَبْلَ غُرُوْبِهَا

ဟူ၍ ဖြစ်၏။ ၎င်း၏ အလိုသဘောမှာ 'အကယ်၍ အသင်တို့သည် ပြုစွမ်းနိုင်ပါလျှင် နေမထွက်မီနှင့် နေမဝင်မီအချိန်တို့တွင် ဖတ်ရသော နမာဇ်နှစ်ခုကို မလွတ်စေလေနှင့်။ မဖတ်နိုင်ခဲ့ခြင်း မရှိစေလေနှင့်' ဟူ၍တည်း။ ဆိုလိုသည်မှာ 'ဖွဂျရ်'နှင့် 'အဆွရ်'နမာဇ်တို့ ဖြစ်သည်။ ဟဇရသ်ဂျရီးရ် ﷺ သည် ဤအကြောင်း အထောက်အထားပြဆိုရန်အတွက် ဖော်ပြပါအာယသ်တော်ကို ဖတ်ရွတ်ပြခဲ့သည်။ *[ကုရ်သုဗီကျမ်း]*

အာယသ်တော်၏ အလိုသဘောသွ် 'ဆွဟီးဟ်ဟဒီးစ်တော်များ၌ တိုက်တွန်းနှိုးဆော်ထားသော နံနက်နှင့် ညနေတို့၌ ဖတ်ရွတ်ရသော 'သတ်စ်ဗီးဟ်'များလည်း အကျုံးဝင်ပေသည်။ ဆွဟီးဟ်မွတ်စ္လင်မ်ကျမ်းတွင် ဟဇရသ်အဗူဟူရိုင်ရာဟ် ﷺ သခင်၏ ဆင့်ပြန်ချက် လာရှိသည်မှာ တမန်တော်မြတ် ﷺ က မိန့်ကြားသည်မှာ 'မည်သူမဆို နံနက်အချိန်နှင့် ညနေအချိန်တို့တွင် 'စွဗ်ဟားနလ္လာဟ်' အကြိမ် (၁၀၀) စီ ရွတ်ဖတ်ခြင်းပြုပါက 'ကေယာမသ်'နေ့တွင် ၎င်းထက် ပို၍ ကောင်းမြတ်သော ကျင့်စဉ်ကို မည်သူမျှ ယူဆောင်လာမည်မဟုတ်ပေ။ သို့ရာတွင် ဤသတ်စ်ဗီးဟ်ကို ၎င်းဖတ်သည်ခန့် (သို့) ၎င်းထက် ပို၍ ဖတ်သူမပါပေ' ဟူ၍ ဖြစ်သည်။

ဆွဟီးဟ်ဘုခါရီနှင့် မွတ်စ္လင်မ်ကျမ်းတို့၏ ဆင့်ပြန်ချက်တစ်ရပ်ကို ဟဇရသ်အဗူဟူရိုင်ရာဟ် ﷺ သခင်ကပင် ဆင့်ပြန်ခဲ့သည်မှာ 'မည်သူမဆို နေ့တွင် အကြိမ် (၁၀၀) سُبْحَانَ اللهِ وَ بِحَمْدِه ဖတ်ရွတ်ခဲ့ပါလျှင် ပင်လယ်လှိုင်းများထက်ပင် များပြားသည်ဖြစ်စေ ၎င်း၏ အပြစ်ဒုစရိုက်များမှာ လွတ်ငြိမ်းချမ်းသာခွင့် ပြုခံရပေမည်' ဟူသည်။ *[မဇ္ဇဟရီကျမ်း]*

وَاَدْبَارَالسُّجُوْدِ

['ဆွလားသ်'ဝတ်ပြုမှုများ၏ နောက်၌လည်းကောင်း၊ (ထိုအသျှင်မြတ် သန့်ရှင်းစင်ကြယ်တော်မူကြောင်းကို မြွက်ဆိုပါလေ။)] *[၅၀ : ၄၀]*

ဟဇရသ်မုဂျာဟီးဒ် (ရဟ) က ၎င်း၏ သဖ်စီးရ်အဖွင့်ကို တင်ပြရာ၌ **سجود** ၏ အလိုသဘောမှာ 'ဖွရဲဓ်'နမာဇ်များ ကို ဆိုလိုသည်ဟု မိန့်ဆိုထားသည်။ **ادبار السُّجود** ဆိုသည်မှာ ထို 'သတ်စ်ဗီးဟ်' များကို ဆိုလို၏။ ၎င်း 'သတ်စ်ဗီးဟ်'များကို နမာဇ်တိုင်း၏ နောက်တွင် ဖတ်ရွတ် ခြင်း၏ ထူးမြတ်မှုများ မရ်ဖူးအ်ဟဒီးစ်တော်များ၌ လာရှိထားသည်။ ဟဇရသ်အဗူ ဟူရိုင်ရာဟ် ﷺ သခင်မှ ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ 'မည်သူမဆို 'ဖွရဲဓ်' နမာဇ်ပြီးနောက် سُبْحَانَ اللهِ (၃၃) ကြိမ်၊ اَلْحَمْدُلِلّٰهِ (၃၃) ကြိမ်၊ اللهُ اَكْبَرُ (၃၃) ကြိမ်နှင့်

لَااِلٰهَ اِلَّااللهُ وَحْدَهٗ لَاشَرِيْكَ لَهٗ لَهُ الْمُلْكُ وَلَهُ الْحَمْدُ وَهُوَ عَلٰى كُلِّ شَيْءٍ قَدِيْرٌ

ကို တစ်ကြိမ် ဖတ်ရွတ်မည်ဆိုလျှင် '၎င်း၏ အပြစ်များမှာ ပင်လယ်ရေလှိုင်းများခန့် ရှိနေပါလျှင်လည်း လွတ်ငြိမ်းချမ်းသာခွင့် ပြုခံရပေမည်'ဟူ၏။ *[ဘုခါရီ၊ မွတ်စ္လင်မ်]*

وَاَدْبَارَ السُّجُوْدِ

၏ အလိုသဘောမှာ ဆွဟီးဟ်ဟဒီးစ်တော်များ၌ လာရှိသည့်အတိုင်း 'ဖွရဲဓ်'နမာဇ်များ၏ နောက်တွင် ဖတ်ရသော 'စွန္နသ်'နမာဇ်များလည်း ဖြစ်နိုင်သည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَاسْتَمِعْ يَوْمَ يُنَادِ الْمُنَادِ مِن مَّكَانٍ قَرِيبٍ ﴿٤١﴾

၅၀ : ၄၁ ။ ။ ထို့ပြင် (အို၊ ကြားနာသူ) အသင်သည် နားထောင်လော့။ အကြင်နေ့တွင် ဟစ်အော်သူ (တစ်ဦး) သည် (လူတိုင်းနှင့်) နီးကပ်စွာသော နေရာမှပင် ဟစ်အော်ပေမည်။

يَوْمَ يَسْمَعُونَ الصَّيْحَةَ بِالْحَقِّ ۚ ذَٰلِكَ يَوْمُ الْخُرُوجِ ﴿٤٢﴾

၅၀ : ၄၂ ။ ။ အကြင်နေ့တွင် ယင်း (ကြောက်မက်ဖွယ်ကောင်းသော) ဟစ်အော်သံကို (အားလုံးတို့ပင်) ကေန်မုချ မုန်ကန်စွာ ကြားကြရပေမည်။ ထိုနေ့သည် (သင်္ချိုင်းများမှ) ထွက်ကြရမည့်နေ့ပင် ဖြစ်၏။

إِنَّا نَحْنُ نُحْيِي وَنُمِيتُ وَإِلَيْنَا الْمَصِيرُ ﴿٤٣﴾

၅၀ : ၄၃ ။ ။ ကေန်အမှန် (ယခုလည်း) ငါအသျှင်မြတ်သည်ပင် အသက်ရှင်စေတော်မူ၏။ ၎င်းပြင် ငါအသျှင်မြတ်သည်ပင် အသက်သေဆုံးစေတော်မူ၏။ ထို့ပြင် ငါအသျှင်မြတ်ထံတော်သို့ပင် ပြန်လာကြရပေမည်။

يَوْمَ تَشَقَّقُ الْأَرْضُ عَنْهُمْ سِرَاعًا ۚ ذَٰلِكَ حَشْرٌ عَلَيْنَا يَسِيرٌ ﴿٤٤﴾

၅၀ : ၄၄ ။ ။ အကြင်နေ့တွင် မြေသည် [သေဆုံးလျက်ရှိသော] ၎င်းတို့အပေါ်မှ ပွင့်ထွက်သွား၍ ၎င်းတို့သည် အလျင်အမြန် ပြေးလျက် ရှိကြပေမည်။ ဤ [သို့ စုရုံးခြင်း) သည် ငါအသျှင်မြတ်အဖို့ လွယ်ကူသော စုရုံးခြင်းပင် ဖြစ်၏။

نَحْنُ أَعْلَمُ بِمَا يَقُولُونَ ۖ وَمَا
أَنتَ عَلَيْهِم بِجَبَّارٍ ۖ فَذَكِّرْ بِالْقُرْآنِ مَن يَخَافُ وَعِيدِ ﴿٤٥﴾

၅၀ : ၄၅ ။ ။ (အို၊ နဗီတမန်တော်) ငါအသျှင်မြတ်သည် ၎င်းသူတို့၏ ပြောဆိုသမျှတို့ကို ကောင်းစွာ အသိတော်မူဆုံးပင် ဖြစ်တော်မူ၏။ စင်စစ် (အို၊ နဗီတမန်တော်) အသင်သည် ၎င်းတို့အပေါ်၌ အနိုင်အထက်ပြုသူ မဟုတ်ပေ။ သို့ဖြစ်ပေရာ အသင်သည် ငါအသျှင်မြတ်၏ ချိန်းဆိုချက်ကို ကြောက်ရွံ့သူအား၊ ကုရ်အာန်ကျမ်းတော်မြတ်ဖြင့် အဆုံးအမ တရားတော်ပေးလျက် ရှိနေပါလေ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(ထို့ပြင် အို၊ ကြားနာသူ၊ အသင်သည် ရှေ့၌တင်ပြမည့် စကားကို အာရုံစိုက်၍) အသင် နားထောင်ပါလေ။ ထိုနေ့တွင် ဟစ်အော်သူ ဖရစ်ရှ်သာဟ်တစ်ပါးသည် (ဆိုလိုသည်မှာ အိစ်ရာဖီးလ် ﷺ သည် 'စူရ်'တံပိုးကို မှုတ်ခြင်းအားဖြင့် သေသူများအား 'ကဗရ်'များအတွင်းမှ ထွက်ရန်) နီးကပ်သော နေရာမှ ဟစ်အော်ပေမည်။

('နီးကပ်သော နေရာမှ'ဟု ဆိုရာ၌ ၎င်း၏ အလိုသဘောမှာ ထိုအသံသည် အနီးအနားမှပင် နေ၍ အသံပြုနေသကဲ့သို့ အားလုံးကို ကွဲကွဲပြားပြား ကြားစေခြင်းကို ဆိုလိုသည်။ အဝေးမှ ဟစ်ခေါ်ခြင်းတွင် အချို့သည်သာ ကြားရပြီး အချို့မှာ မကြားရဟု ဖြစ်နိုင်သည်။ ယင်းကဲ့သို့ ဖြစ်မည်မဟုတ်။)

ထိုနေ့တွင် ယင်းဟစ်အော်သံကို အားလုံးတို့သည် မုချဧကန် အမှန်ပင် ကြားကြရပေမည်။ ထိုနေ့သည် ('ကဗရ်'သင်္ချိုင်းများမှ) ထွက်ကြရမည့်နေ့ပင် ဖြစ်သည်။ ငါအသျှင်မြတ်သည်သာလျှင် (ယခုတိုင်) ရှင်စေတော်မူသည်။ ၎င်းပြင် ငါအသျှင်မြတ်သည်ပင် သေစေတော်မူသည်။ ထို့ပြင် ငါအသျှင်မြတ်ဘက်တော်သို့ပင် ပြန်လာကြရပေမည်။

(ဤသည်မှလည်း သေသူများကို တစ်ဖန် ပြန်လည် ရှင်ထစေနိုင်သည့် တန်ခိုးတော်ရှိကြောင်း ဘက်သို့ ညွှန်းဆိုထားပေသည်။)

အကြင်နေ့တွင် မြေကြီးသည် (သေဆုံးလျက်ရှိသော) ၎င်းတို့အပေါ်မှ ပွင့်ထွက်သွား၍ ထိုသူတို့သည် (ထွက်၍ 'ကေယာမသ်'ကွင်းပြင်သို့) အလျင်အမြန် ပြေးလျက် ရှိကြပေမည်။ ဤ (သို့ စုရုံးခြင်း) သည် ငါအသျှင်မြတ်အဖို့ လွယ်ကူသော စုရုံးခြင်းပင် ဖြစ်သည်။

(အချုပ်မှာ 'ကေယာမသ်'ဖြစ်နိုင်ကြောင်းနှင့် ဖြစ်ပေါ်လာမည့် အကြောင်းတို့ကို ကြိမ်ဖန်များစွာ အထောက်အထားပြဆိုပြီး ဖြစ်သော်လည်း ၎င်းတို့ လက်မခံကြသည်ကို အသင်သည် ပူဆွေးသောက မဖြစ်လေနှင့်။ အကြောင်းမှာ) ငါအသျှင်မြတ်သည် ('ကေယာမသ်' စသည်တို့နှင့် စပ်လျဉ်း၍) ၎င်းတို့ ပြောဆိုသမျှတို့ကို ကောင်းစွာ အသိတော်မူဆုံးပင် ဖြစ်သည်။ ၎င်းပြင် (အို၊ နဗီတမန်တော်) အသင်သည် ၎င်းတို့အပေါ်၌ (အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ) အဓမ္မပြုသူ (အဖြစ် စေလွှတ်ခံရသူ) မဟုတ်ပေ။ (သတိပေးနှိုးဆော်သူနှင့် ပို့ချသူအဖြစ်သာ စေလွှတ်ခြင်းခံရသူဖြစ်သည်။) သို့ဖြစ်ပေရာ အသင်သည် ကုရ်အာန် ကျမ်းတော်မြတ်အားဖြင့် (အားလုံးကို အဆုံးအမတရားတော် ပေးနိုင်ပါသော်လည်း အကျိုးဖြစ်ထွန်းစေမည့် အဆုံးအမတရားကိုမူ) ငါအသျှင်မြတ်၏ ချိန်းဆိုချက်ကို ကြောက်ရွံ့သူအား ဆုံးမဩဝါဒပေးလျက် ရှိပါလေ။

(مَنۡ یَّخَافُ وَعِیۡدِ မှ စင်စစ် အသင်သည် ဆုံးမဩဝါဒပေးခြင်းနှင့် ပို့ချမှုတာဝန်ကို အမှန်တကယ် ထမ်းဆောင်ပြုလုပ်လျက် ရှိနေပါသည်။ သို့ရာတွင်

مَنۡ یَّخَافُ وَعِیۡدِ

(အလ္လာဟ်အသျှင်မြတ်၏ ချိန်းဆိုချက်ကို ကြောက်ရွံ့သူ) တစ်ချို့တစ်ဝက်သာ ရှိမည်ဖြစ်ကြောင်း ဘက်သို့ ညွှန်းဆိုလိုက်ခြင်းဖြစ်သည်။ သို့ဖြစ်ပေရာ ဤသည် အသင်၏ လုပ်ပိုင်ခွင့်၌ မရှိကြောင်း ပေါ်လွင်သွားပြီးဖြစ်ရာ အသင်သည် အသင်၏ လုပ်ပိုင်ခွင့်၌ မရှိသော အရာများအပေါ် အဘယ်ကြောင့် သောကဖြစ်နေပါသနည်း။)

သိမှတ်ဖွယ်ရာများနှင့် စမ္ဗသတ်များ

يَوْمَ يُنَادِ الْمُنَادِ مِن مَّكَانٍ قَرِيبٍ

(အကြင်နေ့တွင် ဟစ်အော်သူ (ဖရစ်ရှိသာဟ်တစ်ပါး) သည် (လူတိုင်းနှင့်) နီးကပ်စွာသော နေရာမှပင် ဟစ်အော်ပေလိမ့်မည်။) *[၅၀ : ၄၁]*

အိဗ်နေအဆာကရ် (ရဟ) သည် ဇိုက်ဒ်ဗင်န်ရိဂျာဗိရ်ရှာဗီအီ (ရဟ) ထံမှ ဆင့်ပြန်တင်ပြသည်မှာ "ယင်းဖရစ်ရှိသာဟ်သည် အိစ်ရာဖီးလ် ﷺ ဖြစ်လိမ့်မည်။ ၎င်းသည် 'ဗိုင်သုလ်မုကဒ္ဒဆ်' (ဗလီဝတ်ကျောင်းတော်) ၏ တောင်ကုန်းပေါ်မှနေ၍ တစ်လောကလုံးရှိ သူသေများကို အသံပြုဟစ်အော် ပြောကြားမည်မှာ-

'အို၊ ဆွေးမြေ့နေသော အရိုးအပေါင်းတို့၊

အို၊ တစ်စစီ ဖြစ်နေသော သားရေပြားတို့၊

အို၊ ပြန့်ကျဲနေသော အမွေးအမျှင်တို့၊

နားထောင်လော့။ စာရင်းစစ်ဆေးခံရန်အတွက် အသင်တို့အား စုရုံးရောက်ရှိကြပါ' ဟု အလ္လာဟ်အသျှင်မြတ်က အမိန့်ပေးတော်မူပါသည်" ဟူ၍တည်း။ *[မဇ္ဇဟရီကျမ်း]*

ဤသည် 'ကေယာမသ်'ဖြစ်ပြီးနောက် ဒုတိယစူရ်တံပိုး မှုတ်ခြင်းအကြောင်း တင်ပြနေခြင်းဖြစ်သည်။ ဤ 'စူရ်'တံပိုးမှုတ်ခြင်းဖြင့် လောကကြီးကို ပြန်လည်ရှင်ထစေတော်မူပေမည်။

مَكَانٍ قَرِيبٍ 'နီးကပ်သော နေရာ'ဟု ဆိုရာ၌ 'ထိုအခါ ထိုဖရစ်ရှိသာဟ်၏ အသံသည် နီးနီးကပ်ကပ်ရှိသူအားလည်းကောင်း၊ အဝေးတွင် ရှိနေသူအားလည်းကောင်း အနီးမှပင် ဟစ်အော် အသံပြုနေသယောင် ကြားရမည်' ကို ဆိုလိုခြင်းဖြစ်သည်။ ဟဇရသ်အိက္ကရာမဟ် ﷺ သခင်က မိန့်ဆိုသည်မှာ 'ဤအသံသည် ကျွန်ုပ်တို့၏နားအ၌ တစ်ဦးတစ်ယောက်က လာရောက် အသံပြု ပြောဆိုနေသကဲ့သို့ ကြားရမည်ဖြစ်သည်' ဟူ၏။ အချို့ပညာရှင်များက မိန့်သည်မှာ **مكان قريب** ၏ အလိုသဘောမှာ 'ဗိုင်သုလ်မုကဒ္ဒဆ်၏ တောင်ကုန်းဖြစ်သည်' ဟူ၏။ အကြောင်းမှာ ထိုနေရာသည် ကမ္ဘာမြေပြင်၏ အလယ်ဗဟိုဖြစ်ပြီး ဘက်တိုင်းမှ ထိုနေရာသို့ တူညီသော အကွာအဝေးရှိနေသောကြောင့် ဖြစ်သည်။

[ကုရ်သုဗီးကျမ်း]

يَوْمَ تَشَقَّقُ الْأَرْضُ عَنْهُمْ سِرَاعًا

(အကြင်နေ့တွင် မြေသည် (သေဆုံးလျက်ရှိသော) ၎င်းတို့အပေါ်မှ ပွင့်ထွက်သွား၍ ၎င်းတို့သည် အလျင်အမြန် ပြောဆိုလျက် ရှိကြပေမည်။) *[၅၀ : ၄၄]*

ဆိုလိုသည်မှာ 'မြေကြီးသည် အက်ကွဲ၍ ပွင့်သွားသောအခါ ဤသူသေအားလုံးတို့သည် ထွက်လာကြပြီးနောက် ပြေးကြပေလိမ့်မည်'ဟူ၏။ ဟဒီးစ်တော်အားဖြင့် ဤပြေးလွှားခြင်းသည် ဆီးရီးယားနိုင်ငံဘက်သို့ ပြေးလွှားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုဆီးရီးယားနိုင်ငံရှိ 'ဗိုင်သုလ်မုကဒ္ဒဆ်' (ဗလီဝတ်ကျောင်းတော်) ၏ တောင်ကုန်းပေါ်မှ အီစ်ရာဖီးလ် عليه السلام သည် ဟစ်အော်ပေလိမ့်မည်။ ဂျာမိအ်သိရ်မေဇီကျမ်းတွင် ဟဇရသ်မုအာဝိယဟ်ဗင်န်ဟိဒဟ် رضي الله عنه သခင်ထံမှ ဆင့်ပြန်လာရှိထားသော ဆင့်ပြန်ချက်ကို တင်ပြထားသည်။ တမန်တော်မြတ် ﷺ သည် လက်တော်ဖြင့် ဆီးရီးယားနိုင်ငံဘက်သို့ ညွှန်ပြလျက် မိန့်ကြားတော်မူသည်မှာ-

من هھنا الى ھھنا تحشرون ركبانا ومشاة وتجرون على وجوهكم يوم القيمة (الحديث)

(ဤနေရာမှ ထိုနေရာဘက် (ဆိုလိုသည်မှာ ဆီးရီးယားဘက်) တွင် အသင်တို့အားလုံးသည် ရှင်ပြန်ထစေခြင်းခံရပေလိမ့်မည်။ အချို့သူတို့သည် အစီးအနင်းဖြင့်လည်းကောင်း၊ အချို့တို့သည် ခြေလျင်ဖြင့်လည်းကောင်း ဖြစ်မည်။ ထို့ပြင် အချို့တို့မှာ မျက်နှာစောက်ထိုးဖြင့် ဒရွတ်တိုက်ဆွဲလျက် 'ကေယာမသ်' နေ့တွင် 'ဟရှရ်'ကွင်းပြင်သို့ ခေါ်ဆောင်လာခြင်း ခံရပေမည်) ဟူ၍တည်း။ *[ကုရ်သုဗီး]*

فَذَكِّرْ بِالْقُرْاٰنِ مَنْ يَّخَافُ وَعِيْدِ

(သို့ဖြစ်ပေရာ အသင်သည် ကုရ်အာန်ကျမ်းတော်မြတ်ဖြင့် ငါအသျှင်မြတ်၏ ကတိတော်ချိန်းဆိုချက်ကို ကြောက်ရွံ့သူအား အဆုံးအမဩဝါဒ ပြောကြားလျက် ရှိနေပါလေ။) *[၅၀ : ၄၅]*

အလိုသဘောမှာ အသင်၏ 'သဗ်လီးဂ်' ပြု ပို့ချမှု၊ 'ဝအဇ်' ဟောကြားမှုနှင့် ဆုံးမဩဝါဒပေးခြင်းတို့သည် စင်စစ် အားလုံးအတွက် ဖြစ်ပေမည်။ အဖန်ဆင်းခံအားလုံးသည် ထိုပို့ချမှု ဩဝါဒများကို ကြားနာသူ၊ တာဝန်ရှိသူဖြစ်ပေသည်။ သို့ရာတွင် ထိုပို့ချမှု၊ 'သဗ်လီးဂ်'ပြုခြင်းနှင့် ဆုံးမဩဝါဒတို့ကို အလ္လာဟ်အသျှင်မြတ်၏ ကတိတော်ချိန်းဆိုချက်ကို ကြောက်ရွံ့သူသာ လက်ခံနာယူလိမ့်မည်' ဟူ၍ ဖြစ်၏။

ဟဇရသ်ကသာဒဟ် (ရဟ) သည် ဤအာယသ်တော်ကို ဖတ်ရွတ်တော်မူပြီးနောက် အောက်ပါဒိုအာကို တောင်းခံလေ့ရှိသည်။ ၎င်းဒိုအာမှာ-

اَللّٰهُمَّ اجْعَلْنَا مِمَّنْ يَّخَافُ وَعِيْدَكَ وَيَرْجُوْا مَوْعُوْدَكَ يَابَارُّ يَارَحِيْمُ

အဓိပ္ပာယ်မှာ 'အို၊ အလ္လာဟ်အသျှင်မြတ်၊ ကျွန်တော်မျိုးအား အသျှင်မြတ် ချိန်းချက်ထားသည့် 'အဇားဗ်'အပြစ်ဒဏ်များကို ကြောက်သောသူများတွင်လည်းကောင်း၊ အသျှင်မြတ်၏ ကတိတော်ကို မျှော်လင့်သူများ၌လည်းကောင်း ပြုပေးတော်မူပါ။ အို၊ ကတိတော်ကို ပြည့်ဝအောင် ပြုတော်မူသော အသျှင်၊ အို၊ ကရုဏာတော်ရှင်' ဟူ၍ ဖြစ်သည်။'

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

စူရာဟ်ဇာရိယာသ်

လွင့်ပါးစေသော လေများ ကဏ္ဍ

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

وَالذّٰرِيٰتِ ذَرۡوًا ۝١

၅၁ : ၁ ။ ။ (ငါအသျှင်မြတ်သည် ပြာမှုန့် စသည်တို့ကို) လွင့်ပါးစေခြင်းအားဖြင့် ကစဥ့်ကလျား ဖြစ်စေသော လေများကို သက်သေထူတော်မူ၏။

فَالۡحٰمِلٰتِ وِقۡرًا ۝٢

၅၁ : ၂ ။ ။ တစ်ဖန် ဝန် (မိုးတိမ်) ကို တင်ဆောင်ကြသော လေများ၊ တိမ်များကို သက်သေထူတော်မူ၏။

فَالۡجٰرِيٰتِ يُسۡرًا ۝٣

၅၁ : ၃ ။ ။ တစ်ဖန် ညင်သာစွာ တိုက်ခတ်၍ သွားလာလှုပ်ရှားကြသော လေ၊ လှေများကို သက်သေထူတော်မူ၏။

فَالۡمُقَسِّمٰتِ اَمۡرًا ۝٤

၅၁ : ၄ ။ ။ တစ်ဖန် အမိန့်တော်အရ ခွဲဝေပေးသော လေများ၊ အရာဝတ္ထုများကို ခွဲဝေပေးသော 'မလာအိကာဟ်' ကောင်းကင်တမန်များကို သက်သေထူတော်မူ၏။

اِنَّمَا تُوۡعَدُوۡنَ لَصَادِقٌ ۝٥

၅၁ : ၅ ။ ။ စေကန်မလွဲ အသင်တို့ ချိန်းဆိုခြင်းခံကြရလေသော ချိန်းဆိုချက်သည် အမှန်ပင် မှန်ကန်သော ချိန်းဆိုချက်ဖြစ်၏။

وَّاِنَّ الدِّيۡنَ لَوَاقِعٌ ۝٦

၅၁ : ၆ ။ ။ ၎င်းပြင် စေကန်စင်စစ် အစားပေးမည့်နေ့သည် အမှန်ပင် ဆိုက်ရောက်လာလိမ့်မည်ဖြစ်သော နေ့ဖြစ်၏။

وَالسَّمَآءِ ذَاتِ الْحُبُكِ ۝٧

၅၁ : ၇ ။ ။ (ငါအသျှင်မြတ်သည်) လမ်းကြောင်း (အသွယ်သွယ်) များရှိသော မိုးကောင်းကင်ကို သက်သေထူတော်မူ၏။

اِنَّكُمْ لَفِيْ قَوْلٍ مُّخْتَلِفٍ ۝٨

၅၁ : ၈ ။ ။ ကေန်မလွဲ အသင်တို့သည် ကွဲပြားခြားနားသော ပြောဆိုမှုများ၌ ရှိနေကြကုန်၏။

يُّؤْفَكُ عَنْهُ مَنْ اُفِكَ ۝٩

၅၁ : ၉ ။ ။ ၎င်း (‘ကေယာမသ်’ ရှင်ပြန်ထရမည့်နေ့ကို ယုံကြည်ခြင်း) မှ သွေဖည်သူသည် (ကောင်းမြတ်ခြင်း အားလုံးတို့မှ) သွေဖည်သူသာ ဖြစ်သည်။

قُتِلَ الْخَرّٰصُوْنَ ۝١٠

၅၁ : ၁၀ ။ ။ (သာသနာရေးရာများနှင့် စပ်လျဉ်း၍) ရမ်းဆပြောဆိုကြကုန်သော သူတို့သည် ပျက်စီးကြရပေမည်။

الَّذِيْنَ هُمْ فِيْ غَمْرَةٍ سَاهُوْنَ ۝١١

၅၁ : ၁၁ ။ ။ အကြင်သူတို့သည် မသိမိုက်မဲမှု၌ မေ့လျော့ (နစ်မွန်း) လျက် ရှိနေကြကုန်၏။

يَسْئَلُوْنَ اَيَّانَ يَوْمُ الدِّيْنِ ۝١٢

၅၁ : ၁၂ ။ ။ ၎င်းတို့သည် (မထီမဲ့မြင်ပြုသောအားဖြင့်) ‘အစားပေးမည့်နေ့သည် မည်သည့်အခါ၌ ဆိုက်ရောက်ပါမည်နည်း’ ဟု မေးမြန်းကြကုန်၏။

يَوْمَ هُمْ عَلَى النَّارِ يُفْتَنُوْنَ ۝١٣

၅၁ : ၁၃ ။ ။ အကြင်နေ့တွင် ၎င်းတို့သည် မီးထဲ၌ ချခြင်းကို ခံကြရပေမည်။

ذُوْقُوْا فِتْنَتَكُمْ ۭ هٰذَا الَّذِيْ كُنْتُمْ بِهٖ تَسْتَعْجِلُوْنَ ۝١٤

၅၁ : ၁၄ ။ ။ (ထိုနေ့တွင် ၎င်းတို့မှာ) အသင်တို့သည် မိမိတို့၏ ပြစ်ဒဏ်၏ အရသာကို မြည်းစမ်းကြလေကုန်။ ဤသည်ပင်လျှင် အသင်တို့ အလျင်စလို တောင်းဆိုလျက် ရှိခဲ့ကြသောနေ့ပင် ဖြစ်သည် (ဟု ပြောဆိုခြင်းကို ခံကြရပေလိမ့်မည်။)

اِنَّ الْمُتَّقِيْنَ فِيْ جَنّٰتٍ وَّعُيُوْنٍ ۝١٥

၅၁ : ၁၅ ။ ။ ကေန်မလွဲ ‘မွတ္တကီ’ သူတော်ကောင်းတို့မှာ (ထိုနေ့တွင်) ဥယျာဉ်များနှင့် စမ်းချောင်းများ၌ ရှိနေကြပေမည်။

آخِذِينَ مَآ ءَاتَىٰهُمْ رَبُّهُمْ ۚ إِنَّهُمْ كَانُوا۟ قَبْلَ ذَٰلِكَ مُحْسِنِينَ ﴿١٦﴾

၅၁ : ၁၆ ။ ။ (၎င်းတို့သည်) မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်က မိမိတို့အား ချီးမြှင့်ပေးသနားတော်မူသည်များကို ယူငင်လျက် ရှိကြပေမည်။ ကေန်စင်စစ် ၎င်းတို့မှာ ထိုနေ့မတိုင်မီအလျှင် (လောကီဘဝ၌) ကောင်းမှုပြုသူများပင် ဖြစ်ခဲ့ကြကုန်၏။

كَانُوا۟ قَلِيلًا مِّنَ ٱلَّيْلِ مَا يَهْجَعُونَ ﴿١٧﴾

၅၁ : ၁၇ ။ ။ ၎င်းတို့သည် ညဥ့်တွင် အနည်းငယ်မျှသော အချိန်၌သာ အိပ်စက်လေ့ ရှိခဲ့ကြကုန်၏။

وَبِٱلْأَسْحَارِ هُمْ يَسْتَغْفِرُونَ ﴿١٨﴾

၅၁ : ၁၈ ။ ။ ထို့ပြင် ၎င်းတို့သည် ညဥ့်၏ နောက်ဆုံးယံများတွင် လွတ်ငြိမ်းချမ်းသာခွင့်များကို ပန်ကြားအသနားခံလေ့ ရှိကြကုန်၏။

وَفِىٓ أَمْوَٰلِهِمْ حَقٌّ لِّلسَّآئِلِ وَٱلْمَحْرُومِ ﴿١٩﴾

၅၁ : ၁၉ ။ ။ ၎င်းပြင် ထိုသူတို့၏ ပစ္စည်းဥစ္စာများတွင် တောင်းရမ်းသူ၊ သူဆင်းရဲအဖို့လည်းကောင်း၊ (သိက္ခာစောင့်စည်းသောအားဖြင့်) တောင်းရမ်းခြင်း မပြုကြသော သူဆင်းရဲသားတို့အဖို့လည်းကောင်း ဝေစုဝေပုံ (အခွင့်အရေး) ရှိခဲ့၏။

وَفِى ٱلْأَرْضِ ءَايَٰتٌ لِّلْمُوقِنِينَ ﴿٢٠﴾

၅၁ : ၂၀ ။ ။ စင်စစ် ('ကေယာမသ်' မုချ ဖြစ်မည့်အကြောင်းနှင့် စပ်လျဉ်း၍) ယုံကြည်လိုသော သူတို့အဖို့ ပထဝီမြေ၌ မြောက်မြားစွာသော သက်သေလက္ခဏာများ ရှိကုန်၏။

وَفِىٓ أَنفُسِكُمْ ۚ أَفَلَا تُبْصِرُونَ ﴿٢١﴾

၅၁ : ၂၁ ။ ။ ထိုနည်းတူစွာ အသင်တို့၏ ကိုယ်များတွင်လည်း (သက်သေလက္ခဏာများ) ရှိကြကုန်၏။ သို့ပါလျက် အသင်တို့သည် မမြင်ကြလေသလော။

وَفِى ٱلسَّمَآءِ رِزْقُكُمْ وَمَا تُوعَدُونَ ﴿٢٢﴾

၅၁ : ၂၂ ။ ။ ထို့ပြင် မိုးကောင်းကင်၌ အသင်တို့၏ စားနပ်ရိက္ခာသည်လည်းကောင်း၊ အသင်တို့ ကတိပေးခြင်းခံကြရလေသော (ကုသိုလ်အကျိုး) အရာသည်လည်းကောင်း ရှိပေသည်။

فَوَرَبِّ ٱلسَّمَآءِ وَٱلْأَرْضِ إِنَّهُۥ لَحَقٌّ مِّثْلَ مَآ أَنَّكُمْ تَنطِقُونَ ﴿٢٣﴾

၅၁ : ၂၃ ။ ။ သို့ဖြစ်ပေရာ မိုးကောင်းကင်ကိုလည်းကောင်း၊ ပထဝီမြေကိုလည်းကောင်း ဖန်ဆင်းတော်မူသော အသျှင်မြတ်၏ 'ကစမ်'၊ ယင်း ('ကေယာမသ်'ဖြစ်ခြင်း၊ စားနပ်ရိက္ခာ ရရှိခြင်း၊ တမလွန်ဘဝ ဆိုက်ရောက်ခြင်းနှင့် အလ္လာဟ်အသျှင်မြတ်၏ ကတိတော်အတိုင်း စံစား ခံစားရခြင်းတို့) သည် အသင်တို့ စကားပြောဆိုကြဘိသကဲ့သို့ပင် မှန်ကန်လှပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(ငါအသျှင်မြတ်သည်) ဖုံမှုန့် စသည်တို့ကို လွင့်ပါးစေခြင်းအားဖြင့် ကစဥ့်ကလျားဖြစ်စေသော လေများကို သက်သေထူ ကျိန်ဆိုတော်မူ၏။ တစ်ဖန် ဝန် (မိုးရေ) ကို သယ်ဆောင်လာသော လေများ၊ တိမ်များကို သက်သေထူကျိန်ဆိုတော်မူ၏။ တစ်ဖန် ညင်သာစွာ သွားလာသော လေ၊ လှေများကို သက်သေထူ ကျိန်ဆိုတော်မူ၏။ တစ်ဖန် (အမိန့်တော်နှင့်အညီ ကမ္ဘာမြေပေါ်တွင်) အရာဝတ္ထုများကို ခွဲဝေပေးသော ဖရစ်ရှ်သာဟ်များကို သက်သေထူ ကျိန်ဆိုတော်မူ၏။ (ဥပမာ- ရှိဇီရိကွ်အတွက် မိုးရေသည် အဓိကကျသော အရာဖြစ်သည်။ ၎င်းမိုးရေကို မည်သည့်နေရာ၌ မည်မျှ ရွာသွန်းပေးရမည်ဟု အမိန့်တော်ရှိထားသနည်း။ ထိုနေရာသို့ မိုးတိမ်များ၏အကြောင်းခံဖြင့် အမိန့်တော်ရှိထားသမျှကို ပို့ဆောင်ရွာသွန်းစေတော်မူသည်။ အလ္လာဟ်တူ ဟဒီးစ်တော်အရ မိခင်၏ကိုယ်ဝန်ရှိ ကလေးကို ယောကျ်ားလေးအဖြစ် ထားရမည်လော၊ (သို့) မိန်းကလေးအဖြစ် ထားရမည်လောဟူ၍ မေးမြန်းကာ ပြုပေးကြရသည်။ ငြိမ်းချမ်းသာယာမှုနှင့် ဩဇာအာဏာ အရှိန်အဝါများကိုလည်း ခွဲဝေပေးကြရသည်။ ရှေ့တွင် ဤသို့ ကစမ်ကျိန်ဆိုရသည့် အကြောင်းအရာကို တင်ပြထားသည်မှာ) ဧကန်မလွဲ အသင်တို့အား ('ကေယာမသ်'နှင့် စပ်လျဉ်း၍) ချိန်းဆိုခြင်းခံကြရလေသော ချိန်းဆိုချက်မှာ လုံးဝ မှန်ကန်သော ချိန်းဆိုချက်ဖြစ်သည်။ ၎င်းပြင် ဧကန်စင်စစ် (ကျင့်စဉ်ကျင့်ရပ်များ၏) အကျိုးအစား (နှင့် အပြစ်ဒဏ်များ) ပေးမည့် နေ့သည် အမှန်ပင် ဆိုက်ရောက်လာမည့်နေ့ဖြစ်သည်။

(ဤကစမ်ကျိန်ဆိုမှုများမှ အထောက်အထား တင်ပြမှုတစ်ခုဘက်သို့ ညွှန်းဆိုထားသည်။ ဆိုလိုသည်မှာ ဤအံ့ဖွယ် ပြုမူ ဆောင်ရွက်ချက်များသည် အသျှင်မြတ်၏ တန်ခိုးတော်စွမ်းအင်ဖြင့် ဖြစ်သောကြောင့် အသျှင်မြတ်၏ တန်ခိုးဂုဏ်တော်အား အလေးအမြတ်ထားရမည် ဟူသည့်အပေါ် အထောက်အထား တစ်ရပ်ပင် ဖြစ်ပေသည်ဟူ၏။ သို့ဖြစ်ပေရာ ဤမျှ ကြီးကျယ်လှသည့် စွမ်းအင်တန်ခိုးတော်ကို ပိုင်ဆိုင်တော်မူသော အသျှင်မြတ်အဖို့ 'ကေယာမသ်'ဖြစ်ပေါ်စေရန် အဘယ်မှာလျှင် ခက်ခဲပါမည်နည်း။ 'ကစမ်'ကျိန်ဆို၍ မိန့်ကြားတော်မူထားသော ဖော်ပြပါအာယသ်တော်များရှိ စကားလုံးများ၏ 'သဖ်စီးရ်'ဖွင့်ဆိုချက်ကို 'ဒွရ်ရေမန်ဆူးရ်'ကျမ်းတွင် မရ်ဖူးအ်ဟဒီးစ်ဖြင့် တင်ပြထားသည်။ ၎င်းကို ရှေ့၌ တင်ပြပေမည်။ သက်သေထူကျိန်ဆိုရာ၌ ဤအရာ များကိုသာ အထူးသီးသန့်ဖော်ပြရခြင်းမှ အဖန်ဆင်းခံ အများအပြားတစ်ခုနှင့် တစ်ခု မတူညီစွာဖြင့် ရှိကြောင်းဘက်သို့ ညွှန်းဆိုလိုက်သည်။ သို့ဖြစ်ပေရာ ဖရစ်ရှ်သာဟ်များသည် ကောင်းကင်ဘုံသားများ ဖြစ်ကြသည်။ လေများနှင့် လှေတို့သည် ကမ္ဘာမြေမှ ဖြစ်သည်။ မိုးတိမ်များသည် လေဟာနယ်၏ အဖန်ဆင်းခံများအနက်မှ ဖြစ်သည်။ ကမ္ဘာမြေမှ အဖန်ဆင်းခံနှစ်မျိုးအနက် တစ်မျိုးမှာ မျက်စိဖြင့် တွေ့မြင်နိုင်ပြီး ကျန်တစ်မျိုးမှာ မျက်စိဖြင့် မတွေ့မြင်နိုင်သော အရာဖြစ်သည်။ 'ကေယာမသ်'နှင့်စပ်လျဉ်း၍ အကြောင်း အရာတစ်ခုအပေါ် မိုးကောင်းကင်ကို သက်သေထူ၍ 'ကစမ်'ကျိန်ဆိုတော်မူထားသည်။ ငါအသျှင်မြတ်သည် ဖရစ်ရှ်သာဟ်များ သွားလာရန်အတွက်) လမ်းများစွာရှိသော မိုးကောင်းကင်ကို သက်သေထူ၍ ကျိန်ဆိုတော်မူပါ၏။

(အသျှင်မြတ်၏အမိန့်တော်

وَلَقَدْ خَلَقْنَا فَوْقَكُمْ سَبْعَ طَرَائِقَ

(၄င်းပြင် ကေန်အမှန် ငါအသျှင်မြတ်သည် အသင်တို့၏ထက်ဝယ် လမ်းခုနစ်သွယ်ကို (တစ်နည်း) ခုနစ်ထပ်ကို ဖန်ဆင်းတော်မူခဲ့၏။) *[၂၃ : ၁၇]*

၌ လာရှိထားသကဲ့သို့ ဖြစ်သည်။ ရှေ့၌ 'ကစမ်' ကျိန်ဆိုရသည့် အကြောင်းအရာကို တင်ပြသည်မှာ) မလွဲကေန် အသင်တို့ (အားလုံး) သည် ('ကေယာမသ်'နေ့နှင့် စပ်လျဉ်း၍) ခြားနားသော ပြောဆိုမှုများ၌ ရှိနေကြသည်။

(အချို့က ထောက်ခံယုံကြည်ကြသည်။ အချို့က မယုံကြည် ငြင်းပယ်ကြသည်။ အသျှင်မြတ်၏

عَنِ النَّبَإِ الْعَظِيمِ الَّذِي هُمْ فِيهِ مُخْتَلِفُونَ

(၄င်းတို့သည် (အကြင်) ကြီးကျယ်လှစွာသော (ကေယာမသ်၏) အကြောင်းသတင်းကို (မေးမြန်းလျက် ရှိကြကုန်၏။ ၄င်းတို့သည် ယင်းအကြောင်းသတင်းနှင့် စပ်လျဉ်း၍ (အမြင်မှန် ရရှိသော သူတို့နှင့် အယူဝါဒ) ကွဲလွဲနေသူများ ဖြစ်ကြကုန်၏။) *[၇၈ : ၂-၃]*

ဟူသော အာယသ်တော်၌ မိန့်ကြားထားသကဲ့သို့ ဖြစ်သည်။ (၄င်းအာယသ်တော်ကို ဟဇရသ် ကသာဒဟ် (ရဟ) က **مصدّق به ومكذّب** (အချို့မှ လက်ခံယုံကြည်ကြ၍ အချို့မှာ မယုံကြည် ငြင်းပယ်ခဲ့ကြ၍ ဖြစ်သည်) ဟူ၍ ဖွင့်ဆို မိန့်ကြားခဲ့သည်။

ထို့ပြင် မိုးကောင်းကင်ဖြင့် 'ကစမ်'ကျိန်ဆိုရခြင်းမှာ မိုးကောင်းကင်တွင် 'ဂျန္နသ်'ရှိသည်။ ထို့ပြင် မိုးကောင်းကင်၌ လမ်းများလည်း ရှိသောကြောင့် ဖြစ်ပေမည်။ သို့သော် အမှန်တရားအရာ၌ ကွဲလွဲမှု ပြုသူများအဖို့ လမ်းများ ပိတ်သွားပေမည်။ ထိုကွဲလွဲမှုပြုသူများမှ) ထို ('ကေယာမသ်'ဖြစ်ပေါ်မည်ဆိုခြင်းနှင့် အကျိုးအစားပေးမည်ဆိုသော) အချက်များကို သွေဖည်သူသည် (နဖူးစာကောင်းခြင်းနှင့်) ကောင်းမြတ်ခြင်းဟူသရွေ့မှ သွေဖည်သူသာ ဖြစ်သည်။

من حر مه فقد حرم الخير كلّه

ဟူ၍ ဟဒီးစ်တော်၌ လာရှိထားသကဲ့သို့ ဖြစ်သည်။ ဆိုလိုသည်မှာ 'မည်သူမဆို ထိုအရာမှ လက်မဲ့ဖြစ်လျှင် ထိုသူသည် ကောင်းမြတ်ခြင်းဟူသရွေ့မှ လက်မဲ့ဖြစ်ရသူဖြစ်မည်ဟူ၏။ ဆန့်ကျင်ကွဲလွဲမှု ပြုသူတို့၏ တစ်ဘက်အုပ်စုဖြစ်သော ထောက်ခံယုံကြည်သူတို့၏ အခြေအနေကို ၄င်းတို့နှင့် နှိုင်းယှဉ် တင်ပြထားခြင်းကြောင့် ၄င်းတို့သည် ကောင်းမြတ်ခြင်းနှင့် နဖူးစာကောင်းခြင်းတို့မှ သွေဖည်ခံရသူများ မဟုတ်ကြောင်းကို သိရှိရပြီးဖြစ်ပေသည်။ ယခု ရှေ့တွင် ထိုသွေဖည်သူတို့အား ပြစ်တင်ရှုတ်ချ တင်ပြထားသည်မှာ) အထောက်အထားမဲ့ ပြောဆိုကြသူများသည် ပျက်စီးကြရပေမည်။ ('ကေယာမသ်'နေ့နှင့်

စပ်လျဉ်း၍ မိမိတို့ထံတွင် မည်သည့်အထောက်အထားမျှမရှိဘဲ ယင်း 'ကေယာမသ်'နေ့ကို ငြင်းပယ်သူများကို ဆိုလိုခြင်းဖြစ်သည်။)

၎င်းတို့သည်ကား မသိမိုက်မဲမှု၌ မေ့လျော့လျက် ရှိနေသူများ ဖြစ်သည်။ (မေ့လျော့ခြင်းဆိုရာ၌ မိမိဘက်မှ ပေါ့လျော့၊ မေ့လျော့ခြင်းကို ဆိုလိုသည်။ ၎င်းတို့သည် နောက်ပြောင်ခြင်းဖြင့်လည်းကောင်း၊ အလျှင်စလို တောင်းခံ၍လည်းကောင်း) ၎င်းတို့က အစားပေးမည့်နေ့သည် မည်သည့်အခါ၌ ဆိုက်ရောက်ပါမည်နည်းဟု မေးမြန်းကြသည်။ (ရှေ့တွင် 'ကေယာမသ်'နေ့သည် မည်သည့်နေ့၌ ဖြစ်မည်ကို ဖြေကြားတော်မူထားသည်မှာ) ထိုနေ့တွင် ၎င်းတို့သည် မီးထဲ၌ စောက်ထိုးမှောက်ခုံ ချခြင်း ခံရပေမည်။ (ထို့နောက် မိန့်ကြားခြင်း ခံရမည်မှာ) အသင်တို့သည် မိမိတို့၏ အပြစ်ဒဏ်၏ အရသာကို မြည်းစားကြလေကုန်။ ဤသည်ပင် အသင်တို့အလျှင်စလို တောင်းဆိုခဲ့သော နေ့ဖြစ်သည်။ (ဤနေရာ၌ အဖြေပေးရာတွင်

يَوْمَ هُمْ عَلَى النَّارِ يُفْتَنُونَ

(အကြင်နေ့တွင် ၎င်းတို့သည် မီးထဲ၌ ချခြင်းကို ခံကြရပေမည်။) *[၅၁ : ၁၃]*

ဖြင့် ဖြေကြားခြင်းပုံစံမှာ တရားခံတစ်ဦးအား ကြိုးမိန့်ပေးလိုက်သော်လည်း မည်သည့်နေ့ရက်၌ ပေးမည်ဟူ၍ နေ့ရက် သတ်မှတ်မထားသည်ကို မည်သည့်နေ့တွင် ကြိုးပေးမည်နည်း။ လိမ်လည်မှုသားဖြစ်သည်ဟု ပြောဆိုသော အသိဉာဏ်မရှိသူအား ပြန်လည်ဖြေကြားသည့်နည်းတူ ဖြစ်၏။ ဤသို့ မေးမြန်းခြင်းသည် အသိခေါက်ခက် အဝင်နက်လှသူတို့၏ လုပ်ရပ်ဖြစ်သည့်အတွက်ကြောင့် ထိုကဲ့သို့သော သူတို့အား တုန့်ပြန်ဖြေကြားရာတွင် ဖြစ်ပေါ်မည့် နေ့၊ ရက်ကို ပြောပြခြင်းမပြုဘဲ အသင်တို့အား ကြိုးစင်တင်သည့်အခါ ထိုနေ့ ဆိုက်ရောက်လာပေလိမ့်မည်ဟု ပြောဆိုရန်သာ အသင့်တော်ဆုံးဖြစ်သည်။ ရှေ့တွင် တစ်ဘက်အုပ်စုဖြစ်သော မုအ်မင်န်များ၏ စဝါးဗ်ကုသိုလ်များအကြောင်း တင်ပြထားသည်။) ကေန်မလွဲ 'မွတ်သကီ' သူတော်စင်တို့မှာ ဥယျာဉ်များနှင့် စမ်းချောင်းများ၌ ရှိနေကြပေမည်။

(ထို့ပြင်) ၎င်းတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် ၎င်းတို့အား (ကုသိုလ်အကျိုးများ) ချီးမြှင့်တော်မူသည်ကို ၎င်းတို့သည် (ပျော်ရွှင်ဝမ်းမြောက်စွာ) ယူငင်လျက်ရှိကြပေမည်။ (ဤကဲ့သို့ အဘယ်ကြောင့် မဖြစ်ရမည်နည်း။ ဖြစ်ကို ဖြစ်သင့်သည့် အရာပင် ဖြစ်၏။) ကေန်စင်စစ် ၎င်းတို့သည် ထိုနေ့မတိုင်မီအလျှင် (လောကတွင်ရှိစဉ် ကာလကို ဆိုလိုသည်။) ကောင်းမှုပြုလုပ်သူများ ဖြစ်ခဲ့ကြသည်။ (သို့ဖြစ်ပေရာ

هَلْ جَزَاءُ الْإِحْسَانِ إِلَّا الْإِحْسَانُ

(အမိန့်တော်ကို ကြည်ညိုလေးမြတ်စွာ နာခံခြင်း၏ အကျိုးသည် ကျေးဇူးပြုတော်မူခြင်းမှအပ အခြားမရှိပြီ။) *[၅၅ : ၆၀]*

ဟူသော ကတိတော်နှင့်အညီ ၎င်းတို့အား ပေးသနားတော်မူခြင်း ဖြစ်သည်။ ရှေ့တွင် ၎င်းတို့၏ ကောင်းမှုများအကြောင်း ဖော်ပြထားသည်မှာ) ၎င်းတို့သည် ('ဖွရ်ဇ်'နှင့် 'ဝါဂျိဗ်'တာဝန်များကို တာဝန်

ကျေပြွန်စွာ ထမ်းဆောင်နိုင်ခဲ့ခြင်းမှ တစ်ဆင့်တက်၍ 'နဖိလ်အေဗာဒသ်' များကိုပင် ပြုခဲ့ကြသူများ ဖြစ်သည်။) ညအခါတွင် အလွန်နည်းပါးစွာ အိပ်စက်လေ့ရှိခဲ့ကြသည်။

(ည၏ များပြားသော အချိန်တို့ကို 'အေဗာဒသ်'ပြုခြင်း၌ မွေ့လျော်ထားကြသည်။) ထို့ပြင် (ဤမျှ 'အေဗာဒသ်'များ ပြုကြသည့်တိုင် ၄င်းတို့သည် မိမိတို့၏ 'အေဗာဒသ်'များအပေါ် ဘဝင်မမြင့်ကြပေ။ သို့သာမက) ၄င်းတို့သည် ည၌၏ နောက်ဆုံးယံများတွင် လွတ်ငြိမ်းချမ်းသာခွင့်များကို ပန်ကြားအသနားခံတောင်းခံလေ့ ရှိခဲ့ကြသည်။ (ဤသည်မှာ ခန္ဓာကိုယ်ဖြင့် ပြုအပ်သော 'အေဗာဒသ်'များတွင် ၄င်းတို့၏ အခြေအနေဖြစ်ပေသည်။) ထို့ပြင် (ပစ္စည်းဥစ္စာဖြင့် ပြုရသော 'အေဗာဒသ်'များတွင် ၄င်းတို့၏ အခြေအနေမှာ) ၄င်းတို့၏ ဥစ္စာပစ္စည်းများတွင် တောင်းရမ်းသူ (သူဆင်းရဲ) အဖို့လည်းကောင်း၊ (သိက္ခာစောင့်စည်းသောအားဖြင့်) တောင်းရမ်းခြင်း မပြုကြသော သူဆင်းရဲသားတို့အဖို့လည်းကောင်း (အားလုံးအတွက်) ဝေစုဝေပုံ (အခွင့်အရေး) ရှိကုန်၏။

(၄င်းတို့၌ တာဝန်ရှိ၍ ပေးရသကဲ့သို့ ပေးကမ်းလေ့ရှိခဲ့ကြသည်။ ဆိုလိုသည်မှာ 'ဇကားသ်'မဟုတ်သော ပေးကမ်းခြင်း ဖြစ်သည်။ ဒွရ်ရေမန်စူးရ်ကျမ်းတွင် ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်၊ မူဂျာဟိဒ် (ရဟ) သခင်နှင့် အိဗ်ရာဟီးမ်နခ်အီး (ရဟ) သခင်တို့မှ ဤသည်ကိုပင် ဆင့်ပြန်တင်ပြထားသည်။ ဤသို့ဆိုခြင်းဖြင့် 'ဂျန္နသ်'ဥယျာဉ်နှင့် စည်းစိမ်များ ရရှိခြင်းသည် 'နဖိလ်'များ ပြုကျင့်မှုအပေါ် မူတည်သည်ဟု ဆိုလိုခြင်းမဟုတ်။ ထိုမျှမက ဤနေရာတွင် အဆင့်အတန်း မြင့်မားသူများအကြောင်း ဖော်ပြနေခြင်းသာ ဖြစ်သည်။) ထို့ပြင် (ကာဖိရ်တို့သည် 'ကေယာမသ်' ဖြစ်ပေါ်မည်ကို ငြင်းပယ်သူများ ဖြစ်ကြသည်။ ထို့ကြောင့် ရှေ့တွင် ထိုအကြောင်း အထောက်အထားများ တင်ပြခြင်းကို ညွှန်းဆိုထားသည်မှာ) ယုံကြည် (ရန် ကြိုးစားခြင်းနှင့် လိုလားမှုပြု) သူတို့အတွက် ('ကေယာမသ်'ဖြစ်ပေါ်မည်မှာ ဖြစ်နိုင်ခြင်းနှင့် ဖြစ်ပေါ်လာမည် ဆိုခြင်းတို့အပေါ်) ပထဝီမြေ (၏ အဖန်ဆင်းခံများ) တွင် များစွာသော သက်သေလက္ခဏာများ (နှင့် အထောက်အထားများ) ရှိပေသည်။

ထို့ပြင် အသင်တို့၏ ခန္ဓာကိုယ်အတွင်း၌လည်း သက်သေလက္ခာများ ရှိပေသည်။ (ဆိုလိုသည်မှာ အသင်တို့၏ အပြင်ပိုင်းနှင့် အတွင်းပိုင်း အခြေအနေမျိုးစုံတို့၌လည်း 'ကေယာမသ်' ဖြစ်နိုင်ကြောင်း အထောက်အထားများ ရှိသည်။ အဘယ်ကြောင့်ဆိုသော် မိုးကောင်းကင်နှင့် ကမ္ဘာမြေကြီးတို့သည် မုချဧကန် တန်ခိုးတော်၏ အောက်တွင် ပါဝင်သော အဖန်ဆင်းခံများ ဖြစ်ကြသည်။ အဆုံးအစမဲ့ တန်ခိုးတော်သည် ဖြစ်ပေါ်နိုင်သည့် အရာအားလုံးအပေါ် တန်းတူညီမျှ ရှိနေသည်သာ ဖြစ်၏။ ထို့ပြင် 'ကေယာမသ်' သည် မဖြစ်နိုင်ဟူသော အချက်အပေါ် မည်သည့်အထောက်အထားမျှ မရှိပါလျှင် 'ကေယာမသ်'သည် ဖြစ်နိုင်သော ကိစ္စများအနက်မှ ဖြစ်ပြီးဖြစ်သည်။ သို့ဖြစ်ပေရာ ဤ 'ကေယာမသ်'သည်လည်း အလ္လာဟ်အသျှင်မြတ်၏ တန်ခိုးတော်များမှ ဖြစ်ကြောင်းမှာ အထောက်အထားများ ပြဆိုခြင်းဖြင့် ရှင်းလင်းသွားပြီးဖြစ်သည်။ ထို့ကြောင့် ရှုတ်ချ သည့်အနေဖြင့် မိန့်ကြားတော်မူသည်မှာ 'ဤမျှ အထောက်အထားများပြည့်စုံနေသည့်တိုင်) သို့ပါလျက် အသင်တို့သည် မတွေ့မြင်ကြလေသလော။

ထို့ပြင် (ဖြစ်ပေါ်မည်မဟုတ်ဟု ငြင်းဆိုခြင်းအပေါ် အထောက်အထားပြဆို တင်ပြခဲ့သော 'ဖြစ်ပေါ်ရန် သတ်မှတ်ထားသည့် အချိန်မှာ မည်သည့်အချိန်နည်း' နှင့်စပ်လျဉ်း၍) အသင်တို့၏ 'ရိဇ္ဇိ' ရိက္ခာသည်လည်းကောင်း၊ ('ကေယာမသ်' နှင့် စပ်လျဉ်း၍) အသင်တို့အား ကတိပြုထားသော နေ့သည်လည်းကောင်း (ထိုအရာ) အားလုံး (၏ သတ်မှတ်ချိန်) သည် မိုးကောင်းကင်၌ ('လောင်ဟေမဟ်ဖူးဇ်') ၌ ရှိပေသည်။ (ကမ္ဘာမြေပြင်၌ ထိုအချိန်နှင့် စပ်လျဉ်း၍ အတိအကျ အသိကို ကြောင်းကျိုးများအား ထောက်ရှု၍ ပို့ချပေးထားခြင်း မရှိပေ။ ဤအတိုင်းပင် وَيُنَزِّلُ الْغَيْثَ (မိုးရေ မည်မျှ ရွာသွန်းပေးမည်ဟူသော ကိစ္စ) တွင်လည်း ဖော်ပြတင်ပြခဲ့ခြင်းမရှိပေ။ အတိအကျ မည်သူမျှ မသိရှိရကြောင်းမှာမူ ကိုယ်တွေ့မျက်မြင်ပင် ဖြစ်သည်။ သို့သော် သတ်မှတ်သော အချိန်ကာလကို မသိရှိရသည့်တိုင် ရိဇ္ဇိရိက္ခာ ရှိနေကြောင်းမှာမူ မုချယုံကြည်ရပေသည်။ ဤသို့ဆိုလျှင် နေ့၊ ရက်၊ ကာလ မသတ်မှတ်ခြင်းအပေါ် 'ကေယာမသ်'သည် ဖြစ်ပေါ်မည်မဟုတ်ဟု မည်သို့ ငြင်းဆိုနိုင်ပါမည်နည်း။ ဤကဲ့သို့သော အထောက်အထားများဘက်သို့ ညွှန်းဆိုရန် مَا تُوعَدُونَ (အသင်တို့အား ကတိပေးခြင်း ခံကြရလေသော အရာသည်လည်းကောင်း ရှိပေသည်) နှင့်အတူ رِزْقُكُمْ (အသင်တို့၏ စားနပ်ရိက္ခာသည်လည်းကောင်း ရှိပေသည်) ကို ဖြည့်စွက် တင်ပြတော်မူခဲ့ခြင်း ဖြစ်သည်။ ရှေ့တွင် ဤအကြောင်းအပေါ် ထပ်မံ စိတ်ဖြာရှင်းလင်းတင်ပြ မိန့်ဆိုထားသည်မှာ မဖြစ်နိုင်ဟူသော မည်သည့်အထောက်အထားမျှ မရှိ၍ ဖြစ်နိုင်သည့် အထောက်အထား ဖြစ်လေသောအခါ) သို့ဖြစ်ပေရာ မိုးကောင်းကင်နှင့် ကမ္ဘာမြေပထဝီကို ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ကစမ်၊ ထို (အစားပေးမည့်) နေ့သည် အသင်တို့ စကားပြောဆိုကြဘိသကဲ့သို့ပင် မှန်ကန်လှပေသည်။ (တစ်စုံတစ်ရာ သံသယမထားဘိသကဲ့သို့ ထိုနည်းတူစွာ ယင်းအကြောင်းကို ဤအတိုင်းသာ မှန်ကန်သည့်ကိစ္စရပ်ဟု မှတ်ယူပါလေ။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

စူရာဟ် 'ဇာရိယားသ်'တွင်လည်း ၎င်း၏အလျင်က စူရာဟ်ဖြစ်သော စူရာဟ် 'ကားဖ်'ကဲ့သို့ပင် 'အာခေရသ်'နှင့် 'ကေယာမသ်'၊ တစ်ဖန် ထို 'ကေယာမသ်'တွင် သူသေများ ပြန်လည်ရှင်ထရမည်ဖြစ်ခြင်း၊ စာရင်းအင်းစစ်ဆေးခြင်း၊ ကုသိုလ်အကျိုးများ ချီးမြှင့်ခြင်းနှင့် 'အဇားဗ်'အပြစ်ဒဏ် ပေးခြင်းအကြောင်းများသာ အများဆုံး ပါဝင်ပေသည်။

ဤစူရာဟ်၏ အစပိုင်း အာယသ်တော်အချို့တွင် အလ္လာဟ်အသျှင်မြတ်သည် အချို့သော အရာများကို သက်သေထူကာ 'ကေယာမသ်'နှင့် စပ်လျဉ်း၍ ကတိပြု ချိန်းဆိုထားသော ချိန်းဆိုချက်သည် မှန်ကန်သော ကတိပြုချိန်းဆိုခြင်းများပင်ဖြစ်ကြောင်း 'ကစမ်'ကျိန်ဆို မိန့်ကြားတော်မူထားသည်။ (၄) ခုသော အရာအပေါ် သက်သေထူ 'ကစမ်'ကျိန်ဆိုထားသည်။

① الذّٰر يٰت ذروًا
② الحاملات وقرًا
③ الجاريا ت يُسْرًا နှင့်
④ المقسّما ت امرًا တို့ ဖြစ်သည်။

'မရ်ဖူးအ်'ဟဒီးစ်တော်တစ်ပါးတွင် (၄င်းကို အိဗ်နေကစီးရ် (ရဟ) က 'ဖွအီးဖ်'ဟဒီးစ်ဟု ဆိုထား၏။) ၄င်းနောက် ဟဇရသ်အုမရ် ﷺ သခင်နှင့် ဟဇရသ်အလီ ﷺ သခင်နှစ်ပါးထံမှ ၄င်းတို့၏ ပြောကြားချက် 'မောင်ကူးဖ်'အဆင့် 'ရိဝါယသ်' ဆင့်ပြန်ချက်များ၌ ဤအရာ (၄) ခု၏ အဓိပ္ပာယ်နှင့် အလိုသဘောတို့ကို အောက်ပါအတိုင်း တင်ပြခဲ့သည်။

ذاريا ت ဆိုသည်မှာ 'ဖုံမှုန်များကို သယ်ဆောင်လွင့်ပါးစေသော လေ'ဟု ဖြစ်သည်။

حاملات وِقرًا ၏ မူရင်းအဓိပ္ပာယ်မှာ 'ဝန်ကို ထမ်းပိုးထားသောသူ' ဟု ဖြစ်သည်။ မိုးတိမ်များကို ဆိုလိုသည်။ ထိုမိုးတိမ်များသည် ရေ၏ ဝန်ကို ထမ်းပိုးထားကြသောကြောင့် ဖြစ်သည်။

جاريات يُسرًا မှာ ပင်လယ်ရေတွင် လွယ်ကူပေါ့ပါးစွာ သွားလာလျက်ရှိသော လှေများကို ဆိုလိုသည်။

مُقَسّمات اَمرًا ဆိုသည်မှာ 'အလ္လာဟ်အသျှင်မြတ်ထံတော်မှ အဖန်ဆင်းခံများထံသို့ 'ရိဇ်ဂ်' စားနပ်ရိက္ခာ ပေးပို့ခြင်း၊ မိုးရွာသွန်းစေခြင်း၊ ဒုက္ခနှင့် သုခ စသော အကြောင်းကိစ္စ အမျိုးမျိုးတို့ကို အလ္လာဟ်အသျှင်မြတ်၏ သတ်မှတ်ချက်နှင့်အညီ ခွဲဝေပေးပို့ခြင်း ပြုရသော ဖရစ်ရှ်သာဟ်များကို ဆိုလိုသည်'ဟု ဖြစ်သည်။ သဖ်စီးရ်အိဗ်နေကစီးရ်၊ ကုရ်သုဗီနှင့် ဒုရ်ရေမန်ဆူးရ်ကျမ်းများတွင် ဤဆင့်ပြန်ချက်များကို ဆွဟာဗာသခင်ကြီးများ၏ ကိုယ်တိုင် ပြောကြားချက်များအဖြစ်လည်းကောင်း၊ တမန်တော်မြတ် ﷺ ထံတော်မှ ဆင့်ပြန်ချက်များအဖြစ်လည်းကောင်း ပုံစံနှစ်မျိုးစလုံးဖြင့် ဆင့်ပြန်ဖော်ပြထားသည်။

وَالسَّمَآءِ ذَا تِ الْحُبُكِ ، اِنَّكُمْ لَفِىْ قَوْلٍ مُّخْتَلِفٍ

[(ငါအသျှင်မြတ်သည်) လမ်းကြောင်း (အသွယ်သွယ်) များရှိသော မိုးကောင်းကင်ကို သက်သေထူတော်မူ၏။ စင်စစ် အသင်တို့သည် ကွဲပြားခြားနားသော ပြောဆိုမှုများ၌ ရှိနေကြကုန်၏။]

[၅၁ : ၇-၈]

حُبُك သည် حَبِيكَه ၏ အများကိန်းဖြစ်သည်။ အဝတ်အထည် ယက်လုပ်ရာတွင် ကြိုးအမျှင်များ ဖြစ်ပေါ်ခြင်းကို حُبُك ဟု ခေါ်သည်။ ယင်းသည် လမ်းများနှင့် အသွင်သဏ္ဌာန် တူသောကြောင့်

လမ်းများကိုလည်း حُبُكٌ ဟု ခေါ်ဆိုခြင်းဖြစ်သည်။ အဖွင့်ပညာရှင် အများစုတို့သည် ဤနေရာတွင် ထို အဓိပ္ပာယ်ကိုပင် ကောက်ယူကြသည်မှာ 'လမ်းများစွာရှိသော မိုးကောင်းကင်ကို သက်သေထူ၍ 'ကစမ်' ကျိန်ဆိုပါသည်'ဟု ဖြစ်သည်။ လမ်းများဟု ဆိုရာတွင် ဖရစ်ရှ်သာဟ်များ သွားလာကြသော လမ်းများကို ဆိုလိုခြင်းလည်း ဖြစ်နိုင်သည်။ ထို့ပြင် ကြယ်တာရာများနှင့် ဂြိုဟ်များ၏ လမ်းကြောင်း များနှင့် ၄င်းတို့၏ တည်ရှိရာ လမ်းကြောင်းများကို ဆိုလိုခြင်းလည်း ဖြစ်နိုင်သည်။ ထိုလမ်းများသည် အမြင်အားဖြင့် ကြည့်ရှုသူတို့အဖို့ မိုးကောင်းကင်၌ တွေ့ရှိရပေသည်။

ထို့ပြင် အဝတ်အထည် ယက်လုပ်သည့် ကြိုးအမျှင်များသည် အဝတ်အထည်၏ လှပတင့်တယ်မှုလည်း ဖြစ်သည့်အတွက် အချို့အဖွင့်ပညာရှင်များက ဤနေရာတွင် حُبُكٌ ၏ အဓိပ္ပာယ်မှာ တင့်တယ်ခြင်း၊ လှပခြင်းအတွက် ဖြစ်သည်။ ထို့ကြောင့် အာယသ်တော်၏ အဓိပ္ပာယ်မှာ 'လှပတင့်တယ်ခြင်းရှိသော မိုးကောင်းကင်ကို သက်သေထူ၍ 'ကစမ်'ကျိန်ဆိုပါ၏' ဟု တင်ပြ ဖွင့်ဆိုခဲ့ကြသည်။ ဤ 'ကစမ်'ကျိန်ဆိုခြင်းသည်

إِنَّكُمْ لَفِى قَوْلٍ مُّخْتَلِفٍ

(ကေန်မလွဲ အသင်တို့သည် ကွဲပြားခြားနားသော ပြောဆိုမှုများ၌ ရှိနေကြကုန်၏။) *[၅၁ : ၈]*

၌ ဖော်ပြသော အကြောင်းအရာအတွက် ဖြစ်သည်။ အပေါ်ယံအားဖြင့် ကြည့်လျှင် ဤမိန့်ကြားခြင်းသည် တမန်တော်မြတ် ﷺ နှင့် အတိုက်အခံပြု၊ ဆန့်ကျင်ဘက်စကားများ ပြောဆိုလေ့ရှိသော မက္ကာဟ်မြို့သား ကာဖိရ်များကို ရည်ညွှန်းခြင်း ဖြစ်သည်။ ၄င်းတို့သည် ကိုယ်တော်မြတ် ﷺ အား တစ်ခါတစ်ရံ ရူးသွပ်သူဟုလည်းကောင်း၊ တစ်ခါတစ်ရံ မှော်ဆရာဟုလည်းကောင်း၊ တစ်ခါတစ်ရံ ကဗျာဆရာဟုလည်းကောင်း အချည်းအနှီး သမုတ်ခြင်းများ ပြုလေ့ရှိကြသည်။ ထို့ပြင် ဤရည်ညွှန်းမိန့်ကြားချက်သည် အမွှသ် တစ်ရပ်လုံးရှိ ကာဖိရ်နှင့် မွတ်စ္စလင်မ်အားလုံးကို ဦးတည်မိန့်ကြားခြင်းလည်း ဖြစ်နိုင်သည်။ မတူညီ ကွဲလွဲသော စကားများဆိုသည်မှာ အွမ္မသ် (လူထု) အနက် အချို့သည် တမန်တော်မြတ် ﷺ အပေါ် အီမာန် သက်ဝင် ယုံကြည်ကြသည်။ အချို့မှာ ငြင်းပယ်ခြင်းနှင့် ဆန့်ကျင်မှုများ ပြုကြခြင်းကို ဆိုလိုခြင်း ဖြစ်ပေမည်။ *[မဇှ်ဟရီကျမ်း]*

يُؤْفَكُ عَنْهُ مَنْ أُفِكَ

(၄င်း ('ကေယာမသ်'ရှင်ပြန်ထရမည့်နေ့ကို ယုံကြည်ခြင်း) မှ သွေဖည်သူသည် (ကောင်းမြတ်ခြင်းအားလုံးတို့မှ) သွေဖည်သူသာ ဖြစ်သည်။) *[၅၁ : ၉]*

إِفْكٌ ၏ အဓိပ္ပာယ်မှာ 'လှည့်ပြန်သွားခြင်း'ဟု ဖြစ်သည်။ عَنْهُ ရှိ နာမ်စားတွင် နှစ်မျိုး ကောက်ယူနိုင်သည်။ နှစ်မျိုးစလုံး၏ အဓိပ္ပာယ်မှာ သီးခြားစီဖြစ်သည်။ အလိုသဘောတစ်မျိုးမှာ 'ဤနာမ်စားသည် ကုရ်အာန်နှင့် ရစူလ်တမန်တော်မြတ် ﷺ ဘက်သို့ လှည့်ခြင်း ဖြစ်သည်။ အဓိပ္ပာယ်မှာ 'နဖူးစာ

ဆိုးသူဟု ရေးမှတ်ခြင်းခံရပြီးသူသာ ကုရ်အာန်နှင့် ရစူလ်တမန်တော်မြတ် ﷺ ကို မျက်နှာလွှဲဖယ်ငြင်းပယ်မှု ပြုသည်'ဟု ဖြစ်သည်။

ဒုတိယကောက်ယူနိုင်သည့် အလိုသဘောမှာ 'ဤနာမ်စားသည် قول مختلف (မတူညီ၊ ကွဲလွဲသော စကားများ) ဘက်သို့ လှည့်ခြင်းဖြစ်သည်။ အဓိပ္ပာယ်မှာ အသင်တို့၏ ကွဲလွဲမှုနှင့် ဆန့်ကျင်သော အတိုက်အခံပြု စကားများကြောင့် နဖူးစာ ဆိုးယုတ်သူသည်ပင် ကုရ်အာန်နှင့် ရစူလ်တမန်တော်မြတ် ﷺ ကို ငြင်းပယ်ခြင်း ပြုလေသည်' ဟု ဖြစ်သည်။

قُتِلَ الْخَرّٰصُوْنَ

[(သာသနာရေးရာများနှင့် စပ်လျဉ်း၍) ရမ်းဆပြောဆိုကြကုန်သော သူတို့သည် ပျက်စီးကြရပေမည်။] *[၅၁ : ၁၀]*

خَرّٰاص ၏ အဓိပ္ပာယ်မှာ 'ခန့်မှန်းချေဖြင့် ပြောဆိုသူ၊ အထင်နှင့် မှန်းဆ၍ စကားပြောဆိုသောသူ' ဟု ဖြစ်သည်။ အလိုသဘောမှာ 'မည်သည့်အထောက်အထားနှင့် အကြောင်းပြချက်မျှမရှိဘဲ တမန်တော်မြတ် ﷺ နှင့် စပ်လျဉ်း၍ အတိုက်အခံစကားများ၊ ကွဲလွဲသောစကားများ ပြောဆိုကြသည့် ကာဖိရ်များကို ဆိုလိုသည်။ ထို့ကြောင့် ဤနေရာတွင် خَرّٰاصُوْنَ ကို كَذّٰابُوْنَ (လိမ်လည်ငြင်းဆိုသူများ) ဖြင့် အဓိပ္ပာယ်ပြန်ဆိုလျှင်လည်း မှားမည်ကား မဟုတ်ပေ။ ၎င်းတို့အတွက် ဤစာပိုဒ်သည် 'လအ်နသ်' ('ရဟ်မသ်'ကရုဏာတော်မှ ကျဉ်ဖယ်ခြင်းခံရမှု) ၏ အဓိပ္ပာယ်၌ရှိသော 'ဗဒ်ဒုအာ' (ကျိန်စာ) ဖြစ်သည်။ *[မဇ္ဇဟရီကျမ်း]*

ကာဖိရ်များအကြောင်း တင်ပြပြီးသောအခါ မုအ်မင်န် 'မွတ်သက္ကီ' (သူတော်စင်) များအကြောင်း အာယသ်တော်အမြောက်အမြားဖြင့် တင်ပြထားသည်။

'အေဗာဒသ်' ပြုရင်း ည ကုန်ဆုံးခြင်းနှင့် ၎င်း၏ အသေးစိတ် ရှင်းလင်းချက်

كَانُوْا قَلِيْلًا مِّنَ الَّيْلِ مَايَهْجَعُوْنَ

(၎င်းတို့သည် ညဉ့်တွင် အနည်းငယ်မျှသောအချိန်၌သာ အိပ်စက်လေ့ရှိခဲ့ကြကုန်၏။) *[၅၁ : ၁၇]*

يهجعون သည် هجوع ဟူသော စာလုံးမှ ဆင်းသက်လာသည်။ အဓိပ္ပာယ်မှာ 'ညအခါ အိပ်စက်ခြင်း' ဟု ဖြစ်သည်။ ဤနေရာတွင် မုအ်မင်န် (သက်ဝင်ယုံကြည်သူ) 'မွတ်သက္ကီ' (သူတော်စင်) တို့၏ '၎င်းတို့သည် ညကို အလ္လာဟ်အသျှင်မြတ်အား 'အေဗာဒသ်' ပြုခြင်းဖြင့် ကုန်ဆုံးစေကြသည်။ အနည်းငယ်သာ အိပ်စက်ကြသည်။ အချိန်အများအပြားကို နိုးကြားမှုတွင် ကုန်လွန်စေခဲ့ကြသည်။ အချိန်ကို နမာဇ်နှင့် 'အေဗာဒသ်'များအတွက် ကုန်ဆုံးစေကြသည်'ဟူသော ဂုဏ်ရည်ကို ဖော်ကျူးတင်ပြထားခြင်းဖြစ်သည်။ အိဗ်နေဂျရီးရ် (ရဟ) က ဤသို့ပင် ဖွင့်ဆိုတင်ပြထားသည်။ ဟဇရသ်ဟစန်ဗဆွရီ (ရဟ) ထံမှလည်း ဤအတိုင်းပင် ဆင့်ပြန်ချက် လာရှိထားသည်မှာ 'မွတ်သက္ကီ (သူတော်စင်) တို့သည် ညအချိန်

ကို နှိုးကြားခြင်းနှင့် 'အေဗာဒသ်' ပြုခြင်းများအတွက် ဒုက္ခခံ စတေးခဲ့ကြသည်။ အလွန်နည်းပါးစွာသာ အိပ်စက်ကြသည်' ဟု ဖြစ်သည်။

ဟဇရတ်အိဗ်နေအဗ္ဗားစ် ﵁ သခင်၊ ကသာဒဟ် (ရဟ) နှင့် မုဂျာဟိဒ် (ရဟ) စသော သဖ်စီးရ် အဖွင့်ပညာရှင် အေမာမ်ကြီးများက ဤစာပိုဒ်၏ အလိုသဘော၌ ما ဟူသော အက္ခရာကို نفي 'နဖီ' (မဟုတ်၊ မဖြစ်၊ မရှိ၊ မလုပ်) ဟူသော အဓိပ္ပာယ်အတွက် သတ်မှတ်၍ ဖွင့်ဆိုတင်ပြကြသည်မှာ 'ၚင်းတို့သည် ည၏ အချို့အစိတ်အပိုင်းတို့တွင် မအိပ်စက်ဘဲ နမာဇ် အစရှိသော 'အေဗာဒသ်'များတွင် မွေ့လျော်လျက် ရှိကြသည်' ဟူ၏။

ဤအဓိပ္ပာယ်ဖွင့်ဆိုချက်အရ 'ည၏ အစပိုင်း၌ဖြစ်စေ၊ အလယ်၌ဖြစ်စေ၊ နောက်ဆုံးယံ၌ဖြစ်စေ အစိတ်အပိုင်းတစ်ခုခုတွင် 'အေဗာဒသ်'ပြုသူများသည် ဤအာယသ်တော်၌ တင်ပြထားသည့်သူများတွင် အကျုံးဝင်သွားပေသည်။ ထို့ကြောင့် ဟဇရတ်အနတ်စ် ﵁ သခင်နှင့် အဗူလ်အာလိယဟ် (ရဟ) တို့က ဤအာယသ်တော်၏ ညွှန်းဆိုချက်သည် 'မဂ်ရိဗ်'နှင့် 'အေရှာ'နမာဇ်အကြား နမာဇ်ဝတ်ပြုကြသူများကို ဖြစ်သည်ဟု သတ်မှတ်ကြသည်။ အေမာမ်အဘူဂျအ်ဖရ်ဗာကိရ် (ရဟ) က 'အေရှာနမာဇ်အလျင် အိပ်စက်မှု မပြုကြသူများသည်လည်း ဤအာယသ်တော်၏ ညွှန်းဆိုချက်၌ ပါဝင်သည်' ဟု မိန့်ဆိုခဲ့သည်။

[အိဗ်နေကဆီးရ်ကျမ်း]

ဟစန်ဗဆွရီ (ရဟ) က အဟ်နဖ်ဗင်န်ကိုင်စ် (ရဟ) ထံမှ ဆင့်ပြန်ခဲ့သည်။ ၚင်းက ပြောဆိုသည်မှာ 'ကျွန်ုပ်သည် မိမိ၏ ပြုမူဆောင်ရွက်ချက် ကျင့်စဉ်များကို 'ဂျန္နသ်'သုခဘုံသားတို့၏ ကျင့်စဉ်များနှင့် နှိုင်းယှဉ်ချိန်တွယ်ကြည့်သောအခါ ၚင်းတို့သည် ကျွန်ုပ်တို့ထက် အလွန်တရာ မြင့်မားသော အုပ်စုများ ဖြစ်ကြောင်း တွေ့ရှိရသည်။ ကျွန်ုပ်တို့၏ ကျင့်စဉ်များ၏ အဆင့်သည် ၚင်းတို့ကို မမီနိုင်ကြပေ။ အဘယ်ကြောင့်ဆိုသော် ၚင်းတို့သည် ညများတွင် နည်းပါးစွာသာ အိပ်စက်ကြသည်။ 'အေဗာဒသ်'ကို များမြောင်စွာ ပြုကြသောကြောင့် ဖြစ်သည်။ တစ်ဖန် ကျွန်ုပ်သည် မိမိ၏ ပြုမူဆောင်ရွက်ချက် ကျင့်စဉ်များကို 'ဂျဟန္နမ်'ငရဲဘုံသားတို့၏ 'အအ်မာလ်'ကျင့်စဉ်များနှင့် နှိုင်းယှဉ်ချိန်တွယ်ကြည့်သည့်အခါ ၚင်းတို့သည် အလ္လာဟ်အသျှင်မြတ်နှင့် ရစူလ်တမန်တော်မြတ်ကို ငြင်းပယ်သူများ၊ 'ကေယာမသ်'ကို ငြင်းပယ်သူများ ဖြစ်ကြသည်။ (အလ္လာဟ်အသျှင်မြတ်သည် ကျွန်ုပ်တို့အား ဤပြစ်မှုအရာများမှ ထိန်းသိမ်းစောင့်ရှောက်ထားသည်။) ထို့ကြောင့် ကျွန်ုပ်တို့၏ အဆင့်သည် 'ဂျန္နသ်'သုခဘုံများ၏ အဆင့်ကိုလည်း မရောက်ပေ။ ထို့ပြင် (အလ္လာဟ်အသျှင်မြတ်၏ မဟာကျေးဇူးတော်ဖြင့်) 'ဂျဟန္နမ်'ငရဲဘုံသားတို့၏ ကျင့်စဉ်များနှင့်လည်း တန်းတူ မဖြစ်ပေ။ သို့ဖြစ်ပေရာ ကျွန်ုပ်တို့၏ အဆင့်အတန်းသည် အမလ်ကျင့်စဉ်အားဖြင့် ကုရ်အာန်ကျမ်းတော်မြတ်က မိန့်ကြားထားသော

اَلَّذِيْنَ خَلَطُوْا عَمَلًا صَالِحًا وَّاٰخَرَ سَيِّئًا

"အကြင်သူတို့သည် 'ကောင်းသော လုပ်ရပ်နှင့် မကောင်းသော လုပ်ရပ်များကို ရောနှောစွာ ပြုလုပ်ကြသည်' ဟူသော အုပ်စုတွင် ပါဝင်ကြသူများ ဖြစ်ကြသည်။ ထို့ကြောင့် ကျွန်ုပ်တို့အတွင်းမှ

အနည်းဆုံး ဤအုပ်စုဝင်များ၏ အဆင့်၌ ရှိသူသည် အမြတ်ဆုံးဖြစ်ကြောင်း သိရှိရပေသည်" ဟု ဖြစ်သည်။ အဗ်ဒွရ်ရဟ်မာန် ဗင်န် ဇိုက်ဒ် ဗင်န် အတ်စ်လာမ် ﷺ သခင်က မိန့်ဆိုသည်မှာ 'ဗနီသမီးမ်မျိုးနွယ်မှ လူတစ်ဦးသည် ဟ္ဂျနိပ်၏ ဖခင်အား ပြောဆိုသည်မှာ 'ဟ္ဂျနိပ်တို့သည် မိမိတို့အတွင်းဝယ် အလ္လာဟ်အသျှင်မြတ်က 'မွတ်သက္ကီ' (သူတော်စင်များ) အတွက် မိန့်ဆိုထားသော

كَانُوا قَلِيلًا مِّنَ اللَّيْلِ مَايَهْجَعُوْنَ

(၄င်းတို့သည် ညဉ့်တွင် အနည်းငယ်မျှသောအချိန်၌သာ အိပ်စက်လေ့ ရှိခဲ့ကြကုန်၏။) *[၅၁ း ၁၇]*

အာယသ်တော်ပါ အရည်အချင်းများကို မတွေ့ရပါ။ အဘယ်ကြောင့်ဆိုသော် ဟ္ဂျနိပ်တို့၏ အခြေအနေမှာ

قَلِيلًا مِّنَ اللَّيْلِ مَاتَقُوْمُ

'ဟ္ဂျနိပ်တို့သည် ညအခါ အလွန် နည်းပါးစွာသာ နိုးကြလျက် ရှိနေကြသည်။ အလွန်နည်းပါးစွာ 'အေဗာဒသ်' ပြုကြသော ကြောင့် ဖြစ်သည်' ဟူ၏။ ဟ္ဂျနိပ်၏ ဖခင်က

طُوبٰى لِمَنْ رقد اذانعس واتقى الله اذا استيقظ

အိပ်စက်လိုသော အချိန်တွင် အိပ်စက်ပြီး နိုးကြားနေသောအချိန်တွင် 'သက္ကဝါ' (အလ္လာဟ်အသျှင်မြတ်၏ အကြောက်တရားထားကာ အပြစ်များမှ ရှောင်ကြဉ်ခြင်း) ကို လက်ကိုင်ထားသူ (သို့) (ရှရီအသ်တရားတော်နှင့် ဆန့်ကျင်သော မည်သည့်အလုပ်မျှ မပြုလုပ်သူ) အဖို့ ဝမ်းမြောက်ပျော်ရွှင်ဖွယ် အတိပင်ဖြစ်သည်'ဟု ပြန်လည်ဖြေကြားခဲ့သည်။ *[အိမ်နေကစီးရ်]*

ဆိုလိုသည်မှာ 'အလ္လာဟ်အသျှင်မြတ်ထံတော်၌ လက်ခံမှုပြုခံရခြင်းသည် ညအခါ အလွန် နိုးကြားစွာ နေခြင်း၌သာ မဟုတ်။ မည်သူမဆို အိပ်စက်မှုကို စွန့်လွှတ်၍ ခက်ခဲသော ည၏ အချိန်အများအပြားတွင် နိုးကြားနိုင်ခြင်း မရှိသော်လည်း နိုးကြားလျက်ရှိနေသည့်အခါ အပြစ်ဒုစရိုက်များမှ ရှောင်ကြဉ်မှုပြုသူသည်လည်း လေးစားဂုဏ်ပြုထိုက်သူ ဖြစ်သည်' ဟူ၏။

ဟဒီးစ်တော်တစ်ပုဒ်တွင် တမန်တော်မြတ် ﷺ ၏ မိန့်ကြားချက်တစ်ရပ် အဗ်ဒွလ္လာဟ်ဗင်န်စလာမ် ﷺ သခင်၏ ဆင့်ပြန်ချက်ဖြင့် ဤသို့ လာရှိထားသည်။

يٰاَيُّهَا النَّاس اطعموا الطَّعام وصلوا الْاَرحا م وافشوا السَّلام وصلّوا
بالليل والنَّاس نيام تدخلوا الجنَّةَ بسلامٍ

'အို၊ လူသားအပေါင်းတို့၊ အသင်တို့သည် လူတို့အား အစားအစာ ကျွေးမွေးကြကုန်။ ဆွေမျိုးသားချင်းများနှင့် အဆက်အသွယ်ပြုကြလေကုန်။ မွတ်စ္စလင်မ်တိုင်းကို 'စလာမ်'ပေးကြလေကုန်။ ညအခါ လူများ အိပ်စက်နေကြချိန်တွင် နမာဇ်ဝတ်ပြုကြလေကုန်။ ဤသို့ဆိုလျှင် ငြိမ်းချမ်းသာယာစွာ 'ဂျန္နသ်'သို့ ဝင်ကြရပေမည်။

'စဟရ်' နံနက်အာရုဏ်ဦးအချိန်၌ 'အိစ်သိဂ်ဖာရ်' ပြုခြင်း၏ ထူးမြတ်မှုနှင့် မင်္ဂလာများ

وَبِالْأَسْحَارِ هُمْ يَسْتَغْفِرُوْنَ

(ထို့ပြင် ၎င်း (မုအ်မင်န်မွတ်သက္ကီ) တို့သည် 'စဟရ်' ညဥ့်၏ နောက်ဆုံးယံအချိန်များတွင် မိမိတို့၏ အပြစ်များမှ လွတ်ငြိမ်းချမ်းသာခွင့်ရရန် တောင်းခံကြလေ့ ရှိခဲ့ကြကုန်၏။) *[၅၁ း ၁၈]*

اَسْحَار သည် سحر ၏ အများကိန်းဖြစ်သည်။ ညဉ၏ နောက်ဆုံးယံကို 'စဟရ်' ဟု ခေါ်ဆိုသည်။ ဤညဉ၏ နောက်ဆုံးယံတွင် 'အစ်သိဂ်ဖာရ်' ပြုခြင်း၏ ထူးမြတ်မှု ဤအာယသ်တော်၌လည်း လာရှိထားသည်။ အခြားအာယသ်တော်တစ်ပါးဖြစ်သည့်

وَالْمُسْتَغْفِرِيْنَ بِالْاَسْحَارِ

(ညဥ့်၏ နောက်ဆုံးယံ အာရုဏ်တက်ချိန်များတွင် (အလ္လာဟ်အသျှင်မြတ်၏ ထံတော်တွင် မိမိတို့၏ အပြစ်များမှ) လွတ်ငြိမ်းချမ်းသာခွင့် တောင်းခံကြသူများ ဖြစ်ကြလေသည်။) *[၃ း ၁၇]*

၌လည်း လာရှိသည်။ 'ဆိုဟာစိသ်သဟ်' ဟဒီးစ်ကျမ်းကြီး (၆) ကျမ်းစလုံး၌လည်း အောက်ပါဟဒီးစ်တော်ကို တင်ပြထားသည်။ ၎င်းမှာ 'အလ္လာဟ်အသျှင်မြတ်သည် ညစဉ်ညတိုင်း ည၏ နောက်ဆုံးယံတွင် မိုးကောင်းကင်ပထမထပ်သို့ ဆင်းသက်တော်မူလာသည်။ (ဤသည် အသျှင်မြတ်၏ ဂုဏ်တော်နှင့် သင့်တော်သောပုံစံဖြင့် ဖြစ်မည်။ ၎င်း၏ ဇစ်မြစ်သရုပ်မှန်ကို မည်သူမျှ မသိနိုင်ကြပေ။) ထို့နောက် ကြေညာတော်မူသည်မှာ 'သောင်ဗာဟ်' ပြု အများဝန်ချ တောင်းပန်မည့်သူ တစ်စုံတစ်ဦး ရှိပါသလား။ ၎င်းသူ၏ 'သောင်ဗာဟ်' ကို ငါအသျှင်မြတ် လက်ခံတော်မူမည်။ 'အိစ်သိဂ်ဖာရ်' အပြစ်များမှ လွတ်ငြိမ်းချမ်းသာခွင့်ရရန် တောင်းခံသူ တစ်စုံတစ်ဦး ရှိပါသလား။ ငါအသျှင်မြတ်သည် ၎င်းအား ခွင့်လွှတ်ချမ်းသာပေးတော်မူမည်' ဟု ဖြစ်သည်။ *[အိဗ်နေကစီးရ်ကျမ်း]*

ဤနေရာတွင် အလေးအနက်ထား စဉ်းစားရမည်မှာ 'စဟ်ရီ' အချိန်၌ 'အိစ်သိဂ်ဖာရ်' ပြုခြင်းကို ၎င်း၏အလျင် အာယသ်တော်၌ တင်ပြခဲ့သည့် '၎င်းတို့သည် ညတွင် 'အေဗာဒသ်' ၌ မွေ့လျော်နေလျက်ရှိကြသည်။ အလွန်နည်းပါးစွာသာ အိပ်စက်ကြသည်' ဟူသော 'မွတ်သက္ကီ' သူတော်ကောင်းများနှင့် စပ်လျဉ်း၍ တင်ပြထားသည်။ သို့ဖြစ်ပေရာ ဤအခြေအနေအရ 'အိစ်သိဂ်ဖာရ်' ပြုခြင်းသည် အပေါ်ယံအားဖြင့် ကြည့်လျှင် ဆက်စပ်မှုရှိသည်ဟု မထင်ရပါ။ အဘယ်ကြောင့်ဆိုသော် လွတ်ငြိမ်းချမ်းသာခွင့် တောင်းခံရခြင်းမှာမူ ပြစ်မှုများ ကျူးလွန်ခြင်းအပေါ် ပြုရခြင်းဖြစ်ပါသည်။ ၎င်းတို့မှာမူ တစ်ညလုံး 'အေဗာဒသ်' များ၌သာ မွေ့လျော်နေကြသည်ဖြစ်ရာ ၎င်းတို့အဖို့ နောက်ဆုံးတွင် 'အိစ်သိဂ်ဖာရ်' ပြုခြင်းသည် မည်သည့် ပြစ်မှုအတွက် ပြုရပါသနည်း။

၎င်း၏ အဖြေမှာ ထိုပုဂ္ဂိုလ်များသည် အလ္လာဟ်အသျှင်မြတ်၏ အချစ်နှင့် အသိရှိသူများ ဖြစ်ကြပါသည်။ အလ္လာဟ်အသျှင်မြတ်၏ ကြီးမြတ်သော ဂုဏ်ဒြပ်ကို သိနားလည်ကြသည်။ သို့သော် မိမိတို့၏ 'အေဗာဒသ်'အားလုံးတို့ကို အလ္လာဟ်အသျှင်မြတ်၏ ကြီးမြတ်သော ဂုဏ်ဒြပ်နှင့်အညီ မဖြစ်ရိုဟု သိရှိနားလည်ထားကြသည်။ ထို့ကြောင့် မိမိတို့၏ ဤလျော့နည်းမှု၊ မပြည့်စုံမှု၊ ချွတ်ချော်မှုတို့အတွက် 'အိစ်သိဂ်ဖာရ်' ပြုကြခြင်း ဖြစ်သည်။ *[မဇှဟ်ရီကျမ်း]*

'စွဒ်ကာဟ်'၊ 'ခိုင်ရာ:သ်' ပေးကမ်းသူများအဖို့ အထူးလမ်းညွှန်ချက်

وَفِيٓ اَمۡوَالِهِمۡ حَقٌّ لِّلسَّآئِلِ وَالۡمَحۡرُوۡمِ

سَآئِلٌ ဆိုသည်မှာ 'လူတို့ထံမှ အကူအညီရယူရန်အတွက် မိမိ၏ လိုအပ်ချက်ကို လူတို့ရှေ့တွင် ထုတ်ဖော်ပြောကြားရာ လူတို့၏ ကူညီမှု ရရှိသူ'ကို ခေါ်သည်။ مَحۡرُوۡم ဆိုသည်မှာ 'ဆင်းရဲနွမ်းပါး၍ လိုလားတောင့်တမှုများ ရှိသော်လည်း မိမိ၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းရန်အတွက် မိမိ၏ လိုလားတောင့်တချက်ကို မည်သူ့ထံတွင်မျှ မထုတ်ဖော်သောကြောင့် လူတို့၏ ကူညီမှုပြုခြင်းမှ နဖူးစာမဲ့ရသူ' ဖြစ်သည်။ ဤအာယသ်တော်တွင် မုအ်မင်န် မွတ်သက္ကီများ၏ ဂုဏ်ရည်ကို ပြသထားသည်မှာ '၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်တွင် ဥစ္စာပစ္စည်းများ သုံးစွဲကြသည့်အခါ မိမိ၏ လိုအပ်ချက်ကို ထုတ်ဖော်တောင်းခံသူများအား ပေးကမ်းခြင်းသာမကဘဲ မိမိ၏ လိုအပ်ချက်ကို မည်သူ့ကိုမျှ တင်ပြပြောဆိုခြင်း မရှိသော လိုအပ်ချက် အခက်အခဲရှိသူများ၏ အခြေအနေများကိုလည်း လေ့လာစုံစမ်း၍ ပေးကမ်းလေ့ ရှိကြသည်' ဟူ၏။

အာယသ်တော်၏ အလိုသဘောမှာ 'ဤမုအ်မင်န်မွတ်သက္ကီတို့သည် ခန္ဓာကိုယ်အားဖြင့် ပြုအပ်သော နမာဇ်ဝတ်ပြုခြင်းနှင့် ညအချိန် မအိပ်စက်ဘဲ နေခြင်းမျှသာ ရောင့်ရဲမှုမပြုကြဘဲ ဥစ္စာပစ္စည်းအားဖြင့် ပြုရသော 'အေဗာဒသ်'တွင်လည်း 'မိမိတို့၏ လိုအပ်ချက်ကို ထုတ်ဖော်တောင်းခံသူများကိုလည်း ကြည့်ရှုကူညီပြီး သိက္ခာတရားကြောင့် မိမိတို့၏ လိုအပ်ချက်ကို မည်သူ့ကိုမျှ မထုတ်ဖော်သူများကိုလည်း လေ့လာဆန်းစစ်၍ ကြည့်ရှုကူညီကြသည်'ဟူ၏။ သို့သော် ဤဥစ္စာပစ္စည်းအားဖြင့် 'အေဗာဒသ်'ပြုခြင်းအကြောင်းကို ကုရ်အာန်ကျမ်းတော်မြတ်သည်

وَفِيٓ اَمۡوَالِهِمۡ حَقٌّ

(၎င်းပြင် ထိုသူတို့၏ ပစ္စည်းဥစ္စာများတွင် ဝေစုဝေပုံ (အခွင့်အရေး) ရှိခဲ့၏။ *[၅၁ : ၁၉]*

ဟု သုံးနှုန်းမိန့်ကြားတော်မူထားသည်။ ဆိုလိုသည်မှာ ဤသူများသည် သူဆင်းရဲတို့အပေါ် သုံးစွဲကြရာ၌ မည်သည့်ကျေးဇူး ဂုဏ်ဖော်ခြင်းမျှ မပြုကြပေ။ ထိုမျှမက ကျွန်ုပ်တို့၏ အလ္လာဟ်အသျှင်မြတ် ချီးမြှင့်တော်မူထားသော ဤဥစ္စာပစ္စည်းများတွင် ထိုသူများ၏ ရပိုင်ခွင့်လည်း ရှိသည်ဟူ၍ မှတ်ယူနားလည်

ကာ သုံးစွဲလျှဒါန်းကူညီသည်။ ရပိုင်ခွင့်ရှိသူ၏ ရပိုင်ခွင့်ကို ၎င်းသူအား ပေးခြင်းမှာ မည်သည့်ကျေးဇူးပြုခြင်းမျှ မဟုတ်ပေ။ ထိုမျှမက တာဝန်တစ်ခုကို တာဝန်ချဆောင်ရွက်ခြင်း၊ တာဝန်ကျေသွားခြင်းသာ ဖြစ်သည်ဟု မှတ်ယူသူများ ဖြစ်သည်။

မိုးကောင်းကင်နှင့် မြေပထဝီနှစ်ခုစလုံးတွင် တန်ခိုးတော်၏ လက္ခဏာတော်များ

وَفِى الْاَرْضِ اٰيٰتٌ لِّلْمُوقِنِيْنَ

(စင်စစ် ('ကေယာမသ်'မုချ ဖြစ်မည့်အကြောင်းနှင့် စပ်လျဉ်း၍) သက်ဝင်ယုံကြည်သူများအတွက် ကမ္ဘာမြေပထဝီတွင် မြောက်မြားစွာသော တန်ခိုးတော်၏ လက္ခဏာများ ရှိကုန်၏။) [၅၁ : ၂၀]

လွန်လေပြီးသော အာယသ်တော်များတွင် ဦးစွာပထမ ကာဖိရ်တို့၏ အခြေအနေနှင့် နိဂုံးရလဒ်ကို ဖော်ပြ ထားသည်။ တစ်ဖန် မုအ်မင်န်မွတ်သက္ကီတို့၏ အခြေအနေများ၊ ဂုဏ်ရည်များနှင့် ၎င်းတို့၏ မြင့်မားသော အဆင့်အတန်းများအကြောင်း မိန့်ကြားတင်ပြထားသည်။ တစ်ဖန် 'ကေယာမသ်'ကို ငြင်းပယ်သူ ကာဖိရ်တို့၏ အခြေအနေကို အလေးအနက်စဉ်းစားရန်နှင့် အလ္လာဟ်အသျှင်မြတ်၏ ပြည့်စုံကုံလုံသော တန်ခိုးတော်၏ လက္ခဏာတော်များကို ထောက်ရှုလျက် ငြင်းပယ်ခြင်းကို စွန့်လွှတ်ရန် မိန့်ကြားတင်ပြထားသည်။ သို့ဖြစ်ပေရာ ဤစာပိုဒ်၏ ဆက်စပ်မှုသည် ရှေ့တွင် ဖော်ပြခဲ့သည့်

اِنَّكُمْ لَفِىْ قَوْلٍ مُّخْتَلِفٍ

ဟူသော အပိုဒ်နှင့် ဖြစ်သည်။ ယင်းစာပိုဒ်၌ ကုရ်အာန်ကျမ်းမြတ်နှင့် ရစူလ်တမန်တော်မြတ် ﷺ ကို ငြင်းပယ်ခြင်းများ တင်ပြထားသည်။

သဖ်စီးရ်မဇ္ဇဟရီကျမ်းတွင် ဤသည်ကိုလည်း မုအ်မင်န်မွတ်သက္ကီများ၏ ဂုဏ်ရည်များတွင် ထည့်သွင်း တင်ပြထားသည်။ موقنين (သက်ဝင်ယုံကြည်သူတို့အဖို့) ၏ အလိုသဘောမှာ متقين (သက္ကဝါတရားလက်ကိုင်ထားသူ) များဟူ၍ ဖြစ်သည်။ ဤအာယသ်တော်တွင် ၎င်းတို့၏ အခြေအနေကို တင်ပြသည်မှာ '၎င်းတို့သည် ကမ္ဘာမြေပထဝီနှင့် မိုးကောင်းကင်တို့၌ ပြန့်နှံ့လျက်ရှိသော အလ္လာဟ်အသျှင်မြတ်၏ တန်ခိုးတော်များ၏ လက္ခဏာများတွင် တွေးတောဆင်ခြင် သုံးသပ်ကြသည်။ ထိုသို့ ပြုခြင်း၏ရလဒ်မှာ ၎င်းတို့၏ ယုံကြည်ချက်အီမာန်သည် တိုးမြင့်လာသည်။ ၎င်းတို့နှင့် စပ်လျဉ်း၍ အခြားအာယသ်တော်တစ်ပါး၌ မိန့်ကြားသည်မှာ-

وَيَتَفَكَّرُوْنَ فِىْ خَلْقِ السَّمٰوٰتِ وَالْاَرْضِ

(၎င်းပြင် ထိုသူတို့သည် အာကာသကောင်းကင်ဘုံများနှင့် ကမ္ဘာမြေပြင်ကို ဖန်ဆင်းခြင်းနှင့် စပ်လျဉ်း၍ စဉ်းစားဆင်ခြင် သုံးသပ်ကြသည်။) [၃ : ၁၉၁]

ဟု ဖြစ်သည်။ ကမ္ဘာမြေပထဝီတွင် တန်ခိုးတော်၏ လက္ခဏာများဖြစ်သည့် အကြောင်းအရာ အချက်အလက်များ မြောက်မြားစွာ ရှိသည်။ မြေပြင်ပေါ်တွင် သစ်ပင်များ၊ ဥယျာဉ်များကို ကြည့်ရှုပါလျှင် ၎င်းတို့၏ အမျိုးအမည်များ၊ အရောင်များ၊ အနံ့များ၊ သစ်ရွက်တစ်ရွက်ချင်းစီတွင် ပြည့်စုံသော ဖန်ဆင်းခြင်းအလှ၊ တစ်ဖန် ထိုသစ်ရွက်များအနက် တစ်ရွက်ချင်း၏ စူးရှသက်ရောက်မှု အာနိသင် ကွဲပြားမှုသည် ထောင်ချီ၍ ရှိခြင်း၊ ထိုနည်းတူ မြေပြင်ပေါ်တွင် ချောင်းများ၊ ရေတွင်းများ၊ ရေ၏ အခြားသော ဗဟိုဌာနများနှင့် ၎င်းတို့နှင့် ပြုလုပ်ရသော သိန်းပေါင်းများစွာသော အဖန်ဆင်းခံ အမျိုးအစားများ၊ မြေပြင်တွင် တောင်၊ လိုဏ်ဂူ၊ မြေပေါ်၌ ပေါက်ဖွားသော သတ္တဝါများနှင့် ၎င်းတို့၏ အမျိုးအစားများ၊ တစ်မျိုးချင်းစီ၏ အခြေအနေ၊ အကျိုးရှိခြင်းအမျိုးမျိုး၊ မြေပေါ်တွင် မွေးဖွားကြသော လူတို့၏ အမျိုးအနွယ်များ ကွဲပြားမှု၊ မတူညီသော ဒေသများရှိ လူတို့တွင် အသားအရောင်နှင့် ဘာသာစကားများ ကွဲပြားခြင်း၊ အကျင့်စရိုက်နှင့် စာရိတ္တများ မတူညီခြင်း စသော အရာများတွင် သေချာကျနစွာ စဉ်းစားဆင်ခြင်ပါက အရာတစ်ခုချင်းစီတွင် အလ္လာဟ်အသျှင်မြတ်၏ တန်ခိုးတော်နှင့် လျှို့ဝှက်ချက်များကို မရေမတွက်နိုင်အောင် များပြားစွာ တွေ့ရှိရပေမည်။

وَفِىٓ اَنۡفُسِكُمۡ اَفَلَا تُبۡصِرُوۡنَ

(ထိုနည်းတူစွာ အသင်တို့၏ ကိုယ်များတွင်လည်း (သက်သေလက္ခဏာများ) ရှိကြကုန်၏။ သို့ပါလျက် အသင်တို့သည် မမြင်ကြလေသလော။) *[၅၁ : ၂၁]*

တန်ခိုးတော်များနှင့် စပ်လျဉ်း၍ တင်ပြနေသော အာယသ်တော်များတွင် မိုးကောင်းကင်ရှိ အဖန်ဆင်းခံများအကြောင်း တင်ပြခြင်းကို လွှတ်၍ လူနှင့် အနီးကပ်ဆုံးဖြစ်ပြီး လူသားနေထိုင်၍ သွားလာလှုပ်ရှားနေသော မြေကြီးအကြောင်းကို တင်ပြမိန့်ကြားထားသည်။ ဤအာယသ်တော်တွင် ထို့ထက်ပင် ပို၍ နီးကပ်သော လူသားသည် မိမိကိုယ်များတွင် စဉ်းစားဆင်ခြင် သုံးသပ်ရန် ‌စော်ဩလိုက်သည်။ ကမ္ဘာမြေနှင့် ကမ္ဘာမြေရှိ အဖန်ဆင်းခံများကိုလည်း ခွန့်လွှတ်ပြီး မိမိ၏ ဖြစ်တည်မှု၊ မိမိ၏ ခန္ဓာကိုယ်နှင့် အစိတ်အပိုင်းများကိုကြည့်၍ စဉ်းစားဆင်ခြင်မည် ဆိုပါက အစိတ်အပိုင်းတစ်ခုစီကို အလ္လာဟ်အသျှင်မြတ်၏ တန်ခိုးတော် အဆောက်အအုံတစ်ခုအဖြစ် တွေ့ရှိရပေမည်။ ထို့နောက် လောကအပေါင်းတို့တွင် ရှိသော အလ္လာဟ်အသျှင်မြတ်၏ တန်ခိုးတော်၏ လက္ခဏာများသည် ဤမျှ သေးငယ်လှသော လူသား၏ ခန္ဓာကိုယ်အတွင်း၌ ဝင်ဆန့်လျက် ရှိနေသည်ကို တွေ့မြင်ရပေမည်။ ထို့ကြောင့် လူသား၏ ဖြစ်တည်မှုကို عالم اصغر 'အာလမ်အဆွ်ဂရ်' (လောကငယ်) ဟု တင်စားသုံးနှုန်းခြင်း ဖြစ်သည်။ လောကတစ်ခုလုံး၏ ပုံတူများသည် လူသားအတွင်း၌ ရှိပေသည်။ လူသားသည် အကယ်၍ မိမိ၏ မူလဖန်ဆင်းမှုမှစ၍ ကွယ်လွန်သေဆုံးချိန်အထိ ဖြစ်ပေါ်လာမည့် အခြေအနေများကို တွေးတောဆင်ခြင်မှုပြုပါလျှင် ထိုသူသည် အလ္လာဟ်အသျှင်မြတ်ကို မိမိ၏ ရှေ့မှောက်တွင် တွေ့မြင်ရသကဲ့သို့ ရှိချေမည်။

အဘယ်ကြောင့်ဆိုသော် လူသား၏ نطفة သုက်ရည်တစ်စက်သည် လောက၏ ဒေသအသီးသီးမှ အစားအစာများနှင့် လောကအတွင်း ပြန့်နှံ့နေသော အစိတ်အပိုင်းများ၏ စုပေါင်း စပ်ပေါင်းအဖြစ်နှင့် သားအိမ်တွင် မည်သို့ တွယ်ကပ်ခဲ့ပါသနည်း။ တစ်ဖန် ထိုသုက်ရည်မှ တစ်ဆင့် သွေးခဲအဖြစ်သို့လည်းကောင်း၊ တစ်ဖန် ထိုသွေးခဲမှ အသားတုံးအဖြစ်သို့လည်းကောင်း မည်သို့ ရောက်ရှိသွားပါသနည်း။ တစ်ဖန် ထိုအရိုးများအပေါ်၌ အသားတုံးများ မည်သို့ တပ်ဆင်ပေးပါသနည်း။ တစ်ဖန် ဤသက်မဲ့အရာဝတ္ထုတွင် မည်ကဲ့သို့ အသက်ဝိညာဉ် ထည့်သွင်းတော်မူပါသနည်း။ ထိုသို့ အပြည့်အစုံ ဖန်ဆင်းပြီးသောအခါ ဤကမ္ဘာလောကသို့ ရောက်ရှိစေခဲ့သည်။ တစ်ဖန် တစ်စတစ်စ ကြီးပြင်းစေ၍ အသိပညာမရှိသေးသော ဤကလေးငယ်ကို အသိဉာဏ်ရှင် လူကြီးတစ်ယောက်အဖြစ် မည်ကဲ့သို့ ပြုတော်မူပါသနည်း။ တစ်ဖန် ၎င်းတို့၏ ပုံသဏ္ဌာန်နှင့် ရုပ်ရည်ရူပါတို့ကို မတူညီကွဲပြားအောင် မည်သို့ ပြုထားတော်မူပါသနည်း။ ကုဋေချီသော လူများတွင်ပင် တစ်ဦးနှင့် တစ်ဦးကို မတူညီသော ရုပ်ဆင်းအင်္ဂါများဖြင့် တွေ့မြင်ရသည်။ ဤမပြောပလောက်သော အစိတ်အပိုင်းများအတွင်း၌ ဤသို့ မတူညီကွဲပြားမှုများ ပြုနိုင်ခြင်းသည် မည်သူ၏ စွမ်းအင်၌ ရှိပါသနည်း။ တစ်ဖန် ထိုလူသားတို့၏ စိတ်နေသဘောထားနှင့် အကျင့်စရိုက်တွင် ကွဲလွဲမှုများ ရှိခြင်းတို့သည် တုန့်ပြန်ယှဉ်မရနိုင်သော တန်ခိုးတော်အသျှင်မြတ်၏ အံ့ဖွယ်အစီအမံများပင် ဖြစ်ပေသည်။

ဤမည်သော အရာများသည် လူသား၏ ပြင်ပအဝေး၌ မဟုတ်ပေ။ လူသားသည် မိမိ၏ ဖြစ်တည်ခြင်း၌ နေ့ရောညပါ တွေ့မြင်နေရသော အရာများသာ ဖြစ်ပါသည်။ သို့သော်ငြားလည်း အကယ်၍ ထိုလူသားသည် အလ္လာဟ်အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ ပြည့်စုံကုံလုံသော တန်ခိုးတော်များကို မသိရှိပါလျှင် မည်သည့်အရာကိုမျှ မမြင်နိုင်သော မျက်ကန်းတစ်ဦးသာ ဖြစ်တော့ပေမည်။ ထို့ကြောင့် နောက်ဆုံးတွင် اَفَلَا تُبۡصِرُوۡنَ 'အသင်တို့သည် မတွေ့မြင်ကြလေသလော' ဟု မိန့်ကြားတော်မူခြင်း ဖြစ်သည်။ ၎င်းမှ ဤနေရာတွင် အသိဉာဏ်ပညာများစွာ ရှိရန်ပင် မလိုအပ်ချေ။ အသိအမြင်အား ကောင်းမွန်သည်ဆိုလျှင်ပင် ဤအဆင့်သို့ ရောက်ရှိနိုင်သည်ဟူသော အချက်ဘက်သို့ ရည်ရွယ်လိုက်ပေသည်။

وَفِى السَّمَآءِ رِزۡقُكُمۡ وَمَا تُوۡعَدُوۡنَ

(ထို့ပြင် အသင်တို့၏ ရိဇ္ဇိရိက္ခာနှင့် အသင်တို့အား ကတိပြုထားသည်များသည် မိုးကောင်းကင်၌ ရှိပေသည်။)

[၅၁ : ၂၂]

၎င်း၏ စာဒကကင်း ရိုးရိုးရှင်းရှင်း ဖွင့်ဆိုရှင်းလင်းချက်မှာ ဖွင့်ဆိုချက်အနှစ်ချုပ်တွင် တင်ပြခဲ့သည့်အတိုင်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် မိုးကောင်းကင်၌ ရှိသည်ဆိုခြင်းမှာ 'မိုးကောင်းကင်၌ရှိသော 'လောင်ဟေမဟ်ဖူးဇ်'တွင် ရေးသားထားခြင်း'ဟု ဖြစ်သည်။ လူသားတိုင်း၏ စားနပ်ရိက္ခာ၊ ၎င်းအား ကတိပြုထားသမျှနှင့် ၎င်း၏ နိဂုံးရလဒ် စသော ကိစ္စအားလုံးသည် 'လောင်ဟေမဟ်ဖူးဇ်'တွင် ရေးမှတ်ထားပြီးဖြစ်ကြောင်းမှာ ပေါ်လွင်ထင်ရှားသောအချက်ပင် ဖြစ်သည်။

ဟဒီးစ်တော်တစ်ရပ်တွင် ၎င်းကို ဟဇရသ်အဗူစအီးဒ်ခွဒ်ရီ ﷺ သခင်က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် ﷺ မိန့်ကြားတော်မူသည်မှာ 'အကယ်၍ အသင်တို့အနက် တစ်စုံတစ်ဦးသည် မိမိ၏ သတ်မှတ်ခြင်းခံရသော ရိဇ်ဇိရိက္ခာကို ရှောင်၍ ထွက်ပြေးရန် ကြိုးစားပါလျှင် ၎င်းရိဇ်ဇိရိက္ခာသည် ထိုသူ၏ နောက်မှ လိုက်ပေလိမ့်မည်။ သေခြင်းတရားကို ရှောင်ပြေး၍ မရနိုင်သကဲ့သို့ ရိဇ်ဇိရိက္ခာမှလည်း ထွက်ပြေးတိမ်းရှောင်ရန် မဖြစ်နိုင်ပေ။ *[ကုရ်သုဗီကျမ်း]*

အချို့အဖွင့်ပညာရှင်များက رزق ၏ အလိုသဘောမှာ 'ရွာသွန်းသော မိုးဖြစ်သည်' ဟု ဆိုသည်။ ဤပုံစံတွင် မိုးရေ၏ မိုးကောင်းကင်၌ ရှိကြောင်းကို ဆိုလိုခြင်းဖြစ်လျှင် ဤနေရာတွင် السّماء (မိုးကောင်းကင်) ဆိုသည်မှာ 'အထက်အပေါ်' ဟူသော အဓိပ္ပာယ် အလိုသဘော၌သာ ဖြစ်မည်။ ၎င်းတွင် ကောင်းကင်လေဟာနယ်လည်း ပါဝင်သည်ဖြစ်ရာ မိုးတိမ်များမှ မိုးရေများရွာသွန်းခြင်းကိုလည်း فى السّماء ဟု ခေါ်ဆိုခြင်း မှန်ကန်နိုင်ပြီး ဖြစ်သည်။ مَا تُوۡعَدُوۡنَ (အသင်တို့အား ကတိပေးခြင်း ခံရသောအရာ) ဆိုသည်မှာ 'ဂျန္နသ်' နှင့် ယင်း 'ဂျန္နသ်' ၏ စည်းစိမ်များကို ဆိုလိုခြင်းဖြစ်သည်။

إِنَّهُ لَحَقٌّ مِّثۡلَ مَا أَنَّكُمۡ تَنطِقُوۡنَ

ဆိုလိုသည်မှာ 'အသင်တို့သည် မိမိတို့၏ စကားများ ပြောဆိုရာတွင် သံသယတစ်စုံတစ်ရာ မရှိသကဲ့သို့ 'ကေယာမသ်' နေ့ ဖြစ်ပေါ်လာမည်မှာလည်း ဤအတိုင်းပင် ရှင်းလင်းပါသည်။ မည်သည့်ဒွိဟသံသယမျှ ဖြစ်ပေါ်ထိုက်ဖွယ်ရာ မဟုတ်ဟူ၍ ဖြစ်သည်။ လူသားရှိ အာရုံငါးပါးဖြစ်သော ကြည့်ခြင်း၊ ကြားခြင်း၊ မြည်းစားခြင်း၊ ထိကိုင်ခြင်းနှင့် အနံ့ခံခြင်းတို့အနက်မှ စကားပြောဆိုခြင်းကို ဤနေရာ၌ အထူးတလည် ရွေးချယ်လိုက်ခြင်းမှာ ဖော်ပြပါအာရုံခံစားမှုများတွင် တစ်ခါတစ်ရံ ရောဂါဝေဒနာ စသည်တို့ကြောင့် အမှားအယွင်း ဖြစ်တတ်သည်။ မြင်ခြင်းနှင့် ကြားခြင်းတို့တွင် ကွာခြားမှုရှိသည်မှာ ထင်ရှားပါသည်။ ရောဂါဝေဒနာဖြစ်စဉ် တစ်ခါတစ်ရံ အချိုသည် အခါးဖြစ်သွားတတ်သည်။ သို့ရာတွင် ပြောဆိုသော စကား၌မူ မည်သည့်မှားယွင်းမှု ဇဝေဇဝါဖြစ်မှုများ ဖြစ်ပေါ်ကြောင်း သံသယမရှိနိုင်သောကြောင့် ဖြစ်ပေသည်။ *[ကုရ်သုဗီကျမ်း]*

◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆

هَلۡ أَتٰىكَ حَدِيۡثُ ضَيۡفِ إِبۡرٰهِيۡمَ الۡمُكۡرَمِيۡنَ ﴿٢٤﴾

၅၁ : ၂၄ ။ ။ (အို၊ နဗီတမန်တော်) အသင့်ထံသို့ (နဗီတမန်တော်) အီဗ်ရာဟီမ်၏ ဂုဏ်အသရေရှိ ဧည့်သည်တော်များ၏ အကြောင်း အထွေထွေ ရောက်ရှိလာခဲ့လေသလော။

إِذْ دَخَلُوا عَلَيْهِ فَقَالُوا سَلَامًا ۖ قَالَ سَلَامٌ قَوْمٌ مُّنكَرُونَ ﴿٢٥﴾

၅၁ : ၂၅ ။ ။ အကြင်အခါဝယ် ထိုဧည့်သည်တော်တို့သည် ၎င်း (နဗီတမန်တော်) အိဗ်ရာဟီမ်၏ ထံသို့ ဝင်ရောက်ခဲ့၍ 'စလာမ်' (ငြိမ်းချမ်းစွာ ရှိပါစေ) ဟူ၍ ပြောဆိုခဲ့ကြကုန်၏။ ၎င်း (အိဗ်ရာဟီမ်) ကလည်း 'စလာမ်'ဟူ၍ ပြန်ကြားခဲ့၏။ (တစ်ဖန် မိမိ၏ စိတ်ထဲတွင် ဤသူတို့မှာ ငါ) မသိသော သူစိမ်းများပင် ဖြစ်ကြသည်' (ဟု မှတ်ချက်ချခဲ့လေ၏။)

فَرَاغَ إِلَىٰ أَهْلِهِ فَجَاءَ بِعِجْلٍ سَمِينٍ ﴿٢٦﴾

၅၁ : ၂၆ ။ ။ တစ်ဖန် ၎င်း (အိဗ်ရာဟီမ်) သည် မိမိ၏ အိမ် (ထဲ) သို့ ဝင်ပြီးလျှင် (ကင်ထားသော) ဝဖြိုးသည့် နွားကလေး တစ်ကောင်ကို ယူလာခဲ့လေ၏။

فَقَرَّبَهُ إِلَيْهِمْ قَالَ أَلَا تَأْكُلُونَ ﴿٢٧﴾

၅၁ : ၂၇ ။ ။ ပြီးနောက် (ကင်ထားသော) ထိုနွားကလေးကို ထိုဧည့်သည်တို့အပါး၌ နေရာတကျ တည်ခင်း (ဧည့်ခံ) ခဲ့လေ၏။ (ထို့နောက် ဧည့်သည်တို့အား) 'အသင်တို့သည် အဘယ်ကြောင့် မစားကြပါသနည်း'ဟု ပြောဆို (မေးမြန်း) ခဲ့၏။

فَأَوْجَسَ مِنْهُمْ خِيفَةً ۖ قَالُوا لَا تَخَفْ ۖ وَبَشَّرُوهُ بِغُلَامٍ عَلِيمٍ ﴿٢٨﴾

၅၁ : ၂၈ ။ ။ ထို့နောက် (၎င်းတို့ စားသုံးခြင်း မပြုကြသောကြောင့်) ၎င်း (အိဗ်ရာဟီမ်) သည် မိမိ၏ စိတ်ထဲတွင် ၎င်းတို့ဘက်မှ စိုးရိမ်လာခဲ့လေ၏။ (ထိုအခါ) ၎င်းတို့က 'အသင်သည် မစိုးရိမ်ပါလေနှင့်' ဟု ပြောဆိုခဲ့ကြကုန်၏။ ထို့ပြင် ၎င်းတို့သည် ယင်း (အိဗ်ရာဟီမ်) အား အလွန်တရာ အသိပညာနှင့် ပြည့်စုံသော (သား) ရတနာတစ်ပါးနှင့် ပတ်သက်၍ သတင်းကောင်း ပြောကြားခဲ့ကြကုန်၏။

فَأَقْبَلَتِ امْرَأَتُهُ فِي صَرَّةٍ فَصَكَّتْ وَجْهَهَا وَقَالَتْ عَجُوزٌ عَقِيمٌ ﴿٢٩﴾

၅၁ : ၂၉ ။ ။ ထိုအခါ ၎င်း (အိဗ်ရာဟီမ်) ၏ ဇနီးကြင်ရာသည် အသံကျယ်စွာ ပြောဆိုညည်းညူလျက်၊ ရှေ့သို့ ရောက်ရှိ၍ လာပြီးလျှင် မိမိ၏ နဖူးကို လက်ဝါးဖြင့် ရိုက်ကာ 'အသက်အရွယ် ကြီးရင့်အိုမင်းလျက် ရှိပြီး၊ မြုံ၍ နေသော မိန်းမသားသည် (သားဖွားဦးမည်လော)'ဟု ပြောဆိုခဲ့လေ၏။

قَالُوا كَذَٰلِكِ قَالَ رَبُّكِ ۖ إِنَّهُ هُوَ الْحَكِيمُ الْعَلِيمُ ﴿٣٠﴾

၅၁ : ၃၀ ။ ။ (ထိုအခါ) ၎င်းဧည့်သည်တို့က 'အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် ဤအတိုင်းပင် မိန့်ကြားတော်မူခဲ့သည်။ ဧကန်မလွဲ ထိုအရှင်မြတ်သည် နက်နဲသိမ်မွေ့သော အသိပညာနှင့် ပြည့်စုံတော်မူသော အရှင်၊ (အရာခပ်သိမ်းတို့ကို) အကြွင်းမဲ့ သိရှိတော်မူသော အရှင်မြတ် ဖြစ်တော်မူသည်' ဟူ၍ ပြန်ကြားခဲ့ကြကုန်သည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(အို၊ မိုဟမ္မဒ် ﷺ) အသင့်ထံသို့ အီဗ်ရာဟီမ် عليه السلام ၏ ဂုဏ်အသရေရှိ ဧည့်သည်တော်များအကြောင်း အထ္တုပ္ပတ္တိ ရောက်ရှိခဲ့လေသလော။

(ဂုဏ်အသရေရှိ ဧည့်သည်ဟု ဆိုရခြင်းမှာ ၄င်းတို့သည် ဖရစ်ရှ်သာဟ်များဖြစ်သောကြောင့်ပင် ဖြစ်သည်။ ၄င်းတို့၏ ဂုဏ်သိက္ခာရှိခြင်းနှင့် စပ်လျဉ်း၍

بَلۡ عِبَادٌ مُّكۡرَمُوۡنَ

ဟု လာရှိထားသည်။ ထိုသို့ မဟုတ်ပါက အီဗ်ရာဟီမ် عليه السلام သည် မိမိ၏ ဓလေ့အရ ဧည့်သည်များကို ဂုဏ်ပေးလေးစားစွာ ဆက်ဆံခဲ့၍ ဖြစ်မည်။ ဧည့်သည်များဟု ခေါ်ဆိုရခြင်းမှာ ၄င်းတို့သည် ထိုစဉ်က လူသားများ၏ အသွင်ဖြင့် ရောက်ရှိလာကြသောကြောင့် အပေါ်ယံပုံစံကို ထောက်ရှု၍ ဖြစ်သည်။ ဤဖြစ်ရပ်ဖြစ်ပုံမှာ) ထိုဧည့်သည်တော်တို့သည် အီဗ်ရာဟီမ် عليه السلام ထံသို့ ဝင်ရောက်ကြသောအခါ အီဗ်ရာဟီမ် عليه السلام အပေါ် 'စလာမ်'ဟု ပြောဆိုခဲ့ကြသည်။ အီဗ်ရာဟီမ် عليه السلام ကလည်း 'စလာမ်'ဟူ၍ တုန့်ပြန် (ဖြေကြား) ခဲ့သည်။ (ထို့နောက် စိတ်တွင် ဤသူတို့သည်) သူစိမ်းများဖြစ် (သည်ဟု မှတ်ချက်ချလေ) သည်။

(ပေါ်လွင်သော အချက်မှာ ဤသည် စိတ်အတွင်းမှ ပြောကြားခဲ့ခြင်းဖြစ်သည်။ ဖရစ်ရှ်သာဟ်များဘက်မှ ဖြေကြားချက်ကို ဖော်ပြထားခြင်းမရှိခြင်းသည် ၄င်း၏ အထောက်အထားဖြစ်သည်။ (သို့မဟုတ်) ၄င်းတို့အား မည်သူမည်ဝါဖြစ်ကြောင်းကို သိရှိလို၍ 'အသင်တို့အား ကျွန်ုပ်မသိပါ'ဟု မေးမြန်းသည့်သဘောဖြင့် ပြောကြားလိုက်ခြင်းဖြစ်ပြီး ဖရစ်ရှ်သာဟ်များဘက်မှ ပြန်လည်ဖြေကြားမှု မရှိခြင်းလည်း ဖြစ်နိုင်သည်။ (သို့မဟုတ်) အီဗ်ရာဟီမ် عليه السلام သည် အဖြေကို မစောင့်ဆိုင်းခြင်းကြောင့်လည်း ဖြစ်ပေမည်။ အချုပ်မှာ ဤသို့ 'စလာမ်'ပေး နှုတ်ဆက်ကြပြီးနောက်)

ထို့နောက် အီဗ်ရာဟီမ် عليه السلام သည် မိမိအိမ်ထဲသို့ ဝင်ရောက်ပြီး (အာယသ်တော် بِعِجۡلٍ حَنِيۡذٍ (၁၁း၆၉) ၌ လာရှိထားသည့်အတိုင်း ကင်ထားသည့်) ဝဖြိုးသော နွားကလေးတစ်ကောင်ကို ယူဆောင်လာသည်။ ၄င်းနောက် ထိုနွားလေး (ကင်) ကို ထိုဧည့်သည်တို့၏ အပါး (ရှေ့) တွင် ချပေးလေသည်။ (၄င်းတို့မှာ ဖရစ်ရှ်သာဟ်များ ဖြစ်ကြလေရာ အဘယ်သို့ စားကြပါမည်နည်း။ ထိုအခါ အီဗ်ရာဟီမ် عليه السلام အဖို့ သံသယဖြစ်ပေါ်လာပြီး) 'အသင်တို့ အဘယ်ကြောင့် မစားကြပါသနည်း'ဟု ပြောဆို (မေးမြန်း) ခဲ့လေသည်။

(သို့တိုင်အောင်လည်း မစားကြလေသောအခါ) အီဗ်ရာဟီမ် عليه السلام သည် မိမိစိတ်တွင် ၄င်းတို့အား ကြောက်ရွံ့စိုးရိမ်မှု ဖြစ်လာခဲ့သည်။ (ဤသူများသည် ဆန့်ကျင်ဘက် ရန်သူများပင် ဖြစ်လေသလော' ဟူ၍ အတွေးပေါ်ပေါက်ခဲ့ခြင်း ဖြစ်သည်။ စူရာဟ်ဟူးဒ်၌ လာရှိပြီးသကဲ့သို့ ဖြစ်သည်။) ထိုအခါ ၄င်းတို့က 'အသင်သည် မစိုးရိမ်ပါလေနှင့်။ (ကျွန်ုပ်တို့သည် လူသားများ မဟုတ်ကြပါ။ ဖရစ်ရှ်သာဟ်များသာ ဖြစ်ကြပါသည်' ဟု ပြောဆိုခဲ့ကြသည်။) ထို့နောက် ၄င်းတို့သည် အီဗ်ရာဟီမ် عليه السلام အား အလွန်

တရာ အသိပညာနှင့် ပြည့်စုံသော (နဗီတမန်တော်ဖြစ်မည့်) သားတော်တစ်ပါး ရရှိမည့်အကြောင်း သတင်းကောင်း ပေးခဲ့ကြသည်။ (အဘယ်ကြောင့်ဆိုသော် အဖန်ဆင်းခံများတွင် အသိဉာဏ်ပညာ အရှိဆုံးမှာ နဗီတမန်တော်များသာ ဖြစ်ကြသောကြောင့်ပင် ဖြစ်သည်။ ဤသည်မှာ ဟဇရတ်အီစ်ဟားက် عليه السلام ကို ဆိုလိုခြင်းဖြစ်သည်။ ထိုသို့ ပြောဆိုနေကြစဉ်) ဤအတောအတွင်း ထိုအီဗ်ရာဟီမ် عليه السلام ၏ ဇနီးကြင်ယာသည် (ဟဇရတ် ဆာရဟ်သခင်မဖြစ်သည်။ တစ်နေရာမှ ရပ်၍ နားထောင်နေလျက် ရှိသည်။ အာယသ်တော် وَامْرَأَتُهُ قَائِمَةٌ (၁၁:၇၁) ၌ လာရှိထားသည့်အတိုင်း ဖြစ်သည်။ 'သားသမီးရမည်' ဟူသော သတင်းစကားကို ကြား၍) အသံကျယ်စွာ ပြောဆိုလျက် ရှေ့သို့ ရောက်ရှိလာသည်။ (ဖရစ်ရှ်သာဟ်များသည် ၎င်းကိုလည်း ဤသတင်းကောင်းကို ပေးလိုက်သည်။ အာယသ်တော် فَبَشَّرْنَاهَا بِإِسْحَاقَ (၁၁:၇၁) ၌ လာရှိထားသည့်အတိုင်း ဖြစ်သည်။ ထိုအခါ သူမမှာ အံ့ဩ၍) မိမိနဖူးကို လက်ဖြင့် ရိုက်၍ ပြောဆိုသည်မှာ (ပထမအချက်အနေဖြင့် ကျွန်မသည်) အိုမင်းသူဖြစ်သည်။ (တစ်ဖန် ဒုတိယအချက်အနေဖြင့်) မြုံနေသော သူမဖြစ်သည်။ (သားဖွားပါဦးမည်လော) ဟု ပြောဆိုခဲ့လေသည်။

(ထိုအခါ) ထိုဖရစ်ရှ်သာဟ်တို့က '(အံ့ဩခြင်းမပြုလေနှင့်။ အာယသ်တော် أَتَعْجَبِينَ (၁၁:၇၃) ၌ လာရှိထားသည့်အတိုင်း ဖြစ်သည်။) ထိုအခါ ၎င်းဧည့်သည်ဖရစ်ရှ်သာဟ်တို့က အသင်မအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် ဤအတိုင်းပင် မိန့်ကြားတော်မူပါသည်။ (ထို့ပြင်) ဧကန်မုချ ထိုအသျှင်မြတ်သည် နက်နဲသိမ်မွေ့သော အသိပညာနှင့် ပြည့်စုံတော်မူသော အသျှင်၊ အကြွင်းမဲ့ သိတော်မူသော အသျှင်မြတ် ဖြစ်တော်မူလေသည်' ဟူ၍ ပြန်လည်ဖြေကြားခဲ့ကြလေသည်။

(အမှန်စင်စစ် ဤစကားသည် အံ့ဩထိုက်သော စကားဖြစ်သည်။ သို့ရာတွင် အသင်မသည် နဗီ၏ အိမ်သူဝင်အဖြစ် နဗီအိမ်တွင် နေထိုင်လျက်ရှိနေ၍ အသိပညာများ ချီးမြှင့်ခြင်းခံရသူပင် ဖြစ်သည့်အခါ အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ဖြစ်ကြောင်း သိနားလည်ပြီးနောက် အံ့ဩခြင်း မပြုထိုက်ပါ။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ဤနေရာမှ တမန်တော်မြတ် ﷺ အား ဖြေသိမ့်မှု ပေးရန် လွန်လေပြီးသော ရှေးအွမ္မသ်များအနက် အချို့ နဗီတမန်တော်တို့၏ ဖြစ်ရပ်များကို တင်ပြထားခြင်း ဖြစ်သည်။

فَقَالُوْا سَلَامًا ، قَالَ سَلَامٌ

(ထိုဧည့်သည်တော်တို့သည် ၎င်းနဗီတမန်တော် အီဗ်ရာဟီမ် عليه السلام ၏ ထံသို့ ဝင်ရောက်ခဲ့၍ 'စလာမ်' (ငြိမ်းချမ်းစွာ ရှိပါစေ) ဟူ၍ ပြောဆိုခဲ့ကြကုန်၏။ ၎င်းအီဗ်ရာဟီမ် عليه السلام ကလည်း 'စာလမ်'ဟူ၍ ပြန်ကြားခဲ့သည်။)

[၅၁ : ၂၅]

ဖရစ်ရှ်သာဟ်များက سَلَامًا (စလားမန်) ဟု ဆိုကြသည်။ ခလီလွလ္လာဟ် عليه السلام က ပြန်လည် တုန့်ပြန်ရာ၌ سَلَامٌ (စလားမွန်း) ဟူ၍ ‘ရဖအ်’ (ပေးရှ်) ဖြင့် ဆိုခဲ့သည်။ အကြောင်းမှာ ‘ပေးရှ်’ ဖြင့် ဖတ်သော အချိန်တွင် ဝါကျသည် جملہ اسمیہ ‘ဂျုမ်လဟ်အိစ်မီယဟ်’ (နာမ်ဖြင့် အစပြုဝါကျ) ဖြစ်မည်။ ယင်းဝါကျတွင် တည်မြဲခြင်း၊ အစဉ်မပြတ် ဖြစ်ခြင်းနှင့် အဓိပ္ပာယ်အရ ပိုမိုထိရောက်ခြင်း ဟူသော အကြောင်းအရာများ ပါဝင်သည်။ ဤသည်ဖြင့် ‘စလာမ်’တုန့်ပြန်ခြင်းသည် စလာမ်ပေးသူ၏ စကားလုံးများထက် ပိုမိုကောင်းမွန်သော စကားလုံးများဖြင့် ဖြစ်ရမည်ဟူသော ကုရ်အာန်တွင် အမိန့်တော်ရှိထားသည့်အတိုင်း အမိန့်တော်ကို လိုက်နာတော်မူခြင်း ဖြစ်သည်။

قَوْمٌ مُّنْكَرُوْنَ

[(တစ်ဖန် မိမိ၏ စိတ်ထဲတွင် ဤသူတို့မှာ ငါ) မသိသော သူစိမ်းများပင် ဖြစ်ကြသည် (ဟု မှတ်ချက်ချခဲ့လေသည်။)] *[၅၁ : ၂၅]*

مُنْكَرٌ သည် ‘သူစိမ်း’ကို ခေါ်ဆိုသည်။ အပြစ်ဒုစရိုက်၏ လုပ်ရပ်များသည်လည်း အစ္စလာမ်သာသနာတော်နှင့် သူစိမ်းဆန်သော အရာများဖြစ်သည်။ ထို့ကြောင့် အပြစ်ဒုစရိုက်ကိုလည်း مُنْكَرٌ ဟုပင် ခေါ်ဆိုခြင်းဖြစ်သည်။ ဤစာပိုဒ်၏ အလိုသဘောမှာ ဤဖရစ်ရှ်သာဟ်တို့သည် လူသားများအသွင်ဆောင်၍ လာခဲ့ကြသည်။ အီဗ်ရာဟီမ် عليه السلام သည် ၎င်းတို့ကို မသိရှိသည့်အတွက် မိမိ၏ စိတ်တွင်း၌ ‘ဤသူများသည် ကျွန်ုပ်မသိသော သူစိမ်းများ ဖြစ်ကြသည်’ ဟု ပြောဆိုမိခြင်းဖြစ်မည်။ (သို့) ၎င်းကိုယ်တိုင်ပင် ဧည့်သည်များ၏ ရှေ့၌ မေးမြန်းသည့်အနေဖြင့် ဤစကားကို ပြောဆိုလိုက်ခြင်းလည်း ဖြစ်နိုင်သည်။

رَاغَ اِلٰى اَهْلِهٖ

رَاغَ သည် رَوْغٌ ဟူသော စာလုံးမှ ဆင်းသက်လာသည်။ အဓိပ္ပာယ်မှာ တစ်နေရာရာမှ ရှောင်လွှဲ ဖယ်ရှားခြင်းနှင့် တိတ်တဆိတ် ထွက်သွားခြင်းဟု ဖြစ်သည်။ ဆိုလိုသည်မှာ ‘အီဗ်ရာဟီမ် عليه السلام သည် ဧည့်သည်တော်များအတွက် စားသောက်မှုစီစဉ်ရန် ဧည့်သည်များ မသိလိုက်ရအောင် အိမ်အတွင်းသို့ ထ၍ ဝင်သွားခြင်း ဖြစ်သည်။ ထိုသို့မဟုတ်ပါလျှင် ဧည့်သည်များသည် စားဖွယ်ရာများ ယူဆောင်လာကာ ကျွေးမွေးဧည့်ခံခြင်းကို ငြင်းဆိုကြမည်သာ ဖြစ်၏။

ဧည့်ခံခြင်း၊ ဧည့်ဝတ်ပြုခြင်း စည်းကမ်းများ

အိဗ်နေကစီးရ် (ရဟ) က မိန့်ဆိုသည်မှာ ‘ဤအာယသ်တော်တွင် ဧည့်သည်ကို ဧည့်ခံကျွေးမွေး ခြင်းနှင့် စပ်လျဉ်းသော လိုက်နာထောက်ရှုရမည့် စည်းကမ်းအချို့ကို သင်ကြားပေးထားသည်’ ဟူ၏။

ပထမအချက်အနေဖြင့် ဧည့်သည်များအား 'ကျွန်ုပ်သည် အသင်တို့အတွက် စားစရာယူလာရမည်လော'ဟု မေးမြန်းခြင်းမပြုဘဲ တိတ်တဆိတ် သွားရောက်၍ ဧည့်သည်များအား တည့်ခင်းကျွေးမွေးရန် အကောင်းဆုံးဖြစ်သည့် နွားငယ်ကို 'ဗဟာပ်'ပြု၍ မီးကင်ပြီး ယူလာသည်။

ဒုတိယအချက်အနေဖြင့် စားစရာများ ယူဆောင်လာပြီးသောအခါ ဧည့်သည်များကို စားသုံးရန်အတွက် အတင်းဖိတ်ခေါ်ခြင်းမပြုဘဲ ဧည့်သည်များ ထိုင်နေရာ ရှေ့၌ ချပေးခဲ့သည်။

တတိယအချက်အနေဖြင့် စားသောက်ဖွယ်ရာများဖြင့် တည့်ခင်းကျွေးမွေးချိန်တွင် ပြောဆိုသည့် စကားမှာလည်း ဖွတ်အတင်းပြုစေသော စကားမျိုးကို မပြောဘဲ

اَلَا تَاْ كُلُوْنَ

(လူကြီးမင်းတို့ မစားသုံးကြဘူးလော) ဟုသာ ပြောဆိုခဲ့သည်။ ထိုသို့ သုံးနှုန်းပြောဆိုခြင်းမှာ 'အကယ်၍ 'လူကြီးမင်းအနေဖြင့် မစားသုံးလို' ဟုဆိုပါလျှင်လည်း ကျွန်ုပ် စိတ်ချမ်းသာစေရန် အနည်းငယ်မျှ စားသုံးပေးပါ' ဟူ၍ ရည်ညွှန်းပြောဆိုရာလည်း ရောက်ပေသည်။

فَاَوْجَسَ مِنْهُمْ خِيْفَةً

ဆိုလိုသည်မှာ အီဗ်ရာဟီမ် عليه السلام သည် ဧည့်သည်များက မိမိ၏ တည့်ခင်းဧည့်ခံသည်ကို မစားသုံးကြခြင်းကြောင့် ၎င်းတို့နှင့်စပ်လျဉ်း၍ စိုးရိမ်စိတ်များ ပေါ်ပေါက်လာခဲ့သည်။ ထိုစဉ်အခါက ဂုဏ်အသရေရှိသူတို့၏ အလေ့အထမှာ ဧည့်ခံတည်ကျွေးခြင်းကို လက်ခံ၍ စားသုံးကြလေ့ ရှိခြင်းဖြစ်သည်။ ဖိတ်ခေါ်ကျွေးမွေးသည်ကိုပင် လက်ခံမှု မပြုပါလျှင် ထိုသူသည် ဒုက္ခပေးရန် ရောက်ရှိလာသော ရန်သူဖြစ်သည်ဟု စိုးရိမ်မကင်း ရှိကြသည်။ ထိုစဉ်က သူခိုး၊ ဓါးပြများ၌ပင် လူတစ်ဦးထံမှ တစ်စုံတစ်ရာ စားသုံးမိပါလျှင် ထိုသူ့အား ဒုက္ခမပေးတော့သည့် မွန်ရည်သည့် အလေ့အထရှိခဲ့ကြသည်။ ထို့ကြောင့် ဧည့်သည်များ၏ စားသုံးမှုမပြုခြင်းသည် ကြောက်ရွံ့စိုးရိမ်ရစေလေသည်။

فَاَ قْبَلَتِ امْرَ اَ تُهٗ فِىْ صَرَّةٍ

صَرَّةٌ ၏ အဓိပ္ပာယ်မှာ 'အနည်းငယ်သာရှိသော အသံ' ဟု ဖြစ်သည်။ صَرِيْر ဟူသည် ကလောင်တံမှ စာရေးသည့်အခါ ထွက်သည့်အသံကို ခေါ်ဆိုသည်။ ဆိုလိုသည်မှာ ဟဇရသ်ဆာရဟ် عليها السلام သခင်မသည် ဖရစ်ရှ်သာဟ်များက ဟဇရသ်အီဗ်ရာဟီမ် عليه السلام အား ကလေးရရှိမည့်အကြောင်း သတင်းကောင်းပေးသည်ကို ကြားရလေသောအခါ ကလေးသည် ဇနီးကသာ မွေးဖွားရသည်ဖြစ်သည်။ ဇနီးသည်မှာလည်း ဟဇရသ်ဆာရဟ် عليها السلام သခင်မသာ ရှိသည်။ သို့ဖြစ်ပေရာ 'ဤသတင်းကောင်းသည် မိမိတို့နှစ်ဦးအတွက်သာ ဖြစ်သည်' ဟု သဘောပေါက်၍ မမျှော်လင့်ဘဲ ရုတ်တရက် နှုတ်မှ အံ့သြသည့် စကားလုံးမျိုး ထွက်သွားခဲ့သည်။ ၎င်းနောက်

عَجُوْزٌ عَقِيْمٌ

ဦးစွာပထမ 'ကျွန်မသည် အိုမင်းသူဖြစ်သည်။ တစ်ဖန် မြုံနေသူလည်း ဖြစ်ပါသည်' ဟု ပြောဆိုလေသည်။ ဆိုလိုသည်မှာ 'နုနယ်ပျိုရွယ်စဉ်ကပင် သားဖွားခြင်း မပြုနိုင်ခဲ့သည့်အခါ ယခု အိုမင်းမစွမ်းဖြစ်ချိန်တွင် မည်ကဲ့သို့ မွေးဖွားနိုင်ပါမည်နည်း' ဟု ဖြစ်သည်။ ထိုအခါ ဖရစ်ရှ်တာဟ်များက တုန့်ပြန်ဖြေကြားကြသည်မှာ كَذَٰلِكَ (ဤအတိုင်းပင် အသျှင်မြတ်သည် မိန့်ကြားတော်မူခဲ့၏) ဟု ဖြစ်သည်။ ဆိုလိုသည်မှာ 'အလ္လာဟ်အသျှင်မြတ်သည် အရာရာကို စွမ်းဆောင်နိုင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။ ဤကိစ္စသည် ဤအတိုင်းပင် ဖြစ်တော်မူပေလိမ့်မည်' ဟု ဖြစ်သည်။

သို့ဖြစ်ပေရာ ၎င်းတို့ သတင်းကောင်းပေးသည့်အတိုင်း ဟဇရတ်အိစ်ဟာက် عَلَيْهِ ٱلسَّلَامُ ကို ဖွားမြင်ခဲ့သည်။ ထိုစဉ်က ဟဇရတ်စာရဟ် عَلَيْهَا ٱلسَّلَامُ သခင်မ၏ သက်တော်မှာ (၉၉) နှစ်ဖြစ်၍ ဟဇရတ်အိဗ်ရာဟီမ် عَلَيْهِ ٱلسَّلَامُ ၏ သက်တော်မှာ (၁၀၀) ဖြစ်သည်။ *[ကုရ်သုဗီကျမ်း]*

အလ္လာဟ်အသျှင်မြတ်၏ 'သောင်ဖီးက်' စွမ်းအားဖြင့်

မအာရိဖွလ်ကုရ်အာန် မြန်မာဘာသာပြန် အတွဲ [၂၆]

ဤတွင် ပြီးဆုံးပါပြီ။

فَاسْأَلُوا أَهْلَ الذِّكْرِ إِن كُنتُمْ لَا تَعْلَمُونَ ۝

معارف القرآن

''အသင်တို့ မသိကြပါမူ
တတ်သိသူများအား မေးမြန်း ကြလေကုန်။''